ပြခန်းမှာပြသဖို့အတွက် မိမိတို့ ပတ်ဝန်းကျင်က သမိုင်းဝင်အချက်အလက်မှတ်တမ်းတွေ မလုံလောက်တဲ့ အခါမှာ ဆွစ်ဇာလန်နိုင်ငံမှ လိင်စိတ်ပြောင်းလဲခံယူသူလူတစ်စုကနေပြီးတော့ မိမိကိုယ်ပိုင် Unstraight Museum ဟုခေါ်သော လိင်တူချစ်သူများအတွက်အဖွဲ့အစည်းတစ်ခုကို တည်ထောင်ခဲ့ပါသည်။ ထိုအဖွဲ့အစည်းတွင် မိတ်ဆွေ သူငယ်ချင်းများကို ဖိတ်ခေါ်ပြီး သူတို့ရဲ့ကွဲပြားတဲ့ လိင်စိတ်ခံယူမှုများကို မျှဝေခြင်းများပြုလုပ်ခဲ့ပါတယ်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် ကြီးမားသော အောင်မြင်မှုများနဲ့ အတူ ဆွစ်ဇာလန် တက္ကသိုလ်မှ ထောက်ပံ့မှုများကိုလဲ ရရှိခဲ့ပါတယ်။ ဆက်လက်ပြီးတော့ Unstraight Museum မှနေပြီးတော့ အခြား LGBT အခွင့်အရေးအတွက် လှုပ်ရှားနေသော အဖွဲ့အစည်းများနှင့်လဲ လက်တွဲပြီး ဗီယက်နမ် ၊ရုရှား၊ ကမ္ဘောဒီးယား ၊ ဆာဘီးယားနှင့်မြန်မာနိုင်ငံတို့တွင် ပြပွဲများပြုလုပ်နိုင်ရန် လက်တွဲဆောင်ရွက်ခဲ့ပါသည်။

Gay နှစ်ယောက် ၊ Bisexual တစ်ယောက်နဲ့ အတူ ဗီယက်နမ်နိုင်ငံမှ အမျိုးသမီးတစ်ဦး ဦးဆောင်ကာ July 2016 မှ စတင်ပြီး အဖွဲ့အစည်း ဖွဲ့စည်းလုပ်ဆောင်ခဲ့ပါသည်။ July လကုန်တွင် ဘာသာပြန်တစ်ဦးကို ထပ်မံ ငှားရမ်းခဲ့ပါသည်။ထိုအဖွဲ့အစည်းသည် မိမိတို့ အဖွဲ့အစည်းအတွင်းမှာရှိသော အခြားလိင်တူချစ်သူတို့၏ ဘဝဇာတ်ကြောင်းတို့ကို interview လုပ်ခြင်း ၊ ဆက်သွယ်ခြင်း ၊ဖော်ပြခြင်း ၊ အားပေးခြင်း နှင့် ဘာသာပြန်ခြင်း စသော အလုပ်ကိစ္စများကို လုပ်ဆောင်ခဲ့ကြပါသည်။ အစောပိုင်းမေးမြန်းမှုများမှ စတင်ကာ နောက်ပိုင်းတွင် ပိုမိုနားလည်လာပြီး ထိရောက်သော interview များကို လုပ်ဆောင်နိုင်ခဲ့ပါသည်။ အဖွဲ့အစည်းတွင် မည်သူတစ်ဦးတစ်ယောက်မျှ interview ပက်သတ်သော အလေ့အကျင့် အတွေ့အကြုံမရှိသော်လည်း ၊ သူတို့၏ သဘောမနောကောင်းမွန်မှု ၊ နားထောင်ပေးတက်မှု၊ ဆက်ဆံရေးကောင်းမွန်မှုနှင့် သူတို့၏ အခြား LGBT သူငယ်ချင်းများ၏ ဘဝဇာတ်ကြောင်းနှင့် အတွေ့အကြုံတို့ကို မျှဝေခံစားလိုမှု ၊ သင်ယူလိုသော စိတ်ပါဝင်မှုတို့ကြောင့် အဖွဲ့အစည်းတစ်ခုကို အဆင်ပြေချောမွေ့စွာလည်ပတ်နိုင်ခဲ့ပါသည်။

ဇာတ်လမ်းများမှာ နေရာဒေသမျိုးစုံနှင့် ပတ်ဝန်းကျင်မျိုးစုံတွင်ပြောပြခဲ့ခြင်း ၊ interview ပြုလုပ်ခဲ့ခြင်း (သို့) interview ပြုလုပ်ခံရသူ သိရှိရင်းနှီးပြီးသော ပတ်ဝန်းကျင်တွင် သွားရောက်မေးမြန်းခြင်းများပြုလုပ်ခဲ့ပါသည်။ interview ပြုလုပ်နေစဉ် အတွင်းတွင်လဲ interview ပြုလုပ်ခံသူများက သူတို့၏ဘဝ ဇာတ်ကြောင်းကိုပြောပြ ပေးရုံသာမက ၊ သူတို့၏ ဘဝထင်မြင်ချက်များကိုလဲ မိတ်ဆွေသူငယ်ချင်းများ ၊ interview ပြုလုပ်သူများနှင့် ပြန်လည်မျှဝေခြင်းများကိုပါ ပြုလုပ်ခဲ့ပါသည်။ Camera နှင့်အသံဖမ်းစက်များကိုလဲ သူတို့ရှေ့တွင်ထင်သာစွာထားပြီး

ဖမ်းယူရိုက်ကူးခြင်း ၊ အသံသွင်းခြင်းများပြုလုပ်ကြပါသည်။ interview သူများသည်လဲ interview ခံရသောသူများ မဖြေချင်သော မေးခွန်းများကိုလဲ ငြင်းပယ်ခွင့်ပေးကြပါသည်။ ထို့အပြင် interview ပြုလုပ်ခံရသူ မဖော်ပြလိုသော အချက်အလက်များနှင့် မိမိဘဝဇာတ်လမ်းအကြောင်း ထုတ်ဖော်ပြောကြားလိုသော ဆန္ဒမရှိပါက မထုတ်ဖော်ကြချေ။ interview ပြုလုပ်နေစဉ်အတွင်းတွင်လည်း မိမိ ကိုယ်ရေးအကျဉ်းအားထုတ်ဖော်ပြောကြားလိုသောသူလာလျှင် ကိုယ်ရေးအကျဉ်းနှင့် ပတ်သက်ပြီး ထုတ်ဖော်ပေးပါသည်။ ထုတ်ဖော်မပြချင်သောသူများအတွက် လုံးဝထုတ်ဖော်ပြခြင်း မရှိပါ။ interview မေးသူများသည် မေးမြန်းနေချိန်အတွင်းတွင် အမေးခံရသူ ပိုမိုပြောဆိုလာနိုင်ရန် မေးခွန်းများမေးပြီး ကူညီပေးကြသည်။ interview လုပ်သူများ၏ အခန်းကဏ္ဍသည် interview တစ်ခုသက်ဝင်လာစေရန်အတွက် အရေးပါသော အချက်ဖြစ်ပါသည်။ interview ခံရသူ၏ တက်ကြွပါဝင် ပတ်သက်မှုများသည်လည်း interview လုပ်နေချိန်တွင် မိမိကိုယ်တိုင်မဟုတ်ဘဲ ကြည့်ရှု့နေသူ၊ နားထောင်နေသူ ပရိသတ်ကိုပါ ပိုမိုသက်ဝင်စေသည်။ အဓိကအားဖြင့် သူတို့၏ လွတ်လပ်စွာ ဘဝနေထိုင်မှု မိမိခံယူထားသောဘဝ၏ စိတ်ကျေနပ်မှု ၊ ဂုဏ်ယူစရာတစ်ခုအနေနဲ့ တင်ပြမှုတွေက LGBT အဖွဲ့အစည်းထဲတွင်ရှိသော၊ မိမိကိုယ်တိုင် LGBT ဟုခံယူထားသော သူတွေအတွက် များစွာသော အားပေးမှု့များကိုရရှိစေပါသည်။

ထိုနည်းတူစွာ ပါဝင်ပတ်သက်ပေးကြသော interview သူတို့သည်လဲ လွတ်လပ်စွာ နှင့် သူတို့ဘဝအတွက် တန်ဖိုးရှိလှသော အဖြစ်အပျက်များကို စိတ်အားထက်သန်စွာနဲ့ ပြန်လည်ဝေမျှပေးခဲ့ကြသည်။ အလှူရှင်များ နှင့် ဒီ project မှတာဝန်ရှိသူများကလဲ သူတို့၏ (ပါဝင်ပတ်သက်မှု) သတင်းပေါက်ကြားမှု ၊ အချက်အလက်ပေါက်ကြားမှု့တို့ မဖြစ်စေရန် အထူးဂရုစိုက်ကြသည်။

စုစုပေါင်းအားဖြင့် ဘဝဇာတ်လမ်းအပုဒ်ရေည် ၁၂၀ခန့်ကို မြန်မာနိုင်ငံ မြို့ကြီးများဖြစ်သော ရန်ကုန် ၊ မန္တလေး၊ မော်လမြိုင် ၊ တောင်ပြုန်း ၊ ပြည် နှင့် လားရှိုးမြို့ကြီးများကို သွားရောက်စုဆောင်းထားခဲ့ပါသည်။ အထက်ပါအချက်အလက် မှတ်တမ်းများနှင့် သက်သေများသည် အလွန်အဖိုးတန်သော အမှန်တရား သက်သေများဖြစ်သလို၊ တန်ဖိုးဖြတ်မရသော အရာများဖြစ်သည်။ interview အမေးခံရသူများသည် သူတို့ဘဝ မည်မျှပင်ခက်ခဲ၍ ၊ အကြမ်းဖက်ခံရမှု၊ ခွဲခြားဆက်ဆံခံရမှု့များစွာခံရစေကာမူ မိမိတို့ဘဝရပ်တည်မှု့ကို ဂုဏ်ယူစွာဖော်ပြမြဲဖြစ်သည်။မိမိတို့ဘဝအကြောင်းကိုလဲ ရှုတ်ထွေးမှုများနှင့် အခက်အခဲများအားထုတ်ဖော်ပြောကြားလေ့ရှိသည်။ ဘဝဇာတ်လမ်းများသည် အများအားဖြင့် မိမိတို့ရပ်တည်မှု့

ခံစားမှုတွေကို ထုတ်ဖော်ပြောကြားခွင့်မရသူများ ၊ ချစ်ခြင်းမေတ္တာကို ပတ်ဝန်းကျင် အသိုင်းအဝိုင်းနှင့် ယဉ်ကျေးမှု ဓလေ့များကြောင့် ခွဲခွာခံရသူများ၊ ကြမ်းတမ်းသောဘဝဖြတ်သန်းခဲ့ရသူများ ၊ မိမိဖြစ်တည်မှုကို ဖုံးကွယ်ထားရပြီး အခြားတစ်ယောက်လိုနေထိုင်ရသူတို့၏ ဇာတ်လမ်းမှန်များစွာ ပါဝင်ပါသည်။

သူတို့၏လိုအပ်မှုများနှင့် သဘာဝကိုကျော်လွန်သော အခွင့်အရေးများတောင်းဆိုခြင်းတို့အားမတွေ့ရပေ။ ဖိနှိပ်ချုပ်ချယ်မှုများသည် ပုံသဏ္ဍာန် အမျိုးမျိုးဖြင့်ရှိသည်ကို ဖော်ပြခြင်းဖြစ်သည်။ သင်ခန်းစာများ ၊ သင်ရိုးညွှန်းတန်းများ၊ ဥပမာအားဖြင့် ပြောရလျှင် ပြတိုက်များမှဖော်ပြထားသော ဓလေ့စရိုက်များနှင့် အဓိက ကျသောသမိုင်းဝင် အဖွဲ့အစည်းများ အထူးသဖြင့် LGBT အဖွဲ့အစည်းများကို လျစ်လျူရှုထားခြင်းတို့သည်လဲ ဖိနှိပ်ချုပ်ချယ်မှုများပင်ဖြစ်သည်။

ယခု project ကိုပြုလုပ်ခြင်းဖြင့် ကျွန်တော်တို့ကိုယ်တိုင် ရပ်တည်မှု၊ ဖြစ်တည်မှုအား ပိုမိုတိုးတက်လာစေရန် နှင့် သမိုင်းဝင် အထောက်အထားတစ်ခုအနေဖြင့် ကျန်ရှိခဲ့စေရန် ရည်ရွယ်ပါသည်။ ကျွန်တော့်တို့ လုပ်ဆောင်ထားသော သမိုင်းမှတ်တမ်းကိုလေ့လာခြင်းဖြင့် လိင်စိတ်ခံယူမှု ကွဲပြားသော သူများသည်လဲ သာမာန်လူတစ်ယောက်ပင်ဖြစ်သည်ကို သိရှိပြီး လိင်စိတ်ကွဲပြားခံယူထားသော သူများအနေဖြင့် မိမိကိုယ်တိုင် ယုံကြည်မှုဖြစ်စေရန် ရည်ရွယ်ပါသည်။ ကျွန်တော်တို့ အထောက်အထား မှတ်တမ်းများကို လေ့လာခြင်းဖြင့် ဖြစ်တည်နေသောဘဝကို ယုံကြည်မှု စိတ်ကျေနပ်မှုများရရှိအောင် ပြောင်းလဲပေးနိုင်မည်ဟုလည်း ယုံကြည်ပါသည်။

ကျေးဇူးတင်လွှာ

Myanmar Unstraight Museum 2016 စီမံကိန်းနှင့် ပြပွဲကျင်းပ ပြုလုပ်ဖြစ်မြောက်အောင် ဦးဆောင်လုပ်ကိုင်ပေးခဲ့သူများမှာ-

- Project Director : Ulf Petersson
- Curator and Project Manager : Nhung Dinh
- Coordinator : သားကို
- Project assistant : Francis George (ခ) ပေါက်စ
- Interviewers : သားကို ၊ Francis George (ပေါက်စ) နှင့် ဒဿန
- Graphic Designer : အောင်ပြည့်

- Translator : ကြွယ်ဝနေထွန်း ၊ ဂျဲလီ နှင့် Aryong Zhu(လားရှိုးမြို့)

- English editors : Trevor Attenberg နှင့် Ian Quee

- Technical Advicer : The unstraight Mesum , Sweden

- Sponsors : Swedish လူမှုရေးအဖွဲ့

- Supporters : မြန်မာနိုင်ငံ Colour Rainbow ကွန်ရက်၊ Kings N Queens, Sky Dragon Lesbian အဖွဲ့(ပြည်)၊ ခေတ္တရာစွယ်တော်ဦး လူထုအကျိုးပြုအဖွဲ့အစည်း(ပြည်)၊ Mandalay Community Center ၊ အလင်းမီးအိမ်(လားရှိုးမြို့)။

အထူးကျေးဇူး တင်ရှိခြင်း

- ကျွန်တော်တို့ အမေးအဖြေ လုပ်ရန်အတွက် ကူညီပေးကြပါသော ကိုလှမြတ်ထွန်း ၊ Anders ohrn ၊ ကိုတင်ကိုကို ၊ ကိုမိုးအောင် ၊ ရွှေရွှေ ၊ ပြည့်ဖြိုးအောင်(မန္တလေး) ၊ မမေစိုး ၊ အောင်ဇော်ထွန်း(ဂန္တဝင်)၊ ဦးကြည် (မန္တလေး ) နှင့် ဦးဇော်မင်း ၊ ဦးစိုးစိုး ၊ ကိုဝင်းအောင် ၊ မောင်မောင်ကြီး ၊ ကိုငြိမ်း၊ ကိုရဲ၊ ကိုပြည့်ဖြိုးအောင်၊ ကိုချမ်းငြိမ်းမိုး(လားရှိုး) နှင့် ဂျဲလီ တို့အားလည်းကောင်း

- Pen Myanmar မှ ဦးလှဇော် နှင့် ဦးခင်အောင်အေး အားလည်းကောင်း

- အမေးအဖြေလုပ်ထားသော အသံဖိုင်များကို ကူညီလုပ်ကိုင်ပေးပါသော ဝင့်ဝါပွင့်ဖူးကျော်၊ ဂျဲလီ၊ ကျော်သက်အောင်၊ မျိုးကိုကို တို့အားလည်းကောင်း

- စိတ်ဝင်တစား လာရောက်ရင်ဖွင့် ပြောပြပေးပါသော လိင်တူချစ်သူများနှင့် အခြားကျေးဇူးတင်ထိုက်သူများ အားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

## ၁။ ထွင့်တင်အောင်ထက် (ပြည်မြို့) ၊ ၅၇ နှစ်




ဦးထွင့်တင်အောင်ထက်ပါ၊ အသက်က (၅၇) မပြည့်သေးဘူး ၊ ကိုထင်လို့ ခေါ်ပါ။ ကိုယ့်ကိုယ်ကိုယ်အပုန်းလို့ ဘဲပြောရမလား အခြား အချိန်တွေဆို ယောကျ်ားလို ပြုမူပြောဆို နေထိုင်တယ်။ သို့သော် လိင်တူခြင်းနှစ်သက်တယ်။ အဲ့လိုမျိုးကျဘယ်လိုပြောရမလဲ နွဲ့တာတွေမရှိဘူး၊ အပုန်းလို့ဘဲ ပြောရမလားဘဲ အပုန်းဆိုပေမဲ့ ကိုယ်နဲ့ပတ်သတ်တဲ့ ပါတနာလေးတွေတော့ ရှိတယ်ပေါ့။ဘယ်အချိန်လောက်က စပြီးသိလဲဆိုတော့ (၁၀)တန်းလောက်ကပေါ့ အရင်တုန်းက ရှိချင်ရှိခဲ့မယ် (၁၀) တန်းလောက်ကနေ စသိတယ်လို့ ခံစားရတယ်။ အဲ့အချိန်တုန်းက ကိုယ်နှစ်သက်တဲ့ ယောကျ်ားလေးနဲ့ တွဲဖြစ်တယ်၊ အဲ့အချိန်တုန်းကတည်းကစပြီး ဒီအသိုင်းအဝိုင်းထဲကပါလားလို့ တွေးမိတယ်။ ကိုယ့်ဟာကိုစပြီးသတိထားမိတဲ့ အချိန်မှာ မိဘနဲ့သူငယ်ချင်းတွေက ဆက်ဆံရေးပြောင်းလားဆိုတာကတော့ ပုံမှန်ဘဲ ယောကျ်ားလေးချင်းဘဲတွဲတာလေ၊ သူငယ်ချင်းက ယောကျ်ားလေးတွေဘဲရှိတာ၊ ဒီလိုအပွင့်တွေ ဘာတွေနဲ့ မသွားရဲဘူးပေါ့၊ မခေါ်မပြောရဲဘူး၊ အသိလည်းမရှိဘူး၊ ပေါင်းတာလည်း ယောကျ်ားလေး သူငယ်ချင်းတွေပဲလေ လက်ဖက်ရည်ဆိုင်တို့ ဘာတို့ သွားတဲ့အခါပေါ့ ၊ ယောကျ်ားပေါင်း ပေါင်းတယ်ပေါ့ ၊ မိသားစုကလည်း ဒါကို ဘာပြဿနာမှမရှိဘူး၊ ကိုယ်ကလည်းအနေအထိုင်မှန်တယ် နွဲ့တာတို့ အမျိုးသမီးပုံစံလည်း ဝတ်စားတာမရှိတော့ သိပ်ပြဿနာမရှိဘူးပေါ့။ ဖေဖေမေမေရှိတုန်းက လူလတ်တန်းစားပေါ့၊ စီးပွားရေးအရနေနိုင်စားနိုင်တယ်ပေါ့၊ ကျွန်တော်တို့တုန်းကဆို မေမေဖေဖေက ကျွန်တော်တို့ကို ပညာရေးဘဲဦးစားပေးလုပ်ခိုင်းတာ စီးပွားမရှာခိုင်းဘူး၊ အဲ့လိုနဲ့နေရင်း

ကိုယ့်သူငယ်ချင်းထဲက တစ်ယောက်နဲ့ ပါတနာဖြစ်တယ်၊ တစ်ယောက်နဲ့တစ်ယောက် ချစ်ကြတယ်၊ ဒါပေမဲ့ အဲ့အချိန်တုန်းက မတူဘူးပေါ့ ၊ ရှက်လည်းရှက်တက်တယ်ပေါ့ ၊သူကလည်းနားလည်တယ်ပေါ့ ၊ကိုယ် ချင်းကိုယ်ချင်းသိတာပေါ့။ ပါးစပ်ကတော့ဖွင့်မပြောဘူး မပြောဘူးဆိုတာက ရှက်တာလည်းတစ်ပိုင်းပေါ့ ၊ မိဘချင်းကလည်း ရင်းနှီးတယ်။ (၁၀)တန်းအောင်လာခဲ့တယ်။ သူကမအောင်ဘူး အခုထိရန်ကုန်မှာရှိတယ်၊ ခုချိန်ထိဝင်ထွက်သွားလာ သေးတယ်။ သူငယ်ချင်းအများကြီးထဲကမှ အဲ့တစ်ယောက်နဲ့ ဒီလိုဖြစ်တယ်ဆိုတာ သူတို့မိဘတွေလည်းသိတယ် သူတို့သားကို ဘယ်လိုချစ်တာလဲဆိုရင် မိန်းကလေးတစ်ယောက်လို ချစ်တယ်ပေါ့နော်။ ဒါကိုလည်းမပြောပါဘူး။ အရမ်းခင်တယ် အရမ်းသံယောဇဉ်ရှိတယ်ဆိုတာလည်း သိတယ်။ ကျွန်တော်တို့အိမ်ဘက်ကလဲ သူနဲ့အတူသွား အတူစားအတူလာတာကို သတိထားမိပါတယ်။ ဒါပေမဲ့လူကြီးချင်းရော ကိုယ်ကရင်းနှီးနေတာ ဆိုတော့ အဲ့တာကို ပြဿနာတစ်ခုလို့မသတ်မှတ်ဘူးပေါ့။ အဲ့ဒီ့လိုနေလာခဲ့တာပါ။ ပြည်ဒေသကောလိပ်မှာ (၂) နှစ်တက်ခဲ့ပါတယ်။ အဲ့ကနေ ပုသိမ်ရောက်တယ်။ ပုသိမ်မှာကျောင်းပြီးတဲ့အချိန် ကွဲသွားတယ်။ သူနဲ့လည်းကွဲသွားတယ်။ အဲ့တာက First Love ပေါ့ နောက်တော့မှ Second Love / Third Loveတွေထားခဲ့ပါတယ်။ အဲ့တာကတစ်ပိုင်းပါ။ အဲ့နောက် အဆောင်ရောက်တယ် Sexကိစ္စနဲ့ပတ်သတ်ပြီး ကြားပေါက်လေးတွေလည်းရှိပါတယ်။ အဲ့ဒီမှာ ကျွန်တော့်က ကိုကိုလို့ခေါ်တယ်။ ကိုယ်ထက်လည်း (၂) နှစ်ကြီးတာပေါ့။ နောက်ပိုင်းတော့ သူလဲအိမ်ထောင်ကျသွားပါတယ်။ သားလေး(၁)ယောက်မွေးတယ်။ သူ့သားလေးကလဲ ကိုယ့်ကိုခင်တယ်လေ အခုထိ တစ်ယောက်တည်းပဲ မွေးထားတယ်။ ကိုကိုနဲ့ရင်းနှီးတော့ နောက်ပိုင်း သူ့မိန်းမကလဲ ရိပ်မိသွားတယ်။ အထာပေါက်တာပေါ့နော်။ သူနဲ့ကအခုထက်ထိ မိတ်ဆွေတွေ အဖြစ်နေပါတယ်။ (၃၈)နှစ်အရွယ်မှာ ဒုတိယအချစ်စပါတယ်။ ကိုယ်ကလည်း လူမှုရေးပြဿနာတွေမရှိဘူး။ မပူမပင်နေရတော့ ပြဿနာမရှိဘူး။ မိသားစုအသိုင်းအဝိုင်းကလည်း ပြဿနာမဖြစ်ဘူး။ ဒီအသက်အရွယ်နဲ့ပြောရတာ ရှိုးတိုးရှန့်တန့်တော့ဖြစ်တယ်။ ပထမတစ်ယောက်နဲ့ကမိတ်ဆွေတွေ အခု ဒုတိယတစ်ယောက်ကျ ခံစားမှုရှိလာတာပါတယ်။ ကိုယ်က(၃၈) သူက(၂၈) လောက်ဆိုတော့ တော်တော်လေး ကြိုးစားခဲ့ရတယ်။ တစ်ကယ်တမ်းပြောရရင် သူကယောကျာ်းလေးချင်း နှစ်သက်တာမရှိဘူး။ သူကနောက်ပိုင်း တွေ့ပါများတော့ သံယောဇဉ်ဖြစ်လာတာပေါ့ မတည့်လိုက်တည့်လိုက်ပါပဲ။ ကိုယ့်ကြိုးစားမှုလည်းရှိတယ် ပြဿနာတွေလည်းရှိခဲ့ပါတယ်။ တည့်တဲ့အခါတည့် စကားများတဲ့အခါလည်းရှိတယ်။ အဲ့ဒီထဲကမှ

ထူးခြားတာလေးပြောပြမယ်။ သူတို့အိမ်ကလည်းသိတယ်။ ကိုယ်ကလည်းချစ်တော့ အလျှော့ပေးခဲ့ရတာပေ့ါ။ အရိပ်တစ်ကြည့်ကြည့် နေခဲ့ရတာ။ သူကကားမောင်းတာ။ တစ်နေ့သူ့ကိုကားငှားတာ။ ပဲခူးရိုးမကို သူအပါအဝင် (၆)စီး(၇)စီးလောက်ရှိတယ်။ ပေါက်ခေါင်းဆိုတဲ့နေရာပါ။ အဲ့ကနေ ပျားကြီးဒေါင်ဆိုတဲ့ဘုရားရှိတယ်။ အဲ့ဘုရားထီးတင်တာပေါ့။ အဲ့ကနေပြန်လာတော့ တစ်ခြားကားတွေ ပြန်ရောက်လာတယ် သူ့ကားပါမလာဘူး။ စိတ်ပူလို ့မေးကြည့်တော့ ကားပျက်တယ်တဲ့။ ကိုယ်ကလူကြီးပိုင်းလည်းဖြစ်ပြန် ငယ်တဲ့သူကလည်းဖြစ်နေတော့ ညတွင်းချင်း(၉)နာရီလောက် ပဲခူးရိုးမကိုလိုက်သွားတယ်။ ရင်းနှီးတဲ့ မိတ်ဆွေ(၂)ယောက်ပါ လိုက်တယ်။ မိတ်ဆွေ(၁)ယောက်က ကားအကူအညီပေးတာပါတယ်။ မြို့အစွန်ကိုသွားတာ။ ပျားကြီးဒေါင်ပေါ့ ကားလမ်းကြောင်းနဲ့ သွားရတာပါ။ တစ်နေရာရောက်တော့ ဆက်သွားလို့မရတော့ဘူး။ အဲ့ဒါနဲ့လှည်းလမ်းကြောင်း အတိုင်းဆင်းရတာပေ့ါ။ သွားရင်းနဲ့ကျောက်ပျဉ်သာဆိုတဲ့ ရွာကိုရောက်တယ်။ အဲ့ကနေအဖော်(၁)ဦးနဲ့ ဆက်သွားရတာပါ။ တစ်ဦးကတော့ပြန်သွားတာ ခြေကျင်သွားရတာ။ (၁)နာရီထိုးသွားမှရောက်ပါတယ်။ ကျောက်ပျဉ်သာရွာရောက်တော့ အကုန်အိပ်နေကြပြီလေ။ ဘယ်သူ့ကို နိုးရမလဲမသိဘူး။ နောက်တော့ ဝါးခုတ်တာကနေပြန်လာတဲ့ ကျွဲလှည်းတွေကို

အကျိုးအကြောင်းမေးကြည့်တယ်။ ကားတစ်စီးပျက်နေတာ တွေ့ခဲ့လားဆိုတော့ သူတို့လမ်းညွှန်တဲ့ဘက်ကို လိုက်သွားပါတယ်။ ကျွန်တော်လိုက်လာတောတွေ့တော့ အံ့သြပြီးဝမ်းသာနေပါတယ်။ သူကတော့ တောဝက်ကြောက်လို့ ကားခေါင်းခန်းထဲမှာ အိပ်နေတယ်။ မနက်မိုးလင်းတော့ ပျက်နေတဲ့ကားလေးကို ကားကြီးပေါ်တင်ပြီး ပြန်သယ်ခဲ့ရတယ် အဲ့ဒါလေးကတော့ အမှတ်တရပါပဲ။ အခုပြန်တွေးကြည့်တော့ မကြောက်မရွံ့သွားတာ စိတ်ကဆောင်တာပေ့ါနော်။ မတော်တဆ တစ်ခုခုဖြစ်ခဲ့မယ်ဆိုရင်ဆိုတဲ့ ကြောက်စိတ်လေးတော့ ရှိခဲ့ပါတယ်။ ချစ်သူသက်တမ်းကတော့ ကျွန်တော့်အသက်(၃၇)ဝန်းကျင် ၁၉၉၇ကနေ ၂၀၀၀ပြည့်ဝန်းကျင်လောက်ထိဆိုတော့ ချစ်သူသက်တမ်း (၄)နှစ်လောက်ရှိပါတယ်။ ပြတ်သွားတဲ့အချိန်မှာ မအိပ်နိုင် မစားနိုင်ဖြစ်ခဲ့ရပါတယ်။ မိတ်ဆွေသူငယ်ချင်းတွေက အစားထိုးကုမှရမယ်ဆိုပြီး အကြံပေးပါတယ်။ ဒီအတိုင်းထားရင် ကျန်းမာရေးထိခိုက်မယ်ဆိုပြီးတော့ သူငယ်တစ်ယောက်ရှာပြီး မိတ်ဆက်ပေးပါတယ်။ အဲ့တစ်ယောက်ကိုသိနေတယ်လေ သူနဲ့ကိုယ်က အရင်ကလဲသိနေတော့ အဆင်ပြေသွားပါတယ်။ မိတ်ဆွေတွေကိုလည်း ကျေးဇူးတင်တယ် တစ်ယောက်ကတော့ဆုံးသွားပြီ။ တစ်ယောက်ကတော့ ကျန်သေးတယ်။ ကျွန်တော်ကတော့ ကိုယ်ကဘယ်လောက်ပဲ အသက်ကြီးကြီး ကိုယ့်ထက်ငယ်တဲ့သူကိုပဲ

သဘောကျပါတယ်။ တကယ် သဘာဝကျကျတွေးကြည့်ရင်တော့ သူတို့ကတော့ အသက်ကြီးတဲ့သူကိုဘယ်သဘောကျမလဲ။ အခုလောလောဆယ်တော့ ကိုယ့်ကိုသဘောကျနေတဲ့ သူငယ်တစ်ယောက်တော့ရှိတယ်။ သူကလဲ အသက်ကြီးတဲ့သူကိုမှ သဘောကျတယ်တဲ့။ ကိုယ်ကလဲ မယုံရဲဘူး။ အဲ့တော့ တစ်ခြားတစ်ယောက် ပြောင်းကြိုက်ပါဆိုပြီးပြောထားတယ်။ ရတာမလို လိုတာမရဆိုတဲ့သဘောပေါ့။ ပွင့်ပွင့်လင်းလင်းပြောရမယ်ဆို (၁၇)(၁၈)လောက်ကပေါ့ ကိုကိုဆိုတဲ့လူနဲ့ပါ။ အမှန်ပြောရရင် သူနဲ့တစ်ခါမှလိင်မှုကိစ္စ မရှိခဲ့ဘူးပါဘူး။ ဆယ်တန်းစာမေးပွဲပြီးတဲ့အချိန်မှာ သူကရန်ကုန်သွားမှာမို့ ကျွန်တော့်ကို အလည်ခေါ်တယ်။ ကျွန်တော်ကလဲ သူငယ်ချင်းတွေနဲ့ ပုဂံညောင်ဦးသွားဖို့ရှိတော့ လိုက်မသွားဖြစ်ပါဘူး။ သူက မသွားခင်ညနေမှာ ကျွန်တော့်အိမ်ရောက်လာပြီး စနောက်ရင်းနဲ့ မထင်မှတ်ပဲ ကျွန်တော့်ပါးကိုနမ်းသွားတယ်။ အမှတ်တရပါပဲ လိင်ကိစ္စတော့ မလုပ်ဖြစ်ခဲ့ပါဘူး။ပထမဆုံးလိင်ကိစ္စကိုက မိတ်ဆွေတစ်ယောက်နဲ့ စဖြစ်ခဲ့တာပါ။ သူကခုတောင်ကြီးမှာနေတယ်။ ခုချိန်ထိမိတ်ဆွေတွေပါပဲ။ ချစ်သူတွေတော့ မဟုတ်ခဲ့ဘူး။ သူငယ်ချင်းချစ်တော့ချစ်တာပေါ့။ ပွင့်ပွင့်လင်းလင်းပြောရရင် သူနဲ့မှ နမ်းတယ်ဆိုတာစခဲ့တာ။ သူကဆရာပေါ့ သူနဲ့မှအထိအတွေ့စခဲ့တာ။ ပထမဆုံး ကြုံခဲ့ရတာပေါ့။ နောက်တော့ သူမိန်းမယူတော့ ကျွန်တော်က သတို့သားအရံလုပ်ပေးခဲ့ပါတယ်။ သူငယ်ချင်းတစ်ယောက်က သတို့သားနဲ့သတိုးသမီးကို လိုက်ပို့ပြီးအပြန် လိုက်မလားဆိုပြီး သွေးတိုးစမ်းတဲ့သဘောနဲ့ပြောပါတယ်။

အဲ့တာနဲ ့မောင်းချင်တဲ့နေရာမောင်းဆိုပြီး ပြောလိုက်တယ်။ အဲ့ဒီလိုနဲ့ပဲ သူခေါ်ရာသူ့အမအိမ်မှာ လိုက်အိပ်ရင်း သူနဲ့ပဲ ပထမဆုံးအကြိမ် လိင်ကိစ္စပြုလုပ်ခဲ့ပါတယ်။ လူလတ်ပိုင်းအရွယ်မှာတော့တွေ ့ဖြစ်တယ်။ သူပြည်ပြန်လာတော့ တွေ့ပါတယ်။ သူကခုတော့ သူအိမ်ထောင်နဲ့သူဖြစ်နေပါပြီ။ ဖုန်းအဆက်အသွယ်တော့ ရှိပါတယ်။ မိဘတွေကတော့ လိင်တူချစ်သူဆိုတာသိပေမဲ့ ငါတို့ကတော့သိတယ်လို့တော့မပြောဘူးပေါ့။ လေ့လာကြည့်တော့ အမေတို့အဖေတို ့ ရှိစဉ်အခါတုန်းက သူတို ့သားသည် လိင်တူချစ်သူတစ်ယောက်ဆိုတာသိတယ်။ ကျွန်တော်ကလဲ အနေမှန်အောင်နေပါတယ်။ မောင်နှမ(၃)ယောက်ရှိတယ်။ အခုလက်ရှိ တူတွေ တူမတွေ လည်းရှိတယ်။ သူတို့ကတော့ငါ့ဦးလေးက အခြောက်ကြီးပါလားလို့လည်းမပြောပါဘူး။ သူတို့လည်းသိတယ် နားလည်တယ်ပေါ့။ ကျွန်တော်ကမိန်းမလိုဝတ်ပြီး ညသန်းခေါင် လျှောက်သွားနေတာ မဟုတ်တော့ အဆင်ပြေပါတယ်။ ကိုယ့်သိက္ခာနဲ့ကိုယ် နေတာပေါ့။ အမျိုးသမီးတစ်ယောက်နဲ့တော့ အိမ်ထောင်ပြုဖို့မရှိခဲ့ဘူး ။ ကိုယ်တိုင်လည်းဆန္ဒမရှိဘူး။ ကျွန်တော်သိသလောက် ကျွန်တော်အသက် (၂၄) (၂၅) မှာကျောင်း

ပြီးတဲ့အချိန်မှာ အမေတို ့အဖေတို့က ကိုယ့်ကို အိမ်ထောင်ချပေးချင်တဲ့ဆန္ဒတော့ ရှိတယ် ဒါပေမဲ့ အတင်းမတိုက်တွန်းဘူး။ သူတို့မိတ်ဆွေထဲက ကျွန်တော့်သူငယ်ချင်းပါဘဲ။ မိန်းကလေး တစ်ယောက်နဲ့လူကြီးချင်းစကားပြောတာတွေ ရှိခဲ့ပါတယ်။ အိမ်ထောင်မပြုခဲ့တာမှန်တယ်လို့ ကိုယ့်ကိုကိုယ် ထင်တယ်။ တစ်ချို့ကတော့ အိမ်ထောင်ပြုကလေးမွေးထားမှ ကိုယ်အသက်ကြီးတဲ့အခါ ကိုယ့်ကလေးက ကိုယ့်ကိုပြန်ပြုစုမှာလို့ ပြောတယ် အဲ့ဒါလဲမှန်ပါတယ်။ ဒါပေမဲ့ အခုတွေးကြည့်တော့ ကိုယ်အိမ်ထောင်မပြုခဲ့တာ မှန်တယ်လို့ ထင်ပါတယ်။ ကိုယ်လဲလွတ်လွတ်လပ်လပ်နေရတယ်။ ပူပန်စရာလဲမရှိဘူးလေ။ ဘဝမှာ အကြမ်းဖက်ခံရမှုမရှိအောင် ဘယ်လိုနေခဲ့လဲဆိုတော့ ယောကျာ်းလေးလိုနေခဲ့ပါတယ်။ ကိုယ့်အိမ်မှာဘဲဖြစ်ဖြစ် မိတ်ဆွေတွေနဲ တွေ့တဲ့အခါဖြစ်ဖြစ် ယောကျာ်းလေးလိုဘဲ နှုတ်ဆက်ပါတယ်။ အဲ့လိုကြောင့်လည်း ပါမယ်ထင်တယ်။ အဲ့လိုမဟုတ်ဘဲ မိန်းကလေးလိုနေပြီး လျှမ်းမယ်ဆိုရင် ခွဲခြားတာလည်းရှိမယ်ပေ့ါ မိန်းကလေးလို တစ်ခါမှမဝတ်ခဲ့ဘူး။ အခုချိန်ထိ ဓာတ်ပုံလည်း တစ်ခါမှမရိုက်ခဲ့ဖူးဘူး။ မရိုက်ချင်ဘူး အဲ့လိုရိုက်ရမှာ ရှက်လည်းရှက်တယ်။ သူငယ်ချင်းတွေနဲ ့တွေ ့တဲ့အခါ ငါကယောကျ်ားဆိုပြီး စနောက်ပျော်ခဲ့ရတယ်။

ပွင့်ပွင့်လင်းလင်းပဲပြောတက်တယ်။ တစ်ခုခု စိတ်ဆိုးရင်လည်း ယောကျ်ားလေးလိုပဲ ရန်ဖြစ်ပါတယ်။

ပြောရမယ်ဆိုရင် ကျွန်တော်က ငယ်ရွယ်စဉ်နဲ့ လူလတ်ပိုင်းအရွယ်တွေမှာ ယောကျာ်းလေးတွေနဲ့ ပေါင်းပါတယ်။ ကိုယ့်အသိမိန်းမလျာတွေရဲ့ ပြောစကားအရကတော့ မိန်းမလျာတွေညဖက်အပြင်ထွက်ရင် ပုဆိုးချွတ်ခိုင်းတာတို့ ပြေးခိုင်းတာတွေလုပ်တယ်လို့တော့ သိပါတယ်။ ကျွန်တော်ကတော့ မကြုံခဲ့ရဘူး။ အပွင့်ပုံစံနဲ့ မသွားခဲ့ဖူးဘူး။ လိင်ကိစ္စဖြစ်တယ်ဆိုရင်တောင် တိုးတိုးတိတ်တိတ်ပဲဖြစ်ပါတယ်။ ဒါပေမဲ့ အခုခေတ်ကျတော့ ပွင့်ပွင့်လင်းလင်းဖြစ်လာပါတယ်။ လိင်ကိစ္စဖြစ်တယ်ဆိုတာလည်း ပွင့်လင်းလာတယ်။ ဟိုတုန်းကထက် အခုအရမ်းလွတ်လပ်တယ်။ ကျွန်တော်တို့တုန်းက အရမ်းကြောက်တာ။ အခုကျတော့ ရဲဖမ်းလည်းဖမ်းပေ့ါ။ အခုက အရမ်းအတင့်ရဲတော့ အံ့သြတယ်။ တစ်ခါတစ်လေ ငယ်တဲ့သူတွေကို ဆုံးမပါတယ်။ လိုက်နာတာ မလိုက်နာတာကတော့ သူတို့အပိုင်းပါ။ အခုခေတ်ပြောင်းလဲလာတာကိုကြည့်ရတာ သိရတာပေ့ါနော် ကျွန်တော်အမြင်ဆိုးကျိုးတွေပါလာတယ်လို့မြင်တယ်။ ဟိုတုန်းကမိန်းမလျာတွေက အသက် (၅၀) ကျော်ထိ ရောဂါမရှိဘဲနေနိုင်တယ်။ လိင်ကိစ္စမရှိလို့တော့မဟုတ်ဘူး ရှိတယ်။ အခုခေတ်ကျတော့ ပွင့်လင်းလာတယ်။ ရဲတင်းလာတယ်။

ရောဂါတွေလဲထူပြောလာပါတယ်။ လိင်ကနေကူးစက်တဲ့ရောဂါတွေလဲ ဖြစ်လာတယ်။ လိင်ဆက်ဆံဖော်များတဲ့အခါမှာ HIV/AIDS တွေလဲဖြစ်လာတယ်။ လိင်ကိစ္စလုပ်တဲ့အခါမှာ ကွန်ဒုံးသုံးဖို့ ဘယ်လောက်ပဲ အသိပညာတွေ ဖြန့်ဝေနေပါစေ မသုံးတဲ့သူတွေလဲရှိပါတယ်။ မဆင်မခြင် နေထိုင်ကြတာတွေကြောင့် လိင်ကတဆင့်ကူးစက်ရောဂါတွေ လျော့ကျဖို့ကတော့ ကြာအုံးမယ်လို့ထင်ပါတယ်။

ကျွန်တော် ကျောင်းပြီးတော့ ဓာတ်မြေဩဇာလုပ်ငန်းမှာ အစိုးရဝန်ထမ်း(၁)နှစ်လုပ်ခဲ့တယ် ဝန်ထမ်းဘဝမှာက နားရက်သိပ်မရှိဘူး။ စည်းကမ်းတွေတင်းကျပ်တယ်။ ကျွန်တော်က ပျော်ပျော်နေတက်တဲ့သူဆိုတော့ အမြဲသွားချင်လာချင်နေတော့ အဆင်အပြေဘူးလေ။ အခုက ကိုယ်ပိုင်စီးပွားရေးလုပ်တယ်။ ကျွန်တော့် ဦးလေးပွဲရုံမှာလုပ်ခဲ့တယ်။ နောက်ပြီးကျွန်တော်က မြင်းစီးတာဝါသနာပါတယ်။ ငယ်ငယ်တုန်းကိုယ်တိုင် မြင်းမွေးပြီးစီးတယ်။ နောက်တော့နွားမွေးတယ်။ ဝါသနာပါတာပေါ့။ မွေးမြူရေးလုပ်ပြီး ဖျာ၊နီးတို ့ရောင်းခဲ့တယ်။ ၂၀၁၁ ကနေ ၂၀၁၅ထိ ခေတ္တရာစွယ်တော်ဦးမှာ လုပ်ခဲ့ပါတယ်။ ငြီးငွေ ့လို ့ထွက်လိုက်တာပါ။ ကျွန်တော်ပြောချင်တာက မိန်းမလျာဖြစ်တယ်ဆိုတာက လုပ်ယူလို ့ရတာမဟုတ်ပါဘူး။ အဲ့ဒါကိုတင်းကြပ်လို့မရဘူး။ နားလည်ပေးရမယ်။ ကံအကြောင်းကြောင့်ဖြစ်လာပြီဆိုရင်လည်း ရလာတဲ့ဘဝမှာ အကျိုးရှိစေချင်တယ်။ လိင်ကိစ္စမှာလည်း လွန်လွန်ကြူးကြူးမလုပ်စေချင်ဘူး။ စည်းနဲ့ကမ်းနဲ့နေစေချင်တယ်။ နောင်တစ်ချိန် မိန်းမလျာတွေကို အဆင့်အတန်းရှိစေချင်တယ်။ ခွဲခြားဆက်ဆံတာ မခံရအောင်နေစေချင်ပါတယ်။

---

## ကိုသက် (၄၂) ရန်ကုန်မြို့

Q. အကိုနာမည်နဲ့ အသက်ကိုမိတ်ဆက်ပေးပါဗျ ။

A. ကျွန်တော်ကတော့ ကိုသက်ပါ။ အသက်ကတော့ ၄၂ နှစ်ပါ။

Q. ကိုယ့်ကိုကိုယ် ဘယ်လိုခံယူထားလည်း။

A. ကိုယ့်ကိုကိုယ် Lesbian တစ်ယောက်ဆိုတာထက် သာမာန်ယောကျ်ားလေးတစ်ယောက်လိုဘဲ သတ်မှတ်ထားပါတယ်။ ယောကျ်ားလေးဖြစ်ချင်တယ်ပေါ့။

Q. ဘဝဖြတ်သန်းမှု အခက်အခဲ အကြောင်းလေးသိပါရစေ။

A. ဘ၀ဖြတ်သန်းမှု ့အနေနဲ ့ဆိုရင် မိသားစုက စပြောရမှာပေါ့။ ကိုသက်ရဲ့ အကိုက အခြောက် ကိုယ်က ယောကျာ်းလျာ ဆိုတော့ သူများပြောတာတွေထက် အပြောခံရတယ်။ အကိုက ကစားတော့ အိုးပုတ်ချိုးရုပ်နဲ ့ ဆော့တယ်။ ကျနော်က သေနတ်နဲ ့ဆော့တယ်။ ငယ်ငယ်ထဲက သိတာပေါ့။ အဲ့လိုနဲ့ အိမ်ကသိလာပါတယ်။ အပြင်မှာထွက်ဆော့တဲ့အခါကျတော့ ပတ်ဝန်းကျင်ကပြောတာပေါ့။ အဲ့တော့ မိဘတွေအနေနဲ့ အရမ်းခံစားရပါတယ်။ သူ့အကိုကတော့ အခြောက်ကြီး၊ သူကတော့ မိန်းမလျာ စသည်ဖြင့် ပြောခံရပါတယ်။ အရင်ဘ၀ကများ ဆုတောင်းမှားခဲ့လေသလားပေါ့။ အရင်ဘ၀ကများ သူများသားသမီးကို စော်ကားခဲ့ကြသလား ဆိုပြီး တွေးခဲ့ဖူးပါတယ်။ အမေကလဲ နှစ်ယောက်လုံးကို ရိုက်ဆုံးမခဲ့ပါတယ်။ ဘယ်လောက်ပဲ ရိုက်ရိုက် အချိုးမပြောင်းခဲ့ပါဘူး။ ကျွန်တော်က အကို့ရဲ့ ယောကျ်ားလေးအ၀တ်အစားကို ယူ၀တ်ပြီး အကိုက ကျွန်တော့်ရဲ့ မိန်းကျလေးအင်္ကျီ တွေကို ယူ၀တ်ခဲ့ကြပါတယ်။

ဖိအားဒေအရမ်းများလို့ တက္ကသိုလ်တော့ ဆက်မတက်ခဲ့ပါဘူး။ ငယ်ငယ်ကတော့ ကျောင်းမှာ မသိသာပါဘူး။ ရင်ဖုံးရင်စေ့တွေ ၀တ်စရာမလိုပါဘူး။ ယောကျ်ားလေး အင်္ကျီတွေကို ၀တ်လို့ရပါတယ်။ နဲနဲကြီးလာတော့ အိမ်က ရင်ခံတွေ၀တ်ခိုင်းတာပေါ့။ ကိုယ်ကမ၀တ်ချင်ဘူး။ ကျောင်းမှာလဲ မိန်းကလေးတွေနဲ့ မပေါင်းချင်ဘူး။ ယောကျ်ားလေးတွေနဲ့ပဲ ဟေး…ဟား နေချင်တာပါ။

လူတွေကတော့ လှောင်ကြတာပေါ့။ အခြောက်မရဲ့ ညီမ ယောကျာ်လျာ လာပြီဆိုပြီးတော့ပေါ့။ အဲ့ဒီခေတ်တုံးက တော်တော်ဆိုးဆိုးခံရတာပါ။ အတန်းထဲမှာ ဘယ်သူနဲ့ ထိုင်မလဲပေါ့။ မင်းတို ့မပေါင်းလည်းငါဟာငါ တစ်ယောက်တည်းနေမယ်ဆိုပြီးတော့ ပြန်ပြောတာပါ။ တကယ်ယောကျာ်လျာ အစစ်တွေက ဘယ်လိုယောကျာ်းနဲ ့ဆွဲဆောင် ဆွဲဆောင် ဘာမှမဖြစ်ဘူး။

Q.မိဘတွေနဲ ့ဆက်ဆံရေး ပတ်ဝန်းကျင်ရဲ ့ဆက်ဆံရေးကရော အကိုတစ်ချက်လောက်ပြောပေးပါအုံး။

A.မိဘတွေက ခွင့်မပြုတော့ အကိုက အဖွားတွေနဲ ့သွားနေတယ်။ ကျွန်တော်ကတော့ မိဘတွေနဲ့ ပဲနေပါတယ်။ မိန်းမအင်္ကျီ ၀တ်ဆိုလည်း မ၀တ်ဖူး။ ဘောင်းဘီတိုနဲ ့ပဲနေတယ်။ အဲ့တော့ အရိုက်ခံရတယ်။ ကျောင်းမှာ ရင်စေ့၀တ်ရမယ်ဆိုပီး ဖြစ်လာတော့ မတက်တော့ဘူးဟာ ဆိုပြီး မတက်တော့ဘူး။ ငါ့ဟာငါ့ အပြင်လုပ် လုပ်မယ် ဆိုပြီး အပြင်ကုမ္ပဏီတွေ ကျတော့လည်း စကပ်အတို နဲ ့အကွဲတွေ ၀တ်ရမယ်ဆိုတော့ အဆင်မပြေဘူးလေ။ အဲ့တော့ ကျနော်တို့ အတွက် အလုပ်ကရှားတယ်။ တစ်ချို ့ဆိုရင် လှက်ရည်ဆိုင်မှာ စာပွဲထိုး ၀င်လုပ်ကြပြန်ရော။ အဲလိုတွေတော့ လုပ်ရတယ်။ နောက်ပိုင်း ယောပုဆိုးနဲ့ ရှပ်တွေ၀တ်ရတော့ ပိုအဆင်ပြေလာတယ်။ ပိုက်ဆံလည်းပိုအဆင်ပြေလာတယ်။

Q.အချစ်ရေးလေးအကြောင်း ပြောပေးပါအုံးဗျ။

A.ဖြတ်သန်းလာတဲ့ဘဝတစ်လျှောက် ချစ်သူတွေလည်း ထားခဲ့ဖူးတယ်။ အဲ့တုံးက မိန်းကလေး ကျောင်းရှေ့မှာ ယောကျ်ားလျာ အုပ်စုကတစ်ဖက် ယောကျ်ားလေးတွေအုပ်စုကတစ်ဖက်ပေါ့နော် မိန်းကလေးတွေကို ပိုးပန်းရတာပေါ့။ အီစီကလီတွေ လုပ်ရတာပေါ့။ အဲ့မှာ ကောင်မလေးတစ်ယောက်နဲ့ကြိုက်မိပါတယ်။ သူ့မိဘတွေကတော့ သဘောမတူပါဘူး။ ဘယ်လိုသိလည်း ဆိုတော့ ကျွန်တော့် ရည်းစားဟောင်းက အဲ့ကောင်မလေးအိမ်ကိုသွားပြီးတော့ ပြောတာပေါ့နော်။ ကျွန်တော့်ကောင်မလေးကို သူ့မိဘတွေ လိုက်ချလာပြီး အတင်းပြန်ခေါ်သွားတာပါ။ သူ့မိဘတွေကလည်း တော်တော်ရှက်တာပေါ့ ၊ သူလည်း အိမ်ရောက်တော့ အရိုက်ခံရတယ်လို့ သူ့ညီမက ပြန်ပြောပါတယ်။ သူနဲ့ခွဲပြီးတော့ ဘီယာတွေသောက်ပြီးကိုယ့် ခေါင်းကိုရိုက်ခွဲလိုက်ပြီးသက်သေပြလိုက်တာပေါ့။ ချစ်တာကိုသက်သေပြလိုက်တာ မူးနေတော့ မသိဖူးလေ။ ဆေးခန်းရောက်တော့ ခြောက်ချက် ချုပ်လိုက်ရတယ်။ အဲ့တော့မှ သူကပြန်သနားသွားတာပေါ့။ ဆေးခန်းမှာ ခံဝန်ထိုးပြီးတော့ကို ချုပ်လိုက်ရတာပေါ့။ အခုတော့ အဲ့ကောင်မလေး ကဂျပန်ထွက်သွားတာ ကြာပါပြီ။ သူပြန်လာတဲ့ အချိန်မှာတော့ တွေ့ဖြစ်ပါတယ်။ ဒါပေမဲ့ အရင်လိုတော့ မဟုတ်တော့ပါဘူး။ တည်ငြိမ်နေတဲ့ သူ့ဘဝကို ကိုယ့်ကြောင့် အနှောက်အယှက် မဖြစ်စေချင်ပါဘူး။

Q. အခုလက်ရှိ ချစ်သူရှိလား။ ဘယ်လိုမျိုးတွေ့ကြတာလဲ။

A. အခု ချစ်သူရှိပါတယ်။ online ပေါ်ကနေ တွေ့တာပါ။ ကောင်မလေးတွေနဲ့ချစ်တာ အမြဲ ကိုယ့်ဘက်က အရှုံးခံစားရတော့ ချစ်သူမထားချင်တော့ဘူးဆိုမှ တွေ့တာပါ။ တစ်ချို့ကောင်မလေးတွေက သူတို့လိုချင်တာရ ပြီးရင် ယောကျ်ားနောက် ကောက်ကောက်ပါအောင်လိုက်သွားရော။ အဲ့တော့ စိတ်နည်းနည်းကုန်တယ်။ ပတ်ဝန်းကျင်ကပြောပါတယ် ယောကျ်ားလျာတွေ တစ်နေ့ခံရမယ်ပေါ့။ အရင်ခေတ်ကတော့ အထူးအဆန်းလုပ် ပြီးတော့ ပြောကြတာပေါ့။ ယောကျ်ားတွေ ဒီလောက်ပေါတာတောင် ယောကျ်ားလျာနဲ့တွဲတာဆိုပြီး မေးငေါ့ ကြတာပေါ့။ မိုက်မိုက်ရိုင်းရိုင်း အတွေးတွေနဲ့လည်း ပြောကြတာပေါ့။ မိဘနဲ့ဘာသာရေး ကြောင့်လည်း ကွဲတာတွေ ကြုံဖူးပါတယ်။ အဲလို အတွေ့အကြုံတွေရှိတော့ ကောင်မလေးကို online ပေါ်ကနေဘဲ ထားတာပေါ့။ ပထမတော့ တကယ်ယောကျ်ားလေး အတိုင်း ဟန်ဆောင်ပြီးပြောတာပေါ့။ အပြင်မှာ လုံးဝမတွေ့ဘူး။ ဖုန်းလုံးဝ မပြောပါဘူး ။ အဲ့တော့ ကောင်မလေးက ဖုန်းမပြောချင်ဘူးလား။ အပြင်မှာ မတွေ့ချင်ဘူးလားမေးတာပေါ့။ ပထမဆုံးဖုန်းပြောတော့ သူက ဇဝေဇဝါ ဖြစ်နေတာပေါ့ အသံက မိန်းကလေးသံပေါက်နေတော့ ၊ ကြာလာတော့ တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ် ဖြစ်လာကြတယ် ။ နောက်တော့ ခြောက်လလောက်ထိ ဒီလိုဘဲ

နေခဲ့ပါတယ်။ သူကဓါတ်ပုံတောင်းရင် သူငယ်ချင်းရဲ့ပုံတွေ ယူပြီး ပို့ပေးလိုက်တယ်။ နောက်တော့ ရေရှည်မကောင်းဘူးဆိုပြီး တကယ်ယောကျာ်းအစစ် မဟုတ်တဲ့အကြောင်း ယောကျာ်းလျာတစ်ယောက်မို့လက်ခံရင် ဆက်တွဲပါ၊ လက်မခံနိုင်ရင် လမ်းခွဲကြမယ်လို ့ပြောလိုက်တယ်။ သူ့ဘက်က အမျိုးမျိုးစဉ်းစားပြီး လက်ခံနိုင်တယ် ဆိုပြီးဆက်တွဲတာ အခုဆို ၁ နှစ်ကျော်ပါပြီ ။ သူကရှမ်းပြည်မှာနေတာပါ ၊ ရန်ကုန်ကိုသူလာတယ်။ ဒီမှာ မနေချင်ဘူးဆိုလည်း ရှမ်းပြည်လိုက်လာပါ သူက လုပ်ကျွေးပါမယ် ခဏခဏ ပြောပါတယ်။ သူ့မိဘတွေကလည်း နားလည်ပေးပါတယ်။ အဆင်ပြေပါတယ်။

Q. လိင်တူချစ်သူတွေကိုရော ဘာများပြောပေးချင်ပါသလဲ။

A. အရင်ကတော့ ကျွန်တော်လည်း လိင်တူချစ်သူများ အခွင့်အရေးအတွက် လိုက်စည်းရုံးခဲ့ဖူးတယ်။ ကျွန်တော်တို့ ယောက်ကျာ်းလျာတွေက ခံစားချက်ကိုရင်ထဲမှာပဲ ထားကြတယ်။ ကျန်းမာရေး ကိစ္စကြုံလာရင်တောင် ကျိတ်ပြီး ခံစားကြတယ်။ ဒါတွေက ပွင့်ပွင့်လင်းလင်း ပြောပြသင့်ပါတယ် ။ ဒါတွေက ယောကျာ်းလျာတွေအတွက် ကြီးမားလှတဲ့ အခက်အခဲတွေပါ။ အဲ့တော့ ယောကျာ်းလျာတွေ ပြောချင်တာက သီးသန့်တစ်ယောက်တည်း မနေပါနဲ့ အသိုင်းအဝိုင်းကိုဝင်ပါ။ ကိုယ်တစ်ယောက်တည်း ယောကျာ်းလျာ မဟုတ်ပါဘူး။ အများကြီး ရှိပါတယ်လို့ပြောချင်ပါတယ်။

⍰⍰ ⍰⍰ (⍰⍰) □□□□ □□□□□□□



နာမည်က မမပါ ။ အမျိုးသမီးတစ်ယောက်လို ပြောင်းလည်းဝတ်ဆင်တဲ့ လိင်တူချစ်သူ တစ်ယောက်ဖြစ်ပါတယ်။ အသက်ကတော့ ၅၀ ကျော်ပါ။ မမကတော့ အိမ်မှာအငယ်ဆုံးပါ။ အိမ်မှာ မမရဲ့ အမတွေကလည်းချစ်တယ် အရမ်းအလိုလိုက်တော့ ငယ်ငယ်ထဲက သနပ်ခါးလူးတဲ့ အကျင့်ကို လုပ်ပေးတယ်။ မမကိုယ်တိုင်ကလည်း အရမ်းကြိုက်တယ် အကိုတွေကတော့ မကြိုက်ပေမဲ့ မေမေ့ကိုလွန်ဆန်လို့မရလို့ မမကိုမပြောရဲဘူးပေ့ါနော်။ အဲ့တော့ မမကငယ်ငယ်ထဲက မိန်းမစိတ်ပေါက်နေတဲ့ မိန်းမလျာလေးပေ့ါနော်။ ပြီးတော့ ကလေးဘဝထဲက ယောကျာ်းလေးတွေဆော့တဲ့ ကစားနည်းတွေဆို မဆော့ဘူး မိန်းကလေးဆော့နည်းမျိုးပဲ ဆော့ပါတယ်။ အလှပြင်တယ် ထုတ်ဆီးတိုးပါတယ်။ အလယ်တန်းရောက်တော့လည်း မမကိုနွဲ့လို့ဆိုပြီး မိဘတွေက ဆူကြတယ်။ ယောကျာ်းတစ်ယောက်က မြင့်မြတ်တယ်ပေ့ါနော်၊ မှန်ပါတယ် မြင့်မြတ်တာ ဒါပေမဲ့ သူတို့ အဲလိုပြောတော့ မမက မမြတ်တော့တဲ့ သူလိုမျိုးခံစားရတယ်။ အမှန်တိုင်းပြောရရင် မကြိုက်ဘူးလို့ စိတ်ထဲက ခံစားရတယ်။ သူများတွေကတော့ ဘဝပေးနဲ့ဆိုင်တယ်ပြောကြတယ် ။ မမကတော့ မဆိုင်ဖူးလို့ ထင်တယ် ၊မမကတော့ အခြေခံဗီဇလို့ ထင်တယ် မမကတော့ မွေးရာပါလို့ ထင်တယ်။ ဒီစိတ်နဲ့ ဖြစ်လာတာဆိုတော့ နဂိုထဲကလည်း မ ဟော်မုန်းများတယ် ဒါကြောင့်

ဒီလိုဖြစ်လာတာလို့ ထင်တယ်။ အလယ်တုန်းကတော့ မှတ်မှတ်ရရ သီတင်းကျွတ်ပွဲမှာ ကရင်ဒုံးယိမ်းကို ကျောင်းမှာ ကကြတယ် ၊ မမကလည်းကချင်တော့ ဝင်ကတယ်။ အိမ်ကသိတော့ မမကိုဆူတာပေ့ါ။ မမကလည်း ဂရုမစိုက်ဘူး ဝင်ကတာပဲ။ အဲ့လိုနဲ့ မမ အလယ်တန်းအောင်သွားတယ်။ အထက်တန်းတက်တော့ မမအိမ်က စီးပွားရေး သိပ်မကောင်းတော့ဘူး ဖေဖေကလည်း အလယ်တန်းကျောင်းသူဘဝထဲက ဆုံးတယ်ဆိုတော့ မေမေကမုဆိုးမဘဝနဲ့ ဘာမှမလုပ်တက်ဘူးပေ့ါနော်၊ အဲ့တော့ မမရဲ့အမအိမ်မှာ မေမေကလိုက်နေတော့ မမကလည်း အမေကိုချစ်တာဆိုတော့ မေမေနဲ့ အတူ အမရဲ့ အိမ်မှာလိုက်နေဖြစ်တယ်။ မမဆယ်တန်းနှစ်ရောက်တော့လည်း အဆင်ပြေသေးတယ်။ မမ ပထမနှစ်မှာ ဆယ်တန်းကျတယ်။ ဒုတိယအကြိမ် ဆယ်တန်းပြန်တက်တဲ့နှစ်မှာ မရဲ့အမယောကျာ်းကဆုံးသွားပြန်တယ်။ မရဲ့အမက ကလေးကခြောက်ယောက်နဲ့ ဗိုက်ထဲမှာတစ်ယောက်ကျန်ခဲ့ရော၊ ယောကျာ်းကို ဆေးကုတာနဲ့ ကလေးကခြောက်ယောက်ကျန်တာရယ် မမကဆယ်တန်းပြန်တက်တာရယ်နဲ့ ဒုက္ခရောက်တာပေ့ါနော်။ အဲလိုတွေဖြစ်တော့ မမကလည်း မမအမကိုအပြစ်မတင်ရက်တော့ဘူးပေ့ါနော်။ မမဒုတိယနှစ်မှာ ဆယ်တန်းအောင်တယ်။ မမအဲလိုနဲ့ ဗိုလ်တစ်ထောင်တက္ကသိုလ်မှာ

အဝေးသင်ပထမနှစ် တက်လိုက်သေးတယ်။ ဒါပေမဲ့ စီးပွားရေးအဆင်မပြေတော့ မမဆက်မတက်တော့ဘူးပေါ့နော်။ မရဲ ့သူငယ်ချင်း ဘိုမဆိုတဲ့တစ်ယောက်ကိုပြောဖြစ်တယ်၊ သူငယ်ချင်းရယ် အိမ်မှာအဆင်မပြေတော့ အလုပ်လုပ်ချင်တယ် ပေါ့နော်။ အလုပ်လေးရှာပေးပါလားပေါ့ဆိုတော့ သူကအမကို ၃၅ လမ်းထဲက အလုပ်သမားအစည်းအရုံးကို ခေါ်သွားပြီး သွားလျှောက်ပေးတယ်။ ဘိုမရဲ့ဦးလေးက အဲ့ဒီမှာ ဒုမန်နေဂျာလေ။ အဲ့ဒီတုန်းကတော့ ၃လပတ် ၆ လပတ် အစည်းအဝေးတွေရှိတယ်လေ။ အဲ့ခေတ်က မဆလခေတ်ပါ။ အလုပ်သမား ပါတီတို ့အလုပ်သမားကောင်စီတို ့အဲ့လိုရှိတဲ့ခေတ်လေ။ ၃လလောက်တော့ အလုပ်ရဖို ့စောင့်ရမယ်ပြောတယ်။ အဲ့တော့ သူကခေါ်သွားတယ် မမလည်း အရမ်းအံ့သြသွားတာပေါ့နော်။ ငါကအခြောက်နော် နင်မဟုတ်တာတွေမလုပ်နဲ ့ကြောက်တယ်ပြောတာပေါ့နော်။ သူကမဟုတ်ဘူး နင်ရဲမလုပ်နဲ ့စာရေးလုပ်ပေါ့လို့ ပြန်ပြောတယ်။ ကိုယ်ကလည်းအလုပ်မရှိတဲ့ အချိန်ဆိုတော့လည်း အိမ်အတွက်လည်းကြည့်ရသေးတော့ အင်း လုပ်မယ်ပေါ့နော်။ အဲ့တော့ သူကသူ ့ဦးလေးနောက်တစ်ယောက်က အဲမှာ ရဲမှူးဆိုတော့ ခေါ်သွားပြီး အလုပ်သွင်းပေးတယ်။ ပြီးတော့ ချက်ချင်းတစ်ပါတ်အတောအတွင်း ခန့်လိုက်တယ်။ မြန်လိုက်တာပေါ့နော်။ မမက ပထမတာမွေမှာ အင်အားပြအနေနဲ့ ဆင်းလိုက် အိမ်ပြန်လိုက် လုပ်ရသေးတယ်။ အဲ့လိုလုပ်ရင်းနဲ့ သင်တန်းတက်ရမယ် စာမေးပွဲဖြေရမယ်ဆိုတော့ မမကငိုတော့တာပေါ့။ အဲ့ခေတ်တုံးကလေ ရဲထဲဝင်မယ်ဆို တစ်ခါတည်းတန်းသင်တန်းတက်ပြီး ဝင်တာလေ။ အခုတော့ မဟုတ်ဘူး စာမေးပွဲကလည်းဖြေရမယ်။ မတို့တုန်းက စိန်ပေါလ်ကျောင်းမှာ လူခြောက်ထောင်ကျော် ဖြေတာကို ၅၀၀ ပဲရွေးပြီးဝင်ခွင့်ရတာလေ။ အင်္ဂလိပ်စာ မြန်မာစာရယ် ကမ္ဘာပေါ်မှာရှိတဲ့

ခေါင်းဆောင်တွေအမည်နဲ ့သူတို ့ရဲ့လုပ်ဆောင်ချက်တွေရယ် မြန်မာနိုင်ငံပြည်သူ့ရဲတစ်ဖွဲ့ရဲ့တာဝန်တွေမေးတာ နည်းနည်းတော့ ခက်တာပေါ့နော်။ စာတွေကြည့်ရတာ အများကြီးပေါ့နော်။ သူတို့က စာအုပ်တွေပေးတယ် စာတွေကျက်ရတာပေါ့နော်။ ပထမတော့ လုပ်ကိုမလုပ်ချင်ပေမဲ့ ဩော် လုပ်မဲ့လုပ်တော့လည်း ဆုံးခန်းတိုင်အောင် လုပ်မယ်ဆိုပြီး စာတွေကျက်ရတော့တာပေါ့။ မမကအဲ့အချိန်မှာ တကယ်တော့ ဆုံးဖြတ်ချက်တွေ မဝေခွဲနိုင်သေးတာပေါ့နော်။ တကယ်တန်းနောက်ကျမှ မမ သိလိုက်တာက မိတ်ကပ်ပညာရှင်ဖြစ်ချင်တာလေ။ ဒါပေမဲ့ ဖြစ်မလာခဲ့ရပါဘူးလေ။ မဖြစ်လာတဲ့အခါ အဆင်ပြေသလို လုပ်ရတော့တာပေါ့။ မမက ပြည်သူ့ရဲတပ်ဖွဲ ့မှာလည်း အရွေးခံရတယ် ပြီးတော့ သင်တန်းတက်ရတာက ၆ လဆိုတော့ ဟယ် မတက်လို့ မရဘူးလားဆိုတော့ မရဘူးတဲ့။ အဲ့အချိန်က ရဲပြေး စစ်ပြေးဆိုရင်

ထောင်ချတဲ့ခေတ်ဆိုတော့ ကြောက်တာပေ့ါနော်။ လက်နက်ကိုင်အဖွဲ ့အစည်းဆိုတာလေ ဝင်လို ့လည်းမလွယ်ဘူး ထွက်လို့လည်းမလွယ်ဘူး။ အဲ့တော့ မမ သင်တန်းတက်ရတော့တာပေ့ါနော်။ ရမည်းသင်းမှာ တက်ရတာပါ။ အမှတ် ၁ ပြည်သူ ့ရဲတပ်ဖွဲ ့လေကျင့်ရေး စခန်းမှာ တက်ရတာပါ။ မ အများကြီးငိုခဲ့ရတာပေ့ါနော်။ ကိုယ်က နွဲ ့တဲ့လူလေ အဲ့တော့ အပင်ပန်းမခံနိုင်ဘူး မိန်းမဟန်တွေအများကြီးပါတယ်လေ။ ဟိုမှာကျ မတစ်ထောင်သားလေ ယောကျ်ားလေးအများကြီးနဲ ့ ဆိုတော့ မ တအားစိတ်ညစ်ရတယ်။ ကိုယ့်ကိုများ နှိပ်ကွတ်မလား နောက်မလားပေ့ါနော် အဲလိုတွေးပြီးကြောက်လည်းကြောက်တယ်။ ကြောက်တော့ ဖာသိဖာသာနေတဲ ့အကျင့်ကိုလုပ်ရတာပေ့ါနော်။ အလကားနေရင်း မင်းကလည်းကွာ ငါကလည်းကွာ ပြောမနေဘူးပေ့ါနော်။ မဆိုးတဲ့လူတွေလည်းပါ ပါတယ် နည်းတော့နည်းတာပေ့ါ ။ မမက မိန်းမစိတ်များတဲ့ လူဆိုတော့ အရာရာကို ကိုယ်ကထိန်းရတာပေ့ါနော် ၊ တော်တော်ကို ထိန်းရပါတယ်။ အမှန်တိုင်းပြောရင် အိပ်တဲ့အခါတောင် အများနဲ့ ကိုယ်ကနည်းနည်းခွာပြီးအိပ်ရပါတယ်။ ယှဉ်ပြီး အိပ်လို့ မရဘူး ငါ့ကိုအခြောက်မှန်းသိသွားရင် တစ်ယောက်ကနေနောက်တစ်ယောက် အဲ့လိုနဲ ့ သင်တန်းတစ်ခုလုံး ပွသွားတော့မှာ၊ မမ သိက္ခာကျမယ် လုပ်နေတာက လက်နက်ကိုင်အဖွဲ့အစည်း အခြောက်နဲ ့ကလည်း

မအပ်စပ်ဘူးလေ ။ ပြီးတော့ နာမည်ပျက်ရင် ကိုယ် ့နာမည်ထက် မရဲ့တပ်ခွဲနာမည် ပျက်မယ် ။ မ တပ်ခွဲနာမည်က ကျော်သူတပ်ခွဲ တဲ့၊ မရဲ့ကိုယ်ပိုင်နံပါတ်က ၁၉ တဲ ့၊ မကိုသင်တန်းကလူတွေ က ၁၉ လေး လို ့ဘဲခေါ်တယ် လူကလည်းနွဲ ့နွဲ ့လေးဆိုတော့လေ။ ပြီးတော့ မနဲ ့ နံပါတ်ကပ်ရက် က လူက ၂၀ ပေ့ါနော် ၊ သူကအညာသား ကုပ်ကုပ်တုတ်တုတ် နဲ ့ဆိုတော့ စကားပြောနည်းနည်း လက်ပေါက်ကပ်ပေမဲ့ တော်သေးတယ် ရင့်ရင့်သီးသီးတွေ မပြောဘူး။ ရိုင်းတာက ရန်ကုန်သားတွေက နည်းနည်းရိုင်းတယ် ဒါပေမဲ့ ကိုယ့်ကိုခိုင်းတဲ ့တာဝန်တွေကိုတော့ ကြိုးစားပြီး လုပ်ရတာပေ့ါ ၊ ပြီးတော့မှ ကိုယ်တွေလက်တွေနာပြီး မမှာဆေးတွေသောက်ရပါတယ် ။ မမအတွက်အခက်ခဲဆုံးအချိန်ကတော့ PT ချိန်ပေ့ါနော် ၊ သေနတ်ကိုလည်း မရသေးတယ် ပါးစပ်ကလည်းအော်ရသေးတယ်ဆိုတော့လေ မက သေနတ်တောင်မနိုင်ဘူးလေ။ ပါးစပ်ကလည်း ချွေးထွက်များမှ သွေးထွက်နည်းမယ်၊ ဘယ်သူ ့အတွက်လည်း ပြည်သူ ့အတွက် ၊အဲလိုတွေအော်ရတာပေ့ါနော်။ လူကလည်းပြေးရသေးတယ် သေနတ်ကိုကိုင် ပါးစပ်ကအော် နောက်မှာလည်းကျောပိုးအိတ်နဲ ့ဆိုတော့လေ မမ တော်တော်ကို ဒါဏ်မခံနိုင်ခဲ့ဘူး။ ဆရာတွေကလည်းမရဘူး သင်တန်းချိန်ကို အပြည့်အဝဘဲပေးထားတယ် ။ သင်ခန်းစာတွေ

အပြည့်သင်ပေးဖို့ဘဲစိတ်ထဲမှာရှိကြတယ် မမကိုဆရာတွေကလျော့မပေးဘူး။ ဆရာတွေကတော့ ပြောတယ် မင်းကနွဲ့လှချည်လားပေါ့နော် အဲ့တော့ ဟုတ်တယ် ကျနော်က ပျော့တယ် အဲ့လိုဘဲပြန်ဖြေရတာပေါ့ ကြောက်တယ်လေ ဆရာတွေကို။ ယောက်ကျ်ားတဲ့ ကြောက်စရာမလိုဘူး လုပ်ရမယ်တဲ့၊ ဒီလိုနဲ့လိမ်ဖယ်လိမ်ဖယ်နဲ့ ၃လလောက်ကြာတော့ လုပ်နိုင်လာတယ်။ သူများနည်းတူ စစ်ရေးပြဆိုလည်းလုပ်နိုင်လာတယ် စာဆိုလည်းရလာတယ်။ အဲ့ဒါနဲ့သင်တန်းဆင်းတော့ သင်တန်းက ၆လလောက်ကြာတယ်လေ။ မမတာဝန်ကျတာက မန္တလေးပေါ့နော် ဒါပေမဲ့ မမကဝေးလို့မလုပ်နိုင်ဘူးဆိုပြီး ရဲမှူးကြီးကိုဝင်တွေ့ပြီးပြောတာပေါ့နော်၊ ကျောင်းအုပ်ကြီးနဲ့ကရင်းနှီးနေပြီ ကျောင်းအုပ်ကြီးကတော်နဲ့လည်းခင်နေပြီလေ။ ကျောင်းအုပ်ကြီးကတော်ဆို သူတို့ဆီမလာဖြစ်ရင် ၁၉ လေးလာပါအုံးလို့ခေါ်တက်တယ် ကိုယ်ကလည်း သူတို့အိမ်ရောက်တဲ့အခါ လုပ်ပေးစရာရှိရင် အကုန်လုပ်ပေးတယ်။ သင်တန်းကလည်းဆင်းခါ နီးပြီဆိုတော့ မမနွဲ့တယ်ဆိုတာလည်း လူတိုင်းကသိနေပြီ၊ အကုန်လုံးကလည်း ခင်နေကြပြီဆိုတော့ ကိုယ့်ကိုညှာကြပါတယ်။ အမှိုက်ဆိုလည်း ဂေါ်ပြားနဲ့ကြုံးပေါ့ ကျန်တဲ့လေးတာတွေ အကုန်သူတို့လုပ်ပါတယ်။ ရင်းရင်းနှီးနှီးချစ်ချစ်ခင်ခင် နေကြပါတယ်။ ရဲလောကကို သိက္ခာကျမှာလည်းစိုးရိမ်တယ်။ တော်ကြာ ရဲတွေက

အခြောက်တွေလည်း လက်ခံတာဘဲလားဆိုပြီး ပြဿနာရှိလာနိုင်ပါတယ်။ မမဘဝမှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုတစ်ခုတော့ ရှိပါတယ်။ မမကို အကြမ်းဖက်တဲ့သူကလည်း သူစိမ်းတော့မဟုတ်ပါဘူး။ မမရဲ့အထက်အရာရှိပေါ့နော်။ သူနဲ့မမ အလုပ်နဲ့နယ်တစ်ခုသွားတဲ့အခါမှာ ညဖက်ရောက်တော့ အိပ်ကြတာပေါ့နော်၊ အဲ့ဒီအချိန် မမကလည်း အိပ်ပျော်နေပြီပေါ့။ လန့်နိုးလိုက်တဲ့အချိန်မှာ သူကကိုယ့်ကို နောက်ကနေ လိင်ပိုင်းဆိုင်ရာ စော်ကားနေပြီ။ တစ်ခါမှ မဖြစ်ဖူးတဲ့အတွက် အရမ်းကိုနာကျင်ရပါတယ်။ ပြီးတော့ သူ့ကိုလည်း အကိုတစ်ယောက်လို သဘောထားတဲ့အတွက်ထင်လည်းမထင်ထားဘူး။ အကိုတစ်ယောက်လို သဘောထားတာဆိုတော့ မမ အရမ်းဝမ်းနည်းတယ် အရမ်းနာကျင်မှုကိုခံစားရပါတယ်။ နီးနှောတယ်ဆိုတာ အရင် နူးနပ်ပြီးမှ လုပ်တယ်ဆို သာယာစရာဖြစ်ပေမဲ့ အစိမ်းသက်သက်ဆိုတော့ နာကျင်တဲ့ဒဏ်ကြောင့် မမ တစ်ညလုံး ငိုခဲ့ရပါတယ်။ သူ့စိတ်ထဲမှာတော့ မမကို အခြောက်မလို့မြင်နေလို့နေပါလိမ့်မယ်။ အဲဲဒီ အကျိုးဆက်ကတော့ မမ အခုထိပေါ့နော် လိင်မှုကိစ္စကိုကြောက်နေရပါတယ် ၊ နောက်ထက် ဘယ်သူနဲ့မှ လိင်ကိစ္စဆိုတာ မလုပ်ဘူး အမြဲလန့်နေတာပေါ့နော်။ အဲ့ဒီအချိန်က မမ အသက်က ၁၉ နှစ်ပါ။ ငယ်ပါသေးတယ်။ မမ

အမျိုးသမီးလို တော့အရင်တုန်းကမနေဘူးပေါ့နော်၊ မမက တူလေးတွေ တူမလေးတွေ အတွက်ငွေကိုကြိုးစားရှာတယ် ချိုးခြံချွေတာပြီးတော့ စုဆောင်းပြီးပြန်ပို ့ပါတယ်။ စိတ်ကိုနှစ်ထားတယ် မိသားစုအပေါ်ကိုလည်း အမြဲ ထည့်ထားတယ် ငါ့တူလေးတွေတူမလေးတွေအတွက်ဆိုပြီးတော့ပေါ့နော်၊ မမအမကလည်းမုဆိုးမဆိုတော့ သနားတယ်။ ဒီအမနဲ့ကငယ်ငယ်ထဲက တူတူနေခဲ့တာဆိုတော့လေ။ အားလုံးထဲမှာတော့ မမ အချစ်ဆုံးတူမလေး တစ်ယောက်ရှိတယ်။ အခုတော့ မရှိတော့ပါဘူး အူမကင်ဆာနဲ ့ဆုံးပါးသွားပြီ။ တူမကိုတော့ တအားချစ်တယ်။ သူရှိတုံးကလည်း မမသနပ်ခါးတွေလူးတယ် မိန်းမလိုမျိုး ပြောတယ်ဆိုတယ်ပေါ့နော်၊ မိသားစုကတော့ ဘာမှမဖြစ်ပေမဲ့ ပတ်ဝန်းကျင်ကတော့ မိန်းမလို ့ပြောဆိုနေထိုင်နေလို ့ စကားပြောချင်သလို မပြောချင်သလို ့တော့ ဖြစ်ပါတယ်။ အဲ့တူမလည်းဆုံးသွားတော့မှ မိန်းမလိုဝတ်လိုက်တာပါ။

---



ကျွန်မက ပန်းလေးတစ်ပွင့်လိုပဲ လှပချင်တယ်။ လှပမှုကိုလဲ လိုချင်မြတ်နိုးတယ်။ အဲဒါကြောင့် ဒီပန်းပွင့်ပုံလေးကိုဆွဲတာပါ။
ကျေးဇူးတင်ပါတယ်။ (မမ၊ ၅၀နှစ်၊ ရန်ကုန်)

ဒါပေမဲ့ မမ ဂရုမစိုက်ပါဘူး။ ဘာဖြစ်လို ့လည်းဆိုတော့ မမကမိသားစုကို နည်းမျိုးစုံနဲ့ ရှာကျွေးနေရတော့ ဒါတွေကိုဂရုစိုက်နေရင် မမယောကျာ်းကြီးလို ရှာကျွေးရမယ်လေ။

မမအဲလိုမလုပ်နိုင်ဘူး။ အခုအလုပ်ဆိုလည်း ရုံးပိုင်းဆိုင်ရာဆိုတော့ အေးအေးဆေးဆေးလုပ်ရတာပါ၊ မမ ပြည်ထဲရေးကနေပြီးတော့ ၂၀၀၀ ခုနှစ်ထဲကထွက်လိုက်တာပါ။ မမဘဝမှာ ချစ်သူဆိုလို ့တစ်ခါမှ မထားဖြစ်ခဲ့ပါဘူး၊ မကအိမ်ကမိသားစုကို လုပ်ကျွေးနေရတာဆိုတော့လေ ထားချိန်လည်းမရခဲ့ဘူး။ ပြီးတော့လုပ်နေတာက လက်နက်ကိုင် အဖွဲ ့အစည်းဆိုတော့လေ ထားခွင့်လည်းမရဘူး ။ အဲ့ကထွက်တော့လည်းမမက အရောင်းအဝယ်လုပ်တာလေ။ တစ်နယ်ကနေတစ်နယ်ကို သွားရောင်းရတာဆိုတော့ ခရီးသွားနေရတယ် ကုန်ကရှုံးလိုက်မြတ်လိုက် ဆိုတော့ အဲ့အပေါ်ဘဲစိတ်က ရောက်နေတာပေ့ါနော်။ ရင်ထဲမှာကတော့ချစ်ခဲ့ဘူးလားဆိုတော့ ယောကျာ်းလေးတွေက ချစ်ဖို့ကောင်းပါတယ်၊ ဒါပေမဲ့ အတွင်းစိတ်ကိုတော့ မသိပါဘူး။ အခုလည်းမရှိပါဘူး။ မမကအခု လုပ်နေတာက Lotus မှာပေ့ါ၊ PE တစ်ယောက်ဆိုတော့ ကွင်းဆင်းတာဝန်ယူပါတယ်။ MSM ဆိုတဲ့ လိင်တူချစ်သူတွေကွန်ယက်အောက်မှာ အလုပ်လုပ်တာပါ။ မမတို့က ဘာလုပ်ရလည်းဆိုတော့ ရပ်ကွက်ထဲမှာ နေထိုင်တဲ့ လူငယ်ထုကို ကျန်းမာရေးဗဟုသုတတွေပြောပေးတယ်။ ပြီးတော့ မမတို့ကအဲ့လူငယ်တွေ ဆေးစစ်ချင်တယ်ဆိုရင် ချိတ်ဆက်ပေးပါတယ်။ အတင်းဆေးစစ်ဖို ့တော့မပြောရပါဘူး။ သူတို ့စိတ်က လိုလိုလားလား ဆေးစစ်ချင်တယ်ပြောမှ ဆေးစစ်ဖို ့စီစဉ်ပေးတာပါ။ ဘာတွေကိုအဓိက စစ်ပေးလည်းဆိုတော့ HIV/AIDS၊ ကာလသားရောဂါ နှစ်ခုပေ့ါနော်။ မမတို ့ညွှန်းပို ့ပေးသူပါ။ တကယ်လို ့စစ်ဆေးကြည့်လို ့ positive ဖြစ်တယ်၊ ရှိနေပြီဆိုရင်တော့ မမတို့ကတစ်ခါ ဝန်ဆောင်မှုပေးရပါတယ်။ စိတ်ဓါတ်မကျဖို ့နဲ့ ဆေးမှန်မှန်သောက်ဖို ့ကို အားပေးစကားပြန်ပြောပေးပါတယ်။ မမက လူငယ် လိင်တူချစ်သူတွေကို ပြောချင်တာကတော့ ချစ်ကြပါ။ မချစ်နဲ့ မပြောဘူး ဒါပေမဲ့ ကျန်းမာရေး ရှုထောင့်ကလည်းကြည့်ကြပါ။ ရောဂါပိုးရှိသူနဲ့လိင်ဆက်ဆံတဲ့အခါ ကူးမှာပါ။ အဲ့တော့ ရှောင်နိုင်ရင်ရှောင် မရှောင်နိုင်ရင်တော့ ဆောင်ပါ။ ကွန်ဒုံး ဆောင်ကြပါ။ မိမိကိုယ်ကိုတန်ဖိုးထားတယ်ဆိုရင် ဆေးစစ်ကြပါ။ ကိုယ်ဖြစ်နေတာကို ကျွမ်းကျင်တဲ့ ဆရာဝန်၊မမတို ့လို လုပ်နေတဲ့အဖွဲ ့အစည်းတွေနဲ ့တိုင်ပင်ပါ။ မမတို ့လက်ကမ်း ကြိုနေပါတယ်။ ကလေးတွေကို ရောဂါ ကင်းစင်စေချင်တယ်။ ချစ်ကြပါ တိုးတိုးပြီး ချစ်ကြပါ ချစ်ပြီးရင်းချစ်ကြပါ။ လိင်မှုကိစ္စတွေ လုပ်မယ်ဆိုရင် ကွန်ဒုံးလေးတော့ ဆောင်စေချင်ပါတယ်။ အားလုံးကို ကျန်းမာစေချင်ပါတယ်။

---

## ၄။ ဝါဆို၊ ဒလမြို့၊ ၃၉ နှစ်

Q.နာမည်နဲ့ အသက်ပြောပေးပါ။

A.နာမည်က ဝါဆိုပါ။ အသက်ကတော့ ၃၉ နှစ်ပါ။


Q.အမက ကိုယ့်ကိုကိုယ် ဘယ်လိုခံယူထားလဲ။

A.အမက အမျိုးသမီးတစ်ယောက်လို့ ခံယူထားပါတယ်။

Q.အမရဲ့ ငယ်ဘဝဖြတ်သန်းခဲ့ပုံလေးကိုပြောပြပေးပါအုံး။

A.အမက ငယ်ငယ်တုံးက တောရွာလေးတစ်ရွာမှာနေတာပါ။ မိသားစုကတော့ ခြောက်ယောက်ရှိပါတယ်။ ယောကျာ်းလေးသုံးယောက် မိန်းကလေးသုံးယောက်ပေါ့နော်။ မိသားစုကလည်းများတော့ အတန်းပညာကို သေချာမသင်ခဲ့ရဖူးဘူး။ အမ တစ်တန်းလောက်ရောက်တော့ အမတို့ရွာမှာ စာလာသင်တဲ့ ဆရာမ ကအရမ်းလည်းချမ်းသာတယ် ဆေးဆိုင်ကြီးလည်းဖွင့်ထားတော့ အမကိုလာနေဖို့ခေါ်တယ်။ အိမ်မှာဘဲနေ အိမ်မှာဘဲစား စာသင်ပေးမယ်ပေါ့နော်။ အမကပထမ မလိုက်ချင်ပါဘူး။ ဒါပေမဲ့ ငါ့မိသားစုအတွက်ဆိုပြီး ကြိုးစားပြီးတော့ လိုက်နေခဲ့ပါတယ်။ ဆရာမနေတာက မြို့မှာပါ။ သိပ်တော့ မဝေးပါဘူး ၁၅ မိနစ်လောက်တော့ လျှော့စီးရပါတယ်။ အဲ့လိုနဲ့ နေလာတာ အမအသက် ၁၀နှစ်လောက်ရောက်တော့ ပုသိပ်က အသိတစ်ယောက်က ဆရာမကိုဆက်သွယ်ပြီး အမကိုမွေးစားချင်တယ်ဆိုပြီး ပုသိမ်ကိုခေါ်သွားတာပါ။ အမကိုခေါ်သွားတဲ့ ကြီးကြီးက တရုတ်ဗမာကပြားပေါ့ သူ့ယောကျာ်းကကျတော့ ပြည်မကလာတဲ့ တရုတ်စစ်စစ် ဗမာစကားလုံးဝ မတက်ဘူး။ အရမ်းလည်းချမ်းသာကြတယ်။ အမအသက် ၁၃နှစ်လောက်ရောက်တော့ အမကအပျိုစဖြစ်ပြီး ဓမ္မတာလာရော အမကလည်း တစ်ခါမှ မဖြစ်ဖူးတော့ ကြောက်တာပေါ့နော် ကလေးဆိုတော့ မလုပ်တက်မကိုင်တက်တော့ အဲ့အိမ်ရှင် အဖိုးကြီးက မြင်သွားတာပေါ့။ အဲ့မှာအမကို သူက ဖျတ်စီးဖို့ကြိုးစားတယ်။ သူတို့ဆီမှာ အိမ်ကနောက်တစ်အိမ်ရှိသေးတယ်။ အမကအဝတ်လျှော်ရင် နောက်အိမ်မှာ သွားလျှော်ရတယ်။ အဲ့ဒီအိမ်မှာက မှန့်ဟင်းခါးတွေ အသုတ်တွေရောင်းတဲ့ အမတွေကိုငှါးထားတယ်။ အဲ့လိုသွားရင်နဲ့ ခင်နေတဲ့ အမတွေကိုပြောပြတာပေါ့နော်။ သမီးကိုအဲ့ဒီလိုတွေလုပ်တယ် ကြံရွယ်တယ်ပေါ့ သမီးအရမ်းကြောက်တယ်။ အခုတော့ ဘာမှမလုပ်ဖူး ဒါပေမဲ့ တစ်နေ့နေ့လုပ်လာရင် ဘယ်လိုလုပ်မလဲပေါ့။ သမီးက အိမ်လည်းမပြန်တက်ဘူး။ သူတို့ခေါ်လာလို့သာဒီရောက်လာတာ ဘယ်လိုမှလည်းမပြန်တက်ဖူးလို့ပြောတော့ အဲ့ဆိုင်က ကြီးမေက ဘာမှမကြောက်နဲ့ အဲ့ဒီလိုဖြစ်လာပြီ သူကလည်း လုပ်ပြီဆိုရင် ကြီးမေဆီသာပြေးလာခဲ့ပေါ့ အဲ့လိုပြောတယ်။ ကြီးမေကသူနေတဲ့ အိမ်လိပ်စာလည်းပေးတယ်။ သူက အပျိုကြီးတစ်ယောက်ထဲ နေတာပါ။

နောက်တစ်ကြိမ် အဲ့ဒီလိုလုပ်ဖို့ ကြံပါတယ် မဖြစ်မြောက်ခဲ့ပါဘူး။ဒါပေမဲ့ အမ မနက်ကျတော့ ဆိုင်ခင်းရတယ် ဆိုင်ခင်းပြီးတော့ အမအထဲကိုပြန်ဝင်သွားတဲ့ ပုံစံမျိုးလုပ်ပြီး အမထွက်ပြေးခဲ့တာပါ။ အမခြေထောက်မှာတောင် ခြေသည်းလန်သွားတာ သေရာပါ ဖြစ်သွားတယ်။



ပထမတော့ အရုပ်ပုံရေးဆွဲမလိုပါ။
ဒါပေမဲ့လောလောဆယ်ခံစားချက်က
အရမ်းရှုပ်ထွေးနေလို့ စိတ်ထဲရှိတဲ့အတိုင်း
ဆွဲလိုက်တော့  ခုလိုပုံထွက်လာပါတယ်။ ကိုယ့်ကိုကိုယ်
ရဲရင့်တယ်လို့ ယူဆတဲ့အတွက် အနီရောင်ကိုရွေးပြီး
ဆွဲတာပါ။ ဒီလိုဘဝတွေက ရဲရဲရင့်ရင့်နဲ့ရင်ဆိုင်မှသာ
အောင်မြင်မှာပါ။ (ဝါဆို၊ ၃၉နှစ်၊ ဒလ)

အဲလိုတစ်ခါဖြစ်ဖူးတယ်။ ပြီးတော့ ခုနပြောတဲ့ကြီးကြီး အိမ်ကိုပြေးသွားတာပေါ့နော်။ အဲ့မှာနေရင်းကနေ တစ်ရက်ကြီးကြီးတို့အိမ်ဝရံတာမှာ ထွက်နေတုံး ခုနပြောတဲ့ အဖိုးကြီးကတွေ့သွားရော။ အိမ်က မိဘတွေကလဲ အမျိုးတွေရှိတဲ့မြို့တွေ လိုက်ရှာနေတာပေါ့။ ဒီမှာရှိတယ်ဆိုတာ သိလဲသိသွားရော သူတို့က မိဘတွေကိုပါ ခေါ်လာပြီးလာပြန်ခေါ်တော့ မိဘတွေနဲ့ အတူပြန်လိုက်သွားတာပေါ့။ အဲ့ဒီကနေတစ်ဆင့် ရွာကိုပြန်ရောက် သွားတယ်။ အမရွာကိုပြန်ရောက်တဲ့ညမှာပဲ အမအကိုအရင်းကဆုံးသွားတယ်။ ပြီးတော့ အမက အဖိုးကိုသိပ်ချစ်တာ အိမ်က အဖေအမေကို ဒီလောက်ချစ်တာမဟုတ်ဘူးလေ။ အဖိုးကလဲမြေးတွေ ကိုအရမ်းချစ်တော့ ဆုံးသွားတဲ့ အမအကိုကို အရမ်းချစ်တယ်။ သူ့မြေးသေသွားတော့ စိတ်ပြေလက်ပျောက် ရန်ကုန်ကို အမကိုခေါ်ပြီးထွက်လာပါတယ်။ ဒီရန်ကုန်မှာ ကူညီပေးနေတဲ့ ကြီးကြီးမေဆိုတာရှိတယ်လေ သူတို့က အမြဲကူညီပေးကြတယ်။ ကြီးကြီးမေတို့အိမ်မှာပဲ အခန်းတစ်ခုပေးပြီး နေရင်းနဲ့ကြီးလာတာပေါ့နော်။ အဲ့မှာနေရင်းက သုံးနှစ်လောက်နေပြီးမှ ဒီမြို့ထဲကိုရောက်တာပါ။ အမအလုပ်လုပ်ရင်းနဲ့ အိမ်ထောင်ကျခဲ့တယ်။ အမအသက်၂၂နှစ်မှာ အိမ်ထောင်ကျပြီးတော့ ကလေးနှစ်ယောက်ရခဲ့တယ်။ သားတစ်ယောက် သမီးတစ်ယောက်ပါ။ သားကတော့ ဒီနှစ် ၈တန်းတက်ရမယ်။ အခုတစ်ယောက်နဲ့တွေ့တဲ့

အချိန်မှာ အမကလဲ အိမ်ထောင်နဲ့ကွဲနေတယ် ပြီးတော့ စိတ်တွေကလဲလေနေတယ်လေ။ အိမ်ထောင်ရေးကအဆင်မပြေဘူးလေ။ အမတို့အလုပ်မှာ ယောက်ျားလျာလေးတစ်ယောက်ရှိတယ်လေ။ သူ့ကအဲ့ဘက်ကမ်းမှာနေတော့ (ဒလ) အမက အဲ့ဘက်မှာအိမ်သွားရှာတာ။ အမကအိမ်လိုချင်တယ် လိုက်ပြီးကူရှာပေးပါလို့ အဲ့ဒီယောကျာ်းလျာလေးကို အကူအညီတောင်းတော့ သူ့နဲ့အဲ့ဖက်သွားတာပေါ့နော်။ အဲ့လိုနဲ့ အိမ်လိုက်ကြည့်ပြီး ပြန်လာကြတာပေါ့ ပြီးတော့ အမတို့ လက်ဖက်ရည်ဆိုင်ထိုင်ကျတော့ အမကလည်း သူ့ကိုပြောပြတာပေါ့ ဘယ်လောက်စိတ် ဆင်းရဲနေရတဲ့ အကြောင်းပြောနေတုန်း သူ့ဆီဖုန်းဝင်လာပါတယ်။ သူ့ပုံနဲ့ ဖုန်းမှာပေါ်လာတာဆိုတော့ အမကလဲ ဆတ်ဆော့ပြီး မေးလိုက်တာပေါ့နော် အဲ့တာဘယ်သူလဲ ဘယ်ကလဲဆိုတော့ သူက ကျနော့်သူငယ်ချင်း မိတ်ဆက်ပေးမယ်လို့ပြောတာနဲ့ နင်ကလဲ မလုပ်ပါနဲ့သူမှာ ရည်းစားရှိလားမသိနဲ့ မိတ်မဆက်ပေးနဲ့ဆိုတော့ သူ့မှာရည်းစားမရှိဖူးဆိုပြီး ပိပိရိရိ လိမ်လိုက်တယ်ပေါ့နော်။ အမကလဲ သူကယောကျာ်းမဟုတ်တဲ့အတွက် အပျော်တွဲတာပဲဆိုပြီး စိတ်ပြေလက်ပျောက်ပေါ့ဆိုပြီး တွေးလိုက်တာပေါ့။ ပြီးတော့ သူရောက်လာတော့ မိတ်ဆက်ပေးတော့

ရှေ့ကယောကျာ်းလျာလေးကလိမ်ထားတော့ သူမှာရည်းစားမရှိဘူးပဲပြောတာပေါ့။ အဲ့လိုနဲ့ အမကအိမ်ကို နှစ်ရက်လောက်အဲ့ဘက်ကမ်းမှာ သွားရှာတော့ သူကလဲလိုက်ကူညီပေးရင်း အဲ့မှာပိုပြီး အရမ်းခင်သွားတာပေါ့နော်။ ပြီးတော့အမတို့ ကျိုက်ထီးရိုးဘုရားသွားဖူးမယ် အမကိုလဲ ကူညီပေးတဲ့ ယောကျာ်းလျာလေးနဲ့ သူတို့လဲ လိုက်မယ်ပြောတော့ လက်မှတ်လေးစောင် ဖြတ်ထားတာပေါ့။ အမက အဲ့အချိန်မှာ စဉ်းစားတာက သူက ငါ့ကိုဘာမှလဲ မပြောတော့ ငါတို့သူငယ်ချင်းလိုပဲ သွားမယ်ပေါ့လို့ တွေးထားတာပေါ့။ သူကအမကို နောက်နေ့မနက် အစောကြီးမှာ အဖြေလှမ်းတောင်းတယ်။ အမကလဲ စိတ်လေနေတဲ့အချိန် ပြီးတော့ ယောကျာ်းလေးမဟုတ်တဲ့အတွက် ကိုယ့်အတွက်ဘာမှ လျော့သွားတာ မဟုတ်ဖူးဆိုပြီး သူ့ကိုအဖြေပေးလိုက်တယ်။ နောက် အမတို့ ကျိုက်ထီးရိုးသွားဖြစ်တာပေါ့နော်။ ကျန်တဲ့လူတွေ မလိုက်နိုင်တာကို အမတို့နှစ်ယောက် ကားပေါ်ရောက်တော့မှသိရတယ်။ လက်မှတ်နှစ်စောင်တော့ ဆုံးသွားတယ်။ ဒါပေမဲ့ အမတို့ နှစ်ယောက်တည်း သွားဖြစ်တယ် ဟန်းနီးမွန်းထွက်သလိုဖြစ်သွားတာပေါ့။ အရမ်းလဲပျော်ခဲ့ရပါတယ်။ သူကလဲသူ့မှာ အခြားတစ်ယောက်ရှိတယ်ဆိုတာကို ပြောမထွက်ဘူးပေါ့။ ဟိုယောကျာ်းလေးကလဲ

သူ့ကိုပြောထားတာပေါ့နော် အမဘက်က အဆင်ပြေတော့ ဘာမှပြောမနေနဲ့တော့ ဆိုပြီးတော့ အဲ့လိုပြောထားတာဆိုတော့ သူကလဲ အမကိုပြောမထွက်ဘူး။ နောက်ပိုင်းကြတော့ တဖြည်းဖြည်းနဲ့ သံယောဇဉ်ရှိလာတော့ အမကလဲ သူ့ကိုမခွဲနိုင်တော့ဘူးဖြစ်လာတယ်။ အမပထမအိမ်ထောင်ရေးကလဲ ပြိုကွဲနေပြီး အမယောကျ်ားကလဲ ဘာမှမပြောဘူး။ ယောကျ်ားတစ်ယောက်နဲ့ မပက်သက်ဘူးဆိုတော့ သူကလဲ ကျေနပ်တယ်။ နောက်ပိုင်းတော့ အမတို့တရားဝင် ကွာရှင်းလိုက်ကြတာပေါ့နော်။ ပြီးတော့ အမက သူတို့ဘက်ခြမ်းမှာ သွားငှားနေတယ်။ အမတို့တွေ့တာ၃ လပိုင်းလောက်က ၄ လပိုင်းသကြန်ပြီးတော့ အမတို့ အိမ်ငှါးနေဖြစ်တယ်။ ပစ္စည်းတွေ ပြောင်းရွှေ့လုပ်နေတဲ့ အချိန်မှာပဲ အမတို့နှစ်ယောက်ကို အောင်သွယ်လုပ်ပေးတဲ့ သူပေါ့နော် သူက အမသူ့မှာရည်းစားရှိတယ် ကျနော်မပြောချင်လို့ ဘာဖြစ်တယ် ညာဖြစ်တယ် ပြောလာတယ်။ အမကလဲ အယ် ဟုတ်လို့လား အမရင်ထဲမှာ အရမ်းမွန်းကျပ်သွားတယ်။ သူ့ကိုလဲ အမမေးတာပေါ့နော် ဟုတ်တယ်ဆိုတော့ အမကလဲ ငိုချည်းနေတာပေါ့။ ဒါပေမဲ့ သံယောဇဉ်က တစ်လကျော်သွားပြီဆိုတော့ ဖြတ်ရခက်သွားတာပေါ့။ အမဘာလုပ်ရမှန်းမသိဖြစ်နေတာပေါ့။ သူကလဲ ပြောပါတယ် အရင်တစ်ယောက်ကို အဆက်အသွယ်ဖြတ်ဖို့ တစ်လလောက် အချိန်ပေးပါပေါ့။ အမနဲ့လဲ သူမခွဲ နိုင်တော့ဘူးဖြစ်နေတယ်ပေါ့။ သူအဲ့လိုပြောတဲ့ စကားတစ်ခွန်းနဲ့ အမသာယာခဲ့တာပေါ့။ သူတကယ်ပဲ ငါ့အပေါ်ချစ်တာ ဖြစ်ပါလိမ့်မယ်လေ ဆိုပြီးတော့ပေါ့နော်။ သူအမကိုချစ်ပါတယ်။ သူလဲ အရင်တစ်ယောက်ကို ဖြတ်ပါတယ်။ ဒါပေမဲ့ ဟိုတစ်ယောက်ကို ဖြတ်လို့မရဘူး။ အမလဲ ကိုယ်ချင်းစာပါတယ်။ အဲ့ကောင်မလေး ကိုလဲ အမမြင်ဖူးပါတယ်။ တစ်ခုက အဲ့ကောင်မလေးက အမနဲ့ သူ ဒီလိုညားနေတာကို မသိဘူး လုံးဝကိုမသိတာပါ။ တစ်အိမ်ထဲမှာ တူတူနေကြပေမဲ့ အဲ့ကောင်မလေး ခရီးကပြန်လာလို့ရှိရင် အမက ရှောင်ပေးရတာပေါ့နော်။ အမျိုးတွေလို့ပဲပြောထားတာဆိုတော့လေ။ အမကဘေးအခန်းမှာအိပ်တယ်။ သူတို့နှစ်ယောက်က အလယ်ခန်းမှာ အိပ်တာပေါ့။ အဲ့ဒီခံစားမှုကို အမဘယ်လိုမှ မခံနိုင်ဘူးပေါ့နော်။ ပြောရင်တော့ ဝမ်းနည်းစရာတွေပါဘဲ ။

ကိုယ့်ဘက်က မှားခဲ့တာပဲ ဖွတ်ဝင်တိုးတာလို့ ထင်ချင်လဲ ထင်မှာပေါ့ စိတ်ထဲမှာတော့ ဝမ်းနည်းတာပေါ့။ ဒါကြောင့် ခုနကပြောပါ စိတ်ထဲမှာရှိတဲ့အတိုင်း ပြောလို့ရတယ်ဆိုတော့လေ။ အဓိက ကောင်မလေးကိုမသိစေချင်တာပါ။ သိသွားရင် အထင်သေးကြတော့မှာလေ။ ကိုယ့်ချစ်သူကို သူများအထင်သေးမှာ မခံနိုင်ဘူး။ သူပြန်ရောက်လာတိုင်း အမခံရတဲ့ ခံစားချက်က ပြောပြလို့ မရအောင်ဖြစ်နေတာ။ ခံတော့ခံရမှာဘဲလေ။ ဝဋ္ဋကြွေးရှိရင်တော့ဆပ်ရမှာပါပဲ။ သူလာမယ်လို့ကြားတိုင်းလဲ စိတ်က မထိန်းနိုင်ဘူး။ အော်ပြီးတော့သာ ငိုလိုက်ချင်တော့တယ်။ ပြောရရင်

အရမ်းဝမ်းနည်းတယ် ရင်ထဲမှာလဲ မကောင်းဘူးပေ့ါနော်။ အော် ငါတို့တွေခွဲရအုံးမှာပါလားဆိုတဲ့ စိတ်တစ်ခုနဲ့ ဒါပေမဲ့ အမနောက်ဆုတ်ဖို့ အခုစဉ်းစားထားပါတယ်။ သူ့အပေါ်ကိုလဲ အဲ့ဒီကောင်မလေးက အရမ်းချစ်တယ်လေ။ အဲ့ကောင်မလေးနဲ့ အမကတော့ သူငယ်ချင်းလို ညီအမလိုတော့ ခင်ပါတယ်။ ဒီကိစ္စကိုပြောမထွက်ဖူး။ သိသွားရင် သူလဲ အရှက်ကွဲမယ်။ သူ့အိမ်က လူတွေကိုလဲ ပြောလိမ့်မယ် သိသိရက်နဲ့ လိမ်ထားပေးတယ်ဆိုပြီးတော့လေ။ အမဘက်မှာက အားနည်းချက်တွေအများကြီးပဲ စုတ်လဲဆုး စားလဲရှုးပေ့ါ။ ကိုယ်ဘာလုပ်သင့်တယ် ဆိုတာမျိုးကိုလဲ သူငယ်ချင်းတွေကို မတိုင်ပင်ရဲပါဘူး။ သူငယ်ချင်းတွေကိုတိုင်ပင်ရင်လဲ အမကိုပဲ အပြစ်ပုံချခံရမှာပါ။ အဲ့တော့အမညီအကို မောင်နှမတွေကိုလဲ သူနဲ့ စဖြစ်ထဲက အဆက်အသွယ် ဖြတ်ထားတာပေ့ါနော်။ သူနဲ့ပက်သက်ထဲကလဲ မိသားစုတစ်ခုပြုကွဲခဲ့ပြီး အမကိုမောင်နှမတွေက ဝိုင်းပြီး အပြစ်တင်ကျတယ်လေ။ ဖုန်းတော့ ဆက်ပေမဲ့ အမက black list လုပ်ပြစ်လိုက်တာ။ အဲ့လောက်အမ ပေးဆပ်ပြီး ချစ်ခဲ့တာ ဒါပေမဲ့အခုချိန်မှာတော့ ကိုယ်ပဲ နောက်ဆုတ်ပေးရမဲ့အခြေအနေ ဖြစ်လာပါပြီ။ အဲ့ကောင်မလေးလာတိုင်းလဲ လက်ရှိရည်းစား ယောကျ်ားလျာကို အမပြဿနာရှာမိတယ်။ သူကတော့လာတဲ့ အချိန်လဲ ဦးစားပေးပါတယ်။ ဒါပေမဲ့ သူဦးစားပေးတဲ့ ပုံစံက အမတစ်ယောက်လိုပေ့ါနော်။ အဲ့ဒီအချိန်တွေဆို အမထမင်းတောင် စားချင်စိတ်မရှိဘူး။ ဖြစ်နေတာပေ့ါနော်။ အလိုလိုနေရင်းကိုပိန်သွားတာပါ။

Q.အဲ့ကောင်မလေးက အဝေးကဆိုတော့ ဘယ်လိုအဝေးမှာနေတာလဲအမ။

A. အဝေးမှာဆိုတာက အလုပ်သွားလုပ်တာပါ။ KTVလိုနေရာမျိုးမှာ လုပ်တာပေ့ါ။ ဒါပေမဲ့ အဲ့လိုလုပ်နေတယ်ဆိုတာကို အမတို့နှစ်ယောက်လုံးရဲ့ ချစ်သူဖြစ်တဲ့သူက မသိပါဘူး။ အဲ့ကောင်မလေးကတော့ အမကို ညီအမလိုပေါင်းတာဆိုတော့ တိုင်ပင်တာတွေပြောပြတာတွေရှိတယ်။ သူ့ဘဝလေးကိုသနားတယ် ကိုယ့်ဘဝကိုယ်ပြန်ကြည့်တော့လဲ ဘယ်သူ့ကိုမှပြောပြလို့မရတဲ့ အဖြစ်လေ။ မိန်းကလေးချင်းဆိုပေမဲ့ ကိုယ့်ဘက်ကတစ်ယောက်တည်းခံစားနေရတာ ဘယ်သူကမှမသိတာလေ။ ဘယ်သူ့ကိုမှပြောပြလို့မရဘူးလေ။ သူ့သူငယ်ချင်းတွေပြောပြရင်လဲ သူ့သူငယ်ချင်းတွေက သူ့ကို မင်းသူ့ကိုအဲလိုမလုပ်သင့်ဘူးနော် ။ သူကမင်းအပေါ်အရမ်းချစ်တာ အဲ့လိုပဲ ပြောကြတယ်။ အဲ့အခါကျတော့ သူက အမကို ဘာလို့ ကိုယ့်အကြောင်းတွေကို ဘာလို့အဲ့လိုလျှောက်ပြောတာလဲ။ အဲ့တော့ အမကဘယ်လိုလုပ်ရတော့ မှာလဲ ။ အမမျက်နှာမကောင်းလို ငိုတဲ့အခါ သူ့ကအမကို အပစ်တင်တယ်။ အခုလဲ ဒီအကြောင်းတွေသူသိသွားရင် သူအရှက်ကွဲမလားလို့ အမကတော့ ခုနကထင်နေတာလေ။ အကိုတို့က

ပြန်လဲပြောမပြပါဘူးဆိုလို့ ပြောပြတာပါ။ အခုကျတော့ သူ့မှာ အလုပ်မရှိဘူးလေ အမရှာကျွေးတယ်။ တစ်ခါတစ်လေ ဟိုကောင်မလေးက ငွေပို့ပေးတယ်။ ဒါပေမဲ့ သူ့ကိုရှာကျွေးနေရတဲ့ အချိန်ကို အမပျော်တယ်။ ဟိုကောင်မလေးက ပိုက်စံပို့ပေးတဲ့ အချိန်ဆို အမ မကြိုက်ဖူး သုံးလဲမသုံးချင်ဘူး။ ဒါပေမဲ့ မောင်လေးရယ် ကိုယ့်ချစ်တဲ့လူက တခြားမိန်းမတစ်ယောက်နဲ့ တူတူနေတယ်ဆိုတော့လေ တစ်ခါတစ်လေ ဖက်တာလဲတွေ့မယ် နမ်းတာလဲ တွေ့မယ်လေ အတူတူအိပ်နေတာလဲ တွေ့တယ် ဘယ်သူကဘယ်လိုနှလုံးသားမျိုးနဲ့ ခံစားနိုင်မလဲလေ ။ တကယ်လို အဲ့လိုအချိန်တွေမှာ ဗီဒီယိုတွေသာရိုက်ထားမိရင် ပြချင်ပါတယ် အမရဲ့ ခံစားချက်တွေကိုလေ။ ဇာတ်လမ်းတစ်ခုရေးရင်တောင်ဆုံးမှာ မဟုတ်ပါဘူး။ ကိုယ်စိတ်နဲ့ ကိုယ်လုပ်ခဲ့ပေမဲ့ တကယ်ချစ်လာတဲ့ အခါ ဘယ်လိုမှ မခံစားနိုင်ဘူးလေ။ လွန်ဆန်လို့မှ မရတာလေ။ သူယောကျာ်းလေး မဟုတ်ဖူး ဆိုတာလဲ ကိုယ်သိနေတယ်။ ကိုယ်မှ ကလေးနှစ်ယောက်နဲ့ အိမ်ထောင်ကွဲ ဆိုတာလဲ သူသိနေတယ်။ ဒါပေမဲ့ ယောကျာ်းတစ်ယောက်ကို ဘာလို့စိတ်မဝင်စားတော့တာလဲဆိုတော့ အရင်တည်းက စိတ်အဝင်စားကြီး မဟုတ်ခဲ့ဘူးလေ။ အိမ်ထောင်ကျတယ် ဆိုတာကလဲ အလုပ်ရှင်တွေက ပေးစားလို့ ယူခဲ့တာ ချစ်ခဲ့လားဆိုတော့ လဲမချစ်ခဲ့ဘူး။ ကလေးတွေရလာတယ်ဆိုတာလဲ အမအရင်ယောကျာ်းဘက်က အမျိုးတွေက ငါ့တို့ အမျိုးမှာ ကလေးမရတာ မရှိဖူးဆိုပြီးတော့ အမ တရုတ်ဘုံကျောင်းမှာ သွားတောင်းပြီးမှရလာတာ။ ပထမသားလေးတစ်ယောက်မွေးတယ် နောက်သမီးလေးတစ်ယောက်ထက်မွေးတယ်။

Q. ဒါဆိုအမက ပထမအိမ်ထောင်ကို ချစ်လို့ယူခဲ့တာ မဟုတ်ဖူးပေါ့ ။

A. မချစ်ဖူး။ ဒါပေမဲ့ အတက်နိုင်ဆုံးအမအကောင်းဆုံးနေခဲ့ပါတယ်။ ဒါပေမဲ့ကိုယ့်အပေါ်ကို လျှိုဟ့က်တာတွေ များလာတယ်။ ဘဏ်ထဲမှာ ပိုက်ဆံစုနေတယ် အမကို အသိမပေးဘူး။ စိတ်ထဲမှာ ခံစားရတာတွေ များလာတော့ မကောင်းတော့ဘူးလေ။ တစ်ယောက်ပြီးတစ်ယောက် အမအပေါ်ကို အဲ့လိုတွေ ဆက်ဆံခံရတဲ့အခါ အမ ရင်ထဲမှာ မခံနိုင်တော့ပါဘူး။ ဒါပေမဲ့ ပထမယောကျာ်းလဲ အမပေါ်ကောင်းပါတယ် တစ်ယောက်တစ်မျိုး ပေါ့နော်။ အခုတစ်ယောက်ဆိုလဲ မလွန်ဆန်နိုင်တဲ့ ကျေးဇူးတရားကပိနေတော့ ဘယ်လိုမှ လုပ်လို့မရဖူး ဖြစ်နေတာပေါ့နော်။ အမကလဲ သူကျေးဇူးတရားမှာ ပိနေတာမျိုးတွေ မလိုချင်ဘူး။ အရမ်းတော့ ဝမ်းနည်းတယ်။ အမထမင်းမစားရင် အတင်းခေါ်ကျွေးပေါ့နော်။ အမက အဲ့လိုအချိန်ဆို အပြင်ထွက်သွားလိုက်တယ်။ အမစိတ်ထဲမှာတော့ သူတို့ အိမ်မှာ ဘာတွေများလုပ်နေကြမလဲ အဲ့ကောင်မလေးပြန်သွားရင်ကော အမကိုဆက်ချစ်နိုင်ပါတော့မလားဆိုပြီးတော့ စိုးရိမ်မိတဲ့ စိတ်တွေတော့

ဖြစ်နေတာပေ့ါနော်။ ပြန်ချစ်နိုင်ပ့ါအုံးမလားဆိုပြီးတော့လဲ တွေးမိတယ်။ အများကြီးပေ့ါနော်။

Q. အမဘဝအကြောင်းတော်တော်များများသိရပြီဆိုတော့ အမငယ်ငယ်တုန်းက အဖိုးကြီးတစ်ယာက်က အနိုင်ကျင့်ဖို့ ကြံဖူးတဲ့ဘက်ကိုခဏပြန်သွားရအောင်နော်။ သူက အမကိုဘယ်လိုကြံရွယ်မှုတွေလုပ်ခဲ့လဲ။ အမကရော ဘယ်လိုကာကွယ်မှုတွေနဲ့ ပြန်ရင်ဆိုင်ခဲ့လဲ။

A. သူတို့ အမကိုအောက်ဆုံးထပ်မှာ အိပ်ခိုင်းတာပေ့ါ။ သူတို့အိမ်က ၃ထပ်တိုက်ပေ့ါနော်။ သူ့ သမီးနှစ်ယောက်က အလယ်ထပ်မှာ အိပ်တယ် သူတို့လင်မယားက အပေါ်ဆုံးထပ်မှာ အိပ်တယ်။ အမက တစ်ယောက်တည်းအိပ်ရတာပါ။ သူတို့က ပလက်စတစ် မိုးကာသားတွေကို ကိုက်ထိုးနဲ့ရောင်းတာလေ။ ဖိနပ်တွေရောင်းတယ်။ အစုံရောင်းတာပေ့ါနော်။ အဲ့တော့ အမက အိပ်ရင် ခြင်ထောင် ထောင်ပြီးရင် ဘေးဘက်ကို မိုးကာအုပ်တွေနဲ့ ဖိထားတယ်။ တကယ်လို ခြင်ထောင်ကိုလှန်ပြီး အဲ့အဖိုးကြီး ခြင်ထောင်ကိုလှန်ပြီး ဝင်လာရင် အမပေါ်ကိုကျလာမှာပဲ ဆိုတဲ့ အတွေးနဲ့ အမလုပ်ထားတာပေ့ါ။ မအိပ်ခင်လဲ အ ဘုရားရှစ်ခိုးပြီး ဆုတောင်းရတာလဲ နေ့တိုင်းပါပဲ။ အဲလိုတွေ လုပ်ထားတော့တစ်ယောက်ယောက်က အမကို အန္တရာယ်ပေးမယ်ဆို အလိုလိုသိနေတာ။ သူအမျိုးမျိုး ကြိုးစားတယ် မရခဲ့ဖူးပေ့ါ။ အထမမြောက်ခဲ့ဖူးပေ့ါနော်။ ခြင်ထောင်ကိုလာ လှန်ရင် အမကလဲ ကြီးမေရေ ကြီးမေရေ လို့အော်လိုက်ရင် ထွက်ပြေးကော သူ့သမီးတွေသိမှာလဲ အဲ့အဖိုးကြီးက အသေကြောက်တာနေလိမ့်မယ်ပေ့ါနော်။ နောက်ပိုင်းတော့ တစ်နေ့မဟုတ်တစ်နေ့မိမှာပဲလေ။ မိသွားတဲ့တစ်နေ့ ကိုယ်ဘယ်လိုရှုန်းကန်မလဲ အမက ငယ်သေးတော့ သေးသေးလေးလေ။ ဘယ်လိုအင်အားချင်းမျှတမလဲပေ့ါ။ ဒါပေမဲ့ ကိုယ်အတွက်ကော မိဘတွေကော စိတ်ဆင်းရဲ ဘဝပျက်ရမဲ့ အဖြစ်ဆိုတာကိုတော့ သိထားတော့ အတက်နိုင်ဆုံး ရှောင်တိမ်းခဲ့ပါတယ်။ ဒါပေမဲ့ မရတော့တဲ့ အဆုံးထွက်ပြေးခဲ့တာပေ့ါနော်။ ထွက်ပြေးတဲ့အချိန် ခြေထောက်ခလုတ်တိုက်လို့ သေရာပါ အမာရွတ်တစ်ခုတော့ ကျန်နေခဲ့ပါတယ်။

Q. အဲ့ဒီအကြောင်းတွေရော အမမိဘတွေကော ပြောဖြစ်လား။

A. မပြောဖြစ်ခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ စိတ်ဆင်းရဲမယ် အရှက်ကွဲမယ်ပေ့ါနော်။ ပြီးတော့ ငါ့သမီးလေးကိုသူတို့တွေ ဒီလိုကြံစည်တယ်ဆိုပြီး နောက်ဆိုဘယ်မှလဲမလွှတ် ဘာမှလဲမလုပ်ခိုင်းပဲ နေတော့မှာလဲ စိုးရိမ်တယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အမတို့က ပြည့်စုံတဲ့ လူတန်းစားမဟုတ်ဘူးဆိုတာ ကိုယ်သိထားတယ်လေ။ ပြီးတော့ တစ်ရွာလုံးကလဲ အမကိုချစ်ကြတယ်လေ။ တကယ်လို့ အမသာပြောလိုက်မယ်ဆိုရင်

အကုန်ပြဿနာတက်ကြမှာ။ အမက ငယ်ငယ်တည်းက ကိုယ်ရတဲ့ မုန့်ဖိုးလေးတွေစုပြီးတော့ အိမ်အတွက်လိုတာလေးတွေ ဝယ်တက်တဲ့ အကျင့်ရှိတယ် အဲ့တော့ရွာက ဈေးဆိုင်ကဆို အမကိုဆိုယုံကြည်တယ်။ အမတို့ခေတ်က မုန့်ဖိုးဆိုရင် ငါးပြားဆယ်ပြားရတဲ့ခေတ်လေ။ အဲ့လို ငါးပြားဆယ်ပြားကို အမက တစ်ကျပ်ဖြစ်အောင်စုထားတာ ပြီးတော့ အဲ့လိုအမေအကြွေးဝယ်ထားတာတွေ အမလိုက်ဆပ်တာပေါ့။ ဆန်တပြည်တောင် ရှစ်ကျပ်လောက်ပဲရှိတယ်။ အမကိုချစ်တော့ ဆေးဆိုင်ကလူတွေကလဲ အမဆိုအကြွေးပေးတယ်။ ငယ်ငယ်လေးထဲက လူယုံကြည်တောင် မှန်မှန်ကန်ကန်နေပါတယ်။ အဖေကတော့ အမကိုအရမ်းချစ်ပါတယ်။ ဒါပေမဲ့ ဖွင့်မပြောဘူး။ ဘဝမှာ မှတ်မှတ်ရရ အရိုက်ခံဘူးတာကတော့ အမတို့ခေတ်က သူငယ်တန်းကြီး သူငယ်တန်းလေးဆိုပြီးရှိတာလေ။ အဲ့မှာ စာမေးပွဲ ဖြေနေတဲ့အချိန်ပေါ့။ အဲ့တုံးက စနေ တနင်္ဂနွေဆိုရင် တီဗီကနေပြီး ရုပ်ရှင်ကားတွေလာတယ်။ အဲ့တော့ အရမ်းကြည့်ချင်တာပေါ့။ ကျောင်းကလဲ ဆရာတွေက စာမေးပွဲမှာဖြေနိုင်အောင် ပိတ်ရက်ကိုကျောင်းခေါ်ပြီး အစမ်းစာမေးပွဲ တွေလုပ်ပေးတာပေါ့နော်။ အစမ်းစာမေးပွဲက ဖြေပြီးပြီ အဖြေလွှာတွေကလဲ ကျောင်းကဆရာမယူထားတယ်။ အဲ့ဒါကို အမက တီဗီကြည့်ချင်တော့ အိမ်ကနေပြီးတော့ ဆရာမဆီမှာ စာရွက်ကျန်ခဲ့လို့သွားယူမယ်ဆိုပြီးတော့ အိမ်ကနေပြောပြီးတော့ တီဗီသွားကြည့်တာလေ။ ပြန်ခါနီးကျတော့ အိမ်ရောက်ရင် အဆူခံရတော့မယ်ဆိုတာ ကိုသိတယ်။ ဘယ်လိုလုပ်ရမလဲ မသိဖူးဆိုပြီးတော့ လမ်းမှာ အပေါ့သွားပြီးတော့ အမက အိမ်ကိုပြန်လာတယ်။ အိမ်လဲရောက်ကော အမရဲ့အဖေက သမီးနင့်အပြစ်ကို နင့်သိလားတဲ့ အမကလဲ ဟင်းအင်း သမီး မသိပါဘူးဆိုပြီးတော့ ပြောတော့အဖေက တိုင်ကိုဖက်လိုက်တဲ့။ အဲ့မှာ အမက သိလိုက်ပြီ ရိုက်တော့မယ်ဆိုတာကို တစ်ခါမှ အရိုက်မခံဘူးပေမဲ့ အမရဲ့ အစ်မတွေကိုရိုက်တာကိုတွေ့ဖူးနေတယ်။ အဖေက အိမ်မှာရှိတဲ့ တိုင်ကိုဖက်ခိုင်းထားပြီးတော့ ရိုက်တာလေ။ အဲ့မှာ အမက အိမ်မရောက်ခင် လမ်းမှာတုန်းက တစ်ခါ အပေါ့သွားပြီးတာတောင်မှပဲ ကလေးဆိုတော့ သေးတွေထွက်ချကော ။ မှတ်မှတ်ရရပါ။

Q. အမကိုနောက်တစ်ခုမေးချင်တာက အမဆိုရင်အမျိုးသားတစ်ယောက်နဲ့လဲ အိမ်ထောင်ကျဖူးတယ် ။ လက်ရှိယောကျ်ားလျာတစ်ယောက်နဲ့လဲ အိမ်ထောင်ထက်ပြုထားတယ်ဆိုတော့ အမအနေနဲ့ ယောကျာ်းတစ်ယောက်နဲ့ ယောကျာ်းလျာတစ်ယောက်ပေါ့နော် ဘယ်သူနဲ့နေရတာ ပိုပြီးပျော်ရွှင်ရလဲ ဘယ်လိုတွေကွာခြားတယ်ထင်လဲ။

A. ပြောရင်တော့ ဘယ်သူမှယုံမှာမဟုတ်ဘူးပေါ့နော်။ အရမ်းလဲနွေးထွေးတယ်လို့ခံစားရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့နော် အမျိုးသားတစ်ယောက်နဲ့ အိမ်ထောင်ပြုခဲ့စဉ်ကတော့ အဲ့လိုမျိုးတွေမရှိခဲ့ပါဘူး သူလဲ သူ့ဘာသာနေတယ် ကိုယ်လဲ

ကလေးနှစ်ယောက်နဲ့ နေရတာပေါ့နော်။ တူတူအိပ် ဆက်ဆံတာမျိုးတော့ ရှိတာပေါ့နော်။ ရင်လဲမခုန်ခဲ့ပါဘူး။ သူနဲ့က ပထမဆုံးရင်ခုန်ဖူးတာပါ။ ပြောစရာ အမှတ်တရတွေကတော့ နောက် လိင်တူချစ်သူနဲ့ဆို ပိုများတာပေါ့နော်။

Q. ကလေးနှစ်ယောက်ကျန်သေးတယ် သိရတယ် ဘယ်သူနဲ့နေလဲ အမ။ ပြီးတော့ ကလေးနှစ်ယောက်ကရော အခုအမရဲ့ လိင်တူချစ်သူနဲ့ အမအတူတူနေတယ်ဆိုတာကိုသိလား သူတို့ရဲ့ ဆက်ဆံရေးလေးကို သိချင်ပါတယ်။

A. ကလေးနှစ်ယောက်က တော့သူအဖေနဲ့ နေပါတယ်။ သူနဲ့ ကလေးနှစ်ယောက်ဆက်ဆံရေးတော့ ကောင်းပါတယ်။ သူကလဲ ကလေးနှစ်ယောက်ကို ချစ်တယ် ကလေးနှစ်ယောက်ကလဲ သူ့ကိုဆို ဦးလို့ပဲခေါ်ပါတယ်။ နောက်သားလေးဆိုလဲ လိမ်မာပါတယ် အခုခေတ်ကလေးတွေလို ခေတ်အရမ်း ဆန်ဆန်ကြီးတွေကို အမမကြိုက်တာ သိတော့မလုပ်ဖူးပေါ့နော်။ အခုချိန်ထိတော့ အမစကားကို နားထောင်နေတုံးပါပဲ။ ဘယ်အချိန်ကျတော့မှ အမေစကားနားမထောင်ပဲ နေမလဲတော့ မသိဖူးလေ။ သမီးအငယ်လေးဆိုလဲ အမေကို အရမ်းကြောက်တယ်လေ။ ငယ်ငယ်တုန်းကဆို စိတ်တိုလာရင် အမကရိုက်တော့ သူတို့ အသားနာမှာ အရမ်းကြောက်တယ်။ အဲ့လိုကြောက်တော့ အမစကားဆို ရင် နားထောင်တယ်ပေါ့နော်။ ဒါပေမဲ့ အမလစ်ရင်တော့ သူတို့ ဆော့ချင်သလို လွတ်လွတ်လပ်လပ် တွေဆော့ တာပေါ့နော်။ ချုပ်ချယ်တယ်ဆိုတာ သူတို့ဘဝလေးတွေကိုကောင်းစေချင်လို့ပါ။ အခုခေတ်ပုံစံတွေဆို အမက သိပ်သဘောမကျဖူးလေ။ အမက ငယ်ငယ်တည်းကနေ အခုထိတောင် သနပ်ခါးပဲ အမြဲလိမ်းတာပေါ့နော်။ ရိုးရိုးပဲကြိုက်တယ်။ စကပ်တွေဘာတွေတောင် သိပ်မဝတ်ဖြစ်ဖူး။ အခုနောက်ပိုင်းတောင် ထမီစကပ်လေးတွေကို အခုလက်ရှိ လိင်တူချစ်သူက လှတယ် အတင်းဝတ်ခိုင်းလို့ဝတ်ဖြစ်တာပေါ့နော်။ အမက တိုတိုလေးတွေတော့ မကြိုက်ဖူးပေါ့။

Q. ဒါဆို အခုအမနဲ့ အရင် အမျိုးသားဆက်ဆံရေးကဘယ်လိုမျိုးဖြစ်မလဲ။

A. အင်း:::: ညီမတစ်ယောက်လိုဆက်ဆံရေးပေါ့နော်။ သူကိုယ်တိုင်လဲ အခု အမနဲ့ လိင်တူချစ်သူတွဲနေတာကို သိတယ်လေ။ ဒါပေမဲ့ အခြားအမျိုးသားတစ်ယောက်နဲ့ မဟုတ်တဲ့အတွက် သူလက်ခံနားလည်ပေးတယ်။ ပြီးတော့ သူကိုယ်တိုင်က ပြောပါတယ်။ ကွာရှင်းပြီးတဲ့ အချိန်ကစလို့ ညီမတစ်ယောက်လို နေနိုင်ပါတယ်ပေါ့။ အမတစ်ခါတစ်လေ သွားရင် မုန့်တွေပြန်ဝယ်ပေးလိုက်တယ် ပိုက်ဆံတွေဘာတွေ မုန့်ဝယ်စားဆိုပြီးတော့ အကိုက ညီမကိုပေးသလိုပေးတာမျိုးတွေတော့ ရှိပါတယ်။ အမပျော်ရင် သူပျော်တယ်ပေါ့နော်။

Q. ဒါဆို အမကိုသူကချစ်လွန်းလို့ အမရဲ့ အလုပ်ရှင်တွေဆီက တောင်းယူတာပေါ့နော်။ အသက်ကရောဘယ်လောက်ကွာလဲ အမ။

A. ဟုတ်တယ် သူကအမကို ချစ်လို့ အမတို့ အလုပ်ရှင်ဆီကနေ တောင်းယူတာပါ။ ဒါပေမဲ့ မင်္ဂလာဆောင်တာတို့ ဘာတို့တော့ မလုပ်ခဲ့ဘူးပေါ့နော်။ ရုံးတက် လက်မှတ်ထိုးပြီးယူခဲ့တာပါ။ အမကလဲ လက်ခံလိုက်တာပေါ့နော်။ ကိုယ်ချစ်တဲ့လူနဲ့ဆိုရင်တော့ လက်ထပ်ပွဲလုပ်ချင်တာပေါ့။ သူက အမထက် ဂုနစ်ကြီးတယ်လေ။ အခုဆို သူ့အသက်ကလေးဆယ်ကျော်ပြီ။ အခုတစ်ယောက်နဲ့ကျတော့ တစ်နှစ်ပဲကွာတယ်လေ။ လလဲတူတယ် နေ့ကလဲ တူတူပဲ။ မွေးရက်ကလေးပဲကွာတာ။ တစ်နှစ်တိတိ ကွာတယ်။

Q. အမဘဝမှာ ကြီးကြီးမားမား အကြမ်းဖက်ခံရတဲ့ ဖြစ်ရပ်မျိုးကော ကြုံတွေ့ခဲ့ဖူးလား။

A. ငယ်ငယ်တုန်းက ခုနပြောတဲ့ ကိစ္စပဲ ရှိခဲ့တာပေါ့ နော်။ ကျန်တဲ့ ဖြစ်ရပ်မျိုးတွေတော့ မရှိခဲ့ဖူး။

Q. အမတို့ အခုလိင်တူချစ်သူနှစ်ယောက်ကို မိသားစုအသိုင်းအဝိုင်းကရော လက်ခံကြလား။ လက်မခံဘူးဆိုရင်ကော အမအနေနဲ့ ဘယ်လိုမျိုးရင်ဆိုင်လဲဗျ။

A. ပထမဆုံးကတော့ သူ့ဘက်ကမိသားစုက လက်ခံပေးပါတယ်။ နောက်တော့ အသိုင်းအဝိုင်းကတော့ နည်းနည်းခြင်းတော့ လက်ခံလာကြတယ်။ အမဘက်က မိသားစုကတော့ လုံးဝလက်မခံပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အမမှာကလေးနှစ်ယောက်ရှိတဲ့ အတွက် အရင်အိမ်ထောင်နဲ့ပြန်ပေါင်းစေချင်ကြတယ်။ မောင်နမတွေက လုံးလုံးကိုလက်မခံကြဘူး။ အမကလဲ ဂရုမစိုက်ပါဘူး အရင်ကတော့ ဖုန်းတွေခဏခဏ ဆက်ပြီးပြောတယ် နောက်ကြာတော့ စိတ်ညစ်လာတော့ အမဖုန်းကို black list လုပ်လိုက်တယ်။ လက်မခံကြဘူးပေါ့နော် ဒါပေမဲ့ ငယ်ငယ်ထဲက အမရဲ့ အရိပ်အောက်မှာ ကြီးပျင်းလာကြတော့ အစ်မအကြီးတွေက အစပေါ့နော် အမရှာတဲ့ငွေကိုထိုင်စားခဲ့ကျတော့ တော်ယုံတန်ယုံ သိပ်မပြောကြပါဘူး ။ အဲ့တော့ အမကိုလဲ ဒါမလုပ်နဲ့ ဒါမကိုင်နဲ့ လိုလဲ ပြောခွင့်မပေးထားတော့ မပြောရဲတာလဲပါမယ်ထင်ပါတယ်။ နင်ကလဲ အဲ့လိုမလုပ်ပါနဲ့လား နင်မှာ မိသားစုရှိသေးတာ ပြန်နေပါလားပေါ်နော်။ အဲ့လောက်ဘဲ ပြောခွင့်ရှိတယ် အတင်းကြီးတော့ ပြောခွင့်မရှိဘူး။ အမက ငယ်ငယ်လေးထဲက မိသားစုကိုထောက်ပံ့ပေးထားခဲ့တာဆိုတော့ သူတို့က အတင်းကြီးတော့ အရမ်းမပြောပါဘူး။ အမက အနိုင်ပိုင်းမျိုးနဲ့ လုပ်ခဲ့တာတော့ မဟုတ်ပါဘူး။ ကိုယ့် အိမ်ထောင်ရှိရဲ့သားနဲ့ ကိုယ့်အိမ်ထောင်ကျတော့ မထိန်းသိမ်းတာတော့ မဟုတ်ဘူး။ အိမ်ထောင်ပြိုကွဲပြီးမှ တွေ့တာပါ။ သာယာမှု့နောက်ကိုလိုက်ခဲ့တာတော့ မဟုတ်ပါဘူး။

သူများတွေကတော့ ပြောကြတာပေါ့နော်။ ဒါပေမဲ့ အိမ်ထောင်ကြခဲ့တာလဲ အဲ့ အရွယ်ထဲက အချစ်ဆိုတာကိုမသိခဲ့ပါဘူး။ ယူခဲ့တာပဲ ရှိတယ် တကယ့်တမ်း အချစ်ကိုလာတွေ့တာက ဒီအချိန်မှလာတွေ့တာဆိုတော့လဲ ဘာလုပ်လို့ရမှာလဲ။ အဲ့ဒီတော့ ဘယ်သူပဲ အပြစ်တင်တင် အမခေါင်းငုံပြီးတော့နေခဲ့တယ်လေ။ ငါ့ဘာသာငါ့ ဖြစ်ချင်တာဖြစ်ဆိုတာမျိုးနဲ့ နေခဲ့တာပါ။ အဲ့ဒါကြောင့် အခုတစ်ယောက်ကိုလဲ အမ အပစ်မတင်ပါဘူးလေ။ ဘယ်သူ့ကိုသွားပြောပြ ပြောပြ အမကိုပဲ အပြစ်တင်မှာပဲလေ။ သူငယ်ချင်းတွေကအစပါဘဲ ဒါပေမဲ့ နင်ကောင်းမယ်ထင်လိုလုပ်တာပဲ ငါတို့ ဘယ်ပြောနိုင်မလဲလို့ပဲပြောကြတယ်။ အချို့ သူငယ်ချင်းတွေကကျတော့ အမ အရင်ယောကျ်ားရဲ့စိတ်ကို သိတော့ အခုတစ်ယောက်နဲ့ သဘောတူကြတယ်။

Q. အမျိုးသားကရော ပြန်ပေါင်းဖို့ပြောပါသလားဗျ။

A. မပြောဘူး။ သူကတော့ အမကောင်းသလိုလုပ် စိတ်ချမ်းသာသလိုနေပေ့ါနော်။ ဘာဖြစ်လို့လဲ ဆိုတော့ နောက်ပိုင်းအမက သူ့အပေါ် အကိုတစ်ယောက်လို့ပဲ ဆက်ဆံတယ် သဘောထားတယ်ဆိုတာကို သူလဲ သိတာပေ့ါနော်။ အရင်ကတည်းကလဲ သူ့ကို အကိုတစ်ယောက်လိုအားကိုးတယ်လို့ ပြောထားတာ ဖြစ်တဲ့အတွက် သူကလဲ နင့်သဘော နင်ကြိုက်တာလုပ်လို့ပြောပါတယ်။ ပြန်ပေါင်းဖို့ပြောလဲ အမကလက်မခံဘူးပေ့ါနော်။

Q. ဒါဆို အမပထမအိမ်ထောင်နဲ့ကွာရှင်းပြီး သူနဲ့တွဲခဲ့ရလို့ နောင်တဆိုတာမျိုးကိုရှိခဲ့လား။

A. လုံးဝမရှိခဲ့ပါဘူး။ တကယ်စိတ်ထဲမှာ သူနဲ့ပေါင်းနေရတာကိုပိုပြီးတော့ ပျော်ရွှင်နေမိတယ်။

Q. အမရဲ့နောင်ဖြတ်သန်းမဲ့ ဘဝကို ဘယ်လိုဖြတ်သန်းမယ်လိုရည်ရွယ်ထားလဲ ရှိရင်ပြောပြပေးပါအုံး။

A. ဘယ်လိုသွားမလဲဆိုတော့ ဖြစ်သလိုပေ့ါ ရောက်တဲ့နေရာ ရောက်သလို ဖြစ်နိုင်တဲ့နည်းနဲ့ သွားဖို့ တော့ စဉ်းစားထားပါတယ်။

Q. နောက်တစ်ခုသိချင်တာလေးက ကလေးတွေကများ အမနဲ့အရင်ယောကျ်ားကိုပြန်ပေါင်းဖို ့ပြောလာမယ် ဆိုရင်ကော အမအနေနဲ့ ပြန်လက်ခံဖို့ စိတ်ကူးရှိလား။

A. အင်း ကလေးတွေကတော့ တစ်ခါမှတော့ မပြောဖူးဘူးပေ့ါနော် ကလေးတွေကသာ အစထဲက ပြောလာမယ်ဆိုရင် အမဘက်ကတော့ နောက်ဆုတ်ပေးရမှာပေ့ါနော်။ ဒါပေမဲ့ ကလေးတွေကလဲ အခုထိတော့ မပြောကြဘူး ဖုန်းဆက်ရင်တောင် မေမေနေကောင်းလား ဘယ်တော့ လာမှာလဲ။ သားကိုကျောင်းလိုက်အပ်ပေးပါအုံး အဲ့လိုမျိုးပေ့ါနော် သမီးဒီနေ့ကျူရှင်ရှိတယ် ကျူရှင်ကို လိုက်ပို့ပေးပါလား။ ဒီနေ့ ကျောင်းမှာ

စာမေးပွဲ ရလဒ်တွေထွက်မှာ ဘယ်လောက်ရမလဲမသိသေးဘူး။ အဲ့လိုလေးတွေတော့ ဖုန်းဆက်ပြောကြတယ်။ မေမေသမီးတို့နဲ့ အမြဲတူတူနေပါလို့တော့ မပြောဘူး။

Q. တကယ်လို အတင်းအကြပ်တောင်းဆိုလာကြမယ်ဆိုရင် အမဘက်က ဘယ်လိုရင်ဆိုင်မလဲ။

A. ဘယ်လိုပြောရမလဲ ကလေးနှစ်ယောက်အတွက်ဆိုရင်တော့ အမကလုပ်ပေးရမှာပေ့ါနော်၊ သူကလဲပြောပါတယ် ကလေးနှစ်ယောက်အတွက်ဆိုသွားပါပေ့ါ အချစ်နဲ့ ပက်သက်လာရင် လူတွေက အသက်ဘယ်လောက်ကြီးကြီး ငယ်သွားသလိုပဲ ဖြစ်နေတယ်။ သူကလဲ အမြဲ ပြောပါတယ် သူ့ဆီမှာ တွယ်ကပ်မနေနဲ့ပေ့ါနော်။ သူတို့က ငယ်ငယ်တုန်းက အရမ်းချမ်းသာကြတာလေ ဘယ်လိုပြောမလဲ အထည်ကြီးပျက်ပေ့ါ။ ငယ်ငယ်က အဆင်ပြေပြေနဲ့ အဆင့်အတန်းရှိရှိနေခဲ့တာပေ့ါနော် အခုကျတော့မှ စီးပွားရေးက အရမ်းကျသွားတော့ ဘယ်လိုမှမလုပ်တက်တော့တာလေ။ ကိုယ်တွေကကျတော့ အိမ်ထောင်ပြုပြီးမှ တိုက်တာနဲ့ နေခဲ့ရတာဆိုတော့ ခံနိုင်ရည်ရှိတယ်ပေ့ါနော်။ အဲ့တော့ သူ့ ကိုအရမ်းသနားတာပေ့ါ ဘာဘဲဖြစ်ဖြစ် သူနဲ့နေမယ်လို့ စဉ်းစားထားပါတယ်။ တစ်ချိန်ချိန်မှာ ကွဲသွားရင်တော့ မသိဖူးပေ့ါနော်။

Q. အမတို့နှစ်ယောက်တူတူသွားရင် လူတွေကြည့်တဲ့ အခါ ဘယ်လိုခံစားရလဲ။

A. သူတော့ မသိဖူးပေ့ါနော် အမကတော့ ကျေနပ်တယ်။ အမတို့နှစ်ယောက်ကျတော့ ပိုပြီးတော့ အပြင်သွားဖြစ်တယ်

Q .မျိုးဆက်သစ် လိင်တူချစ်သူလေးတွေကိုဘာပြောပေးချင်လဲ။

A. အမလိုတော့ စိတ်ခံစားမှုနောက်ကိုမလိုက်စေချင်ဘူး သိသိကြီးနဲ့ မှားမှန်းသိရက်နဲ့တိုးလာတာမျိုးကို မဖြစ်စေချင်ဘူးပေ့ါနော်။ ပြီးတော့ တကယ်မချစ်ပဲနဲ့လဲ ယောကျ်ားလျာတွေဆီက ပိုက်ဆံချူစားယုံ သက်သက်နဲ့မတွဲကျပါနဲ့ သူတို့တွေ အရမ်းခံစားရပါတယ်။ ချစ်တယ်ဆိုလဲ တကယ်ချစ်ကြပါလို့ပြောချင်တယ် အမလိုမျိုးမဖြစ်ပါစေနဲ့လို့လဲဆုတောင်းပေးပါတယ်။



Q. မင်္ဂလာပါ။ အကိုရဲ့အမည်နဲ့ အသက် နေရပ်လိပ်စာလေး အလုပ်အကိုင်လေးကို မိတ်ဆက်ပေးပါအုံးဗျ။

A. မင်္ဂလာပါ။ ကျွန်တော့်အမည်ကတော့ နေမျိုးဖြစ်ပါတယ်။ အသက်ကတော့ (၃၀)နှစ်ရှိပါပြီ။ နေတာကတော့ မြောက်ဒဂုံမှာ နေပါတယ်။ အလုပ်အကိုင်ကတော့ ဆံပင်ညှပ်ဆိုင်လေးဖွင့်ထားပြီးတော့ ပရဟိတလုပ်ငန်းကိုလည်း လုပ်နေပါတယ်။ ကျွန်တော်တို့က MRA လို့ခေါ်တဲ့ ဟိုမိုတွေပေါင်းထားတဲ့ ပရဟိတအဖွဲ့လေးကို တည်ထောင်ထားပါတယ်။ အဖွဲ့ဝင်ပေါင်းကတော့ ၁၀၀ကျော်ရှိပြီး ရန်ကုန်အပါအဝင် နယ်မြို့တွေမှာလဲ ရှိပါတယ်။ အဖွဲ့ဝင်တွေထည့်တဲ့ လစဉ်အလှူငွေတွေနဲ့ လိုအပ်နေတဲ့ မိဘမဲ့ကလေးကျောင်းတွေ ဒုက္ခရောက်နေတဲ့ ပြည်သူတွေကို ပြန်လည်လှူဒါန်းနေပါတယ်။ ကျွန်တော်တို့အဖွဲ့ရဲ့ ၂၅ကြိမ်မြောက်အလှူကို ဧရာဝတီတိုင်း သာပေါင်းမြို့နယ်ထဲမှာ ဒုက္ခရောက် နေတဲ့ ရေဘေးသင့်ပြည်သူတွေကို သွားရောက်လှူဒါန်းခဲ့ပါတယ်။

Q. အကိုရဲ့ လိင်စိတ်ခံယူမှုလေးကို ပြောပြပေးပါအုံးဗျ။

A. ကျွန်တော်က လိင်တူကြိုက်တာဆိုတော့ ဂေးလ်လို့ပဲခေါ်ခေါ် ခုခေတ်အခေါ် ဟိုမိုဆိုလဲ ရပါတယ်။

Q. ဘယ်ချိန်ထဲက လိင်တူနှစ်သက်ခဲ့တာပါလဲဗျ။

A. ဘယ်ချိန်ထဲကလဲဆိုရင် ငယ်ငယ်ထဲကလို့ပြောရပါမယ်။ သိတက်စအရွယ်ထဲက ကိုယ့်ကိုကိုယ် ဂေးလ်တစ်ယောက်ဆိုတာ သတိထားမိပါတယ်။ ငယ်ငယ်ထဲ မိန်းကလေး အပေါင်းအသင်းပဲထားတယ်။ မိန်းကလေးတွေနဲ့ပဲ ကစားပါတယ်။ ကြိုးခုန်တမ်းကစားတာတို့ အိုးပုတ်နဲ့ ကစားတာတို့ လုပ်ပေမဲ့

မိန်းမအဝတ်အစားတော့ တစ်ခါမှ မဝတ်ခဲ့ဖူးပါဘူး။ အဲ့ဒီထဲက ကိုယ့်ကိုကိုယ်အခြောက်မှန်းသိပါတယ်။ မိဘတွေကလဲ အခြောက်မှန်းသိပါတယ်။ အဲ့တော့ မိဘတွေကတော့ ပြင်လို့ရသလောက်တော့ ပြင်တာပေါ့။ ရိုက်တာ ထိုးတာ ကြိတ်တာတွေလုပ်ပါတယ်။ ဒါပေမဲ့လည်း မွေးထဲကစိတ်ကတော့ သေမှပဲ ပျောက်မှာပါ။

Q. မိဘဆွေမျိုးတွေက ကိုယ်ကအခြောက်ဖြစ်နေလို့ ဆိုဆုံးမတဲ့အခါ အကို့အနေနဲ့ ဘယ်လိုခံစားရပါသလဲဗျ။

A. အဲ့ဒီလိုအချိန်မျိုးမှာဆိုရင်တော့ အဓိကကတော့ မိဘပေါ့။ မိဘကတော့ ကောင်းစေချင်တဲ့ စိတ်နဲ့ကိုယ့်ကို ဆုံးမပေမဲ့လဲ ကိုယ်ကလဲ ဒီစိတ်ကို ဖျောက်လို့မရတဲ့အခါမှာတော့ စိတ်ပင်ပန်းခဲ့ရပါတယ်။ ကိုယ်ကိုတိုင်လဲ အဲ့ဒီစိတ်ကိုဖျောက်ဖို့အတွက် မိန်းကလေးရည်းစားထားဖို့အထိကို စဉ်းစားကြည့်ပေမဲ့ မရပါဘူး။ ကိုယ်က လိင်တူနှစ်သက်နေတဲ့အတွက် ဘာကိုမှ ခံစားလို့မရပါဘူး။ တစ်ခါတစ်လေသူတို့ဆုံးမတာတွေက ကိုယ့်ကိုကိုယ် သတ်သေချင်စိတ်တောင်ပေါက်ပါတယ်။

Q. မိန်းကလေးရည်းစားထားဖို့အတွက်ကို ဘယ်လိုမျိုး စိတ်နဲ့ထားဖြစ်ခဲ့တာပါလဲဗျ။

A. သာမန်ရိုးရှင်းတဲ့ ဘဝလေးတစ်ခုပေါ့။ မိန်းမယူ ကလေးမွေးပြီး အေးအေးဆေးဆေးနေချင်တာပါ။ အဲ့လိုဘဝမျိုးလိုချင်ပေမဲ့ လိုအပ်ချက်နဲ့ အံဝင်ခွင်ကျတော့ မဖြစ်ပါဘူး။ ပေါ့ပေါ့ပါးပါးနဲ့ သာမန်မိသားစုနဲ့ဘဝနဲ့ နေထိုင်ချင်ပါတယ်။ အခုလိုမျိုးဖြစ်နေလို့ ကိုယ့်ကိုကိုယ် ကျေနပ်မှုရှိလားဆိုတော့လဲ မကျေနပ်ပါဘူး။ လိုချင်တာကတော့ မိန်းမစစ်စစ် ယောကျာ်းစစ်ဘဝကို လိုချင်ပါတယ်။

Q. ဘယ်လိုအခြေအနေတွေကြောင့် ကိုယ့်ကိုကိုယ် သတ်သေဖို့ထိ စဉ်းစားခဲ့တာပါလဲဗျ။

A. အဖေက ဆုံးမတဲ့အချိန်ပေါ့။ အဖေက ထိုးတဲ့အချိန် ကျိတ်တဲ့အချိန်ဆိုရင် ကိုယ့်ကိုကိုယ် သတ်သေချင်စိတ်ပေါက်ပါတယ်။ ဝက်သားနဲ့ နွားနို့နဲ့ မတည့်ဖူးဆိုတာကို စားပြီးတော့တောင် သတ်သေဖူးပါတယ်။ ဒါပေမဲ့ မသေဘူး။ ဘာမှမဖြစ်ပါဘူး။

Q. ဘယ်ချိန်လောက်ထဲကစပြီး ပတ်ဝန်းကျင်မှာ ပွင့်ပွင့်လင်းလင်း ရပ်တည်ခဲ့တာပါလဲဗျ။


A. အဲ့ဒါကတော့ ငယ်ငယ်ထဲကပါပဲ။ ပတ်ဝန်းကျင်ကလဲ သိပါတယ်။ ငယ်ငယ်တုန်းက ၁၄နှစ်သားလောက် မိဘတွေက အဆင်မပြေဘူး။ မိဘတွေက အစိုးရဝန်ထမ်းတွေပါ။ အဲ့တော့ ကိုယ့်ကျောင်းစရိတ်ကိုယ် ရှာရပါတယ်။ အဲ့ဒီချိန်ထဲက ကိုယ့်ဘဝကို ကိုယ်တိုင်ရပ်တည်ခဲ့ပါတယ်။

Q. အကိုစောစောကပြောသွားတဲ့အထဲမှာ မိန်းမလိုမဝတ်စားချင်စိတ်မရှိဘူးလို့ပြောသွားပါတယ်။ ဂေးလ်တစ်ယောက်ဟုတ် မဟုတ်ကို ဝတ်စားဆင်ယင်မှုနဲ့ကြည့်ပြီး ဆုံးဖြတ်လို့ရပါသလားဗျ။

A. အဝတ်အစားနဲ့ခွဲခြားလို့မရပါဘူး။ ကျွန်တော်မိန်းမပုံမဝတ်ချင်ဘူးဆိုတာက ကျွန်တော့်ရဲ့ စိတ်ကိုပြောပြတာပါ။ ကျွန်တော်က မိန်းမပုံမဝတ်ပေမဲ့လည်း ကျွန်တော့်ကိုယ်ကျွန်တော် အခြောက်လို့ခံယူထားပါတယ်။ ယောကျ်ားပုံဝတ်တဲ့ အခြောက်တွေလဲ အများကြီးပါ။ မိန်းမပုံဝတ်မှ အခြောက်လို့ခေါ်တာမဟုတ်ပါဘူး။ ကိုယ့်စိတ်ကို ကိုယ်တိုင်နားလည်ပြီး ပွင့်ပွင့်လင်းလင်းဖြစ်ဖို့က အဓိက အရေးကြီးပါတယ်။ ပုန်းနေတဲ့စိတ်က တစ်ခါတစ်ရံ ကိုယ့်စိတ်ကို စိတ်ဒုက္ခရောက်စေပါတယ်။ လူတစ်ယောက်က ကိုယ့်ကိုကိုယ်ဂေးလ်မှန်းတော့သိတယ်။ ပတ်ဝန်းကျင် အလုပ်အကိုင်တွေကြောင့် ဟန်ဆောင်နေရတယ်။ ဖုံးထားဖိထားရတယ်။ အဲ့ဒီစိတ်ကို တစ်ချိန်ချိန်မှာ တစ်ယောက်ယောက်က သိသွားခဲ့ရင် ရှက်ပြီး သူတစ်ခုခုလုပ်သွားနိုင်ပါတယ်။ ရှက်ပြီး ဘဝကို ဇာတ်မြုပ်နေထိုင်သွားတာတွေ တစ်ခြားနေရာကို ထွက်သွားတာတွေ ကိုယ့်ဘဝတိုးတက်မှုတွေကို ဂရုမစိုက်တော့တာတွေဖြစ်နိုင်ပါတယ် အဲ့ဒီလိုမျိုးတွေ တွေ့ဖူးပါတယ်။ ကြုံလဲကြုံဖူးပါတယ်။ တစ်ချို့တွေဆိုရင် ကာဗာမိန်းမတွေယူပြီး အိမ်ထောင်ကျပြီးခါမှ မသာယာတော့ဘဲ ကွဲကွာတာမျိုးတွေ တစ်ရှက်ကနေနှစ်ရှက်ဖြစ်သွားတာတွေရှိပါတယ်။

Q. ကိုယ့်ကိုကိုယ် အရှိအတိုင်းဝန်ခံဖို့အတွက် ဘယ်လိုမျိုး စိတ်ဓာတ်ခွန်အားတွေ လိုအပ်မယ်လို့ ထင်သလဲဗျ။

A. ကျွန်တော်ကတော့ နဂိုက အိမ်မှာ အမြဲလိုလိုအတိုက်အခံလုပ်ပြီး အပြင်ထွက်ကြပါတယ်။ အခြောက်တော်တော်များများ ကလဲ အဲ့ဒီလိုပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ လွတ်လပ်ချင်ကြတယ်။ ပွင့်ပွင့်လင်းလင်းနေချင်ကြတယ်။ အဲ့ဒီအတွက်ကို အတိုက်အခံလုပ်ရတယ်။ အတိုက်အခံလုပ်ထားတဲ့အတွက် အိမ်ကလဲ လက်ခံလာကြတယ်။ အဲ့ဒီအတွက် အခုအချိန်မှာတော့ ဘာပြဿနာမှတော့ မရှိတော့ဘူး။ အဲ့ဒီအတွက် ခံစားချက်တစ်ခုအနေနဲ့ ဂုဏ်ယူစေချင်ပါတယ်။ မိသားစုကို ပစ်ပယ်တာမျိုး မဟုတ်ဘဲ ကိုယ့်ကိုကိုယ် ဦးဆောင်နိုင်ဖို့ အမြဲတမ်းတွေးထားရပါမယ်။ အဲ့ဒီအရည်အချင်းနဲ့ပြည့်စုံနေပြီဆိုရင်တော့ ဒါဟာစိတ်ခွန်အားတစ်ခုပါပဲ။ ကိုယ့်နောက်ကိုလှည့်ကြည့်ရင် ကျောပဲရှိတဲ့အတွက် ကိုယ့်ဟာကို ကြိုးစားကြတယ်လေ။



ကျွန်တော်ဆွဲထားတာကတော့ ကျွန်တော်တို့ ပရဟိတအဖွဲ့ရဲ့အမည် MRA ပါ။ Myanmar Rock Angel ပေါ့။ ကျွန်တော်တိုအဖွဲ့လေးက လိင်တူချစ်သူသူငယ်ချင်းတွေနဲ့ စုပေါင်းပြီးဖွဲ့ထားတဲ့ ပရဟိတအဖွဲ့လေးပါ။ ကျွန်တော်တိုအဖွဲ့က ရေဘေးကူညီကယ်ဆယ်ရေးတွေ လုပ်ခဲ့ပါတယ်။ ပြီးတော့ မိဘမဲ့ကလေးကျောင်းနဲ့ သက်ကြီးရွယ်အိုများကိုလဲ လှူဒါန်းမှုလုပ်နေပြီး အခါကြီးရက်ကြီးများမှာလဲ စုပေါင်းပြီး ကုသိုလ်ကောင်းမှုများ လုပ်ဆောင်နေပါတယ်။ (ဂျွန်ဦး၊ ၃၆နှစ်၊ ရန်ကုန်)

Q. အကိုစောစောကပြောသွားတဲ့ ကာဗာမိန်းကလေးထားတဲ့ လိင်တူချစ်သူတွေကို ဘယ်လိုပြောချင်ပါသလဲဗျ။

A. ကျွန်တော်ကတော့ ဖြစ်နိုင်လို့ရှိရင် အကုန်လုံးကို ဂေးလ်ဘ၀ကနေ လွတ်မြောက်စေချင်ပါတယ်။ မိန်းမယူသွားတဲ့ သူငယ်ချင်းတွေလဲ ရှိပါတယ်။ ဟိုမိုဘ၀ကနေလွတ်သွားတဲ့ သူငယ်ချင်းတွေအတွက် ဂုဏ်ယူမိပေမဲ့ မိန်းမယူပြီးမှ ဟိုမပြတ် ဒီမပြတ်တော့ မဖြစ်စေချင်ပါဘူး။ ကျွန်တော်ကတော့ အတက်နိုင်ဆုံး ကိုယ့်စိတ်ကိုပြန်ပြီး ဆန်းစစ်ပါ။ စိတ်ကပဲအရေးကြီးတာပါ။ ကာဗာမိန်းကလေးထားပြီးမှ ကိုယ့်စိတ်ကို မနိုင်လို့ရှိရင် မိသားစုလဲ သိက္ခာကျတယ်။ တစ်ဖက်က မိန်းကလေးလဲ သိက္ခာကျပါတယ်။

Q. ဒီစိတ်တွေပေါ်မလာအောင် လုပ်လို့ရနိုင်မယ်လို့ ထင်ပါသလားဗျ။

A. ကျွန်တော်ကတော့ ဒီစိတ်တွေ ပေါ်မလာအောင်လုပ်လို့ ရနိုင်မယ်လို့ မထင်ပါဘူး။ နောင်တစ်ချိန်အသက်ကြီးပိုင်း ၄၀/၅၀လောက်ရောက်မှ ဒီစိတ်တွေပြန်ထလာရင် ဘယ်လို လုပ်မလဲ။ အဲ့ဒီအချိန်ကျမှပြန်ပေါ်လာရင်လဲ မကောင်းဘူးလို့ ထင်ပါတယ်။ အဲ့ဒီအတွက် ဟိုမိုတစ်ယောက်အနေနဲ့ အိမ်ထောင်မပြုတာက အကောင်းဆုံးလို့ ကျွန်တော်ထင်ပါတယ်။

Q. ဘ၀တစ်ခုကို အတူကျော်ဖြတ်ဖို့အတွက် လိင်တူရည်းစားတွေမှာ ရှိနိုင်တယ်လို့ထင်ပါလားဗျ။

A. ပွင့်ပွင့်လင်းလင်းပြောရရင် ဒါက ရှားပါးပါတယ်။ နှစ်ကိုယ်တူဘ၀ကို တည်ထောင်ဖို့ဆိုတာ ရှားတယ်လို့ ထင်ပါတယ်။ အဲ့လိုမျိုးဘ၀ကို ရနိုင်လားဆိုတာကိုတော့ လူတစ်ယောက်နဲ့တစ်ယောက်က ကံတရားမတူတဲ့အတွက် သုံးသပ်ဖို့တော့ ကျွန်တော် မတတ်နိုင်ပါဘူး။

Q. ပတ်ဝန်းကျင်မှာ ကိုယ်ကဂေးလ်တစ်ယောက်ဖြစ်နေတဲ့အတွက် ကိုယ့်ကိုစနောက်ကြတဲ့အပေါ် ဘယ်လိုမျိုးဖြေရှင်းခဲ့ပါ သလဲဗျ။

A. အရင်တုန်းကတော့ အခြောက်မ ဂန်ဒူးမ စသည်ဖြင့် ခေါ်ကြတယ်။ သူတို့ရဲ့အမြင်မှာက နွဲ့နေတော့ ဟာသအမြင်နဲ့မြင်ကြတယ်။ သူတို့ပြောတာတွေ မဟုတ်ဘူးလားဆိုပြီးလဲ စိတ်ထဲမှာတွေးမိတယ်။ နာကျင်ရတယ်။ အရမ်းကို နာကျင်ရပါတယ်။ နာကျင်ပေမဲ့လဲ ဟုတ်နေတဲ့အတွက် သည်းခံရတယ်။ ပြန်ပြောလို့လည်းမရဘူး။ ငါက အခြောက်မဟုတ်ဘူး လို့လည်း ပြန်မပြောနိုင်ဘူး။ ကိုယ်တိုင်ကလဲ အခြောက်ဖြစ်နေတာပဲလေ။

Q. အကို ဘယ်လိုစိတ်ခံစားချက်နဲ့ နာကျင်ခဲ့ရတာလဲဗျ။ ပြောပြပေးပါလား။

A. အခုချိန်ထိ ဒီလိုမျိုးဖြစ်နေတာကို မိဘဆွေမျိုးတွေက လက်ခံတဲ့အတိုင်းအတာတစ်ခုဆိုပေမဲ့ ကွယ်ရာမှာ ပြောတဲ့စကားနဲ့ ရှေ့မှာပြောတဲ့စကားတွေ ပြန်ကြားရပါတယ်။ တစ်ခုခုဆိုအခြောက်မလို့ပဲ သုံးနှုန်းကြတယ်။ ကိုယ်က မိသားစုကို ထောက်ပံ့ပေးနိုင်တယ်။ လိုအပ်တဲ့ အကူအညီတွေပေးနိုင်ပေမဲ့ စကားပြောတဲ့အခါ အခြောက်မလို့ သုံးနှုန်းခံရတာဟာ တော်တော်လေး ခံစားရပါတယ်။ ပြောမပြတက်အောင်ပါပဲ။

Q. အကို့ရဲ့ လိင်စိတ်ခံယူမှုနဲ့ပတ်သတ်ပြီး ကြုံတွေ့ခဲ့ရတဲ့ ချစ်သူရှိရင်လဲ ပြောပြပေးပါအုံးဗျ။

A. ဟိုမိုလို့ပဲ ပြောရမှာပေါ့။ ဒီဘဝကြီးထဲမှာ ရည်းစားသုံးယောက်ထားခဲ့ဖူးတယ်။ ပထမတစ်ယောက်က အရမ်းရှုပ်လို့ ခွာချပစ်ခဲ့တယ်။ ဒုတိယတစ်ယောက်ကတော့ ရက်ပိုင်းလောက်လေးပဲ ဖေ့စ်ဖုတ်ကနေတွေ့တာပေါ့။ နောက်တစ်ယောက်ကတော့ ကျွန်တော့်ထက်အများကြီးငယ်တယ်။ ကျွန်တော့်ကိုလဲ ချစ်တယ်။ ဘယ်လိုခေါ်မလဲ ကိုယ်ကအခြောက်တစ်ယောက်မှန်းလဲ သူသိတယ်။ သူကလဲ ဟိုမိုဆိုတော့ အခြောက်ပါပဲ။ ကျွန်တော်ကတော့ အခြောက်အချင်းချင်းပဲ ကြိုက်တက်တယ်။ ခုသူနဲ့နေတာ ၈လကျော်သွားပါပြီ။ မိသားစုကိုလဲ ပွင့်ပွင့်လင်းလင်း ပြောပြခဲ့ပါတယ်။

Q. မိသားစုကို ပြောပြတဲ့အခါမှာ ဘယ်လိုတွေကြုံခဲ့ရလဲ ပြောပြပေးပါလားဗျ။

A. သူ့ကို စခေါ်လာပြီး မိတ်ဆက်ပေးတော့ အမေက ကျွန်တော့်ဆိုင်ကိုလာတဲ့ သူငယ်ချင်းထင်နေတာ။ သူငယ်ချင်းက အရမ်းနွဲ့တယ်နော်တဲ့။ ကျွန်တော်ကလဲ သူငယ်ချင်းမဟုတ်ဘူး။ ကျွန်တော့်ချစ်သူပါဆိုပြီး မိတ်ဆက်ပေးပါတယ်။ အမေကတော့ ဘာမှ ထူးထူးခြားခြားမပြောပါဘူး။ အဖေရော အမေရောက ပြုံးပြီး

ဟိုဖက်လှည့်နေကြတာ။ အခြောက်အချင်းချင်းရော ကြိုက်လို့ရတာလားဆိုပြီးမေးတော့ ဟုတ်တယ်ဆိုပြီး ပြန်ဖြေခဲ့ပါတယ်။

Q. ဘေးပတ်ဝန်းကျင်က အခြောက်အချင်းချင်းကြိုက်နေတယ်လို့ ပြောကြတဲ့အပေါ်မှာရော အကို့အနေနဲ့ ဘယ်လိုမျိုး ထင်မြင်ယူဆမိလဲဗျ။

A ကျွန်တော့် အနေနဲ့ကတော့ ဘယ်လိုမှ မသုံးသပ်ပါဘူး။ ဘေးပတ်ဝန်းကျင်ဆိုတာကတော့ ပြောကြမှာပါပဲ။ ကိုယ်တွေလဲ စကားကို ပေါက်ပေါက်ဖောက်သလိုပြောနေကြတာပါပဲ။ အဲ့ဒီတော့ ကျွန်တော့်အနေနဲ့ကတော့ ပတ်ဝန်းကျင်ရဲ့ စကားကို ဂရုမစိုက်တော့ပါဘူး။ အဓိကက ကျွန်တော်တို့နှစ်ယောက် အဆင်ပြေဖို့ပါပဲ။ ကျွန်တော်တို့ဘဝတိုးတက်ဖို့ မြင့်မားဖို့ပဲ ဂရုစိုက်ပါတယ်။ အဲ့ဒီတော့ သူတို့ပြောတဲ့စကားတွေကို ဂရုမစိုက်တော့ပါဘူး။ သူတို့ပြောလဲ ပြောပေါ့။ သူတို့အမြင်မှာတော့ အခြောက်နှစ်ယောက်အချင်းချင်း ကြိုက်နေတာ ဟာသတစ်ခုပေါ့။

Q. အကို့ရည်းစားရဲ့ မိဘဆွေမျိုးအသိုင်းအဝိုင်းကရော သိပါလားဗျ။ လက်ခံပါလားဗျ။

A. သူကတော့ သူ့အသိုင်းမှာဆိုရင် အမတွေကတော့ သိပေမဲ့ မိဘတွေကတော့ မသိဘူး။ သူမှာလဲ လက်ခံပေးနိုင်တဲ့ အကြောင်းတော့ မရှိလောက်ဘူး။ သူ့မိဘတွေက ရှေးရိုးစွဲတွေဆိုတော့ လက်ခံပေးမယ်လို့ မထင်ပါဘူး။ ကျွန်တော့်မိဘတွေ ကတော့ ခေတ်နဲ့အညီဆိုတော့ လက်ခံပေးနိုင်မယ်ထင်လို့ ဖွင့်ပြောခဲ့တာပါ။

Q. ကိုယ့်ရဲ့လိင်တူချစ်သူနဲ့ ဘဝတစ်ခုကို တည်ဆောက်တဲ့အခါမှာ ဘယ်လိုအခက်အခဲတွေရှိပါသလဲဗျ။ ဘယ်လိုမျိုးကြိုးစားခဲ့ပါသလဲဗျ။ အတွေ့အကြုံလေးတွေ ပြောပြပေးပါလားဗျ။

A. ရိုးရှင်းပါတယ်။ ကျွန်တော်က သူ့ကိုတွေ့တာက ဖေ့စ်ဖုတ်ကတွေ့တာပါ။ အဲ့ဒီကနေစသိတယ်။ သူ့အသက်ကိုတော့ မသိဘူး။ ဖေ့စ်ဖုတ်မှာကတော့ လိမ်နေကြတာပါပဲ။ ကျွန်တော်ကိုယ်တိုင်လဲ ကျွန်တော့်အသက်ကို ၂၆ကနေမတက်ဘူး။ သူ့ပုံကိုမြင်လိုက်တဲ့အချိန်မှာ ကျွန်တော့်မျက်စိထဲမှာ အရမ်းချောတာပဲ။ ကျန်တဲ့သူတွေကတော့ မပြောတက်ဘူး။ ဘယ်လိုခေါ်မလဲ သူ့အချစ်ကိုရမယ်လို့လဲ မထင်မိဘူး။ သူကနယ်ကလေ ရန်ကုန်ကို ကျွန်တော့်ဆီလိုက်လာပြီး အလုပ်လုပ်တယ်။ ရတဲ့ပိုက်ဆံကိုလဲ ကျွန်တော့်ဆီ အပ်တယ်။ ခုချိန်ထိတော့ သာယာနေပါတယ်။ ဒါပေမဲ့လဲ အဆိုးကိုလဲ ကျွန်တော်က မျှော်လင့်ထားပါတယ်။ ဘာလို့လဲဆိုတော့ သာမန်ယောကျာ်းမိန်းမ အိမ်ထောင်ရေးတောင် ကွဲကြသေးတာပဲလေ။ ကလေးတွေရမှကွဲတာတွေတောင်ရှိသေးတာပဲလေ။ လိင်တူချစ်သူနှစ်ယောက် ရေရှည်လက်တွဲ နိုင်ဖို့ဆိုတာက ပိုခက်ခဲပါမယ်။ နှစ်ယောက်လုံးက ယောကျာ်းတွေဖြစ်နေတဲ့အတွက်

ယောက်ျားမာနဆိုတာ ရှိပါတယ်။ တစ်ချိန်ချိန်မှာ သည်းမခံနိုင်တာရှိရင် ကွဲနိုင်ပါတယ်။ ခုချိန်မှာတော့ သာယာနေပါတယ်။

Q. ဘယ်လိုအကြောင်းအရာတွေက လိင်တူနှစ်ယောက်ကို ပေါင်းဖက်ဖို့ခက်ခဲစေမယ်လို့ထင်ပါသလဲဗျ။

A. ကျွန်တော့်အထင်ကတော့ မိသားစုအသိုင်းအဝိုင်းတွေကြောင့် ပေါင်းဖက်ဖို့ဆိုတာ အရမ်းကိုခက်ခဲတယ်လို့ထင်ပါတယ်။ အခြေအနေတွေအရမ်းကွာဟလို့ရှိရင်လဲ ခက်ခဲပါတယ်။ ခုတွေ့ခုကြိုက်က အရမ်းလွယ်ပါတယ်။ အဲ့လိုမျိုးတွေက များပါတယ်။

Q. အကို့ရဲ့ လက်ရှိအလုပ်အကိုင်နဲ့ ပတ်သတ်ပြီးတော့ ဘယ်လိုကြိုးစားခဲ့တာလဲ ဆိုတာလေး ပြောပြပေးပါအုံးဗျ။

A. ကျွန်တော့်ဆိုင်က ဆံပင်ညှပ်ဆိုင်ဆိုပေမဲ့ ကျွန်တော်က ဆံပင်ညှပ်ပညာကို မကျွမ်းကျင်တော့ ပြန်သင်ရပါတယ်။ ကျွန်တော်က မိက်ကပ်ပဲ ပြင်တက်ပါတယ်။ ခုချိန်မှာတော့ ကျွန်တော့်ဆိုင်လေးက နံမည်တစ်ခုတော့ ရလာခဲ့ပါပြီ။ ခုချိန်ထိတော့ ကိုယ့်ဆီကို လာတဲ့ ဧည့်သည်ကို အကောင်းဆုံးဝန်ဆောင်မှုတွေပေးပါတယ်။ ကျွန်တော်တို့နှစ်ယောက်စတွေ့တော့ စီးပွားရေးလုပ်ဖို့ စဉ်းစားပြီးတော့ နှစ်ယောက်ပေါင်းပြီးတော့ ဒီဆိုင်လေးကို ဖွင့်ခဲ့တာပါ။

Q. အကို့ဖြစ်ချင်တဲ့ အနာဂတ် စိတ်ကူးယဉ်အိပ်မက်လေးတွေရှိရင်ပြောပြပေးပါအုံးဗျ။

A. ဖြစ်ချင်တဲ့ စိတ်ကူးယဉ်အိပ်မက်ကတော့ ထွေထွေထူးထူးတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့ဘဝတူ အားလုံးလိုချင်နေတဲ့အရာပါပဲ။ သာသာယာယာနဲ့ အသက်ကြီးတဲ့အထိ အတူနေချင်တယ်။ အဆင်ပြေရင် မိဘမဲ့ ကလေးကျောင်းကနေ မွေးစားမယ်။ ဆွေမျိုးထဲက ကလေးတော့ မမွေးစားချင်ဘူး။ ကျွန်တော်က ကလေးအရမ်းချစ်တယ်။ ကလေးရဲ့ သေး ချီးကအစ လုပ်ပေးချင်တယ်။ ကလေးကို ငယ်ငယ်လေးထဲက ပြုစုပျိုးထောင်ပေးချင်တယ်။ ကျွန်တော့်တူတွေ ဆိုရင်လဲ ကျွန်တော့်လက်ပေါ်မှာပဲ ကြီးပြင်းခဲ့တာပါ။ ကျွန်တော့်အမတွေကလဲ ကျွန်တော့်အိမ်နားမှာနေတာဆိုတော့ တူတွေက ကျွန်တော့်အိမ်မှာပဲ နေကြတယ်။ ကျွန်တော့်ချစ်သူကလဲ ကလေးအရမ်းချစ်ပါတယ်။

Q. ကလေးမွေးစားရင်ရော ယောက်ျားလေးမွေးစားမှာလား မိန်းကလေးမွေးစားမှာပါလားဗျ။

A. အဲ့လိုမျိုးတော့ မရည်ရွယ်ပါဘူး။ ကိုယ်နဲ့ကုသိုလ်ကံပါမယ့် ကလေးကိုပဲ မွေးစားမှာပါ။ ကျွန်တော်တို့ အဖွဲ့လေးက မိဘမဲ့ကလေးကျောင်းလေးတွေကို သွားပြီး လှူဖြစ်တယ်။ အားငယ်နေတဲ့ ကလေးတွေကို အဖေတစ်ယောက်လိုမျိုးရော အမေတစ်ယောက်လိုပါ မေတ္တာတွေပေးချင်ပါတယ်။

Q. မိဘမဲ့ကလေးကျောင်းကို အဖွဲ့နဲ့အတူ အလှူအတန်းလေးတွေလုပ်ဖို့ ဘယ်လိုမျိုးစိတ်ကူးလေးတွေရခဲ့တာပါလဲ။

A. ကျွန်တော်က အရင်ထဲက ရပ်ကွက်ထဲမှာ ပရဟိတလုပ်ငန်းလေးတွေလုပ်ပါတယ်။ အခုနောက်ပိုင်းတော့ ဖေ့စဖုတ်တွေ တွင်တွင်ကျယ်ကျယ်သုံးလာတော့ အွန်လိုင်းမှာပဲ MRA Myanmar Rock Angel ဆိုပြီး ပရဟိတ အဖွဲ့လေးကို ၁၅ယောက်ဝန်းကျင်နဲ့ စခဲ့ပါတယ်။ မိဘမဲ့ကလေးတွေအတွက် ရည်ရွယ်ပြီး ဖွဲ့ခဲ့တာတော့ မဟုတ်ပါဘူး။ ရေဘေးသင့်ပြည်သူတွေကို ကူညီဖို့စဖွဲ့ခဲ့တာပါ။ ရေရှားပါးတဲ့ အရပ်ဒေသတွေကို ကူညီတယ် ဆေးရုံတက်နေတဲ့ စရိတ်စက မတတ်နိုင်တဲ့ သူတွေကိုလဲ ကူညီပေးပါတယ်။ အခါကြီးရက်ကြီးတွေမှာ ဘုရားကျောင်းကန်တွေမှာ သန့်ရှင်းရေးတွေလုပ်ပါတယ်။ စတုဒီသာကျွေးတယ်။ အဖွဲ့ဝင်တွေအကုန်လုံးကတော့ ကျွန်တော်တို့နဲ့ဘဝတူ အခြောက်တွေပါပဲ။

Q. အကိုတို့အဖွဲ့မှာရော အဖွဲ့ဝင်တွေကို ဘယ်လိုလူကိုမှ လက်ခံမယ် စသည်ဖြင့်ခွဲခြားထားတာတွေ ရှိပါသလားဗျ။

A. အဲ့ဒီလိုမျိုးမရှိပါဘူး။ ကျွန်တော်တို့အဖွဲ့မှာ လူပေါင်းစုံပါဝင်လို့ရပါတယ်။ ကျွန်တော်တို့အဖွဲ့မှာ မူစလင်တွေလဲ ပါပါတယ်။ ခရစ်ယာန်တွေလဲ ပါပါတယ်။ ကျွန်တော်တို့အဖွဲ့မှာ မိန်းမပုံ ယောကျ်ားပုံ အကုန်လက်ခံပါတယ်။ အကုန်လုံးက လိင်တူချစ်သူတွေပါပဲ။ ကျွန်တော်တို့အဖွဲ့လေးရဲ့ ရည်ရွယ်ချက်က ဘေးပတ်ဝန်းကျင်အမြင်မှာ ကျွန်တော်တို့ကို သူတို့က အခြောက်တွေဖြစ်နေပေမဲ့ သာမန်ယောကျ်ား မိန်းမတွေလိုမျိုးပဲ လူမှုရေးလုပ်ငန်းတွေလုပ်တယ်။ ခေါင်းဆောင်နိုင်တယ်ဆိုပြီး မြင်စေချင်တာပါ။ ပတ်ဝန်းကျင်က ကျွန်တော်တို့ကို အမြင်ကြည်စေချင်ပါတယ်။ ကျွန်တော်တို့အဖွဲ့ရဲ့ တော်တော်များများမှာ ဆရာဝန် အင်ဂျင်နီယာတွေ စစ်ဗိုလ်တွေလဲ ပါဝင်ပါတယ်။ ဌာနဆိုင်ရာဝန်ထမ်းတွေလဲ ပါကြပါတယ်။ အလှူအတန်းတွေလုပ်ပြီး နောက်ဘဝမှာ ယောကျ်ားစစ် မိန်းမစစ်ဖြစ်ရပါလို၏လို့ ဆုတောင်းဖြစ်တယ်။

Q. ဘာဖြစ်လို့ ယောကျ်ားစစ် မိန်းမစစ်ဖြစ်ရပါလို၏လို့ ဆုတောင်းဖြစ်တာလဲဗျ။

A. ကျွန်တော်တို့လဲ ယောကျ်ားစစ် မိန်းမစစ်တွေလို သာယာချင်ကြပါတယ်။ ရည်းစားထားရင်တောင်မှ ကိုယ်က အစစ်မဟုတ်တဲ့အတွက် ခဏတာပဲ သာယာရပါတယ်။ မမြဲဘူးလို့ပဲမြင်နေရတော့ အရာအားလုံးသာယာဖို့အတွက် ပုံမှန်ဘဝနဲ့ပဲ နေထိုင်ချင်ပါတယ်။

Q. ဘာသာရေးအရ လိင်တူနှစ်သက်သူတွေကို ဘယ်လိုမျိုးမြင်မိလဲဗျ။ အကို့အမြင်လေးပြောပြပေးပါအုံးဗျ။

A. ဘာသာရေးအမြင်အရတော့ ကျွန်တော့်အနေနဲ့ အများကြီး မသိပါဘူး။ တစ်ခါတုန်းကတော့ ရဟန်းဝတ်တော့ ဘုန်းကြီးက

ယောကျ်ားစစ်ဖြစ်ရဲ့လားလို့ မေးတဲ့အခါမှာ နဲနဲတော့ တွန့်သွားပေမဲ့ ကိုယ့်ကိုကိုယ်ပြန်နှစ်သိမ့်ရတယ်။

Q. ဂေးလ်တစ်ယောက်အနေနဲ့ ဘယ်စိတ်ကတော့ ယောကျာ်းလေးစိတ် ဘယ်စိတ်ကတော့ မိန်းကလေးစိတ်ဆိုပြီး ခွဲခြားထားတာမျိုးတွေရော ရှိပါသလားဗျ။

A. နေထိုင်မှုဘဝမှာတော့ ကိုယ်က အခြောက်တစ်ယောက်ဖြစ်နေတဲ့အတွက် ကိုယ့်ကိုကိုယ်အခြောက်လို့ပဲ ခံယူထားပါတယ်။ ကျွန်တော်တို့သည် ယောကျ်ားအလုပ်ကိုလဲ လုပ်နိုင်ရမယ် မိန်းမအလုပ်ကိုလဲ ထူးချွန်အောင် လုပ်နိုင်ရမယ်လို့ ထင်ပါတယ်။ အဲ့ဒီအတွက် ကျွန်တော်ကိုယ်တိုင်လဲ ကြိုးစားနေပါတယ်။

Q. ပညာရေးနဲ့ပတ်သတ်ပြီးတော့ရော ဘယ်လိုမျိုးတွေကြုံခံစားခဲ့ရလဲဗျ။

A. ကျွန်တော်၁၄နှစ်သားကိုးတန်းကျောင်းသားအရွယ်ထဲက ကိုယ့်ချေထောက်ပေါ်ကိုယ်ရပ်တည်ပြီး ကျောင်းနေခဲ့ပါတယ်။ ခုဆိုလို့ရှိရင် စိတ်ပညာနဲ့ ကျောင်းပြီးခဲ့ပါတယ်။ ကျောင်းသားဘဝမှာတော့ အဝေးသင်တက်ခဲ့တာဆိုတော့ ဘာမှမခံစားဖူးခဲ့ပါဘူး။ သူငယ်ချင်းတွေက အနည်းငယ်စတာနောက်တာလောက်ပဲ ကြုံခဲ့ရပါတယ်။ အရမ်းကြီးစတာနောက်တာတွေတော့ မကြုံခဲ့ရပါဘူး။ ကျွန်တော့် အမေက ဆရာမဆိုတော့ အမေ့အရှိန်လဲပါမယ်ထင်ပါတယ်။ ၆တန်းကနေအထက်တန်းပြီးဆုံးသည်ထိက အဒေါ်စာသင်တဲ့ကျောင်းဆိုတော့ လှောင်ပြောင်တာတွေမကြုံခဲ့ရပါဘူး။

Q. ဂေးလ်တွေအများစုပျော်ရွှင်ရတဲ့ပွဲတော် ဖြစ်တဲ့တောင်ပြုံးပွဲနဲ့ ပတ်သတ်ပြီးတော့ အကို့ရဲ့အမြင်လေးကို ပြောပြပေးပါအုံးဗျ။

A. ကျွန်တော်တို့ရဲ့ ရိုးရာပွဲတစ်ခုလို့မြင်ပါတယ်။ တောင်ပြုံးအရှင်နှစ်ပါးကို ရှိသေပါတယ်။ ချစ်ပါတယ်။ အိမ်မှာတော့ နတ်စင်တွေ ဘာတွေတော့မရှိပါဘူး။ ယုံကြည်လို့ ကိုးကွယ်ကြသူတွေကို ဘာမှမပြောလိုပါဘူး။ နတ်တွေဆိုတာကတော့ လောကီစီးပွားရေးအတွက်ကတော့ အထောက်အပံ့တစ်ခုဖြစ်ပါတယ်။ လောကုတ္တရာအတွက်ကတော့ အဆင်မပြေပါဘူး။ မယုံကြည်ရင် မကိုးကွယ်ပါနဲ့။ မစော်ကားစော်ချင်ပါဘူး။

Q. နတ်ကိုးကွယ်ယုံကြည်မှုကို စော်ကားဝေဖန်သူတွေကို ဘာပြောချင်ပါသလာဗျ။

A. ကျွန်တော်ခုနပြောသလိုပါပဲ။ မယုံကြည်ရင်နေပါ။ မစော်ကားပါနဲ့။ နတ်တွေလဲ သူ့ဟာသူနေတာပါ။ ကိုယ်လဲကိုယ့်ဟာကိုယ်နေပါလို့ပြောချင်ပါတယ်။ ကိုယ့်လမ်းကိုယ်လျှောက်စေချင်ပါတယ်။ ကျွန်တော်ဖြစ်စေချင်တာ ကတော့ မဝေဖန်ပါနဲ့။ ဝေဖန်မဲ့အစား အကျိုးရှိမဲ့ စကားလေးတွေပြောစေချင်ပါတယ်။ ကျွန်တော်တို့ဆိုရင်

တောင်ပြုံးပွဲသွား မယ်ဆိုပြီး စီစဉ်နေတဲ့အချိန်မှာ ရေဘေးဖြစ်တော့ လှူလိုက်ပါတယ်။

Q. ကျွန်တော်တို့နိုင်ငံမှာ ဂေးလ်တွေနဲ့ နတ်ရိုးရာတွေနဲ့ ဆက်စပ်နေတာလေးတွေကိုလဲ ပြောပြပေးပါအုံးဗျ။

A. ကျွန်တော့်အမြင်ပြောပြရရင် ဂေးလ်တွေကပိုပြီးတော့ နတ်တွေကိုချစ်တယ်လို့မြင်ပါတယ်။ ယောကျ်ားနတ်ကတောက ရှားပါတယ်။ မိန်းမနတ်ကတော်က ပေါ်များပါတယ်။ ဒါပေမဲ့ အခြောက်တွေက မိန်းမတွေထက် အပေါအပြော အငိုကအစသာနေတော့ အခြောက်နဲ့ နတ်လောကဆိုတာ ခွဲခြားလိုတောင်မရပါဘူး။ အဲ့ဒီအတွက်ကိုလဲ အရမ်းပဲ ဝမ်းသာရပါတယ်။

Q. အချစ်ရေးမှာ လိင်တူချစ်သူချင်းက အဆင်ပြေလား ဒါမှမဟုတ် ယောကျ်ားအစစ်တစ်ယောက်က ပိုပြီး အဆင်ပြေနိုင်လား အကို့အမြင်လေးပြောပြပေးပါအုံးဗျ။

A. လိင်တူချစ်သူတွေက ပိုပြီးတော့ ချစ်တက်ကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်စိတ်နဲ့နှိုင်းပြီး ချစ်ကြလို့ပါ။ သူတို့ကလဲ ကိုယ်တွေလိုပဲလေ။ ယောကျာ်းစစ်တွေက အခြောက်တွေအပေါ်မှာ သာယာမှုတစ်ခု လိုချင်မှုတစ်ခုကြောင့် ကပ်ကြတာများပါတယ်။ လိင်တူချစ်သူအချင်းချင်းကြတော့ တစ်ယောက်နဲ့တစ်ယောက် ပိုပြီးနားလည်ကြတယ်။ ပိုပြီးနားလည် ပေးနိုင်ကြမယ်လို့ထင်ပါတယ်။

ကျွန်တော့်ဘဝမှာတော့ သူငယ်ချင်းကလွဲလို့ ဘယ်ယောကျ်ားအစစ်ကိုမှ ရင်မခုန်ခဲ့ဖူးပါဘူး။ ကျွန်တော့် သူငယ်ချင်းတစ်ယောက်ဆိုရင်တော့ သူကယူထားတာက ယောကျ်ားအစစ်တစ်ယောက်ယူထားပါတယ်။ အခြောက် အချင်းချင်းမှာတော့ ဂုဏ်ယူစရာတစ်ခုဆိုပေမဲ့ သူ့ယောကျ်ားကို ထောက်ပံ့ပေးနေရပါတယ်။ နေတာကတော့ အတူနေပါတယ်။ သူတို့က အိမ်နီးနားချင်းဖြစ်သလို ငယ်သူငယ်ချင်းလဲ ဖြစ်ပါတယ်။

Q. ယောကျ်ားအစစ်ကို ယူမိလို့ ဘဝပျက်သွားတာမျိုးတွေရောရှိလားဗျ။

A. အဲ့ဒီလိုမျိုးဖြစ်သွားတဲ့သူတွေကိုတော့ မမြင်ဖူးသေးပါဘူး။ ဒီလိုပုံမှန်မျိုးပဲ တွေ့ဖူးပါတယ်။ ဘဝပျက်သွားမယ်ဆိုရင်တောင် အခြောက်တွေက ပြန်လည်ထူထောင်နိုင်ကြပါတယ်။ အခြောက်တွေမှာ အဲ့ဒီလို သတ္တိမျိုးတွေ ပိုင်ဆိုင်ထားကြပါတယ်။

Q. အခုလက်ရှိ လုပ်ဖြစ်နေတဲ့ ပရဟိတအဖွဲ့အကြောင်းလေးကိုလဲ ပြောပြပေးပါအုံးဗျ။

A. ကျွန်တော်က MRA အဖွဲ့လေးကို စိတ်တူကိုယ်တူ သူငယ်ချင်း၅ယောက်နဲ့ မန်းလေးသွားရင်နဲ့ တည်ထောင်ခဲ့ပါတယ်။ ရန်ကုန်ပြန်ရောက်တော့ ကျွန်တော်တို့နဲ့ပတ်သတ်တဲ့ သူငယ်ချင်းတွေနဲ့ ပတ်သတ်ပြီး ဖွဲ့ခဲ့ပါတယ်။ အဖွဲ့မှာ ကျွန်တော်က အသက်အကြီးဆုံးဆိုတော့ ကျွန်တော့်စကားကို

နားထောင်ပေးကြပါတယ်။ ကျွန်တော့်အပေါ်မှာလဲ ယုံကြည်မှုရှိကြပါတယ်။ ကျွန်တော်တို့အဖွဲ့က ပြင်ပအထောက်အပံ့ယူခဲ့တာလဲ ရှိပါတယ်။ ကျွန်တော်တို့အဖွဲ့တွေ ကိုယ့်အားကိုယ်ကိုးပြီး လစဉ်၅၀၀၀ကျပ် ထည့်ဝင်ပြီး လှူဒါန်းနေတာ အခုဆိုရင် ၂၅ကြိမ်မြောက် ရှိသွားပါပြီ။

Q. ဂေးလ်တွေကို နားလည်မှုမပေးနိုင်သူတွေက စကြနောက်ကြတာတွေက ခုချိန်ထိရှိနေနိုင်သေးပါလား နောင်တစ်ချိန်မှာ ရောရှိနေအုံးမှာလားဗျ။

A. အခုလို ပွင့်လင်းလာတဲ့အချိန်မှာတော့ မရှိသင့်တော့ဘူးလို့ထင်ပါတယ်။ ဒါပေမဲ့လဲ ရှိနေအုံးမှာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ လူတွေက တစ်ယောက်နဲ့တစ်ယောက် ခံစားချက်ခြင်းမတူလို့ပါ။ အနောက်နိုင်ငံတွေမှာလို လိင်တူချင်းခွင့်ပြုတဲ့နိုင်ငံ တွေမှာတောင် ဝေဖန်မှုတွေ တိုက်ခိုက်မှုတွေကတော့ ရှိနေပါသေးတယ်။

Q. သူတို့တွေက ဘာကြောင့်များတိုက်ခိုက်နေတယ်လို့ထင်လဲဗျ။

A. ကျွန်တော်ပြောသွားသလိုပါပဲ စိတ်ခံစားချက်ပါပဲ။ အတ္တတစ်ခု ရှေးရိုးစွဲတွေပေါ့။ ပြောင်းလဲလာတဲ့ခေတ်ကို မမြင်ကြတော့ဘူး။ သူတို့စိတ်ထဲမှာ ယောကျ်ားနဲ့မိန်းမပဲ ယူလို့ရတယ်လို့တွေးထားကြတယ်လေ။ နဲနဲလောက်လေး တိမ်းစောင်းသွားတာနဲ့ တိုက်ခိုက်ဖို့ကတော့ သူတို့ကစောင့်နေကြမှာပါ။

Q. အကို့ဘဝမှာ မေ့မရနိုင်တဲ့ အမှတ်တရလေးတွေရှိရင်ပြောပြပေးပါအုံးဗျ။

A. ကျွန်တော့်ဘဝရဲ့ ပထမဆုံးရည်းစားက ချစ်ခွင့်ပန်တဲ့အချိန်လေးပါ။ သူကတောင်ကြိုးကပါ။ သူက အရမ်းအေးနေတဲ့ အချိန်မှာ မာဖလာလေးပေးခဲ့တာက ဘဝမှာ အရမ်းအမှတ်တရဖြစ်ခဲ့ပါတယ်။ ခုချိန်ထိလဲ မေ့မရခဲ့ပါဘူး။ သူကလဲ လိင်တူချစ်သူတစ်ယောက်ပါပဲ။ သူကလဲ ကျွန်တော့်ကို ချစ်ခဲ့မယ်လို့ယုံကြည်ပါတယ်။ အနေနီးတော့ ချစ်ခဲ့တာလဲ ပါမယ်ထင်ပါတယ်။ ဒါပေမဲ့ အနေဝေးသွားတဲ့အခါမှာ သူ့ဘက်က ရှုပ်တော့ အဆက်အသက်ဖြတ်ပစ်ခဲ့ပါတယ်။ ကျွန်တော့်အမြင်အရကတော့ လိင်တူချစ်သူတွေက ယောကျ်ားအစစ် မိန်းမအစစ်တွေထက်ကို လိင်စိတ်ပြင်းပြတော့ တစ်ယောက်မက ထားတယ်လို့ထင်ပါတယ်။ ကျွန်တော့်စိတ်ခံစားချက် သက်သက်ပါ။

Q. အကိုကသူ့ကို သည်းခံပြီးဆက်မတွဲပဲနဲ့ ဘာကြောင့်များဖြတ်ဖို့ ဆုံးဖြတ်ခဲ့တာပါလဲဗျ။

A. အစကတော့ အရမ်းကိုသည်းခံခဲ့ပါတယ်။ အရင်ကဆို အချိန်မှန်ဖုန်းဆက်တာတို့ လုပ်ပါတယ် စကြိုက်ထဲကပါ။ နောက်ပိုင်းတော့ ၃ရက်လောက်နေမှ ဆက်တာတို့

တစ်ပတ်လောက်နေမှ ဆက်တာတို့လုပ်ပါတယ်။ ကျွန်တော်က အသိမိတ်ဆွေအရမ်းများပါတယ်။ ကျွန်တော်ကသူ့ကို အမြဲတမ်းနားလည်မှုပေးခဲ့ပါတယ်။ ဖြတ်ခဲ့တယ်ဆိုပေမဲ့ သူငယ်ချင်းလို နေကြရအောင်ဆိုပြီးပြောခဲ့တာပါ။ ခုချိန်ထိလဲ သူငယ်ချင်းလိုပဲ နေကြပါတယ်။

Q. အဲ့ဒီအချိန်မှာ သူ့ဘက်ကရော ဘယ်လိုမျိုးတုံ့ပြန်ခဲ့ပါသလဲဗျ။

A. သူ့ဘက်ကတော့ မပျက်ဘူး။ နောက်ခါမလုပ်တော့ပါဘူးပြောပါတယ်။ ဒါပေမဲ့လဲ ကျွန်တော်က သူ့ဖြေရှင်းချက်တွေကို နားမထောင်ချင်တော့ပါဘူး။ အဲ့လိုနဲ့ပဲ ပြတ်သွားပါတယ်။

Q. လိင်တူချစ်သူတွေအနေနဲ့ ရည်းစားများကြတာကိုရော အကို့အနေနဲ့ဘယ်လိုမြင်ပါသလဲဗျ။

A. ကျွန်တော့်အနေနဲ့ကတော့ အတတ်နိုင်ဆုံး တစ်ယောက်နဲ့တစ်ယောက်မြဲစေချင်ပါတယ်။ ရည်းစားများတယ်ဆိုရင်လဲ ပတ်ဝန်းကျင်က အထင်အမြင်သေးပါတယ်။ ကျွန်တော့်မြင်ကတော့ တစ်ယောက်နဲ့တစ်ယောက် သစ္စာရှိစေချင်ပါတယ်။

Q. အကိုရည်ရွယ်ထားတဲ့ စိတ်ကူးယဉ်အိပ်မက်လေးတွေရှိရင်လဲ ပြောပြပေးပါအုံးဗျ။

A. စိတ်ကူးယဉ်အိပ်မက်ကတော့ ရှိပါတယ်။ ကိုယ်ချစ်တဲ့သူနဲ့ ခုချိန်ကနေစပြီးတော့ အသက်တွေကြီးလာတဲ့ထိ အတူနေသွားချင်ပါတယ်။ အခုလုပ်နေတဲ့ ပရဟိတတွေကိုလဲ ထပ်တိုးပြီး တကယ်လိုအပ်တဲ့နေရာတွေမှာ လုပ်ချင်ပါသေးတယ်။ ပရဟိတအလုပ်ကလဲ ကျွန်တော်တစ်ယောက်ထဲလုပ်လို့မရပါဘူး။ ကျွန်တော်တို့ဘဝတူ လိင်တူချစ်သူတွေနဲ့ တွဲပြီး လုပ်ချင်ပါသေးတယ်။ လိင်တူချစ်သူအချင်းချင်း ပရဟိတလုပ်ရတာ ပိုပြီးတော့ ပျော်ပါတယ်။ ပြီးတော့လဲ လက်တွဲခေါ်ချင်ပါတယ်။

Q. မိန်းမပုံစံကဲ့သို့ပြောင်းလဲဝတ်ဆင်တဲ့ Transgenderတွေနဲ့ Gay တွေကြား အချင်းချင်းလှောင်ပြောင်နေကြတာကို အကို့အနေနဲ့ ဘာပြောချင်ပါသလဲဗျ။

A. အဲ့လိုတွေမဖြစ်သင့်ပါဘူး။ ထဘီဝတ်ထားတဲ့သူလဲ အခြောက်ပါပဲ။ ယောကျာ်းပုံဝတ်ထားတဲ့သူလဲ အခြောက်ပါပဲ။ အခြောက်ချင်းအတူတူမို့ ရန်ဖြစ်တာတွေ စကားများတာတွေ မဖြစ်စေချင်ပါဘူး။ ကျွန်တော်တို့လူနည်းစုဘဝတွေဟာ သူများတွေရဲ့ နှိမ့်ချမှုကို ခံစားနေရတာပါ။ အဲ့ဒီအတွက် လူနည်းစုကျွန်တော်တို့က ပိုပြီး စည်းလုံးရမှာပါ။

Q. လိင်တူချစ်သူတွေကို မုန်းနေကြတဲ့ ပတ်ဝန်းကျင်ကိုရော ဘာများပြောချင်ပါသလဲဗျ။

A. ကျွန်တော် အဲ့ဒီလိုလူတွေကို တော်တော်များများကြုံခဲ့ဖူးပါတယ်။ ရုတ်ရုတ်ကန်းကန်းဆဲဆိုတာတွေကို ကြုံခဲ့ဖူးပါတယ်။ ကျွန်တော်တို့တွေက ဖြစ်ချင်လို့ဖြစ်နေတာမဟုတ်ပါဘူး။ ကံ၊ကံ၏အကျိုးပါ။ အဲ့ဒီအတွက် မကဲ့ရဲ့ကြဖို့ပြောချင်ပါတယ်။ ကဲ့ရဲ့နေတဲ့သူတွေကရော သားသမီးမမွေးကြတော့ဘူးလား။ ကျွန်တော်တို့လို မဖြစ်ပါစေနဲ့လို့ပဲ တောင်းဆုပြုပါတယ်။

Q. ဘယ်လိုဝေဖန်မှုမျိုးတွေကြုံခဲ့ရတာလဲဗျ။

A. အများအားဖြင့်တော့ ဖေ့စဖုတ်ပေါ်မှာကြုံရပါတယ်။ ကျွန်တော်တို့က ဟိုမိုတွေအတွက် ဖေ့စဖုတ်ပေ့ချ်တွေထောင်ထားရင် သူတို့တွေက Hack ပြီးဆဲဆိုကြပါတယ်။ အဲ့ဒီလိုမျိုးတွေပါ။ အဲ့ဒီအတွက် တော်တော်လေးခံစားခဲ့ရပါတယ်။ ကျွန်တော်တို့က ဟိုမိုဂရုတွေကို ကလို့စ်ဖရန့်ထားပါတယ်။ ဟက်ကာတွေက ပက်ဘလစ်ကို ဖွင့်ချပြီး ညစ်ညစ်ပတ်ပတ်ဆဲဆိုတာမျိုးတွေ ကြုံဖူးပါတယ်။

Q. အွန်လိုင်းမှာ ကြည့်ရှုလို့မသင့်တော်တဲ့ ပုံတွေတင်နေတဲ့သူတွေကိုရော ဘာပြောချင်ပါသလဲဗျ။

A. ကျွန်တော် အကြံတော့ မပေးတတ်ပါဘူးဗျ။

Q. အွန်လိုင်းမှာ ပရဟိတအပြင် ဘာတွေများလုပ်ပါသေးလဲဗျ။

A. အွန်လိုင်းမှာတော့ ပရဟိတတစ်မျိုးပဲလုပ်ပါတယ်။ အပြင်မှာတော့ နာရေးကူညီမှုအသင်းမှာ ဝင်ထားပါတယ်။

Q. စာရေးတာ ကဗျာ ရေးတာမျိုးတွေလုပ်လားဗျ။

A. မလုပ်ပါဘူး။ ကျွန်တော်က အဲ့ဒီအပိုင်းမှာ အရမ်းအားနည်းပါတယ်။

Q. အခုလို အင်တာဗျူးလာဖြေရတာကို ဘယ်လိုခံစားရလဲဗျ။

A. မေးတဲ့သူကလဲ ပွင့်ပွင့်လင်းလင်းမေးသလို ပွင့်ပွင့်လင်းလင်းဖြေရတဲ့အတွက် ဝမ်းသာပါတယ်။ ပြီးတော့ လိင်တူချစ်သူတွေရဲ့ဘဝတွေကို မှတ်တမ်းတင်ပြီး ပြပွဲမှာပြမယ်ဆိုလို့လဲ ကျေးဇူးတင်ပါတယ်။

Q. အကို့အနေနဲ့ တစ်ခြား လိင်တူပရဟိတအဖွဲ့တွေနဲ့ ပူးပေါင်းပြီး လုပ်ဖို့ရော အစီအစဉ်ရှိလားဗျ။

A. ကျွန်တော်ကတော့ မွေးကတည်းက ပရဟိတလုပ်ဖို့ကို ဝါသနာပါတဲ့အတွက် အခြားအဖွဲ့အစည်းတွေနဲ့လဲ ပူးပေါင်းလုပ်ဖို့ ဆန္ဒရှိပါတယ်။ ကျန်တဲ့ကိစ္စတွေတော့ ပူးပေါင်းဖို့ မရှိပါဘူး။

Q. အကို့ကို ပတ်ဝန်းကျင်က အခြောက် အမ အကို စသည်ဖြင့် ဘယ်လိုအသုံးအနှုန်းကို သဘောကျပါဘဲဗျ။

A. အခြောက်ကို အခြောက်လို့ခေါ်တာ ဘယ်သူမှမကြိုက်ပါဘူး။ ရပ်ကွက်ထဲကတော့ မာမီတို့ ဂွေးစိနဲ့မမတို့ စသည်ဖြင့်ခေါ်ပါတယ်။ ကျွန်တော့်ဘက်ကတော့ လွန်လွန်ကြူးကြူးတုံ့ပြန်တာမျိုးတွေ မရှိပါဘူး။ သူတို့ဟာသူတို့ ကြိုက်သလိုခေါ်လို့ရပါတယ်။ ဖေ့စဖုတ်က

အသိတွေကတော့ မားဂျွန်ဆိုပြီး ခေါ်ပါတယ်။ ဘယ်လိုခေါ်ခေါ် ကျွန်တော့်အတွက် အဆင်ပြေပါတယ်

Q. ဒီနေရာကနေ အားလုံးအတွက် ဆုတောင်းစကား ပြောချင်တဲ့စကားလေးရှိရင် ပြောပေးပါဒုံးဗျ။

A. ကျွန်တော်တို့ ဘဝတူညီအကိုလိင်တူချစ်သူတွေအားလုံး ဘယ်လိုအကြောင်းအမျိုးမျိုးနဲ့မှ စိတ်ဓာတ်မကျဖို့ ပြောချင်ပါတယ်။ မိသားစုကလက်မခံလဲ အားမငယ်ပါနဲ့ ကိုယ့်စိတ်ထဲက အမှန်ကို မိသားစုကို ဖွင့်ပြောပါ။ ပွင့်ပွင့်လင်းလင်း ဖွင့်ပြောစေချင်ပါတယ်။ စိတ်ကို လွှတ်ထားလိုက်ပါ။ ကိုယ့်ကိုနားလည်ပေးမဲ့သူကနေစပြီး ဖွင့်ပြောလိုက်ပါ။ စိတ်ဓာတ်မကျပါနဲ့လို့ပဲ ပြောချင်ပါတယ်။

Q. □□□□□□□□□□□□□□□□□□

---

## ၆။ ဩဇာမိုး (၂၃) ရန်ကုန်မြို့

Q . မင်္ဂလာပါအမည် ၊ အသက်နဲ့နေရပ်လိပ်စာရယ် အလုပ်အကိုင်ရယ် ပြောပြပေးပါ။

A . အမည်က ဩဇာမိုး ၊ အသက်က ၂၃ နှစ်ရှိပါပြီ ။

Q . ဩဇာမိုး အနေနဲ့ လိင်စိတ်နဲ့ ပတ်သတ်ပြီး ကိုယ့်ကိုယ်ကို ဘယ်လိုခံယူထားလဲ?

မိန်းကလေးလို့ပဲခံယူထားတယ်။ ဒါပေမယ့်အဝတ်အစားကို ယောက်ကျားလေးဆန်တာကြိုက်တယ်။ အမျိုးသမီးတွေကို စိတ်လှုပ်ရှားတယ်။ လွပ်လပ်တဲ့ပုံစံမျိုး ယောက်ကျားလေးတယောက်လို ဝတ်ရတာကြိုက်တယ်။

Q . ဒါဆိုဘယ်အချိန်လောက်ကစပြီးယောက်ကျားလေးလိုစဝတ်ခဲ့တာလဲ?

A . (၅) နှစ်သား (၆) နှစ်သား ကတည်းကပေါ့။ ငယ်ငယ်က အဖေက ဂါဝန်လေးတွေဘာလေးတွေ ဆင်ပေးတယ်။ အဲ့ဂါဝန်မြင်တာနဲ့ ကပ်ကြေးတွေနဲ့ညှပ်ပစ်တာတွေဘာတွေလုပ်တော့ အဲ့နောက်ပိုင်းကစပြီး ရတယ်ကိုယ်ဝတ်ချင်တာဝတ်။ များသောအားဖြင့်သူတို့ဝယ်ပေးတာကလည်း တီရှပ်တို့ ရှပ်အကျီတို့ပဲများတယ်။

Q. ဒါဆိုတော်တော်ငယ်ငယ်ကတည်းက ယောကျ်ားလေးပုံစံနေရတာ နှစ်သက်ခဲ့တာဆိုတော့ ဒီကျောင်းတတ်လာတဲ့ ကာလအတွင်းမှာ သူငယ်ချင်းတွေနဲ့ရော ဆရာမတွေနဲ့ရော ဘယ်လိုပြောဆိုတာတွေခံခဲ့ရလဲ။

A. ငယ်ငယ်တုန်းက ယောက်ျားလေးလိုဝတ်တယ်ဆိုပေမယ့် နဲနဲကြီးလာတဲ့အချိန် (၆)တန်း (၇)တန်းလောက်မှာ ဆံပင်ရှည်ထားရတာကြိုက်တယ်။ ဆံပင်ရှည်ထားတယ်။ ပြီးတော့စကပ်တွေ ဘောင်းဘီတိုတွေဝတ်တယ်။ ကျောင်းမှာလည်းရင်ဖုံးနဲ့ထမီပဲဝတ်တယ် တချို့Tom boy တွေလို ရှပ်အကျီ ်အပေါ်ထပ်ဝတ်တာတောင်မလုပ်ဘူး။ ပုံမှန်အတိုင်း မိန်းကလေးတယောက်လိုပဲနေတယ်။ကိုယ့်ဘက်ကလည်း အရမ်းကန့်လန့်တိုက်တာမရှိတော့ သိပ်ပြီးဆိုးဆိုးဝါးဝါးကြီး မဖြစ်ဘူး အဆင်ပြေပါတယ်။

Q. ဒါဆိုရင် အဝတ်အစားအပေါ်မှာ စိတ်ဖိစည်းမှု့များတာမျိုးသိပ်မရှိခဲ့ဘူးပေါ့။

A. မရှိဘူး လိုက်လျောညီထွေစွာပဲနေခဲ့တယ်။

Q. ဒါဆိုဘဝမှာ ယောက်ကျားလေးရည်းစားရောထားဖူးလား။

Q. ကိုယ့်ကိုယ်ကို ယောကျာ်းလျာတယောက်မှန်းတော့မသိသေးဘူးပေါ့ အဲ့အရွယ်တုန်းက မိန်းကလေးသူငယ်ချင်းတွေထဲမှာ နေတာကြာလို့ အနေနီးလို့ မိန်းကလေးတွေပဲ ငါ့ကြိုက်နေတာလားမသိဘူးဆိုပြီးတော့ ကိုယ့်ကိုယ်ကို စမ်းသပ်ချင်တဲ့စိတ်နဲ့ ယောက်ကျားလေးရည်းစားစကား လာပြောရင် လက်ခံတယ်။ ကိုယ်များပြန်ပြီးများ ကြိုက်သွားမလားပေါ့။ လက်ခံတယ်။ ပြီးတော့ငါမကြိုက်ဘူးဆိုတာသိလာတယ်။

Q. အဲ့ဒီအပေါ်ခံစားရတဲ့ ခံစားချက်ကလေးကိုပြောပြပေးပါအုံး?

A. စိတ်ကျဉ်းကြပ်တယ် သူတို့နဲ့စကားပြောရတာကအစ မပြောချင်တာမျိုးတွေ အပြင်သွားရင် မပျော်ဘူး စိတ်ကအဲ့လိုမျိုးတွေ။ မိန်းကလေးရည်းစားနဲ့ဆိုရင် ရင်ခုန်တာတွေဘာတွေဖြစ်တယ်။

Q. မိန်းကလေးရည်းစားကရောဘယ်အရွယ်လောက်ကစထားဖြစ်တာလဲ။

A. ငယ်ငယ်တုန်းကတော့ ရည်းစားရယ်လို့တော့မဟုတ်ဘူး အတူတူသွားအတူတူလာ သူငယ်ချင်းလိုပုံစံလောက်ပဲ ကိုယ်ကပျော်နေတာ။ (၇)တန်းလောက်မှာ စပြီးတော့ရည်းစားဆိုတဲ့ ပုံစံမျိုးနဲ့စပြီးထားဖြစ်တယ်။

Q. အဲ့ဒီတယောက်နဲ့ရောဆက်တွေ့ဖြစ်သေးလား။

A. ရှိတယ်တွေ့ဖြစ်တယ်အဆက်အသွယ်လည်းရှိခဲ့တယ်။ ဒါပေမယ့်အခုနောက်ပိုင်းမတွေ့ဖြစ်တော့ဘူး။

Q. ဘဝမှာ မိသားစုက ဖြစ်စေ၊ ပါတ်ဝန်းကျင်ကဖြစ်စေ၊ ကိုယ်ချစ်တဲ့သူကဖြစ်စေ ၊ ကျောင်းမှာဖြစ်စေ ကိုယ့်အပေါ် အကြမ်းဖက်တယ်လို့ ကိုယ်သတ်မှတ်ထားတဲ့အပြုအမူမျိုးနဲ့ ဆက်ဆံခြင်း ခံခဲ့ရဖူးလား?

A. ကိုယ့်ဘဝမှာတော့ တစ်ခါမှအကြမ်းဖက်တာမျိုးကို မကြုံခဲ့ရဖူးပါဘူး

Q. လိင်ဆက်ဆံမှု့ဆိုတဲ့အပေါ်ရော ဘယ်လိုမြင်လည်း?

A. အမျိုးသားနဲ့တော့လိင်မဆက်ဆံဖူးဘူး။ အမျိုးသမီးနဲ့ လိင်ဆက်ဆံရတာ သဘောကျတယ်။ ဒါသူ့ဖာသူဖြစ်လာတာပါ။လုပ်ယူလို့မရဘူး။ အတွင်းစိတ်ကဖြစ်လာတော့ပေ့ါ။

Q. လက်ရှိ လုပ်ရှားနေတဲ့ အကြောင်းလေးတွေကို ပြောပြပေးပါ?

A. ဒီ LGBT life နဲ့ပက်သတ်ပြီးတော့ volunteer လုပ်တယ်။ နောက်ထပ် ဒီ LGBT life နဲ့ပက်သတ်တဲ့ သင်တန်းတွေ တတ်ဖြစ်တယ်။ အသင်းအဖွဲ့နဲ့ ပါဝင်ကူညီလုပ်ဆောင်တယ်။ အခုလောလောလတ်လတ် မှာကတော့ မြန်မာနိုင်ငံရဲ့ လူငယ်မူဝါဒဖြစ်မြောက်ရေးနဲ့ပါတ်သတ်ပြီးပါဝင်လုပ်ဆောင်နေတယ်။

Q. အဲ့လိုလုပ်နေတဲ့အခါ ကိုယ်က ယောကျ်ားလျာ တယောက်ဖြစ်တဲ့အတွက် ကိုယ့်ကိုစိတ်အနှောက်အယှက်ပေးတာ၊ စကားတွနဲ့ စိတ်ဒုက္ခရောက်အောင်လုပ်တာတွေကြုံခဲ့ဖူးလား။

A. သူတို့က youth ပေါ်လစီလုပ်နေတာကြောင့်မို့လို့ လူငယ်တွေလိုချင်တယ်ဆိုလို့ တကယ့်တကယ်အရွေးခံရတဲ့အထဲမှာ LGBT ပါလာတဲ့အတွက်ကြောင့်မို့လို့ သူတို့မနှစ်သက်တဲ့ပုံစံမျိုးတွေ အစပိုင်းမှာပြတယ်။ လုပ်နိုင်မှာအရေးပါမှာမဟုတ်ဘူးလို့ထင်ကြတယ်၊ ကိုယ်ဖြစ်ချင်တာတွေပဲ ကိုယ်ပြောကြမယ်လို့ထင်ကြတယ်။ နောက်လူရွေးတော့မဲစနစ်နဲ့သွားတော့ ကိုယ့်ကိုLGBT မို့လို့ တမင်တကာတိုက်ခိုက်ပြီးချန်ထားခဲ့တာတွေရှိတယ်။ အဲ့လိုမျိုးတွေကြုံရတယ် အခုနောက်ပိုင်းမှ အဆင်ပြေလာခဲ့တာပါ။

Q. ဒီလိုပေါ်လစီတွေရေးဆွဲနေတဲ့ခေါင်းဆောင်ပိုင်းမှာရောခွဲခြားမှုတွေရှိသေးလား။

A. ရှိတယ်။ ရှိခဲ့ပါတယ်။

Q. အဲ့ဒီလိုအချိန်တွေကို ဘယ်လိုမျိုး ကျော်ဖြတ်လဲဗျ။

A. နဂိုကိုယ့်စိတ်ကိုက အရမ်းပျော့ညံ့တယ်။သူများတွေကကိုယ့်ကို လာပြီးတိုက်ခိုက်လာတဲ့အချိန်မှာလည်း နဂိုတည်းက ပျော့ညံ့နေတော့ ငါဒီလိုလုပ်နိုင်ပဲ့ါမလား သူတို့ပြောသလိုများငါဖြစ်နေမလားဆိုတဲ့ အတွေးတွေကအခုချိန်ထိဝင်နေတုန်းပဲ ဒါပေမယ့်လက်တွဲပြီးခေါ်တဲ့သူတွေရှိတယ်။ နင်လုပ်နိုင်ပါတယ် တွေဝေမနေနဲ့ဆိုပြီး လက်တွဲပြီးခေါ်လူတွေရှိလို့လည်း အခုဖြစ်လာတာပေ့ါနော်။

Q. နောက်ဆက်ပြီးတော့ရောဘာတွေလုပ်ဖို့အစီအစဉ်ရှိလဲ။

A. အခုလက်ရှိမှာတော့ youth ပေါ်လစီအတွက်လုပ်နေတုန်းပေ့ါနော်။ ဒီLGBT ဘက်မှာလည်းသင်တန်းဆင်းလာတယ်။ နောက်ထပ်အလုပ်တွေတော့ အများကြီး လုပ်ဖို့စဉ်းစားထားတယ်။

ဒါပေမယ့်အခုချိန်မှာတော့ နဲနဲစိတ်ဓာတ်ကျတဲ့အခြေအနေမျိုးဖြစ်နေတော့ ဘာမှတော့ ဆက်ပြီး မလုပ်ဖြစ်သေးဘူး။ အခုလက်ရှိလုပ်လက်စတွေကိုပဲ သေချာအောင်အာရုံစိုက်ထားတယ်။

Q. အခုလက်ရှိချစ်သူကရော အမျိုးသားလား? အမျိုးသမီးလား?

A. လက်ရှိလောလောဆယ်ကတော့ single ဖြစ်နေတယ်ပေါ့နော်။နောက်ဆုံးရည်းစားကတော့အမျိုးသမီး။

Q. သူနဲ့ဘယ်လိုမျိုးလေးတွေ့ခဲ့တာလဲဘယ်လိုကြောင့် လမ်းခွဲလိုက်ကြတာလဲ တချက်လောက် ပြောပြပေးလို့ရမလား။

A . သူနဲ့ဘယ်လိုတွေ့တာလည်းဆိုတော့ ဆိုရှယ် မီဒီယာကနေတွေ့ တာ အပြင်မှာသူငယ်ချင်းဖြစ်သွားတယ်။ ရင်းနှီးတာကြာတော့ရည်းစားဖြစ်သွားတယ်။အခုလောလောဆယ်မှာအဆင်မပြေတာတွေဖြစ်နေတော့ကွဲနေတယ်။အခုချိန်ထိတော့ချစ်နေတုန်းပဲ။

Q. ကိုယ့်ကိုယ်ကိုဘယ်အချိန်လောက်ထိဆက်ချစ်နိုင်လိမ့်မယ်လို့ ယုံကြည်ချက်ရှိလဲ။

A. ဖြစ်နိုင်ရင်တော့ အခုချက်ချင်းတောင် မချစ်ချင်တော့ဘူး။ ကိုယ်တိုင်တောင်အဲ့လောက်ထိ ကြီးချစ်မိသွားခဲ့မိလိမ့်မယ်လို့ မထင်ထားခဲ့မိဘူး။

Q. တနေ့နေ့တချိန်တချိန်ချိန်မှာသူ့ဘက်ကိုယ့်ဘက်လာမယ်ဆိုရင် ဩဇာမိုးအနေနဲ့ ရင်ဖွင့်ပြီး ကြိုနေမှာလား ကျောခိုင်းသွားမှာလားဗျ။

A. အခုလက်ရှိစိတ်နဲ့ပြောရရင်တော့ အဲ့ဒီတချိန်ချိန်ကိုမရောက်ခင် အခုကတည်းက သူ့ကိုကြိုနေခဲ့ပါတယ်။ မကြိုချင်တဲ့စိတ်လဲရှိနေတယ်။ ကိုယ့်ကိုကိုယ်မထိမ်းချုပ်နိုင်ဘူး။

Q. အဲ့ဒါဘာကြောင့်လို့ ထင်လဲ။

A. သူ့ကိုချစ်နေတာကို။

Q. သူ့ ကိုအရမ်းချစ်တယ်ပေါ့။ အဲ့ဒါဆိုရင် ဘဝမှာတွဲခဲ့ဖူးသမျှရည်းစားနဲ့ ပတ်သက်ပြီး အမှတ်တရဖြစ်ခဲ့ဖူးတဲ့အကြောင်းလေးတွေရှိရင်ပြောပြပေးပါ။

A. မမေ့နိုင်တဲ့အဖြစ်အပျက်တွေကတော့အများကြီးရှိတယ်။ ရည်းစားတွေအကုန်လုံးကို မတူညီတဲ့ပုံစံမျိုးနဲ့ ချစ်တာပေါ့နော်။ ခံစားချက်တွေလည်းအများကြီးရှိတယ်။ သူကကိုယ့်ကိုထားတဲ့ ခံစားချက်တွေက အမေ တယောက်လို အမတယောက်လိုလည်းပါတယ်။ သူ့ကိုအဲ့လိုမျိုးတွေပဲ ဖော်ပြခွင့်ရတယ်။ ဒါပေမယ့်ကိုယ်ကအဲ့လိုမဖော်ပြချင်ဘူး။ ကိုယ့်ချစ်သူတယောက်လိုပဲ ဖော်ပြချင်တယ်။ အဲ့လိုမတူညီတဲ့အခါ ရင်ထဲမှာ ခံစားရတယ်။

Q. အခုလက်ရှိရော ညီအကိုမောင်နမတွေ မိသားစုတွေနဲ့ အဆင်ပြေလား။

A. မိဘတွေနဲ့ အဆင်မပြေတာကတော့တခုပဲ အခုဒီလိုနေနေတာကို အဆင်မပြေတာ။ ကျန်တာတွေအကုန်အဆင်ပြေတယ်။

Q. မိဘတွေကို LGBT life နဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေ youth ပေါ်လစီ အကြောင်းတွေနဲ့ပတ်သတ်ပြီးတော့ရော ရှင်းပြ ဆွေးနွေးဖူးဘူးလား။

A. ကိုယ့်ဘက်ကတော့ပြောပြတယ် သူတို့ဘက်က စိတ်ဝင်စားမှုမရှိတဲ့အခါကျတော့ ကိုယ်ဘာတွေလုပ်နေလည်း ဆိုတာလည်းသူတို့သိသင့်သလောက်တော့ သိတယ်။ အကုန်လုံးနီးပါးပြောပြတယ်ပေါ့နော်။

Q. သူတို့ဆီက ပြန်လာတဲ့ feedback ကရော ဘယ်လိုပုံစံမျိုးလည်း။

A. သူတို့ဆီကပြန်လာတဲ့ feedbackကတော့ သူတို့ကဒီအလုပ်ကိုမလုပ်စေချင်ဘူး အခုအချိန်မှာက volunteer လူငယ်တယောက်အနေနဲ့ လုပ်နေတာဆိုတော့ ပုံမှန်ဝင်ငွေမရှိဘူး နောက်ပြီးတော့ ဒီအလုပ်တွေဆိုတာကလည်း နဂိုရှေးရိုးစွဲ အမြင်တွေအတိုင်းပဲ ရှိကြတာပေါ့နော် အစကဆို ဒီအလုပ်ကိုလုပ်နေတာ နိုင်ငံရေးလုပ်နေပါတယ်ဆိုပြီးတော့တောင်အိမ်ကပြောတယ်။

အရင်တုန်းကတော့ လုပ်စေချင်တယ်လည်းမဟုတ်ဘူး။ မလုပ်စေချင်ဘူးလည်းမဟုတ်ဘူး အခုနောက်ပိုင်း ကိုယ်ကလည်းနဲနဲ အရင်တုန်းကနဲ့မတူတော့ ဆက်မလုပ်စေချင်ကြတော့ဘူး။

Q. ကိုယ်လုပ်နေတဲ့ အများအကျိုးပြုလုပ်ငန်းတွေနဲ့ပတ်သတ်ပြီး ပတ်ဝန်းကျင်က ဝေဖန်တာတွေကို ခံခဲ့ရဖူးသလား။

A. ရှိတယ်အဓိကကတော့ စိတ်ပဲ ၊ကိုယ့်ရဲ့စိတ်ပေါ့နော်။အကုန်လုံးကိုလိုက်ပြီးခံစားနေတဲ့အရာမျိုးတွေ ၊ ကိုယ့်ရဲ့တတ်လမ်းကို ပိတ်စေတဲ့အရာမျိုးတွေ မတွေးပဲနဲ့ဘာကိုမှစိတ်ထဲမှာ ကြာကြာမထားဘူး။ များသောအားဖြင့် အဆိုးဆုံးအရာမျိုးကိုပဲ ကြိုပြီးတွေးတယ်။ ဘာဖြစ်လို့လည်းဆိုရင် တကယ့်တကယ်ကြုံလာရမယ်ဆိုရင်အဲ့ဒီ့အဆိုးဆုံးတွေးထားရင်ကိုယ်ခံ စားရတာသက်သာတယ်လို့ထင်လို့အဲ့လိုမျိုးတွေးဖြစ်တယ်။ feedback ပြောတဲ့သူတွေက အဲ့လိုမျိုးမတွေးခိုင်းဘူး၊ မလိုအပ်ဘူး သက်သက်မဲ့ လျှောက်တွေးမနေနဲ့ အဲ့ဒါတွေက အနောက်အယှက်ပေးနေတာ အဲ့ဒီ့ လိုမျိုး ပြောတယ်။

Q. အဲ့လိုမျိုးတွေးတာ ရော ကောင်းတယ်လို့ကိုယ့်ကိုယ်ကိုထင်လား

A. မကောင်းဘူး

Q. မကောင်းဘူးမှန်းသိသိကြီးနဲ့ဒီဟာကိုကြိုးစားချင်စိတ် ရှိလား ကြိုးစားခဲ့ဖူးလား

A. ကြိုးစားတယ်။ ဒါပေမယ့်ကြိုးစားတယ်ဆိုတဲ့နေရာမှာလည်း ကိုယ်ကိုယ်တိုင်ကလည်း အရမ်းအတွေးများနေလားတော့မသိဘူး။ ကိုယ့်စိတ်ကိုယ်ကိုပြန်မထိမ်းချုပ်နိုင်ဘူး။ အမြဲတွေဝေနေလို့ အဲ့လိုပုံစံမျိုးဖြစ်နေတာ။

Q. ပညာပေး ပြဇာတ်ကလေးတွေလည်းကတယ်လို့သိရတယ်။ အဲ့ဒါလေးတွေနဲ့ပါတ်သတ်ပြီးတော့လည်း တချက်လောက်ပြောပြပေးပါဦး။

A. အဲ့ဒါကတော့ ဒီ LGBT life နဲ့ ဆိုင်တဲ့အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပေးတဲ့ King and Queen LGBT အဖွဲ့ကနေပြီးတော့ သူတို့ဖျော်ဖြေရေး ပညာပေးပွဲတွေလုပ်တဲ့အခါမှာ ပညာပေးသီချင်းတွေ တေးသရုပ်ဖော်တွေလုပ်တဲ့အခါမှာ ကိုယ်ကလည်း volunteer တယောက်ဖြစ်နေတဲ့အတွက် ကိုယ်က ပါဝင်ပြီးတော့ဆောင်ရွက်ပေးရင်းနဲ့လုပ်ဖြစ်သွားတာပါ။

Q. ကိုယ်ကအဲ့လိုကရတဲ့အခါမှာ တကယ်တန်း အပြင်မှာဖြစ်နေတာနဲ့ အဲ့ဒီ့စင်ပေါ်မှာကပြရတာနဲ့ ထပ်တူညီမှုရှိရဲ့လား။

A. ကိုယ့်ပုံစံ ကိုယ့်ခံယူချက်နဲ့ဆိုရင်တော့ ထပ်တူမကျဘူး။ဒါပေမယ့် များသောအားဖြင့် LGBT တွေ ခံစားနေရတဲ့အရာတွေနဲ့ နှိုင်းယှဉ်ပြီးပြောမယ်ဆိုရင် ၈၀% လောက်ထပ်တူကျတယ်လို့ပြောလို့ရတယ်။

Q. ဒါဆိုရင်နောက်တခုကျတော့မေးချင်တာက ဒီ ယောက်ကျားလျာတွေက ကိုယ့်ကိုယ်ကို ယောက်ကျားလျာ တယောက်လို့ခံယူပြီးသွားရင် ဘယ်လိုမျိုး လူနေမှုစရိုက်နဲ့ နေထိုင်တာ အကောင်းဆုံးလို့ ဩဇာမိုး မြင်လဲ?

A. ထွေထွေထူးထူး ပြောင်းလည်းရတာတော့မရှိဘူး ။ ကိုယ့်ကိုယ်ကိုလည်း ယောက်ကျားလေးတယောက်လို မသတ်မှတ်ထားဘူး။မိန်းကလေးတယောက်လို့ပဲအရှိအတိုင်းသတ်မှတ် ထားတယ်။အဓိကကတော့ ပြောရမယ်ဆိုရင်တော့ ကိုယ့်ကိုယ်ကို ယောကျာ်းလျာ ဆိုပေမယ့် လိင်ကိစ္စ မတရားဖြစ်မှုတွေ မကြုံတွေ့ရအောင်နေတယ်။ ယောက်ကျားလေးသူငယ်ချင်းတွေနဲ့ သွားတယ် ကိုယ့်ကို အခွင့်အရေးယူလို့မရအောင် ထိမ်းတယ်။ ဖြစ်လာနိုင်တဲ့အရိပ်အယောင်တွေမြင်ရင်လည်း အစောကြီးကတည်းက ဖြစ်မလာအောင် မဖြစ်အောင်ပဲနေတယ်။

Q. ဒါဆိုရင် အခုအဖွဲ့အစည်းတွေထဲမှာမြင်နေရတဲ့ လိင်ပိုင်းဆိုင်ရာ စော်ကားခံရတဲ့ ဘဝတူသူငယ်ချင်းတွေတွေ ့ရင်ရော ကိုယ့်စိတ်ထဲမှာဘယ်လိုခံစားရလဲ?

A. အရင်ကဒီသင်တန်းတွေမတတ်ခင်၊ ကိုယ်ကိုယ်တိုင်လည်း ဘာမှန်းမသိခင်အချိန်တွေကတော့ အရင်ကလူကြီးတွေလည်းပြောဖူးတာကိုး ယောကျာ်းလျာဆိုရင် မုဒိန်းကျင့်ပြီး အဖျက်စီးခံရမယ့်သူတွေ အဲ့လိုပြောကြတယ်။

အရင်ကတော့ ကိုယ့်အထင်က ဟုတ်လည်းဟုတ်နေတာပဲလေ ဘာလို့အဲ့လိုမျိုးမထိမ်းပဲနဲ့ ကိုယ်ကမိန်းမလေ ယောက်ကျားမှမဟုတ်တာ အဲ့လိုမကောင်းတဲ့ဘက်ကပဲမြင်မိတယ်။ နောက်ပိုင်း ကိုယ်ဘာလည်းဆိုတာ ကိုယ့်စိတ်ကိုယ်သိလာတော့ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ်မို့ ဒီလိုမျိုးနေခဲ့တာပဲ။ သူတို့လည်း သူတို့စိတ်နဲ့သူတို့ ခံစားချက်အတိုင်းနေကြတာပဲလို့ ပြန်တွေးမိတယ်။ ဖြစ်နိုင်ရင်တော့ဘယ်သူ့ကိုမှ အဲ့လိုကိစ္စတွေ မကြုံစေချင်ဘူးပေါ့နော်။

Q. ကိုယ့်ရဲ့ ဘဝတူ သူငယ်ချင်းတယောက်က လိင်ပိုင်းဆိုင်ရာ စော်ကားခံရရင် ဘယ်လိုမျိုးကူညီမလဲဗျ။

A. အဲ့လိုမျိုး ဖြစ်လာရင် အရမ်းရှက်ပြီးတော့ခံစားနေရမယ်ဆိုရင် မရှက်ဖို့ပေါ့နော်။ ဒီလိုအကြောင်းအရာမျိုးတွေဖြစ်လာတာက ကိုယ်ရှက်ဖို့မလိုဘူး။ အဓိကကျူးလွန်တဲ့သူမှာပဲ အပြစ်ရှိတယ်ဆိုတာမျိုးတွေ နားဝင်အောင်ပြောပြမယ်။ အဲ့ဒီအကြောင်းအရာတခုထဲနဲ့ကိုယ်ကိုယ်တိုင် နစ်မွန်းသွားမှာကြီးမဖြစ်အောင်ကိုယ့်ဘက်ကနေ ဆွဲခေါ်သွားမယ်။

Q. တရားဥပဒေနဲ့ဆိုင်တဲ့အရာတွေနဲ့ရောဘယ်လို လုပ်ပေးဖို့အစီအစဉ်ရှိလဲ။

A. ကိုယ်သိထားတဲ့အပိုင်းကနေပြီးတော့ ရှေ့နေတွေ ၊ ဥပဒေအကြံပေးတွေနဲ့ LGBT အတွက် သီးသန့်ရှေ့နေတွေရှိတယ် အဲ့လိုလူတွေနဲ့ ချိတ်ဆက်ပေးမယ်။

Q. နောင်အသစ်တတ်လာမယ့် LGBT လူငယ်လေးတွေအတွက် ဘယ်လိုနေသင့်တယ် ဘယ်လိုပြု မူသင့်တယ်ဆိုတဲ့ အကြံပြုချက်လေး ပြောပေးခဲ့ပါဦး။

A. အဲ့လိုသီးသန့် ကြီးပြောချင်တဲ့ သတ်မှတ်ထားတာတော့မရှိဘူး။ကိုယ်ကိုယ်တိုင်ကလည်း ဘောင်ထဲမှာမနေချင်ဘူး။ ဘယ်သူ့ကိုမှလည်း ဘောင်ထဲကိုဆွဲမထည့်ထားချင်ဘူး။ ဥပမာ gay တွေဆိုရင် ဝေးလေးဝါးလား လုပ်မယ်။ လမ်းပေါ်မှာပျော်မယ်။ အမွှေအနှောက် ရီစရာဟာသတခုအနေနဲ့ ရှေးအဆက်ဆက်က လည်းမြင်လာတယ်။ Gay တွေကလည်း သူတို့ကိုယ်သူတို့ များသောအားဖြင့် အဲ့လိုပုံစံနဲ့ပဲဖော်ပြကြတယ်။ ဒါကသူတို့ဘောင်တခုထဲကိုဝင်နေတာလို့ မြင်တယ်။ အဲ့ဒီဘောင်ထဲကိုဝင်နေသည်ဖြစ်စေ မဝင်နေသည်ဖြစ်စေ ကိုယ့်ကိုယ်ကို ပြန်သုံးသပ်ပြီးတော့ အဲ့လိုမျိုးမဖြစ်စေချင်ဘူး စိတ်လွတ်လပ်မှု့ကစိတ်လွတ်လပ်မှု တပိုင်း၊ လူတွေရဲ့ အမြင်ကအဲ့လို ဘောင်ထဲကို ဆွဲသွင်းထားတဲ့နေရာမှာ ကိုယ်ကပါမသွားစေဖို့ မျှော်လင့်တယ်ပေါ့နော်။ ယောက်ကျားလျာတွေ Tom boy တွေ အတွက်ကျတော့ သူတို့ရဲ့အဓိကပြဿနာက သူတို့ကယောက်ကျားကို

စိတ်မဝင်စားဘူး မိန်းမကိုစိတ်ဝင်စားတယ်။ သူတို့ကိုယ်သူတို့ယောက်ကျားတယောက်လိုသတ်မှတ်ပြီးတော့ ယောက်ကျားတယောက်လိုပြုမူနေထိုင်တယ်။ အဲ့ဒီနေရာမှာ အများကြီး ဒုက္ခ တွေရောက်လာတာက ဘယ်လိုရောက်လာလည်းဆိုတော့ သူတို့ယောက်ကျားလေးတွေနဲ့ရန်ဖြစ်မယ်။ ယောက်ကျားလေးတွေက အညှိုးအတေးထားပြီး အခွင့်အရေးစောင့်ပြီးတော့ ရန်ရှာတာတွေ လိင်ကိစ္စစော်ကားတာတွေ ရှိတယ်။ အရက်အတူတူသောက်ကြတယ်မူးပြီး မဖြစ်သင့်ပဲ လိင်ကိစ္စ ကျူးလွန်ခံရတာတွေရှိတယ်။ ဒါ သူတို့ဘက်ကို အပစ်ပြောချင်တာမဟုတ်ဘူး။ ကိုယ်ကိုယ်တိုင်က Tom boy တယောက်ဖြစ်နေပြီဆိုရင် ပုံစံတခုထဲကိုဝင်အောင် ငါလည်းအရက် ယောက်ကျားအစစ်တွေလို လိုက်သောက်ရမယ် ဆေးလိပ်လိုက်သောက်ရမယ် ညပီးတော့မိန်းကလေးတွေကို မကောင်းတဲ့ အတွေးနဲ့တွေးတာတွေ အဲ့လိုဘောင်ကြီးကနေမနေစေချင်တော့ဘူး။အဲ့လိုအတွေးဘောင်တွေရိုက်ချိုးပစ်စေချင်တယ်။

Q. ကျမ်းမာရေးပညာပေးနဲ့ပတ်သက်ပြီးတော့ရော ဘယ်လို အရာတွေအဓိကထားပြီးလုပ်ဖြစ်လဲ။

A. အရင်က အဓိက ကတော့ မျိုးဆက်ပွါးနဲ့ ဆက်ခြား နောက်ပြီးတော့ HIV နဲ့ပတ်သတ်တာ ၊ ကာလသားရောဂါနဲ့ပတ်သက်တာတွေလုပ်ဖြစ်တယ်။ အခုနောက်ပိုင်းကတော့ ကိုယ်ကိုယ်တိုင်လည်း စိတ်ဝင်စားပြီးလေ့လာဖြစ်နေတာကတော့ ယောကျာ်းလျာတွေကြားထဲမှာအခုလက်တလော hot ဖြစ်နေတဲ့ ဟော်မုန်းဆေးထိုးကြတယ် ။အဲ့ဒီနဲ့ပတ်သက်ပြီးတော့ ဖြစ်လာမယ့် ဘေးထွက်ဆိုးကျိုးတွေအကြောင်းကို ကြုံရင်ကြုံသလို ပညာပေးအကြောင်းအရာတခုအနေနဲ့ ပိုသိလာအောင် နားလည်လာအောင်ရှင်းပြတယ်။

Q. ဟော်မုန်း ဆေးထိုးတာတွေ၊ သောက်တာတွေ လုပ်ဖြစ်လား

A. မလုပ်ခဲ့ဘူး၊မထိုးခဲ့ဖူး။ စစဉီးဆုံးသိသိချင်းတော့ ကိုယ်ကိုယ်တိုင်လည်းလုပ်ချင်စိတ်ဖြစ်တယ်။ ဒါပေမယ့် သူများတွေလိုငါယောက်ကျားပုံစံ ဖြစ်ရမယ်ဆိုတဲ့စိတ်မျိုးမဟုတ်ပဲနဲ့ ကိုယ်မလိုချင်တဲ့ အရာတွေမရှိတော့အောင်လုပ်ချင်တယ် ဒါပေမယ့် မလုပ်ဖြစ်ဘူး။ အကြောင်းကြောင်းတွေကြောင့် မလုပ်ဖြစ်ဘူး။ ကိုယ့်ဆုံးဖြတ်ချက်နဲ့သာဆိုရင်တော့ ကိုယ်လုပ်ဖြစ်မှာပေ့ါ။ ကိုယ်ကဒီလိုကိုဖြစ်ချင်တာဆိုရင် ကတော့ သူများတွေခံယူထားသလို ဘေးထွက်ဆိုးကျိုးဘယ်လောက်ခံရခံရလုပ်ဖြစ်မယ်လို့ထင်တယ်။

Q. တကယ်လို့အခွင့်အရေး ရှိလာခဲ့ရင် လိင်ပိုင်းဆိုင်ရာခွဲစိတ်ပြောင်းလည်းမှုတွေရောမလုပ်ချင်ဘူးလား?

A.အဲ့ဒီ့လိုမျိုးတော့ မလုပ်ချင်ဘူး။ ဒါပေမယ့် ဆာဂျရီ တော့လုပ်ချင်တယ်။ ကိုယ့်စိတ်နဲ့ကိုယ်ဆိုရင် လုပ်ချင်ပေမယ့်မလုပ်ဖြစ်ဖို့များတယ်။

Q. ဒါဆို ဩဇာမိုး အနေနဲ့ ရှေ့လျှောက်မယ့်ခရီးလမ်းကိုဘယ်လိုမျိုးဖြစ်အောင်ငါသွားမယ်။ ဘယ်နေရာတော့ရအောင်ယူမယ်ဆိုတဲ့ရည်ရွယ်ချက်မျိုးရှိလား?

A . လွန်ခဲ့တဲ့ ရက်ပိုင်းကလောက်ထိတော့ ကိုယ်သွားချင်တဲ့ ရည်ရွယ်ချက်ရှိတယ်။ လုပ်ချင်နေတဲ့အရာတွေ လည်းအများကြီးရှိတယ်ပေ့ါနော်။ဒီ LGBT အသိုင်းအဝိုင်းမှာ နေရာ တနေရာရအောင် ကိုယ့်အတွက်ဆိုတာ ထက်ဒီ အဖွဲ့အစည်းတခုလုံးအတွက်အဆင်ပြေအောင်လုပ်ချင်တယ်။ ဒီရက်ထဲမှာတော့ နဲနဲစိတ်ညစ်စရာတွေရှိနေတော့ နဲနဲ စိတ်တွေ အားငယ်နေတယ်။

Q . နောက်ဆုံးအနေနဲ့ဒီLGBT အသိုင်းအဝိုင်းပြင်ပမှာရှိနေတဲ့လူတွေကိုဘာလေးများပြောချင်လဲ?

A . ဘာပြောချင်လည်းဆိုတော့ နဲနဲကြားဖူးနေကြစကားဖြစ်မှာပါ အားလုံးကလူတွေပဲလေ ဘာလို့ ခွဲခြားနေမှာလဲ။သူကတော့ အခြောက်မို့လို့ဆိုပြီး ဘာလို့ခွဲခြားနေမှာလဲ။ အားလုံးကအသက်ရှူနေတဲ့ လူတွေပဲလေ အားလုံးကခံစားတတ်တဲ့လူတွေပဲလေ။

## ?? □□□□□□□□□□□□□□□ (25□□□□) □□□□□□□□□□□?



Q.မင်္ဂလာပါဗျ။ပထမဆုံးအနေနဲ့ အကို့ရဲ့အမည် အသက်နဲ့ နေရပ်လိပ်စာနဲ့ လက်ရှိအလုပ်အကိုင်လေးကို မိတ်ဆက်ပေးပါလားဗျ။

A. မင်္ဂလာပါ ကျွန်တော့်အမည်ကတော့ ပြည့်ဖြိုးအောင်လို့ ခေါ်ပါတယ်။ အသက်ကတော့ ၂၅နှစ်ရှိပါပြီ။ နေတာကတော့ မန္တလေးမြို့ ချမ်းမြသာစည်ရပ်ကွက်မှာ နေပါတယ်။ လက်ရှိကတော့ မိဘအလုပ်မှာ ဝင်လုပ်ပါတယ်။ မိသားစုက မင်္ဂလာဆောင်ခန်းမတွေ အလှဆင်တယ်။ ပန်းအလှပြင်ပါတယ်။ ပြီးတော့ အဖွဲ့အစည်းတွေမှာ Volunteer လိုက်လုပ်ပါတယ်။

Q.အကိုက ဘယ်ချိန်လောက်ထဲက လိင်တူစိတ်ဝင်စားနေတယ်လို့ စသိခဲ့တာပါလဲဗျ။

A. ဘယ်ချိန်လောက်ထဲက စသိတာလဲဆိုရင် ငယ်ငယ်တုန်းထဲက တစ်ခြားကလေးတွေနဲ့ မတူပါဘူး။ဆော့တဲ့အခါမှာလဲ မိန်းကလေးလို နုနုနှဲ့နှဲ့ဆော့ရတာ ကြိုက်ပါတယ်။ ပြီးတော့ အလှအပလဲကြိုက်ပါတယ်။ မိန်းကလေးတွေနဲ့ဆော့ရရင် ပိုပြီးပျော်တာမျိုးတွေ ရှိပါတယ်။ ကိုယ့်ကိုကိုယ် ဝန်ခံတာကတော့ ဒီ၂၀၁၆ရောက်မှပါ။ ကိုယ့်ကိုကိုယ် ဂေးလ်ဆိုတာကို သိတာက တစ်ပိုင်း ဝန်ခံတာက တစ်ပိုင်းပါ။ သိတယ်ဆိုတာက ကိုယ်က ငယ်ငယ်ထဲက ကိုယ့်ကိုကိုယ်သိပါတယ်။ အရင်က အခြောက်ဆိုတာ ရပ်ကွက်ထဲက မိတ်ကပ်လိမ်းတဲ့ သူတွေကို ခေါ်တာလို့ပဲ သိခဲ့တာပါ။ သူတို့လိုမျိုးကြီး နေဖို့ကျတော့လဲ ကိုယ့်ကိုကိုယ်လက်မခံသေးပါဘူး။ ကိုယ့်ကိုကိုယ် အလှကြိုက်တယ်။ မိန်းကလေးနဲ့ တူချင်တယ်ဆိုတာကိုတော့ သိပါတယ်။ အဖေကိုယ်တိုင်ကလဲ နှိပ်ကွပ်တယ်။ ယောကျ်ားလေးလိုပဲ နေခိုင်းတယ်။ ဝတ်ခိုင်းတယ်။ မြေကြီးခဲတွေ ထမ်းခိုင်းတာမျိုးတွေ၊ ခါးတောင်းကျိုက်ပြီး နေပူပူနဲ့ မြေကြီးပေါ် မက်တပ်ရပ်နေရတာမျိုး တွေ

သူစီးတဲ့ ဖိနပ်နဲ့ ရိုက်တာမျိုးတွေတောင် ရှိပါတယ်။ အဖေဆုံးသွားတာက ကျွန်တော် ၃တန်းနှစ်က ဆိုတော့ အသက်ရနှစ်လောက်ကပါ။ အဖေရှိနေတုန်းကတော့ နှိပ်စက်… .အဲ နှိပ်စက်တယ်လို့တော့ ပြောလို့မရပါဘူး။ စေတနာပေါ့။ အဲ့ဒီအချိန်ထဲက သိနေခဲ့တာပါ။ ကိုယ့်ကိုကိုယ် လိင်တူချစ်သူလို့ လက်ခံတာကတော့ တက္ကသိုလ် တက်နေတဲ့ အချိန်မှာ လက်ခံခဲ့တာပါ။ ငယ်ငယ်တုန်းကတော့ ကိုယ့်ကိုကိုယ် ယောကျာ်း လေးလား မိန်းကလေးလား ဆိုတာကွဲပြားပေမဲ့ လိင်တူချစ်လား မချစ်ဘူးလား ဆိုတာကိုတော့ မသိခဲ့ပါဘူး။ ငယ်ငယ်တုန်းကတော့ အလှအပကြိုက်တာပေါ့။

Q. ကိုယ့်ကို လိင်တူစိတ်ဝင်စားသူတစ်ယောက်ဖြစ်နေလို့ စတာနောက်တာတွေ ကြုံခဲ့ရဖူးပါ သလားဗျ။

A. စတာနောက်တာတွေကတော့ နင်ပဲငဆပြောတာတွေ မကြုံခဲ့ရပါဘူး။ လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့် စော်ကားမှုတွေကတော့ ကြုံခဲ့ရဖူးပါတယ်။ ငယ်ငယ်က ကလေးဆိုတော့ ဒီကလေး မပြောရဲလောက်ပါဘူးကွာ ပြောရင် မင်းပဲ အရိုက်ကွဲမှာ ဆိုပြီး အနိုင်ကျင့်မှုတွေ ခံခဲ့ရဖူးပါတယ်။ပြောပြရမယ်ဆိုရင် ကျွန်တော်တို့ အရင်တုန်းက ရပ်ကွက်ထဲမှာ အိမ်တိုင်းTVရှိတာ မဟုတ်ဖူးလေ၊ အဲ့မှာ အပြန်ပေါ့ဆွဲခေါ်သွားတာ ပြီးတော့ အဲ့တုံးက ကျွန်တော်က မူလတန်းတက်နေတာ သူက အသက် ၁၆ ၁၇ လောက်ရှိပြီလေ ပြီးတော့ သူ့မှာ ဓါးပါလာတယ်။ ခံစားရတာကတော့ အရမ်းကြောက်တယ် ပြီးတော့ ကိုယ့်ဘာကို မသန့်တော့သလိုခံစားရတယ်။ မိဘတွေကိုပြောရင်လဲ မိဘတွေစိတ်ရှုတ်ရမယ်လေ။ ပြီးတော့ အဲ့လူကရပ်ကွက်ထဲမှာ လူဆိုးစာရင်းဝင်လေ။ ကျွန်တော် အမြဲပြောဖြစ်တာလေးက ကိုယ့်ကလေးက ဘာပဲ ဖြစ်နေပါစေ ကိုယ်ကလွဲရင် ဘယ်သူ့ကိုမှ မယုံပါနဲ့လို့။ လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့် စော်ကားမှုတွေက မိန်းကလေးမှသာ ခံရတာမဟုတ်ပါဘူး။ ယောကျ်ားလေးတွေမှာလဲ ရှိနိုင်ပါတယ်။ အဲ့ဒီကတည်းက ကိုယ့်ရဲ့ မိန်းကလေးတွေနဲ့ ဆော့ရတာ ပျော်တယ် အလှအပကြိုက်တာကို အသုံးချပြီး အနိုင်ကျင့်ခံရနိုင်ပါတယ်။ ပြီးတော့ သူနဲ့ ကိုယ့်ရဲ့ပတ်သတ်မှုကို ကိုယ့်ကွယ်ရာမှာ ပြောခံရရင် ကိုယ့်ဘဝကြီးက မလုံခြုံဘူးလို့ ခံစားရပါတယ်။အသက်နဲနဲရလာတော့အမေကရပ်ကွက်အသစ်အိမ်အသစ်ပြောင်းခဲ့တော့ ကိုယ့်ကိုကိုယ်ဘဝသစ်ပြန်စရပြီဆိုပြီး ပျော်ပါတယ်။ ငါဒီကြောက်ရွံ့မှု တွေထဲကနေ ရုန်းထွက်နိုင်ပြီဆိုပြီး ခံစားရပါတယ်။ တစ်ခါတစ်လေကြရင်ကလေးတွေကအစ ဟာသလိုမျိုးမြင်တာတွေ ကြည့်တဲ့အကြည့်တွေကို ခံရပါတယ်။ ဒါပေမဲ့ ကိုယ့်ကိုကိုယ် ဂေးလ်ပါလို့ ဝန်ခံထားတော့ အဲ့ဒီဒဏ်တွေကို ခံနိုင်ရည်ရှိအောင် ကြိုးစားနေပါတယ်။

Q. အခုနောက်ပိုင်းလှောင်တာတွေ ပြောင်တာတွေ ကြုံလာရင် အကို့အနေနဲ့ ဘယ်လိုမျိုး ဖြေရှင်းပါသလဲဗျ။

A. ရှင်းပြလိုရတဲ့သူတွေကို ရှင်းပြပြီးတော့ ရှင်းပြမရတဲ့သူတွေကိုတော့ လျစ်လျူရှုပါတယ်။ ကိုယ့်ကိုကိုယ် ယောကျာ်းတစ်ယောက်လို့ သတ်မှတ်ပေမဲ့ လိင်စိတ်တိမ်းညွှတ်မှုအရ ယောကျာ်းချင်းတော့ ချစ်တယ်။ ဒါပေမဲ့ ကိုယ့်ကိုကိုယ် ခံယူချက်နဲ့ သူများတွေ မြင်စေချင်တာကတော့ ယောကျာ်းတစ်ယောက်လို့ပဲ မြင်စေချင်ပါတယ်။ တစ်ခါတစ်လေ မာမီတို့ အခြောက်ကြီးတို့ ခေါ်တဲ့ သူတွေဆိုရင် ရှင်းပြလို့ လက်ခံနိုင်လောက်တဲ့သူဆို ပြန်ပြီးရှင်းပြပါတယ်။ ရှင်းပြလို့မရဘူး ရှင်းပြလို့လဲ ရနိုင်တဲ့အရွယ်လဲ မဟုတ်ဘူးဆိုရင် လျစ်လျူရှုလိုက်ပါတယ်။ တစ်ချို့ ကြတော့လဲ မသိလို့စတာရှိသလို သိလို့စတာလဲ ရှိတယ်။ တကယ်တမ်းပြောမယ်ဆိုရင် လူတွေ ကိုယ်ချင်းစာစိတ်ရှိမယ်ဆိုရင် ပိုကောင်းပါတယ်။

Q. အကို ကိုယ်တိုင်ရော လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်ခံရမှု ကြုံခဲ့ရဖူးပါသလားဗျ။

A. ကြုံဖူးပါတယ်။ စောစောကပြောခဲ့ပါတယ်။ ငယ်ငယ်တုန်းက ပြန်မပြောရဲခဲ့တဲ့ အပိုင်းလေး တွေရှိခဲ့ပါတယ်။ ပြောရမယ်ဆိုရင် မင်းဒီလိုလုပ်ခံရမှာပေါ့ မင်းကိုယ်တိုင်က ဒါဖြစ်နေတာ မင်းကဘာဖြစ်လို့ ကျားကျားယားယားမနေတာလဲ ဆိုပြီး ကိုယ့်ကို ပြန်အပစ်တင်ခံရမှာ ကြောက်ခဲ့တော့ မပြောရဲ ခဲ့ဘူး။ အခုချိန်မှာဆိုရင်တော့ ကိုယ်ဘယ်လိုပြန်ရင်ဆိုင်ရမလဲ ဘာပြန်လုပ်ရမလဲဆိုတာကို သိနေပြီ။ အရင်တုန်းကတော့ ကလေးဘဝဆိုတော့ မပြောရဲခဲ့ဘူး။ တစ်ခါတစ်လေ မိဘတွေမှာလဲ ရှိပါတယ်။ ကိုယ့်သားသမီးက ပုံမှန်လား ပုံမှန်မဟုတ်ဘူးလားဆိုတာထက် ကိုယ့်သားသမီးရဲ့ အပြုအမူက ယောကျာ်းဖြစ်ပေမယ့် ယောကျာ်းလေးလိုနေနေတာ မဟုတ်ဘူးလား။ မိန်းကလေး ဖြစ်နေပေမယ့် မိန်းကလေးလို နေနေတာ မဟုတ်ဘူးလားဆိုတာကို သိနေရင် အရမ်းကြီး ဖိနှိပ်တာထက် ကိုယ်ဖြစ်စေချင်တဲ့ပုံစံရအောင် သားသမီးနဲ့ညှိပြီး ထိမ်းချုပ်စေချင်ပါတယ်။ ကျွန်တော်ကျ အဖေရှိနေတဲ့အချိန်က ဒါဖြစ်နေလို့ နှိပ်စက်နေတဲ့အချိန်မှာ ကိုယ့်ကိုဒီလိုလုပ်သွားပါ တယ်ဆိုပြီး ပြောပြရင် ကိုယ့်အဖေက မင်းကဘာဖြစ်လို့ အဲ့လိုမျိုးနေတာလဲ ဆိုတဲ့ မေးခွန်းတွေ ပြန်မေးခံရမှာ အရမ်းကြောက်တာ။ နောက်တစ်ခုက အရှက်ကွဲမှာကြောက်တာ။ တစ်ရက်ကနေ နှစ်ရက် ဖြစ်ရမှာတွေ စိုးရိမ်တာ။ ကလေးဘဝမှာတုန်းကတော့ အဲ့ဒါတွေမသိပေမဲ့ ငါပြောပြလိုက်လို့ရင် ပြဿနာတွေ ဖြစ်သွားမလား အဲ့လိုဆိုရင်ရော လူတွေက ငါ့ကို ဘယ်လိုမြင်ကြမလဲဆိုတဲ့ အတွေးတွေ အများကြီးဝင်မိတယ်။

Q. အကို့မှာ လိင်တူချစ်သူရည်းစားရှိပါသလားဗျ။

A.လိင်တူချစ်သူရည်းစားရှိလားဆိုတော့ ရည်းစားရယ်လို့ ပြောလို့မရတဲ့အခြေအနေမျိုးပါ။ သူကိုယ် တိုင်က ဝန်ခံမပြောတော့ ချစ်သူရယ်လို့တော့ ပြောလို့မရသေးပါဘူး။ တစ်ခါတစ်လေတော့လဲ သူနဲ့စကားပြောရတာတွေ သူ့ရဲ့နားလည်ပေးမှုတွေကိုတော့

သာယာမိပါတယ်။ Tom Boyတွေတော့မသိဘူး ဂေးလ်တွေကတော့ ခံစားမှုအရမ်းများတယ်။ အရမ်းလဲ ခံစားလွယ်တတ်ကြ တယ်။ အရမ်းအေးနေတဲ့အချိန်မှာ သူဝတ်ထားတဲ့ ဂျာကင်လေးချွတ်ပြီး ဝတ်ပေးလို့တာတွေ ညလုံးပေါက်ဖုန်းပြောခဲ့တာတွေက အမှတ်တရဖြစ်စေပါတယ်။ သူငယ်ချင်းတွေမေးကြည့်ဖူးတယ်။ ယောက်ျားချင်း ဖုန်းပြောရင် ၁၅မိနစ်လောက်ပဲ။ ကိုယ်တွေကကျတော့ ညလုံးပေါက်ပြောတယ်။ တစ်နာရီ နှစ်နာရီလောက်လဲ ပြောတယ်။ ကိုယ်ကလဲသူ့ကို ပြောဖူးတယ်။ ငါနင့်ကိုချစ်နေတယ်လို့။ ညလုံးပေါက်ဖုန်းပြောခဲ့တာတွေကဘာလဲ။ သံယောဇဉ်ကြောင့်လား။ သူ့ကို ချစ်လားလို့ ပွင့်ပွင့်လင်းလင်း မေးခဲ့ဘူးတယ်။ သူကတော့ မဝန်ခံခဲ့ဘူး။ သူက ပထမဆုံးချစ်သူလို့ ပြောရပါမယ်။ ဆယ်တန်းလောက်ထဲက တွေ့လာတာလေ။ ၇နှစ်တိတိ တွဲခဲ့တယ်။ လူချင်းမတွေ့ရင်တောင်မှ ဖုန်းအမြဲတမ်းပြောဖြစ်ကြတယ်။ ဒီသံယောဇဉ်တွေရှိနေပါရဲ့နဲ့ သူကဘာကိုကြောက်နေတာလဲ တော့မသိပါဘူး။ ငယ်ငယ်ကနေခုချိန်ထိ ခွဲခြားဆက်ဆံခံရတာ သိပ်မရှိပဲ အနိုင်ကျင့်ခံရတာပဲ ရှိခဲ့တာ။ ဒီလောကမှာ ဘယ်သူမဆိုတွဲကြတာတွေက အများကြီးပါ။ ဒါပေမဲ့ ဘယ်သူ့ကို အချစ်ဆုံးလဲဆိုရင် ရည်းစားဦးကို အချစ်ဆုံးပါပဲ။ သူ့ကိုလဲ ပြောဖူးတယ်။ အိမ်ထောင်မပြုဘဲ သူငယ်ချင်းလို အတူနေဖို့လဲပြောခဲ့ကြဖူးပါတယ်။ ခုတော့ အဆက်အသွယ်ရှိသေးပေမဲ့ သူငယ်ချင်းလိုပါပဲ။ သူနဲ့က ကုတင်ပေါ် အိပ်ရာပေါ်က ကိစ္စတွေမပါပဲ လုံးဝသန့်သန့်ရှင်းရှင်းပါ။ ဂရုစိုက်မှုတွေက ဘာအတွက်လဲဆိုပြီး မေးတိုင်းလဲ သူငယ်ချင်းလိုပါ ညီအကိုလိုပါဆိုပြီး ပြန်ဖြေပါတယ်။ အပြင်မှာတွဲတဲ့သူတွေလဲ ရှိပေမဲ့ ကွဲသွားပါတယ်။ တော်တော်လေးတော့ ခံစားရပါ တယ်။ ဘာကြောင့်ကွဲသွားတာလဲဆိုတော့လဲ သတ္တိမရှိလို့ပါ။ လက်တွဲတဲ့သူနဲ့ ဖြစ်ဖူးချင်တဲ့ ဆန္ဒတစ်ခုရှိတယ်။ ဘာလဲဆိုတော့ ဦးပိန်တံတားကို အစကနေ အဆုံးထိ တစ်ခေါက်လောက် လက်ချင်းတွဲပြီး လမ်းလျှောက်ဖူးချင်တယ်။ ဒါပေမဲ့လဲ အဲ့လောက်တောင်သတ္တိရှိတဲ့သူနဲ့ မတွေ့ခဲ့ဖူး သေးပါဘူး။ တွဲခဲ့တဲ့သူတွေအားလုံးနဲ့ ပြတ်သာသွားတယ်။ တစ်ခါမှ မရောက်ဖြစ်လိုက်ဘူး။ ပြတ်သွားတယ်ဆိုတာ ဘာလို့လဲဆိုတော့ သူတို့က ပတ်ဝန်းကျင်ရဲ့ ဝေဖန်ကဲ့ရဲ့ဒဏ်ကို မခံနိုင်ကြဘူး။ အဲ့ဒါနဲ့ပဲ ဇာတ်လမ်းတွေ တစ်ခန်းရပ်ခဲ့ရပြန်တယ်။

Q. လိင်တူချစ်သူစုံတွဲတွေ များသောအားဖြင့် မမြဲကြတာ ဘာဖြစ်လို့လို့ထင်ပါသလဲဗျ။ အကို့အမြင်လေးပြောပြပေးပါလား။

A. စောစောကပြောတဲ့ထဲမှာ ပါပါတယ်။ သူတို့အနေနဲ့ ပတ်ဝန်းကျင်က ပြောတဲ့ဒဏ်ကို ခံနိုင်လား မေးရပါမယ်။ အခုလည်းလက်ရှိမှာ စသလို နောက်သလိုနဲ့ Proposeလုပ်တယ်။ ဘာကြောင့်ချစ် တာလဲ မမေးဘူး။ လူတစ်ယောက်က လူတစ်ယောက်ကိုချစ်တာ အကြောင်းပြချက်ပေးဖို့မလိုဘူး။ အစားအသောက်ကို သူကြိုက်တယ်။ ဘာလို့ကြိုက်လဲ သူကြိုက်ချင်လို့။ ဒီအရောင်တစ်ခုကို ဘာလို့ကြိုက်လဲ

သူကြိုက်ချင်လိုကြိုက်တာ မေးဖို့မလိုဘူး။ လူတစ်ယောက်က လူတစ်ယောက်ကို ချစ်တာမေးဖို့မလိုပေမဲ့ ဘယ်လောက်ထိချစ်မှာလဲ ဆိုတာတော့ မေးဖို့လိုသွားပြီ။ ကျွန်တော်တို့ သီချင်းတစ်ပုဒ်ကိုကြိုက်တယ်။ ခဏခဏနားထောင်တယ်။ ကြာလာရင်တော့ ရိုးသွားတာပဲလေ။ အဲ့ဒါကို အခုဘာဖြစ်နေလဲဆိုတော့ ပတ်ဝန်းကျင်ရဲ့ဒဏ်ကို မခံနိုင်လို့ ကွဲသွားကြတာများတယ်။ တစ်ယောက်နဲ့တစ်ယောက် ချစ်ကြတဲ့အခါ ခိုးကြောင်ခိုးဝှက်ချစ်ကြတာ များပါတယ်။ လူကြားထဲ ထုတ်မပြရဲကြဘူး။ ဘာလို့ထုတ်မပြရဲတာလဲ။ ကျွန်တော်တို့က သာမန်လူတွေ မဟုတ်လို့လား။ မဟုတ်ပါဘူး ကျွန်တော်တို့လဲ သာမန်လူတွေပါ။ ချစ်တတ်တဲ့ နှလုံးသားရှိတဲ့သူတွေပါ။ ကျွန်တော်တို့လဲ သာမန်သမီးရည်းစားတွေလိုမျိုး လူကြားထဲမှာ လက်ချင်းချိတ်လို့ သွားချင် လာချင် ပါတယ်။ အိပ်ရာပေါ်က ကိစ္စကိုပဲ မတွေးစေချင်ပါဘူး။ ပုန်းလျှိုးကွယ်လျှိုးနေရတော့ အနေဝေးလာတော့ သွေးကအေးလာတယ်။ တစ်ချို့ Straight တွေတောင် နှစ်ယောက်သုံးယောက်ထားကြတာပဲ အဲ့တော့ လူမသိသူမသိ ပုန်းလျှိုးကွယ်လျှိုးထားတဲ့သူတွေက ပိုပြီးတော့ များကြတာပေ့ါ။ အဲ့တော့ ရန်ဖြစ် စကားများ ကွဲကြတယ်။ တကယ်တမ်းသာ လူကြားသူကြားထဲ တရားဝင်တွဲကြမယ်ဆိုရင် ဖောက်ပြန်မှုတွေလျော့ပြီး ရေရှည်ခိုင်မြဲကြမယ်လို့ မြင်ပါတယ်။ ကျွန်တော့်အိမ်ဆို ကျွန်တော်က ဂေးလ်တစ်ယောက်ပါဆိုတာကို သိတယ်။ သိသာသိစေ မမြင်စေနဲ့ပေ့ါ။ ကိုယ့်သားက ဘယ်ကိုသွား နေတယ် ဘာလုပ်နေတယ်ဆိုတာ သိတာပေ့ါ။ အဲ့တော့ ရည်းစားမထားနဲ့တဲ့။ အမေပြောဖူးတယ် လူဆိုတာ စိတ်နဲ့အသက်ရှင်ရတာတဲ့။ ဆိုတော့ သူပြောတာက ဒီစိတ်က မကောင်းတဲ့ဘက် အိပ်ရာပေါ်က ကိစ္စကို အာရုံရောက်သွားရင် ငါ့သားရယ် တရားလေးမှတ်ပါတဲ့။ လူဆိုတာ အကျွတ်တရားရနေတာမဟုတ်ရင် သွေးနဲ့ကိုယ် သားနဲ့ကိုယ်ဆိုတော့ တစ်ယောက်နဲ့တစ်ယောက် ချစ်တင်းနှောသာယာလိုစိတ်ပဲဖြစ်ဖြစ် ပြုစုယုယနွေးထွေးတာပဲဖြစ်ဖြစ် ရှိချင်ကြတာပဲလေ။ အဲ့တော့ ဆိုလိုတာက အိမ်က မင်းရဲ့ဖြစ်တည်မှုကိုတော့ လက်ခံတယ်။ လက်တွဲဖို့ကိုတော့ လက်မခံဘူး။ မလိုအပ်ဘူးဆိုတာမျိုးပေ့ါ။ အဲ့ဒါဆိုရင် ယောကျ်ားမိန်းမတွေ ဘာလိုများ လက်ထပ် နေကြတာပါလဲ။ လူတိုင်းကတော့ သူတို့နှလုံးသားဆန္ဒနောက်ကို လိုက်ကျတာပါပဲ။ တစ်ခါတစ်လေမှာ ကျွန်တော့်ရဲ့ စံပြမရှင်းသန့်ပြောသလိုမျိုး နှလုံးသားနဲ့ ဦးနှောက်ယှဉ်လိုက်တဲ့ အခါမှာ နှလုံးသားက အနိုင်ယူသွားတာမျိုးတွေ ရှိပါတယ်။ ကျွန်တော်တို့ကျတော့ ဘောင်ခတ်ထားတဲ့နှလုံးသာတွေ ဖြစ်နေပြီလေ။ ပတ်ဝန်းကျင်က ဘောင်ခတ်ထားတာတွေကို တွန်းမထုတ်ရဲတဲ့သူတွေ ဖြစ်နေပြီ။


Q. အခုလက်ရှိ ကျွန်တော်တို့ဆီမှာ ဟိုမိုတွေနဲ့ ဂေးလ်တွေနဲ့ မတူဘူး ဘာဖြစ်တယ် ညာဖြစ်တယ် ဆိုပြီး အငြင်းပွားနေကြတာကို အကို့အနေနဲ့ ဘာပြောချင်ပါသလဲဗျ။

A. ကျွန်တော်ကိုယ်တိုင်လဲ LGBT နဲ့ပတ်သတ်တဲ့သင်တန်းတွေ မတတ်ခင်က အဲ့ဒီလိုမျိုးအထင် မှားခဲ့ဖူးတယ်။ ဒါပေမဲ့ တကယ်ကHomoဆိုတာက Homosexualရဲ့ အတိုကောက်။ သူ့ထဲမှာ Gay, Bisexual, Transတွေ Lesbianတွေပါပါတယ်။ တစ်ချို့တွေက သူတို့ကိုယ်သူတို့ ဟိုမိုတွေ ဂေးလ် ဆိုတာက မိန်းမပုံကြီးတွေ ဝတ်ပြီး အော်ဟစ်သောင်းကျန်းနေကြတာလို့ မြင်ကြတာ။ ပြီးတော့ သူ့တို့ကိုယ်သူတို့ ဂေးလ်လို့ ဝန်ခံလိုက်ရင် သူတို့ကို ပြောခံရမှာ ကြောက်တာ။ တစ်ချို့ကလဲ ဂေးလ်ဆိုရင်ကို တစ်ခြားကမ္ဘာက ရောက်လာတဲ့ထူးဆန်းတဲ့ သတ္တဝါလိုမျိုး ဝိုင်းကြည့်ချင်ကြတာ။ အဲ့လိုကြည့်ခံရမှာကို သူတို့ကကြောက်တာ။ သူတို့က ဟိုမိုဆိုတာ ယောကျ်ားလိုပဲနေပြီး ယောကျ်ား ချင်းချစ်ကြတယ်လို့ပဲ မြင်ကြတာ။ ဂေးလ်ဆိုတာလဲ အဲ့လိုပဲဆိုတာကို အတွင်းကျကျမသိတာလို့ပဲ ယူဆပါတယ်။ တစ်ချို့တွေကိုတော့ တွေ့ရင်ရှင်းပြတယ်။ တစ်ချို့တွေကြတော့လဲ ငါတို့က ဟိုမိုတွေ ဂေးလ်မဟုတ်ဘူး လာမပြောနဲ့ဆိုပြီး ပြန်ပြောတာတွေ ကြုံဖူးတယ်။ ဒီလိုအသိပညာတွေ ကို သူတို့ကိုလဲ ပေးသင့်တယ်လို့ထင်ပါတယ်။ အတူတူပဲဆိုတာကို သိလာရင်တော့ ပြဿနာရှိလာ မှာ မဟုတ်ပါဘူး။

Q. Transgenderတွေက Gay တွေကိုပြောနေကြတဲ့အပေါ်မှာရော ဘာပြောချင်လဲဗျ။

A. ကျွန်တော်တို့တွေ ဆင်ခြင်ရမဲ့ အပိုင်းလေးတွေရှိပါတယ်။ တစ်ချို့တွေကကျတော့ အပုန်းလေးတွေကိုမြင်ရင် သမီးရေ အမရေ အမေရေ စသည်ဖြင့် လွတ်လပ်အောင် ပျော်ရွှင်အောင် စကြတာတွေရှိပါတယ်။ အစခံရတဲ့သူက ပျော်ပျော်ရွှင်ရွှင် လွတ်လွတ်လပ်လပ်နဲ့ ဝင်လာခဲ့ရင် အဆင်ပြေသွားမှာပါ။ မဟုတ်ရင်တော့ အဆင်ပြေမှာ မဟုတ်ပဲကွဲပြားသွားမှာပါ။ ကိုယ့်ကို လူသိမှာ စိုးလို့ ယောကျ်ားရင့်မာကြီးပုံစံ ဟန်ဆောင်နေရတာပင်ပန်းပါတယ်။ သူတို့အနေနဲ့ ကျွန်တော်တို့လို ပျော်ပျော်နေတတ်တဲ့ ဂေးလ်တွေ Transgender women တွေကိုမြင်ရင် ရှောင်လာကြတယ်။ ဒီဘက်ကလူတွေက သူတို့ကို ဖိအားပေးသလိုထင်နေကြတယ်။ တကယ်တော့ ဒီဘက်ကလူတွေ က ပျော်ရွှင်အောင် စနောက်တာပါ။ အဲ့ဒီတော့ ကျွန်တော်တို့ဘက်က အပုန်းတွေကို မစမနောက်ပဲ လက်တွဲခေါ်ရမယ်။ ကျွန်တော်တို့ကသူတို့ကိုတွေ့ရင် မောင်လေးရေ အကိုရေဆိုပြီး သူတို့ရဲ့စိတ်ကို ရအောင်ပြန်ဆွဲခေါ်ရမယ်။ အဲ့ဒီအခါသူတို့ရဲ့စိတ်တွေ လွတ်လပ်လာလိမ့်မယ်။ ကျွန်တော်တို့ကတော့ စေတနာနဲ့ပါ။ ကျွန်တော်တို့အချင်းချင်းပြောသလိုမျိုး
ဝုန်းတာရယ်လို့တော့လဲမဟုတ်ပါဘူး။ ကျွန်တော်အဖွဲ့အစည်းတစ်ခုကို

ပထမဆုံးအကြိမ်သွားတော့ ကျွန်တော်က ယောက်ျားလေးလိုပဲ သွားပါတယ်။ လွယ်အိတ်အကြီးကြီး လွယ်သွားပါတယ်။ အမတစ်ယောက်က ကျွန်တော့်ကို သမီး လာပြီဆိုပြီး ဆီးကြိုပါတယ်။ အဲ့တော့ ပထမတော့ ကိုယ်က ယောက်ျားလေးလိုဝတ်သွားပါရဲ့နဲ့ အဲ့လိုခေါ်တော့ နဲနဲတော့ကြောင်သွားတာပေ့ါ။ နောက်တော့လဲ ရင်နီးပြီး ပျော်ရွှင်သွားပါတယ်။ ကိုယ့်ကိုကိုယ် လွတ်လွတ်လပ်လပ်ပေါ့ပေါ့ပါးပါး ဖြစ်သွားပါတယ်။ ကျွန်တော်ဆယ်တန်းတုန်းက မိဘတွေနဲ့ခွဲနေရတော့မယ်ဆိုတော့ ငါက နူးနူးညံ့ညံ့နဲ့ နေတတ်တော့ အဆင်ပြေပါ့မလား စိုးရိမ်မိတယ်။ အဲ့တော့ အဆောင်စရောက်ရောက်ချင်း မာမာထန်ထန်နဲ့ နေရတယ်။ လမ်းလျှောက်တာကအစ လုံးဝယောက်ျားကြီးလို နေရပါတယ်။ အဲ့လိုနေရတဲ့အချိန်မှာ အရမ်းကို မွန်းကျပ်ပါတယ်။



ဒီပုံလေးကတော့စာကျက်နေတဲ့အချိန်တောင်မှသူ့ကိုသတိရနေမိတဲ့ပုံလေးပါ သူ့ကိုအချိန်တိုင်းသတိရနေမိပါတယ်။ တစ်ယောက်နဲ့တစ်ယောက်မုန်းနေတာမှမဟုတ်တာ ချစ်နေတာကို ဘာလို့အမှားလို့ သတ်မှတ်တာလဲ ကြက်ခြေခတ်ထားတဲ့အတွက် ကျွန်တော်တို့နှစ်ယောက်ဘဝက အပြီးတိုင်ပြန်မတွေ့တာလဲ ဖြစ်ချင်ဖြစ်မှာပါ။
(ပြည့်ဖြိုးအောင် ၂၅နှစ်၊ မန္တလေး)

အခုချိန်မှာတော့ ကျွန်တော့်ရဲ့ပတ်ဝန်းကျင်က လက်ခံလာပြီဆိုတော့ အရင်ကလို တော့ မမွန်းကျပ်တော့ပါဘူး။ အပုန်းတွေကို အကြံပေးချင်တာက ကျွန်တော်တို့နေချင်တဲ့ဘဝ ကျွန်တော်တို့လိုချင်တဲ့ ပတ်ဝန်းကျင်ကို ဘယ်လိုရအောင် ဖန်တီးမလဲဆိုတာ သိဖို့လိုပါတယ်။ အဲ့တော့ဒီဘက်က ဂေးလ်လို့ဝန်ခံထားတဲ့လူတွေက လက်တွဲခေါ်ဖို့လိုပါတယ်။ ဂေးလ်ပါလို့ဝန်ခံထားတဲ့သူတွေက သူတို့တွေကို ဟဲ့ အခြောက်ကြီး စသည်ဖြင့်ခေါ်တာတွေက သူတို့ကိုလှောင်တာမဟုတ်ဘဲ ပိုပြီးအဆင်ပြေလွတ်လပ်အောင် စိတ်ဖွင့်ပေးတဲ့အနေနဲ့ ပြောတာပါ။ အရင်ကဆိုရင် ကျွန်တော်လဲ ဟန်ဆောင်နေရတာက အထုတ်ကြီးတစ်ခုကို ထမ်းထားရသလိုပဲ အရမ်းလေးလံ တယ်။ ခုတော့ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး ဖြစ်သွားပါပြီ။

Q. ကိုယ့်ကိုကိုယ်ဂေးလ်ဖြစ်နေတဲ့အတွက် နောင်တရတာမျိုးတွေရောရှိပါသလားဗျ။

A. ဟင့်အင်း။ အဲ့လိုမျိုးနောင်တရတာမျိုးတွေမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဖြစ်လာခဲ့ပြီလေ။ မွေးလာတုန်းကတော့ ကိုယ်က အရမ်းကိုအလှအပကြိုက်တဲ့လူတစ်ယောက် နောက်တစ်ခုက ယောကျာ်းလေးချင်းကြိုက်တဲ့သူ ။ ကိုယ့်စိတ်ကလဲလွတ်လပ်သွားပြီ။ နောင်တရနေစရာမလိုတော့ ပါဘူး။ လိုလည်းမလိုပါဘူး။ လူတွေနေထိုင်ရတဲ့သက်တမ်းက ကမ္ဘာကြီးရဲ့သက်တမ်းနဲ့ ယှဉ်ရင် တိုတိုလေးပါ။ အဲ့ဒီတိုတောင်းတဲ့အချိန်လေးကို ကျွန်တော်တို့ လွတ်လွတ်လပ်လပ်မနေဘဲ ချုပ်ချုပ် တည်းတည်းနေခဲ့ရရင် ပိုပြီးနောင်တရဖို့ ကောင်းမယ်ထင်ပါတယ်။ ကောင်းတာတွေပဲဖြစ်ဖြစ် ဆိုးတာတွေပဲဖြစ်ဖြစ် ကျွန်တော်တို့လုပ်ချင်တာတွေကို ပေါ့ပေါ့ပါးပါးပဲလုပ်စေချင်ပါတယ်။ ပတ်ဝန်း ကျင်ဆိုတဲ့ဘောင်ကြီးကို ဂရုစိုက်နေရရင် အရမ်းကျဉ်းပြီးနေရခက်ပါတယ်။ အဲ့တော့ခုချိန်မှာ နောင်တရလားလို့မေးရင် နောင်တမရပါဘူး။ ပြီးတော့နောက်တစ်ခုပြောချင်တာက ကိုယ့်စိတ်ကို ဖုံးကွယ်ထားရချိန်မှာ စိုးရိမ်နေရတယ်။ ငါ့မိဘကများ ငါ့ကိုခွဲခြားဆက်ဆံမှာလား။ ငါ့ညီကိုမောင်နှမ တွေကများ ဘယ်ချိန်များသိသွားမှာလဲ။ သိသွားရင်ရောငါ့ကို ခွဲခြားဆက်ဆံမှာလားဆိုပြီး တွေးပြီး စိုးရိမ်ခဲ့ရပါတယ်။ ယောကျာ်းကြီးလိုပဲ ကျားကျားယားယားနေခဲ့ရပါတယ်။ ခုတော့သူတို့က ကိုယ့်ကို ဒီလိုပုံစံနဲ့မွေးဖွားလာတယ်။ ကိုယ်ဒီလိုနေထိုင်ရတာကြိုက်တယ်ဆိုတာကို သိနေကြတော့ နေထိုင်ရတာ ပိုအဆင်ပြေလာပါတယ်။ အဓိကကတော့ အမေပါ။ အမေနဲ့တွဲသွားတွဲလာလုပ်တဲ့ အခါတိုင်း ဖြည်းဖြည်းချင်း အမေလက်ခံလာအောင် နားသွင်းရပါတယ်။ LGBTဆိုတာဘာလဲ။ ကျွန်တော်တို့ LGBTတွေမှာလဲ ချစ်တတ်တဲ့ နှလုံးသားတွေရှိတယ်ဆိုတာကို Colour Rainbow လို စာအုပ်တွေ LGBTနဲ့ ပတ်သတ်တဲ့ စာအုပ်တွေ ဝတ္ထုတွေကို ဖြည်းဖြည်းချင်းပြပါတယ်။ တိုက်ရိုက်ကြီးတော့ ပြောမပြဘူး။ ဥပမာ ကျွန်တော်တို့ စံထားရတဲ့ နုနုရည်အင်းဝရဲ့ ပြုံး၍လဲ ကန်တော့ခံတော်မူပါ ရယ်၍လဲကန်တော့ခံတော်မူပါလိုမျိုး စာအုပ်တွေကို ဖတ်ကြည့်ပါဆိုပြီး တိုက်တွန်းရပါတယ်။ ပြီးတော့ နောက်တစ်ခုက သူတို့တွေကျွန်တော်တို့ကို အားကိုးလာရအောင် နေရပါမယ်။ အိမ်ကနေခွဲခြားခံရတဲ့သူတွေ နှိပ်စက်ခံရတဲ့သူတွေက လေလွင့်ကြတာများပါတယ်။ အဲ့ဒီဒဏ်တွေကို ကျွန်တော်တို့တွေ ကြံ့ကြံ့ခံနိုင်ရပါမယ်။ ကျွန်တော်တို့ဘဝတွေအတွက် ကျွန်တော် တို့ရဲ့ အိမ်အရိပ် မိဘအရိပ်ကသာလျှင် အလုံခြုံဆုံးလို့ထင်ပါတယ်။ မိသားစုနဲ့ အရင်ဆုံးစုစုစည်း စည်းဖြစ်အောင်ကြိုးစားရမှာပါ။ ကျွန်တော်ကတော့ အမေ့ကိုကျေးဇူးတင်ပါတယ်။ အမေကလက်ခံ ပေးပါတယ်။ အခုနောက်ပိုင်း အမေက ဘာသာရေးကို အရမ်းလိုက်စားလာတော့ အဆင်ပြေပါတယ်။ ဘာသာရေးအရပြောနေကြတာက ဒီလူတွေက

ကာမေသုကံကို ကြူးလွန်ခဲ့လို့ ဖြစ်တာဆိုပြီး ဟောကြပြောကြပါတယ်။ ဒီလူတွေရဲ့ဘဝကို နားလည်ပေးပါ စာနာနားလည်ပေးကြပါ ဆိုပြီးမပြောကြဘူး။ တကယ်တန်းက ဘုရားရှင်ဟောကြားခဲ့တာက သတ္တဝါအားလုံးကို မေတ္တာထားပါ။ သနားကြင်နာပါဆိုပြီးပဲ မိန့်တော်မူခဲ့တာပါ။ လူတွေက ဘာဖြစ်လို့များဒီလူတွေကို ခွဲခြားချင်ကြတာပါလဲ။ တကယ်တမ်းဘာသာတရားကို နက်နက်ရှိုင်းရှိုင်းလေ့လာကြည့်တဲ့အခါ အမေကိုယ်တိုင်က ပြောပါတယ်။ လူတွေဟာ သူ့လမ်းကြောင်းနဲ့သူမွေးဖွားလာပြီးသားပါ။ သူဒါတွေ လုပ်ရင်ဒါဖြစ်မယ်ဆိုတာ သိပြီးသားပါ။ ဒါလေးကိုပြင်ပေးပါဆိုတိုင်းပြင်လို့မရပါဘူး။ ငါကတော့ ဒီလိုဖြစ်လာပါစေဆိုပြီးမွေးဖွားလာတာမဟုတ်ပါဘူး။ အဲ့တော့ အမေကိုယ်တိုင်လဲ လက်ခံလာ ပါတယ်။ ကျွန်တော့်ညီကလဲ လက်ခံလာပါတယ်။ သူတို့ကိုလဲ ကျေးဇူးတင်ပါတယ်။ နောက်တစ်ခုက ကျွန်တော်လမ်းမှားတော့မှာလားဆိုပြီး စောင့်ကြည့်ပါတယ်။ လမ်းမှားမယ်ဆိုရင် ထိမ်းပေးပါတယ်။ အရမ်ကြီး ဒါတော့မလုပ်ရဘူး။ ဟိုဟာတော့ မလုပ်ရဘူးဆိုပြီး မထိမ်းချုပ်ပါဘူး။ အဲ့တော့ အဆင်ပြေပါတယ်။ နောင်တမရပါဘူး။

Q. နောင်တစ်ချိန်မှာ ဖြစ်ချင်တဲ့ဆန္ဒလေးတွေက ဘာတွေများရှိမလဲဗျ။

A. နောင်တစ်ချိန်မှာ ကိုယ်တစ်ကယ်ချစ်တဲ့သူနဲ့ဆန္ဒလား။ သူ့ကကိုယ့်ကိုချစ်တာမချစ်တာထက် သူ့ကိုဘယ်ချိန်ပြန်လာပြန်လာ စောင့်နေပါ့မယ်လို့ ပြောချင်ပါတယ်။ အရင်က ဂရုစိုက်ခဲ့တာတွေက ဘာအတွက်များလဲလို့လဲ မေးချင်ပါတယ်။ ဘဝတစ်ခုကိုထူထောင်ဖို့က ပေါင်းရခြင်းမပေါင်းရခြင်း က အရေးမကြီးပေမဲ့ လူတိုင်းကတော့ လိုချင်ကြပါတယ်။ တွဲခဲ့တဲ့လူတွေရှိပေမဲ့ စိတ်ကူးထဲကသူဆို ရင် သူပဲရှိပါတယ်။ ကျွန်တော်တို့ခေတ်မှာ မရနိုင်တော့ပေမဲ့ နောက်လာမယ့်မျိုးဆက်လေးတွေကို တော့ အေးအေးချမ်းချမ်းနဲ့ နေသွားစေချင်ပါတယ်။ သူနဲ့အတူနေချင်လားဆိုရင်တော့ နေချင်ပါတယ်။ ဘုရားသွားကျောင်းတက် အတူသွားချင်ပါတယ်။ ကျွန်တော့်အတွက်မလွယ်ပေမဲ့ ကျန်တဲ့သူတွေအတွက်တော့ရစေချင်ပါတယ်။

Q. ဒီကျွန်တော်တို့ရဲ့ လိင်တူချစ်သူအသိုင်းအဝိုင်းအတွက် ဘာတွေများပြောချင်ပါသေးလဲဗျ။

A. ကိုယ်ချင်းစာစိတ်လေးထားပေးကြပါလို့ပြောခြင်ပါတယ်။ ငါသာသူ့နေရာမှာသာဆိုတဲ့အတွေး ကိုယ်ချင်းစာစိတ်လေးထားပေးကြပါလို့ ပြောခြင်ပါတယ်။ ကျွန်တော်တို့အချင်းချင်းပဲဖြစ်ဖြစ် တစ်ခြားသူတွေပဲဖြစ်ဖြစ် ခွဲခြားဆက်ဆံမှုတွေမရှိပဲ ကိုယ်ချင်းစာစိတ်လေးတွေ ရှိစေချင်ပါတယ်။ ကျွန်တော်တို့သည် မွေးဖွားလာပုံခြင်းလဲ မတူဘူး။ နေရာဒေသလဲမတူဘူး။ ဉာဏ်ရည်ဉာဏ်သွေး လဲမတူပါဘူး။ အဲ့တော့ လူတစ်ယောက်က ကိုယ်တွေးတာ သူတွေးတာ ကိုယ့်ပုံစံသူ့ပုံစံ

ကိုယ့်လိင်စိတ်နဲ့သူ့လိင်စိတ် မတူတဲ့အခါညှိပေးကြပါ။ LGBT အပေါ်မှာမှ မဟုတ်ပါဘူး။ အသားအရောင် ကိုးကွယ်ယုံကြည်မှု ဘယ်လိုပဲကွဲကွဲ လူဆိုတဲ့ Identity လေးပဲကြည့်ပြီး ဆက်ဆံ ပေးကြပါလို့ ပြောချင်ပါတယ်။ LGBTတွေအတွက်ကတော့ ပတ်ဝန်းကျင်က လက်ခံပေးစေချင်ရင် ကိုယ်တိုင်လက်တွဲပြီး အတူတူတွန်းရွှေကြပါလို့ ပြောခြင်ပါတယ်။ ဘာလို့လဲဆိုတော့ ပုန်းလျှိုး ကွယ်လျှိုးဆိုရင်တော့ ကွဲကြအုံးမှာပါပဲ။ ပုန်းလျှိုးကွယ်လျှိုးလုပ်နေရင်တော့ ကွဲကြအုံးမှာပါပဲလို့ ပြောချင်ပါတယ်။ ကျွန်တော်တို့ချစ်တယ်ဆိုတာကလဲ နှလုံးသားကလာတဲ့ အမှန်တရားပါ။ ဘယ်အရာပဲဖြစ်ဖြစ် နှလုံးသားကလာတဲ့ အမှန်တရားက တစ်နေ့အောင်မြင်မှာပါ။

၈။ ကိုစု (ပြည်မြို့) ၂၈ နှစ်

Q. မင်္ဂလာပါ။ ပထမဆုံး အကို့ရဲ့အမည်နဲ့ အသက်လေးကို မိတ်ဆက်ပေးပါအုံးဗျ။

A. မင်္ဂလာပါ။ ကျွန်တော့်အမည်ကတော့ ကိုစုလို့ခေါ်ပါတယ်။ ကျွန်တော့်အသက်ကတော့ ၂၁နှစ်ရှိပါပြီ။

Q. အကိုက ကိုယ့်ရဲ့လိင်စိတ်ခံယူမှုကို ဘယ်လိုမျိုးသတ်မှတ်ထားပါသလဲဗျ။

A. ကျွန်တော်ကတော့ ကိုယ့်ကိုကိုယ် Transgender Tomboy တစ်ဗယာက်လို့ သတ်မှတ်ထားပါတယ်ဗျ။

Q. ကိုယ့်ကိုကို လိင်တူချစ်သူ Transman တစ်ယောက်လို့ ဘယ်ချိန်ထဲက စသိခဲ့တာပါလဲဗျ။

A. ငယ်ငယ်လေးထဲကလို့ပြောရပါမယ်။ ယောကျ်ားလေးတစ်ယောက်လိုနေရတာကို ကြိုက်တယ်။ ယောကျ်ားလေးတစ်ယောက်လို ဝတ်ရတာကိုသဘောကျပါတယ်။ ကျွန်တော့်ကို မိန်းကလေးလို တစ်ခါပြင်ပေးဖူးပါတယ်။ အဖေ့အလုပ်ရှင်ကို သွားကန်တော့ဖို့ဆိုပြီးတော့ ပြင်ပေးတာ။ ကျွန်တော်တစ်လလောက် ဆန္ဒပြခဲ့ရတယ်။ ကျွန်တော်ဘယ်လိုမှ နေလို့မရပါဘူး။ အဲ့ဒီလို အဝတ်အစားတွေ ဝတ်ရရင် မနေတတ်ဘူး။ ဆွဲချွတ်ပစ်ချင်စိတ်ပေါက်ပါတယ်။ ဘယ်လိုမှ မနေတတ်ပါဘူး။ စိတ်ကျဉ်းကျပ်ပါတယ်။ အိမ်အလုပ်ဆိုရင်တော့ ယောကျ်ားလေးအလုပ် မိန်းကလေးအလုပ် မခွဲဘူး လုပ်နိုင်တယ်။ ကစားရင်တော့ ဘောလုံးကစားတာပဲ ကြိုက်တယ်။ ကြိုးခုန်တာတွေတောင် မလုပ်ဘူး။

Q. ခုလိုယောကျ်ားလေးတစ်ယောက်လိုနေဖို့ ဘယ်အသက်အရွယ်လောက်မှာ ဆုံးဖြတ်ချက်ချခဲ့တာလဲဗျ။

A. ငယ်ငယ်လေးထဲက ဒီအတိုင်းပဲနေခဲ့တာပါ။ ကိုယ့်ကိုကိုယ် မိန်းကလေးတစ်ယောက်လို ဘယ်လိုမှခံစားလို့မရဘူး။ မိန်းကလေးကိစ္စတွေဖြစ်လာရင်လဲ အရမ်းစိတ်ပျက်တယ်။

Q. ယောကျ်ားလေးတစ်ယောက်လိုနေတယ်ဆိုတော့ မိသားစုနဲ့ဆက်ဆံရေးကရော ဘယ်လိုဖြစ်မလဲဗျ။

A. မိသားစုကတော့ ကျွန်တော့်ကို မိန်းကလေးတစ်ယောက်လိုပဲနေစေချင်ပါတယ်။ ကျွန်တော်ကတော့ ယောကျ်ားလေးတစ်ယောက် မလုပ်ဖူးတဲ့အလုပ်ကို မလုပ်ဖူးသလောက်ရှားပါတယ်။ မြက်ပေါက် ဘာညာတွေ လုပ်ဖူးတယ်။ ကျွန်တော့်အဖေက ဆန်ပွဲရုံလုပ်တော့ ကျွန်တော်က ဆန်အိတ်လဲ ထမ်းဖူးပါတယ်။ သူတို့က မြင်ချင်တာကတော့ မိန်းကလေးတစ်ယောက်လို ဝတ်စားပြီး သမီးတစ်ယောက်လိုပဲ မြင်ချင်ကြတယ်။ အရင်ကဆို ဘယ်လိုမှပြောလို့မရဘူး သမီးလို့ပဲခေါ်တယ်။ ခုတော့ အိမ်ထောင်ကြပြီးနောက်ပိုင်းတော့

ကျွန်တော့် ကိုစုလို့တော့ ပြောင်းခေါ်လာပါတယ်။ အဲ့တော့ ကျွန်တော့်ကိုယ်ကျွန်တော် လုံးဝယောကျ်ားလေးတစ်ယောက် လိုပဲ မြင်ပါတယ်။ လုံးဝယောကျ်ားလေးအစစ်မဟုတ်ဘူးဆိုတဲ့ အသိကိုတော့ ထည့်ထားပါတယ်။ မိန်းကလေး တစ်ယောက်လို ဆက်ဆံလာရင်တော့ ကျွန်တော်မကြိုက်ပါဘူး။ အလုပ်လုပ်ရင်လဲ ယောကျ်ားလေး တစ်ယောက်လိုရှာပြီး ယောကျာ်းလေးတစ်ယောက်လို သုံးပါတယ်။ အိမ်ရဲ့တာဝန်ကိုလဲ ကျွန်တော်တတ်နိုင်တဲ့ ဘက်ကနေယူပါတယ်။ ကျွန်တော်မိန်းမယူတော့ အိမ်ကတားပါတယ်။ ဘာဖြစ်လို့ယူတာလဲ နင်ပဲလုပ်ကျွေးရမှာ အချိန်တန်ရင် သူတို့က ယောကျ်ားယူသွားမှာဆိုပြီး ပြောပါတယ်။ အဲ့ဒီလို အခက်အခဲလေးတွေတော့ ရှိပါတယ်။

Q. အိမ်က အကို့ရဲ့နေထိုင်မှုပုံစံကို ဘောင်သွင်းဖို့ရော လုပ်ကြလားဗျ။

A. လုပ်ကြတယ်ဗျ။ ခုချိန်ထိ ကျွန်တော့်ကို ကျောင်းဆရာမ ရဲမေ စသည်ဖြင့် လုပ်စေချင်ကြတယ်။ ပုဆိုးတွေ ဘာတွေဝတ်ရင် ပြောကြတယ်။ အခုတော့ သိပ်မပြောတော့ဘူး။ ကျွန်တော်က ယောကျ်ားလေးလို နေတာထိုင်တာ ဝတ်တာစားတာကလွဲလို့ ပျက်စီးတဲ့အထဲကို ကျွန်တော်မပါခံပါဘူး။ ကျွန်တော့်ရည်မှန်းချက်ကို အကောင်းဆုံးဖြစ်အောင်လုပ်ပါတယ်။ ကျွန်တော်က အကောင်းဆုံးလုပ်နေတဲ့အတွက် အိမ်ကအရင်လို သိပ်မချုပ်ချယ်တော့ပါဘူး။ အလုပ်လုပ်တဲ့အခါမှာ ယောကျ်ားလေးတစ်ယောက်လိုလုပ်ပေမဲ့ လုပ်ခက ယောကျ်ားလေးတစ်ယောက်လိုတော့ အပြည့်အဝမရပါဘူး အဲ့လောက်နီးနီးပဲ ရပါတယ်။ အဲ့ဒီလို ခွဲခြားမှုလေးတွေတော့ ရှိတယ်။ ဒါပေမဲ့လည်း ကျွန်တော်က အလုပ်ထဲမှာလဲ သင့်မြတ်အောင်နေပါတယ်။

Q. ငယ်စဉ်ဘဝကျောင်းတတ်တုန်းကရော အစဉ်ပြေလားဗျ။ ဘယ်လိုအခက်အခဲတွေ ရှိခဲ့သလဲဗျ။

A. မပြောဘူးလို့ပြောရပါမယ်။ ငယ်စဉ်ကတော့ ကျောင်းသားရော ကျောင်းသူရောက အဆင်ပြေတယ်။ ကြီးလာတော့ အလယ်တန်းကျောင်းသားဘဝမှာ အဆင်မပြေတော့ဘူး။ အဝတ်အစားဝတ်တဲ့နေရာမှာ ရင်ဖုံးနဲ့ထဘီ ပြောင်းဝတ်ခိုင်းတယ်။ ဆရာမကိုတော့ ကျွန်တော်က ပြန်မပြောပါဘူး။ ကျွန်တော်က အဆင့်၁ကနေ၁၀အတွင်း ဝင်ပါတယ်။ အားကစားမှာလဲ ထူးချွန်ပါတယ်။ ကျွန်တော့်မှာ ပြောစရာဆိုလို့ အဝတ်အစားကိစ္စသာရှိတာပါ။ ဒါပေမဲ့လဲ အဆင်ပြေခဲ့ပါတယ်။ ဆရာမတွေအနေနဲ့ ကျွန်တော့်ပညာရေး တစ်ပိုင်းတစ်စ ဖြစ်မှာဆိုးလို့ ခွင့်ပြုပေးခဲ့တယ်လို့ ထင်ပါတယ်။ ထဘီဝတ်ဆိုရင်လဲ ထဘီကို ပုဆိုးလိုလုပ်ပြီး ဝတ်သွားတယ်။ ရင်ဖုံးအကျီဝတ်ရင်လဲ အပေါ်ဖုံးလေးနဲ့တွဲပြီး ဝတ်ပါတယ်။ ပထမဆုံးဝတ်တဲ့နေ့ကဆိုရင် တစ်ခန်းလုံးက ရယ်ကြတယ်။ ရယ်တာကတော့မုန်းတီးစိတ်နဲ့တော့ မဟုတ်ဘူး။ တစ်ခန်းလုံးနဲ့ကျွန်တော်က အဆင်ပြေအောင်နေပါတယ်။

ဆယ်တန်းစာမေးပွဲဖြေတော့ ကျွန်တော်အဆင်ပြေခဲ့ပါတယ်။ အဝတ်အစား အဆင်မပြေလို့သာ ကျောင်းမတတ်ခဲ့ရင် ကျွန်တော်လမ်းဘေးရောက်သွားမှာပါ။ ကျွန်တော် တက္ကသိုလ်ရောက်တော့ လေ့လာရေးခရီးသွားရပါတယ်။ ကျွန်တော်က ပုဆိုးလေးဝတ်ထားတော့ ဆရာမက ကျွန်တော့်ကို ဒါငါမွေးထားတဲ့ငါ့သားဆိုပြီး မိတ်ဆက်တော့ ကျွန်တော် တော်တော်လေးပျော်ခဲ့ရပါတယ်။

Q. ကျောင်းတတ်တုန်းကရော ဘယ်လိုအဝတ်အစားတွေ ဝတ်ဖြစ်လဲဗျ။

A. ကျောင်းတတ်တုန်းကတော့ ကျွန်တော်က မိန်းကလေးလိုမဝတ်ပါဘူး။ ယောကျ်ားလေးလိုပဲ ဝတ်ပါတယ်။ အောက်ကထဘီကတော့ အနက်ရောင်ဝတ်ပြီး ပုဆိုးလိုပဲဝတ်ပါတယ်။ Second Year ကနေ Final ထိ ဘောင်းဘီပဲဝတ်ပါတယ်။ ဆရာမက ပုဆိုးတော့ ဝတ်ခွင့်မပေးပါဘူး။ ကျောင်းမှာဆိုရင် ကျွန်တော်က စာတော်တဲ့ထဲမှာပါတယ်။ ဆရာမတွေက Master တွေ ထပ်တတ်ဖို့ထိ မှန်းထားကြပါတယ်။ ကျောင်းမှာဆိုရင် ဆောင်းပါးပြိုင်တာတွေ အားကစားပြိုင်တာတွေ အကုန်လုပ်ပါတယ်။ ကျွန်တော်မပြိုင်တာဆိုလို့ Welcome ပွဲပဲ မပြိုင်တာပါ။ အဲ့မှာကျတော့ မိန်းကလေးလိုဝတ်ရလို့ပါ။ စာသင်ချိန်ဆိုရင် ကျွန်တော်က အပြင်ရောက်နေတာ များပါတယ်။ စာမေးပွဲ ဘာလို့အောင်တာလဲဆိုရင် ကျွန်တော်က ကျောင်းစာတွေကို ဖတ်တယ်။ နားမလည်ရင် အခေါက်ခေါက် အခါခါဖတ်တယ်။ အဲ့တော့ ဆရာမတွေနဲ့ဆွေးနွေးတဲ့အချိန်ကျရင် ကျွန်တော်က စာရတယ်။

Q. တစ်ခြားဘာအခက်အခဲတွေရော ကြုံခဲ့ရလဲဗျ။

A. ကျွန်တော့်အဖေက အရက်အရမ်းသောက်ပါတယ်။ အိမ်မှာက စီးပွားရေးအဆင်မပြေတော့ ကျွန်တော်က ငါးတန်း ခြောက်တန်းလောက်ထဲက အလုပ်ထွက်လုပ်ခဲ့ပါတယ်။ ကျွန်တော့်အမေနေမကောင်းဖြစ်နေတဲ့ အချိန်မှာ အဖေက အိမ်ကပစ္စည်းတွေကို ထုခွဲရောင်းချပြီး လောင်းကစားလုပ်ပစ်လိုက်တယ်။ ကျွန်တော့်အမက အဲ့ဒီအချိန်က ရှစ်တန်းရောက်နေပြီ။ ကျွန်တော်တို့မှာ ကျောင်းပဲဆက်တက်ရတော့မလို ထွက်ရတော့မလို ဖြစ်ခဲ့ရတယ်။ ကျွန်တော့်အမက ကျောင်းထွက်ပြီး ကျွန်တော်တို့ကို ကျောင်းဆက်နေခဲ့ပါတယ်။ အစကတော့ ကျွန်တော်ထွက်ပြီး အမဆက်တက်ပါဆိုတော့ လက်မခံပဲ သူပဲထွက်ခဲ့ပါတယ်။ အဖေက အမြဲတမ်းမူးနေလို့ အဖေပြန်လာမဲ့အချိန်ဆိုရင် ကြောက်နေရတယ်။

Q. ကျောင်းပြီးလို့ ဘွဲ့ယူတဲ့ခါမှာရော ဘယ်လိုအခက်အခဲ ရှိခဲ့လဲဗျ။

A. သူများတွေက ဘွဲ့ယူတဲ့နေ့မှာ အရမ်းပျော်ခဲ့ရတယ်။ ကျွန်တော်ကတော့ အရမ်းငိုခဲ့ရတယ်။ ဘွဲ့ယူတဲ့ဓါတ်ပုံရိုက်တဲ့အချိန်မှာ ကျွန်တော့်ကောင်မလေးပါမှာကို အိမ်ကကန့်ကွက်ခဲ့ကြတယ်။

ဘွဲ့ယူတဲ့အချိန်မှာ အိမ်ရဲ့တိုက်တွန်းချက်အရ မိန်းကလေးအဝတ်အစားနဲ့ပဲ ကျွန်တော်တတ်ခဲ့ရတယ်။ ထဘီဝတ်ပြီး ဆံပင်အတုကြီး စွပ်ရတာပေါ့။ ကျွန်တော့်ဆံပင်က အတိုလေ ကျွန်တော်က ဆံပင်အရှည်ထားရင် ခေါင်းကိုက်တတ်တယ်။ အဲ့တုန်းကကိုယ့်ပုံစံက ဂေးလ်တစ်ယောက်လို့ ခံစားရတယ်။ အဲ့ဒီအချိန်က တော်တော်မွန်းကြပ်တယ်။ ချုပ်ထားပြီးနောက်ကနေ ထိုင်ရိုက်နေသလိုပဲ။ မိသားစုကအလေးထားပြီး မိသားစုက ဝတ်စေချင်တာကို ဝတ်ခဲ့ပါတယ်။

Q. ချစ်သူရှိတယ်ဆိုတော့လေ ဘယ်အရွယ်လောက်ထဲက မိန်းကလေးချင်း ချစ်တတ်ခဲ့တာလဲဗျ။

A. သေသေချာချာဆိုရင် ကျွန်တော်တက္ကသလိုလ်စတတ်တဲ့အချိန်လောက်ကပါ။ အဲ့ဒီတုန်းက ကျောင်းမှာ ထဘီဝတ်ရပါတယ်။ သူငယ်ချင်းတွေက ကျွန်တော်က ဘာလဲ Lesbian လား Tomboy လား သိချင်ကြတယ်။ ကျွန်တော်က အနေလဲအေးတယ်။ ဆရာဆရာမတွေကို ကန့်လန့်လဲ မလုပ်တော့ Tomboy တွေထဲမှာ ကျွန်တော်က ကန့်လန့်ဖြစ်နေတယ်။ ကျွန်တော်က ကျောင်းဘောလုံးအသင်းမှာ ဘောလုံးကန်တယ်။ ကောင်မလေးက မအူပင်အသင်းမှာ ကန်တယ်။ ကျွန်တော်က ပြည်အသင်းမှာ ကန်ပါတယ်။ ပုသိမ်မှာသွားကန်ရတဲ့ပွဲမှာ သူနဲ့တွေ့ပြီး ကြိုက်ခဲ့တာပါ။ သူကလုံးဝမိန်းကလေးပါ။

Q. ဘယ်လိုတွေ့စပြီး ချစ်ခဲ့တာလဲဗျ။

A. တွေ့တဲ့ရက်တော့ နည်းပါတယ်။ တစ်ပတ်ကျော်လောက်ပါ။ သူကဘောလုံးကန်တာ ကောင်းတယ်။ ပြည် ပုသိမ် မအူပင် ဟင်္သာတ လေးသင်းကန်ရပါတယ်။ ပုသိမ်နဲ့ဟင်္သာတ ကန်တဲ့ပွဲမှာ ကျွန်တော်တို့သွားကြည့်ပါတယ်။ ကျွန်တော်ကတော့ အားကစားစိတ်နဲ့ အားပေးတာပါ။ ကြိုးစားထား ဖိုက်တင်းဆိုပြီး အားပေးတဲ့ပုံကို ကြိုက်သွားတာလို့ထင်ပါတယ်။ နောက်နေ့မှာ ရေချိုးတဲ့နေရာတူတော့ အဲ့နေရာထိ စကားတွေလာပြောတယ်။ အဲ့ဒီလိုမျိုးနဲ့ သဘောကျချစ်မိသွားတာပါ။ ချစ်သူသက်တမ်းတော့ မကြာဘူး။ နှစ်ပတ်လောက်ပါပဲ။ အဲ့ဒီအချိန်က ကျွန်တော်လဲ ဖုန်းမကိုင်တော့ ဆက်သွယ်ရေးအစဉ်မပြေပြီး အနေဝေးလို့ ပြတ်သွားတယ်လို့ ထင်ပါတယ်။ ကျွန်တော့်အသက် ၁၈နှစ် ၁၉နှစ်ဝန်းကျင်လောက်ပေါ့။

Q. ဘောလုံးကန်ခဲ့တယ်ဆိုတော့လေ ဘယ်ကနေစပြီး ဘောလုံးကန်ခဲ့တာပါလဲဗျ။

A. ငယ်ငယ်တုန်းကတော့ ဘောလုံးကန်တယ်။ အပြေးပြိုင်တယ်။ ခြင်းလုံးခတ်တယ်။ အဲ့ဒီကစားနည်းတွေက တော်ရုံတန်ရုံ မိန်းကလေးတွေ မကစားပါဘူး။ ရပ်ကွက်ထဲကယောကျာ်းလေးတွေနဲ့ ညနေတိုင်း အုတ်ခဲလေးတွေ ဂိုးတိုင်လုပ်ပြီး ကစားပါတယ်။ မိုးရွာရင် ဘောလုံးကန်ချင်စိတ်ကို ထိမ်းမရပါဘူး။ ဘောလုံးမကန်ရရင် ခြင်းလုံးကစားပါတယ်။

Q. ကျောင်းမှာ ဘောလုံးအားကစားနည်းကို ဘယ်လိုလေ့ကျင့်ခဲ့တာလဲဗျ။

A. အဲ့ဒီအချိန်တုန်းကလဲ ကျောင်းမှာ Tomboy တွေ Lesbian တွေရှိပါတယ်။ သူတို့ကနေ ကစားမလားဆိုတော့ ကျွန်တော်လဲ ဝင်ကစားဖြစ်တာပါ။ ကျွန်တော်က အရင်ထဲက ကစားနေတာလေ ဆယ်တန်းနှစ်ပဲ မကစားဖြစ်တာပါ။ အခြေခံကျောင်းတွေမှာကျတော့ အသင်းဖွဲ့တာကို ဆရာတွေကပဲလုပ်ပေးတာ။ တက္ကသိုလ်ရောက်တော့ ကိုယ့်ဖာသာကိုယ်လုပ်ရတယ်။ အဲ့လိုနဲ့ပဲ ဘောလုံးအသင်းတစ်ခုထောင်ဖြစ်ပါတယ်။ နည်းပြကတော့ ကျွန်တော်တို့အသင်းထဲက အတွေ့အကြုံရှိတဲ့သူကို ခန့်ရပါတယ်။ လေ့ကျင့်ခန်းတွေ ဆင်းပြီးတော့ ဆရာမကို ကျွန်တော်တို့အသင်း ထောင်ပြီးပြီဆိုတဲ့အကြောင်း သတင်းပို့ရပါတယ်။ ကျွန်တော်တို့နှစ်မှာပဲ ဘောလုံးအသင်းတွေရှိပြီး နောက်တော့မရှိတော့ဘူး။ တစ်ယောက်နဲ့တစ်ယောက် မချိတ်မိကြတာလဲ ပါမယ်။ ဆရာ/ဆရာမတွေကို မပြောရဲတာလဲ ပါမယ်ဗျ။ ကျွန်တော်တို့နှစ်က စာလဲရတယ်။ အားကစားလဲ ရတယ်။

Q. ပြိုင်ပွဲပြိုင်တာတွေရော ဘယ်လိုပြိုင်ပွဲတွေ ပြိုင်ခဲ့ဖူးသလဲဗျ။

A. တိုင်းအဆင့် ပြည်နယ်အဆင့် ပြိုင်တာတွေတော့မရှိပါဘူး။ ကျောင်းမှာအမျိုးသမီးဘောလုံးအသင်း ထောင်တယ်။ မေဂျာတွေ တစ်ခုနဲ့တစ်ခုပြိုင်ကစားတယ်။ အဲ့ဒီကမှ လက်ရွေးစင်ပြန်ထုတ်တယ်။ ပြီးတော့ ပုသိမ်မှာ သွားကစားပါတယ်။ ပုသိမ်မှာကစားလို့တော်တဲ့သူတွေကို လက်ရွေးစင်အသင်းတွေမှာ ရွေးခေါ်သွားတာတွေ ရှိပါတယ်။ မေဂျာပေါင်းစုံကနေရွေးတာပေ့ါ။ အဲ့ဒီတုန်းက ညာတောင်ပံကနေကစားတာပါ။ ခုနောက်ပိုင်းတော့ မကစားဖြစ်တော့ဘူး။ အားကစားကို မလုပ်ဖြစ်တော့ပါဘူး။ အပြေးလဲ မလေ့ကျင့်ဖြစ်ဘူး။ ခြင်းလုံးလဲမခတ်တော့ဘူး။

Q. ပထမဆုံးချစ်သူက ၁၈နှစ်လောက်က ထားဖြစ်တယ်ဆိုတော့ နောက်ထပ်ရော ဘယ်နှစ်ယောက်လောက်ထားခဲ့သလဲဗျ။

A. ပြောရတော့ခက်တယ်ဗျ။ ပွင့်ပွင့်လင်းလင်းပြောရရင် ရည်းစားတော့ များခဲ့ပါတယ်။ သူတို့ကိုယ်တိုင်ကပဲ လက်ထပ်ဖို့မရည်ရွယ်ခဲ့လို့လား ကျွန်တော်ကပဲ သူတို့ကိုမခံစားစေချင်တာလားတော့ မသိဘူး တွဲလိုက် ပြတ်လိုက်ဖြစ်သွားပါတယ်။ ခုတစ်ယောက်နဲ့ယူဖြစ်သွာတော့ ကျွန်တော်က ရည်းစားတွေ မိန်းကလေးသူငယ်ချင်းတွေအားလုံးကို ဖြတ်ခဲ့ပါတယ်။

Q. ဒီတစ်ယောက်နဲ့ရော ဘယ်လိုစတွေ့ခဲ့တာပါလဲဗျ။

A. သူနဲ့စတွေ့တာက စကိတ်ကွင်းမှာ စကိတ်စီးရင် သူ့သူငယ်ချင်းတွေက မိတ်ဆက်ပေးပြီး ခင်ခဲ့တာပါ။ စတွေ့ကာစက သူကကျွန်တော့်ကို ယောကျာ်းလေးတစ်ယောက်လို လုပ်နိုင်နေနိုင်ပ့ါမလားဆိုတဲ့ အထင်သေးတဲ့ အကြည့်နဲ့ကြည့်တာပါ။

ကျွန်တော်ကလဲ မခံချင်စိတ်နဲ့ သူ့ရှေ့မှာကြိုးစားပြီး သူငယ်ချင်းလို ညီမလေးတစ်ယောက်လိုခင်ပြီး တွဲခဲ့တယ်။ အဲ့ဒါကို သူ့အဖေကမြင်တော့ နင်ဘာလို့ဘောပြားတစ်ယောက်နဲ့ တွဲနေတာလဲဆိုပြီး ဆူပါတယ်။ သူ့မှာ အကိုတွေချည်းပဲလေးယောက်ရှိပါတယ်။ ကျွန်တော်က ခင်နေလို့လမ်းတွေ့နှုတ်ဆတ်တာကို ဘောပြားနဲ့ခင်လို့ဆိုပြီး ခြေထောက်တွေနဲ့ကန် လက်သီးနဲ့ထိုးလုပ်ပါတယ်။ ကျွန်တော်က ကျွန်တော့်ဟာကျွန်တော် အေးအေးဆေးဆေးနေတာပါ။ ရှိင်းရှိင်းစိုင်းစိုင်းနေတာလဲ မဟုတ်ပါဘူး။ မူးပြီး ပုဆိုးလှန်ပြီးနေတာလဲ မဟုတ်ပါဘူး။ ကျွန်တော့်ကို အဲ့ဒီလိုဆက်ဆံလို့ မခံချင်စိတ်နဲ့ လိုက်ကြိုက်ဖြစ်သွား တာပါ။ အဲဒီအချိန်က သူကဆေးဆိုင်မှာ အလုပ်လုပ်ပါတယ်။ သူက ကျွန်တော်နဲ့စကားပြောရတာ ပျော်တယ်။ သူက အရမ်းချုပ်ချယ်ခံခဲ့ရတာလဲ ပါတယ်။ ကျွန်တော့်ကိုမတွေ့ရရင် သူမနေနိုင်ဘူး။ သူ့အိမ်က ဘယ်လောက် ရိုက်ရိုက် ကျွန်တော့်ကို တစ်နေ့တစ်ခေါက်ရအောင် လာတွေ့ပါတယ်။ ကျွန်တော်ကလဲ အဲ့ဒီအချိန်က သူ့မိသားစုကို မုန်းတယ်။ သူ့ဘက်က မိုးရွာရွာ နေပူပူ ကျွန်တော့်ဆီအမြဲလာတယ် ကြာလာတော့ သူ့ကိုသနားပြီး တွဲဖြစ်ခဲ့ပါတယ်။ ကျွန်တော်နဲ့တွဲလို့ဆိုပြီး သူ့အိမ်က ပိုက်နဲ့ရိုက်တာ လက်မောင်းမှာ အရှိုးရာတွေ အများကြီးပါပဲ။ အဲ့လိုနဲ့သူ့အိမ်ကထွက်လာပြီး ကျွန်တော့်အိမ်လိုက်လာပါတယ်။

သူ့အိမ်ကရဲနဲ့လိုက်လာတယ်။ မိန်းကလေးတစ်ယောက်ကို သွေးဆောင်ဖြားယောင်းမှုနဲ့။ ကျွန်တော့်မိဘတွေက တောသူတောင်သားတွေ အရမ်းရိုးပါတယ်။ ရဲတွေ ဘာတွေနဲ့လဲ မပတ်သတ်ချင်ကြဘူး။ ခုလိုရဲနဲ့လိုက်ခေါ်တော့ ပတ်ဝန်းကျင်ကလဲ ကဲ့ရဲ့ကြတယ်။ ကျွန်တော်ကိုယ်တိုင် သူ့မိဘအိမ်ပြန်လိုက်ပို့ခဲ့ပေမဲ့ သူကအိမ်ပြန်ရောက်တဲ့အခါ ထမင်းမစား ဘာမစားနဲ့ပဲငိုနေတော့ သူ့အဖေကိုယ်တိုင်က သူ့သမီးကျေနပ်လောက်တဲ့အထိ နေပါဆိုပြီး ကျွန်တော့်ဆီ ပြန်လိုက်အပ်ပါတယ်။

Q. သူ့အဖေကိုယ်တိုင်က ပြန်လာပို့တဲ့အချိန်မှာ ဘယ်လိုခံစားရလဲဗျ။

A. ကျွန်တော်သူ့လက်ကိုဆွဲပြီး အဝေးတစ်နေရာကို ထွက်သွားလို့ရပေမဲ့ ကျွန်တော်မသွားပါဘူး။ ကျွန်တော်ဘွဲ့ရဖို့အရေး ကျွန်တော့်မိသားစု ဘယ်လောက်ဒုက္ခခံခဲ့ရလဲ ဒါတွေပြန်ကြည့်ဖို့လိုပါတယ်။ ကျွန်တော့်မှာ လုပ်စရာတွေ အများကြီးရှိပါသေးတယ်။ သူ့လက်ကိုဆွဲပြီး နှစ်ယောက်တစ်ဘဝထူထောင်ဖို့ထက် ကျွန်တော်ကြိုးစားပြီး ကျွန်တော့်မိသားစုကို ကျေးဇူးဆပ်ရမယ့် ထောက်ပံ့ရမယ့်အရာတွေ ရှိပါသေးတယ်။ သူ့မိသားစုဘက်ကလဲ ကျွန်တော့်ကို သမက်တစ်ယောက်လို မြင်အောင်ကြိုးစားကြည့်မှာ မဟုတ်ပါဘူး။ ကျွန်တော့်ကို လက်ခံအောင်ကြိုးစားမှာလား နှစ်ယောက်ထဲပဲနေမှာလား အများကြီးစဉ်းစားခဲ့ရပါတယ်။ သူ့အဖေနဲ့သူ့သမီးက ဘယ်လောက်ပဲစိတ်ဆိုးဆိုး မိဘနဲ့သားသမီးပါ။ ကျွန်တော်က

သူ့အဖေနဲ့သွားစကားပြောတယ်။ အဆင်ပြေမဲ့နည်းလမ်းကို ဆွေးနွေးပါတယ်။ ခုချိန်မှာတော့ သူမက်တစ်ယောက်လို လက်မခံသေးပေမဲ့ အရင်ကထက်စာရင် အများကြီးအဆင်ပြေနေပါပြီ။

Q. အခုရော လက်ထပ်ပြီးအတူနေတာလားဗျ။

A. ခုချိန်ထိလက်မထပ်ရသေးပါဘူး။ အိမ်ကလူတွေကလဲ ကျွန်တော်တို့ကို ယူထားတယ်လို့မမြင်ကြဘူး။ ယူလိုက်တယ်ဆိုရင် ကျွန်တော်ရာကျေးရမှာတွေ လိင်တူချစ်သူတွေက မမြဲပဲကွဲတာတွေ ပတ်ဝန်းကျင်က အကောင်းမမြင်တာတွေကြောင့် အရှက်ကွဲတယ်။ အချိန်တန်အိမ်ပြန်လာရင် ပြီးတာပဲဆိုပြီး သဘောထားကြပါတယ်။ လွှတ်ထားတဲ့ပုံစံမျိုးပါ။ ကျွန်တော်တို့နှစ်ယောက် တရားဝင်လက်ထပ်ခွင့် ရချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် တကယ်လို့များ ကျွန်တော်မရှိခဲ့ရင် သူကဘာကိုအားထားပြီး ဘာကိုမှီခိုပြီးနေရမှာလဲ။ ကျွန်တော်တို့နှစ်ယောက်ပေါင်းပြီး ထူထောင်ရမဲ့အရာတွေရှိပါသေးတယ်။ ကျွန်တော်တို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်ရှိလို့ နားလည်မှုရှိလို့ ယူတာပါ။ ကျွန်တော့်ထက်သာလို့ သူသဘောကျတဲ့သူ ထပ်တွေ့ရင် ယူပါ ကျွန်တော့်ဘက်ကနားလည်ပေးပါတယ်လို့ သူ့ကိုပြောထားပါတယ်။ ခုချိန်ထိအိမ်ကလူတွေက သူနဲ့လက်ထပ်ဖို့ကို ပြောလို့မရဘူး။ အိမ်ကကိစ္စတော်ရုံတန်ရုံကို သူ့ရှေ့မှာ မပြောဘူး။ ချွေးမတစ်ယောက်လို့ မပြောဘူး လက်ခံကြဘူး။ ကျွန်တော့်ကို အရမ်းခင်တဲ့သူငယ်ချင်းတစ်ယောက် သူ့မိဘနဲ့ စိတ်ဆိုးလို့ အိမ်မှာခဏလာနေတယ်လို့ပဲ သဘောထားကြပါတယ်။

Q. ဒါဆို နှစ်ယောက်အတူနေတာ ဘယ်လောက်ကြာပြီလဲဗျ။

A. ကြာပါပြီ။ သုံးနှစ်ဝန်းကျင်ရှိသွားပါပြီ။ သူကျွန်တော့်ဆီ စရောက်ထဲက မပြန်တော့တာပါ။ သူ့အဖေဆီကိုတော့ တစ်နေ့တစ်ခေါက်လောက်တော့ ဖုန်းဆက်ပါတယ်။

Q. ကောင်မလေး မိဘတွေကရော အကို့ကို ဘယ်လိုသဘောထားလဲဗျ။

A. ကျွန်တော်က လေလွင့်နေတဲ့သူလဲ မဟုတ်ဘူးလေ အလုပ်နဲ့အကိုင်နဲ့ပါ။ ကျွန်တော့်ကောင်မလေးကို ကောင်းကောင်း ထိမ်းချုပ်စောင့်ရှောက်နိုင်တယ်လို့ သူ့အဖေက မြင်ပါတယ်။ သူတို့သမီးလေးက ကောင်းတဲ့ဘက်ကို အများကြီးပြောင်းလဲလာတဲ့အတွက် သူ့အိမ်က ကျွန်တော့်ဆီမှာနေတာကို စိတ်ချပါတယ်။ တစ်ခြားယောကျ်ားလေးတစ်ယောက်ဆိုရင် အဲ့လောက်ထိ စိတ်ချမယ်လို့တော့ မထင်ပါဘူး။ ရန်ဖြစ်လို့သူ့အိမ်ပြန်သွားရင်တောင်မှ ကျွန်တော့်ဆီပြန်လိုက်ပို့ပါတယ်။

Q. အကို့ဘဝမှာ အကြမ်းဖက်ခံရတာတွေ အနိုင်ကျင့်ခံရတာတွေ ကြုံခဲ့ရဖူးပါသလားဗျ။

A. ကျွန်တော့်အနေနဲ့ကတော့ မကြုံဖူးပါဘူး။ သူငယ်ချင်းတွေထဲမှာ ဖြစ်သွားတာတွေတော့ ကြားဖူးပါတယ်။ ဖြစ်လာခဲ့ရင်တောင်မှ အရင်ကဆို ပြောပြစရာလူမရှိခဲ့ဘူး။ ခုနောက်ပိုင်းတော့ ကာလာရိန်းဘိုးလို အဖွဲ့အစည်းတွေ ပေါ်လာပြီးနောက်ပိုင်း တော်တော်လေး အဆင်ပြေလာခဲ့ပါတယ်။ ဒါတောင်မှ တစ်ချို့ဆိုရင် နစ်ကိုယ်ကြားလောက်ပဲ ပြောပြကြပါတယ်။ ဘာလို့လဲဆိုတော့ အရမ်းရှက်ကြတယ်လေ။ သာမာန်မိန်းကလေး တစ်ယောက်ကိုစတာနဲ့ ကျွန်တော်တို့ကို စတာနဲ့မတူပါဘူး။ ကျွန်တော်တို့ကိုကျတော့ လှောင်ချင်ပြောင်ချင် စိတ်နဲ့ စကြပါတယ်။ ကျွန်တော်တို့မှာ တစ်ရက်ကနေနှစ်ရက်ထပ်ကွဲမှာစိုးလို့ ဘယ်မှာမှမတိုင်ရဲကြပါဘူး။

Q. အဲ့ဒီလိုကြုံခဲ့ရတဲ့သူတွေကို အကို့အနေနဲ့ ဘယ်လိုမျိုး အကူအညီပေးပါသလဲဗျ။

A. ကျွန်တော့်အနေနဲ့ကတော့ လူကိုလူလို့မြင်ဖို့ပဲ ကြိုးစားပါတယ်။ ကျွန်တော်တို့က LGBT ဖြစ်နေလို့ ကျွန်တော်တို့ကို ဂရုစိုက်ပေးဖို့တောင်းဆိုနေတာ မဟုတ်ပါဘူး။ မတရားခံရတဲ့ကိစ္စတွေကိုသာ တရားနည်းလမ်းကျ ဖြေရှင်းပေးဖို့တောင်းဆိုတာပါ။ အဲ့ဒီတော့ ကျွန်တော်တို့ အများကြီးကြိုးစားခဲ့ရပါတယ်။ အတိုက်အခိုက်တွေလဲ ကြုံခဲ့ရပါတယ်။

Q. အကို့အနေနဲ့ လိင်ပိုင်းဆိုင်ရာ လိင်မှုကိစ္စတွေမှာရော စိတ်ကျေနပ်မှုရှိပါသလားဗျ။

A. ကျွန်တော့်အနေနဲ့ကတော့ လိင်စိတ်ဆိုတာထက် အရမ်းချစ်မြတ်နိုးလို့ ယူထားတာဆိုတော့ အဆင်ပြေပါတယ်။ သူနဲ့နေရတဲ့အချိန်လေးမှာတင် ကျွန်တော့်အတွက် လုံလောက်ပါတယ်။ လိင်ဆက်ဆံတာကတော့ တစ်ခြားရည်းစားနဲ့တော့ မဆက်ဆံခဲ့ပါဘူး။ ကျွန်တော့်အမျိုးသမီးနဲ့တော့ ဆက်ဆံပါတယ်။ ကျွန်တော့်ကောင်မလေးအပေါ်မှာ သစ္စာရှိရှိနေပါတယ်။ ကျွန်တော်ကိုယ်တိုင်လဲ ကြိုးစားတယ်။ သူ့ကိုလဲ ကြိုးစားစေချင်ပါတယ်။ သူကကျွန်တော့်အပေါ်တော်တော်လေး နားလည်ပေးပါတယ်။ သူရတဲ့ပိုက်ဆံကိုတောင်မှ တစ်ခါတစ်လေ ကျွန်တော့်မိဘကိုထောက်ပံ့ရပါတယ်။ တစ်ခြားယောကျ်ား မိန်းမတွေဆို ရန်ဖြစ်နိုင်တယ်။ သူ့မှာ ကျွန်တော့်ဘေးမှရှိနေရလို့ ပျော်နေရတာကလွဲရင် ကျန်တာက ဒုက္ခတွေချည်းပါပဲ။ ပတ်ဝန်းကျင်ထွက်ရင်လဲ ပတ်ဝန်းကျင်ကလှောင်တယ်။ အိမ်မှာကျတော့လဲ မိဘတွေက မကြည်ဘူး။ ကျွန်တော်မရှိရင် သူ့မှာ တော်တော်လေးအဆင်မပြေပါဘူး။

Q. လိင်တူချစ်သူဆိုတာကို ဘယ်လိုမျိုး ဖွင့်ဆိုခြင်ပါသလဲဗျ။

A. ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်အရင်က လိင်တူချစ်သူဆိုတာ ဘာကိုဆိုလိုမှန်းမသိခဲ့ပါဘူး။ ဘောပြား၊ ယောကျာ်းလျာ၊ မိန်းမလျာ စသည်ဖြင့်ခေါ်တာတွေ ဘယ်လိုစကားလုံးအသုံးအနှုန်းတွေက ခွဲခြားဆက်ဆံမှန်းမသိခဲ့ဘူး။ LGBT နဲ့ပတ်သတ်တဲ့သင်တန်းတွေ

တတ်ပြီးတော့မှပဲ သိခဲ့ရတယ်။ Lesbian , Tomboy စတဲ့အသုံးမနှုန်းတွေ သိခဲ့ရပါတယ်။

Q. အကိုကသင်တန်းတွေတတ်ခဲ့တယ်ဆိုတော့ ဘယ်လိုသင်တန်းတွေ တတ်ခဲ့တာပါလဲဗျ။ အဲ့ဒီသင်တန်းတွေတတ်ပြီး ဘယ်လိုအကျိုးကျေးဇူးတွေ ခံစားရပါသလဲဗျ။

A. ကျွန်တော်2015 ခုနှစ်မှာ လူ့အခွင့်ရေးနဲ့ပတ်သတ်တဲ့ သင်တန်းတစ်ခုကိုတတ်ခဲ့ပါတယ်။ အဲ့ဒီသင်တန်းမှာ လိင်တူချစ်သူတွေရဲ့အခွင့်အရေးကိုလဲ သင်ပေးပါတယ်။ အဲ့ဒီမှာ ကျွန်တော်ဘာတွေသိခဲ့ရလဲဆိုတော့ ဥပဒေနဲ့ ပတ်သတ်တာတွေ တော်တော်လေးသိခဲ့ရပါတယ်။ ကျွန်တော်ဘာပြန်စဉ်းစားမိလဲဆိုတော့ ကျွန်တော့်ကောင်မလေးနဲ့ ပတ်သတ်ပြီး ရဲတွေအိမ်ကိုရောက်လာတော့ ကျွန်တော်တို့မှာ ဘာမှပြန်မပြောနိုင်ဘူး။ အဲ့ဒီဥပဒေတွေက တကယ်ရှိလား မရှိလားလဲ ကျွန်တော်တို့မှာ မသိခဲ့ဘူး။ အဲ့ဒီရဲကရော ယူနီဖောင်းဝတ်ထားရုံနဲ့ အစစ်လားအတုလားဆိုတာ ကျွန်တော့်အနေနဲ့ မသိခဲ့ရပါဘူး။ အဲ့နောက်မှာတော့ သင်တန်းတွေအများကြီး တတ်ခဲ့ပါတယ်။ သင်တန်းတတ်ပြီး အမှုမှတ်တမ်းတွေကောက်တော့ အစပိုင်းမှာတော့ တော်တော်လေး ခက်ခဲ့ပါတယ်။ နောက်တော့မှ အလုပ်က သင်သွားပါတယ်။ နောက်ထပ် Women Ledarship သင်တန်းတွေ စိတ်ပညာနဲ့ပတ်သတ်တဲ့ သင်တန်းတွေလဲ တတ်ခဲ့ရပါတယ်။ အဲ့ဒီသင်တန်းတွေက ကျွန်တော့်အတွေးအမြင်တွေ ကိုပြောင်းလဲ သွားစေပါတယ်။ ကိုယ်တတ်ခဲ့တဲ့ သင်တန်းတွေကြောင့် ကိုယ့်ကိုကိုယ် အများကြီးပြောင်းလဲ လာပါတယ်။ ကိုယ့်အပေါ်မှာ မတရားလုပ်တာတွေ လူ့အခွင့်အရေးချိုးဖောက်တာတွေ သိလာရပါတယ်။ အရင်ကဆိုရင် အိမ်ကခိုင်းတဲ့အတိုင်းနေခဲ့ရတယ်။ အလုပ်ထဲမှာ အခွင့်အရေးချိုးဖောက်ခံရရင်လဲ ပြန်မပြောနိုင်ပါဘူး။

Q. ခုခေတ် Lesbian, Tomboy လေးတွေ ဘယ်လိုနေထိုင်ကြတယ် ကိုယ်ကိုကိုယ်တိုင်လဲ ဘယ်လိုနေထိုင်တယ် ဆိုတာလေး ပြောပြပေးပါအုံးဗျ။

A. ခုချိန်မှာ ဒီအလုပ်ကိုလုပ်တဲ့အချိန်မှာ လိင်တူချစ်သူတွေအကြောင်းကို ပိုပြီးသိလာရပြီး လိင်တူချစ်သူတွေရဲ့ခံစားချက်တွေကို သိလာရပါတယ်။ သူတို့ရဲ့ အသွင်အပြင်ကြောင့် အလုပ်မရတာတွေ ရပြီးသားအလုပ်တွေမှာ ရာထူးမတိုးတာတွေ ကြုံရပါတယ်။ တစ်ချို့ဆို ငယ်ငယ်ရွယ်ရွယ်နဲ့ ကျောင်းထွက်လိုက်ရတာတွေတောင် ရှိတယ်။ ပညာမတတ်ခြင်းရဲ့နောက်ကွယ်မှာက အလုပ်အကိုင်တွေနဲ့ပါ တိုက်ရိုက်သက်ဆိုင်သွားပါတယ်။ တစ်ချို့တွေက အရက်သောက်ပြီး မူးကြတော့ စော်ကားခံရပြီး မလိုလားအပ်တဲ့ ကိုယ်ဝန်ဆောင်ရတာတွေ ရှိနိုင်ပါတယ်။ မိဘတွေကိုယ်တိုင်က ကိုယ့်သားသမီးကို သေချာနားလည်ပေးဖို့ လိုပါတယ်။ ဥပဒေအရလဲ ကျွန်တော်တို့ကို

ကာကွယ်ပေးဖို့လိုပါတယ်။ အဲ့ဒီလိုကာကွယ်ပေးတဲ့ ဥပဒေမရှိတော့ ကျောင်းမှာကအစနိမ့်တာတွေရှိပါတယ်။

Q. အကိုကိုယ်တိုင်ကရော အဲ့ဒီလိုတွေမဖြစ်အောင် ဘယ်လိုမျိုးတွေ နေထိုင်လဲဗျ။

A. ကျွန်တော်က တစ်ခုခုကိုလုပ်မယ်ဆိုရင် အမြဲတမ်း Plan ချပါတယ်။ ပညာရေးမှာ ဘယ်အခြေအနေထိရောက်အောင် သင်ယူမှာလဲဆိုတာကအစ ကြိုတင်ပြင်ဆင်ပါတယ်။ ဆရာမအလုပ် ရဲမေအလုပ်တွေတော့ ကျွန်တော်မလုပ်ချင်ပါဘူး။ စဉ်းစားလိုက်ရင် ထဘီဝတ်ရမှာကို မြင်ပြီးလုံးဝမလုပ်နိုင်ပါဘူး။ ယောကျာ်းလေးအကျီနဲ့ ရဲအလုပ် စာသင်တဲ့အလုပ်ဆိုရင်တော့ ကျွန်တော်လုပ်နိုင်ပါတယ်။ ကျောင်းစာသင်ခန်းမှာ ယောကျာ်းလေးလို ဝတ်ခဲ့ရရင် ကျွန်တော်ပျော်ပျော်ရွှင်ရွှင်နဲ့ပဲ ကျောင်းတတ်ခဲ့မှာပါ။

Q. Lesbian, Tomboyတွေကလဲ မိန်းမကိုယ်ကို ပိုင်ဆိုင်ထားတော့ မိန်းကလေးရောဂါဆိုတာ ရှိနေမှာပဲလေ။ အဲ့ဒီလိုအချိန်တွေကို ဘယ်လိုဖြတ်သန်းဖြစ်လဲဗျ။

A. ကြုံဖူးပါတယ်။ ကျောင်းတတ်တုန်းက ကျွန်တော့်သူငယ်ချင်းတစ်ယောက် ရာသီလာနေတဲ့အချိန် ခေါင်ရည်သောက်လိုက်မိပြီး ဗိုက်နာတော့ ဆေးခန်းကို ကျွန်တော်ကိုယ်တိုင်လိုက်ပို့ခဲ့တာပါ။ မိန်းကလေးတွေဖြစ်ပြီး ခေါင်ရည်သောက်ရပ့ါမလားဆိုပြီးတော့ ဆရာမကတော့ ဆူတာပေ့ါ။ တစ်ချို့ဆို နှုတ်ခမ်းမွှေးပေါက်ဆေးတွေ သောက်ကြတာတွေ ရှိပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ မသောက်စေချင်ပါဘူး။ ဒီဆေးတွေ ဘယ်လိုဆိုးကျိုးတွေရှိတယ်ဆိုတာ ကျွန်တော်တို့မသိပါဘူး။ ဘယ်သူ့ကိုသွားမေးရမှန်းလဲ မသိဘူး။ အဲ့ဒီလိုပညာပေးလုပ်ငန်းတွေကို အစိုးရအနေနဲ့ လုပ်ပေးမယ်ဆိုရင်တော့ ကောင်းပါတယ်။

Q. ကိုယ်ကိုကိုယ်တိုင်ရော ခွဲစိတ်ဖို့ စိတ်ကူးရှိလားဗျ။

A. မရှိပါဘူး။ ကျွန်တော့်ရဲ့ မူလသဘာဝကိုပဲ နှစ်သက်ပါတယ်။ အတုလုပ်ရမှာကို မနှစ်သက်ပါဘူး။ အတုက အတုပါ ဘယ်တော့မှ အစစ်ဖြစ်လာမှာ မဟုတ်ပါဘူး။

Q. ဒီ Sky Dragon အဖွဲ့မှာလဲ အဖွဲ့ဝင်တစ်ယောက်ဖြစ်တယ်လို့ သိရပါတယ်။ ဒီအဖွဲ့မှာရော ဘယ်လိုပါဝင်လှုပ်ရှားနေပါသလဲဗျ။

A. ဒီအဖွဲ့မှာ တွဲဖက်အတွင်းရေးမှူးတာဝန်ကို ယူထားပါတယ်။ LGBT အချင်းချင်းကြား စည်းလုံးမှုရှိအောင် လုပ်ပါတယ်။ ပြီးတော့ ကိုယ်သိတဲ့တတ်တဲ့ပညာတွေကို အဖွဲ့ဝင်တွေကို ဝေမျှပါတယ်။ ပရဟိတအလုပ်လေးတွေကို အဖွဲ့နဲ့အတူ တတ်နိုင်တဲ့ဘက်ကနေ လုပ်ပါတယ်။ ဘုရားမှာ သန့်ရှင်းရေးကအစ လုပ်ပါတယ်။ အစကတော့ ဘောပြားတွေဆိုပြီး ပြောဆိုလှောင်ပြောင်တော့ ကျွန်တော်က အေးအေးဆေးဆေး ရှင်းပြပါတယ်။ ရန်ဖြစ်တာ

ပြန်လှန်အော်ဟစ်တာတွေ မလုပ်ပဲ ရှင်းပြတော့ ဘုရားလူကြီးကအစ လက်ခံနေပါပြီ။ စကားအပြောအဆို အမူအရာကအစ ထိမ်းပါတယ်။ သွေးလှူကြတယ်။ ပြီးတော့ အချင်းချင်းကြားက သာရေးနာရေးတွေကို အတူလုပ်ဆောင်ပါတယ်။

Q. ဘဝတူလိင်တူချစ်သူတွေထဲက ဂေးလ်တွေအပေါ်မှာရော ဘယ်လိုမြင်သလဲဗျ။

A. ပွင့်ပွင့်လင်းလင်းပြောရရင် သင်တန်းတွေမတတ်ခင်က ဂေးလ်တွေကိုမြင်ရင် အတူမထိုင်ချင်ဘူး။ စကားမပြောချင်ဘူး။ သူတို့နဲ့မဆုံအောင်နေတယ်။ သင်တန်းတတ်ပြီးနောက်ပိုင်းမှ သူတို့ရဲ့ဘဝတွေကို နားလည်လာတယ်။ သူတို့ခံစားနေရတဲ့ ဒုက္ခတွေ ဖိနှိပ်မှုတွေကို ကိုယ်တိုင်ခံစားမိတယ်။ သူတို့က ယောက်ျားလေးဖြစ်နေပေမဲ့ မိန်းမလို့ခံယူထားတာလေ။ သူတို့ကို မိန်းမလို့မြင်ပေးလိုက်ရင် ပြီးသွားပြီ။ သူတို့လဲ သူတို့အလုပ်သူတို့လုပ် ကိုယ်လဲကိုယ့်အလုပ်ကိုယ်လုပ် အေးဆေးပဲ။ ခုချိန်မှာတော့ ဘယ်လိုလိင်တူချစ်သူမျိုးကို မဆို အဆင်ပြေပါတယ်။ ခံစားနားလည်တတ်သွားပါပြီ။

Q. ပြည်မြို့မှာရှိတဲ့ ဂေးလ်အဖွဲ့အစည်းတွေနဲ့ရော ပူးပေါင်းလုပ်ဆောင်ဖြစ်ပါသလားဗျ။

A. ပူးပေါင်းလုပ်ဆောင်ဖြစ်ပါတယ်။ လူ့အခွင့်အရေးပွဲတွေ တရားဥပဒေစိုးမိုးရေးပွဲတွေမှာ ပူးပေါင်းလုပ်ဆောင်ဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့ဆီကို အမှုကိစ္စရှိမှ လာရမယ်လို့ မဟုတ်ပါဘူး။ အချိန်မရွေး လာလည်နိုင်ပါတယ်။ ဒါကတော့ ဂေးလ်အလုပ် ဒါကတော့ Lesbian အလုပ်ဆိုပြီး ခွဲခြားမထားပါဘူး။ ဂေးလ်တွေကတော့ သူတို့နဲ့ပတ်သတ်တဲ့ အဖွဲ့အစည်းတွေက အရင်ထဲကရှိခဲ့တော့ သူတို့က ကျွန်တော်တို့အတွက် လုပ်ငန်းအတွေ့အကြုံအများကြီး ရှိပါတယ်။ ကျွန်တော်တို့အဖွဲ့တွေ ပေါ်ပေါက်လာတာက မကြာသေးပါဘူး။ ကျွန်တော်တို့ဘက်ကတော့ အဖွဲ့အစည်းတွေ အားလုံးနဲ့ပူးပေါင်းပြီး လုပ်ပါတယ်။ သူတို့တွေက အမေလိုလဲ အားကိုးရပါတယ်။ နောက်တစ်ခုက လိင်လုပ်သားတွေနဲ့လဲ ပူးပေါင်းပြီး ပြဿနာတွေကို ဖြေရှင်း ကြပါတယ်။ ကျွန်တော်တို့လုပ်တဲ့ပွဲတွေမှာ လူထုကိုလဲ ဖိတ်တယ်။ တစ်ခြားအဖွဲ့အစည်းတွေကိုလဲ ဖိတ်ပါတယ်။

Q. နောက်ပိုင်းမှာ ဘာတွေဆက်လုပ်ဖို့ ရှိပါသေးလဲဗျ။ ဘဝလမ်းခရီးအတွက်ရော ဘယ်လိုမျိုး ရှေ့ဆက်လျှောက်ဖြစ်မလဲဗျ။

A. ကျွန်တော်တို့ လိင်တူချစ်သူတွေအတွက် ဥပဒေတွေ ပြဌာန်းပေးစေချင်တယ်။ စည်းမျဉ်းစည်းကမ်းတွေ ပြဌာန်းပြီးတော့ စာသင်ကျောင်းတွေကအစ ခွဲခြားမှုတွေ ပပျောက်သွားအောင် လုပ်ဆောင်ချင်ပါတယ်။ လိင်တူချစ်သူတွေမှာလဲ လွတ်လပ်တဲ့အတွေးတွေ ခံစားချက်တွေ ဖြစ်ပေါ်လာစေချင်ပါတယ်။

သူတို့မှာရှိတဲ့ အရည်အချင်းတွေကို နိုင်ငံကောင်းကျိုး နိုင်ငံတိုးတတ်ရေးအတွက် သုံးစေချင်ပါတယ်။

Q. ကျွန်တော်တို့နိုင်ငံမှာသာ တရားဝင်လက်ထပ်ခွင့်ရခဲ့ရင် အရင်ဆုံးဘာလုပ်မလဲဗျ။

A. အဲ့ဒီဥပဒေသာပြဌာန်းပေးခဲ့ရင် အရင်ဆုံးလက်ထပ်ခွင့်သွားတင်မှာပါ။ တရားဝင်လက်ထပ်ပါမယ်။ အဲ့လိုလက်ထပ်လိုက်ရင် ငါမရှိတော့ရင်ဆိုတဲ့ အတွေးမျိုးတွေးစရာမလိုပဲ ကျွန်တော်သေသွားရင် ကျွန်တော့်ရဲ့အကျိုးခံစားခွင့်ကို သူရနိုင်မယ်။ မိသားစုကလက်မခံခဲ့ရင်တောင်မှ ဥပဒေအရတရားဝင်လို့ သူ့ကို အိမ်ရှင်မတစ်ယောက်လို ဆက်ဆံနိုင်ပါမယ်။

ကျေးဇူးတင်ပါတယ်။

---

## ၉။ မင်းသူရိန် (၃၅) ရန်ကုန်မြို့



အကိုနာမည်ကမင်းသူရိန်ဖြစ်ပါတယ်။ အသက်ကတော့၃၅နှစ်ပါ။ ရန်ကုန်လသာမှာနေပါတယ်။ အခြောက်တစ်ယောက်အဖြစ် အသက်၁၃နှစ်သားထဲက ကိုယ့်ကိုကိုယ်လက်ခံခဲ့ပါတယ်။

မိဘတွေကလည်း ငယ်ငယ်ထဲကသိနေခဲ့ပါတယ်။ ကိုယ့်နိုင်ငံရဲ့ ဘာသာရေးယဉ်ကျေးမှုအရသာ လက်မခံခဲ့ကြတာပါ။ မိဘတွေကိုတော့ ၁၀တန်းအောင်ပြီးနောက်မှသာ ပွင့်ပွင့်လင်းလင်းဝန်ခံခဲ့တာပါ။ မိဘတွေကလည်းလက်ခံခဲ့တယ် ဒါပေမဲ့ပွေရှုပ်တာတော့လက်မခံပါဘူး။ ပတ်ဝန်းကျင်ကတော့ ကိုယ့်ကိုရိုင်းရိုင်းစိုင်းစိုင်း ပြောတာမျိုးတော့မကြုံဖူးပါဘူး။ ကိုယ့်ဘဝရဲ့စိတ်ကူးယဉ်မှုကို လက်တွေ့အကောင်အထည်ဖော်နိုင်အောင် ကြိုးစားရပါမယ်။ ဒါပေမဲ့ခုချိန်ထိယောကျာ်းလေးအများကြီးနဲ့ တွဲဖူးပါတယ်။ ကိုယ့်စိတ်ကူးထဲကအတိုင်း အတည်တကျတွဲခဲ့တာပါ။ သို့ပေမဲ့အဲ့ဒီစိတ်ကူးတွေကို တစ်ယောက်တည်းဖော်လို့မရပါဘူး။ ကိုယ့်စိတ်ကူး တွေကနှစ်ယောက်အတူဖော်မှရမှာပါ။ တစ်ချို့ယောကျာ်းမိန်းမအိမ်ထောင်ရှင်တွေတောင် ကွဲကြပါသေးတယ်။ အဲ့တော့ကျွန်တော်တို့လိုအခြောက်တွေမှာဆို

ဒီပြဿနာတွေကပိုလို့တောင်ရှိနိုင်ပါတယ်။ ၁၀နှစ်လောက်တွဲခဲ့ပြီးမှ ပြတ်တဲ့လူတွေလည်းရှိနေတာပဲလေ။ အဲ့တော့တစ်သက်လုံးတွဲဖို့ဆိုတာ နှစ်ဦးနှစ်ဖက်အဆင်ပြေမှဖြစ်မှာပါ။ ပြတ်သွားတဲ့ချစ်သူတိုင်းကိုတော့ ရန်သူလိုသဘောမထားပါဘူး။ ဂေးလ်တွေမှာအခက်အခဲတွေက အများကြီးပါ။ ကိုယ့်ကိုကိုယ် ဂေးလ်တစ်ယောက်ဆိုတာသိနေဖို့လိုပါတယ်။

အရာရာအားလုံးကအချိန်အတိုင်းအတာတစ်ခုထိရောက်ရင် ပြီးသွားတာပါ။ ကျွန်တော်ကမိန်းကလေးတွေကို လုံးဝစိတ်မဝင်စားပါဘူး။ ငယ်ငယ်ကနေခုချိန်ထိ မိန်းကလေးရည်းစားတစ်ယောက်မှ မထားခဲ့ပါဘူး။ မိန်းကလေးဘယ်လောက်လှလှမကြိုက်ဘူးဗျ။

ဂေးလ်တွေကိုမြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုအရလက်မခံကြပေမဲ့ ကိုယ့်ပတ်ဝန်းကျင်မှာလက်မခံရင် လက်မခံတဲ့သူကမှားပါတယ်။ ကိုယ့်ကိုကိုယ်သိမှသာ ကိုယ့်အတွက်မှန်ကန်တဲ့လမ်းကြောင်းကို ရွေးချယ်နိုင်မှာပါ။ ဂေးလ်တစ်ယောက်ဖြစ်ရတဲ့အတွက် နောင်တတော့မရပါဘူး။ မိန်းကလေးအဖြစ်မွေးမလာရလို့လဲ စိတ်အားငယ်မှုတော့မရှိပါဘူး။ ရင်သားတွေထွက်လာအောင်လို့ ယိုးဒယားကနေ ဟော်မုန်းဆေးတွေဝယ်သောက်ခဲ့ပါတယ်။ တစ်ကဒ်ကို(၂၅၀၀)ကျပ်ပေးရပါတယ်။ တစ်နှစ်ကို (၄/၅)ကဒ်လောက်သောက်ပါတယ်။ အခုတော့မသောက်တော့ပါဘူး။ ဘေးထွက်ဆိုးကျိုးသိပ်မရှိပါဘူး။

မျက်နှာမှာဝက်ခြံတွေမပေါက်တော့ဘူးလို့ခံစားရပါတယ်။


အသားလဲနဲနဲဖြူလာပါတယ်။

အခုကိုယ်လိုချင်တဲ့အနေအထားရောက်တော့

ဆက်မသောက်တော့ပါဘူး။ အခုလို ဖြစ်လာတဲ့ကိုယ့်ကိုကိုယ်ကြည့်ပြီး အရမ်းကျေနပ်မိပါတယ်။ နောင်တတော့မရပါဘူး။ ငယ်ငယ်ကတည်းက အဖေကဂေးလ်ဆိုရင် အရမ်းမုန်းပါတယ်။ ဂေးလ်တွေကိုမြင်ရင်

ငါလိုးမအခြောက်တွေလို့ဆဲပါတယ်။ ဒါပေမဲ့သူ့သားကျွန်တော်ကိုယ်တိုင်က ဂေးလ်ဖြစ်နေပါတယ်။ အဖေ့စိတ်ကြိုက်ဖြစ်ဖို့ ယောကျ်ားလေးတစ်ယောက်လို နေဖို့ကြိုးစားခဲ့ပါတယ်။ ဘယ်လိုမှကြိုးစားခဲ့လို့မရပါဘူး။

ဒီပုံလေးမှာ စတုဂံတစ်ခု
တြိဂံတစ်ခုနဲ့
စက်ဝိုင်းလေးတစ်ခုပါပါတယ်။
အလည်မှာတော့ Infinity
လေးပါပါတယ်။
စကြာဝဠာကြီးရှိနေသ၍
မတူညီတာတွေရှိနေမှာပါ။
စကြာဝဠာကြီးကို
မတူညီတဲ့အရာတွေနဲ့
ဖွဲ့စည်းထားတာပါ။ ကိုယ်နဲ့မတူတိုင်း
ကိုယ်နဲ့ဆန့်ကျင်တိုင်း
မကောင်းဘူးလို့ မဆုံးဖြတ်ကြပါနဲ့။
သူဟာနဲ့သူ နေရာတိုင်းမှာ
အသုံးဝင်မှုရှိကြပါတယ်လို့
ပြောချင်ပါတယ်။ (မင်းသူရိန်၊
၃၅နှစ်၊ ရန်ကုန်)




ယောက်ျားစစ်တစ်ယောက်နဲ့ အလားသဏ္ဌာန်တူအောင်လို့

ကျောကုန်းမှာ ဆေးမှင်ကြောင်အပြည့်ထိုးခဲ့ပါတယ်။ဒါပေမဲ့ ဂေးလ်တစ်ယောက်ရဲ့စိတ်ခံစားချက်ကိုတော့ ပြောင်းလဲပစ်လို့မရပါဘူး။

အားလုံးအဆင်ပြေကြပါစေလို့ပဲဆုတောင်းပေးပါတယ်ဒီနေရာကနေ။

၁၀။ တွေ့၊ ၂၁ နှစ်၊ မန္တလေးမြို့။



Q.မင်္ဂလာပါ၊ပထမဆုံးအကိုရဲ့နာမည်နဲ့အသက်ပြောပြပေးပါ။

A.အသက်ကတော့၂၁ပါ၊နာမည်ကတော့ငတွီပါ။

Q.အကိုလိင်စိတ်ခံယူမှု့လေးကိုပြောပြပေးပါ။

A.ယောကျာ်းလေးတစ်ယောက်လိုခံယူပါတယ်။

Q.အကိုဒီလို ယောကျာ်လေးတစ်ယောက်လိုခံယူမှုကဘယ်အချိန်လောက်ကစပြီးသိတာလဲခင်ဗျ။

A.ငယ်ငယ်ထဲကသိနေပါတယ်။ ဒါပေမဲ့သေသေချာချာသိတာတော့ ၇တန်း၈တန်းလောက်မှသိတာပါ။ နေဖြစ်သွားတယ်။ ယောကျာ်းလေးလိုကတော့ ငယ်ငယ်လေးထဲကဝတ်နေတာပဲ ဒါပေမဲ့ အဲ့ဒီအရွယ်ရောက်တော့မှ ကိုယ်တစ်သက်လုံး ဒီလိုမျိုးပဲနေတော့မယ်ဆိုတာကို ခံယူလိုက်တာပေါ့။

Q.ဒီလိုမျိုးနေတော့မယ်လို ဆုံးဖြတ်လိုက်ပြီဆိုတော့ မိသားစုကလက်ခံလား ဘယ်လိုအခက်အခဲတွေ ကျော်ဖြတ်ခဲ့ရသေးလဲ။

A. ပထမတော့မကြိုက်ဖူးပေါ့ အော်တယ် ငေါက်တယ်ရိုက်တယ်ပေါ့။ ဒါပေမဲ့ကိုယ်နေချင်တဲ့ပုံစံဆိုတော့ အမြဲတမ်းကြီးတော့ သူတို့လဲလိုက်မပြောနိုင်တော့ဘူးပေါ့။ ဒါပေမဲ့အပြင်မှာအရမ်းကြီးတော့ ဟော့ဟော့ရမ်းရမ်းတော့မနေရဘူးပေါ့။ ကိုယ်တိုင်ကလဲမနေပါဘူး။

Q.ငယ်ငယ်ကတော့မိန်းကလေးလိုနေဖို့ပုံသွင်းခံရတာတွေကောရှိလား။ ရှိရင်လဲ ပြောပြပေးပါလား။

A. ရှိတာပေါ့။ ဆယ်တန်းဖြေပြီးတဲ့အချိန်လောက်ပေါ့ အိမ်မှာအလှူလုပ်တော့ မိန်းကလေးလိုဝတ်ရမယ်လို့ မိဘတွေက အတင်းပြောတယ်။ ပထမတော့မဝတ်ဖူးပေါ့။ ဒါပေမဲ့အဖွားကဝတ်လိုက်ပါပြောတော့ဝတ်လိုက်ရပါတယ်။ လမ်းတစ်လျှောက်လုံးပုန်းပြီး လိုက်ရပါတယ် ရှက်တာပေါ့။ ကိုယ်ကရပ်ကွက်ထဲမှာ ဒီလိုမျိုးလဲမနေဘူးတော့ တအားရှက်တယ် ဒေါသလဲထွက်တယ်။ အဲ့တာတစ်ခုပါဘဲ။

Q. ဟုတ်ကဲ့၊ အကိုကိုယ်ကိုလေဘယ်လိုမျိုး ခေါ်ရင်သဘောကျလည်း။

A. နာမည်ကိုပြောချင်တာလား။

Q.ဟုတ်ကဲ့။ ဥပမာလေသူငယ်ချင်းအချင်းချင်းကပဲ လှမ်းတွေ ့လိုက်လိုက်တာပဲဖြစ်ဖြစ် မသိတဲ့တစ်စိမ်းတစ်ယောက်ကဖြစ်ဖြစ် ခေါ်ရင်အကိုလို ခေါ်တာသဘောကျလား အမလိုခေါ်တာသဘောကျလား။နာမည်ခေါ်တာသဘောကျလား။

A.နာမည်ခေါ်တာ၊နာမည်အရင်းမဟုတ်ပဲသူငယ်ချင်းတွေအားလုံး ခေါ်တဲ ့နာမည်ခေါ်ရင်ပိုသဘောကျတယ်။အကိုတို ့ဘာတို ့။ တစ်ချို့ဆိုသားကြီးတို ့ဘာတို ့အဲ့လိုမျိုးတွေရှိတယ်လေ။ အဲ့လိုမျိုးတွေခေါ်ရင် သဘောကျပါတယ်။

Q. ဘယ်လိုမျိုးတွေခေါ်ရင်မကြိုက်လဲဗျ။

A. မမတို့ ဘာတို့ အဲ့ လိုမျိုး တွေခေါ်ရင်မကြိုက်ဖူး။

Q. ဟုတ်ကဲ ့၊အကို ့အနေနဲ့ ဒီနောက်ပိုင်းပေါ့လိင်တူချစ်သူတွေနဲ ့ပတ်သက်ပြီးဘာအစီအစဉ်ရှိလည်း။ ဘာတွေလုပ်ပေးချင်လဲ။ ဘာတွေပူးပေါင်းဆောင်ရွက်ပေးချင်လည်း။

A. အဓိကကတော့ ပရဟိတပေါ့။ အဲ့လိုလုပ်မှလည်းလူတွေကပိုအမြင်ကြည်မှာလေ ၊ပတ်ဝန်းကျင်ကပေါ့ ဦးကြည်ပြောသလို ပေါ့ ဒီထဲမှာဆိုရင်ကိုယ်တွေက Gay တွေထက်စာရင် လူရာမဝင်သလိုဖြစ်နေတာပေါ့။ အဲ ့ဒါကြောင့်လည်းပရဟိတလုပ်မှပဲ အဆင်ပြေနိုင်မှာ။ အဲ ့လိုလုပ်ချင်တယ်အားလုံးဖွဲ ့စည်းပြီးတော့။ အရင်ကလည်းလုပ်ဖူးတယ်။ Tomboy တွေပဲ အကုန်လုံး သီလရှင်ကျောင်းတစ်ကျောင်းမှာသွားပြီး လှူ ကြတယ်။ အဲလိုမျိုးတော့ရှိတယ်။

Q. အကို့အနေနဲ့ ကိုယ်ချစ်ရတဲ့သူနဲ့ အတိအလင်း လက်ထပ်ယူချင်သလားဗျ။

A. ဟုတ်ကျနော်က သူ ့ကိုအိမ်မှာနေ. ကျနော်က ခွေးလေးတွေလည်းချစ်တက်တော့ ခွေးလေးတွေလည်းမွေးထားမယ်ပေါ့။ ခြံတစ်ခြံမှာ တအားကြီးမပြည့်စုံဘူးဆိုရင်တောင် ခြံလေးဝင်းလေးနဲ ့ အပင်လေးတွေစိုက်မယ်ပေါ့။ သူကအိမ်မှာနေ။ ကလေးလေးတွေမွေးစားဖို့ စိတ်ကူးရှိရင်မွေးစားမယ်ပေါ့။ ကိုယ်ကတော့ကိုယ့်အလုပ်နဲ့ကိုယ် ကိုယ်လည်းစားဖိုမှူးကောင်းကောင်း တစ်ယောက်အနေနဲ ့ဝါသနာပါတယ်လေ။ အဲ့တော့ငါလည်းအဲ့အလုပ်ကိုလုပ်မယ်။ အဆင်ပြေရင်အိမ်မှာဆိုင်လေးဖွင့်မယ်။ ပြီးတော့နှစ်ယောက်အေးအေးဆေးဆေးပဲ နေချင်တယ်။ အဲ့လိုဆိုအိမ်လခလည်းအဆင်ပြေတယ်ပေါ့။ တစ်ခြားလည်းတွေးစရာမလိုဘူး။

Q. အဲ့တော့အောက်ကမောင်နှမတွေကလည်းအဆင်ပြေတယ်ပေါ့ ကိုယ်ကအကြီးဆုံးဆိုတော့။ ပြတ်သွားတဲ့ ရည်းစားက အိမ်လိုက်နေတယ်ဆိုတော့ သူတိုနဲ့ ဆက်ဆံရေးကကော။

A. တအားကောင်းတယ်။ ကျနော်ထက်တောင် ပိုချစ်ကြသေးတယ်။ ကျနော်ကျတော့ သူတို ့ကိုဂရုမစိုက်ဖြစ်ဘူး ကိုယ့်ဟာကိုယ်နေဖြစ်တာများတယ်။ ဟိုနှစ်ယောက်ကျတော့သူတို ့ကိုဂရုစိုက်ပေးတယ်။ အကျီတွေမီးပူတိုက်ပေးတယ်။ ကျနော်ညီမအငယ်ဆို ၂တန်းလောက်ပဲရှိသေးတာဆိုတော့ သူနပ်ခါးတွေလိမ်းပေးတယ်။ တအားချစ်တာ။ ပြန်သွားတဲ့အထိကို ကျနော်သူတို့ကိုဆူရင် အဲ့အမကိုတစ်အားတမ်းတတာ။ နင်ကမမလိုမဟုတ်ဘူး။ မမဆိုင့်ါကိုသနပ်ခါးလည်း လိမ်းပေးတယ်၊ ကျောင်းလည်းလိုက်ပို့တယ်။ ကျနော်ကိုအဲ့လိုတွေ ပြောတယ်။

Q. အကို ရှေ ့ဆက်ပြီးတော့ ရှေ ့ဆက်လျောက်မယ့် Life plan ကိုအကိုဘယ်လိုချထားလဲ။ဘယ်လို ရှေ့ဆက်မယ်လိုစဉ်းစားထားလဲ။

A. အခုကတော့အသည်းကွဲခါစမို့လိုလားမသိဘူး။ အချစ်ကမလိုအပ်သေးဘူး။ တွေလည်းမတွေ ့သေးပါဘူး။ ဒီတိုင်းပဲကိုယ့်အလုပ်နဲ့ကိုယ်အောင်မြင်အောင်ကြိုးစားမယ်။ အခုဒီ Tomboy တယောက်က အောင်မြင်တဲ့ စာဖိုမှူးတယောက်ဖြစ်သွားရင်လည်း လူအထင်ကြီးသေးတယ်။ လူလည်းလေးစားခံရမယ်ပေါ့။ ပတ်ဝန်းကျင်ကလည်းကိုယ်ကအလုပ်မရှိ လေနေတဲ့ လူတစ်ယောက်မဟုတ်တော့ အထင်မသေးတော့ဘူးလေ။ သူ ့ဘာသူTomboy လုပ်နေတာ ၊တအားတော်တာ။ အဲလိုအပြောခံရအောင်ကို နေမယ်လို ကြိုးစားထားတယ်။ နောက်ပိုင်း plan ကတော့ နောက်ပိုင်းတစ်ယောက်တည်းနေမယ်လို့ လည်းစဉ်းစားထားတယ်။

Q. နောက်ပိုင်းတစ်ယောက်တည်းနေဖြစ်တယ်ဆိုရင်တောင်ကလေးတွေ မွေးစားဖြစ်အုံးမှာလား။

A. မမွေးစားဖူး။ခွေးပဲ မွေးဖြစ်မှာ။ ကျနော်ကကလေးတအားမချစ်တက်ဘူး။

Q. အကို့အနေနဲ့ နောင်လာမဲ့မျိုးဆက်သစ်လေးတွေကို ဘယ်လိုအကြံပေးချင်သလဲဗျ။

A. ပျော်တာကပျော်ပေ့ါမပျက်စေနဲ့။ ကျနော်တို့လည်းသောက်တာပဲ ဒါပေမယ့်ကိုယ့်ကိုကိုယ်ထိန်းတယ်။ လူဆိုးကြီး ဖြစ်သွားအောင်တော့မနေနဲ့ပေ့ါ။ ပြီးတော့ပေါင်းတာသင်းတာလည်း ကိုယ်ယုံကြည်တဲ့သူနဲ့ပဲ ပေါင်းတယ်။ ဒီလူဒီလူပတ်ပေါင်းတောအကုန်လုံးစိတ်ပူစရာမရှိဘူး။ ဒါပေမဲ့ သူတို့ကျတော့ အနေထိုင်လေးဆင်ခြင်ပေ့ါ။ အခုTomboy တွေကြာတော့ တအားကြီးပိုဆိုးကြတယ်။ အခုကိုယ့်ပတ်ဝန်းကျင်မှာကိုရှိပါတယ်။ ကောင်မလေးတွေ ယောကျာ်းလေးပေ့ါ၊ ယောကျာ်းနောက်လိုက်ပြေးသွားပြီတို့ အရက်သောက်တာများပြီး မှားသွားပြီတို့ အဲ့ဒီလိုမျိုးတွေ ရှိကြတယ်။ သူတိုကိုတွေ့ရင်ကြတော့ စိတ်လည်းတိုတယ် အမြင်လည်းကပ်တယ်။ ကိုယ်ဒီလိုမျိုးနေပြီးတော့ အေးအေးဆေးဆေးနေလေ ၊မူးပြီးအဲ့ဒီလို ဖြစ်စရာမှမလိုတာ။ ဖြစ်အောင်လောက်ထိလည်းမလုပ်နဲ့။ အဓိကက သူ့စိတ်ပါပဲ။ စိတ်ကြောင့်မှားတာ သူ့အတွင်းစိတ်ကလည်း ပါချင်တော့ ပါမှာပေ့ါ။

Q. Social Media တွေ အရမ်းခေတ်စားနေတာတွေအပေါ် ဘယ်လိုမျိုးမြင်လဲ။ Social Media ကြီးပေါ်လာတာကော ကောင်းလားမကောင်းဘူးလား။ အကိုကိုယ်တိုင်ကရောဘယ်လို status မျိုးတွေတင်လေ့ရှိလဲ။

A. ကိုယ်ကိုယ်တိုင်တော့ Public မှာ မြင်သွားရင် မြင်တယ်တင်တယ်။ တစ်ချို့ဂေးလ်တွေ Tomboy တွေ Social Media ပေါ်မှာ အကျီချွတ်တင်တာတို့ အဲ့ဒီလိုမျိုးတွေလုပ်တာတွေကို ဆင်ခြင်စေချင်တယ်။ ကိုယ့်အတွက် အမဲစက်ဖြစ်သွားရင် ဖျောက်ဖျက်ပစ်ဖို့က ခဲယဉ်းပါတယ်။

ကျေးဇူးတင်ပါတယ်ဗျ။

---

## ၁၁။ ခင်မောင်မြင့် (၆၅)နှစ် တောင်ပြုံး



Q.ပထမဆုံး နာမည်နဲ့ အသက်ကိုပြောပြပေးပါ ။

A. အမေ နာမည်က ခင်မောင်မြင့် ပါ။ အသက်ကတော့ ၆၅ နှစ်ရှိပါပြီ။

Q.အမေ့ရဲ့ လိင်စိတ်ခံယူမှုကိုပြောပြပေးပါအုံး ။

A.မိန်းမလျာလို့ပဲ ခံယူထားပါတယ်။

Q.အမေ မိန်းမလျာ ဖြစ်တာ ဘယ်အချိန်ဘယ်အသက်အရွယ်လောက်က စဖြစ်တယ်လို့ အမေထင်လဲ။

A.ငယ်ငယ်ထဲက ပေါ့သားရယ် ။၁၀ နှစ်သား ၁၅ နှစ်လောက်ထဲက ဖြစ်တာပေါ့။ မိန်းကလေးတွေဆော့တယ် ၊ မိန်းကလေးတွေနဲ့ ပေါင်းတယ် ။ မိန်းမစိတ်ပေါက်နေတာပေါ့။

Q. အမေ ကမိန်းမလျာဖြစ်လာတော့ အမေ့ အိမ်နဲ့ သူငယ်ချင်းအပေါင်းအသင်းတွေကရော အမေ့ အပေါ် ဆက်ဆံရေးလေးကိုပြောပြပေးပါအုံး။

A. မိသားစုနဲ့ ပက်သက်လို့ကတော့ အမေက ကံကောင်းတယ် ။ မိန်းမလျာဖြစ်လို့ ဆိုပြီးအမေကို ပြောတာဆိုတာ မရှိဘူး။ နီးပြားလေးနဲ့တောင် မရိုက်ဘူး။ အပေါင်းအသင်းကတော့ သားရယ် ကျောင်းတက်တော့ လဲ ကျောင်းမှာ မိန်းမလျာ အပေါင်းအသင်းတွေရှိတာပဲလေ။ ကျောင်းမှာလဲ တွဲနေတာပဲ။ ဒီပြင် အပြင်လူတွေကလဲ ဒီလိုပါပဲ သူတို့ကလဲ စော်ကားတာမျိုး မရှိဘူး ကိုယ်ကလဲ သူတို့ကိုစော်ကားတာမျိုးမရှိပါဘူး။

Q.အမေ့ဘဝမှာ ကိုယ်က မိန်းမလျာ ဖြစ်လို့ ဆိုပြီး အကြမ်းဖက်ခံရတဲ့ အဖြစ်အပျက်တွေ စော်ကားခံရတာတွေ ရှိခဲ့ဘူးလား။

A. အဲ့ဒါတွေတော့ အမေဘဝမှာအကြမ်းဖက်ခံရတာမျိုးတော့ မတွေ့ကြုံဖူးပါဘူး ။ ကိုယ်တိုင် က ယောကျာ်းကို အတည်တကျယူပြီး ပေါင်းသင်းနေထိုင်တာဆိုတော့ အဲ့ လိုမျိုးတွေ မခံခဲ့ရပါဘူး။

Q.အမေ ယောကျာ်း အတည်တကျယူတယ် ဆိုတော့အမေအိမ်ထောင်ကျတာ ဘယ်အရွယ်လောက်ဖြစ်မလဲ။

A. အမေ့အသက် ၁၈ နှစ်လောက်ပေ့ါသားရယ်။ အမေက စက်ရုံမှာ အလုပ်စဆင်းတဲ့ အချိန်လောက်ကပါ။ အမေ့ယောကျာ်းက အမေ့ထက် ၂ နှစ်ကြီးတယ်ဆိုတော့ သူက ၂၀ ပါ။

Q. အခုလက်ရှိလဲ အဲ့အမျိုးသားနဲ့ပဲ ပေါင်းသင်းနေထိုင်နေတာလား။

A. ၂၀၁၃ ခုနှစ်မှာ သူဆုံးသွားပါတယ်။ အမေ့ လက်ပေါ်မှာတင် သူဆုံးသွားတာပါ။ သူနဲ့ပေါင်းခဲ့တဲ့ အိမ်ထောင်သက်က ၃၈ နှစ်ကြာပါတယ်။ သူဆုံးပြီးမှ အမေ နောက်ထက် အိမ်ထောင်ပြုတာပေ့ါသားရယ် ။ အဲ့ဒါက လက်ရှိအိမ်ထောင်ပါ။

Q. အမေက ယောကျာ်းကိုလဲ အတည်အလင်းယူထားတယ် ။ ပြီးတော့ နှစ်အတော်အတန်ကြာလဲ ပေါင်းလာတာဆိုတော့ သူနဲ့ ပက်သက်တဲ့ မမေ့နိုင်တဲ့ အဖြစ်အပျက်တွေရှိရင်လဲ ပြောပြပေးပါအုံး။

A. ရှိတာပေ့ါ။ အမေက သူဆုံးတဲ့ ရက်ရောက်တိုင်း ဘုန်းကြီး ဆွမ်းကပ်ပါတယ်။ ဒန်ပေါက်ကျွေးပါတယ် ဒါက နှစ်တိုင်းပါ။ အမြဲငိုရတယ်။ အိပ်ယာဝင်တိုင်း သူပုံကို ရှိခိုးတိုင်းလဲ ငိုရတယ်။ သူ့ကိုအမေအမြဲသတိရမိပါတယ်။ အမေ့အပေါ်အရမ်းကောင်းတဲ့ ယောကျာ်းပါ။ အဝတ်အစားကအစ အောက်ခံဘောင်းဘီအဆုံး သူလျှော်ပေးတယ်။ ညဆိုလဲ အိမ်ရာဝင်ခါနီး နှိပ်နယ်ပေးပြီး အမေ အိပ်ပြီဆိုမှ သူက အိပ်တယ်။ အရမ်းတော်တဲ့ ယောကျာ်းပါ ( ငိုလျှက်) ညအိပ်ယာဝင်တိုင်း သူ့ ကိုကန်တော့ပြီးမှ အိပ်တယ်။ ဘယ်နေရာရာရောက်ရောက် သူ့ကို သတိရတယ်။ စက်ရုံတစ်ရုံထဲ အလုပ်လုပ်ရင်းတွေ့ကြတာ။ အမေက အဲ့စက်ရုံကို စဝင်ဝင်ချင်းပါ။

Q. အမေတို့ စတွေ့ပုံလေးကိုရော ပြောပြပေးလို့ရမလား။

A. စတွေ့တာကတော့ စက်ရုံမှာ အလုပ်လုပ်ရင်းပေ့ါ။ အမေက စဝင်ပြီး အလုပ်လုပ်ချင်းဆိုတော့ သူနဲ့တွေ့တယ်။ ဘာဘာညာညာလေးဖြစ်လိုက်တယ်။ တစ်ယောက်နဲ့ တစ်ယောက် ဆွဲလန်းမှုလေးတွေရှိသွားတယ်။ သူကလဲ လူပျို ကိုယ်ကလဲ လူလွတ်ဆိုတော့ တူတူနေထိုင်ပေါင်းဖက်နေကြတာပေ့ါ။

Q. အမေ ဒုတိယအိမ်ထောင်နဲ့ကရော ဘယ်လိုစတွေ့ပြီး ယူဖြစ်တာလဲ။

A. အဲ့တစ်ယောက်နဲ့ကလဲ စက်ရုံထဲမှာပဲတွေတာပါ။ စတွေ့တုံးက ကောင်လေးက ၂၀ကျော်လောက် လောက်ပဲရှိသေးတယ်။ မရက်ပါဘူးသားရယ်။ သူငယ်ချင်းအိမ်သွားရင်နဲ့တွေ့ပြီး ရင်းနီးခဲ့တယ်။ အဲ့မှာ သူ့ကိုသံယောဇဉ် ရှိသွားတာပေ့ါ။

Q. အမေ့ဘဝမှာ အမှတ်တရအဖြစ်ဆုံးသူက ဘယ်သူများဖြစ်မလဲဗျ။

A. ဆုံးသွားတဲ့ အမေ့ယောကျာ်းပါ။ အဖိုးကြီးကို အချစ်ဆုံးပဲ ။ သူ့အကြောင်းတွေးမိတိုင်း အရမ်းဝမ်းနည်းတယ် မျက်ရည်ကျတယ်။ သံယောဇဉ် အတွယ်ဆုံးပဲ။ ကိုယ့်အပေါ်လဲ အရမ်းကောင်းတယ်။ သူက စက်ရုံထဲမှာရော ရပ်ကွက်ထဲမှာပါ လင်မယားလို့ကိုပေါ်တင် ပြောပြီးနေတာပါ။

Q.ကိုယ့်ကိုကိုယ် မိန်းမလျာတစ်ယောက်လို့ ခံယူပြီးနောက်ပိုင်း ဘဝကို ဘယ်လိုမျိုးဖြတ်သန်းခဲ့ရသလဲဗျ။

A. အနည်းငယ်ကြမ်းတမ်းပေမဲ့ အမေ့အတွက်တော့ အခက်ခဲသိပ်မရှိပါဘူး။ ပတ်ဝန်းကျင်အသိုင်းအဝိုင်းနဲ့ အလုပ်မှာ ဆက်ဆံရေးအဆင်ပြေပါတယ်။ အရှုပ်အရှင်းကင်းအောင်လဲ နေထိုင်ပါတယ်။ ပြည်မြို့က မိန်းမလျာအချင်းချင်းတောင်မှ လေးလေးစားစားဆက်ဆံကြပါတယ်။

Q. အမေတို့ခေတ်က မိန်းမလျာတွေနဲ့ ဒီဘက်ခေတ်မိန်းမလျာတွေမှာ ဘယ်လိုတွေ ကွာခြားပါသလဲဗျ။

A. မတူပါဘူးသားရယ်။ အရင်ခေတ်က မိန်းမလျာတွေက ခပ်အေးအေးနေတာများကြတယ်။ ရှုပ်ရှုပ်ရှက်ရှက်လဲ မနေကြဘူး။ အများအားဖြင့်ပေါ့။ လမ်းသွားရင်လဲ ဟီးဟီးဟားဟား မရှိဘူး။ အခုခေတ်လို ရောဂါဆန်းတွေလဲ မရှိဘူး။ အမေဆို သွေးစစ်တာ အကြိမ်ပေါင်း မနည်းတော့ဘူး။ သွေးစစ်ချက် စာအုပ်တွေဆိုတာ တစ်ထပ်ကြီးရှိတယ် ။ ကာလသားကော HIV ကော မရှိခဲ့ဘူး။ ဒါဟာ ဘာကြောင့်လဲ အမေက တစ်လင်တစ်မယားစနစ်နဲ့ နေလာတာလေ သားရဲ့။ လိင်ကိစ္စ မလုပ်ဘူး မဟုတ်ဘူး လုပ်တာပဲ ဒါပေမဲ့ ကိုယ့်အမျိုးသားနဲ့ ကိုယ်နေတော့ ရောဂါကင်းစင်တယ်လေ။

Q. ဒါဆို မှားယွင်းတယ်လို့ ယူဆရတဲ့ အရာတွေက ဘာတွေများလဲ အမေ။

A. အလှတွေပြင် ခပ်ဟော့ဟော့တွေဝတ်ပြီး သူငယ်တွေထောင်ကြတယ်။ သူငယ်ကချောနေရင် သူ့မှာရောဂါပိုးရှိမရှိ မစဉ်းစားတော့ပဲ လိင်ကိစ္စတွေလုပ်ကြတယ်။ သူတို့ကိုယ်တိုင်ကလဲ ချောချောလေးတွေဆိုတော့ ကောင်လေးတွေကလဲ ကြိုက်ကြတယ်။ ပြီးတော့ ရောဂါ အသစ်အဆန်းတွေရကြတာကို မြင်ရတယ်။ ခေတ်က ဘယ်လိုဖြစ်နေလဲဆိုတော့ အမှည့်တစ်ဝင်းဝင်း အကင်းတစ်ဖြုတ်ဖြုတ်ဖြစ်နေတယ်။ အသက်ကြီးတွေက မသေကြပဲ အသက်ငယ်ငယ်လေးတွေက သေနေကြတာကို တွေ့ရတယ်။ အမေတို့မြို့မှာဆိုရင်လဲ အသက်ငယ်တဲ့ကလေးတွေ အဖြစ်များကြတယ်။ အမေကတော့ ဘယ်လောက်ထိ ဆန္ဒပြင်းပြနေပါစေ ကွန်ဒုံးဆောင်ဖို့ကို မှာပါတယ်။ မမှားဘူးပေါ့ ဟုတ်တယ်မလား ။ ချောတိုင်းလှတိုင်း လက်မခံနဲ့ ။ ကိုယ့်အပေါ်ကောင်းတယ်ဆိုရင် အတည်တကျ ယူလိုက် ၊ အိမ်ကလက်မခံရင် ကွယ်ရာမှာနေလိုက်လို့ပြောလိုက်လို့ ပြောပြတယ်။

အမေ့အိမ်ဆိုရင် မိဘတွေကအစ ဘာမှမပြောတော့ဘူး။ အမေဆို ယောကျာ်းအိမ်ဘက်ကိုလိုက်နေလိုက်တာ။

Q. ယောကျာ်းအိမ်ဘက်ကို လိုက်နေလိုက်တာဆိုတော့ သူ့ဘက်က မိသားစုနဲ့ အမေနဲ့ ကြားက ဆက်ဆံရေးလေးကိုပြောပြပေးပါလား။

A. ဆက်ဆံရေးကိုပြောပြရမယ်ဆိုရင်တော့ သူ့မိဘတွေက အရမ်းတော်တယ်။ ချွေးမတစ်ယောက်လိုပဲ သဘောထားကြတယ်။ စားစရာဆိုလဲ ငါ့ချွေးမလေးစားဖို့ ဆိုပြီး အမြဲ ဝယ်လာပေးတယ်။ ဒါပေမဲ့ တစ်ခုပြောပြမယ် အိမ်မှာ တူတွေ တူမတွေရှိတယ်။ အမျိုးသားနဲ့ အမေနဲ့ အိပ်ပြီပဲဆိုရင် အကုန်လုံးက ရှောင်ပေးကြတယ်။ အိမ်ကလူတွေက အဲ့လောက်အလိုက်သိတယ်။ ဒါပေမဲ့တစ်အိမ်လုံးကို ကိုယ်က ရှာကျွေးနေရတာဆိုတော့ ခေါင်းတောင် မော်မကြည့်ရဲကြဘူး။ အခုထိလဲ နောက်အိမ်ထောင်နဲ့ နေတယ်ဆိုလဲ အဲ့လို့ဘဲ။ နောက်အိမ်ထောင်ရဲ့ မိဘတွေကလဲ အဲလိုဘဲ။ သဘောကျတယ် ချစ်ကြတယ်။ ဒါပေမဲ့ မနှစ်က အမေ တောင်ပြုံးကိုလာတဲ့အချိန် သူ့ရဲ့ အမေဆုံးသွားတယ်။ သူက အမေဆီမှာနေလိုက် သူ့ အိမ်ကိုပြန်နေလိုက်နေပါတယ်။

Q. ဒါဆို အမေကတောင်ပြုံးကိုလာတယ်ဆိုတော့ ဒီကိုလာတာ ဘယ်လောက်ကြာပြီလဲ ။

A. တောင်ပြုံးကိုလာတာ ငယ်ငယ်လေးထဲကလာတာပါ။ တောင်ပြုံးမှာ မိတ်ကပ်မပြင်ခင်ကလဲ မွန္တလေးမှာ ညီမတွေရှိတော့ သူတို့ဆီလာရင်းနဲ့ မင်းနှစ်ပါးစီ ခစားဝင်တယ်။ အစိုးရ ဝန်ထမ်းဘဝထဲက ခွင့်မရရင်တောင် ဆေးခွင့်တင်ပြီးလာတယ်။ နောက် မိတ်ကပ်ပြင်တော့လဲ ကိုယ့်ဆရာသမားတွေနဲ့ အပြင်ကို မိတ်ကပ်လိုက်လူးပေးရင်းနဲ့ နှစ်စဉ်မပြတ်လာပါတယ်။ မလာဘဲ မနေနိုင်ဘူးလေ။

Q.တောင်ပြုံးကို စရောက်တာ ဘယ်အသက်အရွယ်လောက်ဖြစ်မလဲ။

A. အမေတောင်ပြုံးကို စလာတာ အင်း ၁၀ နှစ်သားလောက်က စလာတာဆိုတော့ အခု အသက် ၆၅ နှစ် ဆိုတော့ ၅၅ နှစ်လောက်ရှိပြီ မပြတ်လာနေတာပေါ့။

Q. ဒါဆို အမေတို့ ငယ်ငယ်ကလာတုန်းက တောင်ပြုံးနဲ့ အခုတောင်ပြုံးဘာကွာလဲ အမေ။

A. ကွာတော့ တော်တော်ကွာသွားတယ်။ စကြေနောက်ကြေနဲ့ ရန်တွေလဲ မဖြစ်ကြဘူး အခုလဲ မဖြစ်ပေမဲ့ အခုလို အရမ်းကြီးမပွင့်လင်းသေးတော့ ပိုပျော်ဖို့ကောင်းတယ်။ တစ်မျိုးစီပါပဲ။ အရင်တုန်းက ပိုပျော်ဖို့ကောင်းတယ်။

Q.ဒါဆို အမေတောင်ပြုံးကို ဒီလောက်နှစ်အကြာကြီး ဘာလို့လာတာလဲ။

A. ကိုယ့်စီးပွားရေးတွေအတွက် လာဆုတောင်းတာပေါ့။ ကိုယ်တော်ကြီး ကိုယ်တော်လေးဆီမှာ လာဆုတောင်းတယ်။ ပြီးတော့

ကိုယ့်စီးပွားရေးက ဝါတွင်းဆို အလုပ်ပါးတယ်။ အဲ့တော့ တောင်ပြုန်းကိုလာပြီး မိတ်ကပ်ပြင်တာပေါ့။ လူအယောက်ငါးဆယ်ပြင်ရရင် အမေ့အတွက် ငွေငါးသိန်းရမယ်။ အလုပ်အကိုင်ကလဲ ကိုယ့်ရပ်ရွာမှာ အေးနေတဲ့အချိန်ဆိုတော့ ဒီမှာ အဆင်ပြေတယ်လေ။ ပြီးတော့ ကိုယ့်နမတွေ အမတွေဆီလဲ လာချင်လို့ပါ။ လာလိုက်တာပေါ့။

Q.တောင်ပြုံးကို လာတဲ့အခါမှာ အမေ့ရင်ထဲက ခံစားရတဲ့ ခံစားချက်လေးကို ပြောပြပေးပါအုံးဗျ။

A. အရမ်းပျော်တယ် အမေက သူများတွေလို အနားကပ်မှလာတာ မဟုတ်ဖူး ။ ၂ ရက်နေ့ထဲက လာတာပါ။ တောင်ပြုံးတစ်ခါလာရင် တစ်လကြာပါတယ်။ ရတနာဂူပွဲပါတက်တာပေါ့ ။ ကတော့ မကဖူး ကိုးကွယ်လို့လာတာရယ် ၊ နောက်ပြီး မိတ်ကပ်ပြင်ဖို့လာတာရယ်ပါ။

Q. အမေနောက်ဖြတ်သန်းမဲ့ ဘဝအတွက် ဘယ်လို အစီအစဉ်တွေလုပ်ထားလဲ သိချင်ပါတယ် ။

A. ဒီလိုဘဝနဲ့ ပဲသေတဲ့ အထိနေတော့မယ်။ တူတွေတူမတွေ နဲ့ ကိုယ့်ယောကျာ်းနဲ့ သေတဲ့ထိနေမယ်။ သေမှပဲခွဲချင်ပါတယ်။ ခုယောကျာ်းကလဲတော်ပါတယ်။ ဒါပေမဲ့ သူက အသက်ငယ်တော့ ကိုယ်က ချီနေရတာပေါ့ သားရယ်။ ကိုယ်အရင်က ကြီးတဲ့လူကိုယူထားတော့ မှီရတယ်လေ ။ အခုတစ်ယောက်ကတော့ ကလေးဆိုတော့ ချီရတယ်။ အသက်ကလေးက ၃၀ ကျော်လောက်ပဲကွာပါ။

Q. အမေက တစ်လင်တစ်မယား စနစ်ကိုကျင့်သုံးတယ် သဘောလဲကျတယ်ဆိုတော့ အခုလက်ရှိ ဖြစ်ပျက်နေတဲ့ လူငယ်တွေရဲ့ လူမှုရေးပြဿနာတွေအပေါ် အမေ့အမြင်လေးကိုပြောပြပေးပါ။

A. အလုဂုဏ်လေးတွေက မောက်နေကြတယ်။ ပြီးတော့ စိတ်ပိုင်းဆိုင်ရာလေးတွေလဲ မကြိုက်ဘူး။ ကောင်လေးတွေကို အရက်တိုက် မြူဆွယ်ပြီးတော့ ဆွဲကြိုးဖြတ်ပေး ပိုက်ဆံနှိုက် ဖုန်းခိုးပေါ့ အဲ့လိုတွေ လုပ်ကြတယ်။ မိန်းမလျာလောက ပျက်စီးနေကြတာပေါ့ ။ တော်ကြာ ဆိုင်ကယ်ခိုးပြေးလို့ ရဲစခန်းလိုက်ရှင်း ရတယ်ဆိုတာ ခဏခဏ ဖြစ်လာတယ်။ အမေတို့အဖွဲ့အစည်းကနေ လိုက်ရှင်းရတာ ခဏခဏ ဖြစ်လာတယ်။ အမေတို့အဖွဲ့မှာ ရှေ့နေအခြောက်မလေးတွေလဲ ရှိပါတယ်။ အဲ့ဒီလိုကိစ္စတွေဖြစ်လာရင် အရမ်းရှက်ဖို့ကောင်းပါတယ်။

Q. အမေတို့ အဖွဲ့ အစည်းဆိုတော့ ဘာအဖွဲ့အစည်းလဲ အမေ။

A. ခေတ္တရာ စွယ်တော်ဦးပါ သား။ ပညာပေး ဟောပြောပွဲတွေလုပ်တယ်။ HIV ရောဂါဝေဒနာသည်တွေကို ဆေးရအောင် ကူညီထောက်ပံပေးတယ်။ သာရေးနာရေးတွေမှာ ကူညီထောက်ပံ့ပေးတယ်။ အလှူအတန်းတွေလဲ လုပ်ကြတယ်။

အများကြီးပဲ။ ပြည်မြို့တင်မကဖူး အနီးအနားနယ်တွေပါ လိုက်လုပ်ပေးပါတယ်။ မိန်းမလျာတွေစုပေါင်းပြီး မိဘမဲ့ ကလေးတွေကို ဆံပင်ညှပ်ပေးတယ်။ ပြီးတော့ ဘုန်းကြီးကျောင်းတွေကို အလှူလုပ်တယ်။ ဝါဆိုသင်္ကန်းကပ်တာကတော့ နှစ်တိုင်းလုပ်ဖြစ်တယ်။ ကထိန်သင်္ကန်း လှူတာဆို အကြိမ် ၃၀ ကျော်ပါပြီ။

Q. အရမ်းကောင်းတဲ့ အဖွဲ့အစည်းပါ အမေ။

A. ဟုတ်ပါတယ်။ စွယ်တော်ဦးလောက် စုစုစည်းစည်းရှိတာ ပြည်မှာ ဒီတစ်ခုပဲရှိပါတယ်။ ပြည်မြို့က အလှူတွေ ရှိရင် အမေတို့ အဖွဲ့အစည်းက သွားကပေးတယ်။ ငွေရေးကြေးရေး စကားမပြောဘူး။ အလှူရှင်တွေက ကားနဲ့လာကြိုပေးတယ် ထမင်းကျွေးတယ် ၊ ဇာတ်စင် ဆောက်ပေးထားတယ်။ သွားကပေးကြတယ်။

Q. ဘယ်လိုတာဝန်မျိုးကိုယူထားလဲ။

A. အကြံပေးတာဝန်ယူထားပါတယ်။ အခုလက်ရှိ အချိန်အထိပါ။

Q. ဒါဆို အမေက လူငယ်တွေအကြောင်းတော်တော်များသိနေပြီဆိုတော့ လူငယ်လေးကိုအကြံပြုစကားလေး တွေပြောပေးပါအုံး။

A. ပြောပြပေးပါတယ်။ မိန်းမလျာဆိုတာ လိင်ဆက်ဆံမှုက အမြဲရှိတယ်။ ဒါပေမဲ့ ကွန်ဒုံးလိုတယ် ဒါပါရင် ရောဂါဖြစ်ဖို့ အခွင့်အလမ်းနည်းသွားမယ်။ ပြောပြတယ် ညည်းတို့ဆီမှာ မရှိရင် အမေ့အိမ်မှာ လာယူလို့ရတယ် ၊ မိန်းမလျာလေးတွေပေါ့ အိမ်မှာ တပည့်လေး သုံးယောက်လောက်ရှိတယ် သူတို့လမ်းထွက်ရင် ကိုယ်တိုင် အိတ်ထဲကို ကွန်ဒုံးလိုက်ထည့်ပေးလိုက်တယ်။ တစ်ခုခု ဖြစ်မှာစိုးရိမ်တယ်လေ။ နောက်ပြီးတော့ သမီးဘာဖြစ်လဲ ကျန်းမာရေးမကောင်းဘူးလား ကိုယ်တိုင်ခေါ်ပြီးတော့ သွေးစစ်ခိုင်းတယ် ကိုယ်တိုင်တော့ ရောဂါမဖြစ်ပေမဲ့ ကလေးတွေဖြစ်မှာ စိုးရိမ်တယ်။ ဒါပေမဲ့ စိတ်မကောင်းတာက ကိုယ့်ရဲ့ သမီးတစ်ယောက် ရောက်လာတာ မကြာသေးဘူး။ ယောကျ်ားဘဝထဲက ရလာတာပေါ့။ မကြာပါဘူး ဒီရောဂါဖြစ်ပြီးသေသွားတယ်။ သူ့ကို ART သောက်နိုင်အောင်လဲ လုပ်ပေးပြီးပြီ။ ဒါကိုသူကမေ့ပြီး ဆေးမသောက်မိလိုက်တော့ သေသွားပါတယ်။ လင်ရော မယားကောဖြစ်တာ မယားကတော့ သေသွားပြီ လင်ကတော့ ကျန်သေးတယ် ။

Q. အမေက အကြံပေးတစ်ယောက်အနေနဲ့ ဒါမျိုးတွေကိုဘယ်လို ထိန်းချုပ်နိုင်မယ်လို့ တွေးထားလဲ။

A. ဒါကတော့ သားရယ် မနေနိုင်ရင် ယောကျ်ားယူ ၊ တကယ်လိုစိတ်ဖြေချင်ရင် လုပ်လို့ရတာတွေအများကြီး ရှိပါတယ် ။ ချိုင်းကြားပွတ်မလား ပေါင်ကြားကိုပွတ်မလား အဲလိုလုပ်ခိုင်းရင် လုပ်ခိုင်း ဒါမှမဟုတ် ကွန်ဒုံးဆောင် ပေါ့။ ဟုတ်တယ်မလား။

Q. အမေအနေနဲ့ မိန်းမလျာတစ်ယောက်ရဲ့ဘဝ ဖြတ်သန်းပုံနဲ့ ယောကျာ်းမိန်းမတွေရဲ့ ဖြတ်သန်းတဲ့ ဘဝ ဘာကွာတယ်လို့မျှားမြင်လဲ။

A. ကိုယ်က ငယ်ငယ်ထဲက မိန်းမလျာဖြစ်တာဆိုတော့ မိန်းမလျာဘဝကိုပိုမက်မောတယ်။ ဘုရားမှာတောင်ဆုတောင်းတယ် နောက်ဘဝဆိုတာရှိရင် မိန်းမလျာဘဝပဲ ပြန်ဖြစ်ရပါလို၏လို့လေ။ ဘာဖြစ်လို့လဲဆိုတော့ မိဘကိုလဲ လုပ်ကျွေးနိုင်တယ်လေ။ အခုချိန်ထိလဲ လုပ်ကျွေးနေတုံးပါဘဲ။ ငယ်ငယ် ထဲက ဈေးရောင်းကျွေးတယ်။ ပြီးတော့ မိတ်ကပ်ပြင်ကျွေးတယ် စက်ရုံမှာ လုပ်ကျွေးတယ်။ ပြီးတော့ မိန်းမလျှာတစ်ယောက်ရဲ့ ဝင်ငွေရှာရတဲ့ အခါကျတော့ အများထက်နည်းနည်းတော့ သက်သာတယ်။ ကာယ လုပ်သားမဟုတ်တဲ့အတွက်ပေါ့။ မိန်းမလျာ ဘဝကိုနှစ်သက်တယ်။ ကိုယ့်ခန္ဓာကိုယ် သယ်နိုင်တဲ့ အချိန်အထိ မိန်းမလျာ လုပ်အုံးမယ်။ သေခါမှပဲ မိန်းမလျာဘဝက ကျွတ်ပြီလို့တွေးထားတယ်။

Q. အမေက မိတ်ကပ်ပညာရှင်တစ်ယောက်ဖြစ်တဲ့အတွက် ဒီတောင်ပြိုးကိုလာတဲ့ အချိန်မှာ နတ်ကတော်တွေ ကတဲ့အခါ ဘယ်နတ်ကိုချော့တာကို အကြိုက်ဆုံးဖြစ်မယ်ထင်လဲ။

A. အမေကတော့ သားရယ် တောင်ပြုန်းမင်းနှစ်ပါးကို ခစားနေတော့ မင်းနှစ်ပါးဝင်ရင် ကရင် ပိုပြီးသဘောကျပါတယ်။ ပိုပြီးတော့ မြူးကြွတယ် ။ နောက်ပြီးတော့ ပခန်းကိုကြီးကျော် နတ်ဝင်ရင်လဲ သဘောကျတယ်။ ပျော်တယ်ပေါ့ သားရယ်။

Q. အမေကိုးကွယ်တဲ့ ဘာသာလေးကိုပြောပြပါ။

A. အမေကိုးကွယ်တာ ဗုဒ္ဓဘာသာပါ။ ဖခင်ဘက်ကတော့ နည်းနည်း အိန္ဒိယဘက် ဆက်တယ်။ အမေကလဲ နည်းနည်းပါတယ်။ အမေကတော့ ဗုဒ္ဓဘာသာ ကိုးကွယ်တယ် အိမ်မှာ ဘုရားစင်ထားတယ်။ နတ်လဲ ကိုးကွယ်တယ် ပြီးတော့ နတ်ကနားလဲ လုပ်ပါတယ်။

Q.အမေကိုဘယ်လိုခေါ်ရင် သဘောကျလဲ။

A. အမေကိုမာမီလို့ခေါ်ကြတယ်။ ပြည်မြို့ကလူတွေကလဲ မာမီဘဲခေါ်တယ်။ စက်ရုံကလူတွေ ကလဲမာမီလို့ပဲခေါ်တယ်။ အခုလို မိတ်ကပ်ပြင်ရင်လဲ မာမီပဲခေါ်တော့ အဆင်ပြေပါတယ်။ ကြိုက်ပါတယ်။

---

## ၁၂။ မောင်မောင်နိုင် (၆၇)နှစ် မန္တလေးမြို့



Q. မင်္ဂလာပါအမေ အမေ့ရဲ့အမည်ရယ် အသက်ရယ် နေရပ်လိပ်စာရယ် အလုပ်အကိုင်ရယ် မိတ်ဆက်ပေးပါအုံးဗျ။

A.အမေ့ အမည်ကတော့ မာမီ နိုင် ပါသားအမေ့ရဲ့အသက်ကတော့ ၆၇ နှစ် ဩဂုတ် လ ပထမအပတ်မှာ တင်းတင်းပြည့်ခဲ့ပါပြီသား အမေလုပ်တာကတော့မိတ်ကပ် ဆံပင်နဲ့ပန်းအလှဆင်ပါပဲ သားရယ်လက်မှုပညာသင်ကျောင်းမှာ အမေအခုထိပေါ့နော် ပညာတွေ လေ့လာပြီးပေးဝေနေပါတယ်နော် ပိုတတ်ကျွမ်းစေချင်တာပေါ့သားရယ်နော် အမေ့ရဲ့ ပညာရပ်ကလေးကဘာလည်းလို့ဆိုလို့ရှိရင် ဒိုင်ယာရီစာအုပ်လေးတအုပ်ပါပဲသားရယ်နော်ငါတတ်လို့ပြတာလည်းမဟုတ်ပါဘူး ငါသိလို့ ပြတာလည်းမဟုတ်ပါဘူး အမေ့ရဲ့ ၁၃နှစ်တာကာလကနေ အခု၆၇နှစ်တာ ကာလပတ်လုံးမှာတွေ့ခဲ့တဲ့အတွေ့အကြုံလေးတွေ ကိုယ်ဖန်တီးခဲ့တဲ့ပညာလေးတွေ နော် ကိုယ်လေ့လာခဲ့တဲ့အသိလေးတွေကို ပြန်လှန်ပြီးတော့ အမေ့ရဲ့ ဒိုင်ယာရီ လေးကို ပြန်လှန်ပြီးတော့ ပြသခြင်းဖြစ်ပါတယ်။အမေ တတ်လည်းမတတ်ပါဘူးနော် နားလည်းမလည်ပါဘူး အမေတွေ့ခဲ့တဲ့လက်တွေ့လေးတွေကိုပြန်စု လက်မှုပညာသင်ကျောင်းမှာ ပြန်လည် ပြနေပါတယ် သားရယ်

Q.အမေ့ဘဝတလျှောက်လုံးပေါ့နော် ခေတ်အဆက်ဆက် မှာ အမေ ဒီလိုမျိုး ဖြတ်သန်းလာခဲ့တဲ့ ဘဝအကြောင်းလေး ပြောပြပေးပါအမေ။

A. အမေက ၁၃နှစ်ကနေ မိတ်ကပ် ဆံပင်ကို ကူးပြောင်းတော့မယ်ဆိုတော့ အမေ့ရဲ့အဖေက တော်တော်လေးကို အရှက်တရားတွေရခဲ့ပါတယ် ။ ရှက်လွန်းအားကြီးလို့လည်းသူဟာ အမေ့ကိုသားသမီးတဦးဆိုပြီးဖော်ပြခြင်းမပြုခဲ့ပါဘူး။ဒါပေမယ့်အမေဟာ လည်း ငါဟာ မိဘကို တနေ့လုပ်ကျွေးရမယ့်သားသမီး ဖြစ်ပါစေလို့ ဆုတောင်းခဲ့ပါတယ်။ ဆုတောင်းခဲ့တဲ့အတိုင်းပဲဖြစ်ခဲ့ပါတယ်အမေ ဒီကနေပြီးတော့မိတ်ကပ်ဆံပင်သင်တန်းကို အမေ black&white ရုပ်ရှင်ခေတ် မှာစပြီးတော့လုပ်ကိုင်ခဲ့တာ နောက်ပိုင်းကျတော့တဖြည်းဖြည်းအမေ့ရဲ့ကျေးဇူးရှင်ဖြစ်သော ရုပ်ရှင်မင်းသမီး ဒေါ်ကြည်ကြည်ဌေး နော် အမေကအစအဆုံးအထိ လိမ်း ပြ သ ပြီးတော့ ဆိုဆုံးမခဲ့တဲ့အတိုင်း နာယူပြီးအမေက ယနေ့အထိ သက်တန်းရှည် နေပါတယ်။အဲ့အထဲမှာပဲ အမေဟာဘဝကို မျိုးစုံ ကြိုးစုန် ပြီးတော့ကခဲ့ပါတယ်သားရယ် ကခဲ့တဲ့အချိန်ပိုင်းမှာတော့ မင်းတို့ပြောတဲ့အတိုင်းပေါ့ ချစ်ရသူနဲ့တွေ့ခဲ့တယ်။တွေ့ခဲ့တဲ့အတိုင်းပါပဲ သာယာမှုကလေးတွေရခဲ့ပါတယ် ။ ဒါပေမယ့် သာယာမှုရဲ့နောက်ကွယ်မှာ ဘာတွေဖြစ်ပေါ်သွားလည်းဆိုတော့သိပ်ကြောက်စရာကောင်းတဲ့ အမေတို့အတွက် ကြောက်စရာကောင်းတဲ့ အမျိုးသမီး မုန်တိုင်းက ဆင်းသက်လာတယ်လေ ။ဆင်းသက်လာတဲ့အပိုင်းမှာပဲအမေတို့က နောက်ဆုတ်ပေးပြီးတော့ကွဲကွာသွားကြပါတယ်။ခွဲခွါသွားတဲ့အချိန်မှာေ တာ့အတော်လေးကိုပဲ ခံစားချက်က ပြင်းထန်ခဲ့ပါတယ်။ဒါပေမယ့် ယနေ့ထိအောင်ပဲသူတို့ကိုမမေ့ပါဘူး သတိရလျှက်ပါပဲ။တနေ့တချိန်မှာတော့ အမေတို့ရဲ့ ဘဝဇာတ်ကြောင်းကို ကိုယ်ချင်းစာအသိအမှတ်ပြုမယ့် အရာတွေ ဂုဏ်ပြုမယ့်အရာတွေ ပေါ်ပေါက်လာစေဖို့ ဆုတောင်းပါတယ်။နောင်လာနောက်သားတွေအတွက်ကတော့ အားရစရာကြီးပေါ့နော်

Q.အမေကလိင်စိတ်ကိုဘယ်လိုခံယူထားလည်းခင်ဗျ


A. အမေကငယ်ငယ်ကတည်းက ပုဆိုးကြီးတွေပတ်ပြီးတော့ကခဲ့ ခုန်ခဲ့တယ် မိန်းကလေးနဲ့ပက်သတ်တဲ့ လက်မှုပညာလေးတွေ အကျို ချုပ်တာလေးတွေ အရုပ်လုပ်တာလေးတွေ ဝါသနာပါခဲ့ပါတယ် ကိုယ့်ဝါသနာပါတာလေးတွေနဲ့အမေလုပ်ကိုင်စားသောက်နေပါတယ်အ မေ ကကိုယ့်ကိုယ်ကို မိန်းမစိတ်ပေါက်နေတဲ့မိန်းမလျှာတယောက်လို့ပဲခံယူထားပါတယ် အမေ့ကို မိန်းမလျှာမို့လို့ တချို့မခေါ်ကြဘူး အမေကလည်း မာန်မာနရှိတယ်။

Q. အမေ့ဘဝမှာခွဲခြားဆက်ဆံခံရတာလေးတွေရှိရင်ပြောပြပေးပါ

A. အမေ့ကို တချို့က ရှက်လို့ဆိုပြီးမခေါ်ကြဘူး။ အမေကမာန်မာနရှိတယ်။ ငါ့ကို ခွဲခြားတဲ့လူတွေ တနေ့တော့ငါ့ရဲ့လက်အောက်ပဲဖြစ်ဖြစ် ခြေထောက်အောက်ပဲဖြစ်ဖြစ်ရောက်ရမယ်လို့ ယူဆတဲ့အချိန်မှာပဲ အမေက မိတ်ကပ်ဆံပင်လောက မှာ တင့်တယ်ပြီး ကြွယ်ဝပြီး အမေ့ရဲ့လက်အောက်ကို အကုန်လုံး ဦးညွှတ် ပြီးရောက်လာကြပါတယ်။ အဲ့ဒီ့အချိန်မှာ အမေက အပြုံးလေးတော့ပြုံးမိပါတယ်။ ဘယ်လိုအပြုံးလဲဆိုတော့ ပညာရဲ့မာန်မာနကြောင့် ပြုံးချင်းမဟုတ်ပါဘူး။ ငါ့ကိုတော်လှန်ခဲ့တဲ့လူတွေကနောက်ဆုံး ကျတော့ငါ့ဆီကိုပြန်လာကြတာပဲလို့ တွေးပြီး ပြုံးမိတာပါသားရယ်။ ကျေနပ်မှုလေးရခဲ့ပါတယ်။ အဲ့လောက်နဲ့ပဲပြီးဆုံးသွားလားဆိုတော့မပြီးဆုံးသွားပါဘူး။ အမေအသက်(၆၀)ကျော်တဲ့အထိတောင်အမေ ပညာရပ်တွေကအများကြီး လေ့လာစရာကျန်ပါသေးတယ်လို့ထင်ပါသေးတယ်။ လျှော့လည်းမလျှော့သေးဘူး အသက်ကြီးသလောက်ကို အသက်ဘယ်လောက်ကြီးကြီး ငါသေတဲ့ အချိန်မီးသင်္ဂြိုလ် စက်ထဲရောက်မှသာလျှင် ဒုံးဒုံးချတော့မယ်လို့သတ်မှတ်ထားပါတယ်။

Q.အမေကြိုက်တဲ့လမ်းကိုလျှောက်တဲ့အခါမှာ ကြုံတွေ့ခဲ့တဲ့အခက်အခဲလေးတွေကို ပြောပြပေးပါခင်ဗျ။

A. အမေစိတ်ထဲကမခံချင်ဘူးပေါ့နော်။အမေစိတ်ထဲကမခံချင်ပေမယ့် ကိုယ့်ရဲအင်္ဂါရုပ်က ယောက်ကျားရုပ်မှ မရှိတော့တာ မိန်းကလေးရုပ်ပဲပေါက်တော့ ကိုယ့်ကို ပုတ်ခတ်လာတဲ့အခါတိုင်း ငိုခြင်းနဲ့ပဲခံစားခဲ့ရတာပေါ့။ ယောကျာ်းရဲ့ပုံသဏ္ဍာန်မရှိတော့ လက်သီးနဲ့ထိုးလို့လည်းမရဘူး ၊ဓါးတွေနဲ့ခုတ်လို့မရဘူးပေါ့နော် ကိုယ့်နလုံးသားထဲက မျက်ရည်ကိုအဖော်ပြုပြီးပဲနေခဲ့ရတာပေါ့ ဒါပေမယ့်တနေ့တချိန်မှာတော့ ငါ့ရဲ့ဘဝရဲ့လမ်းစမှာ ငါသာလျှင်ဖြစ်ရမယ်ဆိုတဲ့အတိုင်း တကယ်ဖြစ်ခဲ့ပါတယ်သားရယ်။ ဖြစ်ခဲ့ပြီးတဲ့နောက်ကွယ်မှာ တပည့်တွေမွေးတာများသွားတော့ ဘယ်လိုဖြစ်လည်းဆိုတော့ ရင်ဘတ်နဲ့ကျောမှာတော့ သူတို့ကန်တဲ့ခြေရာတွေဟာ မြောက်များစွာကျန်ခဲ့ပါတယ်။ ဒါပေမယ့်အမေက ယနေ့အထိအောင်မမုန်းပါဘူး ကိုယ့်သားသမီးတွေကိုချစ်ပါတယ်ခင်ပါတယ်နော်။




မျက်လုံးနဲ့မျက်ရည်ကတော့ အမေတို့မိန်းမလျာတွေ အမြဲကြုံတွေ့ရတဲ့ ဘဝပါ။ နှုတ်ခမ်းလေးကတော့ အမေတို့မိန်းမလျာတွေရဲ့ အချစ်သင်္ကေတဖြစ်ပါ။ (မောင်မောင်နိုင်၊ ၆၇နှစ်၊ မန္တလေးမြို့)

Q. အမေတို့ခေတ်တုန်းကကြုံတွေ့ခဲ့တဲ့ နိုင်ငံရေးအခြေအနေထူးခြားမှုတွေကိုပြောပြပေးပါဦး။

A.အရေးအခင်းကာလမှာတော့တသက်နဲ့တခါမတွေ့ဖူးတဲ့ စိတ်မကောင်းစရာတွေ တုန်လှုပ်ခြောက်ခြားစရာတွေ ဆန်းကြယ်တာပေ့ါသားရယ် ဘယ်လိုဆန်းကြယ်လည်းဆိုတော့ အာဇာနည်မလေးတွေလို ဂုဏ်ပြုထိုက်တဲ့ ကလေးတွေဟာ မြေပေါ်မှာတင်ပဲ သွေးအလိမ်းလိမ်းနဲ့ ကျခဲ့ရတယ် စတေးခံခဲ့ရတယ် ဒီဟာတွေကြည့်ပြီး စိတ်မကောင်းဖြစ်ခဲ့ရပါတယ်။တနေ့တချိန်ကောင်းသောအရာနဲ့ကောင်းစွာပေါ်လာပါစေပဲဆုတောင်းပါတယ်။ဆုတောင်းတဲ့အတိုင်းပဲ ပေါ်လာပါပြီသားရယ်။

Q.အမေ့ရဲ့ဘဝအပေါ်အမြင်လေးကိုပြောပြပေးပါ။

A.ကိုယ်ဖြစ်တဲ့ဘဝကတော့ ကံမကောင်းလို့ဖြစ်တယ်လို့ပဲယူဆတယ်။ ကံရဲ့အကျိုးပေးတရားတွေလို့ပဲ အမေယူဆခဲ့ပါတယ်။ တမလွန်ဘဝက ကိုယ်မစင်ကြယ်လို့ ဖြစ်ခဲ့တဲ့အကြောင်းတရားပဲလို့ ယူဆပါတယ်။ ဘယ်သူ့ကိုမှအပစ်မချလိုပါဘူးနော်။ အချစ်ရေးမှာလည်းအမေ့ရဲ့ ချစ်သူကအမေ့ကို (၆)လ လောက်တော့ သိပ်ကိုချစ်ခင်ကြင်နာပါတယ်။ (၆)လလည်းကျော်လဲကျော်ရော အချစ်ရဲ့နောက်ကွယ်မှာမင်းသားရုပ်ကနေ ဘီလူးခေါင်းဆောင်းခဲ့ပါတယ်။ ဘီလူးခေါင်းရဲ့ နောက်ကွယ်မှာ ဘာလည်းလို့ကြည့်လိုက်တော့လည်း

မိန်းကလေးတွေကြောင့်ပေါ့သားရယ်။ အဲ့လိုနဲ့ပဲဘဝကို တမျိုးပြီးတမျိုး ရှာဖွေခဲ့ပေမယ့် ရပ်တန့်သင့်တဲ့ဘဝအရွယ်မှာတော့ ရပ်တန့်လိုက်ပါပြီ။ လူတယောက်ရဲ့တန်ဖိုးက သစ္စာတရားလို့ပဲ အမေမှတ်ယူထားတယ်။ သစ္စာတရားရဲ့နောက်ကွယ်မှာ တန်ဖိုးတွေအများကြီးရှိပါတယ်။ သစ္စာက နံပါတ်တစ်ပါပဲနော်၊ ကတိကဒုတိယပါ။ သစ္စာမရှိရင်တော့ ဘာမှလုပ်စားလို့မရဘူးဆိုတာ အမေတွက်လိုက်ပါတယ်။ ကတိတည်မှုက ဘာလို့ဒုတိယလို့ပြောလည်းဆိုရင် သစ္စာတည်တော့မှ ကတိတည်တော့မယ်လေ သစ္စာမတည်ရင်ကတိမတည်ပါဘူး။ အမေ့အလုပ်နဲ့ပတ်သတ်ပြီး တပည့်တွေကအမေ့ကို ခြေစုံကန်သွားကြတယ်ဆိုခဲ့တဲ့ အကြောင်းလေးတွေပြောပြပေးပါ။ အဓိကကတော့ လူကြီးနဲ့လူငယ်ဆိုပြီး ခွဲခြားမှုတွေပေ့ါ၊ မာမီတို့ကို ဂုဏ်ပုဒ်သာတပ်ထားတာ ကျောင်းမှာအရေးကြီးကိစ္စတိုင်ပင်စရာဆို အမေတို့ကိုထုတ်ဖော်မပြောဘူး၊ မတိုင်ပင်ဘူး ။ အရာမဝင်အောင်ထားတယ်။ အမေတို့ကလည်း အတတ်ပညာရှင်တယောက်အနေနဲ့ သူတို့ဘာမှလုည့်ပြီးပြောအားမရှိဘူး။ ကိုယ့်ပညာအရည်အချင်းနဲ့ ကိုယ့်လမ်းကိုယ်သွားလိုက်တယ်။ ကဲပြန်ကြည့်လိုက်တဲ့အခါကျတော့သူတို့က ကလေးအရွယ်ပဲရှိသေးတယ်။ ကိုယ်ကလူကြီးအရွယ်ရှိပါပြီဆိုတဲ့ အသိအတိုင်း ဆင်ခြင်ပြီး ဘာပဲဖြစ်ဖြစ် သူတို့ကို ရှေ့ဆက်လည်းမပြောတော့ဘူး နောက်ပိတ်ဆုံးတော့ အပြုံးလေးပေ့ါသားရယ်။ အပြုံးနဲ့ပဲချစ်ပါတယ်ဆိုတဲ့အရာလေးပဲပြလိုက်ပါတယ်။ အမေတို့လူကြီးတွေက လူကြီးလိုပဲနေရတာပေ့ါနော်

Q. အမေနဲ့ရွယ်တူသူငယ်ချင်းတွေရှိသေးလားအမေ။

A. ရှိပါသေးတယ်သား။ ရန်ကုန်က PSI ဌာနက ကိုဇော်ဆိုတာလည်းအမေ့ရဲ့ မိတ်ဆွေတယောက် ကျောင်းနေဖက်တယောက်ပါပဲ။ မန္တလေးက ဒေါ်ဝတ်ရည်အလှပြုပြင်ရေး၊ ကိုဇော်ဝင်းကလည်း အမေတို့ရဲ့မိတ်ဆွေတွေပေ့ါနော်။ သက်တန်းတွေကရင့်ကုန်ပြီ ဒါပေမယ့်အချစ်တွေကတော့ ရင်ထဲမှာမကုန်သေးဘူးပေ့ါနော်။

Q. အမေကမိန်းမလိုဝတ်ခဲ့လားဗျ။

A. မဝတ်ခဲ့ပါဘူးသားရယ်။ အခုခေတ်မှာကျမှဝတ်ကြတာပေ့ါနော်။ အမေပြောမယ် မိန်းမလိုဝတ်ပြီးတော့ ပညာအရာမှာမထွန်းကားလည်းအပိုပဲ။ အဝတ်အစားထက် ပညာအရာမှာထွန်းကားမှသာလျှင် ပိုပြီးတော့သိက္ခာရှိတယ်လို့ အမေတို့ကယူဆပါတယ်။ အဝတ်အစားအပေါ်မှာ ဘာမှအရာမရှိပါဘူး သားရယ်နော်။ ပညာအရာဟာ ကိုယ့်ရဲ့နှလုံးသားထဲမှာအမေတို့ပြောတဲ့ မင်္ဂလာရှိသောလက်နှစ်ဖက်ကပေးခဲ့တဲ့ ဖန်တီးခဲ့တဲ့ပညာရပ်တွေပဲ

အမေတို့ကယုံကြည်ခဲ့တယ်သားရယ်။ ဒါကြောင့်မို့အဝတ်အစားကို အမေတို့ကယုံကြည်မှုမထားဘူး။ ကိုယ့်ရဲ့ဖန်တီးတဲ့လက်ရာကလေးကိုပဲ ယုံကြည်မှုထားခဲ့တယ် ကိုယ့်ရဲ့ကြိုးစားမှုကိုပဲယုံကြည်မှုထားခဲ့တယ်။ အမေ တေးသရုပ်ဖော် ကတဲ့အခါမှာတော့ မိန်းမလိုဝတ်တယ်။ တေးသရုပ်ဖော်လောကမှာ အမေပထမဦးဆုံးရွာမှာကခဲ့တာ အာယုဆေးခန်းအရှေ့မှာ အကဘုရင်မကြီး ဇာဇာရတနာက အမေ့ကို သွယ်သွယ်သန္တာဆိုပြီးအမည်ပေးတော့ အမေက ချိုချိုခွြတ်ခြွတ် ဆိုတဲ့ ပြဇာတ်လေးကို အကျီလက်ပြတ်လေးဝတ်ပြီးအမေတတ်ကဖူးပါတယ်။ အောက်က ပရိတ်သတ်တွေက အမေ့ကို မိန်းမထင်ကြတာ အမေ့အသံကမိန်းမအသံဆိုတော့ ဆိုလို့ပြောလို့လည်းကောင်းပါတယ်။ နောက်တော့ ပရိတ်သတ်တွေကလည်း သွယ်သွယ်သန္တာဟာ မိန်းမ မဟုတ်ဘူးဆိုတာသိသွားပါတယ်။

Q. အမေတို့ခေတ်တုန်းက ဒီလိုLGBT အတွက် ကျန်းမာရေးအဖွဲ့အစည်းတွေရှိလားဗျ။

A. မရှိပါဘူး အမေတို့အစုကလေးနဲ့ အမေတို့လုပ်ရပါတယ်။ အမေတို့မိတ်ကပ်ဆံပင်အစုလေးဆိုပြီး အစုလေးတခုတည်ထောင်ပြီးတော့ ဖျော်ဖြေမှုလေးတွေ လုပ်ပြီးကကြခုန်ကြတာပေါ့သားရယ်။ ယောက်ကျားလေးလိုဝတ်တဲ့ သူငယ်ချင်းတွေလည်းပါဝင်ကူညီကြပါတယ်။ ကတဲ့အခါ အမေတို့က ယောက်ကျားလေးလိုမဝတ်ချင်ဘူး ယောက်ကျားလေးသရုပ် မပီပြင်ဘူး။အဲ့ဒီ့တော့ ယောက်ကျားလျာတွေထဲမှာ အရမ်းချောတဲ့ ကိုပါဆိုတဲ့ယောက်ျားလျာလေးက ယောက်ကျားနေရာကနေ ပါဝင်ကူညီပေးပါတယ်။ သူက ယောက်ကျားလိုဝတ်ပြီး ကတယ် အမေကမိန်းမလိုဝတ်ပြီးကတယ်။

အမေ့ရဲ့အဖေကလာကြည့်တဲ့အခါကျတော့ ဘဝကပြောင်းပြန်ဖြစ်သွားပြီလို့ ရီပြီးပြောပါတယ်။ စိတ်မဆိုးပါဘူး အဖေပြောတာလည်းမှန်တာပဲလေ။ နေရာချင်းကပြောင်းပြန်ဖြစ်သွားတယ်လေ။

Q. ရှေ့မှာအမေပြောခဲ့တော့အမေ့အဖေကအမေ့ကို ခွဲခြားခဲ့ပေမယ့် နောက်ပိုင်းမှာအမေကတဲ့ပွဲတွေ လာကြည့်ရလောက်အောင် ဘယ်လို ကြောင့်လက်ခံလာတာလည်းခင်ဗျ။

A.လက်ခံတာဒီလိုလေ။ အမေကလည်းသူတို့ကို အမေကတတ်နိုင်သလောက် ကူညီပါတယ်။ နောက်ပီးတော့ အဖေကလည်းသိသွားတယ် ဒီလိုမိန်းမလျှာဖြစ်လို့ ငါတို့နဲ့အိုးမကွာအိမ်မကွာနေခဲ့တယ်။ ယနေ့ထိတိုင်ငါတို့နဲ့ပဲ လက်ပွန်းတတီးနေပြီးတော့ ငါတို့ကျမ်းမာရေးကအစ ပြုစုပေးတယ်ဆိုတော့ အဖေတို့က အမေတို့ကို ပိုပြီး အမှန်အတိုင်းမြင်လာတာပေါ့။ ယောက်ကျားနဲ့မိန်းမအစစ်ကတော့ ခွဲခွါသွားတာများတယ်လေ။ နောက်ပိုင်းသေတဲ့အထိအမေ့လက်ပေါ်မှာပဲ ဆုံးသွားခဲ့တယ်လေ။

Q. အခုနောက်ပိုင်း လူမှုရေးအသင်းအဖွဲ့တွေ အများကြီးပေါ်လာတဲ့အပေါ်ရော အမေ့အနေနဲ့ ဘာများပြောချင်လဲ။

A. အားရတယ်။ အရမ်းလည်းဂုဏ်ယူတယ်။ အမေတို့ရဲ့ဘဝလေးကဘယ်လိုလည်းဆိုတော့ ပြာပုံဘဝပဲဖြစ်ခဲ့တယ်။ ဒီအထဲမှာ ရဲရဲတောက်နိုင်တဲ့ မီးကျည်းခဲလေးက ကိုယ်ပိုင်အစွမ်းအစနဲ့ မီးတောက်လေးတခုလို အလင်းပေးနိုင်ပါတယ်ဆိုတာကို ဘယ်သူမှ မသိခဲ့ဘူး။ လူမှုရေးအလုပ်ကို စွမ်းဆောင်တဲ့အဖွဲ့အစည်းလေးတွေက အဲ့ဒီပြာလေးကို ဖယ်ပေးပြီး မီးလေးကို ယက်ခပ်လိုက်တဲ့အခါ အဲ့ဒီ့မီးကျည်ခဲလေးဟာ တောက်ပလာတယ်။ တောက်ပလာတဲ့ဟာလေးက ဘာစာတန်းလေးပေါ်လည်းဆိုတော့ လိင်တူချစ်သူဆိုပြီးတော့ လူတွေသတိထားမိအောင်ပေါ် လာပါတော့တယ်။ အမေဝမ်းလည်းသာတယ်။ ဝမ်းလည်းနည်းတယ်။ ဒါမှအမေတို့ဘဝတွေ တိုးတတ်နိုင်မှာပါ။

Q. အမေပြောသလိုခွဲခြားဆက်ဆံကြတဲ့လူတွေအပေါ်မှာရော အမေ့အနေနဲ့ ဘာပြောချင်လဲ။

A အမေ့အနေနဲ့ကတော့ဒီလို သူတို့ကမှန်တာပြောတာပဲလို့ မှတ်ယူထားလိုက်တယ်။ သူတို့ကလိမ်ပြောတာမဟုတ်ဘူးလေ။အမေတို့ မိန်းမလျှာဖြစ်တာကလည်းအတိအကျအမှန်အကန်ဖြစ်နေတော့ စိတ်ဆိုးခြင်းကမရှိပါဘူးသားရယ်။ ကိုယ့်ဘဝကံအကျိုးပေးမကောင်းလို့ အပြောခံရတာပဲ ကိုယ့်ဖာကိုယ်မှတ်လိုက်ပါတယ်သားရယ်။ဘဝဆက်တိုင်းဆက်တိုင်း မိန်းမအစစ်ဖြစ်ရပါစေလို့ တော့ဆုတောင်းတယ်။ဘာလို့လည်းဆိုတော့ ကိုယ်ချစ်တဲ့ယောက်ကျာ်းနဲ့ အတူတူ လုပ်ကိုင် ကျွေးမွေးချင်တယ်၊ မိန်းမလျှာတွေမှာမိခင်စိတ်ရှိပါတယ်သားရယ်။အမေတို့တွေက ကလေးလေးတွေ ကိုချစ်တယ် မြတ်နိုးတယ်။ သူတို့လေးတွေကိုစားစေချင်တယ်။ ဝတ်စေချင်တယ်။ မိခင်တယောက်ကသားသမီးကိုချစ်တဲ့အပိုင်းလေးတွေဖြစ်လာပါတယ်။ အဲ့ဒါကြောင့်မို့အမေတို့ကို ဒုတိယ မိခင်လို့ခေါ်စေချင်တယ်သားရယ်။ အဲ့ဒါကြောင့်မို့လည်း မာမီလို့ ခေါ်ကြတာပေ့ါနော်။ ပထမမိခင်ကတော့ မွေးထုတ်ကာ နို့ချိုတိုက်ကြွေးတဲ့ အမျိုးသမီးတွေပါပဲ။ အဲ့တော့ အခြောက်မကြီးလို့ မခေါ်စေချင်ပါဘူး။

Q. ဒါဆိုရင်အမေ့ကိုဘယ်လိုခေါ်ရင်နှစ်သက်လည်းခင်ဗျာ့။

A အခြောက်လို့ခေါ်လည်း နှစ်သက်ပါတယ်။ မာမီလို့ခေါ်တာလည်း နားဝင်ချိုပါတယ်။ ဒါပေမယ့်အခုခေတ်မှာ နိုင်ငံခြားဆန်တဲ့ Gay ဆိုတဲ့ အခေါ်လေးကို တော်တော်နှစ်သက်ပါတယ်။ တအားကိုသဘောကျတယ်။ နောက်ပိုင်းလာမယ့်စာသားလေးတွေ ကျန်ပါသေးလားလို့သိရတာပေ့ါနော်။ နောက်ပြီး လိင်တူချစ်သူ ဆိုတဲ့အခေါ်အဝေါ်လေးပေါ်လာတော့ ပိုပြီးလည်းဝမ်းသာတယ်၊ အမေတို့အသက်မသေခင်အချိန်လေးမှာ သက်တန်းကကုန်ဆုံးတော့မယ်လေ၊

သားတို့ရဲ့လုပ်ဆောင်ချက်လေးတွေထွန်းပေါက်ပါစေ။ ပိုပြီးလည်း ပရိတ်သတ်တွေကလည်း ချစ်မြတ်နိုးကြပါစေလို့ ဆုတောင်းပါတယ်။ ဒုတိယမိခင် ဆိုတဲ့ ခံစားချက်က ပိုပေါ်လွင်လာမှာပေ့ါ။ အခုလောလောဆယ်တော့အမေတို့အချင်းချင်းလောက်ပဲသိတာပေ့ါ။

## ၁၃။ ချိုချိုလွင် (၂၀) ပြည်မြို့



Q. မင်္ဂလာပါဗျ။ ပထမဆုံးအနေနဲ့ အမည် အသက် နေရပ်လိပ်စာနဲ့ အလုပ်အကိုင်လေးကို မိတ်ဆက်ပေးပါအုံးဗျ။

A. မင်္ဂလာပါရှင်။ ညီမအမည်ကတော့ ချိုချိုလွင်ပါ။ အသက်ကတော့ နှစ်ဆယ်ပြည့်တော့မှာပါ။ ဒီ Sky Dragon Lesbian Groupရဲ့ အဖွဲ့ဝင်တစ်ယောက်ပါ။ အလုပ်အကိုင်ကတော့ ညီမက စက်ချုပ်ပါတယ်ရှင့်။

Q. ညီမက ကိုယ့်ကိုကိုယ် လိင်စိတ်ခံယူမှုကို ဘယ်လိုမျိုးခံယူထားပါသလဲဗျ။

A. ညီမက ကိုယ့်ကိုကိုယ် မိန်းကလေးချင်းသာ ချစ်ခင်စုံမက်တဲ့ Lesbian တစ်ယောက်လို့ ခံယူထားပါတယ်။

Q. ညီမက Lesbian တစ်ယောက်ဆိုတာကို ဘယ်ချိန်လောက်ထဲက စသိခဲ့တာပါလဲဗျ။

A. ညီမအရင်ကတော့ ညီမကိုယ်ကို ဘာဆိုတာမသိပါဘူး။ လူ့အခွင့်အရေးသင်တန်းတွေ လိင်တူချစ်သူအခွင့်အရေး သင်တန်းတွေ တတ်တော့မှ ညီမကိုယ့်ကိုကိုယ်သိလာတာပါ။ ညီမအသက် (၁၇)နှစ်လောက်က စသိခဲ့တာပါ။

Q. ညီမက လိင်တူချစ်သူတစ်ယောက်ဆိုတာကို ကိုယ့်ကိုကိုယ်စသိတဲ့အချိန်မှာ ညီမရဲ့မိဘ ညီမရဲ့မိသားစုမောင်နှမတွေ သူငယ်ချင်းတွေကရော သိပါသလားဗျ။

A. မသိပါဘူးရှင့်။ ညီမကို သာမန်မိန်းကလေးတစ်ယောက်လို့ပဲ သိကြပါတယ်။ အခုညီမရဲ့ချစ်သူနဲ့အတူနေမှ ညီမကို လိင်တူစိတ်ဝင်စားမှန်းသိကြတာပါ။

Q. ညီမက လိင်တူစိတ်ဝင်စားတဲ့သူမှန်း သူတို့တွေသိတဲ့အခါမှာ ညီမကို ဘယ်လိုမျိုးပြောဆိုကြလဲဗျ။

A. သူတို့ကတော့ ဘာကြောင့်နင်က မိန်းကလေးအချင်းချင်း ကြိုက်တာလဲဆိုပြီး မေးကြပါတယ်။ ဒီဘောပြားကိုယူပြီး နင်ဘာလုပ်မှာလဲ။ ကိုယ့်ဟာကိုယ် ယောကျ်ားယူပါလား စသည်ဖြင့် သူငယ်ချင်းတွေကပြောကြပါတယ်။ မိဘတွေကတော့ သူနဲ့တွဲတာကို မကြိုက်ပါဘူး။ မိန်းကလေးသူငယ်ချင်းတွေ အိမ်လာရင်တောင် မကြိုက်ပါဘူး။

Q. မိဘတွေက မကြိုက်တဲ့အခါကျတော့ ညီမကို ချုပ်ချယ်တာတွေ ရှိလားဗျ။

A. ရှိပါတယ်။ ဘေးအိမ်တွေ သွားလည်ရင်တောင် မကြိုက်ပါဘူး။ ငါးမိနစ် ဆယ်မိနစ်လောက် ပျောက်သွားရင်တောင် လိုက်ရှာကြပါတယ်။ နင်ဘာလို့ သူများအိမ်လျှောက်လည်နေတာလဲ။ ကိုယ့်အိမ်ကိုယ်နေပါဆိုပြီး ဆူခံရပါတယ်။ ကျောင်းနဲ့အိမ်ပဲ သွားရတယ်။ ညဖက်လဲ အပြင်မထွက်ရပါဘူး။ ဘောပြားနဲ့တွဲလို့ဆိုပြီး အရိုက်အနှက်ခံရပါတယ်။ နင်ကဘာလို့ ဘောပြားနဲ့တွဲနေတာလဲ

သူ့ကိုအိမ်ခေါ်မလာနဲ့ဆိုပြီးပြောပါတယ်။ သူအိမ်လာလည်ရင်လဲ မကြိုက်ပါဘူး။

Q. အဲ့ဒီလိုအခြေအနေတွေမှာ ညီမအနေနဲ့ ဘယ်လိုတွေပြန်ရှင်းပြခဲ့လဲဗျ။

A. အဲ့ဒီအချိန်တုန်းက ရှင်းပြရအောင်လဲ အခွင့်အရေးမရခဲ့ပါဘူး။ အရိုက်ပဲခံနေရပါတယ်။ အဲ့ဒီတုန်းက ညီမအသက်က ၁၆နှစ် ၁၇နှစ်လောက်ပါ။ သူနဲ့အပြင်သွားလဲ မကြိုက်ဘူး။ ငယ်သူငယ်ချင်းတွေနဲ့ အပြင်သွားရင်လဲ မကြိုက်ဘူး။ အိမ်ထဲမှာပဲ နေရတယ်။ မိဘတွေက ပြောလို့ပြန်ပြောရင်လဲ အရိုက်ခံရတယ်။ ရှင်းပြလို့လဲမရဘူး။

Q. ကျောင်းသားဘဝမှာရော ဘယ်လိုတွေ တွေ့ကြုံရလဲ။ ကျောင်းတုန်းကတော့ အခက်အခဲ သိပ်မရှိဘူး။

Q. ညီမချစ်သူနဲ့တွေ့တာ ဘယ်လောက်ကြာပြီလဲဗျ။ ခုလက်ရှိမှာရော ဘယ်လိုအခြေအနေရှိလဲဗျ။

A. သူနဲ့ညီမစတွေ့တာက ညီမရှစ်တန်းနှစ်ကပါ။ ညီမကသူငယ်ချင်းယောကျ်ားလေးတွေနဲ့ စကိတ်ကွင်းမှာ စကိတ်လာစီးရင်းနဲ့ တွေ့တာပါ။ သူကလဲ သူငယ်ချင်းတွေနဲ့ စကိတ်လာစီးတာပါ။ ညီမရဲ့သူငယ်ချင်းက သူနဲ့မိတ်ဆက်ပေးခဲ့ပါတယ်။ ညီမက အဲ့ဒီအချိန်တုန်းက ဘောပြားဆိုရင် ကြည့်မရဘူး။ နင်ငါ့ကို ဘာလို့လာမိတ်ဆက်ပေးနေတာလဲ ငါမခင်ချင်ဘူးလို့တောင် ပြောလိုက်ပါတယ်။ အဲ့ဒါနဲ့ နာမည်တွေ ဘာတွေနဲ့ သူက မိတ်ဆက်ပါတယ်။ ပြီးတော့ သူက ညကျရင် ညီမလေးအိမ်ကို လာလည်မယ်ဆိုတော့ ညီမကလဲ လာလည်ချင်ရင်လာခဲ့ပါ ဘာမှမဖြစ်ပါဘူးလို့လဲ့ပြောရော သူက ညတွင်းချင်း ရောက်လာပါတယ်။ သူရောက်လာတော့ ညီအဖေက သူကဘယ်သူလဲ ဘယ်ကလဲဆိုပြီး ညီမကိုမေးပါတယ်။ ညီမကလဲ စကိတ်ကွင်းမှာခင်ခဲ့ပြီး ခုဘုရားသွားဖို့လာခေါ်တာလို့ပြောတော့ အဖေက နင်ဘောပြားနဲ့ ဘာလို့တွဲမှာလဲ ငါမကြိုက်ဘူးဆိုပြီး ပြောပါတယ်။ အဲ့လိုနဲ့ပဲခင်ခဲ့တာပါ။ ညီမဆယ်တန်းရောက်တော့ သူကအိမ်မှာစာပြပေးပါတယ်။ ဆယ်တန်းမှာပဲ သူနဲ့ကြိုက်ပါတယ်။ တွဲနေတာလဲ သိပါတယ်။ သူ့သူငယ်ချင်းဘောပြားတွေ အိမ်ကိုလာလည်ရင်လဲ အဖေကမကြိုက်ပါဘူး။ တစ်ခါတော့ သူနဲ့အတူညဖက်လျှောက်လည်တော့ အဖေကနောက်ကနေ လိုက်ရိုက်ပါတယ်။ ညီမဆယ်တန်းကျတဲ့နှစ်မှာ သူ့ကိုစွန့်ပတ်သတ်ပြီး အိမ်မှာ ပြဿနာအကြီးအကျယ် တတ်ခဲ့ပါတယ်။ သူ့ကိုဘာလို့ အိမ်ခေါ်လာတာလဲ နင့်ဖွားအေက မကြိုက်ဘူး။ သွားလဲမနေနဲ့ သူနဲ့လဲ မပတ်သတ်နဲ့ဆိုပြီးပြောပါတယ်။ အဲ့ဒါနဲ့ပတ်သတ်ပြီး ညီမနဲ့အဖွားစကားများတော့ အဖေက ညီမကိုရိုက်ပါတယ်။ သူ့ကိုဆက်သွယ်တာလဲမရတော့ မနက်အစောကြီး သုံးနာရီလောက်မှာ

သူ့အိမ်ကိုလိုက်သွားပါတယ်။ သူကမထသေးတော့ သူတို့အိမ်ဘေးက အသိအမကြီးအိမ်ကနေစောင့်ရပါတယ်။ မနက်ရနာရီ သူအလုပ်သွားမှတွေ့ပြီး အကျိုးအကြောင်းပြောပြတော့ သူကညီမကို သူစက်ဘီးပြင်ဖို့ယူလာတဲ့ ပိုက်ဆံနှစ်ထောင် ပေးပါတယ်။ အဲ့ဒီပိုက်ဆံနဲ့ သူ့သူငယ်ချင်းအိမ်သွားခိုင်းပါတယ်။ လမ်းမှာမုန့်စားတာက သုံးရာကုန်ပြီး ကားခက နှစ်ထောင်ဆိုတော့ ကားဆရာကြီးကိုပြောပြီး စီးခဲ့ပါတယ်။ ပြီးတော့ ကားဆရာကြီးဆီက ဖုန်းငှားပြီး သူ့သူငယ်ချင်းကို လာကြိုခိုင်းတော့ လာကြိုပေးပါတယ်။ အဲ့ဒီအချိန်မှာ ညီမတို့ကို ရဲခေါ်ပြီး ဖမ်းခိုင်းပါတယ်။ နင်တို့မိန်းမချင်းယူပြီး ဘာလုပ်ကြမှာလဲဆိုပြီး ခွဲကြပါတယ်။ညီမတို့ကိုခွဲလဲ ခဏပဲခွဲလို့ရပါတယ်။ ညီမလဲ သူ့နဲ့ခွဲပြီးမနေနိုင်လို့ တန်ဆောင်မုန်းလမှာ သူနဲ့အပြီးနေခဲ့တာ ခုချိန်ထိပါပဲ။ ညီမတို့နှစ်ယောက်အခက်အခဲတွေ အများကြီးကြုံခဲ့ရပါတယ်။ ပတ်ဝန်းကျင်ကလဲ အမျိုးမျိုးပြောပါတယ်။ ခုလက်ရှိအချိန်မှာလဲ ပတ်ဝန်းကျင်က ပြောနေတုန်းပါပဲ။ အဖေကလဲ နင်အိမ်ပြန်လာနေမှာလား နင်ပြန်မလာရင် နင်နဲ့ငါအပြတ်ပဲဆိုပြီးလဲ အကျပ်ကိုင်ခံရပါတယ်။ ခုတော့သူ့ဆီမှာပဲ နေပါတယ်။ ညီမဝါသနာပါတဲ့ စက်ချုပ်ပါတယ်။ ညီမရတဲ့ဝင်ငွေနဲ့ စားသောက်လို့ရပါပြီ။ သူရတဲ့လခကတော့ သူ့အိမ်ကိုပဲပေးပါတယ်။ သူ့အိမ်ကပြောတဲ့ဒဏ်ကိုလဲ ညီမမခံစားနိုင်ပါဘူး။ အဲ့ဒီလိုပြဿနာလေးတွေရှိပါတယ်။

Q. ညီမကအစက သူ့ကိုစိတ်မဝင်စားဘဲ နောက်ပိုင်းမှာ သူ့ကိုဘယ်လိုမျိုးစိတ်ဝင်စားခဲ့တာပါလဲဗျ။

A. အဲ့ဒီလိုမျိုး ကိုယ့်ကိုကိုယ်မသိဘူး။ သူလဲမိန်းကလေးပဲဆိုပြီးတွဲခဲ့တာပါ။ နောက်ပိုင်းတော့ သူက ညီမကိုကြိုက်တယ်လို့ ပြောတဲ့အချိန်မှာ ညီမက စဉ်းစားအုံးမယ်ဆိုပြီး ပြောခဲ့ပါတယ်။ တစ်ပတ်လောက်နေမှ သူ့ကိုအဖြေပြန်ပေးခဲ့တာပါ။ သူကညီမလေးတစ်ယောက်လိုလဲ ချစ်တယ် ဂရုစိုက်တယ်။ ညီမကလဲ သူမလာရင် မျှော်နေရတယ်။ အမြဲတမ်းတွေ့ ချင်နေတာပေ့ါနော်။ သူမလာရင် သူ့အိမ်ကို လိုက်သွားပါတယ်။ ညနေဘက်ကျောင်းမရှိလဲ ကျောင်းသွားမလို့ဆိုပြီး သူ့အိမ်ကို လိုက်သွားပါတယ်။ သူ့ကိုမတွေ့ရရင် မနေနိုင်တော့ပါဘူး။

Q. ညီမက သူ့ကိုချစ်တဲ့စိတ်တစ်ခုထဲနဲ့ပဲ သူ့ကို လက်ခံခဲ့တယ်။ သူ့မိဘတွေက ညီမကိုလက်မခံတဲ့အခါ စိတ်မပျက်သွားဘူးလားဗျ။

A. စိတ်တော့ပျက်ပေမဲ့ ကိုယ့်ဘက်ကကြိုးစားတယ်။ သူတို့နဲ့သင့်မြတ်အောင်နေပါတယ်။ ကိုယ့်ဘက်ကကြိုးစားသလောက် ခုချိန်ထိတော့ ဖြစ်မလာသေးပါဘူး။ သူ့အမေအဖေနဲ့ အမတွေက ညီမကိုလက်မခံသေးပါဘူး။

Q. သူတို့ဘက်ကနေယုံကြည်လာအောင် ညီမအနေနဲ့ ဘယ်လိုမျိုးနေထိုင်ပါသလဲဗျ။

A. ညီမက သူ့နောက်ကွယ်မှာလဲ မဖောက်ပြန်ဘူး။ သူ့အပေါ်သစ္စာစောင့်သိပါတယ်။ သူလိုချင်တာတွေကိုလဲ ညီမမှာရှိတဲ့ပိုက်ဆံကိုစုပြီး ဖြစ်အောင်လုပ်ပေးပါတယ်။ အဲ့လိုဆိုတော့ သူ့အိမ်က ညီမကဝယ်ပေးတာဆိုတော့ ကျေနပ်ကျတယ်။ သူ့ပိုက်ဆံသုံးရင်တော့ မကြိုက်ကျဘူး။ ညီမကတော့ ညီမပိုက်ဆံဆိုရင် သူနဲ့လဲဆိုင်တယ် သုံးပါဆိုပြီး ပြောပါတယ်။ အဲ့လိုနည်းနဲ့ပဲ ယုံကြည်မှုရအောင်လုပ်ပါတယ်။

Q. နောက်ပိုင်းမှာရော ညီမရဲ့ဘဝကို ဘယ်လိုဖြတ်သန်းသွားမယ်လို့ ရည်ရွယ်ထားလဲဗျ။

A. ညီမအခုလောလောဆယ်ဖြစ်ချင်တာကတော့ သူ့မိဘတွေနဲ့ခွဲနေချင်တယ်။ ကိုယ့်မိဘတွေနဲ့လဲ အတူမနေချင်ဘူး။ နှစ်ယောက်အတူ တစ်အိုးတစ်အိမ်ထူထောင်ချင်ပါတယ်။ သူ့ဘက်ကတော့ ခွဲမနေနိုင်သေးဘူး။ အဲ့တော့ ညီမက ပတ်ဝတ်းကျင်နဲ့ သူ့မိသားစုတွေပြောသမျှကို သည်းခံနိုင်အောင်ကြိုးစားပြီးနေရပါတယ်။ ညီမကခွဲနေဖို့ပြောပေမဲ့ ခုလက်ရှိမှာတော့ သူက မလုပ်နိုင်သေးပါဘူး။

Q. ညီမကို တစ်ခြားယောက်ျားလေးတွေက ချစ်ရေးဆိုတာတွေ လှောင်ပြောင်တာတွေ စနောက်တာတွေ ကြုံခဲ့ရဖူးပါသလားဗျ။

A. အဲ့လိုမျိုးတွေတော့ မကြုံခဲ့ဖူးသေးပါဘူး။ သူကတော့ ညီမကိုလာကြိုက်တဲ့သူရှိလို့ ညီမကလဲပြန်ကြိုက်ရင် ယူပါတဲ့ သူနောက်ဆုတ်ပေးမယ်လို့ ပြောပါတယ်။

Q. ညီမက ဒီအဖွဲ့လေးနဲ့ ဘယ်လိုချိတ်ဆက်မိတာလဲဗျ။

A. ညီမရဲ့ချစ်သူကနေတဆင့်ပါ။ သူကလဲဒီကအဖွဲ့ဝင်ပါ။ သူက ဒီအဖွဲ့အကြောင်းပြောပြီး သင်တန်းတွေတတ်ရင်းနဲ့ ဒီအဖွဲ့လေးမှာ အဖွဲ့ဝင်ဖြစ်သွားတာပါ။

Q. ဒီအဖွဲ့ကနေပြီးတော့ ညီမတို့အတွက် ဘယ်လိုအသိပညာတွေမျှဝေပေးလဲဗျ။

A. ညီမအနေနဲ့ ဒီအဖွဲ့ကနေသင်ပေးတဲ့ သင်တန်းတွေကနေတဆင့် LGBT နဲ့ ပတ်သတ်တဲ့ အသိပညာတွေ ရရှိပါတယ်။ တစ်ဦးတစ်ယောက်ချင်းစီနဲ့ ပတ်သတ်တဲ့အခွင့်အရေးတွေ မိဘတွေက ချုပ်ချယ်ရင် ပြန်ရှင်းပြနိုင်တဲ့ အသိပညာတွေ ရရှိပါတယ်။ ဒီအဖွဲ့ကနေသင်ပေးတဲ့ အမျိုးသမီးစွမ်းဆောင်ရည်မြှင့်သင်တန်းတွေလဲ တတ်ခဲ့ဖူးပါတယ်။ အမျိုးသမီးတွေနဲ့ ပတ်သတ်ပြီး ဘာတွေလိုအပ်နေသေးလဲ ဘာတွေကြိုးစားဖို့လိုမလဲဆိုတာတွေကို ညီမအနေနဲ့ သိခဲ့ရပါတယ်။

Q. ကျန်းမာရေးနဲ့ပတ်သတ်ပြီးတော့ရော ဘယ်လိုအသိပညာတွေ မျှဝေပေးလဲဗျ။

A. ကျန်းမာရေးနဲ့ပတ်သတ်ပြီး ဒီအဖွဲ့ကနေချိတ်ဆတ်ပေးတာမျိုးတော ညီမမကြုံခဲ့ရသေးပါဘူး။ မေတ္တာအင်အားအဖွဲ့ ဘဝသစ်ရှေ့သို့အဖွဲ့တွေ မာရီစတုပ်အဖွဲ့ စသည်ဖြင့် စပွန်ဆာပေးတဲ့ အဖွဲ့တွေရှိတယ်ဆိုတာ နောက်တော့ သိလာရပါတယ်။

Q. ဒီအဖွဲ့ကို ဝင်ရောက်ပြီးနောက်ပိုင်း လူမှုရေးလှုပ်ရှားမှုတွေရော ရှိလားဗျ။

A. အဲ့ဒီလိုကတော့ မရှိသေးပါဘူး။ အလုပ်ပိတ်ရက်တွေမှာတော့ ညီမတို့အဖွဲ့တွေ ပတ်ဝန်းကျင်ကို သန့်ရှင်းရေး လုပ်တာတွေတော့ ရှိပါတယ်။

Q. လိင်တူချစ်သူတွေကို လှောင်ပြောင်စရာလို့တွေးပြီး လှောင်ပြောင်နှိမ့်ချနေတဲ့သူတွေကို ညီမအနေနဲ့ ဘယ်လိုရှင်းပြချင်ပါသလဲဗျ။

A. ညီမတို့တွေကလဲ လူတွေပါပဲ။ ညီမတို့တွေကို လှောင်ပြောင်လိုက်ရတဲ့အတွက် ကိုယ့်မှာ ဘာတွေများ တိုးတတ်ကြီးပွားလာ နိုင်လို့ပါလဲ။ ညီမတို့တွေအတွက် စဉ်းစားပြီး ညီမတို့ရဲ့ ဘဝတွေကို နားလည်ပေးနိုင်ရင်တော့ အကောင်းဆုံးပါပဲ။

Q. ညီမအနေနဲ့ နောင်တစ်ချိန်မှာ ကလေးမွေးဖို့တွေရော အစီအစဉ်ရှိလားဗျ။

A. ညီမတော့ ညီမတို့သွေးသားနဲ့ရတာကို လိုချင်မိပါတယ်။ အဲ့ဒါကလဲ ပိုက်ဆံအရမ်းကုန်တယ်လို့တော့ သိရပါတယ်။ တစ်ခြားအမျိုးသားတစ်ယောက်ရဲ့ သုတ်ပိုးနဲ့ ပေါင်းစပ်ပြီးရနိုင်တယ်လို့သိရပါတယ်။ သူ့သွေးသားမပါပေမဲ့ ကိုယ့်သွေးသားတော့ ပါတယ်လေ။ ဒါပေမဲ့လဲ သူ့သွေးသားမဟုတ်တဲ့အတွက် မယူချင်ပါဘူး။ ကလေးငယ်ငယ် မွေးကင်းစလေးမွေးစားမယ်ဆိုရင် ဘာမှသိမှာမဟုတ်ဘူးလေ ကိုယ်တွေကိုပဲ မိဘအရင်းလို့ထင်မှာ။ အဲ့လိုမျိုးတော့ စိတ်ကူးမိတယ်။

Q. ညီမအနေနဲ့ အချစ်နဲ့ လိင်မှုကိစ္စကို ဘယ်လိုခွဲခြားပြီးမြင်မိလဲဗျ။ `

A. အခုညီမသူ့ကိုယူထားတယ်။ သူ့ရဲ့လိင်စိတ်ခံယူမှုက ယောကျ်ားလေး။ တကယ့်ပြင်ပမှာပ မိန်းကလေး။ ဒါပေမဲ့ ညီမသူ့ကို ချစ်နိုင်ပါတယ်။ ဒီလိင်နဲ့ပတ်သတ်ပြီးချစ်တာမဟုတ်ပါ။ အဲ့ဒီလိုမျိုး ညီမက ကိုယ့်ကိုကိုယ်ပြန်တွေးပါတယ်။ ယောကျ်ားတစ်ယောက်နဲ့ ယူလိုက်ရင် ကလေးမွေးမယ်။ နိုပ်စက်ခံရတာလဲ ရှိနိုင်တယ်။ ယောကျ်ားတိုင်းတော့ မဟုတ်ပါဘူး။ ကောင်းတဲ့ယောကျ်ားရှိသလို မကောင်းတဲ့ယောကျ်ားလဲ ရှိပါတယ်။

Q. မိန်းကလေးတွေက မင်္ဂလာကိစ္စကို တစ်သက်မှတစ်ခါသာဆောင်ရတယ်ဆိုပြီး ဂုဏ်ယူပြီး တန်ဖိုးထားကျပါတယ်။ ညီမအနေနဲ့ရော ဘယ်လိုသဘောထားလဲဗျ။ သူနဲ့အတူ မင်္ဂလာဆောင်ချင်ပါရဲ့လားဗျ။

A. ညီမကတော့ အခွင့်အရေးရမယ်ဆိုရင် သူနဲ့အတူမင်္ဂလာဆောင်ချင်ပါတယ်။ သူ့ဦးလေးကလဲ ညီမတို့နှစ်ယောက်ကို မင်္ဂလာဆောင်ဖို့ တိုက်တွန်းတယ်လို့ သူကပြန်ပြောပြပါတယ်။ ညီမကလဲဆောင်ချင်ပေမဲ့ ခုချိန်မှာ ဘယ်သူမှ မဆောင်ကျသေးဘူးလေ။ အဲ့လိုထလုပ်လိုက်ရင် သူ့မိဘ ကိုယ့်မိဘ ပတ်ဝန်းကျင်က ဘာတွေပြောကြမလဲ အဲ့ဒီဝေဖန်သံတွေ ကို ညီမတို့ခံနိုင်ပီလား။ မခံနိုင်ရင်တော့ ပြဿနာဖြစ်မှာ စိုးရိမ်ရပါတယ်။

ဒါပေမဲ့ ညီမက အခွင့်အရေးရရင်တော့ မင်္ဂလာဆောင်ချင်ပါတယ်လို့ ပြောချင်ပါတယ်။

Q. တကယ်လို့ မင်္ဂလာမဆောင်ရဘူးဆိုရင်ရော သူ့အပေါ်ထားတဲ့ ညီမရဲ့စိတ်က ပြောင်းလဲသွားနိုင်လားဗျ။

A. မပြောင်းလဲနိုင်ပါဘူးရှင့်။ ကိုယ်ချစ်တဲ့သူနဲ့ အတူနေရတာဆိုတော့ ဘယ်လိုပဲဖြစ်ဖြစ်နေနိုင်ပါတယ်။ အဲ့ဒါကြောင့် မင်္ဂလာမဆောင်လဲ နေနိုင်ပါတယ်။

Q. ကျွန်တော်တို့နိုင်ငံမှာ လိင်တူလက်ထပ်တဲ့သတင်းတွေ ကြားသိရတဲ့အချိန်မှာ ညီမအနေနဲ့ ဘယ်လိုခံစားရလဲဗျ။

A. အဲ့ဒီသတင်းတွေ ဖတ်ရတဲ့အခါမျိုးမှာ ညီမတို့လဲ အဲ့ဒီလိုမျိုးသာဆောင်ခွင့်ရရင် ကောင်းမှာပဲလို့တွေးမိပါတယ်။ ဒါပေမဲ့လဲ ပတ်ဝန်းကျင်ရဲ့ဝေဖန်မှုတွေကို လက်ခံနိုင်ဖို့ ညီမတို့ ကြိုးစားရအုံးမှာပါ။ အဲ့လိုအတွေးလေးတော့ ပေါ်ပါတယ်။ သူတို့ယူကြတာကို အားကျပါတယ်။ ကောင်းတယ်လို့လဲ မြင်မိပါတယ်။

Q. အမျိုးသားချင်း လိင်တူလက်ထပ်တဲ့သူတွေကို ပတ်ဝန်းကျင်က ပြောတဲ့စကားတွေ ဝေဖန်စကားတွေ ညီမအနေနဲ့ကြားဖူးပါသလားဗျ။

A. ဘယ်လိုမျိုးတွေ ဝေဖန်သံတွေကြားဖူးလဲဆိုရင် တစ်ချို့တွေက ပြောကြပါတယ် ယောကျာ်းခြင်းယူတာ ဘာလုပ်ရမှာလဲဆိုပြီး ပြောကြပါတယ်။ နောက်ပြီး သူတို့တွေ ဘာလုပ်စားကြမှာလဲ။ အဲ့လိုတွေပေါ့နော်။ ညီမပတ်ဝန်းကျင်မှာတော့ အဲ့ဒီလိုမျိုးတွေ ကြားဖူးပါတယ်။ ယောကျာ်းချင်းချင်းယူပြီး အချိန်တန်ကုတင်ပေါ်ဘာလုပ်ကြမှာလဲ စသည်ဖြင့်ပေါ့။

Q. အဲ့ဒီဝေဖန်မှုတွေကို ညီမအနေနဲ့ မှားတယ် မှန်တယ် ဘယ်လိုသုံးသပ်မိလဲဗျ။

A. မှန်တယ်လဲ မထင်ဘူး။ မှားတယ်လဲမထင်ပါဘူး။ ဒါဟာရှေးရိုးစွဲအမြင်တစ်ခုပါ။ ယောကျာ်းချင်းယူပြီး ဘာလုပ်ကြမှာလဲ။ မိန်းမချင်းယူပြီး ဘာလုပ်ကြမှာလဲ။ ယောကျာ်းနဲ့မိန်းမယူရင် ကလေးမွေးလို့ရတယ်ပေါ့။ အဲ့လိုမျိုးရှေးရိုးစွဲ အမြင်တွေပေါ့။

Q. ညီမလက်ရှိဖြစ်နေတဲ့ဘဝကို ဘာသာရေးအမြင်နဲ့ ဘယ်လိုသုံးသပ်မိလဲဗျ။

A. ဘာသာရေးအမြင်နဲ့တော့ သုံးသပ်တာမျိုးမရှိပါဘူး။ ဘယ်သူမဆို လူ့အခွင့်အရေးအရ ကြိုက်တဲ့သူနဲ့ ယူခွင့်ရှိပါတယ်။ အဲ့ဒါကြောင့် ညီမအနေနဲ့ ဘာသာရေးနဲ့ မနှိုင်းယှဉ်ပါဘူး။

Q. ညီမအခုလုပ်နေတဲ့ စက်ချုပ်တာကို အောင်မြင်အောင်ကြိုးစာနေတဲ့အချိန် စိတ်ဓာတ်ခွန်အားရအောင် ဘယ်လိုလုပ်ပါသလဲဗျ။

A. ညီမက ဒီစာချုပ်တဲ့အသက်မွေးဝမ်းကြောင်းကို ဘာလို့ရွေးချယ်လဲဆိုရင် ညီမဒီစက်ချုပ်တဲ့ပညာနဲ့ သူ့ကို လုပ်ကျွေးနိုင်တယ်။ သူက ပရော့ဂျက်တွေ ဘာတွေပြီးသွားရင် နှစ်လသုံးလလောက် နားရတယ်။ သူက အလုပ်ရှာဖို့လဲ ခဲယဉ်းတယ်လေ။ ညီမရဲ့လုပ်အားနဲ့ သူ့ကိုကျွေးထားနိုင်တယ်ဆိုတာကို ပြချင်တာပါ။

Q. ဘဝတစ်ခုလုံးသူနဲ့ ဖြတ်သန်းဖို့အတွက် ဘယ်လိုတွေ ရည်ရွယ်ထားသလဲဗျ။

A. သူနဲ့အတူဘဝကို သက်ဆုံးတိုင် ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းမယ်လို့တော့ ရည်ရွယ်ထားပါတယ်။ ဒါပေမဲ့ သူကခုလက်ရှိအချိန်ထိ သူ့အိမ်ကနေရုန်းမထွက်နိုင်သေးတော့ ညီမကလဲ ကြိုးစားရတာ အားလျော့ပါတယ်။ ညီမကဘယ်လောက်ပဲကြိုးစားပါစေ သူစိတ်ပါမှပဲ ဖြစ်လာမှာပါ။ ညီမက အိမ်ခွဲနေချင်ပေမဲ့လဲ သူ့ဘက်ကပါလာမှ အဆင်ပြေမှာလေ။ အဲ့လိုအခြေအနေလေးတွေရှိပါတယ်။ ညီမကတော့ သူနဲ့အတူပျော်ရွှင်တဲ့ဘဝလေးကို ထူထောင်ချင်တယ်။ သေတဲ့အထိလက်တွဲသွားချင်ပါတယ်။ ကလေးကတော့ ကိုယ့်သွေးသားရရင်တော့ မွေးချင်ပါတယ်။ အရပ်ဖက်အဖွဲ့အစည်းတွေ ပရဟိတအဖွဲ့အစည်းတွေမှာ အတူလက်တွဲပြီး လုပ်ကိုင်ချင်ပါတယ်။

Q. ညီမဘဝမှာ ပျော်ရွှင်စရာ အခိုက်အတန့်လေးတွေရှိရင်လဲ ပြောပြပေးပါအုံးဗျ။

A. အပျော်ဆုံးဖြစ်ရတဲ့အခိုက်အတန့်ကတော့ သူနဲ့ရည်းစားစဖြစ်တဲ့အချိန်ပါ။ သူကလဲ ကိုယ့်ကြိုက်နေမှန်းမသိ ကိုယ်ကလဲ သူ့ကိုကြိုက်နေမှန်းမသိနဲ့လေ။ သူကအရုပ်လက်ဆောင်လေး လာပေးပါတယ်။ အဲ့အချိန်မှာ နှစ်ယောက်သား ပုခုံးဖက်ပြီး လမ်းလျှောက်ကြပါတယ်။ ညီမတို့နှစ်ယောက်က ချစ်သူလို့လဲ မထင်ရဘူး။ သူငယ်ချင်းလို့လဲ မထင်ရဘူး။ ဘာမှန်းမသိပေမဲ့ အဲ့ဒီနေ့က အရမ်းကိုပျော်စရာကောင်းခဲ့ပါတယ်။ သူကလဲ အရမ်းကိုပျော်စရာကောင်းခဲ့တယ်လို့ပြောပါတယ်။ ၂၀၁၂လောက်ကပါ။ နောက်တစ်ခုက သူဝယ်ပေးခဲ့တဲ့ ဝက်ဝံရုပ်လေးပါ။ လေးလပြည့်မှာလားမသိဘူး။ သူနဲ့ညီမ ဈေးဝယ်ထွက်တော့ ညီမက ဝက်ဝံ့ရုပ်လေးကို သဘောကျပြီး အမှတ်တမဲ့ နမ်းလိုက်မိတယ်။ သူက

အဲ့ဒီအရုပ်လေးကို မှတ်ထားပြီးတော့ ပြန်ဝယ်ပေးခဲ့တာပါ။ ဖေဖော်ဝါရီဆယ့်လေးမှာ အမှတ်တရအနေနဲ့ ဝယ်ပေးခဲ့တာပါ။ ညီမကလဲ အဲ့ဒီအရုပ်လေးကို အမှတ်တရအနေနဲ့ ခုချိန်ထိသိမ်းထားပါတယ်။

Q. စိတ်အားငယ်ရတဲ့အချိန် စိတ်ညစ်ခဲ့ရတဲ့အချိန်ရော ရှိခဲ့လားဗျ။

A. စိတ်အားငယ်ရတဲ့အချိန်ကတော့ ညီမနဲ့သူယူပြီး သူသင်တန်း၁၂ရက်သွားတတ်တဲ့အချိန်ပါ။ ညီမက သူ့မိသားစုနဲ့ကျတော့ စနေတဲ့အချိန်ဆိုတော့ သူမရှိတော့ ညီမအရမ်းအားငယ်ခဲ့ရပါတယ်။ ငါဘယ်လိုနေရမလဲဆိုပြီး အားငယ်ခဲ့ရပါတယ်။ အဲ့ဒီရက်တွေက ညီမတကယ်ကို မနေတတ်ခဲ့ဘူး။ သူနဲ့သွားနေကြနေရာလေးတွေ ရောက်ဖြစ်တယ်။ သူတို့အိမ်ကို ၈နာရီကျော် ၉နာရီလောက်မှ ပြန်ဖြစ်တယ်။ ဒီနေ့လိုယူပြီး သူကမနက်ဖြန် ခရီးထွက်တာဆိုတော့ အရမ်းကို စိတ်အားငယ်ခဲ့ရပါတယ်။ သူ့မိဘတွေက ပြောရင်လဲ ကိုယ်ကပြန်မပြောရဲနဲ့ နေခဲ့ရပါတယ်။

---

## ၁၄။ ဗညားဦး (၂၄) ရန်ကုန်မြို့

Q. ပထမဆုံးအမည်နဲ့ အသက်လေးကို မိတ်ဆက်ပေးပါအုံးဗျ။

A. မင်္ဂလာပါ။ ကျွန်တော့်အမည်ကတော့ ဗညားဦးပါ။ အသက်ကတော့ ၂၄နှစ်ရှိပါပြီ။

Q. အကိုက ကိုယ့်ကိုကိုယ်လိင်စိတ်ကို ဘယ်လိုမျိုးခံယူထားပါသလဲဗျ။

A. ကျွန်တော်ကတော့ ကိုယ့်ကိုကို မိန်းမလျာတစ်ရောက်ရဲ့ခံစားမှုမျိုးရှိတဲ့သူလို့ ခံယူထားပါတယ်။

Q. အခုလို ကိုယ့်ကိုကိုယ် မိန်းမလျာတစ်ရောက်လို့ခံယူထားတာက ဘယ်ချိန်ထဲက စသိခဲ့တာလဲဗျ။

A. ကျွန်တော့်ကိုယ်ကျွန်တော်ပြောရမယ်ဆိုရင်တော့ ကျွန်တော်လူမှန်းစသိတတ်စအရွယ်ထဲကတည်းကပါ။ အဖေက ကျွန်တော့်ကိုရိုက်လို့ ငိုခဲ့ဘူးတယ်။ အဲ့ဒီအချိန်ကစပြီး ကျွန်တော်ဟာ လုပမှုနဲ့ လိင်တူနှစ်သက်မှုကို စိတ်ဝင်စားနေတယ်ဆိုတာ သိခဲ့ပါတယ်။ ကိုယ်တကယ်ဖြစ်ချင်နေတဲ့ လိင်စိတ်ကို ငါးနှစ်သားလောက်ထဲက သိနေတာပါ။

Q. ဒါဆိုလို့ရှိရင် ငါးနှစ်သားလောက်ထဲက ကိုယ့်ကိုကိုယ်စသိပြီဆိုတဲ့ခါကျတော့ အဲ့ဒီအချိန် ဗညားဦးရဲ့ငယ်စဉ်ဘဝ

ဖြတ်သန်းမှုနဲ့ အခုချိန် မိသားစုနဲ့ပတ်ဝန်းကျင်မှာ ဘယ်လိုဖြတ်သန်းခဲ့ရလဲဗျ။

A. အမှန်တိုင်းဝန်ခံရမယ်ဆိုရင်တော့ ငါးနှစ်သားလောက်ထဲက စဖြစ်တာ။ Gay တစ်ယောက်မှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ သမ္မစဉ်ပေ့ါနော်။ ကျွန်တော်ငယ်ငယ် မူကြိုသွားတတ်တဲ့အရွယ်ထဲက အတူတူကျောင်းသွားဖော် ယောကျ်ားလေး သူငယ်ချင်းတွေထဲက ချောတာ လှတာတွေ့ရင် စိတ်ယိုင်ပါတယ်။ အဲ့ဒီအရွယ်က ကိုယ့်ကိုကိုယ် Gay လို့သိပေမဲ့ ရှက်ရကောင်းမှန်းလဲ မသိပါဘူး။ ဝန်ခံရကောင်းမှန်းလဲ မသိပါဘူး။ ဒါပေမဲ့ကိုယ့်ကိုကိုယ် ဂေးလ်တစ်ယောက်ဆိုတာကို သိပါတယ်။ ကြောက်စိတ်လဲရှိတယ်။ ကျွန်တော်က ၁၉၉၂ မှာမွေးတာပါ။ အဲ့ဒီအချိန်တုန်းက ခုလောက်ထိ မပွင့်လင်းသေးပါဘူး။ ကျွန်တော့်အဖေကိုယ်တိုင်က ဂေးလ်တွေကို ကြည့်မရတဲ့သူဆိုတော့ ကျွန်တော်ကလဲ ဝန်မခံရဲခဲ့ပါဘူး။ အမေကတော့ ကျွန်တော့်အကြောင်းသိတော့ အဖေ့ရဲ့ချုပ်ချယ်မှုတွေကို ကာကွယ်ပေးခဲ့တာပါ။ ဒါပေမဲ့ ဖေဖေကတော့ ဂေးလ်ဆိုရင် မုန်းရမယ်ဆိုပြီး ကျွန်တော့်ရဲ့ဖြစ်တည်မှုကို နားလည်မပေးခဲ့ပါဘူး။ မိဘဆိုတော့ အတ္တကြီးတယ်လို့လဲ ပြောမရပါဘူး။ ကျွန်တော်က အိမ်မှာ သားအကြီးဆုံးဖြစ်နေတဲ့အတွက် ဖေဖေက အဲ့ဒီလိုမဖြစ်စေချင်ခဲ့ပါဘူး။ ကျွန်တော်ငယ်ငယ်ထဲက ကိုယ့်ရဲ့လိင်စိတ်ခံယူမှုကို သိပေမဲ့ ဖုံးဖိပြီးနေခဲ့ပါတယ်။ ကျွန်တော့်အသက် ၂၀ဝန်းကျင်လောက်မှ ကိုယ့်ကိုကိုယ်ဂေးလ်ပါဆိုပြီး ဝန်ခံလက်မထောင်နေနိုင်ခဲ့တာပါ။ အမြဲဖိနှိပ်ခဲ့တာကတော့ ဖေဖေပါပဲ။ ကျွန်တော်ဆယ်တန်းနှစ်မှာ ဘော်ဒါဆောင်ကဆရာမက ဂျယ်မဆိုပြီး ခေါ်ခံရဖူးပါတယ်။ အဲ့လိုခေါ်ခံရတာကို တော်တော်လေး ရှက်မိသလို ကြောက်မိတယ်။ လူတိုင်းက ကျွန်တော့်ကို အဲ့ဒီလိုခေါ်ကြတယ်။ ကျွန်တော့်ပုံစံကလဲ သိသာနေပါတယ်။ ကျောင်းသွားရင် သနပ်ခါးဘဲကြားနဲ့ ပုဆိုးဝတ်ရင်လဲ မိန်းမလျာတစ်ယောက်ပုံစံမျိုးဆိုတော့ စနောက်ကြပါတယ်။ အဓိကကတော့ ဖေဖေကမကြိုက်တဲ့အတွက် ဖိနှိပ်ခံခဲ့ရပါတယ်။

Q. အကို့အနေနဲ့ ဘယ်အသက်အရွယ်လောက်မှာ လိင်တူချစ်သူတစ်ယောက်ပါဆိုတာကို ချပြခဲ့တာလဲဗျ။

A. ကျွန်တော်လိင်တူချစ်သူစဖြစ်တာက ဆယ်တန်းစာမေးပွဲဖြေပြီး အိမ်မှာ ဖေဖေနဲ့မေမေ စီးပွားရေးအဆင်မပြေတဲ့အချိန်ပါ။ ကျွန်တော်က ငယ်ငယ်လေးကနေ ဆယ်တန်းထိ အိမ်က အလုပ်မခိုင်းခဲ့ဘူး။ ဆယ်တန်းဖြေပြီးလို့ ကျွန်တော်ဝင်ငွေရှာနိုင်တဲ့အချိန် ကိုယ့်ကိုကိုယ်ဂေးလ်တစ်ယောက်ပါလို့ ဂုဏ်ယူနိုင်တဲ့အချိန်ပါ။ အဲ့ဒီအချိန်မှာ ကျွန်တော်က ပန်းတိမ်ပညာကို သင်ယူနေပါပြီ။ အဲ့ဒီပညာနဲ့ ကိုယ့်ဘဝကိုယ် ရပ်တည်နိုင်ပြီလို့ထင်တဲ့အချိန်က အရမ်းဂုဏ်ယူရပါတယ်။ ကျွန်တော်ဆယ်တန်းအောင်တော့ မြန်မာစာ ဂုဏ်ထူးပါခဲ့ပေမဲ့ အိမ်ကလဲ စီးပွားရေးအဆင်မပြေပါဘူး။ ကျွန်တော့်အောက်က ညီမလေးနှစ်ယောက်ရဲ့ ရှေ့ရေးအတွက်

ကျောင်းဆက်မတတ်ခဲ့ပဲ ပန်းတိမ်ပညာကို ကြိုးကြိုးစားစား သင်ယူခဲ့ပါတယ်။ ပန်းတိမ်ဆရာတွေရဲ့ ပြောစကားရှိပါတယ်။ ပန်းတိမ်ဆရာတွေက လက်ဖျားရွှေသီးတယ် ဆိုတဲ့အတိုင်း ကျွန်တော်က ကျွန်တော်က ကျောင်းဆက်မတတ်ဖြစ်လို့ ဘွဲ့မရပေမဲ့ သူများတွေထက် ငွေပိုရှာနိုင်တယ်ဆိုပြီး ဂေးလ်တစ်ယောက်အနေနဲ့ ဂုဏ်ယူခဲ့ပါတယ်။ အဲ့ဒီအချိန်ကတည်းက အိမ်ကိုထောက်ပံ့နိုင်ခဲ့ပါပြီ။ ဖေဖေကလဲ ကျွန်တော့်ကို အရင်လိုသိပ်မချုပ်ချယ်တော့ပဲ မသိချင်ယောင်ဆောင်ပေးလာတဲ့အတွက် ဂေးလ်တစ်ယောက်အနေနဲ့ ပန်းတိန်ပညာကို စသင်တဲ့အချိန်မှာ ပျော်ရွှင်ခဲ့ရပါတယ်။

Q. အဲ့ဒီအချိန်မှာ လိင်တူချစ်သူစထားဖြစ်ပြီလားဗျ။

A. အဲ့ဒီအချိန်က ခုခေတ်စကားနဲ့ပြောရရင် crush နေတဲ့သူ သဘောကျနေတဲ့သူရှိပေမဲ့ မထားဖြစ်ခဲ့ပါဘူး။ လိင်မှုကိစ္စလဲ မရှိခဲ့ဘူး။ လိင်တူချစ်သူဆိုပေမဲ့ အဲ့ဒီကိစ္စကို သိပ်ပြီး အာရုံမစိုက်ဖြစ်ဘူး။ ကျွန်တော် ကိုယ့်ဘဝကိုယ်ရပ်တည်နိုင်တဲ့အချိန်ထိ ကျွန်တော့်မှာ လက်တွဲဖော်ချစ်သူဆိုပြီး မရှိသေးပါဘူး။

Q. ဒါဆိုရင် ကိုယ့်ရဲ့လိင်တူချစ်သူ လက်တွဲဖော်ပါဆိုပြီး ဘယ်အရွယ်လောက်မှာ အတိအလင်းဖြစ်ခဲ့တာပါလဲဗျ။

A. ကျွန်တော်အတိအလင်းထားဖြစ်တာကတော့ အသက်၂၀လောက်မှာပါ။ ကျွန်တော့်ဇာတိက ပျဉ်းမနားပါ။ ရန်ကုန်ကို အလုပ်ကိစ္စလာရင်းနဲ့ ရန်ကုန်ကတစ်ယောက်နဲ့ ချစ်သူဖြစ်ခဲ့ပါတယ်။ သူနဲ့လဲ ပွင့်ပွင့်လင်းလင်းရယ်လို့တော့လဲ မဟုတ်ပါဘူး။ ကျွန်တော့်အသက်၂၁ဝန်းကျင်လောက်မှာကတော့ လိင်တူချစ်သူပါဆိုတာကို အရမ်းဂုဏ်ယူနေတဲ့အချိန်မှာ ကျွန်တော့်ရဲ့ ဒုတိယမြောက်ရည်းစားနဲ့ ကိုယ့်ဟာကိုယ် လက်ထပ်စာချုပ်ဝယ်ပြီး လက်မှတ်ထိုးခဲ့ကြတယ်။ သူ့မိဘကတော့ သိပေမဲ့ ကျွန်တော့်ဘက်ကတော့ သိသာသိစေ မမြင်စေနဲ့ဆိုတဲ့အတိုင်း နေခဲ့ရတာပါ။

Q. အကိုခုလက်ရှိတွဲနေတဲ့ချစ်သူကရော ဘယ်သူလဲဗျ။

A. အဲ့ဒီအကြောင်းပြောရမယ်ဆိုရင် နဲနဲနက်ရှိုင်းပါတယ်။ လူ ဆိုတာ ကံကြမ္မာကို ကြိုမမြင်နိုင်ပါဘူး။ သူများကံကြမ္မာကိုလဲ မမြင်နိုင်ပါဘူး။ ကျွန်တော့်ရဲ့ကံကြမ္မာ အပြောင်းအလဲကြောင့် ကျွန်တော့်ရဲ့ချစ်သူနဲ့ပြတ်ခဲ့ပါတယ်။ ခုလက်ရှိချစ်သူကတော့ ကျွန်တော့်အနေနဲ့ သူနဲ့တွဲရလို့ ဂုဏ်ယူမိပါတယ်။ သူ့ဘက်ကတော့ ကျွန်တော်နဲ့တွဲရလို့ ဘယ်လိုသဘောထားလဲတော့ မသိပါဘူး။ အခုကျွန်တော့်လက်ရှိချစ်သူကတော့ ရှိုင်းဝေယံပါ။

Q. သူနဲ့က ဘယ်လိုမျိုးစတွေ့ခဲ့တာပါလဲဗျ။

A. သူနဲ့စတွေ့ဖြစ်ခဲ့တာက online ကနေပါ။ သူနဲ့တွေ့ဆုံပုံက ထူးဆန်းပါတယ်။ သူက ကျွန်တော့်ရည်းစားနဲ့ ပတ်သတ်နေတဲ့သူပါ။

အဲ့ဒီတုန်းက ကျွန်တော့်ရည်းစားနဲ့က မပြတ်သေးပါဘူး။ ပြောရရင်တော့ သူကကျွန်တော့်ရည်းစားနဲ့ကြိုက်တယ်။

သူနဲ့ကျွန်တော်နဲ့ကလည်းသိတယ်။ ကျွန်တော်ရန်ကုန်လာတော့ သူနဲ့အပြင်မှာ တွေ့ဖြစ်ပါတယ်။ သူငယ်ချင်းတစ်ယောက်အနေနဲ့ ရိုးရိုးသားသားတွေ့ဖြစ်တာပါ။ တွေ့တဲ့အချိန်မှာ သူ့ရဲ့နေထိုင်မှုပုံစံ ပြုမူပြောဆိုပုံလေးတွေကို သဘောကျပြီးတော့ ကျွန်တော့်ဘက်ကပဲ ကမ်းလှမ်းခဲ့တာပါ။ တွေ့ဖြစ်တဲ့အချိန်မှာ အမှတ်တရလေးတစ်ခုရှိတယ်။ သူနဲ့ကျွန်တော်ရည်းစားဖြစ်ကာစအချိန်လေးမှာ သူက လကြွတ်နေတာ မမြင်ရဘူးဆိုပြီး status ရေးတင်တော့ ကျွန်တော်က လကြွတ်နေတဲ့ပုံလေးရိုက်ပြီး သူ့ဆီ messenger ကနေပို့ပေးခဲ့တယ်။ အဲ့ဒီတုန်းကသူနဲ့ကျွန်တော်က အနေဝေးနေတာပါ။ အဲ့နောက်ပိုင်းမှာ သူနဲ့ကျွန်တော်ရင်းနှီးမှုတွေပိုလာပြီး သံယောဇဉ်တွေ နှောင်ဖွဲ့လို့ ချစ်ခဲ့ကြတာပါ။

Q. သူနဲ့ရည်းစားမဖြစ်ခင်အချိန်ကပေါ့နော်၊ သူကကိုယ့်ရည်းစားနဲ့ကြိုက်နေတယ်ဆိုတဲ့အခါကြတော့ သူ့အပေါ် ဘယ်လိုသဘောထားခဲ့သလဲဗျ။

A. အဲ့တုန်းကပြောရရင်တော့ မနာလိုတာပေါ့နော်။ ကျွန်တော့်ချစ်သူက သူ့ကိုချစ်နေတယ်ဆိုပြီး သူ့ကိုမနာလိုခဲ့ပါဘူး။ ကျွန်တော့်ချစ်သူက သူ့ကိုချစ်ရလောက်အောင် သူ့ရဲ့ကောင်းကွက်တွေက ဘာလဲ ဆိုးကွက်တွေက ဘာလဲဆိုပြီး ရှာခဲ့ပါတယ်။ အဲ့လိုနဲ့ပဲသူနဲ့နီးစပ်ခဲ့တာပါ။ အဲ့ဒီအချိန်မှာ သူကပဲအရမ်းကောင်းနေတာလား ကျွန်တော်ကပဲညံ့နေတာလားတော့ မသိပါဘူး။ သူ့ရဲ့ဆိုးကွက်ရှာမတွေ့ပါဘူး။ သူ့ရဲ့ချစ်စဖွယ် အပြုအမူလေးတွေပဲ တွေ့ရပါတယ်။ ကျွန်တော့်အားနည်းချက်က ချစ်သူကိုစီကာပတ်ကုံး စကားမပြောတတ်ပါဘူး။ သူကကျတော့ အဲ့လိုစကားပြောတတ်တော့ ငါ့ချစ်သူက သူ့နောက်ပါတာပါလားဆိုပြီး တွေးပြီး သဝန်တိုမိတယ်။ နောက်တော့လဲ သူက ကိုယ့်ထက်သာနေတော့ ချီးကျူးမိပါတယ်။ သူ့ကိုစချစ်တာက မနာလိုတာကနေစခဲ့တာလို့ ပြောလို့ရပါတယ်။

Q. သူနဲ့ချစ်နေပြီး အတူနေထိုင်ကြတာပါလားဗျ။ အတူနေထိုင်တယ်ဆိုရင်ရော ဘယ်လိုအကြောင်းတွေကြောင့် အတူနေဖြစ်သွားတာလဲဗျ။

A. သူနဲ့ကျွန်တော့်အတူနေထိုင်ဖြစ်တာကို ပြောပြရရင် ရယ်စရာကောင်းပါတယ်။ သူနဲ့ကျွန်တော် ရည်းစားသက်တမ်း သုံးရက်မှာ ကျွန်တော်က ပျဉ်းမနားကိုပြန်ပြီး သူနဲ့အတူရန်ကုန်မှာနေထိုင်ဖို့ ပြင်ဆင်ပါတယ်။ ပျဉ်းမနားက အလုပ်ကို ထွက်စာတင်ပြီး ရန်ကုန်ပြောင်းလာတာပေါ့။ သူ့ကိုလဲ အတူနေဖို့အဆောင် အသည်းအသန်ရှာခိုင်းတယ်။

အဆောင်ရပြီဆိုတဲ့အချိန် ရန်ကုန်မှာ ဘာအလုပ်မှမရှိပဲ မျက်စိစုံမှိတ်ပြီး သူနဲ့နေဖို့အတွက် ဆင်းချလာတာပါ။ အဲ့လိုနဲ့အတူနေဖြစ်သွားတာပါ။ အပြင်မှာ တွေ့တာက တစ်ပတ်ဆယ်ရက်လောက်တော့ ရှိတယ်။ ရည်းစားဖြစ်တာက သုံးရက်လောက်နဲ့ အတူနေဖြစ်သွားတာပါ။ သူနဲ့နေဖြစ်ခဲ့တာက ကျွန်တော့်ရဲ့အတ္တနဲ့ ကျွန်တော့်ချစ်သူရဲ့သစ္စာမဲ့မှုလဲပါတယ်။ ကျွန်တော့်ချစ်သူကြိုက်နေတဲ့သူကို ကျွန်တော်က မရရအောင် ယူပြမယ်ဆိုတဲ့အတ္တပေ့ါ။ ပြောရရင်တော့ ချစ်တာတစ်ခုတည်းကြောင့် မဟုတ်ပဲ ကျွန်တော့်ရဲ့အတ္တလဲ ပါတယ်။

Q. အခုသူနဲ့နှစ်ယောက်အတူနေဖြစ်တဲ့ ချစ်သူသက်တမ်းကရော ဘယ်လောက်ကြာပြီလဲဗျ။

A. ဟုတ်ကဲ့။ သူနဲ့နှစ်ယောက်အတူနေဖြစ်တဲ့ ချစ်သူသက်တမ်းဆိုရင် ကျွန်တော်တို့ သုံးနှစ်ပြည့်ခဲ့ပါပြီ။

Q. ဒီအတောအတွင်းမှာ ယောကျ်ားလေးနှစ်ယောက် လိင်တူချစ်သူတွေ အတူနေထိုင်ကြတဲ့အခါမှာ စကားများရန်ဖြစ်တာ တွေလဲ ရှိနိုင်တယ်လေ။ အဲ့ဒီလိုအချိန်တွေကို ဘယ်လိုကျော်ဖြတ်ခဲ့သလဲဗျ။

A. သုံးနှစ်ကြာအောင် ဘယ်လိုမျိုးလက်တွဲနေထိုင်ကြလဲဆိုရင်တော့ သူကလဲ Gay ကျွန်တော်ကလဲ Gay ပါ။ နှစ်ယောက်စလုံးက ယောကျ်ားတစ်ယောက်ရဲ့စိတ်နေစိတ်ထားထက် မိန်းကလေးစိတ်က ပိုများပြီးတော့ နူးညံ့ကြပါတယ်။ ကျွန်တော့်ချစ်သူရှိုင်းက ကျွန်တော့်ထက် နူးနူးညံ့ညံ့နဲ့ မိန်းမဆန်ပါတယ်။ ညှိနှိုင်းဖို့ဆိုရင်တော့ ကျွန်တော့်ဘက်က ပိုပြီးတော့ အလျှော့ပေးတာများပါတယ်။ ကျွန်တော်က သူ့ဆီကနေအချစ်ခံချင်တယ်။ သူ့ရဲ့ယုယမှုကို လိုချင်တယ်။ ပြန်တွေးကြည့်ရင်တော့ ကျွန်တော်တို့တည်ဆောက်ခဲ့တဲ့ဘဝက တစ်ရက်နှစ်ရက် မဟုတ်ပါဘူး။ သံယောဇဉ်တွေအများကြီးနဲ့ တည်ဆောက်ခဲ့တာပါ။ တစ်ခါတစ်လေတော့ ကျွန်တော်တို့လဲ လူပဲဆိုတော့ အရမ်းစိတ်ဆိုးနေတဲ့အချိန်ဆိုရင်တော့ ပြတ်သွားရင် ကောင်းမှာပဲဆိုပြီးတွေးဖူးတယ်။ သူသာကျွန်တော့်ဘဝကြီးထဲ မရှိတော့ရင် ငါလွတ်လပ်သွားမှာပဲဆိုပြီး တွေးဖူးပါတယ်။ဆိုတဲ့အတွေးမျိုးလဲ တွေးဖူးတယ်။ သို့ပေမဲ့ ကျွန်တော် ကိုယ့်ကိုကိုယ်ချစ်တယ်။ ရှိုင်းဝေယံကိုလဲ ချစ်တယ်။ အရှင်းဆုံးပြောရရင်တော့ အဲ့ဒီအချစ်နှစ်ခုပေါင်းပြီး သုံးနှစ်တာ ကျော်သွားတာပါ။

Q. အကိုတို့နှစ်ယောက်ရဲ့ မိသားစုဆက်ဆံရေးကရော ဘယ်လိုအခြေအနေရှိသလဲဗျ။ အဆင်ပြေပါသလားဗျ။

A. သူ့မိဘတွေကတော့ အစပိုင်းမှာသူတို့သားကို သူတို့ရင်ခွင်ကနေဆွဲထုတ်လာတဲ့အတွက် မကြည်ပါဘူး။ ကျွန်တော်နဲ့သူလက်တွဲချိန်နှစ်နှစ်ကျော်လောက်ထိ

သူ့အဖေနဲ့ကျွန်တော် စကားအပြောအဆို အဆက်အသွယ် သိပ်မရှိပါဘူး။ သူ့အမေကတော့ သူ့သားကျေနပ်ရင် စိတ်ချမ်းသာရင်ပြီးရောဆိုတဲ့မိဘစိတ်နဲ့ ကျွန်တော်နဲ့စကား ပြောပါတယ်။ အဆက်အသွယ်ရှိပါတယ်။ ခုနောက်ပိုင်းတော့ သူ့အဖေရောအမေရော ကျွန်တော့်ကို လက်ခံလာပါတယ်။ သူ့သားကို ကျွန်တော်က ဘယ်လိုဖေးမကူညီတယ် ဘယ်လိုစောင့်ရှောက်တယ်ဆိုတာကို သိပါတယ်။ သူ့သားရဲ့ကောင်းခြင်းဆိုးခြင်းတွေက ကျွန်တော့်အပေါ်မူတည်ပြီး ဆုံးဖြတ်ပါတယ်။ ဒါကတော့ သူ့မိဘနဲ့ကျွန်တော်တို့ရဲ့ဆက်ဆံရေးပါ။ ကျွန်တော့်မိဘမှာဆိုရင် အဖေက နဂိုထဲက Gay ဆိုရင် မုန်းပါတယ်။ ဒီနေ့ဒီအချိန်ထိမုန်းနေတုန်းပါပဲ။ သူများသားသမီး Gay ဖြစ်နေတာကို လက်ညှိုးထိုး ရှုပ်ချနိုင်ပေမဲ့ ကိုယ့်သားသမီးကလဲ ဖြစ်နေတော့ ခုချိန်မှာ ကျွန်တော့်ကို နားလည်ပေးလာပါပြီ။ မေမေကတော့ အစထဲက သိပါတယ်။ သူမွေးထားတဲ့သားဆိုတော့ သိတာပေါ့။ မေမေက ကျွန်တော့်ချစ်သူနဲ့ ဘယ်လိုနေတယ် ထိုင်တယ်ဆိုတာကို အစထဲကသိပြီး နားလည်မှုပေးထားပါတယ်။ ဟိုအရင်ချိန်က အဆင်မပြေပေမဲ့ ခုချိန်မှာ သူ့မိသားစုနဲ့အဆင်ပြေစွာ ဆက်ဆံနိုင်ပါပြီ။ ကျွန်တော့်ချစ်သူကိုလဲ ကျွန်တော့်မိဘတွေက ချစ်ကြပါတယ်။ အဆင်ပြေနေပါတယ်။

Q. လိင်ကွဲလက်ထပ်တာမျိုးမဟုတ်ပဲ လိင်တူလက်ထပ်တာဖြစ်တဲ့အတွက် ပတ်ဝန်းကျင်အသိုင်းအဝိုင်းနဲ့ အဆင်ပြေအောင် ဘယ်လိုမျိုး ညှိယူခဲ့ရလဲဗျ။

A. အဲ့ဒီအပိုင်းပေါ့နော် တစ်ခါမှ လိင်တူပါ လိင်ကွဲပါဆိုပြီးပတ်ဝန်းကျင်ကို အရမ်းရင်မဆိုင်ခဲ့ရပါဘူး။ ဘာလို့လဲဆိုတော့ သူနဲ့ကျွန်တော်ပေါင်းတဲ့အချိန်မှာ ပတ်ဝန်းကျင်ကလဲ နားလည်နေပါပြီ။ LGBT Right လုပ်နေတဲ့ပတ်ဝန်းကျင်နဲ့လဲနီးစပ်နေတော့ ကျွန်တော်တို့ကို ကဲ့ရဲ့မဲ့သူ ရှုံ့ချမဲ့သူဆိုတာက မရှိသလောက်ပါပဲ။ ကျွန်တော်ရန်ကုန်ရောက်လို့ ပေါင်းတဲ့မိတ်ဆွေ သူငယ်ချင်းတွေကလဲ နားလည်မှုရှိတဲ့သူတွေပါ။ Gay, Lesbian မခွဲတဲ့သူတွေပါ။ အဲ့ဒီလို ပတ်ဝန်းကျင်မှာနေထိုင်တဲ့ ကျွန်တော့်ချစ်သူရှိတဲ့ ရန်ကုန်ရောက်လာတော့ ကျွန်တော့်အတွက် ပိုအဆင်ပြေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပျဉ်းမနားမှာက ပတ်ဝန်းကျင်ရဲ့ ဝေဖန်ရှုပ်ချမှုတွေနဲ့ ကျွန်တော့်အတွက်အဆင်မပြေပါဘူး။ ဒီရန်ကုန်ရောက်လာတဲ့အခါ LGBT Right လုပ်နေတဲ့သူတွေကြောင့် ပတ်ဝန်းကျင်ရဲ့ ရိုက်ခက်မှုတွေ နည်းပါတယ်။ Gay ဖြစ်နေလို့ တိုက်ခိုက်တာတော့ မရှိပေမဲ့ ရှိုင်းဝေယံနဲ့ ဗညားဦးက ရည်းစားဖြစ်သွားလို့ဆိုပြီး တိုက်ခိုက်တာတွေတော့ ရှိပါတယ်။

Q. အခုလက်ရှိလုပ်ကိုင်နေတဲ့ အလုပ်အကိုင်အကြောင်းလေးလဲ ပြောပြပေးပါအုံးဗျ။

A. ကျွန်တော်က Handset တွေကို အစိုးရဝန်ထမ်းတွေ ကုမ္ပဏီဝန်ထမ်းတွေကို instalment နဲ့ရောင်းပေးတဲ့ ဖုန်းကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်ပါတယ်။ ဝါသနာအရလုပ်တဲ့အလုပ်ကတော့ ကျွန်တော်က နတ်ကပါတယ်။

Q. ဘယ်လိုအကြောင်းကြောင့် နတ်ကဖြစ်ခဲ့တာပါလဲဗျ။ နတ်ကဖြစ်ခဲ့ပုံလေးကိုလဲ ပြောပြပေးပါအုံးဗျ။

A. ကျွန်တော်ကိုယ်တိုင်က Gay ဖြစ်နေတဲ့အတွက် နယ်မှာထဲက နတ်ပွဲတွေကို နှစ်သက်ပါတယ်။ နတ်ကနေတဲ့ နတ်ကတော်တွေရဲ့ ကနေဟန်တွေကို အဝေးကနေပဲ ကြည့်ပါတယ်။ အနီးကပ်တော့ မကြည့်ရဲခဲ့ဘူး။ အဲ့တုန်းက အဝေးကနေကြည့်ပြီး အားကျခဲ့ရပါတယ်။ ကျွန်တော့်စိတ်က နတ်ကတော်လုပ်မယ် နတ်ကန္တားစီးလုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်တော့ မရှိခဲ့ပါဘူး။ ရန်ကုန်ရောက်တော့ ကျွန်တော့်ချစ်သူမိတ်ဆက်ပေးတဲ့ သူရဲ့Gay မိဘနဲ့ဆုံခဲ့ပြီး နတ်ရဲ့အနှစ်သာရကို စသိခဲ့တာပါ။ သူကတော့ ကျွန်တော့်ရဲ့မြင်ဆရာပါ။ ဆရာရဲ့ နတ်ချော့ဟန် နတ်ပင့်ဟန် နတ်ထုံးတမ်းအစဉ်အလာတွေ နတ်တွေကနေ ပူဇော်ပသသူတွေကို ပြန်လည်စောင့်ရှောက်မှုတွေကို သိခဲ့ရပါတယ်။ နောက်ပိုင်းတော့ ပိုပြီးလေ့လာဖြစ်တယ်။ ကျွန်တော့်ပင်ကိုယ်ဗီဇက ဆိုင်းကြိုက်တယ် ကချင် ခုန်ချင်စိတ်ရှိတယ်။ သီးချင်းတော့ သိပ်မဆိုတတ်ဘူး။ နတ်တွေရဲ့ထုံးတမ်းအစဉ်အလာကို သိတဲ့အချိန်မှာ ပိုပြီးရူးသွပ်လာတယ်။ ပျဉ်းမနားမှာနေတုန်းကလဲ နတ်ဆရာတစ်ယောက်က ကျွန်တော်က နတ်ကတော်တစ်ယောက်ဖြစ်ဖို့ အလားအလာရှိတယ်လို့ ဟောပါတယ်။ ကျွန်တော့်ရဲ့မြင်ဆရာရန်ကုန်မန်းလှိုင်နဲ့တွေ့တော့လဲ သဘင်သည် ဖြစ်လာမဲ့သူလို့ ဟောခဲ့ပါတယ်။ ပုပ္ပါးကိုသွားတော့လဲ အဲ့လိုပဲ နတ်ကတော် ဖြစ်မဲ့သူလို့ ဟောခဲ့ပြန်တယ်။ သုံးခါတိုက်ဆိုင်ပြီး ကျွန်တော်ကိုယ်တိုင်ကလဲ ဒီဘဝကြီးထဲကိုဝင်ဖို့ ဆုံးဖြတ်ချက် ခိုင်မာစေခဲ့ပါတယ်။ အဲ့ဒီအချိန်မှာ ဆရာနဲ့သူနဲ့တွေ့ပြီး ဆရာကိုပြောတယ်။ နတ်တွေရဲ့ထုံးတမ်းအစဉ်အလာအတိုင်း နတ်ရွေးခဲ့ပါတယ်။ ပြီးတော့ တောင်ပြုံးပွဲချိန်မှာ စံနန်းဝင်ခဲ့ပါတယ်။ ကျွန်တော်ငယ်ငယ်က အမေက နတ်ကတော်ဆီမှာ နတ်ပြပြီး ဟောတာပြောတာတွေကို လိမ်တာ ညာတာလို့ပဲထင်ခဲ့တယ်။ ခုချိန်မှာတော့ နတ်ကိုလုံးဝယုံကြည်နေပါပြီ။ နတ်ဆိုတာတော့ ကျွန်တော်လဲ မမြင်နိုင်ပါဘူး။ ကျွန်တော်ဘုရားဟောအတိုင်း နေသွားမယ်ဆိုရင်တော့ နိဗ္ဗာန်ရောက်ဖို့ပဲ ဦးတည်ချက် ထားရပါမယ်။ ကျွန်တော်က နတ်ကတော်တစ်ယောက်ဖြစ်ဖို့အတွက် ခံမင်ပါတယ်။ ကျွန်တော်ယုံကြည်သလောက် ကျွန်တော့်အပေါ်မှာ စောင့်ရှောက်ပါတယ်။ လူကတိ နတ်ကတိနဲ့

ကန္တာရးစီးတစ်ယောက်ဖြစ်ဖို့အတွက် ရင်းခဲ့ရတာတွေ ကြိုးစားခဲ့ရတာတွေ အများကြီး ရှိပါတယ်။ ကျွန်တော်အရင်က ဖြစ်ချင်ခဲ့တာတွေကတော့ အများကြီးပါပဲ။ ကျွန်တော် ဖမ်းဆွဲခဲ့ဖူးတဲ့ဘဝတွေက အများကြီးပါပဲ။ ကဗျာသည်တစ်ယောက်ဖြစ်ချင်ခဲ့တဲ့ဘဝမှာလဲ ဗညားဦးဆိုတာ ဖြစ်ခဲ့ပါပြီ။ သို့ပေမဲ့ အဲ့ဒီမှာ မပြီးလားဆိုတော့လဲ မပြီးပါဘူး။ အဲ့ဒီနောက်ဖြစ်ချင်ခဲ့တဲ့ဘဝက နတ်ကန္တာရးစီးပါ။ နတ်အလုပ်လုပ်တော့မယ်လို့ ခြေစုံချတဲ့အချိန်မှာ ကျွန်တော့်ကိုယ်လဲကျွန်တော် သိသာလာပါတယ်။ နတ်ကလဲ ကျွေးတော် လူကလဲ ကတိတည်ပါတယ်။ အဲ့ဒီအတွက်ကြောင့်မို့ နောက်ဆုံးကျွန်တော့်ရဲ့ထွက်သက်ထိ လုပ်ဖို့ရွေးချယ်ထားပါတယ်။ အခုလို Gay ဖြစ်နေတဲ့ဘဝမှာ ကျွန်တော်ရွေးချယ်လိုက်တဲ့အလုပ်က နတ်ကန္တာရးစီးပါ။ ကျွန်တော်အဖြစ်ချင်ဆုံးကတော့ ကျွန်တော့်ဆရာလို အောင်မြင်ကျော်ကြားတဲ့ နတ်ကန္တာရးစီးတစ်ယောက်ဖြစ်ချင်ပါတယ်။ ကျွန်တော့်စိတ်ရဲ့တွန်းအားကြောင့်ပဲ နတ်ကန္တာရးစီးဘဝကို ရွေးချယ်ခဲ့တာပါ။ ဒီဘဝကိုပဲ ခုံမင်ပါတယ်။

Q. အကို့ရဲ့ခေါင်းစွဲနတ်အကြောင်းလေးလဲ သိပါရစေဗျ။

A. ကျွန်တော့်ခေါင်းပေါ်ကနတ်ကတော့ အမေရေယာဉ်နတ်ပါ။ အမေရေယာဉ်ဆိုတာက လူတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ စိတ်နေစိတ်ထားနဲ့ထက်မြက်မှုတွေကို ပိုင်ဆိုင်ထားပါတယ်။ သူ့ပါးစပ်ကပြောသမျှဖြစ်ပါတယ်။ ကြိမ်ဆဲလို့ဖြစ်တာနဲ့ ဆုတောင်းလို့ဖြစ်တာဆိုရင် ကြိမ်ဆဲတဲ့သူကို မျက်မုန်းကျိုးကြပါတယ်။ သူ့စိတ်နာကျည်းမှုကြောင့်လား သူ့စိတ်ခံစားချက်ကြောင့်လားဆိတြာကို လူတွေက မကြည့်ကြပါဘူး။ အမေရေယာဉ်က စိတ်ထက်တယ်။ သူပြောသမျှဖြစ်တဲ့အတွက် သူ့ကိုစုန်းလို့သမုတ်ကြတယ်။ အဲ့ဒီအချိန်မှာ သိကြားမင်းကိုယ်တိုင်က ပညာတွေအလှူခံပြီး လူဖြစ်နေစဉ်မှာပဲ နတ်ဘုံနတ်နန်းကို စံစားခိုင်းပါတယ်။ သူ့ရဲ့ပညာတွေကို လူသားတွေရဲ့ကောင်းကျိုးမှာအသုံးပြုဖို့ လူစင်စစ်ကနေ နတ်ဖြစ်စေခဲ့ပြီး အမေရေယာဉ်ကတော်ရယ်လို့ ဖြစ်လာခဲ့တာပါ။

Q. အကို့အနေနဲ့ နတ်ချော့တဲ့အခါ နတ်ကတဲ့အခါမှာ ဘယ်လိုနတ်ချော့ရတာ ကရတာကို နှစ်သက်လဲဗျ။ ပရိတ်သတ်ကရော ဘယ်နတ်ကိုကစေချင်လဲဗျ။ ပရိတ်သတ်အကြိုက်နဲ့ အကို့အကြိုက် ထပ်တူကျပါသလားဗျ။

A. ကျွန်တော်သဘောကျတာကတော့ မိန်းမနတ်ပါ။ မိန်းမနတ်ဆိုတာထက် ကျွန်တော့်ခေါင်းပေါ်ကနတ်ပေါ့။ ရေယာဉ်ကတော်အမေကြီးနတ် ချော့ရတာ ကရတာ ကြိုက်ပါတယ်။ ကိုကြီးကျော်ကရင်တော့ ပိုပြီးကြည့်ကောင်းတယ် လို့တော့ ပြောကြပါတယ်။

Q. အကို့ရဲ့ဘဝတော်တော်များများသိရလို့ ကျေးဇူးတင်ပါတယ်။ အကို့ရဲ့လိင်စိတ်ခံယူမှုက လိင်တူခြင်းသဘောကျတယ်ဆိုတော့ ဘယ်အရွယ်လောက်ကစပြီး လိင်တူဆက်ဆံဖူးတာလဲဗျ။

A. ကျွန်တော့်အသက် ၂၀ကျော်လောက်ကစပြီးတော့ လိင်တူဆက်ဆံဖူးပါတယ်။ ငယ်စဉ်အချိန်ကတော့ ရှက်ခဲ့တယ် ကြောက်တယ်။ ဆက်ဆံပြီးတဲ့အချိန်မှာ ကိုယ်လုပ်ချင်နေတဲ့အရာတစ်ခု ပြီးမြောက်သွားလို့ ပျော်တယ်။ အဲ့ဒီအသက် ၂၀ အရွယ်မှာ အဲ့လိုဖြစ်ဖို့ အားမွေးခဲ့ရတာတွေ ရှိတယ်။ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ လိင်တူခြင်းချစ်နေကြတာတွေ မြင်နေပေမဲ့ မလုပ်ရဲခဲ့ဘူးလေ။ အဲ့လိုဖြစ်သွားရင် ကျွန်တော့်မိဘသိက္ခာ ကျွန်တော့်သိက္ခာ ဘာဖြစ်သွားမလဲဆိုပြီး တွေးပြီးတော့ မလုပ်ရဲခဲ့ပါဘူး။ အသက်၂၀မှာ လိင်ကိစ္စဖြစ်သွားတော့ လိင်မှုကိစ္စမှာ သာယာမှုထက် ကိုယ်လုပ်ချင်နေတဲ့အရာ ကိုယ်တောင့်တနေတဲ့အရာတစ်ခု လုပ်ဖြစ်သွားတဲ့အတွက် ပျော်ပါတယ်။

Q. အခုလက်ရှိဆက်ဆံနေတဲ့ အိမ်ထောင်ဖက်အပေါ်မှာရော သာယာမှု စိတ်ကျေနပ်မှု ရှိပါသလားဗျ။

A. စိတ်ကျေနပ်မှုရှိလို့လဲ သုံးနှစ်ထိမြဲနေတာပါ။ တစ်ယောက်နဲ့တစ်ယောက်က အချစ်နဲ့လိင်မှုကိစ္စကို ခွဲခြားပြီးမြင်ပါတယ်။ လိင်တူချစ်သူတွေဆိုတာကတော့ အချစ်နဲ့လိင်မှုကိစ္စညီမျှနေမှ ခိုင်မြဲတာပါ။ သံယောဇဉ်တွေ သနားကြင်နာမှုတွေက သပ်သပ်စီပါ။ ဒါတွေပြောရရင်တော့ အရမ်းအကျယ်ချဲ့သလိုဖြစ်သွားပါမယ်။ ကျွန်တော်သူ့ကို ချစ်လားဆိုရင် ချစ်တယ်။ ဒီလိင်တူချင်းလိင်မှုကိစ္စဆိုတာကလဲ တစ်စိတ်တစ်ပိုင်းအနေနဲ့ အရေးပါပါတယ်။ ဒီနေ့ဒီအချိန်သုံးနှစ်ပြည့်ထိမြဲစေတာကတော့ စိတ်ကျေနပ်မှုရှိလို့ပါပဲ။

Q. ဗညားဦးရဲ့ဘဝမှာ ကိုယ်တိုင်က ဂေးလ်တစ်ယောက်ဖြစ်နေတဲ့အတွက် ပတ်ဝန်းကျင်က ဖြစ်စေ မိသားစုကဖြစ်စေ ခွဲခြားဆက်ဆံတာတွေ နှိပ်စက်တာတွေ လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်စော်ကားတာတွေ ကြုံခဲ့ရဖူးပါသလားဗျ။

A. ဂေးလ်တစ်ယောက်ဖြစ်နေတဲ့အတွက် ခုအသက်၂၄ပြည့်ချိန်မှာ အနည်းနဲ့အများတော့ ရှိခဲ့ပါတယ်။ ဒီအချိန်မှာ ကိုယ့်ကိုကိုယ် ဂေးလ်တစ်ယောက်အဖြစ် လက်မထောင်နိုင်ပေမဲ့ အရင်အချိန်တွေမှာတော့ ဖိနှိပ်မှုတွေ ခံခဲ့ရပါတယ်။ အဖေက ဆုံးမရင်တောင်မှ ကိုယ့်အတွက်ကတော့ ဖိနှိပ်တယ်လို့ခံစားရပါတယ်။ သူငယ်ချင်းတွေနဲ့ အပြင်ထွက်ရင် သူတို့အနေနဲ့ ကိုယ်ကန္တနေလို့ ကိုယ့်ကိုဖိနှိပ်တာမျိုးတွေ ကြုံခဲ့ရပါတယ်။ ငယ်စဉ်ကျောင်းသားဘဝမှာလဲ ငါတို့က မိန်းမယူမှာ မင်းကတော့ ယောကျ်ားယူမဲ့ အခြောက်ဆိုပြီး ပြောခံရပါတယ်။ ဆရာ/ဆရာမတွေအနေနဲ့ကလည်း ကျွန်တော်တို့ကို ဆုံးမတာတွေရှိတယ်။ ဒါပေမဲ့ကျွန်တော်တို့နေရာကပြန်စဉ်းစားကြည့်ရင် ဒါဟာဖိနှိပ်မှုပါပဲ။ ဒီဖိနှိပ်မှုတွေကို မခံနိုင်လို့ ကျွန်တော်တို့ ကျောင်းထွက်ခဲ့မယ်ဆိုရင် ကျွန်တော်တို့ အနာဂါတ်တွေ လှပမှာမဟုတ်ပါဘူး။

Q. ဗညားဦးဖြတ်သန်းခဲ့ရတဲ့ဘဝနဲ့ ဒီဘက်ခေတ် ၁၆/၁၇ ကလေးတွေဖြတ်သန်းရတဲ့ဘဝနဲ့ရော ဘာတွေကွာခြားသလဲဗျ။

A. ဘယ်လိုကွာခြားလဲဆိုရင်တော့ သူတို့လိုအရွယ်က ကျွန်တော်ဘာမှ မလုပ်ရဲပါဘူး။ သူတို့ကတော့ အိမ်နဲ့အတိုက်အခံလုပ်ပြီးတော့ကို သူတို့ရဲ့ဖြစ်တည်မှုကို ပြသရဲလို့ ချီးကျူးပါတယ်။ ဒါပေမဲ့လဲ အသက်ငယ်သေးတော့ ကလေးတွေကိုတော့ လမ်းမှားမရောက်စေချင်ပါဘူး။ လမ်းမှားရောက်ပြီး ရည်ရွယ်ချက်တွေ ပျောက်မှာစိုးရိမ်ပါတယ်။

Q. ဗညားဦးအနေနဲ့ လိင်တူချစ်သူတွေနဲ့ ကျန်းမားရေးကို ဘယ်လိုတွဲမြင်လဲဗျ။

A. ပွင့်ပွင့်လင်းလင်းပြောရရင်တော့ လိင်တူချစ်သူတွေ လိင်ဆက်ဆံရင် အကာအကွယ်လေးတော့ သုံးပါလို့ပြောပါရစေ။ အကာအကွယ်မပါဘဲ လိင်ဆက်ဆံရင် ကျန်းမာရေးအရ ဆိုးကျိုးတွေ သက်ရောက်လာနိုင်ပါတယ်။ လိင်တူချစ်သူတွေအနေနဲ့ ကိုယ့်ရဲ့လိင်ဆက်ဆံဖော်ဟာ တစ်ယောက်ထဲဆိုရင် ကိစ္စမရှိပေမဲ့ လိင်ဆက်ဆံဖော်အများကြီးထားမိရင်တော့ ကိုယ့်ကိုကိုယ်ရော ကိုယ့်ရဲ့အဖော်ကိုရော လိင်မှတဆင့်ကူးစက်တဲ့ရောဂါပိုးတွေ ကူးစက်ခံရနိုင်ပါတယ်။ လိင်တူချစ်သူတွေအနေနဲ့ သုံးလတစ်ကြိမ်ဖြစ်စေ သွေးဖောက်စစ်ဆေးတာတို့ လုပ်သင့်တယ်လို့ အကြံပြုချင်ပါတယ်။

Q. ဗညားဦးရဲ့ရှေ့ဆက်မယ့်ဘဝခရီးအတွက် ဘယ်လိုတွေ ရည်ရွယ်ထားလဲဆိုတာ သိပါရစေဗျ။

A. ခုချိန်မှာတော့ ကျွန်တော်တို့က သူများလခစားပါ။ နောင်တစ်ချိန်မှာတော့ ကိုယ်ပိုင်လုပ်ငန်းလေး လုပ်ချင်ပါတယ်။ ကျွန်တော့်ချစ်သူကိုလဲ ဝန်ထမ်းမလုပ်ခိုင်းတော့ပဲ ဝါသနာပါရာ စီးပွားရေးတစ်ခုကို နှစ်ယောက်အတူ လုပ်သွားဖို့ ရည်ရွယ်ထားပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်ဝါသနာပါတဲ့ နတ်ကန္နားစီးတစ်ယောက်လဲ ဖြစ်ချင်ပါသေးတယ်။ ကျွန်တော့်ချစ်သူနဲ့ နှစ်ယောက်တစ်ဘဝကို ထူထောင်သွားဖို့ စိတ်ကူးထားပါတယ်။

ကျေးဇူးတင်ပါတယ်။

## ၁၅။ ချာတွန် (၂၄)ရန်ကုန်မြို့



Q. ညီမ မင်္ဂလာပါ။ ညီမနာမည်ရယ်၊ အသက် ရယ် ညီမ အလုပ် အကိုင် ရယ်နေရပ်လိပ်စာ ရယ်လေးကို မိတ်ဆက်ပေးပါ။

A.ညီမ က နာမည် က ချာတွန်။အသက် ကတော့ ၂၄ ပါ။အလုပ်ကတော့ အခုလောလောဆယ်ဆို မိတ်ကပ်သင်တန်းတက်နေပါတယ်။

Q.ကိုယ့်ကိုကိုယ် ဒီလိင်တူချစ်တူရဲ့ရည်းစားဖြစ်တာဘယ်လောက်ကြာပြီလည်း။

A.ပြောရမယ်ဆိုရင် ကိုယ့်ကို ကိုယ်Lesbian လို သိထားတာ ၃နှစ်ကျော် ၄ နှစ်နီးပါလောက်ရှိနေပြီ။

Q. သူနဲ့စတွေတဲ့ပုံစံလေတွေ ၊သူနဲ့ တွေ ရတဲ့ အခါခံစားရတဲ့ ခံစားချက်လေးတွေပြောပြပေးပါ။

A. ကိုယ့်ကိုကိုယ်Lesbian လို စပြီးသိတာက ငယ်ငယ်ကတည်း က လည်း ကိုယ့် ကို ကိုယ် လိင်တူ စိတ်ဝင်စားတယ်။ဒါပေမဲ့လည်း မသိဖူး။လွန်ခဲ့တဲ့ သုံးလေးနှစ် ကမှ စပြီးတော့ Tomboy တစ်ယောက်နဲ့စပြီးတွဲဖြစ်တာ။အဲ့မတိုင်ခင်ကိုယ့်ကိုကိုယ်မသိတဲ့အခါက လည်းယောကျာ်းလေးရည်းစားတွေ ထားဖူးတယ်သူ များရည်းထားထား လို ့လိုက်ထားတဲ့ပုံစံမျိုး ပဲ။ဘာခံစားချက်မှ လည်းမရှိဖူး။ ချစ်တာတွေဘာတွေ။ ဘာခံစားချက်မှလည်းမရှိဖူး။ အဲ့Tomboy နဲ့ စတွဲတဲ့ အချိန်ကျမှ ပဲ ကိုယ့် ကို ကိုယ် စပြီးတော့သိလာတာ။ မိန်းကလေးကို ပဲ ချစ်တက်တယ်ပေါ့။ ချစ်တယ်ဆိုတာ က ချစ်တာတစ်ခုတည်း မဟုတ်ဖူးလေ။ ချစ်တာရဲ့ နောက်မှာ

စိတ်ပူတာတွေကော စိုးရိမ်တာတွေကော အများကြီးပါတယ်လေ။ အဲဒီတော့ မှ မိန်း ကလေးတစ်ယောက် အပေါ်အဲ့ လို စိတ် မျိုး ရှိမှန်းသိလာတာ။

Q. ကိုယ့်ကိုကိုယ် အဲ့လို မျိုးသိသွားတဲ့ အချိန်မှာငါ ပြောင်းလဲဖို့ သင့်ပြီ ဆို ပြီးယောကျာ်းလေးတစ်ယောက် ကိုချစ်ကြိုက်ဖို့ ကြိုးစားခဲ့ဖူးလား။

A. မကြိုးစားခဲ့ဖူးဘူး။သိလာတဲ့အချိန်မှာဘာသိလာလဲဆိုတော့ ငါ ငယ်ငယ်လေးကတည်းက ဒီလိုဖြစ် လာတာ ဒါ ကိုယ့်ကို ပိုင်ရွေးချယ်ခွင့်မဟုတ်ဖူးလေ။မွေးကတည်းက ပါ ပြီးသားလေ။ကိုယ့်ကိုကိုယ် လက်ခံလိုက်တယ်။အော် ငါ Lesbian ပဲ ဆိုပြီး။ ငါကိုယ်ငါမသိခဲ့တာပဲ။အခုတော့ငါသိပြီ ဆိုပြီးLesbian လိုပဲ သူငယ်ချင်းတွေကြားလည်း ငါ Lesbian ပဲဆိုပြီးပြောပြခဲ့တယ်။

Q. မိဘကကော ညီမ Lesbian တစ်ယောက်ဖြစ်တာ ကို ကန့်ကွက်တာတို့ ၊ ညီအကိုမောင်နမ ပတ်ဝန်းကျင် ကကော ကျောင်းပတ်ဝန်းသူငယ်ချင်းတွေကြားတည်းမှာကော ထိခိုက်တာတွေရှိလား။

A. မိဘ က တော့ မသိဖူး။သိရင်လည်းခွင့်ပြုမှာတော့မဟုတ်ဖူး။မိဘ က တော် တော် လေးကို Strict ဖြစ်တယ်။ ယောကျာ်းလျာနဲ့ပေါင်းနေတာလည်းသိပ်မ ကြိုက်ချင်ဖူး။အမတွေဘာတွေက တော့ ကို Lesbian ဆိုတာ သိတယ်။ဘာမှတော့အဲ့လိုမျိုးမပြောဖူးပေ့ါ။ပြဿနာမရှိဖူး။သူ ငယ်ချင်း အပေါင်းသင်းတွေထဲမှာတော့ အဲ့လို ကြီး ငယ်ငယ်လေးတည်းက ပေါင်းလာတဲ့ သူငယ်ချင်းတွေဆိုတော့ ပုတ်ခတ်ပြောဆိုတာတွေ မရှိဖူး။ ဒါပေမဲ့ နားလည်ပေးနိုင်လားဆိုတော့ နားမလည်ပေးနိုင်ဖူး။ဘာလို ဆို ကိုယ် ကို ့ချစ်သူကြောင့်ခံစားရတာတွေဘာတွေ ပြော ပြမိရင် ယောကျာ်းလေးရည်းစားထားပါလား အဲ့လိုမျိုးတွေ မိန်းမတစ်ယောက်အတွက်ဘာလို ခံစားနေမှာလည်း အဲ့ လို မျိုး တော့ပြောကြတယ်။ ပုတ်ခတ်တာမျိုးတွေတော့မရှိဖူး။

Q. များသောအားဖြင့်တော့ ယောကျာ်းလေးအချင်းချင်းစိတ်ဝင်စားတဲ့ အမျိုးသားတွေထက် မိန်းကလေးအချင်းစိတ် ဝင်စားတဲ့ အမျိုးသမီးတွေ က ယောကျာ်းလေးပုံ စံ နေထိုင်တာများတယ်။ အဲ့ လို ဝတ်ဆင်တာများတယ်။ ညီမ စိတ်ထဲမှာကော ဘာလို ဒီလို မိန်းကလေးပုံ စံလိုဝတ်တာကို ပို နှစ်သက် တယ် ၊မိတ်ကပ်ပညာဆို လည်း မိန်း ကလေးဘက်ပါသွားပြီလေ။ အဲ့ တော့ မိန်းကလေးစိတ် တစ် စိတ်တ ဒေသ တော့ ကိုယ့်ဆီမှာ ရှိတယ် လို ထင်လား။

A. ပြောရမယ်ဆို ရင် ညီမ က ညီမ တွဲတာက Tomboy ပေ့ါ နေတာယောကျာ်းလေးပုံစံဆိုပေမဲ့ ညီမ က အရမ်းယောကျာ်းဆန်နေ ရင်
မကြိုက်ဖူး။ညီမငယ်ငယ်တုန်းကလည်းယောကျ်ားဆန်တယ်။ငယ်ငယ်
တုန်းကယောကျ်ားလေးလိုနေခဲ့တာများတယ်။Tomboy

ဆိုပေမဲ့မိန်းကလေးနဲ့တူတဲ့ Tomboy မျိုးပဲတွဲတာများတယ်။အရမ်းယောက်ျားလေးဆန်တဲ့ Tomboy မျိုးတော့ သိပ်ပြီးသဘောမကျဖူး။

သူဘာသာသူယောက်ျားလေးနဲ့တူနေတဲ့မိန်းကလေးတွေလည်းရှိနေတယ်လေ။ အဲ့လို မျိုးဆို ရင်တော့ တမျိုးပေါ့။ ယောကျာ်းဆန်တဲ့ ပုံစံမျိုးဆို ရင်တော့ သဘောမကြဘူး။ကိုယ့်ကို ကိုယ် လည်း မိန်းကလေး လို နေရတာ ကြိုက်တယ်။

Q. တခြားယောက်ျားလေးလို နေ တဲ့ အမျိုးသမီးလိင်တူစိတ်ဝင်စားတဲ့အမျိုးသမီးတွေကြတော့ ရော ကိုယ်နဲ့ ဘယ်လို ကွားခြားချက်တွေကြောင့်လို့ထင်လည်း။

A. ကွာခြားချက် က ဘယ် လို မျိုးရှိလည်းဆို ရင် သူတို့အတွက်က တော့ ပို ပြီးခက်ခဲတာပေါ့။ညီမ တို့ကျတော့ Lesbian ဆိုပေမဲ့ Lesbian ဆိုတာကိုယ်ပြောမှသိမှာလေ။ကိုယ်က မိန်းမပုံ ပဲ မိန်းမပုံပဲဆိုတော့ ပေါင်းကြည့်ရင်မိန်းကလေးတစ်ယောက်လိုပဲ။သူတို့ကိုယ်ဘယ်သူနဲ့တွဲလည်းဆိုတာ သိတာမဟုတ်ဖူးလေ။Lesbian ဆိုတာ ကိုယ် ပြောမှသိတာ။ ဒါပေမဲ့ Tomboy တွေကျတော့ယောကျာ်းလေးပုံ စံ ကျတော့ လူတွေ က သူ့ကို မြင်တာနဲ့ သိတယ်လေ။အဲ့ ဒီအခါကျတော့ သိတဲ့ အတိုင်းပဲ ဒီအသိုင်းအဝိုင်းမှာ ကျတော့ ဘယ်လို ခေါ်မလည်းဆိုတော့ Tomboyတွေ ဆို လက်မခံတာမျိုးတွေရှိတယ်လေ။သူတို့အနေနဲ့ ကျောင်းမှာကော် မိသားစုအသိုင်းအဝိုင်းမှာကောဘာကော အများကြီးအခက်အခဲတွေရှိတယ်လေ။ ညီမတို့အတွက်တော့သိပ်တော့ အခက်အခဲ မရှိဖူး။ သူတို့တွေနဲ့တွဲသွားတဲ့အခါမှာတော့ ကိုယ့်ကို Lesbian မှန်းသိတဲ့အခါမျိုးမှာတော့ အများကြီးတိုက်ခိုက်ခံရတာတွေရှိတယ်ပေါ့နော်။ဘာ ဖြစ် လို သူတို က Tomboyတွေ ယောက်ျားရာတွေဆိုရင် အတု လို ပြောတာပေါ့နော်။ယောက်ျားအတုလိုပြောတာပေါ့။

အတုနဲ့ဘာလိုတွဲတာလည်း။တကယ်တမ်းညီမခံယူထား တာ အတု တွေ အစစ်တွေ မဟုတ်ဘူး။ သူမိန်းက လေး ကိုယ် မိန်း က လေး မိန်းကလေးချင်းချစ်ကျတာ။ ပြောရမယ်ဆို ရင်တော့ အခက်အခဲ က ကွာတော့ကွာ တာပေါ့ ကိုယ် ကကျတော့ မိန်းကလေးပုံ ဆိုတော့ အခက် အခဲ မရှိဘူး။ အမြင် အရ ဆို ရင်တော့။သူတို့အတွက်တော့ တော်တော်လေး ကို ခက်ခဲမှာ။ အရမ်းခွဲခြားဆက်ဆံတာတွေအလုပ်ခံ ပြီးတော့ မှ ရှင်သန်ရတာပေါ့။

Q.တကယ်လို ပေါ့ ကိုယ့်မိဘတွေ က ကိုယ် က ဒီလိုမျိုးဖြစ်နေတာကို သိသွားလို ရှိရင် သူတိုအနေ နဲ့ကိုယ့်ကို ဘယ်လို မျိုးတုန့်ပြန်မယ်ထင်လည်း။

A. သေချာတာ ကတော့ လုံးဝမခံဖူးပေါ့။ ရအောင်လုပ်မှာပေါ့။

Q. အဲ့ ကျရင်ကောသူ တို့ကုိယ် က ဘယ်လို ဖြေရှင်းပြမယ် လို စဉ်းစားထားလည်း။

A. ပြောရမယ်ဆိုရင်တော့ အခုချိန်ထိကို တော်တော်လေးခက်ခဲနေတယ် လို ပြော ရမယ်။ ဘာဖြစ်လို လည်းဆိုတော့ ကိုယ်ရွေးချယ်ထားတဲ့ ဘဝမဟုတ်ဖူးလေ။ ပြုပြင်လို ရမယ့် အရာလည်းမဟုတ်ဖူးလေ။ တစ်သတ်လုံးဒီတိုင်းပဲသွားမှာပဲ။ဒါပေမဲ့ မိဘတွေ ဘက်ကနေပြန်စဉ်းစားကြည့်တဲ့ အခါကြ ရင်လည်း မိဘတွေ က လည်း ခြေစုံလည်းမကန်ရက်ဖူး။ဆိုတော့ အခုချိန်ထိတော့ တော်တော်လေးကို အခက်အခဲ ဖြစ်တာပေါ့နော်။ ကိုယ့်ရဲ့ဘဝကို ရင်းလိုက်ပြီးတော့မှ မိဘတွေ စိတ်ချမ်းသာအောင်ထားမလား။ ဒါမှမဟုတ် မိဘတွေ ကို ခြေစုံကန် ပြီးတော့ ကိုယ်ပျော် သလို ကိုယ့် ခံယူချက်နဲ့ နေမလား ဆိုတာတော့ အခုချိန်ထိ တွန်းလိုက် ကန် လိုက်နဲ့ ပဲ စဉ်းစားနေရတာပေါ့။

Q. အခု လက်ရှိညီမ အသက် ၂၄ နှစ်ပေါ့ ။အသက် ၂၄ နှစ်မှာ မိတ်ကပ်ပညာလမ်းကြောင်းကို ညီမလျှောက်နေတယ်။ ကိုယ့်ရဲ့လိုရင်းကိုရောက်ဖို့ ကြိုးစားနေတုန်း အခက်အခဲတွေလည်း အများကြီးရှိတယ်။ အဲ့လို မျိုးဖြစ်နေတဲ့ အခက်အခဲတွေ လို အပ်ချက်တွေဆို တာ ကိုယ့် ရဲ့ ဒီလိင်ပိုင်းဆိုင်ရာစိတ်မ သေချာမှုတွေဝေမှု တွေ ကြောင့် အလုပ်မှာ ထိခိုက်နိုင်တယ် လို ညီမ မြင်လား။


A. အလုပ်မှာ ကျတော့ သိပ် ပြီးတော့ ထိခိုက်တယ် လို တော့ မထင်ဖူး။ အလုပ်မှာ ကိုယ် Lesbian ဆို တာ out ပြီးတော့ နေမယ် ဆို ရင်တော့ ရှိရင် ရှိနိုင်တာပေါ့ လေ။ တချို့ကြတော့ အရမ်းကို Serious ဖြစ်တဲ့လူတွေကျတော့ အဲ လို လူမျိုးနဲ့ ဆို ရင် ဘယ်လိုအခက်အခဲမျိုးရှိ ရှိမလည်း ဆို တော့ အလုပ်ကျရင် ကိုယ့် ကို မခေါ်တာပဲ ရှိမယ် ။ ဒါပေမယ့် လည်း သိပ် ကြီးတော့ ထိခိုက်မယ်လို့ တော့ မထင်ဘူး။

Q. ခုထိလက်ရှိချစ်သူနဲ့ပေါ့ သူနဲ့ စတွေ့တဲ့ ပုံစံ လေးတွေ သူနဲ့ တွေ ရင်ပျော် ရတဲ့ ခံစားချက် ပေါ့၊ ရန်ဖြစ်တာလေးတွေ ဘဝရည် မှန်းချက် ဘယ်လို ထားခဲ့ တယ် ဆို တာလေးတွေ ပြော ပြပေးပါ။

A. သူနဲ့ က လွန်ခဲ့တဲ့ ၂ နှစ်ပေါ့။ သူနဲ့ စတွေ့တုန်း က ကြတော့ စပြီးတော့facebook မှာ စသိတာ။ အရမ်းဘဝဟာလည်းမခင်ဘူး၊သေသေချာ ချာ လည်းသိတာ မဟုတ်ဘူး။ အဲ့ ဒီနေ့က စတွေ့မယ်ဆိုတဲ့ နေ့ က သူ က တွေ့ရအောင်တဲ့။ခဏတွေ့မယ်တဲ့။ပျင်းနေတာနဲ့။ နောက်မှ သူပြန်ပြောလို သိ ရတာ က တကယ်တော့ သူ လာတွေ့တဲ့ နေ့ က သူ့သူငယ်ချင်းတွေ အတွက် ကြည့်ပေးမယ်ဆို ပြီးလာတွေ့တာ။ဒါပေ မဲ့ အဲ့ဒီနေ့ မှာ တခြားသူတွေ အတွက်ပါလာတဲ့ အန်တီကြီးတစ်ယောက်ကနေမှ အောင်သွယ်သဘောမျိုးဖြစ်သွားတာပေါ့နော်။အဲ့မှာတွဲဖြစ်သွားတယ်။ ဒါပေမယ့်တွဲဖြစ်တယ် စပြီးတော့ တွဲဖြစ်တဲ့အချိန်တုန်းက လည်း ၂ယောက် စလုံးက တွဲကြရအောင်ဆိုပြီး ပဲ တွဲကြတာ။ ဒါပေမဲ့ တဖြည်းဖြည်းနဲ့ အဲ့လိုမျိုးချစ်လာတယ်ပေါ့။စတွဲပြီးနှစ်လ သုံးလ

လောက်ကြာတော့ အတူတူနေတယ်။ အတူတူနေတဲ့ အခါကျတော့လည်း သံယောစဉ်ဖြစ်လာကြတာပေါ့။အတူနေတဲ့ အချိန်ကတော့ အရမ်း ကို ခက်ခဲခဲ့တယ်။ အိမ်ကလည်းခက်ခဲတယ်။ သူက သူ့ ကနေပြီးတော့ထွက်လာမှ အတူတူနေတာ။သူတို့အိမ်က ကြတော့တစ်ယောက်စာပဲငွေပို့ပေးတယ် အဲ့ပိုက်ဆံနဲ့ ၂ယောက်လောက်အောင်သုံးပြီးတော့ မှ အခက်အခဲတွေလည်း အများကြီးရှိတယ်။အဲ့တုန်းက အရမ်းလည်းစိတ်ညစ်ကျရတယ်ပေါ့။ နေ့တိုင်းလည်းငိုတယ်။ငိုကြတယ်။ဘာဖြစ်လိုလည်းဆိုတော့ ကိုယ့်ရဲ့ အိမ်မှာကောင်းကောင်းမွန်မွန် နေခဲ့ပြီးမှ သူနဲ့အတူတူနေတဲ့ အချိန်မှာ အရမ်းဒုက္ခရောက်တယ်လေ။နေ ့တိုင်းနီးပါးငိုခဲ့ရတယ်။နေ့တိုင်းနီးပါး စိတ်တွေညစ်တယ်။ဒါပေမဲ့ ၁နှစ် ကျော်ကျော်လောက် နေပြီးတော့ ၂ ယောက်စလုံး က အရမ်း ခက်ခဲလာပြီလေ။အဲ့ကြတော့ ၂ ယောက်စလုံးက အိမ် အသီးသီး ပြန်သွားကျတယ်။ ပြန်သွားတဲ့ အချိန်မှာ ဘာသိ သွားလည်းဆိုတော့ အဲ့ အချိန်တွေ အတူတူနေတုန်း က အရမ်းခက်ခဲတယ်ဆို ပေမယ့် အခု အချိန် မှာ နှစ်ယောက်စလုံး ကပြန် ပြီးတော့ အဲ့ဒီ အချိန်ကို အလို ချင်ဆုံးပဲ။ ဘာဖြစ်လို လဲ ဆိုတော့ အရမ်းခက်ခဲပေမဲ့ အရမ်းပျော်စရာကောင်းခဲ့တယ်။ နေ့တိုင်း ရန်တွေဖြစ်တယ်။နေ့တိုင်းကို ဖြစ်တာ။ ၁နေ့ ကို အနည်းဆုံး၁ ခေါက်လောက် ကို ရန်မဖြစ် ရင် မိုးမချုပ်ဖူး။ အရမ်းရန်ဖြစ်တယ်။ဒါပေမဲ့ အတူတူရှိနေတာ ဆိုတော့ ရန်တွေဖြစ် ဝုန်းဒိုင်းကျဲပြီးရင်ငိုတယ် ခဏပဲ

ပြီးရင် စိတ်ဆိုးပြေသွားတယ်။ ခွဲနေ ရတဲ့ အချိန်ကျတော့မတူ တော့ ဖူး။ပြဿနာသေးသေးလေးကိုပဲတစ်ခါတစ်ခါ ရန်ဖြစ်ရင် ၂ ရက်တို ့၃ ရက်တို့ မပြီးဘူးလေ။ အဲ့ လို အချိန်ရောက်ရင် ပြန်လို ချင်တယ် ၂ယောက်လုံး။ အခုလက်ရှိရှိနေတဲ့ အရာတွေ အကုန်လုံးကို လဲ ပြီးတော့ မှ အရင်တုန်း က ဘာမှ မရှိပဲနဲ့ အတူ တူ ဒုက္ခရင်ဆိုင်ခဲ့ ရတဲ့ အချိန်မျိုးကို ပြန် လို ချင်တယ်။



ဒီပုံလေးကနေ ကျွန်မပြောချင်တာကတော့ ပျော်နေပေမဲ့ မျက်ရည်တွေနဲ့ပါ။ သူနဲ့လောလောဆယ် အဆင်မပြေမှုတွေ ကြုံနေရပါတယ်။ (ချာတွန်၊ ၂၄နှစ်၊ ရှန်ကွန်)

Q.အဲ့လိုမျိုးကိုယ်တွေနေထိုင်ခဲ့တဲ့အချိန် ရန်ဖြစ်တဲ့ အချိန်မှာဘေးပတ်ဝန်းကျင်ကကော ကိုနေထိုင်တဲ့ အပေါ်မှာ ကောင်းကျိုးဆိုးကျိုးဘယ်လို ဝေဖန်တာရှိလည်း။

A. အဲ့ တုန်း တူတူနေမယ်ဆိုတာနစ်ယောက်တည်းမဟုတ်ဖူး။ သူငယ်ချင်းတွေနဲ့ ပေါ့၊ သူငယ်ချင်းတွေ နဲ့ တူတူနေတာ။သူငယ်ချင်းတွေ က လည်း Lesbian တွေပဲ ပေါ့။အတူ တူ နေတဲ့ အခါကျတော့ နစ်ယောက်စလုံးကို ပြောရမယ်ဆိုရင်တော့ပေါ့ ရန်မဖြစ်ဖို ဘာညာ အဲ့လိုပဲပေါ့။အဲ့လို မျိုးဝိုင်းပြီးတော့ပဲ တားကျပါတယ်။

Q. ပတ်ဝန်းကျင်ကသိလောက်အောင် ကြီးကြီးကျယ်ကျယ် ကြီးကော ဖြစ်ခဲ့လား။

A. ကြီးကြီးကျယ်ကျယ်ကြီးတော့ မဖြစ်ဖူး။

Q. ကိုယ်ထိလက်ရောက်တွေရော ဖြစ်ကြလားဗျ။

A. လက်ပါခြေပါလည်း တစ်ခါတစ်လေတော့ရှိတယ်။ ရှိတယ်ဆိုပေမဲ့ များသောအားဖြင့် ညီမ ပဲ လုပ် ဖြစ်တာ။အခု ချိန်ထိ သူ့ ဘက် က လက်ပါတာ တစ်ခါမှ မရှိဘူး။တခြား အရာတွေ အကုန် လုံး က ညီ မက သူ့ထက်ကြီးလည်းကြီးတယ်ဆိုတော့က အကုန်လုံးက အလျော့ပေးရတယ်။ ဒါပေမဲ့အဲ့နေရာမှာတော့ သူညီမ ကို အခု ချိန်ထိ အလျော့ပေးတယ်။ဘယ်တော့ မှ ပြန် မလုပ်ဖူး။လက်ဖျားနဲ့တောင် မထိဖူး။

Q. အခုလက်ရှိဖြစ်နေတဲ့ဘဝကို ဘာသာရေးအမြင်နဲ့ရော သုံးသပ်မိလားဗျ။

A. ဘာသာရေးနဲ့ ပတ်သတ်ပြီးတော့ သူများတွေကတော့ ပြောတာပေ့ါနော် ဝင့်တို့ ဘာတို ။ ညီမတို့ ကတော့ နှစ်ယောက် စလုံး ဘယ် လို ထင်လည်းဆို တော့ ဝင့်ဆိုတာ ပေ့ါလေ ဝင့်ခံနေရတယ်ဝင့်လည်နေတယ် ဆိုတာ က ကိုယ် မနှစ်သက်တဲ့အလုပ်မနေရလုပ်နေရတာမျိုး၊ ကိုယ်နေ ရတဲ့ ဘဝ မှာ ကိုယ် မပျော် ဘဲ အဲ လို မျိုးနေ နေ ရတာမျိုးကို ထင်တယ်ပေ့ါ။ပြီး ကျတော့ အခု ကျတော့ လေ ညီမ တို့ နေရတဲ့ ဘဝ ကို ပျော်ပျော် ကြီး ကိုယ့် ခံယူချက်ကို ကျေကျေ နပ်နပ် နဲ့ ခံယူထားတာလေ။ ညီမ လေ Lesbian တစ်ယောက် ဖြစ်ရတာ ကို ဂုဏ် ယူစွာနဲ့ ရပ်တည်နေခဲ့တာ။ ပျော်တယ်။ ကိုယ့် ကို ကိုယ် Lesbian ဖြစ်နေရတာ ကို ကျေ နပ်တယ်။ ဆို တော့ ညီမ ဝင့်ခံ နေရတယ် လို့တော့ မတွေး မိ ဖူးပေ့ါ နော်။ ဘာသာရေးနဲ ပတ် သက်ပြီးတော့ လည်း သိပ် ပြီးအဲ့ လို အများကြီး မပြောတက်ဖူးပေ့ါလေ။နောက်တစ်ခု ရှိတာ ကျတော့ မကောင်းတာဘာဟာလုပ် လို ဝင့်ခံ ရတယ်။ အရင် ဘဝ က သူများ သားမယား ပစ်မှား လို၊ တခြားဘာသာတွေ မှာ ကြတော့ တခြားလုံး ဝ လက်မခံနိုင် စရာ ရှိလိမ့် မယ်။ မသိဘူး။ ညီမ တို့ က ဘာသာရေးနဲ့ ပတ်သတ် ပြီး အဲ့ လောက် ကြီး မတွေးဘူး။ ဘာဖြစ် လို လည်းဆို တော့ လူ သားတွေ ကို ဘုရားသခင် က ဖန်ဆင်းထားတယ် လို ပဲ ပြော ရမှာ။ ဘု ရားသခင် အလို တူ မှ ၊ သစ်ရွက်လေး တစ် ရွက်တောင် ဘုရားသခင် အလိုတူ မှ ကြွေတယ် တယ်ဆို တော့ ညီမတို့ Lesbian ဖြစ် နေတာ သည်လည်း ဘုရားသခင် အလို ကြဖြစ်တာ လို ညီမ ကတော့ ခံ ယူတယ်။ဆိုတော့ ဂုဏ်ယူစွာနဲ့ ပဲ ရပ်တည်တယ်။

Q. သူနဲ့အတူတူနေတဲ့အခါမှာ စီးပွားရေးနဲ့ပတ်သတ်ပြီး ဘဝရှေ့ရေးနဲ့ စီးပွားရေးအတွက် စဉ်းစားမိလားဗျ။

A. စီးပွားရေးနဲ့ပတ်သတ်ပြီး အရင်တုန်းကပေ့ါနော် သူနဲ့ အတူတူCosmatic price နဲ့ ပတ်သက်ပြီး ဘာညာပြောဖြစ်တယ်။ ဒါပေမဲ့ အဲ့ဒီအချိန်မှာ အရမ်းငယ်သေးတယ်။ ငယ်သေးတော့ ရှေးရေးအတွက်မတွေးဘူးပေ့ါနော်။ ဒါပေမဲ့ အခုနောက်ပိုင်းမှာကျတော့ တွေးရတယ်။ အရမ်းတွေးရတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူရယ် သူရဲ့အိမ် ၊ ပြီးရင် ကိုယ့်ရဲ့အိမ်ရှိတယ်။ လူကြီးတွေက အသက်ကြီးလာ မှာပဲပေ့ါ။ ကိုယ်လည်းကိုယ့်ရဲ့ အိမ်ရှိတယ်။ အပေါ်မှာ သားယောက်ျားလေးရှိတယ် ဆို တော့၊ အမေက တော့ အမြဲပြောတယ်။ သားယောက်ျားလေးဆို တာ အချိန်တန် လို ရှိ ရင် သူစိမ်းဖြစ်သွားမှာပေ့ါ ။ ဆိုတော့ ညီမ က သမီးအကြီး ဖြစ်တဲ့ အတွက် အိမ် ကို ပြန်ကြည့် ရမယ့်တာ ဝန်ရှိတယ်ပေ့ါ။ အဲ့ တော့ စီးပွားရေးအတွက် စဉ်းစားထားတာ က သူ နဲ့ ညီမနဲ့ ၂ယောက်တည်း အတွက် မဟုတ်တော့ဘူး။ သူအိမ် ကိုယ်အိမ်ဆို တာ မျူးလည်းပါလာ ပြီ ဆိုတော့ သေးသေး လေးစဉ်းစားလို့မရဘူး။အ ကြီးကြီးစဉ်းစားရတာ မျိုးတွေရှိတယ်။အရင် တုန်း ကပေ့ါ နော် ကိုယ့်ကို ကိုယ် သေချာ မသိဘူး။ ဘာကို ဝါသနာ ပါ လို ဘာ လုပ်ချင်လည်း သေချာ မသိဘူး။

ငယ် ငယ်နဲ့ တော့ ဒီ အလှ အပ နဲ့ ပတ်သတ်တာတွေ၊ဒီ Fashion Designer တွေ ၊ မိတ်ကပ် ပြင်တာ တို့ အဲ့လိုမျိုးတွေ ဝါသနာပါခဲ့တယ်ပေါ့။ အိမ်ကို လည်း ပြောတယ်။ ဒါပေ မဲ့ လက် မခံ ခဲ့ ဘူး။ အိမ်က ကျတော့ အလုပ်တစ်ခု လို မမြင် ဘူးလေ။ ဆိုတဲ့ အခါ ကျတော့ လက်မခံဘူး။ လက်မခံတော့ ကိုယ် ဝါသနာ လုံးဝမပါ တဲ့ စာရင်းကိုင်သင်တန်းတို့ ဘာတို လို မျိုးတက်ခိုင်းတယ်။ အိမ်ကို မလွန်ဆန်နိုင်တဲ့ အခါမှာ တက်ခဲ့ တယ်။ တက်ခဲ့တဲ့ အခါကြတော့ ကိုယ်ဝါသနာမပါတဲ့ အလုပ်ဆို တော့ ပြောမယ်ဆို ရင် မဖြစ်ထွန်းဘူး။ ဒါပေမဲ့ နောက်ဆုံးမှာ ကိုယ်တ ကယ်လျောက်ချင်တဲ့ လမ်းကို ရလာတဲ့ အခါမှာပေးလျောက်တယ်။ အခု ကစပြီးတော့ လျောက်ခါစပေါ့။ဆိုတော့ ရှေ့ဆက် ပြီးတော့ သူရယ် ကိုယ်ရယ် ၂ယောက် အပြင် ကိုယ့်ရဲ့ မိဘဆိုတာ ကို ထည့်ထားတယ်။

Q. ပတ်ဝန်းကျင်အသိုင်းအဝိုင်းက လိင်တူချစ်သူတွေကို လှောင်ပြောင်တဲ့အပေါ်မှာ မလှောင်ပြောင်ဖို့ ဘယ်လိုမျိုးပြောချင်သလဲဗျ။

A. လူကိုလူလိုပဲမြင်စေချင်ပါတယ်။ ဘာသာ အသားအရောင်မတူလို့ ခွဲခြားမှုတွေမရှိစေချင်ပါဘူး။ လူသားအားလုံးဟာ တန်းတူအခွင့်အရေးရှိပါတယ်။ အဲ့ဒါကြောင့် မလှောင်ပြောင်ကြဖို့ မေတ္တာရပ်ခံချင်ပါတယ်။

Q. ဘဝမှာ အမှတ်တရဖြစ်ခဲ့တဲ့ အကြောင်းအရာလေးတွေ၊ ဒါမှ မဟုတ် ပစ္စည်းလေးတွေ အဲဒါလေးတွေ ကို ကျတော် တို့ က ဓာတ် ပုံ ရိုက်ယူထားမှာ။ ပြီးရင် အဲ့ ဟာရဲ့ အကြောင်းလေးတွေ ကို Post Card လေးတွေ ထုတ် မယ်။ ထုတ် ပြီး ရင် ပြသ ထားမယ်။ အဲ့ အတွက် အဲလို မျိုး ကိုယ့်ဘဝ မှာ ဘယ် လို မျိုး အမှတ် တရလေး တွေ ရှိလည်း။ရှိရင် ပြော ပြပေးပါ။

A. အမှတ် တရ ဆို လို ရှိ ရင် ပစ္စည်း သူ နဲ့ ပတ် သတ် ပြီးတော့ ဖုန်းတစ် လုံး ရှိတယ်။ ဖုန်းတစ်လုံးဆို Samsaung Galaxy Mini လေး။ ခု န က ပြော သလို မျိုးပဲ အတူ တူ နေတဲ့ အချိန်တုန်း က အရမ်းကို ခက်ခဲခဲ့ တယ်။အ ရမ်းခက်ခဲခဲ့ တဲ့ အခါ ကျတော့ ကိုယ် တွေ ဆီ မှာ ရှိတဲ့ ဖုန်းတွေ ဆို ရင် လည်း လွင့် ပစ်တာ မျိုးတွေ ပေါက်ပစ်တာ မျိုးတွေ အဲ့ လို မျိုးတွေ ဖြစ်တဲ့ အဆင့် ထိ ကို ရောက် တယ်။ အဲ့ ဒီ အချိန် တုန်းက ဆို ရင် ညီ မတို့ နှစ်ယောက်ပေါင်း မှ Samsaung Galaxy Mini လေးတစ်လုံး နဲ့ အချိန်တွေ တော်တော် အကြာ ကြီး နေခဲ့ ရတာ။ အဲ့ ဖုန်းကို မြင်တိုင်း နှစ်ယောက် အတူ တူ ဖြတ်ကျော်ခဲ့ ရတဲ့ အခက် အခဲ တွေ ခက်ခဲတယ်ဆို ပေ မဲ့ တကယ် ကို ပျော် စရာကောင်းခဲ့ တယ်၊ တကယ် ကို ပျော် ခဲ့ တဲ့ အချိန်တွေ ပေါ့၊ အဲ့ ဒီ အချိန်တွေ ကို အမှတ် ရစေတဲ့ အတွက် အဲ့ ဒီ ဖုန်းက အမှတ် တရပဲ။

Q. ကိုယ့်အနေနဲ့ ဒီ Interview လာတဲ့ အချိန်မှာ ဖြစ်တဲ့ ခံစားချက်လေး ကို ပြော ကြ ပေးပါ။

A. ဘယ် လို ပြော မလည်း။ ပျော်တယ် လို ပြော ရမှာ ပေါ့။ ကိုယ့်ရဲ့ အကြောင်းတွေ၊ ကိုယ့် ရဲ့ ခံစားချက်တွေ အဲ့ လို မျိုး ချ ပြရတဲ့ အခါ ကျလေ ရင်ဖွင့်.သလို မျိုး လည်း ဖြစ်တယ်။ သိစေ ချင်တယ်လေ။ လူ တွေ က များသောအားဖြင့် Complain လုပ်တယ်ဆို တာ မျိုးက မသိ လို လုပ် ကြတာလေ။ ကိုယ်တွေ LGBT အသိုင်းအဝိုင်းဆို တဲ့ အကြောင်းကို သူ တို ့သိ ရင် လူ တွေ က ဘယ် လို စိတ် ဓာတ်ရှိလည်း၊ ဘယ် လို နေထိုင် ခဲ့ ရလည်း သူတို့ သိမသိ လို့ ပုတ်ခတ် ကျတာလေ။ ကိုယ်တွေ ဘယ် လို ပြု မူ နေထိုင် လည်း စတာတွေ ကို သူတို့ သိ အောင် လို့ ထုတ်ပြောခွင့်ရတဲ့ အတွက် ပျော် ပါ တယ်။

Q.နောက်ဆုံးမေးခွန်းလေးတစ်ခု က ညီမ က မိတ် ကပ်ပညာကို ဝါသနာ လည်းပါတယ်၊ အခြေခံလည်းရှိတယ်ဆို တော့ ဒီ ဟာတွေ ကို ဘယ် လို မျိုးစိတ်နဲ့ ဖန်တီးနိုင်တယ် လို့ ထင်လည်း။

A. ဖန်တီးနိုင်တယ် လို တော့ မဟုတ် ဖူးပေါ့နော်။ ပျော် ရမယ် ဆို ငယ် ငယ် ကလေးကတည်း က ဝါ သနာ ပါတယ်။ ငယ်ငယ် လေးတည်း က လည်း သူများ ကို လှ သွားအောင် လုပ်ပေးရတာ မျိုးဆို ရင် အရမ်းဝါသနာ ပါတယ်။ ဟို ကိုယ် ပြင်ပေးလိုက် လို မှ အရမ်း လှသွားတယ်ဆို ရင် အရမ်းကျေနပ်တယ်။ နောက်တစ်ခု က ကိုယ် ဟာ ကိုယ်ကျေနပ်တာ ထပ် ကို လေ ပြင်ပေး ခံ ရတဲ့ သူ က အဲ့ လို မျိုး ကိုယ် ပြင်ပေး လိုက် လို ့သူ အရမ်း လှသွားတယ်၊ သူ အရမ်းပျော်သွားတယ် ဆို ရင် အရမ်းစိတ် ချမ်းသာ တယ်။

Q. ကိုယ် က လိင် တူ ချစ်သူ တစ် ယောက် အနေ နဲ့ Tomboy လို ခေါ်ရင် ဒါမှ မဟုတ် အမ လို ခေါ်ရတာ ကြိုက် လား၊ အကို လို ခေါ်တာ ကြိုက်လား။ဘယ် လို မျိုးလေး က ကိုယ့် အတွက် အဆင် ပြေမယ် လို ထင်လည်း။

A. ညီ မပေါ့။ ဘာ လို လည်းဆို တော့ ပုံစံ က လည်း မိန်း မ ပုံ လေ။ ဒါ ပေမဲ့ ဘယ် လို မှ မဖြစ်ဖူး။ ဘယ် လို ပဲ ခေါ်ခေါ် အဆင်ပြေတယ်။ ဘာ လို လည်းဆို တော့ ဒါက နာမ်စားသက်သက် ပဲ လေ။ အမ တွေ အကို တွေ မှ မဟုတ် ဖူး။ Gay လို့ ခေါ်လည်း ရတယ်။ ဘာ မှ မဖြစ်ဘူး။

---

## ၁၆။မမေ (61) ရန်ကုန်မြို့



(1)

ကျမနာမည်က မမေစိုးလို့ခေါ်ပါတယ်။ အသက်ကတော့ ၆၁ နှစ်ရှိပါပြီ။ ကျမရဲ့ဇာတိကတော့ မြိတ်ဇာတိဖြစ်ပါတယ်။ ကျမကိုယ်တိုင် မိန်းကလေး မိန်းကလေးတစ်ယောက်လိုပဲ သတ်မှတ်ထားပါတယ်။ ကျမငယ်ငယ်တုန်းကတော့ပေါ့နော်၊ အခြောက်မဆိုပြီးတော့ ခွဲခြားမှု့တွေနဲ့ကြီးပြင်းခဲ့ရပါတယ်။ အဲဒီတော့ ကျမကအရမ်းကြိုးစားခဲ့ရပါတယ် ။ ပညာရေးမှာတော့ ဘွဲ့ရသည်အထိကြိုးစားခဲ့ပြီး P.hd ရခဲ့ပါတယ် ၊ ပြီးမှ ပညာရေးလောကထဲကိုဝယ်ပြီး ပညာရေးဌာနမှာ ကျောင်းဆရာဝင်လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ ဘယ်လောက်ပဲ ပညာတက်သည်ဖြစ်စေ အခြောက်မဆိုပြီး ပုတ်ခတ်ခံရပါတယ်။


P.hd ရပြီးမှ မူလတန်းပြ အလယ်တန်းပြ အထက်တန်းပြ အဆင့်ဆင့်ဖြတ်ကျော်ပြီး B.ed ဘွဲ့ကိုထက်ရခဲ့တယ် ၊ အဲ့ကမှတဆင့် အထက်ကျောင်းအုပ်ဘဝနဲ့တနင်္သာရီတိုင်းဘက်ကိုပြောင်းရွှေ့ခဲ့ပါတယ် ။ ကျမရဲ့ဘဝကို ပညာရေးလောကမှာပဲနှစ်မြှုပ်ထားပါတယ်။ ၂၀၀၁ ခုနှစ်မှာ နှလုံးသွေးကြောကျဉ်းရောဂါကြောင့် ဆေးပင်စင်ယူခဲ့ပြီးတော့ အပြင်မှာ ပရဟိတပညာသင်ကျောင်းမှာ ကျောင်းအုပ်လုပ်ပါတယ်။ကျမဘဝမှာတော့ နှုတ်နဲ့ အကြမ်းဖက်မှု့တွေကတော့ ခဏခဏကြုံရပါတယ်။ ဘယ်လောက်ဘဲပညာတက်ပါစေ အခြောက်ဆိုရင် ခွဲ့ခြားမှု့တွေကတော့ ကြုံခဲ့ရပါတယ်။ အခြောက်မစာသင်တဲ့ကျောင်းမှာ စာသွားသင်ရင် ကလေးတွေအားလုံး အခြောက်ဖြစ်ကုန်လိမ့်မယ်ပေါ့နော်၊ ဟန့်တားမှုတွေတောင်ရှိပါတယ်။ ဒါပေမဲ့လည်း ကျမက ကျမရဲ့ပညာအရည်အချင်းနဲ့တည်တည်တန့်တန့်နေတယ်။ ကျမက ယဉ်ကျေးမှု့တက္ကသိုလ်ကဘွဲ့ရခဲ့တော့ ပညာရေးဌာနနဲ့ပတ်ဝန်းကျင်ကလူတွေက ကျမကိုလေးစားကျပါတယ်။

ကျမရဲ့မိသားစုကတော့ သိပ်မကြိုက်ကျပါဘူး ၊ ကျမဘွဲ့ရတော့ ကျောင်းဆရာဝင်လုပ်ရင်းနဲ့ ကပွဲတွေရှိရင် မိန်းမလိုဝတ်ပြီး လိုက်ကပါတယ်။ အဲဒီတော့ အမေက ပတ်ဝန်းကျင်နဲ့လိုက်လျောညီထွေဖြစ်အောင် မနေတက်ဘူး စသဖြင့် ဆူပါတယ်။အဖေကတော့ ကျမကိုယ်ရာမှာ ကျမအတွက်စကားများပါတယ်။ အဖေကလည်း ဌာန ဆိုင်ရာလူကြီးတစ်ယောက်ဖြစ်နေတော့ သူ့ပတ်ဝန်းကျင်ကလူတွေရဲ့ ဝေဖန်မှု့တွေကြောင့် အရမ်းကိုစိတ်သောက ရောက်ရပါတယ်။ အမေကလဲ ဆူပါတယ်။ ဒါပေမဲ့ကျမ အပြုံးမပျက်ဘဲ တည်တည်တံတံ ကြိုးစားပြီး နေထိုင်ခဲ့ပါတယ်။ ကျမရဲ့ အမူအကျင့် နဲ့ဂုဏ်သိက္ခာကြောင့် မိဘတွေရဲ့ယုံကြည်မှု့ကိုရခဲ့ပါတယ်။

ကျမရဲ့ဘဝမှာ လိင်မှု့ကိစ္စနဲ့ပတ်သတ်ပြီးတော့ အကြမ်းဖက်မှု့ကြုံခဲ့ရပါတယ်။ အခြောက်မကို ဒီလိုလုပ်လို့ရတယ်လို့လူတွေကထင်နေပုံရပါတယ်။

ကျမပွင့်ပွင့်လင်းလင်းပြောရရင် ကျမကျေးရွာတစ်ရွာမှာ တာဝန်ကျနေတဲ့အချိန် ၁၉၈၈ အရေးအခင်းမှာ လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုရဲ့ ပေါ်တာဆွဲတဲ ့အချိန်မှာပါသွားတယ်။ ကျမကလည်း အခြောက်မဆိုတော့ အလုပ်ကြမ်းမလုပ်နိုင်တော့ မလုပ်နိုင်းဘဲ တပ်ကြပ်တစ်ယောက်အနားမှာ ခေါ်ထားပါတယ်။ တစ်ညတော့ သူတို ့သောက်စားမူးယစ်ပြီး အနိုင်ကျင့်စော်ကားခြင်းကို ခံခဲ ့ရပါတယ် ၊ ကျမဘဝရဲ ့အကြီးမားဆုံးသော အမဲစက်နာကျင်ခံစားမှုတစ်ခု ဒီနေ့အထိမမေ့နိုင်တဲ ့အရာတစ်ခုပါ။ ကျမကို တပ်စိတ်တစ်စိတ် (၁၆)ယောက်လောက်ဝိုင်းပြီး အနိုင်ကျင့်ခံလိုက်ရတာပါ။

အခုဆိုရင် ကျမဘဝကို ဂုဏ်သိက္ခာရှိတဲ့ ကျောင်းအုပ်ဆရာမကြီးတစ်ယောက်အဖြစ် ရပ်တည်နေနိုင်ပြီဖြစ်တဲ ့အတွက်ကျမရဲ့ ဆွေမျိုးများကလဲ နားလည်ယုံကြည်ပေးကြပါပြီ။ ကျမရဲ ့ဘဝနာကျည်းစရာတွေကို အမှတ်ရမနေပဲ မေ့ပစ်ပြီး စိတ်ကိုပေါ့ပေါ့ပါးပါးပဲ နေပါတယ်။ ကျမက ငယ်ငယ်ထဲက ပညာရေးဆရာမနဲ ့အနုပညာကိုအရမ်းဝါသနာပါ ပါတယ်။ ငယ်ငယ်ကမန္တလေးမနပ်အဂ္ဂယ် ကပွဲတစ်ခု မှာတွေပြီး ချစ်သူတစ်ယောက်နဲ ့ဆုံခဲ့ပါတယ်။ အဲဒီလိုနဲ ့ လူသိထင်ရှားတွဲတာ (၆)လလောက်အကြာမှာ ပတ်ဝန်းကျင်ရဲ ့ ရိုက်ခတ်မှု ့ဒဏ်ကြောင့်သူနဲ ့လမ်းခွဲလိုက်ရပါတယ်။ ပထမဆုံးအချစ်ဆိုတော့ အရမ်းခံစားခဲ့ရပါတယ် ။ကျမရဲ ့မာနနဲ ့သူ ့ကိုမေ ့နိုင်အောင်ကြိုးစားခဲ့ပါတယ်။ တန်ဆောင်တိုင်မှာပြန်တွေ ့ပြီးရင်းနှီးခဲ့ပေမဲ ့ကျမရာထူးတိုးအပြောင်းအရွှေ ့ကြောင့် သူနဲ ့တကယ်ကိုဝေးခဲ့ပါတယ်။ ကျမဇာတိပြန်ရင်တော့ တွေ ့ပေမဲ ့အရင်ကလိုတော့ မရင်းနှီးတော့ပါဘူး ၊ အခုဆိုသူလည်း အိမ်ထောင်ကျလို့ ကလေးတွေ မြေးတွေတောင်ရနေပါပြီ။ ကျမ အခုဆို ချစ်သူမထားတော့ပါဘူး ။



မမေကတော့လေဘဝကို ဘယ်လိုအခက်အခဲတွေပဲရှိရှိ အပြုံးလေးနဲ့ပဲဖြတ်သန်းခဲ့ပါတယ်။(မမေ၊ ၆၁နှစ်၊ ဒလမြို့)

ကျမက ငယ်ငယ်လေးထဲက အရမ်းကြိုးစားခဲ့ရပြီး တည်တည်ကြည်ကြည်နေခဲ့ရပါတယ်။ ခုခေတ်ကလေးတွေကတော့ အရမ်းပွင့်လင်းလွန်းနေပါပြီ။ ဂုဏ်သိက္ခာတွေမစောင့်ထိမ်းကြတော့ဘူးလို ့ ကျမမြင်ပါတယ်။ ကျမအနေနဲ ့ပြောချင်တာက Gay တွေ Transgender တွေကို အကျင့်စာရိတ္တတွေကောင်းမွန်စေချင်ပါတယ်။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးတော့ မပုတ်စေချင်ပါဘူး။ မကောင်းတဲ့ gay တစ်ယောက်ကြောင့် ကျမတို့ရဲ့ LGBT Community တစ်ခုလုံးကိုမကောင်း မမြင်စေချင်ပါဘူး။ Gay တွေအများစုကြုံတွေ ့နေရတဲ့အမှု ့တွေကတော့ မှောင်ရိပ်ခိုမှု့တွေအများစုပါ။ ပြီးတော့ ခိုးမှု့တွေပါ။ ကျမအနေနဲ့ကတော့ LGBT တွေကိုပညာတက်ကြီးတွေ ဖြစ်ပြီး တည်တည်တံတံ ဂုဏ်သိက္ခာရှိရှိ နေစေချင်ပါတယ်။ အခြောက်မတွေကို ညဘက်မှာ အုပ်စုဖွဲ ့ပြီးရမ်းကားတာတွေနောက်ယှက်တာတွေ မလုပ်စေချင်ပါဘူး။ ကျမအနေနဲ့ကတော့ အခုလက်ရှိဒေါ်အောင်ဆန်းစုကြည် ရဲ့ပညာ ဒါန ပညာရေးကွန်ယက်တစ်ခုမှာ ကျောင်းအုပ်လုပ်နေပါတယ်။ ကလေးတွေကို sex သာယာမှု ့နောက်တစ်ခုကိုဘဲ မလိုက်မိအောင် တက်စွမ်းသမျှ သင်ကြားပေးပါတယ်။ သူတို ့ရဲ ့အနာဂတ်ဘဝလေးတွေကို သာယာစေချင်ပါတယ်။ ကျမရဲ့ဘဝကို ပရဟိတအလုပ်တွေနဲ့ဖြတ်သန်းပါတော့မယ်။

## ၁၇။ ဟန်နီ (၂၁) မော်လမြိုင်



Q. မင်္ဂလာပါ ပထမဦးဆုံး နာမည်နဲ့ အသက်ကို မိတ်ဆက်ပေးပါ။

A. ဟုတ်ကဲ့ မင်္ဂလာပါ ။ နာမည်က ဟန်နီ ပါ အသက်ကတော့ ၂၁ နှစ်ပါ ။

Q. ကိုယ် ကိုကိုယ် လိင်စိတ် ဘယ်လိုခံယူထားပါသလဲ ။

A. ဟုတ်ကဲ့ ကိုယ့်ကိုကိုယ် ယောကျာ်းလေးတစ်ယောက်လို့ ခံယူထားပါတယ်။ ယောကျာ်းလေးတစ်ယောက်ရဲ့ စိတ်ခံစားမှုနဲ့ အသက်ရှင်နေပါတယ်။

Q. ဘယ်အရွယ်လောက်က စသိပါသလဲ ခင်ဗျ ။

A. ဘယ်အရွယ်လောက်က စသိလဲ ဆိုတော့ ကျနော် ဆယ်တန်းဆိုတော့ ၁၆ နှစ်လောက်က စသိတာပါ ။

Q. စသိတဲ့ အချိန်မှာရော ကိုယ့် မိသားစု ပတ်ဝန်းကျင် အပေါင်းအသင်းနဲ့ ဆက်ဆံရေးပြေလည်ရဲ့လား ခင်ဗျ။

A. အဆင်ပြေမှုရှိလားဆိုတော့ ရှိတယ်ပဲပြောရမှာပေါ့နော် ။ ဘာဖြစ်လို့လဲ ဆိုတော့ ကျနော်က ယောကျာ်းလေးဆိုရင် လုံးဝကို စိတ်မဝင်စားတာပေါ့။ ကျနော်တွဲမယ်ဆိုလဲ မိန်းကလေးပဲတွဲတယ်လေ ။ အခု ကျနော်တွဲတဲ့ ကောင်မလေးဆိုလို့ရှိရင် ၅ နှစ်ကျော်လောက်ရှိပြီပေါ့။ ဘာဖြစ်လို့အဲ့လောက်ကြာအောင်တွဲလဲ ဆိုတော့ နံပါတ်၁ သူငယ်ချင်းလို တိုင်ပင်လို့ရတယ် နံပါတ် ၂ အချက်က ကျနော့် မိသားစုရေးရာ အဆင်မပြေတဲ့ အခါ သူက အမတစ်ယောက်လို ညီမတစ်ယောက်လို ကျနော့် အနားနေပေးနိုင်တယ် နံပါတ်၃

အချက်ကကြတော့ အခု ကျနော် အိမ်မှာ အဆင်မပြေဖူးဗျာ အဲ့တော့ သူ့ဆီမှာ သွားနေတယ် နေတဲ့အခါ လိုလေသေးမရှိ သူ့မိဘက အစ ကျနော့် အပေါ်ကို သမီးတစ်ယောက်လို ထားတယ် ။ အဲ့လိုခံစားမှုတွေက တကယ့်တကယ်နောက်ပိုင်း ကျနော်က သူ့အပေါ် မချစ်ဖူး မဟုတ်ဖူး ချစ်တယ်ပေါ့ဗျာ သံယောဇဉ်က ပိုတယ်ပေါ့ဗျာ တကယ်လိုနောက်ပိုင်း သူယောကျ်ားယူရင်တောင် ယူပေါ့ ကိုယ့်ထက်သာတာတွေ့ရင်ယူစေ ချင်တယ်ပေါ့ဗျာ ။ သူ့ကိုလဲ အဲ့လိုပြောပြတယ် ပြောပြတယ်အခါကျရင် သူက ငါအဲ့လိုအိမ်ထောင်ပြုလိုက်ရင် နင်ဘယ်သူနဲ့နေမှာလဲ အဲ့မေးခွန်းကို ပြန်မေးတယ်။ အဲ့အခါကျရင်တော့ ကိုယ်ကသူ့ကို ပြန်ရှင်းပြရတယ် မိန်းကလေးဆိုတာ များသောအားဖြင့် လင်ယူသားမွေးလုပ်ချင်ကြတယ် ။ မိသားစုတစ်ခု ကိုတည်ဆောက်ချင်ကြတာ များတယ်လေ။ Tom သီးသန့်ကြိုက်တဲ့ မိန်းကလေးလဲ ရှိမယ် ယောကျ်ားကို သီးသန့်ကြိုက်တဲ့ မိန်းကလေးလဲ ရှိတယ်။ Tom ကို သီးသန့်ကြိုက်တဲ့ မိန်းကလေးဆိုတာရှားတယ်လေ။ Tom သီးသန့်ကြိုက်တဲ့ မိန်းကလေးမျိုးက နားလည်ပေးကြတယ် ပြီးတော့ အရမ်းလဲ ချစ်တက်တယ် ။ တွေ့ဖူးတယ် အခုလက်ရှိလဲ သူငယ်ချင်းတွေကြားထဲမှာပေါ့ ဒါပေမဲ့ ကျနော်ပြောချင်တာက သူတို့ Tom တွေကိုကြိုက်ပေမဲ့ သူတို့ဘဝ အခက်အခဲ ဘာမှဖြစ်မသွားဘူးလေ ။ အစစ အရာရာ ကူညီပေးနိုင်မယ် တကယ်လို့သူမှားနေရင်တောင်မှ

ကိုယ်က ငယ်နေပါစေ ဒါမှမဟုတ်ကြီးနေပါစေ ဆိုဆုံးမ ပေးနိုင်တယ်ပေါ့နော် ပြီးတော့ တိုင်ပင်ပေးနိုင်ပါတယ်။ ကျနော်မှားနေရင်လဲ သူကျနော်ကိုပြောမယ် သူမှားနေရင်လဲ ကျနော်သူ့ကိုပြောမယ် ပေါ့ဗျာ ။ ဒါပေမဲ့ ကျနော်တို့ Tom တွေက တစ်ချို့ကိုပြောတာနော် သူတို့ က MSM တွေအပေါ် နားလည်ထားတာက ယောကျ်ားယောကျ်ား အချင်းချင်းကြီး ကြိုက်တာ ရှက်စရာကြီး ဆိုပြီးတော့ ပြောကြတယ် ။ ဒါတွေက မှားနေတာပေါ့နော် သူတို့လဲ ကိုယ်တွေလိုပဲ ဖြစ်တာပါ သူတို့ဒါမျိုးကို ဟိုဟာလုပ်ခဲ့လို့ဆိုတဲ့ ဝဋ်ကြွေးလဲ ပါလို့ မဟုတ်ဘူး လူတစ်ယောက်ရဲ့ စိတ်က ဖြစ်တည်နေမှုကို နားလည်ပေးနိုင်ရမယ် ။ တစ်ချို့ မိန်းမယူပြီးသားတွေလဲ တွေ့ရတယ် ပုန်းနေတာပေါ့ဗျာ ။ ဘာဖြစ်လို့သိလဲဆိုတော့ ကျနော်က အရင်တုံးက ကိုးတန်းဆယ်တန်းလောက်က ကွမ်းယာရောင်းတယ် ။ ကွမ်းယာ ဆိုင်မှာ ညလုံးပေါက် ထိုင်ရောင်းရတာပေါ့ ။ အဖေကလဲ မရှိတော့ဘူး စီးပွားရေးကလဲ အဆင်မပြေတော့ဘူးဆိုတော့ ကျနော် အဲ့လိုကွမ်းယာရောင်းခဲ့တယ် ။ အဲ့မှာ ကျနော် လူပေါင်းစုံနဲ့တွေ့ရတာ ပေါ့ဗျာ ။ အခြောက် နဲ့လဲ ပေါင်းတယ် အရက်သမားဆေးသမား ဖဲသမား စတဲ့ လူတွေနဲ့ အကုန်ပေါင်းတယ်။ အကုန်လုံးနဲ့ပေါင်းပေမဲ့ ဆွဲဆောင်မှု့တော့ ဘာမှ မရှိခဲ့ဘူးလေ။ ဘယ်လိုပဲ ဖြစ်ဖြစ် ကျနော် မိန်းမလျှာတွေ အပေါ်လဲ နားလည်ပေးတယ်။ ပြီးတော့ ပွင့်ပွင့်လင်းလင်း

သူငယ်ချင်းတစ်ယောက်ရှိတယ် သူတို့ကို အမြဲပြောပြတယ်။ သူတို့ ကိုယ်ကို့ ဆဲသွားရင်တောင်စိတ်မဆိုးဖူး။ ကိုယ်က သူတို့ကို ဆဲသွားလဲ စိတ်မဆိုးဘူးလေ ။ သူတို့တွေက ကြတော့ သူတို့ကိုယ်သူတို့ မိန်းကလေးလို့ခံစားပြီးတော့ ယောကျာ်းလေးတစ်ယောက်ကို လိုက်ကြိုက်ကြတယ်။ ဒါပေမဲ့ အဲ့ယောကျာ်းလေးတွေကကျတော့ ပိုက်စံမက်ပြီးတော့ ပြန်ပြီး ချည်းကပ်တာမျိုးတွေ ရှိတယ်။ တစ်ကယ် ချစ်မြတ်နိုးတယ်ဆိုတာ တော်တော်ကျားတယ် ။ အခုသူငယ်ချင်းတွေတော်တော်များများလဲ ဖြစ်နေကြတာကိုတွေ့ရတယ်။ ဒီအလုပ်မှာ ရောက်တော့ ပိုသိရတယ်။ အခု ဒီအလုပ်ဆိုရင် ကျနော်တို့နဲ့ မအပ်စပ်ဘူးလေ အမှန်တော့လေ။ ဒါပေမဲ့ ကျနော် အရမ်းစိတ်ဝင်စားတယ်လေ။ အရမ်းကိုလုပ်ချင်တယ် ဒါကြောင့် ကျနော်ကို အလုပ်ခန့်တော့ တော်တော်ပျော်သွားတာပေါ့ ။ အလုပ်စဝင်တော့လဲ သူတို့ကမေးတာပေါ့ လိင်ဆက်ဆံမှု လုပ်ဖူးလားပေါ့နော် ။ ကိုယ်ကလဲ အလုပ်လိုချင်တော့ လိမ်ခဲ့တာပေါ့နော်။ အကြောင်းမဲ့ တော့ မဟုတ်ဘူးပေါ့နော် ။ အရမ်းစိတ်ဝင်စား တာပေါ့။ အခုဆိုကျန်းမာရေး အတွက် အလုပ်လုပ်ရတာပေါ့နော် ။ နောက်တစ်ခုကကြတော့ မြန်မာနိုင်ငံ ရန်ကုန်မှာတဲ့ Colour Rainbow ဆိုတာရှိတယ်တဲ့ အဲ့မှာဆိုရင် ကျနော်တို့လိုလူတေါ် အတွက် ပိုပြီးသင့်တော်တယ် လိုပြောကြတယ် ။ တကယ်လဲ အဲလိုနေရာမျိုးတွေမှာ အလုပ်ရချင်ပါတယ်။ အခုအလုပ်ဆို ဆေးစစ်ဖို့ အတွက် လိုက်ခေါ်ရတာပေါ့နော် အဲ့လိုဆိုတော့လေ တော်တော့်ကို လူတွေအကြောင်းသိလာရတာပေါ့နော်။ ကိုယ်ဘေးနားမှာတင် ပေါ့နော် sex worker တွေကဈေးထိုင် ညှိနေကြတာမျိုးတွေ မြင်ရတဲ့ အခါ အရမ်း ရှက်တာပေါ့နော် ။ တစ်ခါမှ မကြုံဖူးတော့လေ။ မိန်းကလေးစိတ်ဝင် သွားတာတော့ မဟုတ်ဖူးပေါ့နော် ။ အဲ့လိုပြောတာတွေ တစ်ခါမှ အနားမှာပြောတာမကြုံဖူးတာပါ။

Q. ငယ်ငယ်ထဲက ဘ၀ ဖြတ်သန်းမှု အကြောင်းလေးကိုပြောပြပေးပါလား။

A. ငယ်ငယ်ထဲက အကြောင်းကိုပြောရမယ်ဆိုရင်တော့ မောင်နမက ငါးယောက်ရှိပါတယ် ။ ဒါပေမဲ့ ကျနော်က ဘယ်သူနဲ့မှ မတူဘူးပေါ့နော်။ ကျနော်က အားကစားကိုအရမ်းဝါသနာပါတယ် ။အထူးသဖြင့်တော့ ဘောလုံးကန်တာကို အရမ်းဝါသနာပါတယ်။ အိမ်ကလူတွေက အားပေးမယ် ဆိုရင်တောင် သူတို့ဆီမှာလဲ သူတို့မိသားစုနဲ့ ဆိုတော့ ဒုက္ခမပေးတော့ဘူးပေါ့ဗျာ ။ အခုချိန်ထိလဲ ကျနော်ဘယ်သူ့ကိုမှ ဒုက္ခ မပေးပါဘူး။ ငယ်တဲ့ အချိန်ကနေ အခုချိန်ထိပေါ့နော် ဒါလေးဝယ်ပေးပါ ဟိုဟာလေးဝယ်ပေးပါလို့ တောင်းခံခြင်းမရှိဘူး။ ကိုယ့်ဘာသာကိုယ် မုန့်ဖိုးလေးတွေစုတယ် ပြီးတော့ ဝယ်တယ် ။အမျိုးမျိုးပေါ့နော် အိမ်ကတော့ ကျောင်းမုန့်ဖိုးတော့ ကျနော်တောင်းပါတယ်။ ပြီးမှ မုန့်မစားဘဲ ဝယ်တာပေါ့နော်။ အိမ်က အကိုအမတွေဆီကလဲ ကျနော်

မုန့်ဖိုးတောင်းတာမျိုးမရှိဘူး။ ငယ်ငယ်တုန်းက အကြောင်းကိုပြောရမယ်ဆိုရင်တော့ တော်တော်စိတ်ဆင်းရဲစရာ ကောင်းတာပေါ့နော်။ ငွေရေးကြေးရေး ကိစ္စကလွဲရင် ကျနော်မှာက အားလုံးစိတ်ချမ်းသာရပါတယ်။ ကျနော်က လူတိုင်းကိုခင်တက်တယ် ပေါင်းတယ် ကိုယ့်ထက် အများကြီး နိမ့်ကျပါတယ်ဆိုတဲ့ လူတွေကိုတောင် အကိုတန်သည် အကို အမ တန်သည် အမပေါ့နော် ။ ဘယ်လိုပဲ ဖြစ်ဖြစ် သူများတွေကို အထက်စီးကနေ မဆက်ဆံတက်ဘူးပေါ့ဗျာ ။ ကျနော်ဖြတ်သန်းလာရတာက အမေဆိုရင် အသက် ၆၀ ကျော်ပြီ ၊ ကျနော့် အမတွေ အကိုတွေက ကျနော့်ထက် အသက်အများကြီး ကြီးတယ်။ ကျနော့် အထက်က အကိုတောင် ကျနော့် ထက် ၁၆ နှစ်ကြီးတယ် ဆိုပေမဲ့ ကျနော်က အိမ်မှာ တစ်မိပေါက် တစ်ယောက်ထွန်းဖြစ်နေတယ် ကျနော်လုပ်ချင်တာကို ကျနော် စဉ်းစားတယ် တွေးတောတယ် ။ တိုင်ပင်စရာရှိရင် ကျနော့်ကောင်မလေးနဲ့ တိုင်ပင်တယ် ။ အခုရက်ပိုင်းအတွင်းတော့ ကျနော်က အိမ်မှာနေတာနည်းတယ် ။ အမေကလဲ သူမြေးတွေကခေါ်တာ နဲ့ သူ့မြေးတွေနဲ့ သွားနေတယ်။ အဲ့တော့ ကောင်မလေးနဲ့ ပဲ နေဖြစ်တယ် ။အခုဆို ငါးနှစ်ကျော်ပြီပေါ့ ။

Q. ငါးနှစ်တောင်ကြာပြီဆိုတော့ နှစ်ယောက်ကြားဆက်ဆံရေးကို ဘယ်လိုတည်ဆောက်ခဲ့လဲ ။

A. ဘယ်လိုလဲဆိုတော့ စ,စတွဲ ချင်းတုံးကတော့ ကျနော်ဆိုးခဲ့တယ်ဗျ ။သူလဲ အရမ်းသည်းခံခဲ့တယ်လေ ။နောက်ပိုင်းကျတော့ သူမလုပ်ခိုင်းတာကို ကျနော် မလုပ်တော့ဘူး ရအောင် ဖြတ်ခဲ့တာပေါ့နော် ။နောက်တဖြည်းဖြည်းနဲ့ နားလည်မှုကို ရအောင်ယူခဲ့တာပေါ့နော် ။ အဲ့လိုယူထားတဲ့ ကြားထဲကနေပြီးတော့ အခုလမ်းထွက် လမ်းမှာရန်ဖြစ်တယ်။ တစ်ချို့ သူငယ်ချင်း မိန်းကလေးတွေနဲ့ ဆိုစကားမပြောရတော့ဖူး သူက မကြိုက်ဖူးပေါ့နော်။ နောက်ပိုင်းကျတော့ သူငယ်ချင်းတွေနဲ့တောင် အဆက်အသွယ်ပျက်လာတာပေါ့နော်။

Q. သူ့အိမ်မှာ လိုက်နေတာဆိုတော့ သူ့ဘက်က မိသားစုဆက်ဆံရေးကရော အခြေအနေ ဘယ်လိုရှိပါသလဲ။

A. သူ့မိဘ ဘက်ကသဘောထားကတော့ မိန်းကလေး မိန်းကလေးဖြစ်ချင် ပြဿနာမရှိဘူးပေါ့ ။ သဘောတူ လက်ခံလို့ရတယ် ဒါပေမဲ့ ကျနော်တို့က ဘောင်မကျော်ဘူးလေ အတိုင်းအတာ တစ်ခုထိ မကျော်ခဲ့ဘူးလေ။ ကျနော်တို့ အပြင်မှာ သွားချင်သလိုသွားမယ် အိမ်အတွင်းခန်းမှာ နေချင်သလိုနေမယ် သူ့မိဘ ရှေ့ရောက်ရင်တော့ သူငယ်ချင်း ပုံစံမျိုး နင်နဲ့ ငါနဲ့ ပြောကြတာပေါ့ ။ သူ့မိဘတွေက အရမ်းကောင်းပါတယ် ။ သားသမီးအရင်းလိုပဲ သဘောထားတယ်ပေါ့ ။ဒီနေ့ ဒီအချိန်ထိတော့ ကျနော့် အဝတ်အစား ကိုယ်တိုင် မလျှော်ရဘူး ။ အမေလျှော်ပေးတယ် ၊ မအားရင် သူလျှော်ပေးတယ်ပေါ့နော်။

တစ်ခါတစ်လေကျ ထမင်းစားတာက အစ သေသေချာချာလိုက်လုပ်ပေးတယ်။ တစ်ခါတစ်လေကျ သူက အရမ်းဆိုးတယ်။ အခုနောက်ပိုင်းဆိုပိုပြီး ဆိုးလာတယ် နားလည်မှု မရှိတော့သလိုပဲ ဖြစ်လာတယ်။ တစ်ခါတစ်လေကျရင် သူ့ကို ဖြတ်ဖြစ်ချင်လာတယ်။ ကျနော့်ကိုသူက ရိုက်တယ်နက်တယ် အဲ့လိုတွေ အထိ လုပ်လာတာပေါ့နော် ။ နောက်ပိုင်းကြတော့ ဘယ်လိုပြောရမလဲ ဆက်ဆံရင်တောင်မှပဲ သူများယောကျာ်းလျှာတွေ အရမ်းကိုအတက်စမ်းကြတာ ။ ဒါက ကျနော် ငယ်ငယ်လေးထဲ သ၏အခုလက်ရှိချစ်သူနဲ့ စတွဲတဲ့ အချိန်လောက်က ကျန်းမာရေး အကြောင်းနားလည်တဲ့ အကိုတစ်ယောက် ကအသိထည့်ပေးထားတာပေါ့နော်။ အတုတွေ ဘာတွေနဲ့ လုပ်တဲ့ အခါ သူတို့ သားအိမ်ထိခိုက်သွားနိုင်တယ် သွားမလုပ်ပါနဲ့ ဆိုပြီးတော့ အဲ့ အကိုက သူသိသလောက်ကို ကျနော့်ကိုပြောပြပေးထားခဲ့တယ်ပေါ့။ ဒီအတိုင်းပဲ ဆက်ဆံပါ ဘာဖြစ်လဲ ချစ်လို့တူတူနေခဲ့ပြီးပြီပဲ ဘာလို့ အဲ့လိုတွေလုပ်နေရမှာလဲပေါ့ ။ သူနဲ့ကျနော် ၅ နှစ်ရှိပြီလေ တစ်ခါမှ အဲ့လို မလုပ်ဖူးသေးပါဘူး ။ အမှန်တိုင်းပြောရရင်လဲ ကြောက်တယ်လေ ။ ရေစက်က ပြောလို့မရဘူးလေ ။ အမြဲတိုင်းတူတူ နေနိုင်ချင်မှ နေနိုင်မှာလေ ။ ကွဲသွားမှ သူယောကျာ်းထက်ယူ လို့ သူဒီလို ဖြစ်လို့ တန်ဖိုးမထားတော့မှာကိုလဲ သေမလောက်ကြောက်တယ် ။ ဘာဖြစ်လို့လဲ ဆိုတော့ ကျနော် ကိုယ်တိုင်

သူ့ကိုတန်ဖိုးအရမ်းထားလို့ပါ။ အစစ အရာရာကိုတော့ လိုက်ပြီးတော့ သတိပေးတယ်ပေါ့ ။ သူဆိုရင် ကျနော့်ထက် ၂ လလောက်ပဲကြီးတယ်လေ။ အခုလက်ရှိလဲ သူပါလာပါတယ်။

Q. ကိုယ့်ရဲ့ လိင်တူချစ်သူနဲ့ လိင်ဆက်ဆံတဲ့ အခါ အဆင်ပြေလား ကျေနပ်မှုရှိလား။

A. အဆင်ပြေပါတယ် ကျေနပ်မှု ရှိပါတယ် ။ ဒါပေမဲ့ အဲ့လိုမျိုးတွေပြောရရင် သူက အရမ်းရှက်တယ် ဘယ်သူ့ကိုမှ မပြောပြရဘူးလို့ပြောထားပါတယ်။ ၅ နှစ်ထိအောင် တွဲလာတာ ဒါတွေလဲ ပါတာပေါ့နော် ။ သူလဲ သဘောကျလို့ ကျနော်ကို ဒီလောက်တွဲလာတာပေါ့။ တစ်ယောက်နဲ့ တစ်ယောက်သံယောဇဉ်က ရှည်လာတာပေါ့နော် မပြတ်တော့ဖူးပေါ့ ။

Q. ပထမဆုံးလိင်တူဆက်ဆံဖော်ကရော ဘယ်သူလဲ ဖြစ်မလဲ ။ စိတ်ထဲက ခံစားချက်ပေါ့နော် ။

A.ပထမဆုံးလိင်ဆက်ဆံဘက်ကလဲ သူပါပဲ။ အဲ့တုံးကတော့ဘာရယ်မဟုတ်ဖူးဗျ ကျနော်သူ့ရှေ့မှာ ကောင်မလေးတွေ နှစ်ယောက်လောက် ထားဖူးပါတယ်။ ဒါပေမဲ့ လမ်းသွားရင်တောင် လက်ကို ကိုင်ပြီးမသွားဖူး အခွင့် အရေးမယူခဲ့ဖူးပေါ့ဗျာ။ ကိုယ်တိုင်က လုပ်ယူတာ မဟုတ်ပဲ နဲ့ သူဘာသူဖြစ်သွားတာမျိုးပါ။ သူကလဲ အဲ့ အချိန်မှာ သူနဲ့ ကျနော်က ရည်းစားလဲ မဖြစ်သေးဖူး

သူကျနော်ဆီကိုလာလည်တဲ့အခါ မှာ ဖြစ်သွားတာပေါ့ဗျာ သူနဲ့ အဲ့အမှာ ပထမဦးဆုံးအကြိမ် ဖြစ်သွားတာပေါ့ဗျာ ။ မထင်မှတ်ပဲဖြစ်သွားတာပေါ့နော် ။ နောက်ကျ သူကမေးတယ် ချစ်လားဆိုတော့ ကျနော်က မချစ်ဘူးလို့ဖြေလိုက်တော့ စိတ်ဆိုးသွားတယ်။ တဖြည်းဖြည်းနဲ့ ကျနော် ပြန်စဉ်းစားတာပေါ့ ယောကျ်ားလေးတစ်ယောက်ရဲ့ ခံစားချက်နဲ့ ဆိုရင် ကိုယ်ကတာဝန် ယူရမယ်ဆိုတာ သိတော့ သူ့ကိုပြန်ပြီးတွဲဖြစ်တာပေါ့ ။

Q. အခုလိုတူတူနေတာကို ညီမဘက်က မိသားစု သဘောထားကရော ဘယ်လိုရှိလဲ ။

A. သဘောထားက ဘယ်လိုရှိလဲ ဆိုတော့ စပြီးနေ နေချင်း တစ်နှစ်လောက်တုန်းကတော့ အမတွေက ပိုးဆိုးပက်ဆက်ပြောတာပေါ့နော် ။ မိန်းကလေးချင်းတွဲတာ မကြိုက်ဖူး ။ ပြဿနာတွေ အမျိုးမျိုးတက်ကြတယ်။ ကျနော်ကလဲ လာမပြောနဲ့ ကျနော်လုပ်ချင်တာကို လုပ်မယ်ပေါ့ ။ ဒီဘက်နားက ဝင်တယ် ဟိုဘက် နားကထွက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျနော့် အပေါ် အရမ်းကောင်းတဲ့ သူ့ကို ကျနော် မစွန့်လွှတ်နိုင်ဘူးပေါ့ ။ အခုနောက်ပိုင်း ရန်ဖြစ်လို့ကွဲမယ် ကွာမယ် ဆိုပြီး သူ့ဘက်ကပြောလဲ ကိုယ့်ဘက်က ဘာမှ မပြောတော့ဘူးလေ။ နောက်ပိုင်း အရမ်းစိတ်ညစ်လာရတယ် ။ သူငယ်ချင်း အပေါင်းအသင်းတွေနဲ့တောင် ပေါင်းလို့မရတော့လောက် အောင်ဖြစ်လာတယ်။ အဲ့ဒီအခါကျ အရမ်းကို စိတ်နာတယ်။ အခုလို လူမှုရေး အလုပ်တွေလုပ်နေတော့ လူအများနဲ့ပေါင်းရတာလေ။ လိင်လုပ်သားတွေတွေ့လဲ အကို အမပေါ့ KTV လိုနေရာမျိုးကလူတွေ တွေ့လဲ ဆေးစစ်ဖို့ခေါ်ရတာပဲလေ။ ဒါတွေကို သူကနားမလည်ဖူး ။ နားမလည်လဲ မတက်နိုင်ဘူးလေ လုပ်နေရတာပဲ ။ အခုနောက်ပိုင်းတော့ မိသားစုနဲ့ ဆက်ဆံရေးက အဆင်ပြေလာပါတယ်။ ငါးနှစ်တာ ကာလမှာ အိမ်က အမတွေနဲ့လဲ အကုန်တည့်ပေါ့နော်။ သူက နည်းနည်းတော့ မာနကြီးတယ်။ သူ့အိမ်နဲ့ ကျတော့ အစောကြီးထဲက ကျနော်နဲ့တည့်တယ် ကျနော်က ပေါင်းတက်တယ်လေ။ ကလေးဖြစ်ဖြစ် လူကြီးဖြစ်ဖြစ် ရအောင်ပေါင်းတော့ ကိုယ့်ကိုဆို ချစ်ကြတယ် ။ မဟုတ်တာလုပ်ရင်လဲ ပြောတယ်။ အခုချိန်မှာတော့ နှစ်အိမ်လုံးနဲ့ အဆင်ပြေပါတယ်။

Q. ဘဝမှာ လိင်တူချစ်သူတစ်ယောက်ဖြစ်တဲ့ အတွက် ပတ်ဝန်းကျင် ကအကြမ်းဖက်တာတွေကိုရော ခံခဲ့ရဖူးလား။

A. အကြမ်းဖက်မှုဆိုတာက သူငယ်ချင်း ထဲကကိုမေးတာလား။ အကုန်လုံးကိုပြောတာလား။ သူငယ်ချင်းတွေထဲမှာဆိုရင်တော့ ရှိဖူးတယ် ။တော်တော်ကြီးကြီး မားမားပေါ့နော် ။ ဖြစ်ပုံက ကျနော်က လက်ရှိကောင်မလေးကို အဲ့နေ့က ဘယ်မှမသွားနဲ့ အိမ်မှာ ပဲနေ လို့ ပြောပြီး ကျနော်က ပိုက်ဆံသွားရှာတယ် ။ ကျနော်တို့ နှစ်ယောက် အကြွေးပေးစရာတွေရှိနေတယ်လေ။ ပိုက်ဆံလေးတွေ ရတော့ ပြန်လာတဲ့ အခါ အိမ်မှာ မရှိဘူး ဖုနးဆက်တော့လဲ

စက်ကိုပိတ်ထားတယ်။ ကျနော့် သူငယ်ချင်းဖုန်းကိုဆက်တော့ လဲ စက်ကပိတ်ထားတယ်။ ကျနော်က အစထဲက ရိပ်မိနေတယ် ဒါပေမဲ့ စိတ်ဆိုးမှာစိုးလို့ မပြောဖူးပေါ့ဗျာ။ ဒါပေမဲ့ အဲ့ အချိန်ကြတော့ ကျနော်တွေးမိလိုက်တာက အများကြီး ဖြစ်သွားတာပေါ့ ။ ရင်ကွဲ မတက်ပေါ့ ၊ နောက်ပြန်လာတော့ သူ့ကိုလဲ ရိုက်မိတာပေါ့နော် ကျနော့်လက်ဆိုလို့ရှိရင် ရောင်တောင်ရောင်သွားတယ် ။ ဟိုကောင်သူငယ်ချင်းကိုလဲ တစ်ချက်ထိုး လိုက်သေးတယ်။ နောက်မှ ပါလာတဲ့ သူငယ်ချင်းတွေက ဝိုင်းတားကြတာပေါ့။ အဲ့မှာသူက ကျနော့်ကို ဖြတ်ပါတော့လို ပြောတယ် မဖြတ်ဘူး ဆက်တွဲတာ အခု ငါးနှစ်ကျော်သွားပြီ။ အဲ့ကိစ္စဖြစ်တာ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကပါ။ ခဏခဏ ကြုံရတယ်။ မိန်းကလေးဆိုတာမျိုးက ၁၇ ၁၈ စိတ်ကစားကြတာ မှန်ပါတယ်။ အခုနောက်ပိုင်းလေ အဲ့လိုမျိုးစိတ်တွေ သိပ်မရှိတော့ ဘူး ကျနော့်မှာပေါ့ ။ တစ်ယောက်တည်းနေရင် ကောင်းမယ်လို့တောင် စဥ်းစားမိတယ်။

Q. ညီမ အနေနဲ့ ယောကျာ်းလျှာတစ်ယောက်ရဲ့ ကျန်းမာရေး အပေါ် နားလည်မှုလေးကိုလဲ ပြောပြပေးပါအုံး။

A. ကျန်းမာရေးကိုပြောရမယ်ဆိုရင်တော့ လိင်တူဆက်ဆံတာကို ခုန ကျနော်ပြောသလို အတုတွေသုံးတဲ့ အခါ သားအိမ်ခေါင်း ကင်ဆာဖြစ်တက်တယ် ။ ကြားဖူးတယ် ဒါပေမဲ့ ကျနော့်တို့နှစ်ယောက်စလုံးတော့ ဒီငါးနှစ် အတွင်းပေါ့ ဘာမှတော့ မဖြစ်ခဲ့ဘူး။ အဲ့လို အတုတွေလဲ မသုံးဖူးဘူး။ ဒါပေမဲ့ နှစ်ယောက်လုံးက အကျင့် မကောင်းဖူး ကလေး အရမ်းချစ်တက်တယ် ။ ကလေးတွေ တွေ့ရင် မနေနိုင်ဘူး ။ လိုချင်တယ် ။ ကိုယ်တွေနှစ်ယောက်က ကလေးမရဘူးဆိုပြီး တွေးပြီး ငိုခဲ့ရတဲ့ ရက်တွေရှိတယ် ။ နှစ်ယောက်သားပေါ့နော် ။ ဒီပြင်ရောဂါတွေအကြောင်းတော့ သိပ်နားမလည်ဖူးပေါ့နော် ။ အခု ကျန်းမာရေး လူမှု့အသင်းအဖွဲ့ မှာလုပ်မှ သိတာကများပါတယ် ။ သိပ်အသိကြီးတော့မဟုတ်ဖူးပေါ့နော် ။ ယောကျာ်းလေးတွေ ဆိုရင်တော့ လိင်ဆက်ဆံရင် ကွန်ဒုံးသုံးရမယ် ရောဂါကင်းတာပေါ့ လွယ်လွယ်ကူကူ မကူးတော့ဖူးပေါ့ ။ ကျနော့် သိရသလောက်ကတော့ လိင်တူချစ်သူတွေထဲမှာ MSM တွေက အဖြစ်များဆုံးလို့ သိရပါတယ် ။ အဲ့လိုဖြစ်တာများတယ်။ တစ်ချို့ သိုသို သိပ်သိပ် နေကြတဲ့သူတွေကတော့ အဖြစ်နည်းပါတယ် ။ ကျနော့်တို့ နှစ်ယောက် ဆက်ဆံတဲ့ အခါမှာလဲ ဘယ်တော့မှ ကျနော့် သူ့ကို အတုနဲ့ မလုပ်ဖူးပေါ့နော် ။ ပြီးတော့ ကျနော်သိသလောက် ကျန်းမာရေး အကြောင်းတွေကိုလဲ ပြောပြပေးပါတယ်။ သေရင်သေသွားပစေပေါ့ အတုတော့ မသုံးဘူး ဒါနဲ့ လုပ်ရမှဆိုတဲ့ ဟာမျိုးမဂိုပါဘူး ။ ထက်ပြီးတော့ကျန်းမာရေးနဲ့ ပက်သက်လို့ ကျနော်မသိတာတွေ အများကြီး ရှိနေပါသေးတယ် ။ ဒါပေမဲ့ သားအိမ်ခေါင်းကင်ဆာ ရောဂါကိုတော့ ကျနော် အတိအကျကြီး သိထားတယ် ။ ဒါပေမဲ့ ဖြစ်နိုင်ချေ ကများတယ်လေ ။ အဲ့တော့ လွန်လွန်ကျူးကျူး

မဆက်ဆံအောင် နေရတယ် ။ ဘာဖြစ်လို့လဲ ဆိုတော့ လက်နဲ့ အထိုးအသွင်းလုပ်တာတောင် ပေါက်ပြဲ သွားတာရှိတယ်လေ။ ကျနော်ကတော့ ပွင့်ပွင့်လင်းလင်းပြောပြတာပေါ့ တစ်ချို့ ယောကျာ်းတွေဆို ပြောမှာမဟုတ်ဖူး ။ ဟုတ်တယ်မလား ။ ကိုယ်က အဲ့လိုတွေလုပ်ရင် ကိုယ့် မိန်းကလေးက နာကြင်မှာပဲလေ ။ အဲလိုမျိုးတွေတောင်ဖြစ်တယ် ။ တစ်ခါတစ်လေတော့ လက်တွေဘာတွေနဲ့ လုပ်ပေးဖူးတယ်။ ဒါပေမဲ့ နည်းပါတယ် နှစ်ယောက်စလုံးက ဒီ ခံစားချက်ကို လိုချင်ကြတာလေ အဲ့တော့ နှစ်ယောက်စလုံးရအောင်ပဲ ကြိုးစားယူတော့မှာပေါ့ ။ မလုပ်ဖူးဆို အရှင်းမလုပ်ဖူး ။

Q. ညီမတို့နဲ့ ဘဝတူ ယောကျာ်းလျှာတွေ အပေါ်ကိုရော ဘယ်လိုမြင်လဲ ။

A. ဘယ်လိုမြင်လဲဆိုတော့ ယောကျာ်းလျှာတွေမှာလဲ အရမ်းချစ်တက်တဲ့ သူနဲ့ မချစ်တက်တဲ့ သူဆိုပြီး ရှိတယ်လေ ။ မချစ်တက်တဲ့ သူတွေ အတွက် မခံစားရပေမဲ့ တကယ်ချစ်တက်တဲ့ သူတွေအတွက်ကြတော့ အရမ်း ခံစားရတယ် ။ ဒါပေမဲ့ တစ်ချို့တွေရှိပါတယ် ကြုံတဲ့ လူကိုတွဲတာလေ ။ အမှန်တော့ သူတို့တွေက ယောကျာ်းလေးစိတ်လေ အဲ့တော့ မိန်းကလေးတစ်ယောက် အနားမှာရှိရင် စိတ်ကွယ်ရာရောက်ရင် ပိုပြီးတော့ လိင်ကိစ္စတွေဖြစ်ကြတာများတယ် ။ သူတို့တွေကိုလဲ အပြစ် မပြောပါဘူး ဒါဟာ သူတို့တွေရဲ့ ခံစားချက် စိတ်ရင်းပေါ်နော် ။ ကျနော်တို့တွေမှာ ဒီစိတ်ရှိပေမဲ့ တစ်ချို့တွေမှာ မရှိကြဘူး။ တစ်ခါတလေကြရင် ရှိတယ် သူငယ်ချင်း အချင်းတောင် တင်းတင်းရင်းရင်းကြီးတွေ ဆက်ဆံတာခံရဖူးတယ် ။ အဲ့လိုဆက်ဆံတာတွေကျတော့ ကျနော်မကြိုက်ဖူးပေါ့ ။ ကျနော် အခုပေါင်းတယ် သူငယ်ချင်းတွေထဲမှာဆို အဲ့လိုမျိုးမရှိကြဘူး ။ သင်္ကြန်တုန်းကဆို ယောကျာ်းလျှာ သူငယ်ချင်းတွေစုပြီးတော့ သောက်ကြတယ် ဆော့ကြတယ် အရမ်းပျော်ဖို့ကောင်းတယ်။

Q. GAY တွေ အပေါ်ကော ဘယ်လိုမြင်လဲ ။

A. ဘယ်လိုမြင်လဲ ဆိုတော့ သူတို့လဲ မွေးလာထဲက သူတို့ ဘဝလေးထဲမှာ ရှင်သန်လာကြတာလေ။ အဲ့ အတွက် ကိုယ်တွေကလဲ အဲ့လိုနေတော့ကိုယ်ချင်းစာတယ် ။ တစ်ချို့ကပြောတယ် အခြောက်က မိန်းကလေးစိတ်ပေါက်တာ ယုတ်ညံ့ပါတယ် မိန်းကလေးက ယောကျာ်းလေးစိတ်ပေါက်တာ မြင့်မြတ်ပါတယ် ပေါ့နော် ။ ဒါက လူတိုင်းလဲ ဒီလိုစိတ်မျိုးဖြစ်မလာဘူးလေ ။ ဘုရားကပေးတဲ့ အတိုင်းလာတာလေ ။ သူတို့လဲ ဘုရားကပေးတဲ့ စိတ်အတိုင်းလာတာ ကျနော်တို့လဲ ဘုရားက ပေးတဲ့ အတိုင်းလာတာပါ။ ဘဝ ဆက်တိုင်းလဲ ဒီအတိုင်း မဖြစ်ပါစေနဲ့လို့ ဆုတောင်းတယ် ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တွေက အရမ်းချစ်တက်တော့ အရမ်းခံစားရတယ်။ မိသားစုရေးရာမှာလဲ ကျနော်က ကိုယ့်ထက်ကြီးတာတောင်

ဟိုဟာလုပ်ပါ ဒီဟာလုပ်ပါ တစ်ခါမှ ခံမပြောဖူး ။ တစ်ချို့ကတော့ ပြန်ပြောတာတော့ရှိတယ် ။ မကြိုက်ဖူး ဘယ်သူ့ကိုမှ ဆရာမလုပ်ဘူး ဘယ်သူ့ကိုမှလဲ လွယ်လွယ် ကူကူ ဆရာမတင်ဘူး ။

Q. ဘဝမှာ အမျိုးသားတစ်ယောက်နဲ့ ချစ်သူဖြစ်ဖူးလား လိင်ဆက်ဆံဖူးပါသလား ။

A. ဟင်းအင်း ချစ်သူလဲ မဖြစ်ဖူးဘူး လိင်လဲ မဆက်ဆံဘူးဖူး ။ တစ်ခါမှ့ကို မဖြစ်ဖူးဘူး ။ ကျနော့် အမေက စက်ချုပ်တာလေ ။ ငယ်ငယ်ထဲက ကုတ်အကျီ ၤလေးတွေချုပ်ပေးတယ် ကျောင်းတက်တော့လဲ အမတွေက ဆူလွန်းလို့သာ ကျနော် မှာ ထမီဝတ်ပြီးတက်ရတယ် ပြန်လာရင် ထမီ ကွင်းသိုင်းပြီးတော့ အပေါ်က ရင်ပုံးနဲ့ တက်ခဲ့တာ ။ လွတ်လပ်မှုကို သဘောကျတယ် ။ အဲ့ဒီဟာကို အားပေးတာက ကျနော့်ရဲ့ အဖေနဲ့ အမေ ပေ့ါ ။ စိတ်မဆိုးဘူး အားးပေးပါတယ်။ တကယ်လို ကျနော့်က အရက်တွေဘာတွေ အရမ်းသောက်ရင်တောင် ဘေးမှာ သူငယ်ချင်း မိန်းကလေး တစ်ယောက် အမြဲ ရှိတယ် ။ အရင်တုန်းကတော့ မသောက်ဖြစ်ဖူး အခုတော့ အပေါင်းအသင်း ကအရမ်းစုံလာပြီဆိုတော့ သောက်ဖြစ်တယ် မူးတယ် မဟုတ်တာတွေလဲ အများကြီး လုပ်ဖြစ်တယ် ။

Q. နောင်လာမဲ့ ယောကျာ်းလေးတွေအပေါ်ဘယ်လို နေနည်းလေးတွေနဲ့ လမ်းညွှန်ပေးချင်လဲ ။

A. ဘယ်လိုလမ်းညွှန်ပေးချင်လဲဆိုတော့ မိန်းကလေးဆိုတာ ဓမ္မတာက လာမှာပဲလေ ။ အဲ့တော့ မလာတဲ့ တားဆေးတွေကို မသောက်စေချင်ဘူးလေ။ သူ့တို့နေလေ မိဘခွင့်ပြုထားတယ်လေ ။ နေပေ့ါနော် ဒီလောက်တော့လဲ ဒုက္ခလေးတော့ ခံရမှာပေ့ါ ။ တစ်ချို့ ယောကျာ်းလျှာတွေကျတော့ ဒီလိုပြောတာ ကြားရင် ဆရာကြီး လုပ်တယ်ဆိုပြီး မကြိုက်ဖူးပေ့ါနော် ။ ဆရာကြီးလုပ်တာ မဟုတ်ပါဘူး နော် စေတနာပါ။ ကျနော်ဆိုလဲ လုံးဝ မသုံးဆွဲ ဘူးပေ့ါဗျာ အဲ့တာကို သူများတွေကဲ့ရဲ့လဲ ကဲ့ရဲ့ လဲ ပြောကြပါစေ ကိုယ်ဒီလိုနေတာ ကိုယ်ကြိုက်တယ်လေ။ အဲ့လိုမျိုးဆေးဝါးတွေကို မသုံးဆွဲစေချင်ပါဘူး ။ အသံတွေလဲ ပြောင်းလာတယ်ပေ့ါနော် ။ သောက်လိုက်တာ ထိုးလိုက်တာတွေက ဆိုးကျိုးတွေများတယ် ။ ကျနော့်တို့ အကျီ ၤ အကျပ်တွေဝတ်တာတောင်မှ အန္တရာယ် အများကြီးရှိတယ် ။ ဒါပေမဲ့ ကိုယ်တောင်မှ အဲ့လိုပြားချပ်ချပ်လေးဖြစ်ချင်လို့ ဝတ်ကျတယ် ။တစ်ချို့ကျတော့ မရှိတာလဲ တွေ့ရတယ် အားကစားသမားတွေဆို ပျောက်သလောက်တောင်ဖြစ်နေတာကိုတွေ့ရတယ် ။ ကျနော့် facebook ထဲမှာဆိုရင် ယောကျာ်းလျှာတွေ များတယ် သူတို့ ဝတ်တဲ့ဟာတွေ ဖြတ်ထားတဲ့ ဟာတွေ ပုံတွေ တင်ကြတယ် ကျနော် like တောင်မပေးဖူး မကြိုက်လို့ ။

Q. ကိုယ်တိုင်ကော ဖြတ်တာတို့ ခွဲစိတ်တာတို့ လုပ်ချင်စိတ်ရှိလား။

A. လုပ်နိုင်ရင်တော့ ခွဲစိတ်တာကိုလုပ်ချင်တယ် ။ တက်နိုင်ရင်တော့ပေါ့နော် ။ ဒါပေမဲ့ ကျနော့်မှာ အမေရှိသေးတယ် ။ မဖြစ်နိုင်သေးဘူးပေါ့ ကျန်တဲ့ မောင်နမတွေကိုတော့ ခေါင်းထဲကိုထည့်မထားပါဘူး ။

Q.ကျနော်တို့ နိုင်ငံမှာ လိင်တူလက်ထပ်ခွင့် ရမယ်ဆိုရင် ဘာလုပ်ချင်ပါသလဲ ။

A. လက်ထပ်ချင်ပါတယ် ။ သူကလဲ လက်ထက်ချင်တယ် သူ့မိသားစုကလဲ လက်ခံနားလည်ပေးပြီ တော့ပေါ့ လေ။ မိဘ ခွင့်ပြုချက် မပါရင်တော့ တစ်သက်လုံး ဒီအတိုင်းနေလဲ ဖြစ်တာပဲလေ။ အရမ်းကြီးတော့ မတောင့်တဘူး ။ ပေးရင်တော့ ယူချင်ပါတယ်

Q. လိင်တူချစ်သူ ကွန်ရက်တွေနဲ့ ပူးပေါင်းပြီးတော့ ပြပွဲတွေ သရုပ်ဖော်ပွဲတွေမှာ ပါဝင်ဖူးလား ။ လက်တွဲ လုပ်ဖို့ ကော ရှိလား ။

A. တစ်ခါမှတော့ မလုပ်ဖြစ်သေးပါဘူး ။ လုပ်ဖို့ ဆန္ဒရှိလားဆိုတော့ရှိပါတယ်။ ဒါပေမဲ့ ကျနော်တို့ ယောကျာ်းတွေကို နားလည်အောင်ရှင်းပြဖို့ ခက်တယ် ။ မိဘတွေက အစပေါ့နော် ။ ကျနော်ဆို ၉တန်းလောက်က စပြီးတော့ မိသားစု စီးပွားရေး အဆင်မပြေတော့ဘူး ။ ဒါကြောင့် သူများတွေလိုမျိုး သုံးချင်တာ ဆွဲ ချင်တာမျိုးမရှိ ခဲ့ပါဘူး ။ အမြဲ မိဘမျက်နှာ ကြည့်ပြီးတော့ ကူညီပေးခဲ့တာပေါ့။ ဒါပေမဲ့ Tom တွေ အကုန်လုံးကိုပြောချင်တာက မိဘကို ချစ်ပါ သတိရပါလို့ပြောချင်ပါတယ်။ အဲ့ဒီ အကျိုးကျေးဇူးကတော့ ကျနော့်တို့ ဘယ်နေရာရောက်ရောက် မျက်နှာပွင့်ပြီး လူချစ်လူခင်ပေါပါတယ်။

Q. အနာဂါတ် လျှောက်လမ်းမဲ့ ဘဝကိုရော ဘယ်လို စီစဉ်ထားလဲ ။

A. အနာဂါတ်ကိုတော့ အခုလုပ်နေတဲ့ အလုပ်က အဆင်မပြေဖူးဆို ကိုယ်နဲ့ သင့်တော်တဲ့ အလုပ်တစ်ခုကိုလုပ်ချင်ပါတယ် ။နောက်တစ်ခုကကျတော့ ကိုယ်က ဒီအလုပ်မှာ တစ်ခါတစ်လေကျရင် အရမ်းစိတ်ညစ်တယ် ကိုယ်နဲ့ မအပ်ဆက်ဖူးလို့ခံစားရတယ် ။ ကျနော့်တို့ Tom တွေဆိုတာ အရမ်း ယောကျာ်းလေးလိုဝတ်ချင်တာပေါ့နော် ။ဒါပေမဲ့ ထမီကိုဝတ်ပြီးလုပ်နေရတာပေါ့ဗျာ ။ ကိုယ်က အလုပ်လုပ်ချင်တာကိုဗျ ။ ကျေးဇူးတင်ပါတယ်။

---

## ၁၈။ စူးရှ ရှင်းသန့် (၂၁) မန္တလေးမြို့

ညီမအမည်က စူးရှရှင်းသန့် လို့ခေါ်ပါတယ်။ အားလုံးကတော့ "ရှ" လို့ ခေါ်ကြတယ်ပေါ့။ လက်ရှိအသက် ကျမ (၂၁)နှစ်ပြည့်တော့မယ် လာမယ့် (၂၄)ရက်နေ့မှာ (၂၁)နှစ်ပြည့်ပါမယ်လို့။

နေရပ်လိပ်စာကတော့လောလောဆယ်က မန္တလေးခရိုင် ၊ပြည်ကြီးတံခွန်မြို့နယ်၊ကျွဲဆယ်ကန် လမ်းသွယ် (၁၂)မှာနေပါတယ်။ အလုပ်အကိုင်ကတော့ ညနေပိုင်းမှာ (၉)တန်း(၁၀)တန်းတွေကို စာသင်ပါတယ်၊အားတဲ့အချိန်တွေမှာတော့ လူမှုရေးပေါ့နော် လူ့အခွင့်အရေးနဲ့ပက်သတ်တဲ့ အလုပ်တွေမှာ ပါဝင်ကူညီလုပ်ရှားပါတယ်။ လိင်တူစိတ်ဝင်စားတယ်ဆိုတာတော့ ထဲထဲဝင်ဝင်မသိခဲ့ဘူးငယ်ငယ်ကတော့ ကိုယ့်ကိုယ်ကိုယ်မိန်းကလေး တယောက်လိုပဲခံစားမိတယ်။မိန်းကလေး တယောက်လိုပဲ ဖြစ်ချင်တယ်။အချစ်ကိုစရင်ခုန်တာကျတော့ (၁၀)တန်းမှပါ အဲ့အချိန်မှာ စပြီးခံစားမိတယ်။တခြားအချိန်တွေမှာတော့ ငယ်သေးတော့မသိဘူး။ ငယ်ငယ်ကတည်းကတောက်လျှောက် မိန်းကလေးလိုပဲနေချင်ခဲ့တယ် မိန်းကလေး အလုပ်တွေပဲ တော်တော်များများလုပ်ခဲ့တယ်ပေါ့နော် ကျန်တဲ့ ကြမ်းကြမ်းတန်းတန်းတွေတော့သိပ်မလုပ်ခဲ့ဘူး။ချုပ်ချယ်ခံခဲ့ရတယ်ဖိအားတွေလည်းအရမ်းများတယ်။ဒါပေမယ့်ကိုယ့်ရဲ့အနေအထိုင်ကြောင့် တအားကြီး ကဲ့ရဲ့တာမရှိခဲ့ပါဘူး။ ကျောင်းမှာသူငယ်ချင်းတွေထဲမှာတော့ အခုချိန်ထိ ကိုယ့်ကို ဝေဖန်တိုက်ခိုက်တာ မရှိခဲ့ဘူး။ ကိုယ်ကနဲနဲလေး Exlance ဖြစ်တယ်ပဲပြောရမလား။ ကျောင်းမှာအဲ့လိုနဲနဲလေးစွာတဲ့ပုံစံရှိတဲ့အခါကျတော့တော်ယုံတန်ယုံ ကိုယ်နဲ့ကျောင်းနေဖက်သူငယ်ချင်းတွေဘဝတူတွေကတော့ ကဲ့ရဲ့တဲ့


စကားတွေ အပြောအမူတွေ သူတို့တော့ခံရတာရှိတယ်။အနှိမ်ခံရတာရှိတယ်။"ရှ" လည်း Gayတယောက်ပါပဲ "ရှ"က ငြိမ်မခံတတ်တော့ သူတို့က "ရှ" ကိုမလှောင်နိုင်ဘူး။ တက္ကသိုလ်ပြီးသွားတဲ့အထိ "ရှ" အလှောင်မခံခဲ့ရ။မိဘဆွေမျိုးအသိုင်းအဝိုင်းကတော့ ကိုယ့်ကိုလက်မခံတာတွေ နှိမ်ချဆက်ဆံတာတွေတော့ရှိတာပေါ့ ဒီလိုဘဝတိုင်းမှာ။ ရှိတယ်ဆိုတာကလည်း ကိုယ်ထိလက်ရောက်တော့မဟုတ်ပါဘူး။စကားနဲ့ကန် ့ကွက်ကြတာပေါ့၊ ဒီလိုနေတာမကြိုက်ဘူး၊အသိုင်းအဝိုင်းထဲမှာလည်းမရှိဘူးပေါ့နော်။အဲ့လိုပုံစံတွေရယ်တခြား နာ စေမယ့်စကားလုံးတွေနဲ့ပြောတာတွေတော့ရှိတယ်။ ဒီလောက်ပါပဲ ညီမ ကတော့ ညီမ ရဲ့ပြောင်းလည်းလို့မရတဲ့ ဒီခံစားချက်အတိုင်းပဲ ပြောသမျှကိုရင်ထဲမှာသိမ်းထားပြီး ရှေ့ဆက်ခဲ့တာပါ။ဘယ်သူဘာပြောပြောညီမရဲ့ရင်ထဲက အမှန်တရားကိုညီမပဲသိတယ်လေ။အိမ်မှာဆိုရင်အငယ်ဆုံးပါ။ဖေဖေကတော့ဆယ်တန်းတုန်းကဆုံးသွားတယ်။အဲ့အတွက်ကြောင့်မို့မိသားစုကိုတစ်တောင့်တစ်နေရာကနေပံ့ပိုးရတဲ့အပိုင်းလေးတွေတော့ရှိတာပေါ့။အငယ်ဆုံးဖြစ်တဲ့အတွက်ကြောင့်မို့လို့ဆိုပြီးဒီအတိုင်းကြီးလွှပ်လွှပ်လပ်လပ်ကြီးမနေခဲ့ရပါဘူး။ကံပဲဆိုးတာလား၊ကံပဲပါလာတာလားတော့မသိဘူးပေါ့။အဖေကညီမဆယ်တန်းနဲ့ဆုံးသွားတာဆိုတော့မိသားစုအနေနဲ့တာဝန်

ယူရတာတွေရှိတယ်။ကိုယ့်ကိုLGBTတယောက်ဆိုပြီးအကြိမ်ကြိမ်အခါခါ အပစ်ပြောနေပေမယ့်အဲ့ဒီပြောနေတဲ့မိသားစုကိုယ်တိုင်ကပဲညီမကိုထမင်းချက်ခိုင်းတယ်၊ ဈေးသွားခိုင်းတဲ့ဟာတွေရှိတယ်။ ဒါငယ်ငယ်လေးကတည်းကလုပ်ခဲ့ပါတယ် အဲ့အလုပ်တွေကသို့သော်သူတို့မကြိုက်ဘူးပဲ ထိုင်ပြောနေတယ်ပေါ့နော်။ အဲ့လိုပုံစံလေးတွေတော့ရှိတယ်။ နောက်တခုကအမတွေ မွေးထားတဲ့တူလေးတွေတူမလေးတွေ ထိမ်းပေးရတယ်။ ကိုယ့်ရဲ့လစာနဲ့ ချွေးနည်းစာကထဲကနေ အိမ်စာရိတ်ကိုတတ်နိုင်သလောက် ထောက်ပံ့ပေးနေတာတွေလည်းရှိတယ်။

အချစ်ရေးကိုပြောရမယ်ဆိုရင် တခါမှရည်းစားမထားခဲ့ဖူးဘူး ။အခုအသက် (၂၀)ကျော်မှထားဖူးတာ ။ အခုတနစ်ပြည့်တော့မယ်။ ကိုယ့်ကိုရင်ခုန်ပြီး တခြားလူထက်ပိုကြင်နာတဲ့ ယောက်ျားလေးသူငယ်ချင်းတွေ ရှိခဲ့ဖူးတယ်။ ဒါပေမယ့်ဘာမှမဖြစ်ခဲ့ပါဘူး။ အခုလောလောဆယ်မှာတော့ တယောက်ရှိတယ်။ ရည်းစားဖြစ်ခဲ့တာမနက်ဖြန်ဆို (၁) နှစ် ပြည့်ပြီ။ ညီမကငယ်ငယ်က ယောက်ျားလေးလိုပဲဝတ်တယ် မိန်းကလေးတယောက်လို့ပဲ အမြဲတွေးထားတယ်။ အိမ်ကလည်းသိပ်ပြီးလက်မခံတဲ့အတွက်ကြောင့်မို့လို့ ယောက်ျားလေးအဝတ်အစားထဲမှာမှ မိန်းကလေးဆန်တဲ့ ဒီဇိုင်းလေးတွေ ရွေးဝတ်ဖြစ်တယ်။ သူနဲ့စတွေ့ခဲ့တာ အွန်လိုင်းကနေ စတွေ့ခဲ့တာ။ စကားပြောကြရင်းနဲ့ နောက်ပိုင်း သံယောဇဉ်တွယ်လာတယ် ။ "ရှ" က အွန်လိုင်းမှာပဲ Q တာ အပြင်မှာ တခါမှမတွေ့ခဲ့ဖူးဘူး။ ဒါပေမယ့် သူနဲ့စတွေ့တဲ့အခါမှာ အမှတ်တရအနေနဲ့ သူငိုတယ်။ သူက "ရှ" ကို မိန်းကလေးဆိုပြီး ကြိုက်ခဲ့တာလေ။ ညီမကလည်းပြောပါတယ် ညီမမိန်းကလေးတယောက်မဟုတ်ဘူးဆိုတာကို ယောက်ျား ခန္ဓာကိုယ်ထဲက မိန်းကလေးတယောက်ဆိုတာကို သူကမယုံဘူးလုံးဝမယုံဘူး။ ဓာတ်ပုံကိုသူကြည့်ပြီးတော့ ခွဲခြားလို့မရဘူး။ အသံကိုလည်းခွဲခြားလို့မရတော့ သူ့စိတ်ထဲမှာလည်းမယုံဘူး။ ဒါပေမယ့်စစတွေ့ချင်းနေ့မှာပဲ သူငိုတယ်၊အရမ်းငိုတယ်။ သူကတအားရည်မှန်းထားတယ်ပေါ့နော်၊ ရည်မှန်းထားတဲ့အတွက်ကြောင့်မို့လို သူ့ခများငိုတယ်။ "ရှ" နစ်သိမ့်ပေးခဲ့ပါတယ် ။အမှန်အတိုင်းပြောရင် အဲ့ဒီနေရာမှာတင် ဒီဇာတ်လမ်းကို ညီမ ရပ်လိုက်မယ်ပေါ့နော် ဘာလိုလည်းဆိုတော့ မခံစားချင်ဘူး။ကိုယ့်ရှေ့မှာ စီနီယာတွေရဲ့ ဇာတ်လမ်းတွေရှိတယ်၊အများကြီးပဲ နမူနာယူစရာတွေရှိတယ်။ ညီမလည်း အခုကိုယ်ဖြစ်ချင်တဲ့ဘဝနဲ့ အိမ်နဲ့အများကြီးညှိယူနေကြရတဲ့ အခြေအနေတွေရှိတယ်ဆိုတော့ အဲ့လိုမျိုးအချစ်ရေးမှာလည်း မခံစားချင်ဘူး။

အဲ့ဒါကြောင့်မို့လို့အဲ့မှာတင်ဖြတ်ခဲ့မယ်ပေါ့နော်။ဒါပေမယ့်မဖြတ်နိုင်ခဲ့ဘူးေ

ပဲ့နော်၊ သူလည်းကိုယ့်ကိုပြန်အားပေးပါတယ်၊ နစ်သိမ့်ပေးတယ်။ သာမာန်မိန်းကလေးနဲ့ ယောကျာ်းလေးအတွဲလိုပဲ တွေ့ဖြစ်ပါတယ်။ အခုတော့ရှေ ့ဆက်လာခဲ့တာ တနှစ်ရှိပါပြီ။ ဒါပေမယ့်သူပဲစွန့် ့ပစ်ခဲ့ပြီးသူပဲပြန်လာခဲ့တာပဲ။ သူစွန့် ့ပစ်တဲ့နေ့တိုင်း ညီမအရမ်းခံစားခဲ့ရတယ်။ ကိုယ်ကမိန်းကလေးအစစ် ခန္ဓာကိုယ်မဟုတ်တဲ့ အတွက်ကြောင့်လို့ဆိုပြီး အရမ်းငိုခဲ့ရတယ် မစားနိုင်မသောက်နိုင်တဲ့အထိ ဖြစ်ပြီး စိတ်ဓာတ်တွေလည်းကျပြီး ပိန်ညှောင်ကပ်သွားတာပဲ။ တပါတ်နစ်ပတ်လောက်ပြီးရင် သူပြန်လာတယ်။ အဲ့လိုတွေခံစားခဲ့ရတာပါ။ အဲ့လိုပဲ ရင်ဆိုင်ကျော်ဖြတ်လာခဲ့ရတာပေါ့။




သူ့ဘက်ကရည်ရွယ်ချက်ကိုတော့ ညီမမသိဘူး။ညီမ ကတော့ မိသားစုဘဝလေးတခုကိုရချင်တယ်။ အမှန်အတိုင်းပြောရင် ကိုယ်ကိုတိုင်က ကလေးမွေးဖို့ဆိုတာ အရမ်းခက်ခဲနေပေမယ် ့ လေငယ်ငယ်ကတည်းကစိတ်ကူးယဉ်ကြည့်တယ် သမီးလေး တယောက် ကိုယ်ကနေပြီးတော့ မွေးခဲ့မယ် ့သမီးလေးတယောက်ဆိုပြီးတော့ အမြဲစိတ်ကူးယဉ်ခဲ့ပါတယ်။

အခုထိလည်း စိတ်ကူးယဉ်နေတုန်းပါပဲ။ အေးအေးချမ်းချမ်းပဲနေချင်တယ်။ ပြီးတော့သူ့လက်ကိုတွဲပြီးတော့ ရဲရဲဝံ့ဝံ့လျှောက်သွားချင်တယ်ပေါ့နော် အားလုံးအရှေ့မှာပေါ့ လူကြားထဲမှာ အသိုင်းအဝိုင်းတွေ အခြားမိတ်ဆွေ သူငယ်ချင်းတွေရှေ့မှာပေါ့နော်။ နောက်ထပ်အိပ်မက်တခုရှိတယ်။ အိပ်မက်တခုက Transgender အမတ်တယောက် ဖြစ်ချင်တယ်။ ဖြစ်ချင်တဲ့အတွက်ကြောင့်ကြိုးစားနေပါတယ်။

သူ့ကိုလည်းဆွဲခေါ်သွားချင်တယ် ကိုယ့်ရဲ့အိပ်မက်ထဲကိုပေါ့။ ဒါပါပဲ။ သူ့ပုံစံက လောလောဆယ်ဂျစ်ကန်ကန်ပါပဲ အဲ့လိုဂျစ်ကန်ကန်ပုံစံကို သဘောကျတယ်။ သူ့ကိုလာကြိုက်တဲ့ကောင်မလေးတွေလည်းရှိတယ်။ သူကလည်းအီစီကလီ ပြန်လုပ်ချင်တာပေါ့နော်။ အဲ့ဒါကိုမကြိုက်ဘူး အဲ့ထက်စာရင် ကိုယ့်ကိုပိုပြီးတော့ဂရုစိုက်ပေးစေချင်တယ်။ အဲ့ဒါလေးတချက်ပါပဲ။ ကျန်တာကတော့ သူလည်းလူတော်တယောက်ပဲဆိုတော့ သဘောကျမိပါတယ် ကျန်တဲ့နေရာတွေကို။ အဲ့လိုလေးပုံစံလေးပဲဖြစ်စေချင်တာ။ အခုကတော့ လက်ရှိမှာ ပင်လုံ ငြိမ်းချမ်းရေး ညီလာခံပေါ့နော်။ အကုန်လုံးကတော့ ထောက်ခံတဲ့လူလည်းရှိတယ် မထောက်ခံတဲ့လူလည်းရှိတယ်။ အားပေးပါတယ် ညီမကတော့။ ညီမအမြင်မှာတော့ ဒါကအများကြီးကောင်းတဲ့ဘက်ကိုသွားတယ်လို့ပဲမြင်ပါတယ် ။ တချို့တလေကတော့ နဲနဲနစ်နာတယ်လို့ ထင်တဲ့သူတွေလည်းရှိမှာပေါ့နော်။ နိုင်ငံရေးဆိုတော့ အကောင်းရောအဆိုးရောဝေဖန်ကြတာပေါ့။ ညီမ ကတော့ထောက်ခံတယ် လောလောဆယ် အခင်းအကျင်းအရ လေ့လာမိသလောက်ကတော့ အများကောင်းဖို့အတွက်ပဲလို့ မြင်ပါတယ်။ကောင်းလာမှာပါ ရှေ့ဆက်ပြီးတော့။အခုနောက်ပိုင်းမှာ လူတန်းစားမျိုးစုံအတွက် LGBT တွေအတွက်ရောပေါ့ ပွင့်လင်းမြင်သာတဲ့ဘက်ကို ရောက်လာကြပြီ။ ဥပမာ ဆိုရှယ်မီဒီယာရဲ့ အကျိုးကျေးဇူးတွေလည်းပါမယ်အခြားအခြားသော LGBT လူမှုရေးသမားတွေရဲ့ စွမ်းဆောင်ရည်တွေ ကြောင့်လည်းပါမယ်။မလက်ခံသေးရင်တောင်မှသိလာကြပြီဆိုတဲ့အခြေ အနေမှာရှိနေပြီဆိုတော့နောက်ပိုင်းဆိုရင် ခွဲခြားမှုတွေပျောက်ပြီး အားလုံးအေးချမ်းလာမှာပါလို့မြင်ပါတယ်။အဓိက ကတော့ အခုလောလောဆယ်မှာ Youth ပေါ်လစီ ဆိုပြီးရေးဆွဲနေတာရှိတယ်။အဲ့ဒီ့မှာ LGBT တွေအတွက်လိုအပ်တဲ့ ညီမျှသော လမ်းစဉ်တွေလည်းပါစေချင်ပါတယ်။ အဲ့လိုလေးဖြစ်လာမှာ မြင်ချင်တယ်ပေါ့နော်။ ကိုယ်တိုင်လည်းပါဝင်ခွင့်ရချင်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ မူဝါဒ ဆိုတဲ့အဓိပ္ပါယ်တခုမှာက မူဝါဒဆိုတာ တကယ်တော့အခြေခံမူတခုပဲဥပဒေစဉ်းမျဉ်းဆိုတာက မူဝါဒတွေကို အခြေခံပြီး သတ်မှတ်ကြတာဆိုတော့ အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ မူဝါဒတွေကို အကောင်းဆုံး ဘက်ပေါင်းစုံအတွက် ပြင်ဆင်

ထည့်သွင်းရေးသားနိုင်မှ စစ်မှန်တဲ့ အေးချမ်းမှုကိုဆောင်တဲ့ ငြိမ်းချမ်းသော ခွဲခြားမှုမရှိသော ဥပဒေတွေ ဖြစ်ပေါ်လာမှာလေ။အဲ့တော့ ဒီဥပဒေတွေက အားလုံးအတွက် အေးချမ်းဖို့ဆိုရင် မူဝါဒရေးတဲ့အခါမှာလည်း LGBT ကိုယ်စားပြုတဲ့ မခွဲခြားတဲ့ ဥပဒေတွေပါဝင်ဖို့လိုတယ်။ လောလောဆယ်မှာက အသုံးပြုနေတဲ့ Youthပေါ်လစီမှာဆိုရင် LGBT အတွက် သီးသန့် တံဆိပ်တွေမရှိဘူး နေရာမရှိဘူး ။ အမျိုးသမီးတွေအတွက် ကလေးတွေအတွက် စသည်ဖြင့် ကာကွယ်ပေးထားတဲ့ ဥပဒေ တွေရှိတယ် ။ဒါပေမယ့် LGBT လူမှုရေးလုပ်ရှားသူတွေကတော့ တောင်းဆိုနေတာတွေရှိတယ်။ ဒါပေမယ့်ချက်ချင်းကြီးတော့ အစိုးရဘက်ကနေ အခုချိန်ထိတော့ တုန့်ပြန်တာတွေ မရှိသေးဘူးပေါ့ ။ တခြားပြင်ဆင်ဖို့ဆိုတာထက်လေ အကာအကွယ်ပေးနိုင်မယ့်ဥပဒေတွေလိုသေးတယ်။

လောလောဆယ်လူတကာလည်းပြောပါတယ် (၃၇၇)ပုဒ်မ ကိုပြင်ဆင်ရမယ် ပြင်ဆင်ရဖို့လည်းလိုတယ်။ နောက်တခု ရုပ်ဖျက်မှုဆိုတာပေါ့နော်။

ကျမသနပ်ခါးလိမ်းထားတာကျမရုပ်ဖျက်တာလားပေါ့နော်။ ဥပမာ ယောကျ်ားလျာတယောက်က ဘိုကေ ညှပ်တာ ရုပ်ဖျက်တာလားပေါ့ ။ ပြန်ပြီးမေးခွန်းထုတ်စရာတွေ မရှင်းမလင်းတွေရှိတာပေါ့။ အဲ့ဒီ့လိုပေါ့အခြားသောအမှုတွေ LGBT တွေကိုသက်ရောက်စေတဲ့ အမှုတွေဆိုရင်လည်း ပြင်ဆင်သင့်တာပြင်ဆင်ရမယ်။

ဖြည့်စွက်သင့်တာဖြည့်စွက်

သင့်တာဖြည့်စွက်ရမယ်လို့မြင်တယ်။ကိုယ့်ရဲ့ဖြစ်တည်မှုကို ပွင့်ပွင့်လင်းလင်းမထုတ်ပြချင်တာ အဲ့နှစ်ခုလို့မြင်တယ်ပေါ့။ ဟိုမို နဲ့ Gay ဆိုရင် ငါက ဟိုမို၊ Gay ဆိုရင်တော်တော်များများက လူတကာနဲ့ပျော်ပါးနေတဲ့မိန်းမလျာတွေကိုပဲပြေးမြင်ကြတယ်။ဟိုမိုဆိုရင် တော့ယောကျ်ားကြီးပေါ့ငါတို့ယောကျ်ားလေးပုံစံပဲနေတယ်ပေါ့။တော်တော်များများကအဲ့လိုပဲထင်ကြတယ်ပေါ့နော်။လိင်တူချစ်သူတွေကလည်း အခုချိန်ထိကိုယ့်ရဲ့ဖြစ်တည်မှုကိုမဖော်ပြချင်ကြဘူးပေါ့နော်။နောက်ပြီးတော့ကိုယ်ကဘယ်ခေါင်းစဉ်အောက်ရောက်နေတယ်ဆိုတာကို ကိုယ်ကိုယ်တိုင်က တိတိ ကျကျ မသိသေးသလိုမျိုးတွေ ဖြစ်နေတာကြောင့်လို့လည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ Gay တစ်ယောက်အနေနဲ့ပျော့ညံ့တယ်ဆိုတာ သတ္တိမရှိတာပဲလေ။ နူးညံ့တာကတော့ တပိုင်းပေါ့နော်၊မတူတော့ဘူး။ ပျော့ညံ့တယ်ဆိုတဲ့အရာကတော့မကောင်းဘူးပေါ့ နူးညံ့တယ်ဆိုတာကတော့ကောင်းပါတယ်လို့။သူများတွေထင်သလို ပျော့ညံ့ကြောက်ရွံ့နေလို့ Gay ဖြစ်လာတာမဟုတ်ပါဘူး။ နူးညံ့တဲ့နှလုံးသားနဲ့ Gay ဖြစ်လာတာပါလို့ ထင်ပါတယ်။

ဘာသာရေးအမြင် ဆိုရင်တော့ အများကြီးပဲပေါ့ ၊ တခုချင်းစီအနေနဲ့ကိုအများကြီးပါလို့ ။LGBT တွေကို ခွဲခြားခဲ့တဲ့ ထင်ရှားတဲ့ သမိုင်းကြောင်းကိုပြန်ကြည့်တဲ့အခါမှာ အဓိက က ဂျူး

ဘာသာပေါ့နော်။ အဲ့လိုခွဲခြားမှုတွေဖြစ်ခဲ့တယ်လို့ သိခဲ့ရတယ်။ဒါပေမယ့် ကျမတို့ ဒီနိုင်ငံမှာ ဗုဒ္ဓဘာသာ လူဦးရေ အရမ်းများတယ်။ ဗုဒ္ဓဘာသာအမြင်နဲ့ပြောကြတယ်ပေါ့နော်။အရင်ဘဝကသူများသားမယာ းကိုစော်ကားခဲ့လို့ အခုလို ဖြစ်ရတယ်ပေါ့နော် ။ညီမ ပြန်မေးချင်တယ်။ရှင်တို့ရောအရင်ဘဝကို သိလားပေါ့။ အဲ့မေးခွန်းနဲ့ပဲပြန်မေးချင်ပါတယ်။ နောက်တခုကဒါဘာသာရေးကို တိုက်ခိုက်တာမဟုတ်ပါဘူး။ကျမတို့က ဘာသာရေးကို စော်ကားခွင့်မရှိဘူး။ တိုက်ခိုက်ခွင့်မရှိပါဘူး။ ဗုဒ္ဓဘာသာမှာဆိုဒီလိုတွေပြောကြတယ်။ ဘာသာရေးခေါင်းဆောင်တွေကအစ အဲ့ဒီလိုပြောတယ် တကယ် တိတိကျကျ သဘာဝကျကျ ပြနိုင်းတဲ့ အချိန်မှာ အားလုံးအဆင်ပြေအောင်ဘယ်သူမှမပြနိုင်ကြဘူး။လွယ်လွယ်ပြောရရင် ဗုဒ္ဓဘာသာမှာဆို အင်္ဂုလိမာလ က ဒီဘဝမှာပဲ လူတွေသတ်တယ် ။ဒီဘဝမှာပဲ ရဟန္တာ ဖြစ်သွားတယ်။သူဒီဘဝမှာ လုပ်ခဲ့တဲ့ဝတ်ကြွေးက ဒီလောက်ဆပ်လို့လွယ်လား၊ ဘာမှမခံစားရတော့ဘူးလား လို့ ဥပမာထားပြီးမေးချင်တယ်။ခရစ်ယာန်မှာဆိုလည်း ခွဲခြားတယ် ကဿလစ် ပေါ့နော်။သူတို့ ပစ်ညက်တော် ၁၀ ပါးထဲမှာပါတယ် လိင်တူမချစ်ရဘူးဆိုပြီးတော့ ပါတဲ့အခါမှာ သူတို့ကဒါကိုမကောင်းဘူးလို့မြင်တယ် ကန့်သတ်ရှိ ့ချတယ်။လူတွေအားလုံးကို ဘုရား သခင်ကဖန်ဆင်းထားတာဆိုရင်ကျမတို့ကိုရောဘုရားသခင်ကဖန်ဆင်း ထားတာမဟုတ်ဘူးလားလို့မေးချင်တယ်။သူတို့အဖဘုရားသခင်လို့ပြော ကတယ်တိတိကျကျသိလားမြင်ဖူးလားဆိုရင်ဘယ်သူမှမသိကြဘူး။ဘုရ ားသခင်ရဲ့ လိင်စိတ်ခံယူမှုကရော ဘယ်လိုလည်း ဆိုတာကို ဘယ်သူပြောပြနိုင်လဲ ။ဘုရားသခင်က လိင်စိတ်ခံစားချက်မရှိဘူးဆိုရင် ဘယ်လိုမရှိတာလဲ

ဘာကြောင့်မရှိတာလဲလိုသဘာဝကျကျပြန်မေးချင်ပါတယ်။ ဘုရားသခင်က လိင်စိတ်ခံစားချက်ရှိတယ်ဆိုရင် သူက လိင်တူချင်းမှာရော စိတ်ဝင်စားတတ်တဲ့ လူတယောက်ဖြစ်နေရင်ရောဆိုတဲ့ အဲ့လိုမေးခွန်းလေးတွေ ကျမပြန်မေးချင်ပါတယ်။

"ရှ" အနေနဲ့ အားလုံးကိုပြောချင်တာကတော့ ကျမတို့က လူတွေပါလို့ပြောချင်တယ်။

သဘာဝဖြစ်တည်နေတဲ့အရာတွေပါပေါ့နော်။ သဘာဝမဟုတ်ဘူးဆိုတဲ့ စကားလုံးတွေနဲ့ ပြီးတော့ ဘယ်ကလာခဲ့မှန်းမသိတဲ့အရေးအသားတွေ၊အဟောအပြောတွေနဲ့ အရင်ဘဝအရင်ဘဝ ဆိုတဲ့ ကျမတို့မမြင်ရတဲ့ အဲ့ဒီဘဝကမကောင်းတာလုပ်ခဲ့လို့ ဆိုတဲ့စကားလုံးတွေနဲ့ကျမတို့က ကျမတို့ကို မစော်ကားစေချင်ပါဘူးလို့။ဘာဖြစ်လို့လည်းဆိုတော့ကျမတို့ကမမြင်နိုင်

ဘူး။မိဘပြည်သူတွေအားလုံးလည်းမမြင်နိုင်ကြဘူးပေါ့နော်။ အဲ့ဒီတော့ကျမတို့ဖြစ်တည်လာတာကကျမတို့ကလူသားတယောက်ပါ။ အဲ့ဒီတော့ လူလိုပဲ ချစ်တတ်ပါတယ်။လူလိုပဲနားလည်ပါတယ်။အဲ့ဒီတော့ကျမတို့ကိုကမ်းလင့်လက်တွေပေးပါလို့ပဲအများပြည်သူကိုတောင်းဆိုချင်ဟချင်ပါတယ်။

အမှတ်တရ ပစ္စည်းဆိုတာထက်အမှတ်တရ အဖြစ်ဆုံးကတော့ ပြီးခဲ့တဲ့ ပြီးခဲ့တဲ့ MIYC ပွဲတုန်းက "ရှ" ဘဝမှာ တခါမှမိန်းကလေးလို မဝတ်ခဲ့ဖူးပါဘူး အဲ့ပွဲမှာ ပထမဆုံးအကြိမ် မိန်းကလေးလိုဝတ်ခဲ့တယ်။ညီမ သူငယ်ချင်း ရန်ရန် နဲ့ ရုံးကအကိုကြီး တယောက်နဲ့ပေါ့ ပထမဦးဆုံးအကြိမ် မိန်းကလေးလိုဝတ်ခဲ့တယ်။ စိတ်ကူးအမြဲတန်းယဉ်ကြည့်တယ်တယ် ဘယ်လိုနေမလည်းပေါ့နော်။အမှန်အတိုင်း ဝန်ခံရရင် ကိုယ့် ခန္ဓာကိုယ်လည်း ကိုယ်မလုံဘူးပေါ့နော်။ လုံးဝမလုံဘူး ၊ မလုံတဲ့အတွက်ကြောင့်မို့ပေါ့နော် တခါမှမဝတ်ခဲ့ဘူး။စမ်းသတ်ဝတ်ကြည့်ချင်စိတ်တွေအကြိမ်ကြိမ်ကြိုးစားခဲ့တယ်။သို့သော်မအောင်မြင်ခဲ့ဘူးပေါ့။အဲ့ဒီပွဲမှာ ညီမ ဝတ်ချပလိုက်တယ်ပေါ့နော်။စိတ်ရှိလက်ရှိ ဒူးတွေတောင်တုန်တယ်၊လမ်းတောင်မလျှောက်နိုင်ဘူး အစတုန်းကဆို။ သို့သော် တဖြည်းဖြည်းနဲ့ အသားကျလာပြီး ကိုယ့်ကိုယ်ကို ဘုရင်မတပါးလိုခံစားလိုက်ရတယ် ။ ပွဲမှာဆုံတဲ့ သူငယ်ချင်းတွေကပြောတယ် မြန်မာဝတ်စုံဝတ်လိုက်တာ တအားကို အိန္ဒြေကြီးသွားတယ် တအားကို အိန္ဒြေရလာတယ်ဆိုပြီး သာမာန်မိန်းကလေး မျိုးထက်တောင်မှ အိန္ဒြေပိုတယ်ဆိုတဲ့ feedback တွေကြားရတဲ့အခါမှာ အရမ်းပျော်တယ် ။ ဘယ်သူမှလည်း ညီမကိုအရင်က မမြင်ဖူးကြဘူး။ညီမဆို ဒီ CSO လောကကိုရောက်နေတာ (၅) နှစ်ရှိပြီ ညီမဒီလိုဝတ်တာမမြင်ဖူးကြဘူး။ ။အဲ့ဒါကတော့အမှတ်တရပဲပေါ့နော်။ပထမမှာ ပထမဦးဆုံး ကိုယ့်ကိုယ်ကို ပြောင်းလဲသွား တယ်လို့ငါလုပ်နိုင်ပြီလို့ ခံစားရတဲ့ ပထမဆုံး အမှတ်တရပေါ့။ ညီမ သနပ်ခါး အမြဲတန်း လိမ်းတယ် ။ကျမ ဖေ့ဘွတ် ပေါ်မှာ တင်တဲ့ ဓါတ်ပုံ တိုင်းမှာလည်း သနပ်ခါး ပါးကွက်ပါတယ်။သနပ်ခါးကို အရမ်းကြိုက်တယ်။သူများတွေကပြောတယ် နင်အသက်မငယ်တော့ဘူး သနပ်ခါးမလိမ်းနဲ့တော့ မလှဘူးလို့ပြောကြတယ်။လိမ်းမှာဆိုလည်း ပါးပါးလေးပဲလိမ်း မိတ်ကပ်ဆိုမိတ်ကပ် လေးပဲ လှလှပပ လိမ်း အဲ့ဒီလို သူငယ်ချင်းတွေကအကြံပေးကြတယ်။"ရှ" ကတော့ဒီ သနပ်ခါး ကိုဂုဏ်ယူတယ်။ဘာဖြစ်လို့လည်းဆိုတော့ "ရှ" ဆိုပြီးတော့ သိလာအောင်ဒီ သနပ်ခါး ပါးကွက်ကြောင့်လည်း ပါတယ် လို့ ညီမထင်တယ်။အခုခေတ်မှ သနပ်ခါး လိမ်းတဲ့လူ သိပ်မရှိတော့တဲ့အတွက် ပါးကွက်လေးကွက်သွားတဲ့အခါ အများကြားမှာ ထူးခြားနေတယ် မြန်မာရိုးရာ သနပ်ခါး လေး နဲ့ ထင်းနေတယ်လို့

ခံစားရတယ်။"ရှ"ရဲ့အမှတ်အသားတခုလို "ရှ" ဆိုရင် သနပ်ခါး ပါရမယ်ဆိုတဲ့ "ရှ" အမြဲတန်ဖိုးထားတဲ့ သနပ်ခါး ပါလို့ အားလုံးကိုမခွဲခြားပဲကမ္ဘာ ပေါ်က သဘာဝထဲကသတ္တဝါတွေအားလုံးကို ညီမ က စိတ်ချမ်းသာခြင်း

ကိုယ်ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ဒီနေရာကနေဆုတောင်းပေးလိုက်ပါတယ်။

၁၉။ စိုးမိုးသူ(၂၆) ပြည်မြို့



မင်္ဂလာပါ။ ကျွန်မအမည်ကတော့ စိုးမိုးသူပါရှင့်။ အသက်ကတော့ ၂၆ ပြည့်တော့မှာပါ။ နေတာကတော့ ပြည်မြို့ပါ။ လောလောဆယ်တော့ ညီမကစက်ချုပ်သင်နေပါတယ်။ ညီမက အရင်ကတော့ ကိုယ့်ကိုကိုယ် ဘာဆိုတာကို မသိပါဘူး။ ညီမရဲ့ကောင်လေးနဲ့ အတူနေတော့မှ ကိုယ့်ကိုကိုယ် lesbian တစ်ယောက်ဆိုတာကို သိလာရပါတယ်။ ညီမနဲ့အတူနေတဲ့သူက Tomboy တစ်ယောက်ပါ။ ညီမကအရင်ကဆို ဒါမျိုးတွေကို စိတ်မဝင်စားပဲ သူနဲ့တွေ့တော့မှ စိတ်ဝင်စားခဲ့တာပေါ့နော်။

ညီမကယောကျာ်းတွေကိုလဲ သိပ်ပြီး စိတ်မဝင်စားခဲ့ပါဘူး။ တစ်ချို့ယောကျ်ားတွေက သူတို့မိန်းမတွေကို နှိပ်စက်တာမြင်တော့ အိမ်ထောင်ပြုရမှာကို ကြောက်နေခဲ့ပါတယ်။ အဲ့တော့ ယောကျ်ားလေးတွေကိုလဲ အမြင်မကြည်သလို ကိုယ့်ကိုကိုယ်မိန်းကလေးချင်း ချစ်တတ်တယ်ဆိုတာကို မသိခဲ့ဘူး။ ညီမအသက်၂၂လောက်မှာ ခုလက်ရှိတွဲနေတဲ့ အိမ်ထောင်ဘက်နဲ့တွေ့ခဲ့ပါတယ်။ စတွေ့တွေ့ချင်းကတော့ ညီမလေးက လက်မခံနိုင်ဘူး။ သဘာဝတရားကို ဆန့်ကျင်နေတယ်။ ပတ်ဝန်းကျင်ကလဲ ငါတို့ကို ကဲ့ရဲ့လိမ့်မယ်။ မဖြစ်နိုင်တဲ့စကားတွေကို မပြောနဲ့လို့ ပြန်ပြောပါတယ်။ ဘယ်လိုပဲပြောပြော နောက်ဆုံးတော့ သူ့ကို ကိုယ့်စိတ်ကကို လက်ခံလာပါတယ်။ မနက်ခင်းမိုးလင်းလို့ အဝတ်အစားဝတ်တာ သနပ်ခါးလိမ်းတာကအစ သူ့အတွက်ဆိုတာ ဖြစ်လာတယ်။ သူက ညီမကိုအမြဲလိုက်ကြည့်နေကြဆိုတော့ သူငါ့ကိုတစ်နေရာရာက ကြည့်နေမှာပဲဆိုပြီး မျှော်တတ်လာပါတယ်။ နောက်တော့ သူ့ကိုမမြင်ရရင်ကို တစ်မျိုးကြီးခံစားနေရတော့ သူ့ကို သံယောဇဉ်ရှိနေတာကို သိလာရပါတယ်။ ချစ်တယ်လို့တော့ မပြောဘူး သံယောဇဉ်ရှိတယ်ဆိုတဲ့ အတွေးလေးနဲ့ နေလာပါတယ်။ သူငယ်ချင်းလိုနေရင်းနဲ့ပဲ သူ့ကိုဆုံးရှုံးရမှာ ကြောက်လာပါတယ်။ ပတ်ဝန်းကျင်ကို ဂရုမစိုက်ပဲ အတူနေကြမယ်ဆိုပြီး အတူနေလိုက်ပါတယ်။ သူကညီမရဲ့ရည်းစားဦး အချစ်ဦးပါ။

အခက်အခဲတွေကတော့ အများကြီးပါပဲ။ ညီမနဲ့သူနှစ်ယောက်တွဲသွားရင် ပတ်ဝန်းကျင်က ကြည့်တဲ့အကြည့်တွေ မျက်စောင်းထိုးတာတွေ ကဲ့ရဲ့တဲ့ဒဏ်တွေကို တော်တော်လေးခံရပါတယ်။ ညီမတို့နှစ်ယောက်က ကိုယ့်ကိုကိုယ်လင်မယားလို့ သတ်မှတ်ထားပေမဲ့ ပတ်ဝန်းကျင်က အသိအမှတ်ပြုဖို့ဆိုရင် တော်တော်လေးကို ကြိုးစားရပါအုံးမယ်။ ပတ်ဝန်းကျင်က လက်ခံတာ လက်မခံတာထက် ကိုယ့်ထမင်းကိုယ်စား ကိုယ့်အလုပ်ကိုယ်လုပ်နေသူကို အဲ့ဒီလိုမျိုးသက်သက်မဲ့ ဝေဖန်နေတဲ့သူတွေ ရှိနေပါသေးတယ်။ ညီမလေးကိုဆိုရင် နင်ဘောပြားယူမဲ့အစား ငါတို့ကိုယူပါလား ဘောပြားက နင့်ကိုဘာလုပ်ကျွေးမှာလဲ စသည်ဖြင့် စကြပါတယ်။ ညီမအမျိုးသားကိုဆိုရင် ဘောပြား ယောကျ်ားလျာ စသည်ဖြင့် စကြပါတယ်။ အဲ့လိုမျိုးပြောခံရတော့ တစ်ခါတစ်လေကြတော့လဲ ဝမ်းနဲပါတယ်။ ငါတို့ကျမှ ပတ်ဝန်းကျင်က ဒီလိုတွေပြောကြတာလားဆိုပြီး စိတ်မကောင်းဖြစ်ရပါတယ်။ ညီမကြောင့်သူလဲ အဲ့ဒီလိုပြောခံရတော့ စိတ်မကောင်းပါဘူး။ လူလူချင်းအတူတူကို ဘာလိုများ ခွဲခြားဆက်ဆံကြတာလဲဆိုပြီး နားမလည်နိုင်ပါဘူး။ တစ်ခါတစ်လေမှာ ညီမကမခံနိုင်လို့ ပြန်ပြောတဲ့ခါ ရိုင်းတယ်လို့ သတ်မှတ်ကြပြန်တယ်။ ငြိမ်ခံနေရင်လဲ သူတို့ပြောသမျှ မှတ်နေတယ်လို့ ယူဆနေကြပြန်ရော။ သူကတော့ တစ်ခါတစ်လေမှာ

မန့်မောင် ပတ်ဝန်းကျင်အမြင်မှာ မတင့်တယ်ဘူးထင်ရင် ခွဲနေကြရအောင်လို့ ပြောပါတယ်။ အမှန်တော့ ကိုယ်ချစ်တဲ့သူ ကိုယ်သံယောဇဉ်ရှိတဲ့သူနဲ့ ခွဲနေရလောက်အောင်ထိ ပတ်ဝန်းကျင်က အရေးမပါပါဘူး။ သူတို့ကို ဂရုစိုက်ပြီး ကိုယ့်စိတ်ချမ်းသာမှုကို လဲယူရလောက်အောင်ထိ လုပ်စရာမလိုပါဘူး။ ညီမက အိမ်မှာ မောင်နမသုံးယောက်ရှိပါတယ်။ မိန်းကလေးက ညီမတစ်ယောက်ထဲပါတာပါ။ အမေကတော့ သမက်လိုချင်တာပေါ့နော်။ ပြီးတော့ သမီးကမွေးတဲ့မြေးကိုတော့ ချီချင်တယ်လို့တော့ ပြောပါတယ်။ အမေက သူများတွေမြေးချီနေတာမြင်ရင် ချီချင်တာပေါ့နော်။ ကိုယ်တိုင်လဲမွေးပေးနိုင်တော့ အပြစ်တစ်ခုလိုခံစားရတယ်။ ညီမအနေနဲ့ကတော့ ကလေးမရနိုင်ပေမဲ့ ညီမဘဝမှာ ချမ်းချမ်းသာလျှင် အဓိကပါ။ အမေ့အနေနဲ့ကတော့ ငါ့သမီးက မိန်းမချင်း ယူထားတဲ့အတွက် သူကဝမ်းဝအောင်လဲ ရှာကျွေးနိုင်မှာ မဟုတ်ဘူး။ ခါးလှအောင်လဲ ဆင်ပေးနိုင်မှာ မဟုတ်ဘူးဆိုတဲ့ စိတ်ကြီးကခေါင်းထဲမှာ စွဲနေပါတယ်။ ညီမတို့က အမေနဲ့အတူနေတာပါ။ အမေက အမြင့်တတ်တာမျိုး တစ်ခုခုလုပ်တာမျိုးကို ချမ်းချမ်းက ဝင်လုပ်ပေးရင် မလုပ်နဲ့ ဒါက ယောကျ်ားလေးလုပ်တာ မိန်းကလေးလုပ်လို့ မသင့်တော်ဘူးဆိုပြီး ပြောတယ်။ အမေက သူ့ကို သမက်တစ်ယောက်လိုကို မဆက်ဆံပါဘူး။ ညီမအနေနဲ့ကတော့ သမက်တစ်ယောက်လို ဆက်ဆံစေချင်ပါတယ်။ အမေက အဲ့လိုလုပ်တော့ အလိုလိုခွဲခြားပြီးသားဖြစ်ပြီး သူကစိတ်မကောင်းတော့ဘူး။ ညီမအနေနဲ့ကလဲ ငါ့ယောကျ်ားကို အမေက အသိအမှတ်မပြုဘူးဆိုပြီး ခံစားရပါတယ်။ ပတ်ဝန်းကျင်အမြင်မှာ သူတို့တွေကို အဲ့ဒီလိုမျိုးယောကျ်ားတစ်ယောက်လိုမျိုး သတ်မှတ်ခိုင်းတာ မဟုတ်ပါဘူး။ မသတ်မှတ်ရင်နေပါ လိုက်ပြီးမစော်ကားပါနဲ့ မဝေဖန်ပါနဲ့ မကဲ့ရဲ့ပါနဲ့ အဲ့ဒါပဲ လိုချင်ပါတယ်။ သာမန်လူတွေလိုပဲ လွတ်လွတ်လပ်လပ် သွားချင်တယ် လာချင်တယ်။ သာမန်လူတွေကို အစအနောက်မခံရပဲ ညီမတို့လိင်တူချစ်သူတွေကိုမှ အစခံရတာဘာကြောင့်လဲ။ ဒီနိုင်ငံမှာတော့ အကြောင်းရာတိုင်း ကိစ္စတိုင်းမှာ Gender နဲ့ပတ်သတ်ပြီး ခွဲခြားမှုတွေ ရှိနေတုန်းပါပဲ။ ညီမတို့စယူယူချင်းတုန်းက အခက်အခဲကတော့ အလုပ်အကိုင်နဲ့ စားဝတ်နေရေးပါ။ အဲ့ဒီအချိန်တုန်းက သူကလဲ ဒီ Sky Dragon Lesbian Group မှာ အလုပ်မရသေးပါဘူး။ ကျပန်းပဲ လုပ်နေရပါတယ်။ ညီမကအရင်ကတော့ အထည်ဆိုင်မှာ လုပ်တော့ အဆင်ပြေပေမဲ့ သူနဲ့ယူပြီး နောက်ပိုင်းအလုပ်ထွက်လိုက်ပါတယ်။ ပြီးတော့ ညီမကကျန်းမာရေးမကောင်းတော့ အလုပ်မလုပ်နိုင်တော့ အဆင်မပြေပါဘူး။ ညီမကျန်းမာရေးကြောင့် TB ဆေးသောက်နေရတော့ အလုပ်မလုပ်နိုင်ပါဘူး။ ညီမတို့အနေနဲ့ မိဘဆီကအထောက်အပံ့မယူပဲ ကြိုးစားပြီး

ရှန်းကန်ရပ်တည်ခဲ့ရပါတယ်။ ညီမတို့စညားကာစ လွန်ခဲ့တဲ့နှစ်က ဆိုတော့ ပိုက်ဆံသုံးလေးရာရဖို့ကို လင်မယားနှစ်ယောက် မိုးလင်းမိုးချုပ် ဆေးလိပ်ဖင်စီခံ လိပ်ရပါတယ်။ ညီမအနေနဲ့ အားကိုးလို့ရမယ့်ယောကျ်ားကို ယူတာမဟုတ်လို့ အားကိုးလို့ရမှာ မဟုတ်ဘူးဆိုတဲ့ အပြောအဆိုမျိုးကို မခံနိုင်လို့ ဘယ်သူ့ဆီက အကူအညီအထောက်အပံ့မှ မပါပဲရပ်တည်ခဲ့ကြပါတယ်။ ရတဲ့ပိုက်ဆံလေးနဲ့ ဆန်ဝယ်ပြီးပြုတ်စားပါတယ်။ သူကလဲတစ်ခါတစ်လေ အပြင်မှာအလုပ်ကြမ်းသွားလုပ်ပါတယ်။ နောက်မှသိရတာက သံချောင်းတွေ သယ်ရတာပါ။ သူဒီလိုတွေလုပ်နေရတယ်ဆိုတာကို မသိခဲ့ပါဘူး။ အဲ့ဒီတုန်းက သူကဆယ်တန်းကျောင်းသားပဲ ရှိသေးတယ်။ သူ့မိဘဆီမှာ ခြေမွေးမီးမလောင် လက်မွေးမီးမလောင်နေခဲ့ရပြီး ညီမဆီရောက်မှ ဆင်းရဲတဲ့ဒဏ်တွေကို ခံရတာပါ။ ညီမတို့လုပ်တဲ့ လုပ်အားခကလဲ ညနေမှရှင်းပေးတာပါ။ အဲ့ဒီတုန်းက ဆန်တစ်ပူးကို ၂၀၀ ကျပ်မှာ ညီမရဲ့လုပ်အားခက တစ်နေ့ကို ၃၀၀ ကျပ်ပဲရတယ်။ တစ်ရက်နေမကောင်းလို့ အလုပ်မဆင်းလိုက်တော့ နောက်ရက်မနက်စာအတွက်က စားဖို့မရှိတော့ဘူး။ ညနေပိုင်းမှရတော့ တစ်နေကုန်ဗိုက်ဆာပြီး ကျိတ်မှိတ်နေရပါတယ်။ ညီမလဲဗိုက်ဆာလို့ အိမ်အပေါ်ထပ်ကနေ အောက်ဆင်းလာတော့ အဒေါ်ထမင်းစားနေတာနဲ့ကြုံပါတယ်။ မှတ်မှတ်ရရ အဒေါ်က

ကြက်သားဟင်းနဲ့ထမင်းစားနေတာပါ။ ညီမကိုမြင်မှ နင့်ထိုက်နဲ့နင့်ကံ မစားရလဲငတ်သေလို့ပြောပြီး တစ်ခြားဘက်လှည့်သွားပါတယ်။ ညီမကလဲ နလန်ထဆိုတော့ ကြက်သားနဲ့ထမင်းကို အရမ်းစားချင်နေခဲ့ပါတယ်။ ညီမကဗိုက်ဆာလွန်းလို့ အိမ်ပေါ်တတ်ပြီးငိုတော့ ညီမရဲ့အမျိုးသားချမ်းချမ်းက အမဘာမှမပူနဲ့ ကျွန်တော်ရှာကျွေးမယ်ဆိုပြီး သူ့တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှမလုပ်ဖူးတဲ့ သံချောင်းမတာတွေ အလေးအပင်မတာတွေ အဲ့ဒီလိုအလုပ်ကြမ်းတွေလုပ်ပြီး ပြန်လာပါတယ်။ အလုပ်ကလဲ အဝေးကြီးသွားရတယ်။ ပိုက်ဆံ ၂၀၀၀ တော့ ရခဲ့ပါတယ်။ သူပြန်လာတော့ မိန်းမရေ ကြက်သားနဲ့အာလူး ဝယ်လာတယ် စားမယ်ဆိုပြီးပြောပါတယ်။ အဲ့ဒီနေ့က သူပင်ပင်ပန်းပန်းရှာကျွေးတဲ့ ကြက်သားအာလူးဟင်းနဲ့ ထမင်းစားမြိန်ခဲ့ရပါတယ်။ နောက်တော့မှ သူဒီလိုပင်ပင်ပန်းပန်းလုပ်ပြီး ညီမကိုရှာကျွေးတယ်ဆိုတာကို သိတာပါ။ ညီမလဲမခံစားနိုင်လို့ မောင်ခုလိုပင်ပင်ပန်းပန်းရှာထားတဲ့ပိုက်ဆံနဲ့ မလဲထမင်းမစားချင်ဘူး။ နောက်ရက်မလုပ်ပါနဲ့ဆိုတော့ အဲ့ဒီအလုပ်ကို မလုပ်တော့ဘဲ ခရမ်းချဉ်သီးသေတ္တာစာရင်းမှတ်တဲ့နေရာမှာ ညီမကရှာပေးပါတယ်။ ဒါပေမဲ့သူက မိန်းကလေးမက ယောကျ်ားလေးမကျဆိုတော့ စာရေးအလုပ်တင်မကပဲ သူကိုယ်တိုင်လဲ ဝင်ထမ်းရတယ်လို့ နောက်မှညီမသိရတာပါ။ သူတို့ဆိုင်မှာ သူနဲ့အတူမှတ်ဖို့ ကောင်မလေးတစ်ယောက်လဲရှိတယ်။ သူ့ကျတော့

စာရင်းလဲလုပ်ရပြီး ကုန်လဲထမ်းမှ တစ်ရက်ကို ၁၅၀၀ ကျပ်ပဲရတယ်။ သူအဲ့လိုတွေလုပ်ပြီးပြန်လာတော့ သူ့ဒူးတွေပွန်းပြီး ဖျားပါတယ်။ အဲ့ဒီတုန်းက ဆောင်းတွင်းပေါ့နော်။ မောင်ရယ် ဖျားနေရင် မသွားပါနဲ့ဆိုတာကို ဆေးသောက်ပြီး အလုပ်သွားလုပ်ပါတယ်။ ဒါနဲ့အဲ့ဒီအလုပ်ကထွက်ပြီး နှစ်လုံးရောင်းကြပါတယ်။ နှစ်လုံးရောင်းတော့လဲ လူတွေကသူ့ကို သမီးလို့ခေါ်တော့ မရယ်မောင့်ကို လူတွေကသမီးလို့ခေါ်နေကြတယ်ဆိုတော့လဲ အဲ့ဒီအလုပ်က အဆင်မပြေပြန်ပါဘူး။ ညီမတို့သည်းခံပြီး နေထိုင်ရင်း LGBT နဲ့ ပတ်သတ်တဲ့သင်တန်းတွေရှိရင် လိုက်တတ်ပါတယ်။ သင်တန်းရှိနေရင် အလုပ်ပြုတ်ရင် ပြုတ်ပါစေ သင်တန်းကိုဦးစားပေးပြီး တတ်ခိုင်းပါတယ်။ သူ့ကို LGBT Group တွေထဲ ထဲထဲဝင်ဝင်ရောက်သွားစေချင်တယ်။ LGBT Family တွေထဲရောက်သွားရင် သာမန်ယောကျာ်းမိန်းမတွေထဲနဲ့စာရင် အချင်းချင်းဆိုတော့ ပိုပြီးနားလည်မှုရှိမယ် ပိုးပြီးလွတ်လပ်မှာမို့ သူ့ကိုခြေစုံပစ်ပြီး ဝင်ခိုင်းခဲ့ပါတယ်။

အမှတ်တရ ဆိုရင်တော့ ညီမတို့နှစ်ယောက်က ပြည်နဝဒေးတံတားဘက်ကိုသွားပြီး နှစ်လုံးရောင်းရပါတယ်။ အဝေးကြီးသွားရတာပါ။ ညီမတို့မှာ သွားစရာလာစရာ စက်ဘီးကလဲမရှိပါဘူး။ သူ့အသိမာမူကြီးကနေပြီး မင်းတို့ကိုအပေါင်ဆုံး စက်ဘီးလေးတစ်စီးနဲ့ ရောင်းပေးမယ်။ ငွေါကိုအရစ်ကျနဲ့ပြန်ဆပ်လို့ပြောပါတယ်။ အဲ့ဒီတုန်းက စက်ဘီးတန်ဖိုးက ၃၀၀၀၀ ကျပ်ပါ။ ညီမတို့မှာ တစ်လကို ၅၀၀၀ ကျပ်ပေးဖို့ကို တော်တော်လေးကြိုးစားရပါတယ်။ စက်ဘီးဖိုးအရစ်ကျပေးခါနီးဆိုရင် လင်မယားနှစ်ယောက် စားရေးသောက်ရေး အရမ်းကြပ်တည်းပါတည်။ သူများကို ကတိမတည်နိုင်မှာဆိုးလို့ တော်တော်လေးချွေတာရပါတယ်။ အဲ့ဒီအချိန်တွေကိုတော့ ဘယ်တော့မှမမေ့လို့မရပါဘူး။ လင်မယားနှစ်ယောက်လုံး အဆင်မပြေမှုတွေကို ခါးစည်းခံပြီး လောကဒဏ်ကို အံတုကာကြိုးစားခဲ့ရပါတယ်။ သူကပညာရေးတစ်ပိုင်းတစ်စနဲ့ ညီမဆီရောက်လာတော့ သူ့မိဘကကျောင်းဆက်မနေနိုင်မှာ ကျောင်းဆက်မထားမှာကို စိုးရိမ်ပူပန်ရပါတယ်။ သူ့မိဘတွေအနေနဲ့က သူတို့သမီးကို တစ်ချိန်ချိန်မှာ မိန်းကလေးစိတ်ပြန်ပေါက်အောင် ပြောင်းဖို့ရည်ရွယ်ချက် ရှိကြပါတယ်။ သူတို့သမီးက ညီမနဲ့ယူထားတယ်ဆိုတော့ ညီမအပေါ်မှာတော့ အမြင်တော့ သိပ်မကြည်ပါဘူး။ သူတို့သမီးက လုံးဝယောကျ်ားစိတ်ဆိုတော့ မရပါဘူး။ အဲ့လိုပြောင်းလဲလို့မရတာကို ညီမဘက်ကို အပြစ်ပုံချပါတယ်။ ညီမက သူ့မိန်းမအနေနဲ့နေလိုက်လို့ သူ့သမီးရဲ့လိင်စိတ်ခံယူချက်ပြောင်းမရတော့ဘူးဆိုပြီး ညီမကို အပြစ်တင်ပါတယ်။ ညီမကိုမကြည်ပေမဲ့လဲ ချမ်းချမ်းမျက်နှာကိုကြည့်ပြီး သူနဲ့ပတ်သတ်မှတော့ သူ့မိဘတွေကိုလဲ ငါ့မိဘလိုသဘောထားရမယ်ဆိုပြီး တွေးပါတယ်။ ညီမကို သူ့မိသားစုက

ကွယ်ရာမှာရော ရှေ့တင်မှာရော မကောင်းဘူးပြောလဲ ညီမဘက်က အဖေအမေခေါ်ပြီး အတတ်နိုင်ဆုံး သူ့မိဘတွေ လက်ခံလာအောင် ကြိုးစားပါတယ်။ တစ်ချိန်ချိန်မှာ ကိုယ့်ကိုလက်ခံလာမှာပဲဆိုတဲ့ မျှော်လင့်ချက်နဲ့ ရအောင်ကြိုးစားညှိပါတယ်။ သူ့မိဘအိမ်သွားတဲ့အခါမှာ သူ့မိဘတွေကိုယ်တိုင် ခိုင်းစရာမလိုအောင် အလုပ်လုပ်ပေးပါတယ်။ အမေနှိပ်ပေးရမလား အဖေနင်းပေးရမလား အမြဲလုပ်ပေးပါတယ်။ တကယ်ဆိုရင်တော့ ကန့်ကွက်ရမှာက ညီမဘက်ကပါ။ ညီမကလုပ်ပေးစရာတောင်မလိုပါဘူး။ ချမ်းချမ်းကို ချစ်တဲ့စိတ်တစ်ခုထဲနဲ့ပဲ အရာရာအားလုံးကို သည်းခံပြီးကျော်ဖြတ်ပါတယ်။ ညီမတို့မိသားစုက ချမ်းချမ်းကို အစပိုင်းမှာ လက်မခံပေမဲ့နောက်ပိုင်းမှာ ချစ်ပါတယ်။ ပတ်ဝန်းကျင်ကနေ နင့်သမီးယူထားတာက ယောကျ်ားလဲမဟုတ်ဘူး မိန်းမချင်းတွေလို့ပြောရင်တော့ အမေက စိတ်မကောင်းဖြစ်ပါတယ်။ အဲ့ဒီလိုအမေခံစားရတာတွေတော့ ချမ်းချမ်းမသိပါဘူး။ ညီမတို့အနေနဲ့ကတော့ ညီမတို့နှစ်ယောက်ကြောင့် အမေစိတ်ဆင်းရဲပါစေဆိုပြီး လုပ်ခဲ့တာမဟုတ်ပါဘူး။ ဘယ်လမ်းဘယ်ခရီး ကိုသွားသွား ခေါင်းမော့ပြီးသွားချင်တာပေါ့။ နောက်ကနေအတင်းပြောခံရတဲ့ဘဝကိုတော့ ဘယ်သူမှမလိုချင်ပါဘူး။

ပတ်ဝန်းကျင်ကလူတွေက သူတစ်ပါးကို ကိုယ်ချင်းမစာချင်ကြပါဘူး။ ကိုယ်တိုင်ခံစားရမှသာ နားလည်ကြတဲ့သူ များပါတယ်။ တစ်ချို့ဆိုပြောကြတယ် ငါတို့မျိုးရိုးထဲမှာ လိင်တူနှစ်သက်တဲ့သူမရှိဘူးဆိုပြီး ဂုဏ်ယူစွာပြောကြပါတယ်။ ငါတို့က ဦးကျောက်ရှိတယ်။ စဉ်းစားဉာဏ်မရှိတဲ့သူတွေမှ လိင်တူချစ်တာ စသည်ဖြင့်ပေါ့။ လိင်တူချစ်တာ အပစ်မှမဟုတ်တာကို သူတို့နားမလည်ကြဘူး။ နားလည်မပေးချင်ကြဘူးလို့ မြင်ပါတယ်။ ညီမတို့က ဦးကျောက်မရှိလို့ ယူတာမဟုတ်ပါဘူး။ ချစ်လို့ယူတာပါ။ အချစ်ကိုခံစားပြီးလက်ထပ်ပေါင်းသင်းကြတာပါ။ အချစ်ဆိုတာ အစားထိုးဖို့ခက်ခဲပါတယ်။ ချမ်းချမ်းထက် ရုပ်ရည်ရူပကာ ဂုဏ်ဒြပ် စည်းစိမ် ဘယ်လောက်ပဲ သာနေပါစေ ညီမကချစ်လို့မရရင်တော့ လက်ထပ်ပေါင်းသင်းမှာ မဟုတ်ဘူးလေ။ ပတ်ဝန်းကျင်က အဓိကပြောချင်တာက ယောကျ်ားအစစ်မဖြစ်လို့ပါပဲ။ Tomboy တွေထဲမှာတောင်မှ အခြား Tomboy ကိုချစ်လို့မရပါဘူး။ သူ့ကိုပဲချစ်ပါတယ်။ အဓိကက ချမ်းချမ်းဆိုတဲ့လူကိုချစ်တာပါ။ အဲ့ဒါအချစ်ပါ။ ပတ်ဝန်းကျင်ကနေပြီး နင်ကဘောပြားကိုချစ်တာဆိုရင် တစ်ခြားဘောပြားကိုရော ချစ်လားလို့မေးတဲ့အခါ ညီမက ဘောပြားမို့ ချစ်တာမဟုတ်ဘူး ယောကျ်ားမိန်းမကိုချစ်တာမဟုတ်ပါဘူး ချမ်းချမ်းဖြစ်နေလို့ချစ်တာ ချမ်းချမ်းဘာပဲဖြစ်ဖြစ် ချစ်နေမှာလို့ပြန်ဖြေပါတယ်။ အဲ့ဒီလောက်ထိရှင်းပြရင်တောင်မှ တစ်ချို့သူတွေက နားမလည်ပါဘူး။ သင်တန်းတွေတတ်ပြီးနောက်ပိုင်းမှာ ပတ်ဝန်းကျင်ကို အရင်ကလိုတော့

ရန်မတွေ့တော့ပါဘူး။ LGBT နဲ့ ပတ်သတ်လို့ သူ့ရဲ့အဓိပ္ပါယ်ကို ပတ်ဝန်းကျင်က လက်ခံလာအောင် အေးအေးဆေးဆေးရှင်းပြပါတယ်။ ဒီလိုလိင်တူချစ်သူဆိုတာ တမင်လုပ်ယူထားတာမဟုတ်ပါဘူး။ သူ့ရဲ့မွေးရာပါ ချစ်ခင်မြတ်နိုးမှုပါ သူ့ရဲ့လိင်စိတ်ခံယူမှုကိုက အဲ့ဒီလိုဖြစ်တည်လာတာပါလို့ ရှင်းပြပါတယ်။ ချစ်သူနှစ်ဦးခဏတာ စိတ်ဆိုးစိတ်ကောက်နေရင်တောင်မှ မင်းချစ်သူကို ဖြတ်ပြီးတစ်ခြားတစ်ယောက်ကို ပြောင်းချစ်ပါလို့ ပြောမရပါဘူး။ အဲ့ဒီလိုပါပဲ ညီမတို့ရဲ့လိင်စိတ်ခံယူမှုကိုက ခုလိုဖြစ်နေလို့ တစ်ခြားပုံစံမျိုးနဲ့ ချစ်လို့မရပါဘူး။ သင်တန်းကရတဲ့ အသိပညာဗဟုသုတတွေကို ခေါင်းထဲမှထည့်ထားပါတယ်။ သူတို့က ချမ်းချမ်းကဘာလို့ ဒီလိုဝတ်ထားထာလဲဆိုပြီး အဝတ်အစားပိုင်းကိုမေးရင် ချမ်းချမ်းကTomboy ဖြစ်နေလို့ Tomoy ဆိုတာ ဘာလဲဆိုရင် မိန်းကလေးဖြစ်နေပေမဲ့ သူတို့ရဲ့စိတ်က လုံးဝယောက်ျာလေးလိုသတ်မှတ်ထားလို့ ယောက်ျားလေးလို ဝတ်တာပါ Tomboy ဆိုတာ မိန်းကလေးပုံစံကနေ ယောကျ်ားလေးပုံစံသို့ ပြောင်းလဲဝတ်ဆင်နေထိုင်တဲ့ Transgender Man တစ်ယောက်ပါလို့ အေးအေးဆေးဆေးပြန်ရှင်းပြပါတယ်။ သူတို့က ယောက်ျားလေးလိုခံယူထားပေမဲ့ ယောကျ်ားအစစ်တစ်ယောက်တော့ မဟုတ်ဘူးလို့ ညီမဆိုရင် မိန်းကလေးချင်းချစ်ခင်နေထိုင်လို့ Lesbian လို့ခေါ်ကြောင်း အခေါ်အဝေါ်တွေကအစ ရှင်းပြပါတယ်။ ညီမကို ဘောပြားမိန်းမလို့ခေါ်ရင် အဲ့လိုခေါ်စရာမလိုဘူး တကယ်အဆင့်အတန်းရှိရှိ ခေါ်ချင်ရင် Lesbian လို့ခေါ် အဲ့ဒါမှ အဆင့်အတန်းရှိတယ်လို့ပြောပြပါတယ်။ အဲ့ဒီတော့ သူတို့က အဆင့်အတန်းရှိရှိခေါ်ဖို့အတွက် ပြောင်းလဲလာကြပါတယ်။ ဘောပြားလို့ခေါ်ချင်ရင်လဲခေါ် ခေါ်တဲ့သူက အဆင့်အတန်းမရှိလို့ပဲလို့ သတ်မှတ်လိုက်တယ်။ Gay တစ်ယောက်ကို ဟာ..အခြောက်ကြီး လို့ခေါ်မဲ့အစား Gay လို့ခေါ်လိုက်ပါလား ခေါ်ရတာလဲ လွယ်တယ် တိုတယ် အဆင့်အတန်းလဲရှိတယ်။ အခြောက်ကြီးလို့ခေါ်ရင် ခေါ်ရတဲ့အသုံးအနှုန်းက ရှည်သေး အဆင့်အတန်းကလဲ မရှိဘူးလေ။ ကမ္ဘာကတစ်ဝှမ်းကနေ Gay လို့ လက်ခံထားကြတာလေ။ နားထောင်ရတဲ့သူလဲ သက်သာတယ်။ တစ်ချို့ကြတော့လဲ သူတို့ကိုတိုင်က အခြောက်လို့ပြောနေကြတယ်။ သူတို့ကိုယ်တိုင်လဲပြင်ရမယ်။ သူများက ခေါ်ရင်လဲ ငြင်းပိုင်ခွင့်ရှိတယ်။ မကြိုက်တာကို မကြိုက်ကြောင်း ငြင်းပိုင်ခွင့် ကိုယ့်မှာအပြည့်အဝရှိတယ်။ Gay ဆိုတာဘာလဲလို့ ပတ်ဝန်းကျင်က မေးလာရင်တော့ ကိုယ်ကပြန်ဖြေရှင်းပြတတ်ဖို့တော့ လိုပါတယ်။ တစ်ချို့တွေက သူတို့အချင်းချင်းတောင် ဟဲ့အခြောက် ဘာညာပြောတတ်ကြတယ်။ အဲ့ဒီအသုံးအနှုန်းတွေကို မကြိုက်ရင် ကိုယ်တိုင်လဲ မသုံးပဲပြင်ဖို့လိုပါတယ်။ ပတ်ဝန်းကျင်အနေနဲ့က LGBT ဆိုတာဘာလဲ ငါတို့မသိဘူးဆိုရင် လက်တွေ့ပြလို့ရရင် လက်တွေ့ပြပါ။ L

ဆိုတာက lesbian မိန်းကလေးချင်းကြိုက်သူ၊ G ဆိုတာက Gay ယောကျာ်းချင်းကြိုက်သူ B ဆိုတာက Besexual ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ကို ကြိုက်လို့ရသလို ယောကျ်ားချင်းလဲကြိုက်တဲ့သူ မိန်းကလေးတစ်ယောက်က မိန်းကလေးချင်းလဲကြိုက် နိုင်သလို ယောကျာ်းတစ်ယောက်ကိုလဲ ကြိုက်တဲ့သူ Tဆိုတာက Transgender ယောကျ်ားပုံစံမှ မိန်းမပုံစံသို့ပြောင်းလဲ ဝတ်ဆင်နေထိုင်သူ မိန်းမပုံစံမှ ယောကျာ်းပုံစံသို့ ပြောင်းလဲဝတ်ဆင်နေထိုင်သူ တစ်နည်းအားဖြင့် ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်နေထိုင်သူလို့ဆိုလိုပါတယ်။ ညီမတို့ကိုယ်တိုင်လဲ ပြုပြင်ပြောင်းလဲနေထိုင်ဖို့အတွက် သင်တန်းတွေပေးဖို့ အများကြီးလိုပါသေးတယ်။ အဲ့ဒီလိုသင်တန်းတွေလုပ်နိုင်ဖို့အတွက်ကတော့ ငွေကြေးအကူအညီတွေ လိုအပ်နေပါတယ်လို့ ပြောချင်ပါတယ်။

အမှတ်တရတွေကတော့ အများကြီးပါ။ ကြည်နူးစရာတွေရှိသလို ဝမ်းနည်းစရာတွေလဲရှိပါတယ်။ ညီမတို့ပြည်မှာ တစ်နှစ်တစ်ကြိမ်လုပ်တဲ့ ပြည်ရွှေဆံတော်ဘုရားပွဲရှိပါတယ်။ သူနဲ့အတူ ဘုရားပွဲသွားလည်ရင်း အရုပ်ဆိုင်ရှေ့ရောက်တော့ ညီမကအရုပ်တွေကို ငေးပြီးတော့ လိုချင်တာပေ့ါနော်။ လိုချင်လွန်းလို့မျက်ရည်တောင်ကျပါတယ်။ သူ့ကိုစိတ်မကောင်းဖြစ်အောင်လုပ်တာတော့ မဟုတ်ပါဘူး။ သူက မရယ် မငိုပါနဲ့ဆိုပြီးချော့ပါတယ်။ နောက်တော့ ဆေးလိပ်ဖင်စီခံလုပ်တဲ့အလုပ်ကနေ ပိုက်ဆံစုပြီး ၁၅၀၀ ကျပ်ပြည့်တဲ့နေ့မှာ ပုံစံတူအရုပ်သေးသေးလေးကို ဝယ်ပေးခဲ့ပါတယ်။ အဲ့ဒီအချိန်မှာ ညီမအရမ်းပျော်ခဲ့ရပါတယ်။ ဘဝမှာ ပထမဆုံးအကြိမ်ရတဲ့ အရုပ်ပါ။ နောက်တစ်ခုက ညီမတို့နှစ်ယောက် ရန်ဖြစ်စကားများရင် စာရေးပြီးဖြစ်ပါတယ်။ သူလုပ်ပေးထားတဲ့ အသဲပုံစက္ကူစာတိုက်ပုံးလေးထဲကို ထည့်ပြီး ပြောချင်တာတွေ ရေးချပါတယ်။ နှစ်ယောက်အပြန်အလှန် အဲ့ဒီလိုမျိုးပဲလုပ်ပါတယ်။

သူ့ဆီက သဘောကျတဲ့ အချက်တစ်ချက်ကတော့ သူကရန်ဖြစ်ရင် ညီမကိုတိုက်ရိုက်မပြောပါဘူး။ အိမ်မြောင်တွေ့ရင် အိမ်မြောင်ကို ပြောပါတယ် ရုပ်ဆိုးကြီးတို့ ငါ့အနားမလာနဲ့တို့ ရုပ်ကိုကတို့ အကျင့်ကမကောင်းဘူး စသည်ဖြင့်ပြောတတ်ပါတယ်။ ကြက်ကိုတွေ့ရင် ကြက်ကိုပြောပါတယ်။ အဲ့ဒါလေးတွေက အရမ်းချစ်ဖို့ကောင်းပါတယ်။ ရန်ဖြစ်ပြီး အိမ်ပေါ်ကဆင်းဆိုရင် သူထွက်သွားတဲ့အခါ ညီမကနောက်ကလိုက်ချောင်းတယ်။ သူက နံရံကနေ ချောင်းကြည့် ညီမကလဲချောင်းကြည့်နဲ့ မျက်နှာချင်းဆိုင်မိရင် ရယ်ဖို့ကောင်းပါတယ်။ ညီမကတော့ သူနဲ့ကွဲသွားရင် အမေ့ဆီလဲမပြန်ဘူး နောက်အိမ်ထောင်လဲ မပြုဘူးလို့ သူ့ကိုပြောထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပတ်ဝန်းကျင်ရဲ့အမြင်မှာက Tomboy တစ်ယောက်နဲ့အတူနေတာက ယောကျ်ားတစ်ယောက်ဆီက နေထိုင်မှု သာယာမှုကို မတွေ့သေးလို့ပါ

မခံစားဖူးသေးလို့ပါလို့ အထင်သေးတဲ့ပုံစံနဲ့ ပြောကြတာတွေရှိလို့ပါ။ Tomboy တစ်ယောက်နဲ့နေထိုင်တဲ့အတွက် သူတို့ခေါင်းထဲမှာ အလိုအလျောက် ဘောပြားကနင့်ကို ဘယ်လိုလုပ်တာလဲ ʻနင့်ကို ဘယ်လိုသာယာမှုတွေပေးလို့လဲ ဘာတွေကိုများနင်က သဘောတွေကျတာလဲ အမြဲတမ်းဒီစကားတွေ မေးလာတယ်။ အဲ့ဒီစကားတွေကိုကြောက်လို့တော့ မဟုတ်ပါဘူး။ ချမ်းချမ်းဆိုတဲ့ လူတစ်ယောက်ကို ချစ်လို့ပါ။ ညီမအရင်က ဈေးဆိုင်တစ်ခုမှာ အလုပ်လုပ်ပါတယ်။ ဆယ်နှစ်ကျော်လုပ်လာတော့ လူယုံလိုဖြစ်နေပါပြီ။ သူတို့မှာက သားသမီးမရှိဘူး တူတစ်ယောက်တော့ ရှိပါတယ်။ သူတို့က နင်ဒီဆိုင်မှာပဲနေ အချိန်တန်အရွယ်ရောက်ရင် တို့တူနဲ့ပေးစားမယ် ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲပဲဖိတ်မယ်ဆိုပြီး ပြောထားပါတယ်။ နောက်တော့ ညီမချမ်းချမ်းနဲ့လဲ ကြိုက်ရော နင်အရှက်မရှိဘူးလား ဘာဖြစ်လို့ ဘောပြားမနဲ့ကြိုက်တာလဲ။ ရှက်ဖို့ကောင်းတယ် ယောကျ်ားဒီလောက်ရှားသလား ဒီလိုစကားမျိုးတွေကို ညီမအနေနဲ့နေ့စဉ်ကြားခဲ့ရတယ်။ အဲ့ဒီတော့ ညီမကို စိတ်ချမ်းသာမှုပေးတာက ချမ်းချမ်းပဲရှိတယ်။ ချမ်းချမ်းကပဲ ညီမဘေးမှာ တစ်သက်လုံးနေမှာ ဆိုပြီးတွေးမိပါတယ်။ အဓိကက သူတို့ပေးစားမဲ့သူကို ကိုယ်ကမကြိုက်ဘူး။ သဘောမကျပါဘူး။ လူဆိုတာ ခံစားချက်နဲ့အသက်ရှင်တာပါ။ အရုပ်နှစ်ခုကိုရှေ့အင့်ဆိုပြီးပေါင်းဖက်ပေးသလို လုပ်လို့မရပါဘူး။ သူတို့ဘက်ကတော့ အမွေလဲပေးမယ် ရွှေကအစ ညီမကိုတင်တောင်းဖို့ ပြင်ဆင်ထားပါတယ်။ ရွှေတွေကို ညီမအစက မက်ပါတယ်။ စဉ်းစားကြည့်တော့ ပိုက်ဆံလဲချမ်းသာမယ် ယောကျ်ားတစ်ယောက်လဲရမယ် နေစရာလဲ အဆင်သင့် ဘာမှပူစရာမလိုဘူးလေ။ ချမ်းချမ်းနဲ့တွေ့ပြီးနောက်ပိုင်း အဲ့ဒီပိုင်ဆိုင်မှုပစ္စည်းတွေက ညီမအတွက် မက်လောက်စရာ မဟုတ်တော့ပါဘူး။ ချမ်းချမ်းသာလျှင် အဓိကဖြစ်သွားတယ်။ ချမ်းချမ်းကို ပိုင်ဆိုင်ရရင်ပဲ ကျေနပ်သွားတယ်။ သူနဲ့နေရရင်ပဲ စိတ်ချမ်းသာတယ်။ ရွှေတွေငွေတွေရပြီး စိတ်မချမ်းသာရပဲ မနေနိုင်ပါဘူး။ ပတ်ဝန်းကျင်ကပြောတာတွေလဲ ဂရုမစိုက်ပါဘူး။ လင်မယားသက်တမ်းလေးနှစ်အတွင်း ဝတ်တလှည့် ပြတ်တလှည့်နေခဲ့ရတာတွေရှိတယ်။ မစားရတဲ့အခါမျိုးမှာလဲ နင်ကငါ့ကိုလုပ်မကျွေးလို့ဆိုပြီး တစ်ခွန်းမပြောခဲ့ပါဘူး။ သူ့ကို အားကိုးချင်လို့ ယူခဲ့တာမဟုတ်ပါဘူး။ ချစ်လို့ယူခဲ့တာပါ။ အားကိုးချင်ရင် ယောကျ်ားပဲယူမှာပါ။ ညီမချစ်လို့ယူထားတာ Tomboy ပါ။ ပတ်ဝန်းကျင်က နင့်ယောကျ်ားကဆိုပြီး ပြောလာခဲ့ရင် ညီမယူထားတာယောကျ်ားမဟုတ်ဘူး Tomboy တစ်ယောက်ကိုယူထားတာ အဲ့ဒါကြောင့်လဲ ဂုဏ်ယူတယ်ဆိုပြီးပြန်ပြောပါတယ်။ ယောကျ်ားယူထားရင် အဲ့ဒီယောကျ်ားက ကိုယ့်အပေါ်ဘယ်ချိန်သစ္စာဖောက်မလဲ

မပြောတတ်ဘူးလေ။ Tomboy ဆိုတော့ သူကတောင့် ကိုယ့်ကိုအရိပ်တကြည့်ကြည့်နဲ့ ချစ်နေပါတာကို ကျေနပ်နေတာပါ။ ပတ်ဝန်းကျင်က ယောကျ်ားအစစ်ကြီးအတိုင်းပဲဆိုပြီး အပိုတွေလောကွတ်လုပ်လာရင်လဲ လက်မခံပါဘူး။ Tomboy က Tomboy ပါပဲဆိုပြီးပြန်ပြောပါတယ်။ ညီမအနေနဲ့ကတော့ နောက်ဘဝဆိုတာရှိခဲ့သေးရင် ချမ်းချမ်းကို ယောကျ်ားတစ်ယောက် မဟုတ်ပဲ Tomboy တစ်ယောက်အနေနဲ့ ပြန်ဆုံချင်ပါတယ်။ ယောကျ်ားဆိုတာပေါပါတယ်။ Tomboy ဆိုတာက ရှားပါတယ်။ သေချာစဉ်းစားကြည့်ရင် သာမန်ယောကျ်ားမိန်းမတွေ ညီမတို့လို ဝတ်မွတ်ပြီးနေခဲ့ရရင် ကွဲသွားနိုင်ပါတယ်။ ယောကျ်ားက လုပ်မကျွေးရင် မိန်းမကတော့ ညိုညင်မှာပဲလေ။ ညီမခေါင်းထဲမှာတော့ ငါယူထားတာ ယောကျ်ားမဟုတ်ဘူး Tomboy ချစ်လို့ယူထားတာဆိုတာကို အမြဲထည့်ထားပါတယ်။ အဲ့ဒီစိတ်လေးနဲ့တင် ထိမ်းချုပ်ပြီးနေနိုင်ပါတယ်။ ကိုယ်ကပြောလိုက်လို့ သူစိတ်မကောင်းသွားမှာကို ဆင်ခြင်ပါတယ်။ သူ့ဘက်ကလဲ အဲ့ဒီလိုမျိုးဆိုတော့ နားလည်မှုပိုရပြီးတော့ မြဲနေတာပါ။ ကလေးမွေးစားချင်တဲ့ စိတ်တော့ရှိပါတယ်။ ခေတ်ကာလကလဲ ပြောင်းလဲတိုးတတ်လာပြီဆိုတော့ အဲ့ဒီလိုမွေးစားလို့ရရင် မွေးစားမှာပါ။ တရားဥပဒေအရ ခွင့်ပြုပေးရင် လက်ထပ်မှာပါ။ အဲ့ဒီလိုရအောင်လို့ လုပ်နေကြတာပါ။ အဲ့ဒီအချိန်ကိုမျှော်နေကြတာပါ။ လွတ်လွတ်လပ်လပ်မရှိပဲ ချုပ်ချယ်မှုတွေနဲ့ရင်ဆိုင်နေရတဲ့ လိင်တူချစ်သူတွေအားလုံး လွတ်လပ်ကြပါစေ။ မိဘနဲ့ပတ်ဝန်းကျင်က လက်ခံနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်ရှင်။

ကျေးဇူးတင်ပါတယ်ဗျ။

---

## ၂၀။ ကျော်စိုးဟန်(၃၅) ရန်ကုန်မြို့

ကျတော်တို့ ရဲ့ ပတ်သတ်မှုက သုံးနှစ်ဆိုတဲ့ အချိန်ကာလတစ်ခု ကိုရောက်ခဲ့ ပါပြီ။ ဒီလို အချိန်ထိခိုင်မြဲဖို့ အတွက်လည်း တော်တော်လေးကို ကြိုးစားခဲ့ ရတယ်။ တစ်ယောက်နဲ့တစ်ယောက်နားလည်မှုတွေ အများ ကြီးထားခဲ့ ရတယ်။ အဲ့ လို အချိန်တွေ ကို ဖြတ်ကျော် ပြီး အခုဆို ကျတော် နဲ့ ကျတော့် လက်တွဲဖော် နဲ့ က သာယာ တဲ့ ဆက်ဆံရေး တစ် ခု ကို ရ ရှိခဲ့ ပါ တယ်။ကျတော် Relationship တွေ နဲ့ ပတ် သက် ပြီး အကြံ ပြု ချင်တာက တော့၊ မကောင်းတဲ့ အရာတစ် ခုခု၊အကြောင်း အရာတစ်ခု ခု ပေါ်လာတာနဲ့ရန် ဖြစ် ဖို့ တွေးတယ်၊စဉ်းစားတယ် ဆိုတာ က လွဲ

မှားနေ တဲ့ အယူအဆတစ်ခု ပါ။ တစ်ယောက်နဲ့ တစ်ယောက် နားလည် လာနိုင် အောင်အရင် ကြိုး စားပြီး ငြိ ယူ ရပါ မယ်။ နားလည်မှု ဆိုတာ က လိင်တူချစ်တူ ဆက်ဆံရေး အတွက် အရမ်း ကို အဓိကကျတဲ့ အချက်ပါ။ အမြဲ တစေတစ်ယောက်နဲ့ တစ်ယောက်နားလည် ပြီး ကတိသစ္စာ ပြု ချင်း ကို အမြဲတစေလုပ်ဆောင်သင့်ပါတယ်။ ကတိသစ္စာ ပြု မှု နဲ့ နားလည် မှု ငြိနိုင်းမှု တွေ မရှိခဲ့ ရင် သာယာတဲ့ Relation တစ်ခု ကို တည်ဆောက်လို့ ရနိုင်မှာ မဟုတ်ပါ ဘူး။

လက်တွဲ ဖော်နှစ်ဦးဂုန်ဖြစ် ခြင်းရဲ့ အဓိက အကြောင်းအရင်း ကို ကျတော် နားလည်ပါတယ်။ လိင်တူ ချစ်သူ အများစု မှာ ရန်ဖြစ်ခြင်းအငြင်းအခုန် ဖြစ် ချင်းတွေက သဝန်တို မှု ကစ ပြီး အခြေပြုတယ်လို ့ လည်း မြင်ပါတယ်။ ဘာကြောင့်လဲဆို လိင်တူချစ်သူတွေ က တစ်ဦး တစ်ယောက်တည်း ကိုသာ လက်တွဲ ယုံ နဲ့ သူ တို့ က မရောင့်ရဲ တက်တဲ့ အလေ့ အထရှိတက် ကျ လို ပါ။ အဲ့ ဒီလို ဖြစ်ခဲ့ ဂုင်တောင်မှ သင့် လက်တွဲ ဖော် ရဲ့ န လုံး သား ဟာ သင်နဲ့ အမြဲ အတူ ရှိနေတယ် လို့ ယုံ ကြည်ထား ပါ။ တစ် ခြားတစ်ယောက်နဲ့ အတူ ရှိတယ် ဆိုတာ သူ နဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာ ကိုယ်ရဲ့တောင့် တ မှု တစ်ခုကြောင့် လို့ သာ သင် တွေးထားပါ။

တစ်ယောက်နဲ ့တစ်ယောက် ပွင့် ပွင့် လင်းလင်းရှိခြင်း က မလို တဲ့ အခြား ပြဿနာတွေ ကို ပါ မောင်းထုတ်ပြီးသား ဖြစ်သွား မှာ ပါ။ ကိုယ်ချစ်တဲ့ သူနဲ့ ငြင်းခုံ နေရန် ဖြစ်နေချိန် မှာ ဘယ်သူမှန်တယ်၊ ဘယ်သူ က မှားတယ်ဆိုတာ အဓိက မကျပါဘူး။ ဘယ်လိုအေးအေးချမ်းချမ်း ပြီးသွားတယ်ဆိုတာက သာ အရေးပါတာပါ။ သင့်မှာသာအိမ်ထောင်ရေးကဲ့ သို သော Relation ရှိပါ ကအေး ငြင်းခုန် ရင်းအဆုံး သတ်စေ မယ်ဆို ဂုင်ဒါဟာ အင်မတန် ကို နမေ့ျာ ဖိုကောင်း ပါတယ်။ တကယ် အရေး ကြီးတဲ့ အကြောင်းအရာ ဆို ရင်တော့ အေးအေး ဆေးဆေး နှစ်ယောက်အတူတူ ဖြေရှင်းတာ က ပို ပြီး သင့် တော် ပါတယ်။ဒီ အချက် က ကျတော် အမြဲတစေ လုပ်ဆောင်တဲ့ အချက် ဖြစ်ပါတယ်။ ဘာဖြစ်လို့ လည်းဆိုတော့ ရန် ဖြစ်ငြင်းခုံခြင်းထက် ကျတော် တို့ ရဲ့ ချစ်ချင်းကိုပိုတန် ဖိုးထားလို့ပါ။

တခြားပြောစရာ က ကျ တော် ကျတော့ မိဘတွေကို အရမ်းကျေးဇူးတင်ပါတယ်။ သူ တို့ က ကျတော် တို ့ကိုနားလည်းနားလည်ပေးသလို ၊ လက်လည်း လက်ခံ ပါတယ်။ တကယ်ကို ဒီ လို မိဘ မျိုး ရထားတာ ကံကောင်းတယ် လို့ ပြော ဂုမယ်။ဘာဖြစ်လို့ လဲ ဆိုတော့ဒီ ကိစ္စက လူတိုင်းလက်ခံ ဖို ့ခဲ ရင်းတယ်လေ။အဲ့ ဒါ ကြောင့် လည်း ကိုယ့် မိသားစု က နေ ပြီး တော့ ဖိနှိပ် ချုပ်ချယ်မှု မခံရပဲ ကျတော်တို့ နှစ်ယောက်လိင်တူချစ်သူအဖြစ် နဲ့ ကိုယ့်ဘဝ ကို ထူထောင်နိုင်လာတာ ဖြစ်တယ်။

ကျတောအနေနဲ့ LGBT အသိုင်းအဝန်းထဲ က မိဘ များအနေနဲ့ လည်း မိမိ သားသမီးအား အတင်းကျပ် ပြောင်းလဲ မှု များ မလုပ်ကျဂုန် အကြံပေး ချင်ပါတယ်။ ဒါ ဟာကျတော်တို့ ရွေးချယ်လို့ ရခဲ့ တဲ့ အရာ

မဟုတ်ပါဘူး။ ကျတော် တို့ က ဒီ လိုဖြစ် ဖို့ မွေးလာတာ ပါ။ ကျတော်တို့ မိဘဘယ်သူဘယ်ဟာ ဖြစ့်ရမယ် ရွေးချယ်ခွင်း မရခဲ့ သလို ပဲ ကိုယ့်သားသမီး ဘယ်သူ ဘယ်ဟာ ဖြစ် ရ မယ်ဆို ပြီး လည်း ရွေးချယ်ခွင့်တွေ မဂို ကျပါဘူး။ ကျတော်တို့ ပေါ်ပေးတဲ့ ကဂြာမ ႁ၁ အတိုင်းသာလျှောက်လှမ်းရတာ ဖြစ်တယ်။ သင့်သားသမီး ကို ချပ်ချယ်မှုတော် လုပ်လေ ကိုယ့် သားသမီးအတွက်သူ ့ ဘဝ ကို ပိုဆိုးအောင်လုပ်လေပဲ ဖြစ်စေမယ်။ သားသမီး ဘယ်လမ်းကြောင်း ကို ရွေး ပါစေ မိဘတွေ အနေ နဲ့ လမ်း ညွှန်ပေးနိုင်မှသာ လျှင် ကောင်း မွန်တဲ့ လမ်းေ ကြာင်းတစ်ခု ကို ရောက်မှာ ဖြစ်တယ်။

ကျွန်တော်သိသလောက်တော့ 2000 ခုနှစ်အစောပိုင်း လိင်တူ ချစ်တူ စုံသော နေရာလေးတွေ ရှိတယ်ပေ့ါဗျာ ၊

အဲ့ ဒီ့ အချိန်တုန်း က လိင်တူချစ်တူတွေစု ဂုပ် က ရုပ်ရှင်ရုံတွေ နဲ့ ပြည့်နေတဲ့ လမ်း ကြီး(ဗိုလ် ချုပ်လမ်း) မှာ။ လက်ဖက်ရည်ဆိုင်တွေလည်း အများကြီး ပဲ။ အဲ့ မှာ လက်ဖက်ရည်ဆိုင်လို့ လဲပြောလို့ မရတဲ့ လမ်းပေါ်မှာဆိုင်တစ်ဆိုင်ရှိတယ်။ ပြီးတော့ သိမ်ကြီးဈေးရှိတယ်။ လူကူးတံတား က လိင်တူချစ်သူတွေရဲ့ စုဂုပ်ဖြစ်သလို အဓိက အားဖြင့် ပြည့်တဆာတွေ အတွက်လည်းဖြစ်တယ်။တစ်ချို လု ့ပ်ရှား မှု တွေ ကေတာ့ ည ဖက် မှ ဖြစ်ပေမဲ့ တစ်ချို့ နေရာတွေ က တော့ လူတွေ ကို နေ့ ရော ည ပါ စွဲ ဆောင်နေတယ်။ တစ်ချို လူတွေ က လက်ဖက်ဂည်ဆိုင်မှာထိုင် ပြီး ပြည့်တဆာခေါ်ယူ ကျတယ်။တစ်ချို့ လက်ဖက်ရည်ဆိုင်တွေမှာ လည်းး နေ့ ဖက် စုံ တွဲတွေ ချိန်းတွေတဲ့ နေရာတစ်ခု အဖြစ်ရှိကျတယ်။ နောက် တစ်နေရာ ကတော့ ကန်တော် ကြီး။

အဲ့ ဒီမှာ လမ်း ဂှိုပြီး အဝိုင်း ပုံ စံ လမ်း ကို ပတ်ထားတယ်။ အဲ့ နားမှာသစ် ပင် ကြီးတွေလည်းဂှိုတယ်။အဲ့ လမ်းဟာ အရမ်း မှောင်တဲ့ အတွက် ည အချိန် ကျဂင် တော်တော် များ များစု ရပ် အဖြစ်အသုံး ပြု ကျတယ်။ အဲ့ အချိန် တုန်း က ကျတော်တို့ မှာ လည်းမြေအောက်အိမ်သာတွေ ရှိတယ်။ အဲ့ ဒီ့ နေရာမှာ ပဲ လူ တော် တော် များ များ က လိင် မှု ကိစ္စ ကို ပြု လုပ်ကျ တယ်။ အဲ့ ဒီ အချိန်တုန်း က အဲ့ ၂နေရာ ဟာ တော်တော် လေး ခေတ်စားခဲ့ တယ်။ တစ်ခြားအိမ်သာတွေလည်းရှိပေမဲ့ မြေအောက်အိမ်သာတွေ က တော့ လိင်တူ ချစ်သူ တွေ အတွက် စုရပ် ဖြစ်ခဲ့ တယ်။ သူတို မှာ အပေါက်ငယ်လေးတွေ တောင်ပါခဲ့ တယ်။ သူ တို့ ရဲ့ ယော်ကျားတန်ဆာ ဆံ့ လောက်တဲ့ အပေါက်ငယ်လေးတွေ က နေ တစ်ဖက် နံ ရ က သူ နဲ့ လိင် ဆက်ဆံ ရန် အတွက် ဖြစ်တယ်။ အဲ့ ဒါ ကြောင့် လည်း ကိုယ်နဲ့ ဆက်ဆံ တဲ့ သူ ရဲ့ မျက်နှာ ကို မမြင်တွေ နိုင်တော့ ဘူး လေ။ယ နေ့ ခေတ်မှာ အစိုး ရ က မြေအောက်အိမ်သာတွေ ဖြတ်သိမ်း ပြီး မြေပေါ်အိမ်သာတွေဆောက်ခဲ့ တာ ကြောင့် အဲ့ လိုနေရာ တွေ မရှိ တော့ ပါဘူး။ ဒါပေ မဲ့အပေါက်ကလေးတွေ တော့ ကျန်နေသေးတယ်။ ဘယ်လို ပဲ သံထည်တွေ နဲ့ တည်ဆောက်ထားပါစေ လူ တွေ က

အပေါ်က်တွေ လာဖောက်ကျ စဲ ပဲ။ အဲ့ ဒီ အချိန် က လိင်တူ ချစ်သူ တွေ အတွက် Bars တွေ လည်း မရှိသလို သူ တို့ အတွက် သီး ခြားတွေ့ ဆုံ ဖို့ လုပ်ပေးထားတဲ့ နေရာတွေလည်း မရှိပါဘူး။ အခု ကျ တော် က ရန်ကုန်ကို ၃နှစ်အကြာ မှ ပြန်ရောက် ပြီး တည်ငြိမ်တဲ့ ဆက်ဆံရေး တစ်ခုရထားတဲ့ အတွက်ကြောင့် အခု လိင်တူ ချစ်သူတွေအတွက်ဘယ်လို သီးခြားနေရာ မျိုး ရှိ သေးတယ်ဆို တာကျတောမသိတော့ပါဘူး။

## ၂၁။ ကိုငြိမ်း (၃၀ ) ပြည့်မြို့

နာမည်ကတော့ကိုငြိမ်းပါ ။ အသက်ကတော့ ၃၀ ပြည့်ပြီဆိုတော့ ၃၁နှစ်ထဲမှာပါ။ အကိုက လိင်ပြောင်းလဲ ဝတ်ဆင်သူတစ်ယောက်ပါ။ ကျွန်တော်က အမျိုးသားတစ်ယောက်လိုပဲ ဝတ်ဆင်ချင်တယ် အမျိုးသမီးတစ်ယောက်ကိုပဲ ချစ်ခင်နှစ်သက်တဲ့ သူတစ်ယောက်ပါ။ အမျိုးသားလို ပြောင်းလဲ ဝတ်ဆင်တဲ့ တစ်ယောက်ပါ။ ဘယ်အရွယ်လောက် ကလဲဆိုရင် ကျွန်တော် မွေးထဲက နေ စလိမ့်မယ်ထင်တယ်ဗျ ။ သိတက်တဲ့ အရွယ်မှာ မိဘက ဘောင်းဘီလေးတွေ ဆင်တယ် သဘောကျတယ်ပေ့ါနေရတာ အဆင်ပြေတယ်။ နောက် မိန်းကလေး အဝတ်အစားဆင်တဲ့ အချိန်မှာတော့ တော်တော်ကို သဘောမကျဖြစ်တယ် ။စိတ်ကျဉ်းကျပ်တယ် မနေတက်ဘူးပေ့ါဗျာ။ ဘောင်းဘီလေးတွေစွပ်ကျယ်လေးတွေ နဲ့ ပဲ ကျနော် ကလေးဘဝကိုဖြတ်သန်းတယ်။ နောက် နှစ်တန်းလောက်ရောက်တော့ ကျနော် ပုဆိုးစပြီးတော့ ဝတ်တက်နေပြီပေ့ါနော်။ နောက်ပြီးတော့ ရွာကို အဖိုးတွေ အဖွားတွေဆီသွားလည်ရင်လဲ သူတို့က ကျနော်ကို လူလေးလို့ပဲခေါ်တယ် လုံမလို့ မခေါ်ဘူးပေ့ါနော်။ လူလေးပေ့ါနော် ဒီမှာ ဘာဘ ပုဆိုးတွေရှိတယ်ဝတ်ကြည့်ပေ့ါ ၊ အဲ့လိုပြောရင် ကျနော်က ယူပြီးဝတ်တယ်ပေ့ါနော် ။ အဖိုးတွေကလဲ ငယ်ငယ်လေးဆိုတော့ အရမ်းချစ်တာပေ့ါနော်။ အဲ့လိုနဲ့ ကျနော် ငယ်ဘဝက ယောကျာ်းလေးတစ်ယောက် အဖြစ်ပြောင်းလဲ ဝတ်ဆင်ရင်းနဲ့ အသားကျလာတယ်။ နောက်ပြီးတော့ ကျနော့် ငယ်ငယ် အိမ်မက် ကယောကျာ်းလေးတစ်ယောက်ဖြစ်ချင်တယ် ပြီးတော့ သာသနာ့ဘောင်ဝင်ချင်တယ်။ ဒါပေမဲ့ မဖြစ်နိုင်ဘူး ကိုယ့် ကိုယ်ကို ဘာလဲ ဆိုတာ မဝေခွဲတက်သေးဘူးလေ။ ဒါပေမဲ့ ကျနော် ၈တန်းနှစ်လောက်ရောက်တော့ ကိုယ့်ဟာ ယောကျာ်းစိတ်ပေါက်နေတဲ့ လူတစ်ယောက်ဆိုတာကို သိသွားသလို ရှေ့လျှောက် ဘယ်လိုနေမယ် ဆိုတာကိုလဲ ဆုံးဖြတ် လိုက်မိတယ်ပေ့ါနော်။

ဖြတ်သန်းခဲ့တဲ့ ဘဝကဆိုတော့ ငယ်ငယ်လေးထဲက ပြန်စပြောမယ်ပေ့ါနော်။ ငယ်ငယ်လေးထဲက ပြန်စပြောမယ်ဆိုရင် ဖြတ်သန်းခဲ့တဲ့ ဘဝ တစ်လျှောက်လုံး မှာ မိဘတွေကတော့ ကိုယ့်သမီးယောကျာ်း စိတ်ပေါက်နေတာကိုသိနေတာပါပဲ ။ နောက် ကျနော်ဦးလေးကလဲ အမျိုးသမီး အဖြစ်ပြောင်းလဲ ဝတ်ဆင်တဲ့ မိန်းမလျှာ တစ်ယောက်ဖြစ်နေတော့ လွတ်လွတ်လပ်လပ်တော့

နေရတာပေါ့နော်။ ဒါပေမဲ့ ကျနော် အမျိုးသမီးတစ်ယောက်ကို စပြီးစိတ်ဝင်စားတာမိတာကို ရှစ်တန်းနှစ်လောက်ကနေ စပြီး ကိုယ့်ဘာကိုယ်သိတယ်။ စသိတယ်ဆိုတာကလဲ ကျနော်တို့ အချင်းချင်းစိတ်ဝင်စားတာပေါ့နော်။ ဒါပေမဲ့ ဘာလိုချစ်တာလဲလို့တော့ မေးခွန်းမထုတ်ခဲ့ဘူးဖူးပေါ့နော်။ ဘာဖြစ်လဲ ငါချစ်ချင်လို့ ချစ်တာပဲ ပေါ့ ။ ကျနော်က အဲ့လိုစိတ်မျိုးနဲ့ပေါ့နော်။ ပြဿနာတော့ မရှိပါဘူး ။ ဘာက ပြဿနာရှိလာလဲ ဆိုတော့ ကျောင်းပညာရေးမှာ ပညာသင်တော့ ကျနော်တို့ဝတ်တာက ထမီ မဆန်ဘူးလေ။ ကိုယ်တွေဝတ်တာက ထမီ မဆန်ဘူးလေ။ ပုဆိုးဆန်ဆန် သရိုး သရီ ဝတ်တယ်ပေါ့နော်။ နောက်ရင်ဖုံးတွေလဲ မဝတ်ချင်ဘူးလေ။ ပြောရမယ်ဆိုလို့ရှိရင် ကိုယ်တွေက လူပျိုပေါက်ဆိုတော့လေ။ မိန်းကလေးတွေရှေ့မှာ ဟန်ရေးကပြချင်နေပြီလေ။ အဲ့တော့ ရင်ပုံး အပေါ်ကနေပြီးတော့ ရှပ်အကျီ ် လက်ရှည်တွေဝတ်တာပေါ့နော်။ ဝတ်တဲ့ အခါကျတော့ ဆရာမတွေက ဒါက ကျောင်းစည်းကမ်းချိုးဖောက်တယ်ပေါ့နော်။ အဲ့ အပြင်ကိုမှ ဆရာ ဆရာမတွေက ယောကျ်ားတွေကို အမြင်ကပ် လို့ကို မသင်ထားတဲ့ စာတွေမေးတာမျိုး ပြီးတော့ တမင်ပေါ့နော် နှိပ်ချတာမျိုးတွေလုပ်ကြတယ်။ အဲ့ အချိန်မှာ ကျနော်နဲ့ ဘဝတူ သူငယ်ချင်းတွေရှိတယ်။ တူရာလေးတွေ စုပြီးနေကြတဲ့ သဘောပေါ့နော်။ အဲ့တော့ မနက်ဆိုရင် ကျနော်တို့ ကျောင်းအုပ်ခုံလေးမှာ ထိုင်ဖြစ်ကြတယ်ပေါ့။ ဘဝရဲ့ပျော်ရွှင်မှု့ အရတော့ ကျောင်းတက်ခဲ့တဲ့ ရှစ်တန်းနှစ်ကိုတော့ အရမ်းပျော်ခဲ့တယ် ။ဘာဖြစ်လို့လဲဆိုတော့ အတန်းပိုင် ဆရာမက ဒေါ် ဖြူဖြူဦးဆိုတာက လေးလေးတို့နဲ့လဲ သိတယ်။ အဲ့တော့ခွဲခြားဆက်ဆံ တာတွေမရှိဖူးပေါ့နော်။ ဒါပေမဲ့ ကိုးတန်း နှစ်ရောက်တဲ့ အခါမှာ ဆရာ ဆရာမတွေရဲ့ ခွဲခြားဆက်ဆံမှူ့ ကို အများဆုံးဖြစ်လာတယ် ။ သူငယ်ချင်း အချင်းက ဘောပြားလို့ စရင်တောင် သွားတိုင်လို့ရှိရင် နင်တို့ က စချင်အောင်နေတာကို လို့ ဆိုပြီး ပြန်အဆူခံရတယ် ။ ဆယ်တန်းရောက်လာတော့ တဖြည်းဖြည်းပိုဆိုးလာတဲ့ အခါ ကျနော်တို့ ကျောင်းဆက် မတက်တော့ဘူး ထွက်လိုက်ကြတယ်။ ဘာဖြစ်လို့ ကျောင်းမတက်လောက်အောင် ဆုံးဖြတ်လိုက်တာလဲ ဆိုတော့ တစ်ရက်ဆရာမက စာမသင်တဲ့ အချိန်ပေါ့နော် ကျန်တဲ့ အတန်းထဲကလူတွေလဲ အပြင်တွေထွက်နေကြတယ် ဆိုတော့ အကိုတို့ သူငယ်ချင်းတွေလဲ အဲ့ လိုထွက်ပြီးတော့ ကျောင်းဆောင်ရှေ့လေးမှာ ထွက်ထိုင်တာပေါ့နော် ။ အဲ့မှာကျောင်းအုပ်ဆရာကြီးက မြင်ပြီးတော့ ဆရာမကိုခေါ်ဆူတာပေါ့ ။အဲ့မှာ ဆရာမ က နင့်တို့ဘောပြားတွေ တော်တော်ပြဿနာရှာတယ်ပေါ့နော် ပိုးစိုးပက်စက် အပြောခံရပြီးတော့ စိတ်တိုပြီး အဲ့နေ့ တစ်နေ့လုံး စာမသင်တော့ဘူး ။ ကျောင်းကတစ်ခန်း လုံးကလူတွေက အကိုတို့ကို မဲတော့တာပေါ့။ အဲ့တော့ လူက အရမ်း နေရတာ အဆင်မပြေတော့ အကိုတို့ တစ်ဖွဲ့လုံး နောက်နေ့ ဆရာမကို သွားကန့်တော့ပြီးတော့ ကျောင်းကနေ ထွက်ခဲ့တယ်လေ။

ကျောင်းထွက်ခဲ့တဲ့ အကြောင်းရင်းထဲက တစ်ချက်ပေါ့ နောက်တစ်ချက်က ကိုယ်တိုင် ကျန်းမာရေး မကောင်းတာရယ် အဖေက ကျန်းမာရေး မကောင်းလို့ ဆေးရုံ တင်လိုက်ရတာရယ်ကြောင့်ပါ။ ဖေဖေကအဆုတ်ထဲမှာ ပြည်တည်လို့ ဆေးရုံတင်ရတာပေါ့နော် ။ နောက် ကျနော် က သွေးလေးဖက်နာဖြစ်တာပါ။ တစ်လလောက် အိမ်ထဲက နေ အိမ်ပြင်မထွက်နိုင်လောက်အောင်ဖြစ်သွားတာပေါ့နော်။ သူများထူမှ ထနိုင်တယ်။ သူများကျွေးမှ ထမင်းစားနိုင်တယ်။ အခုထိ စာတောင် များများ မရေးနိုင်ဘူးပေါ့နော် ။ စာ များများရေးမယ်ဆိုလို့ရှိရင် လက်တွေက ကျဉ်တက်လာကော ။ သေချာကိုစဉ်းစားကြည့်ဂင် အဲ့ဒီ့ အချိန်မှာ ကျနော် အခြေအနေက အရမ်းကိုကျပ်တည်းနေခဲ့တယ်။ ထမင်းတောင်မှပဲ သေချာ မစားနိုင်တဲ့ ဘဝပေါ့နော်။ နောက်တစ်ခု က လေးလေးကတော့ ကျနော် ကျောင်းတက်ချင်ရင်တော့ထားမှာပါပဲ ။ အိမ်မှာက ဖေဖေက ဆိုက်ကားနင်းတယ်။ မေမေကတော့ ဒီလိုပဲ အိမ်မှာ အလုပ်လုပ်တယ် ။ လေးလေးကတော့ သမဝါရမ မှာလုပ်ပြီး ပင်စင်စားပေါ့ ။ လေးလေးနောက်ပိုင်းမှာ အလှလိုက်ပြင်တာပေါ့နော် ။ နောက်တစ်ခါကျတော့ လေးလေးက ပိုက်ဆံလဲ စုဆောင်းတာတော်တယ် ။ အဲ့တော့ ဖေဖေ ဆေးရုံတက်တော့လဲ လေးလေးပဲ ပိုက်ဆံ အကုန်ခံပြီးတော့ ကုတာပေါ့နော်။ ပြီးတော့ ကျနော်ကိုလဲ အရမ်းချစ်တယ် ။ ငယ်ငယ်လေးထဲက လေးလေးက ပိုက်ဆံကော ရွှေကော လူကော မပြတ်ဖူးပေါ့နော် ။ အရမ်းကြီး မချမ်းသာဘူး ဒါပေမဲ့ လူတန်းစေ့တော့ နေနိုင်တယ်။ ဆယ်တန်းနှစ်မှာ ကျွန်တော်ကျောင်းထွက်ရတဲ့ အထိ ဖြစ်တာ က ကျွန်တော်ကျန်းမာရေးကြောင့် တစ်ကြောင်း ပြီးတော့ အဖေကျန်းမာရေးကြောင့်ရယ်နောက်တစ်ခုက ဘာဖြစ်လဲဆိုတော့အမေက အမျိုးအရမ်းချစ်တယ်။ အဲ့အချိန်မှာ ကျွန်တော် အဖိုးရှိသေးတယ်။ အဲ့အဖိုးကို ဆေးကုပေးချင်တာနဲ့ ဘာလုပ်လဲဆိုတော့ ၂လုံး ၃လုံး ထိုးတာပေါ့ ။ အိမ်ထောင်ရှင်မ တစ်ယောက်က အိမ်ထဲမှာပဲနေတာ ဘာမှမသိဖူးလေ။ အဲ့ခေတ် အဲ့ အခါက ငွေ ၁၅ သိန်းလူလိမ်ခံရတယ်။ လူလိမ်ခံရတော့ အမေမှာ ဆွဲကြိုးလက်ကောက်လက်စွပ် အကုန်ရှိတယ် ။အဲ့ဒါတွေအကုန်ပေးတာတောင် ကျွန်တော်တို့အိမ်ကိုလိုချင်လို့ ကျွန်တော့်တို့အိမ် ကရံ ကိုတောင်းတယ်။ အမှန်တိုင်းပြောရရင် ကျွန်တော် အမေက စာသိပ်မတက်ဖူးလေ။ ဟိုးခေတ်တုံးက ၄ တန်းပဲ အောင်ခဲ့တာဆိုတော့ သူ့လက်မှတ်ကိုထိုးနိုင်တဲ့ အခြေအနေထိပဲ ရှိတယ်။ အဲ့တော့ ကရံ တောင်းတော့ အမေကလဲ မပေးနိုင်ဘူးဆိုတော့ ပြဿနာ တက်ပြီးတော့ တရားစွဲမယ် အထိတောင်ဖြစ်သွားတယ်။လေးလေးပဲ ဖြေရှင်းပေးရတယ်။ အဖေကကျန်းမာရေး မကောင်းတာရယ် အမေရဲ့ ငွေရေးကြေးရေးတွေရယ်ကြောင့်

ကျွန်တော်ကျောင်းဆက်မတက်ဖြစ်တော့ဘူး။ တကယ်လို ကျွန်တော် ကျောင်းဆက်တက်ချင်တယ်ပြောရင်လဲ လေးလေးကတော့ မဖြစ်ဖြစ်တဲ့ နည်းနဲ့ ထားမှာပါပဲ ။ အဲ့ အချိန်မှာတိုက်တိုက်ဆိုင်ဆိုင် ကျွန်တော့် အဖေရဲ့ အကို ရှိတယ်။ သူ့ရဲ့ သမီးကလဲ GTC တက်နေတာ ။ ကျွန်တော်တို့က ငွေရေးကြေးရေး အရမ်းအဆင်ပြေတဲ့ မိသားစု မဟုတ်တဲ့ အတွက်ကြောင့် အဲ့ အမက စာတော်ပေမဲ့ အရမ်းချို့ ချို့တဲ့တဲ့ ကျောင်းတက်ရတယ် ။ပြောရမယ်ဆို ထမင်းချိုင့် မထည့်နိုင်လို့ ကောင်ညင်းထုတ် ၂ ထုတ်နဲ့ ကျောင်းတက်နေရတယ်။ အဲ့တော့ ကျွန်တော် စဉ်းစားတယ်လေ။ ကျွန်တော်က ကျောင်းပညာရေးမှာ အဲ့အမလောက်ကောင်းမနေဘူး ။ ၁၀ တန်းကိုဖြေလိုက်တယ် အောင်ယုံပဲရှိမှာပေါ့။ ဒီအတွက်နဲ့ စာရင် အမလုပ်တဲ့ လူက အရမ်းပညာရေးကောင်းနေတယ် ၊ GTC တက်နေတယ် လေးလေးကိုလဲ ထက်ပြီးတော့ ဝန်တွေ မပိုစေချင်တော့ဖူး။ အဲ့တော့ လေးလေးကိုပြောလိုက်တယ် အမကိုထောက်ပံ့လိုက်ပါ ။ကျွန်တော် ကျောင်းထွက်မယ်။ လေးလေးကိုကြတော့ ကျွန်တော်ကငယ်ငယ်တည်းက သူငယ်ချင်းပေါင်း ပေါင်းတာဆိုတော့ မင်းနဲ့ငါ ပဲပြောတယ်။ အဲ့တော့ လေးလေး ငါကျောင်းထွက်တယ်။ ပြီးတော့ အဲ့အချိန်မှာ ကျွန်တော့် အတွက် ဟင်းဆိုတာဘာမှန်းမသိဖူး ။ ပဲခြမ်းကြော် တစ်ထုတ်မှ ၁၅ ကျပ်ပဲ ရှိတယ် ဆီမပါဘူး ကျွန်တော်ထမင်းနဲ့ စားတယ်။ အကြွေးကို အရမ်းကြောက်တယ် ။

အမေ့ကို အကြွေးတွေ နေ့တိုင်းလာတောင်းခံရတာကို ရင်ထဲမှာ မခံစားနိုင်ဘူး ။ အဲ့အချိန်ထဲက ကျွန်တော်ရင်ထဲမှာ ဘာခံစားချက်ရှိလဲဆိုတော့ အမေ့ကိုနောက်တစ်ခါ မဖြစ်စေချင်ဘူး ။ ကျွန်တော့် မိဘတွေကို အရမ်းတင့်တောင့် တင့်တယ် ထားချင်တယ်။ အဲ့ခံစားချက်ကအခုချိန်ထိရှိတယ်။ မိဘတစ်ယောက်အနေနဲ့ အမေ ကျွန်တော့် အပေါ်မှာ မကောင်းဖူးလားမေးရင် အရမ်းကောင်းပါတယ်။ အခုလိုတွေဘာကြောင့် ဖြစ်လဲဆိုတော့ အမေ့ဆွေမျိုးတွေကြောင့်ဖြစ်တာလေ။ အမျိုးချစ်တဲ့ လူတွေကို ဂရင်းနစ် စံချိန်ပေးရင် ဝင်လောက်အောင်ကို အမျိုးချစ်တယ်။ ပြီးတော့ သူ့အမျိုးတွေ တစ်ယောက်မှ သူ့အပေါ်ကိုမကောင်းဖူး။ အဲ့လောက်ထိ ကျွန်တော်တို့ ဒုက္ခ ရောက်ခဲ့တယ်။ ကျောင်းထွက်ပြီးတော့ ငါးမုန့်လုပ်ငန်းလုပ်တယ် ၊ ဝမ်းကွဲ အကိုတစ်ယောက်နဲ့ ပေါ့။ ဒါပေမဲ့ မကျွမ်းကျင်တာ့ အလိမ်ခံရတယ်။ အလိမ်ခံရတော့ ဆွဲကြိုးတစ်ကုံး တစ်ကျပ်ခွဲသားတစ်ကုံး ကုန်သွားတယ်။ နောက်တော့ ကျွန်တော် နေ့ပြန်တိုးတွေပေးတယ် ။ အစုံလိုက်လုပ်တယ်။ ဒါပေမဲ့ ကျွန်တော် သူများ အလုပ်မှာတော့ မလုပ်ဖူး ။လုပ်လဲ မလုပ်နိုင်ဘူးလေ။ အိမ်ကလဲ အလုပ်မခံဘူး ။ အဓိက လေးလေးက လုံးဝမလုပ်စေချင်ဘူး အဖေကလဲ မလုပ်စေချင်ဘူး ။ အဲ့တော့ ကျွန်တော် ပွဲစားလဲ လုပ်လိုက်တာပဲ ။ ဈေးလဲ လိုက်ရောင်းလိုက်တာပဲ ။ နောက်တော့ နေ့ပြန်တိုးတွေပေးရင်နဲ့ ကျွန်တော်ဇနီးရဲ့ အဒေါ်နဲ့ ဆုံတယ်။ ကျွန်တော်က ဇာတ်ပွဲကြိုက်တယ်

ဖိုးချစ်ဇာတ်ဆိုကြိုက်တယ်။ ဇာတ်ပွဲတွေကြည့်ရင်းနဲ့ ကျွန်တော်နဲ့သူကြိုက်တယ်။ သူနဲ့ကြိုက်နေတဲ့ အချိန်မှာ ကျွန်တော် အိမ်ကို လုပ်ကျွေးနေတုံးပဲ ။ တစ်နေ့ကို ဈေးဖိုး သီးသန့် ၃၀၀၀ ပေးတယ် ။ အိမ်မှာ ဆန်ဆီစား အကုန် ဝယ်ပေးပြီးသားနော်။ အဲ့ အချိန်မှာ အမေ ချဲထိုးတယ် တစ်သောင်းခွဲနှစ်သောင်းပေးတယ် ။ ကျွန်တော် တစ်လတင် ရှာတဲ့ ငွေက အသားတင် သုံးသိန်းခွဲ လေးသိန်းရှိတယ်။ အဲ့လိုမျိုးထိ ကျွန်တော်ထားနိုင်တယ်။ အဲ့တာတွေကြောင့်လဲ ပါလိမ့်မယ် ထင်တယ် အမေကျွန်တော်ဒီကောင်မလေးကို သဘောကျတယ် ဆိုတော့ ဘာမှမပြောဖူး ။နောက် ကျွန်တော်စကားအောင်နေတဲ့ အချိန်မို့လို့နေမှာပေါ့နော်။ ကောင်မလေးကိုယူလိုက်တယ် ။ ယူလိုက်တဲ့ အချိန်မှာကြတော့ ဘာဖြစ်သွားလဲဆိုတော့ သူ့အဒေါ်က ကျွန်တော်စီကနေပြီးတော့ ငွေတွေကို ဟိုလူ ချေးတယ် ဒီလူချေးတယ်ဆိုပြီးတော့ ယူတယ် ။ ပြီးတော့ ပြန်မပေးပဲနဲ့ မန္တလေးကိုပြောင်းပြေးသွားတယ် ။ အဲ့မှာကျွန်တော်မှာ ငွေရေးကြေးရေး ဒုက္ခရောက်သွားပြန်တယ်။ တစ်ဖက်မှာက အိမ်ထောင်က ပြုပြီးနေပြီပေါ့။ နောက်တစ်ချက်က ကျွန်တော့် အမျိုးသမီး အလုပ်လုပ်တဲ့ နေရာမှာ ဆရာမတွေခွဲခြား နှိမ့်ချလို့ ကျွန်တော့် အမေကိုယ်တိုင်က ထွက်ခိုင်းပြီးတော့ အိမ်မှာပဲ နေခိုင်းတာပေါ့။ ကျွန်တော်တို့မှာ စားစရာကတော့ ရှိပေမဲ့ ကျွန်တော်တို့ နှစ်ယောက် သုံးဖို့ဆိုတဲ့ အပိုငွေ မရှိဘူး ဖြစ်ပြန်ရော။ အဲ့တော့ ကျွန်တော်တို့ နှစ်ယောက်မှာ အားတဲ့ အချိန် ဆပ်ပြာ အဆီ ရောင်းတာမျိုးတို့ ပေါ့ အဲ့လိုလုပ်ပြီး ကြိုးစားခဲ့ရတယ်။ အဲ့ လိုကြိုးစားနေရင်းနဲ့ ကျွန်တော် ၂၈.၁၀. ၂၀၁၂ မှာ Sky Dragon အဖွဲ့ကိုထောင်ဖြစ်တယ်။ စပြီးတော့ ဖွဲ့ထဲက ကျွန်တော် Right တွေကိုသိတာပေါ့ ။စသိထဲက ကျွန်တော်ကြိုးစားပြီးတော့ လုပ်နေတာ အခုချိန်ထိပါပဲ ။ လုပ်ရင်း ကြိုးစားရင်း နဲ့တော့ ကျွန်တော်လဲ နေရာလေးတစ်ခုတော့ ရခဲ့ပြီပေါ့။ အဲ့လောက်ထိကြိုးစားခဲ့ရပါတယ်။ ဒီလိုလုပ်နေရင်း တန်းလန်းနဲ့တောင်မှပဲ ကျွန်တော်တို့ နှစ်ယောက် အိမ်ထောင်သက်ဆို အခုဆို ၄ နှစ်ကျော်ပြီပေါ့။ ၄ နှစ်ကျော်လာတာတောင် ကျွန်တော့်အမေက ကျွန်တော့် ဇနီးကို သူကိုယ်တိုင် ချွေးမလို့ မသတ်မှတ်တာလဲ မဟုတ်ဖူး။ သူကိုယ်တိုင် ခရီးကပြန်လာရင်ဒါလေးကတော့ ငါ့ချွေးမ အတွက်ဆိုပြီး ဝယ်လာပေးနေတာပါ။ ဘာဖြစ်လဲ ဆိုတော့ အမေမှာက ကျွန်တော်ပြောသလို စိတ်ခံတ် အတက် အကျမြန်တဲ့ ရောဂါရှိတယ်။ နောက် သူ့ အမျိုးတွေထိရင် လုံးဝမရဖူး ။ အဲ့တာက ပြဿနာပေါ့နော် ။ ပြီးတော့ သံသယ များတာ ၊ ငယ်ငယ်လေးထဲက စာသိပ်မသင်ခဲ့ရတော့ စဉ်းစားမှု အားနည်းတာပေါ့နော်။ ကျွန်တော်တို့ တစ်ခါ တစ်ခါ ညဘက်ဆို အလုပ်များနေတော့ ၈ နာရီ ခွဲလောက်မှ ပြန်ရတယ် ။ဒါပေမဲ့ အမေထင်လိုက်တာက ကျွန်တော့်

ဇနီးအိမ်သွားနေတယ်လို့ထင်လိုက်တယ်။ နောက်ပြီးတော့ ကျွန်တော်က တစ်ဦးတည်းသောဆိုတော့ ပိုပြီးတော့ ဆိုးတာပေါ့။ အမေက သူမိန်းမယူတော့ ငါ့ကိုမချစ်တော့ ဘူးလို့ထင်နေတာလေ။ အဖေကတော့ အရမ်းအေးတယ် ။ အခုချိန်ထိလဲ ဆိုက်ကားနင်းနေတုံးပဲ ။ မနင်းပါနဲ့ ပြောလဲ မရဘူး ဆိုက်ကားလေးတော့ ဆွဲပြီး ထွက်လိုက်ရမှ သူကျေနပ်တယ်။ အခုချိန်မှာတော့ ကျွန်တော့် မိဘတွေကို အတက်နိုင်ဆုံး အကောင်းဆုံးထားနိုင်နေပြီ။ ကျွန်တော့်လေးလေးကိုလဲ သူဘယ်လောက် အဆင်ပြေပြေပေ့ါနော် ကျွန်တော် လုပ်ပေးချင်တာလေးတွေ လုပ်ပေးနိုင်နေပြီ။ လေးလေးဆိုရင် ကျွန်တော့် ထက် ပိုပြီးတော့ အလုပ်ကောင်းတယ် ။ဒါပေမဲ့ လဲ ကျွန်တော့် တက်နိုင်တဲ့ အနေအထား ကျွန်တော် ကျွေးတယ်မွေးတယ်။ အဲ့ဒါတွေကို အဖေကလဲ လက်ခံပေးထားတယ်။ လေးလေးကလဲ လက်ခံပေးတယ်။ ဒါပေမဲ့ အမေက ဘယ်လောက်ပဲပေးပေး ပေးတယ်လို့မမြင်ပါဘူး ။ ခုဏ ကပြောသလိုပေ့ါ ကျွန်တော်ချွေးနဲစာလေးနဲ့ ဥပမာပေ့ါ ဟိုတလောက ကျွန်တော်ကို Tranier ခေါ်လို့သွားတယ် ပြန်လာတော့ ကျွန်တော်ရလာတာလေးနဲ့ ကျွန်တော့် မိန်းမကိုရွှေဝယ်ပေးတာမျိုးပေ့ါ ကျွန်တော် အပြည့် အဝမပျော်ရဘူး ။ မိန်းမနဲ့ယောကျာ်းတစ်ယောက် အိမ်ထောင်ပြုထားရင်လေ အဆင်ပြေတယ်ဆို မိဘတွေက ဝမ်းသာပေးကြတာလေ။ ဟာကောင်းလိုက်တာ စုကြနော်

နင်တို့ရွှေလေးတွေလုပ် အဲ့လိုလေးတွေပြောကြတယ်။ ပါးစပ်ကတော့ အဲ့လိုလေးတွေပြောတယ် တကယ်လုပ်လာပြီဆို မရတော့ဘူးလေ။ တကယ်လုပ်လာပြီဆို အင်း ငါလဲ လက်စွပ်လုပ်ရအုံးမယ် အဲ့လို ခနဲ့တည့်တည့်တွေပြောလာတဲ့ အခါကြတော့ ကျွန်တော် ဇနီး အနေနဲ့လဲ ဝတ်ရမှာ မဝင့်မရဲ ဖြစ်တာပေ့ါ ။ အပြင်ရောက်မှ ဝတ်ရဲတာပေ့ါ။ ပြီးတော့ ကျွန်တော့် အမေကလဲ တောဘက်ကလာတာဆိုတော့ စကားပြောတွေ အရမ်းကြမ်းတယ်။ စိတ်ထင်နေရင် ကောင်းပေမဲ့ စိတ်မထင်နေတဲ့ အချိန်မှာဆိုရင် ဒါမှမဟုတ် သူ့ကို မြောက်ပေးနေတဲ့ လူတွေရှိတဲ့ ဆိုရင် ညစ်ညစ်ပတ်ပတ်တွေပြောလိုက်တော့ ကျွန်တော် ဇနီး အနေနဲ့ အရှက်ရသလို ကျွန်တော်လဲ အရှက်ရပါတယ်။ ဒါပေမဲ့ ဒါတွေကို စိတ်ရှုတ်လို့ ကျွန်တော်အိမ်က နေခွဲထွက်မယ် ဆိုလဲ မရဖူးလေ ။ ကျွန်တော်က တစ်ဦးတည်းသော သားလေ။ ကျွန်တော်ဟို တစ်လောကတော့ အရမ်း စိတ်ဆိုးလို့ မရတော့ဖူး ကျွန်တော် အိမ်ကနေပြီးတော့ ခွဲထွက်တော့ မယ်ဆိုပြီးလုပ်တော့ အဖေကော လေးလေးကောက တောင်းပန်တယ်။ မခွဲနိုင်ဘူးတဲ့ ဒါကြောင့် မခွဲပါနဲ့တဲ့ ။ ဥပမာ တစ်ခုပြောရရင် ကျွန်တော့်ကို ကျွန်တော့် ဦးလေးက အမွေဆက်ခံခွင့်လွဲပေးထားတယ်။ အမှန်ဆို အမေ့ အနေနဲ့ သူ့သားသမီး ရတာလေ ပျော်ရမှာပေ့ါ။ အဲ့တာကို အခု ရန်ဖြစ်ရင် ဘာပြောလဲ ဆိုတော့ အေးပေ့ါ နင့် က နင့်ဦးလေးက အမွေလွဲပေးထားတာကို ဆိုပြီးတော့ ထည့်ထည့်ပြောတယ်။ နောက်ဆုံး

ဘာတောင်ပြောလဲ ဆိုတော့ ငါမရှိတော့ရင် ငါ့ အမျိုးတွေ ခြယ်လှယ်ခြင်တိုင်း မခြယ်လှယ်ရမှာဆိုးလို့တဲ့ ။ ကျွန်တော်ဘယ်လိုပြန်ပြောရမလဲ ။ အဲ့လိုလေးတွေပေါ့။ အမေနဲ့ လေးလေးက အမှန်တော့ ဖေဖေနဲ့ လေးလေးက ညီအစ်ကိုပေါ့။ အမှန်ဆိုခယ်မပေါ့ ။ဒါပေမဲ့ တကယ့်မောင်နှမ အတိုင်းပဲ ၊ လေးလေးကလဲ ပါးစပ်ကသာ ဒီကောင်မ ဘာဖြစ်တယ် ညာဖြစ်တယ် ပေါ့ အချိန်တန်တော့လဲ ပြန်ပြီးတော့ တည့်ကြတာပဲ။ မိန်းမလျှာ ပါးစပ်ဆိုတော့ပြောတာပေါ့။ သူဆို အမှန်ဆို တစ်ယောက်တည်း သမားလေ ပိုပြီးတော့ ခွဲစားခွဲနေလို့ကောင်းတာပေါ့ ။ဒါပေမဲ့ သူ့ရဲ့ ညီဖြစ်တဲ့ အဖေကို ငဲ့နေတာ ။ အဖေက အေးတယ် နံတယ်လေ။

ပထမဆုံး လိင်တူချစ်သူကတော့ ရှိခဲ့တာပေါ့ ။ သူနဲ့တော့ ချစ်သူကြီးဖြစ်ခဲ့တာတော့ မဟုတ်ဖူးပေါ့နော်။ ဒါပေမဲ့ သူ့မိဘတွေက အရမ်းကောင်းတယ်။ ပိုက်ဆံလဲ ချမ်းသာတယ်လို့ပြောလို့ရနိုင်တဲ့ အနေအထားမှာရှိပါတယ်။ ပဲဆီ နှမ်းဆီ စက်ရုံပိုင်ရှင် သမီးပေါ့နော်။ သူ့မှာရောဂါရှိလို့ကို ဖအေ ကိုယ်တိုင်က မင်းဦးဆောင်ပြီးတော့ လုပ်ရမှာ ဆိုတော့မင်း ငါ့သမီးကိုယူလိုက်ပါကွာ ဆိုပြီးတော့ကိုပြောတာပေါ့။ သူ့သမီးက ရောဂါသည်ဆိုတော့ ဘယ်သူက မှလဲ ယူမှာ မဟုတ်ဘူး မင်းပဲယူပါကွာဆိုပြီးတော့ ခဏခဏကိုပြောတာပေါ့။ အဲ့အချိန်မှာ ဘာဖြစ်လို့မှန်းတော့ မသိပါဘူး ကျွန်တော်သူ့ကို မယူချင်ဖူးပေါ့။ ယူဖို့မပြောနဲ့ ကျွန်တော်သူ့ကို ရည်းစား စကားတောင် မပြောဖြစ်ခဲ့ဘူးပေါ့။ နောက်ဆုံးကြတော့ ဘယ်လိုဖြစ်လဲဆိုတော့ သူ့ကိုလာတောင်းတဲ့ ကောင်လေးတစ်ယောက်ရှိတယ်တဲ့ ဆိုတော့ ယူပေါ့လိုပြောလိုက်တယ်။ အဲ့အချိန်တုန်းကတော့ ခုနစ်ရက်လောက်တော့ ခံစားလိုက်ရတယ်။ ဒါပေမဲ့ အဲ့ ခံစားချက်ကို ကျွန်တော် အမျိုးအမည် မဖော်တတ်ဖူး။ အခု ချိန်မှာ ပြန်တွေးရင် ကျွန်တော်သူ့ကို ချစ်တာမဟုတ်လောက်ဘူး ။ ချစ်တာဆိုရင် ကျွန်တော်သူ့ကိုရယူ ပိုင်ဆိုင်ဖို့ကြိုးစားမှာပေါ့။ ပထမဆုံးကတော့ ရင်ခုန်တာလို့ပဲ ပြောပါတော့ ။ အခုလက်ရှိ သူကိုကြတော့ ချစ်တာ ။ နှစ်ယောက်ပဲ ထားဖူးတာပါ။ အမှန်တိုင်းပြောရင် လက်ရှိ အိမ်ထောင်ကို စတွေ့တုံးကတော့ သာမာန်ပဲဗျ။ ဒါပေမဲ့ ကျွန်တော် စိတ်ကူးတော့ရှိတယ်ပေါ့ ငယ်ငယ်လေးထဲကလေ ကောင်မလေးဆိုရင် အရပ်ရှည်ရှည် အသားဖြူဖြူ ဆံပင်ရှည်ရှည်လေးဆိုရင် အရမ်းသဘောကျတယ်။ သူ့ကို သူ့အဒေါ်ဆိုင်မှာ မတွေ့ခင်ကတည်းက ကျွန်တော်က သူတို့လမ်းကို အကြွေးတောင်းသွားတာကို တွေ့နေတော့ အဆိုတော် ယုဇန နဲ့ တူတဲ့ ကောင်မလေးဆိုပြီးတော့ ပေါ့နော် ။ မှတ်ချက်ကတော့ ဒီလောက်ပါပဲ။ သူ့အဒေါ်ဆိုင်မှာတွေ့တယ် ဒီအတိုင်းပါပဲ ။ဒါပေမဲ့ နောက်ကျတော့ ဘာဖြစ်လာလဲဆိုတော့ သူ့ဘဝ အကြောင်းတွေသိတဲ့ အခါ ကျွန်တော့်သူ့ကို သနားတယ်။ အဲ့ အချိန်မှာ လုံးဝ ရင်မခုန်သေးဘူး ။ဘယ်မှာရင်ခုန်လဲဆိုတော့ ကျွန်တော်က

သူ့အဒေါ်နဲ့ သူ့အိမ်လိုက်သွားတော့ သူက မီးပူတိုက်နေတာ ပေါ့နော်။ ကျွန်တော်တို့လဲ လာတာမြင်ရော ဆောင့်အောင့်ပြီးတော့အထဲဝင်သွားတာ။ အဲ့ဒါလေးကိုကြည့်ပြီးတော့ ရင်တော့ ခုန်တယ်ပေါ့ ။ အဲ့ဒါပဲ။ နောက်ပိုင်းကြတော့ ကျွန်တော်သူ့ကို ရင်ခုန်တယ်။ နောက်ပိုင်းကြတော့ သူ့ဘဝကိုသိလာတော့ သနားတယ် ချစ်လာတယ်။ ချစ်တယ်ရဲ့ နောက်မှာ ဘဝတစ်ခုကို ထူထောင်ချင်တယ်။ အဲ့တော့ ကျွန်တော် ဘဝတစ်ခုကို ရအောင် ထူထောင်တယ်။ ခုနက ဟာကိုပြန်ပြောရရင် ကျွန်တော့်ရည်းစားဦးလို့ပြောလို့ရတဲ့ အမျိုးသမီးကို ကျွန်တော် တကယ် မချစ်ခဲ့တာ ဖြစ်ပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် အတွက် တကယ့်အခွင့် အလမ်းကောင်းတွေရတယ် ။ သူကိုယ်တိုင်လဲ ရေလာမြောင်းပေးတွေလုပ်တယ်။ သူ့မိဘတွေကိုယ်တိုင် ကိုကသဘောတူတဲ့ အချိန်မှာတောင် ကျွန်တော်သူ့ကို ချစ်တယ်ဆိုတဲ့ စကားမျိုးကို မပြောချင်ဘူး ။ ပြောလဲ မပြောခဲ့ဘူးလေ။ ဒါပေမဲ့ သူယောကျာ်းယူပြီးတော့ တစ်ပါတ်လောက်ကတော့ တော်တော်ခံစားလိုက်ရတယ်။ ကိုယ်ကြိုက်တဲ့ အရုပ်တစ်ခုကို သူများယူသွားတဲ့ ခံစားချက်လိုမျိုးပေါ့။ ကျွန်တော်သူ့ကို ဘဝလက်တွဲဖော် အဖြစ် လုံးဝ မရည်ရွယ်ခဲ့ဖူး။ ကျွန်တော်လက်ရှိ အိမ်ထောင်ကိုတော့ ဘဝတစ်ခုလုံးစာရည်ရွယ်ထားတာလေ။ ကျွန်တော်သူ့ကို စပြီးတော့ ရည်းစားစကားစပြောပြီဆိုထဲက အိမ်ထောင်ပြုဖို့ အထိရည်ရွယ်ထားခဲ့တာ။ အဲ့

အချိန်မှာ တိုက်ဆိုင်စွာနဲ့ ပထမကောင်မလေး ဘက်ကနေပြီးတော့ အိမ်ထောင်ရေး မပြေလည်မှု့တွေဖြစ်လာတယ် ၊ အကြောင်းရင်း က ကျွန်တော်နဲ့ တွဲ ခဲ့လို့ဆိုတော့ ဘာမှလဲ မလုပ်ပါဘူး ။ ရည်စားဘဝတောင် မရောက်ခဲ့ဖူးဘူးပေါ့။ အဲ့တော့ အဲ့ကောင်မလေးက ပြန်လာချင်တယ်ပေါ့ ဆိုပြီးတော့ သူမောင်နဲ့ တွေ့ရင်းကနေပြီးတော့ ဖုန်းနံပါတ်တွေဘာတွေပေးရင်း ပြောဖြစ်ကြတယ်ပေါ့။ အဲ့ အချိန်မှာ ကျွန်တော် ငါ အခုလက်ရှိမှာ ချစ်ရတဲ့ သူရှိနေပြီ တကယ်လဲ ချစ်တယ် ပြောရရင်တော့ ပြန်မလာနဲ့တော့လို့ မပြောဘဲ သူငယ်ချင်း အဖြစ်နဲ့ ရှေ့ဆက်နေကြမယ် နင် ဒုက္ခရောက်လဲ အချိန်မရွေးပြောပေါ့ အဲ့လိုမျိုးနဲ့ပဲ ပြီးသွားပါတယ်။ အခုတော့ ကလေးတစ်ယောက်ရနေပြီ နောက်ထက်တစ်ယောက်ရနေပြီလားတောင် မသိပါဘူး ။ ကျွန်တော်တို့ကလဲ အဆက်အသွယ်မရှိတော့ပါဘူး ။လက်ရှိအိမ်ထောင်ကိုပဲ သစ္စာရှိတယ် အိမ်ထောင်ရေးကိုပဲကောင်းအောင်လုပ်တယ်။ အဲ့ကောင်မလေးက ဒီမြို့ကပါပဲ ၊ ကျွန်တော်တို့နဲ့ မတွေ့တော့တာပါ။ ကျွန်တော့်လောက် မြို့ပတ်တာ ကျွန်တော်ပဲရှိတယ် ဒါပေမဲ့ တစ်ချက်မှ မတွေ့ဖူး။ သူကပဲ အိမ်ထောင်ရှင်မ ပီသပြီးတော့ အိမ်ထဲက အိမ်ပြင် မထွက်ပဲ နေ နေလားတော့ မသိဖူးပေါ့။ အခုချိန်မှာတွေ့လဲ သူနဲ့ ကျွန်တော်နဲ့က သူငယ်ချင်းပါပဲ။ သူ့အမေကတော့ လွန်ခဲ့တဲ့ နှစ် နှစ်လောက်က တွေ့လဲ တွေ့ရော ကျွန်တော်က ဒီမှာလေ ကျွန်တော် အမျိုးသမီးလို့

မိတ်ဆက်ပေးတော့ ပထမ ကျွန်တော်တစ်ယောက်ထဲကိုမြင် တုန်းကတော့ ကောင်းကောင်းမွန်မွန် ပြောပြီးတော့ ကျွန်တော် အမျိုးသမီးနဲ့ မိတ်ဆက်ပေးတော့ ချက်ချင်း မျက်နှာတင်းသွားပြီး မခေါ်တော့ဘူး ။ အဲ့လိုမျိုးလေးတွေပေါ့။

ကျွန်တော်က Sky Dragon အဖွဲ့ မဖြစ်လာခင်ထဲကိုက ခေတ္တရာ စွယ်တော်ဦးဖြစ်လာတာကို အရမ်းအားကျတယ်။ အဲ့ဒီထဲမှာမှ ကျွန်တော်တို့ အပေါ်ကိုဖိနှိပ်ထားတာတွေကို ကျွန်တော်တို့ မကြိုက်ဖူး။ ကျောင်းမှာဖြစ်ခဲ့တဲ့ အရာတွေက အမှန်တကယ် မဖြစ်သင့်ဘူးလို့ပဲမြင်တယ်။ အဲ့ အချိန်မှာ ကျွန်တော် right ဆိုတာလဲ နားမလည်ဖူး ။ ဒါပေမဲ့ ကျွန်တော်က စာအရမ်းဖက်တယ်။ အမှန်တိုင်းပြောရရင် နိုင်ငံရေးကို လုပ်မှန်းမသိလုပ်မိနေတာလဲ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ ကျွန်တော်က စာဖတ်တော့ သတင်းတွေဖတ်တယ်။ အဲ့ကြတော့ ဘာကိုသိလာလဲ ဆိုတော့ ဒါငါတို့ကို သက်သက် နှိမ်ချတာပေါ့ စော်ကားတာဆိုပြီးတော့ သိလာတယ်။ အမှန်တကယ်ဆို ကျောင်းတုံးက ဆရာမက သူ့စာသင်ချိန်မှာ စာမသင်လို့ ပြီးတော့သွား ဆိုလို့လဲ သွားရသေးတယ် ။ ဒါ ငါတို့လွတ်လပ်ခွင့်ပဲ ။ ငါတို့ဘက်က မှန်တာပဲဆိုပြီးတော့ထင်တယ်။ အဲ့တော့ ခေတ္တရာ စွယ်တော်ဦးကို အားကျတယ်။ Tom boy တွေတော်တော် များများကလဲ ပြည်မှာရှိနေတယ်။ ဒီတော့ ဒီလိုလေး ဖွဲ့ပြီးတော့ ဒီလိုလုပ်လိုက်ရင် တစ်ယောက်အားနဲ့ မရတာကို အများအားနဲ့ယူလိုက်ရင် ရမယ်ထင်တယ်ဆိုတာရယ်၊ နောက်တစ်ခုက ဘာမှ မလုပ်ဖြစ်ရင်တောင်လူမှုရေး အဖွဲ့ အစည်းလေးတော့ဖြစ်သွားတာပဲ ဆိုပြီးတော့ လုပ်ဖြစ်တာပါ။ အဲ့ အချိန်မှာ ရန်ကုန်က Equality Myanmar ကနေပြီးတော့ ၅ ရက် သင်တန်းဖွင့်တယ်။ နယ် အနေနဲ့ ခေါ်တာမဟုတ်ဖူး ။ ရန်ကုန် အနေနဲ့တက်ရမှာလေ။ အဲ့ အချိန်မှာ မဖြူကနေပြီးတော့ ကိုစည်သူကို လှမ်းအကြောင်းကြားတယ် ။ ကိုစည်သူကနေတစ်ဆင့် ကျွန်တော့်လေးလေးကို လှမ်းပြောတယ်။ အဲ့တော့ ကျွန်တော်ရယ် ရွှေနေကိုတေဇာအောင် ရယ် နိုင်နိုင်ဆိုတဲ့ ကျွန်တော့် ညီတစ်ယောက်ရယ် သွားတက်ဖြစ်တယ်။ အဲ့ကနေပြန်လာတဲ့ အခါ ကျွန်တော်ဒီက ခေါင်းဆောင်လေးတွေနဲ့ Sky Dragon အဖွဲ့ ဖွဲ့လိုက်တယ်။ ၂၈.၁၀.၂၀၁၂ မှာ အဖွဲ့ဝင် ၉ ဦးနဲ့ ကျွန်တော်တို့ဖွဲ့ ဖြစ်သွားတယ်။ နောက်တော့ ၁ ပါတ် အတွင်း ကို ၃၅ ယောက်ဖြစ်လာတယ်။ အခုဆိုရင်တော့ အဖွဲ့ဝင်ပေါင်း ၁၂၇ ယောက်ဖြစ်သွားပြီ။ ပြည်မြို့ပေါ်မှာတင် ၅၇ယောက်ရှိပါတယ်။ ဒါပေမဲ့ အဖွဲ့ဝင်တွေအကုန် တွေ့ချင်တယ် ဆိုရင်လဲ အဆင်တော့ မပြေဖူး ။ ဘာဖြစ်လို့ အဆင်မပြေဖူးလဲဆိုတော့ ကျွန်တော်တို့ အဖွဲ့ဝင်တွေက ဆန္ဒ ရှိတယ် ကျောင်းတက်နေတဲ့ လူတွေ မိဘ ချုပ်ထိန်းမှုအောက်ကနေ ရုန်းလို့မရသေးတဲ့လူတွေ တစ်ချို့ဆိုရင် အိမ်ကနေ မနဲ ထွက်လာရတဲ့

လူတွေရှိတယ်။ မိဘ လက်ငုတ်လက်ရင်းကို လုပ်နေရတဲ့ လူတွေလဲ ရှိတယ်။ လာချင်ပေမဲ့ လဲ မလာနိုင်ဘူး ။ ပွဲတွေ ဘာတွေဆိုလို့ရှိရင်တော့ လာတက်ဟဲ့ ဆိုရင် ညပိုင်းလေး ခဏ တစ်ဖြုတ်လာတက်ကြတယ်။ နောက်ပြန်သွားတယ်။ သူတို့အသံ အရမ်းပါလာဖို့ကိုတော့ ကျွန်တော်တို့လဲ မလုပ်ဆောင်နိုင်သေးပါဘူး ။ ဒါပေမဲ့ အင်အားကောင်းတဲ့ အဖွဲ့အစည်းအဖြစ်တော့ရပါတည်နေနိုင်ပါတယ်။ ယောက်ကလျှာတွေနဲ့ ပက်သက်တဲ့ သင်တန်းဆိုရင် တက်အောင်တော့ လိုက်ခေါ်နေရတုံးပါပဲ။ သူတို့ အခွင့်အရေး ဘာဆိုတာကို မသိဖူး ။ သိလဲ ထဲထဲဝင်ဝင် အလုပ်မလုပ်ချင်ကြသေးဖူး။ အဲ့လိုလေးတွေတော့ ရှိတယ်။ ဒါပေမဲ့ ကျွန်တော်တို့ အဖွဲ့က အရမ်းအားကောင်းတယ် ။ ညီအစ်ကိုတွေလဲ အကုန်စည်းလုံးပါတယ်။ ကျွန်တော်နဲ့ သူတို့နဲ့ဆို အသက်အရွယ်အားဖြင့် သိပ်မကွာပါဘူး ။ ၄ ၅ ၆ နှစ်ပဲ ကွာကြတာပါ ။ဒါပေမဲ့ အဖေ သား အဲ့လို အခေါ်အဝေါ်တွေနဲ့ သုံးကြတယ်။ ဖခင်တစ်ယောက်က သားတွေကို အုပ်ချုပ်တဲ့ ပုံမျိုးနဲ့ပဲ သွားပါတယ်။ အရမ်းလဲ စည်းလုံးကြတယ်။ နောက်နယ်တွေဆင်းတယ် တပျော်တပါး သွားကြလုပ်ကြတယ်။ အဓိက ကတော့ Right ကို လုပ်တယ်ပေါ့။ တစ်လတစ်ခါ အစည်းအဝေးတွေလုပ်တာရှိမယ်။ အဲ့လိုတွေလုပ်တဲ့ အခါကြရင်လဲ Right ကို အဓိက ထားပြီးတော့ ပြောကြဆိုကြ လုပ်ကြပါတယ်။ ကိုယ်right ကိုယ်လိုချိုးဖောက်ခံရတာမျိုး ဖြစ်နေတယ်။ အဲ့တော့ ဘယ်လိုလမ်းကြောင်းကို သွားလို့ရတယ်။ အဲ့ဒါမျိုးတွေ လုပ်တယ်။ colour rainbow ကမဂ္ဂဇင်းတွေဝေပေးတာမျိုးတွေရှိမယ်။ နောက်ပြီးတော့ သာရေးနာရေး တွေလိုက်ကူညီတာမျိုးတွေ ရှိမယ်။ သွေးလိုတယ်ဆိုရင်လဲ သွေးလိုက်လှူပေးပါတယ် ။ အထူးသဖြင့်တော့ ကျွန်တော်က ချိတ်ဆက်မှု့ အားအရမ်းကောင်းတယ်။ ပြီးခဲ့တဲ့ အစိုးရပေါ့ ပြည်ခိုင်ဖြိုးပေါ့ ။ အဲ့အစိုးရလက်ထပ် တုံးကလဲ အဲ လွှတ်တော် အမတ်တွေနဲ့ ကျွန်တော်ရင်းနှီး သလို အခု အစိုးရသစ်လက်ထပ် မှာလဲ ထိုနည်းတူပဲ ရင်းနှီးအောင်နေပါတယ်။ နောက်ကျန်တဲ့ ရဲမှူးတွေ ရဲအုပ်တွေဆိုရင် လဲ ကိုငြိမ်းဆိုလို့ရှိရင် သိပါတယ်။ ပြောင်းလဲသွားတာပေါ့ ။ အများကြီးပြောင်းလဲသွားတယ် ။ ဒီ လိုအဖွဲ့အစည်း မထောင်ခင်တုန်းက ကိုယ့် အခွင့်အရေးဆိုတာ ဘာမှန်းမှ မသိတာ။ ယောင်ယောင် ဝါးဝါး နဲ့ပဲလေ ။ ဒါပေမဲ့ ကျွန်တော်ဘာလုပ်နေလဲ ဆိုတော့ သတင်းစာတွေ စာစောင်တွေ ကျွန်တော် ဖတ်တယ်လေ။ ကျွန်တော်တို့ ပြည်မှာဆိုရင် သုခ စာစောင်တွေ ရောင်းတဲ့ စာအုပ်တိုက်ဆိုရင် နာမည်ကြီးပဲ။ အဲ့မှာ လမ်းဘေးမှာခုံလေးတွေနဲ့ပေးထားတယ်။ ဘယ်သူမဆို စာစောင်လာဖတ်ချင်ရင် ဖတ်လို့ရတယ်။ အဲ့ကို ညနေပိုင်းဆို တူဝရီး နှစ်ယောက်သွားပြီ ။ ပြန်လာလို့ကတော့ တစ်လမ်းလုံး ကျွန်တော့်တို့ နှစ်ယောက် အသံပဲ ။ ငြင်းကျတာလေ။ စာစောင်ဆိုလဲ နိုင်ငံတော် ဘာတွေပြောင်းလဲနေလဲ ၊ ဘာတွေလုပ်နေလဲ ပေါ့နော်။ အဲ့တုံးကဆို

ကျွန်တော် ငယ်ငယ်ဆိုတော့ ဦးခင်ညွန့် အဖမ်းမခံရသေးဖူး။ လေးလေး မင်းတော့ ဘယ်လိုမြင်လဲ ငါကတော့ ဒီလိုမြင်တယ်ပေ့ါ။ နောက် ဦးသိန်းစိန် လက်ထပ်ကျတော့လဲ ကျွန်တော်တို့ ဆွေးနွေးကျတာပဲ ။ အဲ့လိုပေ့ါ ကိုယ့်အမြင်ကို ကိုယ်ပြောပြီး ငြင်းကြတာပေ့ါ။ ပြန်လာတဲ့ တောက်လျှောက်ကို ကျွန်တော်တို့ စကားသံတွေကြီးပဲ။ အဲ့လိုမျိုးပေ့ါ နိုင်ငံရေးကို သိပ်မသိပေမဲ့ စာအုပ်တွေဖတ်တော့ သိသင့်သလောက်တော့ သိလာတယ်။ နောက်ပိုင်း သင်တန်းတွေ တက်လိုက်တော့ ကျွန်တော်ဘာကိုပိုသိလာတာပေ့ါ ။ ပိုပြီးတော့ စာတွေဖတ်ဖြစ်လာတာပေ့ါ ။နိုင်ငံရေး လုပ်နေတယ် လို့ မဆိုသာသော်လဲ နိုင်ငံရေး လုပ်နေတယ်ပေ့ါ။ နောက်ပိုင်း ကျွန်တော့် ဘဝက တော်တော်ကြီးကို တိုးတက်လာတယ်။ ဒီနေရာကနေပြီးတော့ ကျွန်တော် ငယ်ဘဝကိုပြန်သွားမလားဆိုရင် ကျွန်တော် မသွားဖူး ။ လက်ရှိ အနေအထားကိုပဲ သဘောကျတယ် ။ ရောက်ရှိနေတဲ့ အချိန်ကို ကျွန်တော်ကျေနပ်တယ်။ ကျွန်တော် သွားချင်တဲ့ ပန်းတိုင်ကို မရောက်သေးပေမဲ့ ပန်းတိုင်ကို သွားမဲ့ လမ်းကိုတော့ ရောက်နေပြီ။ အဲ့ အတွက် ကျွန်တော် ဘဝကို ကျွန်တော် အရမ်းကျေနပ်တယ်။ ကျန်းမာရေး နဲ့ ပက်သက်လို့ရှိရင်တော့ ကျွန်တော်တို့ လွတ်လွတ်လပ်လပ် ဆွေးနွေးတိုင်ပင်လို့ရမဲ့ ဆရာဝန် ဆရာမ တစ်ယောက်လောက်တော့ လိုချင်ပါတယ်။ အဲ့ဆရာမနဲ့ တိုင်ပင်ပြီးတော့ ဥပမာ ကျွန်တော်တို့ ရင်သားတွေ ခွဲစိတ်ချင်တာမျိုးတို့ နောက်ဟော်မုန်းဆေး သောက်ချင်တာမျိုးတွေကို ထဲထဲဝင်ဝင် တိုင်ပင်ချင်တာ မျိုးတွေရှိတယ်။ တကယ်ဆို ကျွန်တော့်တို့ ရင်သားတွေခွဲစိတ်တာမျိုးတွေ လုပ်ချင်တယ် ။ ဒါပေမဲ့ ကျွန်တော်တို့ လက်ရှိ ရောက်နေတဲ့ နေရာလေးတစ်ခုကနေပြီးတော့ ဘယ်မှာလဲ သိန်းတစ်ရာ ငါးဆယ်မျိုးတွေ တက်နိုင်မှာလဲ ။ ဒါတွေကျွန်တော်တို့မျှော်မှန်းနေပေမဲ့လဲ တစ်နေ့တော့ဖြစ်လာမှာပေ့ါ။ ဖြစ်လာဖို့ပဲ ကျွန်တော်တို့မျှော်မှန်းလို့ရတယ် ဖြစ်အောင်လုပ်မယ်လို့တော့ မပြောနိုင်ဘူး။ ဟုတ်တယ်မလားကျွန်တော်တို့တွေဆို နှစ်ယောက်ဖြစ်သွားပြီ။ နှစ်ယောက်ထက်ပိုတာက ကျွန်တော်တို့က မိသားစုနှစ်ခု ကိုတာဝန်ယူရတယ်။ ယောကျာ်း မိန်းမ ယူကြတယ်ဆိုရင် သူတို့ တစ်အိမ်ထောင်သာယာ ဖို့ကိုအဂုင်လုပ်ကြတာလေ။ ကျွန်တော်တို့မှာ အဲ့လိုကြိုးစားလို့မရဖူး။ ဒီအိမ်ထောင်သာယာဖို့ကြိုးစားနေရသလို တစ်ဖက်မှာရှိတဲ့ မိဘတွေ အတွက် ထောက်ပံ့နေရတယ်။ ညီအကိုမောင်နှမတွေကိုထောက်ပံ့နေရတယ်။ အမျိုးသမီးဘက်ကိုလဲ ထောက်ပံ့နေရတာလေ။ အဲ့တော့ သူများတွေ တစ်ရာဝင်လို့ ငါးဆယ်စုနိုင်ချိန်မှာ ကျွန်တော်တို့ ငါးဆယ မစုနိုင်ဘူး ။ ဘဝကို အခုမှ စတင်တည်ထောင်နေရတာလေ။ ခွဲစိတ်မှုတွေကတော့ လုပ်ချင်ပါတယ်။ နောက်တစ်ခုက ကျန်းမာရေး အနေနဲ့ဆို ယောကျာ်းလျာတွေ အရက်သောက်ကြတယ်။ ဆေးလိပ်သောက်ကြတယ် ။

ကျွန်တော်ကိုယ်တိုင်လဲ ရုံဖန်ရံခါ ဆေးလိပ်သောက်ပါတယ်။ တစ်ချို့ကကြတော့ Tom ဖြစ်နေလို့ ယောကျာ်းနဲ့ တူအောင် အရက်သောက်တယ် ဆေးလိပ်သောက်တယ်။ ဒါမလုပ်သင့်တဲ့ အပြုအမူပေါ့နော်။ ကြိုက်လို့ ဒါမှမဟုတ် ဆေးဖြစ်ဝါးဖြစ်သောက်တာ ဆိုတစ်မျိုးပေါ့။ ဒါကြီးကို အကြီးအကျယ်ကြီး သောက်တယ်စားတယ် လုပ်နေရင်တော့ အဆင်မပြေဖူးလေ။ အဓိက ကတော့ ကျွန်တော်တို့နဲ့ တိုင်ပင် ဖို့ LGBT ဆရာဝန်တွေရှိရင် ပိုကောင်းတာပေါ့။ ကျွန်တော် လွန်ခဲ့တဲ့ ခြောက်လလောက်က ဆေးရုံတက်ရတယ်။ ကျွန်တော်ဆေးရုံတက်ရတော့ ကိုငြိမ်းဆိုပြီးတော့ နာမည်ပေးထားတာ။ အဲ့ဒီမှာ ဆေးရုံကို ရောက်သွားတာက ကျွန်တော် အပြင်ကပြန်လာတာဆိုတော့ အပေါ် အင်္ကျီ အဖြူနဲ့ လေ။ အောက်က ပုဆိုးပဲ ဝတ်ထားတာပေါ့နော်။ သူတို့ကလဲ ယောကျာ်းလေးလို့ပဲ ထင်လို့နေမှာပေါ့နော် ။ နလုံးစမ်းမယ်ဆိုတော့ မှ အင်္ကျီ ချွတ်မယ် လုပ်တော့မှ သိသွားတာပေါ့နော် ။ အဲ့တော့မှ ကျွန်တော်ကို အထဲခေါ်သွားပြီးစမ်းတာပေါ့။ အဲ့မှာ နာမည်ကို သူနာပြုဆရာမတွေက နာမည်ကို ကိုငြိမ်းကို မငြိမ်းလုပ်လိုက်တယ်။ အဲ့တာနဲ့ ကျွန်တော်က ဒေါသတွေက ထောင်းခနဲ ထသွားတာပေါ့နော်။ ကျွန်တော် သားတွေကလဲ ရှိတော့ ဟော့ကောင်တွေ သွားပြောစမ်း ဘယ်သူအမိန့်နဲ့ နာမည်ပြောင်းလိုက်တာလဲ သွားပြောစမ်း လို့ပြောခိုင်းလိုက်တယ်။ အဲ့ဒီမှာ ဆရာဝန်ကလဲ ကျွန်တော်ကိုယောကျာ်းအစစ်မှတ်လို့ ကျားဟော်မုန်းဆေးနည်းနေတယ်ဆိုပြီးဆေးပေးလိုက်တယ်လေ။ သွားပြီးတော့ ပြောမှဆရာဝန်ကလဲ သိတာ။ အဲ့ဆရာဝန်ကလဲ မိန်းမလျှာ ပဲဗျ။ ကျွန်တော်တို့ အတွက် ခုနပြောသလို ဆရာဝန်တို့ ဆေးခန်းသီးသန်လေးတွေ ရှိတာကောင်းတာပေါ့။ အဖွဲ့ထဲက ကလေးတွေအကုန်လုံးကတော့ လုပ်ဖို့ရှိတာပေါ့ ။ ကျွန်တော့်ကောင်တွေ အကုန်လုံးက လုပ်ဖို့ဆန္ဒ ရှိတယ်။ လောလောဆယ်တော့လုပ်ပေးဖို့တော့ အစီအစဉ်မရှိဖူး ။ ပိုက်ဆံလေးတွေ စုပြီးတော့လုပ်ဖို့ရှိတယ်။ လေးငါးသိန်းလောက်ဆို အဆင်ပြေမယ်ထင်တာပဲ ။ ကျွန်တော်တို့တွေ အတွက်ကတော့ အိမ်မက်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဆရာဝန်တွေ သေချာပြမယ် ဆေးတွေ အရင်စားရအုံးမယ်ဆိုတော့ အနည်းဆုံး သိန်းတစ်ရာလောက် ကုန်မှာပဲလေ။

ကျွန်တော်က မိန်းမလျှာတွေကို ချစ်တယ် ။ ကျွန်တော့်ရဲ့ ညီအကို မောင်နမတွေပဲ။ LGBT မိသားစုက ကျွန်တော့်အတွက် ဒုတိယ မိသားစုလို့ သတ်မှတ်ထားတာ ဖြစ်တဲ့ အတွက် ကျွန်တော့်အတွက်တော့ မိသားစု မောင်နမတွေပဲ။ မိန်းမလျှာတွေကလဲ ကျွန်တော်ကို ချစ်တယ် ။ ဘယ်နေရာတွေ့တွေ့ ကိုကြီး ကိုကြီးနေတာပဲ ။ မိန်းမလျှာ အငယ်လေးကပေါ့ ။ မိန်းမလျှာ ကြီးတွေကျတော့ ဘာဖြစ်လဲဆိုတော့ သူတို့စိတ်ထဲမှာက လေးလေးနဲ့ ကျွန်တော်က ငယ်ငယ်လေးထဲက လိုက်နေတော့ လေးလေး ကြောင့်

ကျွန်တော်အောင်မြင်တယ်လို့ ထင်ကြတယ်။ နောက်တစ်ခုက ကြတော့ ကျွန်တော် အောင်မြင်ရတာကို သူတို့ အနေနဲ့အမြင်တွေ မပြောင်းသေးဘူး ။ ယောကျာ်းလျှာ တစ်ယောက် အနနဲ့ မိန်းမလျှာ အငယ်လေးတွေနဲ့တော့ အဆင်ပြေတယ် ။ မိန်းမလျှာ အကြီးတွေနဲ့ ကတော့ သိပ် အဆင်မပြေပါဘူး ။ ဒါပေမဲ့ စိတ်ထဲမှာတော့ ကျွန်တော့် မိဘတွေ လို့ မှတ်ယူထားပါတယ်။

Social Media တွေ အရမ်း ခေတ်မှီလာတဲ့ အပေါ်မှာတော့ ကျွန်တော့် အနေနဲ့ ကတော့ ကောင်းလဲကောင်းတယ် ကောင်းလဲ မကောင်းဖူးဗျ။ သုံးတက်ရင်တော့ ဆေးပေ့ါဗျာ မသုံးတက်ရင်တော့ ဘေးဖြစ်တာပေ့ါ ။ အရမ်းကောင်းတယ်ဆိုတာက ဥပမာ ကျွန်တော်တို့ အရင်တုန်းကဆို စာအုပ်ဆိုင်တွေသွားပြီးတော့ ရှာဖတ်ရတယ်။ အခုဆို တအားလွယ်နေပြီ ။ အင်တာနက်ကနေပြီးတော့ ဒေါင်းလိုက်တာနဲ့ ဘာလုပ်ချင်တာလဲ ဘာဖတ်ချင်လဲ ရနေပြီလေ။ ဒါကကောင်းတဲ့ ဘက်ကနေ သုံးတာပေ့ါ။ အဲ့မှာမှ တစ်ချို့ကဆိုရင် လိင်နဲ့ ပက်သတ်တဲ့ ယုတ်ရင်း ကြမ်းတမ်းတဲ့ ပုံတွေတင်တာမျိုးတွေ သူများအပေါ်မှာ ပုတ်ခတ်တဲ့ စကားလုံးတွေနဲ့ တင်တဲ့ဟာတွေဆိုရင်တော့ မကောင်းမှု့လိုပဲ မြင်ပါတယ်။ အားလုံးခြုံပြောရင် ကောင်းပါတယ် ဒါပေမဲ့ သုံးတဲ့ သူ အပေါ်မူတည်တာလို့တော့ မြင်ပါတယ်။ ပွင့်လင်းလာတဲ့ ခေတ်ကတော့ အရမ်းကောင်းတယ်။ကျွန်တော်တို့ ကျောင်းတက်လာတဲ့ အချိန်နဲ့ ကျွန်တော်နောက်က ကလေးတွေ တက်တဲ့ အချိန်တောင် မတူတော့ဘူးလေ။ ကိုယ်တွေတုန်းက မနည်းကိုကြိုးစားရတယ်။ လူပျိုလှည့်တာတောင် ချစ်တာ မချစ်တာ နောက်မှထား အဲ့လိုလှည့်ဖြစ်အောင် မနည်းလုပ်ရတယ်။ ကောင်မလေးတွေကို လှည့်ပြီး ကြည့်နေရတာကိုက အရသာလေ။ အခုခေတ်ကောင်တွေကြတော့ ချစ်တယ်ဆိုတာမျိုးလဲ လိုက်ပြောရဲတယ်။ ငါက ဘာဆိုတာမျိုးခေါင်းထဲမှာ သိပ်မရှိဖူးလေ။ ကျွန်တော်တို့ ခေတ်တုံးကဆို ငါဘာလဲဆိုတာ မျိုးရှိတယ် ။ အမျိုးသမီးလေးတွေကလဲ ချစ်လာတော့ ဘာမှ မပြောတော့ဘူးလေ။ ဒီဘက်ခေတ်မှာက Social Media က အရမ်းခေတ်စားလာတာရယ် နောက်တစ်ခုက ခေတ်ကလဲပြောင်းလာတော့ သိပ်ပြီးတော့ ခွဲခြားခြင်းတွေ သိပ်မရှိတော့ သလိုပါပဲ။ အဲ့ဒါ အရမ်းကောင်းတဲ့ အခြေအနေတစ်ခု ပါဘဲ။

အကြမ်းဖက်မှု့ကတော့ နှုတ်တို့ လက်တို့ နဲ့တော့ ခံခဲ့ရဖူးတာပေ့ါ ။ လိင်မှု့ အကြမ်းဖက်တာက အတင်းအဓမ္မကျင့်လိုက်မှ အကြမ်းဖက်တယ်ခေါ်တာမှ မဟုတ်တာလေ။ နှုတ်နဲ့ ဘောပြားလို့ခေါ်လိုက်တာတို့ စလောင်းဖုံး နစ်ချက်တီးတယ်ခေါ်လိုက်တာတို့ဒါကလဲ အကြမ်းဖက်ခြင်း အနေနဲ့ ကိုယ်ကို့ထိခိုက်တာပဲလေ။ နောက်လက်နဲ့ ဆိုတာက ကိုယ့်ကို ယောကျာ်းတစ်ယောက်လို သဘောထားပြီး ကိုင်တွယ်တာနဲ့

အသားယူပြီး ကိုင်တာတွယ်တာ နဲ့ မတူဖူးပေါ့နော်။ ဘယ်လောက်ပဲ နားလည်ပါတယ် ပြောပေမဲ့ LGBT မှာ ဘယ်လောက်ပဲ လုပ်ပေးနေပါတယ် ပြောပြောပေါ့ သူတို့ အတွင်းစိတ်ကို ပြောရရင် SOGI ကို ကျွန်တော်တို့က တော်တော် နားလည်ထားတဲ့ လူတစ်ယောက်ပေါ့နော် ။ အဲ့တော့ သူတို့ရင်ထဲမှာ ဘာရှိနေတာလဲဆိုတာကို မြင်နေပြီလေ။ အဲ့တော့ LGBT အရေးကိုလုပ်ပါတယ် ပြောတယ် လုပ်ပေးနေပါတယ် ပြောပြော သူတို့ရင်ထဲမှာ မိန်းကလေးတစ်ယောက်လို သဘောထားနေခြင်းသည် စော်ကားနေတာပါ။ မိန်းကလေးတစ်ယောက်လို့ သဘောထားပြီးတော့ ပုတ်ရယ်ခတ်ရယ် လုပ်နေခြင်းသည် ကျွန်တော်တို့ကို အကြမ်းဖက်နည်းတစ်မျိုးပဲလို့ခံစားရပါတယ်။ ယခုလက်ရှိ လဲ ကျွန်တော်တို့ကြုံတွေ့နေရတုံးပါပဲ ။ မကြိုက်ပေမဲ့ လဲ တစ်ခါတစ်လေမှာ အလိုက်အထိုက် အကြိုက်နေရတဲ့ အခါမျိုးတွေလဲ ရှိတာပဲလေ။ အချို့ အရမ်းလွန်လာရင်တော့ ကျွန်တော်တို့ မူဝါဒ ပိုင်းနဲ့ ကိုင်ပြီးပြောလိုက်တယ်။ စသလိုနောက်သလို နဲ့ အဲ့လိုပြောလိုက်တာမျိုးတွေရှိတယ် ။ တစ်ချို့အရာတွေမှာ ကြတော့ ဘာလုပ်လဲ ဆိုတော့ မကြိုက်တာကို မကြိုက်ကြောင်းကိုပေါ်တင်ပြတယ် ။ တော်ယုံတန်ယုံ အပြင် ပတ်ဝန်းကျင်မှာက ကျွန်တော်ကို မထိရဲဖူးလေ။ မထိရဲဖူးဆိုတာက ကျွန်တော်ငယ်ငယ်လေးထဲက လူမှုရေး အရမ်းလုပ်တယ်။ ရပ်ကွက်ထဲမှာ ရှိနေတဲ့ တံတားတွေ လမ်းတွေက ကျွန်တော်လုပ်ပေးထားတာပါ။ အဲ့တော့ တော်ယုံတန်ယုံ ရပ်ကွက်ထဲမှာက ကျွန်တော်ကို ကွယ်ရာ မှာသာပြောချင်ပြောလိမ့်မယ် ရှေ့တင်တော့ လာပြီးတော့ မစော်ကားရဲသေးဖူး။ မပြောလဲ မပြောရဲကြဘူး ။ ကွယ်ရာမှာတော့ မသိဖူးပေါ့နော် ပတ်ဝန်းကျင်မှာလဲ တော်တော်များများနဲ့ အဆင်ပြေတယ်။ တွေ့တဲ့ အခါ စကားပြောတဲ့ အခါကြရင်လဲ ကျွန်တော်ကို လူ ကိုလူလို့မြင်တယ် ပြီးတော့ ခွဲခြားမှု သိပ် မရှိပါဘူး ။

မမေ့နိုင်တဲ့ ဖြစ်ရပ်ဆိုရင် မိသားစု အတွင်းပဲ ပြောရမှာပေါ့။ ကျွန်တော့်ဇနီး နဲ့ ကျွန်တော် အိမ်ထောင်ကျတယ် ။ ကျွန်တော်ဖြစ်ချင်တာက အိမ်ကမိသားစု အနေနဲ့ ကျွန်တော် အိမ်ထောင်ကျသွားတာကို လက်ခံပေးစေချင်တယ်။ မိသားစု ဘဝကို ထူထောင်တာကို နားလည်ပေးစေချင်တယ်။ ဒါပေမဲ့ အမေနဲ့ စကားများလို့ တစ်ခါ တစ်ရံ အမေပြောတဲ့ စကားလုံး အသုံးအနှုန်းတွေက ကျွန်တော့်အတွက် အရမ်းရှက်ရပါတယ်။ သိက္ခာ အရမ်းကျတယ်။ ဒါတွေကတော့ ကျွန်တော် အတွက် မမေ့နိုင်တဲ့ ဖြစ်ရပ်တွေပါ။ ကျွန်တော်တို့ကတော့ လက်ထပ်ခွင့် ရတဲ့ အထိကို ရှေ့ဆက်ပြီးတော့ လုပ်သွားမှာပါပဲ ။ တိုက်ပွဲလို့တော့ မဆိုချင်ပေမဲ့ ဒါကလဲ ဘဝတိုက်ပွဲ တစ်ခုပါပဲ ။ ကျွန်တော်တို့ တရားဝင် လက်ထပ်ခွင့် ရအောင် အထိ ဆက်လက်တောင်းဆိုချင်ပါတယ်။ နောက်တစ်ခုက

ကြတော့ အကို ကနေ တစ်ဆင့် တောင်းဆိုပါတယ် ။ ယောကျ်ားလျှာတွေကို ယုံကြည်ပေးပါ ။ ယောကျ်ားလျှာတွေ အစွမ်းအစတွေ ပြနိုင်ဖို့ အတွက်ကို အလုပ်အကိုင် အခွင့် အလမ်းတွေပေးပါလို့ပြောချင်ပါတယ်။ အခုအချိန်အနေမှာ ယောကျ်ားလျှာတွေ ဘဝတည်ထောင်ဖို့ အရမ်း ခက်ပါတယ်။ ပြီးတော့ မိသားစု တစ်ခုတည်ထောင်ဖို့ အတွက် နေစဉ် နေ့တိုင်း မျက်ရည်ပေါက် ကြီးငယ် ကြနေရပါတယ်။ အဲ့လိုမျိုးတွေ ရှိပါတယ်။ နောက်ပြီးတော့ အိမ်ထောင်ထူထောင်ဖို့ကို အရမ်းခက်ပါတယ်။ မိန်းမလျှာတွေနဲ့ ယောကျ်ားလျှာတွေနဲ့ ကွာတာ အဲ အချက်ပါပဲ။ မိန်းမလျှာတွေက အိမ်ထောင်ထူထောင်တယ် ဆိုပေမဲ့ မိဘက အရွယ်ရောက်ပြီဆို လွှတ်ပေးလိုက်တာမျိုးက အရမ်းများတယ်လေ။ ကျွန်တော့်တို့ ယောကျ်ားလျှာတွေကြတော့ လွှတ်မပေးဘူး ။ ပြီးတော့ သူတို့ဝင်ငွေလေးက ၁၅၀၀ ၂၀၀၀ လောက်ပဲရှိတာ ဒါတောင် ကူလီ ထမ်းအုံးနော် ၊ မိန်းမတစ်ယောက်လိုလဲ လုပ်ရတယ် ယောကျ်ားတစ်ယောက်လိုလဲ လုပ်ရတယ်။ ပြီးတော့ မိန်းမ တစ်ယောက်လို ဝင်ငွေက ထောင့်ငါးရာ နှစ်ထောင်လောက်ပဲ ပေးတာလေ။ အဲ့ ၁၅၀၀ ၂၀၀၀ လောက်က သူတို့ မိဘကိုလဲ ပေးရသေးတယ် နောက်ပြီး အိမ်ထောင်တူထောင်ထားရင် ဒီ အိမ်ထောင် အတွက်လဲ ပေးရတယ်ဆိုတော့ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ ဘယ်လိုလုပ်ပြီးတော့ ဘဝလုနိုင်မှာလဲ။ အဲ့တော့ ပြဿနာတွေ တက်ကြတယ် ။ ကောင်မလေးတွေက ယောကျ်ားတွေယူသွားကြတယ်။ နောက် မပြေလဲဘူး ပြန်လာတယ်။ ပြန်ပေါင်းကြတယ်။ အဲ့တော့ အိမ်က မိဘတွေနဲ့ အဆင်မပြေတော့ဘူး ။ အိမ်ကလဲ ပြောလာတာပေ့ါနော် ။ စသဖြင့်ပေ့ါနော် ဒီလိုဒုက္ခ အခက်အခဲတွေ အများကြီး ရှိပါတယ်။ လက်ခံပေးကြပါ ။ ယုံကြည်ပေးကြပါပေ့ါနော် ။ နောက်တစ်ခုကကြတော့ ကျွန်တော်တို့မှာက NGO အလုပ်လောက်သာ တွယ်တာ စရာရှိတာလေ။ ဒီအလုပ်ဆိုတာက လဲ အချိန်တိုင်းရှိမနေနိုင်ဘူး ။ အချိန်တိုင်းရှိနေရင်လဲ ကျွန်တော်တို့နိုင်ငံ အတွက် မကောင်းဘူးလေ။ လိုအပ်ချက်ရှိလို့သာ ရှိနေတာလေ။ တကယ်တန်း အရမ်း ပြည့်စုံတဲ့ နိုင်ငံတစ်နိုင်ငံ သာဖြစ်မယ်ဆိုရင်ဒါတွေ မလိုတော့ဘူးလေ။ အဲ့တော့ ကျွန်တော်တို့ကလဲ တစ်ထောင့်တစ်နေရာကနေပြီးတော့ နိုင်ငံ ဝန်ကိုထမ်းချင်ပါတယ်။ အတ္တ ဆန်စွာပြောမယ်ဆိုရင်တော့ ကျွန်တော်တို့ ဘဝလေးတွေ လုပ ဖို့ အတွက် အလုပ်အကိုင် အခွင့် အလမ်းတွေချပေးပြီးတော့ ကျွန်တော်တို့ကို ဦးဆောင်ပြီးလုပ်ခွင့်လေးလေ ပေးစေချင်ပါတယ်။

လိင်မှု့ကိစ္စကတော့ စိတ်ကျေနပ်မှု့ရပါတယ်။ တော်တော်များများ ယောကျားလျှာ အများစုက ကိုယ်ဖီးလ် လာဖို့ထက် ကိုယ့် အမျိုးသမီး ဖီးလ် လာဖို့ကိုပဲ ရွေးကြတာလေ။ သူဖီးလ် လာမှုက ကျွန်တော်တို့ အတွက်ကို စိတ်ကျေနပ်စေတဲ့ အရာ တစ်ခုလို့ ပြောရလိမ့် မယ်ထင်ပါတယ်။ သူက အသံတွေဘာတွေ ထွက်လာတဲ့

အခါ ကျွန်တော်တို့ ကျေနပ်သွားတာမျိုးဖြစ်လာတယ်လေ။ ယောကျ်ားလျှာ တော်တော်များရဲ့ လိင်စိတ်ခံယူမှုက ဒါပါပဲ ။ ကျွန်တော့်တို့ အတွက်ထက် ကျွန်တော်တို့ အမျိုးသမီးတွေရဲ့ စိတ်ကျေနပ်မှုကိုပဲ ဦးစားပေးပါတယ်။ ပထမဆုံး လိင်မှုကိစ္စကလဲ ကျွန်တော့် အမျိုးသမီးနဲ့ပါပဲ ။ အဲ့ အချိန်တုန်းကတော့ ခြေမကိုင်မိ လက်မကိုင်မိပေါ့နော် ။ ဘယ်ကနေ ဘယ်လိုစပြီး ဘယ်လိုလုပ်ရမှန်းလဲ မသိပါဘူး ။နောက်ဆုံးတော့ သဘာဝက သင်ပေးသွားတာ အရ ကျွန်တော်တို့ ဒီလိုပဲ နေလိုက်တာပါပဲ။

ကိုယ်က အမျိုးသမီးတစ်ယောက် ခန္ဓာကိုယ်ဖြစ်တဲ့ အတွက် လစဉ် ဓမ္မတာ လာတာကိုတော့ မနှစ်သက်ဖူး စိတ်ထဲမှာ ကျဉ်းကျပ်တာပေါ့နော်။ ဖြစ်နိုင်ရင် ကျွန်တော်က သားအိမ်တွေ ထုတ်ချင်တာလေ။ တစ်လတစ်ခါ အဲ့ ဒုက္ခကြီးကို မခံချင်ဘူး။ လိင်တော့ မပြောင်းလဲချင်ဘူး ။ ဒါပေမဲ့ ကျွန်တော် ရင်သားခွဲစိတ်ချင်ပါတယ်။ ယောကျ်ားလေးပုံစံ နေချင်တယ် ။ဟော်မုန်းတွေသောက်ချင်တယ်။ ဒီ သားအိမ်တော့ မရှိစေချင်ဖူး ။ ဘာဖြစ်လို့အခုချိန်မှာ မပြောင်းလဲတာလဲလို့မေးရင် အရမ်း အန္တရာယ်များတယ် ။ အဲ့ အန္တရာယ်များတဲ့ အလုပ်ကြီးကို ကျွန်တော် မလုပ်ချင်ဖူး ။ ခုချိန်မှာလဲ ဒီ အတိုင်းနေလို့ အဆင်ပြေတယ်။ ပြောရလို့ရှိရင် လိင်ပြောင်းလဲလိုက်လို့လဲ ကျွန်တော်တို့ကို ယောကျ်ားလေးတစ်ယောက်လို့ ဆက်ဆံမှာလား။ လက်မခံကြပါဘူး ။ လိင်ခွဲစိတ်လိုက်တဲ့ မထက်ကိုတောင်မှ မိန်းမလို့ လက်ခံထားတာမှ မဟုတ်တာ။ မိန်းမလျှာတစ်ယောက် မိန်းမလိုပြောင်းသွားတာပါ ။ဒါဘဲ သူတို့လက်ခံကြတာပါ။ လိင်ပြောင်းလဲတာတက် ကျွန်တော်တို့ ရင်သားတွေခွဲစိတ်ချင်တယ် ။ ဟော်မုန်းဆေးတွေ သုံးစွဲချင်ပါတယ်။ ယောကျ်ားလေးတစ်ယောက်လို့ နေချင်တယ် ။ သားအိမ်ထုတ်ပစ်ချင်တယ် ။ ထုတ်ပစ်ချင်တဲ့ အကြောင်းအရာကလဲ ဓမ္မတာ လာတာကို ကြောက်တာပေါ့ ။ ကျွန်တော်တို့ အတွက် အရမ်း ခက်ခဲပါတယ်။

ပြောင်းလဲလာတာတော့ သိပ်မရှိဖူးလို့မြင်ပါတယ်။ သူတို့ပြောင်းလဲ လာတဲ့ အနေအထားတွေက မိဘတွေက ဟိုးတုန်းကလဲ လက်ခံပေးမထားဖူး ။ အခုလက်ရှိ အနေအထားမှာလဲ လက်ခံပေးမထားပါဘူး ။တော်တော်လေး အားနည်းတယ်။ ဒါကြောင်းသိပ်မထူးခြားဘူးပေါ့နော် တစ်ချက်ပဲ သူတို့ စိတ်ခံစားချက်က အခုချိန်မှာ သူတို့ မှန်တယ် ထင်တာပါပဲ ။ အဲ့ဒီ စိတ်ခံစားမှု့လေးတွေ သူတို့မှာရှိတယ်။ ဟိုးတုန်းက လူတွေက ငါက မိန်းမခန္ဓာကိုယ်ဖြစ်တဲ့ အတွက် ဘောပြားလို့ပြောလိုက်မလား ယောကျ်ားလျှာလို့ပြောလိုက် မလားဆိုပြီးတော့ ကြောက်ရတယ်။ သူတို့မှာ အဲ့စိတ်ခံစားချက် မရှိဖူး ။ ကျန်တဲ့ ဟာတွေကတော့ သိပ်မထူးခြားပါဘူး ။လောလောဆယ် ပြည်မြို့ အနေအထားနဲ့ ပြောရမယ်ဆိုလို့ရှိရင်တော့နည်းနည်းလေး မဆိုသလောက်လေးပေါ့ မြင့်တက်လာပြီလို့

ပြောလို့ရတယ်လို့ထင်ပါတယဒ်ီထက်ပိုပြီးတော့ မြင့်တက်လာအောင် ပိုပြီးတော့ ကွင်းဆင်းပြောပြတာတွေလုပ်သင့်ပါတယ်။ ပြီးတော့ သင်တန်းတွေ များများပေးရမယ်။ နောက်တစ်ခုက သင်တန်းပေးရယ် LGBT မဟုတ်ပဲ နဲ့ ကျွန်တော်တို့ အပြင် က ယောကျာ်းမိန်းမတွေကို ပါဝင်လာအောင် သင်တန်းပေးရပါမယ်။ ကျွန်တော်တို့ကျောင်းတွေမှာလဲ လိုက်ပြီးတော့ ကလေးတွေကို နားလည်အောင်ရှင်းပြ ပြောဆိုတာတွေ လုပ်ရမယ်။ ကလေးတွေစိတ်ထဲမှာ သိလာအောင်ပေ့ါနော်။ အဓိက ပြင်ပလူတွေကို ပိုပြီးတော့လုပ်မယ်ပေ့ါ ။ နောက်တစ်ခုက ပွဲတွေလုပ်ပေးနိုင်ရင် ပိုကောင်းမယ်။ အဲ့ကြတော့ ပိုပြီးတော့လူစိတ်ဝင်စားမယ်ပေ့ါ။ နောက် အဲ့ပွဲတွေမှာ ကျွန်တော်တို့ အဲ့ဒီ ပွဲတွေမှာ ဘာလုပ်မလဲဆိုတော့ သူတို့နားလည်လာအောင် စာရွက်တွေ ဝေမယ် ။ အဲ့လိုလေးတွေပေ့ါနော် ။ ကျွန်တော်လုပ်ခဲ့တဲ့ May 17 ပွဲမှဆိုရင် ကျွန်တော်တို့ LGBT အလံကိုကိုင်ပြီးတော့ ဆိုင်ကယ်နဲ့ ပြည်မြို့ကို ပတ်တယ်။ ပြီးတော့ စုရပ်ထားပြီးတော့ LGBT သီချင်းတွေဖွင့်တယ် ပြီးတော့ sticker တွေကပ်ပေးတယ်ပေ့ါနော်။ ကျွန်တော်တို့ ပြည်မြို့ရဲ ဗိုလ်ချုပ်ကျောက်ရုပ်ရှေ့မှာပေ့ါနော်။ အဲ့မှာက နာမည်ကြီးပေ့ါနော် ။ အောင်မြင်ပါတယ်။

အချို့ရဲတွေဆို သက်သက်ကြီးကို လာတောင်းယူပြီးတော့ ဖတ်ကြည့်ကြတာပေ့ါနော် ။နောက် ပတ်ဝန်းကျင်က လူတွေကလဲ သဘောတကျနဲ့လာယူတယ် ပြီးတော့ အိမ်ရောက်ရင် အေးဆေး ဖတ်ကြည့် မယ်နော် ပေ့ါ ။ နောက်ကျွန်တော်တို့က ညပိုင်းလဲ ဖျော်ဖြည်ရေး ရှိတာကို အဲ့တော့ အဲဒီကိုရော လာလို့ရမလား ဝိုင်းမေးကြတယ်။ ဒါပေမဲ့ သူတို့စိတ်ထဲမှာ လူကိုလူလို့မြင်ဖို့ တော့ ကျွန်တော်တို့ အများကြီး ကြိုးစားရအုံးမှာပါ ။ ကျွန်တော့်တို့တင်မဟုတ်ဘူး လူ့အခွင့်အရေး သမားတွေကော အမျိုးသမီး အခွင့်အရေး သမားတွေကော လူကိုလူလို့မြင်ဖို့ ကြိုးစားရအုံးတယ်ထင်ပါတယ်။ ကျွန်တော်က ပြည်မှာဆိုရင်တော့ အဖွဲ့ အစည်းတော်တော်များများနဲ့ တွဲပြီးတော့ လုပ်ဆောင်နေပါတယ်။ Womem Network ကဆိုရင် ခုနကတင် အမျိုးသမီးတစ်ယောက်လာတယ်။ သူတို့က ပြီးခဲ့တဲ့ နှစ်ကဆိုရင် ဒီဇင်ဘာမှာ ပူးပေါင်းဆောင်ရွက်တာတွေရှိပါတယ်။ ပြဇာတ်တွေတူတူကတယ်။ နောက် ခေတ္တရာ စွယ်တော်ဦး အဖွဲ့ စတဲ့ အဖွဲ့တွေနဲ့တော့ အကုန်ပူးပေါင်းဆောင်ရွက်ပါတယ်။ မှတ်မှတ်ရရ ဖြစ်ခဲ့တာဆိုရင် အခုနှစ်ထဲမှာ ကျွန်တော်ကျေနပ်တဲ့ ဟာတစ်ခုတော့ရှိပါတယ်။ ကျွန်တော်တို့ ပြည်မှာက NGO တွေ အရမ်းအားကောင်းတယ် လုပ်ဆောင်ချက်တွေလဲ အရမ်းကောင်းတယ်။ အဲ့ မှာ ဘာရှိလဲ ဆိုတော့ အရမ်းအားကောင်းတော့ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ များသောအားဖြင့် အမြင်မတူတာလေးတွေ အထင်လွဲမှားတာလေးတွေရှိတယ်။ အဲ့တော့ အဲ့ အမြင်တူတာ အထင်လွဲ မှားတာလေးတွေကိုပြီးခဲ့တဲ့ လက ကျွန်တော်တို့ ရှိသမျှ NGO

တွေကို အစည်းအဝေးခေါ်လိုက်တယ်။ ဒူးတိုက်ဆွေးနွေးပွဲတွေလုပ်လိုက်ကြတယ်ပေါ့ ။ အောင်မြင်တယ် အခက်အခဲလေးတွေဖြေရှင်းလိုက်နိုင်တယ်။ နောက်လဲ ကိုငြိမ်းဦးဆောင်ပြီး လုပ်ပေးပါပြောတယ်။

---

## ၂၂။ ရွှေရွှေ (၃၈) ရန်ကုန်မြို့



ကျွန်တော့်အမည်ကတော့ ရွှေရွှေပါ။ အသက်ကတော့ ၃၈ နှစ်ရှိပါပြီ။ ကျွန်တော်ကတော့ ကိုယ့်ကိုကိုယ်ဂေးလ်တစ်ယောက်လို့ပဲ ခံယူထားပါတယ်။ ကျွန်တော်က သာမန်အချိန်တွေမှာဆိုရင်တော့ ယောကျ်ားလေးတစ်ယောက်လိုနေထိုင်ပြီးတော့ ကပွဲမှာကတဲ့အချိန်တွေဆိုရင် မိန်းမတစ်ယောက်လို မိနစ်၂၀လောက် ဝတ်ပြီးကတတ်ပါတယ်။ ကျွန်တော်ကိုယ့်ကိုကိုယ်ဂေးလ်တစ်ယောက်လို့ စသိခဲ့တာကတော့ ၁၃ နှစ်အရွယ်လောက်ကပါ။ ငယ်ငယ်က ကျောင်းသွားရင် သနပ်ခါးအမြဲလိမ်းတယ်။ ကျောင်းမှာက သနပ်ခါးလိမ်းရင် အခြောက်လို့ပြောပေမဲ့ ကိုယ်ကလဲ လိမ်းတယ်။ အဲ့ဒီထဲက သနပ်ခါးအမြဲလိမ်းဖြစ်တယ်။ အဲ့လိုနဲ့ပဲ ကိုယ့်ကိုကိုယ်အခြောက်ဆိုတာကို သိနေခဲ့တာပါ။ မိသားစုမှာက အဆင်ပြေပါတယ်။ ကျွန်တော်တို့အိမ်က မိသားစုများပါတယ်။ ကျွန်တော်ကအလတ်ပါ။ ကျောင်းမှာက ကျွန်တော်တို့သူငယ်ချင်းသုံးယောက်ရှိပါတယ်။ ဆရာတွေက စာသင်ခန်းထဲမှာ မုန်းတဲ့ဆရာ/ဆရာမတွေလဲ ရှိပါတယ်။ မုန်းတဲ့ဆရာမတွေသင်တဲ့အချိန်ဆို ကျောင်းမတတ်ဘူး။ အဲ့ဒီအချိန်တွေဆို ကျောင်းထဲမှာ လျှောက်ပတ်သွားနေတယ်။ ချစ်တဲ့ဆရာမတွေအချိန်ဆိုရင် စာသင်တယ်။ သူငယ်ချင်းတွေနဲ့ ဆက်ဆံရေးကျတော့ မိန်းကလေးတွေနဲ့ ပေါင်းသင်းရတာက အဆင်ပြေပါတယ်။ ယောကျ်ားလေးတွေကကျတော့ ကျွန်တော်တို့ကိုအခြောက်ဆိုပြီး မပေါင် းပါဘူး။ ကျွန်တော်က ကိုးတန်းနှစ်မှာ စာမေးပွဲကျပါတယ်။ ကျွန်တော်တို့မြို့မှာ မိုးကြိုးငှက်ငယ်အဖွဲ့မှာ ကတဲ့အခြောက်ကြီးတွေရှိပါတယ်။ သူတို့မိတ်ကပ်ပြင်ဆိုင်တွေရှေ့ကို ဖြတ်သွားရင် ကျွန်တော်တို့ကို လှမ်းစပါတယ်။ အဲ့ဒီအချိန်တုန်းကတော့ ကိုယ်ကလဲ

သိပ်မခြောက်သေးတော့ အဲ့ဒီလိုလှမ်းခေါ်ရင် အမြင်ကပ်တယ်။ နောက်ပိုင်းရောက်တော့ ဘယ်လိုဖြစ်လာလဲ မသိဘူး။ အဲ့ဒီဆိုင်ကိုသွားချင်လာတယ်။ အိမ်ကမသိအောင် ခိုးပြီးသွားတယ်။ ကျွန်တော်တို့ဘက်မှာ နတ်ကတော်ကြီးတွေရှိပါတယ်။ သူတို့လုပ်တဲ့ နတ်ပွဲတစ်ခုမှာ သွားကြည့်ရင်းနဲ့ မိန်းကလေးလိုဝတ်ပြီး ကပါတယ်။ အဲ့ဒီရွာမှာက အမျိုးတွေရှိနေမှန်း ကျွန်တော်က မသိခဲ့ဘူး။ အမျိုးတွေကနေ မင်းသားက ဒီမှာနတ်ကနေတယ် မင်းမရှက်ဘူးလား ငါတို့အမျိုးထဲမှာ ဒါမျိုးမရှိဘူးဆိုပြီး အဖေ့ကိုတိုင်ပါတယ်။ အရင်ကဆိုရင်တော့ အဖေက သနပ်ခါးလိမ်းလဲ ဘာမှမပြောပါဘူး။ မိသားစုများတော့ ကိုယ့်လဲဂရုမစိုက်နိုင်ဘူးလေ။ အဖေကနေပြီးတော့ ကျွန်တော်အိမ်ပြန်လာချိန်ကို တံပိုးနဲ့စောင့်ပြီး ရိုက်ပါတယ်။ ကျွန်တော်ကလဲ ရိုက်တဲ့ဒဏ်ကိုမခံနိုင်တော့ ထွက်ပြေးပြီး ကျွန်တော်တို့မြို့က အခြောက်ကြီးဆိုင်မှာ သွားနေပါတယ်။ အဲ့ဒီမှာနေရင်းနဲ့ ကိုးတန်းစာမေးပွဲအောင်ပါတယ်။ အဲ့ဒီကနေပြီးတော့ ဆယ်တန်းတတ်ပါတယ်။ ဆယ်တန်းတတ်နေပေမဲ့လဲ စာထဲမှာ စိတ်မဝင်စားပါဘူး။ ရန်ကုန်ကရောက်လာတဲ့ အခြောက်ကြီးက ကျွန်တော့်ကို ရန်ကုန်လိုက်ခဲ့ပါလားခေါ်တော့ ကျွန်တော်လဲ အိမ်မပြန်ချင်လို့ လိုက်ခဲ့ရင်းနဲ့ ရန်ကုန်ရောက်လာပါတယ်။

ကျွန်တော်က ယောက်ျားလေးလိုဝတ်ရတာ ကြိုက်ပါတယ်။ များသောအားဖြင့်အဲ့လိုပဲ နေဖြစ်တယ်။ မိန်းမလိုဝတ်ရတာကိုတော့ တစ်ခါတစ်လေ ကြိုက်ပါတယ်။ ကျွန်တော်နေတဲ့အိမ်က အခြောက်မကြီးက မိုးကြိုးငှက်ငယ်အဖွဲ့မှာကတာ နာမည်ကြီးပါတယ်။ သူက ငါ့သမီးလဲဝင်ကဆိုတော့ ကဖြစ်တာပေါ့။ ဒါပေမဲ့ ကျွန်တော်က မိန်းကလေးအဝတ်အစား ဘော်လီတွေ အောက်ခံတွေဝတ်ရတာကို ၁၅ မိနစ်လောက်ပဲ ဝတ်ချင်တယ်။ အဲ့ထက်ကြာသွားရင် စိတ်ကျဉ်းကျပ်တယ်။ မနည်းသည်းခံပြီး ချွတ်ပစ်ချင်စိတ်ကို ထိမ်းထားရတယ်။ ကိုယ့်ရဲ့စိတ်ကတော့ဂေးလ်ပဲ။ မိန်းမလိုဝတ်တာကို သိပ်မကြိုက်တာပါ။ ရန်ကုန်ရောက်လာတော့ သမိုင်းလမ်းဆုံနားမှာနေပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်ကို အိမ်မက်တွေနဲ့လိုက်လာတာပေါ့။ ရန်ကုန်ရောက်ရင် ဖြူတီပါလာမှာနေပြီး ပညာသင်မယ်ဆိုပြီး စိတ်ကူးယဉ်ခဲ့တယ်။ သူကတော့ အလုပ်ရှာပေးမယ်ပြောပြီး သူ့အိမ်ကအလုပ်တွေခိုင်းပါတယ်။ သူတို့အိမ်က ကားဝပ်ရှော့ လုပ်တယ်။ ကျွန်တော်နဲ့သူက ထမင်းချက်ကျွေးရပါတယ်။ သူတို့အဝတ်တွေလဲ လျှော်ပေးရပါတယ်။ အဲ့ဒီမှာ အိမ်ဖော်တစ်ယောက်လို နေရပါတယ်။ ညဘက်ဆိုရင်တော့ ထွက်လည်ခိုင်းပါတယ်။ ကျွန်တော်က မနက်ပိုင်းဆိုရင် ဆွမ်းလောင်းရပါတယ်။ အဲ့ဒီအချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော့်အကိုနဲ့သွားတွေ့ပါတယ်။ ကျွန်တော့်အကိုကလဲ

အိမ်နဲ့စိတ်ဆိုးပြီးတော့ ရန်ကုန်ရောက်လာပြီးတော့ ဦးဇင်းဝတ်နေတာပါ။ အဲ့ဒါနဲ့ အကို့ဆီမှာ နေချင်ကြောင်းပြောတော့ လက်မခံပါဘူး။ သူတို့ဆီမှာက ဧည့်သည်ကို တစ်ပတ်ပဲ လက်ခံတယ်လို့ပြောပါတယ်။ ကိုယ်ကလဲ အိမ်နဲ့လွတ်ပြီး ရန်ကုန်မှာ သူတို့ဆင်တဲ့အတိုင်း အဝတ်အစားတွေကအစ ပြောင်းပြီး အခြောက်ပုံပေါက်နေတော့ အကိုက လက်မခံတာ မဆန်းပါဘူး။ အဲ့ဒီအိမ်မှာပဲ ကျွန်တော်ပြန်နေရပါတယ်။ အဲ့ဒီအိမ်မှာ နောက်ထပ်အခြောက်တစ်ယောက်ရောက်လာပြီး နင်ဒီမှာနေတာ အိမ်ဖော်လိုပဲ နေရတယ်။ ငါ့ဆိုင်လိုက်ပြီး ဆံပင်ညှပ်သင်ရင်းနေဆိုတော့ အဲ့ဒီဆိုင်ရောက်သွားပြန်ရော။ ဒါပေမဲ့လဲ အဲ့ဒီဆိုင်ရောက်သွားတော့လဲ မသင်ရပါဘူး။ ဟီးလား ဟားလားနဲ့ ကောင်လေးတွေနဲ့ပဲ ပျော်နေရတယ်။ ကျွန်တော်က အဲ့ဒီအချိန်တုန်းထဲက ကောင်လေးတွေနဲ့ ပျော်ပေမဲ့ ပတ်သတ်ဆက်ဆံရတာတော့ သဘောမကျပါဘူး။ အခြောက်တာဖြစ်နေတာ လှချင်တာနဲ့ ကိုယ့်ဘဝရှေ့ရေးအတွက်ပဲ တွေးနေတာ။ အဲ့ဒီအခြောက်ကြီးဆီမှာနေရင်းနဲ့ သူ့ဆိုင်ပြုတ်ပြီး ဆိုင်ရောင်းလိုက်ရတော့ ကျွန်တော့်မှာ သွားစရာနေရာမရှိတော့ဘူး။ အဲ့အချိန်မှာ နယ်မှာ ကျွန်တော်နေခဲ့တဲ့အခြောက်ကြီးက ရန်ကုန်ရောက်လာတော့ သူနဲ့နယ်ပြန်လိုက်သွားပါတယ်။ အဲ့ဒီအခြောက်ကြီးဆီကျတော့လဲ မနေချင်တော့ဘူး။ သူ့အိမ်မှာ တစ်လလောက်လုပ်ပြီးရတဲ့ပိုက်ဆံနဲ့ ရန်ကုန်ကို ပြန်တတ်လာပါတယ်။

ပြီးတော့ ဘုန်းကြီးကျောင်းမှာ သွားတည်းတော့ တစ်ပတ်တော့ နေခိုင်းပါတယ်။ အဲ့ဒီအချိန်လေးမှာ အလုပ်တွေထွက်ရှာပါတယ်။ လှည်းတန်းက ထမင်းဆိုင်မှာ အလုပ်ရပါတယ်။ ထမင်းဆိုင်မှာတော့ ယောကျ်ားကြီးလို နေရတာပေါ့။ ရေစည်လှည်းကြီးတွေ တွန်းရတယ်။ ဦးမိုးဆိုတဲ့ အခြောက်ကြီးက အမြဲစပါတယ်။ ကျွန်တော်ကလဲ အခြောက်ဖြစ်နေရင် အလုပ်မရမှာဆိုးလို့ ယောကျ်ားတစ်ယောက်လိုပဲ နေပါတယ်။ သူကထမင်းလာစားတော့ ကျွန်တော်က မသိချင်ယောင်ဆောင်ပြီး မာမာထန်ထန်ပြောပါတယ်။ သူကအပြန်မှာ မင်းထမင်းဆိုင်မှာနေရင်ကတော့ မင်းဘဝတိုးတတ်မှာ မဟုတ်ဘူး။ ငါ့ဆိုင်က လူလိုနေတယ်။ ငါ့ဆိုင်မှာ လာလုပ်ရင်း ဆံပင်ညှပ်ပညာလာသင်ပါလားလို့ ပြောပါတယ်။ ကျွန်တော်လဲ ပျော်ပြီး အဲ့ဒီဆိုင်ကို လိုက်နေပါတယ်။ အဲ့ဒီဆိုင်မှာလဲ ဆံပင်ညှပ်ဆိုင်မှာကလဲ မသင်ရပါဘူး။ သူကလဲ သိပ်အဆင်မပြေဘူး။ သူကအခြောက်တွေကို ချစ်လို့သာကိုယ့်ကိုခေါ်လာတာ။ အဲ့ဆိုင်ရောက်လာတော့ အပေါင်အနှံလုပ်တာပဲ တတ်လာတယ်။ စားစရာမရှိရင် ဆိုင်ကပုဆိုးကို အကြွေးယူပြီး အပေါင်ဆိုင်မှာ သွားပေါင်ပြီးထမင်းစားရတယ်။ အဲ့လိုအဆင်မပြေမှုတွေ ဖြတ်သန်းရင်းနဲ့ ကိုကျော်ဆိုတဲ့အခြောက်တစ်ယောက်နဲ့ခင်ပြီး စမ်းချောင်းလိုက်လည်တယ်။ သူပြောတဲ့အလုပ်တစ်ခုကို ဝင်လျှောက်ရင်းနဲ့ သူငယ်ချင်းတွေရခဲ့ပါတယ်။ အဲ့ဒီမှာ

ခင်တဲ့သူငယ်ချင်း မိုးအောင်အိမ်မှာ လိုက်နေဖြစ်တယ်။ အလုပ်ကရမယ် မရဘူးဆိုတာတော့ မသေချာဘူးပေ့ါ။ အလုပ်ကလျှောက်တဲ့သူက ၁၀၀ ကျော်ပြီး ရွေးမှာက ၃ ယောက်ပဲရွေးတယ်။ အဲ့ဒီမှာ နိုင်ငံခြားသူက အလုပ်လုပ်နေတာကို ကျွန်တော်က ကူလုပ်ပေးတယ်။ ကျွန်တော်က စာမတတ်ပေမဲ့ လူကဲတော့ခတ်တတ်တယ်။ အဲ့ဒီနိုင်ငံခြားသူက သဘောကျပြီးတော့ အလုပ်ခေါ်တော့ ကျွန်တော်အလုပ်ရပြီး ကျွန်တော်က ခေါင်းဆောင်ဖြစ်ခဲ့တယ်။ တကယ်ဆိုရင်တော့ မိုးအောင်တို့ အောင်ကျော်မိုးတို့က ပညာတတ်တယ်။ ကျွန်တော်က ပညာမတတ်ဘူး။ အဲ့ဒီအလုပ်က သူတို့သင်ပေးတဲ့ပညာတွေနဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ အခြောက်တွေကို အင်တာဗျူးလုပ်ရတယ်။ ကျွန်တော်ကလဲ ဘယ်ဟာကတော့ လုပ်သင့်တယ်။ ဘယ်ဟာကတော့ မလုပ်သင့်ဘူးဆိုတာကို သိနေပါပြီ။ အရင်ကဆို လူ့အခွင့်အရေးတွေ ဘာတွေ မသိခဲ့ဘူး။ အဲ့ဒီအလုပ်က သုံးလလောက်ပဲ လုပ်ရပါတယ်။ ပြန်လာတော့ မိုးအောင်ဆီမှာနေပါတယ်။ စမ်းချောင်းမှာ သော်သော်မြင့်မိုရ်ဆိုတဲ့ဟာကြီးဆီမှာ သွားလည်ဖြစ်တယ်။ သူက နင်တို့ အဲ့ဒီမှာ အလုပ်ပါးနေရင် ငါ့ဆီမှာ ဆံပင်ညှပ်သင်ပါလားဆိုတော့ ကျွန်တော်က စိတ်မဝင်စားတော့ဘူး ရုံးအလုပ်ပဲ လုပ်ချင်နေပြီ။ အဲ့ဒီဆိုင်မှာ သွားထိုင်ရင်းနဲ့ပဲ ဆံပင်ညှပ်ပညာကို ကျွန်တော်က တတ်မြောက်ခဲ့တယ်။ အဲ့ဒါနဲ့ပဲ သူ့ဆီမှာ အလုပ်လုပ်ဖြစ်ခဲ့တယ်။ ကျွန်တော်က ပေါင်းသင်းဆက်ဆံရေးကောင်းတော့ ဆရာက သွားလေရာခေါ်ပါတယ်။ ဆရာက ကျွန်တော့်ကို ဆံပင်ညှပ်သင်တန်းတစ်ခုကို တတ်ခိုင်းပါတယ်။ အဲ့ဒီသင်တန်းတတ်ရင်းနဲ့ ကျွန်တော်ချစ်ရတဲ့သူတစ်ယောက် ပေါ်လာပါတယ်။ သူကစစ်ဗိုလ်ပါ။ သူနဲ့စတွေ့တာကတော့ သူတို့ကအခြောက်ဆိုပြီးလိုက်ကြတာပေ့ါ။ သူကတော့ မပါဘူး။ ကျွန်တော်က လ္ဘက်ရည်ဆိုင်ထိုင်နေတာ။ သူကစကားလာပြောရင်းနဲ့ ခင်သွားတာ။ သူ့ကိုနောက်ထပ်တွေ့ချင်တော့ အဲ့ဆီကို ထပ်သွားတွေ့တယ်။ နောက်တော့ သူနဲ့ချစ်သူတွေလိုဖြစ်ပြီးတော့ တစ်လကျော်တော့ သူနဲ့ sex ဖြစ်ခဲ့ပါတယ်။ သူကကျွန်တော့်ထက်တော့ ကြီးပါတယ်။ ကျွန်တော့်ချစ်သူကောင်လေးကလဲ သူ့စစ်တပ်ကပြောင်းရတော့ ချစ်ပြီးတော့ ဝေးခဲ့ရပါတယ်။ အဆက်အသွယ်လဲ မရဘူး။ ဖုန်းတွေလဲ မပေါ်သေးဘူး။ သူကလဲ နယ်တွေပြောင်းနေရတော့ နောင်ပိုင်းကျတော့ လုံးဝအဆက်အသွယ်မရတော့ပါဘူး ခုချိန်ထိပါဘဲ။ ကျွန်တော်နဲ့ကြိုက်နေတဲ့ အမကြီးက ဆိုင်ဖွင့်ပေးပါတယ်။ ကျွန်တော့်တပည့်တွေနဲ့အတူဆိုင်ကို ဖွင့်ပါတယ်။ ဆိုင်ဖွင့်ထားပေမဲ့လဲ ကျွန်တော်က မထိမ်းသိမ်းဘူး။ တပည့်တွေနဲ့ ဟီးလား ဟားလားလုပ်ပြီး လျှောက်သွားနေတာ။ကျွန်တော်လဲ အဆင်မပြေဖြစ်ပြီးတော့ ဆိုင်ပြုတ်သွားပါတယ်။ ဆိုင်ပြုတ်သွားပြီး ပေတေနေခဲ့တယ်။ ငါအညာလဲ မပြန်ချင်ဘူး ဒီလိုကြီးဆိုလဲ မဖြစ်သေးဘူးဆိုပြီး

စဉ်းစားပါတယ်။ အလုပ်အတူလုပ်ခဲ့တဲ့ သူငယ်ချင်းတွေ မိုးအောင်တို့ အောင်ကျော်မိုးတို့နဲ့ကလဲ အဆက်အသွယ်က မရဘူး။ သူငယ်ချင်းတွေက ဆံပင်ပြန်ညှပ်ပါလားဆိုပြီး ပြောတော့ ပစ္စည်းလေးတွေဝယ်ပြီး တစ်အိမ်တက်ဆင်း ဆံပင်လိုက်ညှပ်ပြီး ပိုက်ဆံစုပါတယ်။ ပိုက်ဆံစုပြီး ဆိုင်လေးပြန်ဖွင့်ပါတယ်။

ကျွန်တော်က ကိုယ်ထိလက်ရောက်တော့ မကြုံဖူးပါဘူး။ ပါးစပ်နဲ့စော်ကားတာမျိုးတော့ ကြုံဖူးပါတယ်။ သူငယ်ချင်းတွေနဲ့သွားတဲ့အချိန်မှာ ကိုယ့်ကိုကိုယ်မထိမ်းတဲ့အခါ ပတ်ဝန်းကျင်က ဝေဖန်တာတွေကြုံရပါတယ်။ ဘာကြောင့်စတာလဲဆိုရင်တော့ အမှတ်အတိုင်းပြောရရင်တော့ ကျွန်တော်တို့အနေအထိုင်မတတ်တာလဲ ပါတယ်။ ကျွန်တော်တို့သည် အခြောက်ပဲဖြစ်ဖြစ် မိန်းမပဲဖြစ်ဖြစ် ယောကျ်ားပဲဖြစ်ဖြစ် အိန္ဒြေနဲ့သွားရင် ဘယ်သူမှ မစော်ကားပါဘူး။ ဒါပေမဲ့ကျွန်တော်တို့က သူငယ်ချင်းတွေနဲ့တွေ့ရင် ပတ်ဝန်းကျင်ကိုမေ့ပြီး ပျော်သွားကြပါတယ်။ သူတို့ကိုစော်ကားတာတော့ မဟုတ်ဘူး။ ကျွန်တော်တို့က ယောကျ်ားပုံကြီးတွေနဲ့ အော်ဟစ်နေတော့ ပတ်ဝန်းကျင်က အမြင်ကပ်ပါတယ်။ အိမ်က မိသားစုက ကျွန်တော့်ကိုဂေးလ်ဆိုတာကို သိတယ်။ အိမ်ကိုပြန်တဲ့အခါကျတော့ ကျွန်တော်က ထိမ်းထိမ်းသိမ်းသိမ်း နေပါတယ်။ လှချင်စိတ်တွေ ဘာတွေကို အိမ်ပြန်တဲ့အခါမှာ ချုပ်တီးထားပါတယ်။ ကျွန်တော့်ကြောင့် ကျွန်တော့်မိသားစုကို ပတ်ဝန်းကျင်က အထင်သေးမခံရအောင် ထိမ်းထိမ်းသိမ်းသိမ်းနေပါတယ်။ ကိုယ့်အောက်မှာက ညီမလေးတွေလဲရှိတော့ နင်တို့အကိုကအခြောက်ကြီးဆိုပြီး အပြောမခံရအောင် အတတ်နိုင်ဆုံး ယောကျာ်းဆန်အောင် နေပါတယ်။ မမေ့နိုင်တဲ့အဖြစ်အပျက်တွေကတော့ အများကြီးပါ။ ကျွန်တော်ရန်ကုန်ရောက်လာတော့ အဲ့ဒီအခြောက်မကြီးနဲ့နေရင်း သူကအလုပ်ရှာပေးမယ်ပြောတာပေ့ါနော်။ ဦးကြည်ဆိုတဲ့အခြောက်မကြီးတစ်ယောက်နဲ့ မိတ်ဆက်ပေးပါတယ်။ နောက်ရက် ဦးကြည်ကခေါ်တော့ သွားတာပေ့ါနော်။ သူရှိတဲ့တိုက်ခန်းက လေးလွှာမှာပါ။ ကျွန်တော်တို့လဲ တတ်သွားပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် အဲ့ဒီနေ့မှာ သူက ရက်ရက်စက်စက်ကို သတ်ခံရပါတယ်။ တိုက်ခန်းပေါ်တတ်သွားတော့ နောက်ကနေ ရဲတွေပေါ်လာပြီး ကျွန်တော်တို့ကို ဂုတ်ကနေဆွဲပြီး ရဲစခန်းခေါ်သွားပါတယ်။ မှတ်မှတ်ရရတော့ ရိုက်ခံရသေးတယ်။ ကျွန်တော်တို့ကို ရဲစခန်းမှာ စစ်တာပေ့ါနော်။ ရဲစခန်းထဲမှာ မီးတွေရဲနေတဲ့အခန်းထဲမှာ သေသွားတဲ့ဦးကြည်ရဲ့ အဝတ်အစားတွေနဲ့ စစ်ဆေးပါတယ်။ ကျွန်တော်က ဘာမှမသိပါဘူး။ အဲ့တော့ကျွန်တော့်ကို သိပ်မစစ်ပဲ သူငယ်ချင်းကိုတော့ စစ်ပါတယ်။ နောက်တော့လဲ ကျွန်တော်တို့မှာ အပြစ်မရှိလို့ ခံဝန်နဲ့ပြန်လွှတ်ပေးပါတယ်။ နောက်မှသိရတာက ဦးကြည်က သူငယ်ခေါ်စားရင်နဲ့

သူငယ်ကဆေးကြောင်ပြီး သတ်သွားတာလို့ သိရပါတယ်။ အဲ့ဒီတုန်းက ကျွန်တော်က အညာကနေရန်ကုန်ရောက်လာခါစဆိုတော့ ဘယ်တော့မှမေ့လို့မရတဲ့ အဖြစ်အပျက်ပါပဲ။ ကျွန်တော်ကတော့ မာနကြီးတာလဲ မဟုတ်ဘူး။ ကိုယ့်ရုပ်ကလဲ မလှတော့ တော်တော်တန်တန်ကောင်လေးတွေက ကျွန်တော့်ကို စိတ်မဝင်စားပါဘူး။ ကျွန်တော်က ကြိုက်နေရင်တောင်မှ ဖာသိဖာသာပဲနေတာပါ။ အခြောက်ကြီး သတ်ခံရတာကလဲ sex ဖြစ်ရင်းနဲ့ သတ်ခံရတာဆိုတော့ ကျွန်တော်ကလဲ တစ်ယောက်ထဲနေတော့ အသတ်ခံရမှာတော့ စိုးရိမ်တာပေါ့နော်။ အဲ့လိုအရာတွေကိုကြောက်လို့ ကျွန်တော်တွဲခဲ့တဲ့ စစ်ဗိုလ်နဲ့ကလွဲရင် နောက်ပိုင်းယောကျာ်းလေးတွေနဲ့ အတတ်နိုင်ဆုံး ကင်းကင်းရှင်းရှင်း နေပါတယ်။ အချစ်တွေလဲ မရှိတော့ဘူး။ ကျွန်တော်က ယောကျာ်းအစစ်တွေကို မကြိုက်ဘူး။ ယောကျာ်းအစစ်တွေဆိုရင် ကျွန်တော်တို့ကို သတ်သွားနိုင်တယ်လေ။ များသောအားဖြင့် ဂေးလ်တွေက ပိုက်ဆံရှာနိုင်ကြတယ်။ ပိုက်ဆံမရှိတဲ့ကောင်လေးကို ခေါ်စားရင် ပိုက်ဆံကြောင့် တစ်ခုခုဖြစ်နိုင်တယ်ဆိုတဲ့ဟာကိုပဲ တွေးမိပြီး ဘာမှမလုပ်ဖြစ်ပါဘူး။ ပိုက်ဆံနဲ့ အခြောက်နဲ့က သိပ်ပြီး သဟဇာတမဖြစ်ဘူးလို့ ထင်ပါတယ်။

ကျွန်တော့်မှာ ခင်တဲ့မိတ်ဆွေများတော့ နတ်ကတော်အပေါင်းအသင်းတွေလဲ ရှိပါတယ်။ ငယ်ငယ်ကတော့ နတ်ကတော်တွေ ခင်ပါတယ်။ ခုချိန်မှာလဲ ခင်တဲ့နတ်ကတော်တွေရှိပေမဲ့ သိပ်တော့ အသွားအလာမရှိပါဘူး။ ငယ်ငယ်ကတော့ နတ်ကခဲ့ဖူးပေမဲ့ ခုချိန်မှာတော့ ကိုယ်ကဘာဖြစ်ချင်တယ်ဆိုတာကို သိနေပါပြီ။ နတ်လောကကို စော်ကားတာတော့ မဟုတ်ပါဘူး ကျွန်တော်နတ်ကတော် မဖြစ်ချင်ပါဘူး။ အပေါင်းအသင်းတွေခင်ပေမဲ့ ထဲထဲဝင်ဝင် ပေါင်းတာကတော့ နှစ်ယောက်သုံးယောက်လောက်ပဲ ရှိပါတယ်။ ကျန်တဲ့သူတွေကိုတော့ လမ်းတွေ့ပြုံးပြနှုတ်ဆက်ရုံပါပဲ။ ကိုယ့်အကြောင်းတွေကို ပြောမပြဖြစ်ပါဘူး။ပတ်ဝန်းကျင်ကတော့ နတ်ကတော်တွေဆိုတာ လိမ်စားကြတယ်လို့တော့ ပြောကြတာပေါ့နော်။ လိမ်စားတယ် ညာစားတယ်ဆိုပေမဲ့ ဒါက သူတို့ရဲ့စီးပွားရေးလေ။ ကျွန်တော်က နတ်ကတော်တွေနဲ့ သိပ်ပြီးမပေါင်းဖြစ်ပေမဲ့ နတ်ကတော်တွေကို ချစ်ပါတယ်။ ဘာလို့ချစ်တာလဲဆိုရင် သူတို့တွေဟာလဲ ကျွန်တော်တို့နဲ့ အသိုင်းအဝိုင်းအတူတူပါပဲ။ သူတို့ကို အဲ့ဒီလိုပြောရင်တော့ ကျွန်တော်မကြိုက်ပါဘူး။ ပတ်ဝန်းကျင်က ပြောသလိုမျိုး လိမ်စားညာစားတယ်ဆိုရင် တာရှည်မခံဘူးလေ။ သူတို့တွေသည် လိမ်စားတာ မဟုတ်တဲ့အတွက် အောင်မြင်နေတာပါ။ နတ်ကတော်ဆိုတာ ဟိုးအရင်ထဲက ရှိလာတာပါ။ သူတို့ရဲ့အကဲခတ်နိုင်စွမ်းနဲ့ ဉာဏ်ရည်ကိုပေါင်းပြီး ဟောလိုက်တော့ မှန်နေတာက သူတို့ရဲ့ အားသာချက်ပါ။ ကျွန်တော်ကိုယ်တိုင်လဲ

ဂေးလ်ဖြစ်နေတဲ့အတွက် သူတို့ရဲ့ပွဲတွေရှိရင် သွားချင်တယ်။ နတ်ကတော် မလုပ်ချင်တာပဲ ရှိပါတယ်။

အခုလက်ရှိအချစ်ရေးကတော့ ကျွန်တော့်မှာ မရှိပါဘူး။ ကျွန်တော်က နယ်ကနေတတ်လာတဲ့သူလဲ ဖြစ်တယ်။ ဆင်းရဲတဲ့သူတစ်ယောက်လဲ ဖြစ်ပါတယ်။ ကိုယ့်အားကိုယ်ကိုးပြီး ကြိုးစားနေတဲ့အချိန်ဆိုတော့ အချစ်ရေးကို ခေါင်းထဲမထည့်ဖြစ်ပါဘူး။ အချစ်ကြောင့် ဘဝပျက်သွားတာတွေတွေ့ပြီး ချစ်ရမှာကြောက်လာတယ်။ အဲ့လိုပြောလို့ မချစ်တတ်တာမဟုတ်ဘူး ကျွန်တော်လဲ ချစ်တတ်ပါတယ်။ အချစ်ကို ရှုံးသွမ်မယ်ဆိုရင် ကိုယ့်ကိုကိုယ်ပြန်စဉ်းစားပါတယ်။ ကိုယ့်ကိုကိုယ်ရပ်တည်နိုင်ပေမဲ့ အခြေတော့မခိုင်သေးပါဘူး။ ကျွန်တော်ရပ်တည်နေတာက အောင်မြင်မှုလမ်းကြောင်းပေါ်ကို စတတ်ခါစပါ။ အချစ်ရေးကို ဦးစားပေးရင် ကျွန်တော့်ဘဝက ပြုတ်ကျသွားနိုင်တယ်လို့ ခံစားမိတယ်။ ပြုတ်ကျသွားရင်ရော ခံနိုင်ရည်ရှိပ့ါမလားဆိုပြီး တွေးမိပါတယ်။ ကျွန်တော်လဲ အချစ်နဲ့တော့ နေချင်တာပေ့ါနော်။ ကိုယ်ကရှေ့ကသွားလို့ ကိုယ့်အချစ်က နောက်ကလိုက်နိုင်ပ့ါမလားဆိုပြီး အဲ့လိုလဲ တွေးမိပါတယ်။ ခုခေတ်က လိင်မှုကိစ္စနဲ့ပတ်သတ်ပြီး တော်တော်လေးကို အရှုပ်အရှင်းတွေများတယ်။ အချစ်ကလဲ ဘဝမှာတော့ မရှိမဖြစ်ပါပဲ။ ခုချိန်ထိတော့ အချစ်ကိုစောင့်နေတုန်းပါပဲ။ လိင်တူချစ်သူ အဖွဲ့အစည်းတွေနဲ့ ကူညီလုပ်ဆောင်ပေးဖြစ်တယ်ဆိုတာကလဲ ကျွန်တော့်သူငယ်ချင်း မိုးအောင်ကြောင့် ကျွန်တော်က မိတ်ကပ်ဆံပင်အသိုင်းအဝိုင်းထက် အဲ့ဒီလိုအဖွဲ့အစည်းတွေနဲ့ ပိုပြီးနီးစပ်ပါတယ်။ ကျွန်တော့်သူငယ်ချင်းက ပွဲရှိတယ်လိုက်ခဲ့ဆိုရင် လိုက်သွားပါတယ်။ သူတို့လိုအပ်တဲ့အကူအညီတွေကို တတ်နိုင်သလောက်ပေးပါတယ်။နောက်ကလေးတွေက ကိုယ့်ထက်ပိုတတ်ပါတယ်။ ကိုယ်ကပြောမယ်ဆိုရင် သူတို့ကသိနေပြီ။ ပြောချင်တာကတော့ ခုခေတ်မှာ ရောဂါတွေက ပေါ်လာပါပြီ။ ကျွန်တော်တို့ခေတ်က ယောကျ်ားချင်းလိင်ဆက်ဆံဖော်ဆိုတာ ရှားပါတယ်။ တော်ရုံတန်ရုံမလုပ်ရဲပါဘူး။ ခုခေတ်ကလေးတွေကြတော့ လိင်ဆက်ဆံဖို့က လွယ်ကူနေပြီ။ သူတို့က ချစ်တာမချစ်တာ နောက်ထား လိင်ဆက်ဆံဖို့ကို အရင်ဒိတ်ကြတာလေ။ ကျွန်တော့်အနေနဲ့ကတော့ ဒိတ်လဲဒိတ်ပါ။ ဒါပေမဲ့ သွေးတော့ စစ်စေချင်ပါတယ်။ တစ်ချို့က ပျော်ပါးနေရင်းနဲ့မှ ရောဂါတွေပေါ်လာရင် အရက်ကွဲပြီး သတ်သေကြတယ်။ ကွန်ဒုံးသုံးတာ မသုံးတာကိုတော့ မပြောချင်ဘူး သူတို့ကသွေးစစ်တာကိုကြောက်နေကြလို့ပါ။ ကျွန်တော့ အပေါင်းအသင်းတွေထဲမှာလဲ သွေးစစ်ကြည့်လိုက်လို့ရောဂါပိုးရှိနေတဲ့ သူတွေရှိပါတယ်။ ကျွန်တော်ကတော့ သူတို့ကို ပုံမှန်လူလိုပဲပေါင်းပါတယ်။ သူ့မှာ အဲ့ဒီပိုးရှိနေတယ်ဆိုတဲ့ အသိလေးပဲထားတယ်။ ကျန်တာတွေ ခေါင်းထဲမှာ ထည့်မထားပါဘူး။ ဘာပဲပြောပြော သူငယ်ချင်းတွေလေ။ ကိုယ်လဲပဲ

ဘယ်အချိန်ဖြစ်မယ်ဆိုတာ မပြောတတ်ဘူးလေ။ကျွန်တော့်အနေနဲ့ကတော့ လူရှေ့သူရှေ့မှာ ကိုယ့်ချစ်သူလက်ကိုဆွဲပြီး ဒါကငါ့ချစ်သူပါဆိုပြီး ပြချင်ပါတယ်။ တွဲသွားတွဲလာ လုပ်ချင်ပါတယ်။ အဲ့ဒီလိုဘဝမျိုးလေးကို လိုချင်ပါတယ်။

---

## ၂၃။ ကိုခန့်(၂၃) လားရှိုးမြို့

ကျွန်တော့်နာမည် ကိုခန့်ပါ။အသက်က ၂၃၊ လားရှိုးမြို့ရပ်ကွက်(၇) မှာနေပါတယ်။ကျွန်တော်က Tomboy တစ်ယောက်ပါ။ မိန်းကလေးခန္ဓာကိုယ်ပိုင်ဆိုင်ထားလို့Tomboyလို့ပဲသတ်မှတ်ပါတယ်။ တကယ်ဖြစ်ချင်တာကယောကျ်ားလေးတစ်ယောက်ပါ။ ၁ တန်းလောက်ထဲက စဖြစ်တည်ခဲ့တာပါ။ သူငယ်တန်းတုန်းက မိန်းကလေးလိုပဲ နေရတာ။ မိဘတွေက မိန်းကလေးလိုပဲထားတယ်။ မိန်းကလေး ပစ္စည်းတွေပဲဝယ်ပေးတယ်။ အမြတ်နိုးဆုံး ပစ္စည်းတစ်ခုရှိခဲ့တယ်။ အဲဒါ ဂါဝန်ပန်းရောင်လေး။ အမေကအဲဒါကို ဖျောက်ပစ်လိုက်တာလား၊ ဘယ်လိုပျောက်သွားတာလဲ မသိဘူး။ အဲဒါနဲ့ ကျွန်တော်အမြတ်နိုးဆုံးပစ္စည်းလေး ပျောက်သွားလို့ စိတ်ထိခိုက်သွားပြီး တစ်တန်း စတက်တဲ့အချိန်မှာ ယောကျ်ားလေးစိတ်စဖြစ်ပေါ်ခဲ့တာပါ။ယောကျာ်းလေးစိတ်နဲ့ ဆိုတော့အိမ်ကမိသားစုနဲ့ ဆက်ဆံရေးကတော့ မပြေပါဘူး။ ကျွန်တော်က မောင်နှမများတယ်။ ယောကျ်ားလေးတစ်ယောက်လိုနေတဲ့ အတွက်ကြောင့် အစ်မဆို မောင်လေး၊ အစ်ကိုတွေကြတော့ ညီလေးလို့ ကိုယ့်ကိုယ်ကို သုံးတော့ အစ်ကိုတွေကနေ အထိုးခံရတယ်။ အစ်မတွေကတော့ နားလည်ပေးတယ်။ ကိစ္စမရှိဘူး၊ ကိုယ်ပြောချင်တာ ပြောလို့ရတယ်ဆိုလို့ မောင်လေးလို့ပဲသုံးတာ အခုထိပါပဲ။ အကိုတွေနဲ့ကြတော့ ညီမလေးလို့ပဲ သုံးပေးရတာပေါ့။ အစ်ကိုတွေနဲ့ ကြောက်စိတ်ကြောင့် သိပ်လဲမပြောဖြစ်တော့ပါဘူး။ ငယ်ငယ်တုန်းကတော့ အစ်ကိုတွေက ရိုက်တာပေါ့။ ၁၄၊၁၅ အရွယ်လောက်ကြ အထိုးခံရတယ်။ အမေကတော့ ဆဲပဲဆဲတယ်။ အစ်မတွေကြ တုတ်ကျိုးအောင်ကို ရိုက်တယ်။ ဒီလိုနေခဲ့တဲ့အတွက် အစ်ကိုတွေရဲ့ ထိုးနှက်မှုတွေကို လူးလိမ့်နေအောင်ခံရဖူးတယ်။

ယောကျ်ားလေးလို နေရတာပိုနှစ်သက်တယ်။ မိန်းကလေးလိုနေပါလားလို့ ပြောတဲ့သူလဲ အပြစ်ပြောလို့မရဘူးလေ။ သူကဒီလိုနေရတယ် ပြောပေမဲ့ လက်ခံတယ်။ဒါပေမဲ့ ကိုယ့်ရဲ့ခံယူချက်တော့ မပြောင်းလဲဘူး။ မဖြစ်နိုင်ဘူးလို့ ကျွန်တော် အဲ့ဒီတစ်ခွန်းပဲပြောတယ်။ ကျွန်တော့် စိတ်ကယောကျ်ားလေးဘက်မှာပဲရှိတယ်။ ယောကျ်ားလေးတစ်ယောက်လိုနေရမှ လွတ်လပ်တယ်။ ပျော်တယ်။

မိန်းကလေးလိုနေရရင် အများကြီး ပိတ်ပင်ခံရတယ်။ ပတ်ဝန်းကျင်က ပြောတာတွေခံရတယ်။ မိန်းကလေးလိုနေရတာ လုံးဝမကြိုက်ဘူး။ ကျွန်တော်လိုပဲ Tomboy အစ်မ တစ်ယောက်ရှိတယ်။ သူကိုယ့်ရှေ့မှာနေပြလို့ ကျွန်တော်ဒီလိုမျိုးလိုက်နေခဲ့တာမဟုတ်ဘူး။ ကိုယ့်စိတ်က ယောကျ်ားလေးဘက်မှာ ပြင်းပြနေတာ ယောကျ်ားလေး ဟော်မုန်းများလို့ ယောကျ်ားလေး လိုပဲဖြစ်ချင်တာ။ တချို့ကပြောကြတယ်။ နင့်အစ်မနေတိုင်းလိုက်မနေနဲ့။ နင့်အစ်မက မကောင်းဘူး။ ကိုယ်ကမိန်းကလေး မိန်းကလေးလိုပဲနေလို့ ပြောကြတယ်။ ဒါပေမဲ့ ကျွန်တော်က သူ့ကို အားကျလို့ လိုက်နေတာမဟုတ်ဘူး။ ကျွန်တော့်စိတ်ကိုက ယောကျ်ားလေးတစ်ယောက်ဖြစ်ချင်လို့ မွန်မြတ်တဲ့ ယောကျ်ားလေးတစ်ယောက်ဖြစ်ချင်လို့ နေနေတာပါ။ ကျောင်းတက်နေတဲ့ အချိန်တုံးကတော့ သူငယ်ချင်းတွေဆရာဆရာမတွေရဲ့ ခွဲခြားမှု့တွေ ရှိပါတယ်။ ဆရာမတွေကတော့ ဒီလိုမနေရဘူးလို့ဆုံးမရင်တော့ ဆရာမတွေဆုံးမမှုကို နာခံတယ်။ ဆရာမတွေကို ရှိသေလေးစားမှုရှိတယ်။ ကိုယ့်သူငယ်ချင်းတွေနဲ့ ကျောင်းမှာရှိတဲ့အချိန်ဆို ထမီဝတ်ထားလဲ ပုဆိုးလိုပဲဝတ်လိုက်တယ်။ ဆရာမတွေက တချို့သဘောကျပေမဲ့ တချို့ သဘောမကျတဲ့သူတွေရှေ့ကြ ထမီပြင်ဝတ်ပြီး ဆရာမတွေကို ရှိသေလေးစားမှုနဲ့ ဆက်ဆံပါတယ်။ သူငယ်ချင်းလှောင်ပြောင်မှူ့တွေကတော့ ရှိပါတယ်။ ကျောင်းဆင်းတဲ့အချိန် ညနေလောက်က ယောကျ်ားလေး၃ယောက်ကနေ “နေတာကတော့ ဘောပြားလို တစ်ချက်လုပ် လိုက်ရင် သေသွားမယ် မိန်းကလေးကမိန်းကလေးပဲ ငါတို့လုပ်ရင် ခံရမဲ့ကောင်ကများ” ဆိုပြီး စော်ကားခံရတယ်။တုံ့ပြန်မှုကတော့ မရှိခဲ့ပါဘူး။ ဒါပေမဲ့ ကိုယ့်ကိုအဲလိုစော်ကားခံရလို့ ဝမ်းနည်းတယ်။ အမေကလဲ မေးတယ်။ ကျွန်တော်က ပြန်ပြောပြပြီး အခုလိုနေတာ အပြစ်ရှိလား၊ သူတို့ကိုဘာထိခိုက်လို့လဲလို့ အမေ့ကိုမေးတော့ အမေက နင်ကမိန်းကလေးလိုမှမနေတာ အနေမတတ် အထိုင်မတတ်မလို့ ပြောခံရမှာပဲလို့ ဆူတယ်။ ပတ်ဝန်းကျင်ကတော့ ဘောပြားလို့ခေါ်တယ်။ လေးလေးစားစားဆက်ဆံရမဲ့နေရာမှာ လေးလေးစားစား ဆက်ဆံမခံရဘူးပေ့ါ။ ကိုယ့်ကိုယ် ဘောပြားလို့နာမည်တပ်ပြီး ခိုင်းစေခံရတာတို့ရှိတယ်။ ကျွန်တော်ကတော့ အကူအညီတောင်းရင် လူတိုင်းကိုတော့ လိုက်ကူညီပါတယ်။ ဒါပေမဲ့ တချို့က နိမ့်တဲ့သဘောနဲ့ ခိုင်းစားတာပေ့ါနော်။ပညာရေးမှာတော့ ငွေကြေးကြောင့်ရော ဒီလိုနေတဲ့အတွက်ကော မိဘတွေက ရှိတယ်လို့လဲသဘော မထားကြဘူး။ အချစ်မခံရဘူးပေ့ါ။ အစ်မတွေကတော့ ဘာလိုအပ်လဲလို့ ကြည့်ပါတယ်။ ကျောင်းထားပေးတယ်။ ကျွန်တော့်စိတ်ကူး ဆန္ဒကိုလဲ

အတတ်နိုင်ဆုံးလိုက်လျော ပေးတယ်ပေါ့နော်။ ညီအကိုတွေထဲမှာတော့ အငယ်ယောကျ်ားလေးရှိခဲ့ရင်လဲ ကျွန်တော့်ကို အကြီးလို ဆက်ဆံမခံရဘူး။ ဒီလိုနေလို့ အငယ်က ထိုးတာတောင်ခံခဲ့ရတယ်။ အမေဆိုလဲ သမီးလေး ဘာလိုသေးလဲ ကျောင်းမှာ ဘာအခက်အခဲရှိလဲ ဆိုပြီး မိခင်တစ်ယောက်ရဲ့ယုယကြင်နာမှုကို မခံစားခဲ့ရဘူး။

အဖေကတော့ ခေတ်အလိုက်နေတာဆိုတော့ ဘာမှတော့မပြောပါဘူး။ ကိုယ်ကလဲ သူမျက်စိနောက်အောင်မှ မနေတာ။ တည်တည်တံ့တံ့ပဲဆိုတော့ အဲလိုမနေနဲ့လို့တော့ မပြောပါဘူး။ ပတ်ဝန်းကျင်က စော်ကားခံရရင်တော့ နင်ဒီလိုနေလို့ အပြောခံရတာဆိုပြီး အပြစ်ပြောခံရတာပေါ့။ ကျွန်တော်က လူတစ်ယောက်ကိုချစ်မိပြီဆို ဟိုးအဆုံးထိ သံယောဇဉ်ရှိတယ်။ သံယောဇဉ်ဖြတ်ရမယ် ဆိုလဲ ဘယ်လိုမှမဖြတ်နိုင်ဘူး။ မနေ့ကပဲ ကောင်မလေးဘက်က နှုတ်နဲ့ အစော်ကားခံခဲ့ရတယ်။ ကျွန်တော်နဲ့ နှစ်ယောက်ထဲဆို ချစ်သူပေါ့။ အများအမြင်မှာတော့ ရှက်လို့ဆိုပြီး သူငယ်ချင်းလိုပဲသတ်မှတ်ထားတယ်။ ချစ်သူလို့မသတ်မှတ်ရဲဖူးပေါ့။ ကျွန်တော့်ဘက်ကတော့ ချစ်သူပဲ။ အခုလွန်ခဲ့တဲ့ရက်ပိုင်းကမှ သူကကောင်လေးတစ်ယောက်နဲ့တွဲပြီး ကျွန်တော့် ယုံကြည်မှု ပေးဆပ်မှုကို အလွဲသုံးစားလုပ်တယ်ပေါ့။ အလွဲသုံးစားလုပ်တယ်ဆိုတာ သူရုပ်ရှင်ကြည့်ချင်တယ်ဆိုလို့ ကျွန်တော်က ချစ်လို့သူ့ကိုရုပ်ရှင်လိုက်ပြမယ်ဆိုပြီး ရည်မှန်းထားတာပေါ့။ သူကတော့ ကျွန်တော်ပြတဲ့ရုပ်ရှင်ကို သူ့ဘဲနဲ့ကြည့်တယ်။ အဲမှာ ကျွန်တော့်စိတ်က နာကျင်သွားတယ်။ ဘာကြောင့်လဲဆိုပြီး ဒေါသတော့ထွက်ပေမဲ့ စိတ်ထိန်းထားသေးတယ်။ အဲဒါနဲ့ ရုပ်ရှင်လက်မှတ်တစ်စောင်ဝယ်ပြီး သူ့နောက်မှာသွားထိုင်ပြီး အခြေအနေကိုသွားအကဲခတ်သေးတယ်။ နောက်ဆုံးစိတ်မထိန်းနိုင်တော့ သူတို့ကို နှုတ်နဲ့စော်ကားမိလိုက်တာပေါ့။ အစကမပြောတော့ဘူး ဆုံးဖြတ်ထားပေမဲ့ တခြားသူစိမ်းယောကျ်ားလေးတစ်ယောက်နဲ့ တွေ့လိုက်တော့ ဒေါသပေါက်ကွဲသွားပြီး ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံမိလိုက်တာပေါ့။ ပြီးမှ မှားသွားမှန်းသိတာ။ နောက်ကျတော့ သူတို့က ကျွန်တော်ကို လမ်းမှာတွေ့ရင်တောင် တံတွေးထွေးတယ် ဆဲခံရတယ်။ သူနဲ့ဘယ်လိုစတွေ့ပတာလဲဆိုတော့ တရုတ်ပြည်မှာ အလုပ်သွားလုပ်ရင်းနဲ့ သူငယ်ချင်းတစ်ယောက် မိတ်ဆက်ပေးတာပါ။ နောက် ခရီးသွားရင်းနဲ့ သူနဲ့အတူသွားဖြစ်သွားတာပေါ့။ ခရီးကပြန်လာတော့ အိမ်မှာ ကျွန်တော်က ပြဿနာဖြစ်တော့ သူကသနားပြီးတော့ အိမ်ကိုခေါ်သွားတယ်။ သူ့အိမ်မှာကြတော့ သူငယ်ချင်းလိုပဲ ပြောပြီး နေတာပါ။ သူ့အိမ်မှာပဲ ၂နှစ်လောက်အတူနေခဲ့တယ်။ ဒီရက်ပိုင်းမှာပဲ အဲဒီပြဿနာတွေကြောင့် ကိုယ့်အိမ်ပြန်နေဖို့ မောင်းထုတ်ခံရတယ်။ သူ့မိသားစုတွေ သူ့အစ်ကိုတွေ စော်ကားတာခံရတယ်။သူ့ရဲ့ညီအစ်ကိုတွေထဲက စကားများရာကနေ ကိုယ်ထိလက်ရောက် အထိုးခံရတယ်။

အဆဲလဲခံရတယ်။ ကျွန်တော်ကတော့ ဘာမှ မတုံ့ပြန်ပါဘူး။ သူတို့အိမ်မှာတက်နေတာဆိုတော့ မျက်နှာထောက်နေရတာပေါ့။

ကျွန်တော့်ပတ်ဝန်းကျင်ကတော့ ကျွန်တော့် ကောင်မလေးနဲ့ဆို ကျွန်တော့်ဘက်ကပဲ ကြိုက်နေတာ ကောင်မလေးဘက်က အခြေအနေကြောင့် လိုက်လျောဆက်ဆံလိုက်တယ်လို့ပဲ ထင်ကြတယ်။ ပြဿနာဖြစ်ပြီးတော့ သူကဖြတ်တာပေါ့နော်။ ကျွန်တော်က မပြတ်နိုင်ဘူး။ သူ့အကိုကလဲ သူတို့ရပ်ကွက်ကို မလာခိုင်းဘူး။ လာရင်သတ်မှာလို့လဲပြောတယ်။ ဒါပေမဲ့ ကျွန်တော် ခိုးကြောင်ခိုးဝှက်နဲ့ တွေ့ချင်လို့ သွားတယ်။ ကောင်မလေးဘက်က လှည့်မကြည့်ခဲ့ဘူး။ တွေ့ရင်လဲ သူ့ကို အရှက်ခွဲတယ်ဆိုပြီး ဆဲတယ်။ သူ့ပတ်ဝန်းကျင်က ပြဿနာဖြစ်တဲ့အချိန် ကျွန်တော့်ကို နင်နဲ့ သူနဲ့က ယူထားကြတာမဟုတ်ဘူးလားလို့ မေးတော့ ကျွန်တော်က သူ့ကိုငဲ့ပြီးတော့ မဟုတ်ပါဘူး သူငယ်ချင်းတွေပါပဲ၊ အဲလိုမပြောနဲ့ သူ့ကိုထိခိုက်တယ်လို့ ကျွန်တော်က သူ့စိတ်ကိုသိတော့ အဲလို ပြန်ဖြေခဲ့တယ်။ သူနဲ့ကျွန်တော်ယူထားတာလားဆိုတဲ့စကားကိုလဲ ဘယ်သူကိုမှ မပြောမိစေနဲ့လို့လဲ တောင်းဆိုခဲ့တယ်။ ဒါပေမဲ့ သူနဲ့ လမ်းမှာတွေ့တော့ ကျွန်တော့်သူငယ်ချင်းက ပြောဖြစ်အောင် သွားပြောမိလိုက်တယ်။ အဲဒီတော့ ကျွန်တော်က သူ့ကို အရှက်ခွဲတယ်ဆိုပြီး ပြဿနာအရှာခံရတယ်။ တချို့tomboy တွေကရှက်တတ်တယ်။ အလုပ်ရုံမှာ လူအယောက် ၂၀၀ ယောက်ရှိရင် tomboy လေး၊ငါး၊ ဆယ်ယောက်လောက်တော့ရှိတယ်။ ကျွန်တော်ကြတော့ ကျန်းမာရေး ဗဟုသုတရှိတယ်။ အဲလို လစဉ်ကျန်းမာရေးဖြစ်တော့ တချို့ကြတော့ ရှက်တတ်တော့ လူတောထဲမတိုးရဲဘူး။ တချို့ဆို ကုတင်ပေါ်ကတောင်မဆင်းရဲဘူး။ ကျွန်တော့်လို ဘဝတူချင်းတွေဆို ကိုယ်ချင်းစာတယ်။ ဒါပေမဲ့ အခုတော်တော်များများကတော့ သူ့အတွဲလေးနဲ့သူ ပျော်နေကြတာပါပဲ။ ကျွန်တော်ကတော့ အနေနီးခဲ့ပေမဲ့ အဲလိုမပျော်ခဲ့ရဘူး။ အမြဲတမ်းစိတ်ညစ်ရတယ်။ ကိုယ့်ကိုယ်ကို သတ်သေဖို့အထိကြိုးစားခဲ့ဖူးတယ်။ သူငယ်ချင်းတွေ မြင်သွားလို့ မလုပ်လိုက်ရဘူး။ လိင်တူချစ်သူတွေကို ကျွန်တော့်လို ဘယ်သူမှကြုံရပါစေနဲ့လို့ ဆုတောင်းပေးပါတယ်။ ကျွန်တော်လဲ အတတ်နိုင်ဆုံးပျော်ရွှင်တဲ့ဘဝရောက်အောင် ကြိုးစားနေပါတယ်။ သူငယ်ချင်းတွေကိုလဲ အားပေးပါတယ်။ ကျွန်တော်ကိုယ်တိုင်လဲ လိုချင်တဲ့ဘဝတစ်ခုရောက်အောင် ကြိုးစားနေပါတယ်။


## ၂၄။ မပိုင်း (၃၄)ဒလမြို့



ကျမနာမည် မပိုင်းပါ ။ ကိုယ့်ကိုကိုယ် မိန်းမအဝတ်အစားဝတ်ထားတော့ ကိုယ့်ကိုကိုယ် မိန်းမလိုဘဲခံယူထားပါတယ်။ မွေးချင်းကတော့ ခြောက်ယောက်ပါ။မိဘတွေကတော့ ဆုံးပါးသွားပါပြီ။ မွေးရပ်ကတော့ ပုသိမ်ကပါ။ ငယ်ငယ်ထဲက မိန်းကလေးအတန်းမှာဘဲနေချင်တယ် ကျောင်းတက်ချင်တာပေါ့နော်။ ဒါကြောင့်ဆရာ တွေကောပြောပြီးကို ထိုင်ပြီးကျောင်းတက်ခဲ့တာပါတယ်။ မွေးချင်းတွေထဲကတော့ အမတစ်ယောက်ကလွဲရင် ကျန်တဲ့လူတွေက မိန်းကလေးလို ဝတ်ပြီးနေထိုင်တာ ကိုလက်မခံပါဘူး။ ကိုယ်က အိမ်မှာ အငယ်ဆုံးလည်းဖြစ်တယ်ဆိုတော့ အိမ်ကမိဘတွေက အလိုလိုက်တာပေါ့နော်။ အထိန်းအကွက်တော့ ရှိတာပေါ့နော်။ ဒါပေမဲ့ မေမေက အိမ်မှာဦးဆောင်တဲ့ လူဆိုတော့ ကိုယ်နေချင်သလိုနေလို ့ရတယ် ၊ ပြောချင်သလိုပြောလို ့ရတယ်ပေါ့နော်။ အမေမရှိတဲ့ အချိန်ကျတော့ ဘာဖြစ်သွားလည်းဆိုတော့ အကွပ်မရှိတဲ့ တောင်းလို ကစင်ကလျား ဖြစ်ကုန်တာပေါ့နော်။ အမေရှိတုန်းကတော့ ဘာမှမပြောပေမဲ့ အမေမရှိတဲ့ အချိန်ကျတော့ မိသားစု က ဒါမျိုးနေတာမကြိုက်ဘူး ငါတို ့အမျိုးမှာ ဒါမျိုးရှိတာ မကြိုက်ဖူးဆိုပြီးပြောကြတာပေါ့နော်။ အခြောက်မ တစ်ယောက်ရှိတာ မကြိုက်ဘူး ပြောတာပေါ့နော်။ ကျမ ၁၄ နှစ်သားမှာ တစ်အိမ်သားလုံးမြောက်ဒဂုံပြောင်းလာကြတယ်။ အဲ့ရောက်ပြီး ၃ နှစ်လောက်နေတော့ အမေကဆုံးတယ်။ အမေဆုံးတော့ ကျမက အခြောက်ဆိုပြီး ကျန်တဲ့မိသားစုတွေက နှင်ချကြတယ်။ အဲ့တော့ ကျမက ရင်းနှီးနေတဲ့ အခြောက်မကြီး တစ်ယာက်ရဲ့ အလှပြင်ဆိုင်ကိုသွားပြီး အလှပြင်ပညာလည်းသင်ပါရစေ ဒီမှာလည်း နေပါရစေ ဆိုပြီး ခွင့်တောင်းတော့ သူကလည်း အခြောက်မ

အချင်းချင်းဆိုပြီးခေါ်ထားလိုက်ပါတယ်။ သူဆီမှာ ၆ နှစ် ၇ နှစ်လောက် ပညာသင်ပြီးနေလိုက်ပါတယ်။ သူကလည်း ကျမနောက်ပိုင်း ပညာတက်လာတော့ လစာပေးတယ်။ ကျမက အခြောက်မလုံးလုံးဖြစ်သွားတော့ အပေါင်းအသင်းကလည်း ဆန် ့လာတယ်၊ လူလေးကလည်း ငယ်တော့ ကျမက အလှဘဲပြင်သလိုလို ကြေးစားအပျော်မယ် တစ်ယောက်လိုလို နတ်ကတော် တစ်ယောက်လိုလို ဖြစ်လာပြီး ခုန်ကူးလာတာပေါ့နော်။ အမြင်ကလည်း ကျယ်လာတယ်၊ လိုင်းကလည်းစုံသွားတာပေါ့နော်။ အခုလက်ရှိလည်း အလှလည်းပြင်တယ် ကြေးစားအလုပ်ကိုလည်းလုပ်ပါတယ်။ ဘဝမှာ မှတ်မှတ်ရရပေါ့နော် ကောင်လေးတစ်ယောက်ကို ရင်ထဲကနေ အရမ်းချစ်ပြီး လိင်မှု ့ကိစ္စကိုလည်း သူနဲ ့စဖြစ်တဲ့ အတွက် ကျမ လည်ပင်းမှာ သူ ့နမ်းနေကြနေရာလေးမှာ တက်တူး ထိုးဖြစ်ခဲ့ပါတယ်။ ပြီးတော့ သူနဲ ့စဖြစ်ဖူးတဲ့ လိင်မှု ့ကိစ္စမှာလည်း နာကြင်မှုတော့ရှိပေမဲ့ သူ ့ကို ချစ်တာ ကြောင့် ဝင်လာမဆဲ တသဲသဲ ဆိုပြီး ထပ်ထိုးဖြစ်တယ်။ နောက်ပိုင်း လိင်မှု ့ကိစ္စရဲ့ အရသာကို သိလာတော့ လိင်စိတ်ကပိုထကြွလာပြီး ကြေးစားဘက်ကိုရောက်လာတာပေါ့နော်။ အစတုန်းကတော့ ပိုက်စံ ယူရမှန်းလည်းမသိ ကွန်ဒုံးဆိုတာ ဘာလည်း မသိနဲ့ အလွတ်ဆက်ဆံခဲ့တာပေါ့နော်။ အဲဒီ အကျိုးဆက်ကတော့ ကျမ HIV positive တစ်ယောက်ဖြစ်ခဲ့ပါတယ်။

ကျွန်မငယ်ငယ်ကတော့ဖြူစင်ခဲ့ပါတယ်။ကြီးလာတဲ့အချိန်မှာတော့ကျွန်မရဲ့မိုက်မဲမှုတွေကြောင့်ကျွန်မဘဝကမဖြူစင်တော့ပါဘူး။ပိုးကိုက်ထားတဲ့ပန်းလေးလိုပါပဲ။ ပန်ဆင်သူမဲ့နေပါပြီ။ (မပိုင်း၊ ၃၄နှစ်၊ ဒလမြို့)




ART ဆေးကိုသောက်နေရတာ ဆိုရင် ၁၀ နှစ်ကျော်ကြာခဲ့ပါပြီ။ ဒါပေမဲ့ ဆေးကတော့ ပထမလိုင်းဘဲရှိပါသေးတယ်။ ဒုတိယလိုင်းကိုတော့ မရောက်သေးပါဘူး ။ ပထမတော့ ကိုယ်ကိုကိုယ် မသိဖူးပေါ့နော်။ ကျမ သူငယ်ချင်း အခြောက်မလေးတစ်ယောက်က ခေါ်လို ့ngo တစ်ခုမှာဆေးစစ်ကြည့်တော့ မှ တန်းပေါ်လာတာပါ။ အခုတော့ အသက်ကလည်းရလာပြီ ကျန်းမာရေးကလည်း ချူချာလာပြီဆိုတော့ ကြေးစားအလုပ်တော့ တစ်ခါ တစ်ရံ လုပ်ပါတယ်။ စသိတုန်းကဆို အိမ်ကိုလည်း အသိမပေးရဲပါဘူး ကြောက်တာပေါ့၊ အခုထိလည်း အိမ်ကမိသားစုတွေ မသိသေးပါဘူး ။ မိဘ နှစ်ပါးလုံး ဆုံးပါးသွားပြီ ။ ကျမဆရာ အခြောက်မကြီးကတော့ သိတယ်။ သူဘဲ ဆေးရဖို ့ကူညီပေးတယ်။ ကျမတို ့အခြောက်မ အဖွဲ ့တွေတော့သိကြပါတယ်။ ပွင့်ပွင့် လင်းလင်း ဝန်ခံထားပါတယ်။ အခုဆို AMI မှာစေတနာ ဝန်ထမ်းလုပ်ပေးနေပါတယ်။ ဆေးကိုပုံမှန်သောက်တယ်။ သူများထက်တော့ ပိုဂရုစိုက်ဖြစ်တယ်။ မမေ့နိုင်တဲ့ အဖြစ်ဆိုရင်တော့ အဖေက အမေဆုံးပြီး တစ်နှစ်လောက်ကြာတော့ နောက်မိန်းမ ထက်ယူတယ်။ အဲ့တော့ နောက်မိန်းမက ကျမတို ့ကိုနှိပ်စက် တဲ့အခါ အဖေက သူ ့မိန်းမဘက်ကပါတယ်။ အဲ့ဒါလေးတော့ တော်တော် မေ့မရဘူးပေါ့နော်။ ကျမတို ့ကို အဖေက ညအိပ်ညနေတောင် အနေမခံဘူး အတင်းထွန်းထုတ်တယ်။ ရင်ထဲမှာတော့ တော်တော်

ခံစားရပါတယ်။ ကိုယ့် အဖေကိုတော့ မစော်ကားပါဘူး ။ အဖေမွေးလို ့သားသမီးဖြစ်လာရတာပါ။ ကျမ လမ်းဘေးမှာ အိပ်ခဲ့ရတယ်။ သူများကားပေါ်မှာ အိပ်ခဲ့ရတယ် ။ အဲ့အချိန်တွေမှာ အရမ်းခံစားရတယ်။ ဒီပြင်မောင်နှမတွေက ကျမကို အိမ်တောင်အလာမခံပါဘူး ။ ပုသိမ်မှာ ရှိတဲ့ အမတစ်ယောက်ပဲ ကျမကိုအလာခံပါတယ်။ တစ်ခါတစ်ရံတော့ အဖေနဲ ့အမေကိုရင်ဖွင့်ချင်တယ် သတိရမိတယ်။ ကျမ အမကတော့ ကျမရောဂါ အကြောင်းမသိပါဖူး။ အမကတော့ ကျမကိုအတူနေဖို ့ခေါ်ပါတယ် ။ဒါပေမဲ့ ကိုယ့်ရောဂါအကြောင်းသိသွားရင် သူတို ့တွေဘယ်လိုဖြစ်မယ် မသိတော့ ကျမမနေဖြစ်ပါဘူး ။နေတော့ အတူနေချင်တာပေါ့နော်။ ဒါပေမဲ့ ကျမ ဒီရောဂါ အကြောင်း စာအုပ်လေးတွေယူသွားပါတယ် ပေးဖတ်ပါတယ်။ စည်းရုံးရေးလေးတွေတော့တစ်ခါတစ်ရံ လုပ်ဖြစ်ပါတယ်။ သူတို ့သိသွားရင် ကျမကို အထင်သေးသွားမှာကြောက်တယ်။ တစ်မျိုးမြင်မှာလည်း ကြောက်တယ်။ ကျမ အခုလုပ်နေတဲ့ အလုပ်က ကျမတို ့အလုပ်ရှင် အခြောက်မကြီး ကပိုင်တာပေါ့နော် ဘီလပ်ယက်ခုံ ပိုင်တာပေါနော် ပြီးတော့ ဘီယာဆိုင်လည်းရှိတယ် ။ ကျမက အဲ့မှာ ဦးစီးပြီးလုပ်ပေးရတာပါ။ အားတဲ့ အချိန်တော့ ကြေးစားလိုက်လုပ်ပါတယ်။ ကြေးစားဆိုတော့ တစ်ခါတစ်ခါတော့

ပိုက်စံပေးပြီး လိင်မှု ့ကိစ္စ လုပ်ပြီးမှ ထိုးနက်ရိုက်ခံရတာတွေလည်း ရှိဖူးပါတယ် ။တစ်ခါဆို ကျမကိုထိုးလိုက်တာ သွားတောင် ကျွတ်ထွက်သွားပါတယ်။ ပြီးတော့ အင်ယားကန်ဘောင်ထဲထိ ကန်ချတာတွေကြုံဖူးပါတယ်။ ကျမတစ်ခါမှတော့ တရားဥပဒေအရ သွားတိုင်တာတွေတော့ မလုပ်ခဲ့ပါဘူး ဘာဖြစ်လို ့လည်းဆိုတော့ ကိုယ်က ကြေးစား လိင်လုပ်သားဆိုတော့ မသွားရဲတာလည်း ပါပါတယ်။ ကျမ ချစ်သူ နဲ့ တော့ ၇ နှစ်လောက်ပေါင်းခဲ့ဖူးပါတယ်။ သူက စစ်သား နယ်မှာတာဝန်ကျတာပေါ့နော်။ သူကပြန်လာလိုက် ပြန်သွားလိုက်ဆိုတော့ သူပြန်လာရင်ကျမ က မိန်းမဆိုတော့ သူ့ရဲ့ ကိစ္စ တိုင်းလုပ်ပေးရတော့ အခုအနေအထားနဲ ့ကျန်းမာရေး နဲ ့ဆိုတော့ ကျမတို့ ကွဲခဲ့ပါတယ်။ အခုချိန်ထိလည်း မချစ်ဖူး မဟုတ်ဖူး ချစ်ပါတယ် ။ ဒါပေမဲ့ကိုယ့် ကျန်းမာရေး ကအဓိက ဖြစ်နေတော့ ဘယ်လိုမှ ့ရှေ ့ဆက်မသွားတော့ ဖူးပေါ့နော်။ လက်ရှိ လိင်တူချစ်သူတွေကို ကျမ အနေနဲ ့ပြောရရင် ပညာတက်တဲ့ လူတွေများလာတယ် ယောကျာ်းပုံဘဲနေပြီးအလုပ် လုပ်နေတဲ့ လူတွေလည်းမြင်ရတယ်။ တကယ်တော်တဲ့ လူတွေက လိင်တူ ချစ်သူတွေ အခွင့်အရေး အနေနဲ ့လုပ်နေတဲ့ အချိန်မှာ နောက်မှာ အခြောက်တော်တော် များများ က ကြေးစားလုပ်နေတာကိုတွေ ့ရပါတယ်။အဲ့အချက်လေး ကိုတော့ ကျမထောက်ပြချင်ပါတယ်။ ပြီးတော့ ခိုးတယ် ဝှက်တယ်ပေါ့နော်

အဲ့ဒါတွေကိုတော့ ပပျောက်စေချင်ပါတယ်။ ဘယ်လိုအခြေအနေမျိုးဘဲရောက်နေပါစေ ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားသောက်စေချင်ပါတယ်။ ကိုယ်လက်လှုပ်မှီသလောက်တော့ အခြောက်မလေးတွေကို ကိုယ့်လို မဖြစ်အောင် ပြောပြတယ် ဆုံးမပါတယ်။ လိင်တူချစ်သူတွေကို သင်တန်းလာပေးရင်လည်း တိုက်တွန်းပြီး တက်ခိုင်းပါတယ်။ အဲ့လိုသင်တန်းက ပေးတာတွေ ယူပြီးပြောင်းလဲသွားတာတွေလည်းတွေ ့ခဲ့ရပါတယ်။ ကျေနပ်ခဲ့ပါတယ် ဝမ်းလည်းဝမ်းသာပါတယ်။

---

## ၂၅။ ပြည့်ပြည့် (26) ရန်ကုန်မြို ့

ကိုယ့်ကို gay တစ်ယောက်လို့ ခံယူထားပါတယ် ။မိသားစု ထဲမှာ ပြည့်ပြည့် ကအငယ်ဆုံးဖြစ်တယ် အကြီးဆုံးကအကို အလတ်က အမပါ။ ပြည့်ပြည့်က ငယ်ငယ်ထဲက နွဲ ့တာဆိုတော့ အိမ်နဲ ့က သိပ်တော့ ပြဿနာမရှိခဲ့ပါဘူး။တစ်မျိုးလုံးထဲမှာလည်း ပြည့်ပြည့်က အငယ်ဆုံးဆိုတော့ သူတို ့အားလုံးက အလှသိပ်ကြိုက်တယ်လို ့လက်ခံထားကြတာပေ့ါ၊အကို အကြီးဆုံးကတော့ ဒီနေ ့အထိလက်မခံဘူး။ ကံကောင်းတာတစ်ခုကတော့ သူငယ်ချင်းတွေနဲ့ ဆက်ဆံရေးက ငယ်ငယ်လေးထဲက စတာနောက်တာ သိပ်ပြီး မခံခဲ့ရဘူး။ ငယ်ငယ်လေးထဲက နွဲ ့နွဲ ့လေးဘဲနေတာဆိုတော့ သိပ်ပြီးထူးထူးခြားခြား အခက်အခဲကတော့ သိပ်မရှိပါဘူး။ ကြီးလာတော့လည်း အကိုအရင်းတစ်ယောက်သာ ပြောတာပါ ကျန်တဲ့လူကတော့ သိပ်မပြောကြပါဘူး။အဖေကလည်း မရှိတော့ဘူး ဆုံးသွားပြီဆိုတော့လေ။အမေကတော့ သူမွေးထားတဲ့ သူ ့သားက ဘာဘဲဖြစ်ဖြစ်သူလက်ခံထားတယ်ဆိုတော့ ပြည့်ပြည့်ကံကောင်းပါတယ်။ ဒါပေမဲ့ အပြင်မှာတော့ သူး ့သားခြောက်နေတာကိုသိပေမဲ့လည်း သူများတွေမေးတဲ့အခါ မခြောက်ပါဘူး အလှအပ ကြိုက်တာပါလို ့ အမြဲပြန်ပြောပါတယ်။အဲ့လိုပြောတာကိုလည်း အတင်းကြီးတော့လည်း တွန်းလှန်ပြီးလိုက်မပြောတော့ပါဘူး။ အခုအနေအထားအတိုင်း နေခွင့်ပေးတာကို ဘဲကျေးဇူးတင်နေရပါတယ်။ အမှန်တိုင်းပြောရရင် ကိုယ်က Gay တစ်ယောက်ဆိုတော့ သူများထက်ပိုပြီးပညာရေးမှာ ပိုကြိုးစားလိုက်တယ်။အဲ့ဒီအခါကျတော့ သူများထက်တော့

နည်းနည်းတော့ ပိုသွားတာပေါ့နော် ။ပညာပိုတက်သွားတဲ့အခါကျတော့ သူများတွေက တော်ရုံတန်ရုံ အထင် မသေးရဲတော့ဘူးပေါ့။ကိုယ့်ပိုက်စံ ကိုယ်ဘာသာရှာတယ် ကိုယ်ဘာသာအလုပြင်တယ် အဲ့အတွက်တော့ ဘာမျကို ဂရုမစိုက်ဘူး လို ့ပြောချင်တာပေါ့နော်၊ဘဝမှာ အကြမ်းဖက်ခံရမှုတော့ မရှိခဲ့ဘူးပေါ့ ။ဒါပေမဲ့ ဟိုတလောကတော့ အိမ်က အကိုအကြီးဆုံးက အိမ်ထောင်ပြုဖို့ အတွက်သူ ့ကောင်မလေးအိမ်ကို သွားဖို့ လုပ်တဲ့အခါ ကိုယ်က အလုအပတွေပြင်တက်တော့ ပြောတယ်ဆူတယ်။ဒါပေမဲ့ အခုနောက်ပိုင်း အင်တာနက်တွေခေတ်စားလာတဲ့ အခါ Facebook မှာဆိုလည်း အမျိုးတွေဆိုလက်ခံထားတယ် လူတော်တော်များများကတော့ ကိုယ့်အမျိုးဆို Block ထားတာများတယ်လေ ။ ပုံတွေတင်တဲ့အခါ မိန်းကလေးဆန်ဆန်တွေ ရိုက်တင်တဲ့အခါ ဦးလေးတွေက အမေ့ကိုဖုန်းဆက်ပြောတဲ့အခါတော့ အဆူခံရတယ်။ ပြည့်ကအခု Study guide လုပ်တာဆိုတော့ တချို ့အချိန်တွေမှာတော့ ဟန်ဆောင်ပြီးအမျိုးသားဝတ်စုံဝတ်ပြီး ပွဲတက်ရတာတွေလည်းရှိပါတယ်။အမှန်တကယ်ပြောရရင် တော့လူအများကြားမှာတော့ တော်တော်ကိုအမျိုးသားလိုဝတ်ပြီးနေရတာ တော်တော် စိတ်ရှုတ်ပါတယ်။မိန်းမလိုတော့မဝတ်ဖူးလေ ဒါပေမဲ့ မိန်းမဆန်ဆန်တွေ ဝတ်တာဆိုတော့ လူကြီးတွေနဲ ့ဆက်ဆံတဲ့အခါတော့

နည်းနည်းစိတ်အနှောက်အယှက် ဖြစ်ပါတယ်။အမှတ်တရအနေနဲ ့တော့ပေါ့နော် ၊ခုနပြောခဲ့သလိုဘဲ ဘယ်အခြောက်မှတော့ ချစ်သူတစ်ယောက် တည်းထားခဲ့ဖူးမှာမဟုတ်ပါဘူး။နောက်ပြီး gay တစ်ယောက်ကို ကြိုက်မယ်ဆိုတဲ့ အမျိုးသားတစ်ယောက်က သူ ့ရဲ့လိုချင်တဲ့ အရာတစ်ခုအတွက်ကြိုက်တာများပါတယ် ၊တကယ်ချစ်လို ့ဆိုတာ နည်းနည်းတော့ရှားပါတယ်။ ပြည့်ကကျတော့ ကံကောင်းတာလို ့ဆိုလိုရမယ်ပေါ့နော် ၊ အချစ်ရေးမှာအဆင်ပြေပေမဲ့ ကိုယ်ကမိဘမျက်နှာ ပြန်ထောက်ရလို ့ဘဲကွဲခဲ့တာပါ။ အမှတ်တရအနေနဲ ့ပြောရမယ်ဆိုရင်တော့ တော်တော်လူသိများတဲ့ လူတစ်ယောက်နဲ ့ချစ်တုံးကတော့ သူကအသိုင်းအဝိုင်းကိုအကုန်ပြောပြလိုက်တာကိုတော့ အခုထိအမှတ်တရပါ။ အခုလက်ရှိအချစ်ရေးကတော့ ကံဆိုးနေတယ် ပြောရမယ် အဆင်မပြေဖူး ၊ဘာလို ့လည်းဆိုတော့ သူကအိမ်ထောင်ရှိတယ် ၊နောက်ပိုင်း ပြည့်အိမ်ကလည်းနည်းနည်း ရိတ်မိလာတော့ ပြည့်တို ့နားလည်မှုနဲ ့လမ်းခွဲလိုက်ကြပါတယ်။လိင်တူ ချစ်သူတွေအကုန်လုံးသာ ပညာတက်တွေများမယ်ဆိုရင်တော့ အခွင့်အရေး တောင်းဆိုတဲ့နေရာမှာ ပိုပြီးတော့ မြန်ဆန်မယ်လို ့ တွေးမိတယ်။ အခြေအနေ အကြောင်းကြောင်းကြောင့် ပညာမပြည့်စုံရင်တောင် လွဲမှားတဲ့လမ်းတွေကိုတော့ မလိုက်စေချင်ဖူး

။ငခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးတော့ မပုတ်စေချင်ဖူး။သိတဲ့သူတွေကလည်း လက်တွဲခေါ်စေချင်တယ် ဖေးမစေချင်တယ် ညီညွတ်စေချင်ပါတယ်။တကယ်တန်းပြောရမယ်ဆို ပြည့်ဆက်ဆံရတဲ့ အသိုင်းအဝိုင်းကကျတော့ ပညာတက်တွေများတယ် ။အဲ့ အခါကျ တော့ ပြည့်ကသူတို့ ကို LGBT အကြောင်းလေးတွေရှင်းပြတဲ့ အခါလက်ခံလာတယ်။အရင်က Gay မြင်ရင်တော်တော် အမြင်မကြည်တဲ့ သူငယ်ချင်းတွေတောင်နောက်ပိုင်းနားလည်လာတယ်။ နေရာတိုင်းမှာ သူ့ တန်ဖိုးနဲ့ သူ့ ရှိကြောင်းရှင်းပြ ပြောဆိုပြီး LGBT အသိုင်းအဝိုင်းဘက်ကနေပညာသိပ်မတက်တဲ့ သူဆိုလည်း နားလည်မယ်အရာတွေနဲ့ ပြောပြပေးတယ် ၊အချို့ အရာတွေမှာ ပညာဘယ်လောက်တက်တက် နားမလည်တဲ့လူတွေတော့ ရှိသေးတာဘဲ။ကိုယ်တိုင်လည်း LGBT ပွဲတွေဆိုအိမ်ကမလွှတ်ရင်တောင် အတိုက်အခံလုပ်ပြီးသွားတယ် ။ မိသားစုကတော့ ကိုယ်ကပြင်ဆင်ပြီးသွားတယ်ပေ့ါနော် အဲ့တော့ မိသားစုကသိပ်တော့ သဘောမကျသေးဘူး။ အပြင်သွားရင် ကိုယ်ကပြင်ဆင်ပြီးသွားတယ် အမသူငယ်ချင်းတွေနဲ့တွေ့ တဲ့အခါ နင့်မောင်ကခြောက်နေတာ လားအမကိုပြန်မေးကြတယ်တဲ့။မိသားစုဘက်က ပြန်ကြည့်ရင်လည်း ခံစားရမှာဘဲလေ။ တစ်ဖက်ကပြန်တွေးကြည့်ရင်တော့ အဲ့မေးတဲ့ လူတွေကစာမဖတ်လို့ လိုသတ်မှတ်လိုက်တယ်။တလောကကောင်မလေးတစ်ယောက်နဲ့ ပြဿနာ တက်တယ်။သူက ပြည့်ကို အကိုခေါ်ရမလား အမခေါ်ရမလားဆိုပြီးလှောင်ပြော ပြောတာပေ့ါနော်။ ပြည့်ကပြန်ပြောလိုက်တယ် နင့်စာတက်တဲ့ ပညာတက်တစ်ယောက်ဘဲ နင်အခု ငါ့ကို စောက်ခြောက်လို့ ခေါ်လည်းရတယ် အကိုလို့ ခေါ်လည်းရတယ် အမလို့ ခေါ်လည်းရတယ် ၊ နင့်ပညာတက်မှုပေါ် မူတည်ပြီးခေါ်လို့ ပြောလိုက်တယ်။ ပြီးတော့ ပြည့်က ၃ လတစ်ကြိမ်သွေးစစ်တဲ့ TOP center လို့ နေရာမျိုးမှာ ကိုယ်တိုင်လည်းစစ်တယ် သူငယ်ချင်းတွေလည်းခေါ်ပြီး စစ်ခိုင်းတယ် ။ ပြီးတော့ ကိုယ်တိုင်လည်း ကွန်ဒုံး လိုက်ဝေတာမျိုး စာစောင်တွေ လိုက်ကမ်းတာမျိုးလည်းလုပ်တယ်။ဒီLGBT အသိုင်းအဝိုင်းကိုပြောချင်တာကတော့ ပူးပေါင်းဆောင်ရွက်စေချင်တယ် စိတ်ပါလက်ပါနဲ့ လုပ်စေချင်တယ် ။အခွင့်အရေးကိုတောင်းဆိုတာကိုယ့်ဘက်က ပြည်စုံနေမှတောင်းလို့ ကောင်းတာပါ။ အနာဂတ်အစီအစဥ်ဆိုရင်တော့ ပြည့်က စာသင်ရတာလည်းဝါသနာပါတယ် ပြီးတော့ Fashion Desiger လုပ်ရတာလည်းဝါသနာပါတယ် ။ပြည့်ရေနံလုပ်ငန်းမှာလည်းအလုပ်ဝင်ဖူးတယ်အမျိုးသားတွေများတော့ အမျိုးသားတစ်ယောက်လို့ နေရတာမကြိုက်လို့ ဆက်မလုပ်တော့ဖူး ထွက်လိုက်တာလုပ်ငန်းပြောင်းပြီးစာသင်လိုက်တယ် ၊ အခု စာသင်တဲ့

အလုပ်ကိုလည်းသဘောကျတယ် Desiger ပညာကိုလည်းကြိုးစားနေတယ်၊ ရှေ့ဆက်ပြီးတော့ ကြိုးစားနေပါတယ်။ ကျေးဇူးတင်ပါတယ် ။

## ၂၆။ လမု (၄၂) ရန်ကုန်မြို့



မင်္ဂလာပါ ကျွန်တော့်အမည်ကတော့ လမု ဖြစ်ပါတယ် အသက်ကတော့ 41နှစ်ပါ။ ကျွန်တော်က ဘောလုံးကန်ပါတယ်။ ဒလမြို့မှာနေပါတယ်။၁၉၈၈ မှာမြို့နယ်လက်ရွေးစင်ဘဝကနေ ခရိုင်လက်ရွေးစင်ထိ ပါခဲ့ပါတယ်။ နောက်ပိုင်းမှာ အဖေ့ရဲ့ ကျန်းမာရေးကြောင့် နားခဲ့ပါတယ်။

Q. အကို့အနေနဲ့ ကိုယ့်ရဲ့ လိင်စိတ်ခံယူမှုကို ဘယ်လိုများ ခံယူထားပါသလဲ။

A. ကျွန်တော်က ကိုယ့်ကိုကိုယ် ယောကျ်ားတစ်ယောက်လို့ပဲ ခံယူထားပါတယ်။ အကို့ရဲ့ လိင်စိတ်ခံယူမှုကို မိသားစုနဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းက လက်ခံပေးပါလားဗျ။ လက်ခံပေးပါတယ်။ ယောကျ်ားလေးလို့ လက်ခံပေးပါတယ်။




Q.မိသားစု ပတ်ဝန်းကျင်နဲ့ရော အဆင်ပြေပါသလား အကို။

A. အဆင်ပြေပါတယ်။ အကို့ဘဝမှာကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံလေးတွေကို ပြောပြပေးလို့ရမလားခင်ဗျာ ။ ပြောပြလို့ရပါတယ်။ ကျွန်တော်က သူငယ်ချင်း အပေါင်းအသင်းတွေနဲ့ပတ်သတ်ပြီး ဘောလုံးစကန်ခဲ့တာပါ။ ယောက်ျားစိတ်ပြင်းပြပြီး ရည်းစားတွေထားခဲ့ဖူးပါတယ်။ အသဲလဲ ကွဲခဲ့ဘူးတယ်။ ယောက်ျားလျာတွေကို ဘာလုပ်မှာလဲ ဆိုပြီးလဲ ဝေဖန်ခံရပေမဲ့ ကိုယ်ကိုကိုယ် အားပြန်မွေးပါတယ်။ ယောက်ျားလိုပဲ နေထိုင်ပါတယ်။ အကို ခုလိုမျိုး ယောက်ျားလေးလို ဘယ်ချိန်ထဲကစပြီး ပြောင်းလဲ ခဲ့တာပါလဲဗျ။ ကျွန်တော်ငယ်ငယ် ပထမတန်းကျောင်းသားဘဝထဲကပါ။ ငယ်ငယ်ထဲက ဘောလုံးကန်တယ်။ ယောက်ျားလေးတွေနဲ့ ဆော့တယ်။ ဘောင်းဘီအတိုလေးတွေပဲ ဝတ်တယ်။ မိန်းကလေးတွေနဲ့ မဆော့ဘူး။

Q. အကို့ဘဝရဲ့ ငယ်စဉ်ကနေ ခုချိန်ထိ အမှတ်တရ အကြောင်းလေးတွေကို ပြောပြပေးပါလားခင်ဗျာ။

A. ကျွန်တော်ငယ်ငယ်က အကိုတွေက မိန်းကလေးလို နေစေချင်တယ်။မိန်းကလေးအဝတ်အစားတွေဝတ်ခိုင်းတယ်။ ကိုယ်က မဝတ်ချင်ဘူး။ ဘယ်လောက်ရိုက်ရိုက်မဝတ်ဘူး။အသားပဲ အနာခံတယ်။ အမေနဲ့အဖေကတော့ အားပေးတယ် ယောက်ျားလေးလိုပဲ

နေစေချင်တယ်။ ကျွန်တော်ကလဲ ယောက်ျားလေးလိုပဲ နေချင်တာပါ။ စိတ်ထဲက ဖြစ်ပေါ်လာတဲ့ ခံစားချက်ကို ဖျောက်ဖျက်ပစ်လို့မရဘူး။

Q. အကိုက ဘောလုံးသမားတစ်ယောက်ဖြစ်ပြီး ဘောလုံးကန်ခဲ့တာဆိုတော့ အကို့ရဲ့ ဘောလုံးသမားဘဝအတွေ့အကြုံလေးတွေပြောပြပေးလို့ရမလားခင်ဗျာ။

A.ကျွန်တော်က ယောက်ျားလေးတွေနဲ့ပေါင်းပြီး ဘောလုံးစကန်ခဲ့တာပါ။ အရင်က အားငယ်ပေမဲ့အပေါင်းအသင်းတွေရလာပြီးနောက်ပိုင်း အားမငယ်တော့ပါဘူး။ ပိုက်ဆံမရလဲ ဘောလုံးကန်နေရရင်စိတ်ထဲမှာ ပျော်နေတာပါ။ အကိုက ဘောလုံးကို ဘယ်လိုစကန်ခဲ့ဖြစ်သွားတာပါလဲဗျ။ ရပ်ကွက်ဘောလုံးပွဲကနေ စကန်ခဲ့တာပါ။ ဒလမြို့မှာ မိန်းကလေးအသင်းစဖွဲ့တော့ ဝါသနာပါလို့ အဖွဲ့ဝင်ပြီး စကန်ခဲ့တာပါ။ ဝါသနာပါလို့ ဒီအားကစားလောကထဲကို ရောက်လာတာပါ။ လက်ရွေးစင်ဘဝနဲ့၅နှစ်ကစားခဲ့ပါတယ်။ ခရိုင်အဆင့်ကနေ ဝန်ကြီးဌာနအဆင့် လူရွေးပွဲအောင်ပြီး ဆက်ကစားခဲ့ပါတယ်။ နိုင်ငံခြားသွားကစားတဲ့သီတာကြည်တို့နဲ့ တန်းတူကစားခဲ့တာပါ။ ကျွန်တော့်မှာ အရည်အချင်းရှိပေမဲ့ နိုင်ငံခြားသွားဖို့ အဆင်မပြေလို့ မသွားခဲ့ရပါဘူး။ မိဘတွေက လက်လုပ်လက်စားတွေပါ။ အဖေကတော့ အိမ်ပေါင်ပြီးတောင် နိုင်ငံခြားသွားကစားခိုင်းပါတယ်။ ဒါပေမဲ့ ကျွန်တော်က နိုင်ငံခြားသွားပြီး မိဘတွေက လမ်းဘေးရောက်မှာကို မလိုလားလို့ နိုင်ငံခြားကို မသွားခဲ့ပါဘူး။ ရင်ထဲမှာတော့ မကောင်းပါဘူး။ ကိုယ့်နောက်က ကစားသမားတွေ နိုင်ငံခြားသွားကစားနေကြပါပြီ။ စိတ်မကောင်းပေမဲ့ ကိုယ့်ကိုကိုယ် အရည်အချင်းရှိတယ်လို့ ယုံကြည်ထားပါတယ်။

Q. အကို့အနေနဲ့ ဘောလုံးကစားစဉ်အချိန်က ကိုယ်နိုင်ငံအတွင်းမှာ ဘယ်လိုအောင်မြင်မှာမျိုးတွေရခဲ့လဲဗျ။
အဲဒီအကြောင်းလေးတွေပြောပြပေးလို့ရမလားဗျ။

A.ကျွန်တော်အောင်မြင်မှုတွေ အများကြီး ရခဲ့ပါတယ်။ဒလကနေ ခရိုင်ပေါင်းစုံဘောလုံးပွဲတွေမှာ ဒုတိယဆုရခဲ့ပါတယ် အဲဒီပွဲတွေကနေ အမည်အရင်းပျောက်ပြီး လမု ဆိုတဲ့ အမည်ရခဲ့ပါတယ်။ အကို့ဘဝမှာ လက်တွဲဖော်ရှိပါသလားဗျ။

Q. သူတို့နဲ့အမှတ်တရလေးတွေ ပြောပြပေးပါလားဗျ။

A. ကျွန်တော် ဝန်ကြီးဌာနတစ်ခုမှာ ဘောလုံးကန်ထရိန်နင်ဆင်းရင်းနဲ့ သူနဲ့ ပုခုံးချင်းတိုက်ပြီးစတွေ့ခဲ့တာပါ.သူနဲ့စတွေ့ချိန်မှာ ယောက်ျားစိတ်ပါပဲ။ မိန်းကလေးတစ်ယောက်နဲ့ ယောက်ျားတစ်ယောက်ရဲ့ အထိအတွေ့ကို ခံစားခဲ့ကပါတယ်။ ခုချိန်ထိ သူနဲ့ကြိုက်နေတာပါ။ သူ့ကို ယောက်ျားလေးတွေကြားကနေ ပြိုင်လိုက်ခဲ့တာပါ။ သူကလဲ ကျွန်တော့်ကို ယောက်ျားလေးတွေထက်ပိုပြီး ဖွဲ့ရှိတယ်ဆိုပြီး ပြန်ကြိုက်ခဲ့တာပါ။ ၁၈ နှစ်ရှိပါပြီ အတူနေတာပါ။

Q.အကိုနဲ့ အကို့ချစ်သူရဲ့ အမှတ်တရ လေးတွေ ပြောပြပေးပါလားဗျ။

A. ဟုတ်ကဲ့ သူလဲ ကျွန်တော့်ကိုချစ်ပါတယ်။ အတူနေတာ၁၈နှစ်ရှိပါပြီ သူမက တကယ်ချစ်တယ်ဆိုရင် သက်သေပြပါဆိုတော့ ကျွန်တော်က သူ့အမည်လေးနဲ့ လက်မောင်းမှာ တတ်တူးထိုးပြခဲ့ပါတယ်။ အဓိပ္ပါယ် လေးက နှင်းဆီကို ဝတ်ရည်စုပ်တဲ့အချိန်မှာ မျပ်ရည်ကျနေတဲ့ပုံလေးပါ။ အကိုက သူမအတွက်တတ်တူးထိုးပြတဲ့အချိန်မှာ သူမက အကို့အပေါ်မှာ ဘယ်လိုခံစားချက်ထားလဲဗျ။ သူမက နင်ကငါ့အပေါ်မှာ ယောက်ျားလေးထက်ပိုချစ်တယ် သံယောဇဉ်ပိုရှိတယ် ယောက်ျားလေးထက်ပိုပြီး အားကိုးတယ်လို့ပြောပါတယ်။ တစ်ခြားယောက်ျားလေးတွေဆို အဲ့လိုလုပ်မပြရဲဘူးလေ။

Q. အကို့အနေနဲ့ လိင်တူချစ်သူအသိုင်းအဝိုင်းကို ဘယ်လိုအကြံပြုခြင်ပါသလဲခင်ဗျ။

A. ကျွန်တော်က၅တန်းထိပဲကျောင်းနေခဲ့ရတာပါ ကျွန်တော့်အနေနဲ့ လိင်တူချစ်သူတွေကို ပညာတွေဆုံးခန်းတိုင်အောင်သင်ပြီးတော့ သူတို့ဖြစ်ချင်တဲ့ ဘဝနဲ့ဆန္ဒတွေ ပြည့်စေချင်ပါတယ်။ ပညာကို အဆုံးထိသင်တာကောင်းပါတယ်။ ပညာဆုံးခန်းမတိုင်တဲ့သူတွေကို နှစ်သက်ရာ အသက်မွေးပညာလေးတွေသင်စေချင်ပါတယ်။ လမ်းမှားမရောက်အောင်လဲ ဂရုစိုက်စေချင်ပါတယ်။ ။ စီးပွားရေး အဆင်မပြေရင်လဲ ရုန်းကန်ရပါတယ် ။ ဒုက္ခတွေများပါတယ်။

Q. အကိုတို့ ယောက်ျားလျာတွေအနေနဲ့ ကျန်းမာရေး ကုသမှုမှာရော အဆင်ပြေပါသလားဗျ။

A. ကျွန်တော်က နေမကောင်းတာ သိပ်မရှိပါဘူး။ ဖျားနာရင်လဲ ဆေးခန်းသွားချင်စိတ်မရှိပါဘူး။ လူတွေအမြင်မှာ ယောက်ျားလျာတစ်ယောက်ဆေးခန်းသွားရင် အထင်အမြင်သေးခံရပါတယ်။ သူတို့အမြင်က တစ်မျိုးမြင်ပါတယ် ။ အသေသာခံသွားပါမယ်။ အထင်သေးတော့မခံနိုင်ပါဘူး။ ဆေးခန်းမသွားပါဘူး။ ဆေးပဲဝယ်သောက်ပါတယ်။ ကျွန်တော်ကိုယ်တိုင်ကြုံခဲ့ဖူးပါတယ်။ ဘောလုံးကစားသမားဘဝက နဝတက ဆေးခန်းသွားခိုင်းတော့ ကျွန်တော်က မသွားခဲ့ပါဘူး။ ဆေးခန်းသွားရင် လူတွေရဲ့အထင်သေးမခံနိုင်ဘူးလို့ ပြန်ပြောတော့ဆရာက မင်းတို့အတွက်အားရှိအောင်အားဆေးထိုးဖို့ပါလို့ပြန်ပြောပါတယ်။ ကျွန်တော်ကလဲ အသင်းတာဝန်ရှိသူတွေ ဆေးခန်းကို ကိုယ်တိုင်လိုက်ပြပေးမှ သွားခဲ့တာပါ။

Q. ကျွန်တော်တို့ လိင်တူအသိုင်းအဝိုင်းမှာ ဘယ်လိုကူညီဖေးမမှုတွေ လုပ်ဆောင်ပေးပါသလဲဗျ။

A. ကျွန်တော်ကတော့ lisbean တွေကို အားပေးပါတယ် ယောက်ျားစိတ်ပေါက်နေတော့ မိန်မယူဖို့ အားပေးပါတယ်။

Q.အကို့အနေနဲ့ ခွဲခြားဆက်ဆံခံရမှုတွေ ကြုံလာတဲ့အခါ ဘယ်လိုများ ပြန်ဖြေရှင်းပါသလဲဗျ။

A.ကျွန်တော်ကတော့ ပြန်မဖြေရှင်းတတ်ပါဘူး။ ငါသာယောကျ်ားအစစ်တစ်ယောက်သာဆိုရင် အဲ့လိုအပြောမခံရဘူးလို့တော့ တွေးမိပါတယ်။ ဆဲတာဆိုတာ မရှိပါဘူး။ အနစ်နာခံပါတယ်။ ခုလက်ရှိတွဲနေတဲ့ ကောင်မလေးနဲ့ သူ့အသိုင်းအဝိုင်းနဲ့ အဆင်ပြေပါတယ် ။ သူမကလဲ သစ္စာရှိပါတယ်။ သူမက ကျွန်တော့်ကွယ်ရာမှာလဲ မဖောက်ပြန်ပါဘူး။ တစ်ယောက်နဲ့တစ်ယောက်နားလည်မှုတွေနဲ့ တည်ဆောက်ကြပါတယ်။ အကိုနဲ့အကို့ရဲ့ လက်တွဲဖော်အကြားမှာ ဘယ်လိုယုံကြည်မှုတွေနဲ့တည်ဆောက်ထားပါသလဲဗျ။ ယုံကြည်မှုဆိုတာထက် သူက ကျွန်တော့်ကို ယောကျ်ားတစ်ယောက်လို့ သက်မှတ်ပေးထားတယ် ။ ကျွန်တော်ကလဲ သူ့ကိုမိန်းမတစ်ယောက်လို သက်မှတ်ပေးထားပါတယ်။

Q. ပတ်ဝန်းကျင်ရဲ့ စောင်းမြောင်းမှုဒဏ်တွေရော ခံခဲ့ရပါသလားဗျ။

A. အဲ့လိုတော့မကြုံခဲ့ရပါဘူး။ ဒါပေမဲ့ ပတ်ဝန်းကျင်က ယောကျ်ားလျာယူမဲ့အစား ယောကျ်ားအစစ်ယူပါလား ပြောတဲ့အခါ ယောကျ်ားအစစ်မလိုချင်လို့ ယောကျ်ားလျာယူထားတာပေါ့ဆိုပြီး ပြန်ပြော ပါတယ်။ကျွန်တော်က ယောကျားလေးနဲ့ တန်းတူရှာကျွေးပါတယ်။ ခိုးမကျွေးပါဘူး။ ဝှက်မကျွေးပါဘူး။ လမ်းဘေးမှာချိုးကျုံးကြွေးရမယ်ဆိုရင်တောင် လုပ်ရဲပါတယ်။ အကို့အနေနဲ့ ခုခေတ်လူငယ်လေးတွေကို ဘာ အကြံပြုပြောချင်ပါလဲဗျ။ ကျွန်တော်တို့လို သစ္စာရှိပါ။ အနစ်နာခံပါ မရိုင်းစိုင်းကြပါနဲ့လို့ ပြောချင်ပါတယ်။

---

## ၂၇။ ဝတ်မှုန် (၂၈) ရန်ကုန်မြို့

ကျမအမည်ကတော့ ဝတ်မှုံပါ။ အသက်ကတော့ ၂၇ နှစ်ရှိပါပြီ။ ခုလက်ရှိကတော့ အိမ်ထောင်နဲ့ပါ။ သမီးလေးတစ်ယောက်ကိုတော့ မွေးစားထားပါတယ်။ ငယ်စဉ်ထဲက Gay တစ်ယောက်ဆိုတာ ကိုယ့်ကိုကိုယ် သတိထားမိခဲ့ပါတယ်။ မိဘတွေကိုတော့ ဖွင့်မပြောခဲ့ပါဘူး။ အသက် (၁၅၊၁၈) လောက်ကစပြီး မိန်းကလေးလို ဝတ်စားနေထိုင်ခဲ့ပါတယ်။ မိက်ကပ်လိမ်းစား ခဲ့ပါတယ်။ ခုလက်ရှိအိမ်ထောင်နဲ့က တွဲနေတာ (၈)နှစ်လောက်ရှိပါပြီ။ စားသောက်ဆိုင်မှာ စတွေ့ပြီး ချစ်ကြိုက်ခဲ့တာပါ။ အစကတော့ ဒီလောက်မြဲမယ်လို့ မထင်ခဲ့ပါဘူး။ ငယ်စဉ်ကတည်းက ချစ်သူရလာရင် တစ်သက်လုံးအတူနေမယ်လို့ ရည်ရွယ်ခဲ့ပါတယ်။

ပါတ်ဝန်းကျင်နဲ ့မိဘရဲ ့အပြောအဆိုကိုခံခဲ့ရပါတယ်။ အလုပ်ကိုကြိုးစားလုပ်ပြီး အဲ ့ပြဿနာတွေ ကိုရင်ဆိုင်ဖြေရှင်းခဲ့တယ် ။ ကိုယ်ဘက်ကရပ်တည်ချက်ခိုင်မာလာတဲ့အခါ တိုက်ခိုက်မှုတွေလျော့နည်း လာတယ်။ ကွယ်ရာမှာ


ကျမတို့စုံတွဲကိုမကောင်းပြောခံရပြီး ရန်ဖြစ်ခဲ့ရတာတွေလည်း ဘဝမှာ အကြိမ်ကြိမ်ရှိခဲ့ပါတယ်။ ဖိနှိပ်ရှုံ့ချမှုတွေကြောင့် စိတ်လိုက်မန်ပါ ဖြေရှင်းခဲ့ရတဲ့ အခြေအနေတွေလဲ ရှိခဲ့ပါတယ်။ အစတော့ လက်ခံပါတယ်။ နောက်ပိုင်းတော့ လက်မခံတော့ပါဘူး။ ကျမမိသားစုကလဲ သိပ်မကြည်ဖြူတော့ပါဘူး။ အဲဒီတော့ မကြိုးစားတော့ပဲ ကိုယ့်ခံစားချက်တိုင်းပဲ သတ္တိရှိရှိ နေလိုက်ပါတော့တယ်။ ကိုယ့်ဖာသာရပ်တည်ဖို့ အမျိုးမျိုးကြိုးစားခဲ့ဖူးပါတယ်။ အဆင်မပြေလို့ မိသားစုနဲ့ပဲပြန်နေရပါတယ်။ မိသားစုက ရှေးရိုးစွဲတွေပါ။ မိသားစုက ဗဟုသုတ မရှိဘူး။ ကျမကလိင်ကိစ္စကြောင့် ဒီလိုနေချင်တာမဟုတ်ဘဲ စိတ်ကိုက မိန်းကလေးလို နေချင်တာပါလို့ ရှင်းပြရပါတယ်။ ဒါပေမဲ့ လက်မခံခဲ့ကြပါဘူး။ လူအများက အခြောက်ဆိုရင် မကောင်းဘူးလို့ပဲ မြင်ကြတာပါ။ အဲဒီလိုလူအများရဲ့ အမြင်ကိုပဲ မိသားစုက လက်ခံပေးကြပြီး သားသမီးတစ်ယောက်ဖြစ်နေတဲ့ ကျမရဲ့ စိတ်ခံစားချက်ကို နားလည်မပေးကြပါဘူး။

ချစ်သူသက်တမ်း (၈)နှစ်တာ ကာလအတွင်းမှာ နားလည်မှုလွဲတာတွေ သဝန်တိုတာ တွေကြောင့် ခဏခဏရန်ဖြစ်ခဲ့ရပါတယ်။ ချစ်သူက ကျမကို အမှတ်တရပစ္စည်းတွေ အများကြီး လက်ဆောင်ပေးခဲ့ပါတယ်။ အဲဒီထဲကမှ ဒီနှုတ်ခမ်းနီတောင့်လေး (၂)တောင့်ကို အရမ်းတန်ဖိုးထားပါတယ်။ မိတ်ကပ်လိမ်းရာမှာလဲ အသုံးဝင်တယ်။ ကိုယ့်နှုတ်ခမ်းမှာလဲ အမြဲဆိုးဖြစ်ပါတယ်။ ကျမနဲ့သူ့ဘဝကို နားလည်မှုနဲ့ပဲတည်ဆောက်ထားပါတယ်။

မိတ်ကပ်လိမ်းတဲ့အလုပ်က ပညာသိပ်မပြည့်စုံသေးတော့ ကျမအတွက် အများကြီး အခက်ခဲရှိပါတယ်။ ကိုယ်ပိုင်ဆိုင်လေး ဖွင့်နိုင်အောင်တော့ ကြိုးစားနေပါတယ်။ အလုပ်တူ ဆိုင်တူတွေနဲ့ အပြိုင်အဆိုင် အမြဲကြိုးစားနေရပါတယ်။ တစ်ခါတစ်လေမှာ ကိုယ်လိမ်းပေးထား တာလေးက လှပေမဲ့ မလိုတဲ့သူတွေက မလှဘူးမကောင်းဘူးလို့ ပြောတာ အပုတ်ချတာမျိုးတွေလဲ ကြုံခဲ့ရဘူးပါတယ်။ အဲ့လိုမျိုးစိတ်ရင် စိတ်ထဲမှာလဲ မကောင်းဘူးပေါ့နော်။ ကိုယ်ပြင်ပေးတဲ့လူတွေ ကြားတဲ့အခါမှာလည်း ကိုယ့်ပညာကိုအပေါ်ကို ယုံကြည်မှုကင်းမဲ့သွားပါတယ်။ အဒီလိုမျိုးအခိုက်အတန့် တွေကအများကြီးခဏခဏကြုံဂုတယ်။

ကိုယ်ကိုတိုင်လည်း ငယ်ငယ်ကတည်းက ဘယ်သူ့ကိုမှမကြောက်ခဲ့ဘူး။ ကြောက်တာတွေဘာ တွေလည်းမရှိဘူး။ကိုယ်လိုချင်တဲ့အရာပဲဖြစ်ဖြစ်၊ကိုယ်လုပ်ချင်တဲ့ အရာ ပဲဖြစ်ဖြစ်ရဲရဲဝံ့ဝံ့ရင်ဆိုင်ခဲ့တယ်ပေါ့နော်။ သူတို့ကိုလည်း အဲ့လိုမျိုးလုပ်စေချင်တယ်။ ငယ်ငယ်ကတည်းက ရပ်ကွက်မှာ ကထိန်ပွဲပဲဖြစ်ဖြစ် ရှင်ပြုပွဲပဲဖြစ်ဖြစ် ကိုယ်တိုင်မိတ်ကပ်လိမ်းပြီး လိုက်ကတာတွေရှိတယ်။ မကြောက်ဘူးပေါ့နော်။

ဘယ်သူမှဂရုမစိုက်ဘူး။ ဘယ်သူဘာပြောပြော ဂရုမစိုက်ပါဘူး။ မိန်းမလိုဝတ်သွားတဲ့အခါ ဘေးပတ်ဝန်းကျင်က လှတယ် မလှဘူး ဝေဖန်တာတွေကို ခေါင်းထဲထည့်ထားနေစရာ မလိုပါဘူး။ ကိုယ်ဖြစ်ချင်တဲ့ ကိုယ်စိတ်ခံစားချက်ကိုပဲ ထည့်စေချင်ပါတယ်။ ကိုယ်ကလိင်တူကြိုက်ရင် ကြိုက်တယ်ဆိုတာကို ရဲရဲဝံ့ဝံ့ရင်ဆိုင်စေချင်ပါတယ်။ ကိုယ့်ကိုကိုယ် ဖုံးကွယ်နေရမယ့်အစား ထွက်ပြလိုက်တာက ပိုပြီးကောင်းတယ်လို့ မြင်ပါတယ်။ ပုန်းနေလို့ရှိရင် တစ်ချိန်ကြရင် ပေါက်ကွဲထွက် သွားနိုင်ပါတယ်။ အဲ့အတွက် ကိုယ့်လိုမျိုးပဲ ဖြစ်စေချင်ပါတယ်။ အခုဆိုရင် လှတာမလှတာအတွက် ဂရုမစိုက်တော့ဘူး။ သွားချင်တဲ့နေရာကို သွားတယ်။ ဝတ်ချင်တဲ့အဝတ်အစားရအောင်ဝယ် ဝတ်တယ်။ ကိုယ်လိုချင်တာရှိရင်လဲ ရအောင်တောင်းတယ်။ ဘာပဲဖြစ်ဖြစ်ကိုယ့်စိတ်ခံစားမှု့ ကိုယ်ဟာ လိင်တူစိတ်ဝင်စားတဲ့ လူတစ်ယောက်ဖြစ်တဲ့ အတွက်ရင်ဆိုင်စေချင်တယ်။ တစ်ချို့ ကျတော့ရင် မဆိုင်ရဲကြဘူးလေ။ သူများကဲ့ရဲ့မှာကို အမျိုးမျိုးကြောက်နေရတဲ့ လူတွေလည်းရှိပါတယ်။ ကိုယ်ကတော့ အဲလိုမျိုးစိတ်ထဲမှာ ငယ်ငယ်တည်းက မရှိပါဘူး။ ကိုယ့်ကိုရပ်ကွက်ထဲက အခြောက်တစ်ယောက် ပါလို့ ရှုံ့ချလည်းပဲ ကိုယ်ဂရုမစိုက်ပါဘူး။ တစ်ခါတစ်လေတော့ ရန်ဖြစ်တာတွေလဲ ရှိတယ်လေ။ အဲဒီအခါကျရင်တော့ မသိမသာနဲ့ ခေါင်းမော့ပြီး တော့ သွားလိုက်တယ် ။အဲ့ဒီလို ရင်ဆိုင်ဖြေရှင်းရတာတွေ အများကြီးပါပဲ။




ကိုယ်တိုင်ရွေးချယ်တဲ့ ဆုံးဖြတ်ချက်နဲ့ ပက်သက်ပြီးတော့ နောင်တတော့ မရခဲ့ပါဘူး။ ယောကျ်ားတစ်ယောက်အတိုင်းရှိနေမယ်ဆိုရင်တော့ အဆင်ပြေမလားဆိုတာ မသိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ယောကျ်ားလေးလိုလဲ ခဏခဏ ပြောင်းဝတ်နေဖူးပါတယ်။ အခု (၁၇ )နှစ်ကနေ (၂၇) နှစ်ဖြစ်လာပြီပေါ့နော် ၁၀နှစ်ရှိသွားပြီ ဒီအတောအတွင်း ဆံပင်ရှည်ကြီးလဲထားဖူးတယ် ပြီးတော့ တိုတိုလေးလဲညှပ်ခဲ့ပြီး ယောကျ်ားလေး ပုံစံလဲ နေခဲ့ဖူးပါတယ်။ ဒါပေမဲ့ ဘယ်လိုမှ ကိုယ်နဲ့ မလိုက်ဘူးလို့ထင်ပါတယ်။ အဆင်မပြေဖူးလို့ဘဲ ထင်တယ်။ ကိုယ်က ငယ်ငယ်ထဲက ယောကျ်ားလေးလိုဝတ်လာခဲ့ပေမဲ့ ဒီ ၁၀နှစ်ထဲမှာ ကိုယ်က မိန်းမလိုပဲ ဝတ်လာတာဆိုတော့ မိန်းမလိုဝတ်တာက ပိုလိုက်တယ်လို့ထင်ပါတယ်။ ဒီ အဝတ်အစားတွေ ကိုလည်း တောင့်တပါတယ်။ ကိုယ်ဝယ်ထားတဲ့ အဝတ်အစားတွေ ဆိုလဲ ကိုယ်နဲ့ ဘဝတူထဲက အဆင်မပြေသူတွေကို ပေးလိုက်တာပါဘဲ။ အဲလိုပေးလိုက်ပြီးရင်လဲ နမြောလိုက်တာဆိုတဲ့ စိတ်တော့ မရှိပါဘူး။ နောင်တတွေဘာတွေလဲ မရဖူးဘူး။ တခါတလေ ငါယောကျ်ားလေးပုံနေရင် ရပ်ကွက်ထဲက လူတွေက ဘာပြောမလဲ ၊ အမှန်တော့ ယောကျ်ားလေးပုံနေလဲ ပြောချင်တာပြောမှာပါဘဲ။ ကိုယ့်ရဲ့ စိတ်ကိုယ်က နွဲ့နေတဲ့ အတွက် သူတို့တွေရဲ့ ပြောဆိုမှူ့ကရပ်မသွားပါဘူး။ အဲတော့ ပြောချင်တာ ပြောပါစေ

နေချင်သလိုနေလိုက်ပါတယ်။ အမုန်းဆုံးကတော့ အခြောက်လို့ခေါ်ရင် အမုန်းဆုံးပါဘဲ။ ကျန်တာကတော့ ကိုယ့်နာမည်ပဲ ထုတ်ခေါ်ခေါ် ၊ ကိုယ့်ထက်ငယ်တဲ့ လူတွေကလဲ နာမည်အရင်း ခေါ်တာတွေရှိတယ်လေ။ အဲ့လိုကျတော့ လဲ အမပေါ့။ ကိုယ်နဲ့ ရင်းနှီးတဲ့ ငယ်ငယ်ထဲက ကိုယ်ထိမ်းလာတဲ့ ကလေးတွေက ကိုယ့်ကိုစထိ အကိုကြီးခေါ်တာတော့ ရှိပါတယ်။ ခေါ်ချင်သလိုခေါ်ပေါ့နော်၊ အခြောက်လို့ခေါ်တာတော့ မကြိုက်ပါဘူး။ အဲ့လိုတွေလှောင်ပြောင်ပြီးမခေါ်ရင် ကျေနပ်ပါတယ်။ ယဉ်ကျေးတဲ့ အသုံးအနှုန်းလေးတော့ သုံးစေချင်ပါတယ်။ ဒါပေမဲ့ မိန်းမလို ပဲ ဝတ်စားတော့ အမခေါ်တာကတော့ အဆင်ပြေဆုံးပါပဲ။

---

## ၂၈။ ပိတ်ပိတ် (၂၄) ပြည်မြို့

Q: မင်္ဂလာပါ။ နာမည်ရယ်၊ လိင်စာရယ်၊ အသက်ရယ်၊ အလုပ်အကိုင်ရယ် မိတ်ဆက်ပေးပါဦး။

A: ကျွန်တော့်နာမည် ပိတ်ပိတ်ပါ။ အလုပ်က အခုပွဲရုံမှာ စာရေးလုပ်တယ်။ အသက်က ၂၅ပါ။

Q: လိင်စိတ်ခံယူမှုအပေါ်ဘယ်လို သတ်မှတ်ထားလဲဗျ။

A: ကိုယ့်ကိုယ်ကို ယောကျ်ားတစ်ယောက်လိုပဲ သတ်မှတ်တယ်။ Tomboyလိုမျိုးလဲမဟုတ်ဘူး။ တကယ့် ယောကျ်ားစစ်တစ်ယောက်လိုပဲ နေချင်တာ။

Q: ကိုယ့်ကိုယ်ကို ဘယ်ထဲက အဲလိုစိတ်ရှိတယ်ဆိုတာ သိခဲ့တာလဲဗျ။

A: ငယ်ငယ်ထဲက စိတ်ရှိခဲ့တာပေါ့။ အဖေက ငယ်ငယ်ထဲက ယောကျ်ားလေးအကျီ င်္ပဲဆင်ပေးတယ်။ မိန်းကလေး အကျီ င်္ဝတ်လိုက်ရင် ငိုပြီ။ လေး၊ငါးတန်းလောက်ထဲက မိန်းကလေးလို မဝတ်ဘူး။ အထက်တန်းကျောင်းရောက်တော့ အဆင်မပြေတော့ဘူး။ တနင်္လာနဲ့ သောကြာ ရင်ဖုံးအကျီ င်္ဝတ်ရတယ်။ ဝတ်တယ် အပေါ်ကရှပ်အကျီ င်္နဲ့သွားတယ်။ ငါးတန်းလောက်ထဲက အဲလို မိန်မအကျီ င်္တွေလာဝတ်ပေးရင် မနေတတ်ဘူး။ နောက်ဆုံးကြ သိလိုက်တာ ကိုယ်ကဒီ ယောကျ်ားလေး ဘဝနဲ့ပဲနေချင်တာဆိုပြီး ၆တန်းလောက်ထဲကစနေတာပေါ့။

Q: အဲလိုသိတဲ့အချိန်မှာ ဘေးပတ်ဝန်းကျင်က ဘယ်လိုမျိုးဆက်ဆံတာရှိခဲ့လား။

A: အရမ်းကြီးတော့ မရှိပါဘူး။ ငယ်ငယ်ထဲက ယောကျ်ားလေးလိုပဲနေတာဆိုတော့ အကုန်လုံးက Tomboyဖြစ်မယ်ဆိုတာသိတယ်။ ဆရာမတွေ မာန်တာတော့ ခံရတာတော့ရှိတာပေါ့။

Q: ဆရာမက ဘယ်လိုမျိုးစကားလုံးတွေနဲ့ မာန်လဲ။

A: အဲဒီတုန်းက ကျွန်တော်က ၈တန်း၊ ကျောင်းတုန်းက အဲလောက်ကြီး ကျားကျားယားယား မနေခဲ့ရဘူး ဆံပင်အထောင်တွေလဲမလုပ်ရတော့ အီမိုကေပဲပေါ့။ အဲဒီတုန်းက Tomboy အစ်ကိုကြီးတွေရှိတာပေါ့နော်။

သူတို့နဲ့ ကျွန်တော်နဲ့က ဘော်ဒါလိုပဲ အမြဲတမ်းကျောင်းဆင်းချိန်ဆို လက်ဖက်ရည်ဆိုင်ထိုင် နေကြပေါ့။ ဆရာမက အဲဒီကျောင်းလမ်းကြားထဲမှာ တွေ့သွားတော့ သူ့စာသင်ချိန်ကြတော့ သူက တချို့က စလောင်းဖုံးချင်း လက်ခုတ်တီး နေတယ်လို့ ပြောတယ်။ အဲဒါနဲ့ ကျွန်တော်က စလောင်းဖုံးချင်း လက်ခုတ်တီးရ အောင် ကျွန်တော့်စိတ်ကို ဆရာမနားလည်လို့လား ကျွန်တော်က မိန်းမစိတ်မရှိဘူး။ ဘော်ဒါလိုတွဲတာလို့ စိတ်ပေါက်သွားလို့ သူ့ကိုပြန်ပြောမိလိုက်တယ်။ ဆရာမ တီးဖူးလို့လားလို့ အဲလိုစလောင်းဖုံးကိုလို့ ပြောမိလိုက်တယ်။

Q: အဲလိုနောက်ပိုင်းကော တခြားခွဲခြားတာကောကြုံခဲ့ဖူးလား။

A: အဲလို အရမ်းတော့ မကြုံခဲ့ရဘူး။ အမေကတော့ လက်ခံတယ်။ အဖေရော အမေရော ကျွန်တော့်ကို ဘာမှမပြောဘူး။ ကိုယ်နေချင်သလိုနေ အရေးကြီးတာ ကိုယ့်ဘဝကိုရပ်တည်နိုင်အောင်လုပ်၊ ဒါပဲရှိတာ။ အမေဆို ပုဆိုးတွေကအစ ကျွန်တော့်ကို ဝယ်ပေးတာ။ မင်္ဂလာဆောင် အလှူတွေသွားရင် ပုဆိုးဝတ်၊ ကျွန်တော့် မိသားစုတွေက ကျွန်တော့်သဘောအတိုင်းပါပဲ။ အစတုန်းက ကျွန်တော်က နဲနဲဆိုးတယ်။

Q: ကိုယ့်ကိုယ်ကို ဘယ်လိုလုပ်ရပ်ကြောင့် ဆိုးတယ်လို့ဝေဖန်လိုက်တာလဲခင်ဗျ။

A: ကျွန်တော်က ကျောင်းတောင် ပထမနှစ်ပဲရှိသေးတယ် မအောင်ဘူး။ externalလဲ မအောင်ဘူး။ ဒီ PU ထဲ မရောက်ခင်ထဲက PU ထဲက Tomboyဆိုးဆိုးတွေနဲ့ ခင်ပြီးတော့ တက္ကသိုလ်မတက်ခင်ထဲက ကျောင်းထဲမှာရောက်နေပြီ။ အဲဒါကြောင့် ပထမနှစ်စတက်တော့လဲ ဘာမှပြောင်းလဲမသွားဘူး။ ဆိုးတယ်ဆိုတာ ကျွန်တော်က ယောကျ်ားတွေနဲ့ ရန်ဖြစ်တယ်။ စော်ကိစ္စနဲ့ပေါ့။ ရဲစခန်း ရောက်တယ်။ နောက် ရပ်ကွက်ထဲမှာ ဘောပြားလို့စရင် ဆပ်ဆပ်ထိမခံဘူး။ ကျွန်တော်က ပြန်ပြောတယ်။ တောက်လျှောက် ပြဿနာတက်တယ်။ Fatherကြီးက လိုက်ရှင်းပေးမယ် ခံမလာခဲ့နဲ့လို့ပြောတယ်။ နောက်ပိုင်းသူလဲ မပြောနိုင်တော့ဘူး။ ခဏခဏ များနေတော့။ ဆိုးတာကတော့ ကျွန်တော် စာလဲမကျက်ဘူး။ ဒါပေမဲ့ ၁၀တန်းတော့ စိတ်ထိန်းပြီး ၂လလောက် အလိုမှာ မစား မအိပ်ပဲ စာအုပ်ပုံထဲမှာ စာပဲကျက်နေတော့တယ်။ စာမေးပွဲအောင်တော့ တက္ကသိုလ်တက်တယ်။ တက္ကသိုလ်ရောက်တော့ ဆိုးသွားတာ။ စာမေးပွဲလဲမအောင်ဘူး။ မိန်းမတခါတည်းရသွားတာ။

Q: ပတ်ဝန်းကျင်ကစတယ်ပြောတယ်။ ဘယ်လိုမျိုးတွေ စလဲ။

A: ဘောပြားပေါ့။ ဟိုမရောက်ဒီမရောက် ဒါပဲစတယ်။ အစတုန်းက ပြန်ပြောတယ်။ အခုနောက်ပိုင်းကြ မပြောတော့ဘူး။ သူ့ဘာသာ စချင်စ မစချင်နေ။ ပထမတုန်းကတော့ ငယ်သေးတော့ မခံနိုင်ဘူး။ ပြန်ပြောတယ်။ ကျောင်းတုန်းကဆို ကန်တင်းရှေ့ကဖြတ်ရန်

ဘရိတ်ဒါးတွေလာပြီဆို မင်းအမေကို ခွဲနေလို့လား အဲဒီ့ထက် ရိုင်းတာတောင်ပြန်ပြောတယ်။နောက်ပိုင်း မစတော့ဘူး။ တချို့ ကျွန်တော့်ထက်ငယ်တဲ့ tomboy ကောင်လေးတွေဆို ကန်တင်းရှေ့မဖြတ်ရဲလို့ ကျွန်တော့်ကိုလိုက်ခဲ့ပါဦးဆိုပြီး ပြောတယ်။ ကျွန်တော်က စွာလို့ ပြန်ပြန်ပြောလို့ပေါ့။ နောက်ပိုင်းကြပြန်မပြောတော့ဘူး။ သူ့ဘာသာပြောချင်တာပြော။ ကိုယ့်ကိုယ်ကို ယောကျ်ားလို့ သတ်မှတ်ထားလို့ ဘောပြားဆိုတာ ကျွန်တော့်ကို ပြောတာမဟုတ်ဘူး။ ဒီလိုပဲနေလိုက်တယ်။

Q: ငယ်ငယ်တုန်းကတော့ လူငယ်သဘာဝ စိတ်လွတ်ကိုယ်လွတ်နေခဲ့တယ်။ အသက်ကြီးလာတော့ ဘယ်လိုမျိုး အတွေးတွေနဲ့ ကိုယ့်ကိုယ်ကို ပြောင်းလဲပစ်လိုက်တာလဲ ခင်ဗျ။

A: ပတ်ဝန်းကျင်ကြောင့်လဲပါတယ်။ ငယ်ငယ်တုန်းကတော့ ဘောပြားပဲသတ်မှတ်ထားတယ်။ ကြီးလာတော့ ကိုယ့်ရဲ့ နေထိုင်မှုပေါ်မှာရော ကိုယ့်လုပ်ရပ်အပေါ်မှာကော သူတို့က နဲနဲတော့ လေးစားသွားတာပေါ့။ ကျွန်တော်က ပြန်မပြောတော့ဘူး။ တည်တည်တံ့တံ့ပဲနေတယ်။ အသိတွေလဲ ရှိရှိသေသေပဲနှုတ်ဆက်တယ်။ လေးစားရမဲ့သူဆို လေးစားတယ်။ အဲဒါတွေကြောင့် အဲလောက်ကြီး ပတ်ဝန်းကျင်ကမပြောတော့ဘူး။ ပြဿနာမဖြစ်အောင်လဲ အနည်းဆုံးနေတယ်။ အဲဒါကြောင့် တော်ရုံတန်ရုံလဲ အထင်မသေးတော့ဘူးပေါ့ဗျ။ အလုပ်လုပ်နေတော့ လူအထင်ကြီးတယ်။ ငယ်ငယ်တုန်းကတော့ ပျောက်သွား နေတော့ ပတ်ဝန်းကျင်ကြောင့်လဲပါမှာပေါ့ဗျာ။

Q: အချစ်ရေးကြောင့်ရော ဆိုင်လားခင်ဗျာ။

A: ပထမနစ် ကျောင်းစတက်တော့ သူကဆံပင်အရှည်ကြီးနဲ့ အရမ်းလှတယ်။ ကျွန်တော်က Particle အချိန်ပဲလာတယ်။ သူက Lecture အချိန်တွေကောလာတယ်။ အဲဒီ့တုန်းက ကျွန်တော်က စာအုပ်မပါလို့ သူကထုတ်ပေးရင်းနဲ့ ခင်ရော။ သူ့ကကျွန်တော့်ကို အစောကြီးထဲကသိတယ်။ ကျွန်တော်ကမသိဘူး။ ခင်သွားတော့ နောက်ရက်တွေကြ သူ့ဘက်ကလဲ ရေလာမြောင်းပေးလုပ်တော့ ရည်းစာဖြစ်သွားရော။ သုံးနှစ်တောင်ကြာတယ်။ သူနဲ့ဆို အိမ်ကလဲချစ်တယ်။ ကျွန်တော့် အချစ်ဦးပေါ့ဗျာ။ နောက်ပိုင်းကြ ကျွန်တော့်ကို အရမ်းချုပ်ချယ်တာ။ ဆေးလိပ်မသောက်ရဘူး။ အရမ်းသဝန်တိုတာ။ နောက်ပိုင်းကြ သူက ဘဏ်မှာ အလုပ်ရသွားတော့ ခွဲနေမှုဖြစ်မယ်ဆိုပြီး သူ့သိက္ခာလဲရှိသေးတော့ သူ့အိမ်ပြန်နေတာပေါ့။ တစ်နေ့ကြ ကျွန်တော်က သူ့ကိုကျောင်းသွားဖို့ မနက် ၆ နာရီ ခွဲလောက်လာခေါ်မယ်ဆိုပြီး ကျွန်တော်သွားခေါ်တော့ သူက ကျွန်တော့်ကို ပြောမသွားပဲ သူ့အိမ်က သူငယ်ချင်းတစ်ယောက်နဲ့သွားပြီလို့ ပြောတော့ ကျွန်တော်လဲ သူငယ်ချင်းပေါ့ အေးဆေးပဲဆိုပြီး မနက်စာသွားစားဖို့သွားတော့ သူနဲ့တွေ့တယ်။ ကျွန်တော်က ဘာဖြစ်တာလဲ

ငါ့ကိုတောင်သေချာမပြောဘူး လို့ပြောတော့ သူက နင်နဲ့ငါဘာဆိုင်လဲတဲ့ အဲဒီ့ကောင် ရှေ့မှာထပြောတယ်။ အဲဒီ့မှာ ကျွန်တော့်ဘဝက တစ်ဆစ်ချိုးသွားတာ။ ကျွန်တော်က အရင်ကသူ့စကားဆိုနားထောင်တယ်လေ။ အရက်တောင်မသောက်တတ်ဘူး။ ဆေးလိပ်ပဲသောက်တာ။ စင်တင်တွေ ကာရာအိုကေတွေမသွားတတ်ဘူး။ သူက အဲလိုပြောပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော် စိတ်တွေချုပ်တည်းထားသမျှ လွှတ်ပေးလိုက်တယ်။ KTVတွေ စင်တင်တွေ အကုန်သွားတာ။ သွားပြီးတော့ အစ်မကြီးတစ်ယောက်နဲ့ သူ့ရှေ့မှာတွဲပြတယ်။ နောက်တော့ သူ့အမှားကိုသူသိပြီးတော့ ပြန်တောင်းပန်တဲ့အချိန်မှာ ကျွန်တော်ကမရတော့ဘူး။ သောက်စားပြီးတော့ အဲလိုဖြစ်သွားပြီ။ နင့်စကားကြငါနားထောင်တယ်။ ငါ့ကြအဲလိုလုပ်တယ် မရတော့ဘူးဆိုပြီး သူရယ်လို့ မဟုတ်ဘူး တစ်ယောက်ထဲမဟုတ်ဘူး အကုန်တွဲပြမယ်ဆိုပြီး ရွဲ့ပြီးလုပ်ပြရင်းနဲ့ အဆင်မပြေဖြစ်ပြီး ကွဲသွားတယ်။ ကွဲပြီးနောက် သူ့ နောက်ရည်းစားတစ်ယောက်နဲ့ ကျွန်တော်နဲ့ရန်ဖြစ်တယ်။ အဲဒီ့ တစ်ယောက်နဲ့ ကျွန်တော်နဲ့က သူငယ်ချင်းတွေ။ ရန်ဖြစ်တာက ကျွန်တော်အရင်ရန်သွားစတာမဟုတ်ဘူး။ ကျွန်တော် သူ့အိမ်ရှေ့ကဖြတ်သွားတော့ သူတို့နှစ်ယောက် စကားပြောနေတာတွေ့တော့ မိုက်တယ်ကွာ၊ စော်တွေများ

သာယာတယ် ၁၀နာရီခွဲ ၁၁နာရီတောင် မပြန်ရသေးဘူးလို့ ကျွန်တော်ရှေ့ကသူငယ်ချင်းကို လှမ်းပြောလိုက်တယ်။ အဲဒါနဲ့သူက လိုက်လာပြီး ပြဿနာလာရှာတယ်။ မင်းတို့က ရန်ဖြစ်လဲ လျော်ကြေး ပေးရဦးမယ် လို့ပြောတော့ ကျွန်တော်က အဲဒါဆိုလဲမဖြစ်နဲ့လေ မင်းသွားတော့ လို့ပြောတော့ သူက ကျွန်တော့်ကို အရင်တွန်းပစ်လိုက်တယ်။ အဲဒါနဲ့ ကျွန်တော်က သူ့ကိုခဲနဲ့ထုပလိုက်တယ်။ သူကကျွန်တော်ကို ပြန်ထိုးလိုက်တာ လက်စွပ်နဲ့ခြစ်မိသွားပြီး သွေးထွက်သွားတယ်။ သွေးထွက်သွားတော့ ရဲစခန်းရောက်သွားတယ်။ ဆွဲကြိုးပါ ပြုတ်ထွက်သွားတယ်။ ကျွန်တော်လဲ လျော်ကြေးပြန်တောင်းတယ်။ ရဲစခန်း ကြတော့ သူက ကျွန်တော်အရင်ရန်လာစတာလို့ပြောတော့ ရဲကသူဘာသာဘယ်လိုနေနေ တကယ်အမှုဖြစ်ရင် မိန်းကလေးပဲ လက်ညှိုးနဲ့ထိတာတောင် တရားစွဲလို့ရတယ်လို့ပြောတယ်။ ပထမတော့ လျော်ကြေးတောင်းတော့ မရဘူး။ ခံဝန်ကတိပဲထိုးခိုင်းပြီး သူ့ကို ကျွန်တော်က တောင်းပန်ခိုင်းလိုက်တယ်။ မနက်ကြမှ ဆွဲကြိုးမရှိမှန်း သိတော့ လျော်ကြေးတောင်းလိုက်တာ ရတယ်။ နောက်ပိုင်းကြ လမ်းတွေ့ရင် ကျွန်တော့်ကိုကြည့်တောင်မကြည့် ရဲတော့ဘူး။

Q: အခုကြတော့ သူကအိမ်ထောင်တွေကျ ကလေးတွေရသွားပြီပေါ့။

A: ကျွန်တော်က အခုချိန်ရင့်ကျက်သွားသလိုမျိုးပေါ့။ ရင့်ကျက်တာလဲ ဟန်ဆောင်ခြင်းတမျိုးပါပဲ။ ဒါပေမဲ့ တစ်ခါတစ်လေတော့ သတိရတာပေါ့။

သုံးနှစ်တောင်ပေါင်းလာတာ။သံယောဇဉ်ရှိတာပေါ့။ ခွေးနဲ့ကြောင်တောင် အတူနေရင် သံယောဇဉ်ရှိသေးတာ။

Q: သူနဲ့တွေ့ပြီးနောက်ပိုင်းမှာကော တခြားအချစ်ရေးနဲ့ပတ်သက်တဲ့ ဇာတ်လမ်းတွေထပ်ဖြစ်မလာ တော့ဘူးလား။

A: မဖြစ်ဘူး။ သူမှသူပဲ။ သူကလဲ အရမ်းလှတာကိုး။ မျက်ခုံးမွေးကထူထူ ဆံပင်အရှည်လေးနဲ့။ တခြားလူတွေ စိတ်ထဲကို မရှိတော့တာ။ သူ့ဆို ဘဏ်မှာလုပ်နေတော့ ညနေသွားကြိုလို့နောက်ကျရင် စိတ်ဆိုးမှာစိုးလို့ စိုးရိမ်ရ။ ကျွန်တော့်မှာ ညီမရှိတယ်။ ညီမကလဲ အဲဒီ့အချိန်မှာ ၁၀တန်း။ တခါတလေကျ ညီမကိုသွားကြိုတဲ့ အချိန်နဲ့ သူ့အချိန်နဲ့တိုက်နေရင် ဘာလုပ်ရမှန်းကိုမသိဘူး။ ညီမကိုသွားကြိုရင်သူက ညီမကိုပိုချစ်လို့လား ဆိုပြီး အဲလိုလာတာ။ တခြားလူဆို မိန်းမမြင်ရင်ကို မကြည့်ချင်တော့ဘူး။ သူလဲအဲဒီ့အချိန်မှာ ကိုယ်မှကိုယ်ပဲ။ အရမ်းကို သဝန်တိုတယ်ပေါ့။ အခုချိန်မှာတော့ သတိရတာပဲရှိတော့တယ်။ ဒါပေမဲ့ သောက်ထားတဲ့အချိန် ဆိုရင်တော့ နံနဲတော့မျက်ရည်ကျမိတာပေါ့။ တကယ်ကိုယ့်ဘဝမှာ မိန်းမဆိုသူပဲရှိခဲ့တာကိုး။ အရမ်းလဲချစ်တယ် အရမ်းလဲ ဂရုစိုက်တယ်။ အရမ်းလဲ သဝန်တိုတယ်။ သူ့လောက်ကောင်းတဲ့ မိန်းမတော့ရှိမှာ မဟုတ်တော့ဘူး။

Q: နောက်ထပ် ထပ်တွေ့လာမယ်လို့ မထင်တော့ဘူးလား။

A: မထင်တော့ဘူး။ ကျွန်တော်သာပဲ ရှချင်လို့ထပ်ပြီးရှာလိမ့်မယ်။ ဒါပေမဲ့ သူ့ထက်ကောင်းတဲ့ မိန်းမတော့ မရှိတော့ဘူး။

Q: တကယ်လို့ ကိုယ့်ဘဝမှာ အဖြစ်ချင်ဆုံး စိတ်ကူးယဉ်အိမ်မက် မိသားစုဘဝပဲဖြစ်ဖြစ် ရှိရင်လဲ ပြောပြပေးပါဦး။

A: ကျွန်တော့် စိတ်ကူးယဉ်အိပ်မက်ထဲမှာတော့ မိန်းကလေးတစ်ယောက်ပေါ့ဗျာ အရမ်းအချမ်းသာကြီး မဟုတ်တောင် ကိုယ်ပိုင်အလုပ်နဲ့ပေါ့။ မိဘအိမ်မှာလဲမနေချင်ဘူး။ ကိုယ်ပိုင်အလုပ်နဲ့ တိုက်ခန်းလောက်ဖြစ်ဖြစ် နဲ့ပေါ့ ကိုယ့်ကိုတကယ်ချစ်တဲ့သူ ကိုယ်လဲတကယ်ချစ်တဲ့သူနဲ့ သက်သောင့်သက်သာနဲ့ အတူနေချင်တယ်။

Q: နောက်ပိုင်းကြရင်ကော ကိုယ့်ဘဝအတွက်ဆေးပေးမီးယူ ဘဝလက်တွဲဖော်ရှိဖို့ကော စိတ်ကူးထားတာရှိလား

A: ရှိတော့ ရှိတယ်။ ဒါပေမဲ့ ကျွန်တော်က ချေးများတယ်။ ကိုယ့်ကို အရမ်းဂရုစိုက်တဲ့သူဆို ကျွန်တော်က သိပ် feelမလာတော့ဘူး။ ကိုယ်က အသေကြွေတဲ့သူကိုပဲ လိုချင်တာ။ ဒါပေမဲ့ အဲဒါက စိတ်ကူးပါ။ တကယ့်စိတ်ကူးက ပိုက်ဆံရှာဖို့ပဲသိတော့တယ်။ အချစ်တွေဘာတွေ အဲလောက်ကြီးမလုပ်ချင်တော့ဘူး။

Q: အခု အလုပ်နဲ့ ပတ်သက်ပြီး လုပ်ငန်းပိုင်းမှာတွေ့တဲ့အခက်အခဲတွေရှိလား။ နောက်ပိုင်းကြ

ကိုယ့်စီးပွားရေး ကိုယ့်အလုပ်ကို ဘယ်လိုဆက်လျှောက်သွားမယ်လို့ စဉ်းစားထားလဲ။

A: အလုပ်ကတော့ ပွဲရုံဆိုတော့ အေးဆေးပါပဲ။ ဘောစိကလဲ အေးဆေးပဲ။ ကျွန်တော့်ကိုလဲ ယောကျ်ားတစ်ယောက်လိုပဲဆက်ဆံတယ်။ သူ့ဆေးလိပ် ကွမ်းကအစ ကျွေးတယ်။ တခါတလေကျ သူဆိုင်ထိုင် နေရင် ဘီယာတွေက

အစ ဝယ်ပေးတယ်။ အလုပ်မှာတော့ သောက်လို့မရဘူးပေါ့ဗျာ။ ဒါပေမဲ့ ကိုယ့်ဘဝက ဒီအတိုင်း ရပ်နေလို့မရဘူးလေ။ ဒီထက်ပိုပြီးအောင်မြင်တဲ့အလုပ်တော့ ရှာရမှာပေါ့။ ဒါပေမဲ့ အလုပ်တစ်ခုက ပညာရတာချည်းပါပဲ။ အခုဆန်ပွဲရုံလုပ်နေတာကနေ လုပ်ငန်းကျွမ်းသွားရင်တော့ အိမ်မှာဆန်စက်ပြန် ထောင်မယ်။ အဲဒါမှ မဖြစ်ဘူးဆို ကျွန်တော် ဖုန်းပြင်တာဖြစ်ဖြစ် Photoshop ဖြစ်ဖြစ်တက်ပြီး ဆိုင်ဖွင့်ချင်တာ။ ရည်ရွယ်ချက်ကတော့ရှိတယ်။

Q: အခုလောလောဆယ်အထိ မိသားစုနဲ့ ပတ်သက်ပြီး ကိုယ်တာဝန်ယူနေရတဲ့အပိုင်းတွေရှိလား။ ဒါမှမဟုတ် ကိုယ်တာဝန်ယူတဲ့အပိုင်းမရှိသေးဘူးဆို နောက်ပိုင်းမှာ ဘယ်လိုတာဝန်ယူဖို့ အစီအစဉ်ရှိလဲ။

A: မိသားစုမှာဆို ကျွန်တော်တာဝန်ရှိတဲ့လူပဲဖြစ်ချင်တယ်။ မိသားစုကို အရမ်းတာဝန်ယူချင်တာ။ ဘာလို့လဲဆိုတော့ ကျွန်တော့ အဒေါ်တွေနဲ့ အဖေနဲ့က စီးပွားရေးစပ်တူလုပ်တယ်။ ကျွန်တော့်အဖေက လှည်းပတောင်း - လှည်းဘီးဝင်ရိုးတံ လုပ်တယ်ပေါ့။ အဖေမရှိရင် ဘယ်သူမှအမွေဆက်ခံမဲ့သူမရှိတော့ဘူး။ အဲဒီ့အတွက် ဟိုဘက်ကမိသားစုကော စီးပွားရေးကြပ်မယ်။ အဖေကလဲ သိပ်မလုပ်နိုင်တော့ဘူး။ ကျွန်တော်က အဲဒီ့အလုပ်ကို လုပ်ချင်တယ်။ အဲဒီ့အလုပ်လုပ်နိုင်ရင် ကျွန်တော် အမေရော အဖေရော မိသားစုရော အကုန်လုံး ကိုလုပ်ကျွေးရာရောက်တယ်။ အခုလောလောဆယ် အဖေကလုပ်ငန်းခဏရပ်ထားတယ်။ မိုးတွင်းဆိုသိပ်မလုပ် ရဘူး။ ဆောင်းတွင်းတို့ နွေတို့မှ လုပ်ရတယ်ဆိုတော့။ အဖေ့ဆီက အဲဒါလဲသင်ချင်တယ်။ အဲဒါရရင် အဒေါ်တွေ ကိုလဲ လုပ်ကျွေးလို့ရတယ်။ ဘာလို့လဲဆိုတော့ ငယ်ငယ်ထဲက အဒေါ်တွေလက်ပေါ်မှာနေခဲ့ရတယ်။ အမေနဲ့ အဖေနဲ့ဆီမှာ သိပ်မနေရဘူး။ မနေရဘူးဆို ကျွန်တော်က ပြည်မှာပဲနေတာ။အဖေနဲအမေက အုတ်ဖိုဘက်မှာ နေတာ။ ကျောင်းပိတ်ရင် ပြည်ပဲလာနေတာ။ အဒေါ်တွေကလဲ အရမ်းချစ်တယ်။ ကျွန်တော်ဆိုးသမျှကို အဒေါ်တွေက ပိုခံရတယ်။ အခုအလုပ်လုပ်နေတော့ ညီမကိုတော့ တတ်နိုင်သမျှထောက်ပံ့တယ်။ ညီမကို မျက်နှာမငယ်စေချင်ဘူး။ အမေ့ကို လကုန်ရင် ပစ္စည်းတွေဝယ်ပေး။ အများကြီးတော့ မတတ်နိုင်ဘူးပေါ့။ အဖေကလဲ ကျွန်တော့်ကို အလုပ်လုပ်တာ စိတ်ပင်ပန်းရင်မလုပ်နဲ့လို့တော့ပြောတယ်။ အဲဒီ့အလုပ်က

တစ်ခါတစ်ခါကျ ၁၀နာရီခွဲ ၁၁နာရီအထိနောက်ကျတာကိုး။ ကျွန်တော်ကတော့ ရတယ်။ အရင်တုန်းက ဆိုးခဲ့တာကိုး။ ဆွဲကြိုးတွေဆို ပိုက်ဆံမရှိရင်ပေါင်စားတာ။ အဲလိုဆိုးတဲ့ဒဏ်တွေ မိသားစုတွေစိတ်ဆင်းရဲသမျှ အခုချိန်မှာ အများကြီးမဟုတ်တောင် ပြန်ပေးဆပ်ချင်တယ်။

Q: အခုချိန်မှာ ကိုယ်နဲ့ဘဝတူသူငယ်ချင်းတွေနဲ့ ဘယ်လိုနေရာတွေမှာဆုံဖြစ်ကြလဲ။ ဆုံဖြစ်ရင်ကော ဘာအကြောင်းတွေ ပြောဖြစ်လဲ။ ဘာအလုပ်တွေ လုပ်ဖြစ်လဲ။

A: သူငယ်ချင်းတွေ အစတုန်းကလောက်မဆုံဖြစ်တော့ဘူး။ သူ့အလုပ်သူလုပ် ကိုယ့်အလုပ်ကိုယ်လုပ်နဲ့ဆိုတော့ အစတုန်းကတော့ ၁၀ယောက် ၁၁ယောက်လောက်ရှိတယ်။ ဆုံဖြစ်တယ်။ ဆုံဖြစ်ရင်လဲ အစကဆိုပျော်တယ် ပါးတယ်။ အခုနောက်ပိုင်းကြ အလုပ်အကြောင်းပိုပြောဖြစ်တယ်။ ဆုံဖြစ်တဲ့နေရာကတော့ ဘီယာဆိုင်မှာပဲဆုံဖြစ်တာ များတယ်။

Q: ဒီအဖွဲ့အစည်းနဲ့ကော ဘယ်လိုကနေ ချိတ်ဆက်မိသွားတာလဲ။

A: ကိုငြိမ်းက ကျွန်တော့်ကိုပြောနေတာ ကြာတော့ကြာပြီ။ ကျွန်တော် တော်ရုံတန်ရုံ မတက်ဖြစ်ဘူး။ အလုပ်ကလဲ ခွင့်ယူတာ အဆင်မပြေလို့။ ကိုငြိမ်းနဲ့သိတာ ၂နှစ် ၃နှစ်လောက်တော့ရှိပြီ။ ကျွန်တော့် သူငယ်ချင်းကနေတစ်ဆင့် သိပြီးတော့ အဖွဲ့ဝင်ထားလိုက်တယ်။ ဝင်ထားပြီးတော့ တစ်ခါအင်တာဗျူးဖြေဖြစ်တယ်။အလုပ်တွေ မအားလို့ မလာဖြစ်တာ။

Q: ကိုယ့်သူငယ်ချင်း Tomboy/Lesbian တွေမှာ ကျန်းမာရေးနဲ့ပတ်သက်လာရင် ဘယ်လိုကူညီပေးလဲ။

A: သူငယ်ချင်းတစ်ယောက်နေမကောင်းဖြစ်နေရင် ဆေးခန်းလိုက်ပို့ပေးတယ်။ အဲလိုကြီးမနေနဲ့။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့သူငယ်ချင်းတွေက အမြဲတမ်းဖျတ်လတ်နေတာကိုး။ တစ်ယောက်ယောက်က မှိုင်မှိုင်တွေတွေနဲ့ နေမကောင်းဖြစ်နေရင်မကြည့်ချင်ဘူး။ အဲဒီ့အတွက် ဆေးခန်းလိုက်ပို့ ဆေးဝယ်ပေး တတ်နိုင်သလောက်တော့ လုပ်ပေးတယ်။ လူငယ်ဆိုတော့ ၃၀မကျော်မချင်း ဖျတ်ဖျတ်လတ်လတ်နေရမှာ။ မှိုင်တွေမနေနဲ့။ ကျွန်တော်လဲ အဲလိုမနေဘူး။

Q: ဒီမြို့နယ်မှာ LGBT တွေအတွက် ဘယ်လိုကျန်းမာရေးစောင့်ရှောက်မှုတွေ၊ လုပ်ကိုင်ဖန်တီးပေးမှုတွေ၊ အသိပညာမျှဝေမှုတွေ လိုအပ်တယ်လို့ ထင်လဲ။

A: ဒီအဖွဲ့အစည်းရှိတာတော့ ကောင်းပါတယ်။ ပြည်မှာတော့အားနည်းသေးတယ်။ ကိုယ်တိုင်လဲ အားမှမအားတာ။ တခြားရန်ကုန်တို့ မန္တလေးတို့ဆို အရမ်းအားကောင်းတယ်။ ကျွန်တော်လဲ လိုက်ပါဝင်ချင်တယ်။ အချိန်မရှိလို့။ နောက်ပိုင်း

ကျွန်တော်စဉ်းစားထားတာ တတ်နိုင်သလောက် အဖွဲ့မှာ ဖိဖိစီးစီး လုပ်မယ်။ တချို့ tomboy တွေလျှောက်သွားပြီး လူအထင်သေးခံရတာတွေရှိတယ်။ အဲဒါကြောင့် သူတို့ကို စကားပြောချင်တယ်။ ကျွန်တော်က မခွဲခြားဘူး။ tomboyဆိုအကုန်ခင်တယ်။ ခင်တော့ ကိုယ့်စိတ်လိုပဲဖြစ်စေချင်တယ်။ tomboyမှ မဟုတ်ပါဘူး လူတိုင်းကို ကျွန်တော်ဘယ်စိတ်မှ မထားဘူး။ ကျွန်တော်ပြောချင်တာက tomboy ဆိုပြီးလုပ်ချင်ရာလုပ်လို့ရပေမဲ့ သူများအထင်သေးအောင် မနေနဲ့။ KTV တို့ဘာတို့ကတော့ ကျွန်တော်တို့လဲ သွားတာပဲ။ ဒါပေမဲ့ သူများအထင်သေးလောက်အောင်မလုပ်နဲ့။ အိန္ဒြေရှိရှိနေပေါ့။ အဲဒါပြောချင်တယ်။ တချို့ကြမူးပြီးတော့ ပြဿနာလိုက်ရှာတာကြ မကောင်းဘူးပေါ့။

Q: LGBT တွေကို မုန်းနေတဲ့လူတွေကိုကော ဘာပြောပေးချင်လဲ။

A: tomboy ဖြစ်ဖြစ် gay ဖြစ်ဖြစ် လူပဲဗျ။ အခုဆို အောင်မြင်နေတဲ့ gayတွေလဲ အများကြီးပဲ။ မကောင်းတဲ့ မိန်းမတွေနဲ့ယှဉ်ရင် ဒီgayတွေက အများကြီးသာတယ်။ အောင်မြင်နေတဲ့ tomboyတွေလဲရှိတယ်။ အရက်ပဲသောက်နေတဲ့ ယောကျာ်းတွေထက်စာရင် ဒီtomboy တွေက အများကြီးအဆင့်ရှိတယ်။ အဲဒါကြောင့် tomboyဆိုပြီး အမြင်ကပ်တဲ့လူတွေရှေ့မှာ အောင်မြင်အောင်လုပ်ပြချင်တယ်။ လူလူချင်းကိုယ်ချင်းစာကြည့်ပေါ့ tomboyတိုင်း gayတိုင်း စုတ်ပြတ်နေတာမဟုတ်ဘူး။ အရက်သောက် ဖဲရိုက်နေတာမဟုတ်ဘူး။ အောင်မြင်တဲ့ tomboy တွေ gay တွေ အများကြီးရှိပါတယ်။ အဲဒါကို ကိုယ်ချင်းစာကြည့်ပါ။ အဲဒါပဲ ပြောချင်ပါတယ်။

Q: ကိုယ်နဲ့ဘဝတူ LGBT သူငယ်ချင်းတွေကိုကော ဘာပြောပေးချင်လဲ။

A: ပြောချင်တာက ကျွန်တော်တို့တွေ အကုန်လုံး စည်းလုံးပြီး လုပ်ရမှာ။ ဒါပေမဲ့ ငချမ်းတို့ မင်းမင်းတို့ အဲလိုတက်တက်ကြွကြွလုပ်တာ ကျေးဇူးတင်တယ်ပေါ့ဗျာ။ ကိုယ်တွေ မလုပ်နိုင်တာကိုသူတို့လုပ်ပေးနေတာ။ ဒါပေမဲ့ ကျွန်တော်လဲ ဒီမှာလုပ်ဖြစ်မှာပါ။ သူတို့လောက်မလုပ်ဖြစ်တောင် လိုက်ပြီး ဖိဖိစီးစီးပြောပေးဖို့လဲ စဉ်းစားထားပါတယ်။

Q: Gay တွေဆို သူတို့ရဲ့ပင်ကိုအရည်အချင်း မိတ်ကပ်လိမ်းတာတို့ color ဖျော်တာတို့ နတ်ကတာတို့ ကိုယ်ပိုင် အရည်အချင်းတွေပါလာပြီးသား။ Tomboy တွေမှာကော ဘယ်လိုအရည်အချင်းတွေရှိတယ်လို့ထင်လဲ။

A: tomboyအများစုက ဂစ်တာတီး သီချင်းဆိုတတ်တာရှိတယ်။ ကျွန်တော်တွေ့သလောက် tomboyတွေဆို ဂစ်တာတီးတာကောင်းတယ်။ ကျွန်တော်ကိုယ်တိုင်လဲ တီးတယ်။ သီချင်းဆိုတာလဲ အရမ်းဝါသနာပါတယ်။

Q: ဂစ်တာတီးတာနဲ့ပတ်သက်ပြီးတော့ ဘယ်လိုမျိုးပျော်စရာလေးတွေကြုံတွေ့ခဲ့တယ်။ ဘာကြောင့် ဂစ်တာတီးတာ ကြိုက်တယ်ဆိုတာ ပြောပြပေးပါဦး။

A: ကျွန်တော်က ငယ်ငယ်လေးထဲက ဂစ်တာတီးတာအရမ်းဝါသနာပါတယ်။ မသိတဲ့လူဆီကလဲ ဂစ်တာတီးနေတယ်ဆို တောင်းတီးတယ်။ Chord တွေမသိလဲ သူတို့က ဒီလိုကိုင် ဒီလိုကိုင်ဆိုပြီးတီးတယ်။ တီးပြီးတော့ ဆိုရရင်ပျော်တယ်။ tomboyတွေချည်းပဲ ကျောင်းရှေ့သွားဆိုကြတယ်။ ကျွန်တော်က ဒိုင်ခံပဲ တီးတယ်။ သီချင်းအရမ်းဆိုတတ်တဲ့သူတွေဆို တီးပေးချင်တယ်။ keyကြောင်တဲ့သူတွေဆို မတီးပေးချင်တော့ဘူး။ အရင်တုန်းက ကောင်မလေးအဆောင်မှာဆို အပေါ်ကနေ မုန့်တွေပစ်ချ၊ ဘယ်မေဂျာက နာမည်ဘယ်သူဆိုပြီး မုန့်ထုတ်တွေနဲ့ တွဲလာတယ်။ အခုချိန်အထိလဲ တီးတုန်းပဲ။ ပျော်ဖို့ကောင်းတယ်။ သူငယ်ချင်းတွေနဲ့ တစ်ယောက်တစ်ပိုဒ်ဆိုကြတယ်။

Q: အခုကိုယ်ဖြစ်တည်နေတဲ့ ဘဝကိုဘာသာရေးအမြင်နဲ့ ဘယ်လိုပြန်သုံးသပ်မိလဲ။

A: အမေကတော့ ပြောဖူးတယ်။ နင်က ဝဋ်လည်တာတဲ့။ ဝဋ်လည်တယ်ဆိုတာ ဒီခန္ဓာကိုယ်ပိုင်းကို ပြောတာမဟုတ်ဘူး။ နလုံးသားကိစ္စကိုပြောတာ။ ကိုယ်ချစ်တဲ့သူနဲ့မပေါင်းရဘူးပေ့ါဗျာ။ ကျွန်တော်အသည်းကွဲမှ အမေပြောတဲ့ ဝဋ်လည်တယ်ဆိုတာ နားလည်သွားတာ။ ဝဋ်လည်တယ်ဆိုတာ သူများသားမယားကို ပြစ်မှားလို့ ဟိုမရောက်ဒီမရောက်ဖြစ်နေတာ ကိုပြောတာမဟုတ်ဘူး။ အမေကလဲ ကိုယ့်သားသမီးကို အဲလိုမပြောဘူးတဲ့။ ဟိုဘဝတုန်းက သူများချစ်ခြင်းကို ခွဲခဲ့လို့ အခုကိုယ်ချစ်တဲ့သူနဲ့မပေါင်းဘူး။ ယူလို့လဲမရဘူး။ လူ့ပတ်ဝန်းကျင်ကလဲ လက်ခံမပေးဘူးပေ့ါဗျာ။ အဲဒါကိုပြောတာတဲ့။ ခန္ဓာကိုယ်ပိုင်းကတော့ ဝဋ်လည်တယ်လို့ မသတ်မှတ်ပါဘူး။ တချို့ဆို သူများကို ပစ်မှားခဲ့လို့ အခြောက်တွေဖြစ်နေတာလို့ပြောတယ်လေ။

ကျွန်တော်ထင်တာကတော့ မဆိုင်ပါဘူးဗျ။ တချို့ Gay တွေဆို လုံးဝ High Class ပဲ။ သူ့ဘာသာသူနေတာ။

Q: တချို့ကပြောကြတယ်။ Tomboy တို့ Gay တို့ဆိုတာ သဘာဝကိုဆန့်ကျင်တယ်လို့ လူမျိုးတုံးအောင်လုပ်တယ်တို့ Gayဆိုရင်လဲ HIV ရောဂါပိုးကို လိုက်ဖြန့်တယ်ပေ့ါ။ အဲလိုပြောတဲ့လူတွေအပေါ်ကော ဘယ်လိုမြင်လဲခင်ဗျ။

A: ပြောချင်တာပြော ကျွန်တော်က ဂရုမစိုက်တတ်ဘူး။ ကျွန်တော်နဲ့ gay တွေနဲ့ခင်တယ်ဆိုတာလဲ တစ်ယောက်နဲ့ တစ်ယောက်နားလည်မှုနဲ့ခင်တာလေ။ တခြားလူတွေ ပြောချင်တာပြော။ ဘာလို့လဲဆိုတော့ ကိုယ့်စိတ်ကိုလုံတယ်လေ။ သူတို့လဲကိုယ့်ကို tomboy ဆိုပြီး နာထပြီး လာတွဲတာမှမဟုတ်တာ။ သူလဲ gay ကိုယ့်ကို မိန်းမတစ်ယောက်လို သတ်မှတ်ထားတယ်။ ကျွန်တော်ကိုလဲ tomboy ,

ယောကျ်ားတစ်ယောက်လို သတ်မှတ်ထားတဲ့အတွက် စကားပြောဖြစ်တယ်။ ဒါလောက်ပါပဲ။ သဘာဝမဟုတ်ဘူးပြောနေကြတာက သူတို့မှ မဖြစ်ဖူးတာ။ သူတို့သားသမီးတွေ ဖြစ်လာရင်တော့ နားလည်လာလိမ့်မယ်။ ငယ်ငယ်ထဲက ဒီစိတ်ပဲရှိနေတဲ့သူက ဘယ်လိုနေနေမရဘူး။ ပြောချင်တဲ့သူကတော့ ပြောမှာပဲ။ ဒါကအခုမှ ရှိတာမဟုတ်ဘူး။ ကမ္ဘာမှာဆို Tomboyတွေ Gay တွေအများကြီး။ အခုနောက်ပိုင်းဆို ပိုတောင်များလာသေးတယ်။ ဒါကိုလက်ခံပေးရမယ်။ ကြာတော့လဲ လက်ခံလာတဲ့သူတွေများလာပါတယ်။ tomboyဆိုပြီး အထူးအဆန်းလိုက်ကြည့်မနေတော့ဘူး။

Q: ဒီနေရာကနေ အားလုံးကို ပြောချင်တဲ့စကားလေးရှိရင်ပြောပေးခဲ့ပါဦး။

A: အားလုံးကိုပြောချင်တာက Tomboyတို့ Gayတို့ဆိုတာက လူပါပဲ။ Tomboyဆိုရင် ဒါကဘောပြားကြီးပါကွာလို့ အဲလို အထင်သေးနေမဲ့အစား ဒီ tomboyသာ ကိုယ့်ညီလေးဖြစ်ခဲ့ရင် ဒီ gayသာ ကိုယ့်ညီမလေးဖြစ်ခဲ့ရင်ဆိုတဲ့ စိတ်နဲ့ ကိုယ့်မိသားစုလိုမျိုး ကိုယ့်မောင်နှမလိုမျိုး ထင်ပေးကြပါလို့ အဲလောက်ပဲ ပြောချင်ပါတယ်။

---

## ၂၉။ ဆွေဆွေလင်း (၆၄) တောင်ပြုံး

Q.မင်္ဂလာပါ ။ ပထမဆုံး အမေရဲ့နာမည်နဲ့ အသက်ကလေးကိုပြောပြပေးပါ။

A. အမေက ၁၄ ခုဖွား အခုဆို အမေ့အသက် ၆၄ နှစ်ရှိပါပြီ။ နာမည်ကတော့ အမရပူရ ဆွေဆွေလင်း လို့ခေါ်ပါတယ်။ မိန်းမရှာ နာမည်ပါ ။ယောကျာ်းလို့ကတော့ စိန်မြင့်လို့ခေါ်ပါတယ်။

Q.အမေ့ရဲ့ လိင်စိတ်ခံယူမှု့ကိုလဲပြောပြပေးပါအမေ။

A.အမေ့ကိုယ်အမေ့တော့ မိန်းမရှာဆိုတာထက် မိန်းမအစစ်ကြီးလိုခံယူထားပါတယ် စိတ်ထဲမှာပေ့ါနော် ဒီလိုပဲ နေထိုင်နေရတယ်ဆိုပေမဲ့လဲ အိမ်ထောင်လည်းပြုထားတယ် အိမ်တွင်းရေး စီးပွားရေး ကြီးပွားရေးလည်း အမေပဲ ဦးစီးနေရတာဆိုတော့လေ။ လုပ်တာကိုင်တာလေးတွေ ရှာတာဖွေတာလေးတွေ ။ ခေတ်ကလည်း တစ်ခေတ်နဲ့တစ်ခေတ်မတူတော့ဘူးလေ ။ကြောင်အိုတော့ ကြွက်မလေးဘူးပေ့ါ။ နတ်ကတော်လဲ ဖြစ်လာတာကြာပြီ ကိုယ့်ထီးကိုယ့်နန်းနဲ့နေလာတာကြာလာတော့ ဒီလင် ဒီမယားပေါင်းလာတာလဲကြာတော့ ကိုယ့်ကိုကိုယ်တော့ အစစ်လိုပဲတန်ဖိုးထားပြီးနေတာပေ့ါ။ဒါတွေကို

တစ်ချက်တစ်ချက်ပြောရင် စိတ်သောကတွေလဲ ရောက်ရပါတယ်။ လူတွေကသမာဓိ အားတွေလဲသိပ်မရှိတော့ဘူးဆိုတော့ စီးပွားရေးတွေလည်းကျဆင်းလာတယ်။ အရင်ခေတ်ကတော့ အဲ့လိုမဟုတ်ဖူးလေ ။ပြောရဆိုရ ဟောရပြောရတာ နတ်ကတော်ပိုင်းမှာလွယ်ကူတယ် ။အခက်ခဲသိပ်မရှိပါဖူး ။ အခုကျတော့ အသက်ကလဲ
ကြီးလာပြီလေ။အခုခေတ်တွေကပြောင်းနေတော့ကိုယ့်ဟာကဟိုရောက် ဟိုဘက်ကဟာကဒီရောက်နဲ့ ပြောင်းပြန်တွေဖြစ်နေပြီ။ ဒါပေမဲ့ ကိုယ့်ဟာကို အေးရာအေးကြောင်းရှာနေတော့ သူ့အလိုအလျောက်တော့ ဖြစ်လာတာပေါ့။

Q.အမေ မိန်းမရှာ ဖြစ်တယ်ဆိုတာကို ဘယ်အရွယ်လောက်ကစပြီးသိပါသလဲ ။

A. မိန်းမရှာဖြစ်တယ်ဆိုတာကိုတော့ ၁၀ နှစ် ၁၁ နှစ်လောက်ထဲက အိမ်မှာနေတုန်းထဲက ဒီလိုအခြောက်စိတ်ဖြစ်တယ်ဆိုပြီး နှင်ထုတ်ခံရတယ် ။ အမေ့မှာ အမ နှစ်ယောက်ရှိပါတယ် ။ အမေက အငယ်ဆုံးပါ အိမ်ကနှင်ထုတ်လိုက်တော့ အကြော်ရောင်းပါတယ်။ အကြော်ရောင်းလိုက် ထမင်းဆိုင်မှာပြေးလုပ်လိုက်ပေါ့ ။ အဲ့မှာ မိန်းမရှာတွေနဲ့ တွေ့ပြီးတော့ နင် ရေစင်သောက်မလား တိုက်မယ် ကကြ ခုန်ကြနဲ့ပျော်ဖို ့ကောင်းတယ် အခြောက်မတွေထုံးစံအတိုင်းပဲဆိုပြီးပြောတော့ လုပ်ရင်းနဲ့

အမေ့တစ်သက်တာ မှာဒီနတ်ကတော်က အကျိုးပေးလာတော့ ဆက်ပြီး လုပ်ဖြစ်သွားတာပါ။ ဒါတွေကလည်း ကျွေးမွေးလာတာပေါ့။ အမေက ဇာတိကရွှေဘိုက ယောကျာ်းက အမရပူရ မှာနေတော့ ယောကျာ်းနဲ့နှစ်ပေါင်းများစွာ လိုက်နေရင်းနဲ့ ပေါင်းသင်းဆက်ဆံပြီးတော့ နေလာရတာပါ။ အမေ မပြေလည်ခင်တုန်းကတော့ ယောကျာ်းက စက်ချုပ်ပြီးကျွေးတာပါ။ အခုတော့ အမေက သာယာတယ် စိုပြေတယ်ဆိုတော့ ဘာမှမပူရတော့ပါဘူး။ အဲလိုဖြစ်နေတာပါ။

Q. ဒါဆိုအမေက ရွှေဘိုသူပေါ့ ။

A. ရွှေဘိုသူ မှ စစ်စစ် ရေမရောတဲ့ ရွှေဘိုသူပါ။

Q.အမေ ရေစင်သောက်ပြီးတော့ နတ်ကတော်ဖြစ်သွားပြီး ဖြတ်သန်းလာတဲ့ဘဝလေးကိုလည်းပြောပြပေးပါ ။

A. အမေ့ဘဝဖြတ်သန်းပုံကတော့ အမေရေစင်သောက်ပြီး နောက်ပိုင်းကစလို ့တိုးတက်ရာတိုးတက်ကြောင်း စိတ်ဆင်းရဲခံရတယ်ဆိုတာ မရှိဘူးပေါ့နော် ။ ဒီနတ်ကတော်ဖြစ်လာတော့ ရှာလို ့ဖွေလို ့လဲ ကောင်းလာတယ်။ သွားရင်းလာရင်း ဟိုကမေးဒီကမေးနဲ့ အမေ နာမည်တက်လာရတာပါပဲ။ စိတ်ချမ်းသာရပါတယ် ။ စိတ်ဆင်းရဲရတယ်ဆိုတာမရှိရပါဖူး။

Q.ဒါဆိုအမေ့ရဲ့ အိမ်ကအမေ မိန်းမရှာဖြစ်ဆိုပြီးနှင်ထုတ်လိုက်တယ် အဲ့နောက်ပိုင်းကော အမေ အဆက်အသွယ်ရှိသေးလား။

A. ဟုတ်တယ် အမေကိုနှင်ထုတ်လိုက်ကြတယ် ။ဒါပေမဲ့ အမေအခုလို အဆင်ပြေနေတော့ လာကြပါတယ် ။ တောင်ပြန်းကို ရွှေဘိုကနေလာပြီး မနေ့ကမှပြန်သွားတာပါ။ ဆွေမျိုးတွေက အရင်တုန်းကတော့ တစ်မျိုး တစ်မည်ပြောတာပေါ့။ အနေမတက်သလို အထိုင်မတက်သလိုပေါ့။ ရင်သားကြီးဆေးတွေထိုးတယ်ပေါ့ ဆံပင်ရှည်ကြီးနဲ့ မိန်းမကြီးကျနေတာဘဲ ငါ့တို ့အိမ်မှာ မိသားစုဆိုလို ့ရှိရင် ဒီလိုဟာမျိုးမပါဘူး ။ ဖြစ်ရကျိုးနည်းတယ်ပေါ့ ဆူတယ်ရိုက်တယ်။ ဒီလို့ ဆူခံရိုက်ခံ အထုခံပြီး ဘ၀ကို ရုန်းကန် လုပ်ရှားလာတာပါ။ သူ( လက်ရှိယောကျာ်း)နဲ့တွေ့ပြီးနောက်မှာ အမေ့ဘ၀ အစစအရာရာပြောင်းလဲလာပါတယ်။

Q.အမေ့ လက်ရှိ ယောကျာ်းနဲ့မတွေ့သေးဘဲ တစ်ယောက်တည်းဖြတ်သန်းလာတဲ့ဘ၀မှာကောမိန်းမရှာတစ်ယောက်ြ ဖစ်လို့ အကြမ်းဖက်ခံရတာတွေ ကြုံဖူးလားဗျ။

A.အမေ့ဘ၀မှာ ကဲ့ရဲ့မှုတို ့စော်ကားမှုတို ့တော့မကြုံခဲ့ရပါဖူး ။ ဘာဖြစ်လို ့လဲဆိုတော့ အမေက နေတာကမိန်းမကြီးလိုပဲနေတယ် ။ စကားပြောတာကအစပေါ့နော် ။ နောက်လည်စိကလဲ မရှိတော့ တကယ့် မိန်းမအစစ်လို ပါဘဲ။ အမေကအရင်ကအခုလို ့စွပ်ကျယ်လိုဟာတွေဝတ်တာမဟုတ်ဖူး ။တကယ့် မိန်းမအတိုင်းဘဲဝတ်တာပါ။ ပြီးတော့ လူကလဲငယ်သေးတော့ စိတ်ကလဲ ချမ်းသာနေတော့ လူကလည်းကြွနေတာပေါ့နော် ။ အခုမှသာ နတ်ကတော်လောကရောက်တော့ ယောကျာ်းကမိန်းမလဲဖြစ်မလာဖူး ယောက်ကျာ်းလိုဘဲ ဝတ်ပါလားနေပါလား ပြောတော့ စီးပွားရေးအရ အလိုက်အထိုက်နေပေးဝတ်စားနေတာပါ။

Q. ဒါဆို အမေ အခုလက်ရှိ အမျိုးသားနဲ့စတွေ့ပုံလေးကိုပြောပြပေးပါအုံး။

A. သူနဲ့စတွေ့တာကတော့ ရတနာဂူ ပွဲဆိုတာရှိတယ် ။ နတ်ပွဲပေါ့နော် အဲ့မှာ သူကလာတော့ အမေက ကတယ်လေ ။အဲ့မှာတစ်ယောက်နဲ့တစ်ယောက်တွေ့ပြီး ကြိုက်သွားတာပါ။ ကြိုက်သွားသော်လဲ သူ ့ဘက်ကမိသားစုက မိန်းမရှာနဲ့ကြိုက်ရမလားဆိုပြီးတော့ အမျိုးမျိုးအဖုံဖုံပြောတာပေါ့။ ပိုဆိုးတာက သူကလူပျိုကြီးဆိုတော့လေ ။ အိမ်ကမကြည့်ဖူး အမျိုးမျိုးကိုခွဲတာ ။ နောက်ပိုင်းကြတော့ ဒီက မိန်းမရှာကြီးက အရှာအဖွေကောင်းတော့သူ ့အတွက်မပူရဘူးလေ။ မိန်းမရှာက ပါးစပ်လေးနဲ့ပဲ ပြောဟောလုပ်ကျွေးတာလေ ။ သက်ဆိုင်ရာ ပုဂ္ဂုလ်တွေကလည်း ကံကံ၏အကျိုးတွေကြောင့် ချစ်တယ် ကျွေးတယ်ပေးတယ်ဆိုတော့ တဖြည်းဖြည်းအဆင်ပြေလာတာပေါ့ ။ အဲ့လိုနေခဲ့တာပါ ကျွေးခဲ့တာပါ။

Q.အမေတို့ နှစ်ယောက်ရဲ့အိမ်ထောင်သက်ကလည်းကြာပြီလားဗျ။

A. ကြာလှပါပြီ ။ နေခဲ့တာလည်းကြာပြီ အမရပူရမှာနေတယ် ။ ရွယ်တူသူငယ်ချင်း မိန်းမရှာတွေကပြောတယ် ညည်းအေ ယောကျာ်းသာယူလိုက်တယ် ခုထိ မကွဲမကွာ နှစ်ရှည်ကြီးပေါ့နော် ။ ငါ့တို့ဆို ယူလိုက်တယ် တစ်လလောက်တောင်မခံဖူး ။ ညည်းဘာဆေးတွေကောင်းလို့အခုလိုအိမ်ထောင်သက်ရှည်နေတာလဲလို့တောင်မေးခံရပါတယ်။ အမျိုးမျိုးပေါ့နော် ။မေးခံရပါတယ် ။ မိန်းမရှာဆို လူတွေက အထင်ကြီးတာမရှိဖူး အမြဲအထင်သေးနေတာဆိုတော့ လေ။ ကိုယ့်ကောင်းရင် ခေါင်းမရှေ့ပါဖူး။ နေတက်ထိုင်တက်တော့လည်း မဆိုးပါဖူး ။

Q.အမေနဲ့ အဖေနဲ့စတွေ့တုန်းက ဘယ်သူ့ကဘယ်သာ့ကိုအရင်မြင်ပြီး စိတ်လှုပ်ရှားသွားတာလဲ မသိဖူး။

A. အမေက ကနေတာ သူ့ကလာကြည့်တာပါ ။အဲ့မှာ အမေကလည်း တောင်ပြောမြောက်ပြောနဲ့ဆိုတော့ ကြိုက်သွားတာပေါ့။ မိန်းမရှာဆိုတာ အဆွယ်ကောင်းတယ်လေ ။ မိန်းမတွေထက်တော့ တစ်ပန်းသာတယ်လေ ။ မြူဆွယ်မှု့တွေကများတယ်လေ။ မထိကလုပ် ထိကလုပ်လေးပြောရင်းပေါ့။ သူ့ကအမရပူရ ဘူတာနားမှာ စက်ချုပ်ဆိုင်ဖွင့်ထားတာလေ။ အမေက ဟိုအခြောက်နောက်လိုက်နေ ဒီအခြောက်နောက်လိုက်နေ နေရတာလေ အဲ့တုံးက အခြေအနေ အတည်တကျမရှိဖူးလေ ။ နတ်လိုက်ကနေရတာကို။ တွယ်မိတွယ်ရာပေါ့ သူ့ဆီမှာ ညတိုင်းသွားသွားအိပ်တာပေါ့။ ဒီလိုဘဲ ပထမတော့ သူ့ဘက်ကမိသားစုက မကြည်ဖူးပေါ့။ ဒါပေမဲ့ နောက်တော့လည်း တဖြည်းဖြည်းနဲ့ အဆင်ပြေသွားပါတယ် ။

Q.ဒါဆိုစတွေ့တဲ့အချိန် အမေ့အသက်ကဘယ်လောက်ရှိလဲ။

A. အမေ့အသက်က၂၄ ဝန်းကျင်လောက်ရှိပါပြီ ။ သူက အသက် ၃၀လောက်ပေါ့ ။ အသက်က ၆ နှစ်လောက်ကွာပါတယ်။

Q.လူပျိုကြီးနဲ့ အပျိုလေးဇာတ်လမ်းလားအမေ။

A. ဟုတ်တယ် သားရဲ့။ ဒါပေမဲ့ အမေက သူ့ဆီကိုညဘက်သွားရတာ ။ နေခင်းဆိုရင် သွားနေလို့မရဘူး။ နောက်မှ အမေ အဆင်ပြေလာတော့ ရေတာရှည်ဘက်မှာ အိမ်ငှါးပြီး သတ်သတ်ခွဲနေကြတာပါ။ သူ့ကိုလှမ်းကိုခေါ်လိုက်တာပေါ့။ အဲ့အချိန်မှာ သူ့အမေကဆုံးသွားပြီပေါ့။ အဖေဘဲကျန်တော့တာ။

Q. ဒါဆိုရင် အခုကော အမေ့အမျိုးသားဘက်ကမိသားစုတွေရှိသေးလား ။ အမေနဲ့ဆက်ဆံရေးကရော။

A.ရှိသေးတယ် ။ ကိုယ့်ဘက်မှာလဲ မိသားစုတွေရှိသေးတယ် သူ့ဘက်မှာလဲ မိသားစုတွေရှိပါသေးတယ် ဆက်ဆံရေးကတော့ ဒီလိုပါဘဲ ။ ခေါ်တလှည့် မခေါ်တလှည့်ပေါ့။

Q.အခက်အခဲတော်တော် များများကိုဖြတ်ကျော်လာပြီးမှ အရင်တုံးက လက်မခံခဲ့တဲ့ အသိုင်းအဝိုင်းကအခုလိုလက်ခံလာတဲ့အခါ အမေ ဘယ်လိုခံစားရလဲ။

A. အိမ်မှာစီးပွားရေးကောကြီးပွားရေးကောဖြစ်လာတယ် သူ့ဘဝနဲ့သူ့နေပေ့ါ ဒါပေမဲ့ အခုလိုတောင်ပြန်းပွဲဆိုရင်တော့ ဆွေမျိုးတွေကလာကြတယ်။ ပြီးတော့ အမေတို ့မြို့မှာကတော်သလင်းလဆိုရင် ပွဲတော်ရှိတယ် အမေ ့ကအဲ့အချိန်ဆိုပြန်တယ် ။ အခုပြန်ရင်တော့ ဖူးဖူးမှုတ်ထားပါတယ်။ ကိုယ့်ဟာနဲ့ကိုဆိုတော့လေ။ အဆင်မပြေခင် ဆက်ကြားတော့ တစ်မျိုးပေ့ါ။ ဆွေမျိုးသားချင်းဆိုတာလဲ ရှိရင်တစ်မျိုး မရှိရင် တစ်မျိုးပေ့ါ ။ အဲ့လိုလေးတွေတော့ရှိပါတယ်။

Q.တစ်ယောက်နဲ့တစ်ယောက်ရန်ဖြစ် စကားများတဲ့အခါ ဘယ်သူကစပြီး အလျှော့ပေးလဲ။

A.သံယောဇဉ်ကတွယ်လာတော့ လဲ အမေက ဖာသိဖာသာနေလိုက်ပါတယ်။ လုပ်ငန်းကိုင်ငန်းကြီးကကောင်းနေတဲ့အချိန်လေ သူ ့ကဘာမှမလုပ်ဘူးဆိုတော့ အမေကမနက်တိုင်း စောစောစီးစီး ချက်ပြုတ်ပြီး ဝါဝင်ဝါထွက်တိုင်း မန္တလေးမြို့ကိုတက်တယ်လေ ။ အခုချိန်ထိ အဲ့လိုပဲလေ။ နတ်အကျိုးပေးတယ်ပြောရမယ် ။ အမေကအမှန်အကန် လုပ်တာကို။ အမှန်အကန်လုပ်တယ်ဆိုရာမှာ သည်းခံခြင်းသည်အောင်မြင်ခြင်းလေ အလိုက်အထိုက်နေတော့ အမေ့ကိုအမေ့သာဝက ( အလှူရှင်)တွေကလည်း အမေ့မှအမေ့ ကျန်တဲ့ နတ်ကတော် ဘယ်လောက်များများ မကိုးကွယ်ဖူး။ တစ်နှစ်မှာ ဝါဝင်ဝါထွက်တွေကလည်း အမြဲရှိနေတော့ နတ်ပွဲတွေကလဲများတယ်ဆိုတော့ အမေ့မှာ သာယာတာပေ့ါသားရယ် ။ ဒီလိုတောင်ပြန်းမှာတစ်နှစ်တစ်ခါ နန်းထိုင်တော့လည်း အမေက တိုက်ဆောက်ရမယ် အိမ်ဆောက်ရမယ် ငါအသက်ကြီးပြီ နန်းပေါ်လည်းတက်မကနိုင်တော့ဘူးဆိုပေမဲ့ သူတို ့တွေက နန်းဖိုးကစလို ့ခရီးစရိတ်ကအစ နှစ်စဥ်မပျက်အမေ့ကို လှူကြပါတယ် ။ အမေ့ရဲ့အသိုင်းအဝိုင်းကတော့ အနံကြီး (ချမ်းသာသော)ပေ့ါသားရယ်။ အမေ့ကတော့ အုန်းမှန် ့ခွက်(ဆင်းရဲသော)ပေ့ါသားရယ် ။မန်းလေးမှာတော့ နာမည်ကြီး ထိုးမုန် ့ဆိုင်တွေ တော်တော်များများကတော့ အမေ့ရဲ့အလှူရှင်တွေပါ။ နှစ်စဥ်မပျက်တစ်မျိုးမဟုတ်တစ်မျိုးကတော့ ပေါ်လာပါတယ် အလှူရှင်တွေကလေ။ အဲ့လိုလေးတွေကတော့ရှိတယ်။ စိတ်အားနဲ့ပြောရရင်တော့ သားရယ် အသက်ကြီးလာတော့ စိတ်အားကတော့ ကျလာတယ်။ ဒီလိုချိန်မှာအရွယ်ကောင်းဆိုလို ့ကတော့ စီးပွားရေးကိုနောက်တစ်မျိုးလဲမလုပ်တော့ မိုးလင်းတာနဲ့ သနပ်ခါးလူး မိတ်ကပ်လူးပြီးတော့ နတ်ပွဲတွေကိုကချင်နေတုံးပါဘဲ။

အခုကြည့်သာကြည့်နေရတာ အော် ပိုက်စံကိုရှာနေရရှာနေရတာ ငါ့အသက်ကြီးလို ့မရှိရင် ဒုက္ခပေါ့ ဒီလိုတွေးတောမျှော်မြင်ပြီးတော့ နေရတာပေါ့။ အဲ့လိုလေးတောဖြစ်နေပါတယ်။

Q.ဒီဘက်ခေတ်မှာရှိတဲ့ မိန်းမရှာလေးတွေနဲ့ အမေတို ့ခေတ် မိန်းမရှာတွေ ကွာခြားပုံလေးတွေလဲ ပြောပြပေးပါအုံးအမေ။

A.ဘယ်လိုတွေကွာခြားသလဲဆိုတော့နောက်တက်လာတဲ့ ကလေးတွေက ရှေ့လည်းမကြည့် နောက်လည်းမကြည့်ကြဖူးလို ့မြင်တယ်။ မတူတော့ဖူးပေါ့။ အမေတို ့ခေတ်ကယောကျာ်းတွေကိုတွေ့မယ်ဆို အဲ့ယောကျာ်းတွေကလည်းလေးလေးစားစားပေါ့ ပြန်ပြောဆိုတယ်။ အခုခေတ်ကြတော့ အမေ့လိုအသက်ကြီးတဲ့ မိန်းမရှာကြီးတွေ့တာတောင် ဆေးလိပ်တိုက်ပါအုံး ဘာညာပြောတာပေါ့နော်။ မိန်းမရှာတွေများဆို အမျိုးမျိုးပြောဆိုနေတာတွေကြားရတာပေါ့နော် ။ သူ ့ဘာသူဘာပြောနေနေ အမေကတော့ ရေငုံနူတ်ပိတ်နေလိုက်တာပါပဲ။ အန္တရာယ်လဲကင်းတယ်လေ။ အသေအကြေများတာလည်း ငယ်ရွယ်တဲ့မိန်းမရှာလေးတွေသေတာများတယ် ။ မနေတက်တော့လေ ရောဂါမျိုးစုံဝင်ပြီးသေတာပေါ့နော် ။ဘုရားတရားပဲလုပ်ဖြစ်တယ်။ညနေဆို ဘုရားကန်တော့ တရားကန်တော့ ပေါ့နော် ။ခေတ်ကလည်းရတာနဲ့ကုန်တာမညီမျှတော့ပါဘူး။ ပိုက်စံကလည်းအသုံးအခံဘူးလေ။ မနက်ဆို လက်ဖက်ရည်လေးဝယ် ကွမ်းလေးဝယ်လိုက်ရင် ပိုက်စံတစ်ထောင်ကကုန်ရောလေ ။နတ်အလုပ်ဆိုတာ အမြဲတမ်းမရဘူးလေ ။ သူတို ့ခေါ်မှပြောခိုင်းမှရတာလေ။ စိတ်စေတနာကောင်းတော့ အလှူရှင်တွေကလည်း အမေအဆင်မပြေရင် အမေ ့ဆန်ယူသွား ဟိုဟာယူသွား အဲ့လိုပေါ့နော် စိတ်ချရပါတယ်။ ပင်ပန်းကြောင့်ကြတာတော့မရှိပါဖူး။ ဖျားရင်နာရင်တောင်ဆေးထိုးမလား ဆေးခန်းပြမလား။ ကိုယ်မလာနိုင်ရင်တောင် သူတို ့ကအိမ်ကိုကားနဲ့လိုက်လာ အဲ့လိုမျိုးတွေပါ။

Q. အမေဘဝမှာ ဒီအခုအမျိုးသားကအချစ်ဦးလား။

A.သူနဲ့တွေ့ပြီးတော့တောင်က အမေက နတ်တွေလိုက်တော့ အပြင်မှာတွေ့တဲ့လူတွေတော့ရှိပါတယ် ။ ဒါပေမဲ့ ပါးစပ်ကသာပြောတာပါ အထာပေးတာပါ။ ဖွာတာပေါ့နော် ။ မိန်းမရှာစကားနဲ့။ ဒါပေမဲ့ အနေအထိုင်တော့ဆင်ခြင်ပါတယ်။

Q.အမေနဲ ့အမျိုးသားနဲ့ကြီးကြီးကျယ်ကျယ်စကားများတာကောရှိဖူးလား ။

A.အဲ့လိုတော့မရှိဖူးပါဘူး။ဒါပေမဲ့အပြင်တွေဘာတွေသူ ့သွားရင် ဘယ်သွားမှာလဲ။ ဘယ်ချိန်တော့ပြန်လာခဲ့နော်။ လူတွေစုံလာရင် ရှိမှဖြစ်မှာ ။ တစ်ယောက်တည်းမလုပ်နိုင်ဖူးပေ့ါ။ ရှေ့ကစကားပြောနေရင်နောက်က လက်ဖက်ရည်ချပေး လုပ်ပေးဖို ့လူလို တာပေ့ါ။ အော်တာကတော့အော်တယ် နှစ်ယောက်စလုံး။ သူကလဲ သည်းခံပါတယ်။ ဘယ်လောက်ပြောပြော သည်းခံပေးပါတယ်။

Q.အမေကအမျိုးသားကိုဘယ်လိုခေါ်လဲ။အမျိုးသားကရောဘယ်လိုခေါ် လဲ။ ငယ်ငယ်တုန်းကရောဘယ်လိုခေါ်ကြလဲ။

A.အမေကတော့ ကိုကျော်လို ့ခေါ်တယ်။တစ်ခါတစ်လေကျတော့ ကို လို ့ခေါ်တယ်။ သူကတော့ မေကြီးလို ့ခေါ်တယ်။ ...ငယ်ငယ်တုန်းကတော့ မိန်းမရှာဆိုတော့ ...ဒါလင် မောင် ဘာညာပေ့ါ မိန်းမရှာဆိုတာသိတဲ့အတိုင်းလေ အသက်ကြီးလာတော့ လဲ ဒီလိုပါဘဲ။ အိုစာမင်းစာပဲရှာနေရတာလေ ။ အိမ်ကလည်းငှါးနေရတာပါ။

Q.အမေ့ရဲ့ နတ်ပညာနဲ့ နောက်က မိန်းမရှာလေးတွေကိုရော သင်ကြားပေးတာတွေမျိုးကောရှိလား။

A.အရင်ကတော့ရှိပါတယ် ။ဒါပေမဲ့ အခုခေတ် မိန်းမရှာတော်တော်များများက ခြေဆော့လက်ဆော့လေးတွေရှိတော့ အမေ့ဆီကပါတာလေးတွေများတော့ နောက်ပိုင်းတော့အမေလဲ မခေါ်တော့ဘူးကွယ်။အခုမှဖြတ်ထားတာ နဂိုဆိုအမေ့ဆီမှာ ၁၀ယောက်၁၅ ယောက်လောက်ရှိတယ် ။အမေ့ကတအား မွေးတာအရင်ကတပည့်တွေလေ။အရင့်အရင် တုန်းကတော့ အမေကပြည့်စုံတော့ ကိုယ့်ရှိသမျှပစ္စည်းတွေယူပြေးတာ။ ကိုယ်ကချစ်လို ့ပေါ့ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ သဘောမျိုးခေါ်ထားတာပါ။ ပြန်လာမှု ့မရှိဖူး။ အဲ့တော့ စိတ်တိုပြီး နတ်သားသမီးတစ်ယောက်မှ ့မထားဖူး။ ငါ့ဟောခဲ့လို ့ငါမှန်ခဲ့ရင် ငါစားရမယ်ဆိုတာဘဲရှိတော့တယ်။ အမေ ့အခုသားသမီး မိန်းမရှာတွေမထားတော့ဘူး။ အရင်ကရှိတယ် ။သူတို ့ကတော့ဘာမှမသိဖူး။ အမေကနတ်ကတော်ဆိုတော့ လာတဲ့စရိတ်ကျေပါမလား ပိုက်စံမှလာကန်တော့ကြပါ့မလား အဲလိုစိုးရိမ်ရတယ်။ သူတို ့ကိုလည်းကျွေးမွေးနေရတာကို ။ အခုတော့ စိတ်ချမ်းသာတယ် သူတို ့ကိုလည်းမထားတော့ဖူးဆိုတော့ အေးအေးဆေးဆေးပဲ။ တစ်ယောက်တိုးရင် တစ်ယောက်ပိုကုန်တယ်လေ ။ပြီးတော့ လုပ်ပေးတာမမြင်ဘူး ကိုယ့်မျက်နှာမရတာတွေများလာတယ်။

အဲ့တော့မလုပ်ဖြစ်တော့ဘူး။ကိုယ့်ကလည်း ခပ်အေးအေးလေ အဲ့တော့ သိပ်မပြောချင်တော့ဘူး။ လာခဲ့ရင်လည်း အရင်လို စိတ်ထဲသိပ်မထည့်ထားတော့ဘူး ကျွေးလိုက်မွေးလိုက်တယ် ။ အသက်လည်းကြီးပြီ ငါအရင်လိုနန်းတွေကိုအကျယ်မချဲ့တော့ဘူး။

ငါ့တို ့လင်မယားဘဲနေတော့မယ် နင်တို ့အဆင်ပြေသလို ပိုက်စံပေးနေလိုက်တော့လိုပြောလိုက်တယ်။အဲ့ထဲကတော့ မလာတော့ဘူး။ အကုန်ခိုးတာလေ ။အခြောက်တွေက အဲ့လိုပဲ ။ အခြောက်တိုင်းတော့မဆိုလိုပါဖူး။ ဒါပေမဲ့ အမေ့ ကုသိုလ်ကံပေ့ါ ။ ထားလိုက်တဲ့တပည့်တော်တော်များများက အဲ့လိုတွေလုပ်တော့ နောက်ပိုင်းအမေ မထားဖြစ်တော့ဘူး။

Q.အမေ့နဲ့အမျိုးသားက နှစ်တွေလဲကြာပြီဆိုတော့ သူငယ်ချင်းတွေအကြား ပြောစရာသမိုင်းလေးတစ်ခုတော့ဖြစ်ပေ့ါအမေ။

A.ဟုတ်တယ် ။သူငယ်ချင်းတွေကဆိုပြောတယ် ဟဲ့ကောင်မကြီး နင်ကတစ်ခါလာလဲ ဒီလင်နဲ့ နောက်တစ်ခါလာလဲ ဒီလင်နဲ့ ဘာဆေးတွေကောင်းနေတာလဲ။ လူကလည်းအရွယ်တင်တယ်လေ ။ အဲ့တော့ သူငယ်ချင်းတွေကအမြဲပြောဆိုနေတာလေ။

ကိုးကွယ်ဆည်းကပ်မှု ့ကလည်းကွာသေးတယ်လေ။ ကိုယ့်ကိုကိုယ်ဒါဂုဏ်ဖော်ပြောတာမဟုတ်ပါဘူး။ ရှေ့လျှောက်လဲဒီလိုပဲနေသွားရမှာလေ။ သူ ့ဘယ်လိုလုပ်လုပ် နေသွားရမှာလေ။ ဒါပေမဲ့လဲ သူကလည်း အဲ့လိုမလုပ်ပါဘူး။ စကားနဲ့တော့ပြောတာပေ့ါ မောင့်အပြင် နောက်လင်မထားဘူး မရဘူး ငါလင်ငယ်နေမယ်ပေ့ါ ။ငါရှာတာ ငါ့သဘောပေ့ါလေ ။အဲ့တော့ သူက တုတ်ကိုင်တယ် ဓါးကိုင်တယ်ပေ့ါ ။နင်နေရဲနေကြည့်စမ်း သတ်ပစ်မယ်ပေ့ါ။ သံယောဇဉ်တွေပေ့ါသားရယ် ။ဒါပေမဲ့ အခုချိန်ထိတော့ ချစ်နေဆဲပါ ။ မိန်းမရှာဘဝဆိုတာ ဒီလိုပဲရပ်တည်နေရတာပါ။

Q.အမေ့ရဲ့အနာဂတ် အစီအစဉ် ဘဝဖြတ်သန်းမဲ့ ပုံလေးလဲပြောပြပေးပါ။

A. သူ ့ကိုအိမ်မှာထားခဲ့ပြီး ကိုယ့်ဘဲရှာကျွေးမယ် ။စိတ်ဆင်းရဲအောင်မလုပ်ရင်ပြီးရောပေ့ါ။ ကိုယ့်ကသွားရလာရလွယ်တယ်လေ။ မန်းလေးတက်ပြီးနတ်ပဲဟောတာဆိုတော့။သူ ့ကလည်းအိမ်မှာနေပါတယ် ။ အိမ်စောင့်ကြီးပေ့ါ။ ဘာမှပြဿနာမရှာပါဖူး။ အမေကလဲပြန်လာ ပိုက်စံလေး တစ်သောင်းခွဲနှစ်သောင်းရလာ အိမ်ရောက် ဆန်လေး နှစ်လုံးလောက်ချက်လိုက် ပြီးသွားတာပါဘဲသားရယ်။ ချက်တော့လဲ အမေက ဟင်းချက်တယ် ။သူကတော့ ထမင်းချက်တာပေ့ါ။ အမေက နတ်ပွဲတွေသွားကလို ့ခရီးထွက်ရင်တော့ သူ့ ဘာသူထမင်းရောဟင်းရောချက်စားတာပေ့ါ။

Q. အမေ့ရဲ့ဘဝအတွေ့အကြုံထဲကနေပြီးတော့ နောက်လူတွေအတွက် ဆောင်ရန်ရှောင်ရန်လေးတွေကို ပြောပြပေးပါအုံးဗျ။

A. သူများကိုဒုက္ခမပေးနဲ့။ ခြေဆော့လက်ဆော့ မလုပ်နဲ့။ အရှိတိုင်းနေ။ ကျန်းမာရေးဂရုစိုက်ပေ့ါ။ အောင်မြင်အောင်နေပါပေ့ါသားရယ်။

Q.ကျေးဇူးအများကြီးတင်ပါတယ်။အမေ့ရဲ့ဘဝအစိတ်အပိုင်းတွေအိမ်ထောင်သည်အကြောင်းတွေပြောပြပေးတာ အရမ်းဗဟုသုတရပါတယ် အမေ။

## ၃၀။ ကိုအောင် (၂၇) ဒလမြို့



Q. မင်္ဂလာပါအကို။ ပထမဆုံးအနေနဲ့ အကို့ရဲ့အမည်နဲ့ အသက်လေးကို မိတ်ဆက်ပေးပါအုံးဗျ။

A. ကျွန်တော့်အမည်ကတော့ ကိုအောင်ပါ။ အသက်ကတော့ ၂၇နှစ်ရှိပါပြီ။

Q. အကိုက ကိုယ့်ရဲ့လိင်စိတ်ကို ဘယ်လိုမျိုးသတ်မှတ်ထားပါသလဲဗျ။

A. ကျွန်တော်က ကိုယ့်ကိုကိုယ် ယောကျ်ားလေးလို့ခံယူထားပါတယ်ဗျ။

Q. ဘာကြောင့်အဲ့ဒီလိုမျိုးခံယူထားပါသလဲဗျ။

A. ငယ်ငယ်လေးထဲကဖြစ်နေတဲ့ ကျွန်တော့်ရဲ့စိတ်ကိုဖျောက်ဖျက်ပစ်လို့မရတာပါ။ မိဘတွေကတော့ အဲ့ဒီလိုမဖြစ်စေချင်ပါဘူး။ ကိုယ့်သားသမီးကို သဘာဝအတိုင်းလေးပဲ နေစေချင်ပါတယ်။ ငယ်ငယ်ကကျောင်းတတ်တုန်းကတော့ ဆရာတွေက မိဘတွေကိုခေါ်ပြီး ခဏခဏပြောတယ်။ ရင်ဖုံးအင်္ကျီဝတ်ဖို့ပေါ့။ အဲ့တော့ ရင်ဖုံးအင်္ကျီဝတ်ဝတ်ရမှာစိုးလို့ ကျောင်းဆက်မတတ်ခဲ့တော့ ပညာရေးတော့ မပြီးဆုံးခဲ့ပါဘူး။

Q. အဲ့တော့ အကိုသတ်မှတ်ထားတဲ့ မိန်းကလေးဆိုတာ ဘယ်လိုပုံစံမျိုးလဲဗျ။

A. အဲ့လိုမျိုးတစ်ခါမှ မတွေးဖူးဘူးဗျ။ ကိုယ့်ကိုကိုယ် လုံးဝယောကျာ်းလေးလို့ပဲခံယူထားတာပါ။

Q. ဟုတ်ကဲ့။ အကိုဖြတ်သန်းလာတဲ့ဘဝမှာ မိသားစု ပတ်ဝန်းကျင်နဲ့ စာသင်ကြောင်းမှာ ဖြတ်သန်းခဲ့ရတဲ့ အခက်အခဲအတွေ့အကြုံလေးတွေပြောပြပေးပါလားဗျ။

A. ကျွန်တော့်အသက်ရနှစ်လောက်ထဲက အမေ့ကိုတော့ ကောင်းကောင်းမှတ်မိပါတယ်။ မိဘရဲ့အမှတ်တရအနေနဲ့ ပန်းကန်လေးတွေတော့ရှိပါတယ်။ သားသမီး၃ယောက်ရှိတော့ အကြီးအငယ်အလတ်ဆိုပြီး ၃ချပ်ဝယ်ပေးထားတာပါ။ ကျွန်တော့အသက်ရနှစ်ကျော်တော့အ မေဆုံးသွားပါတယ်။ အမေဆုံးသွားတော့ မိသားစုပြိုကွဲခဲ့ရပါတယ်။ ကျွန်တော့်မှာ အမနဲ့ညီမရှိပါတယ်။ ၃ယောက်လုံးကျောင်းထွက်ခဲ့ရတယ်။ အဖေကလဲ နောက်မိန်းမယူသွားပါတယ်။ကျွန်တော့အဖေက အိမ်ပေါင်လိုက်တော့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါတယ်။ ကျွန်တော် ကမ်းနားမှာကူလီသွားထမ်းခဲ့ရပါတယ် ။ ကျွန်တော့်အဖေက ပြန်အဆင်ပြေလာတော့ ဆိုင်လေးဖွင့်ပါတယ်။ ဆိုင်ဖွင့်တော့ ကျွန်တော့်ကို ဆိုင်ကို ဦးစီးဖို့ပြန်ခေါ်ပါတယ်။ ကျွန်တော်ကလဲ ကမ်းနားမှာ ကုန်ထမ်းရင် ကောင်မလေးတစ်ယောက်နဲ့တွေ့ခဲ့ပါတယ်။ ကောင်မလေးကလဲ ကျွန်တော့်ကို ချစ်ပါတယ်။

Q. ဒါဆိုအမေကစောစောစီးစီး ဆုံးသွားတာပေါ့နော်။ စောစောစီးစီးအမေဆုံးသွားတဲ့အချိန်မှာ အမနဲ့ညီမက အတူတကွ ကြိုးစားကြတာလား ဒါမှမဟုတ် အကုန်ကွဲသွားကြတာလား။

A. ကျွန်တော်တစ်ယောက်ထဲ သပ်သပ်ကြိုးစားခဲ့ပြီး အမနဲ့ညီမက အိမ်ငှါးပြီး အတူနေတာပါ။

Q. အဲ့ဒီတော့ ကိုအောင်က ယောကျာ်းလေးလို့ ကိုယ့်ကိုကိုယ် ခံယူထားတယ်။ ယောကျာ်းလေးလိုနေတာက ဘယ်အသက်အရွယ်လောက်ထဲကပါလဲဗျ။

A. ကျွန်တော့်အမေ မဆုံးခင်ထဲကပါ။ ပြောရမယ်ဆိုရင်တော့ သိတတ်စအရွယ်ထဲက မိန်းကလေးလို မနေချင်တော့ဘူး။ ယောကျ်ားလေးလိုပဲ ပြုမူပြောဆိုနေထိုင်ပါတယ်။ မိန်းကလေးအင်္ကျီဝတ်ပေးရင် ကြမ်းပြင်မှာ ခြေထောက်ကို ပွတ်ပြီးငိုတော့ အမေက ယောကျ်ားလေးအင်္ကျီပဲဝတ်ပေးတော့တာပါ။ အမေကလဲ ငါ့သမီးက ယောကျ်ားလေး အင်္ကျီဝတ်ပေးရင်ပျော်နေတာပဲဆိုပြီး မိန်းကလေး အင်္ကျီမဝတ်ပေးတော့ပဲ ယောကျ်ားလေး အင်္ကျီပဲဝတ်ပေးတော့တာပါ။

Q. ဒါဆိုလို့ရှိရင်တော့ အဲ့ဒီအရွယ်ထဲက ကိုအောင်က ယောကျ်ားလေးလိုနေတာကို သဘောကျခဲ့တယ်ပေါ့နော်။ ခုချိန်မှာရော ကိုအောင်ဒီလိုမျိုးနေတာကို အမေသာရှိခဲ့လို မြင်မယ်ဆိုရင် ဘယ်လိုခံစားရမယ်လို့ ကိုအောင်ထင်လဲဗျ။

A. သားသမီးဖြစ်ချင်တဲ့ ဆန္ဒကို ဖြည့်ဆီးပေးရတယ်ဆိုပြီး အမေပျော်နေမယ်လို့ ထင်ပါတယ်။ ဘာပဲဖြစ်နေဖြစ်နေ အမေဆိုတာကတော့ သားသမီးရဲ့ဆန္ဒကို လိုက်လျောကြတာများပါတယ်။ ငါ့သားသမီးက ဒီလိုလေးနေနေပါလားဆိုပြီး ကောင်းတဲ့ဘက်က ဖြည့်တွေးပြီး ပျော်နေမယ်လို့ ထင်ပါတယ်။ ပတ်ဝန်းကျင်က ဘယ်လောက်ပဲဘာတွေပြောနေပါစေ အမေက ကိုယ့်သားသမီးဆန္ဒကို လိုက်လျောပေးတဲ့အတွက် ဂုဏ်ယူနေမှာပါ။ ကျွန်တော်ကလဲ မိဘမဆုံးခင်ကနေ ခုချိန်ထိ ကျွန်တော်ကိုယ်ကျွန်တော် မဲ့တစ်ပေါက်မစွန်းအောင်နေထိုင်ပါတယ်။

Q. ကိုအောင်က ကျောင်းပညာဘယ်လောက်ထိ သင်ယူခဲ့ပါသလဲဗျ။ ကျောင်းမှာရော ကိုအောင်က အမျိုးသားတစ်ယောက်လို ဝတ်ဆင်တဲ့အတွက် သူငယ်ချင်းတွေနဲ့ ဆရာဆရာမတွေကရော ဘယ်လိုမျိုးဆက်ဆံခဲ့ပါသလဲဗျ။

A. ကျောင်းထွက်ခဲ့တာပဲ မှတ်မိတော့တယ်ဗျ။ ရင်ဖုံးအင်္ကျီဝတ်ရမယ်ဆိုတာနဲ့ ကျောင်းထွက်လိုက်တာပါ။ ဟိုတုန်းက စည်းကမ်းကလဲ အရမ်းကြီးပါတယ်။ အခုကျောင်းသားတွေအတွက်ကတော့ အဲ့လောက်ထိ မကြီးတော့ဘူးလို့ ထင်ပါတယ်။ ဆုရခဲ့ဖူးတယ်။ အားကစားမှာဆုရတော့ မိန်းကလေး အင်္ကျီနဲ့ယူရမယ်ဆိုတော့ အမေ့ကို ဆရာကြီးဆီသွားပြောခိုင်းတာ။ ကျွန်တော်ကလဲ ရင်ဖုံးဝတ်ပြီးမှ ယူရမယ်ဆိုရင်မယူဘူးဆိုပြီးပြော တော့ နောက်တော့ ယောကျ်ားလေးလို ဆုယူခဲ့ပါတယ်။ ပထမတော့ ဆရာတွေက ငြိုငြင်တာပေါ့။ သူတို့က မိန်းကလေးလို သိမ်သိမ်မွေ့မွေ့နဲ့ပဲ ယူစေချင်ပေမဲ့ ကိုယ်ကလဲ ယနေ့ချိန်ထိ ခုလိုနေတာကို အမှန်လို့ပဲ ခံယူထားပါတယ်။

Q. အမျိုးသမီးဝတ်စုံဝတ်ခဲ့ရတဲ့ ခါးခါးသီးသီး အမှတ်တရလေးရော ရှိခဲ့သေးလားဗျ။

A. တစ်ခါတော့ ရှိပါတယ်။ အမတွေက မြို့ထဲသွားမယ်လို့ ပြောပါတယ်။ ဟိုတုန်းကတော့ ကျွန်တော်တို့နေတဲ့ ဒလက တောရွာပေါ့။ကျွန်တော်ကလဲ မြို့တက်ပြီး အရမ်းလည်ချင်ခဲ့တာ။ အမတွေကလဲ သူငယ်ချင်းတွေနဲ့ စုပြီးရုပ်ရှင်ကြည့်တာတွေ လျှောက်လည်တွေလုပ်ကြတယ်။ အရင်တုန်းက ကားဂိတ်ရှိတယ်။ ခုတော့ ဆိုင်ကယ်ဂိတ်ဖြစ်နေပြီ။ နာရီစင်ကားဂိတ်ပါ။ ကျွန်တော်က လိုက်မယ်ဆိုပြီး ငိုပြီးတော့ လိုက်တော့ အမက မလိုက်နဲ့ လူကပြည့်ပြီ လက်မှတ်ကလဲ ပြည့်ပြီပြောတော့ မရဘူး ကျွန်တော်ကလဲ လိုက်ချင်တာ။ အဲ့တော့ ကျွန်တော်မဖြစ်ချင်ဆုံး အရာကိုသူတို့က တောင်းဆိုတယ် မိန်းကလေးအင်္ကျီဝတ်လာခိုင်းတယ်။ သူတို့ကမခေါ်ချင်တာတော့ အမှန်ပါပဲ။ သူတို့မှာ ဘာအခက်အခဲရှိလဲတော့မသိပါဘူး။ မိန်းကလေးအင်္ကျီဝတ်လာရင်ခေါ်မယ် ဆိုပြီးပြောပါတယ်။ ကျွန်တော့စိတ်ကလဲ အရမ်းလိုက်ချင်နေတော့ အိမ်ကိုပြေးသွားပြီးတော့ ညီမလေးဝတ်တဲ့ ဂါဝန်ကိုဝတ်ပြီး လိုက်သွားခဲ့တာ။ ကားဂိတ်ရောက်တော့ အမတို့ကမရှိတော့ဘူး။ ကျွန်တော်လဲ ငိုပြီး ဂါဝန်ကို ခါးနဲ့ချတ်ပစ်ခဲ့တာ။ အဲ့ဒီနောက်ကစလို့ မိန်းကလေးအင်္ကျီမဝတ်တော့ဘူး။ စိတ်နာသွားတာ။

Q. ဒါဆိုလို့ရှိရင် အဲ့ဒီဝတ်စုံလေးကို မှတ်မိသေးလားဗျ။ ပုံဖော်လို့ရသေးလား။ ဘာအရောင်လေးများလဲဗျ။ အဲ့ဒီအချိန်မှာ ဝတ်လိုက်ရတဲ့ခံစားချက်က ဘယ်လိုမျိုးလဲ။ ကိုယ့်ကိုကိုယ် လှတယ်လို့ထင်လား ရုပ်ဆိုးတယ်လို့ထင်လား။

A. အစိမ်းကွက်လေးဗျ။ လှတယ်ဆိုးတယ်ဆိုတာတော့ တစ်ခါမှ မတွေးခဲ့ပါဘူးဗျ။ ကလေးဘဝဆိုတော့ မြို့ထဲသွား မှာက အထူးအဆန်းအနေနဲ့ လိုက်ချင်တဲ့စိတ် အဲ့ဒီဇောတစ်ခုပဲ ရှိတာပါ။ ကျန်တာ ဘာကိုမှမခံစားမိလိုက်ပါဘူး။ ခဏလေးပဲ အိမ်ပြန်ရောက်တော့ အဲ့ဂါဝန်ကိုဖြုံပြီး ခါးနဲ့ချတ်ပစ်လိုက်တာ။

Q. ဒါဆို မိန်းကလေးဝတ်စုံဝတ်ခဲ့တာက အဲ့ဒီအချိန်ကနေ ခုထိ အဲ့ဒီတစ်ခါပဲပေါ့။

A. အဲ့ဒီတစ်ခါပါပဲ။ သူငယ်ချင်းတွေက နောက်ပြီး မိန်းကလေးဝတ်စုံဝတ်ပြီး ဓာတ်ပုံရိုက်ပြီး ဖေ့စ်ဗုတ်ပေါ်တင်မယ်ပြောတာကို ကျွန်တော်က မကြိုက်ပါဘူး။ အဲ့လိုမျိုး အမှတ်တမဲ့နဲ့ သူငယ်ချင်းတွေကနောက်တယ်။ မိန်းကလေးပုံစံနောက်ရင်မကြိုက်ဘူး။ စိတ်ဆိုးပါတယ်။ ပြေးပြီးတော့ ထိုးပစ်လိုက်ချင်တာပါ။ တစ်ချို့သူငယ်ချင်းတွေက ကိုယ်မိန်းကလေးဖြစ်တာကိုသိရဲ့နဲ့ အားနည်းချက်ကိုဖိပြီး ပြောကြတာ။ အဲ့လိုချိန်ဆို မခံချင်စိတ်တွေပေါက်လာပြီး ပြေးထိုးချင်တာ။

Q. ဒါကသူငယ်ချင်း ပတ်ဝန်းကျင်နဲ့ဆက်ဆံမှုပေါ့။ ခုနအကိုကပြောလိုက်တဲ့ထဲက ကမ်းနားမှာ

ကူလီထမ်းခဲ့တယ်လို့ပြောပါတယ်။ ဘယ်လိုဖြစ်လို့ အဲ့ဒီအလုပ်ကိုရွေးချယ်ခဲ့တာပါလဲဗျ။

A. ကျွန်တော် ပထမတွဲခဲ့တဲ့ကောင်မလေးရှိပါတယ် ။ ငယ်ချစ်ဦးပေါ့။ အချစ်ကို သူနဲ့စသိခဲ့တာပါ။ ကျွန်တော်က နာရီစင်ကနေ သမ္ဗန်ဆိပ်ကို သွားတော့ အဲ့ဒီကောင်မလေးနဲ့ တွေ့ခဲ့တာပါ။ သူနဲ့ဆက်စပ်ပြီး ကုန်ထမ်းတဲ့အလုပ်ကိုလုပ်ခဲ့တာပါ။ ကျွန်တော်က သူငယ်ချင်းတွေနဲ့ စော်သွားရှာတော့ အဲ့ဒီကောင်မလေးနဲ့အမှတ်တမဲ့ တွေ့ခဲ့တာပါ။ သူက ဈေးရောင်းပါတယ်။ ဆန်ဆိုင်ကြီး ဖွင့်ထားတာပါ။ ကောင်မလေးက ..ဟော့..လာဦးတဲ့။ ကျွန်တော်ကလဲ ဘာဖြစ်လို့လဲ အမဆိုတော့ ခင်ချင်လို့တဲ့။ သူကအဲ့လိုမျိုး ပလိန်းကြီး ဝင်လာတာ။ နင်ကငါ့ကိုမသိပေမဲ့ ငါကနင့် ကိုသိတယ်ဆိုပြီး ပြောတော့ ကျွန်တော်က ဟုတ်ကဲ့အမ ကျွန်တော် ဘာကူညီပေးရမလဲဆိုတော့ ကောင်မလေးက မနက်ဖြန်အားရင် ကျောင်းကို လာကြိုပါလားတဲ့။ ကောင်မလေးက စချိန်းတာပါ။ ကျွန်တော်ကလဲ ရပါတယ် အဲ့လောက်တော့ လုပ်ပေးနိုင်ပါတယ်ဆိုပြီး သွားကြိုပေးပါတယ်။ အဲ့ဒီနေ့ကတော့ ကျွန်တော်တို့ ရင်းရင်းနှီးနှီး ဘယ်မှာနေတယ် ဘာလုပ်တယ်ကအစ ပြောဆိုကြပါတယ်။ သူတို့ကအရင်တုန်းကအရမ်းချမ်းသာပေမဲ့ ခုတော့ အထည်ကြီးပျက်တွေတဲ့။ ခုသူနဲ့ခင်ရတာ ကံဆိုးတယ်ဆိုပြီးပြောပါတယ်။ ကျွန်တော်ကလဲ ရပါတယ် ကျွန်တော်က စိတ်ရင်းနဲ့ခင်တာပါဆိုပြီး သူကလဲ ကျွန်တော့်စိတ်ဓာတ်ကိုကြိုက်တော့ စကားပြောရင်း သံယောဇဉ်ဖြစ်သွားကြတာပါ။ ကျွန်တော်ကအိမ်မှာအလုပ်ရှုပ်နေလို့သူ့ဆီမရောက်ဖြစ်တော့ သူ့ဆီလာခဲ့ဖို့ သူ့ကိုလာကြိုဖို့ ကျွန်တော့်သူငယ်ချင်းနဲ့လူကြုံမှာပါတယ်။ ကျွန်တော်ကလဲ ဟော့ရောင် မင်းမနောက်နဲ့နော်ဆိုတော့ တကယ်ပြောတာ စော်လေးကအမူအရာတွေကအစမင်းကိုကြွေနေတာဆိုပြီးပြောပါတယ်။ တွေ့ချင်နေတာအမှန်ပဲ မင်းမနက်ဖန်သွားကြိုလိုက်ဆိုတော့ နောက်ရက်၁၁နာရီလောက်မှာ သွားကြိုပါတယ်။ ကောင်မလေးက ကျွန်တော့်ကိုတွေ့တော့ ဝမ်းသာအားရနဲ့ ခါးကိုဖက်ပြီး ဘာလို့လာမကြိုတာလဲ လွမ်းနေတာဆိုပြီးပြောပါတယ်။ ကျွန်တော်ကလဲ မအားလို့ဆိုပြီးပြန်ပြောပါတယ်။ ကျွန်တော်ကစတွေ့တုန်းက အမလို့ခေါ်ပြီး နောက်ရင်းနှီးသွားတော့ နင်နဲ့ငါပဲပြောပါတယ်။ သူကမောင်နှမတွေအားလုံးထဲမှာအငယ်ဆုံးဆိုတော့ အငယ်မလို့ခေါ်ပါတယ်။ ကျွန်တော်က ချစ်စနိုးနဲ့အငယ်လေးလို့ခေါ်ပါတယ်။

Q. ဒါဆိုစတွေ့တွေ့ချင်းတုန်းက နင်းဆီပန်းလေးကိုင်ပြီးသွားတယ်လို့ပြောပါတယ်။ အဲ့ဒီပန်းလေးကရော အငယ်လေးကိုပေးဖြစ်သလားဗျ။

A. မပေးဖြစ်ခဲ့ဘူးဗျ။ ကျွန်တော်က စော်သာကြောင်နေတာ စော်အကြောင်းသေချာမသိဘူး။ သူကတော့ ကျွန်တော်ပေးမဲ့ပန်းကိုမျှော်နေတာ။

သူ့ကျောင်းကိုနှစ်ခေါက်သုံးခေါက်လောက် ကြိုပြီးမှပေးခဲ့တာပါ။ နောက်တော့အဆင့်တတ်ပြီး သူတတ်တဲ့ကျူရှင်ထိပါလိုက်ကြို ပေးဖြစ်တယ်။ အေးအေးဆေးဆေး မုန့်ဆိုင်မှာ ထိုင်စကားပြောကြတယ် ကျွန်တော်က သူ့ကိုချစ်တဲ့အကြောင်းကို စာရေးပြီးပြောဖြစ်တယ်။ သိပ်တော့မကြာပါဘူး သူ့ဆီကအဖြေပြန်ရခဲ့ပါတယ်။ သူတို့အိမ်ထိလိုက်နေခဲ့ပါတယ်။ အဲ့လိုနေရဖို့အတွက်လဲ ကျွန်တော်အများကြီး ကြိုးစားခဲ့ရပါတယ်။ ဆန်အိတ်တွေလဲ ထမ်းခဲ့ရတယ်။ အချိန်၂၀အိတ်တွေ ထမ်းရတယ်။

Q. အဲ့လိုလိုက်နေတော့ရော သူ့မိဘတွေနဲ့ကအဆင်ပြေပါရဲ့လား။

A. အဆင်ပြေပါတယ်။ နောက်ဆုံးယူဖို့ထိလုပ်ခဲ့ပေမဲ့ မယူဖြစ်ခဲ့ပါဘူး။ သူတို့က မွတ်စလင်တွေပါ။ မွတ်စလင်က သူတို့အယူအဆအရ သမီးရှိရင် ယောကျ်ားပေးစားရတယ်။ ယောကျ်ားမယူရင် စီးပွားကျတယ်။ အဲ့တော့ ကျွန်တော်ကလဲ လက်လျော့ခဲ့ရပါတယ်။ ကျွန်တော်သူတို့အိမ်ရောက်တော့ စီးပွားရေးကလဲ အနည်းငယ်ကျသွားတယ်။ သူ့အဖေကလဲ လောင်းကစားလုပ်တယ်။ ကျွန်တော်ကတော့ သူဈေးဝယ်သွားရင်လိုက်ပေးတယ်။ မနက်အစောကြီးသွားလဲ လိုက်ပေးတယ်။ အဲ့ဒီတုန်းက ဆယ်ကျော်သက်ဆိုတော့ လုံးဝအချစ်ကိုရူးသွပ်နေတဲ့အချိန်လေ။ သံယောဇဉ်တော်တော်ကြီးခဲ့တယ်။ သူတို့မပြေလည်တော့ ကျွန်တော်က အတတ်နိုင်ဆုံးရှာကျွေးခဲ့တယ်။ သူတို့ကလဲ ပိုက်ဆံတွေအများကြီးအကြွေးတင် နေတော့ သူ့ကိုယ်သူရေထဲခုန်ချပြီး အဆုံးသတ်ဖို့တောင် စိတ်ကူးနေတော့ ကျွန်တော်က ဖျောင်းဖျရတယ်။ အတတ်နိုင်ဆုံးအားပေးပြီး ရင်ဆိုင်ဖို့ပဲပြောတယ်။ ကျွန်တော်ကလဲ သူ့အတွက် ဒီပြင်နိုင်ငံသွားပြီး အလုပ်လုပ်ပြီး သူတို့အကြွေးတွေဆပ်ပေးဖို့ထိ စိတ်ကူးခဲ့တာ။ သူစိတ်ချမ်းသာရင်ပီးရော။ ဒါပေမဲ့သူက လက်မခံပါဘူး။ သူ့နားမှာပဲနေဖို့ပြောပါတယ်။ သူကလဲ ကျွန်တော်ပြောသလိုမျိုးနေပဲ့မယ်တဲ့။ ကျွန်တော့်ကိုလဲ မသွားနဲ့ဆိုတော့ မသွားဖြစ်တော့ပါဘူး။ သူနဲ့ကွဲသွားတော့ ကျွန်တော်မခံစားနိုင်ဘူးဗျာ။ တစ်ပတ်ဆယ်ရက်လောက်ကို ငိုခဲ့ရတာ။ အရမ်းချစ်ခဲ့တာ။

Q. ဒါဆို ကျွန်တော် နောက်ထပ်မေးခွန်းလေး ထပ်မေးချင်ပါတယ်။ ကိုယ်ရေးကိုယ်တာနဲ့ဆိုင်သလိုမျိုးတော့ ဖြစ်နေမယ်ဗျ။ အဲ့ဒီချစ်သူနဲ့ရော လိင်ဆက်ဆံမှုတွေရှိလားဗျ။

A. ရှိပါတယ်။ အတူအိပ်တယ်။

Q. အတူအိပ်တယ်ဆိုတာ ရှိနေပြီပေါ့နော်။ ရှိနေပြီဆိုတဲ့အခါကြတော့ အကိုက သူ့ကို ကိုယ်ယူထားတဲ့အမျိုးသမီး တစ်ယောက်လို သတ်မှတ်ထားတာပါလားဗျ။

A. ဟုတ်တယ်ဗျ။ အဲ့လိုသတ်မှတ်ထားတာပါ။

Q. အဲ့ဒီတော့လေ သူက ကိုယ့်မှာလိုအပ်ချက်ရှိလို့ပစ်သွားတာလို့ ထင်လား။ ဒါမှမဟုတ် သူကတစ်စုံတစ်ခုကို တပ်မက်လို့ပစ်သွားတယ်လို့ ထင်လား။

A. ကျွန်တော့်စိတ်မှာတော့ အဲ့လိုမျိုးမထင်ပါဘူး။ သူလဲကျွန်တော့်ကို တကယ်သံယောဇဉ်ရှိခဲ့ပါတယ်။ ကျွန်တော်နဲ့သူစိတ်ဆိုးလို့ ကျွန်တော်က အိမ်ပြန်နေရင်တောင်မှ သုံးရက်လောက်ဆို သူမနေနိုင်တော့ဘူး။ လိုက်ခေါ်ပါတယ်။

Q. ဒါဆိုရင် ကျွန်တော်နောက်တစ်ခုသိချင်တာက သူနဲ့ရောပြန်တွေ့ဖြစ်လား။ သူကဒလမှာရောနေသလားဗျ။

A. ဒလမှာပဲနေပါတယ်။ ပြန်တွေ့ပေမဲ့သူက ကျွန်တော့်မျက်နှာကို ရဲရဲမကြည့်တော့ဘူး။ ကျွန်တော့်ကို မြင်တာနဲ့ မျက်နှာလွှဲသွားတယ်။ တစ်ချို့ပြန်ပြောကြတာကတော့ ခုသူယူထားတဲ့ယောကျ်ားက အရမ်းနိုပ်စက်တယ်။ ကျွန်တော်တို့တွဲတုန်းကတော့ သူ့ကို အရမ်းဂရုစိုက်ပေးတယ်။ ကျွန်တော်မစားရရင်နေပါစေ သူ့ကိုပဲကျွေးတယ်။ သူကဆံပင်အရှည်မြတ်နိုးတယ်။ ကျွန်တော်ကလဲ ဆံပင်အရှည်ထားတဲ့ မိန်းကလေးဆိုရင် အရမ်းမြတ်နိုးပါတယ်။ ကျွန်တော်မကြိုက်မှန်းသိလို့ ဆံပင်တောင်မညှပ်ခဲ့ပါဘူး။ ညတိုင်းသူ့ဆံပင်လေးကို ပွတ်သပ်နမ်းပြီးမှ အိပ်တာပါ။ သူခုယူထားတဲ့ယောကျ်ားက သူ့ဆံပင်ကိုဖြတ်ပစ်တယ်လို့ပြောတယ်။ လုံးဝကိုသူ့ဘဝပျက်သွားသလိုပဲ။ ခုသူကျွန်တော့်စေတနာတွေကိုနားလည်နေပြီ။

Q. အကို့ဘက်ကရော ခုချိန်ထိသူ့ကိုတွေ့ရင် ဘယ်လိုခံစားရလဲ။

A. သူ့အိမ်ထောင်နဲ့သူဖြစ်သွားပြီဆိုတော့ စည်းခြားသွားပါပြီ။ ကျွန်တော်က စည်းစောင့်ပါတယ်။ ကိုယ့်ကြောင့် သူများအိမ်ထောင်ရေး မပြိုကွဲစေချင်တဲ့စိတ်နဲ့ စောင့်ထိမ်းပါတယ်။

Q. အကိုပြောသွားတဲ့ထဲမှာ အကို့အဖေနဲ့မိထွေးက အကို့ကိုပြန်ခေါ်တယ်လို့ ပြောသွားပါတယ်။ အဲ့တော့ အကို့အဖေနဲ့မိထွေးကရော အကိုခုလိုမျိုး ကျားကျားယားယားနေတာကို သဘောတူပါသလားဗျ။

A. သဘောတူပါတယ်။

Q. အကို့ရဲ့ ညီမနဲ့အမကရော လက်ခံပါသလားဗျ။

A. အမေမဆုံးခင်ထဲက လက်ခံသွားတော့ အဖေကလဲ လက်ခံတယ်။ မိဘနှစ်ပါးလုံးကလက်ခံတော့ ညီအကိုမောင်နှမတွေကလဲ လက်ခံပါတယ်။ ညီမကသံယောဇဉ်အရမ်းကြီးပေမဲ့ အမကတော့ သူ့ယောကျ်ားစကားကိုနားယောင်ပြီး ပစ်ပစ်ခါခါလုပ်ပါတယ်။ ကျွန်တော့်ညီမလေးကတော့ ကျွန်တော်ယိုင်လဲ သွားတော့ ကျွန်တော့်ကို နှစ်သိမ့်ပေးပါတယ်။

Q. အခု အကို့မိထွေးကရော အကို့ကို ဘယ်လိုမျိုးဆက်ဆံပါသလဲဗျ။

A. မိထွေးက ကျွန်တော့်အဖေစပြီးတော့ ခိုးလာတဲ့အချိန်မှာပြီးတော့ အမေလိုပဲ ဆက်ဆံပါတယ်။

Q. မိထွေးက အကို့ကို ဘယ်လိုခေါ်ပါသလဲဗျ။

A. နာမည်ပဲ ခေါ်ပါတယ်။ ချောအောင် ဆိုပြီးခေါ်ပါတယ်။

Q. ဒါဆိုသားလို့မခေါ်ဘူးပေါ့။

A. မခေါ်ပါဘူး။

Q.အကို့ရဲ့မိသားစုကလက်ခံတယ်လို့တော့ ယူဆရပါတယ်။ အကို့ဘဝမှာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေကို နှုတ်နဲ့သော်လည်းကောင်း ကိုယ်ထိလက်ရောက်သော်လည်းကောင်း စော်ကားတာမျိုးကိုကြုံခဲ့ရဖူးပါသလားဗျ။

A. ရှိပါတယ်။ သူစိမ်းနဲ့ဖြစ်ခဲ့ဖူးပါတယ်။ မမကြီးတစ်ယောက်ပါ။ ကျွန်တော့်ကောင်မလေးနဲ့ ပြတ်သွားတော့ မမကြီးတစ်ယောက်နဲ့တွေ့ပါတယ်။ ကျေးဇူးလဲရှိပါတယ်။ ငွေရေးကြေးရေးကူညီပေးပါတယ်။ ကျွန်တော်က အဲ့ဒီအမကြီးကို ကိုယ့်အမတစ်ယောက်လို သံယောဇဉ်ဖြစ်သွားတာပါ။ ကျွန်တော်နဲ့သူက သူ့အကြောင်းကို့အကြောင်းသိပြီး ရင်းနှီးသွားတာကို သူ့ဘဲကမကြည်ဘူး။ သူနဲ့ကျွန်တော်က ဆိုင်ချင်းကကပ်ရပ်ပါ။ ကျွန်တော်က ကွမ်းရောင်းတယ်။ သူကမုန့်တီတို့ဘာတို့ရောင်းတယ်။ စီးပွားရေးအတိုင်းအတာမှာ ကူညီရင်းနှီးစပ်မှုတော့ ရှိတယ်။ ကျွန်တော်က သူငယ်ချင်းတွေဆုံရင် အရက်သောက်လေ့တော့ရှိတယ်။ သူငယ်ချင်းကအသဲကွဲနေတော့ အရက်တွေသောက်ပြီး ပလပ်ကျွတ်ကြတယ်။ မူးပြီး ပြန်လာကြတာ။ အဲ့အချိန်မှာ ရန်ဖြစ်ရင်တော့ ရှုန်းနိုင်ကန်နိုင်တဲ့ အင်အားတော့ ရှိသေးတယ်။ တစ်ရက်တော့ ကျွန်တော်က ပွဲဈေးမှာ ကွမ်းယာရောင်းတော့ ခုံလိုနေတာကို မမကြီးက သူ့အိမ်သွားယူလို့ပြောပါတယ်။ အဲ့ဒါကို ပတ်ဝန်းကျင်ကလဲ ပြောတော့ သူ့ဘဲကပေါက်ကွဲတာပေါ့။ ကျွန်တော်ကလဲ မမကြီးကို ကျွန်တော့်ကြောင့်ဆူခံရတာ တောင်းပန်ပါတယ်ဆိုပြီး ခြေထောက်ကိုကိုင်ပြီးတောင်းပန်ပါတယ်။ မမကြီးကရတယ် ဘာမှမဖြစ်ဘူးဆိုပြီး ပြောပါတယ်။ အဲ့ဒီအချိန်မှာ သူ့ဘဲကချောင်းကြည့်နေတာ။ ကျွန်တော်က တောင်းပန်ပြီး ပြန်ထွက်မယ်လုပ်တော့ သူကလာထိုင်ပြီး ကျွန်တော့်ကို မျက်စိတစ်ဆုံး စိုက်ကြည့်ပါတယ်။ ကျွန်တော်ကလဲ သောက်ထားလို့ နဲနဲလေးထွေနေတော့ ဘာကြည့်တာလဲဆိုပြီး ပြန်မေးပါတယ်။ လုံးဝကျွန်တော်က မရမ်းကားပါဘူး မဆဲပါဘူး။ ကျွန်တော်ဆိုင်ရှေ့ထိလာထိုးပါတယ်။ ကျွန်တော့်မျက်နှာကိုထိုးတော့ ဖင်ထိုက်ရက်လဲကျသွားပါတယ်။ ကျွန်တော် က ထပြီးပြန်ထိုးမယ်လုပ်တော့ ထပ်ပြီးနာခေါင်းကိုထိုးပါတယ်။ သွေးတွေဆိုရင် ကျွန်တော့်ရင်ဘက်ပေါ်မှာ ရွှဲနေတာပဲ။ မမကြီးက တော်တော့ နင်လွန်နေပြီ သူကယောက်ျားလေးမဟုတ်ဘူး

မိန်းကလေးဆိုပြီး ဝင်ဆွဲပါတယ်။ သူကနောက်တော့ ထွက်သွားပါတယ်။ ကျွန်တော်က ဆိုင်ကယ်နဲ့လိုက်ရိုက်မယ်ဆိုပြီးထွက်တော့ အမျိုးတွေက ဥပဒေအတိုင်းလုပ်မယ်ဆိုပြီးပြောပါတယ်။ ဒါပေမဲ့အဲ့ဒီအချိန်မှာ ကျွန်တော်ကနဲနဲသောက်ထားတော့ ကျွန်တော်ပဲ ရှုံးခဲ့တာပါ။ သူငယ်ချင်းတွေကလဲ မင်းသံယောဇဉ်ရှိပါတယ်ဆိုတဲ့မမက မင်းဘက်မရှိလို့ ဖြစ်တာဆိုပြီး ဝိုင်းပြောကြတော့ ကျွန်တော်လဲ မမကိုမခေါ်တော့ပါဘူး။ မမကတော့ ကျွန်တော့်ကို ရေလေးနဲ့ပတ်လိုက်စသည် ဖြင့်စပါတယ်။ ဒီလိုနဲ့ပဲစိမ်းသွားတာ ကြားထဲမှာတော့ မေးထူးခေါ်ပြောလေးတော့လုပ်တယ်။

Q. အကို့မှာလက်ရှိမိန်းမရှိတယ်လို့ကြားပါတယ်။ သူနဲ့ရော ဘယ်ချိန်ထဲကစတွေ့ပြီး လက်ထပ်ပေါင်းသင်းခဲ့တာ ပါလဲဗျ။ ဘယ်လိုစတွေ့ခဲ့တာပါလဲဗျ။


A. ကျွန်တော့်အဖေက နောက်မိန်းမရပြီးတော့ ပြန်အဆင်ပြေလာတော့ ကျွန်တော့်ကို ပြန်ခေါ်ပါတယ်။ အစကတော့ ကျွန်တော်က ပြန်မလိုက်ဘူး။ အဖေ့သူငယ်ချင်းတွေကလဲ ပြန်ခေါ်ဖို့အတင်းတိုက်တွန်းတော့ အဖေကိုယ်တိုင် လာခေါ်မှ ပြန်နေဖြစ်သွားတာပါ။ ကောင်မလေးက ဘေးဆိုင်ကပါ။ ခဏခဏမြင်ပါများတော့ ရင်ခုန်ပေမဲ့ ပထမတစ်ယောက်နဲ့ အသဲကွဲထားတော့ မစတော့ဘူး။ ဘေးက ကွမ်းယာဆိုင်က စကားစတယ်။ ကောင်မလေးက တောကလာတာ။ အနေအထိုင်ကလဲ ယဉ်ကျေးတယ်။ သွက်လက်တယ်။ မင်းနဲ့လိုက်တယ်ဆိုပြီးပြောပြောပေမဲ့ ကျွန်တော်က အသဲကွဲထားတော့ တော်ပါပြီဆိုပြီး ပြန်ပြောတယ်။ ကောင်မလေးကတော့ ကျွန်တော့်ကို လိုက်ပြီး ခိုးကြည့်တယ်။ ကျွန်တော်ပျောက်သွားရင်သူက စားပွဲထိုးလေးတွေကိုခေါ်မေးတယ်။ သူကစခဲ့တာပါ။ နောက်ရက်ကျတော့ ဟိုဘက်ဆိုင်က ထပ်ပြောတယ် ။ မင်းကိုစိတ်ဝင်စားနေပြီတဲ့။ ကျွန်တော်ကလဲ ညနေပိုင်း အိမ်ရှေ့ထမင်းထွက်စားတော့ ကျွန်တော့်ကို အဝတ်လျှော်ရင်းနဲ့ ရေခဲတုံးနဲ့လှမ်းပေါက်တယ်။ ကျွန်တော်က ဘာလို့ပေါက်တာလဲဆိုတော့ သူကမပေါက်ဘူးဆိုပြီး ညာတော့ ကျွန်တော်က မညာနဲ့ ဘုရားရိုက်လိမ့်မယ်ဆိုပြီး ပြန်ပြောပါတယ်။ နောက်တော့ ကျွန်တော်လဲမရိုးမရွဖြစ်ပြီး ရည်းစားစကားလိုက်ပြောတာ။ တစ်ခါထဲ ဖက်နမ်းပြီး အဖြေရခဲ့ပါတယ်။ သူနဲ့ကျွန်တော်သွားတော့ သူငယ်ချင်းတွေကမြင်ပြီးမေးတော့ နောက်မှပြောပြခဲ့ပါတယ်။ အဲ့တုန်းကတော့ သူက ပိန်ပိန်လေးပါ။

Q. အကို့ဘဝရဲ့မမေ့နိုင်တဲ့အမှတ်တရလေးရှိရင် ပြောပြပေးပါအုံးဗျ။

A. ကျွန်တော်အရမ်းကြိုက်တဲ့ နာရီလေးကိုအဖေကဝယ်ပေးခဲ့ပါတယ်။ နောက်တော့ကိုယ်ပိုင်အလုပ်လုပ်ချင်လို့ အဲ့နာရီလေးကိုရောင်းပြီး ကွမ်းယာဆိုင်ထောင်ခဲ့ပါတယ်။ အဲ့ဒါလေးကတော့ ဘဝမှာမမေ့မရတဲ့အမှတ်တရပါပဲ။

Q. ဒါဆိုရင် အဖေကရော။

A. အဖေကတော့ ဆုံးသွားပါတယ်။




ဆုံးပါးသွားတဲ့ကျွန်တော့်မိဘတွေကိုသတိရစိတ်နဲ့ ကုသိုလ်ပြုချင်လို့ ဒီဆွမ်းချိုင့်ပုံလေးကို ဆွဲဖြစ်တာပါ။ ကျွန်တော်အဆင်ပြေတဲ့အချိန်ရောက်ရင်မိဘတွေအတွက်အလှူအတန်းလုပ်ချင်ပါတယ်။(ကိုအောင်၊ ၂၈နှစ်၊ ဒလ)

Q. အကိုကိုယ်တိုင်က ကောင်းမွန်ပြည့်စုံတဲ့ဘဝမှာ ဘယ်သူတွေကို ရှိနေစေချင်ပါသလဲဗျ

A.ကျွန်တော်သာပြည့်စုံမယ်ဆိုရင် ကျွန်တော့်ကို ကူညီပေးတဲ့အပေါင်းအသင်း မိတ်ဆွေတွေနဲ့အတူနေချင်ပါတယ်။

Q. အကိုက ခုချိန်မှာ ဟိုးအောက်ခြေကနေ ခုအနေအထားတစ်ခုထိရောက်လာပြီဆိုတော့ နောက်ဖြစ်လာမဲ့ ဘဝတူတွေကို ဘာတွေများ ပြောချင်ပါသလဲဗျ။

A. စီးပွားရေးတစ်ခုအောင်အောင်မြင်မြင် ခိုက်ခိုင်မာမာနဲ့ရှိစေချင်ပါတယ်။ စီးပွားရေးမရှိရင်တော့ ကဲ့ရဲ့ခံရမှာဖြစ်ပြီး စီးပွားရေးရှိရင်တော့ အဆင်ပြေမှာပါလို့ ပြောချင်ပါတယ်။ စိတ်ထားကောက်းဖို့လဲလိုပါတယ်။

Q. အကို့အနေနဲ့ကျွန်တော်တို့မြန်မာနိုင်ငံမှာရှိတဲ့ လိင်တူချစ်သူတွေအတွက် ဘာတွေများလုပ်ပေးဖြစ်လဲဗျ။

A.ကျွန်တော်ကတော့ သူငယ်ချင်းတွေထဲမှာ ဂေးလ်တွေလဲရှိတယ်။ ဘယ်လိုမှတော့မမြင်ပါဘူး။ ကိုယ်ချင်းစာစိတ်ပဲ ရှိပါတယ်။ ငါတို့လိုပါပဲလားဆိုပြီးတွေးပါတယ်။

Q. အကို့ရဲ့ ရှေ့ဆက်လျှောက်ရမဲ့ဘဝကြီးကို ဘယ်လိုဖြတ်သန်းမယ်လို့ စိတ်ကူးရှိပါသလဲဗျ။

A. ကျွန်တော်အောင်မြင်တဲ့အချိန်မှာ ကျွန်တော့်ကိုကူညီပေးခဲ့ကြတဲ့သူတွေကို ကျွန်တော့်အနားမှာ ခေါ်ထားခြင် ပါတယ်။ ဒီစကားကို အပြောတင်မဟုတ်ပဲ ရင်ထဲမှာပါတကယ်ရှိပါတယ်။ ဘယ်လောက်ပဲ အခက်အခဲရှိရှိသူနဲ့ပဲ ရင်ဆိုင်ဖြတ်သန်းချင်ပါတယ်။

Q. ကလေးမွေးစားဖို့ရော အစီအစဉ်ရှိပါသလားဗျ။ ဘယ်နှစ်ယောက်မွေးစားချင်ပါသလဲဗျ။

A. မွေးစားဖို့အစီအစဉ်ရှိပါတယ်။ ယောကျ်ားလေးတစ်ယောက်လောက်တော့ မွေးစားချင်ပါတယ်။

Q. ကျွန်တော်တို့ Unstraight Museun ကနေ ကိုအောင်တို့ မိသားစု ကျန်းမာပါစေကြောင်း ဆုတောင်းပေးပါတယ်။

## ၃၁။ ကိုသက်ထား(၃၅) တောင်ပြုး



Q. မင်္ဂလာပါအကို၊ ပထမဆုံးအနေနဲ့ အကို့ရဲ့ အမည်၊ အသက်၊ နေရပ်လိပ်စာလေးနဲ့ အလုပ်အကိုင်လေးကို မိတ်ဆက်ပေးပါအုံးဗျ။

A. မင်္ဂလာပါ။ ကျွန်တော့်အမည်ကတော့ ကိုသက်ဖြစ်ပါတယ်။ နတ်လောကမှာတော့ သက်ထားလို့ပဲသိပြီး ခေါ်ကြပါတယ်။ အသက်ကတော့ ၃၅ နှစ်ရှိပါပြီ။ အလုပ်အကိုင်ကတော့ ဖြူတီပါလာလဲ လုပ်တယ်။ နတ်လဲ ကပါတယ်။ ကျောက်တံခါးမြို့မှာနေပါတယ်။

Q. အကို့အနေနဲ့ အကို့ရဲ့ လိင်စိတ်ခံယူချက်လေးကို ဘယ်လိုများခံယူထားပါသလဲဗျ။

A. ကျွန်တော့်အနေနဲ့ကတော့ ကိုယ်ကိုကိုယ် မိန်းမလျာတစ်ယောက်လို့ ခံယူထားပါတယ်။ ငယ်ငယ်တုန်းထဲက ဒီစိတ်ပါလာလို့ပါ။ ၁၃ နှစ်လောက်ထဲက မိန်းမလျာဆရာတွေနဲ့တွေ့ပြီး သိခဲ့တာပါ။ ပွင့်သွားတာပေ့ါ။

Q. အဲ့ဒီလိုမျိုး မိန်းမလျာတစ်ယောက်အနေနဲ့ခံယူလိုက်တဲ့ အချန်မှာ မိဘနဲ့ ပတ်ဝန်းကျင်ဆီကနေ ကြုံတွေ့ခဲ့ရတဲ့ အခက်ခဲက ဘာတွေများဖြစ်မလဲဗျ။

A. အင်း။ အမိကကတော့ အဖေပါ။ အဖေတွေကတော့ များသောအားဖြင့် သားတွေကို အဲ့ဒီလိုမျိုး ဖြစ်တာမကြိုက်ကြဘူးလေ။ ကတဲ့နေရာတွေလဲလိုက်ရိုက်တယ်။ အိမ်မှာလဲ တစ်ကျက်ကျက်ရန်ဖြစ်ရတယ်။ အဲ့ဒီတော့ အိမ်မှာ မနေဖြစ်တာများပြီး သူငယ်ချင်းတွေအိမ်လိုက်နေဖြစ်တယ်။ ကတဲ့အိမ်တွေ လိုက်နေဖြစ်တယ်။ ဟိုနေဒီနေ ဟိုရောက်ဒီရောက်တွေဖြစ်ရော။

Q. အကိုက မိန်းမလျာတစ်ယောက်ဖြစ်နေတဲ့အတွက် မိဘနဲ့ မိသားစု ၊ ပတ်ဝန်းကျင်ကလူတွေက ခွဲခြားဆက်ဆံမှုတွေကြုံခဲ့ရလားဗျ။ ဖိနှိပ်မှုတွေရော ကြုံခဲ့ရလားဗျ။

A. ကြုံခဲ့ရတာတွေပြောမယ်ဆိုရင် အများကြီးပါ။ အဲ့လိုခွဲခြားဖိနှိပ်မှုတွေကို မိန်းမလျာတိုင်း ကြုံရပါတယ်။ ရန်ဖြစ်ရင်တောင်မှ မိန်းမလျာက ရှုံးပါတယ်။ မိန်းမလျာနဲ့ယောကျ်ား ရန်ဖြစ်ရင်တောင်မှ မိန်းမလျာက အလွန်ဆိုပြီး တစ်ချို့တွေကြုံရပါတယ်။

Q. ဟုတ်ကဲ့ပါအကို။ အကိုငယ်စဉ်ကလေးဘဝမှာရော ခွဲခြားဆက်ဆံမှုတွေကြုံခဲ့ရလားဗျ။

A. ကြုံခဲ့ရပါတယ်။ ပုံမှန်တော့ မရှိပါဘူး။ တစ်ချို့နေရာတွေမှာ ကြုံခဲ့ရပါတယ်။

Q. ဘယ်လိုမျိုးတွေများ ကြုံခဲ့ရပါသလဲဗျ။ အမှတ်ရနေတဲ့ အဖြစ်အပျက်လေး ပြောပြပါလားဗျ။

A. များသောအားဖြင့် ရထားပေါ်ကားပေါ်မှာ ကြုံခဲ့ရဖူးပါတယ်။ ဟုတ်တယ်မလား။ များသောအားဖြင့် လူတွေက မိန်းမလျာတွေနားမှာ မထိုင်ချင်တာမျိုးတွေ ခဏခဏကြုံတွေ့ခဲ့ရပါတယ်။

Q.အဲ့လိုမျိုး ကြုံလာရင်ရော အကို့အနေနဲ့ ဘယ်လိုမျိုးခံစားရပါသလဲဗျ။

A. အင်း။ အရင်တုန်းကတော့ စိတ်ဆိုးတာတွေ စိတ်တိုတာတွေ ရှိပါတယ်။ ငါတို့မိန်းမလျာတွေလဲ လူပဲဆိုပြီး တွေးပါတယ်။ အခုအသက်အရွယ်ရလာတော့ စိတ်ဆိုးစိတ်တိုတာတွေ မရှိတော့ပါဘူး။

Q. အကိုအခုလိုမျိုး မိန်းမလျာစဖြစ်တော့ အခက်ခဲဆုံးက အဖေနဲ့ရင်ဆိုင်ခဲ့တယ်လို့ ပြောခဲ့တော့လေ အကို့အနေနဲ့ အဖေ့ကို ဘယ်လိုမျိုး နားဝင်အောင်ပြောပြ ရှင်းပြခဲ့ရပါလဲဗျ။

A.အဲ့လိုမျိုးတော့ ရှင်းမပြခဲ့ပါဘူး။ ဘာလို့လဲဆိုတော့ အဖေကိုကြောက်တယ်လေ။ အဖေလိုက်ရိုက်တော့လဲ ပတ်ပြေးရတာပေါ့။ ဒီဖက်ပိုင်းရောက်တော့ အမြင်ရှိုးသွားတာလား မပြောချင်တော့တာလားတော့ မသိဘူး။ အနေချောင်လာပါတယ်။ နားလည်မှုရှိသွားတာတော့ မဟုတ်ဘူး။ ပြောမနိုင်လို့ လွှတ်ထားတဲ့ သဘောပါပဲ။

Q. အဖေကရော ရှိပါသေးလားဗျ။

A. အဖေကခုတော့ မရှိတော့ပါဘူး။ ဘယ်ထွက်သွားမှန်းကို မသိတော့ပါဘူး။

Q. အကိုငယ်ငယ်တုန်းက အကိုက မိန်းမလျာဖြစ်နေတဲ့ အတွက် အကို့ကို လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုတွေရော ကြုံခဲ့ရပါသလားဗျ။ အဓမ္မပြုကျင့်မှုတွေရော ကြုံခဲ့ရလားဗျ။

A. အဲ့လိုမျိုးတော့ မကြုံခဲ့ရပါဘူး။ ငယ်ငယ်တုန်းကနေခုချိန်ထိတော့ မှတ်မိသလောက် မကြုံခဲ့ရဖူးပါဘူး။

Q. အကို့အနေနဲ့ ချစ်သူရည်းစား ဘဝလက်တွဲဖော်ရော ရှိပါသလားဗျ။ ရှိရင်လဲ ပြောပြပေးပါလားဗျ။

A. အခုလောလောဆယ်ကတော့ တစ်ယောက်ထဲပါ။ အရင်ကထားခဲ့ဖူးပါတယ် ။ ယောကျာ်းယူဖူးပါတယ်။ သူနဲ့က ဒီလိုပဲ နတ်ပွဲကရင်းနဲ့ တွေ့ခဲ့တာပါ။ ပထမတစ်ယောက်က ၁၈/၁၉လောက်က ရွာတစ်ရွာမှာ ဒီလိုပါဗျပွဲကရင်းနဲ့ တွေ့ခဲ့တာပါ။ နတ်ဆရာနဲ့ သူတို့အိမ်မှာ တစ်လလောက်အတူနေတော့ သံယောဇဉ်ဖြစ်ပြီး ညားခဲ့တာပါ။ သိပ်တော့ မကြာပါဘူး။ တစ်နှစ်လောက်တော့ အတူနေခဲ့ပါတယ်။ နောက်တစ်ယောက်ကလဲ ခုလိုပဲ နတ်ပွဲကရင်းနဲ့ မထင်မှတ်ပဲညားခဲ့တာပါ။

Q. သူတို့နဲ့အမှတ်တရလေးတွေရှိရင် ပြောပြပေးပါလားဗျ။

A.အမှတ်တရအနေနဲ့ ပွင့်ပွင့်လင်းလင်းပြောရရင်ကတော့ ကိုယ်ကျန်းမာရေး မကောင်းတဲ့အချိန်မှာ ပစ်မသွားပဲ အနားမှာ လုပ်ကိုင်ခဲ့ပေးတာတွေက အမြဲအမှတ်ရနေပါတယ်။ သူ့ကို ကျေးဇူးရှင်တစ်ယောက်လိုလည်း သဘောထားပါတယ်။ အဲ့ဒီတုန်းက ကျန်းမာရေးက တော်တော်ကို ဆိုးဆိုးရွားရွား ဖြစ်ခဲ့တာပါ။

Q. အကိုနဲ့သူနဲ့က ဘယ်လိုမျိုးကွဲကွာခဲ့ရတာလဲဗျ။

A. မိန်းမလျာတွေက များသောအားဖြင့် ချုပ်ချယ်တာ မကြိုက်ပါဘူး။ ပွင့်ပွင့်လင်းလင်းနဲ့ လွတ်လွတ်လပ်လပ်နေချင်ကြပါတယ်။ သူကချုပ်ချယ်တော့ ခဏခဏ စကားများပြီး လမ်းခွဲခဲ့တာပါ။ အဖုအထစ်လေးတွေကနေ သူငယ်ချင်းမိန်းမလျာတစ်ယောက်နဲ့ပဲ ယူသွားပါတယ်။

Q. အဲ့ဒီလိုမျိုး ကွဲကွာသွားတဲ့အချိန်မှာ ဘယ်လိုမျိုးခံစားခဲ့ရလဲဗျ။

A. တော်တော်လေးခံစားရတာပေါ့။ မစားနိုင်မသောက်နိုင် ဖြစ်ခဲ့ရတယ်။ ချစ်တာရယ်ကြောင့် မဟုတ်ပဲ အတူနေခဲ့တဲ့ သံယောဇဉ်တွေကြောင့် အမြဲသတိရနေမိတယ်။ သူများတွေလို အဆင်ပြေပြေဖြတ်သန်းခဲ့ရတာမျိုးမဟုတ်ပဲ ကျန်းမာရေးမကောင်းတဲ့ အချိန်မှာ သူပြုစုယုယခဲ့တာလေးတွေ အမြဲသတိရနေမိတယ်။ သတိရတဲ့အချိန်တော့လဲ ရလိုက်တယ်။ မရတဲ့အချိန်တော့လဲ ဒီအတိုင်းနေလိုက်တော့တယ်။

Q. အကို့အနေနဲ့ စောစောကပြောသွားတဲ့အထဲမှာ အကိုက ပြုတီပါလာလဲလုပ်တယ်။ နတ်လဲကတယ်ဆိုတော့လေ အဲဒီအကြောင်းလေးတွေ မေးပါရစေ။ အကိုက နတ်လောကထဲကို ဘယ်ချိန်ထဲက စရောက်ခဲ့တာပါလဲဗျ။

A. နတ်လောကကို စရောက်တဲ့အချိန်က တော်တော်ငယ်ပါသေးတယ်။ ၁၃နှစ်လောက်ကပါ။

Q. အကို့ရဲ့ဆရာက ဘယ်သူများဖြစ်မလဲဗျ။

A. ကျွန်တော်ငယ်ငယ်က ပြွန်တန်ဆာမှာ နေခဲ့တာပါ။ ဆရာက ပြွန်တန်ဆာကပါ။ အမည်ကတော့ ကိုဇော်မင်းပါ။ ခုတော့ မရှိတော့ပါဘူး။ ဆုံးသွားပါပြီ။

Q. ဟုတ်ကဲ့ပါ။ အကို့ရဲ့ဆရာက ဒီလိုနတ်လောကထဲရောက်အောင် ဘယ်လိုမျိုး လက်တွဲ ခေါ်ယူပြီး ပညာတွေ သင်ပေး ခဲ့တာပါလဲဗျ။ အကို့ရဲ့ဆရာနဲ့ တွေ့ဆုံဖြစ်ခဲ့ပုံလေးတွေ ပြောပြပေးပါလားဗျ။

A. ဒီလိုမျိုးဖြစ်လာဖို့ ကံပါလာခဲ့လားမသိပါဘူး။ သူများတွေကတာခုန်တာမြင်ရင်သဘောကျတယ်။ လှလှပပလေးဝတ်ရင် အားကျတယ်။ ငယ်ငယ်ထဲက ကတာခုန်တာ ဝါသနာပါတယ်။ ကစားရင်လဲ ကတမ်းခုန်တမ်းပဲ ကစားတယ်။ အဖေကသိတော့ အရိုက်ခံရတာပေါ့။ အဲ့လိုနဲ့ ပိုးငြိမ်သွားပေမဲ့ ၁၃နှစ်လောက်မှာ ပိုးက ပြန်ထလာတယ်။ ရပ်ကွက်ထဲမှာ ဆရာကနေတော့ တွေ့တာ။ ကိုယ်က ငယ်ငယ်က မိန်းမလျာအပွင့်တွေကျတော့ ကြောက်တာမဟုတ်ပဲ မခေါ်ရဲဘူး။ ဆရာကကျတော့ ယောကျာ်းအပုန်းလိုပဲနေတော့ တွဲသွားတွဲလာလုပ်ဖြစ်တယ်။ ဆရာကနတ်ပွဲရှိတယ် လိုက်ကပါလားဆိုတော့ ဈေးရောင်းရင်းနဲ့ပါသွားတာ။ အဲ့လိုနဲ့ပဲ နတ်စကဖြစ်ခဲ့တာပါ။

Q. ဟုတ်ကဲ့ပါအကို ။ ဒီလိုနတ်လောကထဲ ရောက်တဲ့ အချိန်မှာ အကို့အတွက်အခက်ခဲတွေက ဘာတွေများ ဖြစ်မလဲဗျ။

A. အခက်အခဲတွေကတော့ အများကြီးပါ။ နတ်လောကဆိုတာကလဲ မတတ်တဲ့သူဆိုရင်အနှိမ်ခံရတာပါပဲလေ။ ဆရာသမားရဲ့ အဆူအငေါက်လဲ ပြုံးပြီး ငြိမ်ခံနေရတာပဲ။ ကိုယ်တွေခေတ်တုန်းက

မိန်းမလျာတွေအတွက် အလုပ်လဲရှားတော့ ရတဲ့နေရာလေးမှာ သည်းခံနေရပါတယ်။ စိတ်ဆင်းရဲ စိတ်ညစ်လဲ သည်းခံခဲ့ရပါတယ်။ ကိုယ်ကလဲ ဒီနတ်ကတာကိုပဲ ဝါသနာပါတော့ တော်တော်လေးကြိုးစားခဲ့ရပါတယ်။

Q.အကို့အနေနဲ့ အခက်အခဲတွေရှိခဲ့သလို အောင်မြင်မှုတွေလဲ ရှိခဲ့မှာပါ။ အဲ့ဒီတော့ အောင်မြင်မှုတွေရအောင် ဘယ်လိုများကြိုးစားခဲ့ရပါသလဲဗျ။

A. အောင်မြင်မှုက ကြိုးစားမှုနဲ့လဲ ဆိုင်သလို ကံနဲ့လဲဆိုင်ပါတယ်။ ကံမရှိလို့ ကြိုးစားပြီး မအောင်မြင်တဲ့သူတွေ တစ်ပုံကြီးပါ။ တစ်ချို့တွေကြတော့လဲ ကြိုးစားစရာမလိုပဲ ကံကောင်းနေတော့ အောင်မြင်မှုတွေရနေတဲ့လူတွေ အများကြီးပါ။ ဒီနတ်လောကမှာလဲ တစ်ချို့က တစ်ကယ်ပညာတက်ပါရဲ့နဲ့ မအောင်မြင်ကြတာတွေရှိပါတယ်။ တစ်ချို့ ဘာမှမတက်ပဲနဲ့ အဆက်အသွယ်တို့ အပေါင်းအသင်းတို့ကြောင့် နတ်ပညာမတက်ပဲ အောင်မြင်နေကြပါတယ်။

Q. ဒီနတ်လောကမှာရော ဝေဖန်တာတွေ တိုက်ခိုက်တာတွေ ကြုံခဲ့ရပါသလားဗျ။

A. ရှိတာပေါ့။ ကြုံခဲ့ရဖူးတယ်။ နတ်လောကမှာလဲ တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်ကြတာတို့ လုပ်ငန်းတူတာတွေ နယ်တူတာတွေမှာ တိုက်ခိုက်ကြပါတယ်။ လုပ်ငန်းတူရင် တစ်ယောက်နဲ့တစ်ယောက်ပိုပြီး တိုက်ခိုက်တတ်ကြတယ်။ ကိုယ်ကတော့ နတ်ကတာသီးသန့်လဲ မဟုတ်ဘူး။ ပြုတီပါလာသီးသန့်လဲ မလုပ်ဖြစ်ဘူး။ ကိုယ်စိတ်ချမ်းသာတဲ့ဟာပဲ လုပ်ဖြစ်တယ်။

Q. အဲ့ဒီလို ဝေဖန်အပုတ်ချတာတွေ ကြုံခဲ့ရတဲ့အခါမှာ ဘယ်လိုများရင်ဆိုင်ဖြေရှင်းခဲ့ပါသလဲဗျ။

A. အဲ့လိုမျိုးကြုံရင်တော့ အရမ်းဝမ်းနည်းပါတယ်။ ဝမ်းနည်းမှုနဲ့ပဲ ရင်ဆိုင်ရပါတယ်။ မှတ်မှတ်ရရနတ်ကနားပွဲတစ်ခုမှာ ပစ္စည်းပျောက်လို့ အစွပ်စွဲခံခဲ့ရဖူးတယ်။ ဘာမှမဟုတ်တဲ့ ပစ္စည်းပျောက်တာလေးကအစ အစွပ်စွဲခံရတယ်။

Q. အဲ့လိုမျိုးအခက်အခဲတွေကနေ ဘယ်လိုမျိုး ရုန်းထွက်လဲဗျ။ ရုန်းထွက်နိုင်အောင်ရော ဘယ်အရာတွေက စိတ်ဓာတ်ခွန်အားဖြစ်စေပါသလဲဗျ။

A.ငယ်ငယ်တုန်းကတော့ စိတ်ဓာတ်က မာကျောပါတယ်။ ကိုယ်မလုပ်ရင် ဘယ်သူ့မှဂရုမစိုက်ပါဘူး။ နတ်ကတာကလဲ ငယ်ငယ်တုန်းက ဆိုင်းသံဗုံသံကြားရင် သွားချင်တယ် လာချင်တယ် ကချင်တယ်။ ကြီးလာတော့လဲ အဲ့လောက်ထိမဟုတ်တော့ဘူး။ အေးအေးဆေးဆေးဖြစ်သွားတယ်။

Q.အကို့အနေနဲ့နတ်ကတဲ့သက်တမ်းကရော ဘယ်လောက်ရှိသွားပြီလဲဗျ။

A. ကျွန်တော် ၁၂နှစ်သားထဲက ကခဲ့တာ ခုဆို အသက်က၃၅နှစ်ကျော်လာပါပြီ။ ဆိုတော့၂၃နှစ်ဝန်းကျင်လောက်တော့ ရောက်လာပါပြီ။

Q. အကို့အနေနဲ့ ဘယ်ချိန်ထိ နတ်ကဖို့ ရည်မှန်းထားပါသလဲဗျ။

A. အင်း။ ကိုယ်က ဖြူတီပါလာလဲ သပ်သပ်မလုပ်ဘူး။ နတ်လဲ အဲ့လောက်ထိတော့ မကပါဘူး။ ဒါပေမဲ့ ငယ်ငယ်လေးထဲကဝါသနာပါခဲ့တယ်။ ပြီးတော့ နတ်ကကျွေးတဲ့ထမင်းစားပြီး ကြီးခဲ့တာဆိုတော့ နိုင်သလောက်တော့ ဆက်လုပ်နေအုံးမှာပါ။ ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ ဘယ်ချိန်ပဲရောက်ရောက် ဒီလောကကိုတော့မပယ်ပါဘူး။ ဆက်လုပ်နေမှာပါ။

Q. အကိုကလေနတ်လဲကတယ် ဖြူတီပါလာလဲ လုပ်တော့ လုပ်ငန်းနှစ်ခုလုံးမှာအောင်မြင်အောင် ဘယ်လိုမျိုး.စိတ်နေစိတ်ထားတွေနဲ့ လုပ်ပါသလဲဗျ။

A. အောင်မြင်အောင် လုပ်မယ် အောင်မြင်အောင် လုပ်ဖို့အဓိကကတော့ စေတနာပါ။ ပုဂ္ဂိုလ်ပိုင်းအောင်မြင်အောင်လုပ်မယ်ဆိုရင်လဲ အဓိကကတော့ စေတနာပါ။ စေတနာကောင်းရင်တော့ ကံကောင်းမှာပါ။ ကံကောင်းရင်တော့ အောင်မြင်လာမှာပါ။ စေတနာမပါဘူး စေတနာမကောင်းရင်တော့ နာမည်ရမှာမဟုတ်ပါဘူး။ နာမည်မရရင်တော့ မအောင်မြင်နိုင်ပါဘူး။ အောင်မြင်မှုဆိုတာ ရလာမှာမဟုတ်ပါဘူး။ အဲ့ဒါကြောင့် ကိုင်လုပ်တဲ့အလုပ်လေးတစ်ခုကို စေတနာထားပြီး လုပ်စေချင်ပါတယ်။

Q.အကို့အနေနဲ့ ဒီနတ်လောကမှာ ယုံကြည်မှုကြောင့် မေးကြမြန်းကြတာတွေကို ဘယ်လိုစိတ်မျိုးနဲ့ပြန်လည်လုပ်ဆောင်ပေးပါသလဲဗျ။

A. ဘယ်လိုအရေးအကြောင်းကိစ္စပဲရှိရှိ အဓိကကတော့ မေတ္တာနဲ့လုပ်ပေးရင်တော့ ပိုအောင်မြင်တာပေါ့။ မေတ္တာရှေ့ထားပြီးတော့ပဲ လုပ်ဆောင်ပေးပါတယ်။

Q.ပတ်ဝန်းကျင်က ကျွန်တော်တို့ မိန်းမလျာ အသိုင်းအဝိုင်းကို အဆိုးမြင်မှုတွေရှိနေပါသေးတယ်ဗျ။ အဲ့ဒီလိုအဆိုးမြင်မှုတွေကိုလျော့နည်းသွားအောင် ဘယ်လိုပြုမူပြောဆိုနေထိုင်သင့်ပါသလဲဗျ။ အကြံပြုပေးပါလား။

A. ဘာကြောင့်လဲဆိုတော့ ဆိုးတဲ့သူတွေရှိနေလို့ အဆိုးမြင်နေတာပါ။ တကယ်ဆိုးခဲ့သူတွေလဲ ရှိခဲ့ပါတယ်။ မိန်းမလျာ ဆိုတာ အနည်းစုပါ။ ပုံမှန်ယောကျ်ားလေးက လုပ်သွားရင် မောင်ဖြူမောင်နီ ဆိုပြီး နာမည်ထွက်ပါတယ်။ မိန်းမလျာကလုပ်သွားရင်တော့

မိန်းမလျာအခြောက်ဆိုပြီးပဲ နာမည်ထွက်ပါတယ်။ အဲ့လိုကောင်းတဲ့သူလဲ ရှိသလို ဆိုးတဲ့သူလဲရှိပါတယ်။ မကောင်းတဲ့သူအနည်းငယ်ကြောင့် မိန်းမလျာတွေ အထင်သေးခံရပါတယ်။ အပြောခံရပါတယ်။

Q. ဟုတ်ကဲ့။ ပြူတီပါလာဘက်ကို မေးကြည့်ပါအုံးမယ်ဗျ။ အကို့အနေနဲ့ ပြူတီပါလာကို ဘယ်ချိန်ထဲက စလုပ်ခဲ့တာပါလဲဗျ။

A. ပြောရမယ်ဆိုရင်တော့ ပြူတီပါလာနဲ့နတ်ကတာကို တွဲလုပ်ခဲ့တာပါ။ ကိုယ်တိုကိုနတ်ကမယ်ဆိုရင်တောင်မှ လိမ်းနေရတာလေ။ ဆံပင်ညှပ်သင်တာတွေကတော့ မမှတ်မိတော့ပါဘူး။ တော်တော်ငယ်ငယ်ထဲကပါပဲ။ ပွဲနတ်ဆာက ဆရာနဲ့ပဲ သင်ခဲ့တာပါ။ ဆံပင်ညှပ်သင်ပေးတဲ့ဆရာနဲ့ နတ်ကသင်ပေးတဲ့ဆရာနဲ့ကတော့ မတူပါဘူး။

Q. အကိုက ပြူတီပါလာကို ဘယ်မှာစောက်ချပြီး လုပ်တာပါလဲဗျ။

A. နေရာ အတည်တကျတော့ မရှိဘူး။ နေချင်တဲ့နေရာ ပျော်တဲ့နေရာမှာ လုပ်တာပဲ။ ပထမဆုံးကတော့ ပွဲနတ်ဆာမှာ ဖွင့်ခဲ့တာပါ။ ကိုယ်ကလဲ မငြိမ်ဘူး။ ဟိုပြောင်းဒီပြောင်းနဲ့ ၃/၄ဆိုက်တော့ပြောင်းခဲ့ဖူးတယ်။ ကိုယ်ကလဲ နတ်လိုက်ကနေတော့ ဆိုင်က ပိတ်ထားရတယ်လေ။ အရင်အတူနေတဲ့သူက ပဲခူးကဆိုတော့ ပဲခူးမှာလဲ၄နှစ်လောက်အတူနေပြီး ဖွင့်ခဲ့တယ်။ ပိတ်လိုက် ပြန်ဖွင့်လိုက်နဲ့ နတ်လိုက်ကနေတာပဲ များပါတယ်။ နတ်နဲ့ပဲ အသိမိတ်ဆွေပိုများပါတယ်။ ကိုယ်က ဆိုင်ဖွင့်နေရင်တောင်မှ ကဖို့လာခေါ်တော့ ဆိုင်က ဖွင့်တာထက် ပိတ်တာက ပိုများနေတယ်။

Q.အကိုက နတ်ကတာကို ပိုဝါသနာပါတဲ့အခါကြတော့ နတ်လောကမှာ အချင်းချင်း တစ်ယောက်နဲ့တစ်ယောက် ဝေဖန် အပုတ်ချတာတွေကိုမဖြစ်အောင် ဘယ်လိုများ အကြံပေးချင်ပါသလဲဗျ။

A. အဓိကကတော့ တစ်ယောက်နဲ့တစ်ယောက် စေတနာ မေတ္တာထားပြီး ဆက်ဆံရင်အကောင်းဆုံးပါ။ အဲ့လိုဆက်ဆံရင် ဝေဖန်အပုတ်ချတာတွေ မနာလိုတာတွေ ဖြစ်လာမှာ မဟုတ်ပါဘူး။ ချစ်ချစ်ခင်ခင်နဲ့ စည်းစည်းလုံးလုံးနေစေချင်ပါတယ်။ တစ်ယောက်ကအောင်မြင်နေတာကို အခြားသူက မနာလိုတာတွေ မကောင်းတဲ့စိတ်တွေမရှိရင်တော့ အကောင်းဆုံးပါ။ ညီညွတ်ကြမယ်ဆိုရင် ပိုပြီးတော့ အဆင်ပြေလာမယ်လို့ ယူဆပါတယ်။

Q. အကို့မှာ နောက်ထပ်ချစ်ရတဲ့ ချစ်သူတွေရော ရှိသေးလားဗျ။

A. အင်း။ အတည်မနေနဲ့ပဲခဏတွဲတဲ့သူတွေကတော့ များတာပေါ့။ နတ်ကတော်ဆိုတာ တစ်ဖက်ကပြောရင်အနုပညာသမားပဲလေ။ အဲ့တော့နတ်ကရင်းကြုံခဲ့ရတာတွေက အများကြီးပါပဲ။
Q.အတွေ့အကြုံလေးတွေ ပြန်ပြောပြပေးပါလားဗျ။ ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ အမှတ်တရ လေးတွေ ပြန်ပြောပြပေးပါလားဗျ။

A. ပြောရမယ်ဆိုရင် ဒီတောင်ပြုံးကို စရောက်ဖူးတဲ့နှစ်မှာ ချစ်သူတစ်ယောက်နဲ့ ကြိုက်ခဲ့ဖူးပါတယ်။ အဲ့ဒီတုန်းက ငယ်သေးတယ်။ အရမ်းလဲချစ်ခဲ့ဖူးတယ်။ နောက်ဆုံးအဆင်မပြေတော့ အိပ်ဆေးတောင်သောက်ခဲ့ဖူးတယ်။ ဒါပေမဲ့လည်း ကြီးလာတဲ့အချိန်မှာ ဒါတွေက ရယ်စရာတွေဖြစ်သွားတယ်။ မခံစားတော့ဘူး။ ငယ်ရွယ်တဲ့အချိန် ခံစားတတ်တဲ့အရွယ်တုန်းကတော့ တော်တော်လေး ပူလောင်ခဲ့ရပါတယ်။

Q. အကို့အနေနဲ့ ငယ်ငယ်တုန်းကနေ ခုချိန်ထိ ကိုယ့်ဆန္ဒမပါဘဲ လိင်အကြမ်းဖက်မှုတွေ အဓမ္မပြုကျင့်မှုတွေ ခံခဲ့ရဖူးပါသလားဗျ။

A. အကြမ်းဖက်မှုတွေကတော့ မကြုံခဲ့ကဖူးပါဘူး။ ဘာလို့လဲဆိုတော့ ကိုယ်နေထိုင်ခဲ့တဲ့ ပတ်ဝန်းကျင်နဲ့လဲဆိုင်မယ် ထင်ပါတယ်။

Q.ပတ်ဝန်းကျင်က စိတ်ဒဏ်ရာရအောင် လှောင်ပြောင်တာတွေ ခံခဲ့ရဖူးပါသလားဗျ။

A. ရှိတော့ရှိမှာပေါ့လေ။ ဒါပေမဲ့လဲ မမှတ်မိတော့ပါဘူး။ မှတ်မထားတတ်ပါဘူး။

Q. ငယ်ငယ်တုန်းကရော ကျောင်းစာသင်ခန်းမှာ အချင်းချင်း ခွဲခြားဆက်ဆံခံရမှုတွေရော ကြုံခဲ့ရဖူးပါသလားဗျ။ A. ငယ်ငယ်ကလေးဘဝမှာတော့ အရမ်းကြီးခွဲခြားဆက်ဆံတာတွေမကြုံခဲ့ရပါဘူး။ ဒါပေမဲ့လဲ အခြောက်ဆိုပြီးကတော့ အခေါ်ခံရပါတယ်။ မိန်းမလျာကတော့သိသာတယ်လေ ။ နွဲ့တဲ့တဲ့နဲ့လေ ဆိုတော့ အလှောင်ခံရတာလောက်တော့ ရှိပါတယ်။

Q.အဲ့ဒါတွေကို ဘယ်လိုဖြတ်ကျော်ခဲ့ရလဲဗျ။

A. စိတ်ဆိုးတာပေါ့။ မကြိုက်ဖူးလေ။ ဒါပေမဲ့လည်း ဒါကြီးက ပြင်လို့ရတဲ့အရာ မဟုတ်ဘူးလေ။ မွေးရာပါဖြစ်တည်လာတဲ့ ဖြစ်တည်မှုတစ်ခုလို့ပဲ ပြောချင်ပါတယ်။

Q. မိသားစု ညီအကိုမောင်နမနဲ့ ပတ်ဝန်းကျင်က လက်မခံတဲ့သူတွေအတွက် ဘယ်လိုမျိုး အားပေးစကားလေးတွေ ပြောချင်ပါသလဲဗျ။

A. အိမ်ကလက်ခံလာအောင် ကိုယ့်ဘက်က မှန်မှန်ကန်ကန်နဲ့နေသင့်ပါတယ်။ အဲ့လိုမဟုတ်ပဲ ကိုယ်က ယောကျ်ားတစ်ကာနဲ့တွဲပြီး ပြဿ နာတတ်မှ အိမ်ပြန်တာမျိုးဆိုရင်တော့ ဘယ်မိသားစုကမှ လက်ခံမှာ မဟုတ်ပါဘူး။ မကြည်ဖြူပါဘူး။ ဒီတဏှာကိစ္စကလဲ ကင်းလို့မရပါဘူး။ ဖြစ်တာကတော့ဖြစ်ပါ သိသာသိစေ မမြင်စေနဲ့ပေါ့။ လူမသိအောင်လုပ်လို့ရတဲ့ အလုပ်တွေ တစ်ပုံကြီးပါ။

Q. အကို့အနေနဲ့ နောင်အနာဂါတ်မှာ လိင်အင်္ဂါခွဲစိတ်မှုတွေ လုပ်ချင်ပါသလားဗျ။

A. မလုပ်ချင်ပါဘူး။ အဲ့ဒါကို လုံးဝမလုပ်ချင်တာပါ။ ကိုယ်က ဗုဒ္ဓဘာသာဆိုတော့ နောင်တစ်ချိန် ရဟန်းဝတ်မယ် ဘုရားသွားကျောင်းတတ်မယ်ဆိုရင်တောင်မှ အဆင်ပြေအောင်မို့ပါ။ ဒီဘဝကြီးက မကောင်းဘူးဆိုတာ လူတိုင်းသိပေမဲ့ မရှောင်နိုင်လို့သာ ဖြစ်နေရတာလေ။

Q. အကို့ရဲ့ လိင်တူချစ်ချင်းမှာ ဘာသာရေးအရ တားမြစ်မှုတွေ ဖိနှိပ်မှုတွေရော ခံခဲ့ရဖူးပါသလားဗျ။

A. ကိုယ်က ဗုဒ္ဓဘာသာဆိုတော့လေ တစ်ခြား ဘာသာတွေထက် တားမြစ်ချုပ်ချယ်တာတွေ မခံရပါဘူး။ တစ်ယောက်နဲ့တစ်ယောက် ချစ်တာ မေတ္တာထားတာက ကောင်းပါတယ်လို့ ဘုရားဟောခဲ့ပါတယ်။ မုန်းနေတာမှမဟုတ်တာ ကောင်းပါတယ်။

Q. ညီအကိုမောင်နမ ဘယ်နှစ်ယောက်ရှိလဲဗျ။

A. အခုကတော့ ၂ယောက်ပဲရှိပါတယ်။ ဆုံးကုန်ကြပါပြီ။

Q.သူတို့ကရော အကို့ရဲ့ဖြစ်တည်မှုကို လက်ခံပေးကြလား။ လက်ခံမပေးပဲ ဖိနှိပ်တာတွေကြုံခဲ့ရလားဗျ။

A. မကြုံခဲ့ရပါဘူး။ ကျွန်တော်က အငယ်ဆုံးဆိုတော့ အကိုတွေနဲ့အတူမနေခဲ့ရပါဘူး။ အထက်ကအကိုနဲ့တော့ မတည့်ဘူး။ ဒီကိစ္စကြောင့်လဲမဟုတ်ပဲ တော်တော်လေး မတည့်တာပါ။

Q.အကို့အနေနဲ့ အနာဂတ်မှာ ချစ်သူနဲ့ လက်ထပ်ဖို့ထိ ရည်ရွယ်ထားတာတွေရှိပါသလားဗျ။

A. မရှိပါဘူး။ ကျွန်တော့်အရွယ်က အရမ်းကြီး အသက်မကြီးသေးပေမဲ့ ရင်ဆိုင်ခဲ့ရတဲ့ ကျန်းမာရေးပြဿ တွေရယ် အလုပ်အခက်အခဲတွေရယ်ကြောင့် စိတ်ကူးမရှိတော့ဘူး။ မလိုအပ်တော့ဘူးလို့ပဲ ယူဆထားပါတော့တယ်။ အပျော်တွဲချင်ရင်တော့ တွဲလိုက်မှာပေါ့။

Q. မိန်းမလျာတွေအပေါ်မှာ ကျန်းမာရေးကိစ္စနဲ့ပတ်သတ်ပြီး ဘယ်လိုအသိပညာတွေ ဖြန့်ဝေပေးချင်ပါသလဲဗျ။

A.မိန်းမလျာတစ်ယောက်က ကျန်းမာနေရင်တော့ အကောင်းဆုံးပါ။ ဒါမှကိုယ်လုပ်ချင်တဲ့ လူမှုရေး စီးပွားရေး ကို စိတ်လွတ်ကိုယ်လွတ် လုပ်ဆောင်နိုင်မှာပါ။ ရောဂါရှိနေရင် ချုပ်နှောင်ထားသလိုဖြစ်နေမှာပေါ့။

Q. အကို့ရဲ့အသက်အရွယ်နဲ့ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံတွေအရ နောင်မျိုးဆက် မိန်းမလျာလေးတွေကို ဘာများပြောချင်ပါသလဲဗျ။

A.နောက်တတ်လာမယ့် မိန်းမလျာလေးတွေကို ကျန်းကျန်းမာမာ သန်သန်စွမ်းစွမ်းနဲ့ လူတောတိုးစေချင်မိတယ်။ စိတ်ဓာတ်ပိုင်းဆိုင်ရာမှာလဲ ဖြူဖြူစင်စင် နဲ့ဖြစ်စေချင်မိတယ်။ သူများအပေါ်မကောင်းတဲ့စိတ်တွေမရှိပဲ တည်တည်ငြိမ်ငြိမ်နေစေချင်ပါတယ်။

တည်တည်ငြိမ်ငြိမ်မဟုတ်ရင်တောင်မှ မကလက်ပဲ လူတွေအမြင်မှာ အေးအေးချမ်းချမ်းနဲ့ မိန်းမလျာလေးတစ်ယောက်ဖြစ်ရင်တော့ ပိုကောင်းတာပေါ့။

Q. ပညာရေးနဲ့ပတ်သတ်လို့ သူကမိန်းမလျာဖြစ်နေလို့ဆိုပြီး ကျောင်းမှာ ခွဲခြားဆက်ဆံခံရလို့ ကျောင်းမသွားတော့ပဲ ပညာရေး မပြီးဆုံးတဲ့ မိန်းမလျာလေးတွေကို ဘယ်လိုအားပေးစကားလေးတွေ ပြောချင်ပါသလဲဗျ။

A.ထမင်းစားလက်မှတ်အတွက် ကိုယ်ဝါသနာပါတဲ့ လက်မှုပညာလေးဖြစ်စေ သင်ကြားရင်တော့ ပိုကောင်းတယ်လို့ ယူဆပါတယ်။ ခုခေတ်ကျွန်တော်တို့နိုင်ငံက ပညာတတ်ထားရင်တောင်အလုပ်ရဖို့ ခက်ခဲပါတယ်။ ဒီတော့ ကိုယ့်မိန်းမလျာတွေနဲ့ လိုက်ဖက်တဲ့ ပညာလေးတစ်ခုလောက်တတ်ထားရင်တော့ ပိုအဆင်ပြေတာပေါ့။

Q.နောက်ဆုံးအနေနဲ့ ကျွန်တော်တို့ မိန်းမလျာလောကကြီးကို အားပေးစကား ဆုတောင်းစကားလေးပြောပြပေးပါအုံးဗျ။

A. ကိုယ့်မြန်မာနိုင်ငံကသူများနိုင်ငံတွေထက်အမြင်ကျဉ်းပါတယ်။ သူများနိုင်ငံတွေမှာဆို လွတ်လွတ်လပ်လပ် နေထိုင်လို့ရပါတယ်။ ကျွန်တော်တို့မိန်းမလျာတွေကို အေးအေးချမ်းချမ်းနဲ့ တန်းတူနေနိုင်စားနိုင် ဖြစ်စေချင်ပါတယ်လို့ ဆုတောင်းပါတယ်။

Q. ဟုတ်ကဲ့ပါအကို။ အခုလိုဖြေကြားပေးတာကျေးဇူးအများကြီးတင်ပါတယ်ဗျ။

A. ကျေးဇူးပါ။

---

## ၃၂။ ဇော်ဇော်ဦး (၃၆) ရန်ကုန်မြို့



Q. မင်္ဂလာပါ ပထမဆုံးအနေနဲ့အကိုရဲ့အမည် အသက်လေးကို မိတ်ဆက်ပေးပါအုံးဗျ။

A. မင်္ဂလာပါ။ ကျွန်တော့်အမည်ကတော့ ဖော်ဖော်ဦးပါ။ အသက်ကတော့ (၃၆)ပြည့်ခါနီးပါပြီ။

Q. အကို့ရဲ့လိင်စိတ်ခံယူမှုလေးပြောပြပေးပါအုံးဗျ။

A. လိင်စိတ်ခံယူမှုဆိုရင်တော့ ကျွန်တော်က ဂေးလ်တစ်ယောက်ပါ။

Q. ကိုယ့်ကိုကိုယ် ဂေးလ်တစ်ယောက်ဆိုတာကို ဘယ်ချိန်ထဲက စသိခဲ့တာလဲဗျ။

A. ဘယ်ချိန်ထဲကစသိခဲ့လဲဆိုရင်တော့ ကျွန်တော်ဘယ်လိုပြောရမလဲ ငယ်စဉ်ထဲက စသိခဲ့တယ်လို့ပြောရပါမယ်။ သာမန်ထက်ပိုပြီးတော့ အလှကြိုက်တယ်။ ပြီးတော့ အကြမ်းပတမ်းကစားတာထက်စာရင် ကျွန်တော်က နူးနူးညံ့ညံ့ကစားရတာကို ပိုပြီးနှစ်သက်တယ်။ သိမ်သိမ်မွေ့မွေ့နေလာတယ်။ ပြီးတော့ အပြင်တွေ ဘာတွေသွားမဲ့အစား အိမ်မှာပဲ ရှင်းလင်းချက်ပြုတ်နေရတာကို ပိုသဘောကျနှစ်သက်တယ်။

Q. သိတက်စအရွယ်ဆိုတာ ဘယ်အရွယ်လောက်လဲဗျ။

A. ကျွန်တော့်အထင် နှစ်တန်းသုံးတန်းလောက်ကတည်းကလို့ ထင်ပါတယ်။ ရှေ့ပိုင်းတွေက မှတ်မိတစ်ဝက် မမှတ်မိတစ်ဝက်ဆိုတော့ မသေချာလို့ ကျွန်တော်မပြောတော့ပါဘူး။ နှစ်တန်း သုံးတန်းလောက်မှာကတည်းက ကျွန်တော်က မိန်းကလေးစိတ်ဖြစ်နေတာပါ။

Q. နှစ်တန်းသုံးတန်းအရွယ်ကတည်းက အကိုက မိန်းကလေးတစ်ယောက်လိုမျိုး အလှအပကြိုက်တယ် နောက်ပြီးတော့ အိမ်မှာဆိုလဲ ထိမ်းထိမ်းသိမ်းသိမ်းနေတယ်လို့ဆိုရမယ်ပေါ့နော်။ အဲ့ဒီလိုမျိုးအကိုက နွဲ့နွဲ့လျလျလေးဖြစ်နေတော့ မိသားစုနဲ့ အကို့ကြားက ဆက်ဆံရေးကရော ဘယ်လိုအခြေအနေမျိုးရှိလဲဗျ။

A. မိသားစုနဲ့ဆက်ဆံရေးဆိုရင်တော့ ငယ်ငယ်က ဖေဖေကတော့ တော်တော်လေးမကြိုက်ပါဘူး။ ကျွန်တော်က မိသားစုထဲမှာ ကျွန်တော်က အကြီးဆုံးဖြစ်နေတယ်။ ညီအကိုသုံးယောက်ဆိုတော့ ကျွန်တော့်အောက်မှာ ညီနှစ်ယောက်ရှိ ပါတယ်။ အဲ့ဒီလိုဆိုတော့ အဖေက ကျွန်တော့်ကို ကျားကျားယားယားဖြစ်စေချင်တယ်။ ဒါပေမဲ့နောက်ဆုံးတော့ သူကပဲနားလည်ပေးလိုက်ပါတယ်။ ကိုယ်ကလဲ ဂေးလ်ဆိုပေမဲ့ ဟော့ဟော့ရမ်းရမ်းကြီးနေတာ မဟုတ်ဘူးလေ။ ကိုယ့်ဟာကိုယ် အနေအထိုင်သိုသိုသိပ်သိပ်နဲ့နေပါတယ်။ အဲ့လိုမျိုးဆိုတော့ သိပ်ပြီးအပြစ်ပြောတာမျိုးမရှိဘူး။ ငယ်ငယ်တုန်းက အတိုက်အခံတော့ နည်းနည်းလုပ်ခဲ့ရတာလေးတွေတော့ ရှိပါတယ်။

Q. ငယ်စဉ်ကလေးဘဝ ပညာသင်ယူနေတဲ့အချိန်မှာ ဆရာ/ဆရာမနဲ့ ကျောင်းသူကျောင်းသား အချင်းချင်းကြားမှာ ဘယ်လိုမျိုးဖြတ်သန်းခဲ့ပါသလဲဗျ။

A. ဆရာ/ဆရာမတွေကတော့ အထူးတလည်ပြောတာမျိုးမရှိပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့က အတန်းထဲမှာ စာတော်တဲ့ထဲမှာ ပါတယ်။ စည်းကမ်းလိုက်နာမှုအပိုင်းမှာလည်း အားကောင်းတယ်။ အဲ့အတွက်ကြောင့် ဆရာ ဆရာမတွေက ဖိအားပေးတာမျိုးတွေ မရှိပါဘူး။ ဒါပေမယ့် အတန်းဖော်အချင်းချင်းမှာတော့ ခွဲခြားတာတွေ၊ ဖိနှိပ်တာတွေ အနိုင်ကျင့်တာတွေတော့ ရှိတာပေါ့။

Q. ငယ်စဉ်က အတန်းဖော်အချင်းချင်း ကိုယ့်ကိုခွဲခြားဆက်ဆံတာမျိုး ဖိနှိပ်တာမျိုးတွေ မှတ်မှတ်ရရရှိနေတဲ့ အဖြစ်အပျက်လေးတွေ ပြောပြပေးပါလားဗျ။

A. ရှိပါတယ်။ ကျွန်တော်က ကျွန်တော့်ဘဝတော်တော်များများကိုတော့ မှတ်မိပါတယ်။ ပြန်တွေးလိုက်ရင် တစ်နေ့ချင်းစီအလိုက်ကို ပြန်မှတ်မိတတ်တာမျိုးပါ။ ထူးထူးခြားခြားတစ်ခုရှိတယ်။ ကျွန်တော်သုံးတန်းနှစ်လောက်ကပါ။ နှစ်တန်းမှာက ကျွန်တော်တို့ထက် လူကောင်ကြီးပြီး ထွားတဲ့ကျောင်းသားတစ်ယောက်ရှိတယ်။ ကျွန်တော့်မှာ ပီကေနံ့မွှေးတဲ့ ခဲဖျက်အသစ်ကလေးရှိပါတယ်။ အမေဝယ်ပေးလိုက်တာပါ။ ကျွန်တော်အရမ်းသဘောကျတဲ့ ခဲဖျက်လေးပါ။ အဲ့ဒီကောင်က ကျွန်တော့်ကိုရိုက်ပြီးတော့ လုသွားတာပါ။ သူကလူကောင်ကြီးပြီးတော့ အုပ်စုလိုက်ဆိုတော့ ကျွန်တော်က မနိုင်ဘူး။ ကျွန်တော်ခံလိုက်ရတယ်ပေါ့နော်။ ဒါပေမဲ့လဲ ကျွန်တော့်စိတ်ထဲမှာ ဒါဟာမတရားဘူးလို့ခံစားရတယ်။ ငါကအခြောက်မို့လို့ အနိုင်ကျင့်တယ်လို့တော့ မတွေးဘူး။ လူလူချင်း အနိုင်ကျင့်တယ်ဆိုတဲ့ စိတ်မျိုးပဲဖြစ်မိတယ်။ နောက်နေ့ရောက်တော့ ကျွန်တော့်သူငယ်ချင်းတွေခေါ်လာပြီး ချိန်းထိုးခဲ့တယ်။ ပြန်ပြီးရိုက်ခဲ့ပါတယ်။ နောက်တော့ သူတို့ကျွန်တော့်ကို အနိုင်မကျင့်ရဲတော့ပါဘူး။ ကျွန်တော်က အဲ့ဒီလိုမျိုး တုံ့ပြန်ခဲ့ပါတယ်။

Q. အဲ့ဒီလိုမျိုးပြန်ပြီး တုံ့ပြန်လိုက်ရတဲ့အပေါ် ဘယ်လိုမျိုးခံစားရလဲဗျ။

A. ကျေနပ်တာပေါ့။ ဘယ်လိုပြောရမလဲဆိုတော့ ငါလုပ်နိုင်ခဲ့ပြီဆိုပြီး ခံစားရတယ်။ ငယ်ငယ်လေးထဲက ကျွန်တော်က ကိုယ့်ကိုကိုယ်ပြန်ပြီး သုံးသပ်တက်တဲ့အကျင့်ရှိပါတယ်။ မှားမှန်းသိရဲ့နဲ့လဲ ဇွတ်တိုးပြီးလုပ်ခဲ့တာတွေရှိတယ်။ ဒါဟာ ပတ်ဝန်းကျင်ကိုလဲ မထိခိုက်ဘူး ကျွန်တော့်မိသားစုကိုလဲ မရိုက်ခတ်ဘူး အဲ့ဒီအမှားကို ကျွန်တော်တစ်ယောက်ထဲ ခံရမယ်ဆိုရင် လုပ်ချင်စိတ်အရမ်းပျင်းပြနေတဲ့အခါမျိုးမှာ လုပ်တက်ပါတယ်။ လုပ်ပြီးရင်တော့ ငါလုပ်လိုက်တာ မှားတယ် မှန်တယ်ဆိုတာကို အမြဲပြန်သုံးသပ်ပါတယ်။ အဲ့လိုပဲ ကျွန်တော့်ကိုအနိုင်ကျင့်လို့ ပြန်ရိုက်လိုက်တဲ့အချိန်မှာ ဖြစ်ပေါ်တဲ့ခံစားချက်က ငါ့ကိုလုပ်လို့ ပြန်လုပ်တယ် အနိုင်ယူတယ်ဆိုတဲ့စိတ်ပဲ ခံစားရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူများအနိုင်ကျင့်တာခံရမဲ့လူထဲမှာ ငါမပါဘူးလို့ ကိုယ့်ကိုကိုယ်တွေးမိပါတယ်။

Q. အကိုခုလောလာဆယ်မှာရော ဘာတွေလုပ်ဖြစ်လဲဗျ။

A. ကျွန်တော်ခုလောလောဆယ်မှာတော့ စာတွေရေးဖြစ်နေပါတယ်။ စာရေးဆရာတစ်ယောက်ပါ။

Q. အကိုကစာရေးဆရာတစ်ယောက်ဆိုတော့ ဘာစာတွေများရေးပါသလဲဗျ။

A. ကျွန်တော်က လူတွေရဲ့ဘဝအကြောင်းရသစာပေတွေ ရေးပါတယ်။ သူတို့ရဲ့ စိတ်ထဲမှာဖြစ်ပေါ်နေတဲ့ အတွေးတွေ မပြည့်စုံတဲ့အခါဖြစ်ပေါ်လာတဲ့ သူတို့ရဲ့ခံစားချက်တွေ သူတို့မျိုသိပ်ထားရတာမျိုးတွေ အားလုံးကို လေ့လာပြီးတော့ ရေးပါတယ်။ ပြီးတော့ ကျွန်တော်က Gay ဝတ္ထုတိုလေးတွေလဲ ရေးပါတယ်။

Q. အကိုကိုယ်တိုင်ကလဲ လိင်တူချစ်သူတစ်ယောက်ဖြစ်နေပြီးတော့ လိင်တူချစ်သူဇာတ်လမ်းတွေရေးတဲ့အခါမှာ အကို့အနေနဲ့ ဘယ်လိုခံစားပြီးရေးပါသလဲဗျ။

A. ဘယ်လိုမျိုးရေးလဲဆိုရင် စရေးတုန်းကတော့ ကျွန်တော့်က ကျွန်တော့်ပုံစံနဲ့ပဲရေးတာပါ။ ဒါပေမဲ့ ကျွန်တော်က Gayတစ်ယောက်ဖြစ်နေတဲ့အတွက် Gay ဝတ္ထုကို အမှတ်တရအနေနဲ့ ရေးတယ်လို့ စိတ်ကူးပါတယ်။ အဲ့လိုရေးတဲ့အခါမှာ ဂေးလ်ဝတ္ထုတွေက လိင်မှုကိစ္စကို အသားပေးပြီးရေးတာကိုတွေ့ရှိရပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ လိင်မှုကိစ္စကို ဦးစားပေးတဲ့စာပေတွေက လူတွေအမြင်မှာ ကျွန်တော်တို့လိင်တူချစ်သူတွေကို အထင်မြင်သေးစေတယ်လို့ ယူဆတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့လိင်တူချစ်သူတွေက နှစ်ပေါင်းများစွာ ခွဲခြားဆက်ဆံခံခဲ့ရတယ်လေ။ လူတွေအမြင်မှာ လိင်တူချစ်သူတွေဟာ လိင်မှုကိစ္စအတွက်ပဲလို့ သူတိုကမြင်နေကြတယ်။ လူတွေတော်တော်များများကတော့ အဲ့ဒီလိုပဲ မြင်ကြတယ်။ ခုနောက်ပိုင်းမှာတော့ အဲ့ဒီလောက်မဆိုးတော့ပါဘူး။ ကျွန်တော်တို့ လိင်တူချစ်သူတွေမှာလဲ ချစ်တတ်တဲ့ နှလုံးသားရှိတယ်။ တစ်ခြားသူတွေလိုပဲ ချစ်တယ် မုန်းတယ် ခံစားချက်ရှိတယ် လိင်မှုကိစ္စတစ်ခုတည်း မဟုတ်ပါဘူးဆိုတာကို သိစေချင်တာပါ။ ကျွန်တော်တို့ဟာလဲ လူတွေပဲမို့ ခံစားတတ်တဲ့နှလုံးသားရှိတယ်ဆိုတာ သိစေချင်ပါတယ်။ အဲ့ဒါကြောင့် ကျွန်တော်လိင်တူချစ်သူဇာတ်လမ်းတွေကို ရေးတဲ့အခါမှာ ခံစားချက်တွေ အများကြီးပါပါတယ်။

Q. ကိုယ်ကိုတိုင်က လိင်တူချစ်သူတစ်ယောက်ဖြစ်နေတဲ့အတွက် အမှတ်တရအနေနဲ့ရေးဖြစ်တဲ့ သဘောလားဗျ။

A. ဟုတ်ပါတယ်။

Q. လိင်တူချစ်သူဇာတ်လမ်းတွေရေးတဲ့အခါ ဘဝသရုပ်ဖော်ဇာတ်လမ်းတွေရေးတဲ့အခါ ဇာတ်လမ်းကုန်ကြမ်းရဖို့ ဘယ်လိုရှာလဲဗျ။

A. ကျွန်တော့်ငယ်ဘဝက တော်တော်လေးကို ခက်ခဲကြမ်းတမ်းခဲ့ပါတယ်။ ဆင်းရဲပါတယ်။ အဲ့ဒီအချိန်တွေက ကျွန်တော့်အနေနဲ့ ပြန်ပြောလို့မရနိုင်လောက်တဲ့ နာကျင်မှုမျိုးတွေရှိခဲ့ပါတယ်။ မပြည့်စုံတဲ့အခါမျိုးမှာ လိုချင်နေတဲ့ခံစားချက်တွေကို မျိုသိပ်လိုက်ရတာတွေရှိတယ်။ ရယူချင်ပေမဲ့ စွန့်လွှတ်လိုက်ရတာတွေ ရှိခဲ့တယ်။ အဲ့ဒီလိုဘဝမျိုးကိုဖြတ်သန်းလာခဲ့ရတဲ့အတွက် ခုချိန်မှာ ကျွန်တော်က မပြည့်စုံတဲ့လူတွေရဲ့ခံစားချက်ကို သိနေတယ် နားလည်နေပါတယ်။ ကိုယ်တိုင်ဖြတ်သန်းခဲ့ရတဲ့အတွက် ကောင်းကောင်းသိနေခဲ့ပါတယ်။ အဲ့တော့ လူတစ်ယောက်ကို ကြည့်ရှုမြင်ရှုနဲ့ အဲ့ဒီလူကို ခန့်မှန်းတက်တယ်။ အဲ့ဒီလူရဲ့စိတ်ကို အနီးစပ်ဆုံးဝင်ကြည့်လို့ရပါတယ်။ ဘာလို့လဲဆိုတော့ အဲ့ဒီအနေအထားတွေအားလုံးက ကျွန်တော်ကလေးဘဝတုန်းက ဖြတ်သန်းခဲ့ဖူးတာတွေမို့ပါ။

Q. အကို့ငယ်စဉ်ဘဝက တော်တော်လေးကြမ်းတမ်းခဲ့တယ်လို့ ပြောသွားတယ်နော်။ အဲ့ဒီလိုခက်ခဲကြမ်းတမ်းတဲ့ဘဝကြီးကို ဖြတ်သန်းခဲ့တဲ့ လူတစ်ယောက်အနေနဲ့ မှတ်မှတ်ရရ ဘယ်လိုအရာမျိုးကို ခက်ခက်ခဲခဲကျော်ဖြတ်ခဲ့ရလဲဗျ။

A. အမှတ်တရရှိဆုံးဆိုတာကတော့ ဘဝမှာ ဘယ်တော့မှမမေ့လို့မရတဲ့ဟာမျိုးပါ။ ကျွန်တော်လေးတန်းနှစ်မှာ လူရည်ချွန်ဆုဝင်ခဲ့ပါတယ်။ ကျွန်တော်အဲ့ဒီအကြောင်းပြောပြရရင် နဲနဲတောင်ငိုချင်လာပါတယ်။ အဲ့ဒီလိုမျိုးကျောင်းမှာ ကျွန်တော်ဆုရတယ်ပေါ့ဗျာ။ ကျွန်တော်က နှစ်တိုင်းဆုရပါတယ်။ ကျွန်တော်တို့တုန်းက လေးတန်းက အစိုးရစစ်မေးခွန်း ဖြေရတာပါ။ အဲ့ဒီစာမေးပွဲကို ကျွန်တော်က ထူးထူးချွန်ချွန်အောင်ပြီး ကျောင်းမှာလဲဆုရခဲ့ပါတယ်။ အဲ့ဒီဆုသွားယူဖို့အတွက် ကျွန်တော့်မှာ ဝတ်စရာအဝတ်အစားမရှိဘူး။ အင်္ကျီအဖြူတစ်ထည်တောင် မရှိခဲ့ဘူး။ ကျွန်တော့်အဖေနဲ့အမေကလဲ ကျွန်တော့်နောက်မလိုက်နိုင်ဘူး။ စားဝတ်နေရေး အရမ်းခက်ခဲတဲ့အခါကျတော့ တစ်နေ့စာတစ်နေ့ ဦးစားပေးပြီး ရှာဖွေနေရတယ်။ ကျွန်တော်ဆိုရင်လဲ ကျောင်းတတ်ဖို့အတွက်နွေရာသီတစ်ခုလုံးမှာ အလုပ်လုပ်ပြီး ပိုက်ဆံစုရပါတယ်။ ကျွန်တော်က ငယ်စဉ်ကတည်းက ကျောင်းအရမ်းတတ်ချင်ခဲ့တာပါ။ ပညာတတ်ကြီး ဖြစ်ချင်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်က ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ဒူးကိုယ်ချွန်ကြိုးစားခဲ့ပါတယ်။ အဲ့ဒီအချိန်တုန်းက မပြည့်စုံလို့ ကျွန်တော်ဆုသွားယူဖို့ ခက်ခဲခဲ့တာကတော့ အမှတ်တရပါပဲ။ နောက်ဆုံးဆရာမက ကျွန်တော့်ကို အင်္ကျီတစ်ထည် ဝယ်ပေးခဲ့ပါတယ်။ ဆုမယူတော့ပဲ အဝေးကနေပဲထိုင်ကြည့်နေတော့မယ် ဆရာမရယ်ဆိုတော့ ကျွန်တော့်ရဲ့ လေးတန်းအတန်းပိုင်ဆရာမ ဒေါ်အေးအေးကြည်ကနေပြီးတော့ အင်္ကျီတစ်ထည်ဝယ်ပေးခဲတာပါ။ ကျွန်တော်အဲ့ဒီအချိန်မှာ ဓာတ်ပုံတောင်မရိုက်နိုင်ခဲ့ပါဘူး။

Q. အကို့အတွက် အရမ်းကိုခက်ခဲခဲ့ပြီး အမှတ်တရဖြစ်ခဲ့မှာပါ။ အဲလိုအခြေအနေမျိုးမှာ ပျော်ရွှင်မှုတွေရအောင် အကိုဘယ်လို ဖန်တီးခဲ့ပါသလဲဗျ။

A. အင်းပေါ့။ အခက်အခဲဆိုတာမျိုးကို ကြုံတဲ့အခါ ကျွန်တော်ငိုပါတယ်။ ဒီလိုမျိုး လူတောမတိုးတာတွေ နိမ့်ကျတာတွေရယ် လို့တော့ သိပ်နားမလည်ပါဘူး။ အဲ့ဒီအချိန်မှာ တစ်ခြားသူတွေက ကိုယ်လိုဆုယူဖို့ကျတော့လဲ မထူးချွန်ကြဘူး။ ပိုက်ဆံတော့ ချမ်းသာကြတယ်။ ဝတ်ကောင်းစားလှ ဝတ်နိုင်ကြတယ်။ သိမ်ငယ်စိတ်တော့ ဖြစ်မိပါတယ်။

Q. အခုလို ဘဝကို ကြမ်းကြမ်းတမ်းတမ်းဖြတ်သန်းခဲ့ရတဲ့အပြင် သူငယ်ချင်း မိသားစုတွေနဲ့ ဘဝကို ဘယ်လိုပျော်ရွှင်စွာ ဖြတ်သန်းခဲ့ပါသလဲဗျ။

A. အဲ့ဒီလိုပျော်ရွှင်ချိန်တွေလဲ အများကြီးရှိခဲ့ပါတယ်။ ကလေးဆိုတော့ အရမ်းဆော့ပါတယ်။ လမ်းကြိုလမ်းကြားမကျန် လျှောက်ဆော့ပါတယ်။ ကျွန်တော့်ဝတ္ထုထဲမှာ တစ်ခါရေးဖူးပါတယ်။ ကျွန်တော်ငယ်ငယ်က ခွေးအရမ်းမွေးချင်တာပါ။ သူဌေးတွေကတော့ ခွေးအကောင်းစားလေးတွေကို လည်ပင်းမှာ ကြိုးတပ်ပြီး တယုတယပွေ့ပိုက် မွေးကြတယ်။ အဲ့ဒီအချိန်မှာက အဲ့လိုခွေးမွေးတဲ့သူက ရှားတယ်လေ။ ကျွန်တော်တို့ဈေးထဲမှာ ခွေးမကြီးတစ်ကောင် သားပေါက်ထားတာ ရှိပါတယ်။ ကျွန်တော်တို့သူငယ်ချင်းတွေက ခွေးသားပေါက်လေးတွေကို တစ်ဖက်လှည့်နဲ့ ခိုးထုတ်ကြတယ်။ သူငယ်ချင်းတွေ မင်းကဟိုအကောင်ယူ ငါကဒီအကောင်ယူဆိုပြီး ဦးထားကြတယ်။ ညမိုးချုပ်တဲ့အချိန် သူငယ်ချင်းတွေကလဲ သူတို့အိမ်မှာ မထားရဲတော့

လာပြီးစုထားကြပါတယ်။ ကျွန်တော်လဲ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိတာနဲ့ ကြက်အုပ်ဆောင်းနဲ့ထည့်ပြီး ဂုန်နီအိတ်နဲ့ ဖုန်းထားရပါတယ်။ ခွေးသားပေါက်လေးတွေက အမေနဲ့ခွဲနေရတော့ နို့ကလဲဆာတော့ ညရောက်တဲ့အခါမှာ အော်ကြပါတယ်။ တစ်လမ်းလုံး ဆူညံနေလို့ မအိပ်ရဘူး။ အိမ်ကသိပြီး ညတွင်းချင်း အရိုက်ခံရပါတယ်။ အဲ့ဒီလိုအမှတ်တရလေးတွေ ရှိခဲ့ပါတယ်။

Q. အကိုရေးတဲ့ ဝတ္ထုတိုတွေထဲမှာ ငယ်ငယ်တုန်းကအညှိဆိုတဲ့ ဝတ္ထုလေးဖတ်ဖူးတယ်ဗျ။ ငယ်ငယ်တုန်းက ကိုယ်က နွဲ့နွဲ့လျလျလေးနေပြီးတော့ အရမ်းလှချင်လို့ အဒေါ်ရဲ့ အဝတ်အစားတွေဝတ်ပြီး အလှတွေပြင်ခဲ့တယ်ဆိုတဲ့ အမှတ်တရအကြောင်းအရာလေးတွေ ပြောပြပါလားဗျ။

A. အဲ့ဒီအချိန်တုန်းက မေဆွိအရမ်းနာမည်ကြီးတဲ့အချိန်ပါ။ သူတို့က ဆံပင်ကို အရှေ့ကပန့်ကေညှပ်ပြီး အနောက်ကအကြေသားဖွဲ့ကြတယ်။ ပြီးတော့ သီရိဒုံအပါးစလေးတွေ ဝတ်ကြတာပါ။ အဲ့ဒီလိုမျိုးလေးတွေ ဟော့နေချိန်ပေါ့။ အဒေါ်ကလဲ မင်္ဂလာဆောင်သွားစရာရှိလို့

အဲ့ဒီအစလေးချုပ်ထားတာ။ အဲ့ဒီရွှေဖလားရောင် အကျီလေးကို ခုထိမှတ်မိနေပါတယ်။ ကျွန်တော်က ဘယ်လိုဖြစ်လဲဆိုတော့ အဲ့ဒီအကျီကိုမြင်တာနဲ့ စိတ်ထဲမှာ ဝတ်ချင်စိတ်အရမ်းဖြစ်နေတာ။ အဲ့ဒီအကျီဝတ်ဖို့အတွက် ချောင်းနေခဲ့တာပေ့ါနော်။ တစ်နေ့မှာ အဒေါ်က သူ့သူငယ်ချင်းနဲ့ ရုပ်ရှင်ကြည့်မုန့်စား သွားတယ်။ အိမ်မှာ ဘယ်သူမှမရှိကြဘူး။ အဲ့တော့ ကျွန်တော်က သူ့အကျီကိုဝတ် သူ့ဆံပင်တုကိုတပ်ပါတယ်။ အဒေါ်ကအပျိုလေးဆိုတော့ အလှပြင်ပစ္စည်းတွေ အများကြီးနဲ့ လက်သည်းဆိုးဆေးတွေ အများကြီးရှိပါတယ်။ အဲ့ဒါတွေအကုန်လုံးကို ကျွန်တော်က ယူပြီးလိမ်းပါတယ်။ ဘီးကုတ်တွေ ဘာတွေကျတော့ ကျွန်တော်က မလုပ်တတ်ဘူး။ ဘီးကုတ်တွေ တစ်ချောင်းပြီးတစ်ချောင်းကျိုးတယ်။ လက်သည်းနီတွေ မှောက်တယ်။ နှုတ်ခမ်းနီတွေ ကျိုးတယ်။ ဒါပေမဲ့ရအောင်ပြင်ပြီးတော့ သူ့စလင်းဘက်အိပ်ကိုလွယ် သူ့ဖိနပ်မတော်တရော်ကို ကောက်စွပ်ပြီး ရုပ်ရှင်ထဲကလို ချာလီထီးကြီးဆောင်းပြီး ကမ်းနားကိုသွားထိုင်ပါတယ်။ အဲ့ဒီအချိန်မှာ ကျွန်တော်က နာရီတွေအကျီတွေကလဲ အကောင်းစားတွေ ဝတ်ထားတော့ နောက်ပြောင်တာလို တကယ်လိုနဲ့ အကုန်ချွတ်လုသွားပါတယ်။ ကျွန်တော့်တစ်ကိုယ်လုံး ကိုယ်တုံးလုံးချွတ်လေးနဲ့ ကျန်ခဲ့တာပါ။ ညမိုးချုပ်မှ အိမ်ပြန်ရဲခဲ့တာပါ။ ကန်းစပ်နားမှာပုန်းနေခဲ့ရတာ။ အိမ်လဲပြန်ရောက်ရော အရိုက်ခံရတာပါပဲ။

Q. အိမ်ပြန်ရောက်သွားတဲ့အချိန်မှာရော မိသားစုနဲ့ ဘယ်လိုတွေဆက်ဖြစ်ကြသေးလဲဗျ။

A. ကျွန်တော်က အိမ်ပေါ်မတက်ရဲလို့ နောက်ဖေးပေါက်လေးမှာ မက်တပ်ရပ်နေရတာ။ အဒေါ်ကသောင်းကျန်းနေတာလေ။ အဲ့ဒီတုန်းက ကျွန်တော်တို့က မိသားစုလိုက် အဒေါ်အိမ်မှာ နေကြတာပါ။

အဖေတို့ညီအကိုမောင်နှမတွေစုနေကြတဲ့ အဖွားရဲ့အိမ်ပေ့ါ။ သူ့ပစ္စည်းတွေက အကုန်ကျိုးကြေနေပြီး ပွလန်နေတော့ အဒေါ်က အရမ်းသောင်းကျန်းနေတာလေ။ ကျွန်တော်လဲ အရိုက်ခံခဲ့ရပါတယ်။ အဖေက ကျွန်တော့်ကို စစ်တပ်ထဲပို့မယ်ဆိုပြီးတောင် ပြောခဲ့ပါတယ်။ အဖေက စိတ်အရမ်းဆိုးခဲ့ပါတယ်။

Q. ငယ်ငယ်က ဘဝကို ဖြူဖြူစင်စင် ရိုးရိုးသားသားနဲ့ ကြမ်းတမ်းမှုတွေ ပျော်ရွှင်မှုတွေနဲ့ ဖြတ်သန်းပြီးတဲ့နောက် ပထမဆုံးလိင်တူချစ်သူကို ဘယ်အချိန်လောက်မှာ စတွေ့ခဲ့တာပါလဲဗျ။

A. ကျွန်တော်ဆယ်တန်းဖြေပြီးစ အချိန်ပေ့ါနော်။ အဲ့ဒီအချိန်မှာ ကျွန်တော်ကနွဲ့တယ်ဆိုပေမဲ့ တစ်ခြားယောက်ျား တစ်ယောက်ကို စိတ်ဝင်စားလိမ့်မယ်လို့ ကိုယ့်ကိုကိုယ်မထင်ခဲ့မိပါဘူး။ ကျွန်တော်ဆယ်တန်းဖြေပြီးလို့ အလုပ်လုပ်တဲ့အချိန်မှာ

အကိုတစ်ယောက်နဲ့တွေ့ပါတယ်။ ယောကျ်ားတွေအများကြီးရှိတဲ့ထဲမှာ ကျွန်တော်က Gay တစ်ယောက်အနေနဲ့ ရောက်သွားတာပါ။ ပထမတော့ ဒီလိုပဲသွားကြလာကြပါတယ်။ နောက်တော့ သူ့ဘက်ကတစ်မျိုးပြောင်းလဲလာပါတယ်။ ကိုယ့်စိတ်ကလဲ သူ့အပေါ်မှာ ပြောင်းလဲလာပြီး ကိုယ့်ကိုကိုယ် ဂေးလ်တစ်ယောက်ဆိုတာ ပိုသိလာပါတယ်။

Q. အဲ့ဒါက ပထမဆုံးရည်းစားလားဗျ။

A. ဟုတ်ပါတယ်။ အဲ့လိုပဲပြောရပါမယ်။

Q. ပထမဆုံးချစ်ခဲ့တဲ့ ချစ်သူနဲ့ သူရောကိုယ်ရောက စိတ်သဘောထားချင်းတိုက်ဆိုင်နေတော့ ချစ်သူတို့သဘာဝ အချစ်နယ်ကျံပြီး လိင်မှုကိစ္စတွေရော ပတ်သတ်ခဲ့သေးလားဗျ။

A. အဲ့လိုတွေ မဖြစ်ခဲ့ပါဘူး။ ဘာလို့လဲ့ဆိုတော့ ကျွန်တော်က အဲ့ဒီလိုတွေ မဖြစ်ချင်ဘူး။ စိတ်တော့ လှုပ်ရှားတယ်။ လူတစ်ယောက်ကိုချစ်တယ်။ အဲ့ဒီလိင်မှုကိစ္စပတ်သတ်တဲ့ အခြေအနေလောက်ထိ မသွားချင်ပါဘူး။ အဲ့ဒီအချိန်မှာ ကျွန်တော်လဲ ငယ်ပါသေးတယ်။ အဲ့ဒီအချိန်က လိင်မှုကိစ္စတွေထက် တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုချစ်ရမလဲပဲ စိတ်ကူးနေတာပါ။ သန့်သန့်ရှင်းရှင်းလေးပဲ ချစ်ခဲ့တာပါ။

Q. သူ့ကို ဘယ်လိုအချက်တွေကြောင့် ကိုယ်က စွဲလန်းခဲ့တာလဲဗျ။

A. အလေးပေးအရေးထားမှုပါ။ သူကအရက်သောက်တတ်တယ်။ သူနဲ့ကျွန်တော်က အလုပ်ချိန်မှာ အဆင်မပြေဘူး။ သူကအလုပ်ချိန်မှာ အရက်သောက်တယ်။ စကားများတော့ သူ့ကို ခပ်ကြမ်းကြမ်းလေး ပြောလိုက်မိတယ်။ အဲ့တော့ ဆင်ခြင်လာပါတယ်။ နောက်တော့ သူ့ဘက်က ကျွန်တော့်ကို တော်တော်လေးဂရုစိုက်ခဲ့ပါတယ်။ သူ့အချစ်တွေကို ရခဲ့ပါတယ်။ သူချစ်တာကို တော်တော်လေးခံခဲ့ရပါတယ်။

Q. သူနဲ့ဘယ်လောက်ကြာအောင်တွဲခဲ့လဲဗျ။

A. ခြောက်နှစ်နီးပါးကြာခဲ့ပါတယ်။

Q. ခြောက်နှစ်နီးပါးတွဲခဲ့တဲ့အချိန်အတွင်းမှာ သူနဲ့ပတ်သတ်ပြီး မေ့မရတဲ့ အမှတ်တရတွေများရှိခဲ့ပါသလားဗျ။

A. အင်း။ ရှိခဲ့ပါတယ်။ ကျွန်တော့်အဖေရဲ့ကျန်းမာရေးကိစ္စနဲ့ပတ်သတ်ပြီး ကျွန်တော်စိတ်ပင်ပန်းနေတဲ့အချိန်မှာ သူက ကျွန်တော့်ကို ပုဇွန်တောင်ချောင်းအတွင်းမှာ လှေတစ်စင်းငှားပြီး သူနဲ့အတူ လှေစီးခဲ့ဖူးပါတယ်။ ကျွန်တော်တို့အလုပ်နဲ့နီးတဲ့ နေရာပါ။ ကျွန်တော်တို့အလုပ်က ရေလုပ်ငန်းနဲ့ ဆက်စပ်ပါတယ်။ လှေလေးပေါ်မှာ ဖယောင်းတိုင်တွေထွန်းပြီး လော်ပေးပါတယ်။ ကျွန်တော်က ရေမကူးတတ်ပါဘူး။ သူ့အားကိုးနဲ့လိုက်သွားတာပါ။

သူကလေ့ပေါ်မှာ သူအမြဲဆိုတဲ့ မေတ္တာကဗျာများဖြင့် မခြားလိုတယ် ဆိုတဲ့သီချင်းကို ဆိုပြပါတယ်။ ကျွန်တော်အရမ်းစိတ်ညစ်နေတဲ့အချိန်မှာ ဆိုပြခဲ့တာ အမှတ်တရပါပဲ။ အဲ့ဒီညကလဲ တော်တော်လေးသာယာခဲ့ပါတယ်။ အဲ့ဒီညမှာပဲ ကိုယ့်ကိုကိုယ် လိင်တူချစ်သူတစ်ယောက် ဆိုတာ ပိုပြီးသေချာခဲ့ပါတယ်။ သူ့ကိုလဲ နက်နက်ရှိုင်းရှိုင်းချစ်ခဲ့မိပါတယ်။

Q. မြင်ယောင်ကြည့်လိုက်တော့ အရမ်းကို သာယာကြည်နူးဖို့ ကောင်းခဲ့မှာပဲဗျ။

A. ဟုတ်တယ်။ ပတ်ဝန်းကျင်တစ်ခုလုံးက မှောင်မဲနေတဲ့အပြင် တိတ်ဆိတ်နေတာပါ။ ကျွန်တော်က ငယ်ငယ်လေးထဲက စိတ်ခံစားချက်ကို ဦးစားပေးတတ်ပါတယ်။ အိမ်ကိုလွမ်းပြီး ငိုချပစ်လိုက်ပါတယ်။

Q. အဲ့ဒီအချိန်ကစလို့ သူ့ပေါ်ဘယ်လိုသဘောထားဖြစ်လဲဗျ။

A. သူ့ကိုချစ်နေတယ်ဆိုတာ ပိုပြီးတော့ သေချာသွားခဲ့ပါတယ်။

Q. နောက်ပိုင်းမှာ သူနဲ့က ဘယ်လိုတွေ ဆက်ဖြစ်ခဲ့လဲဗျ။

A. အင်း။ တကယ်တော့ ကျွန်တော်တို့ ဂေးလ်ဆိုတာ ယောကျ်ားချင်းချစ်ကြတာလေ။ သူများပစ္စည်းတစ်ခုကို ငှားသုံးနေရတာနဲ့ အတူတူပါပဲ။ အချိန်တန်ရင် ပိုင်ရှင်ကိုပြန်ပေးရပါတယ်။ ကျွန်တော်တို့က ချစ်တယ်ဆိုပေမဲ့လဲ အချစ်တစ်ခုထဲနဲ့ သူတို့ရဲ့ဘဝကြီးကို ဆွဲနစ်လို့မရပါဘူး။ သူက straight လဲဖြစ်တယ်။ သူ့မှာ မိသားစုလဲရှိတယ်။ သူ့မှာ အနာဂတ်ရှိတယ်။ ဒါတွေအားလုံးကို ကျွန်တော့်ရဲ့အတ္တတစ်ခုထဲနဲ့ သိမ်းပိုက်မထားချင်ပါဘူး။ အဲ့ဒီလိုအကြောင်းတွေကြောင့် ကျွန်တော်သူ့ကို စွန့်ခဲ့တာပါ။

Q. သူနဲ့တွဲနေတဲ့ချိန်မှာ အကို့မိဘတွေက သိပါသလားဗျ။

A. သူ့အိမ်က သူ့ကိုအိမ်ထောင်ပြုဖို့ပြောရင် သူက တူးတူးခါးခါးငြင်းဆန်ပါတယ်။ သူကကျွန်တော့်ကိုပဲ ယူချင်တယ်။ ကျွန်တော်နဲ့ပဲတူတူနေမယ်ဆိုပြီး ဖြစ်လာပါတယ်။ သူ့မိသားစုတွေအကုန်လုံးကလဲ သိပါတယ်။ သူကကျွန်တော့်အဖေကို ဖွင့်ပြောဖို့ထိ အိမ်ကိုလိုက်လာပါတယ်။ အဲ့လိုမျိုးတွေဖြစ်လာတော့ ကြောက်တယ်။ အဖေကအရမ်းစည်းကမ်းကြီးပါတယ်။ ပြီးတော့ ကျွန်တော်ကမိသားစုထဲမှာ အကြီးဆုံး။ ကျွန်တော့်အောက်မှာက ညီလေးတွေ။ ဒီနေ့ဒီအချိန်ထိ သူတို့က ကျွန်တော့်ကိုလေးစားတယ် ကျွန်တော့်စကားကိုနားထောင်ပါတယ်။ အဖေက ဘာပြောလဲဆိုတော့ မိုက်လို့ရတယ် ဆိုးလို့ရတယ် ကိုယ်လုပ်ချင်တာလဲ လုပ်လို့ရတယ်။ ဒါပေမဲ့ကိုယ့်ညီလေးတွေရဲ့ ယုံကြည်မှုပျက်စီးသွားမယ်လို့ ပြောပါတယ်။ ဒါဟာဘဝတစ်လျှောက်လုံးအတွက် အမှားဖြစ်ပြီး ကိုယ့်အတွက်အမဲစက်တစ်ခု ဖြစ်သွားနိုင်တယ်။ ကိုယ့်မိသားစုရဲ့ချစ်ခြင်းကို သားအနေနဲ့ လဲယူနိုင်တယ်ဆိုရင်

လုပ်ပါလို့ပြောပါတယ်။ အဲ့လိုနဲ့ပဲ ကျွန်တော်သူ့ကိုလမ်းခွဲလိုက်ပါတယ်။ အချစ်အတွက်နဲ့ ကျွန်တော့်ဘဝရဲ့အရေးကြီးတာတွေကို မလဲနိုင်ခဲ့ပါဘူး။

Q. လမ်းခွဲပြီးနောက်ပိုင်းရော တွေ့ဖြစ်သေးလားဗျ။

A. တွေ့ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ သူကမပြတ်နိုင်ဘူးလေ။ လမ်းခွဲပြီးနောက်ပိုင်းမှာ သူက အိမ်ကထွက်လာပြီး ညဖက်ဆိုရင် လမ်းထိပ်က ဓမ္မာရုံမှာ ညအိပ်ပြီး ကျွန်တော့်ကိုလာတွေ့ပါတယ်။ အဲ့လောက်ထိကို သူကဒုက္ခတွေခံခဲ့ပါတယ်။ တစ်ယောက်နဲ့တစ်ယောက်က လိင်ကိစ္စတွေ ပတ်သတ်တာမျိုးတွေလဲ မရှိခဲ့ပါဘူး။ အဲ့ဒီအကြောင်းအရာတွေကြောင့်သာ ကျွန်တော်တို့ နောက်ဆုတ်လိုက်ရတာပါ။ သူကလက်ထက်ဖို့ပြောတော့ ကျွန်တော်တို့နှစ်ယောက်က အလုပ်အတူသွားအတူလုပ်နေတာကနေ သံယောဇဉ်တွယ်လာတာကို ချစ်တယ်လို့အထင်မှားနေတာပါဆိုပြီး သူ့ကိုလှည့်စား ခဲ့ရပါတယ်။

Q. အဲ့ဒီအချိန်က တော်တော်ခံစားခဲ့ရမှာပဲဗျ။ ဘယ်လိုတွေ ခံစားခဲ့ရပါသလဲဗျ။

A. ခံစားရတာပေါ့။ ကျွန်တော်လဲ ယောကျ်ားတစ်ယောက်ဖြစ်ပြီး ချစ်တတ်ပါတယ်။ သူ့ကိုတစ်ဘဝမှာ တစ်ခါသာချစ်တဲ့ အချစ်မျိုးနဲ့ချစ်ခဲ့တော့ အရမ်းခံစားခဲ့ရပါတယ်။ ငိုခဲ့ရပါတယ်။ နောက်တော့ ဒီလိုဖြစ်နေတာ ကိုယ့်ကိုကိုယ်ရှုံးတယ်ဆိုပြီး နေနိုင်အောင် နေပါတယ်။ ဒီထက်ပိုပြီး နစ်မွန်းသွားမှာကို မလိုလားပါဘူး။ ကျွန်တော့်ဘဝမှာ ပေးဆပ်ခဲ့ရတာတွေ အရမ်းများပါတယ်။ မိသားစုထဲမှာဆိုရင်လဲ ကျွန်တော်က ပစ္စည်းတစ်ခုကို ရချင်နေတယ်ဆိုရင်တောင် သူတို့တွေလိုအပ်နေမှာဆိုပြီး ကျွန်တော့်ညီလေးတွေကို ညှာလိုက်ပါတယ်။ မုန့်တစ်ခုစားမယ်ဆိုရင်တောင် သူတို့ကို အရင်ကျွေးပြီး ပိုမှသာ ကျွန်တော်က စားပါတယ်။ မပိုရင်လဲ မစားတော့ဘူး။ ကျွန်တော်က ညှာနေကျ အရှုံးပေးနေကျဆိုတော့ သိပ်တော့ မထူးဆန်းတော့ပါဘူး။ အဲ့ဒါကြောင့်ပဲ ကျွန်တော်ဖြေသာလို့ ရပါတယ်။

Q. အချစ်ရေးကတော့ တော်တော်များများစုံသလောက်ပါပဲ။ အကိုက ဂေးလ်တစ်ယောက်ဖြစ်နေသလို ဖြတ်သန်းခဲ့တဲ့ ဘဝမှာ အလုပ်ဆိုတာကလဲ ကပ်ပါလာမှာပါ။ အလုပ်ထဲမှာ အကိုက ဂေးလ်တစ်ယောက်ဖြစ်နေတဲ့အတွက် ခွဲခြားဆက်ဆံခံရတာတွေ အနိုင်ကျင့်ခံရတာတွေရော ရှိလားဗျ။

A. ရှိခဲ့ဖူးသလားဆိုရင် တော်တော်လေးတော့ နည်းပါတယ်။ နည်းတယ်ဆိုတဲ့အပိုင်းမှာ အဖေ့ကိုကျေးဇူးတင်ရပါမယ်။ အဖေက ကျွန်တော့်ကို သိုင်းသင်မှ ကျောင်းတတ်ရမယ်ဆိုပြီး ပြောပါတယ်။ ကျွန်တော်က ကျောင်းမတတ်ရမှာစိုးလို့ သိုင်းသင်ခဲ့တော့ ဘာပဲပြောပြော နဲနဲတော့ သန်မာပြီး ကျားကျားယားယားဖြစ်ခဲ့ပါတယ်။

ကိုယ့်ကိုရန်စရင် ငြိမ်မခံနေပဲ ရန်ဖြစ်တတ်သွားပါတယ်။ ရန်ဖြစ်တတ်တယ်ဆိုတာက ပြန်ပြီးခုခံနိုင်တာကို ပြောတာပါ။ အလုပ်ထဲမှာလဲ ဂေးလ်ဆိုပြီး သွေးတိုးစမ်းတာတွေ ရှိတာပေါ့။ အနိုင်ကျင့်တာတွေ ရှိတယ်။ ကျွန်တော်က ဘယ်တော့မှ အစမ်းမခံဘဲ လက်တုန့်ပြန်ပါတယ်။ ကျွန်တော်က ဂေးလ်ဆိုပေမဲ့လူပဲလေ။ ကျွန်တော်က တိရိစ္ဆာန်မဟုတ်ဘူး။ ကျွန်တော့်ကို ဒီလိုမျိုးအနိုင်ကျင့်စော်ကားတာမျိုးကို ဘယ်တော့မှ ခေါင်းငုံ့မခံပါဘူး။ ကျွန်တော့်ဘက်ကနေစပြီးတော့လဲ လူတစ်ယောက်ကို မစော်ကားပါဘူး။ ကျွန်တော့်ကိုစော်ကားရင်လဲ မခံပါဘူး။ လက်တုံ့ပြန်ပါတယ်။ အဲ့ဒီလိုမဟုတ်မခံစိတ်ကြောင့် ခွဲခြားတာတွေ ဖိနှိပ်တာတွေ မရှိသလောက်ကို နည်းပါတယ်။ ကိုယ့်ဟာကိုယ်လဲ မှန်ကန်အောင်နေပါတယ်။ ကိုယ့်အလုပ်ကိုပဲ အေးအေးဆေးဆေး လုပ်တတ်တဲ့အကျင့်ရှိပါတယ်။ အလုပ်ထဲမှာ ပြိုင်ဆိုင်မှုတွေကတော့ အများကြီးရှိခဲ့ပါတယ်။ ကိုယ့်ကိုချောက်ချတာမျိုးတွေလဲ ကြုံခဲ့ဘူးပါတယ်။ ဥပမာ- နေရာတစ်နေရာရဖို့ရွေးရင် ကိုယ်ကဂေးလ်မို့လို့ မရွေးခံရပဲ ချောင်ထိုးခံရတာမျိုးတွေပေါ့။ သူက ဂေးလ်တစ်ယောက်ဖြစ်နေလို့ လူလေးစားမဲ့ပုံမဟုတ်ဘူး ဆိုပြီး နေရာမပေးကြတာတွေရှိပါတယ်။ အဲ့လိုကြောင့် အလုပ်ထဲမှာ အလုပ်ကိုပိုကြိုးစားပါတယ်။ အလုပ်ထဲမှာ ကိုယ့်မရှိရင်မဖြစ်အောင် ကိုယ့်ကိုအမြဲလိုအပ်နေအောင်ကြိုးစားပါတယ်။ သူများထက်ပိုလေ့လာတယ်။

Q. ဒါကအသက်မွေးဝမ်းကြောင်းအလုပ်ပေါ့နော်။ အကိုကစာရေးတယ်လို့လဲသိရပါတယ်။ အသက်မွေးဝမ်းကြောင်း အလုပ်အပြင် ဝါသနာပါတဲ့ စာရေးခြင်းအလုပ်ကို ဘယ်လိုစရေးဖြစ်သွားတာလဲဗျ။

A. ဘယ်လိုမျိုးလဲဆိုတော့ ကျွန်တော်က Facebook မှာပဲ ကျွန်တော်ရေးဖြစ်တာပါ။ ကျွန်တော့်ရဲ့ခံစားချက် အတွေးလေးတွေကို ရေးပါတယ်။ အဲ့ဒီမှာ ကျွန်တော့်ရဲ့ Facebook Fri တွေက စာရေးတာကောင်းတယ် ဟိုဟာလေး ရေးပါလား ဒီဟာလေးရေးပါလား စသည်ဖြင့် တိုက်တွန်းကြပါတယ်။ အဲ့လိုတိုက်တွန်းမှုတွေနဲ့ပဲ ရထားပေါ်မှာ စာရေးပါတယ်။ တစ်နေ့ရထားစီးရင်းနဲ့ အညိုဆိုတဲ့ ဝတ္ထုတိုလေးကို စပြီးရေးပါတယ်။ ဇာတ်လမ်းပိုင်းလေးပေါ့။ အဲ့တုန်းက စာရေးကာစပါ။ Facebook လဲ သိပ်မသုံးတတ်သေးပါဘူး။ Post တင်တာမလုပ်တတ်တော့ ကျွန်တော်ကရေးပြီးသားကို Screenshot ရိုက်ပြီးတင်လိုက်တယ်။ အဲ့ဒီစာလေးကို ဖတ်ပြီး Shareကျတာနဲ့ဆိုတော့ ဖတ်တဲ့သူတော်တော်များသွားပါတယ်။ တော်တော်လေး လှုပ်လှုပ်ခတ်ခတ်ဖြစ်ပြီး ပထမပိုင်းနဲ့တင် ပရိတ်သတ်ကို ဆွဲဆောင်နိုင်ခဲ့ပါတယ်။ တော်တော်လေးအားပေး ကြပါတယ်။ နောက်တစ်ပိုင်းရေးလိုက် တင်လိုက်နဲ့ အဲ့ဒီစာကို


ခြောက်ရက်လောက်ရေးခဲ့ရတယ်။ ပထမပိုင်းကတော့ ကိုယ့်စိတ်ကူးနဲ့ရေးတာပေါ့နော်။ နောက်တော့ စောင့်ဖတ်တဲ့သူတွေများလာပြီး Message တွေပို့ကြတယ်။ အဲ့ဒီတော့ ကျွန်တော့်စိတ်ကလဲ ငါဖြစ်သလိုတော့ ရေးလို့မရတော့ဘူးဆိုပြီး သေသေချာချာလေးကြိုးစားပြီးရေးခဲ့ပါတယ်။ ကျွန်တော်ရေးတာက နိမ့်ပါးတဲ့ မိန်းကလေးတစ်ချို့ Sex Woker ဖြစ်သွားတဲ့အကြောင်းကို ရေးတာပါ။ ကျွန်တော်က အမြဲတမ်းရုန်းထွက်တဲ့သူဆိုတော့ အဲ့ဒီဇာတ်ကောင်ကိုလဲ အဲ့ဒီဘဝကြီးကနေရုန်းထွက်ခိုင်းတာပေါ့။ အဲ့ကနေစရေးတာ ဒီဝတ္ထုလေးက ပေါက်သွားတယ်လို့ ပြောရပါမယ်။ ကျွန်တော်ဝတ္ထုစရေးတော့ ကလောင်နာမည်မရှိသေးပါဘူး။ လူတွေက ကျွန်တော့်ကို ဇာတ်ကောင်နာမည် အညိုကိုအစွဲပြုပြီးခေါ်ကြတော့ ကလောင်နာမည်က အညိုဆိုပြီး ဖြစ်သွားတာပါ။

Q. ဒီကလောင်နာမည်အပေါ်အကို့ရဲ့စိတ်က ဘယ်လိုခံစားမိလဲဗျ။

A. ဘယ်လိုလဲဆိုတော့ အညိုဆိုတဲ့ အမည်မျိုးကို ကျွန်တော်က တော်တော်လေးသဘောကျပါတယ်။ ညိုပါတဲ့ မိန်းကလေး ယောကျ်ားလေးကိုတောင် သဘောကျတာမျိုးပါ။ အဲ့တော့ ကျွန်တော့်ဝတ္ထုမှာ အညိုဆိုတာကို ထည့်သုံးပါတယ်။ အညိုဆိုတာ ရိုးရှင်းပါတယ်။ နာမည်လေးက ခေါ်လို့လဲကောင်းတယ် မှတ်လို့လဲကောင်းလို့ ဒီနာမည်ကိုပေးဖြစ်တာပါ။ ကျွန်တော့်ကလောင် အမည်ဖြစ်သွားတော့ တော်တော်လေးသဘောကျပါတယ်။ ဘယ်တော့မှလဲ ရိုးမသွားဘူးပေါ့နော်။ အရမ်းလန်းဆန်းသစ် မနေပါဘူး။ ကျွန်တော့်ဘဝကလဲ ရိုးရိုးရှင်းရှင်းလေး အညိုဆိုတဲ့နာမည်ကလဲ ရိုးရိုးရှင်းရှင်းလေးဆိုတော့ သဘောကျပါတယ်။ ထပ်တူကျတယ်လို့ ခံစားရပါတယ်။

Q. နောက်တစ်ခုကပေါ့နော် အကို့ဘဝမှာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြစ်စေ နှုတ်နဲ့ဖြစ်စေ လက်နဲ့ဖြစ်စေ စော်ကားအကြမ်း ဖက်တာတွေ ကြုံခဲ့ရဖူးပါသလားဗျ။

A. ကြုံခဲ့ရဖူးပါတယ်။ နှုတ်နဲ့စော်ကားတာမျိုးတွေ ကိုယ်ထိလက်ရောက် စော်ကားဖို့ကြံတာတွေ ကြုံခဲ့ရဖူးပါတယ်။ ကျွန်တော်အထည်ချုပ်တစ်ခုမှာ လုပ်ခဲ့ဖူးပါတယ်။ အဲ့ဒီမှာ အဆောင်မှာနေရတော့ ယောကျ်ားလေးတွေ အများကြီးပဲ။ ကိုယ့်ကို လက်တည့်စမ်းချင်တဲ့သူတွေ ရှိတာပေါ့။ သိတယ်မှတ်လား။ တော်တော်လေးကို ဆင်ခြင်ပြီးနေခဲ့ရတာပါ။ နှုတ်နဲ့ရိုင်းရိုင်းစိုင်းစိုင်း ပြောတာတွေလဲ ခံခဲ့ရဖူးပါတယ်။ လူကြားထဲမှာ အတင်းဖက်တာမျိုးတွေ ရှိပါတယ်။ ကိုယ့်ကိုလှောင် ပြောင်စရာ သတ္တဝါတစ်ကောင်လို လုပ်ကြတယ်။ အများကြီးပါပဲ။




Q. အကို့ဘဝမှာ အဲ့ဒီလိုဖြစ်ရပ်လေးတွေကို ဘယ်လိုမျိုးလက်တုံ့ပြန်ခဲ့တာလဲဗျ။ မှတ်မှတ်ရရဖြစ်ရပ်လေးတွေများ ရှိခဲ့လားဗျ။

A. အင်း …ရှိပါတယ်။ အထည်ချုပ်မှာတုန်းကပါ။ ကျွန်တော်က Cuttingပိုင်း သူတို့က စက်ပြင်ပေါ့။ ကျွန်တော်တို့က စနေနေ့ကို ညနေလေးနာရီထိ အလုပ်ဆင်းရပါတယ်။ အလုပ်ဆင်းပြီး အိမ်ပြန်ကြပါတယ်။ တနင်္ဂနွေတစ်ရက်ကို အိမ်မှာနေကြပါတယ်။ အဲ့နေ့မှာ အလုပ်ဆင်းပြီး ရေမိုးချိုးပြီး အိမ်ပြန်ဖို့ပြင်နေတဲ့အချိန်မှာ ကျွန်တော့်ကို အဝတ်အစားတွေ ဝိုင်းချွတ်ကြပါတယ်။ ကျွန်တော့်ကို အရှက်ရအောင် လုပ်ကြပါတယ်။ ကျွန်တော်က ပုဆိုးပဲဝတ်တာ။ ကိုယ်ကအရှက်ကြီးတော့ ပုဆိုးကိုလုံးဝအကျွတ်မခံဘူး။ ကျွန်တော်က လူရှေ့မှာတောင် ပုဆိုးဖြန့်မဝတ်ပါဘူး။ ပြီးတော့ကျွန်တော့်အသားကို မရိုးသားတဲ့သဘောနဲ့ လာထိတွေ့ကိုင်တွယ်တာကို မကြိုက်ပါဘူး။ အဲ့ဒီလိုမျိုးဆိုရင် ကျွန်တော်က တစ်ခုခုပြန်လုပ်တတ်ပါတယ်။ အဲ့လိုလုပ်ခံရရင် ရှက်လဲရှက်တယ်။ ဒေါသလဲထွက်တယ်။ အဲ့လိုလုပ်ခဲ့တဲ့သူကိုလေ ညဘက်အိပ်နေတုန်း ဓါးနဲ့လှီးသတ်ဖို့ထိတောင် တွေးခဲ့ပါတယ်။ အားလုံးက ဝိုင်းလှောင်ပြောင်ပြီး ရယ်ကြတာပါ။ သူတို့အားလုံးထဲမှာ ကိုယ်က အငယ်ဆုံးဖြစ်နေတာ။ ကိုယ့်ကိုချစ်လို့ စနောက်တယ်ဆိုပေမဲ့ တော်တော်ပြင်းပြင်းထန်ထန် ပြန်လုပ်ဖို့ထိအောင် စိတ်ကူးမိတယ်။ သူ့ကို ဒီညသတ်မယ်ဆိုပြီးတောင် တွေးပါတယ်။ ဒါပေမဲ့ကျွန်တော့်ကို အလုပ်သွင်းပေးတဲ့အကိုက ဒီလိုမျိုးလုပ်တာဟာ ညီလေးကို ချစ်လို့စတာပါ အနိုင်ကျင့်တာ မဟုတ်ပါဘူးဆိုပြီး ပြောပါတယ်။ အဲ့ဒီအကိုက ကျွန်တော့်ကို တော်တော်လေးသံယောဇဉ်ရှိပါတယ်။ ကိုယ်က အနိုင်ကျင့်ခံရတဲ့ အနေအထားမျိုး မရောက်အောင်

ကိုယ့်ကိုကိုယ်နေရမယ်လို့ ပြောပြပါတယ်။ သူကအဲ့လိုပြောတော့ မှန်တယ်ဆိုပြီး ကိုယ့်ကိုကိုယ့်တွေးပါတယ်။ သူ့ကိုလဲ နောက်တစ်ခါထပ်မလုပ်အောင် တစ်ခုခုတုံ့ပြန်ရမယ်လို့တော့ တွေးမိတယ်။ နောက်တစ်ကြိမ်သူက လုပ်ငန်းခွင်ထဲမှာ ကျွန်တော့်ပုဆိုးကို ဆွဲချွတ်ပြီးစတာ ကျွန်တော်ကလဲ လက်ထဲကအပ်ချည်လုံးနဲ့ ပေါက်လိုက်တာ သူ့ခေါင်းကွဲသွားပါတယ်။ ရှန့်ရင်းဆန်ခတ်တွေလဲ ဖြစ်ကုန်ကြရော။ ရုံးရောက်ပြီး ပြဿနာတတ်ပါတယ်။ အဲ့နောက်မှာ ကျွန်တော့်အကြောင်းကိုသိပြီး နောက်ဆိုမစတော့ပါဘူး။

Q. ဒီလိုအဖြစ်အပျက်တွေနဲ့ပတ်သတ်ပြီး လိင်တူချစ်သူအဖွဲ့အစည်းတွေနဲ့ရော ဘယ်လိုပူးပေါင်းဆောင်ရွက်ဖြစ်လဲဗျ။

A. ပူးပေါင်းဆောင်ရွက်ဖြစ်တာမျိုးတော့ မရှိပါဘူး။ ကျွန်တော်က Gay တစ်ယောက်ဖြစ်နေပေမဲ့လဲ အဲ့ဒီအဖွဲ့အစည်းတွေနဲ့ ပတ်သတ်ပြီး အမြင်မကျယ်သေးပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်က သီးသီးသန့်သန့်နေတတ်တော့ လိင်တူချစ်သူအဖွဲ့အစည်းတွေနဲ့ ပတ်သတ်တဲ့ အသိမိတ်ဆွေတွေ အများကြီးမရှိပါဘူး။ အခုနောက်ပိုင်း Facebookကို တွင်တွင် ကျယ်ကျယ်သုံးလာတဲ့အခါမှ စာတွေရေးတယ် စကားတွေပြောဖြစ်ပြီး အသိမိတ်ဆွေတွေ တိုးလာတာပါ။ ထူးထူးခြားခြားတော့ မရှိသေးပါဘူး။ တောင်ပြုံးပွဲကိုတောင်မှာ ဟိုနေ့ကမှ ရောက်ဖူးတာပါ။ ကျွန်တော်နတ်နန်းတွေထဲတော့ မဝင်ခဲ့ပဲ အိုးပုတ်ချိုးရုပ်လေးတွေတော့ ဝယ်ခဲ့ပါတယ်။ ကျွန်တော်က လူတွေအများကြီးရှိတဲ့နေရာတွေကို ရှောင်တတ်ပါတယ်။ ကျွန်တော်က တိတ်တိတ်ဆိတ်ဆိတ်နေတဲ့အခါကြတော့ တစ်ချို့နေရာတွေက ကျွန်တော်နဲ့ အဆင်မပြေပါဘူး။

Q. နောက်တစ်ခုမေးချင်တာက အကို့ဘဝရဲ့ပထမဆုံးလိင်မှုကိစ္စကို ဘယ်လိုထိတွေ့ခဲ့လဲဗျ။ အကိုက လိင်မှုကိစ္စကို သိပ်ပြီး သဘောမကျဘူးဆိုတော့လေ။

A. ကျွန်တော်က အဲ့ဒါမျိုးမရှိပါဘူး။ ပြောရရင်လဲ လိမ်ရာကြမယ်။ ကျွန်တော့်ဘဝမှာ လိင်ပိုင်းဆိုင်ရာပတ်သတ်မှုမျိုး ဘယ်သူနဲ့မှ မဖြစ်ခဲ့ဖူးပါဘူး။ ယောကျ်ားလေး မိန်းကလေး ဘယ်သူနဲ့မှကို မပတ်သတ်ခဲ့ဖူးတော့ ကျွန်တော့်မှာ ပြောစရာမရှိပါဘူး။ တွဲတဲ့သူ ကြိုက်တဲ့သူဆိုတာလဲ သူတစ်ယောက်ထဲပဲ ချစ်ခဲ့တာပါ။ အခုနောက်တစ်ယောက်ကိုကျတော့ တိတ်တိတ်ဆိတ်ဆိတ် ချစ်နေတာမျိုးပါ။ ဘာလို့လဲဆိုတော့ နောက်တစ်ခါ ပြန်မခံစားချင်တော့ဘူး။ လိင်ကိစ္စနဲ့ပတ်သတ်ပြီး တော့လဲ လူတစ်ယောက်ကို မပတ်သတ်ချင်ဘူး။ ပြောရမယ်ဆိုရင်တော့ တော်တော်လေးကောင်းနေသေးတယ်ပေါ့နော်။ အဲ့ဒီလိုပြောလို့ တစ်ခြားသူတွေကို မကောင်းဘူးပြောတာမဟုတ်ပါဘူး။ ဒါက ကျွန်တော့်ရဲ့ခံယူချက်ပါ။ ကျွန်တော်က ဒီလိင်မှုကိစ္စတွေကို

နားလည်လာတဲ့အချိန်မှာလဲ ဒီလိင်ကိစ္စတွေကို ကိုယ်ချစ်တဲ့သူနဲ့ပဲ ဆန္ဒရှိပါတယ်။ ဒါပေမဲ့ကိုယ်တစ်ကယ် ချစ်ခဲ့တဲ့သူကလဲ မရှိတော့ဘူးဆိုတော့ အဲ့စိတ်တွေ မတွေးမိတော့ပါဘူး။ အပြင်မှာ အခြားတစ်ယောက်နဲ့ ဒိတ်တာတွေ ဘာတွေ ကျွန်တော့်ဘဝမှာ မရှိခဲ့ဖူးပါဘူး။

Q. တော်တော်လေး ထိမ်းထိမ်းသိမ်းသိမ်း နေခဲ့ရတယ်လို့ပြောနိုင်မလားဗျ။

A. အရမ်းထိမ်းချုပ်ပြီးနေခဲ့တာထက် ထိမ်းချုပ်ခံခဲ့ရတာပါ။ ကျွန်တော့်အဖေက ဂုနာရီဆိုရင် အိမ်ပြန်ရောက်မှ ကြိုက်တာပါ။ ကလေးဘဝက အပြင်ထွက်ကစားတာမျိုးတောင်မှ အဖေ့ကိုကြောက်ရပါတယ်။ ချစ်ကြောက်ရှိသေပေါ့။ စကားလဲနားထောင်ရပါတယ်။

Q. မိခင်ဖြစ်သူနဲ့ဆက်ဆံရေးကရောဗျ။

A. အမေကတော့ သူ့သားက Gay ဆိုတာကိုသိနေပါတယ်။ တစ်ခါမှတော့ ထုတ်ဖော်ပြောတာမျိုးမရှိပါဘူး။ သားအမိကြား ဆွေးနွေးတာမျိုးလဲ မရှိပါဘူး။ ပြီးတော့ အိမ်မှာကျွန်တော်က အကြီးဆုံးဖြစ်တဲ့အတွက် အနေအထိုင်ပိုပြီး ဆင်ခြင်ရပါတယ်။ ကျွန်တော့်အဖေဆုံးသွားတော့ အိမ်ကိုဦးဆောင်နေရတဲ့အချိန်မှာ ညီနှစ်ယောက်က လေးစားအောင်နေရပါတယ်။ အဲ့လိုကြောင့်မို့ ကျွန်တော့်ကို မလေးစားမှာစိုးရိမ်တယ်။ စိုးရိမ်တယ်ဆိုတာက လေးစားခံချင်လို့မဟုတ်ပါဘူး။ ကိုယ့်အုပ်ချုပ်မဲ့သူ ကိုယ်ကဦးဆောင်ရမဲ့ကလေးတွေ ကိုယ်စောင့်ရှောက်ရမဲ့ညီလေးတွေအပေါ်မှာ ဝတ္တရားပျက်ကွက်ပြီး ကိုယ့်အနေအထိုင်မတတ်မှုကြောင့် သူများအထင်သေးမှာကို စိုးရိမ်တာပါ။ ဒါကြောင့်မို့လို့ ကျွန်တော်က ကိုယ့်ကိုကိုယ် တော်တော်လေးထိမ်းချုပ်ပြီးနေပါတယ်။

Q. ညီနှစ်ယောက်ရှိတယ်လို့ပြောသွားတယ်နော်။ ပြီးတော့လဲ အရမ်းထိမ်းချုပ်ပြီး နေခဲ့ရတယ်။ ခုချိန်မှာရော ညီနှစ်ယောက်က အကိုက Gay ဆိုတာကို သိသွားပြီလားဗျ။

A. သိတယ်။ သိနေမှာလို့လဲထင်ပါတယ်။ ဘာလို့လဲဆိုတော့ Gayဆိုတာမျိုးက စကားပြောရင်ဖြစ်စေ အမူအရာကဖြစ်စေ သူ့သရုပ်ကပေါ်နေတာပဲလေ။ အားလုံးက Gay ပုံစံက ဒီပုံစံပဲလာကြတာလေ။ အပုန်းပဲဖြစ်ဖြစ် အပွင့်ပဲဖြစ်ဖြစ် သိနိုင်တာပဲလေ။ သိနိုင်တယ်ဆိုပေမဲ့လဲ ကျွန်တော်က အနေအထိုပိပိရိရိနေတော့ အငယ်တွေက ဘာမှမပြောပါဘူး။ သူတို့အမြင်မှာ ရှုပ်ရှုပ်ရှက်ရှက်ဖြစ်အောင် ဘယ်တော့မှလဲ မနေခဲ့ပါဘူး။ သူတို့သိတာရော မသိတာရော နောက်ကွယ်မှာ ကျွန်တော်က ဘာမှလုပ်မထားဘူး။ သူတို့အနေနဲ့ သူတို့အကိုက အခြောက်ဖြစ်နေတာ သိနေရင် သိနေမယ်။ သူ့စည်းကမ်းနဲ့သူ ငါတို့အတွက်

အလုပ်ကြိုးစားပြီး လုပ်နေတယ်ဆိုတာ သိနေတော့ ညီတွေက ကျွန်တော့်ကိုလေးစားကြ ပါတယ်။ ကျွန်တော့်အပေါ်မှာ အထင်သေးတာတွေ စကားနဲ့ပစ်မှားတာတွေ မရှိပါဘူး။ ကျွန်တော်တို့ညီအကိုတွေက အရမ်းချစ်ကြပါတယ်။

Q. သူတို့တွေကရော အိမ်ထောင်သည်တွေလားဗျ။

A. ညီအငယ်ဆုံးလေးကတော့ အိမ်ထောင်သည်ပါ။ ကျွန်တော်နဲ့ အလတ်ကောင်ကပဲ လူလွတ်ပါ။

Q. ဒါဆိုညီငယ်လေးရဲ့အမျိုးသမီးကရော အကို့ကို ဘယ်လိုမြင်လဲဗျ။

A. နားလည်ပေးပါတယ်။ ပြီးတော့ ညီအကိုသုံးယောက်ကိုမှ မိန်းကလေးလဲမပါဘူးလေ။ အဲ့တော့ ကိုယ့်ညီမလေးလိုပါပဲ။ သူ့ဘက်ကလဲ အဲ့လိုပါပဲ။ သူတို့က ကလေးနှစ်ယောက်ရှိတယ်။ သားလေးတစ်ယောက် သမီးလေးတစ်ယောက်ပါ။ ကျွန်တော်တို့ မိသားစုက အဲ့ဒီလိုမျိုး သိုက်သိုက်ဝန်းဝန်းနဲ့ နွေးထွေးပါတယ်။ လုပ်ယူထားတာမဟုတ်ပဲ ငယ်ငယ်လေးထဲက အဖေသင်ထားတဲ့အတိုင်း အကြီးစကား အငယ်ကနားထောင် အဲ့လိုမျိုးပါ။ ဒါကြောင့်မို့လို့ တစ်ယောက်နဲ့တစ်ယောက် တစ်ဆင့်ဆီ အုပ်ချုပ်ကြတယ်။ ပြီးတော့ အတင်းအကျပ် အမိန့်ဆန်တာတွေလဲ မရှိပါဘူး။ နားလည်သဘောပေါက်အောင် ပြောကြပါတယ်။ ဒါကတော့ အမေသင်ပေးတာပါ။ အမေက ပြဿနာရှိရင် အေးအေးဆေးဆေးပဲ အကျိုးအကြောင်း ရှင်းပြပါတယ်။

Q. အကိုအခုထုတ်လိုက်တဲ့စာအုပ်လေးတွေက ရောင်းအားကောင်းပြီး Top10 List ဝင်ခဲ့တော့ရော ဘယ်လိုခံစားရလဲဗျ။

A. ပျော်တယ်ဆိုတာထက်ကို အရမ်းကျေနပ်ပါတယ်။ ပြောရရင်တော့ ကျွန်တော်တို့က Gay ဖြစ်နေလို့ အနှိမ်ခံရတယ် ခွဲခြားဆက်ဆံခံရတယ်ဆိုတဲ့ အငုံ့စိတ်ဆိုတာရှိတော့ ခုလိုအချိန်မှာ ငါလုပ်နိုင်ခဲ့ပြီဆိုပြီး အရမ်းပျော်ပါတယ်။ သူများထက်ပိုပြီးလဲ ကြိုးစားခဲ့ရတယ်။ ကြိုးစားတိုင်းရနိုင်သလို အခြေအနေပေးလာလို့ ခုလိုဖြစ်ခဲ့တယ်လို့ ထင်ပါတယ်။ ဒီအပေါ်မှာတော့ ဂုဏ်ယူနေတယ်လို့ ပြောလို့မရပါဘူး။ ငါလုပ်နိုင်တယ်ဆိုပြီး ကျေနပ်နေတာပါ။ Online မှာသိတဲ့အမတစ်ယောက်က Gay စာရေးဆရာနည်းတယ် အခြားသူတွေလိုမျိုး တိမ်းစောင်းသွားတာမျိုး မဖြစ်စေချင်ဘူး မင်းမှာအရည်အချင်းရှိတယ်။ ဒီထက်ပိုပြီးကြိုးစားပါဆိုပြီး အားပေးပါတယ်။ အဲ့ဒီအမက လိင်တူချစ်သူတွေရဲ့ဘဝကို နားလည်တယ်။ ကိုယ်ကလဲ ပိုပြီးတော့ ကြိုးစားဖြစ်တယ်။ တော်တော်များများက Facebook မှာသိပေမဲ့ ကျွန်တော့်ကို တော်တော်ချစ်ကြပါတယ်။ အဲ့ဒါကြောင့် စာအုပ်ထုတ်တဲ့အခါမှာ ဘာမှအခက်အခဲ သိပ်မရှိခဲ့ပါဘူး။ အေးအေးဆေးဆေးပါပဲ။

Q. ခွဲခြားဖိနှိပ်ခြင်းတွေနဲ့ ဖြတ်သန်းခဲ့ရတဲ့အကို့ဘဝနဲ့ ဒီဘတ်ခေတ်အခြေအနေအရ ခွဲခြားဆက်ဆံခံရတာဟာ ဘာတွေများ ပြောင်းလဲသွားပါလဲဗျ။

A. တော်တော်လေးပြောင်းလဲလာပါတယ်။ ကျွန်တော်တို့ငယ်ဘဝက မိန်းမလျာတစ်ယောက် ရိုင်းရိုင်းပြောရရင်တော့ အခြောက်တစ်ယာက်က မိန်းမဝတ်စုံဝတ်ပြီး ရောက်သီးဆေးပြားရောင်းရင် လမ်းထဲက ကလေးတွေက အခြောက်မကြီး ဘာဖြစ်တယ် ညာဖြစ်တယ်ဆိုပြီး စနောက်ကြတယ်လေ။ တော်ရုံတန်ရုံလိင်တူချစ်သူတွေ ကျွန်တော်တို့လို လိင်စိတ်ပြောင်းလဲသူတွေက ကြောက်ကြတယ်လေ။ ငါ လူကြားထဲမှာ အခြောက်ဆိုတာ ပေါ်သွားမလား၊ ခဲနဲ့များထုကြမလားဆိုပြီး ကြောက်ကြတယ်။ အဲ့တုန်းက အခြောက်ဖြစ်တယ်ဆိုရင် တော်တော်လေးကို လျှို့လျှို့ဝှက်ဝှက် နေထိုင်ရပါတယ်။ တစ်ချို့ဆိုရင် အထင်သေးခံရပြီး ရိုင်းရိုင်းစိုင်းစိုင်းပြောဆိုခံရပါတယ်။ အခုနောက်ပိုင်းမှာ လူတွေက နားလည်လာကြပါတယ်။ နိုင်ငံတကာမှာလဲ ရှိနေတယ်။ Gayတွေကို ကြိုဆိုလာကြတော့ ပွင့်ပွင့်လင်းလင်း ဖြစ်လာကြပါတယ်။ ခုခေတ်လူငယ်လေးတွေကြည့်လိုက်ရင် ထိုင်းမှာလို ယိုးဒယားမှာလို ကိုယ့် Relationshipနဲ့ကိုယ် ချစ်ခင်နေထိုင်ကြတယ်။ လိင်တူချင်းစုံတွဲပုံတွေ အမှတ်တရနှစ်ပတ်လည်တွေ လက်ထပ်ပွဲတွေ လုပ်လာကြတယ်။ တော်တော်လေးပွင့်လင်းပြီး ကောင်းလာပေမဲ့ ကျွန်တော့်စိတ်ထဲဘဝင်မကျတာ တစ်ခုရှိပါတယ်။ ပတ်ဝန်းကျင်က ကျွန်တော်တို့လိင်တူချစ်သူတွေကို Welcome လုပ်လာတဲ့အခါမှာ ကျွန်တော်တို့ဖက်ကလဲ စည်းနဲ့ကမ်းနဲ့နေထိုင်ရပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်ချို့က စည်းကမ်းမရှိကြပါဘူး။ အဲ့လိုမျိုးဆိုတဲ့အခါကြတော့ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုတ်ဆိုတာမျိုးတွေ ဖြစ်လာတယ်လေ။ ကျွန်တော်ကကောင်းကောင်းနေလို့ သူများတွေကို မကောင်းဘူးပြောတာ မဟုတ်ပါဘူး။ ကျွန်တော့်မှာလဲ မကောင်းတဲ့အချက်ရှိမှာပါ။ အားလုံးမှာ လိုအပ်ချက်တွေနဲ့ပါပဲ။ တစ်ချို့ကျတော့ အနေအထိုင်မတတ်တာပေါ့နော်။ လူကြားသူကြားထဲမှာ အပြောအဆိုအနေအထိုင် အဆင်မပြေတဲ့အခါ လူတွေက ဒီအခြောက်တွေ ဘာဖြစ်တယ် ညာဖြစ်တယ်ဆိုပြီး ပြောခံရနိုင်တယ်လေ။ အဲ့ဒီတော့ ကိုယ်တွေကို အသိအမှတ်ပြုစေချင်ရင် ကိုယ်တွေဖက်ကပြုပြင်ရမဲ့အပိုင်းလေးတွေ ရှိပါတယ်။ တစ်ချို့ကလေးတွေ အနေအထိုင်မတတ်တာလေးတွေ စိတ်ထဲမှာ ပြောချင်ပေမဲ့ မပြောတော့ပါဘူး။ အားလုံးကတော့ တစ်ယောက်နဲ့တစ်ယောက် အခြေအနေချင်း စိတ်ခံစားချက်ခြင်းတော့ မတူနိုင်ပါဘူး။

Q. အကို့အနေနဲ့ လိင်တူချစ်သူတွေအတွက် ဘာတွေလုပ်ပေးဖို့ အစီအစဉ်ရှိသလဲဗျ။ ဘယ်လိုတွေ ပညာပေးဖို့ရှိပါသလဲဗျ။

A. ခုဆိုကျွန်တော် စဉ်းစားပါတယ်။ နောက်ထပ် Gay Story တစ်ပုဒ်ရေးတယ်။ ကျွန်တော်ရေးတဲ့ထဲမှာဆိုလို့ရှိရင် Sex လုံးဝ မပါပါဘူး။ Sex အကြောင်းမပါလို့ Sexမရှိဘူးလားဆိုရင် ရှိနိုင်တာပဲလေ။ ကိုယ်မရှိလို့ တစ်ခြားသူတွေ မရှိနိုင်ဘူးလို့ ပြောလို့ မရပါဘူး။ အားလုံးကတော့ Sex နဲ့ Love နဲ့က တွဲနေတာပါပဲ။ ဒါပေမဲ့ Sex အကြောင်းထည့်ပြီးရေးမယ်ဆိုရင် ကျွန်တော်ထည့်မရေးရဲဘူး။ ကျွန်တော့်စိတ်ထဲမှာတော့ ဒါဟာ Publicမှာ ချပြလို့ကောင်းတဲ့အရာမဟုတ်ဘူးလို့ ခံယူထားပါတယ်။ ဒါဟာ လူနှစ်ယောက်ရဲ့ စိတ်ခံစားချက်နဲ့ အိပ်ခန်းကုတင်ပေါ်က ကိစ္စတွေပါ။ ဒါကြောင့်မို့ ကျွန်တော်ရေးမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ Gay တွေမှာ ချစ်ခြင်းတရားတွေရှိတယ်။ စွန့်လွှတ်အနစ်နာခံမှုတွေရှိတယ်။ ကိုယ်ချစ်တဲ့သူအပေါ်မှာ အကောင်းဆုံးဖြစ်အောင် ပေးဆပ်နိုင်တယ်ဆိုတာတွေကို သိအောင်လို့တော့ ရေးပါတယ်။ အဲ့ဒီလိုနည်းနဲ့ပဲ တင်ပြသွားမယ်။ ပညာပေးသွားမှာပါ။

Q. အကိုနဲ့ဘဝတူယောကျ်ားလျာတွေအပေါ် အကို့ရဲ့အမြင်ကရော ဘယ်လိုရှိသလဲဗျ။

A. ကျွန်တော့်အမြင်ကတော့ ခွဲခြားလို့မရဘူးဆိုတာတော့ မရှိပါဘူး။ ကျွန်တော်ငယ်ငယ်က ဖြတ်သန်းခဲ့ရတဲ့ ဘဝပုံစံကြောင့် အားလုံးကိုလေးစားပါတယ်။ လူတွေအားလုံးရဲ့ရပ်တည်ချက်အပေါ်မှာ လေးစားပါတယ်။ ဟိုးတစ်ရက်က အမေကိုချစ်တဲ့ ကုလီထမ်းနေတယ်လို့ပြောတဲ့သူကို ချက်ချင်းကျွန်တော် အားပေးစကားသွားပြောပါတယ်။ ကျွန်တော်ကိုယ်တိုင်လဲ သိပ်ကြီးကျယ်မြင့်မြတ်နေတာ မဟုတ်ပါဘူး။ ကိုယ်တတ်နိုင်တဲ့ဘက်ကနေ အားပေးစကားသွားပြောတာပါ။ အကိုက ကုလီပဲထမ်းစားပါစေ တောင်းပဲစားပါစေ မိဘအပေါ်မှာ ကျေးဇူးသိတတ်တဲ့သားတစ်ယောက် ဖြစ်တဲ့အတွက် အကို့ကိုလေးစားပါတယ်ဆိုပြီး သွားပြောပါတယ်။ ဒါမျိုးကျေးဇူးသိတတ်စိတ်ဆိုတာ တစ်ချို့ကလေးတွေမှာ မတွေ့ရတော့ပါဘူး။ ဘယ်လိုပဲ နိမ့်ပါးပါစေ ကိုယ့်ရဲ့ကံပါပဲ။ လေးစားတာက လေးစားတာပါပဲ။ ဒါကြောင့်မို့ လိင်တူလိင်ကွဲ အားလုံးက တူတူပါပဲ။ တစ်ချို့ Straight တွေ ယောကျ်ားမိန်းမ အိမ်ထောင်ပြုကြတယ်။ အဲ့ဒီလိုပါပဲ လိင်တူချစ်သူတွေလဲ တစ်ယောက်နဲ့တစ်ယောက်ချစ်လို့ ယူကြတာပါ။ ကျွန်တော်တို့လိင်တူချစ်သူတွေမှာလဲ အချစ်ဆိုတာ ရှိပါတယ်။ အချစ်ဆိုတာ ယောကျ်ားမိန်းမခွဲခြားလို့မရနိုင်ပါဘူး။ ယောကျ်ားခြင်းချစ်နိုင်သလို မိန်းမချင်းလဲ ချစ်နိုင်တာပါပဲ။ ဟုတ်တယ်မို့လား။ အဓိကက ချစ်နေဖို့ပဲ လိုတာပါ။ မုန်းနေရင်သာ မကောင်းတာပါ။ အဲ့တော့ ကျွန်တော်ကတော့ အချစ်ရှိတဲ့သူတွေအားလုံးကို လေးစားပါတယ်။

Q. အကို့အနေနဲ့ ဖြတ်သန်းခဲ့တဲ့အသက်အရွယ်အရ နောက်ကလေးငယ်တွေကို ဘယ်လိုလမ်းညွှန်မှုပေးချင်ပါသလဲဗျ။

A. ကျွန်တော်တို့ လိင်တူချစ်သူတွေဆိုတာ သူများတွေထက်ပိုပြီး ကြိုးစားရပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုချိန်မှာ အားလုံးက နွေးနွေးထွေးထွေးဖြစ်တယ် Welcome ဖြစ်တယ်ဆိုပေမဲ့ လုပ်ငန်းခွင်ထဲရောက်သွားရင် မသိမသာလေး ခွဲခြားခံရပါတယ်။ အဲ့ဒီအချိန်ကျရင် လူတွေက Gay တစ်ယောက်ဖြစ်တယ်ဆိုတာနဲ့ သိပ်မလေးစားပါဘူး။ အဲ့တော့ ပထမဆုံး လူလေးစားအောင်နေပါ။ နောက်တစ်ခုကတော့ အရာရာကြိုးစားစေချင်ပါတယ်။ ဘာလို့လဲဆိုတော့ ယောက်ျားတစ်ယောက်နဲ့ ယှဉ်လိုက်ရင် ကျွန်တော်တို့က တန်ဖိုးမရှိဘူးလို့ အထင်ခံရတာတွေကြောင့်ပါ။ တကယ်တန်းပြောရရင် ကျွန်တော်တို့တွေက မိသားစုမှာ အရေးပါကြပါတယ်။ ကိုယ်က Gay မို့လို့ Gay ဘက်လိုက်ပြောတာမဟုတ်ပါဘူး။ ကျွန်တော်တို့ Gayတွေက မိသားစုကို ငဲ့ညှာတတ်ကြပါတယ်။ ကျွန်တော်တို့တွေက မိန်းမစိတ် မိခင်စိတ်လဲပါတဲ့အတွက် မိသားစုတစ်ယောက်ခြင်း ဘာတွေလိုအပ်သလဲဆိုတာကို သိနိုင်ကြပါတယ်။ ယောက်ျားတစ်ယောက်ဖြစ်သွားရုံနဲ့ပဲ တန်ဖိုးရှိတာ မဟုတ်ပါဘူး။ တစ်ချို့ယောက်ျားတွေ အရက်သောက်မူးမယ်။ ဆေးချမယ်။ လမ်းမှာရန်တွေဖြစ်မယ် အဲ့လိုမျိုးဆိုရင် မိဘတွေစိတ်ဆင်းရဲရပါတယ်။ ကျွန်တော်တို့မှာ အဲ့ဒါမျိုးတွေ မရှိပါဘူး။ ကျွန်တော်တို့ကြောင့် မိဘတွေအရှက်ရတာမျိုးက ဒီGayဖြစ်နေတာလေးပါပဲ ။ တကယ်တန်းစဉ်းစားရင်တော့လဲ Gay ဖြစ်တာက အရှက်ရစရာ မဟုတ်ပါဘူး။ ကျွန်တော်တို့သည် သူများပစ္စည်းခိုးနေတာ မဟုတ်ပါဘူး။ စိတ္တဇဖြစ်နေတာလဲ မဟုတ်ပါဘူး။ ဒါဟာကျွန်တော်တို့ရဲ့လိင်ပိုင်းဆိုင်ရာ ပြောင်းလဲမှုလေးပဲ ဖြစ်ပါတယ်။ နောက်လူငယ်လေးတွေကို ဖြစ်စေချင်တာကတော့ ပိုပြီးကြိုးစားစေချင်တာပါပဲ။ သူများလက်ညှိုးထိုးစရာမဖြစ်အောင် ကိုယ်ကပဲအမြဲရှေ့ရောက်အောင် ကြိုးစားနေရင် အားလုံးက ကိုယ့်ကိုလေးစားလာမှာပါ။ ပြီးတော့ အနေအထိုင်အပြုအမူ အပြောအဆိုလေးတွေကို ဆင်ခြင်စေချင်ပါတယ်။

Q. ကိုဇော်ဇော်ဦးတစ်ဖြစ်လဲ စာရေးဆရာအညီအနေနဲ့ ရှေ့ဆက်မယ့် Life Plan လေးကိုလဲချပြပေးပါအုံးဗျ။

A. ကျွန်တော်ကတော့ အများကြီးတော့ မတွေးထားပါဘူး။ ဘာလို့လဲဆိုတော့ ကိုယ်တွေးထားပြီးတော့မှ ဖြစ်မလာခဲ့ရင်ဆိုတဲ့စိတ်က ကျွန်တော့်ရဲ့ငယ်ဘဝမှာ ဒဏ်ရာဖြစ်ခဲ့ပါတယ်။ အဲ့ဒါကြောင့် ကျွန်တော်အများကြီးတွေးထားတာမျိုး မရှိပါဘူး။ ကျွန်တော်လုပ်သင့်တဲ့အရာမှန်သမျှကို လုပ်သွားမှာပါ။ ကျွန်တော့်ပတ်ဝန်းကျင် ကျွန်တော့်မိသားစုမှာ သူတို့လိုအပ်သမျှကို

တတ်နိုင်တဲ့ဖက်က ဖြည့်ဆည်းပေးသွားမှာပါ။ ငါ ဘာကြီးဖြစ်ရမယ် ငါ ဘယ်လိုမျိုးလုပ်ရမယ်ဆိုတာမျိုးမရှိပါဘူး။ အဓိကကတော့ ကျွန်တော်စိတ်ချမ်းသာချင်ပါတယ်။ အေးအေးချမ်းချမ်းနဲ့ ဘဝကိုဖြတ်သန်းချင်ပါတယ်။ မပူလောင်ချင်ပါဘူး။ ဘယ်လိုပူပင်သောကမျိုးကိုမှ မရချင်ပါဘူး။ အေးအေးဆေးဆေးပဲ ကြိုးစားသွားပါမယ်။ ကြိုးစားတယ်ဆိုတာကလဲ ဘယ်အချိန်မှာ ဘာကြီးဖြစ်ရမယ်ဆိုတာမျိုး မဟုတ်ပါဘူး။ ဒါလေးက ငါ့အတွက်ကောင်းတယ် ငါဘာလေးလုပ်လိုက်မယ်ဆိုတဲ့ စိတ်မျိုးတော့ ရှိပါတယ်။ သင်ယူစရာရှိရင်လဲ သင်ယူမယ်။ လေ့လာစရာရှိတာကို လေ့လာမယ်။ လုပ်စရာရှိတာလုပ်မယ်။ ဒီစာရေးတဲ့အလုပ်ကိုတော့ ဒီ့ထက်ပိုပြီးတော့ အများကြီးကြိုးစားသွားမှာပါ။ ဒီစာရေးတာက ကျွန်တော့်ရဲ့ ဝါသနာလဲဖြစ်ပါတယ်။ ကျွန်တော့်ခံစားချက်တွေကို တင်ပြလို့ကောင်းတဲ့နေရာပါ။ အဲ့ဒီတော့ ကျွန်တော်သေသေချာချာ ဂရုစိုက် လုပ်ဆောင်သွားမှာပါလို့ ပြောချင်ပါတယ်။

Q. ကျေးဇူးတင်ပါတယ်။

A. ကျွန်တော်ပြောတာတွေက အဆင်မပြေလို့ တစ်ခုခုရှိတယ်ဆိုရင်လဲ ကျွန်တော့်အပေါ်တစ်မျိုးမထင်ကြပါနဲ့လို့ တောင်းပန်ချင်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## ၃၃။ ပြည့်ပြည့် (၂၇) ပြည်မြို့



Q: မင်္ဂလာပါ..။ ပထမဦးဆုံး အစ်မနာမည်ရယ် အသက်ရယ် မိတ်ဆက်ပေးပါဦး။

A: ညီမ အိမ်နာမည်ကတော့ ပြည့်ပြည့်လို့ခေါ်ပါတယ်။ မှတ်ပုံတင်နာမည်ကတော့ ပြည့်ဖြိုးမြတ်သူ လို့ခေါ်ပါတယ်။ အသက်က ၂၇နှစ်ပါ။

Q: အစ်မရဲ့ လိင်စိတ်ခံယူမှုပေါ့နော်။ ဘယ်လိုမျိုး ကိုယ့်ကိုယ်ကို ခံယူထားလဲ?

A: အရင်က ကိုယ့်ကိုယ်ကို မသိခင်က မိန်းမတစ်ယောက်အနေနဲ့ ခံယူထားတာပေါ့နော်။ အခုလိုမျိုး သင်တန်းတွေတက်၊ အင်တာဗျူးတွေကနေ သိပြီး ကိုယ်ကိုယ်ကို Lesbian လို့ခံယူထားပါတယ်။

Q: ဒါဆိုလို့ရှိရင် ကိုယ့်ကိုယ်ကို အမျိုးသမီးအချင်းချင်းကြိုက်နှစ်သက်သူလို့စသိတဲ့အချိန်က ဘယ်အချိန်လောက်ဖြစ်မလဲ?

A: အသက် ၂၂ နှစ်လောက်ကစပြီး သိတာပေါ့နော်။

Q: စသိတဲ့အချိန်မှာကော အစ်မနဲ့ အစ်မမိသားစုနဲ့ အဆင်ပြေခဲ့လား။ သူတို့ကကော ချက်ချင်းရိပ်မိခဲ့လား။

A: ချက်ချင်း ရိပ်မိခဲ့လားဆိုတော့ ညီမက အမေဆုံးတာ အခုဆို ၁၀နှစ်ရှိပြီပေါ့နော်။ အဖေနဲ့နေတယ်။ မောင်နှမ သုံးယောက်ရှိတယ်။ အဖေက ဈေးလေးနားမှာ သူ့ယောက်ဖနဲ့ နေတယ်။ ညီမတို့က ဒီဘက်ရပ်ကွက်ထဲမှာ ကိုယ်ပိုင်အိမ်ရှိတယ်။ ရှိတော့ အဒေါ်တွေကို ထားထားတယ်။ ညီမက မူကြိုကျောင်းမှာ စာသင်တယ်။ မနက် ၈နာရီကနေ ညနေ ၆နာရီအထိ ကလေးတွေနဲ့ အတူတူပေါ့။ ည၇နာရီကနေ ၉နာရီအထိက ဂိုက်သင်ပေးတယ်။ အဲလိုဆိုတော့

ညပိုင်းလေးပဲ အိမ်မှာအဒေါ်တွေနဲ့ စကားတွေပြောပေ့ါ။ နောက်ပိုင်း သူနဲ့စကြိုက်ဖြစ်တာတော့ အဒေါ်နဲ့ သူနဲ့ ကမိတ်ဆွေတွေပေ့ါ။ သူ့ကိုလဲ တစ်ခါမှမမြင်ဖူးဘူး။ အဲဒီ့မှာ ဆိုင်ကိုသွားရင်နဲ့ သူကညီမကို ကြိုက်တယ်ဆိုပြီး ပြောလာတယ်။ ညီမကလဲ ယောကျ်ားလေးတွေဆို အရက်သောက်တာတို့ ဖဲရိုက်တာတို့ဆို မကြိုက်ဘူး။ မကြိုက်တော့ ယောကျ်ားလေးတွေ Propose လုပ်တာကိုလည်း လက်မခံခဲ့ဘူး။ ဒါပေမဲ့ သူနဲ့စတွေ့တော့ နွေးထွေးမှုရသွားသလိုပဲ။ အမေဆုံးတော့ ညီမရဲ့ ညီမလေးက ၂တန်းပဲရှိသေးတယ်။ ကျောင်းတက်တော့ သူငယ်ချင်းလဲ မထားဘူး။ ကိုယ့်ဘာသာ တစ်ယောက်ထဲပဲနေတယ်။ အစ်ကိုကလဲ သူ့အိမ်ထောင်နဲ့သူဆိုတော့။ အဲဒီ့တုန်းက ငယ်သေးတယ်ပေ့ါ။ သူနဲ့က သူငယ်ချင်းပဲ အဒေါ်တွေကထင်ကြတာ။ နောက်ပိုင်းကျ အိမ်ပြန်နောက်ကျတာတို့ ဘာတို့ဆိုတော့ သူ့အိမ်ကိုလဲ လိုက်လာကြတယ်။ နောက်ပိုင်း တဖြည်းဖြည်းနဲ့ ရိပ်မိသွားတယ်။ ရိပ်မိသွားတော့ နင်တို့ ဒီလိုမဖြစ်သင့်ဘူး လို့ပြောကြတယ်။ အဲဒီ့တော့ အဒေါ်တွေကို ဘာနဲ့အုပ်မလဲ ပညာနဲ့အုပ်မလား၊ ငွေနဲ့အုပ်မလားပေ့ါ။ နောက်တော့ အိမ်ပြန်နောက်ကျရင် ရေခဲမုန့်တို့ဘာတို့ ဝယ်သွားတယ်။ ဝယ်သွားတော့ ဘာမှ မပြောဘူး။ တခါတခါ မပါဖြစ်တော့ နင်တို့ ဘယ်သွားနေလို့လဲ၊ မိန်းမချင်းကြိုက်တော့ ဘာဖြစ်လာမှာမလို့လဲ ဆိုပြီးပြောလာကြတယ်။ ပတ်ဝန်းကျင်ကလဲ ဘာဖြစ်လာမှာမလို့လဲ ကလေးရမှာမလို့လားလို့ ပြောလာကြတယ်။ ကျောင်းက ဆရာမကလဲ နင်တို့ ရောဂါကူးမှာ မကြောက်ဘူးလား လို့မေးလာကြတယ်။ အဲဒီ့တော့ ညီမကပြန်စဉ်းစားတယ်..။ HIV တို့ဘာတို့ဆို ယောကျ်ားလေးတွေလဲ မူးယစ်ဆေးဝါးနဲ့ မလွတ်ကင်းတာကနေ ရနိုင်တာပဲ။ ဘာမှ မထူးပါဘူးဆိုပြီး သူနဲ့ လက်ထပ်လိုက်တယ်ပေ့ါနော်။ အဖေကတော့ ရှေ့နေဆိုတော့ ဘာမှမပြောဘူး။ ဆိုးသည်ဖြစ်စေ ကောင်းသည်ဖြစ်စေ သူ့ဘာသာပုံမှန်ပဲ။

Q: လက်ထပ်လိုက်တဲ့အချိန်ကြတော့ အဒေါ်တွေကဘာပြောကြလဲ။ ဘယ်လိုအနေအထားရှိလဲ။

A: အရင်က လက်ထပ်ဖို့အထိမရည်ရွယ်ထားသေးဘူး။ ဒါပေမဲ့ယူတော့ယူမယ်။ နှစ်ယောက်သား ပိုက်ဆံတွေ စုကြတယ်။ နောက်တော့ အဖွားဆုံးတော့ နှစ်လပြည့် အိမ်မှာဆွမ်းကျွေးဖို့လုပ်တယ်။ လုပ်တဲ့အချိန်မှာ မုံရွာကသူ့သူငယ်ချင်းမိန်းမ မွေးနေ့ဆိုပြီး စုပြီးဘုရားကိုသွားဖို့ ခေါ်တယ်။ အိမ်မှာလဲ အဖွားရက်လည်ဆွမ်းသွပ်နဲ့ဆိုတော့ မုံရွာရွှေဘုံသာဘက်မှာ အဖွားအတွက်သွားလှူမလို့ပါဆိုပြီး သူတို့ကပြောပေးပြီး ထွက်လာခဲ့တယ်။ အစ်ကိုကတော့ သိပ်မကြိုက်ဘူး။ မကြိုက်ပေမဲ့ ထိုးတာ ကြိတ်တာတော့ မရှိဘူး။ အေးအေးလေးနဲ့ ဆုံးမသွားတယ်ပေ့ါနော်။ ညီမကတော့ မိသားစုနွေးထွေးမှုကို လိုချင်တယ်။ ခွဲခြားဆက်ဆံတာကို မလိုချင်ဘူး။ အစ်ကိုက သူ့ဘာသာ အိမ်ထောင်တစ်ဖက်ဆိုတော့ ကိုယ့်ဘာသာကိုယ်

အထီးကျန်သလိုခံစားရတယ်။ သူငယ်ချင်းကလဲ မရှိ။ အဒေါ်တွေကလဲ ပိုက်ဆံရှိရင် တစ်မျိုး တခြားလူတွေနဲ့ ညီမတို့ ညီအစ်မနှစ်ယောက်ကို ဆက်ဆံတာ တစ်မျိုးဆိုတော့ အထီးကျန်သလို ခံစားရတယ်။ အဲဒီ့အချိန်မှာ အစ်ကိုက ပြောစရာရှိလို့ အိမ်ကို ခဏပြန်ခဲ့ဦးဆိုပြီးပြောတယ်။ ဆိုတော့ သူကပြန်ဖို့စိတ်မချဘူး။ ညီမက ငယ်ငယ်ထဲက အရမ်းကြောက်တတ်တယ်။ ဆိုတော့ သူကလိုက်ခဲ့မယ်တဲ့။ ညီမက အိမ်တော့ မလိုက်ခဲ့နဲ့။ အိမ်နားက အုတ်ခုံလေးမှာ စောင့်နေဆိုပြီးတော့ သွားကြတယ်။ သွားပြီး အစ်ကိုနဲ့တွေ့တော့ သူကနောက်ဆို အိမ်ပြန်နောက်မကျနဲ့ စောစောပြန်လာခဲ့ ညကြီးမိန်းကလေးတစ်ယောက်အနေနဲ့ မသင့်တော်ဘူး ဆိုပြီးပြောပြီး အစ်ကိုက ပြန်သွားတယ်ပေါ့။ နောက်ပြီး တခြားလူတွေကလဲ နင်တို့ ဘောပြားချင်းကြိုက်တာ ဘာရမှာမလို့လဲ ဘာညာဆိုပြီး ပြောတယ်။ ပြောတော့ မသည်းခံနိုင်တာနဲ့ စုထားတဲ့ ပိုက်ဆံရယ် စက်ဘီးရယ်ယူပြီး အိမ်ပေါ်ကနေ တစ်ခါတည်းဆင်းလာခဲ့လိုက်တယ်။ သူနဲ့ သူ့သူငယ်ချင်းတွေကလဲ ဘယ်ကိုမှ မပြေးနဲ့ သူတို့ အိမ်မှာပဲနေ။ ပြဿနာဖြစ်ရင် လူကြီးတစ်ယောက်အနေနဲ့ လိုက်လာပြီးဖြေရှင်းပေးမယ်လို့ ပြောတယ်။ နောက်တော့ အဒေါ်တွေက ဆွေခန်း မျိုးခန်းပြတ်မယ်၊ သေရင်လဲမလာနဲ့ နင်တို့သေလဲမလာဘူးလို့ ပြောတာပေါ့။ ညီမ အဲဒါကို ဂရုမစိုက်ခဲ့ဘူး။ သူနဲ့ပဲဘဝတစ်ခုကို ထူထောင်ခဲ့တယ်။ အခုဆိုလို့ရှိရင် လေးနှစ်ကျော်ပြီပေါ့။

Q: သူ့ကို စတွေ့တုန်းကကော ဘယ်လိုမျိုးစတွေ့ခဲ့တာလဲ။

A: ညီမအဒေါ်တို့က စက်ချုပ်ကြတယ်။ သူကလဲ အဲဒီ့တုန်းက နေ့ပြန်ပေးပေါ့။ သူတို့က ဖိုးချစ်ကိုလဲကြိုက်ကြတယ်။ ကြိုက်တော့ သူတို့ ဆိုင်မှာ ဇာတ်ပွဲတွေ အကြောင်းပြောကြပြီဆို အတူတူပေါ့။ အဲဒီ့တုန်းက မှတ်မှတ်ရရ မှတ်ပုံတင်လုပ်ရင်းနဲ့ အပြန်မှာ ပုဆိုးသွားဝယ်ရင်းနဲ့ အဒေါ်ဆိုင်မှာ ဝင်မေးလိုက်တဲ့ အချိန်မှာ သိတာပေါ့နော်။ သူကလဲ ညီမကို စစတွေ့ချင်းထဲက ခင်သွားတာတဲ့။

Q: အဲဒီ့တုန်းက သူ့ကို ဘယ်လိုထင်ခဲ့လဲ။

A: အဲဒီ့တုန်းကတော့ အစ်ကိုတစ်ယောက်အနေနဲ့ပဲ ဆက်ဆံခဲ့တာပေါ့နော်။ သူက ညီမကို စိတ်ဝင်စားတယ်ဆိုတော့ နွေးထွေးမှုတွေလဲ ပေးခဲ့တာပေါ့နော်။ အဲဒီ့တော့ ညီမလိုချင်တဲ့ နွေးထွေးမှုတွေ သူ့ဆီက ရလိုက်တာပေါ့နော်။ သူက အဖေဆိုလဲဟုတ်တယ် အစ်ကိုဆိုလဲဟုတ်တယ် ညီမလိုချင်တဲ့ မိသားစု ဘဝကိုပေးခဲ့တာပေါ့နော်။

Q: ၂၇ နှစ်တာကာလအတွင်း ကိုယ်က Lesbian တစ်ယောက်အနေနဲ့ခံယူပြီးတော့ အတိအလင်းအိမ်ထောင်ပြု

နေပြီဆိုတော့ Lesbian ဖြစ်လို့ ပတ်ဝန်းကျင်ကနေ အနိုင်ကျင့်တာတွေ အကြမ်းဖက်တာတွေ ခံရသေးလား။

A: အဲလိုမျိုးတော့ မရှိပါဘူး။

Q: နှုတ်နဲ့ပြောတာကော ခံရလား။

A: မိသားစုကတော့ အစ်ကိုကလဲ အေးတော့ ဘာမှ သိပ်မပြောဘူး။ လမ်းတွေ့ရင်တော့ခေါ်တယ်။ အဖေကလဲ ကျန်းမာရေး သိပ်မကောင်းတော့ ဆေးရုံသွားလို့ရှိရင်လဲ ခေါ်တယ်ပေါ့နော်။ လာပြီး အကြမ်းဖက်တာတို့ ထိုးတာ နက်တာတို့ မရှိဘူးပေါ့နော်။

Q: ဒါဆို ပတ်ဝန်းကျင်ကကော။

A: ပတ်ဝန်းကျင်ကတော့ တစ်စိတ်ရှိလဲ ဒါပဲ ခဏခဏပြောနေတော့ ကြာတော့ ဘာမှသူတို့ကို ပြန်မပြောတော့ဘူး။ နောက်တော့ သူတို့က အိပ်ရာပေါ်က ကိစ္စတွေပါပြောလာကြတယ်။ နင်တို့ အတူဘယ်လိုနေလဲ sex ကိစ္စတွေပါ ပြောလာကြတယ်။

Q: စာသင်ခဲ့တယ်လဲပြောတယ်။ စာက ကောဘယ်လိုသင်ဖြစ်ခဲ့တာလဲ။ ဘယ်ဘာသာကိုသင်တာလဲ။

A: ညီမလေးနဲ့ ညီမက ၁၀နှစ်လောက် အသက်ကွာတယ်။ အစ်ကိုနဲ့ ညီမနဲ့က ၁၂နှစ်လောက်ကွာတယ်။ အဲလို ကွာတော့ အစ်ကိုလဲ ကြောက်ရတော့ ပွင့်ပွင့်လင်းလင်းမပြောရဲဘူး။ အမေ မဆုံးခင်က အမေက ညီမလေးကို သင်တဲ့ မူကြိုဆရာမ နဲ့အပ်ခဲ့တာပေါ့။ ညီမကဘာမှ မလုပ်တတ်သေးတော့ ကလေးတွေကို ကူသင်ပေးတာပေါ့။ ညီမက ၁၀တန်းအထိတောင် မနေခဲ့ရဘူး။ အမေ ဆေးပြသွားတော့ ဟိုဆိုလဲ လိုက်ရ ဒီဆိုလဲလိုက်ရတာပေါ့။ မူကြိုနဲ့ တစ်တန်း နှစ်တန်းအထိတော့ သင်ပေးခဲ့တာပေါ့။

Q: ဒါဆို အဲလိုမူကြိုသင်ရင်းနဲ့ ကိုယ့်ဘဝကိုကိုယ် ရုန်းကန်ခဲ့ရတာပေါ့။ အခုကျတော့ကော ကိုယ့်ကိုယ်ကို ဘယ်လိုအခြေအနေ ရောက်နေပြီလို့ထင်လဲ။

A: သူနဲ့ယူတော့ မူကြိုသင်တာကနေ ထွက်လိုက်တာပေါ့။ သူကလဲ ထွက်လိုက်ဆိုတော့။ အဲဒီအချိန်မှာ နှစ်ယောက်လုံးမှာ အလုပ်မရှိသေးဘူး။ မရှိတော့ ဘာလုပ်ရမှန်းမသိဘူး။ ညီမမှာ ပါလာတဲ့ အဖေပေးထားတဲ့ ဆွဲကြိုးတို့ စက်ဘီးတို့ရောင်းချပြီးတော့နေတာပေါ့။ဒါပေမဲ့ ဒီလိုထိုင်နေလို့တော့ မဖြစ်သေးဘူး။ အာလူးကြော်ဆိုလဲ ထုတ်ရောင်းမယ်ဆိုပြီးတော့ပေါ့။ ဒါပေမဲ့ ကံတရားက ကိုယ့်ဘက်မပါလို့ထင်တယ် ဘာလုပ်လုပ်အဆင်မပြေဘူး။ သူ့သူငယ်ချင်းကလဲ ဆပ်ပြာအမွှေးဆီတို့ မီးပူဖြန်းတဲ့အမွှေးဆီတို့ရောင်းမလား ဆိုတော့ ရောင်းကြမယ်ပေါ့။ ညီမလဲ မွေးကတည်းက အဲလိုတစ်ခါမှ မလုပ်ဖူးဘူး။ ဒါပေမဲ့ ဘာဖြစ်လဲ သူများပစ္စည်း ခိုးတာမှ မဟုတ်တာဆိုပြီး မိုးရွာနေပူမရှောင် ဘဝကိုကြံ့ကြံ့ခံခဲ့တယ်။ မရောက်ဖူးတဲ့ ပေါင်းတည်တို့ ရွှေတောင်တို့လဲ အကုန်ရောက်တယ်။ သူက မိုးရွာကြီးထဲမှာ ဆိုင်ကယ်မောင်း ကိုယ်က

တစ်ဆိုင်ပြီး တစ်ဆိုင်ဝင်ပြီးစပ်ခဲ့တယ်။ ဘဝကိုအဲလိုရုန်းကန်ခဲ့ရတယ်။ ဒါပေမဲ့ ပင်ပန်းလားမေးရင် မပင်ပန်းဘူး။ ပျော်ရွှင်ခဲ့ရတယ်။

Q: သင်တန်းတွေ တက်ခဲ့တယ်ပြောတယ်။ ဘယ်သင်တန်းတွေတက်ခဲ့တာလဲ။

A: သင်တန်းဆို အခုညီမပြန်လာတာဆို Lesbian သင်တန်းပေါ့နော်။ ချောင်းသာမှာကြတော့ SOGI နဲ့ပတ်သက်ပြီးတော့ တက်ခဲ့တုန်းက သိပ်ပြီးနားမလည်ခဲ့ဘူး။ အခု Lesbian သင်တန်းမှာကြတော့ SOGI လဲပါတယ်။ လူ့အခွင့်အရေးလဲပါတယ်ဆိုတော့ ပိုနားလည်ခဲ့တာပေါ့။

Q: အဲဒီ့သင်တန်းတွေတက်ပြီးတော့ ဘယ်လိုအကျိုးအမြတ်တွေရလာတယ်လို့ထင်လဲ။

A: တခြားလူတွေက Sex ကိစ္စကိုကြည့်ကြတယ်ပေါ့။ သင်တန်းကနေကြ ယောက်ျားနဲ့ မိန်းမနဲ့ကြိုက်ရမယ်။ Tomboy နဲ့ Lesbian နဲ့ ကြိုက်ရမယ်ဆိုပြီး လိင်စိတ်ကိုမကြည့်ပဲနဲ့ ကိုယ့်စိတ်ခံစားချက်ကိုပဲကြည့်ရတယ်ဆိုတာ နားလည်လိုက်တယ်။

Q: အဲလိုနားလည်ခဲ့တယ်ဆိုတော့ ဘယ်လိုဟာမျိုးတွေကြားခဲ့သေးတယ်။

A: အရင်ကတော့ ကျားဆို မကိုယူရမယ်။ မဆို ကျားကိုယူရမယ် LGBT ဆိုတာလဲ ဘာမှန်းမသိသေးဘူးပေါ့။ အခုကြတော့ LGBT ဆိုတာဘာလဲဆိုတာ နားလည်ခဲ့တယ်ပေါ့။ တချို့ဆို မိန်းမချင်းကြိုက်တယ်ဆို ကုတင်ပေါ်က ကိစ္စကိုပဲ တွေးကြတယ်။ ညီမအခုနားလည်လိုက်တာက ကိုယ့်စိတ်ခံစားမှုက အဓိကဆိုတာ သိလိုက်တယ်။

A: ကိုယ့်အိမ်ထောင်ဖက်နဲ့ Sex ဖြစ်တဲ့အခါကော ကျေနပ်မှုအပြည့်အဝရခဲ့တယ်လို့ ထင်လား။

Q: ညီမတို့အဲလို တစ်ခါမှ မဆက်ဆံဖူးပါဘူး။

Q: ဒါဆို ဒီ ၄နှစ်တောအတွင်းမှာ Sex ကိုအဓိကမထားပဲ ယုံကြည်တဲ့love ကိုပဲအဓိကထားကြတာပေါ့နော်။ အမျိုးသားတွေနဲ့ကော ချစ်ခဲ့ဖူးလား။

A: ရှိတယ်။ ဒါပေမဲ့ ဒီလိုမျိုးတရင်းတနှီးကြီး မနေဖူးဘူး။ ညီမက ယောက်ျားလေးတွေဆို ကြောက်တယ်။

Q: ဘာလို့လဲထင်လဲ။

A: တချို့ယောက်ျားလေးတွေဆို ကောင်းတဲ့သူလဲရှိပါတယ်။ ဒါပေမဲ့တချို့ဆို မူးလာပြီဆို ဥပမာ ညီမအကို တစ်ဝမ်းကွဲဆို အစ်ကိုအရင်းထက်ပိုကြောက်တယ်။ မူးလာရင် အမေကို ပြန်ပြောတာတို့ အိမ်ကအိုးတွေ ရိုက်ခွဲတာတို့ လုပ်တယ်။ အဲဒါကိုကြည့်ရင်းနဲ့ အရက်သောက်တဲ့ယောက်ျားလေးတွေဆို ကြောက်ကြောက်လာတာပေါ့။

Q: ကျောင်းတုန်းကကော ယောက်ျားလေးသူငယ်ချင်းထားခဲ့ဖူးလား။

A: ကျောင်းတုန်းက ပညာကိုပဲအဓိကသင်ယူခဲ့တယ်။ အဲလိုမျိုးမထားခဲ့ဘူး။

Q: ကိုယ့်ကိုချစ်ကြိုက်စကားပြောတဲ့ ယောကျ်ားလေးတွေကော ရှိခဲ့ဖူးမှာပေါ့။

A: ရှိခဲ့တယ်။ အဲဒီတုန်းက အဖေကတော့ သူ့ရုံးကိစ္စနဲ့သူဆိုတော့ အမေကိုပဲကြောက်ရတာပေါ့။ အမေရှိတုန်းကတော့ ကိုယ့်ကိုတစ်ခုခုပြောမလားဆိုပြီး ကြောက်ခဲ့တာပဲရှိတာပေါ့။ အမေဆုံးတော့ လွတ်လပ်သွားတယ် ထင်ရပေမဲ့ ကိုယ့်ကိုဆုံးမမဲ့သူ မရှိဖြစ်သွားတာပေါ့။

Q: ကိုယ့်ကို ရည်းစားစကားလိုက်ပြောတဲ့သူတွေကိုကော ဘယ်လိုတုံ့ပြန်လဲ။

A: ကိုယ်လဲ မူကြိုကျောင်းနဲ့အိမ်ဆိုတော့ တိုက်ရိုက်ကြီးလာပြောတာမျိုးတော့ မရှိပါဘူး။

Q: အခု အဖွဲ့တွေမှာလဲ လုပ်နေတယ်ဆိုတော့ ဘယ်အဖွဲ့အစည်းမှာ လုပ်နေတာလဲ။ တစ်ချက်မိတ်ဆက်ပေးပါဦး။

A: အဖွဲ့အစည်းဆို ညီမအခု Sky Dragon အဖွဲ့ပဲရှိသေးတာပေါ့။ Colors Rainbow တို့ဘာတို့ အဖွဲ့ဝင်လဲ မဟုတ်ပါဘူး။ ဒီလိုပဲ သင်တန်းတွေလိုက်တက်ဖြစ်တာပါ။ ဘယ်အဖွဲ့အစည်းမှ လုပ်နေတာတော့ မဟုတ်ပါဘူး။

Q: ဒါဆို Sky Dragon အဖွဲ့မှာ အဖွဲ့ဝင်ဆိုတော့ ဘာတွေလုပ်ဖြစ်လဲ။

A: တစ်ပတ်တစ်ခါတော့ ဘုရားသွားဖြစ်တယ်။ ဒါပေမဲ့ နယ်ကလူတွေကော ကျောင်းတက်နေတဲ့သူတွေကော ဆိုတော့ တော်တော်များများတော့ မစုဖြစ်ခဲ့ဘူး။ ဒီမှာရှိတဲ့ ညီမတို့သူငယ်ချင်းတွေပဲစုဖြစ်တာပေါ့။ ပိတ်ရက်တို့ သင်္ကြန်တို့ဆို စုပြီး ချက်ပြုတ် ပျော်ပွဲ ရွှင်ပွဲတွေတော့ လုပ်ဖြစ်တာပေါ့နော်။

Q: တခြားအဖွဲ့အစည်းတွေနဲ့ကော ပေါင်းပြီးလုပ်တာတွေရှိလား။

A: မရှိခဲ့ဖူးဘူး။ HIV လုပ်တဲ့အဖွဲ့အစည်းတွေကြတော့ အစည်းအဝေးတော့ သွားကြတာတော့ရှိတယ်။

Q: အခု လေးနှစ်တာကာလလဲ အတူဖြတ်သန်းပြီးပြီ နည်းပညာတွေလဲ ထွန်းကားနေပြီဆိုတော့ ကလေးယူဖို့ အစီအစဉ်ကော ရှိလား။

A: ကလေးယူဖို့ အစီအစဉ်တော့ရှိခဲ့တယ်။ ဒါပေမဲ့ ငွေကြေးသိပ်အဆင်မပြေတာနဲ့ ပိုက်ဆံတော့ စုစုနေတာပေါ့။

Q: သူ့အတွက် ကိုယ်တိုင်မွေးပေးချင်လား။ မွေးစားပေးချင်လား။

A: သူ့အတွက် ကိုယ်တိုင်တော့မွေးပေးချင်တာပေါ့နော်။ အခု သုတ်ပိုးနဲ့ ယူလို့ရပေမဲ့ ကိုယ်ဝန်ရှိလာရင် ပတ်ဝန်းကျင်က ဘယ်ယောကျ်ားနဲ့ရတာလဲ ဆိုပြီး အမျိုးမျိုး လာကြဦးမှာပဲ။

Q: အခုခေတ် Lesbian တွေ Tomboy တွေနေပုံထိုင်ပုံနဲ့ ပတ်သက်ပြီး ဘယ်လိုမြင်လဲ။

A: သဘောကျပါတယ်။ သူတို့ကိုကြည့်လိုက်ရင် အမြဲလွတ်လပ်တယ်။ စိတ်ပျော်ရွှင်မှုလဲရကြတယ်။ ငါတို့တုန်းက ပျော်ရွှင်မှုမရခဲ့ပေမဲ့ သူတို့ကတော့ ရကြတယ်ဆိုပြီး သဘောကျပါတယ်။ အိမ်မှာလဲ ပျော်ပွဲရွှင်ပွဲတွေ စုပြီးလုပ်ဖြစ်ကြပါတယ်။

Q: ဒါဆို သူတို့ရဲ့ လွတ်လပ်မှုအပေါ် ကောင်းကျိုးဆိုးကျိုးက ဘယ်လိုရှိလဲ။

A: တချို့ကတော့ အရက်ကို လွန်လွန်ကျူးကျူး သောက်ကြတယ်။ တခါတလေကျ ကိုယ်က စေတနာနဲ့ မသောက်နဲ့လို့ ပြောရင် သူတို့ကို တိုက်လို့ မသောက်စေချင်လို့ ပြောတယ်လို့ထင်ကြတယ်။ ဒါပေမဲ့ကိုယ်က သူတို့ ခန္ဓာကိုယ်က ယောကျ်ားလေးတွေ ခန္ဓာကိုယ်နဲ့မတူတော့ အသည်းတို့ ဘာတို့ ထိခိုက်မှာစိုးလို့ ဆုံးမပေးတာပေါ့နော်။

Q: ကျွန်တော်တို့ နိုင်ငံမှာ ကာကွယ်နိုင်တဲ့ဥပဒေ၊ လက်ထပ်ခွင့်ပြုတဲ့ ဥပဒေတွေ ပေါ်လာနိုင်တယ်ဆို ဘယ်လို ဥပဒေတွေ ပေါ်လာစေချင်လဲ။

A: လက်ထပ်ခွင့်တော့ အရင်ပေါ်လာစေချင်တယ်။ သာမန်ယောကျ်ား၊ မိန်းမဆို ခိုးပြေးပြီဆိုရင်သူတို့ကိုလာခွဲလဲ လက်ထပ်စာချုပ်ရှိတော့ ခွဲလို့မရဘူးပေါ့။ ညီမတို့ကြ အဲလိုမျိုးမရှိတော့ အတူတူနေပေမဲ့ အိမ်ကလာခွဲရင် စာချုပ်စာတမ်းပြစရာမရှိဘူးပေါ့။ နောက် ကိုယ်ကရောဂါတစ်ခုကြောင့် ခွဲစိတ်ရမယ်ဆို ယောကျ်ားဖြစ်သူက ခွင့်ပြုကြောင်း လက်မှတ်ထိုးပေးလို့ရတယ်။ ညီမတို့ကြ ကိုယ်ကPartner အဖြစ်သူ့ကိုသတ်မှတ်ထားပေမဲ့ ခွဲခန်းဝင်လို့ လက်မှတ်ထိုးဆို စာချုပ်စာတမ်းနဲ့သက်သေမပြနိုင်ဘူးပေါ့။

Q: တကယ်လို့ ကိုယ်ကိုယ်တိုင်က ပြောရေးဆိုခွင့်ရှိသူတစ်ယောက်ဆို Lesbian တွေ Tomboyတွေအတွက် ဘာတွေလုပ်ချင်လဲ။

A: သူတို့အတွက် အလုပ်ရစေချင်တယ်။ တချို့ကြတော့ မိဘကပိုက်ဆံရှိတော့ မိဘစီးပွားရေးလုပ်လို့ရပေမဲ့ တချို့Tomboyတွေကြ လမ်းမပေါ်မှာပဲအချိန်ကုန်နေကြတယ်။ သူတို့အတွက်က ဆေးဆိုင်ပဲဝင်လုပ်ပါဦး Uniform ဝတ်ရမယ်ဆို သူတို့ မဝတ်နိုင်ကြဘူး။ တချို့ပညာမတတ်တဲ့ Tomboyတွေကြ အပြင်မှာ ကုန်ထမ်းတာလုပ်ကြတယ်။ ကုန်ထမ်းတော့လဲ သူတို့ကမိန်းကလေး လုပ်အားခပဲရတယ်။ ယောကျ်ားလေးက ၅ထောင်ဆို မိန်းကလေးက ၂ထောင်ပဲရတယ်။ ဒါပေမဲ့အလုပ်ကြ ယောကျ်ားလေးနဲ့ တန်းတူထမ်းရတယ်။ လုပ်ခကြ မိန်းကလေးလုပ်ခပဲရတယ်။ အဲ့ဒီတော့ သူတို့အတွက် လမ်းမမှားအောင် အလုပ်ရစေချင်တယ်။ တချို့ကြ အလုပ်မရှိတော့ အရက်ဆိုင်မှာပဲအချိန်ကုန်ကြတယ်။ အဲလိုအရှုံးပေးပြီး အရက်ဆိုင်ကိုပဲ မသွားစေချင်ဘူး။ သူတို့အတွက် အလုပ်ကောင်းကောင်းကျိုးကိုလိုချင်တယ်။

Q: ကျန်းမာရေးအတွက်ဆိုရင်ကော ဘယ်လိုမျိုးဖြစ်စေချင်လဲ။ တချို့ကြ အမျိုးသမီးရောဂါဆို မပြချင်တာရှိတယ်။ ညီမအနေနဲ့ ဘယ်လိုမျိုးဖြစ်စေချင်လဲ။

A: ညီမတို့ဆို မိန်းကလေးပေမဲ့ ယောကျ်ားလေးဆရာဝန်သွားမပြရဲဘူး။ ဆရာဝန်က အိမ်ထောင်ရှိလား။ ဘယ်သူနဲ့နေထိုင်လဲတို့။ Menstruation ဆင်းတာဘယ်နကြိမ်လဲတို့ မေးတော့ ညီမတို့ကြ မပြောရဲဘူး။ မပြောရဲတော့ မိန်းကလေးဆရာဝန်ကို သွားပြကြတယ်။ ယောကျ်ားလေးဆို ယောကျ်ားလေးဆရာဝန်ကို သွားပြကြတယ်။ ဒါပေမဲ့ Tomboyတွေကြ ဘယ်ဆရာဝန်ကိုသွားပြမလဲ။ ယောကျ်ားလေးဆရာဝန်ကို သွားပြရင် သူတို့ကို ဘယ်လိုနိမ့်ချပြီးပြောမလဲ။ မိန်းကလေးဆရာဝန်ကို သွားပြရင် သူတို့က မိန်းမပဲ အချိန်တန်ရင် ဒီလိုကြုံတွေ့ရမှာပဲဆိုပြီး အရှက်တရားတွေရှိလာလိမ့်မယ်။ အဲဒါကြောင့်သူတို့ကို LGBT ဆရာဝန်တွေနဲ့ပဲ စမ်းသပ်ခံစေချင်တယ်ပေါ့နော်။

Q: အဲဒါဆို အဲလိုဖြစ်ဖို့ကိုယ့်အမျိုးသားနဲ့လက်တွဲပြီး တည်ထောင်ဖို့ကောရှိလား။

A: ညီမတို့ စိတ်ကူးယဉ်ထားတာက တချို့နယ်ဘက်ကလာလို့ တည်းခိုခန်းတည်းတယ်ဆိုရင် ကျားအိမ်သာနဲ့ မအိမ်သာပဲရှိတယ်။ တချို့က ယောကျ်ားပုံစံနဲ့ Gay ကြ နင်တို့ ယောကျ်ားပဲ ယောကျ်ားအိမ်သာသွားပါလား ဘာလို့မိန်းမအိမ်သာလာတာလဲလို့ ပြောကြလို့ ညီမတို့တိုင်ပင်ထားတာက ပိုက်ဆံစုပြီး ခြံအကျယ်ကြီးဝယ်ပြီး Gayဆို Gay တစ်ဝိုင်းနေကြ Lesbian ဆို Lesbian တစ်ဝိုင်းနေကြဆိုပြီးပေးထားမယ်လို့ စိတ်ကူးယဉ်ဖူးတယ်။ ဘယ်အရာပဲလာလာ သူတို့ကိုခွဲခြားမှုမရှိတော့ဘူးပေါ့။

Q: ဒါဆိုရင် ရှေ့ဆက်ပြီးတော့ လိင်တူချစ်သူတွေအတွက် ဘာတွေလုပ်ဆောင်မယ်လို့ကော အစီအစဉ်ရှိလား။

A: အရင်တုန်းကတော့ သူနဲ့ကြိုက်ပေမဲ့ သူ့သူငယ်ချင်းတွေကိုဒီလိုမျိုးထဲထဲဝင်ဝင်ကြီး မတွေ့ရဲဘူး။ အခုကျတော့ ကျားမတွေကို မပေါင်းချင်တော့ပဲ သူတို့နဲ့ပဲပေါင်းဖြစ်တော့ ပျော်ရွှင်မှုဆိုတာ ရခဲ့တယ်။ နောက် trainer တစ်ယောက်လဲဖြစ်ချင်တယ်။ဒါပေမဲ့ ညီမကလူတွေအများကြီးရှေ့မှာ စကားမပြောရဲဘူး။ ဒါပေမဲ့ ဆရာထိုက်က ဒီလိုမျိုး လူတွေရှေ့ထွက်ရဲအောင် သင်တန်းတွေဘာတွေရှိရင်လဲ လက်တွဲခေါ်တယ်ပေါ့နော်။ တဖြည်းဖြည်းနဲ့အခုဆို မကြောက်တော့ဘူး။ အဲဒါကြောင့် trainer တစ်ယောက်ဖြစ်ချင်တယ်။

Q: ကိုယ်တွေနဲ့ဘဝတူ Gayတွေအပေါ်ကော ဘယ်လိုမြင်လဲ။

A: Gay တွေဆိုပိုခင်ဖို့ကောင်းတယ်။ သူတို့ကတခြား မိန်းကလေးတွေလို အတင်းပြောတာလဲမရှိဘူးပေါ့။ သူတို့ကို ခင်လဲခင်တယ် ညီအစ်မတွေလိုလဲ ချစ်လဲချစ်တယ်။

Q: ဒါဆို သူတို့နေပုံထိုင်ပုံနဲ့ Lesbian/tomboy တွေနဲ့ ဘာကွာခြားတယ်လို့ထင်လဲ။

A: ဘာကွာလဲဆိုတော့ အခုလူငယ်Forum မှာဆို tomboyတွေက တိုက်ပုံနဲ့ ပုဆိုးနဲ့ Gayတွေဆို ဆံထုံးပြင်မယ်

ထမီတွေ ရင်ဖုံးတွေနဲ့ တက်ကြမယ်ပေါ့ဆိုပြီး စီစဉ်နေကြတာ။ အဲလိုမျိုး ဝတ်ပုံစားပုံတော့ ကွာခြားကြတာပေါ့။

Q: ဒါဆိုလို့ရှိရင် နောက်လာမဲ့ Lesbianတွေ Tomboyတွေနဲ့ ကိုယ်အခုခေတ်ကိုယ်တိုင်နေနေရတဲ့ဘဝနဲ့ အပြင်ဘဝနဲ့ ဘယ်လိုကွာခြားလဲ ဘယ်လိုတွေနေထိုင်သင့်တယ်၊ ဘာတွေတော့ မလုပ်သင့်ဘူးဆိုတာ ပြောပြပေးပါလား။

A: ညီမဆို ထမီနဲ့အကျီ ်ပဲဝတ်တယ်။ ဘောင်းဘီဝတ်ရင် စိတ်ကျဉ်းကျပ်တယ်လို့ခံစားရတယ်။ အခုဆို tomboy တွေဆို တကယ့် စတိုင်အပြည့် ဘောင်းဘီတို့ဘာတို့ဝတ်ကြတော့ သူတို့ကြည့်လိုက်ရင် လွတ်လပ်တယ်လို့ခံစားရတယ်။ Gayတွေဆိုလဲ မိန်းကလေးလိုပြင်ထားတာ ကိုယ်တွေတောင်အရှုံးပေးရတယ်။ ကိုယ်တွေ မဝတ်တတ်တာတောင် သူတို့ကအကုန်ဝတ်တတ်ကြတယ်။ အဲဒီ့တော့ သူတို့နေပုံစားပုံက သူတို့အတွက် ကောင်းပါတယ်။

Q: အဲဒါက ကောင်းကျိုးပေါ့။ ဆိုးကျိုးဆိုရင်ကော ဘာတွေမြင်လဲ။

A: အခု Tomboyတွေဆို စွပ်ကျယ်နဲ့နေချင်တယ်။ ဒါပေမဲ့ အောက်ကရင်စည်းဆိုတာခံရသေးတယ်။ အဲဒီ့တော့ မိန်းကလေးက မိန်းကလေးပါပဲ အချိန်တန် ဘော်လီဝတ်ရမှာပဲဆိုပြီးပြောလာကြတော့ သူတို့အတွက်ဆိုးကျိုး ဖြစ်တာပေါ့။ ယောကျ်ားလေးတွေဆို အိုက်ရင် အကျီ ်ချွတ်နေလို့ရပေမဲ့ သူတို့ကြတော့ ရင်စည်းစီးထားရတော့ မရဘူးပေါ့။ ခရီးသွားလို့ ရေချိုးကြမယ်ဆို သူတို့ဘယ်လိုချိုးကြမလဲ။ ရင်လျားပြီးချိုးရတယ်။ တချို့ကြ မလျားချင်ဘူး။ ယောကျ်ားလေးတွေလိုပဲ ချိုးချင်ကြတယ်။ အဲဒါကြီးက သူတို့အတွက်ဆိုးကျိုးဖြစ်စေတာပေါ့။

Q: ဒါဆို Gayတွေကြတော့ကော။

A: တချို့ Gayတွေက ရင်သားကြီးချင်လို့ မိန်းမ ဟော်မုန်းဆေးတွေထိုးကြတယ်။ ဆေးထိုးတာ side effect တော့ရှိတာပဲလေ။ တချို့ဆို ရင်သားကို ဆီလီကွန်ထည့်ကြတာလဲရှိတယ်။ ကျန်းမာရေးအတွက်ကြည့်ရင် သူတို့အတွက် မကောင်းဘူးပေါ့နော်။ Tomboyတွေကြ ရင်သားသေးချင်လို့ ဟော်မုန်းဆေးသောက်ကြတာတို့ရှိတာပေါ့။

Q: ကိုယ့် အမျိုးသားကိုကော ရင်သားတွေပျောက်သွားအောင်လို့ ဟော်မုန်း ဆေးတွေဘာတွေသောက်ဖို့ တိုက်တွန်းခဲ့ဖူးလား။

A: အရင်ကနားမလည်တော့ သူသောက်ချင်တယ်ဆိုသောက်၊ side effect ရှိရင်မလုပ်ခိုင်းဘူး။ ညီမကသူ့ကို ချစ်တာ အဲဒါတွေပါလို့ မချစ်ဘူးမဟုတ်ဘူး။ မေတ္တာအစစ်အမှန်နဲ့ချစ်ခဲ့တာ။ နောက် သင်တန်းတွေ သွားတက်တော့ ဆရာမက ရင်သားသေးအောင် ဟော်မုန်းဆေးတွေသောက်တဲ့အခါ side effect တွေများတယ်။ အရက်တို့ ဆေးလိပ်တို့နဲ့ မတည့်ဘူး။ Allergic တွေထွက်တတ်တယ် လို့ပြောတယ်။ သင်တန်းတက်တုန်းကဆို သင်တန်းကတစ်ယောက်က ပြောပြတယ်။ သူကဟော်မုန်းဆေးသုံးတော့ လက်ဆို တပတ်လောက်မမြှောက်နိုင်ဘူး။ပြီးတော့ Allergic တွေထွက်လာတယ်။ ဟော်မုန်းဆေးက မတည့်လို့ရှိရင် ဝက်ခြံတို့ Allergic တို့ထွက်လာကြတယ်။ ဆရာမကိုမေးကြည့်တော့ ဆရာမကမသုံးခိုင်းဘူး။ Side effect တွေရှိတယ်ဆိုလို့ အခုသင်တန်းကပြန်လာတော့ သူ့ကို ရောဂါဖြစ်မှာဆိုးလို့ မသုံးခိုင်းတော့ဘူး။

Q: ဒါဆို အခုသင်တန်းက အကျိုးအမြတ်တွေအများကြီးရခဲ့တာပေါ့။ အဲလို သင်တန်းတက်ဖို့ကော ဘယ်သူတွေက အဆက်အသွယ်လုပ်ပေးခဲ့လဲ။

A: အရင်က နားမလည်ခဲ့တော့ ဗဟုသုတရအောင်လို့ဆို ဖြိုးတို့က သင်တန်းမှာ ထည့်ပေးတယ်။

Q: ကိုယ်တိုင်ကော ဘာတွေလေ့လာစရာလိုသေးတယ်လို့ထင်လဲ။

A: ခါတိုင်းဆို ကျားမတို့ Tomboyနဲ့ Gay ပဲသိတာပေါ့။ အခုဆိုTransgender တို့ Bisexualတို့ အကြောင်းတွေ ပါသိလာတာပေါ့။ အများကြီးမသိပေမဲ့ Transgender ဆိုတာ ဘာ Bisexual ဆိုတာ ဘာဆိုတာ နားလည်ခဲ့ တယ်ပေါ့နော်။

Q: ဒါဆို သူတို့ရဲ့ဘဝကို ဘယ်လိုနားလည်မှုပေးထားလဲ။

A: တချို့က Sex ကိုပဲကြည့်ကြတယ်။ ညီမကြ အခုဆို Sexကို မကြည့်တော့ဘူး။ မိန်းကလေးအချင်းချင်းလဲ ကြိုက်ခွင့်ရှိတယ်။ ဘယ်သူက lesbian ဘယ်သူက Tomboy ဆိုတာမကြည့်ကြတော့ဘူး။ သူတို့ဘာသာ မေတ္တာအစစ်အမှန်နဲ့ချစ်ကြတယ်ဆိုပြီး သူတို့ဘဝကိုကော နားလည်လာခဲ့တယ်။

Q: ကိုယ်ကိုယ်တိုင်ကော ဒီလောကထဲမရောက်ခင် Gay တို့ Lesbian, Tomboyတို့မြင်ရင် စိတ်ထဲကနေ အပြစ်တင်တာတို့ ရှိခဲ့ဖူးလား။

A: အရင်က ဒီအသိုင်းအဝိုင်းကိုမဝင်ခင် Tomboyတို့ Gayတို့ဆို အရမ်းမုန်းတီးတယ်ပေါ့နော်။ ကိုယ်မသိခင်တုန်းက ဘယ်လိုကြီးလဲဟ Tomboyတွေဆို မိန်းမလိုဝတ်ရမှာ ယောကျ်ားလိုဝတ်တယ်ပေါ့ ဆိုပြီးရှိခဲ့တယ်။ ဒီသင်တန်းတွေတက် သူနဲ့ရလာမှ သူတို့ဘဝက ပိုပြီး ပျော်ရွှင်စရာကောင်းလာတယ်ဆိုတာ သိလာခဲ့တယ်။

Q: နောက်ပိုင်းမှာကော ကိုယ့်ဘဝအတွက် ဘယ်လိုလုပ်မယ်ဆိုတဲ့ အစီအစဉ်တွေရှိလား။

A: ကိုယ့်ဘဝကိုကိုယ် မပြည့်စုံသေးဘူးလို့ပဲထင်တယ်။ ငွေကြေးပိုင်းကော ကြိုးစားတယ်။ သူကတော့ မိန်းမကို သူများနောက်ပါသွားမှာစိုးလို့တဲ့ ဘာကိုမှမလုပ်ခိုင်းဘူး။ ညီမက ကိုယ့်ဘဝကိုဘယ်လိုတိုးတက်အောင်လုပ်မလဲ နစ်ယောက်အလုပ်လုပ်ရင် မြန်မြန်ဆန်ဆန်ပိုတိုးတက်နိုင်တယ်ဆိုပြီး အခု ထီးတွေဝယ်လာပြီး ဒီမှာ ရောင်း တယ်ပေါ့နော်။ ညီမက အရောင်းအဝယ်ကို ဝါသနာပါတယ်။ ပျော်စရာကောင်းတယ်လို့ထင်တယ်။ အသက်ကြီးလာရင် အိမ်မှာ အဖိုးကြီး အဖွားကြီးဖြစ်တဲ့အထိ အတူတူနေမယ်လို့ Planလဲ ချထားခဲ့တယ်။

Q: ညီမ Partner က စိတ်မချလို့ အပြင်ထွက်ခွင့်မပေးဘူးဆိုတော့ အဲဒါကောမှန်ကန်တဲ့လမ်းစဉ်လို့ထင်လား။

A: အဲဒါကြ ချုပ်ချယ်မှုလို့ပဲထင်တယ်။

Q: အဲလို ချုပ်ချယ်မှုကအရမ်းတင်းကြတ်လာပြီဆို ဘယ်လိုဖြေရှင်းမလဲ။

A: အဲလိုဆို ညီမက ငယ်လေးကို စိတ်မချလို့လား ဘယ်သူနဲ့ ကြိုက်နေလို့လဲဆိုပြီး သူ့ကိုပြန်ပြောတယ်ပေါ့နော်။

Q: ဒါဆို လေးနစ်တာ ကာလအတွင်းမှာ ကြီးကြီးမားမားစကားများဖူးတာ ရှိလား။

A: ကြီးကြီးမားမားဖြစ်တာတော့ မရှိဘူး။ ဒါပေမဲ့ အခန့်မသင့်လို့ တစ်ယောက်တစ်ခွန်း စကားများတာ တော့ရှိတယ်။

Q: အမျိုးသားရဲ့မိဘတွေနဲ့ ညီမနဲ့ဆက်ဆံရေးကကော။

A: သူ့အဖေဆို ညီမကို သာမာန် အိမ်ထောင် ချွေးမတစ်ယောက်လိုပဲ ဆက်ဆံတယ်။ညီမနေမကောင်းဘူးဆိုလဲ မိုးရွာကြီးထဲကနေ စားချင်တာသွားဝယ်ပေးတယ်ပေါ့နော်။ အဖေနဲ့က ပြဿနာမရှိပေမဲ့ သူ့အမေနဲ့ကြ အရင်က မသိတော့ သူပြောရင် ညီမကပြန်ပြန်ပြောတယ်ပေါ့နော်။ နောက်သိတော့ ဘာပြောပြောပြန်မပြောဘူးပေါ့။ အစ်ကိုလာမှ အစ်ကို့အမေက ဒီလိုဒီလိုပြောတယ်ဆိုပြီး ပြန်ပြောဖြစ်တယ်။ ချွေးမနဲ့ ယောက္ခမတည့်နေပြီဆို ပတ်ဝန်းကျင်က ပြောတာနားယောင်ပြီး ပြောချင်ပြောတယ်။ ညီမက အဲဒါကို မခံစားနိုင်ဘူး။ ပိုက်ဆံတွေဘာတွေရလို့ ညီမက မိဘဆီသွားရင်လဲ ခဏပဲသွားလို့ရတယ်။ သူ့အမေကို ကြောက်ရတော့ ပြန်လာရတယ်။ ပြန်လာတော့လဲ ဘယ်သွားနေလို့လဲဆိုပြီး ပြောတာတွေရှိတာပေါ့။

Q: အဲလို ကိစ္စကိုကော ဘယ်လို လိမ္မာပါးနပ်စွာဖြေရှင်းမယ်လို့ စဉ်းစားထားလဲ။

A: ညီမက တစ်ယောက်ထဲနေတာ အသားကျနေတော့ သူ့အမေနဲ့အတူရှိနေလဲ စကားကိုရင်းရင်းနှီးနှီး မပြောခဲ့ဘူး။ သူ့အမေက

သား၊သမီးနဲ့ အမျိုးနဲ့ဆို အမျိုးတွေဘက်ကပါတယ်။ အဲဒါကို ညီမကခံစားရတယ်။

Q: ဒါဆို ရှေ့ဆက်ပြီးတော့ Balanceဖြစ်အောင် ဘယ်လိုညှိသွားမယ်လို့ကော စဉ်းစားထားလဲ။

A: ညီမထင်တာတော့ ညှိလို့ရမယ်လို မထင်ထားဘူး။

Q: တကယ်လို့ ကိုယ်တိုင်ကလေးမမွေးဖြစ်ဘူးဆို မွေးစားဖို့ကော အစီအစဉ်ရှိလား။

A: ရှိခဲ့တယ်။ ဒါပေမဲ့ မွေးစားလို့ရှိရင် ပတ်ဝန်းကျင်က နင်ကအဖေအရင်းမှ မဟုတ်တာ အမေအရင်းမှမဟုတ်တာ ဆိုပြီး ကြီးလာရင် မွေးစားအဖေ၊ မွေးစားအမေဆိုပြီး ဖြစ်လာမှာစိုးလို့ မွေးစားတာကို လက်မခံခဲ့ဘူးပေါ့နော်။ သူ့ကို အဖေခေါ်နိုင်တယ်ဆို မွေးစားမယ် အဖေမခေါ်နိုင်ဘူးဆို မမွေးစားဘူးပေါ့နော်။

## ၃၄။ ထင်လင်း (၄၀) ပြည်မြို့



မင်္ဂလာပါ။ ကျွန်တော့်အမည်ကတော့ ထင်လင်းဖြစ်ပါတယ်။ အသက်ကတော့ ၄၀ နှစ်ရှိပါပြီ။ နေတာကတော့ ပြည်မြို့သစ်မှာနေပါတယ်။ အလုပ်အကိုင်ကတော့ NGO တစ်ခုမှာစီမံချက်မန်နေဂျာ လုပ်ပါတယ်ဗျ။ ကျွန်တော်ကတော့ ကိုယ့်ကိုကိုယ် လိင်တူလိင်ကွဲ နှစ်မျိုးလုံးနှစ်သက်သူလို့

ခံယူထားပါတယ်ဗျ။ လိင်တူခြင်းနှစ်သက်တဲ့စိတ်ဆိုတာထက် ငယ်ငယ်လေးထဲက ကစားရင် မိန်းကလေးလိုမျိုး ကစားတယ်။ မိန်းကလေးတွေနဲ့ပဲပေါင်းတယ်။ ဒါပေမဲ့ ကိုယ့်ကိုကိုယ် လိင်တူနှစ်သက်တဲ့သူလို့တော့ မတွေးမိသေးပါဘူး။ မိန်းကလေးလိုနေချင်တယ်။ အဲ့တုန်းကတော့ အဒေါ်တွေနဲ့နေလို့ နွဲ့နေတာလို့ တွေးပေမဲ့ ခုသေချာစဉ်းစားကြည့်တော့လဲ မဟုတ်ပါဘူး။ ပင်ကိုယ်ဗီဇပါ။ ဒီ NGO Field ထဲရောက်နေတာတောင်မှ ကိုယ့်ကိုကိုယ် လိင်တူနှစ်သက်တဲ့သူလို့ ဝန်မခံသေးပါဘူး။ဒါပေမဲ့ မိန်းကလေးတွေဆိုရင် မသာယာဘူး။ ကျွန်တော်တို့မိဘ ဆွေမျိုးအသိုင်းအဝိုင်းကလဲ လက်မခံနိုင်ဘူးဆိုတာသိနေတော့ အေးအေးဆေးဆေးပဲ နေဖြစ်ပါတယ်။ သေချာတာကတော့ နတ်ကတဲ့အချိန်လောက်ကစပြီး ကိုယ့်ကိုကိုယ် လိင်တူနှစ်သက်တဲ့သူဆိုတာ သိလာခဲ့ရတာပါ။ ကိုးတန်း ဆယ်တန်းလောက်မှာတော့ ဦးလေးက သိုင်းသင်ပေးလို့ ကိုယ့်ကိုကိုယ် ပြန်ပြီး ကျားလာသလို သန်မာလာသလိုတော့ ထင်ခဲ့ရပါတယ်။ ကိုယ့်ထက် အသက်ကြီးတဲ့ မိန်းမလျာကြီးတွေပြောစကားအရ မိန်းမလျာဆိုတာ တောထွက်မရှိဘူးတဲ့ ငယ်ဖြူပဲ ရှိတယ်ဆိုတော့ သေချာတာကတော့ ငယ်ငယ်ထဲပ မိန်းမလျာဖြစ်နေတာပါ။ နောက်တစ်ခုက ကုမ္ပဏီပိုင်းမှာ လုပ်ခဲ့တော့ မိဘသိက္ခာ ကိုယ့်သိက္ခာထိမ်းပြီးနေခဲ့ရတာတွေ ရှိပါတယ်။

ကုမ္ပဏီလောကမှာသာမြဲနေခဲ့ရင် ဒီလောကကို ဝန်ခံချင်မှလဲ ဝန်ခံဖြစ်မှာပါ။ သေချာပေါက်ကတော့ လိင်တူနှစ်သက်ပေမဲ့ မလုပ်ရဲဘူး။ ကျွန်တော် ဒီNGO Field ထဲကိုရောက်တာက ၁၀နှစ်ရှိပါပြီ။ ခုလိုမျိုး ကိုယ့်အသိုင်းအဝိုင်းအတွင်းမှာ ပွင့်ပွင့်လင်းလင်း ဝန်ခံတာက ၂နှစ်ပဲရှိပါသေးတယ်။ ဟိုတုန်းကဆိုရင်တော့ ကိုယ့်ကိုကိုယ်ဂေးလ်လို့ ဝန်မခံခဲ့ဘူး။ခုလိုဝန်ခံလိုက်တော့ အကြီးတွေနဲ့စကားပြောရဆိုရတာ လွတ်လပ်လာတယ်။ မိသားစုတွေကတော့ မသိပါဘူး။ ကျွန်တော်က သိအောင်လဲ မနေပါခဲ့ပါဘူး။ ဒါပေမဲ့ ခု နှစ်ပိုင်းလောက်မှာတော့ အိမ်က ရိပ်မိလာပါတယ်။ရိပ်မိလာတော့လဲအဲ့လိုတားမြစ်တာတွေ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲ့ဒီလိုပြောလိုက်လို့ရှိရင် ငါ့သားစိတ်ဆင်းရဲသွားမလားဆိုတဲ့စိတ် ကျွန်တော်က ဟုတ်ပါတယ်ဆိုတာကို ဝန်ခံမှာကိုကြောက်တဲ့စိတ်နဲ့ သူတို့ကတော့ ဘာမှမပြောကြပါဘူး။ အခု နတ်ကတာတော့ သူတို့ ရိပ်မိနေတယ်။ ဒါပေမဲ့ မကပါနဲ့လို့လဲ မပြောဘူး။ ကပါလို့လဲမပြောဘူး။ သူတို့က မသိချင်ယောင်ဆောင်နေပေးပါတယ်။ တကယ်လို့ သိသွားမယ်ဆိုရင် ကျွန်တော်ဘယ်လောက်ထိရည်ရွယ်ထားလဲဆိုတော့ နတ်ကတာကို မသိစေချင်ပါဘူး။ သိရင်သေချာပေါက်ကတော့ အိမ်ကမိဘတွေ စိတ်လှုပ်ရှားမယ် အနှောင့်အယှက်ဖြစ်မယ် စိတ်ဆင်းရဲကြမယ်။ သူတို့က လက်မခံပါဘူး။ ဒါမျိုးဖြစ်နေတာသိရင် သေချာပေါက်ကတော့ သိက္ခာကျတယ်။ အရှက်ကွဲမယ်။ နတ်ကပါလို့လဲ မပြောဘူး။

မကပါနဲ့လို့လဲ မပြောပါဘူး။ မိဘအသက်ရှင်နေတဲ့ကာလအတွင်းမှာတော့ သိအောင်မနေဘူးလို့ ဆုံးဖြတ်ချက်ချထားပါတယ်။

မိန်းမလျာစိတ်ပါတယ်ဆိုရင် နတ်ကတာတို့ မိက်ကပ်လိမ်းတာတို့ ဝါသနာပါကြတယ်။ ကျွန်တော်ကတော့ နတ်ကတာ ဝါသနာပါပေမဲ့ မိက်ကပ်လိမ်းတာတော့ ဝါသနာမပါပါဘူး။ နတ်ကတဲ့အချိန်မှာတော့ စိတ်တိုင်းကျ ပြင်ရတာကို သဘောကျပါတယ်။ ကတာကတော့ ယုံကြည်မှုတစ်ခုအရ ကတာပါ။ အပျော်မဟုတ်ပါဘူး။ နတ်ကတဲ့အကြောင်းကို ပြန်ပြောရင်လဲ ဘယ်လိုအခြေအနေရှိလဲဆိုတော့ ငယ်ငယ်တုန်းကတော့ နတ်ပွဲတွေရောက်သွားရင် သိုက်ဆိုင်းတီးရင် ကိုယ်ကမနေနိုင်တော့ဘူး။ ဝင်ပြီးပူးတယ်။ အဲ့ဒီလိုနဲ့စရင်းကနေ ဆရာနဲ့တွေ့ပြီး စကခဲ့တာပါ။ အဲ့ဒီအချိန်မှာ အခက်အခဲက အများကြီးပဲ။ ဒါပေမဲ့လဲ ကိုယ်ကဝါသနာပါတော့ ကြိုးစားခဲ့ပါတယ်။ တွေ့တဲ့လူတိုင်းကိုတော့ ဆရာမတင်ပါဘူး။ ကိုယ်နဲ့သင့်တော်တဲ့ဆရာကို ရွေးချယ်ပါတယ်။ ဟိုတုန်းကတော့ တက်ပွဲချော့ပွဲ ကတာဆိုတော့ တောင်ပြုံးမင်းနှစ်ပါး ကိုယ်စားပြု ယောကျ်ားနတ်ကပါတယ်။ ခုနောက်ပိုင်း ကိုယ်တော်ထားတဲ့ဆရာက နတ်လမ်းစဉ်မှန်တော့ သူကပြောတယ်။ မင်းနတ်ပွဲတိုင်းကနေမဲ့အစား ကိုယ့်ခေါင်းပေါ်ကနတ် ကိုယ့်ကိုစောင့်ရှောက်တဲ့နတ် ရွေးဖို့လိုပြီဆိုပြီးပြောပါတယ်။ အများကြီးလိုက်ကနေတာနဲ့စာရင် ကိုယ့်ကိုစောင့်ရှောက်တဲ့နတ်က ဘာလဲဆိုရင် ပြောလို့ကောင်းတယ်လေ။ အဲ့ဒီလိုနဲ့ရွေးပြီး ပြည်ကန်တော် သခင်မကြီးကိုပဲ ကိုယ်စားပြုပြီး ကခဲ့ပါတယ်။ ပြည်ကန်တော်သခင်မကြီးကတာက ကပွဲ(၇)ပွဲဝန်းကျင်ဆိုတော့ သေချာပေါက်ကတော့ (၂)နှစ်ဝန်းကျင်ရှိပါပြီ။

ငယ်ငယ်တုန်းကတည်းကနွဲ့တာဖြစ်တဲ့အတွက် အခြောက်ဆိုပြီးခေါ်ခံရဘူးပါတယ်။ ဒါပေမဲ့လုံးဝကြီး ခွဲခြားဆက်ဆံတာမျိုးတော့ မကြုံခဲ့ရဖူးပါဘူး။ ကိုယ့်ကိုကိုယ်ထိမ်းတာလဲပါတယ်။ သူတို့အဲ့ဒီလိုခေါ်လို့ ကိုယ့်ဘက်က မိုက်မိုက်ရိုင်းရိုင်း တုံ့ပြန်တာမျိုးတွေ မလုပ်ပါဘူး။ ကိုယ့်ကို အဲ့ဒီလိုမျိုးထင်နေတဲ့အတွက် အပြောင်းအလဲဖြစ်အောင် ရည်းစားထားဖို့လဲ လုပ်ပါတယ်။ မိန်းကလေးရည်းစားထားတော့ ဘယ်လိုခံစားရလဲဆိုတော့ အဲ့ဒီအချိန်တုန်းက ဖုံးကွယ်လိုစိတ်များနေတော့ ယူဖို့အထိတောင် ဆုံးဖြတ်ခဲ့တယ်။ အသိစိတ်နဲ့ မသိစိတ်လို့ပြောရမယ်။ အသိစိတ်က ရအောင် ပေါင်းမယ်။ မသိစိတ်မှာက မဖြစ်နိုင်ဘူးဆိုပြီး ကိုယ့်ကိုကိုယ်ပြန်ပြောတယ်။ ပထမတော့ ရအောင်ယူမယ်ဆိုတဲ့စိတ်ပဲ ရှိခဲ့တယ်။ ကျွန်တော်က သည်းခံတဲ့အကျင့်ရှိတယ်။ အတိုင်းအတာတစ်ခုထိပေ့ါ။ အဲ့လိုနဲ့ပဲ သည်းခံနိုင်တဲ့အတိုင်းအတာကျော်လွန်တော့ ကျွန်တော်က ဖြတ်ပစ်ခဲ့တယ်။ (၃)ယောက်တောင် ထားခဲ့ဖူးတယ်။

အပျော်ထားခဲ့တာတော့ မဟုတ်ဘူး။ ယူဖို့ထိစဉ်းစားခဲ့တယ်။ နောက်တစ်ခုကကျတော့ မိဘစိတ်ချမ်းသာအောင်ပေ့ါ။ သူတို့သားက သူတို့ထင်နေသလိုအခြောက်မဟုတ်ဘူးဆိုတာကို ပြချင်လို့ပါ။ ကိုယ့်ကိုကိုယ် ကာကွယ်ဖို့လဲပါတယ်။ သေချာပြန်စဉ်းစားရင်တော့ စိတ်ဒွိဟဖြစ်နေတဲ့သူဆိုတော့ အခက်အခဲတော့ ရှိတာပေ့ါ။ တကယ်လို့မိန်းကလေးတစ်ယောက်နဲ့ အိမ်ထောင်ပြုဖြစ်ခဲ့မယ်ဆိုရင်တောင် ခချိန်တစ်ဖြေးဖြေးနဲ့ပြန်စဉ်းစားလိုက်တဲ့အချိန်မှာ မသာယာနိုင်ပါဘူး။ မသာယာနိုင်တာက အကြောင်းတရား အများကြီးရှိပါတယ်။ လိင်တူနှစ်သက်တဲ့စိတ်က ပျောက်မသွားတဲ့အတွက် မိန်းမယူပြီးသွားရင်လဲ ရှာကောင်းရှာနိုင်ပါတယ်။ ကိုယ့်သားသမီးရလာလို့ ဗီဇက ကိုယ့်သားသမီးကို လွှမ်းမိုးမှာ စိုးရိမ်ရတယ်။ မိန်းကလေးရည်းစားတွေနဲ့ ပြတ်သွားတဲ့ အဓိကကတော့ ဒီစိတ်ရှိနေလို့ကတော့ တစ်ဝက်သေချာပါတယ်။ သူတို့ဆိုးတာတွေ နွဲ့တာတွေ သည်းမခံနိုင်ဘူး။ နောက်ဆုံးကုန်ကုန်ပြောရရင်တော့ ဒီလိင်တူနှစ်သက်တဲ့စိတ်သာမရှိခဲ့ရင် သူတို့ဆိုးတာကိုလဲ လက်ခံနိုင်မှာပါ။ ဂုဏ်ယူစွာနဲ့ ပြောရရင်တော့ ဒီလိင်တူနှစ်သက်တဲ့စိတ်ရှိတဲ့သူတွေက သာမိန်ယောကျ်ားမိန်းမတွေထက် ညက်ပိုသာတယ်။ သည်းခံရင်လဲ သူများထက်ပိုပြီး သည်းခံနိုင်တယ်။ သည်းမခံဘူးဆိုရင်လဲ သူများနဲ့မတူဘူး။

အကြမ်းဖက်မှု့ဆိုရင်တော့

အမှန်အတိုင်းပြောရရင်တော့ ဒီ(၂)နှစ်တာကလမှာ ကျွန်တော်ပွင့်ပွင့်လင်းလင်းနေခဲ့တာပါ။ ဒီ(၂)နှစ်တာကာလမှာတော့ မကြုံခဲ့ရဖူးပါဘူး။ နောက်တစ်ခုက ဂေးလ်လို့ဝန်ခံပြီးနေတဲ့အချိန်မှာ ကိုယ်ကအတူနေချင်လို့ပြောလိုက်တဲ့သူက ကိုယ့်ကိုငြင်းမှာ အရမ်းကြောက်ပါတယ်။ သိက္ခာပိုင်းပေ့ါ။ ငြင်းလိုက်တာတို့ အော်လိုက်တာတို့ ထိုးလိုက်တာတို့ အဲ့ဒီလိုမျိုးကို ကြောက်နေတာဖြစ်တဲ့အတွက် တော်တော်လေးရှောင်ပါတယ်။ အဲ့ဒီလိုဖြစ်အောင်လဲ မနေပါဘူး။ ပြီးတော့ လူများတဲ့အချိန်မှာ ကိုယ့်ကိုကိုယ်တောင့်ပြီး ကျားကျားယားယားနေလိုက်တာဖြစ်တဲ့အတွက် အဲ့ဒီလိုကိစ္စမျိုးတွေ မရှိပါဘူး။ လိင်တူချစ်သူထားခဲ့ဖူးပါတယ်။ ပွင့်ပွင့်လင်းလင်းဝန်ခံပြီးတဲ့နောက်ပိုင်း ၂၀၁၄ခုနှစ် (၇)လပိုင်း (၃)ရက်နေ့စထားခံတာပါ။ အဲ့ဒီအရင်ကတော့ မထားခဲ့ဖူးပါဘူး။ကိုယ်ကကြိုက်နေရင်တောင်မှ စမပြောရဲခဲ့ပါဘူး။ သူကိုစပြောတော့ Viberကနေစပြောခဲ့တာပါ။ ဖုန်းကနေတဆင့်ပေ့ါ။ ပထမတော့ သာယာခဲ့ပါတယ်။ ကိုယ်ကသာ သာယာတယ်ထင်ရပေမဲ့ နောက်ပိုင်းကြတော့ ဘာမှမဟုတ်တော့ဘူး။ ကိုယ်လိုချင်တဲ့

ပုံစံမျိုးမဟုတ်ဘူး။ ကိုယ်ကသာ အချစ်တွေ မေတ္တာတွေ ပေးခဲ့ရတယ်။ Sex တစ်ခုထဲ မဟုတ်ဘဲ မိဘလိုစေတနာထားခဲ့ပါတယ်။ နောက်တစ်ခုက sex ထက် သာသာယာယာနေရရင်ပဲ ကျေနပ်တယ်။ ကျွန်တော့်အကျင့်က တောင်းရင်မပေးချင်ဘူး။ မတောင်းရင် ကိုယ်ကအကြီးနေရာကနေ သူ့လိုအပ်ချက်တွေ လုပ်ပေးရမယ်ဆိုတဲ့ အသိတွေ ကျွန်တော့်ဆီမှာ အမြဲရှိတယ်။ ကိုယ်တွေ့ခဲ့တဲ့သူက မတောင်းဘူး။ သူကမတောင်းတဲ့အတွက် သူလိုတာတွေ ကျွန်တော်က လုပ်ပေးပါတယ်။ ကိုယ်နဲ့စသိတဲ့အချိန်ကတော့ Straight လို့ပဲသိထားတာပါ။ ဒီလောကထဲကလူတွေကတော့ သူ့ကိုလဲ ဂေးလ်လို့ပြောတော့ သူ့စိတ်ကိုလဲ စမ်းဖူးတယ်။ လိင်ပိုင်းဆိုင်ရာလဲ စမ်းဖူးတယ်။ သူက Straight ပါ။ အကို ကြိုက်တဲ့ လူမျိုးကိုပြောရမယ်ဆိုရင်တော့ သေချာပေါက်ကတော့ Straight ကိုပိုပါတယ်။ နောက်တစ်ခုက ရုပ်အရမ်းချောဖို့မလိုပါဘူး။ အသားမဲရင်တော့ ကိုယ်ကြိုက်တဲ့ပုံစံမျိုးပေါ့။ ပထမဆုံးလိင်တူဆက်ဆံဖူးတာကတော့ ရည်းစားဖြစ်ပြီး နောက်လေးငါးရက်နေတော့ တွေ့ဖို့ချိန်းတာဆိုတော့ နောက်လေးငါးရက်လောက်နေတော့ စဖြစ်ပါတယ်။ ၂၀၁၄ (၇)လပိုင်း(၃)ရက်နေ့စဖြစ်ပြီးတော့ (၁)နှစ်နဲ့ (၅)လလောက်အထိပေါ့။ တစ်နှစ်တာကာလကတော့ စိတ်တိုင်းကျနေ ခဲ့ရပါတယ်။ ဒါပေမဲ့ အဲ့ဒီနောက်ပိုင်းကျော်လာတဲ့အခါကျ ကျွန်တော်က သည်းခံရတာတွေများလာတယ်။ သူ့ဘက်ကနေလဲ ကိုယ့်အပေါ်မှာ မကြင်နာတာတွေ ရှိလာတယ်။ သူနဲ့ကိုယ်စတွေ့စဉ်က သူလုပ်ငန်းကတစ်ခု။ ကိုယ်နဲ့လဲတွေ့ရော သူလိုချင်တဲ့ လုပ်ငန်းတစ်ခုကိုပြောင်းတဲ့အချိန်မှာ အဲ့ဒီလုပ်ငန်းကြီးအောင်မြင်ဖို့ကို အကုန်ပံ့ပိုးခဲ့ရတယ်။ သူကမပြောပေမဲ့ အကုန်လုံးပံ့ပိုး ခဲ့ရတယ်ပေါ့။ သူကတောင်းတာ မဟုတ်ဘဲ မိဘတစ်ယောက်လိုအကုန်လုံးပံ့ပိုးခဲ့တယ်။ အလုပ်အောင်မြင်ဖို့အတွက် ဇေဒင်မေးတာ အမိဋ္ဌာန်ပြုတာကအစ သူ့အိမ်ကတောင်လုပ်မပေးပဲ ကိုယ်ကအစစအရာရာ လုပ်ပေးခဲ့ပါတယ်။ သူ့အဲ့ဒီအလုပ်ကိုရလို့ မွမ်းမံသင်တန်းတစ်ခုကို ရန်ကုန်မှာတက်ရတယ်။ အဲ့ဒီအချိန်ထိလုပ်ပေးခဲ့တယ်။ သူကလုပ်ချင်တာပဲ သိတယ်။ အဆက်အသွယ်တွေမရှိဘူး။ ကျွန်တော်လဲ အဆက်အသွယ်မရှိဘူး ကိုယ်ကျွမ်းကျင်တဲ့နေရာ မဟုတ်ပေမဲ့ ကိုယ်ချစ်တဲ့သားသမီးအောင်မြင်ဖို့အတွက် အစွမ်းကုန်ကြိုးစားခဲ့တယ်။ တစ်နှစ်ကျော်ပြီးနောက်ပိုင်းမသာယာတော့ဘူး။ နိုပ်စက်တာတွေများလာတော့ ငြီးငွေ့လာပြီ။ ငြီးငွေ့လာပေမဲ့ အဲ့ဒီအချိန်မှာ သူ့ကိုဖြတ်ခဲ့ရင် သူ့ဘဝကသေချာပေါက်မြောင်းထဲ ရောက်သွားမှာစိုးလို့ သည်းခံခဲ့ပါတယ်။ Sexပိုင်းကျတော့လဲ အဲ့ဒီနောက်ပိုင်း သူလဲမတောင်းတော့ဘူး။ ကိုယ်ကလဲ မပေးဖြစ်တော့ဘူး။ Plan အနေနဲ့ကတော့

သူလိုချင်တဲ့အပိုင်းကိုရအောင် လုပ်ပေးဖို့ရှိခဲ့တယ်။ ကျွန်တော်တို့က လူသိရှင်ကြားနေလို့က မရဘူး။ သူလဲမိန်းမယူမယ်ဆိုရင် ယူခွင့်ရှိတယ်။ ကျွန်တော်သိအောင် ပွင့်ပွင့်လင်းလင်းပြောပြရင် ကျွန်တော်ကလဲကျေကျေနပ်နပ်နဲ့ပေးစားမယ်။အတူနေမယ်တစ်အိုးတစ်အိမ်ထူထောင်မယ်ဆိုတဲ့အတွေးကတော့နဂိုထဲကမှမရှိခဲ့ဘူး။မိဘအိမ်မှာနေသလိုပဲတွေ့ချင်တဲ့အချိန်လာတွေ့ရုံလေးပဲ။ဘာလို့အဲ့ဒီလိုအစီအစဉ်မရှိခဲ့သလဲဆိုတော့ နှစ်ဖက်အသိုင်းအဝိုင်းကြောင့်ပါ။ အဓိကကတော့ ကိုယ့်ဖက်က အသိုင်းအဝိုင်းပေါ့။ ကိုယ့်အသိုင်းအဝိုင်းက အဲ့ဒီလိုမျိုးကို လက်ခံမှာမဟုတ်ဘူးလေ။ ကွဲတဲ့ဇာတ်ကြောင်းကိုပြောရရင် တွဲခဲ့တဲ့တစ်နှစ်တာကာလပေါ့ အဲ့ဒီအတွင်းမှာ တစ်လပြည့် နှစ်လပြည့် သုံးလပြည့် လေးလပြည့် အမှတ်တရတွေ ဒါမျိုးတွေက ကိုယ်ကပဲစခဲ့ရတာ။ သူကကျတော့ အမှတ်မထားဘူး။ ကိုယ်ကပဲစခဲ့ရတယ်။ ကိုယ်ကပဲသည်းခံနေရတာတွေ များလာတယ်။ နောက်တစ်ခုက ကိုယ်ကဘယ်လောက်ပဲ လုပ်ပေးပေး သူ့ဘက်ကအကောင်း မမြင်ဘူး။ ကိုယ်နဲ့ချိန်းထားပြီးမှ ဇော်နဲ့သွားတွေ့တာမျိုးတွေရှိတယ်။ အသေးအမွှားကစပြောရရင်တော့ ဖုန်းနံပါတ်ကအစ ကိုယ့်နံပါတ်ကအစ သေသေချာချာမှတ်မထားဘူး။ contant photoလေးတောင် ထည့်မထားဘူး။ ဇော်နဲ့ကျတော့ နှစ်ယောက်တွဲပုံတင်ရတာနဲ့ ကြည်နူးစရာနာမည်လေးတွေမှတ်ထားရတာနဲ့ အဲ့ဒီလိုမျိုးတွေ လုပ်ပေးတယ်။

အဲ့ဒီလိုသေးသေးဖွဲဖွဲလေးတွေကအစ သိလာရတယ်။ အဲ့ဒီအချိန်မှာ ဖြတ်ပါလားဆိုရင်လဲ မဖြတ်နိုင်ခဲ့ဘူး။ ကိုယ်ကပြောမှ ကိုယ့်နာမည်ပြောင်းတာမျိုး ပုံထည့်တာမျိုးတွေလုပ်တယ်။ ကွဲသွားမှပြောတဲ့စကားတော့ မဟုတ်ဘူး။ အဲ့ဒီအချိန်မှာ ကိုယ့်ရဲ့ပံ့ပိုးမှုရှိနေလို့သာ သူကပြောင်းပေးတာလေ။ အခုခံစားနေရတာကတော့ သာလို့နားတယ်လို့ပဲ ထင်ပါတယ်။ သူလုပ်ချင်တဲ့အလုပ်က ကျွန်တော်မကျွမ်းကျင်တဲ့နယ်ပယ်ဖြစ်နေပေမဲ့ ကျွန်တော့်ဘက်က အစွမ်းကုန်ကြိုးစားခဲ့တယ်။ နောက်ဆုံးငွေလိုရင်တောင်မှ ချေးငှားပြီးလုပ်ပေးခဲ့တယ်။ မိဘက ကိုယ့်သားသမီးကို ကျောင်းထားသလိုမျိုး ထားပေးခဲ့တယ်။ အစားအသောက်ကအစ ဂရုစိုက်ပေးခဲ့တယ်။ အဲ့ဒီအချိန်ထဲက ကိုယ့်ဘက်က သူ့ကိုငြီးငွေ့နေပြီ။ ဒါပေမဲ့ အဲ့ဒီအချိန်မှာဖြတ်ရင် သူခွေးဖြစ်မှာစိုးလို့ သည်းခံပြီးနေခဲ့တယ်။ သူခွေးဖြစ်ရင် ကိုယ်လုပ်ပေးခဲ့တဲ့အရာတွေ အလဟာသဖြစ်မယ်။ ရင်းနှီးခဲ့ရတဲ့ ငွေကြေးတွေ အလကားဖြစ်မယ်။ သူအောင်မြင်အောင်လုပ်ပေးမယ်ဆိုတဲ့စိတ်ပဲ ရှိတော့တယ်။ သူ့ကိုတော့ စိတ်ကုန်နေပြီ။ အဲ့လောက်လုပ်ပေးခဲ့တဲ့အထဲမှာ သူ့ဆီက ဘာမေတ္တာပြန်ရခဲ့လဲဆိုရင် တွဲခဲ့တဲ့ (၂)နှစ်တာကာလအတွင်းမှာ မွေးနေ့လက်ဆောင် အကျီတစ်ထည်ရခဲ့ဖူးပါတယ်။ သူတောရောက်နေတဲ့အချိန်မှာ ကိုယ့်ကို ပေးချင်တဲ့စိတ်ရှိတယ်။ ကိုယ်နဲ့တော့ မလိုက်ဖက်ဘူး။ ကိုယ်ကြိုက်တဲ့အဆင်လဲ မဟုတ်ဘူး။

အဲ့နေ့မှာတော့ သူကျေနပ်အောင် မကြိုက်ဘဲနဲ့ဝတ်ခဲ့ရ တယ် ဘဝမှာ ပထမဆုံးပဲ။ နောက်ပိုင်းတွေမှာလဲ စိတ်ကုန်စရာတွေ အများကြီးတွေ့ခဲ့တယ်။ ဖြစ်အောင်လုပ်ပေးမယ်ဆိုတဲ့စိတ် နဲ့ပဲ နေခဲ့တယ်။ ဖုန်းဆက်ရင်တောင် ကိုယ်ကပဲဆက်ခဲ့ရတယ်။ သူဖုန်းဘေလ်မရှိမှာဆိုးလို့ အမြဲထည့်ပေးခဲ့ရတယ်။ သူကတောင်းလို့တော့လဲ မဟုတ်ပါဘူး။ ဖုန်းဘေလ်ကလဲ ကိုယ့်ကိုဆက်လို့ကုန်တာလို့တော့လဲ မဟုတ်ဘူး။ သူ့ဟာသူ ဘာလုပ်လုပ် လိုင်းပဲသုံးသုံးပေ့ါ။ ဒါပေမဲ့ လိုင်းပေါ်တတ်လာရင်တော့ ကိုယ့်ကိုအရင်ဆုံးနှုတ်ဆက်ထားဖို့တော့ လိုတာပေ့ါ။ သူကအဲ့လိုမျိုးလုံးဝမလုပ်ဘူး။ အဲ့လိုမျိုးအားနည်းချက်တွေ အများကြီး အများကြီး တွေ့လာရတယ်။ ဖြတ်ပါလားဆိုတော့လဲ မဖြတ်နိုင်ဘူး။ မဖြတ်နိုင်တဲ့အပိုင်းမှာ (၂)မျိုးရှိတယ်။ ပထမက စိတ်ခံစားမှုအပိုင်း။ ကိုယ်ကစိတ်ခံစားမှု လုံးဝမဖြတ်နိုင်သေးဘူး။ နောက်တစ်ခုက ဒီအချိန်မှာဖြတ်လိုက်ရင် လမ်းဘေးရောက်မှာဆိုးတာ။ လမ်းဘေးရောက်ရင် ကိုယ်လုပ်ပေးထားတာတွေ အလကားဖြစ်သွားမယ်ဆိုတဲ့ အတ္တစိတ်နဲ့ပါ။ မဖြတ်ဘဲနဲ့ စင်ပေါ်ရောက်အောင် ပုခုံးနဲ့ ဆွဲတင်ပေး ခဲ့တယ်။ အဲ့လိုလုပ်ပေးနေတဲ့အချိန်မှာ သူနဲ့ကိုယ် လုံးဝလိင်မှုကိစ္စပတ်သတ်တာမျိုးတွေ မရှိတော့ဘူး။ လုံးဝညီအကိုစိတ်နဲ့ပဲ လုပ်ပေးခဲ့တယ်။ ဒါပေမဲ့ အရမ်းမြင့်တယ်ဆိုပြီး ခုန်ချလာတဲ့နေ့ ၂၀၁၆ (၅)လပိုင်းထဲမှာ ကျွန်တော်နဲ့သူ ပြဿနာတက်တယ်။ သူလုပ်ချင်တဲ့အလုပ် သူဝါသနာပါတဲ့အလုပ် နံမည်ကြီးတဲ့ နေရာကိုထိုးထည့်ပေးထားတယ်။ သူက မအောင်မြင်ခင်တောင် ကိုယ့်ကိုပြန်မကြည့်ဘူး အောင်မြင်ရင်တော့ သေချာပေါက်ကိုယ့်ကိုပြန်ကြည့်မှာ မဟုတ်ပါဘူး။ မကြည့်လဲနေပါစေဆိုတဲ့စိတ် နဲ့ လုပ်ပေးခဲ့တာပါ။ သူအဲ့ဒီအချိန်မှာလဲ သူ့အဆင့်အတန်းနဲ့ကိုက်ညီတဲ့ စောင်၊ခေါင်းအုံး၊တဘက်၊ ရေချိုးဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားတိုက်တံကအစ ဒီဘက်ကနေ ထုတ်ပိုးပြီး ပို့ပေးခဲ့တာ။ ဒီအပိုင်းမှာအများကြီးပါပဲ။ အဲ့ဒီလောက်လုပ်ပေး နေတာကို ပြန်လာတယ်။ ပြန်လာခါနီးမှာ ကျွန်တော်က မင်းသွားချင်တဲ့နေရာကို ပို့ပေးထားတာ ဒီအလုပ်က မင်းရွေးတဲ့အလုပ် ဒါပေမဲ့ပြန်လာရင်တော့ မင်းနဲ့ငါ ဒီဘဝဒီမျှသာလို့ ပြောခဲ့တယ်။ နှစ်ရက်သုံးရက်လောက်တော့နေပြီး နောက်တော့ သူမနေချင်တဲ့နေရာမှာ သူ့ကိုထားရင် ကိုယ့်ကိုကိုယ်သက်သေမယ်ဆိုပြီး ခြိမ်းခြောက်တယ်။ တစ်နေရာရာထွက်သွားမယ်လို့ ပြောတယ်။ ကျွန်တော့်အိမ်ကသာ မသိတာ သူ့အိမ်ကတော့ သူ့သားကို ပံ့ပိုးနေတဲ့သူက ဘယ်သူလဲဆိုတာသိတယ်။ သူတို့သားက ကျွန်တော့်ကိုနိုင်တယ်ဆိုတာ သိတယ်။ အဲ့ဒီတော့ အန်တီတို့သားတော့ ဒီလိုရှိတယ်။ နည်းနည်းထိမ်းပေးပါ ဆိုပြီး သူ့အိမ်ကိုအသိပေးရတယ်။

ကိုယ့်ပယောဂမကင်းတော့ သူတစ်ခုခုဖြစ်သွားရင် တစ်သက်လုံး ယူကျုံးမရဖြစ်နေရ လိမ့်မယ်ဆိုပြီး ပြန်ချော့ခေါ်ခဲ့တယ်။ (၅)လကျော်(၆)လလောက်မှာ သူပြန်လာတယ်။ သူပြန်လာပြီးကတည်းမတွေ့တော့ဘူး။ သူဖုန်းဆက်လဲ သာမန်လောက်ပဲပြောတော့တယ်။ သူ့ကိုတော့ ပြတ်ပီလို့မပြောပေမဲ့ သူက ကျွန်တော့်စိတ်ကိုသိပါတယ်။ သူ့ကိုအကြီးအကျယ်စိတ်ကုန်စေတာရှိတယ်။ ဘာလဲဆိုတော့ သူမွမ်းမံသင်တန်းတက်နေရတဲ့အချိန်မှာ ကျွန်တော်က သူအောင်မြင်ဖို့ ဘုရားတရားလုပ်နေတယ်၊ သူကကျတော့ ပိုက်ဆံအိတ်ကျပျောက်တယ်။ မှတ်ပုံတင်ပျောက်တယ်။ နောက်တစ်ခုက သူ့မှာကာလသား ရောဂါဖြစ်နေတယ်လို့ပြောတယ်။ အဲ့ဒီအချိန်မှာ အကြီးအကျယ်ပေါက်ကွဲတယ်။ မှတ်ပုံတင်ပျောက်တာ ပိုက်ဆံပျောက်တာကို သည်းခံနိုင်သေးတယ်။ မှတ်ပုံတင်ပျောက်တာ ပြန်လုပ်ပေးတယ်။ သူပြန်လာရင် အသက်မွေးဝမ်းကျောင်းပညာတစ်ခု တက်အောင်ဆိုပြီး ကားမောင်းသင်တန်းပါ တက်ဖို့စီစဉ်ပေးထားတယ်။ မိဘတစ်ယောက်က သားသမီးတစ်ယောက်ကိုချစ်တဲ့စိတ်နဲ့ လုပ်ပေးခဲ့တာပါ။ သူကကာလသားရောဂါဖြစ်ရင် ဘာဆေးသောက်ရမလဲ သူ့သူငယ်ချင်းဖြစ်လို့ပါဆိုပြီး မေးတယ်။ ကျွန်တော်က စုံစမ်းတော့ သူဖြစ်နေတယ်။ ကျွန်တော်က ပေါက်ကွဲတော့ သူကအဲ့ဒီအဆောင်မှာ မရှိတော့ဘူးဆိုပြီး ညာပြောခိုင်းတယ်။

ကိုယ်ကလဲ လုံးဝဖုန်းဆက်လို့မရဘူး။ သင်တန်း ကိုဖုန်းဆက်တော့ လာတယ်။ အဆောင်ကိုဆက်တော့မရှိဘူးဆိုပြီးပြောတော့ မိဘတစ်ယောက်က သားသမီးပျောက်သလို ခံစားခဲ့ရတယ်။ သူပြန်ဆက်တဲ့အချိန်မှာ ကောင်းကောင်းမွန်မွန်ပြောပြီး သွားရမဲ့ဆေးခန်း သောက်ရမဲ့ဆေးတွေ ညွှန်းပေးခဲ့တယ်။ နောက်ထပ်ဘာစိုးရိမ်ရလဲဆိုတော့ ကာလသားဖြစ်ရင် HIV ဖြစ်ဖို့အလားအလာရှိတော့ အဲ့ဒီဟာတွေပါစစ်ဖို့ လုပ်ပေးရတယ်။ စိတ်လဲအရမ်းပူခဲ့ရတယ်။ သူ့ကို တဖြည်းဖြည်းနဲ့စိတ်ကုန်လာတယ်။ သားသမီးလိုချစ်တဲ့စိတ်တော့ နည်းမသွားဘူး။ ယောကျာ်းချင်းနေချင်တဲ့စိတ်တော့ မရှိတော့ဘူး။ အခုထိ စိတ်ထဲမှာကျန်ခဲ့လားဆိုတဲ့အကြောင်းကိုပြောရရင် သားသမီးနဲ့မိဘလိုပါပဲ။ သူနဲ့စတွဲထဲက လိင်ကိစ္စတစ်ခုထဲမဟုတ်ခဲ့လို့ အရမ်းချစ်ခဲ့တယ်။ သူပူရင် ကျွန်တော်ပူရသလိုပါပဲ။ ဘာလို့ကျန်သေးလဲလို့ပြောရရင် မဆက်သွယ်ပေမဲ့ သူအလုပ်အဆင်ပြေရဲ့လား နေကောင်းရဲ့လားဆိုပြီး အွန်လိုင်းမှာ အမြဲကြည့်ဖြစ်တယ်။ ကျွန်တော်ဆင်ပေးခဲ့တဲ့ လည်ပင်းက ဆွဲကြိုးရှိသေးလားဆိုပြီး အမြဲကြည့်ဖြစ်တယ်။ သူ့ကို အွန်လိုင်းပေါ်မှာ လုံးဝမဘလော့ဘူး။ ဘာလို့လဲဆိုတော့ သူအဆင်ပြေနေလား ဘာလုပ်နေလဲဆိုတာက အွန်လိုင်းပေါ်မှာပဲမြင်ရတာလေ။ သေချာတော့ မကြည့်ပေမဲ့ ပိန်နေလား ဝနေလား ဆိုတာကိုတော့

အမြဲကြည့်ဖြစ်တယ်။ အမှန်တိုင်းပြောရင်တော့ ကိုယ့်ရင်ထဲမှာ သူကျန်နေပါသေးတယ်။ ဒါပေမဲ့မဆက်သွယ်တော့ပါဘူး။ သူ့ကိုဘာလိုစိတ်ဆိုးသွားတာ ဘာဖြစ်လို့လဲဆိုတော့ သူက မိန်းကလေးနဲ့နေမယ်ဆိုရင်လဲ ယူသွားတဲ့ထိရတယ်။ သူက ပွင့်ပွင့်လင်းလင်းပြောရင် ကျေကျေနပ်နပ်နဲ့ လုပ်ပေးမှာ။ အဲ့ဒီအချိန်မှာ ကျွန်တော့်မှာလဲ မိန်းကလေးရည်းစားရှိတယ်။ အဲ့ဒီအတွက် ကျွန်တော်လဲ ကျေကျေနပ်နပ်နဲ့ လုပ်ပေးမှာ။ ကိုယ်ယူမဲ့မိန်းကလေးအပေါ်မှာတောင်မှ အဲ့ဒီလောက်ဂရုစိုက်မပေးခဲ့ဖူးဘူး။ ကျွန်တော်က အဲ့လောက်ထိ မေတ္တာတွေပေးနေတဲ့အချိန်မှာ ပွေရှုပ်ပြီး ဖြစ်သွားတဲ့အတွက် ကျွန်တော်က ပေါက်ကွဲတာပါ။ သူအလုပ်ချင်ဆုံးအလုပ်ကို ရအောင်လုပ်ပေးထားရဲ့နဲ့ နေရာကောင်းရခါမှပြန်လာတာပါ။ ခုတော့ ဘာမှမလုပ်ပါဘူး။ အိမ်မှာ ထိုင်စားနေတာပါ။ ထိုင်စားဆိုပေမဲ့ ထိုင်စားလို့ရတဲ့ မိသားစုတော့ မဟုတ်ဘူး။ အလုပ်ရှိမှအဆင်ပြေမှ မိသားစုမျိုးပါ။ ခုချိန်ထိတော့ အလုပ်မလုပ်သေးပါဘူး။အမှန်အတိုင်းပြောရရင်တော့ လောလောဆယ်မရှိသေးဘူးလို့ပြောရမှာပါ။ကိုယ့်ကိုကိုယ်ပျော်အောင်ေ နပါတယ်။(၂)နှစ်တာကာလအတွင်းမှာကြုံခဲ့ရတာတွေကြောင့် နောက်တစ်ခါထပ်ပြီး မနာကျင်ချင်တော့ပါဘူး။ နောက်ထပ်ချစ်သူတော့ထားချင်ပါတယ်။ ဒီအတိုင်းနေဖို့တော့ စိတ်ကူးမရှိပါဘူး။ အချိန်တော့ ယူရမှာပေ့ါ။ တစ်အိုးတစ်အိမ်ထူထောင်တော့အရင်ကတော့ အဲ့ဒီစိတ်မရှိပါဘူး။ နောက်ပိုင်းတော့ အဲ့ဒီလိုနေချင်စိတ်မျိုးဖြစ်လာပါတယ်။ ဒါပေမဲ့ အဲ့ဒါက အမေမရှိတော့တဲ့အချိန်ဖြစ်ဖို့များပါတယ်။ အမေရှိနေသေးရင်တော့ သေချာပေါက်လုပ်ဖြစ်မှာမဟုတ်ပါဘူး။ နောက်တစ်ခုက ကျွန်တော်က လိင်တူနှစ်သက်ပေမဲ့ လိင်တူချစ်သူရဲ့ဂရုစိုက်မှုကိုမခံခဲ့ရပေမဲ့ လိင်ကွဲချစ်သူရဲ့ဂရုစိုက်မှုကိုတော့ အပြည့်အဝခံခဲ့ရတယ်။ မကြာသေးခင်ကမှပြတ်သွားတဲ့ ကောင်မလေးကပြန်ပြီး ဆက်သွယ်လာတယ်။ အိမ်ကလဲ ဖိအားပေးတယ်။ အိမ်ကတော့ ယူဖို့ပြောတယ်။ ကျွန်တော်ဖွတ်ယူဖို့ စဉ်းစားသေးတယ်။ ဒီလိင်တူနှစ်သက်တဲ့စိတ်ကတော့ ပျောက်သွားမယ်မထင်ဘူး။ အိမ်ကအတင်းဖိအားပေးရင်တော့ အိမ်ထောင်ပြုဖြစ်မလား မပြုဖြစ်ဘူးလားတော့ သေချာမသိသေးပါဘူး။ လိင်တူချင်းအတူနေဖြစ်မလားဆိုရင်လဲ အိမ်ကအမေသာမရှိတော့ရင် ယူဖြစ်မယ်ထင်ပါတယ်။ အကို့ရဲ့စိတ်က လိင်တူပဲနှစ်သက်တာလား လိင်တူလိင်ကွဲနှစ်မျိုးလုံးကို နှစ်သက်တာလားလို့မေးရင်တော့ လိင်နဲ့ထည့်ပြောရင် တစ်မျိုးဖြစ်နေတယ်။ စိတ်ကတော့ အမျိုးသားချင်းသဘောကျတယ်ဆိုတာ ပိုမှန်ပါတယ်။ အမျိုးသားနဲ့အမျိုးသမီးတွဲလာရင် အမျိုးသားကိုပဲ ကြည့်ဖြစ်တယ်။ သေချာပေါက်တော့ မသိဘူး။ ဒါလဲပြောခွင့်ရှိလို့သာ ပြောတာပါ။

အပြင်မှာတော့ မပြောဖြစ်ပါဘူး။ ကိုယ့်ရဲ့သိက္ခာကြောင့် မိန်းမယူရမယ်ဆိုရင်လဲ ယူနိုင်တယ်။

ဘာသာရေးအမြင်အရတော့ ကျွန်တော်တွေးမကြည့်ဖူးပါဘူး။ ဒါပေမဲ့ ကိုယ်ကိုတိုင်ဂေးလ်ဖြစ်နေတာကို လက်ခံတာလဲ သိပ်မကြာသေးဘူး။ ဘာသာရေးအမြင်အရ မကောင်းဘူးလို့ မယူဆပါဘူး။ ကျွန်တော်အဲ့လောက်ထိ မစဉ်းစားဖူးပါဘူး။ ဒါပေမဲ့ ကျွန်တော်မှတ်ဖူးတာကတော့ အစုခေတ်မှာမှ ယောကျ်ားချင်းချစ်တာ မဟုတ်ပါဘူး။ ဟိုးရှေးရှးခေတ်တွေထဲက ရှိခဲ့တာပါ။ အဲ့လောက်ထိပဲသိထားပါတယ်။ဥပဒေအရ သိထားတာတော့လိင်တူချင်းဆက်ဆံရင် ပုံမှန်မဟုတ်တဲ့ ထိုးသွင်းမှုမှာ သူတို့သတ်မှတ်ထားတဲ့ ဥပဒေရှိပါတယ်။ အဲ့ဒီဥပဒေနဲ့ တရားစွဲလို့ရတယ်လို့တော့ သိထားပါတယ်။ အဲ့ဒါတွေကို ပြန်ပြီးလုပ်ယူရမဲ့အပိုင်းတွေရှိပါတယ်။ လိင်တူ လက်ထပ်ခွင့်ဆိုတာ အဲ့လိုမျိုးဖြစ်လာရင်တော့ အကောင်းဆုံးပါ။ ကိုယ်အပါဝင် လိင်တူနှစ်သက်တဲ့သူတွေအားလုံးက ကြိုဆိုကြမယ် လို့ထင်ပါတယ်။ ဝမ်းသာအားရကြိုကြမယ်။ ကိုယ်တွေလိုလူတွေလဲ ရှိမှာပါ။ တစ်ချို့လဲ မိဘကသဘောမတူပဲ လက်ထပ်ကြတာတွေရှိတယ်။ ကျွန်တော့်အနေနဲ့ကတော့ မိဘကလဲခွင့်ပြုပြီး တရားဥပဒေအရ တရားဝင်လက်ထပ်ခွင့်ရရင် ကျွန်တော်လဲ လက်ထပ်ကောင်းလက်ထပ်ပါလိမ့်မယ်။ Gay တစ်ယောက်အတွက် ဘဝလက်တွဲဖော်က Straight နဲ့ Gay ဘယ်ဟာက ပိုသင့်တော်မလဲဆိုရင်သိတော့ မသိပါဘူး။ ထင်မြင်ချက်ကိုပြောပါဆိုရင်တော့ Gay အချင်းချင်းက ပိုပြီးသင့်တော်မယ်လို့ထင်ပါတယ်။ ဒါပေမဲ့ ဒီလောကမှာက Gay အချင်းချင်းယူလိုက်လို့ နင်ယူတဲ့ယောကျ်ားက ဘာလဲဆိုရင် သိက္ခာပိုင်းအရ ထိခိုက်မှာတွေ ရှိပါသေးတယ်။ အမှန်အတိုင်းပြောရရင်တော့ Gay အချင်းချင်းက ပိုပြီးတော့ နားလည်ခွင့်လွှတ်နိုင်တယ်။ Straight ထဲမှာလဲ ဆယ်ယောက်တစ်ယောက် အယောက်နှစ်ဆယ်တစ်ယောက် ကောင်းတာတွေရှိနိုင်ပါတယ်။ ဘယ်လောက်ပဲကောင်းကောင်း အနာအဆာကတော့ ရှိနိုင်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လဲ ရည်းစားနဲ့တွဲခဲ့တာ နှစ်နှစ်ဝန်းကျင်ဆိုပေမဲ့ တစ်နှစ်လောက်ပဲ သာယာခဲ့တာလေ။ ကွဲကွာသွားပေမဲ့ သတိတော့ ရနေပါသေးတယ်။ ဟိုအရင်တုန်းကလောက်တော့ မပူရတော့ပေမဲ့ ခုလဲနဲနဲတော့ ပူပန်နေရပါသေးတယ်။

ကျွန်တော်က HIV Prevention Care And Support ကိုအဓိကထားပြီးလုပ်ပါတယ်။ ကျွန်တော်က ဒီNGOလောကထဲ စရောက်တာကလဲ HIV Prevention Care And Support ဆိုတော့ ကျွန်တော်က Gay ဆိုတာ မသိတဲ့သူတွေ အများကြီးရှိပါတယ်။ ဒီနှစ်နှစ်တာကာလအတွင်းမှာမှ နတ်ကလို့သာ

သိလာကြတာပါ။ ကိုယ့်ဟာကိုယ်တော့ ထိမ်းပြီးနေပါတယ်။ ပွင့်ပွင့်လင်းလင်းသာနေခဲ့ရမယ်ဆိုရင် လိင်တူအချင်း အိမ်ထောင် ကျကောင်းကျနိုင်ပါတယ်။ အတူတူလဲ နေဖြစ်မယ်ထင်ပါတယ်။ အခုက ကျွန်တော့်မှာက အကန့်အသတ်ရှိနေတဲ့ အတွက် နေလို့မရပါဘူး။ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ လိင်တူချစ်သူတွေအနေနဲ့က HIV နဲ့ ကာလသားရောဂါက အဖြစ်များဆုံးပါ။ အန္တရာယ်အများဆုံး အပိုင်းလို့ပြောရပါမယ်။ နောက်တစ်ခုက ကျွန်တော်တို့လိင်တူချစ်သတွေမှာ ဆယ်ယောက် ငါးယောက်လောက်မှာ သိသိကြီးနဲ့ အကာအကွယ်မသုံးတဲ့လူတွေအတွက် စိုးရိမ်မိပါတယ်။ သူတို့ကိုယ်တိုင် သိနေပေမဲ့ ထိမ်းထိမ်းသိမ်းသိမ်း မနေကြဘူး။ မသိတဲ့အသိုင်းအဝိုင်းထက် သိနေတဲ့အသိုင်းအဝိုင်းက ဆင်ခြင်မယ်ဆိုရင် Preventionက ပိုပြီးထိရောက် အောင်မြင်မယ်လို့ ထင်ပါတယ်။ ရာနှုန်းပြည့်အောင်မြင်နေပြီလို့တော့ မယူဆပါဘူး။ဂေးလ်တစ်ယောက်က မွေးလာထဲက လိင်စိတ်ရောအမူအရာရော ပါပါတယ်။ သိသာထင်ရှားတာ ပုန်းတာ ပွင့်တာကတော့ သူ့ရဲ့ပတ်ဝန်းကျင်နဲ့ပဲဆိုင်တယ်။ ကျွန်တော်တို့ပုန်းခဲ့ရတာက ပတ်ဝန်းကျင်အသိုင်းအဝိုင်းကြောင့် ပုန်းခဲ့ရတာပါ။ အခုပွင့်ခဲ့ရတဲ့အသိုင်းအဝိုင်းကြတော့ ပွင့်လဲကိစ္စမရှိတော့ ပွင့်လို့ရတယ်။ အိမ်ပြန်ရောက်ရင်တော့ မိဘစိတ်ဆင်းရဲအောင်တော့ မလုပ်ပါဘူး။ ကိုယ့်ရဲ့လိင်စိတ်ကို ပွင့်ပွင့်လင်းလင်းပြောနိုင်တဲ့သူဟာ ကံကောင်းတဲ့သူတစ်ယောက်ပါလို့ ပြောနိုင်ပါတယ်။ စကားလက်ဆောင်ဆိုရင်တော့

ကိုယ်ချစ်တဲ့သူနဲ့တစ်သက်လုံးပေါင်းနိုင်တဲ့ စုံတွဲတွေဖြစ်ကြပါစေလို့ သစ္စာရှိတဲ့စုံတွဲတွေ ဖြစ်ကြပါစေလို့ပြောချင်ပါတယ်။ နောက်တစ်ခုက ကိုယ့်မှာရည်းစားရှိရှိနဲ့ အပြင်မှာ အပျော်ရှာမယ်ဆိုရင်လဲ ကွန်ဒုံးသုံးကြပါလို့ပြောချင်ပါတယ်။ ကျန်းမာရေးအသိရှိပေမဲ့ တစ်ကြိမ်လောက် ကွန်ဒုံးလွတ်ခဲ့လို့ ကိုယ့်ရဲ့အဖော်ကိုပါ ထိခိုက်ခဲ့တဲ့အဖြစ်အပျက်လေးတွေရှိလို့ အဲ့တစ်ခုကိုတော့ သေသေချာချာလေး ဆင်ခြင်ကြပါလို့ပြောချင်ပါတယ်။

---

## ၃၅။ ထက်ထက် (၂၂) လားရှိုးမြို့

နာမည်က ထက်ထက်ပါ။ အသက်က ၂၂၊ လမ်းရှိုး ဘူတာလမ်းဘက်မှာ နေပါတယ်။ အလုပ်ကတော့ အိမ်အလုပ်ပဲ ဝိုင်းကူတယ်။ Tomboy တစ်ယောက်လိုပဲ ခံယူထားပါတယ်။ငယ်ငယ်လေးထဲက အမေပြောတာတော့ ဂါဝန်တွေ ဝတ်ပေးရင်ဝတ်ပေးလို့မရဘူးတဲ့ ယားတယ်ဆိုပြီး ချွတ်ချွတ်ပစ်တာတဲ့။ အဲလောက်ထဲကလို့ ထင်တယ်။အဲဒါကတော့ ကိုယ့်စိတ်ကို ကိုယ်ပိုင်တယ်လို့ထင်တယ်။ သူတို့အမြင်ကြ မတင့်တယ်ဘူးပေါ့။ ဒါပေမဲ့

ကိုယ့်စိတ်ကဒီလိုဖြစ်နေတော့ ဒီတိုင်းပဲနေချင်တယ်လို့ထင်တယ်။ သဘာဝ မကျဖူးလို့မြင်တဲ့ သူတွေကိုတော့ ဘာမှတော့ မပြောချင်ပါဘူး။ သူတို့ကလဲ သူတို့အမြင်နဲ့သူတို့ပေါ့။ မိန်းကလေးတစ်ယောက်ကို မိန်းကလေး တစ်ယောက်လိုပဲမြင်ချင်တာ။ ဒါပေမဲ့ ကိုယ့်စိတ်ဆန္ဒက tomboy တစ်ယောက်ဖြစ်နေတယ်ဆိုတော့ ကိုယ့်အပြစ်လဲမဟုတ်သလို သူတို့ အပြစ်လဲမဟုတ်ဘူးလို့ ပြောချင်ပါတယ်။ ကျောင်းနေအရွယ်မှာ ကိုယ့်ကိုယ် သူငယ်ချင်းတွေကနေ စတာနောက်တာ၊ ဆရာမတွေကနေ ခွဲခြားဆက်ဆံတာမရှိခဲ့ပါဘူး။အဖြူအစိမ်းနဲ့ ဘောင်းဘီနဲ့ပဲသွားတယ်။ ၈တန်း ၉တန်းလောက်ကြ ထမီဝတ်ရတယ်။ ထမီဝတ်ရတော့ အဆင်တော့မပြေဘူး။ ဒါပေမဲ့ ကျောင်းသားဆိုတော့ဝတ်တော့ဝတ်ရတာပေါ့။ တချို့Tomboyတွေကြ ဒီကိစ္စနဲ့ပတ်သက်ပြီး ကလန်ကဆန်လုပ်ကြတယ်။ မလုပ်ခဲ့ဖူးဘူး။ ဆရာမတွေကို ကြောက်တာလဲပါတယ်။ မိန်းမလိုဝတ်ရတာတော့ အဆင်မပြေဘူးဗျ။ စိတ်ကျဉ်းကျပ်တယ်။ ဆရာမလစ်ရင်တော့ တစ်ခါတစ်လေ ပုဆိုးလိုကောက်ဝတ် လိုက်တယ်။ အချစ်ရေးနဲ့ပတ်သက်ပြီးတော့ကော ချစ်သူထားဖြစ်တာကတော့ သိပ်မကြာသေးဘူး။ တစ်နှစ်လောက်တော့ရှိပြီ။ အရင်တုန်းက Tomboyလိုနေပေမဲ့ မထားဖူးဘူး။ စတွေ့တာတော့ အွန်လိုင်းပေါ်ကစတွေ့တာပေါ့။ အပြင်မှာလဲ တခါမှမတွေ့ဖူးဘူး။ အခုတော့ပြတ်သွားပြီ။ အကြောင်းချင်းလဲမတိုက်ဆိုင်လို့၊ သူကလဲ အရမ်းအနိုင်ယူလို့။ ဖုန်းတွေဘာတွေဆက်ရင် ကိုင်ချင်မှလဲကိုင်တယ်။ ပြန်ဆက်ချင်မှလဲဆက်တယ်။ မဆက်တာများပါတယ်။ ကိုယ်ကမေးလိုက်တယ်ဆို ဘာဖြစ်တယ်ညာဖြစ်တယ်ဆိုပြီး ပြန်ဟောက်တယ်။ ပြီးတော့ သူ့ဘာသာသူပြန်စိတ်ဆိုးသွားတယ်။ အချစ်ကတော့ မပြောတတ်ဘူး။ ကျွန်တော်လဲ တစ်ခါမှမခံစားဖူးဘူး။ ထားတော့ထားဖူးတယ်။ ပထမဆုံးဆိုတော့။ သူ့ကို အပြင်မှာမတွေ့ဖူးပေမဲ့ချစ်တာတော့ အရမ်းချစ်တယ်။ ၃လလောက်ပဲတွဲရသေးတယ် ပြတ်သွားတာ။နောက်တစ်ယောက်နဲ့များ ချစ်သူထားခဲ့ရင် အွန်လိုင်းပေါ်မှာတော့ မထားချင်တော့ဘူးလို့တော့ ဆုံးဖြတ်ထားတယ်။ အပြင်မှာပဲ ကိုယ့်ကို အနွံတာခံပြီး ကိုယ့်ကိုချစ်တဲ့သူကိုပဲ ရှာချင်တော့တယ်။

အလုပ်ကတော့ အိမ်က ကြက်ကုန်ရောင်း၊ကုန်ဝယ်လုပ်တာ ဝိုင်းကူတယ်။ အပြင်အလုပ်လုပ်ဖို့ကအဆင်မပြေဘူး။အိမ်ကလဲခွင့်မပြုဘူး။အိမ်မှာက အခုကျွန်တော်မရှိရင်မဖြစ်သလိုဖြစ်နေတာပေါ့။ ခရီးသွားမယ်ဆိုလဲ မိဘတွေငဲ့ရတော့ မသွားဖြစ်ဘူးပေါ့။ မိသားစုက ခွဲခြားမှု့တော့မရှိဘူး။ အမေကတော့ မကြိုက်ဘူး။ ဒါပေမဲ့ အခုလိုရေရှည် Tomboyလိုနေလာတော့ မပြောတော့ မပြောဘူးပေါ့။ နေမယ်ဆို တသက်လုံးနေ အဲလိုတော့ပြောတယ်။ ကျွန်တော် မိန်းကလေးရည်းစားစထားတော့ ညီမတွေကတော့ ပြောတယ်။

ကိုယ်မိန်းကလေးရည်းစားထားတာကို။ စတာပေါ့။စတာဆိုတော့ စိတ်တော့တိုမိတာပေါ့။ ဒါပေမဲ့ ကိုယ့်စိတ်ခံစားချက်ကလဲ သူတို့ပြောတဲ့အတိုင်း ဖြစ်နေတော့ ဒီတိုင်းပဲငြိမ်ခံလိုက်တာပေါ့။လိင်တူချစ်သူတွေ အတွက် အဓိက လိုအပ်တာကအလုပ်အကိုင်လို့တော့ထင်တယ်။ Tomboy တစ်ယောက်အတွက် အလုပ်အကိုင်က အရေးကြီးတယ်။ တော်ရုံတန်ရုံ ဒီတိုင်းသွားလျှောက်မယ်ဆို ခွင့်မပြုကြဘူး။ အဲ့ဒီတော့ အလုပ်အကိုင်ပဲ အဓိကလို့ထင်တယ်။အလုပ်အကိုင်မှာကြ မိန်းကလေးဆို မိန်းကလေးလိုဝတ်မှ၊ Tomboy တစ်ယောက်လိုနေတယ်ဆို သဘောမကျဘူးပေါ့။

သူငယ်ချင်းပေါင်းတာကတော့ Tomboy အချင်းချင်းပဲ ပေါင်းဖြစ်တာများတယ်။ မိန်းကလေးဆို သိပ်မပေါင်းဖြစ်ဘူး။ ယောကျ်ားလေးတွေကြ ပေါင်းတော့ပေါင်းဖြစ်တယ်။ အရောတဝင်တော့မရှိဘူး။ဒီလိုမနေပဲ မိန်းကလေးတစ်ယောက်လိုပြန်နေဖို့ တစ်ခါတော့ ကြိုးစားခဲ့ဖူးတယ်။ အသက်၁၅နှစ်လောက်တုန်းက အဖွားတို့က ဒီလိုမနေနဲ့ဆိုတော့ မိန်းကလေးလိုပဲ နေဖူးတယ်။ နောက်ကြ ယောကျ်ားလေးတွေ လိုက်ကြိုက်တာခံရတော့ ဆံပင်ညှပ်ပစ်ပြီး လုံးဝဒီလိုနေလိုက်တာ အခုချိန်အထိပဲ။သူတို့က စကားလိုက်ပြောတယ်။ အိမ်အထိတောင်လိုက်လာတာဆိုတော့ စိတ်ကိုကမဝင်စားတာ ဆိုတော့ ပြန်လဲမပြောချင်ဘူး။ ပြန်လဲမဖြေချင်ဘူး။ အဲလိုတွေဖြစ်တယ်။ မိန်းကလေးပုံစံကြ အိမ်ကကြိုက်တဲ့ပုံစံဆိုတော့ မိဘတွေအကြိုက်ပေါ့။ ကိုယ့်စိတ်ဆန္ဒအရဆို မနေချင်ဘူး။ စိတ်ကျဉ်းကြပ်တယ်။ သွားလာရတာ မလွတ်လပ်ဘူး။ Tomboyလိုကြ လွတ်လွတ်လပ်လပ်ရှိတယ်။ အိမ်ကတော့ သဘောမတူဘူးပေါ့။ ကိုယ့်မိသားစုကဖြစ်စေချင်တဲ့ပုံစံနဲ့ ကိုယ်ဖြစ်ချင်တာနဲ့ မတူတဲ့အခါ ကိုယ့်ကိုယ်အပြစ်တင်တာတွေ မနစ်မြို့တာတွေတော့ မရှိခဲ့ဖူးပါဘူး။တသက်လုံး Tomboy တစ်ယောက်လိုပဲနေသွားမယ်လို့ ခံယူထားတယ်။သူငယ်ချင်းတွေဆုံတဲ့ အခါတူတူအပြင်သွားကြတယ် ဘုရားသွားတယ်။ တခါတလေကြ သူငယ်ချင်းတွေအကုန်ဆုံတယ်ဆိုရင် အစားအသောက်တွေ စားတယ်။ ဘီယာတွေဘာတွေလဲ တစ်ခါတစ်လေ သောက်ဖြစ်တယ်။ ယောကျ်ားလေးသူငယ်ချင်းတွေနဲ့တော့ မသွားဖြစ်ဘူး။ Tomboyတွေနဲ့ပဲ သွားဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ တချို့ယောကျ်ားလေးတွေကြ အကျင့်စာရိတ္တကောင်းတယ်။ Tomboyဆိုပေမဲ့ ညီအစ်ကိုချင်းလို တွဲတယ်။ တချို့ကြတော့ မိန်းကလေးပဲဆိုပြီး အနိုင်လိုချင်တဲ့စိတ်တွေရှိတယ်။ တချို့ကြတော့ တဏှာ စိတ်တွေ ဘာတွေနဲ့ ကိုင်တွယ်တာရှိတယ်။ အဲဒါကြောင့် မသွားဖြစ်ဘူး။Tomboy ချင်းတူပေမဲ့ စိတ်ချင်းက မတူညီကြပါဘူး။ ကျွန်တော်တို့ဆို ဘာမှမလုပ်တတ်ဘူး။ တစ်ခါတစ်လေ

ဘီယာသောက်တာလောက်ပဲရှိတယ်။ တချို့ Tomboyတွေကြ အကုန်လုပ်ဖူးတာမရှိဖူးပေါ့နော်။ KTV တို့ တစ်ချို့နေရာတွေကိုတော့မသွားသင့်ဘူးလို့ထင်တယ်။ ဘာလို့လဲဆိုတော့ ကိုယ်ကဘယ်လိုပဲ ယောကျ်ားလေးလိုပဲနေနေ မိန်းကလေးက မိန်းကလေးပဲဖြစ်နေမှာမလို့။ လူမှုရေး အဖွဲ့အစည်းတွေကိုတော့သူငယ်ချင်းကနေတစ်ဆင့် ချိတ်မိသွားတာပါ။ ကိုယ်လုပ်ဖြစ်တဲ့ အခါကျတော့ ပျော်တာတော့ အရမ်းပျော်မိတယ်။ ဘာလို့လဲဆိုတော့ ကိုယ်ဖြစ်ချင်တဲ့ ဆန္ဒတွေကို အကောင် အထည်ဖော်လို့လဲရတယ်။ နောက်တာဝန်တစ်ခုလဲဖြစ်တယ်လေ။ အဲဒါကြောင့် အပေါင်းအသင်းတွေ အကုန်လုံးနဲ့လဲ စုစုရုံးရုံးနေရတယ်ဆိုတော့ အရမ်းပျော်တယ်။ ကျွန်တော်လိုချင်တာက Tomboyတစ်ယောက်အနေနဲ့အလုပ်အတည်တကျဖြစ်စေချင်တာပေါ့။ အလုပ်အကိုင်အခက်အခဲမရှိအောင်လို့တော့ တောင်းဆိုချင်တယ်။ဘဝမှာ စိတ်ကူးရင်ထားတဲ့ မိသားစုဘဝဆိုရင်တော့ အဲဒါတော့ တစ်ခါမှ စိတ်ကူးမယဉ်ဖူးဘူး။ ရည်းစားရှိတုန်းကတော့ စိတ်ကူးယဉ်ဖူးတယ်။ ယူပြီးသွားရင် ကလေးမွေးစားမယ်ပေါ့။ အဲလိုတော့ စိတ်ကူးယဉ်ဖူးတယ်။တခြားရည်းစားထက်ထားဖို့တော့ အခုလောလောဆယ်အဲဒါတော့မရှိဘူး။ ကိုယ့်ကိုလဲ ချစ်မှ ကိုယ်ကလဲချစ်မှထားတော့မယ်လို့ စိတ်ကူးထားတယ်။

မိသားစုနဲ့ကြတော့ အိမ်မှာကမရှိမဖြစ် အဖေ၊အမေဘယ်သွားသွား ကိုယ်ကဦးစီးရတာဆိုတော့ မိသားစုမှာပဲ အတည်မြဲဆုံးနေသွားမယ်လို့ ဆုံးဖြတ်ထားတယ်။ သူငယ်ချင်းတွေဆို တွေ့ရင် အလုပ်တူတူ လုပ်ဖို့တော့ စုပြီးပြောဖြစ်တယ်။ ဒီလိုအစည်းအရုံးဖွင့်လိုက်တာဆိုတော့ ပိုပြီးအားတက်တယ်။ ဘုရားရွှေ တက်မချရဘူးတို့ ပြီးတော့ ယောကျ်ားလျာတွေ မိန်းမလျာတွေ မတက်ရပေါ့ အဲ့လိုထုတ်ထားတဲ့ စည်ကမ်းတွေကိုတော့ ဘယ်လိုပြောမလဲ အဲဒါတော့ မိန်းကလေးတစ်ယောက်ဆိုရင်တော့ ကိုယ်ကမသန့်ဘူးလေ အဲဒီ့တော့ ဘုရားပေါ်တက်တာ မကောင်းဘူးလို့တော့ထင်တယ်။ တခါတော့ ငယ်ငယ်တုန်းက သီလရှင်ဝတ်ဖူးတယ်။ အခုအရွယ်ရောက်လာတော့ မဝတ်ဖူးဘူး။ ဝတ်ရမှာလဲ ရှက်တယ်။ ယောကျ်ားလေးတွေ ဘုန်းကြီးဝတ်တာမြင်တော့ ဂုဏ်ယူတယ်။ အားလဲအားပေးတယ်။ ကိုယ်မဝတ်နိုင်ပေမဲ့ သူတို့ဝတ်နိုင်တော့ အားပေးတယ်။ ကိုယ်လဲ စီးပွားရေးကောင်းလာရင် မဝတ်နိုင်တဲ့ ယောကျ်ားလေးတွေကို ဝတ်ပေးချင်တယ်။ နောက်ဘဝရှိခဲ့ရင် ယောကျ်ားလေးပဲဖြစ်ချင်တယ်။ယောကျ်ားလေးဆိုတာ ဘုန်းကံရှိတယ်။ ဦးစီးနိုင်တယ်။ မိန်းကလေးဆို နှိမ်ကြတယ်။ ဘယ်လိုမှလဲ မဦးစီးနိုင်ဘူးလေ။ အိမ်တစ်အိမ်မှာ အိမ်ထောင်ဦးစီးကအဓိကပဲဆိုတော့ ယောကျ်ားလေးပဲဖြစ်ချင်တယ်။ Tomboy တစ်ယောက်အနေနဲ့ Gay တွေကိုကော ဘယ်လိုမြင်လဲဆိုရင်တော့သူတို့ကလဲ ကိုယ်တွေလိုပါပဲ။

Gay ဆိုတော့ Gay အတိုင်းပဲသွားမှာပေါ့။ မိန်းကလေးပဲ သူတို့ဖြစ်ချင်မှာပေါ့။ Tomboy ကြတော့ ယောက်ျားလေးပဲဖြစ်ချင်တယ်။

---

## ၃၆။ ကိုဂနေး (၃၀) ပြည်မြို့

မင်္ဂလာပါကျနော်က ပြည်မြို့၊ နေကျော်တန်းရပ်ကွက်၊ တဂေါင်းမြို့လေးလမ်းမှာနေပါတယ်။ ကျနော့်ရဲ့ နာမည်က ကိုဂနေးလို့ ခေါ်ပါတယ်။ ကျနော်အသက်က သုံးဆယ်ထဲမှာရှိပါပီ။ ကျနော့်လက်ရှိအလုပ်ကတော့ အလှပြင်ပါတယ်။ ခေတ်တစ်ရာစွယ်တော်ဦး လူမှုကျန်းမာရေး အဖွဲ့ထဲမှာ တာဝန်ယူထားပါတယ်။ ကျွန်တော့်ရဲ့ လိင်စိတ်ကိုမိန်းမတစ်ယောက်လို့ပဲခံယူထားပါတယ်။လူမှန်းသိတတ်စအရွယ်ငယ်ငယ်လေးကတည်းကဒီစိတ်ကိုဝါသနာခဲ့တာ။အိမ်ထဲမှာဆိုရင်တော့ အဖေနဲ့အစ်ကိုက လုံးဝမကြိုက်ဘူး၊ ကျနော့်ကို ခဏခဏရိုက်တယ်၊ အခြောက်ဖြစ်ရမလား၊ ခုလိုနေရမလားဆိုပြီးဆူတယ်။ ဦးလေးအိမ်ကိုရောက်တော့လဲ ငါတို့မျိုးရိုးထဲမှာ အခြောက်ဆိုတာမရှိဘူးလို့ ပြောတယ်။ ဦးလေးတွေက မင်းရဲ့သားကို ငါတို့ဆီကိုလွှတ်ဆိုပီး ဇီးကုန်းမြို့ကို ခေါ်သွားခဲ့တယ်။ ပီးတော့ကျနော့်ကို ယောက်ျားလေးဖြစ်အောင် ပြုပြင်ကျတယ်။ ကျနော့်ကိုအပြေးပြိုင်ခိုင်းတယ်။ ဘော့လုံး ကန်ခိုင်းကြတယ်။ အိမ်မှာနေတဲ့အချိန်ဆိုလဲ လက်ဝှေ့အိတ်တွေ ထိုးခိုင်းတယ်။ ကြမ်းကြမ်းတမ်းတမ်းအလုပ်တွေ လုပ်ခိုင်းခဲ့တယ်။ ဒါပေမယ့် သူတို့ဘယ်လောက်ဘဲ လုပ်ခိုင်းပါစေ ကျွန်တော့်ရဲ့စိတ်ကတော့ အခြောက်လိုဘဲ။ စကားပြောရင်နွဲ့တယ်။ ငိုစရာရှိရင်ငိုတယ်။ စိတ်ကောက်စရာရှိရင်လဲ စိတ်ကောက်တယ်။ ဦးလေးတွေပြုပြင်ပေးလဲမရခဲ့ဘူး။အဒေါ်တစ်ယောက်ဆို ကြမ်းကြမ်းတမ်းတမ်း ပြောခဲ့တယ်။ နင်တို့ကိုယောက်ျားအဖြစ် မွေးလာတာ၊ ခုလိုဆိုငါတို့သိက္ခာကျတယ်။ နင်တို့အဖေကမျိုးကမကောင်းဘူး၊ ဒါကြောင့် နင်လဲဘာဖြစ်တယ်ညာဖြစ်တယ်နဲ့ပေါ့။ စကားလုံးတွေနဲ့အမျိုးမျိုးနဲ့ နှိပ်ကွပ်ခဲ့တယ်။ ပြီးတော့ ကျွန်တော့်ကို တိုင်မှာကြိုးတွေနဲ့ချည် အဝတ်တွေချွတ်ပြီး နွားသရေပတ်တွေနဲ့ရိုက်တယ်။ ဖိနပ်ချုပ်တဲ့အပ်တွေနဲ့လဲ အသားတွေကိုထိုးခဲ့ကြတယ်။ နောက်ပြီးတော့ ထမင်းညမနက် မကျွေးဘဲနဲ့လဲ ရက်ရှည်လများနှိပ်စက်ဖူးပါတယ်။ ကိုယ်ကတော့မရှင်းပြခဲ့ဘူး။ ဦးလေးတစ်ယောက်ကတော့ ကျနော့်ကိုအရမ်းနားလည်တယ်။ ခုချိန်ထိလဲဒီမြို့မှာတူတူရှိတယ်။ သူကတော့ကျနော့်ဖက်ကနေပြီး ပြောပေးခဲ့တယ်။ ခြောက်ချင်တဲ့သူက ခြောက်မှာပါပဲ။ နင်တို့ဘယ်လောက်ပဲ သွန်သင်နေပါစေ။ ဘယ်လောက်ဘဲပြောနေပါစေ သူ့စိတ်သူ့ဗီဇကိုကမပြုပြင်နိုင်တာပါ။ သူ့အဖေအမေတွေတောင် ဘာမှမပြောဘူး။

ဦးလေးတွေအဒေါ်တွေဖြစ်တဲ့နင်တို့ အရမ်းမလုပ်သင့်ဘူး။ သူကမကျေနပ်လို့ တိုင်ခဲ့ရင်နင်တို့ ဘယ်လိုလုပ်မှာလဲလို့ ပြောပြီးတဲ့နောက်မှာတော့ သိပ်မပြောကြတော့ဘူး။ ဒါပေမယ့် ကျနော့်ကို ယောကျ်ားလေးတစ်ယောက်ဖြစ်အောင်လို့ လုပ်ကြတယ်။ ဖြစ်ချင်တော့ ကျနော်ခြောက်တန်းတက်နေတဲ့ အချိန်မှာ အပြေးပြိုင်ပွဲလုပ်တော့ ဝင်ပြိုင်ခိုင်းတယ်။ မပြေးချင်ဘူးပြောတော့ ရိုက်တယ်။ နင်ပြေးကိုပြေးရမယ်လို့ ပြောတယ်။ အဲ့တော့ အပြေးလေ့ကျင့်ခဲ့ရတယ်။ ခဲလုံးတွေထမ်းပြီးတော့လဲပြေးခဲ့တယ်။ ကံကောင်းချင်တော့ ကျနော်ဇီးကုန်းနဲ့နတ်တလင်းအသွားမှာ ပထမရခဲ့တယ်။ အပြန်ဇီကုန်းကိုတော့ ဒုတိယနဲ့ပန်းဝင်ခဲတယ်။ အဲဒီနောက်ကြို့ပင်ကောက်၊ မင်းလှ၊ အုပ်ဖိုတွေမှာ သွားရောက်အပြေးပြိုင်ခဲ့ရတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် အဲအချိန်ကတည်းက ကျနော်လိင်တူဆက်ဆံနေပါပြီ။ ယောကျ်ားလေးတွေကို စိတ်ဝင်စားတယ် စုံမက်တယ်။ နောက်ပြီး ကျူရှင်ဆရာမရဲ့အဖေနဲ့လဲ Oral Sex လုပ်ပေးခဲ့ဖူးပါတယ်။ အဲဒီအချိန်ကတည်းက အပြေးတွေပြိုင်နေပါစေ ကျနော့်ရဲ့လိင်စိတ် ကတော့ လိင်တူချင်းပဲခုံမင်ခဲ့တယ်။ ပြေးတဲ့အချိန်မှာတော့ ငါအခြောက်မတစ်ယောက်က လုပ်နိုင်ပါတယ်ဆိုပြီး ဂုဏ်ယူခဲ့ပါတယ်။ ဦးလေးတွေကလဲ ငါ့တူကန္တဲ့သာန္တဲ့တာ ဆုတွေတော့ယူပေးနိုင်တယ်။ အမျိုးဂုဏ်ကို ဆောင်နိုင်ပါသေးတယ်လို့ပြောခဲ့ကြတယ်။ မှတ်မှတ်ရရ အပြေးပြိုင်တာ ပထမရတဲ့အချိန် ဦးလေးက လက်စွပ်တစ်ကွင်း လုပ်ပေးဖူးတယ်ဗျ။ ဒါပထမဦးဆုံးကျနော့်ဘဝမှာ အပျော်ဆုံးနေ့ပါဘဲ။

ကျနော်ပထမဆုံးလိင်ဆက်ဆံဖော်က

ကျနော့်ဦးလေးပါ။ အမေ့ရဲ့မောင်ပေ့ါ။ ကျနော်က သူနဲ့စပြီးဆက်ဆံခဲ့ပါတယ်။

နောက်ပိုင်းအိမ်မှာဘဲဦးလေးနဲ့နေခဲ့ကြတယ်။ တော်တော်များများတော့ အကိုတွေအမျိုးတွေနဲ့ဘဲ ဖြစ်ခဲ့တယ်။ အပြင်လူနဲ့တော့နည်းပါတယ်။ ညဖက် အပြင်သိပ်မထွက်ရဘူးဆိုတော့ အိမ်ထဲမှာဘဲ လိင်ဆက်ဆံခဲ့ကြပါတယ်။ ခြံအကျယ်ကြီးထဲမှာ အိမ်သုံးအိမ်ရှိတယ်။ အမျိုးတွေစုနေကြတော့ ယောက်ကျာလေးတွေကလဲ အများကြီးဘဲ။ ညီအစ်ကိုတစ်ဝမ်းကွဲတွေ ဦးလေးတွေနဲ့ဘဲဖြစ်ခဲ့ပါတယ်။ အဲဒီလိုတော့မရှိပါဘူး။ ကိုယ့်ကိုကန့်ကွက်တာမျိုးရှုံ့ချတာမျိုးလဲမရှိဘူး။ ဦးလေးနှစ်ယောက်နဲ့ပဲ အဆင်မပြေတာပါ။ အဲအချိန်တုန်းကတော့ သူတို့နှစ်ယောက်နဲ့ လိင်ကိစ္စမဖြစ်သေးတဲ့အချိန်ပေ့ါ။ တစ်နေ့မှာတော့မော်လမြိုင်ကလာတဲ့ ဦးလေးတစ်ယောက်ရဲ့ ယောက်ဖနဲ့ sex ဖြစ်နေတဲ့အချိန်မှာ အရမ်းဆိုးတဲ့ဦးလေးတစ်ယောက်က တွေ့သွားခဲ့တယ်။ နောက်သူကိုယ်တိုင်ကဘဲ ကျနော်နဲ့လိင်ဆက်ဆံခဲ့ပါတယ်။ အဲကတည်းက ဒီနေ့ထိ ကျနော့်အပေါ်သူက အပြစ်မမြင်တော့ပါဘူး။ ဟုတ်ပါတယ်။ ဒီနေ့ချိန်ထိလဲ ကျနော့်ဦးလေးတွေနဲ့

လိုင်ဆက်ဆံတာဆွေမျိုးတွေလဲ အကုန်သိကြတယ်။ ဒါပေမယ့်ကျနော်က လူတိုင်းနဲ့တော့မလုပ်ပါဘူး။ ကိုယ်စည်းကမ်းနဲ့ကိုယ် နေပါတယ်။ တွေ့ကရာယောကျာ်းတိုင်းနဲ့ မနေတဲ့အတွက်တော့ ဦးလေးတွေကကျနော့်ကို လက်ခံပါတယ်။ နောက်တစ်ခုက ကျနော်ကအိမ်မှာအငယ်ဆုံးလဲဖြစ်တယ် အိမ်ကမိသားစုအားလုံးကလဲ အရေးပေးလက်ခံလာတယ်။ အိမ်မှုကိစ္စတွေအားလုံးလဲ ပိုင်ပိုင်နိုင်နိုင်လုပ်နိုင်တဲ့ ကျနော့်ကို သူတို့ဘာမှမပြောကြတော့ဘူး။ ကျနောက်ခြောက်တန်းအောင်ပြီး ခုနစ်တန်းနှစ်မှာ ကြို့ပင်ကောက်ဘုရားပွဲမှာ လက်ဝှေ့ပွဲ တစ်ခုရှိတော့ ဦးလေးတွေကလက်ဝှေ့ထိုးပါလားပြောကြတယ်။ အဲ့ဒီတုန်းကြောက်လို့မထိုးရဲဘူး ပြောလိုက်တယ်။ ကျနော်အပြေးလဲပြိုင်ခဲ့ပြီးပြီ ဘောလုံးလဲကန်ခဲ့ပြီးပြီ လက်ဝှေ့တော့ မထိုးပါရစေနဲ့ပြောတော့ ဦးလေးတွေကအတင်းအကျပ်ထိုးခိုင်းပါတယ်။ ဘကြီးတွေကလဲ ငါတို့မျိုးရိုးက လက်ဝှေ့ထိုးတဲ့မျိုးရိုး မင်းဝင်ထိုးရမယ်လို့ပြောပြီး အတင်းဝင်ထိုးခိုင်းခဲ့တယ်။ ကျနော်ကမထိုးဘူးဘဲငြင်းတော့ အဲဒီနေ့မှာ ထမင်းသုံးနပ် မကျွေးဘဲထားတယ်။ ကလေးအရွယ် ဗိုက်ကလဲအရမ်းဆာလာတော့ အဒေါ်တွေကတော့ ခိုးကျွေးခဲ့ကြပါတယ်။ ပြီးတော့ ဒီတစ်ပွဲတော့ထိုးလိုက်ပါသားရယ်တဲ့။ အဲတော့ ဟုတ်ကဲ့ဆိုပြီးခေါင်းညိမ့်ပြခဲ့ပါတယ်။ ခုနစ်တန်းပီးတဲ့အချိန်မှာ

ကျနော်လက်ဝှေ့ဝင်ထိုးဖြစ်ခဲ့ပါတယ်။ ထိုးတဲ့အချိန်မှာ ကျနော်တို့ဇီးကုန်းသား အချင်းချင်းဖြစ်နေတယ်ဗျ။ လူလတ်ပိုင်းအနေနဲ့ ယှဉ်ပြိုင်ကြရတယ်။ ဒီပွဲမှာဘယ်လိုဖြစ်ပီးနိုင်သွားမှန်း ကိုယ့်ကိုမသိခဲ့ဘူး။ ပထမတစ်ချီထဲနဲ့တန်းနိုင်သွားတယ်။ သူတစ်လှည့်ကိုယ်တစ်ခါထိုးကြတော့ ကျနော်ကဘယ်သန်ဆိုတော့ အယူအဆတွေလွဲတဲ့ အချိန်မှာအားသာခဲ့ပါတယ်။ ဒါပထမဆုံးကျနော့်ဘဝမှာ နိုင်တဲ့ပွဲဖြစ်ခဲ့တယ်။ အဲဒီကနေစပြီး ကြို့ပင်ကောက်မှာ ခြောက်ပွဲဆက်တိုက် ထိုးခဲ့တယ်။ မင်းလှမှာက နှစ်ပွဲထိုးခဲ့ပါတယ်။ ဝါသနာမပါပေမယ့် ဦးလေးတွေကို မလှန်နိုင်လို့ ကြောက်လို့ထိုးခဲ့ရတာပါ။ ထိုးရင်းနဲ့ဘဲ ကျနော်ဆယ်တန်းကျောင်းသားနှစ်မှာ ၉၅၊၉၆မှာ ပဲခူးငါးထပ်ကြီးဘုရားပွဲမှာ ထိုးဖို့လူရွေးခဲ့ကြတယ်။ ဇီးကုန်းကိုယ်စားပြုအနေနဲ့ ကျနော်ယှဉ်ပြိုင်ခွင့်ရတယ်။ ပြည်နယ်နဲ့တိုင်းက အရွေးခံရဖို့အတွက် ကျနော်က မန္တလေးကလူနဲ့ကျတယ်။ သူ့ကိုနိုင်မှရမှာပါဗျ။ တိုက်ကြီးဘောလုံးကွင်းမှာ သွားရောက်ဝင်ပြိုင်ရပါတယ်ဗျ။ ထိုးတဲ့အချိန်မှာတော့ သူကလဲဘယ်သန် ကိုယ်ကလဲ ဘယ်သန်ဖြစ်နေတယ်။ သူကbodyလဲတောင့်တယ်။ ကြွက်သားတွေဆိုအကြီးကြီးဘဲ။ သူနဲ့ယှဉ်ရင် ကျနော်ကသေးသေးလေးဖြစ်နေတယ်။ ဒါပေမယ့် ဦးလေးတွေကို

ကြောက်တဲ့စိတ်နဲ့ယှဉ်ပြိုင်ထိုးခဲ့တော့အဲဒီပွဲမှာအနိုင်ရခဲ့တယ်။ဒါပေမယ့်
ကျနော်လဲတော်တော်လေးကိုခံခဲ့ရတယ်။ထမင်းဆယ်ရက်လောက်မစား
နိုင်ဘဲဖြစ်သွားတယ်။အသေအလဲထိုးခဲ့ရပါတယ်။ဒီလိုနဲ့ပြည်နယ်နဲ့တိုင်း
ကိုယ်စားပြုအဖြစ် ပဲခူးကိုသွားရောက်ယှဉ်ပြိုင်ခဲ့တယ်။
နိုင်သွားတဲ့အချိန်မှာတော့ အခြောက်တွေနဲ့ခင်နေပြီ။
ကိုယ့်ကိုလဲအခြောက်လို့ လူတွေ သိနေတယ်။
ယောကျာ်းတွေလုပ်နိုင်တာ ငါတို့အခြောက်တွေလဲလုပ်နိုင်တယ်ဆိုတဲ့
စိတ်မျိုးတော့ဝင်မိပါတယ်။ အဲဒီအချိန်တုန်းက
လူတွေကအခြောက်တွေကို အရမ်းနှိမ်ကြတယ်။ ဒီတော့ကျနော်က
အခြောက်မတွေသည် ယောကျာ်းတွေနဲ့ရင်ဘောင်တန်းပြီးတော့
စင်ပေါ်မှာလက်ဝှေ့ထိုးနိုင်တယ်၊ ယှဉ်ပြိုင်နိုင်တယ်ဆိုတဲ့
ဂုဏ်နဲ့ပျော်ရွှင်ခဲ့ရပါတယ်။ငါအခြောက်တွေရဲ့ကိုယ်စားပြုထိုးခဲ့တာ၊အာသ
ားနာပါစေငါဂုဏ်ယူတယ်လို့တွေးခဲ့တယ်။ပွဲမှာထိုးပြီးတော့ပြန်လာတဲ့အ
ချိန်ဆို ကျနော်သူငယ်ချင်းအခြောက်တွေအများကြီး အိမ်ကိုလာတော့
ဘာမှမပြောကြတော့ဘူး။ သူတို့ကမုန့်တွေဝယ်လာပြီးလဲကျွေးကြတယ်။
ဘဝတူချင်း ကျနော့်ကိုအားပေးတော့
အရမ်းပျော်ခဲ့ရပါတယ်။အစထိုးတုန်းကတော့တစ်ပွဲထိုးမယ်ပြောခဲ့တာပေ
ပေါ့။ဒါပေမယ့်နောက်ဆက်ထိုးဖြစ်တာကတော့ အဖေကထိုးစေချင်တယ်။
ငါ့သားအခြောက်ဖြစ်လို့အားမငယ်နဲ့ဆိုပြီး ဆက်ထိုးခိုင်းခဲ့တယ်။
အမျိုးတွေကလဲအားပေးပြီး ထိုးခိုင်းခဲ့ကြတယ်။ ထိုးသမျှပွဲတိုင်းလဲ
အကုန်လာအားပေးကြတယ်။
နောက်ပိုင်းတော့အရမ်းဝါသနာပါလာတယ်။
ဆက်လဲထိုးချင်လာပါတယ်။ ပဲခူးပွဲထိုးတဲ့အချိန်မှာ
အဖေကလဲပြည်မြို့မှာ အသဲအသန်ဖြစ်နေပြီ။ ငါရှုံးရှုံးနိုင်နိုင်
ဒီပွဲပြီးရင်တော့ နောက်ဆက်မထိုးတော့ဘူး။
ဘာလို့လဲဆိုတော့အဖေတစ်ခုခုဖြစ်ရင် အိမ်ကိုငါဦးစီးရမယ်ပေါ့။
ဒါပေမယ့်ပွဲမှာသရေကျခဲ့တယ်။
ကျနော်ဆယ့်ခြောက်ပွဲထိုးခဲ့ဖူးပါတယ်။ကျနော်ကိုးပွဲတိတိနိုင်ခဲ့ပါတယ်။
နှစ်ပွဲကတော့အကျွတ်လွတ်ရှုံးခဲ့တာပေါ့။ ကျန်တဲ့ပွဲတွေက
သရေကျခဲ့ပါတယ်။ ဒီနေ့အချိန်ထိတော့ အမြဲတမ်းမိန်းမလိုမဝတ်ဘူး။
သွားဖို့လာဖို့ ပွဲလမ်းသဘင်တွေရှိရင်တော့ မိန်းမလိုဝတ်တယ်။
သာမာန်အချိန်တော့ ယောကျာ်းလိုဘဲဝတ်ဖြစ်တယ်။ ဒါပေမယ့်
ဆံပင်ရှည်ထားတယ်။ လှချင်ပချင်ခဲ့တယ်။
ညှပ်လိုက်ကောက်လိုက်ဖြောင့်လိုက်နဲ့ပါဘဲ။ သနပ်ခါးလဲလိမ်းပါတယ်။
အလုပ်တွေလဲမျိုးစုံအောင် လုပ်ခဲ့ရပါတယ်။ ဖရဲသီးလဲရောင်းခဲ့ဖူးတယ်။
လမ်းဘေးမှာအကြော်တွေလဲရောင်းခဲ့တယ်။
အကြော်ရောင်းကုန်အောင်လဲ လမ်းဘေးမှာကပြခဲ့ရတယ်။
အလှအပတော့ကြိုက်ပေမယ့်မိန်းမပုံလိုတော့မဝတ်ဘူးဗျ။အခြောက်မ
ကြီးတွေနဲ့သိပ်မရင်းနှီးဘဲအပုန်းလိုတော့ဖြစ်နေတယ်။
ဒါပေမယ့်လိင်စိတ်မှာတော့ အပွင့်မလို့လူတိုင်းသိအောင်

ဖွင့်ဟာဝန်ခံထားပါတယ်။ အားလုံးရဲ့အမြင်မှာတော့အပုန်းပေါ့။ နောက်အလုပ်တစ်ခုက သံဆိုင်မှာခြောက်နှစ်လောက်ဝင်လုပ်ခဲ့တယ်။ သံတွေထမ်း၊ ဘိလပ်မြေအိပ်တွေလဲထမ်းတယ် အစုံပါဘဲ။ အဲဒီကနေပြီး 2001 ခုနှစ်လောက်မှာ သံဆိုင်ကဦးလေးက ကျနော့်ကို မင်းကန္တွန္တွနောင်းနောင်းလဲနေတယ်ဆိုတော့ ပိုက်ဆံထုတ်ပေးမယ် မိတ်ကပ်ပြင်တာသင်ပါလားလို့ပြောခဲ့တယ်။ ဒီလိုနဲ့ မိတ်ကပ်ပြင်ဆိုင်က သူငယ်ချင်းတစ်ယောက် မိသွန်းနဲ့စသိခဲ့တယ်။ အဲဒီကတစ်ဆင့် ဦးမောင်မောင်ကြီးဆီကို ခေါ်သွားခဲ့တယ်။ မာမီကြီးတွေနဲ့စသိကျွမ်းခဲ့တယ်။ ခင်မင်လာခဲ့တယ်။ အဲဒီအချိန်ကစပြီး အတီအလင်း လိင်ဆက်ဆံတာတွေကို လုပ်ခဲ့ပါတယ်။ ကျနော်တို့ငယ်တုန်းက သကြ်န်သီချင်းတွေဖြစ်တဲ့ ဟောတော့တို့ ရှာပုံတော်မင်းသားကြီးတို့ သီချင်းတွေခေတ်စားတယ်။ အကြော်ဗန်းရွက်သွားပီဆိုတာနဲ့ အခြောက်မလေး အကြော်ဝယ်အုံးမယ်ဆိုးပြီး ဗန်းကိုဘေးချပြီးကပြခိုင်းကြတယ်။ ငါတို့အားပေးမယ်လို့ပြောကြတော့ ဘောင်းဘီတိုလေးနဲ့ သမီးကပြမယ်ပြောပြီး ဟန်ပန်လေးတွေနဲ့ကခဲ့ပါတယ်။ ဘတ်စကက်ဘောကွင်းမှာ ဖရဲသီးရောင်းတဲ့အချိန် ဘောလုံးလာထိပြီး အကုန်ပြုတ်ကျလို့ငိုတော့ အနားကလူတွေက နှစ်သိမ့်ပေးပြီး ပိုက်ဆံအပိုတွေတောင် ပေးခဲ့ကြတယ်။ အိမ်ရောက်တော့အမေက ဘယ်ကပိုက်ဆံတွေ အများကြီးရလာတာလဲလို့ မေးခဲ့ပါတယ်။ အခြောက်လိုကပြတာတော့ ဘာမှမပြောကြပါဘူး။ အကိုကတော့ ကျနော့်ကို စကားသိပ်မပြောခဲ့ပါဘူး။ ဟုတ်ပါတယ်။ အစ်ကိုကတော့ ကြမ်းကြမ်းတမ်းတမ်းတွေမလုပ်နိုင်ဘူး။ အသောက်အစားတော့ လုပ်တယ်။ သူနဲ့ယှဉ်ရင်ကျနော်က အကုန်လုပ်နိုင်တယ်။ လက်ဖွေ့ပညာရခဲ့တာက အမေ့ရဲ့မောင်တွေဦးလေးတွေက သင်ကြားပေးခဲ့ပါတယ်။ သူတို့ကလက်ဖွေ့ပညာရှင်တွေ ဒိုင်တွေပါ။ ငယ်ငယ်တုန်းကတော့ မိန်းမလျာဆိုတော့ ကတတ်နေတာပေါ့ ဘယ်သူ့ဆီကမှ မသင်ပါဘူး။ ကြီးလာတဲ့အခါမှာတော့ အခြောက်အမေကြီးတွေဆီက သင်ယူပြီး စတိတ်ရှိုးလ်တွေကတယ်။ ဟာသတွေလဲကခဲ့ပါတယ်။ အလွမ်းအဆွေး၊ အငိုအရီတွေအားလုံးပါဘဲ။ အကြိုက်ဆုံးက ဟာသလုပ်ရတာဘဲဗျ။ ကျနော့်ရဲ့ခံယူချက်ကတော့ ကျနော်တို့ကိုလာကြည့်တဲ့သူတွေ စိတ်ပျော်ရွှင်စေချင်တယ်။ ကိုယ်လုပ်လိုက်တဲ့ ဟန်ပန်အမူအယာကြောင့် ရယ်မောလက်ခုပ်တီးသံတွေကြားရတော့ ကျနော်ပျော်ပါတယ်။

မိတ်ကပ်စသင်တော့ ကျနော့်ဆရာ မသန်းပေါ့။ ဒါပေမယ့်ကျေးဇူးရှင်ဆရာကတော့မာမီကျော်ပါ။ သူကခုလက်ရှိကျနော့်ရဲ့ဆရာဦးခင်ဇော်ဆီကို ခေါ်သွားပေးပြီး လိုက်အပ်ပေးခဲ့တယ်။ ငါးနှစ်လောက်ပညာသင်ခဲ့တယ်။ နောက်ပိုင်းမှခွဲထွက်ပြီးလုပ်ခဲ့ပါတယ်။ အလှတွေပြင်ရင်းနဲ့ဘဲ NGOလဲလုပ်နေပါပြီ။ 2012လောက်မှာ

မာရီစတုပ်မှာကျန်းမာရေးဝန်ထမ်းစလုပ်ပါတယ်။ အဲဒီကစပြီး အလုပ်နှစ်ခုလုံးကို ယနေ့အထိလုပ်နေပါတယ်။ နောက်ပိုင်းမှာ တစ်ခြားလုပ်ဖြစ်တာကတော့ ရွာတွေမှာ မိတ်ကပ်လိုက်ပြင်ရင်းကခြံတွေစိုက်တယ်။ အသီးနှံမျိုးစုံစိုက်ပါတယ်။ ကိုယ်တိုင်နားမလည်ပေမယ့် ဦးစီးလုပ်ကိုင်ပေးတဲ့ ပါတနာတစ်ယောက် ရှိပါတယ်။ အခက်အခဲတွေအများကြီးနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ သူခိုးလို့လဲအပြောခံခဲ့ရတယ်။ အနှိမ်လဲခံခဲ့ရတယ်။ အရိုက်အနက်တွေလဲခံခဲ့ရပါတယ်။ မျက်ရည်ကျတဲ့ထိ ဒုက္ခတွေ အများကြီးကြုံခဲ့ရပါတယ်။ ကျနော်အရင်က အရမ်းဆင်းရဲပါတယ်။ အခုတော့ အဆင်ပြေစွာနေနိုင်ပါပြီ။ မိသားစုကိုးယောက်ရှိတယ်။ တစ်အိမ်လုံးတာဝန်ကို ကျနော်ထမ်းထားပါတယ်။ အမေတွေအစ်မတွေကလဲ မိတ်ကပ်ပညာသင်ဖို့အတွက် မကန့်ကွက်ခဲ့ကြဘူး။ အရေးကြီးလို့ ဆရာကညဥ့်နက်ပွဲတွေ လာခိုင်းရင် အမေတို့ကလိုက်ပို့ပေးပြီး ပွဲတွေသွားပြင်ကြရတယ်။ ဆရာက ဘာလုပ်ရမယ်ညာလုပ်ရမယ် မပြောဘူး။ ကိုယ်တိုင်ကဘဲ စာအုပ်ထဲခိုးရေးမှတ်ရတယ်။ အိမ်ပြန်တဲ့အခါမှာတော့ ကိုယ့်သူငယ်ချင်းတွေ၊ ညီမတွေဆီမှာ လက်တွေ့ပြန်ဆင်းတယ်။ ဒီလိုနဲ့ကျနော်ပညာကိုသင်ခဲ့ရပါတယ်။ ဒီနေ့ချိန်ထိတော့ နာမည်ကြီး မိတ်ကပ်ပညာရှင်တွေဆီမှာတော့ မသင်ခဲ့ရပါဘူး။ ကျနော့်ရဲ့မြင်ဆရာ၊ သင်ဆရာ၊ကြားဆရာတွေဆီကနေပြီး သင်ခဲ့ပါတယ်။ ဒီအချိန်မှာ

ရွာပေါင်းလေးဆယ်ကျော် ငါးဆယ်လောက်မှာ နာမည်ရတဲ့ဂနေးဆိုပီးဖြစ်လာပါပီ။ ရှိခဲ့ဖူးပါတယ်။ သံဆိုင်မှာလုပ်နေတဲ့အချိန်မှာ အမှတ်(၁)ရဲစခန်းက ဒုရဲအုပ်ကိုမင်းဝင်းဆိုတဲ့ အစ်ကိုကြီးနဲ့ ချစ်ခဲ့ကြိုက်ခဲ့ပါတယ်။ ကျနော်က သီချင်းဆိုတာဝါသနာပါတော့ ညတိုင်းကာရာအိုကေဆိုရင် သူကဘေးကနေနားထောင်ပြီးပေးတယ်။ တစ်နေ့မှာတော့ တိတိကျကျပြောရရင်၂၇ရက်၊ ၈လပိုင်း၊ကြာသပတေးနေ့မှာ မှတ်မှတ်ရရမင်းကိုချစ်တယ်လို့ပြောပြီး ပန်းစီးလေးတစ်စီးနဲ့ လက်ကိုင်ပဝါတစ်ထည်၊ စာတစ်စောင်ပေးခဲ့ပါတယ်။ ဘဝမှာ ယောကျာ်းတစ်ယောက်ရဲ့ ချစ်ရေးဆိုတာကို ပထမဆုံးကြုံတွေ့ခဲ့ပါတယ်။ သူနဲ့တစ်နှစ်ကျော်လောက် အတူတူနီးပါး လောက်နေခဲ့ကြတယ်။ အပြင်မှာတော့ ညီအစ်ကိုလိုဘဲ။ ညပိုင်းမှာတော့ သူ့အဆောင်သွားအိပ်တယ်။ သူနဲ့အတူတူနေတယ်။ အားလုံးလဲ ကျနော်တို့နေတာကို သိပါတယ်။ သူနဲ့ကွဲသွားခဲ့တာကတော့ ရပ်ကွက်ထဲကလူကြောင့် လူယုံသတ်လို့သေတာပါ။ မိန်းမတစ်ယောက်က သူ့ကိုလုယူခဲ့တယ်။ အဲဒီမိန်းမနဲ့လဲ ရန်ဖြစ် နပန်းလုံးခဲ့ရပါတယ်။ နောက်တစ်ခုရယ်စရာလေးကတော့ ကျနော်အခြောက်စဖြစ်တဲ့ အချိန်မှာမင်းသားလူမင်းကို အရမ်းကြိုက်တယ်။ သူ့အတွက်နဲ့ ကျနော်တရားရုံးတောင် တက်ဖူးတယ်။ ရပ်ကွက်ရုံး၊ ရပ်ကွက်လူကြီးအိမ်ကိုလဲ

ခဏခဏတက်ရတယ်။ ကိုလူမင်းကို သူတောင်းစားလို့မဆိုနဲ့ ဘာဘဲပြောပြောမရဘူး။ ကျနော်လက်အမြဲပါခဲ့တယ်။ ခေါင်းကွဲပြီးသားဘဲ။ လူမင်းကိုမွေးနေ့တွေလဲ လုပ်ပေးခဲ့ဖူးတယ်။ သူ့အကယ်ဒမီရတဲ့နှစ်မှာ မဏ္ဍပ်ကြီးထိုးပြီး မနက်အစောကြီးဘုန်းကြီးတွေပင့်ပြီး အာရုံဆွမ်းနို့စိမ်းခေါက်ဆွဲကျွေးခဲ့ဖူးတယ်။ နေ့ခင်းပိုင်းမှာ အသက်ကြီးတဲ့သူတွေကိုထမင်းဖိတ်ပြီး ကျွေးခဲ့ဖူးတယ်။ ညပိုင်းမှာတော့ သူငယ်ချင်းတွေကို အရက်နဲ့ခေါက်ဆွဲကြော်နဲ့ ကျွေးခဲ့ဖူးတယ်။ ဒါဘဝမှာမှတ်မှတ်ရရပါဘဲ။ လူမင်းအတွက်နဲ့ တရားရုံးနှစ်ခါတက်ဖူးတယ်။ အချုပ်ခန်းမှာလဲ တစ်ညနေခဲ့ဖူးတယ်။ မိန်းကလေးတစ်ယောက်ကိုခေါင်းရိုက်ခွဲခဲ့တာပါ။ အဖေခေါ်ခ ဆိုတဲ့ဇာတ်ကားမှာ ကိုလူမင်းကို အရက်သမား၊ ဖာခေါင်းတို့ဘာတို့ပြောတော့ ဒေါသထွက်ပြီး ထိုင်နေတဲ့ခုံနဲ့ ခေါင်းကိုရိုက်လိုက်မိတယ်။ ခေါင်းလေးချက်ချုပ်ရတော့ တိုင်ပြီးတရားစွဲတယ်။ ဒါနဲ့ကျနော် တရားရုံးရောက်တော့ ရှေ့နေက ဘာကြောင့်ခေါင်းရိုက်ခဲ့လဲမေးတယ်။ ကျနော်ပြောဖို့ တော်တော်လေးတွန့်နေခဲ့တယ်။ ပွင့်ပွင့်လင်းလင်းမေးတော့ မင်းသားလူမင်းကို ဖာခေါင်းလို့ဆဲလို့ ရိုက်လိုက်တာပါလို့ဖြေတယ်။ တရာသူကြီးကတောင် ဘာပြန်ပြောရမှန်းမသိတော့ဘူး။ နောက်ဆုံးတော့ ဒဏ်ငွေနဲ့ဘဲပြီးသွားပါတယ်။ သူ့ကိုတော့

ဆေးဖိုးတွေတော့ပေးရတယ်။ မှားသွားလားဆိုပြီးတော့ပေါ့ ဒီလို့တော့မတွေးခဲ့မိဘူး။ ငါလုပ်ရဲရင်ခံရဲတယ် မကြောက်ဘူး။ ကိုယ့်ကိုလာမစော်ကားနဲ့၊ ကိုယ်ကြိုက်တဲ့သူတွေကိုလဲ ထိလို့မရဘူး။ ကျနော်ကြိုက်ရင် အိမ်ကလူတွေလဲ တားလို့မရဘူး။ အဖေကတောင် မင်းကလူမင်းပုံတွေဆို ဘယ်လောက်ပေးရပေးရ ဝယ်တယ်ဆိုပြီး ပြောခဲ့သေးတယ်။ ရုပ်ရှင်မင်းသား ကိုလူမင်းကိုဘာလို့အဲ့လောက်ကြိုက်သွားဘာလို့လဲဆိုတော့ သူကယောကျ်ားပီသတယ်။ သူရဲ့အရပ်အမောင်း၊ အိုက်တင်၊ဘော်ဒီတွေက မိန်းမလျာတစ်ယောက်အတွက် စွဲမက်စေတယ်။ ဒါပေမယ့်ကျနော်ကိုလူမင်းကို ဒီနေ့ထိစိတ်နဲ့နှုတ်နဲ့ ဘာနဲ့မှမပြစ်မှားခဲ့ပါဘူး။ အစ်ကိုအရင်းတစ်ယောက်လိုဘဲ ချစ်ခဲ့တာပါ။ သူ့အတွက် တစ်နေ့သုံးကြိမ်ကန်တော့ခဲ့တယ်။ ဗေဒင်တွေလဲတွက်ပေးခဲ့တယ်။ သူနာမည်ရအောင်၊ နာမည်တက်အောင် ယတြာတွေလုပ်ပေးခဲ့တယ်။ နောက်ဆုံး သူကတုံးတုန်းရင် ကိုယ်လိုက်တုံးခဲ့တယ်။ သူလုပ်သလို အကုန်လိုက်လုပ်ခဲ့တယ်။ ရူးသွပ်ခဲ့တယ်။ သူအိမ်ထောင်ပြုတော့မယ်ဆိုတော့ အရမ်းပျော်ခဲ့ပါတယ်။ မင်္ဂလာဆောင်တောင်သွားမလို့ပါဘဲ။ အကြောင်းအမျိုးမျိုးကြောင့် မရောက်ခဲ့ပါဘူး။ သူ့ကိုပြင်တာက မိတ်ကပ်ဦးစိုးစိုးကပြင်တယ်။ ပန်းထိုးတာက မလေးရှားသန်းမြင့်ပါ။ သူနဲ့ခင်တော့ပန်းထိုးဖို့

ခေါ်ခဲ့တယ်။ ဒါပေမယ့်မရောက်ဖြစ်ဘူး။ ကိုလူမင်းကိုအရမ်းချစ်ပါတယ်။ အပြင်မှာတော့ တစ်ခေါက်မှ မတွေ့ဖူးပါဘူး။ စိတ်ညစ်ရင် ကိုလူမင်းရေကျနော်ဒီနေ့တော့ ဘာလုပ်တယ်၊ ဘာဖြစ်ခဲ့တယ်ဆိုပြီး စာအုပ်မှာချရေးခဲ့တယ်။ ဘာလုပ်လုပ် စာအုပ်ထဲရေးပြီး သူ့ကိုတိုင်ပင်တယ်။ စာအုပ်ကို ခေါင်းအုံးမှာထားအိပ်ပြီး နိုးလာရင် သူကဘာလုပ်ခိုင်းတယ်ဆိုပြီး အကုန်လုပ်တယ်။ တစ်ယောက်ထဲပြော တစ်ယောက်ထဲ ပြန်ဖြေခဲ့တယ်ပေါ့။ ဒီလောက်ထိစွဲလန်းခဲ့ပါတယ်။

အချစ်ရေးကြောင့် ပြဿနာတက်ခဲ့တယ် နဘန်းတောင် လုံးခဲ့တဲ့ဖြစ်ရပ်တစ်ခုတောင်ရှိခဲ့ဖူးတယ်။ အဲ့တာက ဘယ်လိုဖြစ်တာလဲဆိုတော့ မွတ်စလင်တစ်ယောက်ကနေ အိမ်ရှေ့ကိုလာပြီး ကျနော့်ကို မိုက်မိုက်ရိုင်းရိုင်းတွေ အော်တယ်။ ကျနော်ကသူနဲ့နပန်းလုံးတယ်။ သူ့အစ်မတွေနဲ့ကျနော့်အစ်မတွေလုံးကြတယ်။ ထိုးကြကြိတ်ကျတာ ဒဏ်ရာတွေနဲ့ပါဘဲ။ နောက်ဆုံးရပ်ကွက် လူကြီးအိမ်ရောက်သွားတယ်။ နောက်တော့ ကျနော့်ကိုလာတောင်းပန်ကြတယ်။ ဘုန်းကြီးကျောင်းကမှအစ တစ်ရွာလုံးက ကိုယ့်ဖက်ပါတယ်။ သူကမွတ်စလင် ကိုယ်ကဗုဒ္ဓဘာသာဆိုတော့ ကြောက်တယ်။ ရဲတော်တော်များများနဲ့ တွဲခဲ့ဖူးပါတယ်။ စခန်းမှူးနဲ့တောင်တွဲခဲ့ဖူးတယ်ဗျ။ ခုလက်ရှိတွဲနေတဲ့သူကတော့ ပြည်၊လက်ဘလကျေးရွာက ငဇော်လေးလို့ ခေါ်ပါတယ်။ သူနဲ့ညားခဲ့တာငါးနှစ်လောက်ရှိပါပြီ။ ခုလက်ရှိထိတွဲနေတုန်းပါဘဲ။ သူတို့အိမ်မှာဘဲအတူနေပါတယ်။ ဘာမဆိုကျနော်ဩဇာပါဘဲ။ သူတို့အကုန်လုံးနားထောင်ကြပါတယ်။ လိုအပ်တာဘာမဆိုလဲ ကျနော်ကအကုန်လုပ်ပေးခဲ့တယ်။ သူနဲ့ကဘယ်လိုစတွေ့ပြီး ဘယ်အချိန်မှာဘယ်လိုချစ်ခဲ့ကြလဲ၊ ဒီလောက်အခြေအနေဖြစ်အောင်
ဘယ်လိုတည်ဆောက်ခဲ့လတာလဲဆိုတော့၊ စတွေ့တာက လက်ဗလရွာမှာ ၂၀၀၉ခုနှစ် မင်္ဂလာဆောင်သွားပြင်ခဲ့တယ်။ ညပိုင်းမှာကျနော်က အားလုံးကချစ်တဲ့ကောင်မလေးသီချင်းကို ဆိုခဲ့တယ်ဗျ။ ဆိုတဲ့အချိန်မှာတော့ တောသူတောသားတွေက အရမ်းရိုးကြတယ်။ နောက်ပြီးသူက အသောက်အစားကင်းတယ်။ ကွမ်းတော့စားပါတယ်။ သီချင်းဆိုနေချိန်မှာ သူကလက်ဆွဲလာနှုတ်ဆက်ခဲ့တယ်။ ပြီးတော့ပါးကိုလာနမ်းတယ်။ အဲဒီတော့ ဘာပြန်ပြောရမှန်းမသိဖြစ်သွားတယ်။ နောက်ပိုင်း သူတို့ရွာမှာ မင်္ဂလာဆောင်တွေ အများကြီးပြင်ရတော့ သူနဲ့တွေ့ဖြစ်တယ်။ သူကယောကျ်ားလေးတွေနဲ့ စကားပြောတာတွေမကြိုက်ဘူး။ ဒေါသတွေလဲထွက်တယ်။ အလှပြင်ပြီးတဲ့အချိန်မှာ လာလိုက်ခဲ့သူ့အိမ်သွားမယ်၊ ရေးချိုးမယ်ဆိုပြီးသွားကြတယ်။ နောက်ပိုင်း ကျနော့်နောက်အမြဲလိုက်တယ်။ သူ့ကို ပွင့်ပွင့်လင်းလင်းဘဲ နင်ငါ့ကိုဘယ်လိုစိတ်ထားလဲမေးတော့ သူကစိတ်ဝင်စားတယ်၊ ချစ်တယ်လို့ပြောတယ်။ ဒါနဲ့ယူရဲလားလို့မေးလိုက်တယ်။

ဘာလို့မယူရဲရမှာလဲ ယူမယ်လို့ပြောတယ်။ နင့်ရဲ့အသိုင်းအဝိုင်းမှာ အခြောက်မတစ်ယောက်ကို နင့်မိန်းမပါဆိုပီးပြောရဲလားလို့ မေးလိုက်တော့ ဆိုင်းမဆင့်ပုံမဆင့်သူ့အဖေ၊ အမေရှေ့မှာဘဲ ကျနော်ဂနေးကိုချစ်တယ်၊ ဒါကျနော့်မိန်းမဆိုပြီးပြောတော့ ရယ်လိုက်ကြတာပါဘဲ။ ဒါပေမယ့် ဒီနေ့အချိန်ထိ အားလုံးကချစ်ကြပါတယ်။သူ့ကို ပွင့်ပွင့်လင်းလင်းပြောထားပါတယ်။ ဒို့နဲ့နေရတာမပျော်တော့ဘူး၊ မိန်းမလိုချင်ပြီ ဆိုရင် အချိန်မရွေးပြောပါ။ ကွယ်ရာမှာတော့ဖောက်ပြန်တာမျိုး၊ မိန်းမကိစ္စရှုပ်တာမျိုး မကြိုက်ပါဘူးလို့ ပြောထားပါတယ်။ မိန်းမလျှာဆိုတာ အချစ်ကြီးတယ်၊ လိုချင်တာအကုန်လုပ်ပေးမယ်။ ဒါပေမယ့်ဖောက်ပြန်ရင်တော့ ယောကျာ်းနဲ့ဖြစ်ဖြစ် မိန်းမနဲ့ဖြစ်ဖြစ်မရဘူး။ ပွင့်ပွင့်လင်းလင်း နင်ဒီနေ့ဖာချချင်ရင်တောင် ငါလိုက်ပို့ပေးမှာပါ။ မိန်းမလိုချင်ရင်လဲ ငါကိုယ်တိုင် လိုက်တောင်းပေးမယ်လို့ သူ့ကိုတရားဝင်ပြောထားပါတယ်။ ဒါပေမယ့် ဒီနေ့ထိ မိန်းမတွေကို သူစိတ်မဝင်စားပါဘူး။ ကျနော်နဲ့နေရတာကိုလဲ ပျော်မွေ့ပါတယ်။ ခုနောက်ပိုင်းတော့ သူနဲ့ညီအစ်ကိုလို အတူသောက်တယ်၊ စားတယ်၊အိပ်တယ်ပေါ့။ သူ့ကွယ်ရာမှာဘဲ ယောကျာ်းလေးတွေနဲ့ စကားပြောတာ။ သူ့ရှေ့မှာတော့ လုံးဝမပြောဘူး။ ကြောက်တယ်၊ ရိုသေတယ်။ ကျနော်အရက်သောက်ရင်လဲ သူမကြိုက်ဘူး။ ကျနော်ကထန်းရည်ကြိုက်တယ်ဒါပေမယ့်သိပ်မသောက်ရဘူး။တစ်နေ့

သူနဲ့ကြီးကြီးကျယ်ကျယ်ရန်ဖြစ်ခဲ့ဖူးတယ်။ အဲဒီနေ့က သူမိန်းကလေးတစ်ယောက်နဲ့စကားပြောတော့ ကျနော်သမုတ်ခဲ့တယ်။ စကားတွေ များကြတော့ သူကခေါင်းကိုသစ်ပင်နဲ့ဆောင့်ခဲ့တယ်။ သူ့ခေါင်းရှစ်ချက်ချုပ်ခဲ့ရတယ်။ ကျနော်ကလဲအုတ်တွေကို လက်သီးတွေနဲ့ထိုးတာပွန်းပဲ့ခဲ့တယ်။ သူရပ်ပြီးကျနော်ကို လာကြည့်ပေးတယ်။ အိမ်ကိုလာကြိုခိုင်းတော့ လာကြိုကျတယ်။ သူကိုပြီးတော့လဲ တောင်းပန်တယ်။ ပြုစုခဲ့တယ်။ တစ်ပါတ်လောက်တိတိ သူ့ကိုစကားပြန်မပြောခဲ့ဘူး။ သူ့အဖေအမေတွေကအစ အိမ်ကိုလာခဲ့ပါဆိုပြီး တောင်းပန်ကြတယ်။ ဒါကတော့မိန်းမလျှာဘဝမှာ ကိုယ့်ကို လိုလိုလားလားရှိကြတယ်ဆိုပီး မာန်တော့တက်ခဲ့ပါတယ်။ အခြောက်ဖြစ်လို့ သိမ်ငယ်တာတို့၊ အောက်ကျတယ်လို့ ဘယ်တုန်းကမှမရှိခဲ့ဘူး။ ဘယ်သူ့အထင်အမြင်သေးတာမှလဲ မခံဘူး။ လူမှုအသင်းအဖွဲ့နဲ့ပတ်သက်ပြီးလုပ်ဖြစ်ခဲ့တာကတော့ မာရီစတုတ်မှာ မဲခေါင်ဘီစီစီဒီပရောဂျက်လိင်လုပ်သားတွေ msmတွေ၊ ဆိုက်ကားသမားတွေ ဒီလိုလူတွေကိုဘဲ ဝန်ထမ်းခန့်မယ်ပြောတော့ ကျနော်လဲချိတ်ဆက်ခဲ့တယ်။ မာရီစတုပ်မှာလုပ်နေတဲ့ အစ်ကိုတစ်ယောက်က ရပ်ကွက်ထဲက အသိဆိုတော့ သူကကျနော့်ကို ရုံးမှာလုပ်ချင်လားဆိုပြီးခေါ်ခဲ့တယ်။ မင်းကိုလူသိလဲများတယ်၊ နှုတ်ရှင်တယ်၊ စကားပြောလဲတတ်တယ်။ အလုပ်ရှင်ကို

သူကိုယ်တိုင်ပြောပေးမယ်ဆိုပြီးမှ ကျနော် အလုပ်လျှောက်ခဲ့ပါတယ်။ အလုပ်ကဆရာမတစ်ယောက်နဲ့ စကားပြောရုံနဲ့အင်တာဗျူးတောင် ဖြေစရာမလိုဘဲအလုပ်ပေးခဲ့ပါတယ်။ အတူတွဲလုပ်ဖို့ စိတ်ကြိုက်တစ်ယောက်ရွေးခိုင်းတော့ နန်းထိုက်ဆိုတဲ့ သူငယ်ချင်းတစ်ယောက်နဲ့ တွဲလုပ်ပါတယ်။ NGOမှာခုနစ်နှစ်လောက်လုပ်ခဲ့ပါတယ်။ အလုပ်မှာလဲနာမည်ရခဲ့ပါတယ်။ လူတိုင်းကလဲကျနော့်ကိုချစ်ကြတယ်။ မယ်ဂနေး၊ တစ်ပြည်သူမဆွေထားဆိုးပြီး ခေါ်ခဲ့ကြတယ်။ ခေတ္တရာစွယ်တော်ဦး အဖွဲ့ကတော့အရင်ကတည်းက ဖွဲ့ခဲ့တဲ့အဖွဲ့အစည်းပါ။ မဲခေါင်မာရီစတုတ်ပြီးသွားတဲ့အချိန် top centreမှာ ဝင်လုပ်ခဲ့တယ်။ သုံးလ projectကို ခြောက်လနဲ့ချပေးတယ်။ ခေတ်တစ်ရာစွယ်တော်ဦးမှာ ဦးမောင်မောင်ကြီးနဲ့ မာမီကျော်တို့က တို့ရုံးမှာဝင်လုပ်လုပ်ပါလား၊ အခြောက်တွေကြီးဘဲ လွတ်လွတ်လပ်လပ်နဲ့ ကိုယ့်မိတ်ကပ်အလုပ်လဲလုပ်ရင်း လုပ်လို့ရတယ်ပြောတော့ top centre မှာသုံးလနဲ့ ထွက်ပြီး ဒီ project ကိုဝင်လျှောက်ဖြစ်ခဲ့တယ်။ ချက်ချင်းအလုပ်လဲရခဲ့ပါတယ်။ NGOမှာ အတွေ့အကြုံရှိလို့ တန်းခန့်လိုက်ကြတယ်။ ကျနော်က ခေတ္တရာစွယ်တော်ဦးမှာဆိုရင် အတွင်းရေးမှူးနေရာမှာ တာဝန် ယူထားရပါတယ်။ ရုံးမှာဆိုရင်projectမှာတော့ AP တာဝန်ယူထားပါတယ်။ နောက်နှစ်လှာတစ်ရွက်ဆိုတဲ့ PL HIVတွေအတွက် အဖွဲ့တစ်ဖွဲ့မှာတော့ ကျနော်အတွင်းရေးမှူးပါ။ Q. ခေတ်တစ်ရာစွယ်တော်ဦးအဖွဲ့ရဲ့ အဓိကလုပ်ဆောင်နေတဲ့အရာတွေပြောပြပေးပါ။အဓိကHIVနဲ့AIDSအကြောင်းအရာတွေ လူတွေကိုသိစေချင်စေတယ်။ ကွန်ဒုံးတွေ ဂျယ်တွေကိုလည်း လက်လှမ်းမှီသလောက် msmတွေကို ဝေးပေးပြီးရောဂါတွေ ဖြစ်မလာအောင်အသိပေးပါတယ်။

နတ်ကိုအရမ်းယုံကြည်ပါတယ်။ ကိုးကွယ်ပါတယ်။ ကျနော့်ရဲ့နတ်ကတော်ဆရာတစ်ယောက် ရှိပါတယ်။ ခုတော့သေသွားပါပြီ။ လွန်ခဲ့တဲ့ဆယ်နှစ်လောက်ကတည်းက တောင်ပြုံးပွဲသွားဖို့ခေါ်ခဲ့တယ်။ လက်ထဲမှာ ငွေလေးရာထဲနဲ့ရောက်ခဲ့တယ်။ နောက်ပိုင်းမှာ သွားချင်ပေမယ့်ပိုက်ဆံမရှိတော့ မာမီကျော်တို့က msmတွေဆီမှာ အလှူတွေ လိုက်ခံပေးခဲ့ကြတယ်။ နှစ်စဉ်လေးနှစ်ဆက်တိုက် အလှူခံပြီးတောင်ပြုံးပွဲကို သွားခဲ့တယ်။ နတ်ကြီးတွေကိုကန်တော့ခဲ့ပြီး တိုင်တည်ခဲ့တယ်။ အဲ့ဒီကစပြီးမိတ်ကပ်တွေ စလိမ်းခဲ့ပီ ပြင်ပြင်ချင်းမှာဘဲ နာမည်ရခဲ့တယ်။ နောက်ပိုင်းမှာတော့ ကိုယ့်ချွေးနဲစာနဲ့လဲသွားရောက်ပီး ပြီး နတ်ပွဲတွေပေးပါတယ်။ စုစုပေါင်းငါးနှစ်ပေးပြီးပါပြီ။ အကျိုးကျေးဇူးလဲရတယ်။ ပိုက်ဆံတွေလဲ ကြဲခဲ့ရတယ်။ အလုပ်လဲအဆင်ပြေပါတယ်။ ကျနော့်အတွက်တော့ တိုက်ဆိုင်မှုလားမသိဘူး။ ယုံလဲယုံကြည်တယ်။ ဘုရားလဲရှိခိုးတယ်။

နတ်တွေကိုလဲတိုင်တည်ပါတယ်။ တောင်ပြိုးမင်းအမေကြီးတွေဆီမှာ လုပ်ငန်းတွေ အဆင်ပြေပါစေဆိုပီးပြီး တိုင်တည်ခဲ့တယ်။ ဆုတောင်းပြီးသိပ်မကြာဘူး။ ဆုတောင်းတာတွေ အကုန်ပြည့်သွားပါတယ်။ ချဲတွေလဲပေါက်ခဲ့တယ်။ ဘုရားဖူးတွေလဲအနံ့ရောက်ဖူးစေခဲ့တယ်။ သူငယ်ချင်းတွေရဲ့ကောင်းမှုကြောင့် ထိုင်းနိုင်ငံဘန်ကောက်ကိုလဲ ရောက်ခဲ့ပါတယ်။ ကိုယ့်ပြောပုံဆိုပုံကို သူတို့ကသဘောကျတော့ စရိတ်စကတွေလဲအကုန်ခံပြီး ခေါ်သွားကြတယ်။ ဒါကြောင့်နတ်တွေကို ချစ်လဲချစ်တယ် ပိုလဲယုံကြည်ပါတယ်။ နတ်တွေကို တိုင်တည်ပြီးသွားတော့ နိုင်ငံရပ်ခြားမှာ အစစ်အဆေးတွေများတဲ့ထဲမှာ ဘာမှမဖြစ်ခဲ့ဘူး။ အိမ်ကိုချောမွေ့စွာ ပြန်ရောက်ခဲ့တယ်။ ဒါကျနော့်အတွက် ယုံကြည်မှုဘဲပြောရမှာပေ့ါ။ကျနော့်ဘဝမှာ မေ့မရနိုင်တဲ့အကြောင်းက လက်ဖွေ့သွားထိုးနေတဲ့တုန်း အဖေက အသည်းအသန်ဖြစ်နေတဲ့အချိန် ဘေးနားမှာမရှိခဲ့ရဘူး။ အိမ်ပြန်ရောက်လာပြီးအဖေရဲ့ မျက်နှာလေးကို ခဏလေးဘဲကြည့်ရတယ်။ ဆရာဝန်က မင်းအဖေမရတော့ဘူးလို့ပြောတော့ ဖုန်းမရှိသေးတဲ့အချိန် ဆွေမျိုးတွေဆီကြေးနန်းနဲ့သွားပို့ရတယ်။ ကျနော်သွားနေတဲ့အချိန်မှာဘဲ အဖေဆုံးသွားခဲ့တယ်။ အဖေအသက်ကိုမမှီလိုက်ဘူး။ ဒါကဘဝမှာ မမေ့နိုင်တဲ့ဖြစ်ရပ်လေးတစ်ခုပါ။ နောက်တစ်ခု အမေကသားသမီး လေးရောက်မွေးထားတယ်။ အစ်မနစ်ယောက် အစ်ကိုနဲ့ကျနော်ကအငယ်ဆုံးပါ။ အမေပြောခဲ့ဖူးတာရှိတယ်။ ငါ့နားကအပေါက်ကို ဘယ်သူကနားကပ်ဝတ်ပေးမှာလဲလို့ မေးခဲ့ဖူးတယ်ဗျ။ အဲဒီအချိန်မှာ ကျနော်အလုပ်ကြိုးစားခဲ့တယ်။ ကျနော့်ချွေးနဲ့စာနဲ့ သံဆိုင်မှာလုပ်ပြီး ပထမဆုံးအမေ့ကို နားကပ်လေးဆင်ခဲ့ရတယ်။ ဘဝမှာမမေ့နိုင်တဲ့အရာနောက်တစ်ခုပါဘဲ။

လိင်တူချစ်သူတွေကို သဘာဝ မဟုတ်ဘူးဆိုပြီး မုန်းတီးနေတဲ့ သူတွေကိုပြောချင်တာကတော့ ဒါကတော့မုန်းတီးစရာမဟုတ်ပါဘူး။ အားလုံးကိုလဲ နားလည်ပေးစေချင်ပါတယ်။ အခြောက်ပဲဖြစ်ဖြစ်၊ ယောကျာ်းလျာပဲဖြစ်ဖြစ် အရင်ဘဝကပေးခဲ့တဲ့ ကံဖြစ်တဲ့အတွက် အပြစ်တွေမမြင်ကြဘဲနဲ့ လက်ခံပေးကြပါလို့ ပြောချင်ပါတယ်။ သာမာန်လူတွေမသိသေးတဲ့ LGBTတွေရဲ့ဘဝကို နားလည်ပေးကြပါလို့ ဒီနေရာကပြောချင်ပါတယ်။ အပြစ်မြင်ဝါဒနဲ့မကြည့်ဘဲ အကောင်းမြင်ပေးကြပါလို့ ပြောချင်ပါတယ်။ အားလုံးကိုကြိုးစားပါလို့။ အလှပြင်ရင်လဲအလှပြင်တဲ့နေရာမှာ အောင်မြင်ထင်ရှားအောင် နတ်ကတော်ဆိုရင် နတ်ကတော်လောကမှာ နတ်ကနားစီးတွေဖြစ်အောင် ကြိုးစားကြပါလို့ ပြောချင်ပါတယ်။ ငယ်ရွယ်သူတွေဆိုရင်လဲ ကြီးသူကိုရိုသေငယ်သူကို သနားပြီး အောင်မြင်စွာနဲ့ ဆုံးခန်းတိုင်ကြိုးစားစေချင်ပါတယ်။

ကောင်းရာကောင်းကြောင်းတွေ လုပ်ကိုင်စားသောက်ကြပါလို့ အခြောက်ဆိုပေမယ့်လဲ လူတိုင်းအောင်မြင်မှုသရဖူရှိပါတယ်။အကောင်းဆုံးကတော့ msmတွေကို ဖမ်းတယ်ဆီးတယ် ရိုက်တာနက်တာတွေ မရှိသင့်တော့ဘူးလို့ထင်တယ်။ တစ်ဖက်သတ်လုပ်လို့လဲ ထင်ပါတယ်။ အခြောက်တစ်ယောက်ဟာလိင်ကိစ္စမဟုတ်ဘဲ အမှောင်ထဲမှာသွားချင်လဲသွားမှာဘဲ။ ဒါကိုလူတွေကမသိကြဘူး။ မဟုတ်မတရား ပြောတာတွေကို msm ဖက်ကနေပေးစေတဲ့ အဖွဲ့အစည်းတွေ အများကြီးရှိစေချင်ပါတယ်။ အခြောက်ဖြစ်တယ်ဆိုတဲ့အရာမှာ နတယ်ကြမ်းတယ်လို့တော့ မဆိုင်ပါဘူး။ နတဲ့အခြောက်ရှိသလို ကြမ်းတမ်းတဲ့ အခြောက်လဲရှိတယ်။ ကျနော်ဆိုရင် အခြောက်ဖြစ်လို့ နူးညံ့ရမယ်လို့မရှိခဲ့ဘူးဗျ။ ကြမ်းတဲ့အလုပ်တွေလဲလုပ်တယ် နတဲ့အလုပ်လဲလုပ်ခဲ့တယ်။ မိန်းမလျာဆိုတာ ဘယ်အရာမဆိုယောက်ျားတွေနဲ့ ရင်ဘောင်တန်းပြီး လုပ်နိုင်တယ်ဆိုတာ ဂုဏ်ယူပါတယ်။ နောက်တစ်ခုကယောက်ျား မိန်းမတွေထက်တတ်လို အခြောက်လုပ်ရတာ ဂုဏ်ယူပါတယ်။ ဒါသည် သိမ်မွေ့ခြင်းကြမ်းတမ်းခြင်းနဲ့ မဆိုင်ဘူးလို့ ကျနော်ထင်ပါတယ်။

## ၃၇။ ဖရန်စစ် (၂၆) ရန်ကုန်မြို့



အားလုံးပဲမင်္ဂလာပါ။ ကျွန်တော့်နာမည် Francis လို ့ခေါ်ပါတယ်။ အခုလောလောဆယ်ကတော့ ရန်ကုန်မှာနေပါတယ်။ အသက်ကတော့ ၂၆နှစ်ရှိပါပြီ။ အရင်ကတော့ နယ်မှာနေတာပါ။ ကိုယ်တိုင်လိင်တူချစ်သူတစ်ယောက်ဖြစ်တယ် ဆိုတာကိုတော့ ရန်ကုန်ရောက်မှ သိတာပါ။ နယ်မှာနေတုန်းကတော့ မသိခဲ့ပါဘူး။ နယ်မှာတော့ လိင်တူချစ်သူတွေက ပေါ်ပေါ်ထင်ထင်နေလို့မရတော့ လူတွေသိပ်ပြီး မသိပါဘူး။ ရန်ကုန်ရောက်တော့မှဘဲ ပေါ်ပေါ်ထင်ထင်နေတာကို တွေ ့ရတာပါ။ ကျွန်တော့်အနေနဲ့ကတော့ အချစ်ဆိုတာ လိင်မခွဲခြားပဲ ကိုယ်သဘောကျတဲ့သူကို ကိုယ်တိုင်ရွေးချယ်ပြီး ချစ်နိုင်တယ်လို့ ယူဆပါတယ်။ ကိုယ့်ကိုကိုယ် gay တစ်ယောက်ပါလို့ စသိတာကတော့ အထက်ကျောင်းသားအရွယ်လောက်က စသိတာပေ့ါနော်။ ဘယ်လိုစသိလာလဲဆိုတော့ ကိုယ့်ထက် အသက်ကြီးတဲ့ အမျိုးသားခန့်ခန့်ငြားငြားတွေ တွေ့တဲ့အခါမှာ ရင်ခုန်တယ်။ သူတို့တွေနဲ့ ခင်မင်ခွင့်ရအောင်လဲ ကြိုးစားမိတယ်။ မိသားစုကတော့ အဲ့ဒီအချိန်တုန်းကတော့ gay တစ်ယောက်ဖြစ်တယ်ဆိုတာကို မရိပ်မိပါဘူး။ အငယ်ဆုံးသားတစ်ယောက်က အမတွေလက်ထဲမှာ ကြီးပြင်းခဲ့ရလို့ နွဲ့နေတယ်လိုပဲ သူတို့ထင်ကြတာပေ့ါ။ ပထမဆုံး လိင်တူချစ်သူဆိုပြီး ချစ်သူထားခဲ့တာကတော့ အသက် ၂၅ နှစ်လောက်ကပါ။

လက်ရှိချစ်သူကတော့ ကျနော်ထက် အသက်ကြီးပါတယ်။ သူ့ကိုလည်း Facebook ကနေစတင်တွေ ့ရှိပြီး ချစ်ခဲ့တာပါ။ ကျနော် Gay ဖြစ်တယ်ဆိုတာကိုတော့ အိမ်က မိသားစုက မသိပါဘူး။ ကိုယ့်မိသားစုကို ဘယ်လိုမျိုး ပြောပြရမလဲဆိုတာကိုတော့ မစဉ်းစားတတ်ဘူး။ ကျွန်တော့်ရဲ့ဖြစ်တည်မှုကို လက်မခံပဲ အမေစိတ်ဆင်းရဲမှာကိုတော့ စိုးရိမ်မိတယ်။ များသောအားဖြင့်တော့ မြန်မာနိုင်ငံမှာ ဘာသာရေးအရရော ယဉ်ကျေးမှုအရရော လက်မခံကြပါဘူး။ အရင်ကထက်စာရင်တော့ အချို့မိသားစုတွေက လက်ခံလာကြတာကို တွေ့ရပါတယ်။ သူငယ်ချင်းတစ်ယောက်ဆိုရင် သူ့မိသားစုက လက်ခံနားလည်ပေးတော့ အားကျမိတယ်။ ကျနော်လည်း မိသားစုက လက်ခံအောင်ကြိုးစားနေပါတယ်။ ကျွန်တော်က ဘဝလက်တွဲဖော်ကို ရွေးချယ်တဲ့အခါမှာ ကျွန်တော့်ထက်အသက်ကြီးတာကို သဘောကျပါတယ်။ ငယ်ငယ်ထဲက ဖခင်မရှိတဲ့ ကျနော်အတွက်တော့ သူက အလိုလိုက်ပေးနိုင်တဲ့သူတစ်ယောက် ဖြစ်လာပါတယ်။ စိတ်ထဲမှာလည်း အသက်ကြီးတဲ့ အမျိုးသားတွေကို ပိုပြီးသဘောကျတယ်။ ၊ငယ်ငယ်ထဲက အနည်းငယ်တော့ အမျိုးသားချင်း ချစ်ခင်ရတာဟာ အမျိုးသမီးနဲ့ ချစ်ရတာထက်ပိုပြီး သဘောကျပါတယ်။ ကိုယ်ကလိင်တူချင်းချစ်ခင်နှစ်သက်တဲ့သူဆိုတော့ အမျိုးသမီးတစ်ယောက်ကို ဘယ်လိုမှ မသာယာနိုင်ပါဘူး။ ကိုယ်လို

လိင်တူချစ်သူတွေနဲ့ စကားပြောနေရရင် ပျော်တယ်။ ပေါင်းသင်းရတာ ပိုပြီးအဆင်ပြေတယ်။ ကျနော်မြင်သလောက်တော့ အခုပွင့်လင်းလာတဲ့ခေတ်ကြီးမှာ Gay တွေတော်တော်များလာတယ်လို့ တွေမြင်နေရတယ်။ သက်ဆိုင်ရာ နယ်ပယ်တွေမှာ အောင်မြင်မှုတွေရနေတဲ့ လိင်တူချစ်သူတွေကို မြင်တွေ့ရရင် အားကျတဲ့စိတ်ဖြစ်မိတယ်။



အရင်ကတော့ ကိုယ်တိုင် Gay ဆိုတာမပြောရဲခဲ့ဘူး။ အဲ့ဒီအတွက် ကိုယ့်စိတ်ထဲမှာ အရမ်းဖိစီးနေခဲ့တယ် ၊ အလုပ်ထဲမှာလည်း ကိုယ့်ကိုဘယ်သူက သိသွားမလည်းလို့ ဖုံးအုပ်နေရတာက စိတ်ကိုအရမ်းမွန်းကျပ်စေပါတယ်။ ပတ်ဝန်းကျင်နဲ့အဆင်ပြေဖို့ အတင်းကြီးကြိုးစားနေရတာပါ။ အခုချိန်မှာတော့ ကိုယ်တိုင်လိင်တူချစ်သူလို့ အသိပေးရဲသွားပြီဆိုတော့ လူတွေမေးသည်ဖြစ်စေ မမေးသည်ဖြစ်စေ စောင်းမြောင်းပြောသည်ဖြစ်စေ လုံးဝစိတ်အနှောက်အယှက်မဖြစ်တော့ဘူး။ အေးအေးဆေးဆေးနဲ့ စိတ်ဖိစီးမှုကင်းတယ်။ အမြင်ကျယ်ကျယ်တဲ့ အသိုင်းဝိုင်းနဲ့ ဆက်ဆံတဲ့အခါ အရမ်းအဆင်ပြေလာတယ်။ ဘဝတူ လိင်တူချစ်ခင်နှစ်သက်သူတွေကို ပြောချင်တာက ကိုယ်ကလိင်တူချစ်သူတစ်ယောက် ဖြစ်နေတာကိုသိရင် အတက်ပညာအသိပညာကို ပိုမိုကြိုးစားသင်ကြားစေချင်တယ်။ နေရာတစ်နေရာကို အရယူစေချင်တယ်။ အသိပညာ အတက်ပညာမတက်ရင် အောက်တန်းစားအခြောက် (ရပ်ကွက်အခေါ်) ဖြစ်နေလိမ့်မယ်။ အဲ့လိုဖြစ်နေမယ်ဆိုရင် ပတ်ဝန်းကျင်ကလည်း ဘယ်လိုမှ လက်မခံဘဲဖြစ်နေပါလိမ့်မယ်။ အဲ့လိုမျိုးတွေ မဖြစ်စေချင်ပါဘူး။ လိင်တူချစ်သူတွေထဲမှာလည်း အသက်ကြီးသူတွေက ငယ်ရွယ်တဲ့ လိင်တူချစ်သူတွေကို လက်တွဲခေါ်ပြီး ကောင်းမွန်တဲ့လမ်းကြောင်းမှန်ကို ပြသပေးသင့်ပါတယ်။ အနာဂါတ်မှာတော့ ကျနော် ကိုယ်ချစ်ရတဲ့သူနဲ့ ဘဝကို အကောင်းမွန်ဆုံး ဖြတ်သန်းချင်ပါတယ်။ ဒါပေမဲ့ တစ်ခုရှိတာက အနာဂါတ်ဆိုတာ ကြိုတင်မမြင်နိုင်တော့ သိပ်တော့ မမျှော်မှန်းထားပါဘူး။ ကျနော်တို့ LGBT အသိုင်းအဝိုင်းကို အခုထိတော့ ခွဲခြားဆက်ဆံမှုတွေရှိနေဆဲပါ။ ကျွန်တော့်ဆန္ဒကတော့ ခွဲခြားဆက်ဆံမှုတွေ အကုန်ပျောက်ပြီး လူတိုင်းလက်ခံတဲ့ အခြေအနေကို ရောက်စေချင်ပါတယ် ၊ အမြန်ရောက်ပါစေလို့လည်းဆုတောင်းပါတယ်။

---

## ၃၈။ ခြူးသစ်လွင်(၂၄) ပြည်မြို့



မင်္ဂလာပါ။ ကျွန်တော့်အမည်ကတော့ ခြူးသစ်လွင်ဖြစ်ပါတယ်။ အသက်ကတော့ ၂၄နှစ်ရှိပါပြီ။ နေတာကတော့ စက်မှုကွက်သစ်၊ ပြည်မြို့မှာနေပါတယ်။ အလုပ်အကိုင်ကတော့ ဘာမှမလုပ်ပါဘူး။ အိမ်မှာပဲနေတာပါ။ ကျွန်တော်ကတော့ ကိုယ့်ကိုကိုယ် ယောကျ်ားလေးတစ်ယောက်လို သတ်မှတ်ထားပါတယ်။ လုံးဝယောကျ်ားလေး တစ်ယောက်လိုပါပဲ။ ပြောရမယ်ဆိုရင် ကျွန်တော့်အထက်မှာက အကိုရှိတယ်။ အကို့အကျ အကိုဝတ်ပြီးသားအကျီတွေကို ကျွန်တော်ကဝတ်တယ်။ အဲ့တော့ငယ်ငယ်လေးထဲကပဲလို့ ပြောရပါမယ်။ ငယ်ငယ်လေးထဲက အကျီဝတ်ရင်လဲ ဆင်တူဝတ်ကြတယ်။ အဲ့ဒီတုန်းကတော့ ဒီစိတ်ဆိုတာ မသိသေးဘူး။ ငယ်ငယ်တုန်းကတော့ မိဘတွေဖြစ်စေချင်တာက သူတို့မွေးထားတာက မိန်းကလေးဆိုတော့ မိန်းကလေးပဲဖြစ်စေချင်တာပေါ့။ ဒါပေမဲ့နောက်ပိုင်းမှာ ကျွန်တော့်ခံယူချက်က ပြင်းထန်တော့ သူတို့လဲ ဘာမှတော့ မပြောတော့ပါဘူး။ ကျွန်တော်ကလဲ ကိုယ့်ကိုကိုယ်ထိမ်းပါတယ်။ အဲ့တော့ လက်ခံပါတယ်။ မိဘတွေဖိနှိပ်တာတွေကတော့မကြုံခဲ့ရပါဘူး။ အရင်တုန်းကတော့ ကြုံရပါတယ်။ အခုတော့မကြုံရတော့ပါဘူး။ လေးတန်း ငါးတန်းလောက်ကပေါ့။ပတ်ဝန်းကျင်ကတော့ ကျွန်တော့်ကို မိန်းကလေးလို့ပဲမြင်တာပေါ့။ အဲ့ဒီတော့ ရန်တွေခဏခဏဖြစ်ရတယ်။ ပြဿနာတွေလဲတက်ရတယ်။ သူတို့ကစတော့ ကျွန်တော်တို့က အစမခံနိုင်ဘူး။ နောက်ပိုင်းကျတော့ လျစ်လျူရှုလိုက်တယ်။ ကျောင်းတက်တုန်းက ကျွန်တော်တို့က ရင်ဖုံးအကျီဝတ်ရတယ်လေ။ ကျွန်တော်တို့က အဲ့ဒီတော့ အပေါ်ကနေ အပေါ်ဖုံးအကျီထပ်ဝတ်တာတို့ အနွေးထည်ထပ်ဝတ်တာတို့ လုပ်တယ်။ အဲ့လိုမျိုးဆိုရင် ကျောင်းအုပ်ဆရာမကြီးက ဒဏ်ပေးတာတို့ ဒဏ်ငွေဆောင်ရတာတို့

လုပ်ရပါတယ်။ ထဘီဝတ်တဲ့အခါမှာလဲ ပုဆိုးလိုဝတ်တယ် အထက်ဆင်မပါဘူး အဲ့တော့ ပြဿနာတွေ ခဏခဏတက်ရတယ်။ ကျောင်းသား အချင်းချင်းတော့ ခွဲခြားနှိမ်ချထားမျိုးမကြုံခဲ့ရဖူးပါဘူး။ အကုန်လုံးနဲ့တည့်အောင် ပေါင်းပါတယ်။ အကုန်လုံးကလည်းခင်ကြပါတယ်။ တစ်ခါတစ်လေကြတော့လဲ သူတို့ပါးစပ်ကနေ စသလိုနောက်သလိုနဲ့ လှတ်ကနဲထွက်သွားတာတွေရှိပါတယ်။ သူတို့ကိုယ်သူတို့ ပြန်ထိမ်းကြပါတယ်။ ပညာရေးမှာ အဝတ်အစားသတ်မှတ်ချက်ကြောင့် ပြဿနာတက်ခဲ့ရတာတွေစိတ်အနှောက်အယှက်ဖြစ်ခဲ့ရတာတွေရှိပါ တယ်။ကျွန်တော်ကိုးတန်းနှစ်ကပါ။ရင်ဖုံးဝတ်မှကျောင်းတက်ရမယ်ဆိုပြီး ပြောပါတယ်။ အဲ့ဒီအချိန်မှာ ကျွန်တော်ကျောင်းထွက်ချင်စိတ်ပေါက်လို့ အိမ်ကိုတောင်ပြောပြတယ်။ အဲ့ဒီလိုမျိုးမဖြစ်သင့်ဘူးလို့ထင်ပါတယ်။ အဝတ်အစားကြောင့် ကျွန်တော်တို့ရဲ့ ပညာရေးထိခိုက်နိုင်ပါတယ်။ တကယ်လို့ကျွန်တော်သာ ကျောင်းထွက်ဖြစ်ခဲ့ရင် ကျွန်တော့်ရဲ့ ဆယ်တန်းပညာရေး ပြီးဆုံးမှာမဟုတ်ပါဘူး။ ဆရာမတွေကလဲ အထွက်မခံပါဘူး။ ကျွန်တော်ကလဲ ကိုယ့်ကိုကိုယ်စိတ်ထိမ်းလိုက်ပါတယ်။ အဲ့လိုနဲ့ပဲ ကျောင်းဆက်နေဖြစ်ပါတယ်။ ရင်ဖုံးလဲဝတ်ရပါတယ်။လူတွေကို ရှက်ကိုးရှက်ကန်းတွေဖြစ်တာပေါ့။ ကိုယ်ကလဲမနေတက်ဘူး။ ပြီးတော့ ကျောင်းမှာလဲ ကိုယ်ကြိုက်နေတဲ့ ကောင်မလေးတွေရှိနေတော့ ရှိန်နေတာပေါ့။ အိမ်သာတွေ ဘာတွေလဲ မသွားရဲဘူး။ ထမင်းစားရေသောက်ကအစ အိမ်ပြန်တယ်။ ခိုးကြောင်ခိုးဝှက်နဲ့ သွားလာရတယ်။ ကျွန်တော့်မိသားစုဆွေမျိုးတွေထဲမှာတော့ မရှိပါဘူး။ သူတို့ကတော့ ဒီလိုနေပေမဲ့ ကိုယ့်ကိုကိုယ်ထိမ်းဖို့ ပြောပါတယ်။ တစ်ချို့တွေကြတော့လဲ နားလည်ပေးကြတယ်။ တစ်ချို့တွေကြတော့လဲ နားလည်မပေးကြဘူး။ အမ ညီမ စသည်ဖြင့်ခေါ်ကြတယ်။ အဲ့ဒီလိုခေါ်ရင် ကျွန်တော်တို့က မကြိုက်ဘူး။ စကားများတာတွေရှိတယ်။ ရန်ဖြစ်တာတွေလဲ ရှိတယ်။ အရင်ကတော့ တော်တော်ဆိုးတယ်။ ခုနောက်ပိုင်းတော့ အဲ့လောက်မဆိုးတော့ပါဘူး။ အကုန်လုံးကို လျစ်လျူရှုလိုက်တော့တယ်။ ပြီးတော့ ခုလိုအဖွဲ့အစည်းတွေပေါ်လာတော့ လူတွေကလဲ နားလည်မှုတွေပေးလာကြပြီး ဘောပြားဆိုတဲ့အသုံးအနှုန်းပျောက်ပြီး Tomboy ဆိုတဲ့အသုံးအနှုန်းနဲ့ပဲ ခေါ်ကြပါတယ်။ ကျွန်တော်တို့ Tomboy အချင်းချင်းဖြစ်ခဲ့ဖူးတယ်။ သူတို့နဲ့က အပြင်မှာလဲ မသိဘူးလေ။ အရင်က Tomboy အချင်းချင်းတောင်မှ ပြိုင်ဆိုင်တာတွေရှိတယ်။ သူကယောက်ျားပုံပိုပေါက်တယ် ဘာဖြစ်တယ် ညာဖြစ်တယ် စသည်ဖြင့်ပေါ့။ ဘီယာဆိုင်မှာ ဘီယာသောက်နေတဲ့အချိန် သူကကျွန်တော်တို့ဝိုင်းကို လက်လာထောက်ပြီး စကားပြောတော့ ကျွန်တော်က အဲ့လိုလာမလုပ်နဲ့ မကြိုက်ဘူး မင်းတို့လဲ ပိုက်ဆံပေးသောက်တာ ငါတို့လဲ

ပိုက်ဆံပေးသောက်တာ အဲ့ဒီတော့ အေးအေးဆေးဆေးနေဆိုပြီးပြောရင်းနဲ့ ရန်ထဖြစ်ကြတာ။ အကြီးအကျယ်ပါပဲ ဒုတ်တွေ ပုလင်းတွေ ထိုင်ခုံတွေနဲ့ ကောက်ရိုက် ကောက်ပေါက်နဲ့ ရန်ဖြစ်ကြတာပါ။ ဒါပေမဲ့ အခုကျတော့ တစ်ယောက်အကြောင်းတစ်ယောက်သိပြီး တော်တော်ခင်နေပါပြီ။ ယောကျ်ားလေးတွေကလဲ အမျိုးမျိုးရှိပါတယ်။ ကျွန်တော်တို့ကို တကယ်ခင်တဲ့သူတွေလဲရှိပါတယ်။ မခင်တဲ့သူ ဖွဲ့ချင်တဲ့သူလဲရှိပါတယ်။ ကျွန်တော်တို့တွဲလိုက်လို့ အဲ့ဒီကောင်က တစ်ခုခုမရိုးသားတာရှိရင် ကျွန်တော်တို့သူ့ကို ဆက်မတွဲတော့ပါဘူး။ ကျွန်တော်တို့ကလဲ သူတို့နဲ့သွားရင် သူငယ်ချင်းတစ်ယောက်လောက်ပါမှသွားပါတယ်။ သိပ်တော့ မတွဲဖြစ်ပါဘူး။ ကိုယ့်အချင်းချင်းပဲ တွဲကြပါတယ်။ ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုကိုယ် ယောကျ်ားလေးတစ်ယောက်လို ခံယူထားပေမဲ့ ကိုယ့်ကိုကိုယ်ဘာလဲဆိုတာသိရမယ်လေ။ အနည်းငယ် သောက်တတ်ပေမဲ့ သူတို့နဲ့မသောက်ဘူး။ ကိုယ့်ဘဝတူသူငယ်ချင်းတွေနဲ့ပဲ စုပြီးသောက်တယ်။ ယောကျ်ားလေးတွေနဲ့ တွဲတဲ့အခါမှာရော ကိုယ့်ကိုကိုယ်အန္တရာယ်ရှိတယ်လို့တော့ ယူဆပါတယ်။ အဲ့လိုမတွေးလို့မရဘူးလေ။ အဲ့ဒါကြောင့်မို့လဲ တော်ရုံတန်ရုံဆို သူတို့နဲ့မသွားပါဘူး။ အချင်းချင်းပဲပေါင်းတယ်။ မဖြစ်မနေသွားမယ်ဆိုရင်တောင်မှ အနည်းဆုံး သူငယ်ချင်တစ်ယောက်လောက်ပါမှ အတူသွားပါတယ်။ တစ်ခြားမိန်းကလေးသူငယ်ချင်းအပေါင်းအသင်းတွေ ရှိပါတယ်။ ငယ်ငယ်တုန်းထဲကပေါင်းတဲ့ သူငယ်ချင်းလေးငါးခြောက်ယောက်လောက်တော့ရှိပါတယ်။ အများကြီးတော့ ခင်တဲ့သူမရှိပါဘူး။ မိန်းကလေးသူငယ်ချင်းတွေနဲ့ ကလပ်တွေ ဘာတွေသွားတဲ့အခါမှာ ကလပ်က ဝင်ကြေးက မိန်းကလေးခပဲတောင်းတော့ နဲနဲတော့ ရှက်မိတယ်။ ကျွန်တော်က ရခိုင်ပြည်နယ်ဘက်မှာ ရေကာတာဆောက်တော့ ဆိုဒ်အင်ချက်လုပ်ဖူးပါတယ်။ အဲ့ဒီမှာက အလုပ်ကြမ်းသမားတွေအကုန်လုံးက ယောကျာ်းတွေချည်းပဲလေ။ သူတို့က စသလိုနောက်သလိုနဲ့ ဆရာမတို့ ဆရာလေးတို့ ခေါ်တယ်။ ကျွန်တော်ကတော့ မကြိုက်တဲ့အကြောင်းနဲ့ မခေါ်ဖို့ပြောထားတယ်။ ကျွန်တော့်အထက်ကလူကြီးကို အဲ့လိုမခေါ်ဖို့ပြောပေးခိုင်းတယ်။ နောက်တော့ အင်ချက်လို့ပဲခေါ်တော့တယ်။ အကို့အတွက် အလုပ်အကိုင်ရှာဖွေတဲ့နေရာမှာ ခက်ခဲပါတယ်။ တော်တော်လေး ခက်ခဲပါတယ်။ ကျွန်တော်လုပ်ချင်တဲ့ အလုပ်တွေလဲ အများကြီးရှိပါတယ်။ အဝတ်အစားကန့်သတ်ချက်ကြောင့် မလုပ်ရတဲ့အလုပ်တွေ လေးခုလောက်ရှိပါတယ်။

ကျွန်တော်က ဟင်းချက်တာကိုလဲ ဝါသနာပါပါတယ်။ ပြီးတော့ ဓါတ်ပုံပညာကိုလဲ ဝါသနာပါပါတယ်။ ကွန်ပျူတာလဲ

ဝါသာနာပါတယ်။ ကိုယ့်ဟာကိုယ်လုပ်နိုင်ရင်တော့ အကောင်းဆုံးလို့ထင်ပါတယ်။ ကိုယ့်ဟာကိုယ်ဆိုင်ဖွင့်နိုင်ရင်တော့ အခက်အခဲ မရှိနိုင်ပါဘူး။ သူများဆီမှာ လုပ်ကိုင်မယ်ဆိုရင်တော့ အခက်အခဲရှိနိုင်ပါတယ်။ ကျွန်တော်တို့က မိန်းကလေးလိုလဲ မနေဘူး။ ယောကျ်ားလေးအစစ်လဲမဟုတ်တော့ ပတ်ဝန်းကျင်အသစ်နဲ့နေရတဲ့အခါမှာ အဆင်မပြေမှုလေးတွေ ရှိနိုင်ပါတယ်။ အဲ့လိုတွေကြောင့် အလုပ်မလုပ်ဖြစ်တာလဲပါတယ်။ မိန်းကလေးလိုနေရရင် စိတ်ရှုပ်တယ်။ မနေတက်ဘူး။ ကျွန်တော်တို့ Tomboyတွေမှာ ပညာတက်တဲ့သူတွေရှိတယ်။ သူတို့တွေဘဏ်မှာ လုပ်ချင်တယ်ဆိုရင် ဝတ်ရမယ့်အဝတ်အစားက အဆင်မပြေဘူး။ အဝတ်အစားကန့်သတ်ချက်တွေရှိနေတယ်။ အဲ့လိုမျိုး အလားတူအလုပ်တွေ ရှိနေတယ်။ အဝတ်အစားကန့်သတ်ချက်သာ မရှိဘူးဆိုရင် ကျွန်တော်တို့တွေအတွက် အဆင်ပြေသွားနိုင်ပါတယ်။ ဒါပေမဲ့ခုက အဲ့ဒီလိုကန့်သတ်ချက်တွေကြောင့် အလုပ်မလုပ်တဲ့သူတွေအများကြီး ရှိပါတယ်။ ကျွန်တော်လဲ ကိုယ့်အလုပ်လေးနဲ့ကိုယ် နေချင်ပါတယ်။ အဆင်မပြေမှုတွေကြောင့်ပါ။ အဲ့ဒီလိုကန့်သတ် ချက်တွေကနေလွတ်အောင် လုပ်ပေးတဲ့သူတွေရှိရင်လဲ အရမ်းကျေးဇူးတင်မိမှာပါ။ နောင်တစ်ချိန်မှာတော့ ကျွန်တော်တို့အတွက် ဖြစ်လာမယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။ ဒီ Sky Dragon Lesbian Group နဲ့တော့ အဆက်အသွယ်ရှိပါတယ်။ ဒီအဖွဲ့ကလုပ်တဲ့ Activity လေးတွေမှာ ပါဝင်ဖြစ်ပါတယ်။ သာမာန်လူတွေဖြစ်သလို ကျန်းမာရေးပြဿနာလေးတွေတော့ ရှိပါတယ်။ ကျွန်တော်တို့တွေ ရာသီပန်းပွင့်တဲ့အချိန်ဆိုရင်တော့ အပြင်တွေဘာတွေမထွက်တော့ဘူး။ အဆင်ပြေပါတယ်။ မိန်းကလေးတစ်ယောက်ကိုယ်ခန္ဓာဖြစ်တဲ့ အတွက်တော့ ဓမ္မတာလာတာကို ထိန်းချုပ်တာမျိုးတော့ မလုပ်ပါဘူး။ ကျွန်တော်ကတော့ သဘာဝအတိုင်းပဲနေပါတယ်။ သဘာဝကိုတော့ မလွန်ဆန်ပါဘူး။ ဒီအတိုင်းပဲနေပါတယ်။ အခုချိန်ထိတော့ ကျွန်တော်တော့ ဘာမှမဖြစ်ပါဘူး။ သူများတွေဆို ဗိုက်အောင့်တာတွေ ဘာတွေရှိတယ်။ ကျွန်တော်တော့အဲ့ဒီလိုမျိုးတစ်ခါမှ မခံစားခဲ့ရပါဘူး။ ကျားဟော်မုန်းဆေး ထိုးတာသောက်တာတွေတော့ မသုံးဖူးပါဘူး။ ဖေ့စဖုတ်မှာ ကြော်ငြာတာတွေတော့ တွေ့ဖူးပါတယ်။ နှုတ်ခမ်းမွှေးပေါက်ဆေးတွေ အဲ့လိုမျိုးတွေလဲ မသုံးဖူးပါဘူး။ ရင်သားကိုသေးအောင်လုပ်တဲ့ သောက်ဆေးတွေထိုးဆေးတွေကြောင့် အဲ့လိုဝေဒနာတွေခံစားရနိုင်တယ်လို့ ထင်ပါတယ်။ အဲ့လိုဆေးတွေမသုံးပဲနဲ့လဲ ကိုယ့်ဟာကိုယ်အဆင်ပြေအောင်နေလို့ရပါတယ်။ တစ်ချို့တွေကြတော့လဲ သူတို့ကိုယ်သူတို့ ယောကျ်ားလေးနဲ့အရမ်းတူချင်ကြတော့ သုံးကြတာတွေရှိပါတယ်။ အဲ့လိုဆေးတွေသုံးတော့ရော တကယ်ယောကျ်ားအစစ်ဖြစ်သွားတာမှ

မဟုတ်တာ။ အဲ့တော့ ကိုယ့်အသက်အန္တရာယ်အတွက် မသုံးသင့်ဘူးလို့ ယူဆပါတယ်။

ကျွန်တော်တစ်ခါက အလှူခံတစ်ခုမှာ အဖွဲ့ဝင်ပြီး လိုက်မယ်လုပ်တော့ အဝတ်အစားမှာအဆင်မပြေဘူး။ အဲ့ဒါနဲ့ပဲ ကျွန်တော်တို့သူငယ်ချင်းတွေစုပြီး ပုဆိုးနဲ့အကျီအဖြူဝတ်ပြီး ဘုရားမှာ သန့်ရှင်းရေးပဲသွားလုပ်တယ်။ အဲ့ဒီလိုအခက်အခဲတွေကြောင့် အဖွဲ့အစည်းတွေနဲ့ မလုပ်ဖြစ်ပဲ သူငယ်ချင်းတွေနဲ့ပဲစုပြီး လုပ်ဖြစ်ပါတယ်။ လိင်တူချစ်သူအသိုင်းအဝိုင်းနဲ့ပဲ လှူပ်ရှားမှုလုပ်မယ်ဆိုရင်တော့ အခက်အခဲသိပ်တော့မရှိနိုင်ပါဘူး။ ကိုယ်တတ်နိုင်သလောက်တော့ ကြိုးစားမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ အခုလို Colour Rainbow တို့ Sky Dragon တို့လိုအဖွဲ့အစည်းတွေကြောင့်ပဲ ကျွန်တော်တို့ကို လူတွေကပိုပြီး နားလည်ပေးလာတာပါ။ လိင်တူချစ်သူတွေကို ကာကွယ်ပေးမဲ့ ဥပဒေတွေပေါ်ထွက်လာဖို့ မျှော်လင့်ပါတယ်။ လိုအပ်တယ်လို့လဲ ထင်ပါတယ်။ ယောကျာ်းလေးနဲ့ မိန်းကလေး လက်ထပ်ကြရင် အဆင်ပြေတယ်လေ။ ကျွန်တော်တို့တွေဆိုရင် အမြဲပြဿနာတွေတက်ရတယ်။ ကျွန်တော်တို့တွေ ပေါင်သင်းနေထိုင်ရင်လဲ ပြန်ခွဲလို့ရတယ်။ သွားတိုင်စရာတရားရုံးလဲ မရှိဘူး။ တရားဥပဒေလဲ မရှိဘူး။ အဲ့ဒီအတွက် ရှိစေချင်ပါတယ် လိုအပ်တယ်လို့လဲ မြင်ပါတယ်။ ကျွန်တော့်မှာ မိန်းမလဲရှိပါတယ်။ အခုလက်ရှိကတော့ နဲနဲပြဿနာတက်နေလို့ ခဏခွဲနေပါတယ်။ သူကစင်တင်တေးဂီတကပါ။ ကျွန်တော်ကဘီယာသွားသောက်ရင်း တွေ့တယ်။ ဒီလိုပဲစရင်းနောက်ရင်းနဲ့ အတည်ဖြစ်သွားတာပါ။ ယူဖို့ထိဆုံးဖြတ်ပြီး လက်တွဲခဲ့တာ ခုဆို (၇)နှစ် ဝန်းကျင်ရောက်နေပါပြီ။ ကျွန်တော်ပွေတာ ရှုပ်တာတွေနဲ့ပဲ ပြဿနာတက်တာတွေရှိပါတယ်။ သူနဲ့ပတ်သတ်ပြီးတော့ မရှိပါဘူး။ အဲ့ဒီလိုရှုပ်လို့ပဲ သူကကျွန်တော့်ကို ပစ်ပြီး သူ့မိဘအိမ်ပြန်သွားတာပါ။ သူ့မိဘနဲ့ကျွန်တော့်မိဘတွေကတော့ သဘောတူပါတယ်။ သူ့အိမ်ကလဲ ကျွန်တော့်ကို Tomboy တစ်ယောက်အနေနဲ့ လက်ခံပါတယ်။ သူတို့ရဲ့ သမက်လို သားတစ်ယောက်လိုပါ လက်ခံပါတယ်။ လက်ထက်တယ်ဆိုပေမဲ့ ကျွန်တော်တို့က သူများတွေလို မင်္ဂလာဆောင်လို့ မရဘူးလေ။ နှစ်ဦးသဘောတူ အတူနေထိုင်ခဲ့ကြတာပါ။ သူကအရင်က အဆင်ပြေပါတယ်။ သူကဒီစင်တင်အလုပ်ကိုလုပ်ပေမဲ့ တစ်ခြားမိန်းကလေးတွေလို မဟုတ်ပါဘူး။ သူ့ရဲ့ ကိုယ်ကျင့်တရားကိုယုံလို့ သူမကိုလက်ထပ်ခဲ့တာပါ။ သူက ကရင်လူမျိုးပါ။ သူနဲ့ကျွန်တော်စနေတော့ အိမ်ကကျွန်တော့်ကို လက်မခံဘူး။ ကျွန်တော်တို့ အဆောင်မှာနေတယ်။ ကျွန်တော်က သုံးလုံးရောင်းတယ်။ သူကလဲ စင်တင်မလုပ်တော့ဘူး။ ကျွန်တော့်အိမ်က သူ့အကြောင်းစုံစမ်းတဲ့အခါ အဆင်ပြေတော့ အိမ်ကပြန်ခေါ်တယ်။ အဲ့ဒီလိုနဲ့ ကျွန်တော်တို့ အိမ်ပေါ်ပြန်ရောက်သွားတယ်။ အမှတ်တရတွေကတော့ အများကြီးပါပဲ။

သူက ကျွန်တော့်ထက်ကြီးပါတယ်။ ကျွန်တော်က အိမ်မှာ ဘာမှမလုပ်ခဲ့ရတော့ သူကပဲ လုပ်ပေးတယ်။ ကျွန်တော်က သူ့ကို အမေလိုရော အမလိုပါချစ်တယ်။ အရမ်းလဲတန်ဖိုးထားပါတယ်။ ကျွန်တော်ကရှုပ်လို့သာ ပြဿနာတက်တာပါ။ ကျွန်တော့်မွေးနေ့မှာ အစအဆုံးသူပဲ လုပ်ပေးတယ်။ ကျွန်တော်ကလဲ သူ့ကိုပဲယုံတယ်။ သူ့ကိုပဲတန်ဖိုးထားပါတယ်။ ရေရှည်လက်တွဲသွားဖို့ အစီအစဉ်ရှိပါတယ်။ နောင်တစ်ချိန်မှာ တရားဥပဒေအရ ကျွန်တော်ကတော့ လက်ထပ်ချင်ပါတယ်။ သူကလဲ လက်ထပ်မယ်လို့ယုံပါတယ်။ ကျွန်တော်က သူ့ထက်ငယ်ပေမဲ့ ကျွန်တော့်စကားတစ်ခွန်းပါပဲ။ ကျွန်တော်တို့ကလေးမရနိုင်ဘူးလေ။ သူများကလေးကိုလဲ မွေးစားဖို့လဲအစီအစဉ်မရှိပါဘူး။ သူ့ကိုအစထဲကပြောထားတာ ကလေးလိုချင်ရင်ယောကျ်ားယူ ကျွန်တော်ကတော့ ဘာမှလုပ်မပေးနိုင်ဘူးလို့ ပြောထားပါတယ်။ ကျွန်တော့်အထက်မှာ အကိုရှိပါတယ်။ အောက်မှာက ညီမရှိတော့ သူတို့ကိုမွေးခိုင်းပေ့ါ။ ကျွန်တော့်မှာ မွေးချင်းညီအကိုမောင်နှမတွေရှိတော့ သူတို့မွေးပေးပါလိမ့်မယ်။ကျွန်တော့်ရည်းစားနဲ့ စကားများတဲ့အချိန်ကတော့ အမှတ်တရတွေပါပဲ။ သူငယ်ချင်းတွေနဲ့စကားများတာလဲ ရှိပါတယ်။ အိမ်မှာ ကျွန်တော့်အကိုက အရမ်းတော်တယ်။ ပညာရေးမှာလဲ ထူးချွန်တယ်။ ဆေးလိပ်နဲ့ကွမ်းလဲ ကင်းတယ်။ သားလိမ္မာလေးပေ့ါ။ ကျွန်တော်နဲ့က

ဆန့်ကျင်ဖက်ဆိုတော့ အိမ်ကို ဧည့်သည်တွေလာရင် အကို့ကို ချီးမွမ်းပြောဆိုပြီး ကျွန်တော့်ကိုကျတော့ ဘာမှမလုပ်ဘူး ဘာမှမဟုတ်ဘူး စသည်ဖြင့် မိဘကပြောတဲ့အခါ စိတ်မကောင်းတော့ ဖြစ်ရပါတယ်။ ကျွန်တော့်ဘဝအတွက် အများကြီးကြိုးစားရပါမယ်။ ကျွန်တော်တို့တွေက မိန်းကလေးဖြစ်ပေမဲ့ မိန်းမယူမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ကပဲ လုပ်ကျွေးရမှာပါ။ အဲ့ဒီအတွက် ကျွန်တော်တို့ ကြိုးစားရပါမယ်။ ဒီတစ်ခါသူပြန်လာမယ်ဆိုရင် ကျွန်တော်တို့ အပြင်မှာပဲ အိမ်ငှားနေမယ်။ အလုပ်တွေ တူတူကြိုးစားကြမယ်။ ပိုက်ဆံစုပြီး ကိုယ်ပိုင်လုပ်ငန်းလေးတစ်ခုလောက် လုပ်နိုင်အောင်ကြိုးစားကြပါမယ်။ ကျွန်တော်လဲ အရင်တုန်းကလို မဆိုးတော့ပါဘူး။ ပွေတာရှုပ်တာတွေလဲ မလုပ်တော့ဘူးလို့ ဆုံးဖြတ်ထားပါတယ်။ ပွေတာရှုပ်တာက ကျွန်တော်က သူနဲ့ယူထားပြီးချိန်မှာ နောက်ထပ်ကောင်မလေးတစ်ယောက်ကိုတွေ့တော့ အဲ့ကောင်မလေးကို ကြောင်တယ်။ အရင်က သူ့ကို အလုပ်သွားအလုပ်ပြန်ကြိုတာတွေ ထမင်းချိုင့်သွားပို့ပေးတာတွေ လုပ်ပေးတယ်။ အဲ့ဒီနောက်ထပ်ကောင်မလေးကိုတွေ့ပြီး ကျွန်တော်က သူ့ကို အရင်လိုဂရုမစိုက်နိုင်တော့ဘူး။ အဲ့ဒီတော့ သူ့မှာ ထမင်းမစားရတာတွေ ကျွန်တော်သွားမကြိုလို့ သူငယ်ချင်းအိမ် လိုက်အိပ်ရတာတွေ ဖြစ်တယ်။ အဲ့တော့ သူအဆင်မပြေဘူး သူလဲ ဝမ်းနည်းတာပေ့ါ။ အဲ့ဒီအချိန်မှာ ကျွန်တော်က မွှန်နေလို့လားမသိဘူး သူရှိနေတဲ့အချိန်မှာကို

တော်တော်လေးပွေခဲ့တယ်။ သူကကျွန်တော့်ကို ပြင်ဖို့ပြောတယ်။ ကျွန်တော်ကိုက မပြင်နိုင်ခဲ့တာပါ။ ကျွန်တော်က စိတ်ညစ်တဲ့ဒဏ်ကို မခံစားနိုင်ဘူး။ စိတ်ညစ်လာရင် ကိုယ့်ကိုကိုယ် ပျော်အောင်နေပစ်လိုက်တယ်။ ကျွန်တော့်မိန်းမက တစ်ချိန်လုံးအလုပ်သွားနေပြီး ကောင်မလေးက တစ်ချိန်လုံး ရှိနေတော့ သာယာမိသွားတာပါ။ အဲ့ဒီကောင်မလေးကိုချစ်လားဆိုရင် မချစ်ပါဘူး။ အဲ့ဒီလိုပွေတာမျိုးတွေ နောက်မလုပ်တော့ဘူးလို့တွေးထားပါတယ်။ သူကကျွန်တော့်ကို အဆက်အသွယ် ဖြတ်ထားတာ တော်တော်ကြာပါတယ်။ ကျွန်တော်က မရမကလိုက်ပြီးဆက်သွယ်ထားရတယ်။ သူ့ကို နောက်မပွေတော့ပဲ အလုပ်ကြိုးစားမဲ့အကြောင်း ကတိတွေ အထပ်ထပ်ပေးထားပါတယ်။ ကျွန်တော်သူ့ကိုပဲ ချစ်တာပါ။ နောက်ခါသူမကြိုက်တာမလုပ်တော့ပါဘူး။ အတက်နိုင်ဆုံး ကျွန်တော်အေးအေးဆေးဆေး နေပါတော့မယ်။ ခုကျွန်တော့်ကို လာကြိုက်နေတဲ့ကောင်မလေးတွေကိုလဲ ပြန်မကြိုက်တော့ပါဘူး။ သူတစ်ယောက်ထဲကိုပဲ ချစ်ပါ့မယ်။ သူကြိုက်တာတွေပဲ လုပ်ပါ့မယ်။ သူနဲ့ပဲ တစ်သက်လုံးအတူနေဖို့ ရည်ရွယ်ထားပါတယ်။ ကျွန်တော်တို့ကို လာပြီးအင်တာဗျူးတွေ လုပ်ကြတယ်။ ကျွန်တော်တို့ကို အခြားလူ့အဖွဲ့အစည်းတွေနဲ့ တန်းတူဝင်ဆံ့အောင်လုပ်ပေးတဲ့ အဖွဲ့အစည်းတွေအားလုံးကို အများကြီး အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့လဲလူပါ။ အဲ့အတွက် လူတောတိုးချင်ပါတယ်။ အရင်ကထက်စာရင် အများကြီးအဆင်ပြေနေပါပြီ။ လူဝင်ဆံ့နေပါပြီ။ နောင်ဒီထက်ပိုပြီးတိုးတက်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့လိင်တူချစ်သူတွေကို တရားဝင်ဖြစ်အောင် ကူညီပေးနေတဲ့ အဖွဲ့အစည်းအားလုံး အားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်။

---

## ၃၉။ မကျော်(၄၈) လားရှိုးမြို့



မင်္ဂလာပါ။ အမည်ကတော့ မကျော်လို့ခေါ်ကြပါတယ်။ နေတာကတော့ လားရှိုးမြို့ပါ။ အသက်ကတော့၄၈နှစ်ပါ။ မကြီးကတော့ ကိုယ့်ကိုကိုယ် အခြောက်မတစ်ယောက် အပွင့်မတစ်ယောက်လို့ ခံယူထားပါတယ်။ ငယ်ငယ်ထဲက မိန်းကလေးတစ်ယောက်လိုပဲ နေထိုင်ပါတယ်။ ဝတ်တာစားတာကတော့ ပွဲလမ်းသဘင်ရှိရင်တော့ မိန်းမလိုဝတ်ပါတယ်။ သာမန်အချိန်တွေမှာတော့ ရှပ်အကျီနဲ့ ပုဆိုးကိုဝတ်ပြီး ဆံပင်အရှည်ထားနေရတာကို ကြိုက်ပါတယ်။ ငယ်ငယ်တုန်းထဲကပါ။ မင်္ဂလာဆောင်တွေ အလှူနဲ့ပွဲလမ်းသဘင်တွေသွားရင် အဖွားက မိန်းကလေးအဝတ်အစားတွေ ဝတ်ပေးပြီးခေါ်တော့ ကိုယ့်ကိုကိုယ်မိန်းကလေးတစ်ယောက်မှတ်နေခဲ့တယ်။ ငယ်ငယ်ထဲက စကပ်ဝတ်ချင်တယ် နှုတ်ခမ်းနီဆိုးချင်တယ်။ အဲ့တော့ ငယ်ငယ်လေးထဲက မိန်းမလျာလို့ပဲထင်ပါတယ်။ ပထမတန်းရောက်တဲ့အချိန်မှာ အဖေက တန့်ယန်းကနေပြန်လာတော့ ကိုယ်ကအဖေပြန်လာပြီဆိုပြီး ဂါဝန်လေးနဲ့ထွက်ကြိုတော့ ရိုက်ခံရဘူးတယ်။ အဲ့ဒီတုန်းက အဖေက လွှတ်တော်ကိုယ်စားလှယ်ပါ။ ငယ်ငယ်လေးထဲက မိန်းမလျာလို့ပြောလို့ရပါတယ်။ ကျွန်မရဲ့အဖေက အရင်ကပါတီကောင်စီလက်ထပ်မှာ လွှတ်တော်ကိုယ်စားလှယ်ပါ။ မျိုးရိုးအနေနဲ့ပြောရမယ်ဆိုရင် အဖွားနဲ့အမေဖက်က ရွှေရောင်းတဲ့မျိုးရိုးပါ။ မောင်နမသုံးယောက်ရှိပါတယ်။ အထက်က အမဖြစ်ပြီး အောက်ကတော့ မောင်လေးဖြစ်ပါတယ်။ အမကစာတော်တော့ သူ့ကို ငယ်ငယ်လေးထဲက အားကျခဲ့ရပါတယ်။ အမက အားကစားရော စာပေမှာရော ထူးချွန်ပါတယ်။ အားကစားမှာမထူးချွန်ပေမဲ့ စာပေဖက်မှာ ထူးချွန်အောင် ကြိုးစားခဲ့ပါတယ်။ ၇ တန်း ၈ တန်း အရွယ်လောက်ထိ အခြောက်ဆိုလို့ တစ်မြို့လုံးမှာမှ ကိုယ်တစ်ယောက်ပဲရှိပါတယ်။ မှတ်မှတ်ရရ

ကျောက်မဲမြို့ကို ရောက်သီးဆေးပြားသည်တစ်ယောက် လာပြီးကပါတယ်။ အဲ့ဒီအချိန်မှာ သူ့ကိုကြည့်ပြီး အားကျခဲ့ရပါတယ်။ အဲ့ဒီခေတ်က မာမာအေးသီချင်းတွေ အရမ်းခေတ်စားနေတဲ့အချိန်ပါ။ နောက်လေးငါးလလောက်နေတော့ မိုးကြိုးငှက်ငယ်အဖွဲ့က လာကကြပြန်ရော။ သူတို့ကတောတွေ အားကျပြီး အိမ်မှာမှန်ထောင်ပြီး ကဖြစ်ပါတယ်။ သူငယ်ချင်းတွေနဲ့ဆော့ရင်လဲ ကိုယ်ကမိန်းမလိုလုပ်ပြီး ကပြပါတယ်။ ကျောင်းသွားရင် ဇာဇာရတနာဆိုပြီးလိုက်စတော့ ကိုယ်ကပြန်ဆဲပါတယ်။ နောက်တော့လဲ စချင်ရင်စ ဘာဖြစ်လဲဆိုပြီး ကိုးတန်းလောက်ထိ တစ်ယောက်ထဲ တိုက်ပွဲဝင်ခဲ့ရပါတယ်။ ဆယ်တန်းရောက်တော့ တွဲတဲ့သူငယ်ချင်းနဲ့က သူကလဲယောက်ျားပုံနေတယ် ကိုယ်ကလဲ ယောက်ျားပုံနေတယ်ဆိုတော့ တော်တော်လေးခင်ပြီး ပြောင်းဆန်အောင် လုပ်ခဲ့ပါတယ်။ စာလဲသိပ်စိတ်မဝင်စားတော့ဘူး။ ဆယ်တန်းကျလို့နောက်နှစ်ရောက်တော့ နတ်လိုင်းထဲကို ခြေစုံပစ်ဝင်လိုက်ပါတယ်။ အိမ်ကတော့ သဘောမတူပါဘူး။ ဆယ်တန်းအောင်မှ နတ်နဲ့လက်ထပ်ခွင့်ပေးမယ်ဆိုတော့ ဆယ်တန်းကိုပြန်ကြိုးစားပြီး ဆယ်တန်းအောင်ခဲ့ပါတယ်။ မိဘတွေလဲ မနိုင်လို့လွှတ်ထားပြီးတော့ သူငယ်ချင်းနဲ့ပေါင်းပြီး နတ်လောကထဲ ဝင်ဖြစ်ခဲ့ပါတယ်။ အိမ်ကအလုပ်ကို မလုပ်ချင်တော့ပဲ တစ်မြို့ဝင်တစ်မြို့ထွက်နဲ့ ကိုယ့်ပိုက်ဆံနဲ့ကိုယ် လိုက်ပြီးကပါတယ်။

မိန်းမပုံဝတ်တာစားတာက အဲ့ဒီအချိန်မှာ အရမ်းခေတ်စားတော့ ပျော်ဖို့ကောင်းပါတယ်။ မှတ်မှတ်ရရ 2000 ခုနှစ် တောင်ပြုံးမှာ ကိုယ်တွေလဲ ဘာမှမလုပ်ပါပဲနဲ့ ရဲတွေက လိုက်ဖမ်းပါတယ်။ ထောင်တောင်မဆန့်ပါဘူး။ အချုပ်ထဲထည့်ပြီး ဂတိုးတိုးပေးပါတယ်။ ထောင်ချမယ်လို့လည်းကြားရော အရမ်းကို တုန်လှုပ်ခဲ့ရပါတယ်။ အဲ့ဒီတုန်းက မိုးကုတ်ပေါက်ပေါက်က ကူညီပေးလို့ လွတ်ခဲ့ရပါတယ်။ လွတ်ခဲ့ပေမဲ့လဲ ကိုယ်က ဆံပင်အရှည်ကြီးကို ဂတိုးတိုးခံရလို့ အတိုလေးဖြစ်နေတော့ စိတ်ဆင်းရဲခဲ့ရပါတယ်။ အဲ့ဒီနှစ်မှာပဲ ဘွဲ့လဲရတယ်။ ဂတိုးလဲတိုးခံရပါတယ်။ အဲ့ဒီနှစ်မှာ စီးပွားရေးကလဲ အဆင်မပြေဖြစ်ခဲ့ပါတယ်။ အိမ်မှာအတူနေတဲ့ ယောကျ်ားကလဲ မိန်းမယူမယ်ဆိုတော့ တော်တော်လေး စိတ်ရှုပ်ခဲ့ရပါတယ်။ ကိုယ့်ဘဝကြီးကို ဘယ်လို ရှေ့ဆက်ရမယ်မှန်းမသိလို့ ငွေသုံးထောင်နဲ့လဲ အိမ်ကနေထွက်ပြေးခဲ့ဖူးပါတယ်။ နောက်ဆယ်ရက်လောက်နေတော့ အမေက နင့်ကိစ္စတွေ အကုန်ရှင်းပေးမယ် ပြန်လာခဲ့ဆိုတော့ အိမ်ကိုပြန်လာပါတယ်။ နောက်တစ်ခုက 2005 ခုနှစ် ကျွန်မမှာ HIV ဖြစ်နေတဲ့အတွက် မိန်းမယူသွားတဲ့ ကျွန်မအမျိုးသားကနေ လားရှိုးကိုလိုက်ပို့ပြီး ART ဆေးသောက်စေခဲ့ပါတယ်။ ခုဆို 2016ဆိုတော့ 11 နှစ်ထဲတော့ ရောက်နေပါပြီ။ ကျွန်မအဆင်မပြေတဲ့အချိန်မှာ ကျွန်မရဲ့အမျိုးသားကနေ သူ့မိန်းမမသိအောင် တစ်လတစ်ခါ

နှစ်လတစ်ခါလောက် ပိုက်ဆံပို့ပေးပါတယ်။ 2007 ခုနှစ်မှာ ရွှေဝါရောင်တော်လှန်ရေးဖြစ်ပြီးတော့ ဆေးက အခက်အခဲတွေဖြစ်ပြီး သူငယ်ချင်းတော်တော်များများ ဆုံးပါးခဲ့ပါတယ်။ ကိုယ့်မှာ HIV ရှိလို့ဆေးသောက်နေရတဲ့အကြောင်း ပွင့်ပွင့်လင်းလင်းပြောပြတော့ ခွဲခြားမှုတော့ မရှိပါဘူး။ မရှိဘူးဆိုပြီး ပုန်းလျှိုးကွယ်လျှိုးနဲ့နေသူတွေကိုတော့ ပတ်ဝန်းကျင်က မယုံသင်္ကာဖြစ်ပြီး ပိုခွဲခြားပါတယ်။ ကျွန်တော့်အနေနဲ့ ပွင့်ပွင့်လင်းလင်းပြောပြတဲ့အခါမှာ ယောကျ်ားသူငယ်ချင်း မိန်းကလေးသူငယ်ချင်း အခြောက်သူငယ်ချင်းတွေက ကိုယ့်ကို ချီးကျူးကြပါတယ်။ သူငယ်ချင်းတွေကလဲ ဝိုင်းပြီးအားပေးကြပါတယ်။ ငယ်ငယ်ကစာသင်ပေးခဲ့တဲ့ ဆရာ/ဆရာမတွေနဲ့တွေ့တော့လဲ ကျွန်တော့်ကို အားပေးစကားပြောတာတွေ ကြုံခဲ့ရပါတယ်။ 2006 ကနေ 2008 အထိက ဘဝမှာ အချိုးအကွေ့မျိုးစုံနဲ့ တွေ့ခဲ့ရလို့ တော်ရုံတန်ရုံလူဆိုရင် ရူးချင်ရူး မရူးရင်တောင် သေနိုင်ပါတယ်။ 2008 မှာ သူငယ်ချင်းဆိုင်မှာ မနေဖို့ဆုံးဖြတ်ခဲ့ပါတယ်။ သူငယ်ချင်းကတော့ သူ့ဆိုင်မှာပဲနေစေချင်ပါတယ်။ ဒါပေမဲ့တစ်ချိန်ချိန်မှာ သူ့ဆိုင်ရဲ့ဖောက်သည်တွေက သိသွားရင် မကောင်းဘူးဆိုပြီး သူ့ဆိုင်ကနေထွက်ပြီး ကိုယ့်ခြေထောင်ပေါ် ကိုယ်ရပ်ပြီး အလင်းမီးအိမ် အဖွဲ့နဲ့ စပ်ဆက်မိပြီး NGO လောကထဲကို ဝင်ခဲ့ပါတယ်။ ယောကျ်ားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် အခြောက်ပဲဖြစ်ဖြစ် HIV ဖြစ်လာရင် ဆေးကုရမှာ ဆေးခန်းသွားရမှာကို အများစုက ကြောက်ကြပါတယ်။ ကိုယ့်ကိုကိုယ် HIV စဖြစ်နေတယ်ဆိုတာကို သိတဲ့အချိန်က 2000 ခုနှစ်ပါ။ ရှက်ပြီးတော့ ဘေးပတ်ဝန်းကျင်က ပြောမှာတွေ ဝေဖန်ကဲ့ရဲ့မှာတွေကို ကြောက်ပြီး ဆေးမသောက်ပဲနေခဲ့ပါတယ်။ ဆေးစသောက်တော့ CD4 18 နဲ့စသောက်ခဲ့ပါတယ်။ ဆေးသောက်နောက်ကျခဲ့လို့ ဆေးဒဏ်တွေခံခဲ့ရပြီး ရှိတဲ့အသက်အရွယ်ထက်ကို ပိုပြီး အိုစာသွားပါတယ်။ ခုခေတ်အခြောက်မလေးတွေက လုလုပပနဲ့ချစ်စရာလေးတွေကို ကိုယ့်လိုမဖြစ်စေချင်ပါဘူး။ အဓိကကတော့ ကိုယ့်မှာရောဂါဖြစ်နေတယ်ဆိုရင်တော့ မရှက်မကြောက်နဲ့ ဆေးကုပြီး ဆေးပုံမှန်သောက်စေချင်ပါတယ်။ မကျော်တို့ခေတ်က အခြောက်မတွေက ဆေးသောက်ရမှာ ကြောက်ကြတယ် ရှက်ကြတယ် မဖွင့်ပြောရဲကြဘူး ဒါပေမဲ့စည်းလုံးကြတယ်။ အဲ့ဒီခေတ်ကသာ ခုလိုမျိုး LGBT အဖွဲ့အစည်းတွေရှိခဲ့မယ်ဆိုရင် ခုချိန်မှာ တော်တော်လေးဖွံ့ဖြိုးနေလောက်ပါပြီ။ ခုခေတ်ကလေးအချို့က စိတ်ဝင်စားမှုသိပ်မရှိဘူး။ အလှတွေပြိုင်မယ် ဂုဏ်တွေပြိုင်ကြမယ် အဲ့ဒီလောက်ပဲ စိတ်ဝင်စားကြတယ်။ ဘဝတူတွေနေနဲ့ လက်တွဲဖော်ရွေးကြတဲ့အခါ သတိထားဖို့တော့ ပြောချင်ပါတယ်။ တစ်ချို့တွေက ချူစားပြီး ပစ်သွားတဲ့သူတွေရှိပါတယ်။ မကျော်ခုလက်ရှိအမျိုးသားဆိုရင်တော့ အရမ်းကောင်းပါတယ်။

ပိုက်ဆံရှိတုန်းကလဲ အတူနေတယ်။ ပိုက်ဆံမရှိတော့လဲ ပစ်မသွားပါဘူး။ HIV ဖြစ်တော့လဲ အားပေးစကားတွေပြောပေးပါတယ်။ ခုထိလဲ ဂရုစိုက်ပေးပါတယ်။ အဲ့ဒီလိုအချစ်မျိုးကို ရှာစေချင်ပါတယ်။ တစ်ချို့တွေက ကိုယ်နဲ့ဘဝတူတွေကို မကူညီချင်ကြဘဲ ယောကျ်ားတွေအတွက်ပဲ လုပ်ပေးချင်ကြတယ်။ အဲ့ဒီလိုလူတွေကိုတော့ ပြုပြင်စေချင်မိတယ်။ မကျော်တို့ခေတ်မိန်းမလျာတွေကတော့ တစ်ယောက်နဲ့တစ်ယောက် စာနာကြတယ်။ ရိုင်းပင်းကြတယ်။ တစ်ယောက်အခက်အခဲကို တစ်ယောက်ကူညီကြပါတယ်။ ခုခေတ်ကလေးတွေကတော့ အလှမာန ပညာမာနတွေနဲ့ ကိုယ့်ထက်အသက်ကြီးတဲ့မိန်းမလျာတွေကိုတွေ့ရင်တောင်မှ မလေးမစားပြုမူကြပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် မကျော်ပြောတာကို ယုံကြပ့ါမလားမသိဘူး။ မကျော်ငယ်ငယ်တုန်းက အကြော်ရောင်းတဲ့ ဦးလေးကြီးတစ်ယောက်က ညရောက်ရင် အမြဲတမ်းပုံပြင်ပြောပြပါတယ်။ လပြည့်ညတစ်ညမှာ ပုံပြောမယ်လို့ညာပြီး လိင်ဆက်ဆံခဲ့ပါတယ်။ အဲ့ဒီအချိန်ကစလို့ လိင်ဆက်ဆံရတာကို ကြိုက်သွားပါတယ်။ အသက် ၇ နှစ်အရွယ်လောက်မှာ သူငယ်ချင်းတွေနဲ့ လင်မယားလုပ်တမ်းကစားလို့ အိမ်ကကြိုးတုတ်ပြီး ရိုက်တာကို ခံရဖူးပါတယ်။ နောက်တော့ ခရစ်ယာန်ကျောင်းကို ပို့လိုက်ပါတယ်။ ခရစ်ယာန်ကျောင်းမှာ ဘော်ဒါဆောင်နေရပါတယ်။ အဲဒီမှာလဲ ကိုယ့်ထက်အတန်းကြီး

သူတွေနဲ့ လိင်ဆက်ဆံဖြစ်တယ်။ ကိုယ်က လေးနှစ်သားလောက်ထဲက လိင်ဆက်ဆံဖူးတော့ ကိုယ့်အတွက် အဆန်းတကျယ်တော့ မဟုတ်တော့ပါဘူး။ အမေကတော့ နင်နောက်ခါလုပ်ရင် နင့်အဖေနဲ့တိုင်မယ်ဆိုတော့ အဖေ့ကိုကြောက်လို့ ဆင်ခြင်ခဲ့ရပါတယ်။ လိင်တူဆက်ဆံလို့ မိသားစုက ခွဲခြားလားဆိုရင်တော့ အဲ့ဒီလိုမျိုးကြီးတော့ မကြုံခဲ့ရပါဘူး။ အဲ့ဒီခေတ်မှာက မိန်းမလျာလို့ခေါ်တာထက် ဂန်ဒူးမကြီးလို့ ခေါ်တာကို အများကြီးကြုံခဲ့ရပါတယ်။ လိင်တူချစ်သူက ၈ တန်းနှစ်မှာ အတူနေဖြစ်ပြီး ၉ တန်းနှစ်ထိ အတူနေပါတယ်။ ကိုးတန်းနှစ်မှာ သဘောထားမတိုက်ဆိုင်တော့လို့ ပြတ်စဲခဲ့ပါတယ်။ သူငယ်ချင်းတွေ ယောကျ်ားယူတာကို အားကျပြီး ကိုယ်လဲ ယောကျ်ားတွေ တစ်ယောက်ပြီးတစ်ယောက်ယူခဲ့ပါတယ်။ ဒါပေမဲ့လဲ ယောကျ်ားတစ်ယောက်ကို စွဲစွဲမြဲမြဲမချစ်ခဲ့ဖူးပါဘူး။ 2004 ခုနှစ်မှာတော့ ကျောက်မဲက သားငယ်နဲ့အတူနေဖြစ်ပါတယ်။ အစကတော့ အိမ်ကိုအရွဲ့တိုက်ချင်စိတ်နဲ့ အပျော်တွဲခဲ့တာပါ။ အိမ်ပေါ်ထိခေါ်တင်ထားပြီး စီးပွားရေးအတူတူလုပ်တဲ့အခါ အဆင်ပြေတော့ အတူနေဖြစ်သွားတာပါ။ အတူနေဖြစ်တာကတော့ ၇ ယောက်လောက်တော့ရှိပြီး ခုလက်ရှိအမျိုးသားနဲ့တော့ သေတပန်သက်တစ်ဆုံးနေဖို့တော့ ဆန္ဒရှိပါတယ်။ ကျောက်မဲအိမ်ကိုသွားရင်တော့ သူ့အိမ်မှာ သွားနေပါတယ်။

သူ့မိန်းမကလဲ ကိုယ်တွေအကြောင်းသိထားတော့ လွတ်လွတ်လပ်လပ်ပေးနေပါတယ်။ သားငယ်ကတော့ သူ့အမျိုးသမီးနဲ့အသိုင်းအဝိုင်းကို ပွင့်ပွင့်လင်းလင်းပြောပြထားတော့ အဆင်ပြေပါတယ်။ ဒီနေ့ဒီအချိန်ထိကတော့ ရောဂါပိုးရှိနေလို့ဆိုပြီး ခွဲခြားမှုကိုတော့ မခံရသေးပါဘူး။ ပွင့်ပွင့်လင်းလင်းပြောစရာတစ်ခုကတော့ ယောက်ဖကိုတော့ အနည်းငယ်မကျေနပ်ပါဘူး။ ကိုယ်ကပတ်ဝန်းကျင်ကို ပွင့်ပွင့်လင်းလင်းပြောပြထားတာကို သူက နောက်ကွယ်မှာ ကျွန်တော့်ယောက်ဖက HIV ပိုးရှိနေလို့ ART ဆေးသောက်နေရတယ်ဆိုပြီး လိုက်ပြေနေတော့ အနည်းငယ်တော့ စိတ်ဆိုးမိပါတယ်။ 2011 ခုနှစ်ကဆုံးသွားတဲ့ ကျောက်မဲက သမီးတစ်ယောက်ကိုဆိုရင် အရမ်းနမြောပါတယ်။ မိက်ကပ်နဲ့ဆံပင်မှာဆိုရင် သူ့အတိုင်းအတာနဲ့သူ အောင်မြင်နေပါပြီ။ ဆေးပုံမှန်မသောက်တာတွေ ဆေးခန်းမသွားတာတွေရယ်ကြောင့် ဦးနောက်မှိုစွဲပြီး ဆုံးသွားပါတယ်။ သူဘာကြောင့်ဆုံးသွားတယ်ဆိုတာကို သူ့မိသားစုဝင်တွေကတော့ ဒီနေ့ဒီအချိန်ထိ မသိကြသေးပါဘူး။ လူတိုင်းရဲ့ ပါးစပ်ဖျားမှာကတော့ အေကိုက်ပြီးဆုံးသွားတယ်ဆိုပြီး ပြောစမှတ်တွင်သွားပါတယ်။ 2016 နှစ်းဆန်းပိုင်းမှာလဲ ကျောက်ဆည်ဘက်က သူငယ်ချင်းတစ်ယောက် အဲ့ဒီရောဂါနဲ့ပဲ ဆုံးသွားပါတယ်။ ခုခေတ်ကလေးတွေကတော့ တော်တော်များများ ပညာတတ်ကြပါတယ်။ ဒါပေမဲ့စောစောကပြောသလိုမျိုး ပညာတတ်ပြီးတော့မှ ကျန်းမာရေး ဗဟုသုတ အားနည်းနေကြတယ်လို့ မြင်မိပါတယ်။ ရောဂါဖြစ်လာရင် ပွင့်ပွင့်လင်းလင်းမရှိပဲ ကျိတ်မှိတ်ပြီးနေတာမျိုးတွေ မရှိစေချင်ပါဘူး။ ဒီရောဂါဝေဒနာရှင်တွေ ပပျောက်သွားနိုင်လားဆိုရင်တော့ မပျောက်နိုင်ပါဘူး။ လျော့နည်းသွားဖို့တော့ လိုပါတယ်။ လျော့နည်းသွားတာထက် လုံးဝပပျောက်သွားရင်တော့ အကောင်းဆုံးပါ။ LGBT တွေ အချင်းချင်းကြားမှာတော့ ပွင့်ပွင့်လင်းလင်းရှိဖို့တော့ လိုပါတယ်။ lesbian နဲ့ gay တွေကြားထဲမှာလဲ အချင်းချင်းနားလည်မှုတွေ ရိုင်းပင်းကူညီမှုတွေ လိုအပ်တယ်လို့ ထင်ပါတယ်။ gayတွေက ဆတ်ဆတ်ထိမခံ ပြန်ပြောတတ်တာတွေကြောင့် မတည့်တာတွေတော့ ရှိပါတယ်။ ကိုယ်တွေလဲ အရင်ကတော့ စိတ်အရမ်းတိုတတ်ပါတယ်။ ခုနောက်ပိုင်းတော့ နားလည်မှုထားပြီး သည်းခံပါတယ်။ နောက်တစ်ခု အခြောက်မတွေကြားထဲမှာ အရေးအကြီးဆုံးက ART ဆေးပေါ်မှာ တန်ဖိုးမထားကြတာပါ။ တစ်ချို့တွေက ဆေးကို မြို့တိုင်းကိုလှည့်ထုတ်ပြီးရောင်းစားနေတာတွေ ရှိပါတယ်။ LGBT မှမဟုတ်ပါဘူး တစ်ခြားယောကျ်ားမိန်းမတွေလဲ အဲ့လိုတွေလုပ်နေတာကို တွေ့ဖူးပါတယ်။ ကျွန်တော်က Union RHC မှာ လေးနှစ်လောက် စေတနာ့ဝန်ထမ်းလုပ်ပြီး ဝေဒနာရှင်တွေကြားထဲမှာ

နေထိုင်ခဲ့ဖူးတော့ သိနေပါတယ်။ တော်တော်များများကို ပြုပြင်ပြောင်းလဲစေချင်ပါတယ်။ အဲ့ဒီလိုပြုပြင်ပြောင်းလဲဖို့ကိုကျတော့ ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းမှအောင်မြင်နိုင်မှာပါ။ ဒါပေမဲ့လဲ ကျန်းမာရေးဝန်ကြီးဌာနက ပူးပေါင်းဆောင်ရွက်မှု အားနည်းတယ်လို့ မြင်ပါတယ်။ တစ်ချို့ဆရာတွေက MsM ဆိုရင် အကုန်အခြောက်ကြီးပဲလို့ ထင်ကြတာတွေရှိတယ် သူတို့ကိုယ်တိုင်က MsM ရဲ့ သဘောသဘာဝကို နားလည်မှုအားနည်းတယ်လို့ မြင်မိပါတယ်။ MsM နဲ့ LGBT အဖွဲ့အစည်းတွေရဲ့အကြောင်းကို အာဏာပိုင်အဖွဲ့အစည်းတွေကလဲ ပိုမိုပြီး သိနိုင်အောင် ကိုယ်တွေဖက်က စည်းရုံးမှုလုပ်ဖို့ လိုအပ်ပါတယ်။ မကျော်အနေနဲ့ Social Media တွေ အားကောင်းလာတဲ့အပေါ်မှာ ကောင်းပါတယ်။ အဲ့ဒီကနေတဆင့် ပညာပေးတွေ ဗဟုသုတတွေ ရနိုင်ပါတယ်။ မကျော်တို့ခေတ်က အခြောက်မုန်ရင် နတ်ကတော် အများဆုံးလုပ်ကြတယ်။ မိတ်ကပ်ဆံပင်ဆိုတာ ရှိပေမဲ့ ရှားတယ်။ သိပ်မအောင်မြင်ကြပါဘူး။ ခုနောက်ပိုင်းကတော့ ကိုယ်ကြိုးစားရင် ကြိုးစားသလောက် အောင်မြင်ကြပါတယ်။ အင်တာနက်ပေါ်ကနေ ကောင်းတာတွေ အများကြီးရနိုင်သလို မကောင်းတာတွေလဲ ဖြစ်နိုင်ပါတယ်။ အွန်လိုင်းပေါ်မှာကလဲ လူလိမ်လူညာတွေ ရှိပါတယ်။ အွန်လိုင်းပေါ်မှာ ဆဲတာတွေ ဆိုတာတွေ လုပ်ကြတာတွေရှိပါတယ်။ ကောင်းတာလေးတွေယူပြီးတော့ မကောင်းတာတွေကိုတော့ မယူစေချင်ပါဘူး။ တရားဝင်လက်ထပ်ခွင့်ရမယ် ဆိုရင်တော့ ကောင်းတာပေါ့။ လွတ်လွတ်လပ်လပ်နေရမယ်လေ။ ခွင့်ပြုလိုက်တဲ့အတွက် ပိုပြီးတော့ ခွဲခြားမှုတွေရှိလာနိုင်မလားရောဂါအသစ်အဆန်းတွေများပေါ်လာနိုင်မလ ားဆိုတာကိုတော့စိုးရိမ်မိတယ်။လိင်တူလက်ထပ်ခွင့်ပေးလိုက်ပြီးတော့ တစ်လင်တစ်မယားစနစ်ကျင့်သုံးနိုင်ရင်တော့ ကောင်းပါတယ်။ အရင်တုန်းကသာ ကျန်းမာရေးအမြင်တွေ LGBT အကြောင်းတွေ သိခဲ့မယ်ဆိုရင် ပိုပြီးတော့ လုပ်ဆောင်နိုင်လိမ့်လို့တော့ ယုံကြည်ပါတယ်။ အခုကတော့ အလင်းမီးအိမ်အဖွဲ့က ကိုချမ်းငြိမ်းမိုးနဲ့အတူ လက်တွဲဆောင်ရွက်နေပါတယ်။ ကိုချမ်းဆိုတာကတော့ ကိုယ့်ရဲ့စံပြတစ်ယောက်ပါ။ ကိုချမ်းဆိုရင် HIV ဝေဒနာရှင်တွေအပေါ် ထပ်တူထပ်မျှ ခံစားပြီး ကူညီပေးနိုင်ပါတယ်။ ကိုယ်လဲတတ်နိုင်သလောက်တော့ လုပ်ပါတယ်။ ဒီရောဂါပိုးတွေ မကူးစက်အောင် ကာကွယ်ရမဲ့နည်းလမ်းတွေ သင်တန်းတွေလဲ ပို့ချပေးပါတယ်။ ဆေးရဲ့ဘေးထွက်ဆိုးကျိုးခံစားနေရတဲ့ သူငယ်ချင်းနှစ်ယောက်ကိုလဲ ကယ်တင်ခဲ့ဖူးပါတယ်။ မှတ်မှတ်ရရ 2014 လောက်ကပါ။ သူတို့တွေကို မရွံမရှာနဲ့ ပြုစုပေးခဲ့ပြီး ခုလိုအသက်ရှင်နေတော့ အတိုင်းအသိဝမ်းသာရပါတယ်။ ဒီဘက်ပိုင်းတင်လုပ်တာတော့ မဟုတ်ပါဘူး။ ရေဘေးသင့်ပြည်သူများ ကူညီကယ်ဆယ်ရေးတွေမှာလဲ တတ်နိုင်တဲ့ဖက်ကနေ

ကူညီဆောင်ရွက်ခဲ့ပါတယ်။ စစ်ပွဲတွေကြောင့် မငြိမ်းချမ်းသေးတဲ့ ဒီရှမ်းမြောက်မှာ ငြိမ်းချမ်းရေး ဆုတောင်းပွဲတွေ LGBT Right , Human Right တွေကို မကြောက်မရွံ့ လုပ်ဆောင်ခဲ့ပါတယ်။ ကိုယ်ကတော့ အသက် 48 နှစ်အရွယ်ဆိုတော့ မီးစာကုန်ဆီခန်းအရွယ်တော့ ရောက်နေပါပြီ။ အရင်လိုပြန်ပြီး ချမ်းသာဖို့ရာ မျှော်လင့်ချက်လဲ မထားတော့ပါဘူး။ ကိုယ့်ရဲ့အလင်းမီးအိမ်အဖွဲ့ စည်းစည်းလုံးလုံးနဲ့ အောင်မြင်ဖို့ ကြိုးစားသွားချင်ပါတယ်။ နောက်တစ်ခုက ကိုယ့်ရဲ့အဖွဲ့တိုးတတ်အောင်မြင်သလို LGBT အဖွဲ့အစည်းတွေကိုလဲ စည်းစည်းလုံးလုံးနဲ့ အောင်မြင်အောင် တတ်နိုင်တဲ့ဘက်က ကြိုးစားချင်ပါတယ်။ လူ့အခွင့်အရေးတွေ ငြိမ်းချမ်းရေးမရသေးတဲ့ ဒီဒေသ ငြိမ်းချမ်းစေဖို့ အသက်ကိုတောင် မနမြောပဲ ကြိုးစားချင်ပါတယ်။ ရှိပါတယ်။ ကိုယ်က HIV ပိုးရှိနေတယ်ဆိုတာကို 2000 ခုနှစ်မှာ စသိခဲ့ပါတယ်။ 2005 ခုနှစ်မှာ ART ဆေးစသောက်ခဲ့ရပါတယ်။ အဲ့ဒီတုန်းက ကိုယ်နဲ့အတူနေတဲ့သူကိုပါ သွေးစစ်ရမယ်ဆိုတော့ သူ့မှာများရှိနေမလားဆိုပြီး တော်တော်လေးတုန်လှုပ်ခဲ့ရပါတယ်။ သူ့ရဲ့သွေးအဖြေရတဲ့နေ့မှာ councilor ကို ကိုယ်ပါသူ့သွေးအဖြေနားထောင်လို့ရလား ဆိုတော့ ကာယကံရှင်ခွင့်ပြုရင် နားထောင်ပါလို့ပြောပါတယ်။ သူကခွင့်ပြုတော့ သူ့သွေးအဖြေလွှာကို အတူနားထောင်ရင်း ချွေးစေးတွေပြန်ပါတယ်။ သူ့မှာ HIV ရောဂါပိုးမရှိဘူးဆိုတဲ့အသံကြားတော့ ပျော်လွန်းလို့ ဆယ်မိနစ်လောက်တောင် သတိမေ့သွားပါတယ်။ 2013 ခုနှစ် အဖေဆုံးတဲ့အချိန်ကလဲ မေ့မရနိုင်ပါဘူး။ အဖေက အသဲကင်ဆာဖြစ်တာပါ။ အဖေဆေးရုံတတ်တော့ ဆရာဝန်ကြီးက ခေါ်ပြောပါတယ်။ ခင်ဗျားအဖေက သိပ်ပြီး အခြေအနေမကောင်းဘူး။ ခွဲရင်လဲ မမီတော့ဘူးဆိုပြီးပြောပါတယ်။ အဲ့တော့ အဖေ့အခြေအနေကို အဖေ့လဲမပြောပြရက် အမေနဲ့ ညီ ညီမလေးတွေကိုလဲ ပြောမထွက်ပဲ တစ်ယောက်ထဲ ကျိတ်ခံစားခဲ့ပြီး တာဘောင်ပေါ်မှာ အိပ်ပျော်သွားခဲ့ဖူးတာကတော့ မှတ်မှတ်ရရပါပဲ။ အဲ့ဒီအကြောင်းအရာနှစ်ခုကတော့ ဘယ်တော့မှမေ့မရတဲ့ အမှတ်တရပါပဲ။ ကိုယ်ကတော့ လောကဓံကို ကြံ့ကြံ့ခံနိုင်အောင် ကြိုးစားပါတယ်။ တစ်ခြားသူတွေကိုလဲ အဲ့ဒီလိုလောကဒဏ်ရဲ့ ဆင်းရဲခြင်း ချမ်းသာခြင်းတွေကို ခံနိုင်ရည်ရှိအောင် ကြိုးစားစေချင်ပါတယ်။

## ၄၀။ ကိုရွှေ (၂၆) မွန္တလေးမြို့




Q. မင်္ဂလာပါဗျ။ ပထမဆုံးအနေနဲ့ အမည်နဲ့ အသက်လေးကို မိတ်ဆက်ပေးပါအုံးဗျ။

A. ကျွန်တော့်အမည်ကတော့ ကိုရွှေပါ။ အသက်ကတော့ ၂၆ နှစ်ရှိပါပြီ။

Q. ကိုယ့်ရဲ့လိင်စိတ်ကို ဘယ်လိုမျိုးခံယူထားပါသလဲဗျ။

A. ကျွန်တော်က ငယ်ငယ်လေးထဲက ယောကျာ်းလေးတစ်ယောက်လိုနေထိုင်ခဲ့ပါတယ်။ သုံးနှစ်သားအရွယ်လောက်ထဲကပါ။ မိသားစုဆွေမျိုးတွေထဲမှာလဲ အကိုတွေက များပါတယ်။ ကျွန်တော်က ယောကျာ်းလေးတစ်ယောက်လိုနေထိုင်ရတာကို နှစ်သက်ပါတယ်။ ငယ်ငယ်လေးထဲက မိန်းကလေးအဝတ်အဝတ်အစား ဝတ်ရတာကို မနှစ်သက်ပါဘူး။

Q. မွေးဖွားလာတာက မိန်းကလေးတစ်ယောက်ဖြစ်ပြီး ကိုယ့်ကိုကိုယ် ယောကျ်ားလေးတစ်ယောက်လို ခံယူထားချိန်မှာ ပတ်ဝန်းကျင်နဲ့ ဘယ်လိုတွေရင်ဆိုင်ရလဲဗျ။

A. အခက်အခဲတော့ မရှိပါဘူး။ အိမ်ကလဲ ကျွန်တော်ခုလိုမျိုးနေထိုင်တာကို သဘောကျပါတယ်။ အမေကတော့ သဘောသိပ်မကျဘူး။ အဒေါ်တွေကတော့ သဘောကျပါတယ်။ မိသားစုစီးပွားရေးအနေနဲ့က လ္ဘက်ရည်ဆိုင်ဖွင့်ထားတော့ ခုလိုမျိုးနေရထိုင်ရတာက အဆင်ပြေပါတယ်။

Q. ဒါဆိုရင်တော့ အကိုဒီဘဝကို အဆင်ပြေပြေနဲ့ ဖြတ်သန်းလာခဲ့တယ်လို့ ပြောလို့ရနိုင်မလားဗျ။

A. အဲ့ဒီလိုမျိုးပြောနိုင်ပါတယ်။ ကျောင်းတက်တဲ့ အချိန်လောက်ပါပဲ။ အိမ်မှာတော့ ကိုယ်ဝတ်ချင်သလို ဝတ်လို့ရတော့ အဆင်ပြေပါတယ်။

ကိုယ့်ရဲ့အထက်ကလဲ အကိုတွေဆိုတော့ သူတို့အကျီတွေယူဝတ်ရင်းနဲ့ပဲ အဆင်ပြေပါတယ်။ ငယ်ငယ်က မိန်းကလေးအဝတ်အစားတွေ ဝတ်ပေးတိုင်း ကိုယ်ကငိုတော့ ပေးမဝတ်တော့ပါဘူး။ တစ်အားကြီးဖွတ်ကြီးတော့ အိမ်က မိန်းကလေးလို မနေခိုင်းပါဘူး။

Q. အိမ်နဲ့က အဆင်ပြေပြီးတော့ ပတ်ဝန်းကျင်နဲ့ရော အဆင်ပြေပါသလားဗျ။ ကိုယ့်ရဲ့ဖြစ်တည်မှုကို စနောက်ခံရတာတွေ ရှိလားဗျ။

A. အဲ့ဒီလိုမျိုးတွေက မသိတဲ့သူတွေလောက်ပဲ စကြပါတယ်။ ပတ်ဝန်းကျင်နဲ့ ရပ်ကွက်ကလူတွေကတော့ မစကြပါဘူး။

Q. လမ်းသွားလမ်းလာတွေကရော ဘယ်လိုမျိုးစလဲဗျ။

A. ကိုယ်က ဆိုင်ကယ်မောင်းသွားတဲ့အချိန်မှာ ကိုယ့်ကို ဘောပြားလို့လှမ်းခေါ်တာမျိုးတွေ ကြုံဖူးပါတယ်။ ကြီးကြီးမားမား ပြဿနာတော့ မကြုံဖူးပါဘူး။

Q. အဲ့ဒီလိုမျိုးနောက်ပြောင်ပြီးတော့ ခွဲခြားတဲ့အနေနဲ့ ဘောပြားလို့ ခေါ်ခံရတဲ့အချိန်မှာ ဘယ်လိုမျိုး ခံစားရသလဲဗျ။ ဘယ်လိုမျိုး တုန့်ပြန်ဖြစ်လဲဗျ။

A. စိတ်တိုတာပေါ့။ တစ်ခါကျတော့လည်း ဆိုင်ကယ်ရပ်ပြီးတော့ ဘာလို့ အဲ့ဒီလိုပြောရတာလဲ မင်းသတ္တိရှိရင်ချမလားဆိုပြီး စိန်ခေါ်ဖူးတယ်။

Q. အဲ့ဒီလိုခွဲခြားဆက်ဆံတာတွေကို အမျိုးသမီးတွေနဲ့ အမျိုးသားတွေမှာ ဘယ်သူတွေက ပိုပြီးခွဲခြားသလဲဗျ။

A. ယောကျာ်းလေးတွေပါ။ ဘောပြားတွေဆိုပြီး စကြပါတယ်။

Q. သူတို့တွေက ဘာကြောင့်စတယ်လို့ထင်လဲဗျ။

A. ကိုယ်က အေးအေးဆေးဆေးပဲ free style ပဲ နေတာကို တစ်ချို့လူတွေကတော့ မနာလိုတာပါ။ အဲ့လို ပဲ ထင်တယ်။ တစ်ချို့တွေကြတော့လဲ သက်သက်ကို စချင်ကြတာပါ။

Q. မိသားစု ပတ်ဝန်းကျင်နဲ့လည်း အဆင်ပြေတယ်ဆိုတော့ ပညာရေးမှာရော အခက်အခဲတွေ ကြုံရသေးလားဗျ။

A. ငယ်ငယ်ကတော့ စာသင်ကျောင်းမှာ သူငယ်တန်းကနေ ငါးတန်းအထိက ဘောင်းဘီဝတ်လို့ရပါတယ်။ အထက်တန်းခြောက်တန်းလောက်ကျတော့ ထဘီပြောင်းဝတ်ရပါတယ်။ ထဘီဝတ်တဲ့အခါလဲ ပုဆိုးလိုပဲ ပတ်ထားပါတယ်။ အပေါ်ကကျတော့ရင်ဖုံးပေါ့။ အပေါ်အကျီနဲ့ ရင်ဖုံးကိုဖုံးထားတယ်ပေါ့။ ထဘီတော့မဝတ်တက်ဖူး။ ပုဆိုးကကျတော့ ငယ်ငယ်လေးတည်းကဝတ်တော့ ဝတ်တက်တယ်။

Q. အဲ့ဒီအချိန်မှာ ဆရာ ဆရာမတွေ အနေနဲ့ အကို့အပေါ်အမြင်ကြည်လားဗျ။

A. ကိုးတန်းတုန်းက ဆရာမကတော့ ထဘီဝတ်ခိုင်းတယ်။ ဆရာမရှေ့မှာတော့ ထဘီလိုဝတ်ပြီး ကွယ်ရာမှာတော့ ပုဆိုးလိုပဲ ဝတ်ပါတယ်။ ရင်ဖုံးဝတ်ရင်လဲ အပေါ်ကအကျီထပ်ဝတ်တာ များပါတယ်။

Q. ကိုယ်က လုံချည်မဝတ်ချင်လို့ ပုဆိုးလိုဝတ်နေတဲ့အချိန်မှာ ဆရာမက လုံချည်လိုဝတ်ခိုင်းတဲ့အခါ ဘယ်လိုခံစားရသလဲဗျ။

A. တစ်ခါတစ်လေ အဲ့လိုပြောခံရရင်တော့ ရှက်တာပေါ့။ အများကတော့ ကိုယ့်ကို မိန်းကလေးလို့ပဲ မြင်ကြတယ်လေ။ ကျောင်းစည်းကမ်းဆိုတော့လဲ လိုက်နာရတာပေါ့။

Q. ကျောင်းမှာ ဘယ်လိုသူငယ်ချင်းမျိုးကို ပေါင်းဖြစ်သလဲဗျ။

A. ကျောင်းမှာတော့ထားရင်လည်းယောကျ်ားလေးတွေပေါ့၊ မိန်းကလေးတွေနဲ့ ခေါ်တာလည်း ပိုများပါတယ်။ အခန်းတိုင်းမှာကြတော့ မိန်းကလေးတွေရှိတာပေါ့လေ။ ယောကျ်ားလေးတွေကတော့ သိပ်မပေါင်းပါဘူး။ တစ်ချို့သူတွေကျတော့ ကောင်းတာလည်းရှိတယ် မကောင်းတာလည်းရှိတယ်။ သူတို့စိတ်ထဲမှာ ဘာရှိတယ်ဆိုတာ မသိရဘူးလေ။ ယောကျ်ားလေးတွေ ရှိတော့ရှိပါတယ် များသောအားဖြင့်တော့ မိန်းကလေးသူငယ်ချင်းပဲများတယ်။

Q. Tomboy တွေ အနေနဲ့ ကိုယ်ကယောကျ်ားစစ်စစ် မဟုတ်တဲအတွက် ယောကျ်ားလေးနဲ ့ပေါင်းတာ ပို ပြီးသင့်တော်မလား ဒါမှမဟုတ် မိန်းကလေးနဲ ့ပေါင်းတာ ပိုပြီးသင့်တော်မလား။ အကို့အမြင်လေးပြောပြပေးပါအုံးဗျ။

A. Tomboy ချင်းပေါင်းတာများတယ်။ မိန်းကလေးတွေနဲ ့လည်း တအားကြီးမပေါင်းဘူး။ ယောကျ်ားလေးတွေနဲ့တော့ အဲ့လို Beer ဆိုင်တွေ အတူမထိုင်ဘူး။ Tomboy တွေနဲ ့ပဲသွားတာများတယ်။ မိန်းကလေးတွေနဲ့လဲ သိပ်ပြီးမပေါင်းပါဘူး။

Q. အကိုတို့မှာ Tonboy Group လေးရှိတယ်လို့ သိရပါတယ်။ အကိုတို့အဖွဲ့အကြောင်းလေး ပြောပြပေးပါအုံးဗျ။

A. Tomboy Group ဆိုတော့ ကျနော်က ပေါင်းတဲ့သူငယ်ချင်းတွေတော့ ရှိတယ်။ အဲ့လောက်ကြီး အရမ်းကြီး မရင်းနှီးဘူး။ ငါးယောက် ခြောက်ယောက်လောက်ပဲ ရှိမှာပေါ့နော်။ အဲ့ဒီလောက်ပဲ ပေါင်းပါတယ်။

Q.Tomboy Group အချင်းချင်းပေါင်းရတဲ့အချိန်မှာ ဒီသူတို ့နဲ ့စကားပြောနေရတဲ့ အချိန်မှာ အကို့ရဲ့စိတ်ထဲမှာ ဘယ်လိုမျိုးခံစားရလည်း။

A. သူတို့နဲ့ကိုယ်နဲ့က ငယ်ငယ်လေးထဲကပေါင်းလာတဲ့သူငယ်ချင်းတွေဆိုတော့ ယောကျ်ားလေးတွေလိုပဲ စကားပြောတယ် ဆဲတယ် စတယ် အဲ့လောက်ပါပဲ။ တစ်ချို့လူတွေလည်းရှိတယ် တစ်ချို Tomboy တွေ

ကိုယ်နဲ့မရင်းနီးတဲ့သူတွေဆိုရင် သိပ်ပြီးစကားမပြောပါဘူး။ တွေ့ရင်တော့ ပြုံးပြနှုတ်ဆက်ရုံလောက်ပါပဲ။

Q. ငယ်စဉ်ကနေ အခုချိန်ထိ ကိုယ်က Tomboy ဖြစ်နေတဲ့အတွက် ကိုယ့်ကို လိင်ပိုင်ဆိုင်ရာစော်ကားတာမျိုး ဒါမှမဟုတ် ဝေဖန်ထားမျိုး ခွဲခြားဆက်ဆံတာမျိုးတွေကော ကြုံတွေ့ရဖူးသလားဗျ။

A. ငယ်ငယ်တုန်းကတော့ ကိုယ့်ကို စသလိုနောက်သလိုနဲ့ ရင်ဘက်ကို လာကိုင်တာမျိုးတော့ ကြုံဖူးပါတယ်။ အဲ့ဒီတုန်းကတော့ ရန်ဖြစ်ဖူးတယ်။ သေချာစဉ်းစားကြည့်တော့ ကိုယ့်ကိုအဲ့ဒီလိုမျိုးလုပ်တာကို သဘောမကျပါဘူး။

Q. အဲ့ဒီအကြောင်းအရာလေးနည်းနည်းပြောပြပေးပါလားခင်ဗျ၊ ဘယ်လိုမျိုး စဖြစ်သွားတာလည်း။

A. စဖြစ်သွားတာ သူက ဒီတိုင်းပဲ ၊ကျတော်တို့ ့အိမ်က လက်ဖက်ရည်ဆိုင်ဆိုတော့ သွားရင်းနဲ့ ့ အရင်တုန်းကတော့ကိုယ်နဲ ့လည်းသိပါတယ်။ ဒါပေမဲ ့စကားတော့ မပြောဖူးဘူး။ ဒီလိုပဲစလိုက်တာပေါ့၊ အဲ့ဒီမှာ ရင်ဘက်ကို လာထိတာပါ။ နှိုက်တာတော့ မဟုတ်ဘူး။ ဒီလိုပဲရိုက်လိုက်တာပေါ့ ကိုယ် ကအစကတော့ ဘာရယ်မဟုတ်ဖူး။ နောက်ပိုင်းကျတော့ အိမ်ကိုသွားပြောတာပေါ့ အဲ့လိုမျိုးလုပ်တယ်ပေါ့။ ဘာလို့လုပ်တာလည်းမကျေနပ်ဘူးဆိုပြီး ရန်တွေဖြစ်ကြသေးတယ်။ အဲ့တုန်းကလည်း အကြီးအကျယ်ရန် ဖြစ်တာ။ သူများတွေက ဆွဲကြသေးတယ်။ အပြင်မှာ ရန်ဖြစ်လို့ ဖုန်းဆက်ရင်တောင်မှ ကျွန်တော့်အိမ်က အကိုတွေက လိုက်လာပါတယ်။

Q. အကိုရဲ့အသက်ရွယ်အရ အကိုမှာ ချစ်သူရည်းစားတွေရော ထားခဲ့ဘူးလား။

A. အင်း။ ထားခဲ့ဖူးတယ်။ အခုလက်ရှိလည်းရှိတယ်။ အခု လက်ရှိကို သူကရန်ကုန်မှာပေါ့၊ အလုပ်လုပ်နေတယ်။

Q. သူနဲ့ဘယ်လိုမျိုး စတွေ့ခဲ့တာလည်းဗျ။ အဲ့ဒီအကြောင်းလေးပြောပြပေးပါ။

A.အခုလက်ရှိလား။

Q. ဟုတ်အကို။

A. ဘယ်လို စတွေလည်းဆိုတော့ သူနဲ့က တစ်ရပ်ကွက်တည်း။ ကျွန်တော်တို့ရပ်ကွက် ဘုရားဈေးမှာ စတွေ့တာပါ။ ကျွန်တော်က သူ့ကိုသိပေမဲ့ သူကကျွန်တော့်ကို မသိပါဘူး။ စရင်းနောက်ရင်းနဲ့ သူငယ်ချင်းတွေဖြစ်ပြီး ရည်းစားပါဖြစ်သွားတာပါ။

Q. ချစ်သွားတဲ့အချိန်မှာကော သူက အကို့ကို Tomboy ဆိုတာသိလား။

A. သိတယ်။ နဂိုကတည်းက လည်းသိတယ်။ ဘာလို့သိတာလည်းဆို ကျွန်တော်က လက်ဖက်ရည်ဆိုင်လည်းရှိတယ်

အရက်ဆိုင်လည်းရှိတယ်။ သူ့ကို ကြိုက်နေတဲ့သူက လာသောက်ရင်းနဲ့ ပြောတာပေါ့။ သူနဲ့ခင်တော့သူ့ကို ကျတော့်အကြောင်းပြောပြထားတာပေါ့။ အဲ့ဒီဆိုင်က ကောင်လေးက မင်းကို ကြိုက်နေတာပေါ့။ တကယ်တော့ကြိုက်တာတော့မဟုတ်ဘူး။ ဒီလိုပဲ စရင်းနောက်ရင်းနဲ့ သူ့အချစ်ကို ရအောင်လိုက်ခဲ့တာ။

Q. အဲ့ဒီအချိန်မှခံစားရတဲ့ ခံစားချက်က တစ်ကယ့်ကို ရင်ထဲက နှစ်နှစ်ကာကာနဲ့ ချစ်ခဲ့တာလား။

A. အစကတော့ စသလို နောက်သလို ပေါ့။ နောက်ပိုင်းကျမှ အတည် ကို ချစ်မိသွားတာ။

Q. သူနဲ့ အမှတ်တရလေးတွေရှိခဲ့သလားဗျ။

A. အမှတ်တရတွေအများကြီးပဲ။ အရင်တုန်းကဆို အိမ်ကယောကျာ်းလေးလို နေခွင့် နည်းနည်းပြုတယ်။ ဘယ်သွားတယ် ညာသွားတယ် မကြိုက်ဘူး။ ချုပ်ချယ်တယ်။ ညဆိုလည်း ၇ နာရီအမီ အိမ်ပြန်ရတယ်။ သူနဲ့ပထမဦးဆုံး အမှတ်တရကတော့ မေမြို့သွားတာပေါ့ ဆိုင်ကယ်နဲ့။ တစ်ခါမှအဲ့လိုဆိုင်ကယ်နဲ့ မသွားဖူးဘူးလေ။ သူနဲ့မှ ပထမဦးဆုံးသွားဘူးတာ။ အဲ့တာတော့ ပထမဦးဆုံးအမှတ်တရပဲ။ မေမြို့သွားတယ်ဆိုတာ လျှောက်လည်တာပေါ့ ။ ကန်တော်ကြီးတို့ဘာတို့။ မုန့်တူတူစားတာတို့။

Q. နှစ်ယောက်တည်းသွားခဲ့တာပေါ့နော် အကို။

A. အဲ့တုန်းက ကျတော့်အကိုဝမ်းကွဲတစ်ယောက်ပါတယ်။ သူ့အမလည်းတစ်ယောက်ပါတယ်။ ဆိုင်ကယ် နှစ်စီးသွားတာပေါ့။

Q. အဲ့အချိန်မှာနှစ်ယောက်တည်း အတူသွားရတော့ ဘယ်လိုမျိုး feeling လေးတွေခံစားခဲ့ရလည်း။

A. ပျော်တယ်ပေါ့။ အဲ့တုန်းကငါတစ်ခါမှမသွားဖူးဘူး။ အဲ့တုန်းကသူကသွားချင်တာလေ။ နင်သွားချင်တော့ ငါလိုက်ပို့တာပေါ့ဆိုပြီး လိုက်ပို့တာပါ။ အိမ်ကိုလည်းနည်းနည်းကြောက်တယ်။ အဲ့လိုမျိုးတွေရှိတယ်။

Q. အဲ့လိုမျိုးသူနဲ့ချစ်နေတဲ့အချိန်မှာ သူ့မိဘတွေက ရောသိလားအကို။

A. သူ့အိမ်ကတော့ အစက သူငယ်ချင်းလိုပဲသိတယ်။ နောက်ပိုင်းကျတော့သူ့အိမ်က သိသွားရော။ သူကို ရိုက်တယ်လို့ပြောတယ်။ ပထမတစ်ခါတော့။ သူနဲ့ကျတော်နဲ့ အတူတူ ဆိုင်ကယ်စီးသွားတာ သူ့အကို က မြင်သွားတာ။ မကြိုက်ဘူးပေါ့။ မကြိုက်ဘူးဆိုတာ သူမိဘတွေကမဆူဘူး။ ရပ်ကွက်ကဝိုင်းပြော ကြတာ။ သူတို့က အရမ်းချမ်းသာတယ်။ ကျွန်တော်ကပဲ သူ့ဆီက ပိုက်ဆံတွေတောင်းနေသလိုလို ဘာလိုလို ပြောကြတာပေါ့။ ရပ်ကွက်ထဲက မနာလိုတဲ့သူက ခပ်များများပါ။ ကွယ်ရာကြမှပြောတာလေ။ သူနဲ့ကျွန်တော်တွဲနေတာကို အမေ့ကိုတိုင်တော့ အမေကတော့ စိတ်ဆိုးတာပေါ့။

Q.အကိုမိဘတွေနဲ့က အဆင်ပြေလားအကို။

A. ကျွန်တော့်မိဘတွေကတော့ မပြောပါဘူး။ အိမ်ကတော့သဘောကောင်းတယ်။ အမှန်တိုင်းပြော ရရင်မိန်းကလေး ရည်းစားထားတာ ဘာမှမပြောဘူး။ ကျွန်တော့်အိမ်က ယောကျ်ားလေးလို နေတာ ကြိုက်တယ်ပေါ့။ မိန်းကလေးရည်းစားခေါ်လာတာ ဘာမှမပြောဘူး။

Q. ယောကျ်ားလေးရည်းစားရော ထားခဲ့ဖူးလားအကို။

A. မထားဖူးဘူး။ အဲ့လိုမျိုးတွေလည်းမရှိဘူး။ ငယ်ငယ်လေးတည်းက ကြိုက်တာတွေ စိတ်ဝင်စားတာတွေ မရှိဘူး။ မိန်းကလေး ရည်းစားထားဖူးတာတောင် တက္ကသိုလ် ဒုတိယနှစ်လောက်မှ ထားဖူးတာ။ ကိုယ်က ယောကျ်ားလေးလိုပဲနေတယ်။ ရည်းစားတွေဘာတွေ မထားဖူးဘူးဗျ။

Q. အကိုရဲ့တက္ကသိုလ်တက်တဲ့ အတွေ့အကြုံလေးပေါ့။ အဲ့အချိန်မှာရော အကိုအဝတ်အစားကို ဘယ်လို ဝတ်ခဲ့သလဲ။

A. တက္ကသိုလ်တက်တုန်းက ရတနာပုံကျောင်းဗျ။ ရတနာပုံကျောင်းက လွတ်လွတ်လပ်လပ်ဝတ်လို့ရတယ်။ ကျွန်တော်ကတော့ ပုဆိုးနဲ့ ဘောင်းဘီရှည်လေးတွေ ဝတ်တာများတယ်။

Q. တက္ကသိုလ်မှာ ဘယ်လိုအတွေ့အကြုံတွေ ရခဲ့သလဲဗျ။

A. ကျောင်းမှာတော့ Tomboy တွေနဲ့ပေါင်းတယ်၊ မိန်းကလေးတွေနဲ့ ပေါင်းတယ်။ ယောကျ်ားလေးတွေနဲ့တော့ မပေါင်းဘူး။ မပေါင်းဖြစ်ဘူး။

Q. အကို့မှာ တစ်ခြားချစ်သူရည်းစားတွေနဲ့ရော အမှတ်တရတွေရှိခဲ့လားဗျ။

A ရည်းစားက သုံးယောက်လောက်ပဲ ထားခဲ့ဖူးတာဆိုတော့ အမှတ်တရက သိပ်မရှိပါဘူး။

Q. အကိုတို့ Tomboy တွေကို ဘာသာရေးအရ ဝေဖန်တာ၊ ပုတ်ခက်တာ၊ စော်ကားတာတွေ တွေ့ကြုံဖူးသလား။

A. ကြုံဖူးလားဆိုတော့ ဘုရားသွားရင်ဗျာ ဘုရားသွားရင်လူတွေက ကျွန်တော့်ကို ယောကျ်ားလေးလိုပဲထင်တာ။ မဟာမြတ်မုနိဘုရားကြီးကိုသွားရင် ပန်းတွေ အမြဲဝယ်ပါတယ်။ ပန်းသည်တွေနဲ့ လည်းအကုန်သိတယ်။ ကိုယ်ဝယ်နေကျပန်းသည်ပေါ့။ သွားပြီဆို ပန်းလှူတယ်၊ ညနေခင်းဘုရားတံခါးပိတ်သွားရင်တော့ ပန်းပဲဝယ်တယ်။ နေ့လည်နေ့ခင်းတွေဆိုရင် ရွှေသင်္ကန်းဝယ်လို ့ဘုရားကန်တော့ပြီသွားရင် ကိုယ်ကကပ်တော့ မကပ်ဘူးလေ။ ပုံးလေးတွေထဲမှာ ထားခဲ့တယ်။ ရှိတယ် ထားမယ်ဆို ရင်။ တချို့အန်တီကြီးတွေ က ပေါ့နော် ယောကျ်ားလေးမို လို သားလေး အန်တီကိုယ်လည်းကပ်ပေးပါအုန်း အဲ့လိုမျိုး ခဏခဏပြောခံရတယ်။ ကိုယ်က သွားတိုင်းလည်းပြောခံရတယ်

ယောကျာ်းလေးလို့ပဲထင်တာပေါ့နော်။ ကိုယ်ကိုယ်တိုင်က မိန်းကလေးမို့လို ကပ်လို့ အဆင်မပြေဘူးလေ။ ကပ်ခိုင်းတယ်။ အကိုဒါလေးကပ်ပေးပါအုံး။ ညီလေးမင်းဝင်ကပ်လိုက်လေ။ အဲ့လို ကိုပြောတာ။ ယောကျာ်းလေးလို ့ပဲထင်တာပေ့ါ။ သူတို့စိတ်ထဲမှာတော့ အဲ့လိုမျိုးပုတ်ခတ်တာမျိုးတော့မရှိဘူး။

Q. အဲ့လိုမျိုးရွှေသင်္ကန်းတက်ကပ်တာတို့ဘာတို့ မှာ ဘာသာရေးအနေနဲ အမျိုးသားနဲ့အမျိုးသမီးခွဲခြား ထားတယ်လေ။ အဲ့ခွဲခြားထားမှုအပေါ်မှာကောအကိုဘယ်လိုမျိုးမြင်မိလဲ၊ သင့်တော်လား။မသင့်တော်ဘူးလား။

A. အဲ့ဒါတော့ လူတွေရဲ့သတ်မှတ်ချက်ပေ့ါ။ ဘုရားဆိုတော့ မြင့်မြတ်တဲ့ယောကျာ်းလေး ကဲတက်လို့ရတယ် လို့ မြင်ပါတယ်။

Q. အကို့အနေနဲယောကျာ်းလေးနဲ့မိန်းကလေးမှာဘယ်သူက မြင့်မြတ်တယ်လို ခံယူထားသလဲ။

A.လူတွေအမြင်မှာတော့ယောကျာ်းလေးပဲပေ့ါ။ကိုယ်လည်းကိုယ့်အတိ တ်ဘဝကံက ဒီလိုဖြစ်လာတာဆိုတော့ကိုယ်လည်းအဲ့လိုပြောလို မရဘူးပေ့ါ။ကိုကမိန်းကလေးဆို လည်း ယောကျ်ားလေးပဲချစ်တာ။ တူလေးတွေရှိတယ်။ ကလေးမွေးခိုင်းရင် လည်း ယောကျ်ားလေးပဲမွေးခိုင်းတာ။ ကိုယ် က လည်းယောကျ်ားလေးဖြစ်ချင်ခဲ့တာ။ မဖြစ်ခဲ့တာပေ့ါ။

Q.အကိုယောကျ်ားလေးဖြစ်ချင်တာက ဘာ လို ယောကျာ်းလေးဖြစ်ချင်တာလည်း။ယောကျ်ားလေးက မိန်းကလေးထက်သာလွန်လို ယော်ကျားလေး ဖြစ်ချင်တာလား။ ဒါမှမဟုတ် ကိုယ့် ရဲ ပင်ကိုယ်ဗီ ဇ ကိုယ် က ယောကျ်ားလေးဖြစ်ချင်တာလား။

A. မွေးရာပါဗီဇလို ပြောလို ရတယ်။ ငယ်ငယ်လေး ကတည်း က ကိုယ် က ယောကျ်ားလေးဖြစ်ချင်တာဆို တော့။

Q.ဟုတ်ကဲ့ပါ။အကြောင်း က ယောကျ်ားလေးက ပို သာလွန်မြင့်မြတ်တယ်ဆိုတာကြောင့် မဟုတ်ဘဲ ၊ ပင်ကိုယ်ဗီဇ ကြောင့်ပေ့ါ။ ကျတော်တို ့နိုင်ငံ မှာ လိင်တူချစ်သူတွေနဲ့ ပတ်သတ် ပြီး ကာကွယ်ထားတဲ့ ဥပဒေမရှိသေး ဘူးပေ့ါ။လက် ထပ်တာတွေဘာတွေလုပ်လို ့မရဘူးပေ့ါ။ အဲ့ဒီအပေါ်မှာ အကို့အနေနဲ့ ဘယ်လို မျိုးဥပဒေတွေ ထွက်လာစေချင်လည်းခင်ဗျ။

A. လက်ထပ်လို ့ရရင်တော့ကောင်းတာပေ့ါဗျာ။ လက်ထပ်လို ့ ရရင် တရားဝင်ယူလို ရတာပေ့ါ။ အခု ကျတော့ တချို့ယူထားတဲ့ သူတွေတောင်ကွဲသွားကျတာပေ့ါ။ Tomboyနဲ့ မိန်းမနဲ့ယူပြီး မိန်းမက တစ်ခြားသူနဲ့ ဖောက်ပြန်တာတွေရှိတာပေ့ါ။ တရားဝင်ယူထားတော့ ယောကျ်ားမိန်းမတွေလိုပဲ တိုင်တန်းလို့ရတော့ ကောင်းတာပေ့ါ။

Q. Tomboy မှာ ဘယ်လိုအခက်အခဲတွေ ကြုံရနိုင်သလဲဗျ။

A. ကျောင်းအိမ်သာ အခက်အခဲပါ။ ကျွန်တော်တို့က မိန်းကလေးအိမ်သာကိုပဲ သွားရမှာလေ။ ယောက်ျားလေး အိမ်သာကြတော့လဲ အဆင်မပြေဘူးလေ။ ငယ်ငယ်တုန်းက မိန်းကလေးအိမ်သာထဲဝင်ရင် တစ်ချို့ကောင်မလေးတွေ လန့်သွားလို့ မိန်းကလေးပါလို့ရှင်းပြရတယ်။ ဒါပေမဲ့ အခုနောက်ပိုင်းအိမ်သာ သွားရင်တော့ ယောက်ျားလေးအိမ်သာပဲ ဝင်ဖြစ်တာများတယ်။ တချို့မိန်းကလေးတွေက ကိုယ်ဝင်သွားရင်ရှက်ကိုးရှက်ကန်း ဖြစ်သွားတာတွေရှိတယ်။ အဲ့ဒါကြောင့် တက္ကသိုလ်တက်တုန်းကဆိုရင် အိမ်သာသွားတဲ့အခါ ကိုယ့်ကောင်မလေး ခေါ်သွားလေ့ရှိတယ်။

Q. ကျတော်တို ့Public အိမ်သာတွေမှာ ယောက်ျားအိမ်သာ၊ မိန်းမအိမ်သာ နောက်ပြီး ဘယ်လိုအိမ်သာ တွေထပ်ပြီးထည့်ချင်လည်း အကို။

A. အဲ့လိုတော့မပြောတတ်ဘူးခင်ဗျာ့။ ယောကျ်ားလေးနဲ့မိန်းကလေး အတူထားရင်လဲ ပြဿနာတတ်သွားနိုင်တယ်လေ။

Q. ဒါဆို အကို့အနေနဲ့ မိန်းကလေးအိမ်သာသွားတော့လည်း ပြဿနာတက်နိုင်မယ် ယောကျ်ားလေးအိမ်သာသွားတော့ရော ဘယ်လိုတွေကြုံတွေ့ရနိုင်သလဲဗျ။

A. အိမ်သာပဲ ကြည့်တာပေါ့။ သူတို ့သေးပေါက်တာတွေ မကြည့်တော့ဘူး။ ကိုယ်ဘာသာကို အိမ်သာထဲပဲ တန်းဝင်တာပေါ့။ တခါတစ်လေ အိမ်သာ မအားဘူးဆိုရင် ခဏအပြင်ထွက်ပြီး စောင့်တယ်။

Q. အမျိုးသားအိမ်သာထဲမှာ ကိုယ်ကမိန်းကလေးတစ်ယောက်ဆိုတာကို သိသွားရင် ဘယ်လိုတွေ ကြုံတွေ့ရနိုင်သလဲဗျ။

A. တစ်ချို့သူတွေလဲ ရိပ်မိကြတယ်။ ဒါပေမဲ့ အိမ်သာထဲမှာတော့ တစ်ခါမှ စတာနောက်တာတွေကို မခံရဖူးဘူး။

Q. Tomboy တွေ ဘယ်လိုကျန်းမာရေးပြဿနာတွေကို ရင်ဆိုင်ရနိုင်သလဲဗျ။

A. ကျန်းမာရေး ပြဿနာဆို ရာသီလာတာလောက်ပဲရှိမယ် ထင်တယ်။

Q. Mensturation လာတာနဲ ့ပတ်သတ်လို့ပဲဖြစ်ဖြစ် တစ်ခြားပြဿနာတွေကြုံလာရင် ဆရာဝန်ပြဖို့ ဘယ်လို အခက်အခဲ ရှိသလည်းဗျ။

A. ဟုတ်တယ်။ အဲ့လိုမျိုးလည်းရှိတယ်။ ကျွန်တော်ကတော့ ကျွန်တော့်ဦးလေးက ဆရာဝန်ဆိုတော့ ဦးလေးဆီပဲသွားဖြစ်တာများတယ်။ ဦးလေးတွေ အမတွေကဆရာဝန်တွေဆိုတော့ ကျွန်တော့်အတွက် အဆင်ပြေပါတယ်။ အပြင်ဆေးခန်းတွေ သွားတယ်ဆိုရင်တော့ နာမည်မေးရင် ကိုရွှေလို့ပဲပြောဖြစ်တယ်။ သူတို့ က ယောက်ျားလေးလို့ပဲထင်မှာပေါ့။ ဒါပေမဲ့ များသောအားဖြင့်တော့

ကျွန်တော် ဆေးခန်းသွားရင် ဦးလေးဆေးခန်းပဲ သွားတာဆိုတော့ ဘာမှတော့ ပြဿနာမရှိဘူး။

Q. နောက်ထပ်ပြဿနာတစ်ခု က ဒီ Tomboy တွေမှာ ကြုံနေရတဲ့ ရင်သားကင်ဆာပေါ့။ အဲ့လို ပြဿနာတွေကြုံ လာခဲ့ရင် ဘယ်လိုဖြေရှင်းဖို့ လိုအပ်သလဲဗျ။

A. ကျွန်တော့်မှာတော့ ရင်သားမရှိတော့ဘူး။ ခွဲစိတ်ထားပါတယ်။ အဲ့ဒီအတွက် စိတ်ပူစရာ မရှိပါဘူး။

Q. ဘယ်မှာခွဲစိတ်ခဲ့တာလဲဗျ။

A. ထိုင်းနိုင်ငံမှာ လုပ်လာတာပါ။ ဒီမြန်မာနိုင်ငံမှာ မရဘူးပေါ့။ ရတော့ ရမှာပေါ့။ မပြောတတ်ဘူး။

Q. တစ်ခြားသူတွေကိုရော ဘယ်လိုမျိုးအကြံပြုချင်လဲဗျ။

A. လုပ်တော့လုပ်စေချင်တာပေါ့။ ဒါပေမဲ့ ဥပမာ ဒီမှာကျတော့တရားမဝင်ဘူးလေ။ လုပ်မယ်ဆို ဘန်ကောက်မှာ ပဲလုပ်စေချင်တာပေါ့။ ဘန်ကောက်မှာကျတော့ အဆင်ပြေတယ်။ လုပ်မယ်ဆိုရင်တော့ သိန်းငါးဆယ်လောက်ပဲ ကုန်မှာပဲ။ အဲ့မှာကျတော့ ယောကျ်ားလေးတစ်ယောက်လိုပဲ။ ရင်ဘက်တွေဘာတွေ ချွတ်လိုက်ရင်လည်း ယောကျ်ားလေးလိုပဲ။

Q. Tomboy နဲ့ Lesbian စုံတွဲတွေထဲ က တခြားဘယ်လို အခက်အခဲတွေကို ကြုံတွေ့နိုင်သေးလဲ။

A. အခက်အခဲကတော့ ယူပြီဆိုရင်တော့ အခက်အခဲရှိနိုင်တယ်။ ကျွန်တော့်အိမ်ကတော့ အဆင်ပြေပါတယ်။ ယူလို့ရတယ်။ ဒါပေမဲ့ ကောင်မလေးဘက်ကတော့ အခက်အခဲရှိမယ်။

Q. အနာဂတ်မှာကော ဘယ်လိုမျိုးတွေစီစဉ်ထားလည်း။

A. အနာဂတ်မှာတော့ သူနဲ့ယူမယ်လိုတော့ အစဉ်ရှိပါတယ်။ အခုတော့ ရန်ဖြစ်ထားတယ်။

Q. ကလေးယူဖို့နဲ့ပတ်သတ်ပြီးတော့ ဘယ်လိုအစီအစဉ်ရှိသလဲဗျ။

A. ကလေးယူဖို့ အစီအစဉ်ရှိတယ်။ သူက အဲ့လိုနေရာတွေမှာ ကျွန်တော့်ထက် တတ်ကြွတယ်။ သူကကျွန်တော့်ကို ယောကျ်ားလေးလိုနေစေချင်တာ။ သားအိမ်တွေ ဘာတွေကို ထုတ်မှာပေါ့။ အဲ့ဒီလိုထုတ်ဖို့လည်း အစီအစဉ်ရှိတယ်။

Q. ကိုယ့်ရဲ့သွေးသားကနေဖြစ်လာတဲ့ မျိုးဆက်ပေါ့နော်။

A. အင်း ဟုတ်တယ်။ ကျွန်တော်တို့ သုတ်ပိုးကတော့ အလှူခံရမှာပေါ့နော်။ မမျိုးဥကတော့ သူ့ဆီကယူမယ်လေ။

Q. တခြားကလေး မွေးစားဖို့ရောအစီအစဉ်ရှိလားအကို။

A. သူကတော့ မွေးစားချင်တယ်ပြောတယ်။ မွေးစားမယ်ဆိုရင်တော့ တူတွေတူမတွေလဲ ရှိပါတယ်။ မွေးစားချင်မွေးစားလို ့ရတယ်။ အခုချိန်ထိတော့ မယူရသေးတော့ အဲ့ဒါတွေကနောက်မှပေါ့

အစီအစဉ်တော့ ရှိတယ်ပေါ့လေ။ ပိုက်ဆံရှာနိုင်ရင်တော့ လုပ်လို့ရတာပေါ့။ ပိုက်ဆံရှိရင်တော့ ဘာမဆိုဖြစ်ဖို့များပါတယ်။

Q. ရေရှည်လက်တွဲသွားဖို့ဆိုရင် တစ်ယောက်နဲ့ တစ်ယောက်ကြားမှာ ဘာတွေလိုအပ်သလဲ။

A. နားလည်မှုတော့လိုအပ်တယ်။ သူက သိပ်နားမလည်ဘူး။ နားမလည်ဘူးဆိတာ သူကသဝန်အရမ်းတိုတယ်။ သူက အခုရန်ကုန်ရောက်နေတာကို သုံးလကျော် လေးလလောက်တော့ ရှိပြီ။ သင်တန်းသွားတက်တာ။ အိမ်က လည်းမေးတယ်။ အိမ်က သုံးအိမ်ကျော်လောက်ပဲ ကွာတာပါ။ အရင်က အတူတူမုန့်သွားစားလည်း အတူတူပဲပေါ့။ ဘယ်သွားသွားအတူတူပဲဆိုတော့ ကိုယ်က မုန့်သွားစားလို့သူ့ကို မပြောမိရင်တောင် သူက စိတ်ဆိုးတာ။

Q. အကို့အနေနဲ့ပေါ့ ဒီ LGBT အဖွဲ့အစည်းတွေမှာ ဘယ်လိုမျိုးပါဝင်ဖွဲ့စည်းနေပြီလည်း အကို။

A. အဲ့လိုမျိုးတော့ တစ်ခါမှမပါဖူးဘူး။

Q. မန္တလေးမှာ ရှိမယ်ဆိုရင် ပါဝင်ချင်ပါသလားအကို။

A. သူငယ်ချင်းတွေနဲ့ လုပ်မယ်ဆိုလုပ်ဖြစ်ဖို ့များပါတယ်။ တစ်ချို့ Tomboy တွေ လုပ်တာလည်းမြင်ဖူးတယ်။ ကိုယ်ကိုတိုင်ကတော့ မလုပ်ဖြစ်သေးဘူးပေါ့။ သူငယ်ချင်းတွေက စည်းရုံးပြီးသွားမယ်။ လုပ်မယ်ဆိုရင်တော့ လုပ်ဖြစ်မှာပါ။ ကိုယ်တစ်ယောက်တည်းဆိုရင်တော့ လုပ်ဖြစ်မယ် မထင်ဘူး။

Q. အနာဂတ်မှာရော နောက်ထပ်သူနဲ့နေဖို့ ဘယ်လိုမျိုး Plan တွေရှိလည်းအကို။

A. ဘယ်လို Plan တွေရှိလည်းဆိုတော့ သူလည်းအခု သင်တန်းတက်နေတာလေ။ Designer သင်တန်းပေါ့။ သူသင်တန်းတက်လို့ အဆင်ပြေတယ် ပြီးပြီဆိုရင် ကျွန်တော်ကသူ့အိမ်မှာ Designer သင်တန်းဖွင့်မယ် စက်ချုပ်တာဖွင့်မယ်ပေါ့။ သူ့အိမ်မှာဖွင့်မယ်။ နောက်ပိုင်းပိုက်ဆံတွေဘာတွေရှာနိုင်ပြီဆိုရင် အတူတူနေကြမယ်။

Q. အကို ပြောသွားတဲ့ စကားအရဆို သူ့မိဘတွေက အကိုနဲ့သူနဲ့ကို သဘောမတူဆိုတာကရော ဘယ်လိုအခြေအနေရှိသလဲဗျ။

A. သဘောမတူတာရယ်လို့မဟုတ်ဖူးပေါ့။ ကျွန်တော်သွားလို့လည်း ရတယ်။ ခေါ်လို လည်းရတယ်။ သူ့အိမ်က တော့ ရည်းစားလိုမျိုးမဖြစ်စေချင်ဘူးပေါ့။ သူငယ်ချင်းလိုပဲ နေစေချင်တယ်ပေါ့။ သူ့အိမ်ကလည်း သိပါတယ်။ ကျွန်တော်နဲ့အတူ အပြင်တွေဘာတွေသွားလို ့သူ့အိမ်သွားခေါ်လည်းရတယ်။ ခွင့်ပြုတာတော့ သိပ်မကြာသေးဘူး။ သူ့အမေကတော့ကျွန်တော့်ကို စကားပြောပါတယ်။ ချစ်လည်း ချစ်တယ်ပေါ့။ သူက

ကျွန်တော်ကမိန်းကလေးဖြစ်နေတော့ မယူစေချင်တာပေါ့။ ယောကျာ်းလေးဖြစ်မယ်ဆိုရင်တော့ သဘောတူ ဖို့များတယ်။ ကျွန်တော်စီးပွားရေးလုပ်တာကို သူ့အိမ်ကလဲ သိပါတယ်။

Q. အကို့ဘဝကတော့ ချောချောမွေ့မွေ့ ကျော်ဖြတ်ခဲ့ရတယ်လို့ဆိုနိုင်တယ်ဗျ။ အခက်အခဲတွေနဲ့ ကျော်ဖြတ်နေရတဲ့သူတွေကို အကို့အနေနဲ့ အားပေးစကားလေး ပြောပေးပါအုံးဗျ။

A. ကျွန်တော့်သူငယ်ချင်းတစ်ချို့ဆိုရင် အိမ်မှာ မိန်းကလေးလိုနေရတာတွေရှိတယ်။ အပြင်ထွက်မှသာ ယောကျ်ားလေးလို ဝတ်ရတာရှိတယ်။ ကျွန်တော်တို့အိမ်ကတော့ လွတ်လပ်တယ် ငယ်ငယ်ထဲက သမီးလို့ပြောစရာမလိုဘူး ကျွန်တော်လို့ပဲ သုံးတယ်။ သမီးလို့လည်း ကိုယ့်ကိုကိုယ် မပြောတက်ဘူး။ ထဘီတွေဘာတွေလည်း မဝတ်ဖူးဘူး။ ၁၀ တန်းအဆောင်နေတုန်း ကတော့ ဝတ်ရတယ် အဲ့လိုမျိုးပဲရှိတယ်။ ကျန်တဲ့အချိန်ကတော့ အိမ်မှာဘောင်းဘီတို ဝတ်တယ်၊ ပုဆိုးဝတ်တယ်။

Q. သူတို့အတွက် အားပေးစကားလေးပြောပေးပါအုံး။

A. ကိုယ်ဖြစ်ချင်တဲ့ဘဝကို ရအောင်ကြိုးစားဖို့ပဲ တိုက်တွန်းချင်ပါတယ်။

Q.နားလည်မှုမပေးတဲ့ မိဘတွေကို ဘယ်လိုမျိုး ပြန်ရှင်းပြချင်လည်းအကို။

A. တစ်ယူသန် ရှေးရိုးစွဲတွေဆိုရင်တော့ ပြောလို့ရမှာမဟုတ်ပါဘူး။ ကျွန်တော့်အဒေါ်တစ်ယောက်ဆိုရင် ကျွန်တော်ခုလိုနေတာကို မကြိုက်ဘူး။ နောက်တော့ သူလဲမပြောနိုင်တော့လို့ ပါးစပ်ပိတ်သွားတယ်။

Q. ဒီ LGBT အဖွဲ့အစည်းအတွက် ကိုယ်နှစ်သက်တဲ့ ဘဝမှာ နေထိုင်နိုင်ဖို့ ဆုတောင်းစကားလေး ပြောကြားပေးပါလားဗျ။

A. ကိုယ်ဖြစ်ချင်တဲ့ ဘဝ မှာ အကောင်းဆုံးကြိုးစားပြီးတော့နေထိုင်ဖို့ ပြောချင်ပါတယ်။ မဖြစ်နိုင်ဘူးဆိုတာမရှိပါဘူး။ ကိုယ့်စိတ်ကအဓိကပဲလေ။ ကိုယ့်စိတ်က ယောကျ်ားလေးလို ခံယူထားတယ်။ ကိုယ့်စိတ်က ယောကျ်ားလေးလို မြင့်မြတ်အောင်နေမယ်ဆိုရင်တော့ ရပါတယ်။ တစ်ချို့Tomboy တွေ ရှိတယ်လေ မိန်းမလိုမိန်းမရပြောတာ။ မိန်းမလိုပဲ။ အဲ့လိုမျိုးမနေစေချင်ဘူး။ ယောကျ်ားလေးအဖြစ်နဲ့ ခံယူထားတယ်ဆိုရင် ယောကျားလို စကားပဲပြောစေချင်တယ်။ ကျွန်တော်ကတော့ သူငယ်ချင်းတွေနဲ့ စကားပြောရင် ကိုယ်ယောကျ်ားလေးတစ်ယောက်အဖြစ်ခံယူထားလို မင်းရယ်ငါရယ်ပဲ သုံးတယ်။

Q.ဟုတ်ကဲ့ပါအကို အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

## ၄၁။ ချစ်မိုးစက် (30) ရန်ကုန်မြို့

ကိုယ်တိုင်က gay တစ်ယောက်အဖြစ်ခံယူထားတယ်။အိမ်ကမိသားစုတွေကတော့ သိတော့သိတယ် ဒါပေမဲ့သေသေချာချာ တိတိကျကျ ကြီးတော့မသိပါဘူး။ဖေဖေက ငယ်ငယ်ထဲက မရှိဘူး ကိုယ်တိုင်ကလည်း နဂိုထဲက နုနည်ံညံ သိမ်သိမ်မွေ့မွေ့ပေါ့ ဘုရားပန်းအိုးလှဲတာက အစကိုယ်ဘဲလုပ်ပါတယ် အဲလိုလေးတွေပေါ့။ အလုပ်ကလည်း မိန်းကလေးနဲ့ပတ်သတ်နေတဲ့အလုပ်ကိုဘဲ လုပ်တာဆိုတော့ ပိုပြီးနုနွဲ့နေဖြစ်တယ်။ သိပ်ပြီးယောက်ျားဆန်ဆန်လည်းမနေဘူး မိသားစုသဘောကျသလိုတော့ နေပေးပါတယ်။ သိပ်ပြီးဆော့တာ သွားတာလာတာလည်း သိပ်မရှိဘူး အလုပ်သွားတယ် အိမ်ပြန်တယ် ၊အိမ်ရောက်တော့ အိမ်အလုပ်လေးတွေလုပ်တယ် ၊ဒီလောက်ပါဘဲ။ မောင်နှမလေးယောက်ရှိတယ် အကြီးဆုံးကအမ ပြီးတော့ အကို အောက်မှာ ညီတစ်ယောက် ညီမတစ်ယောက်ပါ။ညီကတော့ အိမ်ထောင်ကျသွားပါပြီ ။ အရင်ကတော့ရန်ကုန်မှာဘဲနေတယ် အိမ်ကစီးပွားရေးအရ အခုတော့ နယ်ပြောင်းသွားပါတယ်၊ အရင်တုန်းကတော့ ချစ်သူနဲ့အတူနေထိုင်မယ်လို့တော့မတွေးထားဖူး။ နည်းနည်းကြောက်တာလည်းပါတယ်၊ ကိုယ့်အပေါ်သစ္စာမရှိတဲ့သူနဲ့တွေ့ရမှာလည်းကြောက်တယ် ၊ပြီးတော့ အရင်ကဆိုနှစ်ယောက်တူတူနေတာတွေ သိပ်မရှိဘူးဆိုတော့ ကြောက်တယ်လူတွေပြောမှာကိုပေါ့၊ အခုခေတ်ရောက်လာတော့ အတူတူနေတာတွေ ရှိလာပြီ ကိုယ်ကို့အတည်မလင်းတွဲပြီး ချစ်နိုင်တဲ့လူလည်းရှိလာပြီဆိုတော့ အခုနှစ်ယောက်တူတူနေဖြစ်ပါတယ်။ အရင်ကတော့ ဖခင်ကလည်းမရှိဘူး မိခင်တစ်ယောက်တည်းဆိုတော့ မိသားစုအပေါ်စောင့်ရှောက်ရမယ် ဆိုတာကိုစိတ်ထဲထည့်ပြီးထားတယ်။ ကိုယ်က gay ဆိုတာသိပေမဲ့လို့ ထိန်းထားတာပေါ့နော်။ ပြီးတော့ အရင်ကရန်ကုန်မှာနေတယ် စီးပွားရေးကြောင့် မိသားစုနဲ့နယ်ပြောင်းသွားတဲ့အခါ ကိုယ်ကနယ်မှာဖုန်းတွေ အင်တာနက်တွေသုံးတဲ့အခါ သူနဲ့စတွေ့တာပေါ့ ၊ လိုင်းပေါ်မှာတော့ ကြူတဲ့လူတွေ လာပီးပိုးပန်းတဲ့လူတွေ ရှိတာပေါ့ ၊အဒီအချိန်မှာ သူနဲ့စတွေ့တာပါ။ သူက ကိုယ့်ထက်လဲ အသက်ကြီးတယ်။ ကိုယ့်မှာအဖေကလဲမရှိတော့ အားကိုးချင်စိတ်လဲ ဖြစ်မိတယ်ပေါ့။သူ့ကို အပြင်မှာ မတွေ့ဖူးသေးပဲ ပုံထဲမှာတင်စရင်းနီးခဲ့တာပါ။ အဲ့လိုနဲ့ အမေ့ကို

ရန်ကုန်အလုပ်သွားလုပ်မယ် အဲ့ဒါမှ အိမ်ကိုလဲ ထောက်ပံ့နိုင်မယ် လို့ပြောခဲ့တာပေါ့။ သူနဲ့လည်း နီးနီးကပ်ကပ် အတူနေချင်လို့ပါ။ ခုတော့ အမေလဲသိနေပါပြီ အစကတော့ မပြောရဲဘူး။ အမဝမ်းကွဲကနေ ပြောရတာပေါ့။ သူငယ်ချင်း အပေါင်းအသင်းကျတော့လဲ ယောကျ်ားလေးမရှိဘူး။ ကိုယ်ကလဲ မိန်းကလေး အလုပ်လုပ်နေတာဆိုတော့လေ။ ခုတော့ ပတ်ဝန်းကျင်ကလဲ ရိပ်မိနေပါပြီ။ အဆင်ပြေပါတယ်။ ကိုယ့်ကို စနောက်တာ စော်ကားတာမျိုးတော့ မရှိပါဘူး။ သူနဲ့ ပထမစတွေ့တွေ့ချင်းတော့ တွဲပြီးအပြင်သွားရမှာတွေရှက်တယ်။ ကိုယ်ကလဲ အပြင်သွားရင် ကိုယ့်ချစ်သူရဲ့လက်ကို တွဲသွားတာမျိုးလေးတွေ လုပ်ချင်တာပေါ့နော်။ ခုတော့ မရှက်တော့ပါဘူး။ အပြင်မှာ တစ်ခြားအတွဲတွေလဲ တွေ့လာရပြီလေ။ အခေါ်အဝေါ်ကျတော့လဲ ကိုကသူ့ကို ကိုကိုရေ ပေါ့ သူကလဲ ချစ်ရေ ပေါ့ ။ ပထမတုန်းက မိဘအိမ်မှာဆိုရင် ပုံမှန်သူငယ်ချင်းလို ခေါ်ဖို့စဉ်းစားထားပေမဲ့ ခေါ်နေကြ အတိုင်းပဲခေါ်ဖြစ်တယ်။ နောက်တကယ်တန်းအိမ်ရောက် တဲ့အခါကျတော့ ပါးစပ်ကလေလွှတ်ခနဲ ခေါ်မိတာပေါ့ ချစ်ရေ ကိုကို ရေ အိမ်က အမေကတော့ ကြားပေမဲ့ ဘာမှတော့ မပြောဘူး ဒီအတိုင်းဘဲ ကြည့်နေတယ်။ အခုတော့ နေတက်သွားပါပြီ။ လက်ထပ်ဖို့ကတော့ စိတ်ကူးတော့ရှိပါတယ် ဒါပေမဲ့ လောလောဆယ်တော့ မလုပ်ဖြစ်သေးပါဘူး။

---



သူနဲ့နှစ်ယောက်အတူတည်ဆောက်ထား
တဲ့ဘဝကိုအခုပုံလေးလို
အေးအေးချမ်းချမ်းဖြတ်သန်းချင်ပါတယ်။
(ချစ်မိုးစက်၊၃၀နှစ်၊ ရန်ကုန်)

အခြေအနေကအခွင့်အရေးပေး

လာတဲ့တနေ့တော့လုပ်ဖြစ်မယ်ထင်တယ်။အရင်ကဆိုရင်တော့

ကိုယ့်မိဘ အသိုင်းအဝိုင်းကလူတွေ account လာအက်ရင်တောင် လက်ခံပြီး block ထားတာမျိုးလုပ်တယ် နောက်ပိုင်းတော့ မလုပ်ဖြစ်တော့ဘူး လက်ခံထားတယ် ပုံမှန်အတိုင်းနေပါတယ် ။ကျန်တာတွေ သိပ်ဂရုမစိုက်နေတော့ဘူး။ ဘဝမှာအရှက်ရအောင် လုပ်ဘူးတဲ့ လူတော့ရှိတယ် ။ သူ့ကသူငယ်ချင်းအရင်းပါ ငယ်ငယ်ထဲက ကိုယ်ကနွဲ့တဲ့တဲ့ ဆိုတော့ နိမ်တယ်။ ဘောလုံးကန်နေချိန်ဆိုလည်း မင်းက အခြောက်ဆိုပြီး ဟော့ကောင် အခြောက်ဆိုပြီးခေါ်တယ်။ အိမ်နီးနားချင်းလည်းဖြစ်တော့ ပိုဆိုးတာပေါ့နော်။ အဲ့လိုခေါ်ပြောတော့ ဒေါသတော့ထွက်တယ် စိတ်ဆိုးတယ်။ အဲ့တော့ သူ့ကိုဘယ်တော့မှ စကားနာမထိုးဘူး သူ့ထက်သာအောင်အမြဲ ကြိုးစားတယ် ၊ အဲ့လိုအမြဲနေတယ်။ သူကအိမ်ထောင်ကျတော့လည်း ကိုယ့်ညီမဝမ်းကွဲနဲ့ ညားတော့ သူ့ဘဝကငယ်ငယ်နဲ့ အိမ်ထောင်ကြတဲ့ အခါကျတော့ သိပ်မပြေလည်ဘူးပေါ့နော်။ တခါတလေကျတော့လည်း တွေးမိတယ် မိန်းမတစ်ယောက်ကို ယူပြီးရှေ့ကနေလုပ်မကျွေးနိုင်တာကိုတော့ စိုးရိမ်မိတယ်။ ဒါပေမဲ့ မိန်းမယူမယ်လို့တော့ မစဉ်းစားပါဘူး။ ကိုယ်ကလည်း မိန်းကလေးစိတ်ဆိုတော့ ကိုယ်ကဘဲအားကိုးချင်တာလေ။ အခုဆိုအဲ့ သူငယ်ချင်းနဲ့သိပ်လည်း အဆက်သွယ်မရှိဘူး ပြီးတော့ ကိုယ့်ကသူထက်အမြဲသာနေတော့ သူသိပ်တော့ မပြောရဲတော့ဘူး။ မိန်းမလို့တော့ ဝတ်စားပြင်ဆင်ချင်စိတ်တော့ မရှိပါဘူး

။တခါတလေကျရင်တော့ အပျော် အကြိုမင်္ဂလာဆောင် ပုံလေးတော့ ရိုက်ချင်တယ်လို့တော့ယခုအတူနေချစ်သူကိုပြောဖြစ်တယ်။ ဒါပေမဲ့ အဲလိုပြင်လိုက်လို့ကိုယ့်ရုပ်ကြီး ဘယ်လိုမျိုးထွက်လာမလည်းတော့ တွေးပြီးရယ်နေရတယ်။အခုထိတော့မလုပ်ဖြစ်သေးဘူးလုပ်ချင်တဲ့စိတ်တော့ရှိတယ်။ကြောက်တဲ့စိတ်လည်းနည်းနည်းရှိတယ်။အမှတ်တရတွေကတော့များတယ်။ ရန်တွေလည်းခဏခဏ ဖြစ်တယ်။ အခုချက်ချင်းအိမ်ပြန်မယ် ဖြစ်တယ် ။ ဒါပေမဲ့ မကြာဘူး သူပြန်ချော့တော့ ပြေလည်သွားတယ်။ အစထဲကလည်း သူ့ကိုအဲ့လိုမျိုး ကိုယ့်အပေါ်ချော့ပြီး အလိုလိုက်လို့ချစ်သွားတာပါ။ ကလည်းအစတည်းက ကလေးဆန်တယ်ဆိုတော့လေ။ စတွေ့တုံးကကိုယ်က နယ်မှာနေတော့ ကိုယ့်တူလေးမွေးနေ့မှာ အရုပ်လက်ဆောင်ရတော့ ကိုယ်ကသဘောကျတော့ facebook ပေါ်မှာဘယ်သူ့ကိုယ့်ကို လက်ဆောင်ပေးမလည်းဆိုပြီး တင်လိုက်တာပေါ့နော် ၊ အဲ့မှာလူတွေကပေးမယ် ဝိုင်းပြောတဲ့ အထဲမှာသူ လည်းပါတယ်။ အဲ့မှာ သူကလိုချင်ရင်ပေးမယ်ဆိုတော့ စိတ်ထဲမှာ သူကငါ့ကိုအလိုလိုက် မှာဘဲဆိုလို့ဖြစ်သွားတာပေါ့နော်။ ရန်ကုန်ရောက်တော့ မွေးနေ့နဲ့လည်းတိုက်ဆိုင်နေတော့ သူဝယ်ပေးတာ ပထမတစ်ရုပ်က အဖြူရောင်လေး ၊ ဒုတိယက အပြာရောင်လေး ၊ ပြီးတော့ သူ့ကိုယ်ပွားလေးဆိုပြီး ဝက်ရုပ်လေး ဝယ်ပေးဖူးတယ်။ ကလေးမွေးစားဖို့တော့ ပထမစိတ်ကူးရှိတယ် ဒါပေမဲ့

သူ့ဖခင်ကိုငဲ့ရတာပေါ့နော် ၊ မွေးတော့ မွေးစားချင်တယ်။ ကျနော့် မိသားစုဘက်ကတော့ အားလုံးအဆင်ပြေပါတယ်။ အဲ့တော့ ကိုယ်တွေနှစ်ယောက်က တစ်ဘဝလုံးတူတူ နေမယ်လို့ဆုံးဖြတ်ထားပြီးပြီဆိုတော့ မိဘတွေကို ငဲ့ကွက်ရတာပေါ့။ တစ်ခါတစ်လေ ကျရင်တော့ သူ့ဖခင်ပြောတာတွေကိုစိတ်ဆိုးပေမဲ့ စိတ်လျှော့ လိုက်ပါတယ် ၊ ကိုယ့်ကသူ့ကိုလက်တွဲဖော် အဖြစ်ဆုံးဖြတ်ထားတာကို။ လူတွေက သိပ်တော့လက်မခံကျသေးဘူးပေါ့နော် ၊ အဖို အဖိုခြင်းကြိုက်တာကို လက်မခံကျသေးဘူး ၊ အမှန်တော့ လူအချင်းချင်းကြိုက်တာပါ။ ဒါကဘဝပေးပေါ့ အတိတ်ကံကြောင့်ပေါ့ ၊ ပြင်လို့မရတော့ဘူးလေ။ အဲ့တော့ ဘဝကိုပျော်အောင်နေတယ် ၊ဘဝတူခြင်း ဆိုလည်း လက်တွဲခေါ်တယ် ပြီးတော့ ကိုယ်တိုင်လည်း ဘဝတူတွေအားကျအောင်တစ်ယောက်ဆို တစ်ယောက် တည်တည်တံ့တံ့ တွဲတယ်။ သူတို့တွေကိုလည်း တည်တည်တံ့တံ့ လေးနေစေချင်တယ်။ တစ်ယောက်နဲ့တစ်ယောက်လက်တွဲနိုင်ဖို့ကို ကိုယ်တွေကလည်းရှေ့ကစံပြလိုနေပြပါတယ်။ အင်တာနက်ပေါ်မှာလည်း လူအထင်သေးအောင် မဟုတ်တဲ့ပုံတွေ နမ်းတဲ့ပုံတွေမတင်စေချင်ဘူး၊ အချင်းချင်းကတော့ ပြဿနာမရှိပေမဲ့ အပြင်လူတွေနဲ့ ကျတော့ မကောင်းဘူးပေါ့။ နောက်လူတွေ အတုယူ မမှားစေချင်ပါဘူး ။ ကိုယ့်အပေါ်မကောင်းရင် ကောင်းတဲ့လူကိုရှာ တနေ့နေ့တော့တွေ့လာမှာဘဲ ၊ ဘယ်အရာမှတော့ လွယ်လွယ်ကူကူမရပါဘူး။ မတွေ့လို့လည်းစိတ်ဓါတ်မကျနဲ့ အားတင်းထား တနေ့တော့ဖြစ်လာပါမယ်။ ကျနော်ကိုယ်တိုင်လည်း အရင်ကတွေးဖူးတယ် စဥ်းစားခဲ့ရဘူးတယ်။ ခုတော့ သူနဲ့တွေ့ခဲ့ရပါပြီ မကောင်းတဲ့သူတစ်ယောက် ကိုယ့်ဆီက ထွက်သွားရင် ကောင်းတဲ့သူတစ်ယောက် ကိုယ့်ဆီယောက်လာမှာပါ။ ကျွန်တော့်ကို အခြောက်လို့ခေါ်ရင်တော့ မကြိုက်ပါဘူး။ ယဥ်ကျေးတဲ့ အသုံးအနှုန်းလေး သုံးစေချင်ပါတယ်။ မိန်းမလိုဝတ်တဲ့သူကို သွားခေါ်ရင်တောင်မှ သူတို့ကြိုက်မယ် မထင်ပါဘူး အချစ်ဆိုတာ ယောကျ်ားချင်းပဲ ဖြစ်စေ မိန်းမချင်းပဲဖြစ်စေ ချစ်လို့ရပါတယ်။ အချစ်ကို အချစ်လို့ပဲမြင်ပေးကြပါလို့ ပြောချင်ပါတယ်။

---

## ၄၂။ ချစ်ရအောင် (၃၈)ရန်ကုန်မြို့

မင်္ဂလာပါ ။ ကျွန်တော့်နာမည်က ချစ်ရအောင် ပါ။ အသက်ကတော့ ၃၈ နှစ်ရှိပါပြီ ။ အလုပ်ကတော့ ဘဏ်ဝန်ထမ်းပါ။ လက်ရှိချစ်သူရှိပါတယ်။ ကျွန်တော် ၅ တန်းလောက်ထဲက လိင်တူစိတ်ဝင်စားတာပါ။ အမေကတော့ အစဥ်ပြေပါတယ်။ အဖေကတော့ လက်မခံပါဘူး ။ အဖေကစစ်သားပါ။ ပြီးတော့

ကျွန်တော်က တစ်ဦးတည်းသောသားပါ။ မျိုးဆက်မျက်နှာ သူကြောက်နေပါတယ်။ ဆွေမျိုးပတ်ဝန်းကျင် အသိုင်းအဝိုင်းက အခြောက်ဆိုပြီး ကဲ့ရဲ့တာတွေကို ခံခဲ့ရပါတယ်။ ငယ်ငယ်ကဆို အကိုဝမ်းကွဲတွေရဲ့ ထိုးကျိတ်ခြင်းကို လည်းခံခဲ့ရပါတယ်။ အဖေကလဲ မကြိုက်ပါဘူး။ အခုလို အခြောက်ဖြစ်နေတာ အမျိုးထဲမှာ အရှက်ရစရာ လိုဖြစ်နေပါတယ်။




ကျွန်တော်ဆွဲထားတဲ့ပုံလေးကတော့ ရှေးဘုရင်တွေထိုင်ခဲ့တဲ့ ရာဇပုလ္လင်ပုံပါ။ ကျွန်တော်ဆင်းသက်ခဲ့တဲ့ မျိုးရိုးနဲ့ ဒီပုံလေးက ဆက်နွယ်မှုရှိပြီး အဓိပ္ပါယ်အများကြီး သက်ရောက်နေပါတယ်။ (ချစ်ရအောင်၊ ၃၈နှစ်၊ ရန်ကုန်)

နောက်ပိုင်း အမေဆုံးသွားတဲ့ အချိန်မှာ အဖေက စိတ်လျော့ပြီး လက်ခံပေးပါတယ်။ ရည်းစားနဲ့ လည်းချစ်သူကို မိတ်ဆက်ပေးခဲ့ပါတယ်။ အခုတော့ အေးဆေး ပါ။ အဆင်ပြေသွားပါပြီ။ အမေကတော့

ကျွန်တော်ကို ကာကွယ်ပေးခဲ့တာပါ။ မေမေက သမီးလိုချင်ခဲ့တာဆိုတော့ နူးနူးညံ့ညံ့လေး နေတာကို ကြိုက်ပါတယ်။ ကျွန်တော်နဲ့ ကျွန်တော်ချစ်သူက facebook ကနေစသိတာပါ။ လူခြင်းမတွေ့ခင် ပုံလေးတွေကြည့်ပြီး ချစ်ခဲ့ကြတာပါ။ နောက်တော့ သူကသူ့မိသားစုကို စွန့်ပြီးရန်ကုန်ရောက်လာပါတယ်။ သူတောင် သူ့မိသားစုကို စွန့်ပြီး ရန်ကုန်ရောက်လာတာဆိုတော့ ကျွန်တော်က လည်း အိမ်နဲ့အတိုက်အခံလုပ်ပြီး တွေ့ခဲ့ကြပေမဲ့ ကျွန်တော်ကတော့ အဖေကို မစွန့်လွှတ်နိုင်ပါဘူး။ ကျွန်တော်တို့က သားအဖ နှစ်ယောက်တည်း ရှိတာမို့ပါ။ မေမေဆုံးတာက ၇နှစ်လောက်ရှိပါပြီ။ ကျွန်တော်ကတော့ အခြောက်ဖြစ်နေတဲ့အတွက် အရင်တုန်းကတော့ သူငယ်ချင်းတွေက မပေါင်းကြပါဘူး ။ ကိုယ်က သူငယ်ချင်းတွေက ဘောလုံးကန်ဖို့ခေါ်လည်း မလိုက် မကန်တက်ဆိုတော့ သူတို့လဲ နောက်တော့ ကျွန်တော်ကို မခေါ်တော့ ပါဘူး။ ကျွန်တော်ကလည်း online ကသိတဲ့ Homo fri တွေနဲ့ပဲ ခင်ပြီးနေလိုက်တော့ တယ်။ Homo fri တွေက နားလည်မှုလည်းရှိပါတယ်။ ကျွန်တော် ကိုယ့်ကိုပြင်ပြီး မိန်းကလေး ပြောင်းကြိုက်ကြည့်ပါတယ်။ ဘာလို့လည်းဆိုတော့ ယောကျာ်းခြင်း ကြိုက်ရင် ကလေးလဲမွေးလို့မရဘူး။ ပီးတော့ ကိုယ်သဘောကျတဲ့ယောကျာ်းလေးက ကိုယ့်ပြန်ကြိုက်ပါ့မလား ပေါ့လေ။ ငယ်ငယ်ကဆို အခြားကလေးတွေလို မဆော့ခဲ့ရဘူး။ အိမ်မှာ စာဘဲဖတ်ခဲ့ရတယ် အများလည်းမလုပ်ရဲဘူး အများလုပ်တာနဲ့ ဖေဖေက ခါးပတ်ချွတ်ပြီးရိုက်တာ ။မိန်းကလေး ရည်းစားနဲ့လည်း အစဉ်မပြေပါဘူး။ သေချာစဉ်းစား ကြည့်တော့ မိန်းကလေးအတွက်လည်း အစဉ်မပြေဖူး။ မွေးလာမဲ့ကလေးအတွက်လည်း အစဉ်မပြေပါဘူး။ အဲ့လိုနဲ့လမ်းခွဲ လိုက်ပါတယ်။ ခုချစ်သူနဲ့ တွဲသွားတွဲလာ လုပ်တဲ့အခါ ဘေးပတ်ဝန်းကျင်နဲ့ အမျိုးတွေက အဖေကို ပြန်ပြောတဲ့အခါ အဖေကဆူပါတယ်။ ကျွန်တော်အနနဲ့ကတော့ ပတ်ဝန်းကျင်ကိုဘာမှ မတုန့်ပြန်တော့ ပါဘူး။ လက်မခံတဲ့ပတ်ဝန်းကျင်ကိုလဲ တကယ်လို့ကိုယ့်သားသမီး ထဲကဒီလိုဖြစ်နေရင် နိုင်အောင်အရင် ထိန်းသိမ်းပါလို့ဘဲ ပြောပါတယ်။ လက်ရှိချစ်သူနဲ့တစ်သက်လုံးအတူနေသွားမှာပါ။ ကလေးမရှိပေမဲ့ သာယာပါတယ်။ လူတစ်ကိုယ် အကြိုက်တစ်မျိုးမို့ ယောကျာ်းချင်းဖြစ်စေ၊ မိန်းမချင်းဖြစ်စေ အချစ်ဟာ အချစ်မို့နားလည်ပေးစေချင်ပါတယ်။ အခြောက်လို့အခေါ်ခံရဘူးတယ်။ အဲ့လိုခေါ်ခံရတာကို အရမ်းစိတ်နာပါတယ်။ Homoလို့ခေါ်ရင်ကျေနပ်ပါတယ်။ ကျွန်တော်က ဝတော့ ကျွန်တော်ချစ်သူက ဝက်ရုပ်လေးလက်ဆောင်ပေးဖူးပါတယ်။ ကျွန်တော့်အဖေကို အရမ်းကြောက်ရတော့ သူပေးတဲ့လက်ဆောင်ကိုတောင် အိမ်မှာ သိမ်းမထားရဲပါဘူး။ Gay

တစ်ယောက်ဖြစ်နေလို့ ဖုန်းကွယ်စရာမလိုပါဘူး။ ယောကျာ်းရင့်မာကြီးလို ဟန်ဆောင်နေစရာ မလိုပါဘူး။ ပေါ့ပေါ့ပါးပါး ပဲနေသင့်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လူတွေက ချုပ်တီးမှုတွေအရမ်းများပါတယ်။ အယူသီးပါတယ်။ Homo တွေ အနေနဲ့အဝတ်အစား အသွားအလာ အပြုမူနေထိုင်တာတွေ ပတ်ဝန်းကျင်နဲ့အဆင်ပြေအောင် နေသင့်ပါတယ်။ LGBT အသိုင်းအဝိုင်းက ကိုယ့်ဆွေမျိုးတွေလို့ယူဆလို့ရပါတယ်။ ကျွန်တော်ကတော့ အားငယ်နေတဲ့Gay တွေကို တွဲခေါ်ပါတယ်။ HIV/AIDS ဖြစ်နေတဲ့လူတွေကိုကူညီအားပေးပါတယ်။ ကိုယ်လည်းဖြစ်နိုင်ပါတယ်။ လူကိုလူလို့ဘဲမြင်ပါတယ်။ သူ့ရဲ့နောက်ဆုံးထွက်သက်ကလေးကို ပျော်ရွှင်အောင်ထားပေးချင်ပါတယ်။

---

## ၄၃။ ငြိမ်းသူ (၂၃) ရန်ကုန်မြို့



Q.နာမည်နဲ့အသက်လေးပြောပြပေးပါ။

A.နာမည်ကငြိမ်းသူပါ။ အသက်ကတော့ ၂၁ ပါ။

Q.ကိုယ့် ကိုကိုယ် ဘယ်လိုခံယူထားပါသလဲ ။

A. ဟုတ်ကဲ့ ။ ကျနော် ယောကျ်ားလေးတစ်ယောက်လို့ ခံယူထားပါတယ် ။ ငယ်ငယ်တည်းကလည်း ဒီလို အမျိုးသားတစ်ယောက်လိုဘဲနေပါတယ် ။

Q.ယောကျ်ားလေးတစ်ယောက်လို ပြုမူနေထိုင် တာကိုကြိုက်တယ် ဆိုတာ ဘယ်အချိန်လောက်က စသိတာလဲ။

A.ကျနော် အထင် ကျနော် အသက် ၉ နှစ်လောက်ထဲက ဒီလိုမျိုး ဝတ်ရစားရ နေရထိုင်ရတာကို ကြိုက်တာပါ။

Q.အိမ်က မိသားစု နဲ့ အသိုင်းအဝိုင်းကရော ယောကျ်ားလေး တစ်ယောက်လိုနေထိုင်တာကိုသဘောကျလား ။

A. အိမ်ကမိသားစု ကတော့ သဘောကျတယ် ။ ကျနော်က အမေဆုံးပါးသွားပြီး အဖေကလည်း အရက်သမား ပေ့ါ။ အရက်သောက်တယ် ခရီးတွေလျှောက်သွားတယ် ။ အိမ်မှာလည်း မရှိဘူး။ ကျနော် ကမောင်နှမ ၆ ယောက်ရှိတယ် ။ ကျနော်က အကြီးဆုံးပါ။ အဖွားနဲ့ နေတာပေ့ါဗျာ ။

Q.ဘဝမှာ အမျိုးသမီးလို နေခဲ့ဘူးလား ။ အမျိုးသမီး ဝတ်စုံ ဝတ်ရတာကိုရော ကြိုက်လား။

A. အမျိုးသမီး ဝတ်စုံ ဝတ်ရတာကို မကြိုက်ပါဘူး။ ဘဝမှာ မှတ်မှတ်ရရ ၄ တန်းနှစ်က ကျောင်းအောင်လက်မှတ်ယူ တဲ့ တစ်ကြိမ်ဘဲ စကပ် ဝတ်ဖူးတယ် ။ ဝတ်တယ် ဆိုတာလည်း လက်မှတ်လည်းယူပြီးရော ကျနော် ချက်ချင်းချွတ်ပစ်တာပါဘဲ ဗျာ။

Q. အမျိုးသားနဲ့ တူအောင် ဆေးသောက်တာကော ဘဝမှာရှိခဲ့ဖူးလား။


A. တစ်ခါမှ မသောက်ခဲ့ဖူးဘူး။ ကျနော်က အတန်းပညာလည်း သိပ်မတက်တော့ ဘာဆေးကဘယ်လို ဆိုတာလည်း နားမလည်ပါဘူး။ပုံမှန်အတိုင်းနေတာပါဘဲ။

Q.ယခုကျော်ဖြတ်လာတဲ့ ဘဝမှာ အကြမ်းဖက်ခံရတယ်လို ထင်တဲ့ အကြောင်းအရာတွေနဲ့ရော ကြုံခဲ့ဖူးလား။

A. မကြုံဖူးပါဘူး ။ ဘာဖြစ်လို့လည်းဆိုတော့ ကျနော်က အမြဲတစ်ယောက်တည်းနေတာများတယ်။
တစ်သီးတစ်သန့် နေတာများလို့ပါ။ လူတွေနဲ့ သိပ်ပြီးရောနှောမနေပါဘူး။

Q. ချစ်သူတွေရော ထားခဲ့ဖူးလား ။ အခုရောရှိလား။

A. ထားခဲ့ဖူးပါတယ် ။ ပထမ ချစ်သူဆို ၄နှစ်လောက်တွဲခဲ့တာပါ။ သူကအကိုဝမ်းကွဲ တွေအိမ်နားမှာနေတာပါ ။ အကိုတွေဆီသွား လည်ရင်းတွေ့ပြီး သူကအရင် သဘောကျလို့ မုန့်တွေဝယ်ကျွေး အတင်းဖုန်းတွေဆက်နဲ့ နောက်ပိုင်းကျတော့ ကျနော်ပြန်ခါနီး သူကစာတစ်စောင်ပေးလိုက်ပါတယ်။ ကျနော်ကို ချစ်ကြောင်း သူကအရင်ပြောတာပါ။ နောက် တွဲဖြစ်ပါတယ်။




ကျွန်တော်ကတော့ရည်းစားစာ အမြဲပေးရင်အသဲပုံလေးတွေခေါက်ပေးပါတယ်။အသဲပုံကိုကြိုက်လို့ဒီပုံလေးပဲဆွဲတာပါ။ (ငြိမ်းသူ၊ ၂၃နှစ်၊ ဒလ)

Q.တူတူနေထိုင်ကြတာလား ။

A. မဟုတ်ပါဘူး ။ ကျနော်က တစ်နေရာမှာနေတယ် သူနေတဲ့နားမှာ ကျနော်သူငယ်ချင်းတစ်ယောက်က တစ်ယောက်တည်းနေတယ်။ ကျနော်သွားတဲ့အချိန်တိုင်း အဲ့သူငယ်ချင်းအိမ်မှာ သူလာနေပါတယ်။

Q.အခုလိုနေထိုင်တယ် ။ မိန်းကလေး ချစ်သူတွေလည်းထားတော့ မိသားစုနဲ့ ပတ်ဝန်းကျင်ကဘာတွေပြောတာခံရလဲ။

A. အရင်က နယ်မှာနေတာ တစ်ခါတစ်ရံမှ ရန်ကုန်လာပြီးသူနဲ့တွေ့တာပါ။ ကျနော်ဆီမှာ ဖုန်းလည်းမရှိတော့ ဖုန်းရှိတဲ့ ဦးလေးအိမ်ကို သူ့ကဆက်ရတယ် ။ ဖုန်းဆက်တိုင်း လာခေါ်ပေးတာကို နောက်ပိုင်း အဖွားက ဘယ်သူဆက်ဆက်မခေါ်ပေးနဲ့လို့ဘဲပြောတယ်။ နောက်ပြီး ဦးလေးတွေကတော့ အခုလိုနေတာကို သဘောမကျပါဘူး။ တွေ့တိုင်း မိန်းကလေးလို နေဖို့ပြောလွန်းလို့သူတို့အိမ်ရှေ့ဆို ဖြတ်တောင်မလျှောက်တော့ ဘူး။ ဟိုဘက်လမ်းက ပတ်သွားတယ်။

Q.နယ်ဆိုတော့ ဘယ်နယ်ကလည်းမသိဖူး။

A. ဟုတ်ကဲ့ အင်္ဂပူ မှာနေတာပါ။

Q.ဘဝမှာ မမေ့နိုင်တဲ့ အဖြစ်ပျက်တွေကောရှိဖူးလား။

A. ရှိဖူးပါတယ်။ လွန်ခဲ့တဲ့ တစ်နှစ်လောက်က စတာပေ့ါ။ အခုလက်ရှိချစ်သူ နဲ့ အမြဲ ရန်ဖြစ်တယ် နံရံတွေလည်း လက်သီးနဲ့ ထိုးခဲ့ရတယ် အမြဲတမ်း စိတ်ဆိုးရတယ် ပျော်ရတယ် အဲ့အမှတ်တရတွေတော့ရှိပါတယ်။

Q.ဒါဆို အခုလက်ရှိချစ်သူနဲ့ရော ဘယ်လိုစတွေ့ဖြစ်တာလဲ။

A. ကျနော် အမဝမ်းကွဲက သူ့အိမ်မှာနေတာပါ။ အခုလက်ရှိ ချစ်သူက အိမ်ထောင်ရှိပါတယ် ။ သူက သူ့ယောကျာ်းနဲ့ တူတူမနေဘူး သူ့အမေအိမ်မှာနေပါတယ်။ သူ့မှာ ကလေးနှစ်ယောက်ရှိပါတယ်။

အမဝမ်းကွဲက ရွာပြန်လာ ပြီးတော့ ငပုတော ဘက်မှာလည်း သူ့ညီမတစ်ယောက်ရှိတယ် ။ ငပုတောဘက်ဆိုတော့ နည်းနည်း လှမ်းတော့ အဖော်မရှိဖူး ဆိုတာနဲ့ လိုက်သွားပေးပြီးနောက်ပိုင်း ဟိုရောက်တော့ အမဝမ်းကွဲဖုန်းကိုယူဆော့ ရင်းဖုန်းမှားခေါ်ပြီးတော့ သူ့ဆီကိုဆက်ဖြစ်သွားတာပါ ။ သူကလည်းအသံကြားပြီး ခင်လို့ဆိုပြီး နောက်ပိုင်း ခဏခဏ ဖုန်းတွေခေါ်စကားတွေပြောဖြစ်ကြတယ်။ viber ကနေ စာတွေပို့တယ် နောက်ပိုင်း ဓါတ်ပုံလေးတွေပို့ရင်းနဲ့ သဘောကျသွားတာ။

Q.ဒါဆို အခုဘယ်လိုတူတူနေဖြစ်သွားတာလဲ ဘယ်လောက်ကြာပြီလဲ။

A.သူကကျနော်ကို လိုက်နေဖို့ခေါ်တော့ ကျနော် လာနေဖြစ်တာပါ။ ပြီးခဲ့တဲ့ နှစ် ၆ လပိုင်းထဲကရောက်တာဆိုတော့ အခုဆို ၁ နှစ်ကျော်ပါပြီ။ တူတူနေတာပေါ့။

Q.လိင်တူချစ်သူတွေအပေါ် ကိုယ်ကိုတိုင် ယောကျာ်းလျာတစ်ယောက်အနေနဲ့ ဘယ်လိုမြင်လဲ။

A.ကျနော်ကကျတော့ သိပ်တော့ အပေါင်းအသင်း သိပ်မရှိဖူး။ တစ်ယောက်တည်းနေတာများတယ်။ အခု ရန်ကုန်ရောက်မှသာ သူငယ်ချင်းတွေရှိတာ။ နောက်ပြီးတော့ နယ်မှာတုန်းကတော့ ယောကျာ်းလျာ သူငယ်ချင်းတွေရှိတယ် ။ သူတို့တွေကတော့ မိန်းမတွေယူပေ့ါနော် ။ ကျနော်ကိုလည်းမြှောက်ပေးတာပေ့ါ ရည်းစားထား အဲ့လိုမျိုးပေ့ါ။ အဲလိုမျိုးဆိုတော့ သိပ်တော့ မထူးခြားပါဘူး။

Q.ဘဝကိုရှေ့လျှောက်ဘယ်လိုဖြတ်သန်းမလည်း။

A.ပေါ်ပေါ်ထင်ထင် တွဲသွားလို့ရတဲ့ ချစ်သူတစ်ယောက်နဲ့ဘဝ ကိုရှေ့ဆက်ချင်တယ်။ အခုလက်ရှိ ချစ်သူကကျတော့ အိမ်ထောင်သည်ဆိုတော့ ပေါ်တင်နေလို့မရဘူးပေ့ါ။ ပြီးတော့ ကိုယ်နဲ့ သက်တူရွယ်တူဆိုရင် တွဲသွားတွဲလာလုပ်တဲ့အခါ ပိုပြီးကောင်းတာပေ့ါ။

Q.အခုကော ဘာအလုပ်လုပ်လဲ။

A.အခုလောလောဆယ်တော့ အလုပ်မရှိပါဘူး ။ အရင်ကတော့ ပန်းကန်းရောင်းတဲ့ ဆိုင် အကြီးကြီး မှာ လုပ်တာပါ ။ နောက် ကျနော်တို့အိမ်ပြန်ပြင်ဆောက်တာနဲ့ ကျနော် နေမကောင်းတာနဲ့ အလုပ်ကထွက်လိုက်ရတာပါ။

Q.ငယ်ငယ်တုန်းကရော ကျောင်းပညာသင်တဲ့အခါ အခုလိုမျိုးနေတော့ အခက်အခဲဖြစ်သလား။

A.အဲ့လိုတော့ မရှိပါဘူး ။ ကျောင်းမှာလည်း မိန်းကလေးသူငယ်ချင်းသိပ်မရှိဘူး။ ရှိတဲ့ မိန်းကလေးသူငယ်ချင်းကျတော့ လည်း ကိုယ့်အပေါ်အရမ်းနိုင်ကြတယ်။ ပြီးတော့ အများအားဖြင့်ယောကျာ်းလေးတွေနဲ့ ပေါင်းတယ်။ ဘောလုံးကန်တယ် ယောကျာ်းလေးဆော့တဲ့နည်းတွေနဲ့ပဲဆော့တယ်။

Q.လက်ရှိချစ်သူရဲ့ ကလေးတွေအပေါ်ရော ဘယ်လိုသဘောထားလဲ။

A.ဒီလိုပါဘဲ ။ ကလေးတွေဆိုတော့လည်း သူ့အမေ အပေါ်တော့ ဂျီတိုက်တဲ့ အခါတွေတော့ရှိတာပေါ့ အဲ့အခါတော့ နည်းနည်း စိတ်ဆိုးတယ်။ကလေးတွေကိုတော့ ချစ်ပါတယ် ။

Q.အိမ်ကမိသားစု အပေါ်ကိုရော ဘယ်လိုမျိုးရှေ့ဆက်ချင်လဲ။

A. အမေကတော့ မရှိတော့ဘူး အဖေကလည်း ပျောက်သွားနေတယ် ။ အဖွားနဲ့ပဲနေခဲ့ရတဲ့ဘဝဆိုတော့ ထမင်းလည်း ကိုယ်ဘဲချက်တယ် ဟင်းလည်းချက်တက်ပါတယ် ။

Q.နောက်ပေါ်လာမယ် မျိုးဆက်သစ်တွေအတွက် ဘာပြောချင်လဲ။

A.ယောကျာ်းလေးလိုနေပါ ဒါပေမဲ့ အပေါင်းအသင်းပေါင်းတဲ့အခါ ပေါင်းအပ်တဲ့လူဘဲပေါင်းပါ။ အရက်သေစာသောက်စားပြီး ညဘက်နောက်ကျတဲ့ အထိအပေါင်းအသင်းတွေနဲ့ မနေပါနဲ့ ။ သတိထားကြပါ။ ကျနော့်သူငယ်ချင်း အချို့ဆိုမျက်မြင်ပါပဲ အရက်တွေမူးပြီး ဖြစ်ချင်သလိုဖြစ်နေကြတော့ မကောင်းပါဘူး။ အားလုံးကိုသတိထားစေချင်ပါတယ်။ ကျနော့် သူငယ်ချင်းတစ်ယောက်ဆိုရင် အရက်တွေမူးပြီးတော့လမ်းမှာ မှောက်နေတာပေါ့ဗျာ လူလည်းမြင်မကောင်းပါဘူး ။ ထိန်းထိန်းသိမ်းသိမ်းနေသင့်ပါတယ်။

## ၄၄။ မောင်မောင်ကြီး ( ၅၂) ပြည်မြို့



Q. ပထမဆုံး နာမည်နဲ့ အသက်ကိုပြောပြပေးပါ။

A. နာမည်ကတော့ မောင်မောင်ကြီးပါ ။ အသက်ကတော့ ၅၂ နှစ်ရှိပါပြီ။

Q. အကို့ရဲ့ လိင်စိတ်ဘယ်လိုခံယူထားပါသလဲ။

A. လိင်စိတ်ကတော့ မိန်းမတစ်ယောက် အခြောက်မတစ်ယောက်ရဲ့ စိတ်ကတော့ အပြည့် အဝရှိပါတယ်။

Q. ဘယ်အရွယ်လောက်ကနေ စပြီးတော့ ကိုယ့်ကိုယ်ကို စပြီးသတိထားမိပါလဲ။

A. အဲ့ဒါကိုပြောရမယ်ဆိုရင် စပြီးလူမှန်းသိတက်စ အရွယ်ထဲကလို့ပြောရလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ရေမိုးချိုး ပြင်တာဆင်တာက အစပေ့ါနော် ပါးကွက်ပဲ ကွက်ချင်တယ် လူကတော့ ယောကျာ်းပုံလေးနေပေမဲ့ အဲ့လိုပေ့ါ နောက်တစ်ခုက ကစားတဲ့ အခါကျတော့လဲ အကိုတို့တုံးကဆော့တာက အစ်ကိုကြီး အမကြီးလုပ်တိုင်းဆော့တာဆိုတော့ လေ အကိုက အမကြီးနေရာကနေပဲ အမြဲဆော့တယ်။ အဲလိုပေ့ါ လူမှန်းသိတက် မှတ်မိတက်တဲ့ အချိန်ကစပြီးတော့ ပေ့ါနော် ။ အိမ်ရှေ့မှာ ပန်းရုံလေးရှိတယ်ဆိုတော့လေ သုံးလေး နှစ်လောက်ထဲက ပုဆိုးကိုထမီလေးလိုဝတ်ပြီးတော့ သီချင်းတွေဆိုပြီး ပန်းခူးတာပေ့ါနော် ။ ဒါပေမဲ့ ဟိုလိုမျိုးကြီးတော့ အခြောက်ကြီးလုံးလုံးတော့ မဖြစ်သေးဘူးပေ့ါ ဗီဇက အဲ့မှာစတာပေ့ါ။

Q. ကိုယ့်ကိုယ်ကို မိန်းမလျှာတစ်ယောက်အဖြစ်ခံယူလိုက်တာကရော ဘယ်အရွယ်လောက်ဖြစ်မလဲ။

A. အသက် ၂၂ နှစ်ပေ့ါနော် အဲ့ကျမှပဲ ခံယူလိုက်တာပေ့ါနော်။ ပထမကတော့ မခံယူသေးပါဘူး။ တက္ကသိုလ်တက်တုန်းကလဲ ယောကျာ်းပုံနဲ့တက်ခဲ့တာပါပဲ။ စာပေးစာယူလို့ခေါ်တာပေ့ါနော်။ အကိုတို့က ၈၂ ခုနှစ်မှ ဆယ်တန်းအောင်တာဆိုတော့

အရေးခင်းမတိုင်ခင် တက်ရတာပေ့ါနော်။ စာပေးစာယူတက်နေရင်းနဲ့ ဒုတိယနှစ်ကိုကျသွားရော ။ ကျလည်းကျသွားကော ကျောင်းမှာနောက်တစ်ခေါက်တက်ကော ကျောင်းမှာ သူငယ်ချင်းတွေနဲ့တွေ့ဖြစ်တယ် ။ ဆုံဖြစ်ကျတယ်ပေါင်းဖြစ်ကြရင်းနဲ့ နောက်ပိုင်းကိုယ်တိုင် ပွင့်သွားတာပေ့ါနော်။ အစကတော့ အပုန်းဘ၀နဲ့ နေတာပေ့ါ။

Q. ကိုယ်တိုင်က မိန်းမတစ်ယောက်လိုနေချင်နေတဲ့ အချိန်မှာ အကို့နဲ့ မိသားစုဆက်ဆံရေး အကြောင်းလေး ပြောပြပေးပါလား ခင်ဗျ။

A. ဆက်ဆံရေးက အရမ်းဆိုးဝါးတဲ့ အခြေအနေတော့ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အကိုက အသက်ငယ်ပေမဲ့ အိမ်ကစီးပွားရေးကို ဦးဆောင်ပြီး မိဘနဲ့ မောင်နှမတွေကို လုပ်ကျွေးနေတာဆိုတော့ သိပ်တော့ မဆိုးဝါးပါဘူး။ အကိုရယ် အကိုညီမလေး နှစ်ယောက်ရှိတာပေ့ါ။ အကိုက ဦးဆောင်ပြီးတော့ အဖေ အမေနဲ့ တွဲ လုပ်တာပေ့ါနော်။ အရင်တုန်းကတော့ ငပိ ငံပြာရည်ရောင်းတာပေ့ါ လက်ကားရောင်းတာဆိုတော့ နည်းနည်းကြီးတာပေ့ါနော်။ ကိုယ်ကပဲ ဦးဆောင်ပြီးတော့ လုပ်တယ်။ ပြီးတော့ အကိုကလဲ သရုပ်ပျက်လောက် အောင် မိန်းမပုံစံကြီးတော့ မ၀တ်ပါဘူး မနေခဲ့ပါဘူး ယောကျာ်းပုံလေးပဲ ဝတ်ပြီးနေတာပါပဲ။ ဒါပေမဲ့ ဘယ်မိဘ ပဲဖြစ်ဖြစ်ပါ ကိုယ့်သားသမီး အခြောက်ဖြစ်တယ်ဆိုတာကိုတော့ မကြိုက်ကြဘူးပေ့ါနော်။ အနည်းနဲ့အများတော့ ရှိတာပေ့ါနော်။ နည်းနည်းပါးပါးတော့ အတိုးအလျှော့လေးတွေတော့ ရှိတာပေ့ါ။ ဒါပေမဲ့ ကိုယ်က တဖြည်းဖြည်းနဲ့ မိသားစုကိုဦးဆောင်နေရတာဆိုတော့ တဖြည်းဖြည်းနဲ့ သဘောပေါက်လာတာပေ့ါ။

A. တက္ကသိုလ်တက်တဲ့ အချိန်ဆိုမှာ ပိုပြီးသိသာလာအောင် မိန်းကလေးတစ်ယောက်လိုနွဲ့လာတယ်ဆိုတော့ ကျောင်းမှာပညာသင်ရတဲ့ အချိန် အပေါင်းအသင်းဆရာ ဆရာမတွေရဲ့ ဆက်ဆံရေး အခြေအနေလေးကိုပြောပြပေးပါ။

Q. ပထမ စတက်တုံးကတော့ အပုန်းပုံစံပဲပေ့ါနော်။ ဒါပေမဲ့ အခြောက်ဆိုတာကိုသိကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ကလဲ ပေါင်းတာ မိန်းကလေးတွေနဲ့ကြီးပေါင်းတယ်ယောကျာ်းလေးတွေနဲ့ ပေါင်းတာနည်းတာကိုနော်။ နောက်ကျတော့ ဒုတိယ နှစ်ကိုရောက်လဲသွားကော တဖြည်းဖြည်းနဲ့တော့ ပိုပြီးပွင့်လာတာပေ့ါနော်။ ခွဲခြားဆက်ဆံခံရမှုတွေ ကတော့ မရှိခဲ့ဘူးပေ့ါနော်။ ဒါပေမဲ့ တတိယနှစ်စာမေးပွဲ ဖြေလဲဖြေရော ဆရာတစ်ယောက်နဲ့တော့ ပြဿနာတစ်မျိုးလေးတော့ ဖြစ်တာပေ့ါနော်။ အမှန်တော့ သူက အကိုကို စလိုက်တာပေ့ါနော် ဒါပေမဲ့ အစလွန်သွားပြီးတော့ စာသင်ခန်းထဲမှာပဲ ကိုယ်ကလဲသူ့ကို ပြောမိတာပေ့ါနော်။ သမိုင်းမေဂျာဆိုတော့ အရှေ့တိုင်း ပါဠိ ဘာသာပါတယ်၊ အဲ့မှာ ရဟန်းခံတာနဲ့ ပက်သက်လို့ပေ့ါနော် ပြောတဲ့အခါမှာ GAY တွေပေ့ါနော်မခံနိုင်ဘူးပေ့ါနော်။ အဲ့မှာ

ရှက်သွားတာပေ့ါနော်။ ပြန်ပြီးချေပ ပြောဆိုဖို့တောင် လုပ်လိုက်တာပေ့ါနော်။ ဒါပေမဲ့ အကိုနဲ့ ပေါင်းတဲ့ သူငယ်ချင်းအမကြီးက အကို့ထက် ဆယ်နှစ်လောက်ကြီးတဲ့ အခါကျတော့ မလုပ်ရဘူးဆိုပြီးတော့ တားတာပေ့ါနော်။ သိတဲ့အတိုင်းပေ့ါ အခြောက်မ ပွင့်ခါစဆိုတော့ လဲ နည်းနည်းတော့ လှချင်ပချင်တာပေ့ါနော် အဲ့တော့ နှုတ်ခမ်းနီလေးနည်းနည်းနဲ့ မိတ်ကပ်လေးတော့ ပါတာပေ့ါ ပတ်ဝန်းကျင်က လူတွေ အမြင်မှာနည်းနည်းတော့ အမြင်ကတ်မှာပေ့ါနော်။ ခွဲခြားဆက်ဆံခြင်းခံရတဲ့ အဆင့်ထိတော့ မရှိပါဘူး နည်းနည်းပါးပါး တော့ မသိမသာလေးတော့ ရှိတာပေ့ါနော်။

Q. ခုနပြောတဲ့ စကားထဲမှာ ပွင့်ခါစ မထော်မနန်းလေးတွေဝတ်တယ်ဆိုတော့ ဘယ်လိုလေးတွေဝတ်ဖြစ်သလဲ ။

A.အကိုတို့ခေတ်က မင်းသမီး မို့မို့မြင့်အောင်ခေတ်စားတယ်လေ။ အဲ့တော့ ပုဆိုးဆိုရင် နည်းနည်းတိုတိုပေ့ါ ပြီးတော့ ဆံပင်ဆိုရင် မင်းသမီး မေသန်းနုလို့ အမောက်နဲ့ပေ့ါနော်။ မျက်လုံးလေးတွေ ချယ်တယ်ပေ့ါ။အဲ့လိုလေးတွေလုပ်ဖြစ်တာပေ့ါနော်။ နောက်ကျတော့ ဟိုအရင်ကမို့မို့မြင့်အောင်တို့ ကြည့်ဖူးတယ်မလား အကျႌ ကိုအပြင်ကိုထုတ်ဝတ်သလိုမျိုး ဝတ်တာပေ့ါနော်။ ပုဆိုးတိုတိုလေးဝတ်တယ်။ မျက်နှာကိုမသိမသာလေးတွေချယ်ဖြစ်တယ်ပေ့ါနော် ။ တစ်ခုရှိတာက အဲ့ အချိန်တုံးက AIDS ဆိုတဲ့ စာတန်းတွေက ပေါ်ကာစဆိုတော့ အရေးခင်းတစ်ပတ်လည်ဆိုတော့ လေ ကျောင်းပတ်ပတ်လည်မှာ ကြော်ငြာ စာတမ်းကြီးတွေကပေါ်လာပြီလေ။ အဲ့လိုပေါ်လာတော့ အကိုတို့လို အခြောက်တွေကိုမြင်ရင် ကျောင်းသားတွေက ဟိုမှာ AIDS တွေလာပြီဆိုပြီးစကြ နောက်ကြတာပေ့ါနော်။ အဲ့မှာ အကိုက ဘာမှပြန်မပြောဘဲနဲ့အဲ့ဒီ ဆိုင်းဘုတ်ကြီးအောက်မှာ သွားရပ်နေလိုက်ကောလေ အဲ့တော့ နောက်ပိုင်းမစရဲတော့ဘူးပေ့ါနော်။ အကိုစိတ်က ခပ်ရွတ်ရွတ်နဲ့ သွားတိုးတာပေ့ါနော်။ မခံချင်တဲ့ စိတ်ကလဲ အဲ့လိုရှိတော့လေ အဲ့လိုအကြောင်းလေးတွေကတော့ ရှိဖူးတာပေ့ါ။ ဒါပေမဲ့လည်း အခြောက်မတွေဘဝက အနည်းနဲ့ အများတော့ ခွဲခြားဆက်ဆံမှုတွေခံရတာပေါ့နော်။ မိန်းကလေးတွေလဲ ကိုယ်တွေပေါင်းတယ် ဒါပေမဲ့ အခြောက်မှန်းသိတော့ နည်းနည်းတော့ နှိမ်ချင်တာပေ့ါ ယောကျာ်းလေးတွေဆိုလဲ ပေါင်းတယ် ဒါပေမဲ့ ကိုယ့်အပေါ်အကြောလေးတွေနဲ့ ဆက်ဆံတာကိုခံရတာပေ့ါနော်။

Q. အကိုဘဝမှာ ဘယ်အချိန်လောက်ကစပြီးတော့ အချစ်ကိုစတင်သိရှိခံစားခဲ့တာလဲ ခင်ဗျ။

A. အဲ့ဒါလေးကတော့ ထူးဆန်းတယ်ပြောရမယ်။ အသက်၁၆ လောက်ကမှ စတွေ့တာပေ့ါနော်။ ရှေ့မှာတုန်းကကျတော့ လုံးဝ အတည်မထားဖူးပေ့ါနော်။ ဘာဖြစ်လို့လဲဆိုတော့ တွဲတယ် ခဏပဲပေ့ါနော် ဒီတစ်ယောက်ပြီးနောက်တစ်ယောက်ပေ့ါနော် ။

အဲ့တစ်ယောက်ကျမှ ကိုယ်ကတန်းတန်းစွဲချစ်ပြီး ရအောင်ယူခဲ့တာပေါ့နော်။ ပြီးတော့ အကို အကျင့်က သူငယ်ဆိုပေါ့နော် အန်းကိုမအန်းတက်တာပေါ့နော်။ သူများတွေအန်းတယ်ဆိုလဲ အရမ်းပြောတာ ။ ယောကျ်ားအတည်ယူတဲ့ သူငယ်ချင်းတွေဆိုလဲ အရမ်းပြောတာ ဘာလို့ယူတာလဲ ဒီအတိုင်းပဲနေပြီးတော့ တစ်ယောက်ပြီးတစ်ယောက်တွဲပါလားပေါ့နော်။ ရှင်းရှင်းပြောရရင် ကိုယ်တွေကလဲ အဲ့အချိန်က အရွယ်ကောင်းဆိုတော့ အန်းလဲ မအန်းရဖူးလေ။ အန်းဖို့လာပြောရင်လဲ အသားကုန်ဆဲလွှတ်လေ။ နင်တို့ မိန်းမတွေသွားလုပ်ရင်လဲ ပေးရမှာပဲ ဒို့လိုအခြောက်မကိုလုပ်တာ အလားကားလုပ်ရတာကို ပြန်တော့ မပေးနိုင်ဘူးဆိုပြီးတော့ ဆဲလွှတ်တော့တာပါပဲ။ အခြောက်မ နဲ့ သူ့လင်နဲ့ လာကြတယ်ပေါ့နော် အကိုတို့က ဆိုင်ထိုင်ပြီးမုန့်စားနေတယ် ဆိုပါတော့ အခြောက်မကိုပဲ မုန့်ကျွေးတယ် သူ့လင်ကို မကျွေးဘူး ပေါ်တင်ကိုပြောတာ ငါ့တို့က သူငယ် မအန်းတက်ဘူးဆိုပြီးတော့ လေ။ ငါးပြားတစ်စိတောင်မအန်းဘူးဖူး။ လင်ရတော့မှ အရမ်းချစ်ပြီးတော့ သုံးလေးနှစ်လောက်ကို မရမက အတင်းယူပြီးတော့ ကိုယ့်အိမ်ပေါ်ကို အတင်းခေါ်တင်လာတာလေ။

Q. သူနဲ့ စတွေ့ပုံလေးကိုလဲပြောပြပေးပါအုံး။

A. သူနဲ့စတွေ့ပုံလေးကတော့ ရပ်ကွက်ထဲကပေါ့ သူက မန္တလေး စဥ့်ကိုင်ဘက်ကနေ သူ့အစ်မတွေရှိမှာ လာနေတာပေါ့နော်။ ရပ်ကွက်ထဲမှာ ဖြတ်သွားဖြတ်လာတော့ တွေ့နေတာပေါ့။ နောက်ဈေးကြီးထဲမှာ သူက အလုပ်လုပ်တယ်လေ။ ကိုယ်ကလဲဈေးကြီးထဲသွားပြီးတော့ အကြွေးတွေသွားတောင်းရတယ်လေ။ အဲ့မှာတွေ့တာပေါ့နော် ။ သူကလဲ ချောချောလေးဆိုတော့ သဘောကျတာပေါ့နော်။ သနားပြီးတော့ အတင်းလိုက်လုံးရတာပေါ့နော်။ ကိုယ်က လိုက်လုံးလိုက် သူကခွာနေလိုက် မရဖူး ထက်လုံးလိုက် ပြေးလိုက်ပေါ့နော်။ နောက်ဆုံးကျတော့ အတင်းကာရောလိုက်ရောရတော့ တာပေါ့နော်။ သုံးလေးနှစ်လောက်ကြာမှ သူလဲ အလုပ်တွေလုပ်တာ မပြေလည်တော့ တော်တော် စိတ်ညစ်ပြီး အကိုဆီကိုရောက်လာတော့ပေါ့နော်။ အိမ်မှာ လူလိုတော့ အိမ်မှာ အလုပ်ခန့်လိုက်တာပေါ့နော်။ ဒါပေမဲ့ ဟိုလို အမြဲ ပေါင်းနေတာမဟုတ်ပေမဲ့ အိပ်ချိန်ဆိုသူကပြန်သွားတယ် မနက်ဆိုပြန်လာပေါ့နော် ဒါပေမဲ့ အိမ်က မိဘကလွဲလို့ကျန်တဲ့လူတွေက အကုန် သိပါတယ်။ ကိုယ်ကလဲ ထိုက်ထိုက်တန်တန်လဲ သူ့ကိုဝယ်ချမ်းပေးတာပေါ့နော်။ အဲ့လိုနဲ့ သုံးနှစ်လောက်တော့ အဲ့လိုနေပြီးမှ သူက မိန်းမယူသွားတယ်လေ။ ကြောက်ဖို့တော့ ကောင်းပါတယ်။ သူနဲ့ အကိုနဲ့ ကွဲတာဆို အခုသူ့သမီးလေးတောင် အသက် ၁၅ နှစ်လောက်ရှိနေပြီဆိုတော့ လေ အဲ့လောက်ရှိတော့မှ သူ့မိန်းမကွဲပြီးတော့ အကိုဆီ ပြန်ရောက်လာပါတယ်။ ပြီးတော့ အကို့ အဖေ ဆုံးတုန်းကတော့ သူတစ်ခေါက်ပြန်လာတယ်

မိတ်ဆွေလိုမျိုးပေ့ါနော်။ နေကောင်းလားထိုင်ကောင်းလားပေ့ါနော်။ ပြီးခဲ့တဲ့၅ လလောက်ကမှ ့ မထင်မှတ်ပဲ သူနဲ့ ကိုယ်နဲ့ စကားစပ်မိပြီးတော့ သူကလဲ အဲ့လိုဖြစ်နေတယ်ပေ့ါနော် ။ဆိုတော့ ကိုယ်ကလဲ အခုက ပန်းအိုးတွေပါ လိုက်ထိုးတယ်ဆိုတော့လေ ရေပုံးတွေလိုက်ထမ်းရတာနဲ့ လူလိုတယ်ဆိုပြီးတော့ ပြန်ခေါ်ထားလိုက်တာပေ့ါနော်။ ငပိ ငံပြာရည်ကတော့ မရောင်းတော့ဖူးပေ့ါနော်။ အဲ့လိုပေ့ါ ပြန်တွဲချိန်ကျတော့ ပြန်တွေ့ရတာပါဘဲ။ သူကလဲ သူ့အိမ်ပြန်လိုက် သွားလိုက်ပေ့ါနော်။

Q. သူနဲ့ကွဲသွားတဲ့ အချိန်တွေမှာကော နောက်ထက်ချစ်သူထားဖြစ်သေးလား။

A. အဲ့လိုတွေတော့လဲ မထားဖြစ်ပါဘူး ။ ယောကျာ်းတွေကို စိတ်နာသွားတာပေါနော်။ တွဲချင်လဲ တစ်ရက်နှစ်ရက် ကောက်တွဲလိုက်တယ် ။ ကြောက်သွားတာပေ့ါနော်။ နောက်ပြီးတော့ အကိုမှာခံစားရတာက ပိန်ခြိုးကျပြီးတော့ နှစ်နှစ်လောက် အဲလိုနေဖြစ်သွားတာပေ့ါနော်။ တစ်ချို့ကဆို အကို့ကို AIDS ဖြစ်နေပြီလို့တောင် အပြောခံလိုက်ရတယ်။ ကိုယ်ကလဲ ဝဋ်ကြွေးတွေနဲ့တူတယ်ပေ့ါနော်။သူ့မိန်းမယူတုံးကလဲ ကိုယ်လိုက်ခွဲတာပဲ ။ ဒါပေမဲ့ လုပ်လို့မရဘူးပေ့ါနော်။ သဘာဝဆိုတော့လဲ ခွဲလို့မရဖူးပေ့ါနော်။ ဒါပေမဲ့ ပြန်တော့ တွေ့ချင်တယ်ဆိုပြီးတော့ ဘုရားသွားတိုင်းဆုတောင်းမိတာပေ့ါနော်။ အခုလဲ အဲ့လိုမထင်မှတ်ပဲ ပြန်တွေ့ဖြစ်တာပေ့ါနော်။ ကြားထဲမှာလဲ သိပ်ပြီးမတွဲ ဖြစ်ဖူးပေ့ါနော်။ သူလဲ အခုဆို တစ်ယောက်အကြောင်းတစ်ယောက် သိနေလို့လဲ ပါတယ်ပေ့ါနော်။ နောက်ဆုံးချည်တိုင်ကိုပဲ ပြန်လာတဲ့ စကားကိုတော့ မဟုတ်ဘူးပေ့ါနော် စိတ်ကိုတော့ မယုံသေးတာပေ့ါနော်။

Q. ဒါဆို အခုလက်ရှိ သူ့သမီးလေးကိုရော အကို့သဘောထားလေးကိုပြောပြပေးပါလား။

A. အကို့လက်ရှိ တော့ သူ့သမီးလေးနဲ့ တိုက်ရိုက်တော့ မတွေ့ဖူးသေးဖူး။ ဒါပေမဲ့ အကို ကတော့ ကိုယ့်တူ တူမလိုပဲ သဘောထားပါတယ်။ ကိုယ့်သားသမီးလေးလိုပါပဲ။သူ့ကိုတောင် အမြဲ ဆုံးမနေတာလေ နောက်မိန်းမမယူနဲ့ပေ့ါနော်။ ကိုယ်မွေးထားတာက သမီးလေးမွေးထားတာလို့ပြောနေရတယ် ။ သူ့အမေနဲ့ အမတွေက တော့ အကိုနဲ့ အခုလိုပြန်နေတာကိုအရမ်းသဘောကျတာပေ့ါနော် ။ ပြန်ပေါင်းနေကျဖို့ အထိတောင်ပြောတာပေ့ါနော်။ အကိုကလဲ သူ့ကို အိမ်မှာပဲနေစေချင်ပေမဲ့ အခုလောလောဆယ်တော့လဲ မဖြစ်နိုင်သေးဖူးပေ့ါ။ မိသားစုစီးပွားရေး ကလဲ ရှိသေးတာပေ့ါနော်။

Q. အကိုအနေနဲ့ ပထမဆုံး လိင်တူဆက်ဆံဖူးတာ ဘယ်အရွယ်လောက်ကဖြစ်မလဲ။

A. ဟုတ် အဲ့လိုလိင်ကိစ္စကိုကျတော့ အခုလို ပွင့်ကမှပဲ ဆက်ဆံဖူးတာပေါ့နော်။ အရင် အပုန်းဘဝတုန်းကဆို မဆက်ဆံဖူးပါဘူး။ အိမ်က ငပိ ငံပြာရည်ရောင်းတယ်ဆိုတော့လေ အမှတ်(၁)ကျောင်းမှာ ဘုန်းကြီးတွေ စာမေးပွဲဖြေတော့ ညဘက်ပေါ့နော် ဆွမ်းချက်တဲ့လူတွေ ရှိတော့ အကိုက ညဘက်ကိုသွားပို့ရတာပေါ့နော် အဲ့မှာ ညဘက် စောင့်တဲ့ မီးသတ်ရဲဘော်လေးတွေရှိတယ်လေ ။ ကိုယ့်ကလဲ အခြောက်မ သူငယ်ချင်းလေးတွေခေါ်ပြီးတော့ သွားပို့တာပေါ့။ အဲ့မှာ မီးသတ်လေးတွေက စလိုက် နောက်လိုက်ပေါ့နော်။ အဲ့မှာစပြီး ဖြစ်တာပေါ့နော်။

Q.အဲ့အချိန် အကိုခံစားရတဲ့ ခံစားချက်ကိုရောပြောပြပေးလို့ရမလား။

A. အင်း ဘယ်လိုပြောရမလဲ အနိုင်ကျင်ခံရတယ်လို့တော့ မတွေးထားပါဘူး ။ ဒါပေမဲ့ သူနဲ့ ကိုယ်နဲ့ကျေနပ်လို့ ဖြစ်ကြတာဆိုတော့လေ။ တစ်ခုရှိတာကတော့ ကိုယ်က အပုန်းဘဝ ဖြစ်ပေမဲ့ ဘယ်လိုလှုပ်ရှားကြတယ်ဆိုတာကိုတော့ သိနေပြီပေါ့နော်။ ကိုယ်ကသာ လက်တွေ့ မလုပ်ဖူးပေမဲ့ ကြားဖူးနားဝတွေက ရှိနေတယ်လေ။ အဲ့ တုန်းကလဲ အဲ့လိုပါပဲ မီးသတ်ရဲဘော်လေးက စင်တယ်လေ ။ အဲ့တော့ သူ့လာခေါ်တော့ ကိုယ်ကလဲ ပါသွားတာပေါ့နော်။ ဟိုလိုကြီး တော့ မဟုတ်ပါဘူး ။

Q .ဘဝမှာ လိင်မှု့ဆိုင်ရာ အကြမ်းဖက်မှု့ကော ခံစားရဖူးလား။

A. အဲ့လိုမျိုးတော့ မခံရဘူးပါဘူး ။ တစ်ခါမှပေါ့နော် သဘောတူ ကြည်ဖြူစွာနဲ့ ပဲ ဖြစ်ကြတာများပါတယ်။

Q. ဒါဆို အခြားအကြမ်းဖက်မှုတွေကော ခံခဲ့ရဘူးလား။

A. အဲ့တာတွေကတော့ အခြောက်မတစ်ယောက်ပဲ ခံရဘူးတာပေါ့နော်။ လွန်ခဲ့တဲ့ တစ်နှစ် လောက်ကပဲ ကိုမောင်ကြီးတို့ ဒီအိမ်မှာဆိုရင် နေရတာ လွတ်လပ်တယ်လေ သူငယ်တွေခေါ်လာ အတူတူ အိပ်ကြပေါ့နော်။ အဲ့မှာ သူငယ်တွေက လာရင် အရက်မူးသမားတွေ ပါလာတယ် ။နောက်တော့ အရက်တွေမူးပြီးတော့ အော်ဆဲတာပေါ့ ။ နောက်တစ်ခါ အိမ်ကိုလာပြီး ခဲနဲ့ ပေါက်ကြတာပါ။ အဲ့လိုလုပ်တာတွေကို ခါးတွေဘာတွေပါအထိတောင်ကြုံးဖူးပါတယ် ။ ၁၀ ကြိမ်မက ကြုံဖူးပါတယ်။ ရုံးကိုဘာကြောင့် မတိုင်တာလဲ ဆိုလို့ရှိရင် ကိုယ်က အသက်ကလဲ ၅၀ ကျော်ဖြစ်နေပြီဆိုတော့ ရုံးရောက် ဂတ်ရောက်တွေ မလုပ်ချင်တော့ပါဘူး။ ရှက်ဖို့လဲကောင်းပါတယ် အဲ့လောက်ထိကိုကြုံဖူးပါတယ်။

A. အကိုက ဘယ်အရွယ်လောက်က စပြီးတော့ မိတ်ကပ်လိုင်းထဲကိုရောက်လာတာလဲ။

Q. အဲ့ဒါက ဘယ်အရွယ်ကလဲ ဆိုတော့ ၂၅ နှစ်လောက်မှ ဝင်ဖြစ်တာပါ။ မိဘလုပ်ငန်းက အရင်ကတော့ အရမ်းကောင်းတယ်။ ငပိ ငံပြာရည် ဆား အချိုမှုန့် တွေရောင်းတာပေါ့နော်။ ဒါပေမဲ့ မိတ်ကပ်ပြင်တာကိုတော့

ငယ်ငယ်ထဲက အသက် ၁၀ ကျော်လောက်ထဲက ဝါသနာပါတာပါ။ ပြင်တော့ မစားသေးဖူးပေ့ါနော် သူများပြင်တာကိုကြည့်တယ် ပြီးတော့ ပြင်ကြည့်ပေးတယ်။ ဆရာကောင်းတော့ မရှိသေးဖူးပေ့ါနော်။ နောက် အသက် ၂၀ ကျော် ပတ်လည်လောက်ရောက်တော့ အရေးခင်းကလဲဖြစ်ပြန် ဆိုတော့ သွားကြလာကြ အဲ့လိုဖြစ်နေတော့ မိတ်ကပ်သမားတွေကို အားကျတာပေ့ါနော်။ ဖြစ်ချင်တော့ နာမည်ကြီး မင်းသမီး နွဲနွဲမူ့ ကိုပြင်တဲ့ မိတ်ကပ် မာမီကြင်ဆိုတဲ့ အခြောက်မကြီးက ပြည်ကိုထွက်ပြေးလာတာလေ ။ သူ့အိမ်က သူ့ယောကျာ်းနဲ့ သဘောမတူလို့ ပြည်ကိုထွက်ပြေးလာပြီး ဆိုင်လာဖွင့်တာပေ့ါနော်။ သူ့ကိုမြင်ပြီး အားကျတာပေ့ါနော် မြင်ဆရာ တစ်ပါး ပါပဲ။ လက်ထွက်တော့ မဟုတ်ဖူးပေ့ါနော် ။ အခြောက်မဆိုတော့ လဲ မြင်တာလေးတွေ လိုက်အတုယူတာပေ့ါ ကိုယ်က ဝါသနာပါတာကိုနော်။ အဲ့လိုကနေပြီးတော့ တစ်ဖြည်းဖြည်းနဲ့ ဆံပင် မိတ်ကပ်လိုင်းကိုရောက် လာတာပေ့ါနော်။ ရန်ကုန်မှာ ရောက်နေတဲ့ ပေါ်ပေါ်ဆိုတာ ပြည်ကပဲပေ့ါနော်။ အဲ့မှာ ဦးမာတို့ရဲ့ ဆရာ မိတ်ကပ် ခင်ဇော်ဝင့် ဆိုတာရှိတယ် သင်မယ်ပေ့ါ လုပ်နေတုံး သူကသေသွားတော့ နောက်ပိုင်း မိတ်ကပ် ဦးမာ ဆီမှာ သင်လိုက်ပါတယ်။ တန်းတော့ ချက်ချင်းကြီး မသင်ဖြစ်ဖူးပေ့ါနော်။ အဲ့တုံးက ငွေ သုံးသောင်းပေးရတယ်လေ။ပိုက်စံကို ကြိုးစားစုပြီးတော့ သင်ရတာပေါ်နော်။ မနည်းကိုစုရတာပေ့ါနော် နောက်ဆုံးကြတော့ သူငယ်ချင်းက အိမ်ကိုလိုက်လာပြီးတော့ နင် မနက်ဖြန်လိုက်မှာလား မလိုက်ဖူးဆိုနောက်ဘယ်တော့ မှ လာမခေါ်တော့ဘူး ဆိုတော့မှ လိုက်ပြီး သင်ဖြစ်တာပေ့ါနော်။ နောက် အကိုက သင်တန်းတက်တော့လဲ အိမ်မှာက ဈေးရောင်းတစ်ဖက်ရှိနေတော့ သင်တန်းကြီးလိုမျိုး အမြဲ မတက်နိုင်တော့ဘူးလေ။ တစ်ရက် နှစ်ရက်လောက်ပဲ သင်တန်းကိုတက်ရတယ် ပြီးတော့ အိမ်ကိုပြန်ပြီး ဈေးရောင်းရသေးတာပေ့ါနော်။ နှစ်ရှည်လများ သင်ရတာပေ့ါနော်။ တဖြည်းဖြည်း ပြင်တက်လာတယ် ဆိုတော့ နာမည်လေးကလဲ ရလာတယ်လေ။ အိမ်က စီးပွားရေးကလဲ တဖြည်းဖြည်းနဲ့ ဈေးရောင်းတာကနေ အလှပြင်ဆိုင်ဘက်ကိုကူးပြောင်းလာတာပေ့ါနော်။

Q.ဆိုင်ဖွင့်တဲ့သက်တမ်းကတော်တော်ကြာပြီပေ့ါ။

A. ဆိုင်ဖွင့်ဖြစ်တယ် ဆိုတာထက် အဓိက က ဆံထုံးမိတ်ကပ်က အဓိကပေ့ါနော် ပြီးတော့ ဝတ်ဆုံတွေငှါးတယ် လက်ဝတ်လက်စားတွေ ငှါးပါတယ်။ နောက်သင်တန်းတွေလဲ ရှိပါတယ်။ နောက်ဆံပင် ကောက်တာနဲ့ ညှပ်တာကိုတော့ ကိုယ်သင်တန်းကြေးပေးနိုင်သလောက်ကို ဆရာဦးမာတို့နဲ့ တိုင်ပင်ပြီးတော့ ဗိုလ်ချုပ်ဈေးရှေ့ ကဦးဗိုကြီးဆီမှာ သင်ဖြစ်တယ်နောက်ပိုင်း မွန်းမံ လေးတွေကိုလဲ လိုက်သင်ဖြစ်ပါတယ်။ နောက်ဦးမာ ဆက်သွယ်ပေးလို့ ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ ဆံထုံးမိတ်ကပ်က ၁၀ရက် အကောက်ညှပ်က ၁လ

သင်ရတာပေ့ါနော်။ပြီးတော့ ရန်ကုန်က Fancy House မှာ တစ်ခါထက်သင်သေးတယ်။ အဲ့မှာသင်တော့ အကို့အသက်က ၄၀ ကျော်နေပြီ ပြည်မှာကလဲ နာမည်လေးရနေပြီဆိုတော့ အလုပ်ပါးတဲ့ အချိန် ဝါတွင်း ၃လ သင်ရတာပေ့ါနော် ပြီးတော့ နောက်တစ်နှစ်ဝါတွင်း၃ လ ထက်သင်ပေ့ါ ပေါင်းတော့ ၂ နှစ်တောင်သင်ရတာပေ့ါ။ အကောက်ညှပ်ကိုတော့ သေချာတောင် မသင်ခဲ့ရဘူးပေ့ါနော် ။ ဒါပေမဲ့ အကောက်ညှပ်ကိုတော့ သင်ထားတယ် ဒါပေမဲ့ လုပ်မစားဘူးပေ့ါနော်။ အလှပြင်ဆိုင် အကြီးကြီးကတော့ အကြောင်းအမျိုးမျိုးကြောင့် မလုပ်ဖြစ်ပါဘူး။

A. ဝတ်စုံတွေကျတော့ ကိုယ်တိုင်ချုပ်တာလား။

Q. ကိုယ်တိုင်တော့ မချုပ်ပါဘူး။ ရန်ကုန်နဲ့ မန္တလေး မှာ သွားချုပ်ဖြစ်ပါတယ်။ ဆရာ ဦးမာရဲ့ အဆက်အသွယ်တွေနဲ့ ချုပ်ဖြစ်ပါတယ်။ ရတနာတွေလဲ ထို့အတူပါပဲ။ အဲ့နေရာတွေမှာပဲ ဝယ်ဖြစ်ပါတယ်။

A. ကိုယ်ကိုတိုင်ကတော့ မိတ်ကပ်တစ်လိုင်းထဲကိုပဲ လုပ်ဖြစ်တာလား ။ အခြားဘာ တွေလုပ်ဖြစ်သေးလဲ။

Q. ဟုတ်ကဲ့ မိတ်ကပ်တစ်လိုင်းထဲကို အရင်လုပ်ဖြစ်တာပေ့ါနော်။ နောက်ပြီးတော့ သတိုးသမီးတွေ မော်ဒယ်တွေ ကျောင်းကပွဲတွေ လိုက်ပြင်ပေးပါတယ်။ အခုနောက်ပိုင်းဆို Miss ပွဲဆို လဲ ပြင်ပါတယ်။

သင်တန်းဆိုလဲ ကိုယ်က ပဲ ကံကောင်းတာလားမသိဖူးပေ့ါနော် တကယ် အစစ်အမှန်တွေပဲ သင်ပေးလိုက်တော့ ကိုယ်က ပြန်သင်ပေးတော့လဲ တစ်ကယ့် အစစ်အမှန်တွေကို သင်ပေးနိုင်တာပေ့ါနော်။ ဈေးကတော့ ဈေးကောင်းမရပါဘူး။ ကိုယ်နေတာက နယ်ဆိုတော့ ကလေးတွေကလဲ မတက်နိုင်ကြတော့ ဈေးနည်းနည်းပဲယူပြီး ပရဟိတ များများပါတယ်ပေ့ါနော်။ နောက်ပြီးတော့ ပန်းအလှပြင်တာကိုလဲ တွင်တွင်ကျယ်ကျယ်လုပ်ဖြစ်ပါတယ်။ အဓိက အဲ့ဒါတွေလုပ်ဖြစ်ပါတယ်။

Q.လူမှု့ရေးအလုပ်တွေလဲ လုပ်ဖြစ်သေးလား အကို။

A. လူမှုရေးအလုပ်တွေက လုပ်ဖြစ်ပါတယ်။ ငယ်ငယ်လေးထဲက ကိုယ့်ရှေ့မှာ လူတစ်ယောက် အဆင်မပြေ လဲကျနေတာတွေ့ရင်မနေနိုင်ဘူး ကူညီပေးချင်တဲ့လူပေ့ါနော်။ ပြုစုပေးချင်တယ် ဆေးဝါးတွေထောက်ပံပေးချင်တယ်။ နောက်ဆုံးပိတ် ပိုက်ဆံမရှိဘူး ပြောရင်တောင် ကိုယ့်မုန့်ဖိုးလေး ထဲကနေပြီးတော့ ထုတ်ပေးတာပေ့ါနော်။ သာရေး နာရေးက အစလုပ်ပေးဖြစ်တယ်ပေ့ါနော်။ နောက်တော့ ကိုယ်ကလဲ အသက်ကလဲ အသက်ကြီးလာပြီ နောက်ပြီးတော့ ပြည်မြို့မှာ နာမည်လေးကလဲရနေပြီဆိုတော့ လုပ်ဖြစ်တာပေ့ါ အဓိက က HIV /AIDS ပေ့ါနော်။ အရေးခင်းမတိုင်ခင်လောက်ထဲက ကိုယ့်သူငယ်ချင်း အခြောက်မတွေပေ့ါနော် နေထိုင်မကောင်းဖြစ်ရင် ဆေးရုံဆေးခန်းလိုက်ပို့ပေးပြီးတော့ လုပ်ပေးတယ် နောက်ဆုံး

ကိုယ့်လက်ပေါ်တင် သေသွားတဲ့ အထိပေါ့နော် ပြည်မြို့မှာ လေးငါးဆယ်လောက်ကိုရှိတာ။ ဘယ်လိုတွေလုပ်ဖူးလဲဆိုတော့ သူတို့တွေရဲ့ အန်ဖတ်တွေ ကြုံးဖူးတယ်။ ချေးတွေကြုံးဖူးတယ်။ သူတို့နဲ့ အတူအိပ်ဖူးတယ်။ ထမင်းတွေတူတူ စားဖူးတယ်။ အဲလိုတွေ လုပ်ပါတယ်။ ငယ်ငယ်ထဲကပရဟိတ အလုပ်လုပ်ရတာကို သဘောကျတယ်။ နောက်တစ်ခါ ယောကျာ်းမိန်းမ တွေနဲ့ ပက်သက်ရင်တော့ မိဘမဲ့ဂေဟာတွေမှာ ဘိုဘွားရိပ်သာတွေမှာ သွားလှူဖြစ်ပါတယ် နောက်ပြီးတော့ မိဘမဲ့ဂေဟာတွေမှာ ကလေးတွေကို ဆံပင်သွားညှပ်ပေးတယ်။ ဘုန်းကြီးကျောင်းတွေ သီလရှင်ကျောင်းတွေမှာ ဆွမ်းသွားကပ်ပေးတယ်။ တက်နိုင်သလောက် ကိုယ်တိုင်လဲ လှူသလို သူများတွေကိုလဲ လှုံ့ဆော်ပေးဖြစ်ပါတယ်။ အခြားလှူတာတွေလဲရှိတာပေါ့နော်။ ပြီးတော့ ပန်းပညာဆိုရင်သေသေချာချာတက်မြောက်ထားတော့ ပြည်မြို့က ရွှေဆံတော် ဘုရားစွယ်တော်လှည့်လည်ပွဲမှာ ပန်းတွေ ထိုးပေးပါတယ် ။ အလကားကိုလိုက်ထိုးပေးတာပေါ့နော်။ နောက်ပြည်မှာလုပ်တဲ့ တရားပွဲတော်တော်များများ ၉၀ ရာခိုင်နူန်းလောက်ကို အလှူအဖြစ် လိုက်ထိုးပေးလေ့ရှိပါတယ်။နောက်ဆုံးပိတ် ကိုယ်က ပန်းပညာရှင် ပန်းထိုးနေတယ်ဆိုတော့ ကိုယ့်အသိမိတ်ဆွေထဲက နာရေးဖြစ်ရင်တောင် ပန်းခြင်းလေးတွေပို့ပေးပါတယ်။ ပိုက်ဆံ မတက်နိုင်တဲ့ လူတွေဆိုရင်တော့ ပန်းခြင်းလေးရယ် နောက်ပြီး ပိုက်ဆံရယ်ပေါ့နော် ပို့ပေးတယ်။ အဲ့လိုပေါ့နော် ကူညီပေးနိုင်တာတွေကူညီပေးပါတယ်။ နောက်ပြီးတော့ အကိုတို့မြို့နယ်မှာရှိတဲ့ ပိုက်ဆံမတက်နိုင်တဲ့ အခြောက်မလေးတွေကိုလဲ သူတို့ပေးသလောက်ပေါ့နော် ယူပြီး မိတ်ကပ်ပညာကို သင်ပေးပါတယ်။ ပြည်မှာ ၂၀၁၄ ခုနှစ်ကစပြီးတော့ gay miss ရွေးချယ်ပွဲ လုပ်တယ်ပေါ့နော်။ ဒီပွဲမှာ ကိုယ်ပဲ ဦးဆောင်ရပါတယ်။ ဘယ်လိုဦးဆောင်ရလဲဆိုတော့ အကိုကကြတော့ ပြည်မြို့မှာ ပရဟိတတွေလဲလုပ်တယ် မိတ်ကပ်လဲ ပြင်တော့ လူတွေက တော်တော်များများသိတော့ sponcer တွေလဲပေးဝိုင်းပေးကြတယ် အလှူငွေတွေလဲ ထည့်ကြပါတယ်။ အခုဒီနှစ် ဒီဇင်ဘာမှာ Miss ပွဲ လုပ်မှာပါ။ အားလုံးသော အခြောက်မတွေက ပရဟိတတွေ ဝိုင်းလုပ်ကြတော့ ပြည်မြို့အနေနဲ့တော့ လူတွေကချစ်ကြတယ် အဲ့တော့ ဒီနှစ်ပွဲဆို ပိုးထည်တိုက်တွေက အစပေါ့နော် အလှူငွေတွေ ပစ္စည်းတွေက အစ လှူကြပါတယ်။

Q. အကို ဦးဆောင်ပြီးလုပ်တဲ့ MISS ပွဲက ဘာအထိမ်းအမှတ်နဲ့ လုပ်တာလဲ မသိဘူး ခင်ဗျ။

A.MISS ပွဲကတော့ အကိုတို့ ပြည်မြို့မှာရှိတဲ့ အခြောက်မတွေ ပေါင်းပြီး တည်ထောင်ထားတဲ့ ခေတ္တရာ စွယ်တော်ဦး လူမှု့ အဖွဲ့အစည်းလေး ၁၀ နှစ်မြောက်အထိမ်းအမှတ်ပွဲလေးပါ ။

Q.အကို တို့ ဖွဲ့စည်းထားတဲ့ ခေတ္တရာ စွယ်တော်ဦး အဖွဲ့အစည်းက ဘာတွေကို အဓိကထားလုပ်သလဲဆိုတာကို ပြောပြပေးပါအုံး။

A. နံပါတ် ၁ ကတော့ မိန်းမလျှာ တွေ အတွက် သာရေး နာရေးတွေလုပ်ပါတယ် ၊ နံပါတ် ၂ ကတော့ ဘုန်းကြီး ကျောင်းတွေမှာ ဝါဆိုသင်္ကန်းနဲ့ ကထိန်သင်္ကန်းတွေကပ်တယ်။ ပြီးတော့ အဖွဲ့ထဲမှာ ပါတဲ့ အသက်ခြောက်ဆယ်ကျော် မိန်းမလျှာတွေကို သက်ကြီးကန်တော့ပွဲတွေလုပ်တယ် ။ နောက်တစ်ခါ အဖွဲ့ကိုယ်စားပြု အကုန်လုံးနဲ့ မိဘမဲ့ဂေဟာတွေမှာ ဆံပင်လိုက်ညှပ်တယ် ၊ တရားပွဲတွေမှာ ပန်းလိုက်ပြင်တယ်ပေါ့ ။ လုပ်တဲ့ အခါမှာ အကိုတို့က တစ်ဦးတစ်ယောက် နာမည် မတက်ကြပဲ အဖွဲ့အစည်းနာမည် တက်ပြီးတော့ လုပ်ဖြစ်ကြပါတယ်။ လူမှု့ ကျန်းမာရေး အဖွဲ့ ဆိုပြီး နာမည်တက်လုပ်ဖြစ်တာပေါ့နော်။ နောက်ပြီးတော့ ဟိုးအရင်တုန်း က ပြည်မြို့မှာ မာမီကြီးတွေ ထောင်ခဲ့တဲ့ ဆင်မယဉ်သာတေးပဒေသာ အကဖွဲ့ရှိတယ် ၊ အခုကျတော့ အကိုက ဘယ်လိုလုပ်လိုက်လဲဆိုတော့ ခေတ္တရာ စွယ်တော်ဦး လူမှု့ကျန်းမာရေး အဖွဲ့နဲ့ ဆင်မ ယဉ်သာတေးပဒေသာ ကပွဲဆိုပြီးတော့ ပေါင်းပြီးတော့ ကိုယ်တက်စွမ်းတဲ့ အနုပညာနဲ့လဲ ပရဟိတတွေ လုပ်ဖြစ်ပါတယ်။

Q. အကိုအနေနဲ့ ခေတ္တရာစွယ်တော်ဦး နဲ့ဆင်မယဉ်သာ အကပဒေသာ မှာဘယ်လိုတာဝန်မျိုးကို ထမ်းဆောင်ပါသလဲ။

A. ဟုတ်ကဲ့ အခုတော့ အကိုပဲ ဦးဆောင်နေရတာပေါ့နော်။ ဘာလို့ ဦးဆောင်ခေါင်းရွက်လုပ်ရသလဲဆိုတော့ အကိုက ကြားလူဖြစ်နေတာကိုနော် အကို့ထက်ကြီးတာရှိမယ် အကို့ထက်ငယ်တာရှိမယ် အဲ့တော့ ကိုယ်ကကြားကနေပြီးတော့ အဆင်ပြေအောင်စီစဉ်ပေးရတာပေါ့နော်။ နောက်တစ်ခုကကျတော့ မြို့ အနေအထားအရ ကိုယ့်ကို လူသိများတာကြောင့်လဲ ပါတယ်ပေါ့နော်။ ကိုယ်က ပရဟိတ လုပ်နေတော့ လူသိတယ် အဲ့တော့ ဘယ်အဖွဲ့နဲ့ ဘာလုပ်ချင်တယ်ဆိုလဲ အကိုပဲ စီစဉ်ပေးတာပေါ့နော်။ ပရဟိတ သမားဆိုတာက သူများအကျိုးကို အများဆုံးလုပ်ပြီးတော့ ကိုယ့် အကျိုးစီးပွားကို ဒီလောက်ကြီး အာရုံ စိုက်နေတာ မဟုတ်ဖူးလေ။ ကပွဲတွေဆိုလဲ ကိုယ်က ဦးဆောင်ရတယ် သီချင်းတွေလဲ ရှာပေါ့နော်။ MISS ပွဲဆိုလဲ အဲ့လိုပဲပေါ့ ကိုယ့်ကဦးဆောင်ပေါ့နော်။ ဦးဆောင်ရတာကို ဂုဏ်လုပ်ပြောတာတော့ မဟုတ်ပါဘူး အခုချိန်မှာအဖွဲ့ရဲ့ အပြုံးခံရော အမုန်းခံရော က အကိုပါ။

Q. တေးပဒေသာ ကပွဲတွေမှာကော အကိုက ကပြဖြစ်သေးလား။

A. ကဖြစ်ပါတယ်။ အဖွဲ့နဲ့ ကဖြစ်တဲ့အခါကျတော့ တစ်ကိုယ်ကောင်းတော့ လုပ်လို့မရဘူးပေါ့နော်။ တစ်ခါတစ်လေကျ ကိုယ်က မနစ်နာခံရတာပေါ့။ ကိုယ်နာမည်နဲ့ဆိုတော့ တစ်ပုဒ်တစ်လေတော့ လဲ ဝင်ရတာပေါ့နော်။ ဒါပေမဲ့တစ်ခုရှိတာက

ကြီးတဲ့လူနဲ့ ငယ်တဲ့လူမျှတအောင် ကခိုင်းရတာပေါ့ ။ ငွေအားကော လူအားကော စိုက်ပြီး ခေါင်းဆောင်ပြီးလုပ်ပေးရတာပေါ့နော်။

Q.တေးပဒေသာ ကပွဲတွေဆိုလဲဘယ်လိုသီချင်းမျိုးကို ကဖြစ်လဲ။

A.ကတာကတော့ အစုံကပါတယ် ။ ပြဇာတ်တွေဆိုလဲ အကိုက လုပ်နိုင်တဲ့ မျက်နှာမျိုးဆိုတော့ တစ်ခါတစ်လေ လူကြမ်း တစ်ခါတစ်လေ မင်းသား တစ်ခါတစ်လေ မင်းသမီးအဲ့လိုပေါ့နော် ကြရာဇာတ်ကို ကဖြစ်ပါတယ်။ အတော်ကြီးတော့ မပတ်ပေမဲ့ ကိုယ့်အရပ်နဲ့ ကိုယ့်ဇာတ်ဖြစ်နေတော့ လဲ အဲ့လိုလေးတွေတော့ လုပ်ဖြစ်ပါတယ်။ သီချင်းဆိုလဲ အတည်အတန်လေးက တစ်မျိုး ခေတ်သီချင်းလေးတစ်မျိုး အဲ့လိုလေးတော် လုပ်ဖြစ်ပါတယ်။

Q. အခုဆို အသက်ကအတော်အတန်ရနေပြီ တည်ငြိမ်တဲ့ ဘဝကိုပိုင်ဆိုင်နေပြီဖြစ်တဲ့ အကိုအနေနဲ့ အကို့တို့ရှင်သန်ခဲ့ရတဲ့ ခေတ်အနေအထား လက်ရှိခေတ် အနေအထား ပြောင်းလဲပုံလေးတွေပြောပြပေးပါလား။

A. ကွာခြားတာပေါ့နော် ။ အကိုတုန်းကဆို မိသားစု တစ်ခုမှာ မိဘစကားမြေ၀ယ်မကျ နားထောင်သူတွေများတယ်။ နောက်ကိုယ့်ရဲ့ ဘဝမှာ ဘွဲ့ တစ်ခုကို မရရအောင် ယူဖြစ်ခဲ့တယ်။ နောက်တစ်ခုက အကို က အလုပ်လုပ်ရင် တိတိကျကျ လုပ်တက်တယ်။ ဈေးရောင်းတုန်းကလဲ အဲ့လိုပဲလုပ်ဖြစ်တယ် ။ အောက်ခြေအလုပ်က အစ လုပ်ဖြစ်တယ်။ နောက်တစ်ခုက အကို့ခံယူချက်က သင်ပေးတဲ့ဆရာရှိရင် မရရအောင် ကြိုးစားတက်မြောက်ရမယ်။ ပြီးရင် ကိုယ်ပြန်သင်ပေးတဲ့ အခါကျရင်လဲ အကောင်းဆုံး ပညာတွေကို အကုန်သင်ပေးနိုင်ရမယ်။ ကိုယ် ဆရာတစ်ယောက်ဆီက သင်ခဲ့သလို့ပဲ ကိုယ့်တပည့်ကို သင်ပေးနိုင်ရမယ်။ အခုဆိုလဲ အကိုသင်တန်းကြေးယူတာက ၂သိန်းပေါ့နော် သူများတွေထက်အရမ်းနည်းပါတယ် ပြီးတော့ သင်တန်းကြီးပဲ အဆောင်ခ ပါတစ်ခါထဲ ပါပြီးသားလေ။ အကိုတို့ ငယ်ငယ်ကဆိုရင်ကိုယ့်ထက် အသက်ကြီးတဲ့ မာမီကြီးတွေ အပေါ်လဲ လေးလေးစားစား ဆက်ဆံပါတယ် ။မိဘကိုဆိုရင် လုပ်ကျွေးတယ်။ ဒါကြောင့်လဲ ဒီအချိန်ထိ မေမေနဲ့တူတူနေရသေးတာပေါ့နော်။ ပတ်ဝန်းကျင်ဆိုရင်လဲ အမြဲ တည့်အောင် ကိုယ့်ကိုလေးစားအောင်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ အကိုကသူများအကို့ကို ငြိုငြင်မှာ ကြောက်တဲ့လူလေ။ အဲ့တော့ည ငြိုငြင်မှုမရှိအောင် နေတယ်ပေါ့နော်။ ကိုယ်တွေ အဲ့လိုနေခဲ့တဲ့ စရိုက်နဲ့ အခုခေတ်လူငယ်တွေကိုကြည့်လိုက်တဲ့အခါကျတော့ ၉၉ရာခိုင်နှုန်းနီးပါးက ခေတ်ကိုတော့ မပြောလိုပါဘူးနော် နည်းနည်းလေးတော့ ဘဝင်မကျဘူးပေါ့နော်။ အနေအတိုင် အပြောအဆိုတွေက အစပေါ့နော် ကိုယ့်စိတ်လောက်ကိုဖြစ်မလာဖူးဖြစ်နေတယ် ။ တပည့်ဆိုရင် အယောက်တစ်ရာလောက်ရှိပြီ ။ ကိုယ့်စိတ်ကြိုက်ထွက်မလာဘူး။

ကိုယ်တွေတုံးက ဆို ဆရာရဲ့စိတ်တိုင်းကျ ဖြစ်အောင်နေခဲ့တယ် ။ ဖြစ်လဲ ဖြစ်ခဲ့တယ်။ အခုခေတ်ကလေးတွေက ကျတော့ ပညာကို လွယ်လွယ် နဲ့ပေးတော့ လွယ်လွယ်ရနေတယ်ဆိုပြီးတော့ ဂရုမစိုက်ကြတော့ဘူးလေ ။ အဲ့တော့ ကိုယ်တွေတုံးကဆို ဆရာတွေက အိမ်ကိုမလာတော့နဲ့ ဆိုပြီးတစ်ခါ မှ အပြောမခံရပေမဲ့ အခုခေတ်ကလေးတစ်ချို့ အနေအထိုင်ကြောင့် ပြောယူရတာတောင်ရှိတယ်။ ရိုင်းရိုင်းပြောရင်တော့ သူတို့တော်တော်များများက ရိုင်းကြတယ်ပေါ့နော်။ အဲ့တော့ ထိုက်ထိုက်တန်တန် ပညာရသွားတယ်ဆိုတာ မရှိသေးဘူး ။ လိုချင်တာပဲ ရှိတယ် ပြန်ပေးဆပ်ရမယ်ဆိုတာ ကို မသိကြဘူးပေါ့နော်။ အကိုတို့ခေတ်ကဆို ဆရာတစ်ယောက်ဆီကနေ ပညာယူပြီးရင် အခုထိကို ကျေးဇူးဆပ်လို့ မဆုံးဘူး ကျေးဇူးတင်လို့ မဆုံးဘူးပေါ့နော်။ အဲ့လိုတည်ဆောက်ခဲ့ရတာဘဝကိုလေ ။ သင်တန်းကြေးပေးတာတစ်ခုထဲ မဟုတ်ဖူးနော် ခြေစုတ်လက်နယ် ပြုပြီးကိုနေခဲ့တာပါ။ အကို့ဆရာတစ်ယောက်ဆိုလို့ရှိရင် အကိုလက်ပေါ်တင် ဆုံးတာပေါ့နော်။ အခုခေတ်ကလေးတွေကို နည်းနည်းတော့ ဘဝင်မကျဘူးပေါ့နော်။

Q. အကိုခေတ်ရဲ့ ရောဂါ ပေါ့နော် ကျန်းမာရေးပိုင်းကွာခြားလာမှုကရော ဘယ်လိုရှိမလဲ။

A. ပြောရမယ်ဆိုရင် အကိုခေတ်က အခြောက်မတွေ နေထိုင်မကောင်းစဖြစ်ပြီဆိုလို့ရှိရင် AIDS ဆိုတဲ့ ရောဂါကြီးကိုသိပြီ ဆိုတဲ့ အချိန်ထဲကပေါ့နော် ။ ကျနော်တို့ခေတ်က အခုခေတ်လို ကျန်းမာရေး ဟောပြောမှုတွေ ဆိုတာ မရှိသေးဘူး ။ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကို ခဏထား လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတောင်မရှိပါဘူး ။ အခုနဲ့ ကိုတော်တော်ကွာတာပေါ့နော်။ အဲ့တုန်းကတော်တော်များများဟာ ကွန်ဒုံးသုံးရမယ်ဆိုတာကို မသိသေးဘူး ၊ မြင်တောင်မမြင်ဘူးသေးဘူးပေါ်နော်။ အကိုတို့ကျတော့ အဲ့အချိန်မှာ နည်းနည်းတော့သိနေပြီပေါ့နော်။ ကွန်ဒုံးကို စနစ်တကျသုံးခဲ့တယ်ပေါ်နော်။ ကိုယ်နဲ့ ကဲဖော်ကဲဖက် မသုံးတဲ့လူတွေဆို အခုအချိန် အသက်ရှင်တာ တော်တော်ရှားသွားတယ်။ အခုခေတ်ကျတော့ ကျန်းမာရေး ဟောပြောပွဲတွေ တော်တော်များများ ရှိလာပြီ ကွန်ဒုံးတွေလဲ တော်တော်ပေါများလာပြီ။ အရမ်းကောင်းတဲ့ အခြေအနေကိုရောက်နေပြီပေါ့နော်။ ဒါပေမဲ့ ဘာဖြစ်လဲဆိုတော့ သိတော့သိတယ် မလိုက်နာကြတာပေါ့နော် ။ ဒါကြောင့် လဲ AIDS ရောဂါ ပြန့်ပွားမှု မရပ်တန့်သွားသေးတာပေါ့နော်။ မသိဖူး မဟုတ်ဖူး သိတယ်လေ။ဒါပေမဲ့ မလိုက်နာနိုင်တာပါနော် ။ ပိုဆိုးတာက အခုခေတ် ကလေးတွေက မူးယစ်ဆေးဝါး တွေပါလာတာပေါ့နော်။

အရက်တို့ဆေးတို့ပေ့ါနော် အဲ့ဒါတွေနဲ့ရောလာတော့ လေ တကယ်ဖြစ်တဲ့ အချိန်မှာ မလိုက်နာနိုင်တော့တာပေ့ါနော်။ ကျနော်စိတ်ထင်တာပေ့ါနော် ကျန်းမာရေး ဟောကြားပေးတဲ့ ဆရာ ဆရာမတွေပြောတဲ့အတိုင်းသာ လိုက်နာနိုင်မယ်ဆိုရင် ကျနော်တို့ တဖြည်းဖြည်းနဲ့ နည်းသွားမှာပေ့ါနော်။ အခုကျတော့ သိတော့ သိကျတယ် လိုက်နာမှုနည်းတာပေ့ါနော်။ ဒီရောဂါတွေက များနေတာပေ့ါနော်။

Q. ဒီ ကိစ္စတွေကို ဘယ်လိုထိန်းချုပ်ရမယ် ထင်လဲ အကို့အမြင်ပေ့ါနော်။

A. အင်းးးးးးးးးးးး ဘယ်လိုထိန်းချုပ်ရမလဲ ဆိုတော့ ခက်တာက အခြောက်မတို့ သဘာဝက လိင်ကိစ္စကိုနေ့တိုင်း ဆက်ဆံချင်ကြတယ်။ လွတ်လပ်မှုကို အရမ်း လိုချင်တယ်။ ကိုယ့်မှာ လင်ယူထားပေမဲ့ အပြင်မှာလဲ ဆက်ဆံချင်ကြတယ်။ ဘန်ကောက်မှာဆို ဘယ်လိုဟာမျိုးရှိလဲဆိုတော့ လိင်တူအချင်းချင်း ပွင့်ပွင့်လင်းလင်း လိင်ဆက်ဆံလိုရတဲ့ အဆောက်အဦးကြီးတွေရှိတယ် ။ပိုက်ဆံလဲ တစ်ပြားမှ မပေးရဖူးပေါနော်။ သူကလဲ သလောကျ ကိုယ်ကလဲ သဘောကျဆိုပြီးပြီ။ အဲ့အခါကျတော့ စည်းစနစ်ကျသွားတယ်။ ဟိုနေရာဒီနေရာတွေ မှာ လုပ်ချင်တာကို လုပ်ရတာထက်ပေ့ါနော် တစ်စုတစ်စီးထဲ ရှိသွားတာပေ့ါနော်။ ပွင့်လင်းမှုတစ်ခုပေးလိုက်တယ်လို့ထင်တယ် ဒါကြောင့်မို့လို ့ထိုင်းနိုင်ငံ က မြန်မာနိုင်ငံထက်စာရင် AIDS ကူးစက်မှု နှုန်း နည်းသွားတယ်လို့ထင်တယ်။ စည်းစနစ်ကျသွားတယ်ပေ့ါနော်။ မြန်မာနိုင်ငံမှာ အခုထိပေ့ါနော် အခြောက်မမြင် လိုက်ဖမ်းတက်တဲ့ ရဲတွေရှိသေးတယ်။ အဲ့တော့ ဘာဖြစ်လဲဆိုတော့ ကြုံရင် ကြုံသလိုပေ့ါ ကိုယ်တိုင် အပါအဝင်ပါ တွေ့တဲ့နေရာမှာ လိင်ဆက်ဆံမှုပြုမိတဲ့ အခါ ကွန်ဒုံးမပါဘဲ ဖြစ်သွားတက်တာပေ့ါနော်။ အဓိက ပြောချင်တာက ကျန်တဲ့အရာတွေပြောင်းလဲနေသလိုမျိုး ဒီလိင်တူချစ်သူတွေ အပေါ်လဲ ပြောင်းလဲစေချင်တယ် ။ တကယ်တော့မရှိမဖြစ် မထားမနေရ လူတန်းစားပါ ။ အခြောက်မတွေကို ရွှေတစ်ပိသာ ယူမလား ခြောက်ဆက်လုပ်မလား ဆို အခြောက်ပဲ ဆက်လုပ်ကြမှာပါ။ ကိုယ်တိုင်လဲ အပါအဝင်ပေ့ါနော်။ ဖြစ်နိုင်ရင်တော့ နားခိုရာ အဆောက်အဦး လေးတွေထားသင့်တယ်ပေ့ါနော် အဲ့လိုလေးတော့ ထင်ပါတယ်။

Q. အကို အနေနဲ့ဘဝတူ ယောကျာ်းလျှာတွေ အပေါ်ကိုဘယ်လိုမြင်လဲ ဘယ်လိုသဘောထားလဲ။

A. ကိုယ်ချင်းစာပါတယ်။ လက်တွဲလဲခေါ်ပါတယ် ။သူတို့တွေလဲ လိင်တူချစ်သူတွေပဲလေ ။ ပြည်မှာလဲ ရှိပါတယ် တက်နိုင်တဲ့ အရာတွေကိုလဲ ကူညီပေးပါတယ်။

Q.အကိုရဲ့ အနာဂတ်ရည်မှန်းချက်လေးတွေရှိရင်လဲပြောပြပေးပါအုံး။

A. ဘယ်လိုရည်မှန်းချက်တွေရှိလဲဆိုတော့လေ လက်ရှိလုပ်နေတဲ့ မိတ်ကပ်ပြင်တာပေ့ါနော် ဒီလုပ်ငန်းမှာက အခြေကျနော်ပြီပေ့ါနော် ။ ဒါကြောင့် ဒီလုပ်ငန်းကိုလုပ်ကိုင်စားနေသမျှတော့ ကိုယ်က ဘယ်လောက်ကြီးပဲ ကျန်းမာ ချမ်းသာနေပါစေ လာပြီးအားပေးတဲ့ သူတွေရှိနေရင်တော့လည်းပေ့ါနော် နောက်တစ်ခါ ကိုယ်ကလဲ ကျန်းမာနေရင်ပေ့ါနော် ။ နောက်တစ်ခုက ခေတ်ပြောင်းအလဲ နောက်ကို ကိုယ်ကဘယ်လောက်လိုက်နိုင်မှာလဲပေါနော်။ ဒါတွေက အရေးကြီးဆုံးလိုအပ်တယ်လေ။ အခုလက်ရှိ အနေနဲ့ ကြည့်မယ်ဆိုရင်တော့ ပညာရပ်ပိုင်း ဆိုင်ရာမှာတော့ ကိုယ်က စည်းစနစ်တကျတော့ တက်မြောက်ထားတာ ပေ့ါနော် ၊ တော်နေတယ်လို့ပြောတာမဟုတ်ဘူးနော်။

ကိုယ်ကကြိုးစားထားတယ်ပေ့ါနော် လက်ရှိ ခေတ်ကိုကြတော့ ရှေ့ရောနောက်ရော မီနေတယ် လက်ရှိခေတ်စနစ်ကိုလဲသိထားတယ် နောက်ပြီးတော့ လက်ရှိ အားပေးနေတဲ့ လူတွေထဲက ၃ပုံ ပုံရင် ၂ ပုံလောက်ကတော့ လက်ခံနိုင်သေးတယ် အကုန်လုံးကိုတော့ ခြုံပြောလို့တော့ မရသေးဖူးပေ့ါနော် ၊ အဲ့လိုဆိုတော့ လက်ရှိတော့ လုပ်စားလို့ရနေသေးတယ် ပြောရမယ်ပေ့ါနော်။ သင်တန်းပိုင်းဆိုင်ရာကိုပြောရမယ်ဆိုရင်တော့

ငွေရေးကြေးရေးကိုကြည့် လို့တော့ မရဘူးပေ့ါနော် ၊ ငွေကြေးအရပြောရင် သူဌေးဖြစ်ဖို့ နည်းတယ်ဆိုပေမဲ့ ပရဟိတ ဘက်ကကြည့်မယ်ဆိုရင်တော့ လဲ ကောင်းတယ်ပေ့ါ ။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ကို အကူအညီလာတောင်းတာကို အတတ်နိုင်ဆုံး ကူညီပေးလိုက်တာဆိုတော့လေ။ ခေတ်နဲ့ အညီတော့လဲ ပညာရပ်တွေကို သင်ပေးနိုင်သေးတာပေ့ါနော် ၊ တစ်ဘက်ကမ်းခတ်တော်အောင် မလုပ်နိုင်သေးတာတောင်မှ ခေတ်နဲ့ အညီတော့ သင်ပေးနိုင်ပါသေးတယ်။ ဘာသာရေးဘက်က ကြည့်ပြန်တော့လဲ အသက်ကလေးကရလာတော့ ဘုရားတရားလိုင်းကိုလဲ လုပ်ရအုံးမှာလေ။ အခုလက်ရှိစိတ်ကတော့ ပရဟိတတွေလုပ်မယ် ကိုယ့်လောက ဖြစ်တဲ့ မိန်းမလျှာလောက ကို လဲ ကိုယ်တက်နိုင်သလောက် ဦးဆောင်ဦးရွက်ပြုမယ် ။ နောက်တစ်ခါ သူများလုပ်သမျှကိုလဲ အကူညီတောင်းရင် လုပ်ပေးနိုင်သမျှ လုပ်ပေးမယ်ပေ့ါနော်။ နောက်ကိုယ့်ကျန်းမာရေး နဲ့ ပက်သက်လို့တော့ လက်ရှိတော့ နည်းနည်းကောင်းနေသေးတယ်ပေ့ါနော်။ အကို့ အမေကလဲ လက်ရှိ အသက်၉၀ ကျော်ဆိုတော့ အမေ့ကိုလဲ ပြန်ကြည့်ရအုံးမှာပေ့ါ။ ပြောရမယ်ဆိုရင်တော့ အများကြီးပါဘဲ။ ပြီးတော့ ကိုယ့်အမျိုးတွေအကုန် လုံးကိုလဲ ကိုယ်ပဲ ဦးဆောင်နေရတာလေ။အတတ်နိုင်ဆုံးတော့ သူများအကျိုးကော ကိုယ့်အကျိုးကော အကောင်းဆုံးဖြစ်အောင်လုပ်သွားချင်ပါတယ်။

Q. ခေတ္တရာဆွယ်တော်ဦးအဖွဲ့ကို အကိုအနေနဲ့ ဘယ်အချိန်ကစပြီးတော့ ဝင်ရောက်လုပ်ကိုင်တာလဲ ။

A. ပြောရမယ်ဆိုရင်တော့ ခေတ္တရာ ဆွယ်တော်ဦးအဖွဲ့ကို စဖွဲ့ထဲက ကိုယ်တိုင်တည်ထောင်ပါဝင်ခဲ့တာပါ။ ပြောရမယ်ဆိုရင် ကိုယ်က အပုန်းဘဝထဲက ဈေးမိတ်တွေရှိတယ် မြို့မိတ်တွေရှိတာပေါ့နော်။ ဟိုးအရင်ထဲက ကိုယ်က မိန်းမလျှာစိတ်ပေါက်တာကပေါက်တာပါပဲ ကျောင်းတက်ထဲက EC အဖွဲ့တွေမှာလဲ ကိုယ်တိုင်ဦးဆောင်ခဲ့တာဆိုတော့ ဦးဆောင်ခေါင်းရွက်လုပ်တဲ့ စိတ်က နဂိုထဲက ရှိပါတယ်။ လက်ရှိကိုပြောမယ် ဆိုရင် အခုဆို ဝါဆိုသင်္ကန်းကပ်တာ ၂၆ ကြိမ်မြောက်ရှိသွားပြီလေ အဲ့မတိုင်ခင်ထဲကိုက မာမီကျော် ဆိုတာရှိတယ် သူနဲ့ပေါင်းပြီးတော့ ပရဟိတ အလုပ်တွေလုပ်ဖြစ်တယ် သာရေးနာရေး အလုပ်တွေလုပ်ဖြစ်တာပေါ့နော်။ ကိုယ့်အခြောက်မတွေနေထိုင်မကောင်းဖြစ်လဲ ကိုယ်တိုင်လုပ်ပေးဖြစ်တယ် ။ နောက်ပိုင်းကြတော့ ခေတ္တရာစွယ်တော်ဦး အဖွဲ့ကြီး ဖွဲ့ဖို့ဆိုပြီးတော့ ရန်ကုန်က ဦးကျော်မြင့် ဒေါက်တာကျော်သူ မော်လမြိုင်က ဦးတင်အောင် တို့က ပြည်ကိုရောက်လာတာပေါ့နော်။ ပထမတုံးကတော့ ဖွဲ့မယ်ဖွဲ့မယ်ဆိုပြီးတော့ အစီစဉ်က ရှိပေမဲ့ မဖွဲ့ဖြစ်ဖူးပေါ့နော်။ နောက်ဒီပြင့်ကျန်းမာရေး လုပ်ငန်းတွေကလဲပေါ်လာတယ်လေ ၊ ကိုယ်တွေကို ဖိတ်တယ်ပြုတယ်ပေါ့နော်။ အဲ့မှာ သူတွေက လာပြီးတော့ Mingalar gardren မှာလုပ်တော့ သူတို့ကနေပြီးတော့ ဖွဲ့ကြပါလားဆိုပြီးတော့ တိုက်တွန်းတာပေါ့နော်။ အဲ့တုံးကလဲ ကိုယ့်ကိုပဲ သူ့တို့က သိပြီးတော့ လာမိတ်ဆက်ပြီးတော့ ပြောကြတာပေါ့နော်။အခုနှစ်မှ ဆယ်ကြိမ်မြောက်သာပြောတာပေါ့နော် ပဏာမ ပျိုးနေတာက ဆယ်နှစ်လောက်ရှိပါတယ်။ အဲ့ထဲက ဦးဆောင်လုပ်ခဲ့တာပေါ့နော်။ စပြီးမတည်ထဲကလဲ လူအင်အားကော ငွေအင်အားကော စိုက်ထုတ်ထားတာပေါ့နော် ။ အခုလက်ရှိတော့ ဘဏ္ဍာရေးမှူးတာဝန်ယူ ထားပေမဲ့လဲ အကုန်လုံး လုပ်နေရတာပါပဲ။ နောက်တစ်ခုက အခုအဖွဲ့က ပြည်တစ်မြို့ထဲ မဟုတ်ဘူးလေ အနီးအနားကနယ်တွေကပါဆိုတော့ ပြည်မြို့ကိုသူတို့လာတဲ့အခါ တည်းတာကော စားတာကော ကိုယ့်အိမ်မှာပဲပေါ့နော်။ အဖွဲ့အတွက်လဲ လိုအပ်တာတွေ ဖြည့်ပေးပေါ့နော် အဲလိုတွေလုပ်ပေးဖြစ်ပါတယ်။ တကယ်လိုပေါ့ နော် အကိုသာမလုပ်ဖြစ်တော့ဖူးဆိုရင် ဒီအသင်းကြီး ရပ်တည်ဖို့တော့ နည်းနည်းတော့ခက်သွားတယ် ထင်ပါတယ်။ စကားကို အဆုံးသတ်ပြောတာတော့ မဟုတ်ပါဘူး ။ လူငယ်လဲ အကို လူကြီးလဲ အကိုပေါ့နော် ဖြစ်နေတယ်။

Q. ယနေ့ခေတ် မိန်းမလျှာတွေ လိင်ခွဲစိတ်ပြုပြင်တာကို အကို့အနေနဲ့ ဘယ်လိုမြင်လဲ။

A. နှစ်မျိုး မြင်တဲ့ အမြင်တော့ရှိပါတယ်ပေါ့နော်။ အကိုတို့ မိန်းမလျှာတွေစဖြစ်ပြီ ဆိုထဲက ရင်သားတွေကြီး လာအောင် ဒစ်ပိုတွေသောက်ကြတယ်။ ပြီးတော့ မိန်းမတွေသောက်တဲ့

ကိုယ်ဝန်တားဆေးတွေသောက်ကြတယ်။ အဲ့ဒါတွေစားရင်လှလာကြတယ်ပေါ့နော် ။ ဒါပေမဲ့ အကိုတို့ အနေနဲ့ အပုန်းဘဝလာတာလဲ ဖြစ်တယ် ပြီးတော့ ယောကျာ်းပုံပဲ နေဖြစ်တာဆိုတော့ အဲ့လို မိန်းမလို နို့ကြီးတွေထွက်လာမှာကိုကြောက်တယ်။ ကိုယ့် မိသားစုကလဲ လက်ခံမှာမဟုတ်ဘူးလေ။ လက်မခံတဲ့ အခါကျတော့ အဲ့ဟာကြီးကိုလဲ လက်တည့် မစမ်းရဲဘူးလေ။ အဲ့လိုကြီး တော့ မကြိုက်ဖူး။ စိတ်ထဲမှာတော့ မိန်းမတစ်ယောက်လိုလုပနေတာကို သဘောကျတယ် အရမ်းပေါ့နော်။ ဒါပေမဲ့ ဒီနေ့ဆို ညီလေးတို့ လာမယ်ပြောထားတယ် စိတ်ထဲမှာတော့ အလှဆုံးပြင်ပြီး မေးသမျှကိုဖြေမယ်ပေါ့နော် ။ ဒါပေမဲ့ အလုပ်တွေများနေတာရယ် ရာသီဥတုရယ်ကြောင့် ဒီအတိုင်းဖြစ်နေတာပေါ့ အကိုကတော့ သနပ်ခါးကိုအရမ်းကြိုက်တယ်။ ငယ်ငယ်လေးထဲက လိမ်းတာပေါ့နော် အခုလဲ မျက်နှာဘာမှမပါရင်တောင် သနပ်ခါးကို အမြဲလူးတယ်။ အဲ့လိုတွေပေါ့နော် အဲ့လိုဘက်ကကြည့်ရင်တော့ မလုပ်ချင်ပါဘူး ။ နောက် အခုယောကျာ်းပုံလေးနဲ့နေတော့ ဘုရားသွားရင်တော့ ဘုရားရှေ့တော့ ချလို့ ပူဇော်လို့ရတာပေါ့။ နောက်ပြီးတော့ ဆေးတွေသောက်တာက မသောက်နိုင်ရင် အသားတွေ တွဲလာတယ် အဲ့လိုပေါ့နော် ၉၀ ရာခိုင်နှုန်းလောက်က ဆိုးကျိုးတွေ တွေ့ရတယ်။ တစ်ဘက်ကကျတော့ မိန်းမပုံ ဝတ်လာရင် သဘောကျတယ် မိန်းမပုံလေးတွေဝတ်လာတာတွေ့ရင် သူတို့တွေက ဒီလိုနေဖို့ ကံပါလာတယ် ချစ်ဖို့ကောင်းလိုက်တာလို့ စိတ်ထဲကနေပြီးတော့ တွေးမိတယ် ။ လိင်ပြောင်းလဲတာလဲ တူတူပါပဲ တက်နိုင်ရင် ကိုယ်တောင် လိင်ပြောင်းယုံတင်မကဘူး သားအိမ်ထည့်ပြီးတော့ ယောကျာ်းအတည်ယူ ပြီး ကလေးကို ကိုယ်တိုင်မွေးချင်တာပေါ့နော် ။ လက်ရှိ ဖြတ်ဖောက်ချုပ်တွေလုပ်တာ ကိုယ့်နိုင်ငံ မှာ အခုမှလုပ်တာဆိုပေမဲ့ သူများနိုင်ငံတွေမှာတော့ လွန်ခဲ့တဲ့ နှစ် နှစ်ဆယ်လောက်ထဲ က လုပ်နေတာတွေ တွေ့နေရပါတယ်။ အဲ့လိုလုပ်ဖို့ဆိုတာ ငွေအင်အားလဲ လိုသလို လူတစ်ယောက်နဲ့ တစ်ယောက် ဖွဲ့စည်းပုံခြင်းလဲ မတူဘူးဆိုတော့ လေ ။ ပြီးတော့ မိသားစု အရေး ပတ်ဝန်းကျင်အရေးလဲရှိတယ်။ အားပေးလားဆိုတော့လဲ အားမပေးဘူး ကန့်ကွက်လားဆိုတော့လဲ မကန့်ကွက်ပါဘူး။ ငါးဆယ် ရာခိုင်းနှုန်းစီ ပါပဲ ။

Q.ကျွန်တော်တို့ နိုင်ငံတော်က လိင်တူချစ်သူတွေအတွက် ဥပဒေ အသစ်တွေချမှတ်ပေးမယ်ဆို ဘယ်လိုဥပဒေမျိုးကို ချမှတ်ပေးစေချင်လဲ။

A. သတ်မှတ်ပေးစေချင်လဲဆိုတော့ လိင်တူချစ်သူဆိုတာလေ အမိဝမ်းထဲကနေပြီး ဖြစ်တည်လာတာပါနော်။ ဘယ်လိုမှပြောင်းလို့မရပါဘူး ။ မဖြစ်အောင် ပိုက်ဆံပေးပါမယ်ဆိုရင်တောင် ဘယ်လိုမှကြာရှည် ဟန်မဆောင်နိုင်ပါဘူး။ အဲ့တော့ လူအခွင့်အရေးကို

တန်းတူပေးစေချင်ပါတယ် ။ အဲ့မှာတစ်ခုရှိတာက လိင်တူချစ်သူလောက ကလည်း ပေးလာတဲ့ အခွင့်အရေးကို တန်ဖိုးထားပြီးတော့ ကောင်းကောင်းမွန်မွန်ဖြစ်စေချင်ပါတယ်။

Q. လိင်တူချစ်သူလူငယ်တွေကို ဘာတွေပြောကြားချင်လဲ။

A. ပြောချင်တာကတော့ အခုအချိန်မှာ HOMO ဆိုတာ ပေါ်လာတယ် ။ အဲ့ဟာက အပုန်းနဲ့ အပွင့် ၊ အပုန်းနဲ့ယောကျာ်း ၊ အပုန်း အပုန်းချင်းပေ့ါနော် အဲ့လိုတွေ ကိုခေါ်တာပေ့ါနော် ။နောက်ပြောချင်တာ ကတော့ အခုခေတ်ကအကောင်းတွေများလာပါတယ် မိတ်ကပ်ဆိုလဲ ပစ္စည်း ကောင်းတွေ အများကြီးပေါ်လာတယ် ပညာတွေလဲ အများကြီးပေါ်များလာတဲ့ခေတ်မှာ ကောင်းမွန်အောင်နေထိုင်ပါ ဒီမိုကရေစီ ရလာပြီဖြစ်တော့ ဒီမိုကရေစီ နိုင်ငံနဲ့တန်အောင် လူ့အရည်အသွေးတွေမြင့်တက်လာအောင်နေပါလို့ပြောချင်ပါတယ်။

---

၄၅။ ယဉ်မေဦး(၂၉) ရန်ကုန်မြို့



Q.မင်္ဂလာပါ။ အမရဲ့ အမည် အသက်နေရပ်လိပ်စာနဲ့ အလုပ်အကိုင်လေးကို မိတ်ဆက်ပေးပါလားဗျ။

A. ကျမအမည်ကတော့ ယဉ်မေဦးပါ အသက်ကတော့ ၂၉ ရှိပါပြီ။ ကွမ်းယာရောင်းပြီးတော့ ဒလမြို့နယ်တပင်ရွှေထီးရပ်ကွက်မှာ နေပါတယ်။

Q.ဟုတ်ကဲ့ အမအနေနဲ့ အမရဲ့ချစ်သူနဲ့ဘယ်ချိန်ထဲက စတွေ့ခဲ့တာပါလဲဗျ ပြောပြပေးပါလား။

A. ကျမနဲ့သူစတွေ့တာကတော့ ၂၀၀၇ထဲကပါ။သူကချဲရောင်းရင်းနဲ့စတွေ့တာပါ။ စတွေ့ထဲက သူကမိန်းကလေးမှန်း သိပါတယ်။ သူ့က ကျမထက်ငယ်တော့ မိန်းကလေးလိုနေဖို့ သူ့ကို ဆုံးမပါသေးတယ်။ မိန်းကလေးလိုနေရင် ခင်လို့ရတယ်ဆိုပြီး သူ့ကိုနောက်နေခဲ့ပါသေးတယ်။နောက်တော့လဲ အတူနေတာကြာတော့ သံယောဇဉ်ရှိသွားတာပါ။ အတူနေကြတော့ မိဘတွေကသဘောမတူကြပါဘူး။ သူ့မိသားစုနဲ့ ကျမမိသားစုပြဿနာတတ်ပြီး ကျမတို့ကိုခွဲလို့ တစ်နှစ်လောက်ကွဲခဲ့ပါသေးတယ်။ ခုတော့ ပြန်တွေ့ပြီးပေါင်းနေတာ ၇နှစ်ကျော်ပါပြီ။

Qအဒေါ်တွေနဲ့နေတာဆိုတော့ အဒေါ်တွေကရော လက်ခံပေးပါသလားဗျ။

A.အဒေါ်တွေကကျမကိုချစ်တော့ လက်ခံပေးပြီး သူ့ကိုလဲချစ်ပါတယ်။ သူ့ကိုခေါ်လို့မရရင် အဒေါ်အိမ်ကိုမလာဘူးဆိုတော့ သူတို့က ခေါ်ခိုင်းပါတယ်။

Q.အဒေါ်တွေ နဲ့အဆင်ပြေသွားပြီဆိုတော့ မိဘတွေနဲ့ရော ဘယ်လိုအခြေအနေရှိလဲဗျ။

A. မိဘတွေက ကျမငယ်ငယ်ထဲကကွဲနေတာပါ။ အမေကနောက်အိမ်ထောင်ပြုပြီး အဖေကတော့ မင်္ဂလာဒုံမှာနေတာပါ။ အစကတော့ သဘောမတူပေမဲ့ ခုတော့ ဘာမှမပြောတော့ပါဘူး။

Q.ညီအကိုမောင်နှတွေနဲ့ရောအဆင် ပြေပါလားဗျ။

A. မွေးချင်းက ကျမတစ်ယောက်ထဲပါ။

Qအဲ့ဒီတော့ တစ်ခြားဆွေမျိုးတွေကရော ဘယ်လိုရှိလဲ။

A. အဒေါ်နဲ့အဖွားက ခေါ်ပါတယ် နားလည်ပေးတယ်။ ဘကြီးကတော့မခေါ်ပါဘူး။ ဘကြီးနဲ့အဆင်မပြေပါဘူး။

Q.သူတို့ကရော အမကို အတင်းကာရော အိမ်ထောင်ချပေးဖို့ စီစဉ်ဖူးပါသလား။

A. စီစဉ်ဖူးပါတယ်။ ကျမက မယူတဲ့အခါကျတော့ နောက်တော့ မစီစဉ်တော့ပါဘူး။

Qအမအနေနဲ့ ကိုယ့်ကိုကိုယ် ဒီလိုမျိုးအချစ်တွေနဲ့ ဆုံတွေ့ရလိမ့်မယ်လို့ တွေးဖူးပါသလားဗျ။

A.မတွေးဖူးခဲ့ပါဘူး။ သူနဲ့စတွေ့တုန်းကခင်ရုံပဲခင်တာပါ။ နောက်တော့ သံယောဇဉ် ဖြစ်ပြီး အတူနေဖြစ်ခဲ့တာပါ။

Q. ဟိုးအရင်တုန်းကရော ယောကျ်ားလေး ရည်းစားထားခဲ့ဖူးပါသလားဗျ။

A. သူနဲ့မတွေ့ခင်ကတော့ ထားခဲ့ဖူးပါတယ်။ ၁၄ နှစ် ၁၅နှစ်အရွယ် ငယ်စဉ်ကထားဘူးတာပါ။ ခုနောက်ပိုင်းသူနဲ့တွေ့ပြီးကတည်းက မထားခဲ့တော့ပါဘူး။

Q.အမက ယောကျ်ားလေးရည်းစားလဲထားခဲ့ဘူးပြီးတော့ ခုလိင်တူရည်းစားလဲထားခဲ့ဖူးတယ်ပေ့ါနော်။ အဲ့တော့ ယောကျ်ားလေးနဲ့မမြဲပဲ ခု လိင်တူရည်းစားနဲ့မှမြဲနေတာကဘာကြောင့်လို့ထင်ပါသလဲဗျ။

A. အဓိကကတော့ သံယောဇဉ်လို့ထင်ပါတယ်။ သူကကိုယ့်ထက်လဲ ငယ်တော့ ညီမတစ်ယောက်လိုလည်းချစ်တယ်။ သူ့ကိုမကောင်းတဲ့လမ်းများရောက်မှာလည်းစိုးရိမ်တယ်။ သူက ပြောစကားကို တစ်ခါတစ်လေ နားထောင်ပြီးတစ်ခါတစ်လေရန်ဖြစ်ရတယ်။

Q. ပတ်ဝန်းကျင်ကရော သူနဲ့အမတွဲသွားတဲ့အခါ လှောင်တာတွေရော ရှိပါသလားဗျ။

A. မလှောင်ခံရပါဘူး။ ဒီဒလကလဲ ကိုယ်နေနေကြနေရာလဲဖြစ်တယ်။သူနဲ့ မနေခင်ထဲက ဒီမှာနေခဲ့တာပါ။

Q.အမကရော အပြင်တွေ ဘာတွေသွားရင် သူနဲ့အတူသွားပါသလားဗျ။

A.ဘယ်နေရာမဆို သူနဲ့အတူသွားပါတယ်။ ဘုရားသွားလဲအတူ ရုပ်ရှင်သွားလဲအတူပါပဲ။

Q.အလုပ်ထဲမှာရော အလှောင်ခံရတာတွေရှိပါသလားဗျ။

A.မရှိပါဘူး။ အရင်အလုပ်မှာတုန်းက သူဌေးလဲသိပါတယ်။

Q.အမအနေနဲ့ ဘဝကို ဘယ်လိုခံယူချက်တွေနဲ့နေထိုင် ပါသလဲဗျ။

A.ကျမကတော့ ဒီထက်ပိုပြီး တိုးတတ်ဖို့ကြိုးစားနေပါတယ်။ သူနဲ့အတူနေရဖို့က ကံတရားပေါ်မှာလည်း မူတည်နေပါတယ်။

Q.အိမ်ထောင်မှုတာဝန်တွေရော ဘယ်လိုခွဲယူကြပါလဲဗျ။

A.အိမ်မှာကတော့ တစ်ယောက်တစ်လဲ ခွဲယူကြပါတယ်။ သူ့အဝတ်သူလျှော် ကိုယ့်အဝတ်ကိုယ်လျှော်ကြပါတယ်။ ထမင်းကို မနက်ပိုင်းဈေးသွားပြီး ချက်ပြီး သူ့ဆီသွားပို့ပေးတယ်။

Q သူ့ဘက်က ဆွေမျိုးအသိုင်းအဝိုင်းနဲ့ရော အဆင်ပြေပါလား။

A. ပြေပါတယ်။ ခုလဲ တစ်အိမ်ထဲမှာ အတူနေနေကြတာပါ။ ကျမမအားရင် သူ့အမျိုးတွေကထမင်းချက်ပေးပါတယ်။ ရန်ဖြစ်ရင်တောင် ကျမဘက်က ပါပေးကြတယ်။

Q. နှစ်ယောက်အတူ ဘာတွေလုပ်ဖို့ ရှိမလဲဗျ။

A. ဘာအစီစဉ်မှမရှိပေမဲ့ စားနိုင်သောက်နိုင်ရင်တော်ပါပြီ။ အရမ်းချမ်းသာဖို့မလိုပါဘူး။စိတ်ချမ်းသာမှုပဲ လိုပါတယ်။ပိုက်ဆံမရှိတာကရှာလို့ရပါတယ်။ စိတ်ချမ်းသာမှုပဲ လိုပါတယ်။

Q. ကိုယ်ရွေးချယ်ခဲ့တဲ့လမ်းကို နောင်တရတာမျိုးရော ရှိခဲ့ဖူးပါသလားဗျ။

A. မရှိပါဘူး။ နောင်တမရပါဘူး။ ညီကိုမောင်နှမတွေမခေါ်လဲ နေပေ့ါ။ ကိုယ့်ခြေထောက်ပေါ်ကိုရပ်တည်နေတာပါ။ ခုနှစ်ယောက်လုံးအလုပ်လုပ်နေ တော့ မပိုပေမဲ့ အဆင်ပြေပါတယ်။ မျက်နှာငယ်ခံပြီး အမျိုးတွေဆီက မတောင်းပါဘူး။

Q.ကလေးမွေးစားဖို့ရော အစီစဉ်ရှိပါသလားဗျ။

A. မွေးစားဖို့တော့ အစီအစဉ်ရှိပါတယ်။ အစဉ်ပြေရင်မွေးစားမှာပါ။ဒါမှကြီးလာရင် ကူဖော်လောင်ဖက်လဲရမယ်။ ဆေးပေးမီးယူလဲရမယ်။

Q. ကလေးမွေးစားရင်ရော ဘယ်လိုကလေးမျိုးမွေးစားမလဲ။ သူ့ကိုဘယ်လိုပြုစုပျိုးထောင်ပေးချင်ပါသလဲဗျ။

A. ကလေးမွေးစားရင်တော့ နှစ်ယောက်လုံးက ယောကျ်ားလေးချစ်တော့ ယောကျ်ားလေးပဲမွေးစားမှာပါ။ အများကြီး မပံ့ပိုးနိုင်ရင်တောင်မှ ကိုယ်တတ်နိုက်သလောက်ပံ့ပိုးပြီး ပညာတတ်ကြီးဖြစ်အောင် ပြုစုပျိုးထောင် ပေးမှာပါ။

Q.များသောအားဖြင့် မိန်းကလေးချင်းစိတ်ဝင်စားသူတွေကိုယောကျ်ားလျာလို့ခေါ်ကြပါတယ်။ အမကရော ဘယ်လိုမျိုးခေါ်တာကို ကြိုက်ပါသလဲဗျ။

A. အမ ညီမ စသည်ဖြင့်ခေါ်တာသဘောကျပါတယ်။

Q. အမအနေနဲ့ဘဝကိုနှစ်ယောက်အတူဖြတ်သန်းနေချိန်မှာ အဆင်မပြေမှုတွေကို ဘယ်လိုများ ဖြတ်သန်းခဲ့ပါသလဲဗျ။

A. အဆင်မပြေမှုတွေကတော့ ရှိပါတယ်။ စကားများရန်ဖြစ်လဲ နေ့မကူးခင် ပြန်တည့်သွားပါတယ်။ စကားကလဲ ခဏခဏများဖူးပါတယ်။ ရန်ဖြစ်ပြီး ကွဲတာတွေတော့ မရှိပါဘူး။ ပြန်တည့်ပါတယ်။

Q. ဘယ်လိုမျိုးအကြောင်းအရာတွေကိုအခြေခံပြီး ဖြစ်လေ့ရှိလဲဗျ။

A. ကျမက အရက်သောက်တာတွေမကြိုက်ပါဘူး။ သူတို့အချင်းချင်းသောက်တာ ကိစ္စမရှိပေမဲ့ ယောကျ်ားတွေနဲ့သောက်တဲ့အခါ စိတ်ပူရပါတယ်။ မသောက်ဖို့ပြောရင်း စကားများရပါတယ်။တစ်ချို့က ရိုးရိုးသားသား ခင်ပေမဲ့ တစ်ချို့က အခွင့်အရေး ယူကြပါတယ်။ တစ်ခြားကိစ္စနဲ့တော့ စကားမများပါဘူး။

Q.တကယ်လို့ သူ့ကို လိင်ပိုင်းဆိုင်ရာ ပြောင်းလဲလို့ရမယ်ဆိုရင် ပြောင်းလဲပေးချင်ပါသလားဗျ။

A. မပြောင်းစေချင်ပါဘူး။ ဒီအတိုင်းလေးပဲရှိစေချင်ပါတယ်။ ပြီးတော့ သူနဲ့ကျမက လိင်မှုကိစ္စတွေမရှိပဲ ညီအကိုမောင်နှမသံယောဇဉ်နဲ့ပဲနေတာပါ။

Q.သူ့ဘဝခံစားချက်တွေရင်ဖွင့်တဲ့အခါ နားထောင်ပေးလေ့ရှိလားဗျ။

A. နားထောင်ပေးပါတယ်။ သူ့အဖေနဲ့အမေက ဆုံးသွားပါပြီ။သူ့အဖေနဲ့အမေအတွက် တစ်လတစ်ခါ ဆွမ်းချိုင့်ပို့ပေးဖြစ်ပါတယ်။ အရင်ကတော့ သူများအလုပ်လုပ်တဲ့အခါကြတော့ အဆင်မပြေဘူး။ ခုကတော့ အလုပ်လဲအားတော့ ပို့ပေးဖြစ်ပါတယ်။

Q. အခွင့်အရေးရမယ်ဆိုရင်ရော သူများတွေလို မဏ္ဍပ်ထိုးပြီး မင်္ဂလာဆောင်ချင်ပါသလားဗျ။

A. ဆောင်ချင်ပါတယ်။ သူ့ကိုလဲ ပြောပြဖူးပါတယ်။ ငါတို့ မင်္ဂလာဆောက်ရအောင်လို့။ ဆောင်ချင်ပါတယ်။

Q. အခုချိန်မှာ ကိုယ်ဖြစ်တည်နေတဲ့ဘဝကို နောင်တရတာမျိုး ဘာသာရေးဘက်ကနေတွေးပြီး နောင်တရတာမျိုးတွေရှိလားဗျ။

A. အဲ့လိုမျိုးတွေမရှိပါဘူး။ တစ်ခါတစ်လေတော့ နင်နဲ့နေတာ ငါမှားပြီလား ဆိုပြီး သူ့ကိုပြောဖူးပါတယ်။ ဒီလိုပါပဲ ပါးစပ်ကနေပြောလိုက်တာပါ။ ရင်ထဲကမပါပါဘူး။ တွဲသွားတွဲလာ.ကဲ့ရဲ့ခံရတာတွေ ရှိတော့ တစ်ခါတစ်လေ ရမိတာပါ။

Q.သူ့ဘက်ကနေရော သဝန်တိုတာတွေရော ရှိလားဗျ။

A.ရှိတယ်။အလုပ်ကအပြန်နောက်ကျတာတို့ သူများဖုန်းတွေ မှားဝင်လာတာမျိုးတို့ဆိုရင် သဝန်တိုပါတယ်။ ဒါပေမဲ့လဲ ကိုယ်ကအနေမှန်တော့ အေးဆေးပါ။

Q. သူ့အပေါ် ဘယ်လိုမျိုး မြင်လဲဗျ။

A. ကောင်းပါတယ်။ သူက စိတ်ရင်းစေတနာ အရမ်းကောင်းပါတယ်။ သူများကို ကူညီချင်စိတ်အမြဲရှိပါတယ်။ စေတနာအကောင်းလွန်ပြီး တစ်ခါတစ်လေ စကားများရတယ်။

Q. အခုအင်တာဗျူး လာဖြေရတော့ရော ဘယ်လိုမျိုး ခံစားရလဲဗျ။

A. ပျော်ပါတယ်။ ဒါ ပထမဆုံးပါ။ သူက အပြင်သွားမယ် အင်တာဗျူးသွားဖြေမယ်ဆိုတော့ လိုက်ခဲ့တာပါ။ သူငယ်ချင်းတွေလဲ ခေါ်ခဲ့တာပါ။

Q. မိန်းမလျာ တွေအပေါ်မှာရော ဘယ်လိုမြင်ပါသလဲဗျ။

A. ပုံမှန်ပါပဲ။ ခင်ပါတယ် သူငယ်ချင်းတွေထဲမှာလဲ မိန်းမလျာတစ်ယောက်ရှိပါတယ်။ အမကြိုက်ရင်အမ အကိုကြိုက်ရင်အကို ခေါ်ပါတယ်။

Q. အမအနေနဲ့ယောကျ်ားချင်း ချစ်ကြကြိုက်ကြတဲ့အပေါ်မှာရော ဘယ်လိုမြင်ပါသလဲဗျ။ A.ကိုယ်ချင်းစာလို့ရပါတယ်။ ကျမတောင်မှ မိန်းကလေးချင်းကြိုက်သေးတာပဲလေ။

Q. ဒီအင်တာဗျူးမှာ ဘဝတူ သူငယ်ချင်းတွေအတွက် ဘာတွေများ ပြောချင်ပါသေးလဲဗျ။

A. အချင်းချင်းနားလည်မှုလေးတွေ ရှိစေချင်ပါတယ်။ အားလုံးကို စိတ်ချမ်းသာစေချင်ပါတယ်။

Q သူနဲ့ကလေးမွေးစားဖို့က ဘယ်နှစ်ယောပ်လောက်မှန်းထားပါသလဲဗျ။

A.တစ်ယောက်ဆိုတော်ပါပြီ။ တစ်ယောက်ဆိုရင် စကားပြောဖော်လဲ ရပါပြီ။

Q.နောက်ပိုင်းမှာ ဘဝတူတွေအတွက် ဖွဲ့စည်းထားတဲ့အဖွဲ့အစည်းတွေမှာ ပါဝင်ဖို့ စိတ်ကူးရှိပါသလားဗျ။

A. ရှိပါတယ်။ ကောင်းပါတယ်။ ယောကျ်ားလေးဆိုလဲ သူ့အဖွဲ့နဲ့သူ မိန်းကလေးဆိုလဲ သူ့အဖွဲ့နဲ့သူဆိုတော့ ပျော်ဖို့တော့ ကောင်းပါတယ်။

## ၄၆။ ရှိုင်းဝေယံ (၂၅)နှစ် ရန်ကုန်မြို့



Q. မင်္ဂလာပါ။ ပထမဆုံးအနေနဲ့ အမည်နဲ့အသက်လေးကို မိတ်ဆက်ပေးပါအုံးဗျ။

A. မင်္ဂလာပါ။ အမည်ကတော့ ရှိုင်းဝေယံပါ။ အသက်ကတော့ ၂၅နှစ်ရှိသွားပါပြီ။

Q. ကိုယ့်ကိုကိုယ် လိင်စိတ်အနေနဲ့ရော ဘယ်လိုမျိုးခံယူထားပါသလဲဗျ။

A. ကိုယ့်ကိုကိုယ် ဂေးလ်တစ်ယောက်လို့ခံယူထားပါတယ်။

Q. ကိုယ့်ကိုကိုယ်ဂေးလ်ဖြစ်နေတယ်ဆိုတာ ဘယ်အချိန်ထဲက စသိခဲ့တာပါလဲဗျ။

A. ငယ်ငယ်လေးထဲက သိပါတယ်။ မွေးထဲက ကိုယ်ကန္နဲ့နွဲ့လေးနေတတ်တယ်။ မိန်းကလေးလိုနေချင်တယ်။ အမတွေနဲ့နေတော့ ပိုဆိုးတာပေါ့နော်။ သူတို့အဝတ်အစားတွေ ယူဝတ်တယ်။ မိတ်ကပ်တွေ နှုတ်ခမ်းနီတွေ ယူသုံးပြီး ကြီးပြင်းခဲ့တာပါ။

Q. အဲ့ဒီလိုနေလာတဲ့အချိန်မှာ မိဘတွေနဲ့ ဆက်ဆံရေးက ဘယ်လိုများဖြစ်လဲဗျ။

A. မေမေကတော့ သိပ်ပြီးမပြောပါဘူး။ ဖေဖေကတော့ လုံးဝလက်မခံပဲ ရိုက်တာတွေ နက်တာတွေတော့ ရှိပါတယ်။ ဆူတာ ဆဲတာတွေကလဲ ခဏခဏဆိုတော့ စိတ်အနှောင့်အယှက်ဖြစ်ပြီး စိတ်ညစ်ရပါတယ်။

Q. ဒါဆိုရင် ငယ်ဘဝဖြတ်သန်းလာခဲ့ရတဲ့ဘဝကနေ ခုချိန်ထိ ဖြတ်သန်းခဲ့ပုံလေး ပြောပြပေးပါလားဗျ။

A. ငယ်ငယ်တုန်းကတော့ မိဘအုပ်ထိမ်းမှုအောက်မှာနေခဲ့ရတော့ သူတို့မကြိုက်တာကို တတ်နိုင်သမျှ ရှောင်ပါတယ်။ ကျောင်းသားဘဝမှာလဲ နွဲ့နွဲ့လေးပဲ နေပါတယ်။ ပုဆိုးဝတ်ရင်လဲ လှလှပပလေးနဲ့ နွဲ့နွဲ့နှောင်းနှောင်းလေးပဲ နေပါတယ်။ အပေါင်းအသင်းဆိုရင် ယောကျာ်းလေးသူငယ်ချင်း သိပ်ပြီး မပေါင်းဖြစ်ပါဘူး။ မိန်းကလေး သူငယ်ချင်းတွေနဲ့တွဲတာ များပါတယ်။ ကျွန်တော်တို့ငယ်ငယ်က online ကို MIRC တို့ G-Talk တို့ သုံးကြပါတယ်။ သိပ်ပြီးတော့ မသိသေးပါဘူး။ LGBT Website တွေကနေ Gay အချင်းချင်း အပြင်မှာတွေ့ကြပြီး ခင်ကြ ရည်းစားဖြစ်ကြ ပြီးရင်ကွဲကြနဲ့ နောက်ဆုံးတော့ facebook ဆိုတာကြီး ပေါ်လာပါတယ်။ Facebook သုံးပြီး လွန်ခဲ့တဲ့သုံးနှစ်လောက်က ရည်းစားတစ်ယောက်ရခဲ့ပါတယ်။ ခုတော့ မိဘတွေနဲ့မနေတော့ပဲ သူနဲ့နှစ်ယောက်တစ်ဘဝ တည်ဆောက်နေပါတယ်။ ခုတော့ မိဘတွေနဲ့မနေတော့ပဲ သူနဲ့နှစ်ယောက်တစ်ဘဝ တည်ဆောက် နေပါတယ်။

Q. ခုလက်ရှိရည်းစားနဲ့က ဘယ်လိုကြောင့် အတူနေဖြစ်သွားတာလဲဗျ။

A. တစ်ယောက်နဲ့တစ်ယောက် နားလည်မှု သစ္စာရှိမှုတွေကြောင့်ပါ။ ဒီလောကမှာက နားလည်မှုရဖို့ အင်မတန်ခက်ပါတယ်။ တော်ရုံတန်ရုံ နားလည်မှုမျိုးနဲ့တော့ သုံးနှစ်တာကာလကြီးကိုဖြတ်သန်းနိုင်မှာမဟုတ်ပါဘူး။ တစ်ယောက်နဲ့တစ်ယောက် စိတ်ဆိုးစိတ်ကောက်တာတွေ ရှိပေမဲ့ အတတ်နိုင်ဆုံး ဆင်ခြင်ပါတယ်။ အဓိကကတော့ နားလည်မှုပါပဲ။

Q. ချစ်သူနဲ့က ဘယ်လိုမျိုးစတွေ့ခဲ့တာပါလဲဗျ။

A. သူနဲ့စတွေ့တာက ထူးဆန်းပါတယ်။ အတိုချုန်းပြောရမယ်ဆိုရင် သူ့ရည်းစားနဲ့ပတ်သတ်ပြီး တွေ့ခဲ့တာပါ။ သူ့ရည်းစားနဲ့ကျွန်တော်နဲ့

စကြိုက်ပါတယ်။ သူ့ရည်းစားကို ကြိုက်ရပါ့မလား လုရပါ့မလားဆိုပြီး အစပိုင်းမှာ သူကကျွန်တော့်ကို မတည့်ပါဘူး။ နောက်တော့မှ ကျွန်တော့်ကို စိတ်ဝင်စားပြီး စကားပြောတာပါ။ မှတ်မှတ်ရရ လကြတ်တဲ့အချိန် ကျွန်တော်တို့ ရန်ကုန်မှာက တိုက်ခန်းတွေနဲ့ ကွယ်နေတော့ ကြည့်မရလို့ ကျွန်တော်က ကြည့်ချင်ကြောင်း facebook မှာ စာရေးတင်တော့ သူက လကြတ်နေတဲ့ပုံလေးကို ဓါတ်ပုံရိုက်ပြီး chat box ကနေပို့လာပါတယ်။ အဲ့ဒီနောက်ပိုင်းမှာ သူနဲ့ကျွန်တော်ရင်းနီးပြီး တစ်ယောက်အပေါ်တစ်ယောက် နားလည်မှုရှိပြီး ရင်းရင်းနီးနီးနဲ့ သူငယ်ချင်းတွေ ဖြစ်သွားပါတယ်။ သူကနယ်ကဆိုတော့ ရန်ကုန်လာလည်ဖို့ ခေါ်တော့ မြန်မြန်ဆန်ဆန်ကြီး ရောက်လာပါတယ်။ ကျွန်တော့်အနေနဲ့ အဲ့ဒီလောက်မြန်လိမ့်မယ်လို့ မထင်ထားမိခဲ့တော့ အရမ်းကို အံ့သြရပါတယ်။ ကျွန်တော့်အိမ်မှာ အနေကြာပြီးနောက်ပိုင်း ကျွန်တော်ဖျားတဲ့အချိန်မှာ သူကပြုစုပါတယ်။ ကျွန်တော်ကနေပြီး နင်ငါ့ကိုယူလိုက်ပါလားဆိုပြီး စပါတယ်။ အိမ်မှာ ကျွန်တော့်ညီသုံးယောက်နဲ့ အမေတို့ရှိနေတဲ့အချိန်မှာ ရည်းစားစကားပြောတာပါ။ သူကလဲယူမယ်ဆိုတော့ နင့်အရင်ရည်းစားနဲ့ဇာတ်လမ်းတွေ အရင်ပြတ်အောင် ဖြတ်ပါပြောတော့ သူ့ဇာတ်လမ်းတွေရှင်းအောင်လုပ်ပြီး နယ်ကိုပြန်သွားပါတယ်။ နယ်ပြန်ပြီး သူ့အလုပ်ကနေထွက်စာတင်ပြီး ရန်ကုန်ရောက်လာတော့ ကျွန်တော်နဲ့အတူနေ ဖြစ်သွားတာပါ။ နောက်ပိုင်းတော့ ရည်းစားတွေအဖြစ် လက်တွဲခဲ့ပါတယ်။ သူရန်ကုန်ရောက်စအချိန်က သူ့မှာ အလုပ်မရှိသေးတော့ တော်တော်လေး အခက်အခဲတွေရင်ဆိုင်ခဲ့ရပါတယ်။ ကျွန်တော့်အနေနဲ့လဲ အိမ်ပေါ်ကနေဆင်းပြီး အဆောင်မှာနေတာ သူနဲ့ပထမဆုံးပါပဲ။ လသာဘက်က အဆောင်တစ်ခုမှာ အခန်းငှားပြီး နှစ်ယောက်အတူနေကြပါတယ်။ ခုနောက်ပိုင်းတော့ သူလဲအလုပ်နဲ့ ကျွန်တော်လဲ အလုပ်နဲ့ဆိုတော့ တိုက်ခန်းငှားပြီး အတူနေထိုင်ပါတယ်။

Q. လက်ရှိအနေအထားထိရောက်လာအောင် မိဘတွေနဲ့ပြေလည်မှုရဖို့ ဘယ်လိုတွေ ညှိနှိုင်းခဲ့ရလဲဗျ။

A. မိဘတွေနဲ့မိတ်ဆက်ပေးတဲ့အချိန်မှာ ထွေထွေထူးထူးတော့ မပြောပါဘူး။ ကျွန်တော်ကလဲ အရမ်းကြီးမိန်းမဆန်ဆန်နဲ့ သူ့အိမ်ကိုမသွားဖူးပါဘူး။ ကိုယ့်ဟာကိုယ် မိန်ကလေးလိုဝတ်ပေမဲ့ သူ့အိမ်သွားရင်တော့ အဲ့ဒီလိုမဝတ်ပါဘူး။ ထွေထွေထူးထူး လက်မခံတာမျိုးတော့ မရှိပါဘူး။ အရွယ်လဲရောက်နေပြီဆိုတော့ မိဘတွေက မပြောတော့တာလဲ ပါတယ်။

Q. ကိုယ်ကဂေးလ်ဖြစ်နေလို့ ဘဝကိုခက်ခက်ခဲခဲကျော်ဖြတ်ခဲ့ရတာတွေ ရှိပါသလားဗျ။

A. ငယ်ငယ်တုန်းကတော့ မိဘတွေစကားနားထောင်တာပေါ့။ သူတို့ပြောတဲ့အခြောက်ဆိုတာ မိန်းမပုံအခြောက်တွေပဲ ပြောတာလေ။ အဲ့ဒီလိုအခြောက်ကြီးတော့ မဖြစ်ချင်ခဲ့ဘူးလေ။ ဆိုးဆိုးဝါးဝါးရင်ဆိုင်ရတာကတော့ အခြေခံပညာကျောင်းသား ဘဝပါပဲ။ တက္ကသိုလ်ရောက်တဲ့အချိန်မှာတော့ ကိုယ်ကလဲအသက်ကြီးလာပြီဆိုတော့ နားလည်လာပြီ။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်တဲ့အချိန်ရောက်လာတော့ သိပ်ပြီး အပြောမခံရတော့ပါဘူး။

Q. လိင်တူချစ်သူဘဝမှာ ပထမဆုံးလိင်တူဆက်ဆံမှုကို ဘယ်အရွယ်မှာ စပြီးဆက်ဆံခဲ့တာပါလဲ။

A. အမှန်ပြောရရင်တော့ မမှတ်မိတော့ပါဘူး။ ငယ်စဉ်ကျောင်းသားဘဝဖြစ်ဖို့ များပါတယ်။ ဘယ်အရွယ်မှာလဲတော့ မသိတော့ပါဘူး။

Q. ကိုယ်ကဂေးလ်တစ်ယောက်ဖြစ်နေတဲ့အတွက် နောင်တရတာမျိုးတွေ ရှိလားဗျ။

A. တစ်ခါမှ အဲ့ဒီလိုစိတ်မဝင်ခဲ့ပါဘူး။ အခြောက်ဖြစ်နေတဲ့အတွက်လဲ ကိုယ့်ကိုကိုယ်ဂုဏ်ငယ်တယ်လို့လဲ မတွေးမိပါဘူး။ လုပ်ငန်းခွင်ဝင်တဲ့အချိန်မှာလဲ စိတ်အားငယ်မှုတော့ မရှိပေမဲ့ နည်းနည်းခွဲခြားဆက်ဆံခံရမှုတော့ ရှိပါတယ်။ ဒါပေမဲ့လည်း ကိုယ့်ဘက်က ပြည့်စုံနေရင်တော့ ဘာကိုမှကြောက်နေစရာ မလိုပါဘူး။

Q. ရှင်းဝေယံရဲ့ဘဝမှာ ဂေးလ်ဖြစ်နေတဲ့အတွက် အကြမ်းဖက်ခံရတာတွေ ကြုံခဲ့ရဖူးပါသလားဗျ။

A. စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေတော့ ကြုံဖူးတယ်။ အဓိကကတော့ မိဘတွေပေါ့နော်။ ကျွန်တော့်ကို မိန်းမလျာမဖြစ်စေချင်တော့ ချုပ်ချယ်ကြတယ်။ အဲ့ဒီတော့ ကျွန်တော့်အနေနဲ့ ဖိနှိပ်တယ်လို့ခံစားရပြီး တော်တော်လေး စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ စိတ်ညစ်စရာတွေကို အကြာကြီးမှတ်မထားတတ်တဲ့အတွက် အသေးစိတ်တော့ မမှတ်မိတော့ပါဘူး။

Q. တက္ကသိုလ်တတ်တဲ့အချိန်မှာရော ဖိနှိပ်မှုတွေ ခံခဲ့ရသလားဗျ။

A. တက္ကသိုလ်မှာတော့ မရှိခဲ့ပါဘူး။ ကျွန်တော်တက္ကသိုလ်တတ်ခဲ့တာက 2009-2011 အတွင်းပါ။ အဲ့ဒီအချိန်က သူလိုကိုယ်လိုတွေ ရှိနေပြီဆိုတော့ ထူးထူးခြားခြားတော့ မရှိခဲ့ပါဘူး။ ငယ်ငယ်ကျောင်းသားဘဝမှာတော့ ဆရာ/ဆရာမတွေက ဖိနှိပ်တာမျိုးတွေ မရှိခဲ့ပါဘူး။ ကျောင်းသားဘဝမှာ ဆိုးဆိုးဝါးဝါးစခံရတာမျိုးတော့ မရှိပါဘူး။

Q. ရှိုင်းဝေယံက ဂေးလ်တစ်ယောက်ဖြစ်ပြီး မိန်းမလိုဝတ်ရတာနဲ့ ယောကျာ်းလိုဝတ်ရတာကို ဘယ်ဟာပိုသဘောကျသလဲဗျ။

A. ငယ်ငယ်တုန်းကတော့ ယောကျာ်းလေးလိုပဲ ဝတ်ပါတယ်။ ခုအရွယ်မှာတော့ တစ်ခါတစ်ရံ မိန်းမလိုဝတ်ပြီး တစ်ခါတစ်ရံတော့ ယောကျာ်းလေးလိုပဲ ဝတ်ပါတယ်။

Q. ရှိုင်းဝေယံရဲ့ဘဝမှာ မိန်းမတစ်ယောက်လိုဝတ်စားခဲ့တဲ့ ပထမဆုံးအတွေ့အကြုံလေးကို ပြောပြပေးပါအုံးဗျ။

A. ဟိုးငယ်ငယ်တုန်းကပါ။ ငယ်စဉ်ကလေးထဲက အိမ်ကအမတွေရဲ့ စကပ်တွေ ယူဝတ်ခဲ့ဖူးပါတယ်။ နှုတ်ခမ်းနီတွေလဲ ဆိုးခဲ့ဖူးပါတယ်။

Q. သီတတ်တဲ့အရွယ် မိန်းမပုံစဝတ်တော့ရော ဘယ်လိုခံစားခဲ့ရသလဲဗျ။

A. အရင်က ကိုရီးယားတွေခေတ်စားတော့ ကိုရီးယားပုံစံ အနွဲ့လေးတွေဝတ်ဖြစ်တယ်။ ဘန်ကောက်ဖက်ရှင်ခေတ်စားတော့ ဘောင်းဘီတိုလေးတွေ စလင်းဘတ်လို ဘေးလွယ်အိတ်လေးတွေ ကိုင်ဖြစ်တယ်ပေါ့နော်။ ခုတစ်ယောက်နဲ့အတူနေတော့ မိန်းမပုံပဲအသေးစိတ် ဝတ်ဖြစ်သွားပါတယ်။ လွတ်လွတ်လပ်လပ်လို့ ခံစားရတယ်။ မိဘအုပ်ထိမ်းမှုအောက်က လွတ်လပ်သွားတော့ အပြင်သွားရင်လဲ မိန်းမပုံဝတ်ရဲသွားတယ်။ စဝတ်ဝတ်ချင်းမှာတော့ နည်းနည်းရှက်တယ်။ ဒီလွန်ခဲ့တဲ့ နှစ်နှစ်ဝန်းကျင်ကစလို့ အပြင်သွားရင်လဲ ဝတ်ဖြစ်တယ်။ Kings N Queen အဖွဲ့နဲ့ ရှိုးပွဲတွေ လိုက်ကတော့ အမြဲနီးပါး မိန်းကလေးလိုဝတ်ဖြစ်ပါတယ်။

Q. မိန်းကလေးလိုဝတ်ပြီး စင်ပေါ်တတ်ကရတဲ့ ပထမဆုံး ခံစားချက်က ဘယ်လိုများဖြစ်မလဲဗျ။

A. စင်ပေါ်စတတ်တတ်ချင်းကတော့ ရင်တွေတုန်ပြီး ကြောက်တာပေါ့နော်။ ငယ်ငယ်တုန်းကတော့ ကဗျာရွတ်တာတို့ ပုံပြင်ပြောတာတို့ အတွေ့အကြုံတွေတော့ ရှိပေမဲ့မတူဘူးလေ။ ခုကမိန်းမပုံဝတ်ပြီး စင်ပေါ်တတ်ရတာဆိုတော့ stress တွေအများကြီး ရှိပါတယ်။ အဆင်ပြေပါ့မလားဆိုပြီးတော့လဲ စိုးရိမ်ခဲ့ရပါတယ်။ အဲ့ဒီတုန်းကဆိုရင် ဒူးတွေပါတုန်ပါတယ်။

Q. တေးသရုပ်ဖော်သီချင်းတွေကတဲ့အခါ ဘယ်လိုသီချင်းမျိုးတွေ ကဖြစ်လဲဗျ။

A. အဲ့ဒီတုန်းကတော့ ဘာသီချင်းတွေကရမယ်ဆိုတာ မသိသေးပါဘူး။ ကိုယ့်ရဲ့စီနီယာတွေ ကတဲ့သီချင်းတွေ ရေပန်းစားတဲ့သီချင်းတွေနဲ့ ကိုယ်ကမဲ့အချိန်မှာ ပေါက်နေတဲ့ သီချင်းတွေကို ဦးစားပေးပြီး ကဖြစ်ပါတယ်။ ခုနောက်ပိုင်းမှာတော့ ဘယ်သီချင်းက ကိုယ်နဲ့လိုက်ဖက်လဲဆိုတာကို သိသွားပါပြီ။ စင်ပေါ်မှာ ကိုယ်လုပ်လိုက်တဲ့ အမူအရာကို ပရိတ်သတ်ကြိုက်မဲ့ သီချင်းမျိုးကို ရွေးတတ်လာပါတယ်။ အဝတ်အစားရွေးချယ်တာ

မိက်ကပ်လိမ်းတာကအစ ပြင်တတ်လာပါတယ်။ ပရိတ်သတ်ကို ပေါ့ပေါ့တန်တန်မတွေးပဲ ဖင်လှုပ်ခေါင်းလှုပ်ရုံလောက်မဟုတ်ပဲ ပရိတ်သတ်ရင်ထဲမှာ စွဲကျန်နေအောင်ကပါတယ်။ ရသတစ်ခုခု ကျန်နေခဲ့ရင်ပဲ ကျေနပ်ပါတယ်။

Q. တေးသရုပ်ဖော်ကတာအပြင် ဘယ်လိုအနုပညာ လုပ်ခဲ့ဖူးပါသလဲဗျ။

A. ကျော်ရုပ်ရှင်ထုတ်လုပ်ရေးက ဒါရိုက်တာသီဟရဲ့ secretary လုပ်ခဲ့ဖူးပါတယ်။ အရိုက်တာကြီးရဲ့ ရှုတင်တွေ လိုက်ရပါတယ်။ ဆရာက ကိုယ်နဲ့လိုက်တဲ့ ဇာတ်ဝင်ခန်းလေးတွေ အခြောက်ဇာတ်ရုပ်လေးတွေပါတော့ ပေးရိုက်ပါတယ်။ နောက်ပိုင်းတစ်ခန်းစ နှစ်ခန်းစရိုက်လာရင်းနဲ့ 5network ကလွှင့်တဲ့ ထမင်းစားကြသူများဆိုတဲ့ program ဟာသအနေနဲ့ အမြဲသရုပ်ဆောက်ခဲ့ရပါတယ်။ အဲ့ဒီ program ကို ဆရာဟိန်းသီဟက ရိုက်ကူးခဲ့တာပါ။ video , DVDတွေမှာ အနည်းငယ် သရုပ်ဆောင်ဖူးပေမဲ့ လူသိတော့ မများပါဘူး။

Q. ခုလက်ရှိရော ဘယ်လိုအနုပညာအလုပ်တွေ လုပ်နေပါသလဲဗျ။

A. ခုလက်ရှိကတော့ ပွဲတွေရှိလို့ ကိုယ့်ကိုလာဖိတ်ရင် တတ်အားသရွေ့ကပါတယ်။ ကိုယ်ကမွေးထဲက ကလာတဲ့အခြောက်မဆိုတော့ ကိုယ့်ကိုလာဖိတ်ရင်တော့ တတ်အားသရွေ့ကနေအုံးမှာပါ။ ဆရာကတော့ ရုပ်ရှင်တွေမှာ ထည့်သုံးဖို့ခေါ်ပေမဲ့လဲ ကိုယ်ကမအားတော့ အဲ့ဒီလောကကို ပြန်မလုပ်ဖြစ်တော့ပါဘူး။

Q. ဝါသနာပါတဲ့အလုပ်ရော ဘာများဖြစ်မလဲဗျ။

A. ဝါသနာပါတဲ့အလုပ်ကတော့ အကဆိုပေမဲ့ အဲ့ဒီအလုပ်နဲ့ ထမင်းမဝတော့ တစ်ခြားကိုယ်တတ်ကျွမ်းတဲ့အလုပ်လဲ လုပ်ပါတယ်။

Q. အခုလက်ရှိမှာရော ဘာလုပ်နေတာပါလဲဗျ။

A. အခုလက်ရှိကတော့ Spa ဆိုင်မန်နေဂျာလုပ်နေပါတယ်။ အရင်ကတော့ ဖုန်းဆိုင်မှာ Account ပိုင်းကို တာဝန်ယူပါတယ်။ ကျွန်တော်က Account နဲ့ပြီးထားတာပါ။ ခုနောက်ပိုင်း သူဌေးက Spa ဆိုင်ဖွင့်တော့ လူယုံအနေနဲ့ မန်နေဂျာလုပ်ဖြစ်သွားတာပါ။

Q. အကိုတို့လုပ်နေတဲ့ Spa ဆိုင်က ဘယ်လိုဝန်ဆောင်မှုမျိုးကို ပေးတာပါလဲဗျ။

A. ဘယ်လိုမျိုးလဲဆိုတော့ ကျွန်တော်တို့ဆိုင်က HM တွေအတွက် အဓိကထားပါတယ်။ အနှိပ်ဝန်ဆောင်မှု ပေးပါတယ်။ ဆိုင်ကနှိပ်တာကို သဘောကျပြီး လာတဲ့Straight Customer တွေလဲ လာပါတယ်။

Q. လိင်တူချစ်သူတွေအတွက်ရော ဘာတွေများလုပ်ပေးဖြစ်ပါသလဲဗျ။

A. Kings N Queens နဲ့ပေါင်းပြီး လိင်တူချစ်သူတွေအတွက် ပညာပေးပြဇာတ်တွေ ကခဲ့ဖူးပါတယ်။ ခုနောက်ပိုင်း အလုပ်မအားတော့ အရင်ကလောက်တော့ သိပ်မလုပ်ဖြစ်တော့ပါဘူး။

Q. ကျွန်တော်တို့နိုင်ငံမှာ လိင်တူချစ်သူတွေနဲ့ ပတ်သတ်ပြီး ဘာတွေလိုအပ်သေးတယ်လို့မြင်လဲဗျ။

A. အဓိကလိုအပ်တာကတော့ ခွဲခြားမှုပပျောက်ရေးပါ။ အရင်ကထက်စာရင်တော့ ခွဲခြားမှုသိပ်မရှိတော့ဘူးလို့တော့ မြင်မိပါတယ်။ ကျယ့်ပြန့်လာပြီး အများကလဲ လက်ခံလာကြပါပြီ။ လိင်တူချစ်သူတွေကိုယ်တိုင်ကလဲ သူများပြောစရာမဖြစ်အောင် နေထိုင်ဖို့တော့ လိုပါသေးတယ်။

Q. ဘ၀တူလိင်တူချစ်သူတွေဖြစ်တဲ့ ယောကျာ်းလျာတွေအပေါ်မှာရော ဘယ်လိုမြင်ပါသလဲဗျ။

A. ကျွန်တော်တို့ငယ်ငယ်ကဆိုရင် မိန်းကလေးချင်းအတူနေတာကို လက်ခံကြပေမဲ့ ယောကျာ်းလေးချင်း အတူနေတာကို လက်မခံကြသေးပါညဘူး။ နောက်တစ်ခုက မိန်းမလျာတွေ စည်းလုံးမှုအားကောင်းပြီး ယောကျာ်းလျာတွေကတော့ ဖာသိဖာသာနေကြပါတယ်။ အရင်က ကျွန်တော်တို့အိမ်ရှေ့မှာ အသက်၄၀ကျော် Lesbianအတွဲရှိပါတယ်။ သူတို့ကို လူတွေက လက်ခံပြီးတော့ ကျွန်တော်တို့ဂေးလ်တွေကို လူတွေက ဘာလို့လက်မခံတာလဲလို့တော့ တွေးမိပါတယ်။

Q. လိင်တူချစ်သူတွေအပေါ်ကျန်းမာရေး ရှုထောင့်ကနေ ပြောပေးပါအုံးဗျ။

A. လိင်တူချစ်သူဆိုလိုရင် ကျွန်တော်ကဂေးလ်ဆိုတော့ ဂေးလ်အကြောင်းပဲ ပြောပါမယ်။ အရင်ခေတ်ကဆို ကွန်ဒုံးက အရမ်းကိုရှားပါတယ်။ ကွန်ဒုံးကိုလဲ ဆောင်မထားရဲဘူး။ ဆောင်ထားလို့ အိမ်ကမိဘတွေသိရင် ဘယ်လိုမြင်မလဲဆိုတဲ့ အတွေးတွေဝင်မိတာပေါ့။ ငယ်ငယ်ကဆိုရင် လိင်ဆက်ဆံရင် ကွန်ဒုံးသုံးရမယ်ဆိုတော့ ကွန်ဒုံးဆိုတာ ဘယ်လိုဟာမျိုးကြီးလဲ မြင်တောင်မမြင်ဖူးကြဘူးလေ။ TV မှာ ပုတ်သင်ညိုကြီးနဲ့ အဖော်ဆောင်ထား ဆိုပြီး ကြော်ငြာတာလောက်ပဲတွေ့ဖူးတာလေ။ ဘယ်သူမှလည်း သွားမဝယ်ရဲကြဘူး။ အရမ်းအရှက်အကြောက် ကြီးတဲ့သူတွေဆိုရင် အဆင်မပြေပါဘူး။ ကိုယ်သွားတဲ့ ဟိုတယ် တည်းခိုခန်းက ကွန်ဒုံးမရှိရင်လဲ အဆင်မပြေပြန်ဘူး။ ခုချိန်မှာတော့ လူငယ်လေးတွေ မိဘတွေကအစ ကွန်ဒုံးဆိုတာ ဘာလဲဆိုတာနားလည် လာကြပါပြီ။ ကျွန်တော်တို့ခေတ်ကပဲ တော်တော်ခက်ခဲပါတယ်။

Q. လိင်ဆက်ဆံတဲ့အခါမှာ ဘယ်လိုပုံစံမျိုးဆက်ဆံဖြစ်ပါသလဲဗျ။

A. လိင်ဆက်ဆံရင်တော့ Anal Sex, Oral Sex ဆက်ဆံဖြစ်ပါတယ်။

Q. အဲ့ဒီလိုလိင်ဆက်ဆံတဲ့အတွက် ကျန်းမာရေးအရ ဘယ်လိုဆိုးကျိုးတွေ သက်ရောက်နိုင်ပါသလဲဗျ။

A. ကျွန်တော်က NBC အဖွဲ့ရဲ့ HIV Prevention Projfect တစ်ခုမှာ ခြောက်နှစ်လောက် Volunteer လုပ်ခဲ့ဖူးတော့ သိနေပါတယ်။ သူငယ်ချင်းတွေကို Oral sex ဆက်ဆံတဲ့အခါ ကွန်ဒုံးသုံးဖို့တော့ တိုက်တွန်းပါတယ်။ ဒါပေမဲ့လဲ ကိုယ်တိုင်တောင်မှ ကွန်ဒုံးသုံးရတာ သဘောမကျတော့ မသုံးဖြစ်ပါတယ်။ ကျွန်တော်အထင် oral sex လုပ်တဲ့အချိန်ဆိုရင် ကွန်ဒုံးသုံးတဲ့သူ သိပ်မရှိလောက်ပါဘူး။ ဒါဟာလဲ အန္တရာယ်များပါတယ်။ Anal Sex ဆက်ဆံတဲ့ အခါမျိုးမှာဆိုရင်တော့ ကွန်ဒုံးအမြဲသုံးပါတယ်။

Q. အခုလက်ရှိ အိမ်ထောင်ဖက်ကရော ဘာအလုပ်လုပ်ကိုင်ပါသလဲဗျ။

A. သူက အခုလက်ရှိကတော့ ဖုန်းဆိုင်မှာ လုပ်ပါတယ်။ ပြီးတော့သူက နတ်ကတာကိုလဲ ဝါသနာပါပါတယ်။ နတ်ကို အရမ်းကိုးကွယ်ယုံကြည်ပါတယ်။ အလုပ်လုပ်တာကတစ်ဖက် နတ်ကတာကတစ်ဖက် လုပ်ပါတယ်။ သူကအရမ်းဝါသနာပါတော့ ဒီနတ်လမ်းကြောင်းပေါ်ကို မရောက်ရောက်အောင် ကျွန်တော်ကိုယ်တိုင် တွန်းတင်ပေးခဲ့ပါတယ်။ နတ်ကတယ်ဆိုတာကလဲ ပါရမီအထုံပါလာမှ ဖြစ်တာပါ။ ကိုယ်ကဘယ်လောက်ပဲ ကချင်နေပါစေ အထုံပါမလာရင် မအောင်မြင်နိုင်ပါဘူး။ ကျွန်တော်နဲ့သိတဲ့ နတ်ဆရာတွေနဲ့ မိတ်ဆက်ပေးပြီး ဒီနတ်လောကထဲကို ရောက်အောင်တွန်းပို့ခဲ့ပါတယ်။ ခနတ်ကတယ်ဆိုတာကလဲ ပါရမီအထုံပါလာမှ ဖြစ်တာပါ။ ကိုယ်ကဘယ်လောက်ပဲ ကချင်နေပါစေ အထုံပါမလာရင် မအောင်မြင်နိုင်ပါဘူး။ ကျွန်တော်နဲ့သိတဲ့ နတ်ဆရာတွေနဲ့ မိတ်ဆက်ပေးပြီး ဒီနတ်လောကထဲကို ရောက်အောင်တွန်းပို့ခဲ့ပါတယ်။ ခုဆိုရင် အိမ်ထောင်သက်က သုံးနှစ်ကျော်သွားပါပြီ။

Q. အိမ်ထောင်သက်သုံးနှစ်မှာ သူ့ဘက်ကမိဘတွေနဲ့ ဆက်ဆံရေးကရော ဘယ်လိုရှိပါသလဲဗျ။

A. အဆင်ပြေပါတယ်။ ဘာလို့လဲဆိုတော့ အတူလဲမနေဖြစ်ပါဘူး။ တစ်ခါတစ်ရံမှသာ မိဘတွေက လာလည်တာပါ။

Q. မိဘတွေနဲ့ပတ်သတ်ပြီးတော့ရော မှတ်မှတ်ရရအဖုအထစ်တွေ ရှိခဲ့လားဗျ။

A. သူက သူ့မိဘတွေကို ကိုယ့်ထက်ချစ်ပြဂရုစိုက်ပြနေရင် အရမ်းသဝန်တိုပါတယ်။ သူ့မောင်နှမတွေကို ဂရုစိုက်ပြရင်တောင်မှ မနာလိုပြီး ဒေါသထွက်ပါတယ်။ ဒါပေမဲ့လည်း သေချာစဉ်းစားကြည့်တော့ ကိုယ့်အမှားဆိုတော့ နေတတ်အောင်နေပါတယ်။ သူ့မိဘတွေနဲ့ အတူနေရင်တော့ အဆင်ပြေနိုင်မယ်မထင်ပါဘူး။ အဆင်ပြေအောင်ဆိုရင်တော့ ကိုယ့်ကိုကိုယ်ပြုပြင်ရပါမယ်။ စိတ်နဲ့ဆိုင်သွားတာပေါ့နော်။ သူ့ကိုချစ်တဲ့စိတ်က အရမ်းကြီးတော့ အဲ့လိုတွေဖြစ်သွားတာပါ။

Q. ခုခေတ်မှာ ဟိုမိုလို့ကိုယ့်ကိုကိုယ်ပြောနေတဲ့ ကလေးတွေကို ဘာများပြောချင်ပါသလဲဗျ။

A. ခုခေတ်ကလေးတွေကတော့ ကိုယ့်ထက်တောင်တတ်နေပါသေးတယ်။ ကိုယ်တွေသူတို့လိုအရွယ်က ဘာမှမသိခဲ့ဘူး။ အဓိကကတော့ သူများလက်ညှိုးထိုးမစရာ မဖြစ်အောင်နေစေချင်ပါတယ်။ ကိုယ့်အကျင့်စာရိတ္တကို ကိုယ်တိုင်ထိမ်းသိမ်းရပါမယ်။

Q. ဘဝမှာ ပျော်ရွှင်စရာဖြစ်စေ ဝမ်းနည်းစရာဖြစ်စေ မမေ့နိုင်စရာ အဖြစ်အပျက်တွေရှိလားဗျ။

A. မမေ့နိုင်စရာအကြောင်းရင်းဆိုတာထက် ခုဖြစ်နေတဲ့ လက်ရှိဘဝကိုကျေနပ်ပါတယ်။ ငွေရေးကြေးရေးပိုင်းကို ပြောတာမဟုတ်ပါဘူး။ ခုလက်ရှိအိမ်ထောင်နဲ့ အတူနေရတာကို နှစ်သက်ပါတယ်။

Q. ကျွန်တော်တို့မြန်မာနိုင်ငံမှာ လိင်တူလက်ထပ်ခွင့်ကို ဥပဒေအရတရားဝင် လက်ထပ်ခွင့်ပြုရင် ဘယ်လိုဆန္ဒရှိပါသလဲဗျ။

A. လက်ထပ်တာဆိုတာထက် အခုချိန်မှာလဲ လင်မယားလိုအတူနေထိုင်လို့ကတော့ ရပါတယ်။ ကျွန်တော့်အနေနဲ့ ကတော့ အတူနေထိုင်နေပြီးဖြစ်တဲ့အတွက် စာရွက်ပေါ်မှာ လက်မှတ်ထိုးနေစရာမလိုတော့ပါဘူး။

Q. ကလေးမွေးစားဖို့ရော စဉ်းစားမိလားဗျ။

A. မရှိပါဘူး။ ကိုယ့်ကြောင့်မို့လို့ သူများကလေးကို မနစ်မွန်းစေချင်ဘူး။ အနာဂတ်မမဲ့စေချင်ပါဘူး။

Q. ရှေ့ဆက်မဲ့ အနာဂတ်မှာရော ဘာတွေလုပ်ဖြစ်မလဲဗျ။

A. ကျွန်တော်တို့နှစ်ယောက် အတူနေထိုင်မယ်။ သူနဲ့ကိုယ်နှစ်ယောက်လုံးမှာက မိသားစုမောင်နှမတွေ ရှိကြပါတယ်။ မောင်နှမတွေက မွေးဖွားလာတဲ့ တူ/တူမတွေကလဲ ကိုယ့်သားသမီးတွေပါပဲ။ ကိုယ့်မှာပိုက်ဆံအရမ်းချမ်းသာနေရင်တော့ ကိုယ့်ရဲ့သွေးသားနဲ့ ဖန်ပြွန်သန္ဓေသားယူဖို့တော့ ဆန္ဒရှိပါတယ်။ သူများသားသမီးဆိုရင် အဖေဘယ်သူလဲ အမေဘယ်သူလဲနဲ့ ဘာဆက်ဖြစ်မယ်မသိနိုင်ပါဘူး။ အသက်ကြီးလာတဲ့အချိန် ပိုက်ဆံအရမ်းချမ်းသာနေရင်တော့လဲ တစ်မျိုးပြောင်းရင်လဲ ပြောင်းနိုင်ပါတယ်။

အခုလိုမျိုးဖြေကြားပေးသွားတာ ကျေးဇူးအများကြီးတင်ပါတယ်။

## ၄၇။ ညီညီအောင် (၆၅) ပြည်မြို့



Q. အမေ မင်္ဂလာပါ အမေ့နာမည်နဲ့ အသက်ကို ပြောပြပေးပါ။

A. နာမည်ကတော့ ညီညီအောင်လို့ခေါ်ပါတယ်။ အသက်ကတော့ ငါးဆယ့်ခြောက်နှစ်ပါ.

Q. အမေက လိင်စိတ်ခံယူမှု့ ဘယ်လိုခံယူထားပါသလဲ။

A. အမေ့က ကိုယ် ကိုယ်ကို မိန်းမလို့ပဲ ခံယူထားပါတယ်။

Q. ဘယ်အချိန်လောက် ကိုယ့်ကိုယ်ကို ဘယ်အရွယ်က စသိတာလဲ။

A. အမလေး သားရယ် ကြာပြီပေါ့နော် ။ ကျောင်းတက်ရင်းနဲ့ ကိုဘဲ အလှအပ တွေပြင်အဲ့လို မျိုးပဲ နေတက်ပါတယ်။

Q. အမေစသိတက်ခါစ ဆိုတော့ ဘယ်အရွယ် လောက်ဖြစ်မလဲ ။

A. ကျောင်းစတက်တဲ့ အချိန်ဆိုတော့ လေးငါးခြောက်နှစ်ပေါ့သားရယ် ။

Q. ဒါဆို အဲ့ဒီအချိန်က အမေနဲ့ အမေ့မိသားစု အခြေအနေလေးကိုပြောပြပေးပါ။

A. အခန်းတံခါးပိတ်ပြီးတော့ အရိုက်ခံရတယ်။ အဲ့ဒီလိုတွေပေါ့နော် အခြောက်ဖြစ်တယ်ဆိုပြီးတော့ မိဘတွေကလဲ ရှက်ကြတာပေါ့နော်။ မလုပ်ရပါဘူး ကျောင်းဘဲ တက်ရမှာပေါ့နော်။ ကျောင်းလဲ မတက်ချင်ဘူးလေ ကျောင်းမှာဆိုရင် ခြေသည်းလက်သည်း ရှည်ထားချင်တယ်။ အဲ့တော့ ထားတော့ ကျောင်းက ဆရာမတွေနဲ့ ပြသာနာတက်တယ်။ စကားတွေများကြတယ်။ ဆရာမက လက်သည်းရှည်တွေ ညှပ်ပြီးကျောင်းတက်ဆိုတော့ ကလန်ကဆန်လုပ်ပြီးကျောင်းမတက်တော့တာ။

Q.အမေ့ရဲ့ ငယ်ဘဝကနေပြီးတော့ အခုလက်ရှိ အချိန်ထိ အကြောင်းလေးကို သိချင်ပါတယ် ။

A . အဲ့လိုမျိုးတွေပေါ့နော် မိဘတွေက ဆုံးမတယ် အမေက မနာခံဘူးပေါ့နော်။ ကိုယ်က အခြောက်လေ အဲ့တော့အရမ်း

လှချင်ပချင်တယ်။ အဲ့ဒါကြောင့် အဲ့လိုမျိုးတွေ နေခဲ့တယ်။ အခုချိန်ထိပေ့ါနော်။ ခုထိလဲ လှချင်နေတုန်းပါပဲ ။ ဒါပေမဲ့ ကိုယ်က မိန်းမစိတ်သာခံယူထားတာလေ မိန်းမလိုတော့လဲ ဝတ်စားပြီး အမြဲမနေချင်ဘူး ။ အဲ့လိုကြီးပေ့ါနော် လူတောမတိုးလောက်ဖူးလို့ထင်တယ် မိန်းမဝတ်ဆုံမဝတ်ဘဲ ဒီလိုသာမာန် ဝတ်စုံ ဝတ်လို့ရှိရင် ဒီလိုဝတ်ရင် အခြားဘယ်ကိုပဲ သွားသွား ကိုယ့်ကိုယ်ကို တင့်တယ်တယ်လို့ ထင်မိတယ်။ အဲ့လိုမျိုးပေ့ါနော်။ပြီးတော့ ညီအစ်ကို နှစ်ယောက်တည်းရှိတော့ အကိုကလဲ မကြိုက်ဘူးပေ့ါနော် ။ အဘကတော့ အဲ့လိုမဟုတ်ဘူးပေ့ါနော်။ ခွင့်ပြုတယ် ငါ့မြေးနေချင်သလိုနေ ဆိုပြီးတော့ အဲ့လိုအမြဲ ပြောတယ်။ အမေကတော့ အဲ့လိုနေတယ်ဆိုပြီးတော့ အကိုနဲ့ အတူ တိုင်ပင်ပြီးတော့ အခန်းတံခါး ပိတ်ပြီးရိုက်ပါတယ်။ ရိုက်တော့လဲ ခံလိုက်တာပါပဲ။ နောက်ဆုံးတော့ အခြောက်က အခြောက်ပဲလေ။ ပြီးတော့ အခြောက်ဘဝမှာ ပျော်တယ်လေ။ လွတ်လွတ်ကျွတ်ကျွတ် နေခဲ့တာဆိုရင် ၁၆ နှစ်သားလောက်ထဲကပါပဲ။ အမေကလဲ နောက်အိမ်ထောင်ပြုသွားတယ်လေ။ အဲ့တော့ အဖိုးနဲ့ ပဲနေခဲ့ပါတယ်။ အဖိုးတစ်ယောက်က ရန်ကုန်မှာရှိသေးတော့ အကိုက အဲ့အဖိုးနဲ့ အတူ သွားနေတယ် ။ ကျွန်တော်က ပြည်က အဖိုးနဲ့ နေတာပေ့ါ။ အဖိုးကလဲ အရမ်းချစ်တော့ အလိုလိုက်တယ် ။ ကျွန်တော် နေချင်သလိုနေတယ် ထိုင်ချင်သလိုနေတယ်။ အခုချိန်ထိပါပဲ။ အမေ့ကျောင်းကို ခုနှစ်တန်းထဲက မတက်တော့တာပေ့ါ။ ဘာအလုပ်မှမလုပ်ပဲနဲ့ နေတာပေ့ါနော်။ ဒါပေမဲ့ ဘဘကတော့ ပြည်မြို့က ရဲကျောင်းအုပ်ဆိုပေ့ါနော်။ ဘာအလုပ်မှ မရှိတော့ အမေတို့ မြေးအဖိုး နေတဲ့ အိမ်တစ်ခြမ်းကို ဘာငှါးတဲ့ မိန်းမလျှာကြီးတစ်ယောက်ရှိတယ်။ သူ့နာမည်က မာမီကြင်တဲ့ ၊ သူက မင်းသမီး နှဲ့နှဲ့မူရဲ့ မိတ်ကပ်ဆရာပေ့ါနော်။ ငှါးပါဆိုတော့ အိမ်တစ်ခြမ်းကို ငှါးလိုက်တာပေ့ါနော်။ သူက မိတ်ကပ်တွေ ဘာတွေလဲ ပြင်တော့ သူ့နောက်ကို အားနေတော့လိုက်တာပေ့ါ။ သူကလဲ ခေါ်တယ်လေ အဖော်မရှိတော့လို့ အဲကစပြီးတော့ မိတ်ကပ်လေးဘာလေး လိမ်းတက်လာတယ်။ ဒီလိုလွတ်လွတ်လပ်လပ် နေတက်တယ်။ အသက် ၁၈ နှစ်ကျတော့ ယောကျာ်းယူလိုက်တယ် ။ ၁၈ နှစ်ယူပြီးတော့ ၇ နှစ်ေ ၈ နှစ် လောက်မကဘူး ၁၀ နှစ်လောက် တော့ပေါင်းလိုက်ရပါသေးတယ်။ ပေါင်းပြီးကာမှ သူက မိန်းမယူတာပေ့ါလေ။ မိန်းမယူတော့ မကြိုက်ဖူးပေ့ါနော်။ သူက ကလိန်ကကျစ်နဲ့ မိန်းမယူမယ် မပြောဘဲ နဲ့ ကိစ္စရှိတယ်ဆိုပြီးတော့ မိန်းမယူလာတာပေ့ါနော်။ သိလိုက်တဲ့ အချိန်မှာ အရမ်းစိတ်တိုပြီးတော့ ပါးတွေ နားတွေ ရိုက်တာပေ့ါနော်။ နောက်ဆုံးတော့ သူ့ဘဝကိုသူ ရွေးချယ်သွားတာပါပဲ။ အဲ့ဒါနဲ့ ညအချိန်မတော် စိတ်ကလဲ အရမ်းတိုတော့ ဘယ်လိုပြောရမလဲ မျက်စိရှေ့ တွေ့တဲ့ ရေနံဆီကိုသောက်မလို့ အပြင်ကိုထွက်လာတာပေ့ါနော် ၊

အိပ်ယာထဲကနေ ထွက်လဲထွက်လာကော အဲ့ဒီ ပုလင်းကိုကိုင်လိုက်တဲ့ အခါ အဖိုးဖြစ်တဲ့လူက ထွက်လာပြီးတော့ ပါးကိုပိတ်ရိုက်လိုက်တယ်လေ။ ရေနံဆီ ပုလင်းလဲ မှောက်သွားတယ်လေ။ အဲ့ဒီ အချိန်ကစပြီး တော့ မလုပ်သင့် မလုပ်ထိုက်တာကို မလုပ်ရဘူးလို့ ဆုံးမတယ်။ ဒီလိုပဲ ကောင်းကောင်းမွန်မွန်နေပါဆိုပြီးတော့ ပြောတယ်။ နောက်တော့ သူက သူ့မိန်းမကိုအိမ်ကိုခေါ်လာပြီးတော့ နေတာပေါ့နော်။ အိမ်ကိုခေါ်လာတော့လဲ သူ့မိန်းမနဲ့ နည်းနည်းအဆင်ပြေလာတယ်ပေါ့နော်။ နောက်ပိုင်းကျတော့ သူက ဒီနိုင်ငံမှာ အလုပ်မလုပ်ချင်တော့ဘူးဆိုပြီးတော့ ပြောတယ် အမေကိုယ်တိုင်သားရယ် အိမ်တစ်ခြမ်းရောင်းထားတဲ့ ငွေတွေကလဲရှိတော့ သူကို နိုင်ငံခြားကို ပို့ပေးလိုက်ပါတယ် နောက်တော့မှ သူဟိုမှာ အလုပ်လုပ်ပြီးတော့ ခုနစ်လောက်လုပ်ပြီးမှ ပြန်လာတယ် ။ သူသွားတုံးက အမေက သွားဖို့ ပိုက်ဆံ သိန်းနှစ်ဆယ် ထုတ်ပေးလိုက်ရတယ်။ ပြန်လာတော့ သားရယ် နာရီလေးတစ်လုံးပဲ ပါလာတယ် အမေ့လေ စိတ်တိုလွန်းလို့ လွှတ်ပစ်လိုက်တယ်။ နာရီဆိုတာက ရန်ကုန်မှာ တက်ဝယ်လဲ ရတာပဲလေ။ နာရီဆိုတာ နိုင်ငံတိုင်းမှာရှိနေတာပဲ ။ နောက်ပိုင်းကျတော့ သူလဲ မလာရဲတော့ဘူးလေ။ ကိုယ်ကလဲ သူ့ ကိုကျိန်စာလဲ မတိုက်ခဲ့ပါဘူးနော် ။ ဒါပေမဲ့ လွန်ခဲ့တဲ့ လေးနှစ်လောက် က သူမျက်လုံးကွယ်သွားတယ် ပြီးတော့ အခုဆို ဆုံးပါးသွားပါပြီ။ သူ့ မိန်းမနဲ့ကတော့ သူနိုင်ငံခြားသွားနေတဲ့ထဲက အမေတို့အိမ်မှာ မနေတော့တာလေ ။ သူနိုင်ငံခြားသွားနေတုံးတော့ သူ့ မိန်းမဆီတော့ ပို့မှာပေါ့ပိုက်ဆံတွေ ။ ဒါပေမဲ့ မိန်းမလျှာ တစ်ယောက်ဆီကတော့ ဒီလိုလုပ်ဖို့မကောင်းပါဘူး ။ အဲ့ဒါနဲ့ အမေလဲ အေးအေးဆေးဆေး နေလာလိုက်တယ်လေ။ ကိုယ့်ကိုကြိုက်တဲ့လူကိုလဲ ပြန်သဘောမကျဘူး ။ ကိုယ့်အရမ်းနှစ်သက်တဲ့ သူပေါ့နော် မူဆလင် ဆိုပိုကြိုက်တယ်။ ပြီးတော့ ထောင်ထောင်မောင်းမောင်းလူမျိုးကို ပိုကြိုက်တယ်။ ပြီးတော့ ကန္တကယျတွေဆို လှည့်ကိုမကြည့်ချင်ဘူး ။ စိတ်လဲ မဝင်စားဘူးပေါ့နော်။ အဲ့ဒါနဲ့ နေလာတာ ဒီလိုပဲပေါ့နော် ကြာတော့ အမေ့ရဲ့ အမေက နောက် အိမ်ထောင်ပြုပြီးတော့ စားသောက်ဆိုင်ဖွင့်ထားတော့ အဲ့ကိုသွားရင်းနဲ့ စားပွဲထိုးကောင်လေး တစ်ယောက်နဲ့ ဖြစ်သေးတယ်။ အဲ့ကောင်လေးက ခပ်ဆင်ဆင်ပေါ့နော်။ အဲ့မှာ အမေ့ ပထွေးက ဘာကြောင့် ကိုယ့်ထက်နိမ့်တဲ့ လူနဲ့ ဘာကြောင့် ဖြစ်ရတာလဲပေါ့ ။ သိက္ခာကျတယ် ဘာညာပေါ့ အဆူခံရတယ်။ အဲ့ဒါက တစ်ယောက်ပေါ့နော်၊ အဲ့ဒါနောက်လဲကျရော အေးအေးချမ်းချမ်း ပဲနေလိုက်တယ်။ နေလဲနေရော ကိုမောင်ကြီး နဲ့ တူတူမိတ်ကပ်တွေလိုက်ပြင်တယ်။ ပြင်ရင်း ပြင်ရင်းနဲ့ အမေက ယောကျာ်းတစ်ယောက်ထက်ယူလိုက်ပါတယ်။ သူ့ နာမည်က မောင်ဇော်တဲ့ ။ သူက ပြည်မြို့တစ်ဖက်ကမ်းမှာ နေတဲ့ စစ်သားလေ။

ယူပြီးလဲ ပြီးရော ၊ အခု ဆိုရင် ၁၇ နှစ်လောက်တူတူနေခဲ့တယ်။ ပြီးတော့ သူကယောကျာ်း သဘာဝ အချိန်တက်တော့ မိန်းမလိုချင်တာပေါ့နော်။ ပြီးတော့ သူကလဲ မိန်းမယူသွားတော့ သုံးနှစ်လောက်ကွဲ သွားတယ်။ နောက်သူက ထောင်တွေဘာတွေကျသွားသေးတယ်။ ထောင်က ထွက်လာပြီးတော့ အမေ့ဆီကို ပြန်လာသေးတယ်။ ဒါပေမဲ့ အမေကပြန်မပေါင်းချင်တော့ဘူးလေ။ ခဏတစ်ဖြုတ်လောက် တွေ့ချင်ရင် တွေ့လိုက်ပါတယ်။ လိင်ကိစ္စတော့ မလုပ်ဖြစ်တော့ဘူးပေါ့နော်။ ပြီးတော့ ကိုမောင်ကြီးတို့နဲ့ တူတူနေလိုက်နေပြီး အလုပ်တူတူလုပ်လိုက်ပါတယ်။ ကိုယ်ကြိုက်တဲ့ သူကို တော့ ခေါ်စားလိုက်တာပေါ့နော် ၊ ဗမာတွေကိုတော့ သိပ်မစားဖြစ်ပါဘူး ၊ ကုလားတွေစားတာများတယ်။ ဒါပေမဲ့ အမေပထမယူခဲ့တဲ့ ယောကျာ်းက ဗမာ ပါ။ ချောတော့ချောတယ်။ စတွေ့တာကတော့လေ တန်ဆောင်မုန်း လကြီးပေါ့နော်၊ ပွဲဈေးတန်းတွေထိုးတော့ သူကအဲ့ဒီလိုပဲ စက်ဘီးလေးနဲ့ သူ့ အပ်ချုပ်ဆိုင်ကို သွားလေ့ရှိတယ်။ အဲ့ဒီမှာ စလိုက်တာပေါ့နော်။ အဲ့လိုစရင်းနဲ့ ဖြစ်သွားတာပေါ့နော်။ ကိုယ်ကလဲ အဲ့လောက်ထိ တွဲဖြစ်လိမ့်မယ် မထင်ထားဘူးပေါ့နော်။ သူက အခြောက်တော့ချစ်တယ်။ အမေက သူ့ကိုအခြားမိန်းမတွေနဲ့ စကားပြောရင် မကြိုက်ဘူး။ အပ်ချုပ်ဆိုင်ကိုလိုက်ပြီးတော့ကိုသောင်းကျန်းတာပေါ့နော်။ အဲ့တော့ နည်းနည်းတော့ကြောက်တယ်။ ဖြို့တာပေါ့နော်။ နောက်ပိတ်ဆုံးကြတော့လဲ ရည်ရွယ်ချက်နဲ့ မိန်းမယူသွားတာပေါ့နော်။

Q. အမေရဲ့ ပထမဆုံးလိင်ဆက်ဆံမှု့ က ဘယ်သူနဲ့လဲ ဘယ်လိုတွေဖြစ်ခဲ့ကြတာလဲ။

A. အော် ဒါလား ။ အဲ့ဒါကတော့ပြောလို့ရတယ်။ မာမီတို့အိမ်ရဲ့တအိမ်ကျော်က အဲ့တုန်းကလေနတ်ပွဲကိုသွားကြည့်တာ ၊ ကိုယ်ကလည်းသေးသေးလေးဆိုတော့ ခြေဖျားလေးထောက်ကြည့်ရတာပေါ့ ၊ အရှေ့ကနတ်ကနေတော့ နောက်ကနေ လူတစ်ယောက်က လာထောက်နေတယ်ပေါ့ ။ သူလည်းကြည့်တာပေါ့နတ်ကတာကိုလေ အဲ့လိုလေးပေါ့။ ကြည့်တယ်ဆိုတော့ ကိုယ်တင်ပါးကိုသူ့ပစ္စည်းနဲ့လာထောက်နေတာပေါ့။ ဘယ်သူပဲ့လိမ်ဆိုပြီးတော့ ကြည့်လိုက်တော့ အိမ်တစ်အိမ်ကျော်က ဦးလေးကြီးဖြစ်နေတယ် ။ ကိုယ်ကလဲ အဲ့တုံးက ၁၅ ၁၆ လောက်ပဲရှိသေးတာ ဘာမှ့လဲ မသိသေးဖူးပေါ့နော်။ အဲ့ဒါလေ မတ်တပ်ရပ်ပြီးကြည့်တာဆိုတော့ အနောက်ကနေ ထောက်နေလိုက် တိုးလိုက်နဲ့သူကလုပ်နေတာပေါ့။
ပြီးတော့သူကလဲအသက်လေးဆယ်ကျော်ဆိုတော့လေ
အိမ်ကိုသွားကြမယ်ဆိုပြီးတော့ အတင်းဆွဲခေါ်သွားတာပေါ့ ။ လာစမ်းပါလိုက်ခဲ့စမ်းပါဆိုပြီးတော့ လိုက်သွားတော့ သူ့အိမ်မှာလဲ

ဘယ်သူ့မှမရှိဖူးဆိုတော့ပါသွားရောပေ့ါ။ အိမ်ရာက်တော့ရေချိုးခန်းထဲခေါ်သွားပြီးတော့ အမေ့ကိုသူလုပ်တာပေ့ါနော် ။အရမ်းနာတော့အဆင်မပြေဖူးဆိုပြီး ဘာဆီတွေလဲမသိဖူး ထည့်လိုက်တယ်လေ အမေအဲ့အချိန်သိလိုက်တာကတော့ မျက်လုံးထဲ ကြယ်တွေလတွေမြင်သွားတာပေ့ါနော်။ အဲ့အချိန်ကစပီးတော့ အဲ့လိုတွေဖြစ်သွားတာပေ့ါနော်။

Q. အဲ့အချိန်အမေ့ရဲ့ စိတ်ခံစားချက်ကိုပြောပြပေးလို့ရမလား။

A. အမလေးကြောက်ဖို့ကောင်းလိုက်တာ သားရယ်။ အရမ်းကြောက်ဖို့ကောင်းတာပဲပေ့ါ ။ ကြယ်တွေလတွေပါမြင်သွားတာလေ ။နောက်တစ်ခုက ငါ့ဘဝကြီးတော့ တစ်မျိုးကြီးဖြစ်သွားပါပြီးရင်တွေပန်းတွေတုန်သွားတာပေ့ါနော်။ ချွေးသီးချွေးပေါက်တွေပါကျနေတာလေ။ အဲ့လိုလေးပေ့ါ ကန့်တော့ပါရဲ့ ပထမဦးဆုံးဆိုတော့ နာတာကအရမ်းလေ ။ ဘယ်လိုဖြစ်သွားမှန်းကိုမသိဖူး ။၁ပါတ်လောက်ပဲနေပါတယ် နောက်တော့လဲ မိန်းမရာသဘာဝ သိတဲ့အတိုင်းပေ့ါနော်။

Q. နောက်ထက်အချစ်ဇာတ်လမ်းတွေကောရှိသေးလားအမေ။

A. ရှိခဲ့ဘူးတာပေ့ါ ဘယ်လိုတွေ့တာလဲဆိုတော့ ပြည်မြို့ဟိုတစ်ဘက်ကမ်းက ရွှေဘုံသာဘုရားပွဲတော်မှာ ပွဲရှိတော့သွားကြတာပေ့ါနော်၊ အဲ့သွားတုံးကတွေ့တာပေ့ါ အမေကလဲ ပိန်ပိန်လေးလေ အခုလိုဝဝ တုတ်တုတ် မဟုတ်ဖူးပေ့ါ။ ပြီးတော့ဆံပင်ကလဲ အရှည်ကြီးဆိုတော့ပြီးတော့ မိန်းမပုံလေးနဲ့ဆိုတော့ ကြိုက်ကြတာပေ့ါနော် ။ အဲ့ဒါကိုသူကစွဲလမ်းပြီးတော့ ဒီဘက်ကမ်းပြည်မြို့ အထိတောင်ရောက်လာပြီး အမေ့ကိုလာရှာတာပေ့ါနော်။ ရှာပြီးတော့ တွေ့သွားတော့ အတူတူနေချင်လို့ ဆိုပြီးတော့ စစ်တပ်ကနေထွက်ပြေးပြီးတောင်လာနေတာပါ။ အဲ့တော့ အမေတို့နှစ်ယောက်ကိုမောင်ကြီးတို့ အိမ်ပေ့ါနော် အဲ့မှာနေပါတယ်။ နေရင်းနဲ့နောက်လဲကြကော စစ်ပြေးဆိုတော့ ရှောင်လို့မရတော့ဘူးလေ အဖမ်းခံရတော့ ထောင်ကျသွားပါလေရော။ အဲ့လိုလေးပေ့ါ ၊ ထောင်ကထွက်လာတော့လဲ တူတူနေလိုက်သေးတယ် နောက်မှ မိန်းမကိစ္စ ရှုပ်လို့ အခုတော့ မတွဲတော့ဘူး အမေကမိန်းမကိစ္စရှုပ်တာလောက်မုန်းတာမရှိဘူးလေ။ ဟိုးအစတည်းကပြောထားတယ် ။စယူကတည်းက အခြောက်ကြိုက်တာလား မိန်းမကြိုက်တာလားစဉ်းစား။ အခြောက်ကြိုက်တာဆို အခြောက်နဲ့ပဲနေ မိန်းမတွေနဲ့မရောနဲ့ ဖယားမရှုပ်နဲ့ပေ့ါ။ ဒါပေမဲ့ သဘာဝပဲလေ ။ကိုယ်ကအပြစ်ပြောလို့တော့မရဘူးပေ့ါနော်။ အဲ့ဒါကြောင့် ကွဲသွားတာ။

Q.အမေတို ့ဘယ်လောက်ကြာကြာပေါင်းလိုက်ကြလဲ ကွဲသွားတဲ့ အချိန်မှာ အမေအသက် ဘယ်လောက်ရှိပြီလဲ။

A. ပြတ်သွားတဲ့အချိန်မှာ အမေ့အသက်က ၅၀ ကျော်ကျော်လောက်ပဲရှိသေးတယ် ။ သူကငယ်တယ် အမေ့ထက် အသက်၂၀လောက်ငယ်တယ်။ အခုမှ ၄၁နစ်ပဲရှိသေးတယ်။ တော်တော်ငယ်သေးတယ်။

Q. မိန်းမလျှာတစ်ယောက်ဖြစ်နေလို ့အမေဘဝမှာ အနိုင်ကျင့်ခံရတဲ့ဖြစ်ရပ်မျိုးတွေ ရှိခဲ့ဘူးပါသလား ရှိခဲ့ဘူးရင်ပြောပြပေးပါ။

A.အဲလိုမျိုးတွေတော့ မကြုံဖူးပါဘူး ၊ အမေတို ညကငယ်ငယ်ထဲက ညဘက် အပြင်မှမထွက်တာ ရှားတယ်လေ။ ဘဘကလဲ စိုးရိမ်တယ်လေ။ ဒါပေမဲ့တစ်ခုတော့ရှိတယ် ။စစ်တပ်မှာဘောလီဘောအသင်းဆိုတာရှိတယ် လေ ။ အဲ့ကစစ်သားတစ်ယောက်က ထောင်ထောင်မောင်းမောင်းပေါ့နော် ။ တစ်ခါ အမေနဲ့ကြိုက်ပြီးတော့ အိမ်ကနေ ခိုးရာလိုက်ပြေးဖူးတယ်။ လိုက်သွားတော့ ကမ်းနားမှာပေါ့မော် သဲသောင်ပြင်ပေါ်မှာပေါ့ ပြီးတော့ ကိုယ်တွေကဆက်ဆံပြီးတော့ ပြန်တက်လာချိန်မှာ ကင်းလှည့်တာလား ဘာလဲတော့မသိဖူး တွေ့တာပေါ့။တွေ့သွားတော့ ဘယ်ကလာတာလဲ ဘာလဲ ညာလဲပေါ့။ ဟိုကတော့ စစ်သားဆိုတော့ရှောင်ထွက်သွားတာပေါ့နော်။ ကိုယ်တွေက ရှောင်ထွက်လို ့မရဘူးလေ ။ နရင်းတွေဘာတွေ အုပ်ခံခဲ့ရတာပေါ့ ။အဲ့တာတော့ဖြစ်ဖူးပါတယ်။ ဒီပြင့် အကြမ်းဖက်တာတွေတော့ မခံဖူးပါဘူး ။ညဘက်တွေ ဘာတွေ အပြင်ကိုထွက်ခဲတယ်လေ။ အဲ့လိုလေးတွေတော့ ရှိပါတယ်။

Q. ပတ်ဝန်းကျင်ကနူတ်နဲ့ဖြစ်စေပေ့နော် အကြမ်းဖက်ခံရတာကော ရှိဖူးလား။

A. တစ်ခါမှ မရှိဖူးပါဘူး ၊ ဗိုလ်ချုပ်လမ်းမှာ နေတာလေ။ ဘာမှမဖြစ်ဖူးဘူး ။ကိုယ်တွေကို ဟိုတုန်းက အခြောက်ကလေးစဖြစ်တော့ အဲ့လိုပေ့ါ ဒီမာမီကြီးတွေပေ့ါ ၊ အခု ကိုသန့်စင်တို ့မာမီကျော်ကြီးတို ့ကနေပြီးတော့ ဗိုလ်ချုပ်လမ်းမှာ အခြောက်လေးတစ်ယောက်အသစ်ပေါ်နေတဲ့ ခပ်ချောချောလေးဆိုပြီးတော့ မာမီကိုလာလာကြည့်ကြတာပေ့ါ ၊အခြောက်ဆိုတော့မိဘတွေကလဲ မိဘဆိုတာတက် အဖိုးပေ့ါနော် ၊ အဖိုးကလဲ အိမ်အပြင်ကိုပေးမထွက်ဖူး ။ အပြင်ကကြိုက်တဲ့သူ အိမ်ကိုလာ ရတယ် ၊ စကားထိုင်ပြော အဆင်ပြေတယ်။ အမေ သာအပြင်ကိုထွက်တာ သူတို့မကြိုက်တာပေ့ါနော် အဲ့လိုလေးတွေရှိတယ်။

Q. သူငယ်ချင်း မိန်းမလျှာတွေလာရင်ကော လက်ခံပေးလား။

A.လက်ခံပေးပါတယ် အဖိုး ကအခြောက်တွေအိမ်ကိုကြိုက်သလောက်လာပေ့ါနော် ။သူငယ်တွေလာရင်သာ မကြိုက်တာပေ့ါနော်။

Q. ခုနအမေပြောတဲ့စကားတွေထဲမှာ အမေ့ပထွေးကလဲ အမေစားပွဲထိုးတစ်ယောက်နဲ့ ချစ်တာသဘောမကျဖူးလို ့ပြောတော့ အမေက မေမေနဲ့ ပထွေးနဲ့ သွားနေသေးလို့ လား။

A. ပထွေးနဲ့ ခဏသွားနေလိုက်တာပါ ။ အမေ့ ဖိုးဖိုး ဆုံးသွားတော့ ခဏသွားနေတာပါ။ သူနဲ့ အမေ့ဆက်ဆံရေး ကအဆင်ပြေပါတယ် ။ ဟိုဘယ်လိုပြောရမလဲ ၁နစ်မှာ ၁ လလောက်ပဲတွေ့ရတာလေ ။ သူလဲသူဘာသာသူနေ ကိုယ်လဲကိုယ်ဘာသာနေတာလေ။ ဝင်ပြီးစွတ်ဖက်တာ မျိုးတော့ မရှိဖူး ။မကြိုက်ဖူးဆိုတာက သူက မြင်သွားလို ့ပါ။ ဒီပြင့်ကိစ္စဆိုရင်သူပြောချင်မှပြောမယ် အဲလိုလေးဖြစ်သွားလို့ ပါ။

Q. မာမီအနေနဲ့ မာမီတို့ခေတ်ကကျတော့ သိုသိုသိပ်သိပ်နေတယ် အခုခေတ်လူငယ်တွေနဲ့ကွာခြားချက်လေးတွေ ကိုပြောပြပေးပါအုံးအမေ။

A. အမေ အနေနဲ့တော့ မတွဲရဲပါဘူး သားရယ် ။ အမေက ဦးမောင်ကြီးတို ့လိုမဟုတ်ဘူး ၊ ကိုမောင်ကြီးက အရမ်းစကားပြောကောင်းတယ်။ သွက်လဲသွက်တယ် ။ သူကခဲ ဒီ မိတ်ကပ်ပညာမှာ ဦးဆောင်ပြီးတော့ လုပ်နေတာပေ့ါ ။အမေက သူတို ့နဲ့တွဲလုပ်တယ်ဆိုတော့ သူက ဟိုအခြောက် ဟိုကိုဖုန်းဆက် ဟိုကိုသွား ဒီလိုပြော ဒါလုပ် အဲ့လိုပေ့ါ အမေတို ့ကသူပြောသမျှငြိမ်ပြီးနားထောင်နေရတာပေ့ါ။ ဘာဖြစ်လို ့လဲဆိုတော့ အမေတို ့က နှုတ်နဲတယ်လေ ။အဲ့ဒါကြောင့်မို ့တစ်ခုခုဆို မပြောဘူး ။ အခုခေတ်ကလေးတစ်ချို့က ရိုင်းတယ် ။ တစ်ချို့ဆို တော်တော်ရိုင်းကြတယ် ။တော်တော်များများကလေးတွေက အခြောက်ဖြစ်ပြီဆိုထဲ မိန်းမဝတ်တွေ တော့တာပဲ ။ သူတို ့ကိုကြည့်လိုက်ရင် မိန်းမဝတ်တွေနဲ့ကြီးပဲ ။ကိုယ်တွေကလဲ အဲ့လိုမဝတ်တက်တာပေ့ါနော်။ အိမ်ကိုလာရင်တော့ စကားတွေဘာတွေပြောကြတာပေ့ါ။ အပြင်တွေထွက်ပြီးအမလေးမာမီ ဘာညာလုပ်ရင် ဒီလိုပဲ လက်ကလေးပြရုံလောက်ပဲပြန်ပြဖြစ်တယ်လေ။

ရပ်ပြီးအကြာကြီးစကားတွေမပြောချင်ဘူး။ အခြောက်ချင်းတော့တူပေမဲ့ ဘဝလဲတူပေမဲ့ ကိုယ်လဲ ဒါလုပ်တယ် သူလဲဒါလုပ်တယ်ပေ့ါနော်။ ဒါပေမဲ့ တစ်ချို့ကျတော့ လူကြီးကိုလူကြီးမှန်းမသိဘူးပေ့ါနော် ။ အဲ့လို အဆင့်မျိုးတွေရှိတော့ သိပ်ပြီးတော့ စကားမပြောချင်ဘူးပေ့ါ ။ကိုမောင်တို ့ကတော့ ခေတ်ကိုလဲ မှီသေးတယ် အမေတို ့ထက်လဲငယ်သေးတော့ ရင်းရင်းနှီးနှီး နေနိုင်တယ်

ပြောနိုင်သေးတာပေါ့ အမေကတော့ အသက်ကလေးလဲ နည်းနည်းရလာပြီလေ။

Q. အခုခေတ်ပွင့်လင်းမြင်သာမှု ့တွေကိုရော အမေ အနေနဲ့ ဘယ်လိုမြင်ပါသလဲ။

A. ပွင့်လင်းလာတာနဲ့ အမှုတော့ သားရယ် ရောဂါတွေကလဲ ပေါင်းကိုစုံနေတာပဲ ။အမေတို ့ခေတ်အရဆို အမေတို ့ကအရင်သေရမှာလေ။ အမေတို ့ခေတ်ကလဲ ကဲခဲ့တာပါပဲလေ။ ဟုတ်တယ်မလား။ အခု ဒီမှာရှိတဲ့ လူတွေဆို တစ်ကိုင်းထဲထွက်တွေလို ပြောလို ့ရတယ်လေ။ ငယ်သူငယ်ချင်းတွေကြီးပဲ ။သေကြပါလား ။ အဲ့လိုရောဂါတွေဖြစ်ကြပါလား ။ မဖြစ်ကြဘူးလေ ။အမေ့တို ့လဲလွန်ကြတာပဲလေ ။အခုကြမှ ့ရောဂါပေါင်းစုံဖြစ်နေကြတယ်။ ကလေးတွေက စပြီးတာထွက်ထဲက အပြိုင်အဆိုင်တွေ အနိုင်လိုစိတ်တွေနဲ့ တူပါတယ် ။ငါက ဘယ်လို ဘယ်ညာပေါ့နော် ။ နောက်ပိတ်ဆုံးကြတော့ ရောဂါတွေပါ ပြိုင်ကုန်ကြသလားလို့တောင်ထင်ရတယ်။ နောက်တစ်ခု အခုတလောကြားနေရတာတွေပေါ့နော် သူငယ်တစ်ယောက် ယောကျ်ားတစ်ယောက်ပေါ့နော် ခေါ်လာပြီ ဆိုလို ့ရှိရင် သူ ့ဆီက ဘာပြန်နိုက်ရမလဲပဲတွေးနေကြတာ ပေါ့။ သူတို့ရဲ့ လိင်ကိစ္စကို အရေးမကြီးဖူး ။တစ်ချို့မိန်းမလျှာတွေဆိုလဲ offerဆင်းကြတယ်။

အပြင်မှာတော့မတွေ့ဖူးပါဘူး။ ပိုက်ဆံပေး လုပ်ပေးမယ်ပေါ့ ။အစုံလုပ်ပေးမယ် ။အဲ့လိုမျိုး offer တွေလဲရှိသေးတယ်။ အဲလိုလူမျိုးတွေထဲကမှ ပစ္စည်းလစ်ရင်လစ်သလိုယူတဲ့ လူတွေလဲရှိသေးတယ်။မကြိုက်ဖူးပေါ့ ။ကိုယ်စိတ်ဆန္ဒရှိလို ့လိုက်သွားတာပဲ သဒ္ဒါလို ့ပေးရင်ယူလာခဲ့ကွယ် ။ဟုတ်လား ။မသဒ္ဒါပဲနဲ့ ကိုယ်ကဟိုလိုပြောတောင်း ဒီလိုပြောတောင်း တခါတလေ နိုက်လာ ဒီလိုကိစ္စတွေကိုကျ အမေတို ့ကမုန်းတယ်။ အဲ့ဒါတွေ ကြားရတာတင်မဟုတ်ဖူး လိုက်ပေးရတာတွေတောင်အများကြီးပဲ ။

Q.အမေတို့ခေတ်က offer ဆိုတာမျိုးတွေကြားဖူးလား။

A.မရှိဖူး ကြားလဲမကြားဖူးဘူး ။ရှိလဲမရှိဘူး ။လမ်းသရဲပဲရှိတယ် ။အမေတို့ရုပ်ရှင်ကြည့်လို့ရှိရင် ၁၂နာရီမှပြီးတာ လေ။ အဲ့၁၂ နာရီပြီးမှ ပြန်လာလို့ရှိရင် တစ်ခါတစ်လေ လမ်းသရဲတွေနဲ့ စကားများကြတာ ။ ဒါပဲရှိတယ်လေ ။ဇာတ်လမ်းတွေ ဘာတွေ လဲမဖြစ်ဖူးပါဘူး ။သူတို ့ကအခြောက်တွေကိုဆိုမုန်းတယ် ။အရမ်းမုန်းတာ ။မင်းတို ့ငါတို ့ရှိတဲ့ နေရာ ငါ့တို့ရှိတဲ့ရပ်ကွက်ကို မလာရဘူး ။သူတို့ကအပြတ်ပြောထားတာ ။လာရင်ငါ့ အဆိုးမဆိုနဲ့ မသွားရဲဘူးပေါ့ ။ကြောက်တယ် ။ အောင်မလေး ဆံပင်က အရှည်နဲ့ နှုတ်ခမ်းမွှေးကြီးတွေနဲ့ အရမ်း ကြောက်တယ်။

Q. အမေဘာဝမှာ အရမ်းအမှတ်ရနေမဲ့ အမှတ်တရ အဖြစ်အပျက် တစ်ခုကိုပြောပြပါဆို ဘယ်လိုဖြစ်ရပ်မျိုးကိုပြော ပြပေးမလဲ မာမီ ။ ပျော်ရွှင်စရာလဲ ဖြစ်နိုင်တယ် ဝမ်းနည်းစရာလဲ ဖြစ်နိုင်တယ်ပေါ့။

A. အဲ့လိုစိတ်မျိုးကမရှိဖူး တစ်သတ်မှတ်ထဲပဲ ရှိတယ် ၊ အရမ်းကြီး မပျော်ရွှင်ဖူးဘူးပေါ့နော်။ အရမ်းဝမ်းနည်းသွားတော့ မရှိဖူးဆိုပေမဲ့ရှိတယ်လို့ပဲ ပြောရမှာပဲပေါ့။ လူ့ဘာဝအကြောင်းကို သိတဲ့ အချိန်မှာ လူက အရမ်းဆင်းရဲသွားတာပေါ့။ အဲ့ဒါလေးတော့ နည်းနည်း ဝမ်းနည်းပါတယ်။

Q. အဲ့လို အချိန်မှာရော မာမီ ဘယ်လို ပြန်ရပ်တည် နိုင်အောင် ကြိုးစားခဲ့လဲ။

A.အဲ့ဒါကတော့ ကောင်းသလိုပေါ့နော်။ မာမီ အမေတို့ကလဲခေါ်တော့ လိုက်နေဖြစ်တယ်။ လိုက်နေပေမဲ့လဲ ကိုယ်ဘာဝနဲ့ကိုယ်ပဲ နေလိုက်တယ် ပျော်ရွှင်အောင်နေလိုက်တယ်။ နောက်ပိတ်ဆုံးကြတော့ ကိုယ်မောင်ကြီးနဲ့ တွဲပြီးတော့ အလုပ်တွေလုပ်ဖြစ်သွားတာပေါ့။ ကိုမောင်ကြီးနဲ့ တွဲပြီးတော့ အလုပ်လုပ်တာက လက်ရှိ အချိန်ထိဆို ၁၉ နှစ်လောက်တော့ ရှိပါပြီ။

Q. မာမီပြောခဲ့တဲ့ ဟိုဘက်ကမ်းက စစ်သားနဲ့အတူနေတဲ့ အချိန်ကြတော့ ဘယ်မှာနေဖြစ်လဲ။

A. ဒီမှာပဲ နေဖြစ်တာပေါ့ ။ စပြီး အလုပ်တူတူ လုပ်ဖြစ်တဲ့ အချိန်မှာ သူနဲ့ တူတူနေဖြစ်တာလေ နောက်ဆုံးကွဲသွားတဲ့ အချိန်နဲ့ အခုအချိန်ထိ ပေါ့ ။

Q.ဒါဆို မာမီ အနေနဲ့ ဒီဘက်ခေတ်မှာဆို အဖွဲ့အစည်းတွေ အများကြီးပေါ်လာပြီဆိုတော့ ပူးပေါင်းပါဝင်ဆောင်ရွက်တာ မျိုးတွေရှိပါသလား။

A. ခေတ္တရာစွယ်တော်ဦး အဖွဲ့မှာတော့ ပါဝင်ဖြစ်ပါတယ်။ အဖွဲ့အစည်းပေါ့ လူထုကျန်းမာရေးပေါ့။ အရမ်းကြီးတော့ မလုပ်ဖြစ်ဖူး ၊ အဖွဲ့ဝင်တစ်ယောက်ပါပဲ ။ အခြောက်မလေးတွေလာရင် သွေးစစ်ဖို့ရယ် လိင်ဆက်ဆံမှု့ လုပ်တဲ့ အခါ ကွန်ဒုံးသုံးဖို့ရယ် ပြောပေးတယ် ။ ပြီးတော့ ကိုယ့်ရဲ့ လိင်ဆက်ဆံဖော်က အရမ်းအရက်သောက်တက်တဲ့ သူဆိုရင်တော့ မလုပ်ပါနဲ့ပေါ့ ။အရမ်းမူးနေရင် အမှားပိုပါမယ်လေ။

Q. မာမီတို့ခေတ်က လိင်ကိစ္စနဲ့ ပက်သက်လို့ရောဂါဆိုရင် ဘာတွေများဖြစ်မလဲ။

A. ကာလသားရောဂါတော့ ရှိလိမ့်မယ်ထင်တယ်။ မာမီတို့တော့ မဖြစ်ဖူးဘူး ။ဖြစ်ဖူးတဲ့ လူတွေပြောတာပေါ့နော်။ ဟုတ်တယ် ကာလသားရောဂါပါပဲ။ ဒီဘက်ခေတ်ကလို ရောဂါဆန်းတွေ မပေါ်သေးဖူးလေ။

Q.ရောဂါ ဆန်းတွေပေါ်လာတဲ့ အပေါ်ကိုရော ဘယ်လိုမြင်လဲ ။

A. အရမ်းသောင်းကျန်းကြလို့မြင်ပါတယ်။ မာမီတို့ဆိုလဲ အခုဆို သွေးကို ခဏခဏ သွားစစ်တယ် ။ ဘယ်လိုခေါ်မလဲ သွေးစစ်လိုက်လို့ အဖြေပေါ်လာရင်လဲ ကုလို့ရမယ် ၊ သွေးမစစ်ပဲနေလို့ ဖြစ်နေတာကို မသိရင် တစ်မျိုးတစ်မည် ဖြစ်မှာဆိုးလို့ အခုဆိုသွေးသွားသွားစစ်ပါတယ်။ သုံးလတစ်ခါ ခြောက်လတစ်ခါ ပုံမှန်သွားသွားစစ်ဖြစ်တယ်။ ကိုယ့်ကျန်းမာရေးကို ဂရုစိုက်နေရတာပေါ့ ။ ဒါမှ အလုပ်လုပ်နိုင်မှာလုပ်နိုင်မှလဲ ပိုက်ဆံရှာနိုင်မှာလေ။

Q.မာမီက မိတ်ကပ်ပြင်နေတာဆိုတော့ ဘယ်အရွယ်လောက်ကနေ စပြီးတော့ မိတ်ကပ်ပြင်ဖြစ်တာလဲ။

A.ကိုမောင်ကြီးနဲ့ လက်တွဲ လုပ်ပြီးပြင်ဖြစ်တာဆိုတော့ မာမီ မိတ်ကပ်ပြင်သက်က နှစ်၂၀ ကျော်ပါပြီ။ ဒါပေမဲ့ နောက်ပိုင်းကြတော့ ကိုမောင်ကြီးက သူ့တပည့်လေးတွေရှိတယ်။ အဲ့ကလေးတွေကဒီမှာ လာပြီးတော့ ပိုက်ဆံပေး သင်ကြတာဆိုတော့ သူတို့လေးတွေကို မိတ်ကပ်စမ်းပြီးတော့ လိမ်းကြည့်ခိုင်းတော့မာမီက မိတ်ကပ် လုံး၀ မပြင်ရတော့ဘူး ဆံထုံး ထုံးတဲ့ နေရာမှာပဲ နေရတော့တယ်။ ပြန်တော့ မပြပေးဖူးပေါ့နော်။ ကိုမောင်ကြီးဆီမှာက ဆံပင်ကျွမ်းကျင် တဲ့ ကလေးလေးတွေ သုံးယောက်လောက်ရှိတယ်။

Q. မာမီက ဆံပင်ပြင်တယ်ဆိုတော့ ဘယ်လိုပုံမျိုးပြင်ရတာကို သဘောကျလဲ ။

A. များသောအားဖြင့်တော့ မာမီကို အသက်၄၀ ကျော် အမျိုးသမီးမျိုးကို များများပေးတယ်ပေါ့။ နောက်တွဲ ဆံတုံးလေးတွေ ပြင်သစ် ဆံထုံးလေးတွေ လူကြီးနဲ့လိုက်တဲ့ ပုံစံမျိုးလေးတွေဆို ရင် မာမီ လုပ်ပေးဖြစ်ပါတယ်။ အခုခေတ်နဲ့ ကြတော့ ကျစ်စမြီး ကျစ်တာတို့ ဘာတို့ကြတော့ နောက်က ကလေးတွေရှိတယ်လေ သူတို့လုပ်ပေးပါတယ်။ မာမီက မြန်မာ ဆံထုံးတွေပိုင်တယ်။ သတို့သမီး ဆံထုံးတွေဆိုလဲ ကိုမောင်ကြီး မအားရင် မာမီပဲ လုပ်ပေးတယ်။

Q. ကိုယ့်ဘာကို ထွင်ဖြစ်တဲ့ ပုံမျိုးကောရှိပါသလား။

A.ကိုယ့်တိုင်တော့ ထွင်ဖြစ်တာမရှိဖူး ။ face book ထဲက ပုံမျိုးလေးတွေပဲ လုပ်ပေးဖြစ်တယ်။ လာတဲ့လူကိုမေး တယ်လေ ဘယ်လိုပုံမျိုးလေးတွေကြိုက်ပေါ့။ သတိုးသမီးရဲ့ အမေတို့ အဒေါ်တို့ဆိုလဲ ဘယ်လိုပုံမျိုးလေးတွေ ကြိုက်လဲ ပြပါပေါ့။ သူတို့ပြတဲ့ ပုံတွေကိုတော့ တူအောင်တော့ လုပ်ပေးလိုက်ပါတယ်။ ကိုယ်ပိုင် အဆန်းထွင်တာ မျိုးတော့ မရှိပါဘူး ။

Q. ခုဏ မာမီပြောလို့ပေါ့နော် SOCIAL MEDIA တွေကိုရော မာမီသုံးဖြစ်လား။

A. ဟင်းအင်း မသုံးဖူး ၊ ကိုမောင်ကြီးပြလို့သာတွေ့တာ။ ဖုန်းသာကိုင်ထားတယ် ဘာမှ မသုံးတက်ဖူး။ ဘာဆိုဘာမှ မသုံးတက်ဖူး ဟိုဘက်က ဆက်ရင် ကိုင်မယ် မဟုတ်ရင် ကိုယ့်ဘက်က

ဆက်မယ် ။ဒီလောက်ပဲ သိတယ်။ မြင်ရကြားနေရတာတော့ ဒါတွေပေါ်လာတော့ မကောင်းတာတွေတော်တော်များများ မြင်တွေ့နေရတာပေါ့နော်။ အပေါ်ထက်က ကောင်မလေးတွေကိုဆို ပြောထားတယ် သတင်းဆန်းတွေဆို ငါ့လာပြပါဟယ်ပေါ့။ ဒါကဘယ်လိုဖြစ်တယ် ညာဖြစ်တယ်ပေါ့။ကိုမောင်ကြီးကြတော့ ဆံပင်ပြင်တာတွေ ပြတာပေါ့ နင်လာကြည့် ဒီမှာ ဘယ်လိုလေးတွေလုပ်တယ်ပေါ့။ သားတို့မလာခင်လေးတင် ပြနေသေးတယ်။ လွယ်မဲ့ ပုံမျိုးကိုကြည့် အရမ်းခက်တဲ့ ပုံမျိုးကိုမကြည့်နဲ့ဆိုပြီးတော့ ကြည့်ခိုင်းပါတယ်။ တစ်ခါတစ်လေ ကိုယ့်ဘာသာလေ့ကျင့်ယူရတာပေါ့ ။လုပ်သက်ကလဲ စကားပြောတာပေါ့ ။ အခုဆို ကလေးတွေ ဆံပင်ရှုတ်တာ ဘယ်လိုကြီးလဲဟဲ့ ၊ ဘယ်နေရာက ဘယ်လိုကျန်နေတယ်ပေါ့ ။ ကိုယ်က ပြန်ပြပေးလိုက်တယ်။ ဒီလိုလေးတွေလုပ်ရတယ်ပေါ့ သူတို့တွေက မာမီထုံးတော့ သေသပ်လိုက်တာဆိုတော့ ဒါက လုပ်သက်ပေါ်မှာ မူတည်တာပေါ့နော်။ သမီးတို့ ကသင်တာ တစ်နှစ် နှစ်နှစ်လောက်ပဲရှိသေးတာလို့ အဲ့တော့ သေသပ်မှုလေးတွေ လိုသေးတာပေါ့ ။ မာမီတို့က သေသပ်တယ်ဆိုတာက နှစ်ကလဲ ကြာပြီ လုပ်သက်ကလဲ ကြာပြီလေ။ မင်္ဂလာဆောင် တစ်ခုသွားရင် အမေတို့ အဒေါ်တို့ပါ ပြင်ရတာလေ။ အနည်းဆုံး ငါးယောက်လောက်လုပ်ပေးရတာလေ။ ဟုတ်တယ်မလား အဲ့တော့ လက်က သွက်တာပေါ့။

Q.တကယ်လို့ စိတ်ကြိုက်ဆံထုံးလေးဆိုရင်ကော မာမီ ဘယ်လိုပုံမျိုးလေး ပြင်ပေးချင်လဲ။

A.နောက်တွဲ ဆံထုံးလှလှလေးပဲ ထုံးပေးချင်ပါတယ်။ စိတ်ကြိုက်လေးဖြစ်တာပေါ့နော်။ တစ်ချို့ကြတော့ လဲ မာမီက မျက်နှာလေးကိုကြည့်လိုက်တယ်လေ။ အရမ်းမဖောင်းပေးပါနဲ့ ဆိုရင် မဖောင်းပေးဖူးပေါ့ ။ ဒါပေမဲ့ ယောင်ယောင်လေးတော့ ဖောင်းပေးလိုက်တယ် ။ဘာဖြစ်လို့လဲဆိုတော့ ပိပိပြားပြားကြီးဆိုရင် မလှဘူးလေ။ အဲ့တော့ဖောင်းတာလေးကတော့ ကြည့်လှတယ် အမရေ ဖိမပစ်ပါနဲ့နော်လို့တော့ ပြောရတယ်။ တစ်ချို့ကရှိတယ်လေ ကိုယ်က ပြင်ပြီးလို့ အပြင်ထွက်တာနဲ့ ဖိပစ်တာလေ။ မကြိုက်ဖူးပေါ့နော်။ ကိုယ့်လက်ရာက မကောင်းဖြစ်သွားပြီလေ။ ဖောင်းတာမကြိုက်ဖူးဆို မဖောင်းဖူးစိတ်ချပေါ့ ။ ဒါပေမဲ့ နည်းနည်းလေးတော့ ခိုးဖောင်းလိုက်ရတာပေါ့၊ ပြီးမှ ဖိမပစ်နဲ့နော် ဖျက်မပစ်နဲ့နော် အဲ့လိုတွေပြောရတယ်။ အဲ့တော့ မှ မာမီညီ ထုံးတာလေးက ကောင်းတယ် လှတယ်ဖြစ်ကြတာပေါ့။ လူကြီး အကြိုက်ကများတယ်ပေါ့ သားရယ်။

Q. မာမီရဲ့ မိတ်ကပ်လိုင်းမှာ ပထမ ဦးဆုံး ဆရာက ဘယ်သူများဖြစ်မလဲ။

A. ပထမ က မာမီကြင်ပါ ။ ဒုတိယကတော့ ကိုမောင်ကြီးပေ့ါနော်။ ဒီနှစ်ယောက်ပဲရှိပါတယ်။ ကိုမောင်ကြီးနဲ့ကတော့ပိုပြီးတော့ နှစ်များတယ်။ သေသပ် မှုကိုတော့ မာမီကြင်ပေ့ါနော်။ ကိုမောင်ကြီးကျတော့ မျက်ခွံလေးတွေမှာ အရောင်စပ်တာလေးတွေ အရမ်းလှတယ်။ နှစ်ယောက်စလုံးရှိကနေပြီးတော့ပညာသင်ရတာပေ့ါ။ နောက်တစ်ခုက မိတ်ကပ်နဲ့ ဆံပင်ဆိုရင် မာမီကဆံပင်ပြင်ရတာကို ပိုပြီးတော့ အားရပါတယ်။

Q.မာမီ့ အနေနဲ့ မိတ်ကပ်လောက မှာ နောက်ဆက်တွဲဘာတွေ ဆက်လုပ်ဖို့ အစီအစဉ်ရှိပါသလဲ။

A. ကိုမောင်ကြီးနဲ့ တွဲနေသမျှတော့ ဆံပင်လိုင်းပဲရှိတာပေ့ါ ။ ကျန်တာတွေကတော့ မရှိသေးဖူးပေ့ါနော်။ မိတ်ကပ်ပြင်တဲ့ ကလေးတွေကလဲ တော်တော်ကိုများလာကြတယ်လေ။ အခြောက်မလေးတွေလဲ များလာတယ်လေ။ သူတို့ကြတော့ လူဦးရေနဲ့ပဲ တွက်မလား ဈေးတွက်ပဲ တွက်မလားပေ့ါနော် ၊ မာမီက သူတို့ ရတာ ၃ ပုံ ပုံရင် မာမီက ၁ ပုံရတယ်လေ။ သူတို့ကမိတ်ကပ်စိုက်ရတယ်လေ။ ကိုယ်က လက်နဲ့ အများဆုံးတော့ ကလစ်နဲ့ ကော်ဘဲ စိုက်ရတာလေ ။ များသောအားဖြင့်က မာမီညီ ဆံထုံး ထုံးလိုက်တော့ သမီးတို့က မိတ်ကပ်ပြင် လိုက်တော့မယ် ။ လွယ်တယ်ကွာ သူတို့ကို ဆံထုံး နဲ့ မိတ်ကပ် တစ်ခါတည်းသာတွဲကြည့် တစ်နာရီကို သုံးယောက်လောက်ပဲ ပြင်နိုင်တယ်လေ။ အခု မိတ်ကပ်ကြီးပဲ သီးသန့်ပြင်တော့ တစ်နာရီကို ငါးယောက်ခြောက်ယောက်ပြင်နိုင်တယ်။ မာမီက ဆံထုံး ထုံးပေးရတာကို အဲ့တော့ ပိုလွယ်သွားတာပေ့ါ။ မာမီ အနေနဲ့လဲ ဆံထုံး ထုံးရတာ ပိုပြီးတော့ လက်သွက်လာတာပေ့ါနော်။ မိတ်ကပ်လဲ ပြင်ရမယ် ဆံထုံးလဲ ထုံးရမယ်ဆို မာမီလဲ အဲ့လောက် လက်မသွက်ဖူးလေ။

Q. မာမီ အနေနဲ့ မာမီတို့ခေတ်က စုစုစည်းစည်းသွားတာပေ့ါ တွေ့ရတာက ဘယ်လိုနေရာမျိုးတွေ ပွဲတွေဖြစ်မလဲ။

A. ပွဲရယ်လိုတော့ မရှိဖူးပေ့ါ ။ မာမီတို့ သူငယ်ချင်း ကိုသန့်စင်ဆိုတဲ့ အခြောက်မကြီး အိမ်မှာတော့ ရှိသမျှ အခြောက်မ အကုန်လာ ချက်ပြုတ်စားသောက်ပြီးတော့ နေကြတာပေ့ါ ။ အပြင်တွေထွက်ပြီးသွားတာလာတာ မျိုးတော့ မရှိပါဘူး ။ အရမ်းပျော်ဖို့ကောင်းတာပဲ ။ နောက်တစ်ခုက ဆင်မယဉ်သာဆိုတဲ့ ပဒေသာ ကပွဲကိုလဲ စုပြီးကကြသေးတယ်လေ။ အဲ့တော့ လာကြတာပေ့ါကွယ်။ အဲ့ကတော့ အခြောက်လေးတွေခေါ်ကြတာပေ့ါ မာမီတို့လို အသက်အရွယ်လေးတွေပေ့ါ။ အဖွဲ့ အစည်းနဲ့ ကကြတော့ ပျော်ဖို့ကောင်းတယ်။

Q. မာမီ ဘယ်လိုသီချင်းမျိုးတွေနဲ့ ကဖြစ်ပါသလဲ။

A. မာမီက ဟောမာနေဝင်း သီချင်းလေးတွေနဲ့ ကဖြစ်တယ်။ ပြီးတော့ ခေခေလာ သီချင်းပေ့ါ။ မေခလာကို အရမ်းကြိုက်တယ်လေ။ မာမီကရင် ကအငြိမ်ပဲ ကဖြစ်တယ်။ အများက စကောတစ်ဝိုင်းလို့တောင်

စပြီးခေါ်ကြတယ် ။ဘာဖြစ်လို့လဲဆိုတော့ မာမီကတာက စကောတစ်ပိုင်းထက် ပိုပြီးတော့ ကျော်မလာလို့လေ။ အေးအေးဆေးဆေးပဲကဖြစ်ပါတယ်။

Q.ဒီလိုတွေကတော့ မိန်းကလေးပုံ အပြည့် အစုံတွေဝတ်တော့ ဘယ်လိုခံစားရလဲ ။

A. မိန်းကလေးပုံ အပြည့် အစုံတွေဝတ်တော့ စတိတ်စင်ပေါ်ရောက်တော့လဲ ကြွသွားတာပေ့ါ ။ တကယ့် မိန်းမ အစစ်ကြီး အတိုင်းပဲ ။ ကိုယ့်ကို အားပေးရင်တော့ ပျော်ရွှင်နေတာပေ့ါ။

Q. မာမီတို့ခေတ်က ပေါ်မုန်းအားဆေးတွေသောက်တာမျိုးထိုးတာမျိုးကော ရှိပါသလား ၊ မာမီကောလုပ်ဖြစ်လား။

A. သောက်တယ်၊ အမလေး သားရယ် အဲ့ဆေးတွေသောက်လို့ အရိုးအဆစ်တွေကိုက်နေတာ ၊ ဒီနေရာတွေပေ့ါ ။ ဒီနေရာတွေဆို ယောင်နေတာ ။ ဒစ်ပိုတွေဆိုရင် သုံးလ တစ်ကြိမ် ထိုးတဲ့ ဆေးကို မာမီက တစ်လကို တစ်ကြိမ် တစ်ကြိမ်ထိုးတာပေ့ါ။ ကိုယ်လုံးက ဟိုးတုန်းက ဒီလိုမဟုတ်ဖူးလေ။ ပိန်ပိန်ပါးပါးလေးရယ်။ အခုလိုဆေးတွေထိုးတဲ့ အပြင်ကိုမှ ဝက်တွေဘာတွေကျွေးတဲ့ ဆေးကိုသောက်တာ ဝလာအောင်လေ။ အရမ်းပိန်တော့လေ ဝချင်တာ အရမ်းပဲ ။ ပိန်တော့ ဘာဝတ်ဝတ် အချိုးအစားမပြေပြစ်ဖူးလေ။ ကြည့်မကောင်းဖူးလေ ရုပ်ကသာလှတယ်လို့ပြောကြတာလေ။

အသားကတော့ ဖြူဖွေးနေတာပဲ တရုတ်မနဲ့ နင်လားငါလားပဲ ။ အဝတ်အစားဝတ်လိုက်ရင်လေ ဘယ်လိုမှ အဆင်မပြေဖူး ၊ဘောင်းဘီလဲ ဘောင်းဘီမို့လို့ ၊ ပုဆိုးလဲ ပုဆိုးမို့လို့ ဝတ်ရင် မလှဖူး ။ ဗိုက်သားမှ မရှိတာကိုနော့်။ အဲ့တာနဲ့ ဘာလုပ်ရမလဲ လိုက်မေးတော့ ဒစ်ပိုထိုးချလိုက်ဆိုတော့ ထိုးလိုက်တာ ဟုတ်တယ် ပြည့်လာတယ် ရင်သားတွေထွက်လာတယ်။ ဒါပေမဲ့ သိပ်ပြီးတော့ ဝတက်မလာတော့ဖူး ။ နောက်တော့မှ ဝက်အားတိုးဆေးသောက်လိုက်တော့မှ ဝလာတာ ။ အခုဆို နည်းနည်းပိန်သွားတာလေ။ ရောဂါဖြစ်တာလေ။ အဲ့ဆေးတွေ သောက်ပြီးတော့ အဆစ်အမြစ်တွေ ရောင်ပြီးတော့ ဆေးသောက်လိုက်ရလို့ပိန်သွားတာပါ။

Q. ဒါဆိုမာမီ ဒစ်ပိုကို ဘယ်နှစ်ခါလောက်ထိုးဖြစ်လဲ ။

A. ကြာပြီလေ သားရဲ့ နှစ်နဲ့ ချီပြီးတော့ ထိုးတာ။ တစ်နှစ်ထဲတင် ထိုးတာ မဟုတ်ဘူး ။ နှစ်နဲ့ ချီပြီးတော့ ထိုးတာပါ။ ဒီလိုလေ ကိုယ်က ငယ်ငယ်လေးတုံးက ပိုက်ဆံရှိတယ်ဆိုတော့ အိမ်မှာ ခိုင်းတဲ့ ကလေးမလေးတွေ လဲရှိတယ်လေ။ ဒစ်ပိုထိုးပြီးတော့ တစ်ရက်နေပြီးရင် နောက်နေ့ကြတော့ ရေနွေးငွေ့တွေနဲ့ တစ်ကိုယ်လုံးကိုပေါင်းတာလေ ။ ဘာဖြစ်လို့လဲဆိုတော့ ဒီဆေးကလဲ တစ်ကိုယ်လုံးကို ပြန့်သွားအောင်လို့လေ။ သားအရေ လဲ ဖြူအောင်ဆိုပြီးတော့လေ လုပ်လိုက်တာ တင်ပါးတွေကြီးလာတယ် နို့တွေ ပြည့်ပြီးထွက်လာတယ်။ အဲ့လိုတွေတော့ဖြစ်လာတာပေ့ါ။

Q.အမေရဲ့ ကိုယ်လုံးကို ပေါင်းပုံပေါင်းနည်းလေးပြောပြပေးပါအုံး ။

A. ပေါင်းတာကတော့ ဘာရယ်မဟုတ်ပါဘူး ။ မာမီရဲ့ အဖွားက ဟိုးတုန်းကဆိုလိုရှိရင် ချွေးထုတ်တယ်လေ။ သူသာသေသွားတယ် ချွေးထုတ်တဲ့ ခြင်းကြီးက ကျန်နေခဲ့တာပေါ့။လှေကားအပေါ်ထပ်မှာ ဒီအတိုင်းပေါ့ ။ အဲ့တော့ အဲ့ခြင်းကိုကြည့်ပြီးတော့ သူကဘာလုပ်လဲ ဆိုတာကို ပြန်စဉ်းစားကြည့်တော့ အဖွားက လေ့ကျင့်ခန်းလုပ်တယ် ၊ ပြီးရင် သူဖော်ထားတဲ့ မြန်မာဆေးတွေကိုရေ နွေးပွတ်ပွတ်ဆူနေတဲ့ ထဲကို ထည့်လိုက်တယ်လေ။ ပြီးတော့ ခြင်းကြားကြီး အထဲကိုထည့်ပြီးတော့ လူပါဝင်လိုက်တာပေါ့ ။ ပြီးရင် အဲ့ အငွေ့ကို မဖွင့်သေးဖူး ။ တစ်ကိုယ်လုံး သူချွတ်ချလိုက်တယ် ၊ ပြီးတော့ မျက်နှာသုတ်ပုဝါ ၃ ထည်ထားတယ်။ ပြီးတော့မှ အငွေ့ကိုဖွင့်တော့ အဲ့အငွေ့က ပူတာနဲ့ ချွေးပုတ်တွေထွက်လာတာပေါ့နော်။ ထွက်တိုင်းကိုလဲ မျက်နှာသုတ်ပုဝါနဲ့ သုတ်ချတာပေါ့ ။ အဲ့လို ပုဝါနဲ့ ၃ခါ ၄ခါလောက်သုတ်ပြီးတော့ မှ ထွက်လိုက်တာ လေ။ ပြီးတော့ လိမ်းတော့ လိမ်းတယ်ဘာတွေမှန်းမသိဖူး လိမ်းပြီးတော့ တစ်နစ်နာရီခွဲလောက် နေတော့မှ ရေချိုးချလိုက်တာလေ။ အဲ့ ပုဝါတွေကို ညစ်ချလိုက်တော့လဲ မည်းမည်း အရည်တွေ ထွက်လာတယ်။ ချွေးပုတ်တွေ ထွက်လာတာပေါ့နော်။ အဖွား နည်းအတိုင်းဆိုပေမဲ့ မာမီကတော့ သူဖော်တဲ့ဆေးတွေ မသိတော့ ဆားလေးနည်းနည်း ထည့်လိုက်တာပေါ့။ တစ်လတစ်ခါလောက်တော့ ချွေးထုတ်ဖြစ်တာပေါ့။ အခုတော့ မလုပ်ဖြစ်တော့ပါဘူး ။ သူများအိမ်မှာ နေတာဆိုတော့ ကြိုက်လားမသိ မကြိုက်လားမသိဆိုတော့လေ။

Q.မာမီ အနေနဲ့ လက်ရှိကျန်နေတဲ့ ဘဝကိုဘယ်လိုရှေ့ဆက်ပြီးတော့ လျှောက်လှမ်းမယ်လို့ ဆုံးဖြတ်ထားလဲ။

A.ဒီလိုပေါ့ သားရယ် ။ကိုယ်က ယောကျာ်းလဲ မယူချင်တော့ဘူး ။ အသက်ကလဲကြီးလာပြီဆိုတော့ လေ။ ရောဂါ အခံလေးကလဲရှိနေပြီဆိုတော့ တက်နိုင်သမျှတော့ ကိုယ့်မိဘကိုထောက်ပံ့မယ်။ကိုယ်လဲ အဆင်ပြေအောင်လုပ်မယ်။ ပျော်ပျော်ရွှင်ရွှင် နေသွားမယ်ပေါ့ ။

Q.အမေကရှိသေးတယ်ဆိုတော့ အသက်ဘယ်လောက်လဲ မာမီ။ ပြီးတော့ မာမီရဲ့ မောင်နှမတွေဆက်ဆံရေးကရော ဘယ်လို အခြေအနေရှိပါသလဲ။

A.အမေက အခုဆို ၇၆ နှစ်ရှိပါပြီ။ အမေက နောက်အိမ်ထောင်နဲ့ ရတဲ့ သမီးနဲ့တူတူနေတယ်ပေါ့။ အမှန်ဆိုမောင် နှမက ၃ ယောက်ပေါ့။ တစ်ယောက်က ရန်ကုန်မှာနေတယ်။ ညီမနဲ့ ဆက်ဆံရေးကတော့ အရမ်းအဆင်ပြေတယ်။ အခြောက် ဘယ်လိုနေနေရတယ်။ တစ်ခါ တစ်ခါ ဆို မညီလေးလို့တောင် သူကခေါ်တာလေ။ တကယ်မှ ကိစ္စမရွေးကိုတိုင်ပင်တယ်။ အဲ့လိုပေါ့နော်။ လောလောဆယ်တော့ ချစ်သူလဲမရှိဖူး။ ထားလဲမထားတော့ဘူး။

အေးအေးဆေးဆေးပဲနေတယ်။ ပြောရင်တော့ အပိုဖြစ်မယ် ဘုရားတရားပဲ အဓိက လုပ်တော့တယ်လေ။

Q.ပြောင်းလဲနေတဲ့ နိုင်ငံတော်ကြီးအပေါ် မာမီတို့ငယ်စဉ်ခေတ်နဲ့ ယှဉ်ပြီးတော့ ဘယ်လိုမြင်ပါသလဲ။

A. အခုကအရမ်းပွင့်လင်း သွားတာပေ့ါနော်။ မာမီတို့ခေတ်ကတော့ပြောမနေနဲ့ အခြောက်ဆိုတာကို ဘယ်သူ့ကြိုက်တာမဟုတ်ဖူးလေ။ မိသားစုတွေကလဲ အရမ်းရှက်တာလေ။ ယောကျာ်းပဲ ဖြစ်စေချင်တာပေ့ါနော်။ ကိုယ်တွေကကံ ဝဋ်ကြွေး ဒါတွေကြောင့်ဖြစ်လာတာလေ။ အခုဆိုတော်တော်လေးကို ပွင့်လင်းလွန်းအားကြီးနေပြီလေ။ အခုခေတ်ကတော့ ကောင်းလဲကောင်းတယ် မကောင်းလဲ မကောင်းဖူးပေ့ါနော်။ အခုခေတ်ကကြတော့ အခြောက်တွေကို နေရာတွေပေးလာပြီလေ ။ မင်္ဂလာဆောင်တွေသွားရင် မာမီ လာထိုင် သားကိုတော့ လှအောင်ပြင်ပေးနော်၊ သမီးကိုလဲ လှအောင်ပြင်ပေးပေ့ါ။ မိဘနဲ့ သွားရင်တောင် အခြောက် ဂန်ဒူး အဲ့လိုတွေခေါ်ကြတာလေ။ အဲလိုလေးတွေကတော့ ကောင်းတာပေ့ါနော်။

Q. အခုခေတ် မိန်းမလျှာလေးတွေအပေါ် မာမီရဲ့ အမှာစကားလေးကိုလဲ ကြားချင်ပါတယ်။

A.လိမ်မာစေချင်ပါတယ်။ ဒါပေမဲ့ အခုခေတ်ကလေ မိန်းမ အစစ်တွေလို စကတ်တိုနဲ့ စတော်ကင်တွေတောင်ဝတ်ပြီးတော့ သွားလာနေကြတာလေ။ ကိုယ့်ကိုကိုယ့် တကယ့် မိန်းမအစစ်ရှုံးတယ်လေ။ ဝတ်တယ် စားတယ် အဲ့လိုမျိုးတွေလေ။ လုကြပါ တကယ်လုပါတယ် ။ဒါပေမဲ့ လုတာရဲ့ နောက်ကနေပြီးတော့ ရောဂါတွေ ကပ်မပါလာစေချင်ဘူးလေ။ အခုပြည်မြို့မှာက တစ်ဖြုတ်ဖြုတ်သေနေကြတာလေ။ သေလိုက်ပြန်ပြီ တစ်ယောက် ဘာရောဂါနဲ့လဲဆို ဒါနဲ့သေတာ။ဒီမှာလဲ ဆေးထုတ်နေရတာလဲ အများကြီးပဲလေ။ ကိုမောင်ကြီးက ART တွေထုတ်ပေးရတယ် ။ပြီးတော့ တစ်လတစ်ခါ ဆန်တို့ဆီတို့ တစ်လစာထုတ်ပေးတယ်လေ။ ၁၀ ယောက်လောက်ရှိတယ်။ သူတို့ကို မဖြစ်စေချင်ဘူး ။ လူချင်း အတူတူတောင်မှ သူတို့ က မှိန်နေတာပဲ။ သနားတယ် ကလေးတွေကိုလေ။ အခြောက်မလေးကလဲ သူတို့လုပြီဆိုလဲ လုမ်းလုမ်းတောက်ပေ့ါ။ သူတို့ တွေကလေ အခုဆိုင်ကယ် ချိန်ဆိုတော့ အောင်မလေး တစ်စီးကို နှစ်ယောက် သုံးယောက်စီးကြတာ။

Q. ART သောက်နေတဲ့ ကလေးတွေကို မာမီ အနေနဲ့ ကျန်တာ ဘာအကူအညီတွေပေးနေသေးလဲ။

A. တစ်ယောက်တည်းတော့ မပေးဖြစ်ဖူးပေ့ါ ။ အဖွဲ့ အစည်းကနေပြီးတော့ ပေးနေပါတယ်။ ဒါပေမဲ့ ဒီအဖွဲ့ အစည်းအတွက်

မာမီတို့က တစလကိုတစ်ထောင်ပေ့ါ ။စဖွဲ့ထဲက ရန်ပုံငွေထည့်ဝင်ပေးပါတယ်။

Q.မာမီ အနေနဲ့ လိင်အဂ်ါ ပြောင်းလဲထားတဲ့ သူတွေကိုရောဘယ်လိုမြင်ပါသလဲ။

A.သူတို့ကတော့ မိန်းမ အစစ်တစ်ယောက်လိုနေချင်လို့ပဲလို့ မြင်တယ်။ မာမီတို့ကတော့ သဘာဝကိုအရမ်း လွန်ကဲသွားတာတော့ မကြိုက်ပါဘူး ။ လုပ်လဲ မလုပ်ချင်ဘူး ။ မိန်းမလိုပြင်ချင်တယ် မိန်းမလိုနေချင်တယ် ဒါပေမဲ့ မိန်းမလို ကလေးမွေးမလားဆို မမွေးချင်ဘူး ။ သဘာဝကိုလွန်ကဲသွားတာ လေ။ ဘုရားပေးတာပဲပေ့ါကောင်းတယ်လေ။ ကလေးလဲမမွေးချင်ဘူး ကြောက်တယ်။ ဒါပေမဲ့ ဟယ် မိန်းကလေးနဲ့ တူလိုက်တာ လှလိုက်တာဆိုတဲ့ ဘွဲ့ကိုတော့ ရချင်တယ်လေ။ ဒါပေမဲ့ ငယ်တုန်းသာလိုချင်တာလေ။ ကြီးလာတော့ အခုလိုစကားတွေပဲ ထွက်လာတာပေ့ါ။

Q. မာမီတို့နဲ့ ဘဝတူလို့ပြောလို့ရတဲ့ ယောကျာ်းလျှာတွေ အပေါ်ကိုရော မာမီ ဘယ်လိုမြင်ပါသလဲ ။


A. သူတို့နဲ့တော့ လက်ပွန်းတနီးမနေဖူးပေ့ါနော်။ ကိုယ့်အိမ်ရှေ့မှာနေတဲ့ ဒန်ပေါက်ဆိုင်က တစ်ယောက်ပေ့ါနော် ။သဘောအရမ်းကောင်းပါတယ်။ ဒါပေမဲ့ တစ်ခါ ယောကျာ်းလျှာ အဖွဲ့ အစည်းတစ်ခုကိုသွားဖူးတယ် ။ သူတို့ကကြတော့ ယောကျာ်းစိတ်ဆိုတော့ တစ်မျိုးလေးပေ့ါနော် ။ ချစ်ဖို့လဲကောင်းပါတယ် ။ သူတို့ကိုလဲ ကောင်းတာလေးတွေဖြစ်စေချင်ပါတယ်။ မာမီကိုလဲ အခုနင်ယောကျာ်းပြန်ဖြစ်ဆို မဖြစ်ချင်ဖူးလေ။ သူတို့လဲ ဒီအတိုင်းပဲ ဖြစ်မှာပေ့ါ။ ဒါပေမဲ့ သူတို့ကိုယောကျာ်းအစစ်တွေနဲ့ သိပ်တော့မပေါင်းစေချင်ပါဘူး ။ အဲ့လိုလေးတော့သိပ်မကြိုက်ဖူးပေ့ါနော်။

---

## ၄၈။ ပုဏ္ဏမီ (၅၁) ဒလမြို့



မင်္ဂလာပါ ကျွန်မအမည်ကတော့ ပုဏ္ဏမီဖြစ်ပါတယ် ဒလမြို့မှာနေပါတယ် အသက်ကတော့ ၅၁ရှိပါပြီ။အလုပ်ကိုင်ကတော့ အလှုပြင်နဲ ့ နတ်ကတော် လုပ်ပါတယ်။ လိင်စိတ်အနေနဲ့ကတော့ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်ပါတယ်။ ပတ်ဝန်းကျင်ရဲ့ရိုက်ခတ်မှုဒဏ်တွေကို ခံခဲ့ရပါတယ်။ကိုယ်ကဒါသလဲကြီးတော့ ဒေါသအလျောက် တုံ့ပြန်မိပါတယ်။ ကိုယ်ကဘုရားတရားလဲ ကိုင်းရှိုင်းတော့ ကိုယ့်ကိုကိုယ်ပဲအပစ်ပုံချပါတယ်။ဘုရားဆီမှာ အမြဲ ဆုတောင်းပါတယ်။ ဘဝဆက်တိုင်း ယောကျ်ားဆိုလဲ ယောကျ်ားအစစ် မိန်းမဆိုလဲ မိန်းမအစစ် ဖြစ်ပါရစေလို့ ဆုတောင်းပါတယ်။ ကိုယ်က ပညာမတတ်တော့ ပိုပြီးတော့ နှိမ့်ချခံရပါတယ်။လူရာမသွင်းကျပါဘူး။ အဖေအမေအားလုံးက အစွလာမ်ပါ။ အမျိုးတွကလဲ ချမ်းသာတော့ ခွဲခြားဆက်ဆံခံရပါတယ်။ အခုလက်ရှိနတ်ကနေတာကလဲ အခက်အခဲရှိပါတယ်။ နတ်လောကမှာလဲ မနာလိုပြီး ပြိုင်ဆိုင်ကြတာတွေရှိတော့ စိတ်ကုန်မိပါတယ်။ ခုစလေပိုင်းမှာ တောင်ပြုံးနတ်ပွဲ သွားအုံးမှာပါ။ အခုအလှုပြင်ပိုင်းမှာလဲ ကြိုးစားနေပါတယ်။ ချစ်သူနဲ့ ၂လောက်ကြိုက်ခဲ့ပြီး လက်ထပ်ယူခဲ့ကာ အနှစ်၂၀လောက်အတူနေခဲ့ပါတယ်။စကားများရန်ဖြစ်လို့ ထိုးကြကျိတ်ကြတဲ့အခါ သူက ယောကျ်ားစိတ်ရှိတဲ့သူဆိုတော့ လက်သီးပြင်းတော့ ကိုယ်က ခံရတာပေ့ါလေ။ သူကကျမကိုလုပ်ကိုင်ရှာဖွေကျွေးပါတယ်။ ပင်လယ်ထွက်တယ်။လက်သမားလုပ်ကိုင်ကျွေးပါတယ်။ နောက်ပိုင်းမှာ ကျမက ဆံပင်ညှပ်ဆိုင်ဖွင့်ပြီး ပြန်လုပ်ကျွေးခဲ့ပါတယ်။ သူဖောက်ပြန်လို့ ကွဲပြီး ကျမလဲ ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခဲ့ပါတယ်။



ကျွန်မရင်ထဲမှာကလေမိုးရွာရင်အမြဲလွမ်းနေရလို့ ဆွဲခဲ့တာပါ။
မိုးရွာတိုင်းကျွန်မကအတိတ်ကဆိုးခဲ့တဲ့ဖြစ်ရပ်တွေကို
အရက်သောက်ရင်းပြန်တွေးတတ်တာလေးကို ဆွဲထားတာပါ။
(ပုဏ္ဏမီ၊ ၅၁နှစ်၊ ဒလ)

သူ လုပ်သွားတဲ့လုပ်ရပ်တစ်ခုက သူ့ကိုမခေါ်ချင်လောက်အောင်ကို ဖြစ်သွားတာပါ။ သူနဲ့ကွဲပြီးနောက် နောက်ထပ် ဆယ်တန်းကျောင်းသားလေးတစ်ယောက်နဲ့ တွဲခဲ့ပါသေးတယ်။ ဒါပေမဲ့ ကံမကောင်းခဲ့ပါဘူး။ နောက်တစ်ယောက်နဲ့ပါသွားပြီး မလေးရှားကို ထွက်သွားပါတယ်။ ကျမတို့အခြောက်တွေကလေ အမှိုက်ပုံးထဲပစ်ထားတဲ့ပစ္စည်းကို မကောက်ပေမဲ့ သူများက ကောက်ပြီး လျှော်ဖွတ်သန့်စင်လိုက်တဲ့ ပစ္စည်းကိုကျ ရချင်ကြတယ်။ ကိုယ့်စိတ်ထဲမှာလဲ အဲ့လိုမျိုး ဖြစ်ဖူးပါတယ်။ မိသားစုကတော့ ညီမလေးပဲ ရှိပါတော့တယ်။ မိဘတွေက ဆုံးသွားပါပြီ။ ယောကျ်ားချင်း အိမ်ထောင်ပြုတော့လဲ မိဘတွေက သိပ်ပြီး မပြောကြပါဘူး။ အဆင်ပြေပါတယ် ။ ကျမငယ်ငယ်ကတော့ ဟိုမုန်းဆေးတွေ သောက်ခဲ့ ထိုးခဲ့ဖူးပါတယ်။ ကျမတို့ထက်ကြီးတဲ့အခြောက်မကြီးတွေကနေ သင်ပေးခဲ့တာပါ။ ဟိုမုန်းဆေးတွေက ဘေးထွက်ဆိုးကျိုးတွေ ရှိပါတယ်။ ကျမကလဲ နှလုံးရောဂါရှိတော့ မသောက်တော့ပါဘူး။ စနစ်တကျနဲ့မှန်မှန်သောက်ရင်တော့ အကျိုးရှိပါတယ်။ ကျမကလေ Man to Man တွေကို ပုံမှန်ပဲမြင်ပါတယ်။ ကျမက မိန်းမစိတ်နဲ့ပဲ နေခဲ့ပေမဲ့ ယောကျ်ားနဲ့အဆင်မပြေတော့ အရက်သောက်တတ်ခဲ့ပြီး နှစ်ပေါင်းများစွာ နှစ်မြောနေခဲ့တာပါ။ ကျမကတော့ ကိုယ့်မြို့ကိုယ့်ရွာပဲ အနေများခဲ့တော့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းက အမေကြီး ၊ မာမီ စသည်ဖြင့်ခေါ်ကြပါတယ်။ ခုခေတ်အခြောက်တွေကတော့ အဖွားကြီးလို့

ခေါ်တာပေါ့။ ကျမတို့ ဒလမှာက အခြောက်တွေ လွတ်လပ်ပါတယ်။ လေးလေးစားစား ဆက်ဆံကြပါတယ်။အခြောက်တွေအပေါ်မှာ နားလည်ပေးကြပါတယ်။ ကျမတို့ ဘုရားသွားတဲ့အခါကျတော့ ခွဲခြားဆက်ဆံမှုတွေ ကြုံရပါတယ်။ ဘုရားပေါ်ရွှေသင်္ကန်း ကပ်ခွင့်မပေးပါဘူး။ ဘုရားရှင်က မခွဲခြားခဲ့ဘဲ ခုခေတ် ဘုရားလူကြီးတွေ ဘုန်းကြီးတွေက ခွဲခြားဆက်ဆံကြတာပါ။ ကျမတို့ ဒလမှာ အခြောက်၃ယောက် ဦးပဉ္စင်းဝတ်ပါတယ်။ သူတို့ဝတ်ခွင့်ရတော့ ကျမမွေးစားအမေအခြောက်မကြီးကမသေခင်လေး ပဉ္စင်းခံချင်ပေမဲ့ မရခဲ့ပါဘူး။ ဘုန်းကြီးတွေမှာလဲ ခွဲခြားမှုတွေရှိပါတယ်။ကျမငယ်ငယ်က ကိုရင်ဝတ်ခဲ့ဖူးပါတယ်။ ကျမဂုရက်လုံးသီလသိက္ခာမချိုးဖောက်ပဲ နေခဲ့ပါတယ်။ကျမနောက်ဘဝရောက်ရင် ယောကျ်ားစစ်စစ်ဖြစ်ပါရစေလို့ပဲ ဆုတောင်းခဲ့ပါတယ်။ ကျမငယ်ငယ်က အခြောက်သရုပ်ဆောင်တစ်ယောက်ဖြစ်ချင်ခဲ့တာပါ။ကျမတို့ခေတ်မှာက အခြောက်သရုပ်ဆောင်မရှိခဲ့ဘူး။ခုခေတ်ကအခြောက်လေးတွေကတော့ ပိုပြီးအဆင်ပြေပါတယ်။ကျမတို့အသက်အရွယ်အရ မဖြစ်နိုင်တော့ပါဘူး။ ကျမကတော့လေ မိဘတွေအနေနဲ့ ကိုယ်မွေးလာတဲ့သားသမီးတွေကို သူတို့ရဲ့ စိတ်ခံစားချက်အတိုင်း လမ်းမှန်ရောက်အောင် ပြုစုပျိုးထောင် ပေးစေချင်ပါတယ်။

## ၄၉။ လှလှဒွေး (၅၀) ရန်ကုန်မြို့



Q. မင်္ဂလာပါ ပထမဆုံး မာမီရဲ့ အမည်နဲ့အသက်ကလေးကို မိတ်ဆက်ပေးပါလားဗျ။

A. မင်္ဂလာပါကွယ်။ မာမှီရဲ့အမည်ကတော့ မလှလှဒွေးဖြစ်ပါတယ်။ မာမှီရဲ့အသက်တော့ ၅၀ရှိပါပြီ။

Q. မာမီက ကိုယ့်ကိုကိုယ် ဘယ်လိုမျိုး ခံယူထားပါသလဲဗျ။

A. မာမီကတော့လေ ကိုယ့်ကိုကိုယ် ဒီဘဝနဲ့ကျေနပ်ပါတယ်။ ဒီလိုဘဝဆိုတာ ရခဲပါတယ်။ ဘုရားပေးတဲ့ဘဝလေးလို့ယူဆပြီး ကျေနပ်အောင်နေပါတယ်။ ပျော်အောင်နေပြီး တွေ့တဲ့သူနဲ့တဲ့အောင်ပေါင်းပြီး ရတာလေးနဲ့လောက်ငအောင်စားပါတယ်။ကိုယ့်ရဲ့ဘဝလေးကို သာယာတယ် ကျေနပ်တယ် ပျော်မွေ့တယ်။

Q. မာမီကအခု ဘာအလုပ်လုပ်နေပါလဲဗျ။

A. မာမီကအခု BeautySalonလုပ်နေပါတယ်။

Q. မာမီက ခုလိုဂေလ်းဘဝကို ဘယ်ချိန်ထဲက စိတ်ဝင်စားခဲ့တာပါလဲဗျ။

A. ကလေးဘဝထဲကပါ။ မာမီက ကလေးဘဝထဲက အက အဆို ဝါသနာပါခဲ့တယ်။

Q. မာမီက ဂေးလ်တစ်ယောက်လို့ စသိတဲ့အချိန် မိသားစုနဲ့ ဘယ်လိုရင်ဆိုင်ခဲ့ရလဲဗျ။

A. မာမီက အဲ့တစ်ခု ကုသိုလ်ကံကောင်းပါတယ်။ မာမီက မွေးချင်းတွေထဲမှာ ယောက်ျားလေးတစ်ယောက်ထဲပါ။ မာမှီအောက်က ညီမလေး မာမှီအထက်က အမပေါ့နော်။ အဲ့တော့ အမက မိက်ကပ် လိမ်းရင် မာမီလိမ်းလို့ရတယ်။ အမက နှုတ်ခမ်းနီတစ်ပူးဝယ်ရင် မာမီလဲ တစ်ပူးရတယ်။မာမီက အဲ့ဒီလိုဖြတ်သန်းလာခဲ့ရတာပါ။

မာမီစတုတ္ထတန်းအောင်တော့ ရန်ကုန်ပန်တျာကျောင်းမှာ ၃နှစ်တတ်ခဲ့ပါတယ်။မာမီကအဲ့ထဲက ကိုယ့်ကိုယ်ကို ဂေးလ်ဆိုတာသိပါတယ်။ လှချင်တယ်။ ဆိုချင်ကချင်တယ်။ ကခုန်နေရရင် ပျော်နေတာပါ။မာမီကုသိုလ်ကံထူးတာက မိသားစုနဲ့ ဆွေမျိုးတွေရဲ့ ပံ့ပိုးကူညီမှု ချစ်ခင်ဂရုစိုက်မှု မြောက်စားမှုတွေကို ရခဲ့ပါတယ်။ ပတ်ဝန်းကျင်ကတော့ ဝေဖန်မှုနဲနဲတော့ရှိတာပေါ့ မာမီတို့ခေတ်က ပတ်ဝန်းကျင်က ဂေးလ်တွေကို အခြောက်လို့ပြောပြီး ခွဲခြားဆက်ဆံမှုတွေလုပ်ပါတယ်။ မာမီ့အနေနဲ့တော့ အဲ့လိုခွဲခြားဆက်ဆံခံရရင်တော့ စိတ်မကောင်းဖြစ်မိပါတယ်။ဒါပေမဲ့ မာမီက အနုပညာသမားဆိုတော့ ပတ်ဝန်းကျင်နဲ့ သင့်မြတ်အောင် ပေါင်းပါတယ်။ မာမီ့ရဲ့အမေကလဲ ဆုံးမပါတယ်။ သား မင်းအလုပ်က အနုပညာအလုပ်ဆိုတော့ ပတ်ဝန်းကျင်နဲ့ သင့်မြတ်အောင်ပေါင်းပါ စိတ်ထားနူးညံ့ပါဆိုပြီး အမြဲဆုံးမခဲ့ပါတယ်။ မာမီက ကိုယ့်ကိုယ်ကို အခြားပတ်ဝန်းကျင်က မိန်းမလျာတွေနဲ့ ယှဉ်ကြည့်တဲ့အခါမှာ ငါဟာတော်တော်ကံကောင်းပါလားလို့လဲ တွေးမိပါတယ်။ မာမီက နံပါတ်၁ ဘုရား တရား သံဃာ ရတနာမြတ်၃ပါးကို ရိုသေတယ် ကိုင်းရှိုင်းတယ်။ ဘုရားရှိခိုး မေတ္တာပို့ လုပ်ပါတယ်။ နံပါတ်၂အချက်က မိဘနဲ့ဆရာသမားတွေရဲ့စကားကို ယုံကြည်လေးစားလိုက်နာပါတယ်။ အဲ့လိုအကြောင်းတွေကြောင့် မာမီ့မှာ လူချစ်လူခင်ပေါတဲ့ အကျိုးကိုခံစားရတယ်လို့ ယုံကြည်ပါတယ်။

Q. မာမီဘဝမှာ.ဘယ်လိုအနုပညာတွေလုပ်ခဲ့ပါသလဲဗျ။

A. မာမီက မြန်မာမှု အနုပညာ အဆို၊အက၊ လုပ်ပါတယ်။ မာမီက ရန်ကုန်ပန်တျာကျောင်းဆင်းဆိုတော့ ဇာတ်သဘင်အနုပညာ အဆိုအက ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ပါတယ်။ မာမီက ခေါင်းဆောင်ဘဝနဲ့ ဇာတ်ကခဲ့ပါတယ်။ မာမီတို့ ဇာတ်သဘင်အနုပညာသမားတွေရဲ့ဘဝက တစ်ချိန်က အရမ်းကိုကြမ်းတမ်းပါတယ်။ ဇာတ်ကားကြီးတွေနဲ့ လှည့်လည်ကပြရပါတယ်။ ညဘက်တွေလဲအိပ်ရေးပျက်ပြီး အရမ်းပင်ပန်းခဲ့ရတော့ မာမီက အတွေးတစ်ခုဝင်ပြီး အတတ်ပညာတစ်ခု သင်မယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။ အဲ့လိုနဲ့မာမီက ဗြူတီပါလာလောကထဲကို ခြေစုံပစ်ဝင်ခဲ့ပါတယ်။ မာမီက၁၉၈၃မှာ စလုပ်ခဲ့တာပါ။ မာမီက၁၉၇၉မှာ ပန်တျာကျောင်းတတ်ပါတယ်။ ၁၉၈၁မှာ ပန်တျာကျောင်းဆင်းခဲ့ပါတယ်။ ၁၉၈၁နဲ့၁၉၈၃ကြားမှာ ဇာတ်လဲကရင်း ဗြူတီပါလာလဲ စလုပ်ပါတယ်။ အလုပ်နှစ်မျိုးလုပ်ခဲ့တာပါ။

မာမီကအလုပ်ကြိုးစားခဲ့ပြီး၆နှစ်လောက်ခေါင်းဆောင်နေရာက ကခဲ့တာပါ။နှစ်ပါးသွားနဲ့ နောက်ပိုင်းပြဇာတ်တွေကပါတယ်။ အဲဒီတုန်းကပရိတ်သတ်တွေက မာမီ့ခေတ်လေ။ မိန်းကလေးတွေက ကိုလှဌေးရဲ့ မျက်နှာ ကိုလှဌေးရဲ့အကကိုမြင်ပြီးမှ ပြန်မယ်ဆိုပြီးတောင်


အားပေးခဲ့ကြပါတယ်။ မာမီက အဲ့ဒီလိုအောင်မြင်မှုမျိုးကနေ ပြူတီပါလာလောကကိုဝင်ရောက်ခဲ့တာပါ။

Q မာမီအနေနဲ့ ဇာတ်သဘင်လောကနဲ့ ပြူတီပါလာလောကနှစ်ခုကို ဖြတ်သန်းခဲ့တော့ အတွေ့အကြုံလေးတွေပြောပြပေးပါလားခင်ဗျ။

A ဘယ်လိုတွေကြုံရလဲဆိုတော့ မာမီတို့ ဇာတ်သဘင်လောကဆိုတာက မိုးတွင်းဆို နားရတယ်လေ။နားချိန်မှာ မာမီက ပြူတီပါလာ သင်ချင်တယ်ဆိုပြီး မေမေ့ကို ပူဆာခဲ့တာလေ။ မေမေကတော့ ဇာတ်သဘင်ကနေရင်းနဲ့ သင်မယ်ဆိုတော့ အဆင်ပြေပါ့မလားပေါ့။ ကိုယ်ကလဲ ကြိုးစားပါ့မယ်ဆိုပြီး ဖြစ်တယ်ဆိုပြ မိက်ကပ်ပညာကို စသင်ခဲ့တာပါ။ ဇာတ်သဘင်နဲ့ ပြူတီပါလာရဲ့ ကွာခြားချက်က ဇာတ်သဘင်က ကိုယ်တိုင်သီချင်းဆို ကိုယ်တိုင်ကပြီး အောင်မြင်ပါတယ်။ နံပါတ်၁ကံရှိရမယ် နံပါတ်၂စန်းရှိရမယ် နံပါတ်၃က ပရိတ်သတ်ကလက်ခံပြီး အားပေးမှု ရှိရပါမယ်။ ဇာတ်သဘက်အနုပညာလောကကအရမ်းကို ခက်ခဲပါတယ်။ပြူတီပါလာကတော့ ကိုယ်တတ်တဲ့ပညာနဲ့ မိက်ကပ်လိမ်းမယ် ဆံပင်ညှပ်မယ် customer နဲ့အဆင်ပြေအောင်ပေါင်းသင်းဆက်ဆံရင် အောင်မြင်ပါတယ်။ မာမီကလဲ ပီယဝါစာပြောတတ်တော့ အဆင်ပြေပါတယ်။

Q. မာမ့ိဘ၀မှာ အကြမ်းဖက်မှုတွေကို ကြုံခဲ့ရဖူးလားဗျ။

A. လိင်မှုကိစ္စမှာ ယောကျ်ားတွေက များသောအားဖြင့်အကြမ်းဖက်တာတွေ တွေ့ဖူးပါတယ်။ မာမီက လိင်ကိစ္စစိတ်မပါတဲ့အခါ မလုပ်ပါနဲ့တားရင် သူကလဲ ဇွတ်လုပ်ချင်တယ်ပေ့ါ။ အဲ့လိုမျိုးလေးတွေကြုံဖူးပါတယ်။



မာမီက နှလုံးသားနဲ့ အပြုံးလေး
ကို ဆွဲခဲ့ တာပါ ။ လူတိုင်းမှာ
နှလုံးသားရှိသလို
လိင်တူချစ်သူတွေမှာလဲ
နှလုံးသားရှိပါတယ် ။အပြုံးလေး
ကို ဆွဲတာက အပြုံးဟာ
လူတိုင်းအတွက်
အကောင်းဆုံးမို့ လို့ ပါပဲ။

Q. မာမီ့အနေနဲ့ ကိုယ်ထိလက်ရောက်အကြမ်းဖက်ခံရဖူးပါသလားဗျ။

A. ကြုံခဲ့ဖူးပါတယ်။ သူကိုယ်နဲ့လိင်မှုကိစ္စလုပ်ချင်တယ်ပေါ့ ။ ကိုကမလုပ်ချင်တော့ တားတယ်။ ပြီးတော့ မာမီက ဘာသာရေးသမားဆိုတော့မလုပ်အောင်တောင်းပန်ပါတယ်။ မာမီက အနုပညာသမားဆိုတော့ အနုနည်းနဲ့လည်း လှည့်ပတ်ရှောင်ထွက်ပါတယ်။

Q. မာမီခုလိုမျိုး မိက်ကပ်လိမ်းအလှပြင်တဲ့အခါ ပတ်ဝန်းကျင်က ဘာပြောပါသလဲဗျ။

A. ပတ်ဝန်းကျင်ကတော့ ပြောတာပေါ့ ဝေဖန်တာပေါ့။ မာမီကလဲ ဟဲ့ မိက်ကပ်လိမ်းတာ ဘာဆန်းသလဲ တို့ကအနုပညာသမားလေ။မိက်ကပ်နဲ့ ရင်းနှီးတယ်လေ ဆိုပြီး ပြန်ပြောပါတယ်။ မိက်ကပ်လိမ်းတာက သူတို့အတွက်တော့ ထူးဆန်းပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၅/၂၀က ခေတ်မစားသေးဘူးလေ။ မာမီတို့ခေတ်က တက္ကသိုလ် တင်မောင်ထွေး မိက်ကပ်လိမ်းပေးတဲ့ခေတ်ပါ။ မိက်ကပ်အထူကြီးတွေ လိမ်းတဲ့ ခေတ်ပါ။

Q. မာမီဖြတ်သန်းခဲ့ရတဲ့ အချစ်ရေးအကြောင်းကိုလဲပြောပြပေးပါအုံးဗျ။

A. အချစ်ရေးကတော့ လောကမှာ အဆင်ပြေချောမွေ့တာတွေလဲရှိခဲ့သလို အဆင်မပြေတာတွေလဲရှိပါတယ်။များသောအားဖြင့် မိန်းမလျာတွေက ပေးဆပ်ခြင်းတွေနဲ့ လူဖြစ်လာကြပါတယ်။ အခက်အခဲတွေလဲကြုံရပါတယ်။ သူနဲ့စကားပြောရင် အဖေက ရိုက်တယ်ပေါ့။ အဖေက ကိုယ့်ရဲ့သဘောသဘာဝကို

နားမလည်ဘူးလေ။ အမေကတော့နားလည်တယ်။ အဖေရဲ့ ချုပ်ချယ်မှုတွေခံရပေမဲ့ အမေ့ဆီက လွတ်လပ်မှုတွေရတယ် အမေ့ရဲ့ဂရုစိုက်အားပေးမှုတွေနဲ့ ဇာတ်ကခဲ့တယ်။ အမေက မာမီ ဇာတ်ပွဲကတိုင်း လိုက်ပေးတယ်။ အဖေက မချစ်တာတော့ မဟုတ်ဘူး။ ကိုယ့်သားက သူငယ်တွေနဲ့ဘဲ တွေ့နေတာကို မကြိုက်တာပါ။ တစ်ခါကတော့ မာမီနဲ့သူငယ်နဲ့တွေ့နေတုန်း အဖေက ရောက်လာပြီး စိုက်ကြည့်နေတော့ကိုယ်လဲ ပြန်လိုက်သွားရတာပေါ့။ မှတ်မှတ်ရရ အရိုက်ခံရသေးတယ်။

Q. မာမီ့အနေနဲ့ မိန်းကလေးရည်းစားထားခဲ့ဖူးပါသလားဗျ။

A.မထားခဲ့ဖူးပါဘူး။ မာမီကဇာတ်မင်းသားဆိုတော့ ကိုယ့်ကိုကြိုက်တဲ့ အမျိုးသမီးတွေတော့ရှိတာပေါ့။ မာမီက ပန်တျာကျောင်းဆင်း မင်းသားတို့တက်အပ်တဲ့ပညာတွေလဲတတ်တော့ကြိုက်ကြတာပေါ့။ မာမီကတော့ သူငယ်ပဲ ကြိုက်တာလေ။ဇာတ်ကရင်း သူငယ်တွေ လာမိတ်ဆက်တဲ့နေ့ဆိုရင် အရမ်းပျော်ပြီး ကလို့ သိပ်ကောင်းတာပဲ။ အမျိုးသမီးတွေမိတ်ဆက်တဲ့နေ့ဆိုရင် လမှိုင်းမကပ်ဘူး ကရတာ အဆင်မပြေဘူး။ မှတ်မှတ်ရရ ပေါင်းတည်မှာ ဇာတ်သွားကတော့ အမျိုးသမီးတစ်ယောက်က သြဇာသီးတွေ တောင်းလိုက်လာပို့ပေးတယ်။ မာမီကလဲ ဟင့်အင်း ကိုကမင်းသားဆိုတော့ အသံဝင်မှာကြောက်လို့ စားလို့မရဘူး ညီမလေး လို့ပြောတော့ သူမကလဲ အကိုမစားရင် ဇာတ်ထဲကအဖွဲ့သားတွေကြွေးပါဆိုတော့ ယူထားလိုက်တယ်။

Q. မာမီအနေနဲ့ အမျိုးသားနဲ့ရော အတူနေအိမ်ထောင်ကျခဲ့ဘူးလားဗျ။

A. အိမ်ထောင်ပြုခဲ့ဖူးပါတယ်။ သူ့အမည်က ကိုအောင်နိုင်ပါ။ ခုခေတ်မင်းသား ရဲအောင်နဲ့ တူပါတယ်။ သူကအသက၃၅နှစ် မာမီက၂၃နှစ်လောက်ပေါ့။ တရားဝင်မဟုတ်ပေမဲ့ ၄ နှစ်လောက်တော့ ဘုရားသွား ကျေ

ာင်းတက် အတူသွားတယ် သူကလဲ မာမီ့ကို ချစ်ပါတယ်။ မာမီက ရွှေတိဂုံဘုရား တနင်္ဂနွေထောင့်မှာ ပုတီးအမြဲစိပ်ပ ါတယ်။ မှတ်မှတ်ရရ မာမီက အဘမင်းခေါင်နန်းမှာ ပုတီးစိပ်နေရင်း ကိုအောင်နိုင်များရောက်လာမလားတွေးပြီး နောက်လှည့်ကြည့်တော့ သူရောက်နေတာက အမှတ်တရပါ။

Q.သူနဲ့ဘယ်လိုစတွေ့ခဲ့တာပါလဲ ခင်ဗျ။

A. သူက မာမီ့ဆိုင်မှာ ဆံပင်လာညှပ်တာပါ။ မာမီက သူ့ဆံပင်ကထူတော့ ပါးပေးတာပေါ့နော်။ ပီးတော့ သူကို ရဲအောင်နဲ့တူတယ်ပြောလိုက်တာပေါ့။ သူ့ဆံပင်ကို ကိုပြုပြင်ပေးလိုက်တော့ တူသွားတာလေ။ အဲ့လိုနဲ့စိတ်ဝင်စားခဲ့တာပါ။သူကလဲ ကိုယ့်ဆီလာနေရရင်ကျေနပ်နေတာပေါ့။ သူက ငါမင်းဆီလာရင်ကျေနပ်တယ်တဲ့ မင်းကိုပုသိမ်ဟာလဝါမုန့် လာပို့မယ်ဆိုပြီး ထပ်လာပို့တာပေါ့။ မုန့်ဘူးလေးက ၇၅

ကျပ်သားဖူးလေးပေးတာ။သူက သူ့အမေဆီဖုန်းဆက်ပြီး လှမ်းမှာပေးတာလေ။ အဲ့တုန်းကဖုန်းလဲ ဆက်သွယ်ရတာမလွယ်သေးဘူး။ အဲ့တော့မာမီကလဲ ကိုရယ် ပုသိမ်ကနေဒီရောက်အောင် လာပို့ပေးတာ သာမန်သံယောဇဉ် တော့မဟုတ်ဘူး တန်ဖိုးထားလို့ ဘုရားဆွမ်းတော်ကပ်ပြီးမှ စားမယ်ဆိုပြီး ဘုရားအရင်ကပ်ပြီးမှ စားခဲ့တာ။ အမေ့ကိုလဲ ပြောပြတာပေါ့။ အမေကလဲ သားသဘောပေါ့။ အမေ့ကို ဦးချပြီးမှ စားတာကတော့ အမှတ်တရပါပဲ။ ရည်းစားတွေကတော့ အများကြီးပါပဲ။ ရည်းစားတွေကလဲ အကိုတွေလိုပါပဲ။ သူတို့ကလဲ ချစ်ပါတယ်။ ၁၅၀၀အချစ်က ပူပြင်းပါတယ်။ ၅၂၈က အေးမြပါတယ်။

Qခုလက်ရှိမှာရော မာမီ့မှာ အိမ်ထောင်နဲ့လား ချစ်သူနဲ့လား တစ်ယောက်ထဲပါလားဗျ။

A.မာမီ့ဆီမှာ ၂၃နှစ်ထဲက မာမီ့ဆီရောက်တဲ့တစ်ယောက်ရှိပါတယ် သူကတော့ မာမီ့ကိုသံယောဇဉ်ရှိပါတယ် ဒါပေမဲ့ သူ၂၇ လောက်မှာ သူက အိမ်ထောင်ကျသွားတော့ အရမ်းပူပန်ခဲ့ရတာပေါ့။ သူကတော့ လာလိုက်ပြန်လိုက်ပါပဲ။ အဲ့ဒီမှာပဲ မာမီသံဝေဂ ရလိုက်ပါတယ်။ ငါတို့ဂေလ်းတွေဟာ အချစ်နဲ့ပတ်သတ်ရင် ကြီးပြီးငယ်ငယ် မလဲနိုင်ကြဘူး။ ခုလက်ရှိမှာတော့ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်အသက်အရွယ်က ဘုရားတရားကို ပိုလုပ်ရမဲ့အရွယ်လည်း ရောက်နေပြီလေ။အဲ့တော့ ဘာသာရေးဘက်ကိုပဲ ဦးစားပေးထားပါတယ်။ မိန်း မလျာ ဘဝဆိုတော့လဲ သူလာရင်ချစ်လိုက်တယ်။ အသက်အရွယ် ကလဲ စကားပြောလာပြီလေ။

Q. မာမီ့အနေနဲ့ အမှတ်တရ ရှိခဲ့ပါသလားဗျ။

A. အမှတ်တရ ကတော့ နားဖောက်ခဲ့တာပါ။ အမှတ်တရလေးပါပဲ။ ကျန်တဲ့အမှတ်တရအနေနဲ့ကတော့ နလုံးသားက ဒဏ်ရာတွေပဲရှိမယ်။ မာမီကလဲ ရည်းစားများများထားတော့ အတွေ့အကြုံ များများရတာပေါ့။

Q. မာမီ့အနေနဲ့ နောက်မျိုးဆက်တွေကို ဘာများပြောချင်ပါသလဲ။

A. မာမီ့အနေနဲ့ ချစ်တော့ချစ်ပါ။ အနှစ်မပါပါစေနဲ့ သုံးတော့သုံးပါ မစွဲပါစေနဲ့။ ဘာလို့လဲဆိုတော့ မိန်းမလျာ တွေက စိတ်နှစ်ပြီး ချစ်တော့ အရမ်းခံစားရမှာစိုးရိမ်လို့ပါ။

Q. မာမီ့အနေနဲ့ ဘာများထပ်ပြောချင်ပါသေးလဲ။

A. ကလေးတွေရဲ့ နောင်ခေတ်အခါပ မာမီတို့နဲ့ဘဝမတူတော့ဘူးလေ ပညာတွေလဲ တတ်လာကြပြီလေ။ ယောက်ျားတွေကို ချစ်တဲ့အခါမှာ သတိနဲ့ချစ်ပြီး အသိနဲ့ထိမ်းပါ။

Q.နေပုံထိုင်ပုံလေးတွေရော ဘာပြောချင်ပါသလဲ။

A. မိန်းမလျာလေးတွေကို အနေအထိုင် သိမ်မွေ့ကြပါ။ ယဉ်ကျေးကြပါ။ အဝတ်အစားဝတ်တဲ့နေရာမှာ ယဉ်ယဉ်လေးတွေဝတ်ကြပါ

စည်းကမ်းရှိကြပါလို့ နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့လေးနေကြပါလို့ နောက်ဆုံးအနေနဲ့ပြောချင်ပါတယ်။

---

## ၅၀။ ဦးကိုကို (၃၈) ပဲခူးမြို့



မင်္ဂလာပါ ခင်ဗျာ။ ကျွန်တော့်အမည် ကိုကိုပါ။ အသက်ကတော့ ၃၈ ပြည့်ခဲ့ပါပြီ။ ကိုယ့်ကိုကိုယ် ဂေးလ်လို့ ခံယူထားပါတယ်။ အစကတော့ Bisexual ပါ။ မိဘကတော့ ကျွန်တော်က ဂေးလ်ဆိုတာ သိကောင်းသိနိုင်ပေမဲ့ ပတ်ဝန်းကျင်အနေနဲ့ကတော့ ဒီလောကသား အချင်းချင်းပဲ သိပါတယ်။ ကျွန်တော်က အိမ်ထောင်ပျက်ပြီးမှ ဂေးလ် ဖြစ်လာတာပါ။ အိမ်ထောင်ကျခဲ့တာက မသိစိတ်က ဖုံးနေတဲ့အချိန်မှာ မိန်းမယူဖြစ်ခဲ့တာပါ။ ဂေးလ်စိတ်ကတော့ ငယ်ငယ်ထဲက ရှိနေမှာပါ။ ကျွန်တော် အိမ်ထောင်သက် ၁၃နှစ်ကြာခဲ့ပါတယ်။ သားလေး ၂ယောက်ရှိပါတယ်။ အကြီးလေးက ၁၂ နဲ့ အငယ်လေးက ၅ နှစ်ကျော်ပါပြီ။ အိမ်ထောင်ကွဲသွားတော့ မိန်းမရဲ့ သစ္စာမဲ့မှုကို သိပ်မခံစားခဲ့ရပါဘူး။ ကျွန်တော်က အိမ်ထောင်ကွဲ မိသားစုကနေ ကြီးပြင်းခဲ့တာပါ။ ကျွန်တော် ၆ တန်းလောက်မှာ မိဘတွေ ကွဲတာပါ။ အမေနဲ့အဖေက တစ်လှည့်ဆီ တာဝန်ယူခဲ့ကြတာပါ။ အသက်၂၃နှစ်မှာ အိမ်ထောင်ကျခဲ့တာပါ။ ကျွန်တော်၆တန်းကနေ၁၀တန်းထိ အဲ့ကနေ မိန်းမယူပြီးသည့်အထိ ကောင်လေးငယ်ငယ် ချောချောလေးတွေ မြင်ရင်စိတ်ဝင်စားမိတော့ ကိုယ့်ကိုယ်ကို Bisexual မှန်းသိလိုက်ရပါတယ်။ အမျိုးသမီးက ဖောက်ပြန်ခဲ့ပါတယ်။ ဖောက်ပြန်မှန်းသိပေမဲ့ မသေချာတဲ့အတွက် သည်းခံပြီး ၆ နှစ်ဆက်ပေါင်းခဲ့ပါတယ်။ သူကပထမဆုံးဖောက်ပြန်တဲ့အကြောင်း

ဝန်ခံတဲ့အခါမှာ ကိုယ်ကသိထားပြီးဖြစ်တဲ့အတွက် ဘာမှတော့မခံစားခဲ့ရပါဘူး။ အဲ့ဒီအချိန်မှာ သူနဲ့ရှေ့ဆက်လက်တွဲမလား။ လမ်းခွဲမလား စဉ်းစားရပါတယ်။ စဉ်းစားရင်းနဲ့ပဲ ၆နှစ်ထပ်ကြာတော့ အမျိုးသမီးက နောက်တစ်ယောက်နဲ့ ထပ်ပြီး ဖောက်ပြန်တဲ့အတွက် သူမနဲ့လမ်းခွဲခဲ့တာပါ။ သူမကခုတော့ နောက်အိမ်ထောင်ပြုသွားပါပြီ။ အဲဒီအချိန်မှာ သူမကို ချစ်ခြင်း မုန်းခြင်းမရှိတော့ပါဘူး။ ကျွန်တော်က အိမ်ထောင်မကွဲခင် ၃လလောက်အလိုထဲက ကျွန်တော်က ဒီဘက် ဂေးလ်ဘက်ကို တော်တော်လေး စိတ်ရောက်နေပါပြီ။ ကျွန်တော့်ဘဝရဲ့ ပထမဆုံး လိင်တူချစ်သူကို မိန်းမနဲ့မကွဲခင် စတွေ့ခဲ့တာပါ။ ကျွန်တော်က Offerတစ်ယောက်နဲ့ စတွေ့ခဲ့ပြီး ပါတနာတစ်ယောက်အနေနဲ့ပဲ နေခဲ့ပါတယ်။ ဒုတိယတစ်ယောက်ကိုလဲ ပါတနာတစ်ယောက်အနေနဲ့ပဲ လက်တွဲခဲ့တာပါ။ ခုတတိယမြောက် ချစ်သူကတော့ အတိုင်းအတာ ပြောင်းပြီး ယနေ့အထိ တွဲနေတာ ၁နှစ်၈လကျော်ပါပြီ။ ကျွန်တော့်ဘဝမှာ လိင်အကြမ်းဖက်မှုတွေတော့ မကြုံခဲ့ရပါဘူး။ ကျွန်တော်အနေနဲ့က ပတ်ဝန်းကျင်ရဲ့ ရိုက်ခတ်မှုဒဏ်တွေကို မခံခဲ့ရပါဘူး။ ကျွန်တော်က ဂေးလ်တစ်ယောက်အဖြစ် အသက်ကြီးမှ ပြောင်းလဲခဲ့တော့ ပတ်ဝန်းကျင်ရဲ့ ဝေဖန်မှုဒဏ်ကို မခံခဲ့ရပါဘူး။ ကျွန်တော့်ရဲ့ လိင်စိတ်ခံယူမှုကို ပြန်နိုးထစေခဲ့တာကတော့ ဖေ့စ်ဘွတ်ကနေပါ။ ကျွန်တော့်အလုပ်အကိုင်ကတော့ အရင်က မိသားစု တည်းခိုခန်းလေး ဖွင့်ပါတယ်။ ခုတော့ လိုင်းခန်းသဘောမျိုး ငှါးစားပါတယ်။ ကျွန်တော့်ချစ်သူကို Online ပေါ်မှာ စတွေ့ပြီး ၂လ အကြာမှာ ချစ်သူဖြစ်ခဲ့တာပါ။သူနဲ့ကျွန်တော် စတွေ့တော့ သူက ကျွန်တော့်အသက်ရဲ့ ထက်ဝက် ၁၈ နှစ်ကျော်အရွယ်လေးပါ။ကျွန်တော့်ဘက်က အတူနေဖို့ ဆန္ဒရှိပေမဲ့ သူ့မိဘအသိုင်းအဝိုင်းနဲ့ သူ့ဘဝတတ်လမ်းတွေကြောင့်အတူမနေဖြစ်သေးပါဘူး။ အတူမနေရပေမဲ့ တစ်ယောက်နဲ့တစ်ယောက် အရမ်းချစ်ပါတယ်။ ကျွန်တော့်အသိုင်းအဝိုင်းကတော့ အားလုံးသိပါတယ်။ သူက ၈တန်းလောက်ထဲက ကျောင်းထွက်ပြီး သူ့မိသားစုကို လုပ်ကိုင်ကျွေးနေတာပါ။



အင်မတန်အေးချမ်းတဲ့တောင်ရိပ်တောရိပ်မှာဖြတ်သန်းရာတာ အေးချမ်းပါတယ်။ဂေးလ်တွေအနေနဲ့လဲအချစ်ကိုအရမ်းကြီး စိတ်မနှစ်စေချင်ပါဘူး။ဖြစ်ချင်တာတွေဖြစ်မလာတဲ့အခါ စိတ်မကောင်းဖြစ်နေရမျာ စိုးရိမ်လိုပါ။ (ဦးကိုကို၊ ၃၈နှစ်၊ ပဲခူး)

ကျွန်တော်က နယ်မှာ နေတော့ LGBT နဲ့ပတ်သတ်တဲ့ပွဲတွေကို သိပ်မရောက်ဖြစ်ပါဘူး။ ဖိတ်စာနဲ့ဖိတ်ရင်တော့ အတတ်နိုင်ဆုံးတတ်ဖြစ်အောင်တက်ရောက်ပါတယ်။

ပရဟိတပွဲတွေမှာလဲ အွန်လိုင်းကနေဖြစ်စေ ဖုန်းနဲ့ဖြစ်စေ ဖိတ်ရင် သေချာတက်ပါတယ်။ ကျွန်တော်နေတဲ့ ပဲခူးမှာတော့ လိင်တူချစ်သူအသိုင်းအဝိုင်းနဲ့ ဆက်နွယ်တာမျိုးတွေမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ရဲ့ လိင်တူချစ်သူအသိုင်းအဝိုင်းက ရန်ကုန်မှာပဲ ရှိလို့ပါ။ ကျွန်တော့်အနေနဲ့ လိင်တူချစ်သူတွေကို အတိုင်းအတာတစ်ခုအနေနဲ့ လက်ခံပေးစေချင်ပါတယ်။ မိဘတွေအနေနဲ့ ကိုယ့်သားသမီး တစ်ယောက်ယောက်က လိင်တူချစ်သူဖြစ်နေရင် အတတ်နိုင်ဆုံး လက်ခံပေးစေချင်ပါတယ်။ လိင်တူချစ်သူတွေအနေနဲ့လဲ ပွေတာ ရှုပ်တာတွေ ဆင်ခြင်စေချင်ပါတယ်။ ကျွန်တော့်ချစ်သူနဲ့အမှတ်တရအနေနဲ့ကတော့ အွန်လိုင်းမှာတင်ထားတဲ့ သူနဲ့နမ်းနေတဲ့ဓာတ်ပုံလေးက အမှတ်တရပါပဲ။ ပြောချင်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသမီးတစ်ယောက်နဲ့ပတ်သတ်ရတာလွယ်ပြီး ကွဲမယ် ကွာမယ် ကျွန်တော်ကိုယ်တိုင်သာ ပြောရေးဆိုခွင့်ရှိသူတစ်ယောက်သာဆိုရင် လိင်တူချစ်သူတွေရဲ့အခွင့်အရေးကို မိဘပတ်ဝန်းကျင်နဲ့ နိုင်ငံတော်ကြီးက လက်ခံပေးကြပါလို့ ဥပဒေအရရှိပေမဲ့ ယောကျ်ားချင်းက ထင်သလောက်မလွယ်ပါဘူး။ အဲ့တော့ လိင်တူချစ်သူတွေကို ပေါ့ပေါ့ပါးပါးလေးပဲ ထားချင်ပါတယ်။ ကျွန်တော်ကိုယ်တိုင်က ဂေးလ်တစ်ယောက်ဖြစ်ပြီး သား၂ယောက်ရဲ့ ဖခင်ဖြစ်တဲ့အတွက် ကျွန်တော့် သားက


ဂေးလ်တစ်ယောက်ဖြစ်မယ်ဆိုရင် သူဘယ်လိုလမ်းကိုပဲရွေးရွေး လက်ခံပေးမှာပါ။ ကျွန်တော့်အတွက်အမှတ်တရပုံလေးကို သူနဲ့ချစ်သူသက်တမ်း၃လပြည့်မှာ အမှတ်မထင်ရိုက်ဖြစ်ခဲ့တာပါ။

---

၅၁။ စည်သူ (၂၈) ရန်ကုန်မြို့



ကျွန်တော့်အမည်ကတော့ စည်သူပါ။ လက်သမားလုပ်ပါတယ်။ အိမ်ထောက်ဖက် အမျိုးသမီးနဲ့က ၂၀၀၈ခုနှစ်လောက်က ဘီယာဆိုင်တစ်ခုမှာ စတင်တွေ့ရှိခဲ့ပြီး ခုချိန်ထိ လက်တွဲနေပါတယ်။ သူငယ်ချင်းနဲ့ အလောင်းအစားလုပ်ပြီး ပိုးပန်းခဲ့ရာကနေ ကြိုက်သွားတာပါ။ ချစ်သူရည်းစားလိုမျိုး (၁)နှစ်ခန့်နေခဲ့ပြီး လက်တွဲခဲ့တာ ခုချိန်ထိပါပဲ။ ကျွန်တော့်မိသားစုက လက်ခံခဲ့ပေမဲ့ သူ့မိသားစုကတော့ လက်မခံခဲ့ပါဘူး။ သူငယ်ချင်း အပေါင်းအသင်းတွေကလဲ မကြည်ဖြူကြပါဘူး။ ဝေဖန်မှုတွေ အများကြီးကို ကြုံခဲ့ရပါတယ်။ ပြောမပြနိုင်လောက်အောင်ပါပဲ။ အခြောက်မလင်လို့လဲ ခေါ်ခံခဲ့ရပါတယ်။ အလုပ်မှာလဲ အဆင်မပြေတော့ဘဲ ထိခိုက်ခဲ့ရပါတယ်။ အလုပ်တောင် မသွားရဲလောက်အောင်ပါပဲ။ အခြောက်မလင်လို့ ခေါ်ခံရတာကိုလဲ အရမ်းပဲ အရှက်ရခဲ့ပါတယ်။ အရင်ကတော့ မျက်စိပိတ်နား ပိတ်ပေါ့။ ခုသူနဲ့ရတော့မှ LGBT တွေအကြောင်းကို ပိုသိလာရပါတယ်။ အချစ်မှာ ယောကျ်ားမိန်းမ မရွေး ချစ်နိုင်ခွင့် ရှိကြောင်းကို သိလာရပါတယ်။ ခုတော့ အလုပ်ထဲမှာဖြစ်ဖြစ် ဘယ်မှာဖြစ်ဖြစ် ဘယ်လိုခေါ်ခေါ် ခံနိုင်ရည်ရှိသွားပါပြီ။ ဘာကိုမှ ဂရုမစိုက်တော့ပါဘူး။ သူ့ရဲ့မိဘတွေလဲ ကြည်ဖြူပြီး အတူနေခွင့် ရနေပါပြီ။




ပတ်ဝန်းကျင်က အခြောက်မကို ယူထားပြီး ချူစားတဲ့သူ စသည်ဖြင့် ဘယ်လိုပဲ ကဲ့ရဲ့ပါစေ ဘာမှမတုံ့ပြန်တော့ဘဲ တစ်ချိန်ချိန်မှာ

သူတို့နားလည်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်က Transgender တစ်ယောက်ကို ယူထားပေမဲ့ ကလေးမွေးစားထားပြီး အိမ်ထောင်ဦးစီးတစ်ယောက်လို လုပ်ကိုင်ကြွေးမွေးပါတယ်။ ခုဆိုရင်မွေးစားထားတဲ့ သမီးလေးဟာ အသက်(၁၀)နှစ်ကျော်ပါပြီ။ ကျွန်တော့်အနေနဲ့ ပျော်ပျော်ရွှင်ရွှင် သာမန်မိသားစုလေးကိုပဲရချင်ပါတယ်။ အချစ်ဆိုတာထက် ကျွန်တော်တို့မိသားစုလေးဟာ သံယောဇဉ်တွေနဲ့ပါ ရေ့ဆက်ခိုင်မြဲသွားချင်ပါတယ်။ သူနဲ့တွေ့ဆုံမှုအတွက် ဘယ်တော့မှ နောင်တရမှာ မဟုတ်ပါဘူး။ ဘဝတူတွေကို ပုန်းမနေပဲ ထွက်ခဲ့ပြီး ဘဝအတွက် မားမားမက်မက်ရပ်တည်ကြပါလို့ တိုက်တွန်းချင်ပါတယ်။

အခုလို Transgender တစ်ယောက်ကို ယူထားပေမဲ့ အမျိုးသမီးတစ်ယောက်လိုပါပဲ ကွာခြားမှု မရှိပါဘူး။ သူ့မကို နှစ်သက်ပါတယ်။ သူ့ဆီမှာ ကျွန်တော်အကြိုက်ဆုံး အချက်တစ်ခုရှိပါတယ်။ လွန်ခဲ့သော (၆)နှစ်က သူ့ကို မင်း မိန်းမလား၊ယောကျာ်းလား လို့မေးတဲ့အခါ အခြောက်ပါလို့ ပြန်ဖြေတဲ့ လေသံလေးကို အကြိုက်ဆုံးပါ။ သူ့ကို မိန်းမအစစ်တစ်ယောက်လို လိင်အင်္ဂါ မပြောင်းစေချင်ပါဘူး။ ဒီအတိုင်းလေးပဲ သဘောကျပါတယ်။

## ၅၂။ ထက်ထက်(၂၂) လားရှိုးမြို့

Q: မင်္ဂလာပါ။ နာမည်ရယ် အသက်ရယ် နေရပ်လိပ်စာရယ် အလုပ်အကိုင်ရယ် မိတ်ဆက်ပေးပါလား။

A: နာမည်က ထက်ထက်ပါ။ အသက်က ၂၂၊ လမ်းရှိုး ဘူတာလမ်းဘက်မှာ နေပါတယ်။ အလုပ်ကတော့ အိမ်အလုပ်ပဲ ဝိုင်းကူတယ်။

Q: ကိုယ့်ကိုယ်ကိုယ် လိင်စိတ်ခံယူမှုကို ဘယ်လိုခံယူထားလဲ ခင်ဗျ။

A: Tomboy တစ်ယောက်လိုပဲ ခံယူထားပါတယ်။

Q: ဘယ်အသက်အရွယ်က စပြီးသိခဲ့တာလဲဆိုတာ ပြောပြပေးပါဦး ခင်ဗျ။

A: ငယ်ငယ်လေးထဲက အမေပြောတာတော့ ဂါဝန်တွေ ဝတ်ပေးရင်ဝတ်ပေးလို့မရဘူးတဲ့ ယားတယ်ဆိုပြီး ချွတ်ချွတ်ပစ်တာတဲ့။ အဲလောက်ထဲကလို့ ထင်တယ်။

Q: တချို့ကပြောတယ် ဒါဟာ သဘာဝတရားမဟုတ်ဘူးလို့။ အဲဒီ့အပေါ်မှာကော ဘယ်လိုမြင်လဲ။ ဘယ်လို ပြောပြချင်လဲ ခင်ဗျ။

A: အဲဒါကတော့ ကိုယ့်စိတ်ကို ကိုယ်ပိုင်တယ်လို့ထင်တယ်။ သူတို့အမြင်ကြ မတင့်တယ်ဘူးပေါ့။ ဒါပေမဲ့ ကိုယ့်စိတ်ကဒီလိုဖြစ်နေတော့ ဒီတိုင်းပဲနေချင်တယ်လို့ထင်တယ်။

Q: သဘာဝမကျဘူးလို့ ပြောတဲ့လူတွေကိုကော ဘာပြောပေးချင်လဲ ခင်ဗျ။

A: ဘာမှတော့ မပြောချင်ပါဘူး။ သူတို့ကလဲ သူတို့အမြင်နဲ့သူတို့ပေါ့။ မိန်းကလေးတစ်ယောက်ကို မိန်းကလေး တစ်ယောက်လိုပဲမြင်ချင်တာ။ ဒါပေမဲ့ ကိုယ့်စိတ်ဆန္ဒက tomboy တစ်ယောက်ဖြစ်နေတယ်ဆိုတော့ ကိုယ့်အပြစ်လဲမဟုတ်သလို သူတို့ အပြစ်လဲမဟုတ်ဘူးလို့ ပြောချင်ပါတယ်။

Q: ကျောင်းနေအရွယ်မှာ ကိုယ့်ကိုယ် သူငယ်ချင်းတွေကနေ စတာနောက်တာ၊ ဆရာမတွေကနေ ခွဲခြားဆက်ဆံတာရှိခဲ့လား။

A: မရှိခဲ့ဘူး။

Q: ခုဏပြောခဲ့တယ်။ ငယ်ငယ်တုန်းက မိန်းမလို ဝတ်စားရင် မဝတ်ချင်ဘူး။ ကျောင်းတက်တဲ့အခါ ကြတော့ ဘယ်လိုအဝတ်အစားနဲ့သွားလဲ ခင်ဗျ။

A: အဖြူအစိမ်းနဲ့ ဘောင်းဘီနဲ့ပဲသွားတယ်။ ၈တန်း ၉တန်းလောက်ကြ ထမီဝတ်ရတယ်။ ထမီဝတ်ရတော့ အဆင်တော့မပြေဘူး။ ဒါပေမဲ့ ကျောင်းသားဆိုတော့ဝတ်တော့ဝတ်ရတာပေါ့။

Q: တချို့Tomboyတွေကြ ဒီကိစ္စနဲ့ပတ်သက်ပြီး ကလန်ကဆန်လုပ်ကြတယ်။ အဲလိုလုပ်ခဲ့တာရှိလား။ မလုပ်ခဲ့ရင်ကော ဘာလို့မလုပ်တာလဲ။

A: မလုပ်ခဲ့ဖူးဘူး။ ဆရာမတွေကို ကြောက်တာလဲပါတယ်။

Q: အဲလိုဝတ်တဲ့အချိန်မှာ စိတ်ထဲမှာ ဘယ်လိုခံစားရလဲ။

A: အဆင်မပြေဘူးဗျ။ စိတ်ကျဉ်းကျပ်တယ်။ ဆရာမလစ်ရင်တော့ တစ်ခါတစ်လေ ပုဆိုးလိုကောက်ဝတ် လိုက်တယ်။

Q: အချစ်ရေးနဲ့ပတ်သက်ပြီးတော့ကော ဘယ်အချိန်မှစတွေ့ဖြစ်တာလဲခင်ဗျ။

A: သိပ်မကြာသေးဘူး။ တစ်နှစ်လောက်တော့ရှိပြီ။ အရင်တုန်းက Tomboyလိုနေပေမဲ့ မထားဖူးဘူး။

Q: သူနဲ့စပြီးတွေ့ခဲ့တဲ့အကြောင်းလေး အကျဉ်းချုံးပြီးပြောပြပေးပါဦးခင်ဗျ။

A: စတွေ့တာတော့ အွန်လိုင်းပေါ်ကစတွေ့တာပေါ့။ အပြင်မှာလဲ တခါမှမတွေ့ဖူးဘူး။ အခုတော့ပြတ်သွားပြီ။

Q: ဘာလို့ပြတ်သွားတယ်ဆိုတာကော ပြောပြပေးလို့ရမလားခင်ဗျ။

A: အကြောင်းချင်းလဲမတိုက်ဆိုင်လို့၊ သူကလဲ အရမ်းအနိုင်ယူလို့။

Q: နောက်လာနောက်သားတွေ အတုယူ၊ သင်ခန်းစာယူလို့ရအောင် ဘယ်လိုအနိုင်ယူခဲ့တယ်ဆိုတာ ပြောပြပေးပါလား။

A: ဖုန်းတွေဘာတွေဆက်ရင် ကိုင်ချင်မှလဲကိုင်တယ်။ ပြန်ဆက်ချင်မှလဲဆက်တယ်။ မဆက်တာများပါတယ်။ ကိုယ်ကမေးလိုက်တယ်ဆို ဘာဖြစ်တယ်ညာဖြစ်တယ်ဆိုပြီး ပြန်ဟောက်တယ်။ ပြီးတော့ သူ့ဘာသာသူပြန်စိတ်ဆိုးသွားတယ်။

Q: ကမ္ဘာပေါ်မှာ လူတွေကအချစ်ကို အမျိုးမျိုးအဓိပ္ပါယ်ဖွင့်ဆိုကြတယ်။ Tomboy တစ်ယောက်အနေနဲ့ အချစ်ကို ဘယ်လိုအဓိပ္ပါယ်ဖွင့်ချင်လဲခင်ဗျ။

A: အချစ်ကတော့ မပြောတတ်ဘူး။ ကျွန်တော်လဲ တစ်ခါမှမခံစားဖူးဘူး။ ထားတော့ထားဖူးတယ်။ ပထမဆုံးဆိုတော့။ သူ့ကို အပြင်မှာမတွေ့ဖူးပေမဲ့ချစ်တာတော့ အရမ်းချစ်တယ်။ ၃လလောက်ပဲတွဲရသေးတယ် ပြတ်သွားတာ။

Q: နောက်ထပ်အချစ်တစ်ခုထပ်တွေ့လာမယ်ဆိုရင်ကော ဘယ်လိုစံချိန်စံနှုန်းတွေထားပြီး ချစ်တော့မယ်လို့ စိတ်ကူးထားတာရှိလဲခင်ဗျ။

A: အွန်လိုင်းပေါ်မှာတော့ မထားချင်တော့ဘူးလို့တော့ ဆုံးဖြတ်ထားတယ်။ အပြင်မှာပဲ ကိုယ့်ကို အနွံတာခံပြီး ကိုယ့်ကိုချစ်တဲ့သူကိုပဲ ရှာချင်တော့တယ်။

Q: Tomboy တစ်ယောက်အနေနဲ့ ရှေ့ဆက်ပြီး အလုပ်အကိုင်နဲ့ပတ်သက်တာတွေကော ဘယ်လိုစီစဉ်ထားလဲခင်ဗျ။ အခုလက်ရှိမှာကော ဘာအလုပ်တွေလုပ်ကိုင်နေလဲခင်ဗျ။

A: အလုပ်ကတော့ အိမ်က ကြက်ကုန်ရောင်း၊ကုန်ဝယ်လုပ်တာ ဝိုင်းကူတယ်။ အပြင်အလုပ်လုပ်ဖို့က အဆင်မပြေဘူး။ အိမ်ကလဲ ခွင့်မပြုဘူး။

Q: Tomboy တစ်ယောက်အနေနဲ့ မိသားစုတာဝန်ကို ဘယ်လိုမျိုးနေရာကနေ ယူမယ်လို့ စဉ်းစားထားလဲ ခင်ဗျ။

A: အိမ်မှာက အခုကျွန်တော်မရှိရင်မဖြစ်သလိုဖြစ်နေတာပေါ့။ ခရီးသွားမယ်ဆိုလဲ မိဘတွေငဲ့ရတော့ မသွားဖြစ်ဘူးပေါ့။

Q: ဒါဆို နေရာတော်တော်များများမှာ ပါဝင်ရတာပေါ့။

A: ဟုတ်ကဲ့။

Q: မိသားစုကကော ကိုယ့်ကို Tomboyဖြစ်နေလို့ ခွဲခြားတာကောရှိလား ခင်ဗျ။

A: မရှိဘူး။ အမေကတော့ မကြိုက်ဘူး။ ဒါပေမဲ့ အခုလိုရေရှည် Tomboyလိုနေလာတော့ မပြောတော့ မပြောဘူးပေါ့။ နေမယ်ဆို တသက်လုံးနေ အဲလိုတော့ပြောတယ်။

Q: မိသားစုက အချစ်ရေးနဲ့ပတ်သက်ပြီး မေးမြန်းတာတွေဘာတွေကော မရှိဘူးလားခင်ဗျ။

A: ညီမတွေကတော့ ပြောတယ်။ ကိုယ်မိန်းကလေးရည်းစားထားတာကို။ စတာပေါ့။

Q: စတဲ့အခါကော ဘယ်လိုခံစားရလဲ။

A: စတာဆိုတော့ စိတ်တော့တိုမိတာပေါ့။ ဒါပေမဲ့ ကိုယ့်စိတ်ခံစားချက်ကလဲ သူတို့ပြောတဲ့အတိုင်း ဖြစ်နေတော့ ဒီတိုင်းပဲငြိမ်ခံလိုက်တာပေါ့။

Q: Transgender / Gay တွေဆို သူနဲ့ပတ်သက်တဲ့ အဖွဲ့အစည်းတွေရှိတယ်ဗျ။ များလဲများတယ်ပေါ့။ Tomboy တွေ Lesbian တွေအတွက်ကြ ဒီမြို့မှာ ဘယ်လိုမျိုးအဖွဲ့အစည်းတွေလိုအပ်နေတယ်လို့ ထင်လဲခင်ဗျ။

A: အလုပ်အကိုင်လို့တော့ထင်တယ်။ Tomboy တစ်ယောက်အတွက် အလုပ်အကိုင်က အရေးကြီးတယ်။ တော်ရုံတန်ရုံ ဒီတိုင်းသွားလျှောက်မယ်ဆို ခွင့်မပြုကြဘူး။ အဲ့ဒီတော့ အလုပ်အကိုင်ပဲ အဓိကလို့ထင်တယ်။

Q: ဘာဖြစ်လို့ အလုပ်အကိုင်က ခွင့်မပြုတာလို့ထင်လဲ။

A: အလုပ်အကိုင်မှာကြ မိန်းကလေးဆို မိန်းကလေးလိုဝတ်မှ၊ Tomboy တစ်ယောက်လိုနေတယ်ဆို သဘောမကြဘူးပေါ့။

Q: Tomboy တစ်ယောက်အနေနဲ့ သူငယ်ချင်းတွေ ဘယ်သူတွေပေါင်းဖြစ်လဲခင်ဗျ။

A: Tomboy အချင်းချင်းပဲ ပေါင်းဖြစ်တာများတယ်။ မိန်းကလေးဆို သိပ်မပေါင်းဖြစ်ဘူး။ ယောကျ်ားလေးတွေကြ ပေါင်းတော့ပေါင်းဖြစ်တယ်။ အရောတဝင်တော့မရှိဘူး။

Q: ကိုယ့်ကိုယ်ကို Tomboyတစ်ယောက်ဖြစ်နေတဲ့အချိန်မှာ ကိုယ့်စိတ်ကို ပြောင်းလဲပစ်ချင်တာကော ရှိလား။ ပြောင်းလဲပစ်ဖို့ကော ကြိုးစားခဲ့ဖူးလားခင်ဗျ။

A: တစ်ခါတော့ ကြိုးစားခဲ့ဖူးတယ်။ အသက်၁၅နှစ်လောက်တုန်းက အဖွားတို့က ဒီလိုမနေနဲ့ဆိုတော့ မိန်းကလေးလိုပဲ နေဖူးတယ်။ နောက်ကြ ယောကျ်ားလေးတွေ လိုက်ကြိုက်တာခံရတော့ ဆံပင်ညှပ်ပစ်ပြီး လုံးဝဒီလိုနေလိုက်တာ အခုချိန်အထိပဲ။

Q: ယောကျ်ားလေးတွေ လာကြိုက်တယ်ဆို သာမာန်မိန်းကလေးတစ်ယောက်ဆို စိတ်လှုပ်ရှားမှာပေါ့။ ကိုယ်က စိတ်မလှုပ်ရှားခဲ့ဖူးဆိုတော့ ဘယ်လိုအပြုအမူတွေက ကိုယ့်ကိုစိတ်ကြဉ်းကျပ်စေလဲခင်ဗျ။

A: သူတို့က စကားလိုက်ပြောတယ်။ အိမ်အထိတောင်လိုက်လာတာဆိုတော့ စိတ်ကိုကမဝင်စားတာ ဆိုတော့ ပြန်လဲမပြောချင်ဘူး။ ပြန်လဲမဖြေချင်ဘူး။ အဲလိုတွေဖြစ်တယ်။

Q: ယောကျ်ားလေးပုံစံပြောင်းနေခဲ့တယ်ဆိုတော့ မိန်းကလေးပုံစံနေတာနဲ့ ယောကျ်ားလေးပုံစံနေရာ စိတ်ထဲမှာ ခံစားချက်ဘယ်လိုကွာဟလဲခင်ဗျ။

A: မိန်းကလေးပုံစံကြ အိမ်ကကြိုက်တဲ့ပုံစံဆိုတော့ မိဘတွေအကြိုက်ပေါ့။ ကိုယ့်စိတ်ဆန္ဒအရဆို မနေချင်ဘူး။

စိတ်ကျဉ်းကြပ်တယ်။ သွားလာရတာ မလွတ်လပ်ဘူး။ Tomboyလိုကြ လွတ်လွတ်လပ်လပ်ရှိတယ်။ အိမ်ကတော့ သဘောမတူဘူးပေ့ါ။

Q: ကိုယ့်မိသားစုကဖြစ်စေချင်တဲ့ပုံစံနဲ့ ကိုယ်ဖြစ်ချင်တာနဲ့ မတူတဲ့အခါ ကိုယ့်ကိုယ်အပြစ်တင်တာတွေ မနစ်မြို့တာကောရှိခဲ့ဖူးလား။

A: မရှိခဲ့ဘူး။

Q: ကိုယ့်ကိုယ်ကိုကော ဘယ်လိုမျိုးခံယူထားလဲ။

A: တသက်လုံး Tomboy တစ်ယောက်လိုပဲနေသွားမယ်လို့ ခံယူထားတယ်။

Q: သူငယ်ချင်းတွေနဲ့တွေ့တဲ့အခါ ဘယ်လိုနေရာတွေလျှောက်သွားဖြစ်လဲ။ Tomboy တွေရဲ့အလေ့အထလေးပေ့ါ။

A: ဘုရားသွားတယ်။ တခါတလေကြ သူငယ်ချင်းတွေအကုန်ဆုံတယ်ဆိုရင် အစားအသောက်တွေ စားတယ်။ ဘီယာတွေဘာတွေလဲ တစ်ခါတစ်လေ သောက်ဖြစ်တယ်။

Q: ယောကျ်ားလေး သူငယ်ချင်းတွေနဲ့ကော သွားဖြစ်လား။

A: မသွားဖြစ်ဘူး။ Tomboyတွေနဲ့ပဲ သွားဖြစ်တယ်။

Q: ဘာဖြစ်လို့လဲ။

A: တချို့ယောကျ်ားလေးတွေကြ အကျင့်စာရိတ္တကောင်းတယ်။ Tomboyဆိုပေမဲ့ ညီအစ်ကိုချင်းလို တွဲတယ်။ တချို့ကြတော့ မိန်းကလေးပဲဆိုပြီး အနိုင်လိုချင်တဲ့စိတ်တွေရှိတယ်။ တချို့ကြတော့ တဏှာ စိတ်တွေ ဘာတွေနဲ့ ကိုင်တွယ်တာရှိတယ်။ အဲဒါကြောင့် မသွားဖြစ်ဘူး။

Q: Tomboy တွေဆို များသောအားဖြင့် တခြားလူတွေက ဆိုးမှာပဲ။ သွားလာ သောက်စားနေမှာပဲ ဆိုပြီး ထင်ကြတယ်ပေ့ါ။ အဲဒီ့အတွက်ကိုကော Tomboyတစ်ယောက်အနေနဲ့ ဘယ်လိုမျိုး ပြောပြချင်လဲ။

A: Tomboy ချင်းတူပေမဲ့ စိတ်ချင်းက မတူညီကြပါဘူး။ ကျွန်တော်တို့ဆို ဘာမှမလုပ်တတ်ဘူး။ တစ်ခါတစ်လေ ဘီယာသောက်တာလောက်ပဲရှိတယ်။ တချို့ Tomboyတွေကြ အကုန်လုပ်ဖူးတယ်။

Q: ယောကျ်ားလေးတွေအတွက်ဆို Massage/ KTV လဲရှိတယ်။ အဲလိုနေရာတွေက Tomboy တွေကော သွားသင့်တယ်လို့ထင်လား။

A: မသွားသင့်ဘူးလို့ထင်တယ်။ ဘာလို့လဲဆိုတော့ ကိုယ်ကဘယ်လိုပဲ ယောကျ်ားလေးလိုပဲနေနေ မိန်းကလေးက မိန်းကလေးပဲဖြစ်နေမှာမလို့။

Q: ဒီလူမှုရေးအဖွဲ့အစည်းတွေနဲ့ ဘယ်လိုကနေချိတ်ဆက်မိသွားတာလဲ။

A: သူငယ်ချင်းကနေတစ်ဆင့် ချိတ်မိသွားတာပါ။

Q: အဲလိုချိတ်ဆက်မိတဲ့အခါ ဘယ်လိုမျိုးခံစားရလဲ။

A: ပျော်တာတော့ အရမ်းပျော်မိတယ်။ ဘာလို့လဲဆိုတော့ ကိုယ်ဖြစ်ချင်တဲ့ ဆန္ဒတွေကို အကောင် အထည်ဖော်လို့လဲရတယ်။ နောက်တာဝန်တစ်ခုလဲဖြစ်တယ်လေ။ အဲဒါကြောင့် အပေါင်းအသင်းတွေ အကုန်လုံးနဲ့လဲ စုစုရုံးရုံးနေရတယ်ဆိုတော့ အရမ်းပျော်တယ်။

Q: ဒီအဖွဲ့အစည်းတွေနဲ့တွေ့တော့ ဝမ်းသာမိတာပေါ့နော်။ တခြားကော ဘာလေးတွေရှိရင် ပိုကောင်းမယ် ဘာလေးတော့ လိုအပ်တယ်ဆိုပြီးတော့ တွေးထားတဲ့စိတ်ကူးလေးတွေရှိရင် ပြောပြပေး ပါဦးခင်ဗျ။

A: ကျွန်တော်လိုချင်တာက Tomboyတစ်ယောက်အနေနဲ့ အလုပ်အတည်တကျဖြစ်စေချင်တာပေါ့။ အလုပ်အကိုင်အခက်အခဲမရှိအောင်လို့တော့ တောင်းဆိုချင်တယ်။

Q: ဘဝမှာ စိတ်ကူးယဉ်ထားတဲ့ မိသားစုပုံစံလေးတွေရှိလား။

A: အဲဒါတော့ တစ်ခါမှ စိတ်ကူးမယဉ်ဖူးဘူး။ ရည်းစားရှိတုန်းကတော့ စိတ်ကူးယဉ်ဖူးတယ်။ ယူပြီးသွားရင် ကလေးမွေးစားမယ်ပေါ့။ အဲလိုတော့ စိတ်ကူးယဉ်ဖူးတယ်။

Q: ကိုယ်က tomboy တစ်ယောက်ဖြစ်နေပေမဲ့ သာမာန်မိသားစုဘဝလိုပဲ ပိုင်ဆိုင်ချင်တာပေါ့။ တခြား ရည်းစားတွေ ထပ်ထားဖို့ကော အစီအစဉ်ရှိလား။

A: အဲဒါတော့မရှိဘူး။ ကိုယ့်ကိုလဲ ချစ်မှ ကိုယ်ကလဲချစ်မှထားတော့မယ်လို့ စိတ်ကူးထားတယ်။

Q: နောက်ပိုင်း မိသားစုနဲ့ပတ်သက်ပြီး ဘယ်လိုမျိုးတွေဦးဆောင်ဖို့ စီစဉ်ထားလဲ။ ပြီးတော့ လူမှုရေး အဖွဲ့အစည်းတွေမှာကော ဘယ်လိုမျိုးတွေလုပ်မယ်လို စဉ်းစားထားလဲ။

A: မိသားစုနဲ့ကြတော့ အိမ်မှာကမရှိမဖြစ် အဖေ၊အမေဘယ်သွားသွား ကိုယ်ကဦးစီးရတာဆိုတော့ မိသားစုမှာပဲ အတည်မြဲဆုံးနေသွားမယ်လို့ ဆုံးဖြတ်ထားတယ်။ သူငယ်ချင်းတွေဆို တွေ့ရင် အလုပ်တူတူ လုပ်ဖို့တော့ စုပြီးပြောဖြစ်တယ်။ ဒီလိုအစည်းအရုံးဖွင့်လိုက်တာဆိုတော့ ပိုပြီးအားတက်တယ်။

Q: ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာဆို အမျိုးသမီး ဘုရားရွှေမချရတို့ ဘုရားပေါ်မတက်ရတို့ ရှိတယ်။ အဲ့ဒီ စည်းကမ်းချက်တွေကို Gayတွေကော Tomboyတွေကော ခံရတယ်ပေါ့နော်။ အဲဒါနဲ့ပတ်သက်ပြီး ဘယ်လိုမျိုးမြင်လဲ။

A: အဲဒါတော့ မိန်းကလေးတစ်ယောက်ဆိုရင်တော့ ကိုယ်ကမသန့်ဘူးလေ အဲ့ဒီတော့ ဘုရားပေါ်တက်တာ မကောင်းဘူးလို့တော့ထင်တယ်။

Q: ဗုဒ္ဓဘာသာရဲ့ ဓလေ့ထုံးတမ်းအရအရွယ်ရောက်ရင် ဦးဇင်းဝတ်ရတာရှိတယ်။ အဲ့ဒီအပေါ်မှာကော ကိုယ့်အနေနဲ့ ဘယ်လိုထင်လဲ။

A: တခါတော့ ငယ်ငယ်တုန်းက သီလရှင်ဝတ်ဖူးတယ်။ အခုအရွယ်ရောက်လာတော့ မဝတ်ဖူးဘူး။ ဝတ်ရမှာလဲ ရှက်တယ်။

Q: ကိုယ်က သီလရှင်ပဲဖြစ်နိုင်တာဆိုတော့ သီလရှင်နဲ့ ဘုန်းကြီးကွဲပြားတဲ့ အပေါ်ဘယ်လိုခံစားရလဲ။

A: ယောကျ်ားလေးတွေ ဘုန်းကြီးဝတ်တာမြင်တော့ ဂုဏ်ယူတယ်။ အားလဲအားပေးတယ်။ ကိုယ်မဝတ်နိုင်ပေမဲ့ သူတို့ဝတ်နိုင်တော့ အားပေးတယ်။ ကိုယ်လဲ စီးပွားရေးကောင်းလာရင် မဝတ်နိုင်တဲ့ ယောကျ်ားလေးတွေကို ဝတ်ပေးချင်တယ်။

Q: နောက်ဘဝဆိုတာရှိခဲ့ရင် ဘယ်လိုဘဝမျိုးလိုချင်လဲခင်ဗျ။

A: နောက်ဘဝရှိခဲ့ရင် ယောကျ်ားလေးပဲဖြစ်ချင်တယ်။

Q: ဘာဖြစ်လို့လဲခင်ဗျ။

A: ယောကျ်ားလေးဆိုတာ ဘုန်းကံရှိတယ်။ ဦးစီးနိုင်တယ်။ မိန်းကလေးဆို နိမ့်ကြတယ်။ ဘယ်လိုမှလဲ မဦးစီးနိုင်ဘူးလေ။ အိမ်တစ်အိမ်မှာ အိမ်ထောင်ဦးစီးကအဓိကပဲဆိုတော့ ယောကျ်ားလေးပဲဖြစ်ချင်တယ်။

Q:Tomboy တစ်ယောက်အနေနဲ့ Gay တွေကိုကော ဘယ်လိုမြင်လဲခင်ဗျ။

A: သူတို့ကလဲ ကိုယ်တွေလိုပါပဲ။ Gay ဆိုတော့ Gay အတိုင်းပဲသွားမှာပေ့ါ။ မိန်းကလေးပဲ သူတို့ဖြစ်ချင်မှာပေ့ါ။ Tomboy ကြတော့ ယောကျ်ားလေးပဲဖြစ်စေချင်ပါတယ်။

---

**LGBTIQ နှင့်ပတ်သက်သော အဓိပ္ပါယ်နှင့် အသုံးအနှုန်းများ**

**LGBTIQ** နှင့် ပတ်သက်ပြီး သိပေမဲ့ မကြားဖူးတာပဲဖြစ်ဖြစ် ၊ ကြားဖူးပေမဲ့ မသိသေးတာပဲဖြစ်ဖြစ် သေချာသိရှိနိုင်စေရန် အဓိပ္ပါယ်ဖွင့်ဆိုချက်များမှာ

**L** = **Lesbian** (မိန်းကလေးချင်း ချစ်ခင်နှစ်သက်သူ)

**G** = **Gay** (ယောကျာ်းလေးချင်း ချစ်ခင်နှစ်သက်သူ)

**B** = **Bisexaul** (ကျားရော မရော နှစ်မျိုးစလုံးချစ်ခင်နှစ်သက်သူ)

**T** = **Transgrender** (ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်သူ)

**I** = **Intersex** (မွေးရာပါ ကျား၊မ လိင်အင်္ဂါ နှစ်မျိုးစလုံးပါရှိသူ)

**Q** = **Queer or Questioning** (လိင်တူကြိုက်တာလဲ မဟုတ်သလို ဆန့်ကျင်ဘက်လိင်ကိုလဲ ကြိုက်နှစ်သက်တာ မဟုတ်ဘဲ ကိုယ့်ကိုကိုယ်အမြဲမေးခွန်းထုတ်နေသူ)

**Queer** ဆိုသော စကားလုံးကို LGBTI အားလုံးကိုယ်စားပြုအနေနဲ့လဲ အချို့နိုင်ငံတွေမှာ အသုံးပြုကြပါသည်။ အရင်တုန်းကတော့ **LGBT** လို့ သုံးနှုန်းခဲ့ကြပြီး အခုနောက်ပိုင်း **Intersex** တွေကလဲ သူတို့အတွက်ထည့်သွင်းဖို့တောင်းဆိုလာကြသောအခါ **I** ဆိုသော စကားလုံးကိုထည့်သွင်းပြီး **LGBTI** လိုသုံးကြသလို **LGBTIQ** ဟုလည်း အမျိုးမျိုးသုံးနှုန်းပြီး ခေါ်ဝေါ်ကြပါသည်။

**Gender Identity** ဆိုတာ လူမှုဝိသေသ စရိုက်လက္ခဏာ စံသတ်မှတ်ချက် လို့ခေါ်ပါတယ်။ ကိုယ်မွေးလာတဲ့ လိင်နဲ့ လူတွေသတ်မှတ်ထားတဲ့ မိန်းကလေးဆို ဘယ်လိုနေ ၊ ဘယ်လိုလူမျိုးကိုကြိုက်ရမယ်ဆိုတဲ့ ကန့်သတ်ချက်နဲ့ ကွဲလွဲပြီး ကိုယ့်အတွင်းစိတ်ကဖြစ်ပေါ်လာတဲ့ ခံစားချက်ပေါ့။ ဥပမာ - မွေးရာပါ မ လိင်အင်္ဂါဖြစ်ပေမဲ့ ကိုယ့်ကိုယ်ကို ယောကျ်ားလေးတစ်ယောက် အဖြစ်သတ်မှတ်ထားတာမျိုးပေါ့။

**Gender Experssion** ဆိုသည်မှာ လူမှုဝိသေသစရိုက်လက္ခဏာ ဖော်ပြမှု ၊ ကိုယ်ရဲ့ စိတ်ခံစားချက်ကိုဖော်ပြမှုပေါ့။ ဥပမာ - ကိုယ့်မွေးရာပါ လိင်က ယောကျ်ားလေးပေမဲ့ မိန်းကလေးလို ခံယူရုံမက ကိုယ့်ရဲ့ ဝတ်စားဆင်ယင်ပုံ နေထိုင်ပုံ ကမိန်းကလေးတစ်ယောက်လို အပြင်မှာလဲ ဖော်ပြနေခြင်းကိုဆိုလိုပါသည်။ (**Gender Identity** ကကိုယ့်စိတ်ထဲက သတ်မှတ်မှုတစ်ခုပဲဖြစ်ပြီး expression ကကိုယ့်ကိုယ်ကို သတ်မှတ်ထားရုံမက အပြင်မှာပါ ဖော်ပြနေခြင်းကို ခေါ်ပါတယ်)

**Sexual Orientation** ဆိုတာကတော့ လိင်စိတ်တိမ်းညွတ်မှု၊ ကိုယ်ချစ်ခင်နှစ်သက်ဖို့ စိတ်ဝင်စားတဲ့ လိင်ပေါ့၊ ဥပမာ မိန်းကလေးပေမဲ့ မိန်းကလေးကိုပဲ စိတ်ဝင်စားတာ။ အဲ့ဒီအပေါ်မှာအခြေခံပြီးတော့ **Homosexaul** - လိင်တူစိတ်ဝင်စားသူ နှင့် **Hetrosexual** - ဆန့်ကျင်ဘက်လိင်စိတ်ဝင်စားသူဆိုပြီးတော့ ခေါ်ပါသေးတယ်။

**Coming Out** ဆိုတာကတော့ ကိုယ့်ရဲ့ ထိန်းသိမ်းထားသောခံစားချက်ခံယူမှုကို အများသိအောင် ဖော်ပြခြင်းဖြစ်ပါသည်။ ဥပမာ- မိန်းကလေးကြိုက်နှစ်သက်သူ အဖြစ် တစ်နည်းနည်းနဲ့ လူသိအောင်ပြောပြခြင်း

**Cross - Dresser** ဆိုတာကတော့ လိင်တူချစ်သူတစ်ယောက် မဟုတ်ပေမဲ့ ဆန့်ကျင်ဘက်လိင်လို ဝတ်ဆင်ရတာကို ကြိုက်နှစ်သက်သော သဘောကျသူ ဖြစ်ပါသည်။

**Ally** ဆိုတာကတော့ သူတို့ကိုယ်တိုင် LGBTIQ မဟုတ်ပေမဲ့ LGBTIQ ဘက်ကနေ ရပ်တည်ပေးသူ၊ ထောက်ခံပေးသူပေါ့။

**Homophobia** ဆိုတာကတော့ LGBTIQ ဖြစ်ခြင်းကို မလိုလား၊ မုန်းတီးခြင်းကိုခေါ်ပါတယ်။

**Heterosexism** ဆိုတာရှေးရိုးစဉ်လာအရ လွှမ်းမိုးမှုခံရပြီး မိန်းကလေးနဲ့ ယောကျာ်းလေးချစ်တာမှ ပုံမှန်ဆိုပြီး ယုံကြည်နေသူ ဖြစ်ပါသည်။

## Contents

**၁။ ထွင့်ရှတင်အောင်ထက် (ပြည်မြို့) ၊ ၅၇ နှစ်** ..... 5

**□□ ကိုသက် (၄၂) ရန်ကုန်မြို့** ..... 10

□□ □□ (□□) □□□□ □□□□□□□□□ ..... 13

**၄။ ဝါဆို၊ ဒလမြို့၊ ၃၉ နှစ်** ..... 20

**၆။ ညြဇာမိုး (၂၃) ရန်ကုန်မြို့** ..... 45

**□□ □□□□□□□□□□□□□□□□□□ (25□□□□) □□□□□□□□□□□□** ..... 54

၈။ ကိုစု (ပြည်မြို့) ၂၈ နှစ် ..... 65

**၉။ မင်းသူရိန် (၃၅) ရန်ကုန်မြို့** ..... 76

၁၀။ ငတ္တိ၊ ၂၁ နှစ်၊ မန္တလေးမြို့။ ..... 80

၁၁။ ခင်မောင်မြင့် (၆၅)နှစ် တောင်ပြုံး ..... 85

၁၂။ မောင်မောင်နိုင် (၆၇)နှစ် မန္တလေးမြို့ ..... 92

၁၃။ ချိုချိုလွင် (၂၀) ပြည်မြို့ ..... 99

၁၄။  ဗညားဦး (၂၄) ရန်ကုန်မြို့ ..... 107

၁၅။ ချာတွန် (၂၄)ရန်ကုန်မြို့ ..... 117

၁၆။မမေ (61) ရန်ကုန်မြို့ ..... 126

၁၇။ ဟန်နီ (၂၁) မော်လမြိုင် ..... 130

၁၈။ စူးရှ ရှင်းသန့် (၂၁) မန္တလေးမြို့ ..... 139

၁၉။ စိုးမိုးသူ(၂၆) ပြည်မြို့ ..... 147

၂၀။ ကျော်စိုးဟန်(၃၅) ရန်ကုန်မြို့ ..... 156

၂၁။ ကိုငြိမ်း (၃၀ ) ပြည်မြို့ ..... 159

၂၂။ ရွှေရွှေ (၃၈) ရန်ကုန်မြို့ ..... 176

၂၃။ ကိုခန့်(၂၃) လားရှိုးမြို့ ..... 183

၂၄။ မဝိုင်း (၃၄)ဒလမြို့ ..... 187

၂၅။ ပြည့်ပြည့် (26) ရန်ကုန်မြို့ ..... 191

၂၆။ လမု (၄၂) ရန်ကုန်မြို့ ..... 194

၂၇။ ဝတ်မှုန် (၂၈) ရန်ကုန်မြို့ ..... 198

၂၈။ ပိတ်ပိတ် (၂၄) ပြည်မြို့ ..... 202

၂၉။ ဆွေဆွေလင်း (၆၄) တောင်ပြုံး ..... 211

၃၀။ ကိုအောင် (၂၇) ဒလမြို့ ..... 219

၃၁။ ကိုသက်ထား(၃၅) တောင်ပြုံး ..... 229

၃၂။ ဇော်ဇော်ဦး (၃၆) ရန်ကုန်မြို့ ..... 238

၃၃။ ပြည့်ပြည့် (၂၇) ပြည်မြို့ ..... 258

၃၄။ ထင်လင်း (၄၀) ပြည်မြို့ ..... 269

၃၅။ ထက်ထက် (၂၂) လားရှိုးမြို့ ..... 279

၃၆။ ကိုဂနေး (၃၀) ပြည်မြို့ ..... 283

၃၇။ ဖရန်စစ် (၂၆) ရန်ကုန်မြို့ ..... 294

၃၈။ ခြူးသစ်လွင်(၂၄) ပြည်မြို့ ..... 298

၃၉။ မကျော်(၄၈) လားရှိုးမြို့ ..... 305

၄၀။ ကိုရွှေ (၂၆) မန္တလေးမြို့ ...................................................................... 312

၄၁။ ချစ်မိုးစက် (30) ရန်ကုန်မြို့ ................................................................ 323

၄၂။ ချစ်ရအောင် (၃၈)ရန်ကုန်မြို့ ................................................................ 326

၄၃။ ငြိမ်းသူ (၂၃) ရန်ကုန်မြို့ ...................................................................... 329

၄၄။ မောင်မောင်ကြီး ( ၅၂) ပြည်မြို့ .............................................................. 334

၄၅။ ယဉ်မေဦး(၂၉) ရန်ကုန်မြို့ .................................................................... 350

၄၆။ ရှိုင်းဝေယံ (၂၅)နှစ် ရန်ကုန်မြို့ .............................................................. 355

၄၇။ ညီညီအောင် (၆၅) ပြည်မြို့ .................................................................... 364

၄၈။ ပုဏ္ဏမီ (၅၁) ဒလမြို့ ............................................................................. 380

၄၉။ လှလှဌေး (၅၀) ရန်ကုန်မြို့ ..................................................................... 383

၅၀။ ဦးကိုကို (၃၈) ပဲခူးမြို့ ........................................................................... 389

၅၁။ စည်သူ (၂၈) ရန်ကုန်မြို့ ......................................................................... 393

၅၂။ ထက်ထက်(၂၂) လားရှိုးမြို့ ..................................................................... 395

A collection of Myanmar's Unstraight Stories
မြန်မာနိုင်ငံရှိ
လိင်စိတ်ခံယူမှုကွဲပြားသူများအကြောင်း

Myanmar's Unstraight Stories,

---

Project in 2016

Conducted by:

Nhung Dinh, Thar Ko, Francis George, Da Tha Na

Translated by Kywe Wa Dana Tun

Edited by Trevor Attenberg and Ian Quee

Layout and content arrangement: Nhung Dinh

Project is funded by The Swedish Institute

Advised by the Unstraight Museum